

# BEYOND LOVE

DOMINIQUE LAPIERRE

# အချစ်ရိုးကောင်းကင်

မြသန်းတင့်

# BEYOND LOVE

Dominique Lapierre

---

# အချစ် မိုးကောင်းကင်

မြသန်းတင့်

[ပထမတွဲ]

# အမှာ

၁၉၉၂ ခုနှစ် ကုန်လောက်တွင် နိုင်ငံခြားမှ မိတ်ဆွေ တစ်ဦးက စာအုပ် တစ်အုပ် ပို့လိုက်သည်။ စာအုပ်မှာ အချစ် မိုးကောင်းကင် ဟူသော အမည်ဖြင့် ကျွန်တော် ယခု မြန်မာပြန်သည့် စာအုပ် အင်္ဂလိပ် မူရင်း ဖြစ်သည်။ ရေးသူမှာ ပြင်သစ် စာရေးဆရာ ဒေါမနစ် လာပီယဲ ဖြစ်သည်။

လွန်ခဲ့သည့် လေး ငါး နှစ် တုန်း က လာပီယဲ ရေးသည့် စာအုပ် တစ်အုပ်ကို သုခမြို့တော် အမည်ဖြင့် ကျွန်တော် မြန်မာပြန်ခဲ့ဖူးသည်။ ကျွန်တော့် မိတ်ဆွေသည် ကျွန်တော် မြန်မာ ပြန်သည့် သုခမြို့တော်ကို ဖတ်ဖူးသဖြင့် ယခု စာအုပ်ကိုလည်း ကြိုက်လျှင် မြန်မာ ပြန်ရန် အမှတ်တရ ပို့လိုက်ခြင်း ဖြစ်သည်။

ကျွန်တော့် မိတ်ဆွေမှာ အမေရိကန် တက္ကသိုလ်များနှင့် အင်္ဂလန် တက္ကသိုလ်များမှ ပါရဂူ ဘွဲ့များ ရပြီးနောက် ကုလသမဂ္ဂ အဖွဲ့အစည်း တစ်ခုတွင် အလုပ် လုပ်နေသူ ဖြစ်သည်။

သူနှင့် ကျွန်တော်သည် ရန်ကုန် တက္ကသိုလ်သို့ တစ်နှစ်တည်း ရောက်ကြသည်။ တစ်ဆောင်တည်း နေခဲ့ကြသည်။ သူက စာပေကို ဝါသနာ ပါသည်။ အထူးသဖြင့် ဂီတကို ဝါသနာ ပါသည်။

လရောင် ဝင်းပသော တက္ကသိုလ် ညများတွင် ကျွန်တော်တို့တစ်တွေ တယော၊ သို့မဟုတ် မင်နိုလင် တစ်လက်ဖြင့် တီးခတ် ခဲ့ကြဖူးသည်၊ သီဆို ခဲ့ကြဖူးသည်။ သူသည် သိပ္ပံ ဘာသာကို ယူသော်လည်း သူ့ စိတ်ဝင်စားမှု၊ သူ့ပုံပန်း သဏ္ဌာန်၊ သူ့အတွေး၊ သူ့ ခံစားချက်တို့မှာ အနုပညာသမားဘက်သို့ တိမ်းညွတ်သည်။

ကျောင်းက ထွက်တော့ ကျွန်တော်တို့ နှစ်ယောက် လူချင်း ကွဲကွာသွားကြသည်။ သို့ရာတွင် အဆက်အသွယ်ကတော့ မပြတ်ပါ။

သူသည် တက္ကသိုလ်တွင် ဆရာ လုပ်သည်။ ထို့နောက် ၁၉၅၅ ခု တစ်ဝိုက်တွင် အမေရိကန် တက္ကသိုလ် တစ်ခုသို့ သွားတက်ပြီး ပါရဂူဘွဲ့တစ်ခု ရလာခဲ့သည်။ အပြန်တွင် အမေရိကန် ပြည်ထောင်စုတွင် ထုတ်ဝေသည့် လူထုနှင့် ပင်မရေစီး မဂ္ဂဇင်းတွေ အုပ် တစ်ရာကျော်လောက် ပါလာပြီး ကျွန်တော့်ကို လက်ဆောင် ပေးသည်။ လူထုနှင့် ပင်မရေစီး မဂ္ဂဇင်းများမှာ အမေရိကန် ပြည်ရှိ လက်ဝဲ အနုပညာသည်များ ပါဝင် ရေးသားလေ့ ရှိပြီး ဝတ္ထုတို၊ ကဗျာ၊ စာပေ သဘောတရား၊ ရုပ်ရှင်၊ ဂီတ ဝေဖန်ချက် စသည်တို့ ပါဝင်လေ့ ရှိသည်။

ကျွန်တော့် မိတ်ဆွေသည် သူကိုယ်တိုင် လက်ဝဲသမား တစ်ဦး မဟုတ်သည့်တိုင် ထိုမဂ္ဂဇင်းများကို ဝယ်လာပြီး လက်ဆောင် ပေးတတ်သည်။

ထို့နောက် သူ လန်ဒန် တက္ကသိုလ်သို့ သွား၍ ပါရဂူဘွဲ့ တစ်ခု ယူပြီး ပြန်အလာတွင်လည်း လန်ဒန်မှ ထုတ်ဝေသော မော်ဒန် ကွာတာလေး မဂ္ဂဇင်းများကို ယူလာတတ်သည်။ မော်ဒန် ကွာတာလေး မဂ္ဂဇင်းမှာလည်း အင်္ဂလိပ် လက်ဝဲ ပညာရှင်များ ပါဝင် ရေးသားလေ့ ရှိသည့် မဂ္ဂဇင်း ဖြစ်သည်။ သိပ္ပံပညာ၊ အနုပညာ၊ ဗိသုကာ ပညာ၊ ဒဿနိကဗေဒ၊ ဘောဂဗေဒ စသည့် ဘာသာရပ်များကို လက်ဝဲ အမြင်နှင့် ဆွေးနွေး ရေးသား တင်ပြထားသည့် ဆောင်းပါးများ ပါဝင်တတ်သည်။

၇၀ ပြည့်လွန် နှစ်များ အတွင်း 'ဘဝတက္ကသိုလ်' မှ ကျွန်တော် ပြန်လာသည့် အခါတွင် ကျွန်တော့် မိတ်ဆွေမှာ နိုင်ငံခြား တက္ကသိုလ် တစ်ခုတွင်၊ ထို့နောက် ကုလသမဂ္ဂ အဖွဲ့အစည်း တစ်ခုတွင် အလုပ် လုပ်နေသည်။

ကျွန်တော့် မိတ်ဆွေသည် မြန်မာပြည်သို့ ပြန်လာလျှင်လည်း ဖတ်ကောင်းမည် ထင်သည့် စာအုပ်တွေကို ဝယ်လာတတ်သည်။

၁၉၉၀ ပြည့်နှစ်လောက်တုန်းက ကျွန်တော် မြန်မာပြန်သည့် *သုခမြို့တော်* ကို ဖတ်ရသဖြင့် ယခု လာပီယဲ ရေးသည့် *အချစ် မိုးကောင်းကင်* (Beyond Love) ကို ဝယ်ပို့လိုက်ခြင်း ဖြစ်သည်။

ကျွန်တော်သည် လာပီယဲ၏ ဝတ္ထုကို မြန်မာပြန်ကာ မဟေသီ မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ ၁၉၉၃ ခု ဧပြီလမှ ၁၉၉၅ ခု ဖေဖော်ဝါရီလ အထိ ၂၃ လ ကြာသည်။

သူသည် အင်္ဂလိပ် ဘာသာဖြင့် ရေးသားသော မှုရင်းကို ဆုံးအောင် မဖတ်ဖူးသေးကြောင်း၊ မြန်မာပြန် အချစ် မိုးကောင်းကင် ကို မဟေသီ မဂ္ဂဇင်းတွင် လစဉ် စောင့်ဖတ် နေသည်ဟု နိုင်ငံခြားမှ စာ ရောက်လာသည်။ အဆုံးပိုင်းကိုတော့ မြန်မာပြန်ပြီးမှ မဟေသီ တွင် စောင့်ဖတ်မည်ဟု စာထဲတွင် ပါသည်။

သူ့စာ ရသည့် အချိန်တွင် ကျွန်တော့် မြန်မာပြန်သည် တစ်ဝက်သာသာခန့်၊ တစ်နှစ်ကျော်ကျော်ကလေးသာ ရှိသေးသည်။ ထို့နောက်တွင်မူ သူ့ထံမှ ဘာစာမျှ မရတော့။

သူသည် ၁၉၉၄ ခုနှစ်လယ် လောက်တွင် လန်ဒန် ဆေးရုံ တစ်ရုံတွင် ကွယ်လွန် အနိစ္စ ရောက်သွားခဲ့သည်။

ကျွန်တော့် မြန်မာပြန်ကို ဆုံးအောင် ဖတ်မသွားရတော့။

မဟေသီ မဂ္ဂဇင်းတွင် ဖတ်ဖူးသူများ သိကြသည့်အတိုင်း အချစ် မိုးကောင်းကင် ဝတ္ထုသည် အနောက် နိုင်ငံများတွင် ခေတ်စားနေသော မှတ်တမ်း ဝတ္ထု ပုံစံ ဖြစ်သည်။ ဝတ္ထုထဲတွင် ပါဝင်သူ ပုဂ္ဂိုလ် အချို့သည် တကယ် သက်ရှိထင်ရှား ရှိသူများ ဖြစ်ကြသည်။

ဥပမာအားဖြင့် . ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် ဘရင်ဂျီ သီလံရှင် မာသာ ထရီဇာ၊ ကိုယ်ခံအား ကျဆင်းမှု ရောဂါ လက္ခဏာချက်ကို ပထမဆုံး စတင် တွေ့သူ ကိုယ်ခံအား ဗေဒ ပညာရှင် ဒေါက်တာ မိုက်ကယ် ဂေါ့လီယက်၊ အိတ်ချ်အိုင်ဗွီ ပိုးကို စတင် တွေ့ရှိသူများ ဖြစ်ကြသော အမေရိကန် ပညာရှင် ဒေါက်တာ ရောဘတ် ဂါလိုနှင့် ပြင်သစ် ပညာရှင် လတ် မွန်တိန်းနီးယား စသူတို့ ဖြစ်သည်။

ရောဘတ် ဂါလိုသည် ရက်ထရို ဗိုင်းရပ်စ် ပါရဂူ အမေရိကန် လူမျိုး။ ရောဘတ် ဂါလိုက ကိုယ်ခံအား ကျဆင်းစေသည့် ဗိုင်းရပ်စ်ပိုးကို ·သူ တွေ့သည်ဟု ကြေညာသည်။ သူ တွေ့သော ဗိုင်းရပ်စ် ပိုး၏ အမည်ကို human T-lymphocite leukemia virus = HTLV ဟု အမည်ပေးသည်။

အမေရိကန်တို့က ရက်ထရို ဗိုင်းရပ်စ်ပိုးကို သုတေသန လုပ်နေကြသလို ပြင်သစ် ပညာရှင်တို့ကလည်း သုတေသန လုပ်နေကြသည်။ သူတို့ ခေါင်းဆောင်မှာ ဗိုင်းရပ်စ်ပိုး ပါရဂူ လတ် မွန်တိန်းနီးယား ဖြစ်သည်။

ပြင်သစ်တို့က သူတို့ တွေ့သည့် ဗိုင်းရပ်စ်ကို lymphadenopathy associated virus = LAV ဟု နာမည် ပေးသည်။

သို့ဖြင့် သူ တွေ့သည်၊ ငါ တွေ့သည်၊ သူ မူပိုင် ဖြစ်သည်၊ ငါ မူပိုင် ဖြစ်သည် ဆိုသည့် အငြင်း ပွားမှုသည် ပြင်သစ်နှင့် အမေရိကန် ပညာရှင်များ ကြားတွင် တစ်နှစ်လောက် မုန်တိုင်း တိုက်ခဲ့သည်။

နောက်ဆုံးတွင် နိုင်ငံတကာ ကော်မတီ တစ်ခုက ပြင်သစ်တို့ ပေးထားသော အမည်နှင့် အမေရိကန်တို့ ပေးထားသော အမည် နှစ်ခုစလုံးကို ပယ်ဖျက် ပစ်လိုက်ကာ human immuno-deficiency virus = HIV ဟု အမည် ပေးလိုက်သည်။ ယင်းမှာ ၁၉၈၆ ခုနှစ် ဖြစ်သည်။

၁၉၈၇ ခုနှစ်တွင် အမေရိကန် သမ္မတ ရေဂင်နှင့် ပြင်သစ် ဝန်ကြီးချုပ် ဂျက် ချီရက်တို့ ထိုကိစ္စ အတွက် တွေ့ဆုံ ဆွေးနွေးကာ ဝါရှင်တန်တွင် သဘော တူညီချက် တစ်ခုကို လက်မှတ် ထိုးကြသည်။ ထိုသဘော တူညီချက်အရ အေအိုင်ဒီအက်စ် ရောဂါပိုးကို ရှာဖွေ တွေ့ရှိမှု အတွက် အမေရိကန်နှင့် ပြင်သစ် အဖွဲ့ နှစ်ဖွဲ့စလုံးကို အသိအမှတ်ပြုသည်။

ယင်းသို့ဖြင့် ဗိုင်းရပ်စ် ပညာရှင်တို့၏ အကြားက မုန်တိုင်းသည် ရပ်စဲ သွားခဲ့သည်။

၁၉၉၂ ခုနှစ်က စာရင်းများအရ ယနေ့ အချိန်တွင် ခြောက်သန်းနှင့် ဆယ်သန်းကြားရှိ လူများသည် အေအိုင်ဒီအက်စ် ရောဂါ (အိတ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး) စွဲကပ်နေကြသည်။

အမျိုးသမီး နှစ်သန်းနှင့် ကလေးငယ်ပေါင်း နှစ်သိန်းတို့သည် အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်နေကြသည်။

အာဖရိကတိုက် အချို့သော နေရာများတွင် လူဦးရေ၏ ဆယ်ရာနှုန်းသည် အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်နေကြသည်။

ဟေတီမှ မိဘမဲ့ ဂေဟာများတွင် ကလေး နှစ်ယောက် အနက် တစ်ယောက်သည် ရောဂါ ပိုး သယ်ဆောင်သူ ဖြစ်နေသည်။

သက္ကရာဇ် ၂၀၀၀ တွင် လူ သန်း ငါးဆယ်တို့သည် အေအိုင်ဒီအက်စ် သယ်ဆောင်-လာသူများ ဖြစ်လာကြလိမ့်မည် ဟု ကမ္ဘာ့ ကျန်းမာရေး အဖွဲ့က ခန့်မှန်းထားသည်။

ယင်း သက္ကရာဇ် ၂၀၀၀ အရောက်တွင် အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်သူ ခြောက်သန်း ရှိနေမည် ဟု ခန့်မှန်းရသည်။

ယင်းမှာ ၁၉၉၂ ခုနှစ်က တွက်ချက်ထားသည့် ခန့်မှန်းခြေ ဖြစ်

သည်။ ယခု အချိန်တွင် အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်သူ၊ အိတ်ချ် အိုင်ဗွီပိုး တွေ့ရှိသူ အရေအတွက်သည် မျှော်မှန်းသည်ထက် များပြား နေကြောင်းကို တွေ့ရသည်။

အေအိုင်ဒီအက်စ် ရောဂါသည် ကူးစက် ပြန့်ပွားရောဂါ ဖြစ်သဖြင့် ကပ်ရောဂါကြီး တစ်ခု ဖြစ်လာခဲ့သည်။ အာဖရိကတိုက် ပြီးလျှင် အာရှ တိုက်သည် ဒုတိယ လိုက်နေသည်။

အေအိုင်ဒီအက်စ် ရောဂါ တိုက်ဖျက်ရေးနှင့် ပတ်သက်၍ နိုင်ငံ အသီးသီးမှ အစိုးရများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေး ဝန်ထမ်းများ သည် အထူး အာရုံ စိုက်၍ ဆောင်ရွက်နေကြသည်။ ထိုရောဂါ တိုက် ဖျက်ရေးသည် သူတို့နှင့် မလုံလောက်။ လူထု ကိုယ်တိုင်က ကျန်းမာရေး အသိပညာ ကျယ်ပြန့်လာမှ၊ လူထု ကိုယ်တိုင် သိစိတ် ရှိရှိဖြင့် ပါဝင် လာမှသာ ပို၍ ထိရောက် အောင်မြင်နိုင်သည်။

အချစ် မိုးကောင်းကင် သည် ထို ကြီးမားသော လုပ်ငန်းကြီးတွင် သဲ တစ်ပွင့်စာလောက်မျှ အထောက်အကူ ပေးနိုင်သည် ဆိုလျှင် ဤ စာအုပ်ကို မြန်မာပြန် ရကျိုး နပ်ပြီဟု ကျွန်တော် ယူဆပါသည်။

ဤစာအုပ်ကို မြန်မာပြန်ရန် မူရင်းကို အမှတ်တရ ပို့ပေးသော ကွယ်လွန်သူ ကျွန်တော့် မိတ်ဆွေကို လည်းကောင်း၊ အခန်းဆက် အဖြစ် ဖော်ပြပေးခဲ့သော မဟေသီ မဂ္ဂဇင်းကို လည်းကောင်း၊ ဤစာအုပ်ကို ပုံနှိပ် ထုတ်ဝေသော ဘဝတက္ကသိုလ် စာအုပ်တိုက်ကို လည်းကောင်း
ကျေးဇူးတင်ကြောင်း ဖော်ပြပါသည်။

မြသန်းတင့်

၃၀၊ ၁၁၊ ၉၅။

[ ၁ ]

**ဂင်္ဂါမြစ်ကမ်းမှ သင်္ချာန် တစ်ခု။**

**ဗာရာဏသီ၊ အိန္ဒိယပြည်။**

**၁၉၈၀ ပြည့်နှစ် ဆောင်းဦး။**

ထိုသင်္ချာန် ..

မီးတောက်များ၊ မီးခိုးများနှင့် သေခြင်း။

လူသေကို မီးလောင်သည့် အနံ့၊ အလောင်းစင်မှ ဝါးလုံးများ၏ ထိုးထိုးထောင်ထောင် ဘဲလေးအက၊ ပြီးတော့ အလောင်းကို ဝါးမျိုနေသည့် မီးတောက်များ၏ မြည်သံ။

ဟုတ်သည်။

ထိုနောက်ခံကား ထိုပတ်ဝန်းကျင်မှ ထိုသင်္ချာန်၊ မီးတောက်မီးလျှံတို့ တောက်နေသည့် ကမ်းဘေးမှ မလှမ်းမကမ်း ပုပ်ဟောင် နံစော်သည့် ရေစီးထဲတွင် ခွေးသေကောင်များ၊ ကြွက်သေကောင်များနှင့် တစ်ခါတစ်ရံ မီးသင်္ဂြိုဟ်ခြင်း မပြုနိုင်သည့် လူဆင်းရဲများ၊ ဓာတ်နိမ့်သူများ၏ အလောင်းသည် မျောပါသွားကြသည်။

ထိုရေစပ် အနီးတွင် သူမ၏ ဖျော့တော့ ပိန်ချုံးနေသည့် သင်္ချာန်သည် မကြာခဏ ပေါ်လာတတ်သည်။ သူမ၏ ပြူးကျယ်ကြီးမားသော မျက်လုံးများ တစ်ဝိုက်တွင် ခိုရောင်ပြေပြေ ဆိုးထားသည်။ သူ့ နှာခေါင်းတွင် ပန်ထားသည့် နှာသီးကွင်းကလေးက တလက်လက် တောက်နေသည်။ ကျစ်ဆံမြီးကလေးကို ဖဲကြိုး တစ်ချောင်းဖြင့် စည်းထားသည်။ ရေတွေ စိုရွှဲနေသဖြင့် အဝါရောင် အင်္ကျီကလေးက သူ့ကိုယ်တွင် ကပ်နေသည်။

အသက် ၁၃ နှစ် အရွယ်ရှိ အိန္ဒိယ ကလေးမကလေး အနန်ဒါ သည် ဂင်္ဂါမြစ်ကို စောင့်သည့် မြစ်စောင့်နတ်တို့ကို ပူဇော်ထားသည့် ပန်းကုံးတစ်ကုံး နှင့် တူသည်။ သူ့အမည်မှာ ‘ပျော်ရွှင် ချမ်းမြေ့ခြင်း’ ဟု အဓိပ္ပာယ်ရသည်။ သို့ရာတွင် သူ့နာမည်ပြောင်မှာ ‘ချမ်းမြေ့ခြင်း’ ဆိုသည့် အဓိပ္ပာယ်နှင့် လားလားမျှ သက်ဆိုင်ခြင်း မရှိပါ။ သူ့ကို ‘ဂင်္ဂါ လင်းတ ကလေး’ ဟုသာ ခေါ်ကြ

သည်။ သူ အမဲလိုက်ရာ ကွင်းပြင်သည် အသုဘ အလောင်း·တိုက်များ အနီးရှိ ဂင်္ဂါမြစ်ကမ်းစပ် လတာပြင် တစ်ဝိုက် ဖြစ်သည်။

သူ့ မောင်ငယ် နှစ်ယောက်နှင့် အတူ အနန်ဒါသည် သည်နေရာသို့ နေ့တိုင်း ရောက်လာတတ်သည်။

သေသူတို့၏ ပြာမှုန်တို့ဖြင့် အနယ်ထိုင်နေသော နံစော် ညစ်ပတ်သည့် ရွံ့ပြင် တစ်လျှောက်တွင် အဖိုးတန် ရတနာတို့ကို လိုက်လံ ရှာဖွေတတ်သည်။ တစ်ခါတလေ ကံကောင်းသည့် အခါများတွင် ရွှေလက်စွပ် တစ်ကွင်းတလေ၊ ပုံ့ရွဲ့နေသည့် အဆောင်လက်ဖွဲ့ အစအန၊ ရွှေသွား တစ်ချောင်းတလေ စသည်တို့ကို တွေ့ရတတ်သည်။ ကံမကောင်းသည့် အခါများတွင်လည်း ပြာတောင့် ပြာခဲ ဖြစ်နေသည့် သစ်သား အပိုင်းအစကလေး တစ်ခုတလေလောက်ကိုသာ တွေ့ရတတ်သည်။

မြစ်ကမ်းတွင် မိုးနေသည့် ဘုရားကျောင်း စကြံထက်တွင် အနန်ဒါ၏ အဖေသည် ရာဇပလ္လင် တစ်ခုပေါ်တွင် စိုးစံသည့်နှယ် ရွှေခြည်ထိုး ထိုင်ဖုံ တစ်လုံးပေါ်တွင် အခန့်သား ထိုင်နေသည်။

အသက် ၄၁ နှစ်ရှိ အနန်ဒါ၏ အဖေ အမစ် ပရာကတ်ရှ် သည် မုန်ညင်းဆီတွေ ပြောင်နေသည့် ဆံပင်၊ ညှိုးငယ်သော အမူအရာတို့ ရှိသည့် သေးသေးညှက်ညှက် လူတစ်ယောက် ဖြစ်သည်။ သူ့ဘိုးဘေးများ ကဲ့သို့ပင် အနန်ဒါ၏ အဖေသည်လည်း အသုဘ အခမ်းအနားများကို စီစဉ် ညွှန်ကြားသူ၊ မီးသင်္ဂြိုဟ်မှု ကိစ္စအဝဝကို ကြီးကြပ်သူ သုဘရာဇာခေါင်း ဖြစ်သည်။

လုပ်ငန်း သဘောအရ သူနှင့်တကွ သူ့သားစဉ် မြေးဆက်တို့သည် ဟိန္ဒူ လူ့အဖွဲ့အစည်းတွင် အောက်ဆုံး အဆင့် ဖြစ်သည့် သုဘရာဇာများ ဖြစ်ကြသည်။ သူ့ဇာတိ သူ့အမျိုးသည် နိမ့်ကျ လွန်းလှသဖြင့် သေလျှင်ပင် ကိုယ့်အလောင်းတိုက်ဖြင့်ကိုယ် မီးသင်္ဂြိုဟ်ခြင်း ပြုခွင့်မရ။ မြို့နှင့် ဝေးဝေး တစ်နေရာ ကွင်းပြင် တစ်ခုတည်းတွင် သုဘရာဇာများ၊ ဇာတ်နိမ့်သူများ အတွက် သီးသန့်ထားသည့် နေရာတွင် သွား၍ သင်္ဂြိုဟ်ရသည်။

အနန်ဒါ၏ အဖေနှင့် တပည့်များသည် အလောင်းများကို မီးသင်္ဂြိုဟ်ရန် မီးပုံများကို အသင့် ပြင်ဆင် ထားကြရသည်။ အဝတ်ဖြူ၊ သို့မဟုတ် အဝတ်နီ ပတ်ထားသည့် အလောင်းများသည် ဝါးထမ်းစင်များဖြင့် နေ့ညမဟူ ရောက်လာကြသည်။

အသုဘ ပို့သူများသည် ကျက်သရေ မင်္ဂလာ ကင်းမဲ့လှသော မြင်

ကွင်း နှင့် လူသေ မီးရှို့သည့် အနံ့တို့ကို ဂရု မစိုက်နိုင်ဘဲ၊ မီးသဂြိုဟ်ရာ လောင်တိုက် တစ်ခုမှ တစ်ခုဆီသို့ သွားလာ လှုပ်ရှားနေကြသည်။ အနီးရှိ မြစ်ဆိပ်သို့ ဆင်းသည့် အုတ်လှေကားထစ်များ ပေါ်တွင်မူ ဆတ္တာသည်တို့သည် ကွယ်လွန်သူတို့၏ ဆွေမျိုးသားချင်းများကို ခေါင်းရိတ်ပေးလျက် ရှိပြီး ဗိုက်ပူပူနှင့် ပုဏ္ဏားများသည် ဂါထာမန္တန်များကို ရွတ်ဖတ်ရန်အတွက် အသုဘရှင်များနှင့် ဈေးဆစ်နေကြသည်။

ထိုအသုဘ အခမ်းအနားများတွင် ရှောင်၍မရသော ကျွဲနွားတိရစ္ဆာန်များလည်း ပါဝင်ကြသည်။ နွားမများနှင့် ဆိတ်များသည် အလောင်းစင်ပေါ်မှ ပန်းခွေများကို ငေးကြည့်နေကြသည်။ ပြာမှုန့်ရောင် ညစ်မွဲမွဲ ခွေးများက အလောင်းစင်မှ လွင့်ကျလာသော အသားတစ်တို့ကို ဝါးမျို စားသုံးကြသည်။ ကောင်းကင်တွင် ပျံဝဲနေကြသည့် အနက်ရောင် လင်းတကြီးများသည် အောက်သို့ ထိုးဆင်းလာကာ လူ၏ အပျက်အစီး အစအန အချို့ကို ထိုးသုတ် ပျံတက်သွားတတ်ကြသည်။

အနန်ဒါတို့ မိသားစုသည် ဂျေပူ မဟာရာဇာ စော်ဘွား၏ ဟော်ကြီးနှင့် ဆက်နေသော ကြီးမား ကျယ်ပြန့်သည့် အိမ်ကြီး တစ်လုံးတွင် နေကြသည်။ အိမ်ကြီးက ဂင်္ဂါမြစ်ထဲသို့ ထိုးထွက်နေသည်။ အိမ်ကြီးစကြံ၏ ကျောက်သားလက်ရန်းထိပ်တွင် တပ်ဆင်ထားသည့် အဝါနှင့် အနက်ရောင် ခြယ်ထားသည့် ကျောက်ကျားနှစ်ကောင်သည် အနီးရှိ ဟော်ဝင်းဝတွင် ထုထားသည့် ကျောက်ဖြူသား ခြင်္သေ့ကြီး နှစ်ကောင်ကို လှောင်ပြောင် နေသကဲ့သို့ ရှိသည်။

တစ်ခါတုန်းက စော်ဘွားသည် သူ့လိုပုဂ္ဂိုလ်ကို ထိုသို့ မလေးမစား ပြုရမည်လောဟု ဆိုကာ အနန်ဒါတို့ ဘိုးဘေးများကို ထိုအိမ်ကြီးမှ နှင်ထုတ်ရန် တရားရုံးတွင် တရားစွဲ ခဲ့ဖူးသည်ဟု ဆိုသည်။ ရုံးတော်သို့ ရောက်သည့်အခါတွင် အနန်ဒါ၏ အဘိုးက

'တော်ဘွားကြီးခင်ဗျား၊ စော်ဘွားကြီးက လူအရှင်တွေရဲ့ ဘုရင်ဖြစ်သလို ကျွန်တော်လည်း လူအသေတွေရဲ့ ဘုရင်ပါ' ဟု လျှောက်လဲသည်ဟု အဆိုရှိသည်။ စော်ဘွားမှာ အမှုရှုံးသွားပြီး သုဘရာဇာမှာ အမှုတွင် နိုင်သွားခဲ့သည်။

အိန္ဒိယ လူမျိုးတို့ ထုံးစံအတိုင်း အနန်ဒါတို့ မိသားစု၏ အိမ်သည် သူ့ဆွေမျိုးသားချင်း အပေါင်းတို့၏ မှီခို လဲလျောင်းရာလည်း ဖြစ်သည်။ ထိုအိမ်တွင် အနန်ဒါ၏ အဘိုး အဘွားများ၊ ဦးကြီး ဦးလေးများ၊ ဘကြီး ဘထွေးများနှင့် သူတို့၏ မိသားစုများလည်း နေကြသည်။ စုစုပေါင်း လူပေါင်း ၂၀

နီးပါးရှိပြီး သူတို့အားလုံးသည် သုဘရာဇာ လုပ်ငန်းကို အမှီပြု၍ နေသူတွေချည်း ဖြစ်သည်။

အိမ်ကြီး တစ်အိမ်လုံးရှိ အခန်းများသို့ သွားချင်လျှင် ကွေ့ကောက်မည်းမှောင်သော လှေကားများ၊ အတွင်းဘက် ကွက်လပ်များကို ဖြတ်၍ သွားရသည်။ သူတို့အထဲက ဆွေမျိုးတစ်ယောက်က ဆိုလျှင် အတွင်းဘက်စင်္ကြံ တစ်ခုပေါ်တွင် အုတ်ကြွပ်ပြား အပြာရောင်တွေ သုံးပြီး ဘုရားကျောင်းကလေး တစ်ဆောင်ကိုပင် ဆောက်လုပ် ထားလိုက်သေးသည်။ ရာမနတ်ဘုရားကို ရည်စူး၍ ဆောက်ထားသော ဘုရားကျောင်း ဖြစ်သည်။ သို့ရာတွင် ထိုဘုရားကျောင်း၏ သံတံခါးကြီးများကမူ အနန်ဒါတို့ မိသားစု အတွက် အမြဲပိတ်ထားကြသည်။

အိန္ဒိယတွင် သုဘရာဇာတို့သည် အောက်တန်း အကျဆုံး ဇာတ်နိမ့်သူများဟု ဆိုကာ ဘုရားကျောင်းများသို့ ဝင်ခွင့်မရ။ တံခါးဝတွင် ရှိသည့် ခေါင်းလောင်းကို ထိုး၍သာ နတ်ဘုရားကို ပူဇော်ခွင့်ရသည်။

ထိုအိမ်ကြီးနောက်ဖေး ကွက်လပ်တစ်ခုတွင် ဆိတ်ထီးကြီး တစ်ကောင်လည်း ရှိသည်။ တစ်နှစ် တစ်ခါ ဆိုသလို ဇာတ်နိမ့်သူများ၏ နတ်တစ်ပါးဖြစ်သော ဆတ္တာဒေဝီကို ပူဇော်သည့်ပွဲများကို ကျင်းပတတ်သည်။ ထိုပွဲတော်များတွင် အနန်ဒါ၏ အဖေသည် သူ့ ဆိတ်ထီးကြီးကို အခြား ဆိတ်ထီးတစ်ကောင်နှင့် တိုက်လေ့ရှိသည်။ သူ့ဆိတ်ထီးကြီးက နိုင်လျှင် ဆိတ်ထီးကြီးကို ဆတ္တာဒေဝီထံ ယဇ်ပူဇော်လေ့ ရှိသည်။

အခြားသော ကွက်လပ်များထဲတွင်မူ လောင်တိုက်တွင် သင်္ဂြိုဟ်စင်အဖြစ် အသုံးပြုရန် အဆင်သင့် ဆောက်ထားသည့် ဝါးလုံးပုံများ၊ လူချမ်းသာများ၏ အသုဘများတွင် အသုံးပြုသည့် နံ့သာဖြူ ထင်းများကို စုပုံထားသည်။

အနန်ဒါ၏ အဖေသည် မီးသင်္ဂြိုဟ်မှု ကိစ္စများအတွက် လိုအပ်သည့် ပစ္စည်းများကို အဆင်သင့် စုဆောင်း ပြင်ဆင်ထားရသည်။ နံ့သာဖြူများကို ရောင်းရသည့်အတွက် ငွေဝင်လမ်း အတော်အတန် ဖြောင့်သည်။ မနက် ခုနစ်နာရီနှင့် ၁၁ နာရီလောက် အကြားတွင် နံ့သာဖြူတုံးပေါင်း တစ်ရာလောက်ရောင်းပြီးပြီ။ သေသူ၏ ခန္ဓာကိုယ် အကြီးအသေးကို လိုက်၍ နံ့သာဖြူအကုန်အကျ ရှိသည်။ နံ့သာဖြူတုံးပေါင်း တစ်ရာလောက်ဆိုလျှင် ရူပီးငွေလေးရာဖိုးလောက် ကုန်သည်။ သို့ရာတွင် ထိုသို့ အကုန်အကျခံ၍ သင်္ဂြိုဟ်မည့် အသုဘမှာ ရှားပါးလှဘိခြင်း။ သုဘရာဇာနှင့် တိုင်ပင်ကာ စရိတ်

နည်းနည်းနှင့် သဂြိုဟ်ရသည့် အသုဘတွေသာ များသည်။ အကယ်၍ ထင်း မလုံလောက်သဖြင့် အလောင်း ပြာမကျလျှင် ကျန်သည့် ကိုယ်ခန္ဓာ အစိတ် အပိုင်းတို့ကို ဂင်္ဂါမြစ်ထဲသို့ ပစ်ချလိုက်တော့သည်။

အနန်ဒါ၏ အဖေနှင့် ဦးလေးတို့သည် အသုဘများကို မီးသဂြိုဟ် ရာတွင် တစ်လှည့်စီ ကြီးကြပ်ကြသည်။ သို့ဖြင့် သူတို့မိသားစု၏ စီးပွားရေး လုပ်ငန်းသည် နေ့ညမဟူ အမြဲရှိနေသည်။ သူတို့လက်အောက်တွင် လောင် တိုက်စင်များကို မီးရှို့ရန် မီးထည့်ရန် အလုပ်သမားပေါင်း ၃၀ ခန့် ရှိသည်။ လောင်တိုက်များမှ မီးတောက်များသည် ဘယ်အခါမျှ ငြိမ်းသည်ဟူ၍ မရှိ။

အိန္ဒိယတွင် လူဦးရေသည် အစဉ်မပြတ် တိုးသည်ထက် တိုးလျက် ရှိရာ သေခါနီးတွင် ဂင်္ဂါရာဇာသို့ ရောက်လာသည့် လူဦးရေမှာလည်း အမြဲတမ်း တိုးနေသည်။ တစ်ခါတစ်ရံတွင် အသုဘတွေ များလွန်းသည့် အတွက် မီးသဂြိုဟ်မည့် အလောင်းများသည် လောင်တိုက်များ အနားမှ သချိုင်းရှိ မြူနီစပယ်ရုံး အဆောက်အအုံကလေး အထိ တန်းစီကာ ပြည့်ကျပ် နေသည်။ မြူနီစပယ်ဌာနက သေသူတို့၏ အဆင့်အတန်းနှင့် သေဆုံးသည့် အကြောင်းရင်းကို စစ်ဆေး မေးမြန်းပြီး မီးသဂြိုဟ်ခွင့် ပြုရသည်။

အသုဘတွေ များသဖြင့် ထိုလုပ်ငန်းကို မှီ၍ အသက်မွေးသူတွေ တော်တော် စီးပွားဖြစ်ကြသည်။ အနီးတစ်ဝိုက်တွင် အလောင်းကို လွှမ်းရန် အဝတ်စ၊ ပန်းခွေ၊ နံ့သာဖြူမှုန့်နှင့် အသုဘ အတွက် လိုအပ်သော အခြား ပစ္စည်း ရောင်းသူတွေ ပြည့်နှက်နေသည်။ အချို့ ဆိုင်များတွင် ဆိုလျှင် လူ ချမ်းသာ အသုဘများသာ တတ်နိုင်သည့် အဖိုးတန် ပိုးစများ၊ ရွှေခြည်ထိုး ထည်များနှင့် အလှအပ ပစ္စည်းများကိုပင် ထားလိုက်သေးသည်။

တစ်ခါတစ်ရံတွင် လမ်းကျဉ်းကလေးတွင် ပိတ်ဆို့နေသော လူများ အထက်မှ ပန်းတွေ ဖုံးထားသော အသုဘထမ်းစင် တစ်ခု ပေါ်လာတတ်သည် ကိုလည်း မြင်ရသည်။ ထမ်းစင်ပေါ်တွင် အဝါရောင်ခြုံထည်ကို ခြုံထားသည့် အသက်ကြီးကြီး လူတစ်ယောက်၏ အလောင်းကို ထိုင်လျက် အနေအထား ဖြင့် ထမ်းလာသည်ကိုလည်း တွေ့ရတတ်သည်။ အလောင်း ထမ်းလာသူတို့က ဂါထာမန္တန်များကို ရွတ်ကာ ကြေးစည်တွေကို ထုလာကြသည်။ ထိုအသုဘ မှာမူ အနန်ဒါ၏ အဖေလက်သို့ ရောက်မလာပါ။ ထိုအလောင်းမှာ သံသရာမှ ထွက်မြောက်သွားသော ဆာဒူး တစ်ပါး၏ ရုပ်ကလာပ် ဖြစ်သည်။ ဆာဒူး ရုပ်ကလာပ်ကိုမူ မီးသဂြိုဟ်ခြင်း မပြုဘဲ ဂင်္ဂါမြစ်ထဲသို့ မျှောလိုက်ရသည်။

အနန်ဒါ၏ အဘွားသည် မုဆိုးမ ဖြစ်သည်။ ထို့ကြောင့် မုဆိုးမတို့ ဝတ်သော ဆာရီအဖြူသာ ဝတ်ရသည်။ မနက်လင်း၍ ရေမိုးချိုး သန့်စင် ပြီးသည်နှင့် အဘွားသည် ဆွေမျိုးသားချင်းတို့ စုဝေးလေ့ရှိသည့် ဘုံခန်းသို့ ရောက်လာကာ နံရံတွင် ချိတ်ထားသည့် သွားလေသူ သူ့ ခင်ပွန်းသည်၏ ရုပ်ပုံရှေ့တွင် ထိုင်ပြီး အမျှအတန်း ဝေသည်။ သူ့ခင်ပွန်း၏ ပုံကို နံရံတွင် ထုထားသည့် ရာမာယဏဇာတ်မှ ပန်းပုရုပ်များ ကြားတွင် ချိတ်ထားသည်။ ဓာတ်ပုံမှာ ဝါကျင့်နေလေပြီ။ ဓာတ်ပုံထဲက ရုပ်ပုံမှာ မုတ်ဆိတ်ဖြူဖြူနှင့် ခေါင်းပေါင်းနီကြီးကို ပတ်ထားသည့် ခံ့ညားသည့် အဘိုးကြီး တစ်ယောက်၏ပုံ ဖြစ်သည်။ သို့ရာတွင် ဖွားဖက်ကို ဖုံးအုပ်ထားသည့် အဝတ်ပိုင်းကလေး တစ်ပိုင်းမှအပ သူ့ကိုယ်ပေါ်တွင် ဘာမျှ ဝတ်ဆင်ထားခြင်း မရှိ။

အနန်ဒါတို့ ဆွေမျိုးသားချင်းများသည် ထိုအဘိုးကြီး၏ ဂုဏ်ပုဒ်တို့ကို မကြာခဏ ထုတ်ဖော် ပြောလေ့ ရှိကြသည်။

အဘိုးအိုသည် အလောင်းများကို မီးရှို့သည့် သုဘရာဇာ တစ်ဦး ဖြစ်သည့်တိုင် ဗာရာဏသီနယ် တစ်ဝိုက်တွင်မူ တန်ခိုးပြာဋိဟာကို ပြနိုင်သည့် ဖကီး တစ်ဦးဟု နာမည်ကြီးသည်။ အဘိုးအိုသည် ရောမ ကျောက်တုံးကြီးများကို ဆင့်၍ ဆင့်၍ မ ပြနိုင်သည်။ တစ်ခါတစ်ရံတွင်လည်း သံချောင်းတွေ အပြည့် စိုက်ထားသည့် ပျဉ်ပြားကြီးပေါ်တွင် နာရီပေါင်းများစွာ လှဲအိပ်နိုင်သည်။

သို့ရာတွင် သူ နာမည်ကြီးလာခြင်းမှာ ထိုသို့သော တန်ခိုးပြာဋိဟာများကို ပြနိုင်သောကြောင့် မဟုတ်။ သုဘရာဇာ လုပ်ငန်းကို လုပ်ရင်း နာမည်ကြီးလာခြင်း ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် အိန္ဒိယပြည်၏ ခေါင်းဆောင် မဟာတ္တမ ဂန္ဒီ လုပ်ကြံခံရသည် ဆိုသည့် သတင်းကို ရေဒီယိုမှ ကြားသည့်အခါ၌ သူသည် ပထမဆုံး မီးရထားကို ခုန်တက်ကာ ဒေလီသို့ လိုက်လာခဲ့သည်။ သူ့တွင် ဘာပစ္စည်းမျှ မပါ။ မီးကျီးခဲတို့ ရဲနေသည့် မြေအင်တုံကလေး တစ်လုံးသာ ပါလာခဲ့သည်။

အိန္ဒိယပြည်၏ မဟာဝိညာဉ် ဖြစ်သည့် ဂန္ဒီကြီးအား မြင့်မြတ်သော ဗာရာဏသီမှ မီးကျီးခဲဖြင့် သဂြိုဟ်ရန် ဖြစ်သည်။

အနန်ဒါ၏ အမေမှာ ကျောက်ပေါက်မာ သက်သက်ရှိသည့် ခပ်ပိန်ပိန် အမျိုးသမီး တစ်ယောက်ဖြစ်သည်။ ထိုကျောက်ပေါက်မာများသည် ကလေး ဘဝက သေလုနီးပါး ခံခဲ့ရသော ကျောက်ရောဂါကို သက်သေထူနေသည်။ သူ့အမေသည် တစ်အိမ်လုံးတွင် ငွေကိုင်ဖြစ်သဖြင့် အာဏာအရှိဆုံး ဖြစ်သည်။ ညနေတိုင်လျှင် အဖေသည် တစ်နေကုန် ရသမျှသော မီးသဂြိုဟ်ခတို့ကို အမေ့လက်သို့ ကျိုးနွံစွာ အပ်ရသည်။ အမေက ထိုငွေကို သော့ခလောက်ကြီး ခတ်ထားသည့် သေတ္တာထဲသို့ ထည့်သည်။ အမေ တစ်ယောက်သာ သော့ ကိုင်ခွင့် ရှိသည်ဟုလည်း အဆိုရှိသည်။

အနန်ဒါနှင့် မောင်ငယ် နှစ်ယောက်တို့ ဂင်္ဂါမြစ်ကြောမှ ဆယ်ရလာ သော ပစ္စည်းများကိုလည်း အမေ့လက်သို့သာ အပ်ရသည်။

အမေသည် ကောက်ရလာသည့် ရွှေသွား၊ လက်ဝတ်ရတနာများတို့၏ အလေးချိန်ကို လက်နှင့် ဆ ပြီး မှန်းတတ်သည်။ ပစ္စည်း အရ နည်းသဖြင့် အမေ ဆူပူကြိမ်းမောင်းသည့် အကြိမ်များလည်း မရေတွက်နိုင်။

'ကျွန်မတို့ ဘယ်လောက်ပဲ ရှာလို့ ရလာလာ အမေကတော့ ကျေနပ် တယ်လို့ကို မရှိဘူး၊ အမေကလည်း တော်တော် ခက်တယ်၊ ဒီခေတ်မှာ အသုဘကို ရွှေတွေ ငွေတွေ ဆင်မပေးကြတော့ဘူး ဆိုတာ သူလည်း သိသား နှင့်၊ ရွှေဈေး ငွေဈေးက ခေါင်ခိုက်နေပြီ မဟုတ်လား' ဟု အနန်ဒါက ညည်းသည်။

ထိုနှစ် ဆောင်းဦးပေါက်တွင် သုဘရာဇာ၏ သမီးပျို အနန်ဒါသည် အပျိုဖော် ဝင်စ ပြုလေပြီ။

အဖေသည် သူ့သမီး အရွယ်ရောက်ကြောင်းကို သိသည်နှင့် အိန္ဒိယ လူမျိုး ဖခင် တစ်ယောက်၏ မလုပ်မဖြစ်သော အမှုကို ပြုရသည်။ ယင်းမှာ သမီးအတွက် ယောကျ်ား ရှာပေးခြင်း ဖြစ်သည်။ အမှန်အားဖြင့်မူ အနန်ဒါ၏ မိဘများသည် သူ့ကို မွေးလာကတည်းက ထိုကိစ္စကို စီစဉ်ပြီးလေပြီ။

အမေသည် သူ့သမီးကို အိမ်တွင်းမှု ကိစ္စများကို သင်ပေးသည်။

အနန်ဒါတွင် ကျောင်းတက်ဖို့လည်း မလို၊ ကစားရန်လည်း အချိန်မရ။ မောင်ငယ်များကို ထိန်းခြင်း၊ ရေခပ်ခြင်း၊ အဝတ်လျှော်ခြင်း၊ အိမ်မှုကိစ္စ တို့ကို လုပ်ခြင်း၊ မြစ်ကမ်းဘေးမှ လက်ဝတ် လက်စားတို့ကို ရှာခြင်း၊ ထင်း

ဆယ်ခြင်း စသည့် ကိစ္စများဖြင့်သာ အချိန်ကုန်ရသည်။

မကြာမီတွင် သူတို့အိမ်သို့ လူကြီးလူကောင်းတွေ ရောက်လာကာ အဖေတို့နှင့် တီးတိုး တိုင်ပင်ကြသည်။

'ကျွန်မ ထင်တဲ့ အတိုင်းပါပဲ၊ နောက်တော့ အမေက ပြောပြတာပေါ့၊ ယောကျ်ားလေးဘက်က လူကြီးတွေတဲ့၊ ကျွန်မတို့ မင်္ဂလာဆောင် ကိစ္စ အတွက် လာဆွေးနွေးကြတာတဲ့၊ ကျွန်မတို့ဆီမှာ ဒီလိုကိစ္စမျိုးဆိုရင် ဘယ်သူက ဘယ်လောက် အကုန်အကျ ခံမလဲ၊ ဘယ်ဘက်က ဘယ်လောက် ထည့်မလဲ ဆိုတာတွေကို တော်တော် စကား ပြောရတယ်လေ၊ လူကြီးတွေ ဘာတွေ ပြောကြတယ် ဆိုတာကိုတော့ သေသေချာချာ မသိဘူးပေါ့၊ ဒါပေမယ့် တော်တော်တော့ စကား ပြောနေကြရပုံပဲ၊ အခန်းထဲက တစ်ယောက်နှင့် တစ်ယောက် ငြင်းခုံနေကြတဲ့ အသံတွေကို ကြားနေရတာကိုး' ဟု အနန်ဒါ က ပြောသည်။

တစ်နေ့တွင်မူ ယောကျ်ားလေးဘက်မှ လူကြီးတွေ ရောက်လာကြ ပြန်သည်။

သူတို့နှင့် အတူ ဒိုတီ ဝတ်ထားပြီး စာရွက်လိပ်ကြီး တစ်လိပ်ကို ချိုင်းကြားတွင် ညှပ်ထားသည့် လူတစ်ယောက်လည်း ပါလာသည်။ ထိုသူမှာ မင်္ဂလာဆောင်မည့် နေ့ကောင်းရက်သာကို ရွေးပေးမည့် ဗေဒင်ဆရာ ဖြစ်သည်။ ဗေဒင်ဆရာ၏ အခါပေးချက်အရ မင်္ဂလာဆောင်ရက်ကို ရွေးရသည်။

အနန်ဒါမှာ ဘာမျှ ပြောပိုင်ခွင့် မရှိ။ ဆန္ဒ ထုတ်ဖော်ပိုင်ခွင့် မရှိ။ ထို့ပြင်မက သူ တစ်သက်လုံး ပေါင်းဖော်သွားရမည့် သတို့သားကိုပင် မြင် ဖူးခြင်း မရှိ။

မင်္ဂလာ မဆောင်မီ သီတင်း နှစ်ပတ် အလိုတွင် အဖေသည် ခန်းဝင် ပစ္စည်းများကို ယူကာ သတို့သား၏ အိမ်သို့ သွားပို့သည်။ အလုပ်သမားများမှာ မင်္ဂလာမဏ္ဍပ် ဆောက်နေကြသည်။

ထိုနေ့တွင် အနန်ဒါသည် နှာသီးကွင်း စွပ်ထားသည့် နေရာနှင့် တည့်တည့် ပါးပြင်ပေါ်တွင် ပဲစေ့လောက်ရှိသည့် အကွက်ကလေး တစ်ကွက် ပေါ်လာသည်ကို သတိပြုမိလိုက်သည်။ အနန်ဒါသည် ပါးပြင်ပေါ်မှ အကွက် ကလေးကို လက်ဖျားနှင့် တို့ကြည့်သည်။

ဘာမျှ မခံစားရသဖြင့် သူ အံ့အား သင့်နေသည်။

အနန်ဒါသည် ပါးပြင်မှ အကွက်ကို လက်သည်းဖြင့် ဆိတ်ကြည့်သည်။ အပ်ဖြင့် ထိုးကြည့်သည်။ အကြောင်းမထူး။ ထိုနေရာ တစ်ဝိုက်သည် ခံစားမှု ကင်းမဲ့နေကာ ထုံနေသည်။

သို့ရာတွင် ဂင်္ဂါ မြစ်ကမ်းစပ်မှ လင်းတကလေးသည် ဘာမျှ သောက ရောက်ခြင်း မရှိ။ ထိုအဖြစ်မျိုးသည် သူ့အဖို့ ရိုးနေလေပြီ။ သူ့သက်တမ်း တစ်ဝက်လောက် အတွင်းတွင် သူသည် နောက်ကျိညစ်ပတ်သော ဂင်္ဂါမြစ်ရေ ထဲတွင် အချိန်ကုန်ခဲ့သည်။ ထိုအချိန်အတွင်း၌ မြစ်ကြီးသည် သူ့အသားအရေ ကို တစ်စက်ကလေးမျှ အနားမပေး။ ပွေး၊ ဝဲ၊ နှင်းခူ၊ ယားနာ စသည်တို့သည် တစ်နေရာရာတွင်တော့ အမြဲလိုလို ရှိနေတတ်သည်။ သူ၏ အံ့သြဖွယ် ကောင်းလောက်သော ကိုယ်ခံအားသည် ပြင်ပမှ ဝင်ရောက် တိုက်ခိုက်မှုကို အမြဲလိုလို တွန်းလှန်ခဲ့သည်ချည်း။ ဘာမျှ မကြာလိုက်၊ တစ်ရက် နှစ်ရက် လောက် အတွင်းတွင် ထိုအရာများသည် အလိုလို ပျောက်သွားကြသည်။ ယခု ပါးပေါ်မှ အကွက်ကမူ ခါတိုင်းလို လွယ်လွယ်နှင့် မပျောက်ချင်။

အနန်ဒါသည် ပါးမှ အကွက်ကို အမေ့ကို ပြကြည့်သည်။ အမေက မြို့ထဲက လမ်းကြားထဲတွင် ရှိသည့် ဆေးဆရာထံသို့ ခေါ်သွားသည်။ ဆေးဆရာ အဘိုးကြီးက အနန်ဒါ၏ ပါးမှ အကွက်ကို သေသေချာချာ ကြည့်သည်။

'ဒီလိုရောဂါကို ကုလို့ မရဘူးကွယ့်၊ ကလေးမ ပါးပေါ်က အကွက်က အနာကြီးရောဂါ ဖြစ်တာ'

အဘိုးကြီးက ချိုသာစွာ ပြောသည်။

[ ၂ ]

**ကြွက်များနှင့် ကြွက်သတ်သမား။**

**လော့စ်အိန်ဂျလိစ်၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၀ ပြည့်နှစ် ဆောင်းဦး။**

သူ့နေ့များသည် ချစ်သူတို့၏ တွေ့ခြင်းမျိုးဖြင့် အစပြုတတ်သည်။

လော့စ်အိန်ဂျလိစ်ရှိ ကယ်လီဖိုးနီးယား တက္ကသိုလ်က ကျဉ်းမြောင်း သည့် ဓာတ်ခွဲခန်းကလေးထဲသို့ ရောက်သည်နှင့် ဆံပင် ကောက်ကောက်

မှတ်ဆိတ်ဝါဝါနှင့် အသက် ၃၂ နှစ် အရွယ်ရှိ ဒေါက်တာ မိုက်ကယ် ဇေါ့လီယက်သည် သူ့ လက်ဆွဲသေတ္တာ ကလေးထဲတွင် ပါသည့် တိုလီမိုလီ ပစ္စည်းတွေကို ထုတ်သည်။ ထိုပစ္စည်းများမှာ သုတေသန သိပ္ပံပညာရှင် တစ်ဦး အနေဖြင့် သူ ကြုံတွေ့ရသော မျှော်လင့်ချက်များ စိတ်ပျက်မှုများကို နှစ်ပေါင်းများစွာ ခွဲဝေ ခံစားခဲ့ကြသည့် အရာများ ဖြစ်သည်။

ဒေါက်တာ မိုက်ကယ်သည် နူးညံ့ လေးလံသော လက်များဖြင့် လက်ဆွဲသေတ္တာထဲတွင် ပါသည့် အာလူးကို ထုတ်ကာ ခပ်ပါးပါး လှီးပြီး ကြွက်များကို ကျွေးသည်။ သူ့ ကြွက်များမှာ ကောင်ရေ ၂၅၀ ရှိပြီး အားလုံး အမတွေချည်း ဖြစ်သည်။ အားလုံး အညိုတွေ ဖြစ်ပြီး ဆူဖြိုး လုံးအစ် နေကြသဖြင့် ကြွက်ပေါက်စကလေးတွေနှင့်ပင် တူနေသည်။

ဒေါက်တာ မိုက်ကယ်က သူတို့ကို မင်းသမီးတွေဟု ခေါ်လေ့ရှိသည်။ သူတို့အားလုံးသည် ကြွက်မျိုးနွယ်တွေထဲတွင် အထက်တန်းစားများ ဖြစ်သည်ဟု ဆိုနိုင်သည်။ မျိုးရိုးဗီဇ အကောင်းဆုံးဆိုသည့် ကြွက်မျိုးကို ရွေးထုတ်ကာ အစဉ်အဆက် မွေးလာခဲ့သည့် အပြစ် အနာအဆာ ရောဂါဘယ ကင်းသည့် ကြွက်မျိုး ဖြစ်သည်။ ထိုကြွက်မျိုးကို စီ၊ ၃၊ အိတ်ချ် အမျိုးအစားဟု ခေါ်ကြသည်။ ကြွက်ကလေးများမှာ အသိဉာဏ် ရှိကြသည်။ လူ့အလိုကို သိတတ်သည်။ အကိုင်အတွယ်ရလည်း လွယ်ကူသဖြင့် ချစ်စရာ ကောင်းနေသည်။

သို့တိုင်အောင် ဒေါက်တာ မိုက်ကယ်သည် နေ့တိုင်း ကြွက်ကလေးတွေကို စတေး ရသည်။ ဖြတ်တောက် ခွဲစိတ်ရသည်။

တစ်ခါတစ်ရံတွင် ထိုမျှ ချစ်စရာကောင်းသည့် သတ္တဝါကလေးများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ပစ်ရသည်။ လူ့ခန္ဓာကိုယ်ကဲ့သို့ပင် သူတို့ ခန္ဓာ အပြင်မှ တိုက်ခိုက်မှုတို့ကို ကာကွယ် တားဆီးရသည့် ကလာပ်စည်းများကို ထုတ်လုပ်ပေးရာ သိုလှောင်ထားရာ ဖြစ်သော သူတို့၏ သရက်ရွက်များ၊ ချဉ်ဆီများ၊ သိုင်းမတ်စ် အကျိတ်များ၊ အဖုများ စသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ပြင်းထန်သည့် အဆိပ် ရောင်ခြည်များဖြင့် ပစ်လွှတ်ရသည်။ ထိုကလာပ်စည်းများကို သွေးဖြူ ကလာပ်စည်းများဟုလည်း ခေါ်ကြသည်။ လင်ဖိုဆိုက် ကလာပ်စည်းများဟုလည်း ခေါ်ကြသည်။ ထိုသွေးဖြူ ကလာပ်စည်းများသည် လူ့ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့၏ သက်တော်စောင့်ကြီး ဖြစ်သည်။

ခန္ဓာကိုယ်တွင်းသို့ မိုက်ကရုပ်ပိုးမွှား ဖြစ်စေ၊ ဗိုင်းရပ်ပိုး ဖြစ်စေ၊ပြင်ပ

မှ ပဝတ္တိ ပစ္စည်း တစ်ခုခု ဖြစ်စေ ဝင်ရောက်လာသည်နှင့် သူတို့သည် စုရုံး လာတတ်ကြသည်။ ချွတ်ယွင်းသွားသော ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခု အတွက် အစားထိုးလျှင်လည်း သူတို့သည် စုရုံး လာတတ်ကြသည်။

ဒေါက်တာ မိုက်ကယ်သည် သူ့မင်းသမီးကလေးများ ကိုယ်ပေါ်သို့ ဓာတ်ရောင်ခြည်များ လွှတ်ပေးခြင်းဖြင့် သူတို့၏ ကိုယ်ခံစွမ်းအား စနစ်ကို ဖျက်ဆီးပစ်နေသည်။ သို့အားဖြင့် လူ၏ ကိုယ်အင်္ဂါ အစားထိုး ကုသရာတွင် ပြင်ပပစ္စည်းကို ငြင်းဆန်သည့် သဘာဝကို နိုင်နင်းသည့် သေချာပေါက် နည်းလမ်း တစ်ခုကို ရှာဖွေနေခြင်း ဖြစ်သည်။

ယခုမူ ကိုယ်အင်္ဂါ အစိတ်အပိုင်းကို အစားထိုး၍ ကုရသည်မှာ ဘာမျှ မရေရာ၊ လောင်းကစား နေရသကဲ့သို့ ရှိသည်။

ဒေါက်တာ မိုက်ကယ်၏ အထူးပြု ဘာသာရပ်မှာ အင်မျူနိုလော်ဂျီ ခေါ် ကိုယ်ခံစွမ်းအားဗေဒ ပညာရပ် ဖြစ်သည်။ ကိုယ်ခံစွမ်းအားဗေဒ ပညာ ဆို သည်မှာ အခြားမဟုတ်။ လူ၏ ခန္ဓာကိုယ်အား အမြဲတစေ ခြိမ်းခြောက်နေ သော သာမန်မျက်စိဖြင့် မမြင်နိုင်သည့် ပိုးမွှားများ၏ အန္တရာယ်မှ ကိုယ့် ကိုယ်ကိုယ် ကာကွယ်နိုင်မှု စွမ်းအားကို လေ့လာသည့် ပညာရပ် ဖြစ်သည်။

ထိုပညာရပ်သည် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ထွန်းကားလာခဲ့သည် မှန်သော်လည်း သိပ္ပံပညာရပ် အသစ်တစ်ခု မဟုတ်။

ကာကွယ်ဆေး ထိုးသည့် အယူအဆကို စတင်တွေ့ရှိခဲ့သော အက်ဒွပ် ဂျင်နား၊ လူဝီ ပက်စချာ၊ တီဘီ ရောဂါပိုးတို့ကို တွေ့ရှိခဲ့သော ရောဘပ် ကော့ခ် နှင့် အခြား များစွာသော သိပ္ပံပညာရှင်များ၏ ကျေးဇူးကြောင့် လူ့ခန္ဓာ ကိုယ်ကြီးသည် သူ့ကိုယ်သူ ကာကွယ်နိုင်သော စွမ်းအားဖြင့် ပြည့်စုံ ကြောင်းကို လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာခန့် ကတည်းက သိရှိခဲ့ကြပြီး ဖြစ်သည်။

သို့ရာတွင် ကာကွယ်ရေးစနစ်ကို မောင်းနှင် ချုပ်ကိုင်နေသည့် စက် ယန္တရားကြီးသည် လွန်စွာ ရှုပ်ထွေး ဆန်းကြယ်လှသဖြင့် နှစ်ဆယ်ရာစု ဒုတိယ နှစ်ဝက်ပိုင်းတွင် ကလာပ်စည်းဆိုင်ရာ ကိုယ်ခံစွမ်းအားဗေဒ ပညာရပ် ပေါ်ပေါက်လာသည့်အခါမှပင် ထိုယန္တရားကြီး၏ လျှို့ဝှက်ချက်များကို သိလာ ခဲ့ကြရခြင်း ဖြစ်သည်။

ထိုအောင်မြင်မှုကို ရရှိစေခဲ့သည့် ကိရိယာ တန်ဆာပလာများမှာ သိပ္ပံပညာရပ်စစ်စစ်တွင် အသုံးပြုသော ပစ္စည်းကိရိယာများထက် အချက်အပြုတ်ပညာတွင် သုံးသည့် ပစ္စည်းကိရိယာများနှင့် ပို၍ နီးစပ်ပါသည်။ ဓာတ်ခွဲခန်းထဲတွင် ကလာပ်စည်းများကို မွေးမြူခြင်း၊ ကြီးထွားအောင် လုပ်ခြင်း၊ ရှင်သန်အောင် လုပ်ခြင်းဖြင့် ခြောက်ဆယ်ပြည့် နှစ်များအတွင်း၌ ကိုယ်ခံစွမ်းအားဗေဒပညာရှင်များသည် ယခင်က မစဉ်းစားခဲ့မိသော နယ်ပယ်များတွင် လေ့လာစူးစမ်းမှုများကို ပြုလုပ်လာခဲ့ကြခြင်း ဖြစ်သည်။

ရာစုနှစ် အကုန်တွင် သိပ္ပံပညာကို တစ်တပ်တစ်အား ဖြည့်ဆည်းမည်ဟု အားခဲနေသည့် လူငယ် ဆရာဝန်တစ်ဦး အဖို့ မည်မျှကောင်းသည့် အခွင့်အရေးပေနည်း။

'ကိုယ်ခံစွမ်းအား ပညာရပ်ကို ကျွန်တော် စိတ်ဝင်စားတာကတော့ ဒီပညာရပ်ဟာ လက်တွေ့ စမ်းသပ်မှုတွေကို လုပ်လို့ရလို့ စိတ်ဝင်စားတာပါ၊ လူမှုသိပ္ပံ ပညာရပ်ဟာ ယဉ်ကျေးမှု တစ်ခုရဲ့ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ဆက်စပ် ယှက်နွယ်မှုတွေကို ရှင်းလင်း ဖော်ပြသလို ကိုယ်ခံစွမ်းအားဗေဒပညာရပ်ဟာလည်း ကိုယ်ခန္ဓာ ဖွဲ့စည်းမှု စနစ်ကြီး တစ်ခုကို နားလည်ရေးမှာ သော့ချက် ဖြစ်ပါတယ်။

'အဲဒီ စနစ်ကြီးမှာ သူ့ကိုယ်ပိုင် လောဂျစ်တွေ ရှိတယ်၊ သူ့ကိုယ်ပိုင် ဥပဒေသတွေ ရှိတယ်၊ သူ့ကိုယ်ပိုင် ဆုံးရှုံးမှုတွေ ရှိတယ်၊ သူ့ကိုယ်ပိုင် အောင်မြင်မှုတွေ ရှိတယ်၊ အဲဒီ စနစ်ကြီးကို ကိုင်တွယ်လို့ ရအောင်၊ ထိန်းချုပ်လို့ ရအောင် လေ့လာနိုင်တယ်၊ အဲဒီ စနစ်ကြီးကို ပြုပြင် ထိန်းသိမ်းတဲ့နေရာမှာ ကျွန်တော်တို့ အရင်တုန်းက လုပ်ခဲ့သလို အရမ်းကာရော လုပ်တာမျိုး မဟုတ်ဘဲ ပန်းထိမ်ဆရာရဲ့ နူးညံ့ညင်သာတဲ့ ကိုင်တွယ်နည်းမျိုးနှင့် ကိုင်တွယ်ရလိမ့်မယ်။

'အဲဒီ ကလာပ်စည်းတွေရဲ့ ဂီတသံကို နားထောင်ခြင်း၊ အဲဒီ ကလာပ်စည်းတွေရဲ့ ဘာသာစကားကို အဓိပ္ပာယ် ပြန်ဆိုခြင်း၊ သူတို့အချင်းချင်း ဆက်သွယ်မှုတွေရဲ့ စက်ယန္တရားဆန်တဲ့ သဘောကို နားလည်အောင် လုပ်ခြင်းဖြင့် ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အိပ်မက်ကြီးကို လက်တွေ့အကောင်အထည်ပေါ်အောင် လုပ်ကြရမှာပဲ၊ အဲဒီ အိပ်မက်ကတော့ လူ့ရဲ့ သက်တမ်းကို သည့်ထက်သည် ရှည်ကြာအောင် လုပ်ရေး ဆိုတဲ့ အိပ်မက်ပါပဲ'

ဒေါက်တာ မိုက်ကယ် ပြောသည်။

လွန်ခဲ့သော ၁၂ နှစ်။

သူ့အိမ်သို့ မမျှော်လင့်သော ဧည့်သည်တစ်ယောက် ရောက်လာခဲ့စဉ် ထိုအိပ်မက်အား အကောင်အထည် ဖော်ရန် လမ်းစကို ဒေါက်တာ မိုက်ကယ် တွေ့လာခဲ့ခြင်း ဖြစ်သည်။

'အဲဒီ ဧည့်သည်ကတော့ ကြောင်ကြီးဗျ၊ နောက်ဖေးလမ်းကြားမှာ တွေ့ရတတ်တဲ့ ကြောင်ထီးကြီး တစ်ကောင်ရယ်၊ နာမည်က တက်ဘီ တဲ့၊ အဲဒီတုန်းက ကျွန်တော့်အဖေက နယူးဂျာစီပြည်နယ်က မြို့ကလေး တစ်မြို့မှာ ကာယ နည်းပြဆရာ လုပ်နေတယ်။

'တစ်နေ့တော့ အဖေက အဲဒီ ကြောင်ကြီးကို လမ်းမှာ တွေ့လို့ ကောက်လာပြီး မွေးထားတယ်၊ တက်ဘီက အိမ်မှာ သိပ် နေတဲ့ ကြောင် မဟုတ်ဘူး၊ လမ်းမှာ နေတဲ့ ကြောင်ကြီး၊ ကျွန်တော်တို့အိမ် ရောက်လာတော့ ကျွန်တော့်မှာ ပြဿနာ တက်တော့တာပဲ၊ တက်ဘီလည်း ရောက်လာရော ကျွန်တော် ငိုတယ်၊ နှာချေတယ်၊ နှာခေါင်းပိတ်တယ်၊ ဒါက သူရောက်လာမှ ဖြစ်တာ၊ သေချာတယ်၊ ကျွန်တော်နှင့် တက်ဘီ မတည့်ဘူးလေ။

'တက်ဘီကို ကျွန်တော် အယ်လားဂျစ် ဖြစ်တယ် ဆိုပါတော့၊ အမေကလည်း သိပ် စိုးရိမ်သွားတာပေါ့၊ ဒါနှင့် အမေက ကြောင်ကြီးကို လမ်းမမှာ ပြန် လွှတ်လိုက်ချင်တယ်၊ ဒါပေမယ့် ကျွန်တော်က မလွှတ်ဖို့ ပြောတယ်၊ ကျွန်တော့် ခေါင်းထဲမှာ အတွေး တစ်ခု ပေါ်လာတယ်။

'ဒီပစ္စည်းဟာ ကိုယ်နှင့် မတည့်ဘူး ဆိုရင် အဲဒီပစ္စည်းကို လွှင့်မပစ်ဘဲနှင့် ကာကွယ်လို့ မရတော့ဘူးလား၊ မကောင်းတဲ့ အကျိုး သက်ရောက်မှုတွေကို ရပ်အောင်လုပ်လို့ မရတော့ဘူးလား၊ တစ်နည်း ပြောရရင် တက်ဘီကို လမ်းမပေါ်ကို ပြန်မလွှတ်ဘဲ ကျွန်တော့်ရောဂါ ပျောက်အောင်လုပ်လို့ မရတော့ဘူးလား ဆိုတဲ့ အတွေး ပေါ်လာတယ်'

ဒေါက်တာ မိုက်ကယ်က ပြောသည်။

မိုက်ကယ်သည် နှာခေါင်းပိတ်သည့် ရောဂါကို သုံးလလောက် ခံစားလိုက်ရသည်။ အဆက်မပြတ် နှာချေသည်။ မျက်လုံးအိမ် တစ်ဝိုက်တွင် ရောင်အန်း ယားယံလာသည်။ နောက်ဆုံးတွင် ကိုယ်နှင့် မတည့်သော ပစ္စည်းကို ဆက်သုံးရင်း ခံနိုင်ရည် ရှိလာသည်ကို တွေ့လာရသည်။

'တခြား အယ်လားဂျစ် ဖြစ်တာတွေနှင့် မတူဘူးဗျ၊ တခြား အယ်လားဂျစ် ဖြစ်တာတွေမှာတော့ အယ်လားဂျစ် ဖြစ်တဲ့ ပစ္စည်းကို စွန့်ပစ်လိုက်မှ ရောဂါ သက်သာသွားတယ်၊ ကြောင်ကြောင့် အယ်လားဂျစ် ဖြစ်တာကတော့ တစ်မျိုး၊ တဖြည်းဖြည်းနှင့် ကျွန်တော့် ခန္ဓာကိုယ်ဟာ သူ့ဘာသာသူ ကိုယ်ခံစွမ်းအား ရှိသွားတယ်။

'တစ်နည်း ပြောရရင်တော့ ကျွန်တော့် ကိုယ်ခံစွမ်းအား စနစ်ဟာ သူ့ဘာသာ သူ အလိုလို ပြီးသွားပြီး ကာကွယ်ဆေး ထိုးလိုက်သလို ဖြစ်သွားတယ်၊ ကျွန်တော့်အိမ်က ကြောင်ကို သွားကိုင်ရင် ဘာမှ မဖြစ်တော့ဘဲ အလိုလို ပိုးသတ်ပြီးသလို ဖြစ်သွားတယ်'

ယင်းမှာ အနာဂတ်တွင် သုတေသန ပညာရှင် ဖြစ်လာမည့်သူ၏ ကိုယ်ခံစွမ်းအားဗေဒ ပညာနှင့် ပတ်သက်သော ပထမဆုံး အတွေ့အကြုံ ဖြစ်သည်။

'ဒီအတွေ့အကြုံဟာ ကျွန်တော့် ဘဝကို အဆုံးအဖြတ် ပေးလိုက်တာပဲဗျ၊ အိမ်မှာ လူတွေ အများကြီး ကြောင်နှင့် နေကြပါလျက်နှင့် ကျွန်တော့်ကျမှ ဘာဖြစ်လို့ ဒီလို ဖြစ်လာရတာလဲ၊ တခြားလူတွေကျတော့ ဘာဖြစ်လို့ ဘာမှ မဖြစ်တာလဲ'

မိုက်ကယ်သည် ထိုမေးခွန်းကို မေးရင်း မကျေမနပ် ဖြစ်နေသည်။

သို့ဖြင့် သူသည် ရှေ့ချက်စတာ တက္ကသိုလ် ဆေးကောလိပ်သို့ ရောက်ရှိလာခဲ့သည်။ အဖြေကိုကား ရှာမွေ့ မတွေ့သေးပါ။

သို့ရာတွင် မိုက်ကယ်သည် ဓာတ်ခွဲခန်းထဲက ဖန်အိုးတွေ၊ ဖန်ပြွန်တွေကို သဘောကျသည်။ နှာခေါင်းပြားပြား၊ မှဲ့ခြောက် ပြောက်တိပြောက်ကျား၊ အသားဖြူဖြူနှင့် နောက်ရွတ်ရွတ် နေတတ်သည့် စင်သီယာနှင့် ကျောင်းမှာ တွေ့ကြသည်။

စင်သီယာက ရုပ်ရှင်မင်းသမီး ကက်သရင်း ဟက်ဘန်းနှင့် တူသည်။ စင်သီယာက သွေးသွင်း ကုသရေးတွင် အထူး လေ့လာရန်အတွက် လောဟိတဗေဒ (သွေးနှင့် ပတ်သက်သော ပညာရပ်) တွင် ဘွဲ့ယူသင်တန်း တက်နေသည်။

သူတို့နှစ်ယောက်သည် ဆေးပညာတွင် ဝါသနာထုံကြသည်။ ထို့ကြောင့် ဆေးပညာသည် သူတို့နှစ်ယောက်အား မိုက်ခရိုစကုပ်ပေါ်တွင် မျက်နှာချင်းဆုံမိရန် ဖန်တီးပေးခဲ့သည်။ သို့ရာတွင် ဆေးပညာကို ဝါသနာ ပါလာပုံချင်းကတော့ မတူကြပါ။

စင်သီယာ စိတ်ဝင်စားသော အရာမှာ အဆုတ်မှလာသော အောက်စီဂျင်များကို အသားမျှင်များဆီသို့ ပို့ပေးသော သန်းပေါင်း ကုဋေပေါင်း များစွာသော အနီရောင် ကလာပ်စည်းကလေးများ ဖြစ်သည်။ တစ်နည်းပြောရလျှင် သန်းပေါင်းများစွာသော သွေးနီဥများ ဖြစ်သည်။

'၁၉၂၀ ပြည့်နှစ်မှာ ရောဂါဗေဒပါရဂူ ကားလ်စတိန်းနားဟာ သွေးအုပ်စု အမျိုးအစားတွေကို ရှာဖွေ တွေ့ရှိသွားခဲ့လို့ နိုဘယ်လ်ဆုကို ရသွားခဲ့တယ်၊ အဲဒီ ကတည်းက ကျွန်မတို့တစ်တွေဟာ ကိုယ်ခန္ဓာထဲက အနီရောင် ကလာပ်စည်းတွေနှင့် ပတ်သက်လို့ သိသင့် သိထိုက်တာတွေကို တော်တော် ပြည့်ပြည့်စုံစုံ သိလာခဲ့ကြရတယ်။

'ဒါကြောင့်မို့ ကျွန်မ အဲဒီအနီရောင် ကလာပ်စည်းတွေဟာ စိတ်ဝင်စားစရာ ကောင်းတယ်လို့ ထင်တယ်၊ ခုတော့ အနီရောင် ကလာပ်စည်းတွေနှင့် ပတ်သက်လို့ တော်တော်လေး သိလာရပါပြီ။

'အနီရောင် ကလာပ်စည်းတွေဟာ ကျွန်မကို လိမ်လို့ မရတော့ဘူး၊ တစ်ပတ်ရိုက်လို့ မရတော့ဘူး၊ တကယ်တော့ အနီရောင် ကလာပ်စည်းလေးတွေနှင့် အလုပ် လုပ်ရတာဟာ ပျော်စရာ ကောင်းတယ်ရှင့်၊ သိပ်လည်း ရှုပ်ရှုပ်ထွေးထွေး မရှိဘူး၊ သိပ်လည်း အ ပြောင်း အ လဲ မမြန်ဘူး'. ဟု စင်သီယာက ပြောပြသည်။

သို့ရာတွင် မိုက်ကယ်ကမူ အခြားသော သွေးအစိတ်အပိုင်းကို စိတ်ဝင်စားသည်။ ထိုအစိတ်အပိုင်းမှာ အဖြူရောင် ကလာပ်စည်းများ၊ သို့မဟုတ် ခန္ဓာကိုယ် စနစ်ကြီး၏ သက်တော်စောင့်များ ဖြစ်သော သွေးဖြူဥများ ဖြစ်သည်။

ထိုသက်တော်စောင့်တို့ ကောင်းကောင်း အလုပ် မလုပ်လျှင် သေလောက်သော ရောဂါများစွာတို့ ဝင်ရောက်လာနိုင်သည်။

မိုက်ကယ်က သူ့လို သွေးဖြူဥများကို အထူးပြုလေ့လာရန် စင်သီယာကို နားချသည်။

'ကျွန်တော်တို့ သုတေသန လုပ်ရမှာက အဲဒီ သွေးဖြူဥတွေ အကြောင်းကို အဓိက လုပ်သင့်တာ၊ လင်ဖိုဆိုက်တွေရဲ့ အကြောင်းကို ဦးစားပေး လေ့လာရမှာ၊ နိုဘယ်လ်ဆုတို့ ဘာတို့ ပေးရင်လည်း အဲဒီ ပညာရပ်မှာပဲ ပေးမှာ။

'ဒါပေမယ့် သူ့ သွေးနီဥတွေကို စွန့်ပြီး ကျွန်တော့် သွေးဖြူဥတွေ

နောက်ကို လိုက်လာဖို့ သူ့ကို နားချရတာဟာ မအောင်မြင်ပါဘူး၊ နောက်ဆုံးတော့ ကျွန်တော် လက်လျှော့ လိုက်ရတယ်လေ'

မိုက်ကယ်က ပြောသည်။

သို့ရာတွင် ..

သူတို့ ခာတ်ခွဲခန်း လက်ထောက် နှစ်ယောက်သည် တူညီမှု တစ်ခုကို တော့ သွားတွေ့ကြသည်။

စင်သီယာသည် မစ္စစ် မိုက်ကယ် ဂေါ်လီယက် ဖြစ်ပြီးသည့်နောက်တွင် ဆေးပညာဘွဲ့ကို ရရှိခဲ့ကာ သွေးဘဏ် တစ်ခုတွင် အလုပ်ရသည်။

ဤသို့ဖြင့် သွေးနီဥတို့၏ အရှင်သခင် ဖြစ်သော စင်သီယာသည် သွေးဖြူဥတို့၏ အရှင်သခင် ဖြစ်သော မိုက်ကယ်အား သူ့ လေ့လာမှုများကို ဆက်လက်လုပ်ရန်၊ ဆေးပညာဘွဲ့ရရန်၊ သုတေသနလုပ်ရန် နောက်ပိုင်းမှ ကူညီ အားပေးခဲ့သည်။

သို့ရာတွင် စင်သီယာ ထင်ထားခဲ့သကဲ့သို့ မဟုတ်။ မိုက်ကယ်သည် သူတစ်သက်လုံး တောင့်တလာခဲ့သည့် သုတေသနကို ဘေးချိတ်ကာ ဆေးကုလုပ်ငန်းခွင်သို့ ဝင်သွားခဲ့သည်။

'ဘာဖြစ်လို့မှန်း မသိဘူးဗျာ၊ ခာတ်ခွဲခန်းက သုတေသနကိုလည်း ကျွန်တော် အယ်လားဂျစ် ဖြစ်လာတယ်။

'ခာတ်ခွဲခန်းထဲမှာ မှန်းဆချက်တွေ လုပ်ရတာတွေ၊ ရက်စက်ရတာတွေ၊ ပန်းကန်ခွက်ယောက်တွေ၊ ဖန်ပြွန်တွေ၊ ကွန်ပျူတာတွေ၊ ခာတ်ခွဲခန်းထဲမှာ ရှိတဲ့ အဆောင်အယောင် တန်ဆာပလာတွေ အားလုံးဟာ ကျွန်တော့်စိတ်ထဲမှာ သိပ္ပံဝတ္ထု ရုပ်ရှင်တွေလို့ ထင်လာတယ်။

'ခာတ်ခွဲခန်းထဲမှာ နေရင်း အသိပညာ တိုးလာတယ်၊ ကျယ်ပြန့်လာတယ် ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမယ့် နာမကျန်းဖြစ်တဲ့ လူတွေရဲ့ အသံကို ကျွန်တော် နားထောင်ချင်တယ်၊ သူတို့ ဝေဒနာတွေကို သက်သာအောင် လုပ်ပေးချင်တယ်၊ သူတို့ကို ကုသ ပေးချင်တယ်၊ သူတို့ အသက်တွေကို ကယ်ဆယ်ချင်တယ်၊ တိုတိုပြောရရင် ကျွန်တော် ဆရာဝန် တစ်ယောက် ဖြစ်ချင်တယ်'

ထိုဆန္ဒကြောင့် မိုက်ကယ်သည် နှလုံး ခွဲစိတ်ကုသမှု ပညာရပ်ကို အထူးပြု လေ့လာခဲ့သည်။

'ဒီလို ဖြစ်သွားရတာကလည်း စိတ်ပဲဗျ၊ တစ်ခါမှာတော့ ကျွန်တော်

လူနာ တစ်ယောက်ကို တော်တော် သနားသွားတယ်ဗျ။ ကျွန်တော့် ခွဲစိတ်ခါး အောက်မှာ သူ့နှလုံးကို ကျွန်တော် ရုတ်တရက် မြင်လိုက်ရတယ်၊ ဆရာဝန်ကြီး က ခွဲစိတ် ပြင်ဆင်ပေးဖို့အတွက် သူ့နှလုံးကို စက်နှင့်သွားပြီး တပ်ထားရမှာ ကို၊ ဒီမှာ ခွဲစိတ်ကုသတဲ့ ပညာဟာ ပညာရပ်တွေထဲမှာ အဆင့် အမြင့်ဆုံး၊ ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာတွေထဲမှာ အပြည့်စုံဆုံးလို့ ကျွန်တော် ဆင်သွားတယ်။

'ခွဲစိတ်ပညာဟာ လောကမှာ မဖြစ်နိုင်ဘူးလို့ ထင်တဲ့ အရာတွေကို ဘဖြည်းဖြည်း နည်းပါးသွားအောင် လုပ်ပေးတဲ့ အရာ၊ လူ့အသိပညာ နယ် နိမိတ်ကို တဖြည်းဖြည်း ချဲ့နိုင်တဲ့ အရာလို့ ကျွန်တော် ယူဆလိုက်တယ်။

'ခွဲစိတ်ပညာလောက် လူတွေ အသက်ကို ကယ်ဆယ်နိုင်တဲ့ ဆေး ပညာရပ်ရယ်လို့များ ရှိသေးလို့လား၊ ဘယ်မှာ ရှိတော့လို့လဲ'

သို့ရာတွင် နှလုံး ခွဲစိတ်ဆရာဝန် လုပ်မည့် မိုက်ကယ်၏ ဘ၀ လမ်းကြောင်းသည် ပြောင်းသွားပြန်သည်။

နောက် နှစ်နှစ် အကြာတွင် စတန်းဖို့ တက္ကသိုလ်မှ ဆေးသုတေသန ပညာသင်ဆုကို မိုက်ကယ် ရသည်။

ဟောဂျကင်း ရောဂါကဲ့သို့ သွေးကင်ဆာဆန်သော သွေးဖောက်ပြန်မှု နှင့် ပတ်သက်သည့် ရောဂါများတွင် ကမ္ဘာ့ပါရဂူတစ်ဦး ဖြစ်သည့် ပါမောက္ခ ဟင်နရီ ကက်ပလန် လက်အောက်တွင် အလုပ်လုပ်ရမည် ဖြစ်သည်။ ဤတွင် မိုက်ကယ်သည် သူ့ အချစ်ဦးနှင့် ပြန်တွေ့ကာ သွေးဖြူဥများနှင့် ပြန်၍ ဆက်မိပြန်သည်။ ထိုဌာနတွင် အလုပ်လုပ်ရင်း မိုက်ကယ်သည် သူ၏ ပထမ ဆုံးသော သုတေသန စမ်းသပ်မှု အမှားကို တွေ့လိုက်ရသည်။

အိုင်အိုးဝါးပြည်နယ်မှ သွေးကင်ဆာ ဖြစ်နေသည့် လူနာ အမျိုးသမီး ငယ် တစ်ယောက်အား ရိုးတွင်းခြင်ဆီ အစားထိုး ကုသရာတွင် သူသည် ကြွက်များတွင် စမ်းသပ် အောင်မြင်ခဲ့သည့် နည်းကို သုံး၍ အစားထိုး ကုသ ခဲ့သည်။ မိနစ်မပျိုမှာ သေဆုံးသွားခဲ့သည်။

'ကျွန်တော် တော်တော် တုန်လှုပ် ချောက်ချား သွားတယ်ဗျာ၊ ဒါပေ မယ့် ဘယ်လိုပဲ ဖြစ်ဖြစ်လေ ကျွန်တော့်ကို ပြင်းပြင်းထန်ထန် သတိ ပေး လိုက်သလိုတော့ ဖြစ်သွားတာပေါ့၊ ကုထုံး တစ်ခုကို ခိုင်ခိုင်မာမာ မစမ်းသပ် ရသေးရင် အဲဒီ ကုထုံးကို ဘယ်တော့မှ စိတ်ချလက်ချ မသုံးနှင့်လို့ သတိပေး လိုက်သလို ဖြစ်သွားတာပေါ့။

'ကျွန်တော့်မှာ ဆုံးရှုံးမှုတွေ ရှိသည့်တိုင်၊ စိတ်မကောင်းစရာတွေကို တွေ့လိုက်ရသည့်တိုင် ကင်ဆာရောဂါတို့၊ သွေးကင်ဆာရောဂါတို့၊ အမျိုးအမည် ဖော်ပြလို့ မရသေးတဲ့ ကလာပ်စည်း ဖောက်လွဲဖောက်ပြန် ဖြစ်တဲ့ရောဂါတို့ စတဲ့ ကမ္ဘာမှာ အရေးကြီးတဲ့ လမ်းဆုံကို ရောက်နေချိန်မှာ မနုဿဗီဝဗေဒ ပညာရပ်မှာ ရှေ့တန်းက အလုပ်လုပ်နေရတဲ့ အတွက်တော့ ကျွန်တော် ဂုဏ်ယူတယ်၊ ကျေနပ်တယ်။

'တကယ့် ထိပ်တန်း ဆရာကြီးတွေ အနားမှာ လုပ်နေရပါကလားလို့ တွေးမိတော့ ကျွန်တော် စိတ်ဓာတ် ကျတာတွေ ပျောက်သွားတယ်၊ ပုံဆွဲသင်ပုန်းဆီ ပြန်သွားပြီး အစက ပြန်စ ရဦးမယ်လေ၊ ကျွန်တော့်မှာ လေ့လာစရာတွေ အများကြီး ကျန်သေးတယ်'

မိုက်ကယ်က ဝန်ခံသည်။

ဟုတ်သည်။

ဆက်လက်၍ လေ့လာရဦးမည်။

၁၉၈၀ ပြည့်နှစ် ဇွန်လထဲတွင် မိုက်ကယ်သည် လော့စ်အိန်ဂျလိစ်မြို့ရှိ ကယ်လီဖိုးနီးယား တက္ကသိုလ်တွင် သုတေသနနှင့် ဆေးကုသမှု တာဝန်ခံအဖြစ် အလုပ်လျှောက်လိုက်သည်။ ထို တက္ကသိုလ်တွင် နာမည်ကျော် ရိုးတွင်းခြင်ဆီ အစားထိုးကုသရေး ပါရဂူ တစ်ဦး ရှိသည်။

လူငယ်ပါရဂူ တစ်ဦး ဖြစ်သည့် ဒေါက်တာ ရောဘတ် ဂိုင်းလ်သည် နောင်တွင် ဆိုဗီယက်ယူနီယံသို့ သွားရောက်ကာ ချာနိုဘယ် ဓာတ်ပေါင်းဖိုပေါက်ကွဲသဖြင့် ဓာတ်ရောင်ခြည် မိသူများကို ကုသ ကယ်တင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် ဆောင်းဦးပေါက်တွင် ကယ်လီဖိုးနီးယား တက္ကသိုလ်သုတေသန ပညာရှင်များ၏ လုပ်ငန်းကို ကမ္ဘာက စိတ်ဝင်စားနေကြသည်။

၁၉၈၀–၈၁ ခုနှစ် တစ်နှစ်တည်းမှာပင် ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ဆိပ္ပံပညာရှင် ၆၀၀ ခန့်တို့သည် သုတေသန လုပ်ငန်းများကို လုပ်ရန် ထောက်ပံ့ငွေ သန်း ၁၃၀ လောက် ရရှိကြသည်။

ဦးနှောက်၊ မျက်စိနှင့် နှလုံးရောဂါ ကုသရေးနှင့် သွေးယံနာရောဂါများ အတွက် သုံးရန် ဖြစ်သည်။ ကင်ဆာရောဂါနှင့် ကိုယ်ခံ အားနည်းခြင်းနှင့် ဆိုင်သည့် ရောဂါများ၊ ရောဂါ အမျိုးအမည် ခွဲခြားမှုဆိုင်ရာ နည်းလမ်းများ

အတွက် သုတေသန ပြုရန်လည်း ပါသည်။ ထို့ပြင်မှုမက ကွန်ပျူတာ နည်းပညာ အကူအညီဖြင့် ဓာတုဗေဒ ပညာရပ်နှင့် နျူကလီးယား ဆေးပညာရပ်တို့ဖြင့် နောက်ဆုံးပေါ် ကုထုံးသစ်များကို ရှာဖွေ သုတေသနလုပ်ရန် အစီအစဉ်လည်း ပါသည်။

ထို့နှစ် ဆောင်းဦးမှာပင် ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သုတေသန ပညာရှင်များသည် ဗီဇမျိုးရိုး ကုထုံးပညာရပ် (Genetic Therapy) တွင် လူများဖြင့် ပထမဆုံး စမ်းသပ်ကြည့်ခဲ့သည်။ ထိုကုထုံးအရ သေလောက်သော အနီးမီးယား သွေးအားနည်းရောဂါ ရနေသူ လူနာများအား လူ့ ဗီဇမျိုးစေ့များကို ကိုယ်ထဲသို့ ထိုးသွင်းပေးသည့်နည်း ဖြစ်သည်။

ထို့နှစ် ဆောင်းဦးမှာပင် ပါမောက္ခ ရောဘတ်ဂိုင်းလ်၏ သင်တန်းကမ်မိတို့၏ ရိုးတွင်းချဉ်ဆီ အစားထိုးကုသသည့် နည်းသည် သွေးကင်ဆာရောဂါများတွင် ရာနှုန်း ၆၀ ခန့်ကို အသက်ရှင်အောင် ကုသနိုင်ပြီ ဖြစ်ကြောင်း ကြေညာလိုက်သည်။

ယခင်ကမူ လူကြီး သွေးကင်ဆာ ရောဂါတွင် အသက်ရှင်သူ ဟူ၍ မရှိသလောက်ပင်။

ဘစ်မနက်တွင် . . . .

မိုက်ကယ်သည် သူ့တွင် ပါလာသည့် အလူးကို ပါးပါးလှီးကာ လှောင်အိမ်ထဲတွင် ပြေးလွှားနေသည့် သူ့ကြွက်ကလေးများကို အစာကျွေးသည်။

ထို့နောက် ပါမောက္ခ ဂိုင်းလ် ခိုင်းသည့်အတိုင်း ကြွက်ကလေးများကို နောက်တစ်ဆင့် တိုး၍ စမ်းသပ်မှု လုပ်ရန် ပြင်ဆင်သည်။

ပြုလုပ်မည့် စမ်းသပ်မှုမှာ ပထမ ကြွက်ကလေးများအား သူတို့ သရက်ရွက်များကို ထုတ်ပစ်လိုက်မည်။ ထို့နောက် သူတို့ကို ဓာတ်ရောင်ခြည် ပြင်းပြင်း ပေးမည်။

မိုက်ကယ်သည် သူ ချစ်သည့် ကြွက်ကလေးများအား စတေးရသည့် အတွက်တော့ စိတ်မကောင်း။

'သူတို့ စတေး ခံသွားတဲ့ အတွက် တစ်နေ့တော့ လူ့လောကကြီးကို ကောင်းကျိုးပြုရာတော့ ရောက်တာပေါ့လေ၊ ဒီလို ဖြေလို့သာ ဒီလို လုပ်နိုင်ဘာပေါ့၊ ဒီလိုမှ မဖြေသိမ့်ရင် ဘယ့်နှယ်လုပ်ပြီး ရက်စက်နိုင်ပါ့မလဲ' ဟု

မိုက်ကယ်က ပြောသည်။

ထိုစဉ် တံခါးခေါက်သံ ပေါ်လာသည်။ သူ့ ကြွက်ကလေးများအား စတေး ရတော့မည့် ကိစ္စကိုလည်း ဆိုင်းထားလိုက်ရသည်။ သူ့ လုပ်ဖော်ကိုင်ဖက် ဟောင်းဝါ့ပ် ရှန်ကာ၏ ပြုံးနေသော မျက်နှာကို မြင်ရသည်။

ရှန်ကာမှာ အသက် ၂၆ နှစ် ရှိပြီး အရှေ့ဘက် ကမ်းခြေမှ လာနေသော ဆေးကျောင်းသား တစ်ယောက် ဖြစ်သည်။ သူလည်း ကယ်လီဖိုးနီးယား တက္ကသိုလ်မှာ ပညာသင်ဆု ရသဖြင့် အယ်လာဂျီ ရောဂါများ ကုထုံးနှင့် ပတ်သက်သည့် သင်တန်းများကို တက်နေသူ ဖြစ်သည်။ သူသည် မိုက်ကယ်၏ ကြီးကြပ်မှုအောက်တွင် တက္ကသိုလ်ဆေးရုံမှ ကိုယ်ခံအားနည်းခြင်းနှင့် ပတ်သက်၍ ဖြစ်သော ရောဂါများကို လက်တွေ့ သင်ယူနေခြင်း ဖြစ်သည်။

ကြီးမားလှသည့် ခြောက်ထပ် တက္ကသိုလ်ဆေးရုံ အဆောက်အအုံကြီးထဲတွင် ရောဂါထူး ရောဂါဆန်းများကို စိတ်အားထက်သန်စွာ လေ့လာရာတွင် သူ့ကို မည်သူမျှ မီမည် မထင်။

'ဆရာ မိုက်ကယ်၊ ပဉ္စမထပ်မှာ တော်တော် စိတ်ဝင်စားစရာ ကောင်းတဲ့ ကေ့စ် တစ်ခု တွေ့ခဲ့ဟယ်ဗျ၊ အဲဒီ အထပ်မှာ ရှိတဲ့ ဆရာဝန်တွေလည်း ဘာမှ မလုပ်တတ် မကိုင်တတ် ဖြစ်နေကြတယ်။

'သူ့တို့ဆီကို အသက် ၃၀ လောက်ရှိတဲ့ လူနာတစ်ယောက် ရောက်လာသတဲ့၊ သူ့ အစာအိမ် ပြွန်လမ်းကြောင်းထဲကို ကြည့်လိုက်တော့ ပြွန်တစ်ခုလုံးမှာ မှိုတက်ပြီး ရောဂါပိုး ဝင်နေတာကို တွေ့ရတယ်၊ သူ့ ကိုယ်ထဲမှာလည်း သွေးဖြူဥ ကလာပ်စည်း ဆိုလို့ တစ်ခုမှ မရှိတော့ဘူး၊ ကြည့်ရတာကတော့ ကိုယ်ခံစွမ်းအား စနစ်ကြီး တစ်ခုလုံး ပျက်သွားပြီ ထင်တာပဲ၊ ဆရာကတော့ စိတ်ဝင်စားမှာပဲ၊ သွားကြည့်ပါလား၊ အခန်း နံပါတ် ၅၁၆ မှာ'

ဆရာ မိုက်ကယ်သည် ဓာတ်ခွဲခန်းဝတ်ရုံ အင်္ကျီဖြူကို ချွတ်လိုက်သည်။

အချိန်က မနက် ၉ နာရီ၊ တနင်္လာနေ့၊ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလ ၆ ရက်။

သို့ဖြင့် ခေတ်သစ်၏ အကြီးကျယ်ဆုံးသော ဆေးပညာ ဆိုင်ရာ စွန့်စားမှုကြီး (အေအိုင်ဒီအက်စ် ခေါ် ကိုယ်ခံအား ကျဆင်း ရောဂါ ရာပုံတော်) သည် အစပြုလေပြီ။

[ ၃ ]

**ပြောက်ကျား တပ်သားတစ်ဦး၏ နာကျင်သော အသွင်ကူးပြောင်းမှု။**

**လာထရွှန်း၊ အနှစ်ရေး။**

**၁၉၈၀ ပြည့်နှစ် ဆောင်းဦး။**

ညတိုင်း ကဲ့သို့ပင် ထိုနေ့ညတွင်လည်း သုံးနာရီ ထိုးသည်နှင့် လာထရွှန်းရှိ ဝေဒနာ ခုနစ်ပါး ဘုန်းတော်ကြီးကျောင်းတိုက်မှ ဝတ်တက် ခေါင်းလောင်း ဆိုးသံသည် ပေါ်ထွက်လာသည်။

လာထရွှန်းသည် တယ်လ်အဗိမှ ဂျေရုဆလင်သို့ သွားသည့် လမ်းမကြီး ပေါ်တွင် ရှိသည့် မြို့ကလေး တစ်မြို့ ဖြစ်သည်။

၁၈၉၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တုန်းက ပြင်သစ် ဘုန်းတော်ကြီး ၁၇ ပါးတို့သည် သမ္မာကျမ်းစာထဲတွင် ပါလေ့ရှိသည့် ဖယ်လ် တောင်ကြားသို့ ရောက်လာခဲ့ကြကာ ဘုန်းကြီးကျောင်းတိုက် တစ်တိုက်ကို ဘည်ထောင်ခဲ့ကြသည်။ ထိုအချိန်မှ စ၍ ထိုဒေသ တစ်ဝိုက်ရှိ လူများသည် မနက် လင်းအားကြီး အချိန်တိုင်း ခေါင်းလောင်းသံများကြောင့် အိပ်ရာမှ နိုးလာခဲ့ကြရသည်။

ခေါင်းလောင်း ထိုးသည်နှင့် ကျောင်းတိုက်ရှိ ဘုန်းတော်ကြီးတို့သည် အိပ်ဆောင်များမှ ထွက်လာကာ ပြောင်နေအောင် ရိတ်ထားသည့် ဦးပြည်းများ ပေါ်တွင် အနက်ရောင် ပေါင်းထုပ်ကို ဆောင်းလျက် ဓမ္မ သီချင်းများကို ဆိုကာ ရှေးအစဉ်အဆက်က ဆရာတော်ကြီးများ ဆောက်ခဲ့သည့် ဘုရားရှိခိုး ကျောင်းထဲသို့ ရောက်လာခဲ့ကြသည်။

'ကြီးမြတ်တော်မူသော အသျှင်၊ တပည့်တော်တို့သည် ကိုယ်တော်၏ ဂုဏ်တော်တို့ကို ချီးကျူးရန် ရောက်လာခြင်း ဖြစ်ကြပါကုန်၏'

ထို ဘုရားရှိခိုးသံသည် တိတ်ဆိတ်သော ညတွင် ပဲ့တင်ထပ်နေသည်။

ကမ္ဘာအဝန်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများမှ ဆိုဘုရားရှိခိုးသံသည် ညတိုင်း ကောင်းကင်သို့ ပျံတက်နေကြသည်။ လောကီ လူ့ဘောင်ကို စွန့်ကာ သာသနာ့ဘောင်သို့ ဝင်ရောက် လာခဲ့ကြသော ဥပါ

သကာ ဥပါသိကာတို့ ရှိရာ အရပ်တိုင်း၌ ထိုအသံသည် ပဲ့တင်ထပ်နေသည်။

သာသနာရေးဆိုင်ရာ အသိုက်အဝန်းများထဲတွင် လာ့ထရှန်းက ဝေဒနာ ခုနစ်ပါး ကျောင်းတိုက်လောက် အန္တရာယ်တွေ ပတ်လည် ဝိုင်း နေ သည့် ကျောင်းတိုက်မျိုး ရှိမည်မထင်။

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော် အတွင်းတွင် ထိုကျောင်းတိုက် အနီးရှိ ငြိမ်သက် တိတ်ဆိတ်နေသည့် ပြောင်းခင်းများ၊ စပျစ်ခြံများသည် အစ္စရေးနှင့် အာရပ်တို့ ဖြစ်ကြသည့် စစ်ပွဲ သုံးပွဲတွင် ထောင်ပေါင်း များစွာ သော အစ္စရေးနှင့် အာရပ် တပ်သားတို့ ကျဆုံး ခဲ့ကြသည်ကို မြင်ခဲ့ဖူးပြီ။ ထိုနေရာ တစ်ဝိုက်က သွေးထွက် သံယိုမှုသည် ယခုမှမဟုတ်။ သမ္မာကျမ်းစာ လာ ရှေးဟောင်း ခေတ်တွေ ကတည်းက တည်ရှိခဲ့သော သွေးထွက်သံယိုမှု ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း သုံးထောင်လောက်က ဂျိုရှုဝါသည် အာနန် လူမျိုးတို့ကို အောင်နိုင်ရန် အတွက် နေမင်းကြီး လှည့်ပတ် သွားလာရာမှ ရပ်နိုင်းခဲ့သည်မှာလည်း သည်နေရာပင် ဖြစ်သည်။ ပါလက်စတိုင်းတို့၏ ကောက်နှံစပါးတို့ကို ဆမ်ဆမ် မီးတင် ရှို့ခဲ့သည်မှာလည်း သည်နေရာပင် ဖြစ်သည်။ ဟဲရော့၏ စစ်သားများက ရန်သူအပေါင်းကို အောင်မြင်စွာ နှိမ်နင်း လိုက်သည်မှာလည်း သည်နေရာပင် ဖြစ်သည်။ ခြသေ့်စိတ် အာဇာနည် ဟု ဘွဲ့ရသည့် ရစ်ချတ်ဘုရင်၏ ကရူးဆိတ် တပ်သားများက ဆာလာဒင်၏ ကြေးစား တပ်သားများကို အောင်နိုင်ခဲ့ရာ၊ စူလ်တန်၏ တူရကီ စစ်တပ်များ၊ ဗြိတိသျှ ဗိုလ်ချုပ် အယ်လင်ဘီ၏ ကွပ်ကဲမှုအောက်ရှိ ဂေါ်ရခါးနှင့် ဧကော့ တပ်သားများ ဂျေရုဆလင်မြို့ကို သိမ်းပိုက်ရန် ကြိုးစားရင်း ပျက်စီး ကျဆုံး ခဲ့ကြသည်မှာလည်း ဘုန်းတော်ကြီးကျောင်း မဟာရံတံတိုင်း အပြင်ဘက်ရှိ သည်တောင်ကြား လွင်ပြင်များမှာပင် ဖြစ်သည်။

သည်နေရာ တစ်ဝိုက်တွင် ဘာသာရေး အစုအဖွဲ့ကလေးများ ပေါ် ပေါက်လာပုံသည် ထိုပြင်းထန်၍ မုန်တိုင်းဆန်သော အတိတ်ကို ရောင်ပြန် ဟပ်နေသကဲ့သို့ ရှိသည်။

လွှန်ခဲ့သည့် ရာစု နှစ်ဝက်လောက်တုန်းက ဘာဂန်ဒီနယ်မှ ရောက် လာသော ပြင်သစ်လူမျိုး သာသနာပိုင် ဆရာတော်ကြီး တစ်ပါး အပြင် အီတလီ ဘုန်းတော်ကြီး တစ်ပါး၊ ဂရိနွယ်ဖွား အီရတ် ဘုန်းတော်ကြီး တစ် ပါး၊ မော်လတာကျွန်းသား ဘုန်းတော်ကြီး တစ်ပါး၊ ခရစ်ယာန် သာသနာသို့

ကူးပြောင်းလာသည့် အီဂျစ် ဘုန်းတော်ကြီး တစ်ပါး၊ ဂျေရုဆလင်မှ ထင်ရှားသော ပါလက်စတိုင်းသား ကုန်သည်ကြီး တစ်ဦး၏ သားဖြစ်သူ ဘုန်းတော်ကြီး တစ်ပါးတို့ အပြင် လီဘာနွန် လူမျိုး ဘုန်းတော်ကြီးများလည်း သည်ကျောင်းတွင် သီတင်း သုံးနေကြသည်။

နောက်ဆုံး ရောက်လာသည့် ဘုန်းတော်ကြီးမှာ သက်တော် ၂၅ နှစ်မျှသာ ရှိပြီး အရပ်မြင့်မြင့် နုနုနယ်နယ်နှင့် သင်တုန်းဓားလို ပါးလွှာနေသည့် ဘုန်းတော်ကြီး ဖိလစ် မာလု ဖြစ်သည်။

ဘုန်းတော်ကြီး ဖိလစ် မာလုသည် ဘေရွတ်ရှိ ဖို့ဒ် မော်တော်ကားကုမ္ပဏီ ကိုယ်စားလှယ် လူချမ်းသာ တစ်ဦး၏သား ဖြစ်သည်။

မာလုသည် လူပျိုပေါက် အရွယ်တွင် ရွှေဖိနပ်ကို စီးကာ၊ ရွှေထီးကို ဆောင်းခဲ့ရသည့် စည်းစိမ်မျိုးကို ခံစားခဲ့ရသည်။ ဘေရွတ်ရှိ အမေရိကန်တက္ကသိုလ်မှ ဘောဂဗေဒဘွဲ့ကို လွယ်လွယ်ဖြင့် ရခဲ့ပြီးနောက် သူ့လို အထက်တန်းလွှာ ကုန်သည်လောကထဲမှ မိန်းကလေး တစ်ယောက်နှင့် စေ့စပ်ခဲ့သည်။

၁၉၇၅ ခုနှစ် အထိ သူတို့၏ ကံကြမ္မာ လမ်းကြောင်းသည် အထစ်အငေါ့ မရှိ ချောမော ဖြောင့်ဖြူးခဲ့သည်။ ငြိမ်းချမ်း၍ ဘေးဒုက္ခ အပေါင်းတို့မှ ကင်းဝေးသည့် တိုင်းပြည်တွင် နေခဲ့ရသည့် လေလွင့် ရမ်းကားနေခဲ့သော သူ့ဘဝ လမ်းကြောင်းသည် ဖြောင့်ဖြူးနေခဲ့သည်။

တစ်နေ့တွင်မူ သူသည် သောက်စား ရမ်းကား ပျက်စီးနေသော လူပေလူတေ ဘဝမှ ဆာဟာရ သဲကန္တာရ ထဲတွင် အရည်ဝါသီ တောမှီသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သွားသည့် ပြင်သစ် အထက်တန်းလွှာမှ ချားလ်ဒီဖိုးကော၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို အမှတ်မထင် ကောက်ဖတ်မိသည်။

ဤတွင် မာလု၏ စိတ်ထဲတွင် ကိန်းဝပ်နေသော ဘာသာတရား ကိုင်းရှိုင်းသည့် စိတ်ဓာတ်သည် နိုးကြားလာခဲ့သည်။

၁၉၇၈ ခုနှစ်တွင်မူ မာလုသည် ဘေရွတ် တောင်ကုန်းပေါ်ရှိ ကြီးကျယ်ခမ်းနားသော သူ့မိသားစုအိမ်ကို စွန့်ကာ လီဘာနွန် မယ်တော်ကျောင်းအနီးရှိ ဆင်းရဲ မွဲတေလှသော ကျမ်းစာသင်ကျောင်းသို့ ထွက်လာခဲ့သည်။ သို့ရာတွင် လက်ဘနွန် ပြည်တွင်းစစ် ဖြစ်ပွားလာသဖြင့် ထိုကျမ်းစာသင်ကျောင်းမှာလည်း ပျက်သွားကာ တခြားသို့ ပြောင်းရွှေ့သွားခဲ့သည်။

ထိုကျောင်းမှ ကျောင်းသားများသည်လည်း အခြားသော လူငယ်များကဲ့သို့ လက်ဘနွန် ခရစ်ယာန် စစ်သည်များ အဖြစ် ပြောင်းသွားခဲ့ကြသည်။

စခန်း တစ်ခုတွင် အချိန်တိုသင်တန်း ပေးပြီးနောက် မာလုနှင့် သူ့ရဲဘော်များသည် ချိုးအု တောင်ထိပ်တွင် ဒရွတ်ဖိ လူမျိုးတို့၏ အပိုင်း ခံနေရသော ခရစ်ယာန် ရွာများကို ထွက်လာခဲ့ကြသည်။ သို့ရာတွင် ခရစ်ယာန် ကျမ်းစာသင် ကျောင်းသားများ ဖြစ်သည့် မာလုတို့ လူသိုက်သည် စစ်ရေး စစ်ရာကို ကျွမ်းကျင်သူများ မဟုတ်ကြ။ ခရစ်ယာန်ရွာများ မီးတိုက်ခံကြရသည်။ ရွာသားများ အစုလိုက် အသတ် ခံကြရသည်။ ကျန်ရစ်သူတို့က တောင်ရိုးများပေါ်သို့ ထွက်ပြေးကြရသည်။

ထိုချောက်ချားဖွယ် အိပ်မက်သည် သီတင်းပတ် များစွာ ကြာသည်။ ခရစ်ယာန် ရွာများသည် ခါးသီးသော သင်ခန်းစာကို ရလိုက်ကြသည်။ သူတို့ ခေါင်းဆောင်များသည် မကြံ့စဖူး ကမ်းလှမ်းလာသော အစ္စရေး တပ်မတော်၏ ကမ်းလှမ်းချက်ကို ချက်ချင်း လက်ခံလိုက်ကြသည်။

လအနည်းငယ် အကြာ လရောင်ကင်းမဲ့သည့် ည တစ်ညတွင် ဖီလစ်မာလုသည် လက်ဘနွန် သန်းကြွယ်သေဋ္ဌေး တစ်ယောက်၏ မီးတွေ မှိတ်ထားသော ရွက်သင်္ဘောဖြင့် ဘေရွတ် ဆိပ်ကမ်းမှ ပင်လယ်ပြင်သို့ ထွက်လာခဲ့သည်။ ပင်လယ်ပြင်တွင် သူနှင့် သူ့ရဲဘော်များကို ခေါ်သွားရန် အသင့်စောင့်နေသည့် အစ္စရေး စစ်သင်္ဘော တစ်စင်းပေါ်သို့ ရောက်လာခဲ့ကြသည်။ သုံးနာရီအကြာတွင်မူကား ရဝတီ သင်္ဘောသားများသည် သူတို့၏ အာရပ် ဧည့်သည်များကို ဟေဖာ ဆိပ်ကမ်းတွင် ချပေးကြသည်။ ထိုနေရာမှ အသင့် စောင့်နေသော ဘတ်စ်ကားများဖြင့် အစ္စရေး တပ်မတော် လေ့ကျင့်ရေး စခန်း တစ်ခုသို့ ခေါ်သွားကြသည်။ ယုဒ တောင်ခြေရင်းရှိ ထင်းရှူး တောနက်ကြီး တစ်ခုထဲတွင် လူ ၅၀ လောက်ကို သင်တန်းပေးနိုင်သည့် အစ္စရေး တပ်မတော်၏ မာဆာ လေ့ကျင့်ရေး စခန်း ရှိသည်။ စစ် လေ့ကျင့်ခန်းများကို ပို့ချနိုင်ရန် ပစ္စည်း အပြည့်အစုံ တပ်ဆင်ထားသည်။

အထူးသဖြင့် အကြမ်းဖက်သမားများကို တိုက်ဖျက်သည့် စစ်ဆင်ရေးများကို အဓိကထား၍ သင်တန်းပေးသည်။ သူတို့သင်တန်းကို အာရပ်စကားပြောသော အစ္စရေး ပြောက်ကျားစစ်ပွဲ ပါရဂူများက ပို့ချပေးသည်။ သင်တန်းထဲတွင် စိတ်ဓာတ်ရေးရာ စစ်ဆင်နည်းလည်း ပါသည်။ အာရပ် သင်တန်းသားများအား အစ္စရေး အစိုးရအပေါ်တွင် ယုံကြည်မှု ရှိလာစေရန် အတွက် အစ္စရေး သိမ်း ပိုက် သော နယ်မြေများတွင် အာရပ် အမျိုးသားများအား မည်သို့ မည်ပုံ စာနာမှု ထားရှိပုံတို့ကိုလည်း ရုပ်ရှင်ကားများဖြင့် ပြသသည်။

ထို့နောက်တွင် ဟီးဗရူး တက္ကသိုလ်မှ ထင်ရှားသည့် ပါမောက္ခများ လာရောက်ကာ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဟောပြောချက်တို့ကိုလည်း ပို့ချပေးကြသည်။ သို့ရာတွင် လက်ဘန္ဓန် လူငယ်များကို စခန်း အပြင်ဘက်သို့ ထွက်ခွင့် မပေးပေ။ တနင်္ဂနွေ နေ့များတွင်သာ အနီးတွင် ရှိသည့် ခရစ်ယာန် ဘုန်းတော်ကြီးကျောင်းသို့ ဝတ်တက်ခွင့်ပြုသည်။

လာထရွန်းရှိ ဝေဒနာခုနစ်ပါး ဘုန်းတော်ကြီးကျောင်းသို့ သူ ပထမဆုံး ရောက်လာပုံကို ဖိလစ် မာလု အမှတ်ရနေသေးသည်။

'ကျွန်တော်တို့ သင်တန်းဆင်းတဲ့ နေရာနှင့် ငါးကီလိုမီတာလောက်ပဲ ဝေးတယ်ဗျ၊ ကျွန်တော်တို့ သင်တန်းက လူတွေကို သတ်ဖို့ ဖြတ်ဖို့ သင်တန်း၊ အဲဒီသင်တန်းက နေပြီး ဘုရားရိပ် တရားရိပ် ကျောင်းရိပ် ကန်ရိပ်ထဲ ရောက်သွားတော့ သိပ် အေးချမ်းသွားတယ်ဗျာ။

'ကောင်းမှု ဆိုတာ သွားချင်ရင် အနီးကလေးပါလား ဆိုတာကိုလည်း သဘောပေါက်သွားတယ်၊ ကျောင်းပရဝုဏ်ထဲလည်း ဝင်လိုက်ရော ကျွန်တော့် စိတ်ဟာ ဘယ်လိုကြည်နူးပြီး အေးချမ်းသွားမှန်း မသိဘူး၊ ဘုန်းတော်ကြီးတွေရဲ့ ဘုရားစာ ရွတ်ဖတ်သံဟာ ဘုရားရှိခိုးကျောင်း ခေါင်မိုးကြီးတွေဆီကို ပျံတက်လာပြီး ဘယ်တော့မှ မဆုံးနိုင်တဲ့ ပူဇော်သက္ကာရကို ပြုနေတယ်လို့ ထင်မိတယ်။

'ကျွန်တော်ဟာ တရားသံတွေကို နားထောင်ပြီး အိပ်မွေ့ချ ခံရသူလို ဖြစ်နေတယ်၊ ခရစ်တော်ဟာ ကျွန်တော့်ကို ခေါ်နေသလို ထင်မိတယ်၊ ဟုတ်တယ်၊ ဒီနေရာဟာ သခင်ယေရှု မွေးခဲ့တဲ့ နေရာ၊ သူ တရားဟောခဲ့တဲ့ နေရာ၊ သူ သက်တမ်းကုန်ရာ နေရာ၊ ခရစ်တော် ပြန်လည် ရှင်ပြန် ထမြောက်ရာ နေရာ၊ ဟုတ်တယ်၊ ဒီနေရာဟာ ကျွန်တော့်ဆန္ဒ အာသီသတွေကို ဖြည့်ပေးမယ့် နေရာ'

အစ္စရေးတွင် တပ်မှထွက်ပြီး သာသနာ့ဘောင်သို့ ဝင်နိုင်ရန် အတွက် မာလုသည် လပေါင်းများစွာ ကြာအောင် စောင့်ရသည်။ ရှာသူတို့၏ စရိုက်တွေ အရိုးစွဲနေပြီး ဦးပြည်းကို ပြောင်အောင်ရိတ်ထားသည့် ကိုရင်လေး မာလုသည် ဘစ်နှစ်လောက် ကြာသည့်အခါတွင် ခြောက်ရာစုနှစ်က သျှင်ဘာနာဒစ် ပြဋ္ဌာန်းခဲ့သော ဝိနည်းများနှင့် အညီ ဆင်းရဲ ငြိုးငြင်ရသော ဗြဟ္မစရိယ သိက္ခာ အကျင့်တွင် နေသားကျလာခဲ့သည်။

ပြောက်ကျား တပ်သား တစ်ဦး၏ ဘဝမှ သာသနာတော်၏ ဝန်ထမ်း တစ်ဦး ဘဝသို့ ကူးပြောင်းရသည့် ကိစ္စသည် ထိုတစ်နှစ်တာ အဖို့ နာကျင် ခက်ခဲသည့် ဖြစ်စဉ် တစ်ခုကို ဖြတ်သန်းရခြင်းနှင့် တူသည်။

'ကျုပ်အဖို့ အခက်ဆုံးကတော့ ဘုန်းတော်ကြီးတွေ စုပြီး ဘုရားရှိခိုး ရတဲ့ ကိစ္စပဲဗျ၊ ကျုပ် ယူဆတာက ဘုရားရှိခိုးတယ် ဆိုတာ တစ်ဦးတည်း တိတ်ဆိတ် ငြိမ်သက်စွာ လုပ်ရတဲ့ အလုပ်မျိုးလို့ ယူဆတယ်၊ ကျုပ်တို့ ဘုန်းကြီး ကျောင်းမှာတော့ ဘုရား ရှိခိုးတာကို ဘုန်းတော်ကြီးတွေ စုပြီး အကျယ်ကြီး ရွတ်ကြတယ်၊ ဓမ္မကျမ်းစာ တစ်ပိုဒ်ကိုပဲ ဘုန်းတော်ကြီးတွေ စုပြီး ထပ်တလဲလဲ ရွတ်နေတာကို နားထောင်ရင်း မေးခွန်းတစ်ခုကို ကိုယ့် ဘာသာကိုယ် မေးမိတယ်၊ ကျုပ် မေးခွန်းဟာ ဂိုဏ်းတော့ သင့်ချင်သင့်မယ် ပေါ့ဗျာ။

'ဒီလို ငြီးငွေ့စရာ ကောင်းအောင် အော်ဟစ်ပြီး ထပ်ပြန်တလဲလဲ ရွတ်ဖတ် နေတာတွေဟာ ကိုယ့်ရဲ့ ဘုရား ကိုင်းရှိုင်းတဲ့ စိတ်ကို လုပ်ရိုးလုပ်စဉ် ထုံးတမ်းတစ်ခု အဖြစ် ပေါ့ပျက်ပျက် ဖြစ်သွားအောင် လုပ်ရာ မရောက်ပေ ဘူးလားလို့'

ကိုရင် မာလုသည် သူ့သံသယကို သူ့ဆရာ ဘုန်းတော်ကြီးကို လျှောက်ကြည့်သည်။ ဆရာ ဘုန်းတော်ကြီးက သူ့စကားများကို နားထောင် ရင်း အပြစ်တင်သည့် ဟန်ဖြင့် ပြုံးနေသည်။

'အိမ်း၊ ငါ ကိုရင်ဘဝနှင့် ဒီကျောင်းကို ရောက်လာတုန်းက တိုက်အုပ် ဘုန်းကြီးလုပ်သလို လုပ်ရမယ့်ပုံ ဖြစ်နေပြီ၊ ဆာလံကျမ်းစာတို့ ဘာတို့ကို ရွတ်တဲ့ အခါမှာ အဲဒီထဲမှာ ပါတဲ့ ကျမ်းစာ တစ်ပုဒ်ကိုပဲ အာရုံစိုက်၊ ဘယ် အပိုဒ်ကိုပဲ ရွတ်ရွတ်ပေါ့ကွာ။

'ဥပမာ ဒုက္ခဆင်းရဲ ရောက်သူ အပေါင်းတို့၏ ငိုကြွေးသံကို ကိုယ် တော်အရှင် ကြားတော်မူပါ ဆိုတဲ့ အပိုဒ်ကိုပဲ ဖြစ်ဖြစ်၊ ကိုယ်တော်အရှင် သားသမီးများအား မျှော်လင့်ချက်၏ ပီတိကို ပေးသနားတော်မူပါ ဆိုတဲ့ အပိုဒ်ကိုပဲ ဖြစ်ဖြစ်၊ ဘယ်အပိုဒ် ဖြစ်ဖြစ်ပေါ့၊ တစ်ပိုဒ်ပိုဒ်ကို အာရုံစိုက်ပြီး အဲဒီအပိုဒ်ကို သတိသွင်း၊ ကိုယ်က တခြားသူတွေနှင့် အတူ ရှေ့က စာပိုဒ် တွေကို ဆက်ရွတ်နေပေမယ့် ကိုယ့်စိတ်ထဲမှာတော့ အဲဒီ ကိုယ် အာရုံ သွင်း ထားတဲ့ အပိုဒ်ကိုပဲ သတိနှင့် လိုက်မှတ်နေ၊ အာရုံ မလွင့်နှင့်၊ မထွေပြားနှင့်။

'ဒီလို မှတ်နေရင်း ကိုယ့်စိတ်ကလည်း တစ်ဖက်က သခင်ယေရှုရဲ့

မြင်တော်စဉ်ကို နှလုံးသွင်း၊ ကိုရင် မှတ်နေတဲ့ စာတွေဟာ သခင်ယေရှု ကိုယ်တော်တိုင် အနားမှာ လာဟောနေတာလို့ ဆင်ခြင်၊ သခင် ယေရှုရဲ့ သာဝကတွေနှင့် ကိုယ်တိုင် အနားမှာ လာဟောနေတာလို့ သတိမှတ်၊ ပြီးတော့ အဲဒီ တရားကို မျက်မှောက် ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေနှင့် ထင်ဟပ်ပြီး ဆင်ခြင်။

'အဲဒီအခါမှာ ကိုရင် တရားစာရွတ်တာ၊ ကိုရင် ဘုရားရှိခိုးနေတာ သမာဓိ ရလာလိမ့်မယ်၊ အဲဒီက တစ်ဆင့် ဉာဏ်စဉ်ကို ရလာလိမ့်မယ်'

ကိုရင်လေး ဖိလစ်မာလု၏ ခေါင်းထဲတွင် မေးခွန်းတွေ ပြည့်နေသည်။

ဥပမာအားဖြင့်

လူ့လောကကြီးကို ကယ်တင်ရန် မိမိတို့ နေ့စဉ်နှင့်အမျှ ဆုတောင်းနေသည်ကို ကိုယ်တော်အရှင်သည် မည်သို့ တုံ့ပြန်သနည်း ဆိုသည့် မေးခွန်းမျိုး ဖြစ်သည်။

'ခု ကျုပ်တို့က ဘုရားစာ တရားစာတွေ ရွတ်နေတာတော့ ဟုတ်ပါရဲ့၊ ကောင်းပါတယ်၊ ဒါပေမယ့် ကျုပ်တို့ ဆုတောင်းတွေကို ထာဝရ ဘုရားသခင်က ဘယ်လို တုံ့ပြန်သလဲ၊ မြေကြီးပေါ်က လူတွေအတွက် ဘယ်လို စောင်မသလဲ၊ တစ်ခုခုကိုတော့ လက်ဆုပ်လက်ကိုင် ပြချင်တယ်ဗျာ။

'ဒါပေမယ့် ခုလောလောဆယ်မှာ လက်ဆုပ်လက်ကိုင် ထောက်ပြစရာ မရှိတော့ တော်တော်လေး ခက်နေတယ်' ဟု ကိုရင်မာလုက ညည်းသည်။

တစ်နေ့တွင် ကိုရင်မာလုထံသို့ အမေရိကန် နှစ်ဦး ရောက်လာကြသည်။

ဘုန်းတော်ကြီးကျောင်းတွင် ပြတိုက်ကလေး တစ်ခု လုပ်ပြီး သိမ်းဆည်းထားသည့် ရှေးဟောင်း ကျောက်စာများကို လာကြည့်ကြခြင်း ဖြစ်သည်။ တစ်ယောက်မှာ စတီန်း ဆိုသူ ဖြစ်ပြီး နောက်တစ်ယောက်မှာ ဘလွန်း ဆိုသူ ဖြစ်သည်။

စတိန်းမှာ မုတ်ဆိတ်မွေးတွေ၊ ပါးသိုင်းမွေးတွေ အပြိုင်းအရိုင်းနှင့် ဖြစ်ပြီး သူ့ခေါင်းက ဆံပင်နှင့် ရောထွေးသွားသည်။ စတိန်းကို ကြည့်ရသည်မှာ သမ္မာကျမ်းစာ ပုံပြင်တွေထဲက ပုရောဟိတ် တစ်ပါးနှင့် တူနေသည်။ သူ့ဇာတိမှာ ပင်ဆယ်ဗေးနီးယား ပြည်နယ် ဖြစ်ပြီး သူ့မိဘများက ပင်မင်းလုပ်ငန်းကို လုပ်ကြသည်။ ညပိုင်းတွင် သုဘရာဇာ လုပ်ငန်း တစ်ခုတွင်

အလုပ်လုပ်ပြီး နေ့လယ်ပိုင်းတွင် ကျောင်းတက်သည်။

ထို့နောက် ဆန်ဖရန်စစ္စကို တက္ကသိုလ် ရှေးဟောင်း သုတေသန ဌာနတွင် တက်ရောက်သည်။ တက္ကသိုလ်မှ ဘွဲ့ရသည့် အခါတွင် သူသည် ဂျေရုဆလင်ရှိ အမေရိကန် တက္ကသိုလ်မှ ပညာသင်ဆု ရပြီး ရှေးဟောင်း ကင်နွန်လူမျိုးတို့၏ မြို့တော် ဖြစ်သည့် ဂီဇာတွင် ရှေးဟောင်း သုတေသန အတွက် တူးဖော်ရန် တာဝန်ကျသည်။

ဂီဇာမှာ လာထရွန်း ဘုန်းတော်ကြီးကျောင်းနှင့် ခြောက်မိုင်ခွဲခန့်သာ ဝေးသည်။ မကြာသေးမီက တူးဖော်ရေး လုပ်ငန်းများကို လုပ်ခဲ့ရာတွင် သမ္မာကျမ်းစာဆိုင်ရာ ရှေးဟောင်း ပစ္စည်းများကို ကျွမ်းကျင်သူ ဘလွန်းနှင့် တွေ့ခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်ရှိ ဘလွန်းသည် ကိုလံဘီယာ တက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး ဘရွတ်ကလင်မှ ရေဝတီ တရားဟောဆရာ တစ်ဦး၏ သား ဖြစ်သည်။ မျက်နှာ ရှည်ရှည်ငေါငေါ၊ သတ္တုကိုင်းမျက်မှန် တပ်ထားသည့် ဘလွန်းသည် ရှေးဟောင်း ယဉ်ကျေးမှုများကို ကယ်တင်သူ တစ်ဦးနှင့် မတူ၊ ဗုံးထောင်သည့် မင်းမဲ့ဝါဒီ တစ်ဦးနှင့် တူနေသည်။

အမေရိကန် လူငယ် နှစ်ယောက်သည် လာထရွန်း ဘုန်းတော်ကြီးကျောင်းသို့ မကြာခဏ ရောက်လာကြကာ ကျောက်စာများ၊ ရှေးဟောင်းပစ္စည်းများကို ဓာတ်ပုံ ရိုက်ကြသည်။ ပုံကြမ်း ကူးကြသည်။

အထူးသဖြင့် လွန်ခဲ့သော နှစ်ပေါင်း တစ်သိန်းခန့်က ရှိခဲ့သော ကျောက်ပုဆိန်များ၊ ကျောက်တုံး လက်နက် ကိရိယာများကို အဓိက ထား၍ လေ့လာကြသည်။ သူတို့သည် သမိုင်းကြိုခေတ်က ပစ္စည်းများကို သာမက နေရာတကာ စိတ်ဝင်စားကြသဖြင့် ကိုရင်မာလုက ဆိုက်ပရပ်ပင်များ ပိုင်းရုံနေသည့် စိတ်ဝင်စားဖွယ် သုသာန်ကလေး တစ်ခုကိုလည်း ပြခဲ့သည်။

'ကျွန်တော်တို့ တစ်သက်မှာ မြေကြီးထဲက တူးဖော်လို့ရတဲ့ ပစ္စည်းတွေ၊ ရှေးဟောင်း လက်ရာတွေ၊ အကြွင်းအကျန် ပစ္စည်းတွေ၊ ရှေးကျောက်စာတွေကို တွေ့ခဲ့ဖူးပြီ။

'ဒါပေမယ့် သာမန် သစ်သား လက်ဝါးကပ်တိုင် ကလေးတွေပေါ်မှာ ထွင်းထားတဲ့ ခရစ်ယာန် နာမည်တွေ အတန်းလိုက် အတန်းလိုက် မြင်ရတာလောက် တစ်ခါမှ စိတ်မထိခိုက်ဖူးဘူး၊ လူတွေက မသေပျောက်နိုင်သော အမတလို့ ပြောကြတယ် မဟုတ်လား၊ အဲဒီနေ့မှာ ကျွန်တော်ဟာ အမတရဲ့

သဘောကို နားလည် လာခဲ့တယ်လေ'

နောင် နယူးယောက် ဆေးရုံပေါ်တွင် မကျန်းမမာ ဖြစ်ကာ လဲနေစဉ်ဘွင် စတိန်းက ထိုသုသာန်ကလေးသို့ ရောက်သွားစဉ် သူ့စိတ်ထဲတွင် ပေါ်လာသည့် ခံစားချက်ကို ပြန်၍ ပြောပြသည်။

[ ၄ ]
'သမီး၊ နင့်ကို ဘုရားရိုက်ပြီ'
ဗာရာဏသီ၊ အိန္ဒိယပြည်။
၁၉၈၀ ပြည့်နှစ် ဆောင်းဦး။

သူ့သမီးငယ် အနန်ဒါတွင် ကိုယ်ရေပြားရောဂါ စွဲနေပြီဆိုသည့် သတင်းသည် ဗာရာဏသီက သုဘရာဇာကြီး အဖို့ ဂင်္ဂါမြစ်ရိုးတွင် မိုးလောက် မြင့်သည့် ဒီရေကြီး တက်လာပြီ ဆိုသည့် သတင်းထက် တုန်လှုပ်ဖွယ် ကောင်းသည်။

သူတို့မျိုးရိုးသည် နဂိုကမှ အောက်တန်း အကျဆုံးသော ဇာတ်မျိုးတွင် မွေးလာရသည့်ထဲတွင် ယခု သူတို့ကို ပို၍ အောက်တန်း ကျသွားစေသည့် ရောဂါ စွဲကပ်လာပြန်ပြီ။

ယဉ်ကျေးမှု အရုဏ်ဦးဆီလောက် ကတည်းကပင်လျှင် အိန္ဒိယပြည်သည် ရွံရှာဖွယ် ရောဂါစွဲသူတို့ကို ကြဉ်ခဲ့သော ထုံးစံ ရှိသည်။

မောရှေက အနာကြီးရောဂါ စွဲကပ်သူတို့ကို ဒုစရိုက် ကျူးလွန်သူများဟု မဟောမီ၊ အနာကြီးရောဂါ စွဲကပ်သူတို့ကို လူ့အခွင့်အရေးများ ပိတ်ပင်ခြင်းပြုသည့် အလယ်ခေတ် မတိုင်မီ ရှေးပဝေသဏီ ကတည်းကပင်လျှင် အနာကြီးရောဂါ၏ ဇာတိရပ်ဌာနဟု ယူဆဖွယ်ရှိသည့် အာရှတိုက်သည် အနာကြီးရောဂါသည်တို့ကို ရှုတ်ချခဲ့ကြသည်။

ဥရောပတွင် အနာကြီး ရောဂါသည်တို့ကို ခေါင်းလောက် ဆွဲပေးခြင်း၊ သူတို့၏ အဝတ်အစားများကို မီးရှို့ခြင်း၊ သူတို့ကို လူသူ ကင်းဝေးရာတွင် 'ကံရှာ' တည်ပေးခြင်း စသည်တို့ကို ပြုသကဲ့သို့ ယနေ့ အချိန်တွင် အိန္ဒိယပြည်၌လည်း သူတို့ကို အလေအလွင့်များ အဖြစ် သဘောထား နေကြသေးသည်။

မည်သည့် အိန္ဒိယ လူကောင်းကမျှ သူတို့ရှာ အနီးတစ်ဝိုက်၊ သူတို့ ရပ်ကွက် အနီးတစ်ဝိုက်သို့ ဖြတ်သန်းသွားလေ့ မရှိကြ။ မည်သည့် အနာကြီး

ရောဂါသည်မျှ လူကောင်းသူကောင်းတို့ အိမ်သို့ သွားလာခြင်း မပြု။

သို့တိုင်အောင် ပြည်တွေ စိုရွှဲလျက် လက်ခြေ ငုံးတိဖြင့် အိန္ဒိယပြည်အနှံ့ သွားလာနေသည့် အနာကြီး ရောဂါသည် ဦးရေသည် ငါးသန်းခန့် ရှိနေသည်။

အထွတ်အမြတ်ထားရာ ဗာရာဏသီ မြို့တော်သည် အနာကြီးရောဂါသည် အများစုကို ဖိတ်ခေါ်နေသည်ဟု ထင်ရ၏။ ဂင်္ဂါမြစ်ကမ်းသို့ လာကြသည့် ရာထောင်မကသော ဘုရားဖူးတို့သည် လောကတွင် အနိမ့်ကျဆုံးဟု သူတို့ယူဆသည့် ရောဂါသည်များအား ပေးကမ်း စွန့်ကြဲတတ်ကြသည်။ ဤသို့ ယခုဘဝတွင် ကုသိုလ် ကောင်းမှု ပြုခြင်းဖြင့် နောင်ဘဝတွင် အကျိုးပေးကောင်းမည်ဟု ယူဆကြသည်။

မြစ်ဆိပ်သို့ ဆင်းသည့် လှေကား တစ်လျှောက်တွင် ခွက် လက်စွဲ၍ တောင်းရမ်းနေသည့် အနာကြီး ရောဂါသည်များသည် ထိုအချက်ကို ကောင်းကောင်း သတိ ပြုမိကြသည်။

ညတွင် အနာကြီး ရောဂါသည်များသည် ကိုယ်ကို တရွတ်ဆွဲကာ မြစ်ဆိပ်သို့ ဆင်းလာကြပြီး အိုင်းကျနေသော အနာကြီးများကို ဆေးကြောသုတ်သင်ကြသည်။ နောင်ဘဝတွင် လူကောင်း ပကတိ ပြန်ဖြစ်ရန် နတ်ဒေဝတာများထံ ဆုတောင်းကြသည်။

အနန်ဒါ၏ ကိုယ်တွင် ရောဂါ စွဲကပ်လာခြင်းမှာ ထိုသို့ ညစ်ပတ်နေသော ရေနှင့် အစဉ်အမြဲ ထိတွေ့နေသဖြင့် စွဲကပ်လာခြင်း ဖြစ်သည်မှာ သေချာသည်။

ညစ်ညမ်းနေသော ထိုမြစ်ရေသည် 'ဂင်္ဂါမြစ်ကမ်းက လင်းတကလေး' ၏ ရောဂါပိုး ခုခံနိုင်စွမ်းအားကို အနိုင်ရသွားလေပြီ။

နောက်ဆက်တွဲ ဖြစ်လာသည့် အဖြစ်အပျက်များကို အနန်ဒါ၏ တစ်သက်တွင် မမေ့နိုင်တော့။

အနန်ဒါ၏ သတင်းကို ကြားသည်နှင့် အဖေသည် အကြီးအကျယ် ထိတ်လန့် တုန်လှုပ်ကာ ဆိုက်ကား တစ်စီး ခေါ်၍ သတို့သား မိဘများထံ သွားပြီး တောင်းပန်သည်။ မင်္ဂလာဆောင် ကိစ္စကို ဖျက်သိမ်းသည်။ သတို့သားအိမ်မှ ပြန်လာပြီးနောက် အိမ်သားများနှင့် အတူ သမီးကို ခေါ်သည်။

'ကဲ သမီး၊ နင့်ကို ဘုရားရိုက်ပြီ၊ နင် ဒီမှာ မနေနှင့်တော့၊ သွားတော့'

အဖေသည် တံခါးကို ညွှန်ပြသည်။

အဖေက သူ့အင်္ကျီအိတ်ထဲမှ ကျပ်တန်တချို့ကို ထုတ်ပြီး အနန်ဒါကို လှမ်းပေးသည်။

အမေက အဝတ်အစား အချို့၊ မုန့် အနည်းငယ်နှင့် ငှက်ပျောသီး နှစ်လုံး ပါသည့် အထုပ်ကလေး တစ်ထုပ်ကို ယူလာသည်။

အနန်ဒါက အထုပ်ကို လှမ်းယူသည်။ သို့ရာတွင် မလှုပ်မယှက်။ ကြောက်ခြင်း၊ စိတ်ထိခိုက်ခြင်းတို့ကြောင့် ဘာလုပ်ရမှန်း မသိ။

ထို့နောက် အနန်ဒါသည် အိမ်ပြင်သို့ ထွက်လာခဲ့သည်။ တံခါးပေါက် အရောက်တွင် နောက်ပြန် လှည့်ကြည့်မိ၏။ အိမ်သားတွေက သူ့ကို တိတ်ဆိတ်စွာ ကြည့်နေကြသည်။ ဦးလေးတွေ၊ အဒေါ်တွေ၊ ဝမ်းကွဲ ညီအစ်ကို မောင်နှမတွေနှင့် သူ့အဘွား။

နံရံတွင် ချိတ်ထားသည့် ဓာတ်ပုံထဲက သူ့အဘိုးသည်ပင်လျှင် သူ့ကို တိတ်ဆိတ်စွာ ကြည့်နေသည်ဟု ထင်ရသည်။

အဖေ့ နောက်တွင် ရပ်၍ တရှုပ်ရှုပ် ငိုနေသည့် သူ့မောင် အငယ်လေးကို မြင်သည့် အခါတွင် အနန်ဒါ လှည့် ပြန်လာချင်သည်။ အမေ၏ ခက်ထန်သည့် အကြည့်ကြောင့် ခြေလှမ်းတွေ တုံ့သွား၏။

အနန်ဒါသည် ချာခနဲ လှည့်ထွက်လာခဲ့ကာ လူတွေ ရှုပ်ယှက်ခတ်နေသည့် လမ်းကြားလေးထဲတွင် ပျောက်ကွယ်သွားသည်။

ထုံးစံအတိုင်း ဆိုလျှင် ထိုသို့ နှင်ထုတ် ခံရခြင်းသည် သေဒဏ်ပေး ခံရခြင်းနှင့် အတူတူ။ သူသည် မြို့ထဲက မည်သည့် အိမ်တံခါးကိုမျှ သွား ခေါက်ပိုင်ခွင့် မရှိတော့သည်ကို 'ဂင်္ဂါမြစ်ကမ်းက လင်းတကလေး' ကောင်း ကောင်း သိသည်။

ဇာတ်နိမ့်သူ တစ်ယောက်သည် မည်သူ့ကိုမျှ လက်ဖျားကလေးနှင့်ပင် တို့ခွင့် မရှိ။ သူ ဘဝသက်တမ်း တိုတိုလေးတွင် လူ့အဖွဲ့အစည်းမှ ဝိုင်းပယ် ခြင်းကို တစ်လျှောက်လုံး ကြုံခဲ့ရသည်။

အနန်ဒါသည် ဇာတိအားဖြင့် ဇာတ်နိမ့်သူ ဖြစ်နေရသည့် အထဲတွင် အဖေက သူဘာရာဇာ ဖြစ်နေလိုက်သေးသည်။ ထို့ကြောင့် လမ်းသွားလျှင်ပင် အခြားသူများ အပေါ်တွင် သူ့အရိပ်မထိုးအောင် ရှောင်ကွင်း၍ သွားခဲ့ရသည်။

ဂဏန်းချောင်းလေး တစ်ချောင်း ဝယ်လိုလျှင်၊ အမွှေးတိုင်လေး တစ်

တိုင် ဝယ်လိုလျှင်ပင် ပိုက်ဆံကို ဈေးသည်ဆီသို့ အဝေးက လှမ်းပစ်ပေးပြီး ဝယ်နေရသည်။ နက်မှောင်သော သူ့ မျက်လုံးများနှင့် မကြည့်မိအောင် မျက်လွှာကို ချထားရသည်။

အိမ်မှာပင်လျှင် အနန်ဒါသည် မျက်နှာကောင်း မရချင်။ မိဘများက သူ့မွေးလာမှ သူတို့တစ်တွေ ဂြိုဟ်ဆိုးဝင်သည်ဟု ယူဆကာ ငြိုငြင်ကြသည်။ မိဘမေတ္တာ၊ မိဘ၏ ယုယမှုတို့ကို ဘာမျှမရ။

အနန်ဒါသည် ကျောင်း မနေခဲ့ရသဖြင့် စာလည်း မဖတ်တတ်။ ရေးလည်း မရေးတတ်။ သို့ရာတွင် အဖေက လူပေါင်းစုံဖြင့် ဆက်ဆံရသည့် လုပ်ငန်းကို လုပ်နေသဖြင့် ဘာသာစကား အမျိုးမျိုးကိုတော့ နားယဉ်နေပြီ။ သူတို့အရပ်တွင် သုံးသည့် ဗဘိုပူရီ စကား အပြင် ဟိန္ဒူ၊ အူရဒူ၊ ဘင်္ဂါလီ စကားတို့ အပြင် ဂုဂျာရတီနှင့် မာရသီ စကားတို့ကိုပင် အနည်းအပါး နားလည်သည်။ ထိုဒေသများမှ ချမ်းသာသည့် ဟိန္ဒူများသည် ဗာရာဏသီသို့ ခေါင်းချရန် လာရောက်ကြသောကြောင့် ထိုစကားများကို ကြားဖူးနားဝ ရှိနေခြင်း ဖြစ်သည်။

သူ လုပ်ရသည့် အလုပ်နှင့် နေရသည့် ပတ်ဝန်းကျင်သည် အနန်ဒါကို ချမ်းသာမှုငှ် မပေးပါ။ များစွာသော အိန္ဒိယ ကလေးသူငယ်များ ထုံးစံ အသက် ၁၃ နှစ်လောက် ရောက်သည်နှင့် အနန်ဒါသည် ဖိုမ ကိစ္စများကို ကြားဖူး မြင်ဖူးနေလေပြီ။ ဘုရားကျောင်းများ တစ်ဝိုက် လူသူကင်းရှင်းသော လမ်းကြား များတွင် ပြည့်တန်ဆာများ၊ မိန်းမလျာများ မြူဆွယ်ကြသည်ကို မြင်ဖူးနေပြီ။ ကလေး မွေးသည်ကို မြင်ဖူးနေပြီ။ ဝေဒနာ ခံစားရသည်ကို မြင်ဖူးနေပြီ။ သေခြင်းကိုမူ မမြင်ချင်လျှင် အဆုံး။

အကြင်နာ ကင်းမဲ့သော သူ့ဘဝသည် ကြမ်းတမ်း ခက်ထန်သည့် ဘဝကြမ်းဖြစ်ရာ တုန်လှုပ် ချောက်ချားဖွယ် မှန်သမျှကို ယဉ်ပါးသွားအောင် သင်ကြား ပေးလိုက်သည့်နှယ် ရှိသည်။ ကြမ္မာဂြိုဟ်ဆိုး၏ ရိုက်ပုတ်မှုကို ခံနိုင်အောင် လေ့ကျင့် ပေးလိုက်သည့်နှယ် ရှိသည်။ အနည်းဆုံး သူ့ကိုယ်သူ တော့ ခံနိုင်ရည်ရှိသည် ဟု အနန်ဒါ ထင်သည်။ ထို့ကြောင့် အိမ်မှ ထွက်လာ ခဲ့ရသည့်အခါ ရှေ့တွင် ဘာဖြစ်မည် ဆိုသည်ကို သူ မစဉ်းစား။ သူ တွေး၍ မကြောက်။

အနန်ဒါသည် တစ်လလုံးလုံး လမ်းများပေါ်တွင် လေလွင့်နေသည်။ မြစ်ဆိပ်သို့ ဆင်းသည့် လှေကားများပေါ်တွင်၊ ဝတ်ကျောင်း အတက်လှေကား

များပေါ်တွင် တောင်းရမ်းသည်။ အမှိုက်ပုံများကို မွှေနှောက် စားသောက်သည်။ ဈေးထဲက ဆိုင်များမှ အလစ်သုတ်သည်။ နဂိုက ပိန်ချုံးသည့် ခန္ဓာကိုယ်ကလေးသည် ပါးပါး လှပ်လှပ်လေးသာ ကျန်တော့သည်။ သန်ကောင်တို့ သောင်းကျန်းသဖြင့် သူ့ဝမ်းဗိုက်သည် ပူဖောင်းနေသည်။ ဖရိုဖရဲ ဖြစ်နေသည့် သူ့ဆံပင် ဘုတ်သိုက်ထဲတွင် သန်းကြီးမတွေ အသိုက် ဆောက်နေကြသည်။

တစ်နေ့တွင်မူ မခံမရပ်နိုင်အောင် ဆာလောင်လွန်းသဖြင့် အနန်ဒါသည် ငွေတိုးချေးစားသူ မဟာရာဂျန် တစ်ဦး၏ အိမ်ရှေ့သို့ ရောက်သွားသည်။ သူ့လက်တွင် ဝတ်ထားသည့် ရွှေလက်စွပ်ကလေးနှင့် သူ့နှာသီးတွင် တပ်ဆင်ထားသည့် နှာသီးကွင်းကလေးကို ရသမျှနှင့် ရောင်းရန် ဖြစ်သည်။

သူ့ကို သနားသဖြင့် ငွေတိုးချေးသူက သူ့ပစ္စည်းကလေးတွေ အတွက် ငွေ ၂၀ ထုတ်ပေးလိုက်သည်။ အမှန်ကတော့ သူ့ပစ္စည်း.တန်ဖိုးမှာ ၁၅ ကျပ် လောက်သာ ရှိသည်။

ထိုပိုက်ဆံကလေးဖြင့် အနန်ဒါသည် ၁၀ ရက်လောက် ကောင်းကောင်း စားလိုက်သည်။ ကြံဝယ်စုပ်သည်။ ငှက်ပျောသီး ဝယ်စားသည်။

တစ်ညနေတွင်မူ ပိုက်ဆံလည်းကုန်၊ အကြံလည်း ကုန်သဖြင့် အနန်ဒါသည် ဘူတာရုံ ပလက်ဖောင်း တစ်ခုတွင် ထိုင်ပြီး ပိုက်ဆံ တောင်းနေသည်။ ထိုစဉ် နတ်တစ်ပါးသည် သားသားနားနား ဝတ်ထားကာ စကားပြော ချိုသာသည့် လူတစ်ယောက်အသွင် ဖန်ဆင်း၍ သူ့အနားသို့ ရောက်လာသည်။ ထိုပုဂ္ဂိုလ်က သူ့ကို ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲသည်။ သူ့လက်ကို ကြည့်လိုက်တော့ ကြေမွနေသည့် ၁၀ တန် ငွေစက္ကူတစ်ရွက်။ အနန်ဒါသည် ထိုမျှ ရက်ရောသော ကျေးဇူးရှင်၏ မျက်နှာကို မော်၍ မကြည့်ရဲ။

'ငါ့ကို ကျေးဇူး တင်မနေနှင့်၊ ငါက နင့်ကို သဘောကျလို့ ပေးတာ'

သူက ခပ်ပြောင်ပြောင်ပင် ပြောသည်။

ထိုသူသည် အနီးတွင် ထိုင်ချလိုက်ကာ သူ့ဇနီးမှာ သူ့အဖေ နေမကောင်းသဖြင့် ကာလကတ္တားသို့ သွားနေကြောင်း၊ တော်ကော်နှင့် ပြန်ရောက်ဦးမည် မဟုတ်ကြောင်း၊ အိမ်တွင် ကလေးသုံးယောက် ကျန်ရစ်ခဲ့ကြောင်း၊ ထိုကလေးတွေကို ထိန်းဖို့ အိမ်ဖော်တစ်ယောက် လိုနေကြောင်းဖြင့် ပြောသည်။

'ငါ့အိမ်က ဒီနားလေးတင်ပဲ၊ နင့်အဖို့ အဆင်ပြေမှာပါ၊ နင့်ကို တစ်ပတ်ကို ၁၅ ကျပ် ပေးမယ်'

အနန်ဒါ၏ စိတ်တွင် ဝါနက်ရှန နတ်မင်း လူယောင် ဖန်ဆင်း၍

ရောက်လာသည်ဟု ထင်မိသည်။ အနန်ဒါသည် သူ့ကို မရဲတရဲ မော်ကြည့်၏။ ထို့နောက် ခေါင်းကို ညိတ်ပြသည်။ ထို့နောက် မတ်တတ်ရပ်ကာ သူ့နောက်သို့ လိုက်လာခဲ့သည်။

ဘုရားဖူးတွေ လာလေ့ရှိသည့် အခြားသော နေရာများကဲ့သို့ပင် ဗာရာဏသီတွင်လည်း မကောင်းသည့် သက်မွေးမှု လုပ်ငန်းတွေ စုံသည်။ ထိုလုပ်ငန်းများထဲတွင် စီးပွားလမ်း အဖြောင့်ဆုံးမှာ ပြည့်တန်ဆာ လုပ်ငန်း ဖြစ်သည်။ ထိုလုပ်ငန်းတွင် မိန်းကလေးငယ်များလည်း ပါဝင်နေကြသည်။ အပျိုစစ်စစ် ကလေးများနှင့် ပေါင်းဖော်ရခြင်းသည် ယောကျ်ားတို့၏ ခွန်အား ကို တိုးစေ၍ ကာလသား ရောဂါကိုလည်း ပျောက်ကင်းစေသည်ဟု ဗာရာဏသီ တွင် အပြောရှိကြသည်။ ဗာရာဏသီတွင် ထိုသို့သော ဖိမ်အိမ်တွေ မရေမတွက် နိုင်။ ထိုဖိမ်အိမ်များသို့ လိုအပ်သည့် ကုန်ပစ္စည်း မှန်မှန် ပေးသွင်းနေသူ များလည်း အများအပြား ရှိသည်။ ဖိမ်ကုန်သည်များသည် သနားစဖွယ် ထို ပစ္စည်းတို့ကို နီပေါရှိ ဆင်းရဲသော မိသားစုများထံမှ ဝယ်ယူ လာခဲ့ကြသည်။ သို့မဟုတ်လျှင်လည်း ဒလန် အများအပြား စေလွှတ်၍ ဟန်ဆောင်ပန်ဆောင် လက်ထပ်ကာ ခေါ်လာခဲ့ကြပြီး မြို့သို့ အရောက်တွင် ရောင်းစားကြသည်။ တစ်ခါတစ်ရံတွင်လည်း ခြိမ်းခြောက် ဆွဲခေါ်လာကြသည်။

အနန်ဒါက ပြောသည်။

'ကျွန်မ ကျေးဇူးရှင်က သူ့အိမ်ကို ခေါ်သွားတယ်ရှင့်၊ ကျွန်မကို တက္ကစီ တစ်စီးပေါ် အတက်ခိုင်းပြီး သူကလည်း ကျွန်မဘေးက လိုက်လာ တယ်၊ ကားက မြို့စွန်ကို မောင်းလာတယ်ရှင့်၊ တော်တော်ကို မောင်းရတယ်၊ အတော်ကြာတော့ ဘုရားကျောင်း တစ်ကျောင်း ရှေ့မှာ ရပ်လိုက်တယ်၊ ရှေ့ မှာ သံဝင်းတံခါးကြီးနှင့် ရှင့်။

'ဘုရား ကျောင်းဝင်းထဲကို ရောက်တော့ ကျွန်မတို့လို ကောင်မလေး တွေ အယောက် ၂၀ လောက် တွေ့တယ်ရှင့်၊ ကွက်လပ်ထဲမှာ ဆောင့်ကြောင့် ထိုင်နေရတယ်၊ ဘေးမှာလည်း ဦးထုပ်ဖြူကလေးတွေ ဆောင်းထားတဲ့ လူတွေက စောင့်နေကြတယ်ရှင့်၊ ကားပေါ်က ဆင်းပြီး ထွက်ပြေးမယ် လုပ်သေးတယ် ရှင့်၊ ဒါပေမယ့် လက်နှစ်ချောင်းက ကျွန်မကို ဆွဲခေါ်ပြီး ဘုရားကျောင်းဝင်း ထဲကို တွန်းလွှတ်လိုက်တယ်။

'အဲဒီရောက်တော့ ကျွန်မကို အထိုင်ခိုင်းတယ်၊ ဒီတုန်းမှာ မိန်းမကြီး နှစ်ယောက် ထွက်လာပြီး ငှက်ပျောရွက်နှင့် ထုပ်ထားတဲ့ အထုပ်တစ်ထုပ် လာပေးတယ်၊ ကြည့်လိုက်တော့ ထမင်းကလေး နည်းနည်းနှင့် ပဲလှော်ကလေး နည်းနည်းပါတယ်၊ ကျွန်မလည်း ဘာပြောကောင်းမလဲ၊ ဆာဆာနှင့် အကုန် စားပစ်လိုက်တာပေါ့၊ စားပြီးတော့ ကျွန်မကို ဦးထုပ်ဖြူ ဆောင်းထားတဲ့ လူတွေက ဘုရားကျောင်းထဲကို အတင်း တွန်းလွှတ် လိုက်ကြတယ်။

'အဲဒီမှာ ကျွန်မတို့ အရှင်လတ်လတ် ငရဲ ရောက်တော့တာပါပဲရှင်။

'ဝတ် ဘုရားကျောင်းထဲမှာ ဓိမ်ခေါင်းတွေက ပိုက်ဆံ ပေးထားတဲ့ ဟိန္ဒူဘုန်းကြီး အတုအယောင်တွေ ရှိတယ်လေ၊ သူတို့က ကျွန်မတို့ကို နှစ်ရက်နှင့် နှစ်ညလုံးလုံး တရား ဟောတော့တာပါပဲ၊ တစ်ခါတလေလည်း ခြိမ်းခြောက်သလိုလို ဘာလိုလို၊ တစ်ခါတလေမှာ ချော့လိုက် ခြောက်လိုက်နှင့်။

'ကျွန်မတို့ ဒီလို ဆင်းရဲနေတာဟာ ရှေးဘဝက ကုသိုလ်ကောင်းမှု မပြုခဲ့ကြလို့တဲ့၊ မိန်းကလေး တစ်ယောက် အဖို့ ယောကျ်ားတို့ရဲ့ အလိုဆန္ဒကို လိုက်လျောတာထက် ကောင်းတဲ့ ကုသိုလ် မရှိဘူးလို့လည်း ပြောကြတယ်၊ တကယ်ဆိုးတဲ့ ဟိန္ဒူဘုန်းကြီး အတုတွေပါပဲရှင်၊ တော်တော်လည်း ရက်စက်တဲ့ လူတွေပါ။

'ဘုရားကျောင်းထဲမှာ ရှိတဲ့ နတ်ရုပ် အမျိုးမျိုးရှေ့မှာ ရှိခိုးခိုင်း၊ သူတို့ ရွတ်တဲ့ မန္တန်တွေကို လိုက်အဆိုခိုင်းနှင့် အမျိုးမျိုး ကြောက်အောင်လန့်အောင် လုပ်တော့တာပဲ၊ နောက်တော့ ကျွန်မတို့လည်း ကြောက်လန့် လာကြတာပေါ့ ရှင်၊ နှစ်ရက်လုံးလုံး ကျွန်မတို့ကို ဒီလို ခြောက်လှန့်လည်း ပြီးရော ကျွန်မ တို့လည်း သူတို့ဆေးမိသလို ဖြစ်သွားပြီး သူတို့ စက်ကွင်းထဲကို ရောက်သွား တော့တာပါပဲ၊ သူတို့ခိုင်းရင် ဘာဖြစ်ဖြစ် လုပ်ဖို့ အဆင်သင့် ဖြစ်နေပြီပေါ့'

အနန်ဒါသည် ဗာရာဏသီတွင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ကောင်းကောင်းသိသည်။ သို့ရာတွင် အနန်ဒါ မသိသည့် နေရာတွေ ရှိသေး သည်။ မက်ပူဏိမ ပွဲတော်မတိုင်မီ တစ်ရက်အလိုတွင် အိန္ဒိယပြည် တစ်ပြည်လုံး တွင် အလားတူ ဂါထာမန္တန်တို့ဖြင့် ရွတ်၍ မိန်းကလေးများအား ပြည့်တန်ဆာ အဖြစ်သို့ သွတ်သွင်းနေကြသည်။

ခန့်မှန်းခြေ စာရင်းများ အရ ကာနာတကာ ပြည်နယ် တစ်ခုတည်း မှာပင်လျှင် တစ်နှစ်တစ်နှစ်လျှင် မိန်းကလေးပေါင်း သုံးထောင်ကျော်တို့သည် ထိုနည်းများဖြင့် ပြည့်တန်ဆာတပ်သို့ သွတ်သွင်းခြင်း ခံနေကြရသည်။ ပုလိပ်

များကလည်း ဖြိုးဖြိုးဖြက်ဖြက် ရသဖြင့် ထိုကိစ္စကို မမြင်ယောင် ပြုနေကြသည်။

ထိုသီတင်းပတ် အတွင်း၌ အနန်ဒါနှင့် သူ့အဖော်များသည် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ နေခဲ့ကြရသည်။ သီတင်းပတ် တစ်ပတ် အကြာတွင်မူ သူတို့တစ်သိုက်သည် မီးနီ ရပ်ကွက်တစ်ခု၏ လမ်းမကြီး တစ်ခုရှိ ညစ်ပတ်သည့် ရွံ့အိမ်များထဲတွင် တိရစ္ဆာန်များသဖွယ် ပိတ်လှောင် ခံနေကြရလေပြီ။

ကံကြမ္မာသည် အကျီစား သန်သည်ထင့်။ သူ့ကို ဖြားယောင်း ခေါ်ဆောင်ခဲ့သူတို့သည် သူ့ပါးပေါ်တွင် ရှိသည့် အကွက်ကလေးကို သတိထားမိကြသည်။ ထိုအကွက်ကလေး ပေါ်လာခြင်းသည် သူ့အဖို့ ကြမ္မာ ငင်ခြင်းဖြစ်သည်။

[ ၅ ]

**အခန်းနံပါတ် ၅၁၆ ထဲက ပဟေဠိ။**
**လော့စ်အိန်ဂျလိစ်၊ အမေရိကန် ပြည်ထောင်စု။**
**၁၉၈၀ ပြည့်နှစ် ဆောင်းဦး။**

အစတော့ အင်ပြင် ထတာလောက်က စသည်။

နောက်တစ်နေ့မနက် သူ အိပ်ရာမှ နိုးလာသည့် အခါ၌ သူ့လျှာနှင့် အာခေါင်တွင် အဖုအပိမ့်ကလေးတွေ ထနေသည်ကို သတိပြုမိသည်။

ပီတာမှာ အသက် ၃၁ နှစ် ရှိပြီး လော့စ်အိန်ဂျလိစ် အရှေ့ပိုင်း ရပ်ကွက် တစ်ခုရှိ ဖက်ရှင် အေဂျင်စီ တစ်ခုတွင် ကိုယ်ဟန်ပြမောင် လုပ်သည်။ မှန်ကြည့်သည့်အခါတွင် သူ့လျှာ တစ်ခုလုံးနှင့် ပါးစပ် တစ်ခုလုံး အဖြူရောင် သမ်းနေသည်။ ပီတာသည် ပါးစပ်ကို ပလုတ်ကျင်း၍ ဆေးကြောသည်။ သူ့ကိုယ်ပေါ်တွင် ယားနာ အဖုအပိမ့်ကလေးတွေ မကြာခဏ ပေါက်တတ်သည်။ သို့ရာတွင် ပါးစပ်တွင်မူ တစ်ခါမျှ မပေါက်စဖူး။

သွေးသား ဆူဖြိုးတုန်း သောင်းကျန်းကြသည့် အခြားသော လူငယ်များလိုပင် သူ့တွင် မကြာခဏ ရေယုန်တွေ ပေါက်ဖူးသည်။ ကာလသားရောဂါ ဖြစ်ဖူးသည်။ သင့်လျော်သည့် ကုသမှုကို ခံလိုက်သည့် အခါတွင်

ရောဂါများသည် ပျောက်သွားကြသည်။ ပါးစပ်ထဲက အဖုအပိမ့်ကလေးများသည် သုံးရက်ကြာသည့် အခါတွင်လည်း ပျောက်မသွား။

ပီတာသည် အစားအစာ မျိုရ ခက်လာသည်။ စားလိုက်သည့် အစားအစာသည် ဝမ်းဗိုက်ထဲသို့ ချောချောရှုရှု ရောက်မသွား။ ရေနှင့် မျှောကြည့်သည့်အခါတွင်မှ ဝမ်းဗိုက်ထဲသို့ ရောက်သွားသည်။ လိမ္မော်ရည်ကလေး သောက်လျှင်ပင် ချောချောမောမော မရှိချင်။ သူ့ရောဂါ လက္ခဏာချက်များသည် ဆိုးသည်ထက် ဆိုးလာသည်။ မကြာမီ ဘာကိုမျှ မျို၍ မရတော့။ ဤတွင် ပီတာသည် လော့စ်အိန်ဂျလိစ်မြို့ရှိ ကယ်လီဖိုးနီးယား တက္ကသိုလ်ဆေးရုံသို့ ရောက်လာခြင်း ဖြစ်သည်။

တက္ကသိုလ်ဆေးရုံ အရေးပေါ်ဌာန တာဝန်ကျ ဆရာဝန်က သူ့အခြေအနေသည် အရေးကြီးသည်ဟု ယူဆသည်။ ရောဂါကို ခွဲခြားနိုင်ရန် လိုအပ်သည့် စစ်ဆေးမှုများကို လုပ်မှဖြစ်မည်။ ထို့ကြောင့် ဆေးရုံသို့ တင်သည်။ သူ့အစာအိမ် ပြွန်လမ်းကြောင်းကို အင်ဒိုစကုပ်ဖြင့် ကြည့်သည့်အခါတွင် အာခေါင်တစ်ခုလုံးမှာ မှိုတွေ တက်နေသည်ကို တွေ့ရသည်။

ယင်းမှာ ခန္ဓာကိုယ်ထဲတွင် သွေးဖြူ ကလာပ်စည်းများ နည်းနေသည့်သဘော ဖြစ်သည်။ ဤတွင် ဆရာဝန်များသည် မျက်လုံး ပြူးသွားကြသည်။ တွေ့ရသည့် လက္ခဏာချက်များအရ လူနာမှာ အကြီးအကျယ် ကိုယ်ခံစွမ်းအားလျော့နည်းနေသည် ဆိုသည့်သဘော ဖြစ်သည်။ အထူး ကြပ်မတ် ကုသသဖြင့် အာခေါင်နှင့် အစာအိမ် ပြွန်လမ်းကြောင်းက အဖုအပိမ့်များမှာ လျင်မြန်စွာ ပျောက်ကွယ်သွားကြသည်။

သို့ရာတွင် သူ့ခန္ဓာကိုယ်တွင် သွေးဖြူ ကလာပ်စည်းများ ဘာကြောင့် ထိုမျှ လျော့နည်းသွားရသည် ဆိုသည့် အချက်ကိုမူ စမ်းသပ်ရှာဖွေ၍ မရဘဲ ဖြစ်နေသည်။ ကာလီဖိုးနီးယား တက္ကသိုလ် ကုးစက်ရောဂါဌာနတွင် ပီတာသည် 'အခန်း နံပါတ် ၅၁၆ က ပဟေဠိ တစ်ပုဒ်' ဖြစ်လာခဲ့သည်။

'တကယ်လို့သာ အခန်းနံပါတ် ၅၁၆ က လူနာရဲ့ ရောဂါမျိုးဟာ အိုင်အိုးဝါးနယ် ချောင်ကြို ချောင်ကြားမှာသာ ဖြစ်ခဲ့ရင် ဘယ်သူမှ သတိထားမိကြမှာ မဟုတ်ဘူး။ ဒီလူနာရဲ့ ရောဂါကတော့ တော်တော် ဆန်းတဲ့ ရောဂါ တစ်ခုလို့ပဲ အောက်မေ့လိုက်ကြမှာပဲ။

'လူနာလည်း သေသွားရော ခြေရာလည်း ပျောက်ပြီး ကိစ္စပြတ်သွားရော၊ ဒါပေမယ့် တက္ကသိုလ်ကြီး တစ်ခုက သိပ္ပံပညာဆိုင်ရာ ပတ်ဝန်းကျင်မျိုးမှာတော့ ဒီလို ပဟေဠိမျိုးကို တွေ့လိုက်တာနှင့် အားလုံးပဲ စိတ်ဝင်စားကြတယ်လေ၊ သုတေသန တစ်ခု အောင်မြင်မှု ရတယ် ဆိုတာဟာ တကယ်တော်တဲ့ ဦးနှောက်နှင့် ပြဿနာနှင့် တွေ့ကြုံ ဆုံစည်းရာက ပေါ်လာတာပဲ မဟုတ်လား'

ကိုယ်ခံစွမ်းအားဗေဒ ပညာရှင် လူငယ်တစ်ဦး ဖြစ်သည့် ဒေါက်တာ မိုက်ကယ် ဂေါ့လီယက်က ထိုသို့ပြောလေ့ ရှိသည်။

၁၉၈၀ ပြည့်နှစ် အောက်တိုဘာလ နံနက်ခင်း၌ 'တော်သည့် ဦးနှောက်' တစ်ခု ဖြစ်သည့် မိုက်ကယ် ဂေါ့လီယက်သည် ဦးနှောက် ခြောက်နေသည်။

'ပထမတော့ ရောဂါက သွေးကင်ဆာ ဖြစ်လုဆဲ အခြေအနေ၊ ဒါမှမဟုတ် သွေးကင်ဆာ ဖြစ်ခါစ အခြေအနေလို့ပဲ ထင်လိုက်မိတယ်၊ ဒါပေမယ့် ခက်တာက အရင်တုန်းက ကျွန်တော် တွေ့ခဲ့ဖူးတဲ့ သွေးကင်ဆာ ရောဂါမှာက ခုလို မှိုစွဲတဲ့ ရောဂါနှင့် တွဲမလာဖူးဘူးလေ၊ တစ်ခါ ပဋိဇီဝ ဆေးတွေကိုသာ စားသုံးတာ များတဲ့အတွက် အူအဝမှာ ဖြစ်တဲ့ ရောဂါလားလို့ စဉ်းစားမိတယ်။

'အဲဒီ ရောဂါမျိုးက အများအားဖြင့် လိင်တူ ဆက်ဆံသူတွေမှာ ဖြစ်လေ့ ရှိတယ်၊ အများအားဖြင့် သူတို့မှာ လိင် ဆက်ဆံမှုအရ ဖြစ်တတ်တဲ့ ရောဂါတွေ ဖြစ်လေ့ရှိတာကိုး၊ ဒါပေမယ့် ၅၁၆ က လူနာက ဒီလို အတွေ့အကြုံမျိုး မရှိဘူးလို့ ဆိုလေတော့ ကျွန်တော် စဉ်းစားရ ကျပ်နေတယ်၊ ဒီလိုဆိုရင် သူ့အစာအိမ် ပြွန်လမ်းကြောင်းမှာ မှိုတက်တာဟာ သွေးဖြူ ကလာပ်စည်းတွေ လျော့နည်းနေတာနှင့် ဆက်စပ် မနေနိုင် ပေဘူးလားလို့ စဉ်းစားကြည့်စရာ ဖြစ်လာတယ်။

'သွေးကို စစ်ကြည့်လိုက်တော့ သူ့ သွေးထဲမှာ အဖြူရောင် ကလာပ်စည်းတွေ နည်းနေတာကို တွေ့ရတာကိုး'

သို့ဖြင့် ဒေါက်တာ မိုက်ကယ်သည် သဲလွန်စကို လိုက်ရှာသည်။ သဲလွန်စကို ရှာရာတွင် စမ်းသပ်မှု များစွာကိုတော့ လုပ်ရသည်။ သို့ရာတွင် ယနေ့အထိ သိပ္ပံပညာက တီထွင်ထားခဲ့သော ဇီဝဗေဒဆိုင်ရာ စမ်းသပ်မှုများသည် မည်သည့် သဲလွန်စကိုမျှ မပေးနိုင်ကြ။ ထိုဘာသာရပ်နှင့် ပတ်သက်သမျှတို့ကိုလည်း စာမျက်နှာ ထောင်ပေါင်း များစွာသော ဆေးစာအုပ်တွေ၊ ဆေးပညာ ကျမ်းတွေထဲမှာ လိုက်ရှာသည်။ သို့ရာတွင် ရောဂါဗေဒ ရှာဖွေရေး

ကိစ္စများတွင် မကြာခဏ ကြုံရတတ်သည့် အတိုင်း ၅၁၆ မှ လူနာ၏ ရောဂါကို ဖွင့်ဆိုနိုင်သည့် အညွှန်း ဆို၍ ယခုအချိန်ထိ မည်သည့် စာအုပ်တွင်မျှ ရှာမတွေ့။

ဤတွင် ဒေါက်တာ မိုက်ကယ် အကြံတစ်ခု ရသည်။ လူနာ ဖြစ်သည့် ပီတာ၏ သွေးကို ဆေးရုံအောက်ဆုံးထပ် သူ့အခန်းနှင့် မျက်နှာချင်းဆိုင်တွင် ရှိသည့် ဓာတ်ခွဲခန်းမှ ဇီဝဗေဒပညာရှင်ထံ ပို့၍ အစစ်ခိုင်းကြည့်ရန် ဖြစ်သည်။

ဇီဝဗေဒ ပညာရှင် ဘော့ရှရောသည် မစ်ဇိုရီ နယ်သား ဖြစ်ပြီး အသက် ၂၈ နှစ်သာ ရှိသေးသည်။ ရှရောသည် ကြီးကျယ်သည့် စမ်းသပ်မှု စီမံချက်ကြီး တစ်ခုထဲတွင် ပါဝင် အလုပ်လုပ်နေသည်။ သူတို့ စမ်းသပ်မှုတွင် လိုအပ်သည့် ပစ္စည်းမှာ အခြားမဟုတ်။ ကြွက်တို့၏ ပရိုတိန်း ဖြစ်သည်။ ကြွက် ပရိုတိန်းများကို နယူးဂျာစီနယ်မှ ဓာတ်ဘူးများဖြင့် ပို့ပေးလျက်ရှိရာ စာတိုက်မှ ပါဆယ်ဖြင့် အပတ်စဉ် ရောက်နေသည်။

ဗြိတိသျှ သိပ္ပံပညာရှင် တစ်ဦးနှင့် ဂျာမန် သိပ္ပံပညာရှင် တစ်ဦးတို့၏ တီထွင်မှုဖြင့် ကြွက် ပရိုတိန်းများကို စက်ဖြင့် ထုတ်လုပ် ပေးနေသည်။ သို့ရာတွင် များများ မထုတ်လုပ်နိုင်သေး။ ကန့်သတ် နေရသေးသည်။

အမေရိကန် ပြည်ထောင်စု တစ်ခုလုံးတွင်မှ ထိုကြွက် ပရိုတိန်းတို့ကို ဆေးပညာ သုတေသန အတွက် သုံးနိုင်သည့် ဇီဝဗေဒ ပညာရှင်ဦးရေ ၂၀ လောက်သာ ရှိသေးသည်။

ထိုပရိုတိန်းများ၏ သိပ္ပံဝေါဟာရမှာ မိုနိုကလိုနယ် အင်တီဘော်ဒီ ဖြစ်သည်။ ထိုပရိုတိန်းဓာတ်ကို ဗြိတိသျှ ဓာတ်ခွဲခန်း တစ်ခုတွင် တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ထို ပရိုတိန်းဓာတ်ကို လင်ဖိုဆိုက် ခေါ် သွေးဖြူ ကလာပ်စည်း အမျိုးမျိုးနှင့် အတူ ထုတ်လုပ် ရောင်းချ နိုင်လာခဲ့သည်။ ထိုသွေးဖြူ ကလာပ်စည်းများမှာ အမျိုးမျိုးသော ဇီဝဗေဒ ပစ္စည်းများမှ ထုတ်လုပ်ခြင်း ဖြစ်ပြီး ခန္ဓာကိုယ်ကြီးအား ပြင်ပရောဂါပိုး တိုက်ခိုက်မှုများမှ ကာကွယ်ရာတွင် များစွာ အသုံးဝင်သည်။

သိုင်းမတ်စ် အကျိတ်မှ ထုတ်လုပ်သည့် တီလင်ဖိုဆိုက်များမှာ အမျိုးအမည် များပြားလှသည့် အတွက် ယင်းတို့ကို အမျိုးအစားငယ်များ အဖြစ် ထပ်၍ ခွဲထားသေးသည်။

ယင်းတို့အားလုံးသည် ဆိုင်ရာ လုပ်ငန်းများကိုသာ လုပ်ကြသည်။

ဥပမာအားဖြင့် တီ-၄ လင်ဖိုဆိုက်များသည် ကိုယ်ခံစွမ်းအား စနစ်

ကြီးကို ကာကွယ်ရာတွင် ခေါင်းဆောင် ဖြစ်သည်။ ကိုယ်ခန္ဓာထဲသို့ ပြင်ပမှ ရောဂါပိုးတစ်ခု ဝင်ရောက်လာသည်နှင့် တီ–၄ လင်ဖိုဆိုက်များသည် ပြင်ပမှ ရန်သူ ဝင်ရောက်လာကြောင်း အချိန်မီ အချက်ပေးကြသည်။ ထိုအချက်ကို ရှာကြသည်။ ခန္ဓာကိုယ် စနစ်ကြီး၏ ကာကွယ်ရေး ကိရိယာများကို မောင်းနှင်ကြသည်။ အခြား သွေးဖြူဥ ကလာပ်စည်း ဖြစ်သည့် တီ–၈ လင်ဖိုဆိုက်တို့က ရောဂါပိုး စွဲကပ်နေသော ကလာပ်စည်းတို့ကို တိုက်ခိုက် ဖျက်ဆီးပစ်ကြသည်။

တီ–၄ လင်ဖိုဆိုက်တို့သည် အခြားသော သွေးဖြူ ကလာပ်စည်း အမျိုးအစား တစ်ခုဖြစ်သည့် ဘီ–လင်ဖိုဆိုက်တို့ကို လှုပ်ရှားစေသည့် ပစ္စည်းတစ်မျိုးကို ထုတ်လုပ်ပေးကြသည်။ ရိုးတွင်းချဉ်ဆီမှ ထုတ်ပေးလိုက်သော ဘီ–လင်ဖိုဆိုက်များသည် မိမိတို့တွင် ရှိသည့် အင်တီဘော်ဒီများကို ထုတ်လုပ်ပေးခြင်းဖြင့် ကျူးကျော်လာသည့် ရန်သူကို ပစ်ခတ် ခုခံကြသည်။

ရောဂါပိုးကို ကောင်းစွာ ထိန်းချုပ်နိုင်ပြီ ဆိုသည့် အခါတွင် နှိမ်နင်းရေးသမား တီ–၈ လင်ဖိုဆိုက်တို့သည် နောက်တန်းမှ ကာကွယ်ပေးနေသည့် ဘီ–လင်ဖိုဆိုက်တို့ကို အပစ်အခတ် အရပ်ခိုင်းကာ ကိုယ်ခံစွမ်းအားကို ပြန်လည် တည်ဆောက်၍ ငြိမ်းချမ်းရေးကို ပြန်လည် ထူထောင်ကြသည်။

ဤနည်းအားဖြင့် မိမိ၏ အင်အားကို အလဟဿ ဖြုန်းတီးပစ်ရာ မရောက်အောင် တားဆီးကြသည်။ သို့ရာတွင် မည်သူ့ကိုမျှ စိတ်ချ ယုံကြည်ခြင်း မရှိသော သဘာဝကြီးသည် မိမိ၏ ပတ်လည်တွင် ကာကွယ်ရေး အစီအမံများကို တည်ဆောက်ကာ ရန်သူကို အလစ်မပေးဘဲ သတိအနေအထားတွင် အမြဲ ရှိနေသည်။

သဘာဝကြီးသည် မိမိ၏ ရှေ့တန်းတပ်များ ဖြစ်သော တီ–၄ လင်ဖိုဆိုက်များကို သွေးထဲသို့ ဆင်း၍ ကင်းအလှည့် ခိုင်းထားသည်။ ရန်သူ ဝင်ရောက်လာသည်နှင့် ချက်ချင်း အချက်ပေးရန် သူတို့ကို ထားပစ်ခဲ့သည်။

၁၉၇၀ ပြည့်လွန်နှစ်များ အထိ ဤစနစ်ကြီးထဲတွင် ပါဝင် တိုက်ခိုက်နေသည့် လင်ဖိုဆိုက် တပ်သားတို့၏ အမျိုးအမည်ကို ခွဲခြားနိုင်သည့် မိုက်ခရိစကုပ်တွေ မရှိသေး။ ဇီဝဗေဒ စမ်းသပ်မှုတွေ မလုပ်ရသေး။ သွေးစက်ကလေး တစ်စက်ထဲတွင် ပါဝင် ဖွဲ့စည်းနေသည့် နူးညံ့သိမ်မွေ့သည့် ကာကွယ်ရေးစနစ် အကြောင်းကို ဘာမျှ မသိရသေး။ ကိုယ်ခံစွမ်းအား ကျဆင်းမှုဆိုသည့် အကြောင်းကို သိဖို့ဆိုသည်မှာ ဝေလာဝေး။ မိုနိုကလိုနယ် အင်တီဘော်ဒီများ

ကို လေ့လာသည့် အခါတွင် ဟာနေသော ထိုကွက်လပ်ကို ဖြည့်ပြီးသား ဖြစ်သွားသည်။ ယင်းတို့ကို အလင်းရောင် တောက်ပအောင်လုပ်ကာ သွေးအောင်စအနည်းငယ် ရှိသည့် ဖန်ပြွန်ထဲသို့ ထည့်ပြီး ဓာတုဗေဒနည်းဖြင့် စမ်းသပ်လိုက်သည့် အခါတွင် ထို အင်တီဘော်ဒီများသည် လင်ဖိုဆိုက် အမျိုးမျိုးဖြစ်လာခဲ့ကြသည်။ အထူးသဖြင့် ရှေ့တန်း တိုက်ခိုက်ရေးတပ်များ ဖြစ်သည့် တီ-၄ လင်ဖိုဆိုက်များနှင့် တီ-၈ လင်ဖိုဆိုက်များ ဖြစ်လာခဲ့ကြသည်။ တီ-၄ ကလာပ်စည်းများနှင့် တီ-၈ ကလာပ်စည်းများ ဖြစ်လာခဲ့ကြသည်။

ထိုကလာပ်စည်းများကို ရေတွက်၍ ရလာခဲ့ကာ သူတို့၏ လှုပ်ရှားမှုပုံများကို လေ့လာ နိုင်ခဲ့ကြသည်။ ယင်းမှာ ကိုယ်ခံစွမ်းအား စနစ်ကြီးကို နားလည်ရေး၊ အကြောင်း ရှာမရသော ရောဂါများ၏ သဲလွန်စကို လိုက်လံရှာဖွေရေးတွင် ယခင်က တစ်ခါမျှ မရှိခဲ့ဖူးသေးသော တော်လှန် ပြောင်းလဲသော ခြေလှမ်း တစ်ရပ် ဖြစ်သည်။

၁၉၈၀ ပြည့်နှစ် အောက်တိုဘာလတွင် မစ်ဇိုရီနယ်မှ ဗိုဝဗေဒပညာရှင်ဘော့ရရော့သည် ဤနည်းပညာသစ်ကို ပိုင်နိုင်ကျွမ်းကျင်သော ကမ္ဘာ့ သိပ္ပံပညာရှင် အနည်းစုထဲတွင် တစ်ယောက် ဖြစ်လာခဲ့သည်။ ဘော့ရရော့သည် အခန်းနံပါတ် ၅၁၆ က လူနာ၏ သွေးနမူနာကို ယူလာခဲ့သည်။

သုံးရက် အကြာတွင်မူ သူ၏ ကလန်ကလား ခန္ဓာကိုယ်ကြီးသည် ဒေါက်တာ မိုက်ကယ် ဂေါ့လိယက်၏ ဓာတ်ခွဲခန်းဝတွင် ပေါ်လာသည်။ သူ့အမူအရာက ရက်အမ်းအမ်း၊ သူ့ကိုယ်သူ မယုံမရဲ ဖြစ်နေသည့်ဟန်။

ကိုယ်ခံစွမ်းအားဗေဒ ပညာရှင် ဒေါက်တာ မိုက်ကယ်သည် ဘော့ရရော့၏ ဆုတ်ဆိုင်းဆိုင်း အမူအရာကြောင့် စိတ်ဓာတ်ကျသွားသည်။

'ဘယ့်နှယ်လဲ၊ ဟန်ကျရဲ့လား'

'ဟန်ကျတယ်လို့တော့ ထင်တာပဲ၊ ဒါပေမယ့် ရလဒ်က တစ်မျိုးပဲ၊ မှားသလား မသိဘူး၊ ပြီးတော့ နည်းကလည်း နည်းသစ်၊ စမ်းတဝါးဝါးနှင့်လုပ်ရတာ'

'ဆိုပါဦး၊ ဘာတွေ့သလဲ'

'၅၁၆ ကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းတဲ့ ကေ့စ်ပဲဗျ၊ ဒါမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး၊ တစ်ကိုယ်လုံးမှာတော့ တီ-၄ လင်ဖိုဆိုက်ဘွေ တစ်ခုမှ မရှိတော့ဘူး ဆရာ၊ ဒါပေမယ့် တီ-၈ လင်ဖိုဆိုက်တွေကတော့ အရမ်း များနေတယ်'

ဒေါက်တာ မိုက်ကယ်၏ မျက်နှာသည် မဲ့သွား၏။ သူ့ လူနာ၏ ကိုယ်ခံအား စနစ်ထဲတွင် တီးဝိုင်း ခေါင်းဆောင် ဖြစ်သည့် ကလာပ်စည်းတွေ ဘာကြောင့် ကွယ်ပျောက် သွားရသနည်း။ ထိုကလာပ်စည်းများကို နှိမ်နင်းသည့် ကလာပ်စည်းတွေ ဘာကြောင့် ပိုများ လာရသနည်း။

'ခင်ဗျား ရလဒ်က တော်တော် ဆန်းနေတယ်ဗျာ၊ နောက်တစ်ခါ သွေးစစ် ကြည့်ပေးစမ်းပါဦး၊ ကျွန်တော် ထပ်ကြည့်ချင်တယ်'

ဒုတိယ စမ်းသပ်မှုကလည်း ပထမ စမ်းသပ်ချက်ကို အတည်ပြုနေသည်။ ထို အတောအတွင်း ၅၁၆ မှ လူနာ ပီတာမှာ လည်ချောင်းရောဂါ ပျောက်သွားပြီ ဖြစ်သဖြင့် ဆေးရုံမှ ဆင်းခွင့် ပြုလိုက်သည်။ ရက် အနည်းငယ်ခန့် အကြာတွင် လူနာ ပီတာသည် အမျိုးအမည် တပ်၍ မရသော ရောဂါလက္ခဏာ ပြချက်များဖြင့် ဆေးရုံသို့ ပြန်ရောက်လာပြန်သည်။ တက္ကစီပေါ်မှပင် ကောင်းကောင်း မဆင်းနိုင်တော့။ ဆေးရုံ တံခါးဝသို့ ရောက်အောင် မနည်း လျှောက်လာခဲ့ရသည်။ ပင်ပန်းသည်။ တစ်ကိုယ်လုံး အားကုန်သလို ဖြစ်နေသည်။ နည်းနည်းလေး လှုပ်ရှားလိုက်ရုံဖြင့် အသက် မရှူနိုင်အောင် မောနေသည်။ သူ့ ဖိနပ်ကြိုးကိုပင် သူ ကောင်းကောင်း မချည်နိုင်တော့။ ထို လက္ခဏာပြချက်များ အပြင် ချောင်းခြောက်ကြီးကလည်း တဟွတ်ဟွတ် ဆိုးနေသည်။ အဖျားကလည်း ကြီးသည်။ ချွေးတွေကလည်း အလွန်အမင်း ထွက်သည်။ ယခင်တစ်ခေါက် ဆေးရုံ လာတက်စဉ်ကထက် ကိုယ်အလေးချိန် အများကြီး ကျသွားခဲ့သည်။

ဒေါက်တာ မိုက်ကယ် ဂေါ့လီယက်က

'ရောဂါက တော်တော် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတာကို ကျွန်တော် ချက်ချင်း သတိပြုလိုက်မိတယ်၊ ဒါနှင့် ကျွန်တော်က ဘရွန်နို စကိုပီ အလုပ် ခိုင်းလိုက်တယ်။

'တာဝန်ကျ ဆရာဝန်တွေက ကျွန်တော် လောဘကြီးပုံကို ကြည့်ပြီး တအံ့တသြ ဖြစ်နေကြတယ်၊ သူတို့ကတော့ သာမန် ရျူမိုးနီးယားလောက်ပဲ ထင်တာကိုး၊ ဒါပေမယ့် အစွမ်းထက်တဲ့ ဆေးတွေနှင့် ချက်ချင်း မကုရင် လူနာဟာ သေမှာပဲ ဆိုတာ ကျွန်တော် သိလိုက်တယ်လေ၊ စမ်းသပ်ကြည့်လိုက်တော့ ကျွန်တော် ထင်တဲ့ အတိုင်းပဲ ဖြစ်နေတယ်၊ လက်စသတ်တော့

ကျွန်တော်တို့ဟာ ဖြစ်ရိုးဖြစ်စဉ် နျူမိုးနီးယား ရောဂါ မဟုတ်ဘဲ နျူမိုဆိုက်စတစ် နျူမိုးနီးယား ရောဂါနှင့် လာတွေ့နေတာကိုး။

'အဲဒီရောဂါက အင်မတန် ဖြစ်တောင့်ဖြစ်ခဲတဲ့ အဆုတ်မှာ ကပ်ပါးပိုးတွယ်တဲ့ ရောဂါတစ်မျိုး၊ ကိုယ်ခံအား စနစ် ကျဆင်း လျော့ပါးနေတဲ့ လူတွေမှာမှ ဖြစ်လေ့ရှိတယ်၊ ဒီလို ရောဂါမျိုးတွေကို စတင်းဖို့ ဆေးရုံမှာတုန်းက ကျွန်တော် တွေ့ခဲ့ဖူးတယ်။

'ဒါပေမယ့် ဒီလို ကိုယ်ခံအား စနစ်ကြီး အားနည်း သွားရတာဟာ ကုသရေးဆိုင်ရာ အကြောင်းတွေ အမြဲရှိတယ်၊ ကင်ဆာဖြစ်လို့ ဓာတ်ကင်လို့ ဒါမှမဟုတ် ခီမိုသာရေပီ ပေးလို့ စသဖြင့် အကြောင်းတွေ ရှိတယ်၊ ဒါမှမဟုတ်ရင်လည်း ကိုယ်အင်္ဂါ အစားထိုးတာကို ခန္ဓာကိုယ်ကြီးက ငြင်းဆန်ခြင်း မပြုအောင် တစ်ခုခု ပြုပြင်ပေးလို့ စတဲ့ အကြောင်းတွေကြောင့် ကိုယ်ခံအား ကျဆင်း သွားရတာမျိုးပဲ ရှိတယ်၊ အကြောင်းမရှိဘဲ ကိုယ်ခံအား ကျဆင်း သွားတာမျိုးကတော့ မတွေ့ဖူးသေးဘူး။

'အဲဒါနှင့် ကျွန်တော် တက္ကသိုလ်ဆေးရုံက စာကြည့် ပိဋကတ်တိုက်ကို လာခဲ့တယ်၊ အဲဒီမှာ ဝါရှင်တန်မှာ ရှိတဲ့ ဗဟိုဆေးပညာ အချက်အလက် သိုမှီးရေးဘဏ်နှင့် ဆက်ထားတဲ့ ကွန်ပျူတာ ရှိတာကိုး၊ အဲဒီ ကွန်ပျူတာမှာ ရှာကြည့်မယ်ပေါ့၊ နျူမိုဆိုက်စတစ် နျူမိုးနီးယားနှင့် ပတ်သက်လို့ လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်း ကမ္ဘာ တစ်ဝန်းလုံးက ပြုစုထားတဲ့ စာတမ်းတွေ အားလုံး အဲဒီစက်မှာ ရှိတယ်။

'သူတို့အထဲကို လိုက်ရှာကြည့်တော့ ခု ကျွန်တော့်လူနာ ဖြစ်သလို ကိုယ်ခံအား ကျဆင်းစေတဲ့ အကြောင်းရင်းရယ်လို့ တစ်ခုပဲ ရှိတယ်၊ ကိုယ်အင်္ဂါ အစားထိုး ကုသဖို့ အတွက် ဓာတ်ရောင်ခြည် ပေးရင် ဒီလို ကိုယ်ခံစွမ်းအား ကျဆင်းတတ်တယ်၊ ဒါမှမဟုတ်ရင်လည်း ဖန်ပြွန် သန္ဓေသားနှင့် မွေးပေးတဲ့ ကလေးလို မျိုးရိုးဗီဇအားဖြင့် ကိုယ်ခံစွမ်းအား စနစ် မပါဘဲ မွေးလာတဲ့ ကလေးရင်လည်း ဖြစ်ရမယ်။

'အဲဒီလို အခြေမျိုးမှ ကိုယ်ခံစွမ်းအား စနစ် ကျဆင်းနိုင်တယ်လို့ အားလုံးက တညီတညွတ်တည်း ဆိုနေကြတယ်၊ နျူမိုဆိုက်စတစ် နျူမိုးနီးယား ဖြစ်ရဘာဟာ အဲဒီအကြောင်းက လွဲရင် တခြား အကြောင်းရင်းကို ဘယ်သူမှ မပြောနိုင်ကြဘူး။

'ဒီလိုနှင့် ပီတာရဲ့ လျှို့ဝှက်ချက်ကို မဖော်နိုင်ဘဲ ဖြစ်နေတယ်။

'ပီတာရဲ့ ကိုယ်ခံအား ကျဆင်းတာဟာ ဘာကြောင့်လဲ။

'ဆေးပညာက သိရှိပြီးသား အကြောင်းတွေကြောင့် ဖြစ်လာရတဲ့ ရောဂါ မဟုတ်ဘူး'

[ ၆ ]

**ဂင်္ဂါ မြစ်ကမ်း ပေါ်က မေတ္တာ တတ်ခွဲခန်း။**

**ဗာရာဏသီ၊ အိန္ဒိယပြည်။**

**၁၉၈၀ ပြည့်နှစ် ဆောင်းဦး – ၁၉၈၁ ခုနှစ် နွေဦး။**

မြို့အစွန် မြစ်ကမ်းနဖူးတွင် ပြအိုး ပြာသာဒ်တွေ တစ်ဝက်တစ်ပျက် ပြိုကျစ ပြုနေသည့် ဟော်နန်းအိုကြီးကို ဗာရာဏသီက လူတိုင်း သိကြသည်။

နီပေါ စော်ဘွား၏ အနီရောင်နှင့် ရွှေရောင် တောက်နေသော အမှတ်တံဆိပ်ကြီးသည် ဟော်နန်း မျက်နှာစာထိပ်တွင် နှစ်ပေါင်း ၂၀၀ ကျော်မျှ ဝွားဝွားစွင့်စွင့် ရှိခဲ့သည်။

သို့ရာတွင် ယခုမူ နှစ်စဉ်နှစ်တိုင်း ရောက်လာသော မုတ်သုန်ရာသီဒဏ်ကြောင့် ဟောင်းနွမ်း ပျက်စီးစ ပြုနေလေပြီ။

မနက်မိုးသောက် အလင်းရောက်သည်နှင့် ဟော်နန်းမှ သံပန်းသံခက်တို့ လိမ်ယှက်ထားသည့် သံတံခါးကြီးသည် ပွင့်လာခဲ့ကာ ဗိတာန်ကျက် ဆင်ကတင်ကတ္တီပါလွှာ အုပ်ထားသည့် စီးတော်ဆင်ကြီးသည် မဟာရာဇာ စော်ဘွားကြီးကို ကျောကုန်းထက်တွင် တင်လျက် ဟော်နန်းဝင်းထဲသို့ ဝင်ရောက်လာခဲ့သည်။ မဟာရာဇာ စော်ဘွားကြီး ဂင်္ဂါမြစ်ကမ်းသို့ ဝတ်ပြုရန် ရောက်လာခြင်း ဖြစ်သည်။

ဟိမဝန္တာ တောင်ခြေ ပြည်နယ်ကလေးမှ မဟာရာဇာ စော်ဘွားနွယ်တော်များသည် ထိုဟော်နန်းကြီးကို စွန့်ပစ် သွားခဲ့ကြသည်မှာ ကြာခဲ့ပြီ။

ထိုစော်ဘွား မျိုးနွယ်တို့၏ အမှတ်တံဆိပ်ကြီး နေရာတွင် သစ်သားဆိုင်းဘုတ်ကြီး တစ်ခု ကပ်ထားပြီး ထိုသစ်သား ဘုတ်ပေါ်တွင် ဆက်ခံသူတို့၏ အမည်နာမနှင့် အလုပ်အကိုင်ကို ရေးထားသည်။ ထိုဆိုင်းဘုတ်မှာ 'ဒါနဝေပုလ္လ ကျောင်းတိုက် ကုသိုလ်ဖြစ် အနာကြီးဆေးရုံ' ဆိုသော ဆိုင်းဘုတ် ဖြစ်သည်။

အနာကြီး ရောဂါသည်တို့ကို ပြုစု စောင့်ရှောက်သည့် အလုပ်သည် ကရုဏာတရား စွမ်းပကား ကြီးမားသူတို့မှသာ လုပ်နိုင်စွမ်းရှိသည့် လုပ်ငန်းကြီး တစ်ခု ဖြစ်သည်။

ထိုလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းနှင့် အိန္ဒိယပြည်တွင် ရောဂါကို ခံစားနေကြရသည့် လူများကို အနှစ် ၂၀ ကျော်ခန့် ပြုစု စောင့်ရှောက်ခဲ့သည့် အမျိုးသမီးကြီး မျှော်မှန်း တောင့်တခဲ့သော ကုသိုလ် လုပ်ငန်းကြီး ဖြစ်သည်။

သူ့ဘဝ တစ်လျှောက်လုံး၌ သီလရှင် ဆရာကြီး ထရီဇာသည် အိန္ဒိယလူမျိုး အနာကြီး ရောဂါသည်များအား ပြုစု ကုသပေးရန် ဆန္ဒ ပြင်းပြခဲ့သည်မှာ ကြာလှပြီ။ သီလရှင် ဆရာကြီးသည် သူတို့၏ အိုင်းကျနေသော အနာကြီးများကို ဆေးကြော သုတ်သင်ပေးခဲ့သည်။ သူတို့၏ ခန္ဓာကိုယ်များကို အစာအာဟာရ တိုက်ကျွေးခဲ့သည်။ သူတို့၏ ဝိညာဉ်ကို ငြိမ်းအေးအောင် လုပ်ပေးခဲ့သည်။ သေအံ့မူးမူး ဖြစ်နေသည့် လူမမာများကို ပိုက်ထွေးခဲ့သည်။ ကလေးငယ်များကို ရင်အုပ်မကွာ ပြုစုခဲ့သည်။ သူ့လက်ချောင်းများသည် ဝေဒနာကို နှစ်သိမ့်ပေးခဲ့သည်။ သူ့ အပြုံးသည် သူတို့၏ သောကကို မောင်းထုတ်ပေးခဲ့သည်။

သူတို့သည် သူ၏ အပေါင်းအသင်း၊ သူ၏ မိတ်ဆွေရောင်းရင်း၊ သူ့ကို သတ္တိ ကောင်းလာအောင်၊ ကိုယ်ချင်း စာနာတတ်လာအောင်၊ နှိမ့်ချတတ်လာအောင် သင်ကြားပေးလိုက်သူ။

သူတို့သည် သူ့အား အကြီးကျယ်ဆုံးသော သန္တိသုခကို ပေးစွမ်းနိုင်သော ရင်းမြစ်။

၁၉၅၇ ခုနှစ်တွင် ကာလကတ္တား အလုပ်ရုံ တစ်ခုမှ အလုပ်သမား ငါးဦးက မေတ္တာရပ်ခံ ခဲ့ကြသဖြင့် သီလရှင် ဆရာကြီးသည် ဆင်းရဲနွံ့ချာလှသည့် ရပ်ကွက်လေး တစ်ခုတွင် ဝိုင်းပယ် ခံထားရသည့် အနာကြီး ရောဂါသည်များကို အလုပ်အကျွေး ပြုဖြစ်လာခဲ့ခြင်း ဖြစ်သည်။

'ဆရာကြီးရယ်၊ ကျွန်တော်တို့ကို ကယ်ပါဦး၊ ကျွန်တော်တို့မှာ ဒီအကွက်တွေ ရှိတယ် ဆိုပြီး အလုပ်က ထုတ်ပစ်လိုက်ပါတယ်'

အလုပ်သမား တစ်ဦးက အကွက်တွေ ထနေသည့် သူ့ခန္ဓာကိုယ်ကို ပြရင်း ပြောသည်။ သူ လုပ်ဖော်ကိုင်ဖက်တို့၏ ကိုယ်မှ အကွက်များကိုလည်း ပြသည်။

နောက်တစ်ပတ် အကြာတွင် ဆေးဝါးများ၊ နို့မှုန့်များနှင့် ဆန်တို့ကို

တင်လာသည့် နောက်ပွင့်ကားလေး တစ်စီးသည် ကာလကတ္တား မြို့စွန်ရှိ အနာကြီး ရောဂါသည်တို့ နေထိုင်ရာ ရပ်ကွက်လေးသို့ ရောက်ရှိလာခဲ့သည်။ ကားပေါ်တွင် သီလရှင်ဆရာကြီးနှင့် သီလရှင် သုံးဦးတို့ အပြင် သူတို့ကဲ့သို့ပင် အပြာ အနားကွပ် အဖြူရောင် ဆာရီတို့ကို ဝတ်ဆင်ထားသည့် အိန္ဒိယ အမျိုးသမီးငယ် သုံးဦးတို့လည်း လိုက်ပါလာကြသည်။

သူတို့သည် အနာကြီးရောဂါ၏ ကြောက်ဖွယ် လက္ခဏာတို့ကို မသိကြသေး။

ထို့ပြင် တစ်ခါတစ်ရံတွင် နားပူနားဆာ တောင်းဆိုချက်တွေ များပြီး၊ တစ်ခါတစ်ရံတွင် ရန်လိုတတ်သော အနာကြီး ရောဂါသည်တို့၏ သဘာဝကိုလည်း မသိကြသေး။

သို့ရာတွင် ဒါနဝေပုလ္လ ကျောင်းတိုက်ကို တည်ထောင်သူ သီလရှင်ဆရာကြီး၏ လုပ်ငန်းသည် ရာပေါင်းများစွာသော အနာကြီး ရောဂါသည်တို့၏ အနာများကို ဆေးကြောသန့်စင် ပေးရုံမျှမကပါ။ လူထုအား စေတနာ သဒ္ဓါတရား ထက်သန်အောင် နှိုးဆော်ခြင်း၊ ထိုကြောက်ဖွယ် ရောဂါကို တိုက်ဖျက်ရာတွင် လူထုက ပါဝင်လာအောင် လှုံ့ဆော်ခြင်း စသည့် လုပ်ငန်းများလည်း ပါသေးသည်။

သူ့လုပ်ငန်း၏ အမှတ်တံဆိပ် အဖြစ် သီလရှင်ဆရာကြီးသည် ဝေဒနာခွဲကပ်ခြင်း အဖြစ် ရှေး အစဉ်အဆက်က သုံးစွဲခဲ့သည့် အမှတ် တံဆိပ်ကို ရွေးချယ်လိုက်သည်။ ယင်းမှာ ရှေးက လူ့အသိုက်အဝန်းမှ အကြဉ်ခံရသူတို့ အသုံးပြုလေ့ ရှိကြသော 'ခြူ' ပုံ အမှတ်အသား ဖြစ်သည်။ ဤနည်းအားဖြင့် ကျန်းမာသူတို့ကိုလည်း မိမိတို့၏ မစင်ကြယ်မှုကို သတိတရား ရစေရန် ဖြစ်သည်။ ထို အမှတ်တံဆိပ်ကို သတင်းစာများထဲတွင် ကြော်ငြာသည်။ ပိုစတာကြီးများ ရိုက်ထုသည်။ သူ့ မော်တော်ကားပေါ်တွင် ရေးခြယ်သည်။ ထိုခြူ အမှတ်တံဆိပ်အောက်တွင် 'သင်၏ ကရုဏာဖြင့် အနာကြီးရောဂါသည် တစ်ဦးကို တို့ထိလေ' ဟူသည့် ဆောင်ပုဒ်ကို ရေးထားသည်။ လူထု၏ တုံ့ပြန်မှုမှာ သူ မျှော်လင့်ထားသည်ထက် ကောင်းသည်။

ထို့နောက်တွင်မှ သီလရှင်ဆရာကြီးသည် လှည့်လည် ဆေးပေးခန်းလေးများကို ဖွင့်လာနိုင်ခဲ့သည်။ နောက်ဆုံးတွင် အစိုးရ၏ ထောက်ပံ့မှုဖြင့် ကာလကတ္တားမြို့မှ မိုင် ၂၀၀ ခန့် ဝေးသည့် နေရာတစ်ခုတွင် ရှန်တီနာဂရ (ငြိမ်းချမ်းမြို့တော်) ဟူသော အနာကြီး ရောဂါသည်တို့၏ မြို့ကလေးတစ်မြို့

ကို တည်ဆောက် နိုင်လာခဲ့သည်။ ထိုမြို့ကလေးတွင် ရာပေါင်းများစွာသော မိသားစုများသည် လူတန်းစေ့ ဘဝကို စတင် နေနိုင်လာခဲ့ကြကာ ငြိမ်းချမ်းမှုနှင့် မျှော်လင့်ချက်ကို တွေ့ရှိ လာခဲ့ကြသည်။

ထို့နောက်တွင်မူ သီလရှင် ဆရာကြီးသည် အခြားသော အနာကြီးရောဂါကု ဆေးရုံများ၊ ဆေးပေးခန်းများ၊ အလုပ်ရုံများကိုလည်း ထူထောင်လာနိုင်ခဲ့သည်။ ရက်ကန်းစင်များသည် တချောင်းချောင်းမြည်ကာ အနာကြီးရောဂါသည် ယောကျာ်း မိန်းမတို့သည် အလုပ်လုပ်ခြင်းဖြင့် သူတို့၏ ဂုဏ်သိက္ခာကို ပြန်၍ အဖတ်ဆယ်နိုင်ခဲ့ကြသည်။

·

ဇာရာဏာသိက ဗဟိုဌာနချုပ်မှာ မကြာသေးမီကမှ အကောင်အထည် ပေါ်လာခဲ့သော သီလရှင်ဆရာကြီး၏ လက်ရာ ဖြစ်သည်။

ထိုလုပ်ငန်း အတွက် သူ့အဖွဲ့မှ ထူးချွန်၍ လုပ်ရည်ကိုင်ရည် ရှိသူများကို တာဝန်ပေးထားသည်။

ဇာဒ်စေ့ပုံ မျက်လုံး၊ ပါးအို့နီနီနှင့် သီလရှင်ဆရာလေး ဗန်ဒိနာ၏ ပုံသဏ္ဌာန်သည် တရုတ်ရုပ်တု တစ်ခုနှင့် တူသည်။ သူ့အမည်မှာ 'ဘုရားကို ချီးမွမ်း ပူဇော်ခြင်း' ဟု အဓိပ္ပာယ်ရသည်။ အာသန်နယ်သူ ဖြစ်ပြီး သူ့အဖေမှာ ညံ့ဖျင်းသည့် လယ်ကွက်လေး တစ်ခုတွင် လယ်လုပ်သည်။

တစ်နေ့တွင် သူသည် သူ့မိသားစုနှင့် အတူ သုခမြို့တော်ဟု ပြောင်းပြန်နာမည်ရသည့် ကာလကတ္တား မြို့တော်ထဲက အလွန် ဆင်းရဲနုံချာသည့် လူဆင်းရဲ ရပ်ကွက်လေး တစ်ခုသို့ ရောက်လာခဲ့သည်။

ဗန်ဒိနာသည် သူ့အမေနှင့် အတူ မောင်ငယ်နှင့် ညီမငယ်လေးယောက်တို့ကို ရှာဖွေ ကျွေးမွေးရန် အတွက် ကာလကတ္တားတွင် ရှိသည့် အမှိုက်ပုံများတွင် သံတိုသံစတို့ကို လိုက်၍ ကောက်ရသည်။ ထိုပစ္စည်းတို့ကို သံတိုသံစ ဝယ်သည့် ကုန်သည်တစ်ဦးထံ သွားရောင်းရသည်။ ထို့နောက် ဂျုတ်စက္ကူ သေတ္တာ အလုပ်ရုံတစ်ခုတွင် အလုပ်လုပ်သည်။ ထိုမှတစ်ဖန် ထရပ်ကားများ အတွက် အပိုပစ္စည်းတို့ ထုတ်လုပ်သည့် သံရည်ကျို စက်ရုံတစ်ခုတွင် ဝင်၍ အလုပ်လုပ်သည်။

သူတို့နေသည့် လူဆင်းရဲ ရပ်ကွက်ကလေးထဲသို့ ပိုလန် အမျိုးသား ဘုန်းတော်ကြီး တစ်ပါး ရောက်လာသည့်အခါတွင် ဗန်ဒိနာသည် စေတနာ

ဝန်ထမ်း လုပ်ငန်းနှင့် ကုသိုလ်ဖြစ် လုပ်ငန်းတို့တွင် ပါဝင်လာခဲ့သည်။ ဇန်ဒိုနာသည် ပိုလန် ဘုန်းတော်ကြီး တည်ထောင်သည့် ပရဟိတ အသင်းတွင် ပါဝင်လာခဲ့ကာ အိမ်နားနီးချင်းများ၏ သာရေးနာရေး ကိစ္စများကို ကူညီလုပ်ကိုင်ပေးခြင်း၊ လူမမာများအား နေ့ညမဟူ ပြုစု စောင့်ရှောက်ခြင်း စသည့် လုပ်ငန်းတို့ကို ထက်ထက်သန်သန် လုပ်သည်။

သို့ဖြင့် သူသည် ပရဟိတ အသင်းတွင် လက်သည်းခြေသည်း ဖြစ်လာခဲ့သည်။ သူ့မှတ်ဉာဏ်သည် ရပ်ကွက်ထဲရှိ လူမမာများ၏ စာရင်းကို မှတ်သားထားသည့် အညွှန်းကတ်ပြား တစ်ခု ဖြစ်နေသည်။ သူ့ဖော်ရွေမှု သူ့အပြုံးနှင့် သူ့ကရုဏာတို့ကြောင့် သူ့ကို တမန်တော်လေးဟု ခေါ်ကြသည်။

လူဆင်းရဲ ရပ်ကွက်လေးထဲရှိ အနာကြီး ရောဂါသည်များကို လာရောက်ပြုစုကြသည့် သီလရှင်ဆရာကြီး၏ တပည့်များနှင့် ဆက်သွယ်မိသည့် အခါတွင် ဇန်ဒိုနာသည် ပရဟိတ လုပ်ငန်းကို တစ်သက်လုံး လုပ်ကိုင်သွားရန် ဆန္ဒပေါ်လာခဲ့သည်။ သို့ဖြင့် ဇန်ဒိုနာသည် ဒါနဝေပုလ္လ ကျောင်းတိုက်သို့ ဝင်ရောက်သွားခဲ့သည်။

သုံးနှစ်တာမျှ သီလရှင်ငယ် အဖြစ် နေရပြီးနောက် ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့ သန့်ရှင်းသော မယ်တော်မာရီ၏ ပွဲတော်နေ့တွင် သီလရှင်ဆရာကြီး ထရီဇာက ရှည်လျား နက်မှောင်သည့် သူ့ဆံပင်များကို ကတ်ကြေးဖြင့် ဖြတ်ပေးလိုက်ကာ သူ့ကို သာသနာ့ဘောင်သို့ သွတ်သွင်းပေးလိုက်သည်။

မနက်တိုင်းသည် အိပ်မက်ဆိုးများကို ယူဆောင် လာခဲ့ကြသည်။ မနက်တိုင်းသည် အနိဋ္ဌာရုံ မြင်ကွင်းကို ယူဆောင် လာခဲ့ကြသည်။

ရှင်လျက် သေနေသော လူအုပ်များသည် သံဝင်းထရံကို တိုးဝှေ့နေကြသည်။ ဖြစ်သလို လုပ်ထားသည့် လှည်းကလေးများ ပေါ်တွင် ခြေမရှိ လက်မရှိ ငုံးတိတိဖြင့် အမိ ဝမ်းတိုက်ထဲက သန္ဓေသားလို ကွေး၍ လိုက်ပါလာသူများကိုလည်း မြင်ရသည်။ ထိုလှည်းများကို တွန်းလာ သူများမှာလည်း ကိုယ်လက်အင်္ဂါ စုံသည့်တိုင် တစ္ဆေရုပ် ပေါက်နေကြသည်။ အချို့ မျက်နှာ တစ်ခုလုံး မရှိတော့ဘဲ အရိုးတွေ ငေါငေါ ပေါ်နေသည့် မျက်မမြင် အနာကြီး ရောဂါသည်များ၊ သွေးတွေ ပြည်တွေ တရွှဲရွှဲဖြင့် မြေကြီးပေါ်တွင် တွားသွား

လာနေကြသော လူ့အပျက်  အစီးပုံကြီး များကိုလည်း မြင်ရသည်။ အခြားကမ္ဘာမှ ရောက်လာသူလို မျက်တွင်း ဟောက်ပက်ဖြစ်ကာ အရိုးစု သာသာမျှရှိသည့် အနာကြီး ရောဂါသည်တို့ကိုလည်း မြင်ရသည်။ ကြည့်လိုက်တော့ အကောင်းပကတိ ဖြစ်သည့်တိုင် ကိုယ်ပေါ်က အကွက်ကလေး တစ်ကွက်၊ မသက်ာစရာ ဘုလေး တစ်ခု၊ တဖြည်းဖြည်း လှိုက်စားနေသော ကြွက်သားအားနည်းမှုတို့ကြောင့် ဝိုင်းပယ် ခံရသူတို့၏ ရပ်ကွက်ထဲသို့ ရောက်သွားသူများကိုလည်း မြင်ရသည်။ ထို့ပြင် အရိုးပေါ် အရေတင်ကာ ဗိုက်ပူနံကားနှင့် မှင်စာရုပ် ပေါက်နေသည့် ကလေးများကိုလည်း မြင်ရသည်။ အရိုးအဆစ်တွေ ကျိုးကျိုးကျွဲကျွဲ မြည်ပြီး ဝါး ပုလွေရိုးလောက်သာ ရှိသည့် ခြေဆံလက်ဆံနှင့် ကလေးငယ်များကိုလည်း မြင်ရသည်။

သူတို့မှာလည်း အနာကြီးရောဂါ စွဲကပ်ခြင်း မရှိသည့်တိုင် အရိုးတီဘီရောဂါ၊ သန်စွဲရောဂါနှင့် မျက်စိကွယ်လောက်သည့် ဗီတာမင်ဓာတ် ချို့တဲ့မှုများကို ခံစားနေကြရသည်။

သို့တိုင်အောင် ထိုမျှ စိတ်ညစ်ကျုံးဖွယ် ကောင်းသည့် အန္တိန္ဒာရုံ မြင်ကွင်းထဲမှ ရယ်စရာ မြင်ကွင်းတွေ၊ အိပ်မက်ဆိုးကြီးကို ယာယီဖြစ်စေ မောင်းထုတ်နိုင်သည့် အံ့ဩဖွယ် အဖြစ်အပျက်တွေ ပေါ်ပေါက် လာတတ်သေးသည်။

ဒုက္ခိတ ဘဝကို အရင်းပြုကာ မစွမ်းမသန် ဖြစ်နေပုံကို ရယ်စရာဖြစ်အောင် လှောင်ပြောင်ပြပြီး ပိုက်ဆံ တောင်းသူများ၊ ကွက်စိပ် ဟောသူများက ပရိသတ်ကို မရယ်ရယ်အောင် သံသေးသံကြောင် လုပ်ပြနေကြသည်။ ထိုအသဲတွင် အံ့ဩစရာ အကောင်းဆုံးမှာ ထိုသို့သော လူ့အပျက်အစီး ပုံကြီးထဲတွင် ပြေးလွှား ကစားနေကြသော ကလေးများနှင့် ဆာရီအဖြူ ဝတ်ထားကာ နတ်သမီးလို ချောမော လှပသည့် မိန်းမပျိုကလေးတွေ ပေါ်လာတတ်ခြင်းဖြစ်သည်။

ထိုရပ်ကွက်ရှိ ရောဂါသည်များမှာ အိန္ဒိယ ပြည်နယ်ပေါင်းစုံမှ ရောက်လာကြသူများ ဖြစ်သည်။ ထိုမျှ အော်ဟစ် တောင်းဆိုသံ ဆူပူသံတွေ ပြည့်နှက်နေသည့် ရပ်ကွက်ထဲတွင် တစ်ယောက်ပြောသည့် စကားကို တစ်ယောက်နားလည်ဖို့ မလွယ်။ သူတို့အထဲတွင် ဘီဟာ၊ ဩရိသ၊ ဘင်္ဂလားတောင်ပိုင်းစသည်ဖြင့် နယ်ပေါင်းစုံမှ လာကြသူများပါသည်။ အချို့ဆိုလျှင် လမ်းများပေါ်တွင် နေလာခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒ ရှည်ကြာလှပြီ။ သူတို့သည် သူတို့

အသားအရေ တစ်ပိုင်းတစ်စကို လမ်းတစ်လျှောက်တွင် သူတို့နားခိုရာ ဘုရားကျောင်း အတက် လှေကားထစ်များပေါ်တွင်၊ ဘူတာရုံ ပလက်ဖောင်းများပေါ်တွင် စွန့်ပစ် ခွာချ ခဲ့ကြပြီးပြီ။

သူတို့ ဘဝတွင် ဆေးဝါး ကုသမှုကို တစ်ခါမျှ ခံခဲ့ရဖူးခြင်း မရှိ။ သူတို့ကို ဝါးမျို ဖျက်ဆီးပစ်ခဲ့သော ရောဂါပိုး အမည်မှာ လွန်ခဲ့သည့် ရာစုနှစ်အကုန်က သူတို့ကို ရှာဖွေ တွေ့ရှိခဲ့သော နော်ဝေလူမျိုး ဆရာဝန်ကို အစွဲပြု၍ မှည့်ခေါ်ထားသော အမည် ဖြစ်သည်။

ဟန်ဆင် ဘက်ဆီလီ ခေါ် အနာကြီး ရောဂါပိုးသည် အပူပိုင်းဇုန်ရာသီဥတုကို နှစ်ခြိုက် အရသာတွေ့ကာ ကိုယ်ခံအား တောင့်တင်းခြင်း မရှိသည့် ခန္ဓာကိုယ်များထဲတွင် အခြေတကျ ဝင်ရောက် နေထိုင်ကြသည်။ ထိုပိုးများ ထကြွ သောင်းကျန်း လာသည့်အခါတွင် သူတို့သည် အခြားသော ရောဂါများကို သယ်ဆောင်လက်ခံသည့် ကိုယ်စားလှယ်များ ဖြစ်လာကြသည်။

အနာကြီး ရောဂါသည် တစ်ဦး၏ ၁၀ မိနစ်ကြာ စကားတစ်ခွန်းသည် သူ့ ပတ်ဝန်းကျင်တွင် ရောဂါပိုး နှစ်သိန်းကို ပျံ့နှံ့စေနိုင်သည်ဟု အဆိုရှိသည်။ အတူအိပ်၊ အတူစား၊ အတူဝတ် စသည့် ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် အတူနေထိုင်ခြင်းသည် ရောဂါ ကူးစက်စေသည့် အကြောင်း ဖြစ်တတ်သည်။ ကုတ်ခြစ်မိရုံ စူးမိ ရှမိရုံကလေးဖြင့် ရောဂါပိုးတို့ အဖို့ သားကောင်သစ်ကို ကူးစက်စေရန် လုံလောက်နေလေပြီ။

သို့ရာတွင် ထိုမိုက်ကရုတ် ပိုးမွှားတို့သည် အလွန် ပျင်း၍ အလွန်လေးကန်သော သတ္တဝါများ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့ ရည်မှန်းချက်များကို စတင် တိုက်ခိုက်ဖို့ ဆိုသည်မှာ တော်တော်နှင့် အကောင်အထည်မပေါ်။ လပေါင်းများစွာ နှစ်ပေါင်းများစွာ ကြာသည့် အခါတွင်မှ သူတို့၏ ပထမဆုံး တိုက်စစ်ကို စတင် ဆင်နွှဲနိုင်သည်။ သူတို့ ရွေးချယ်သော ပစ်မှတ်များမှာ (လူ၏) အရေပြား၊ အာရုံကြော၊ နှာခေါင်း အမြှေးပါး၊ ပါးစပ်၊ မျက်လုံး၊ သရက်ရွက်နှင့် အသည်းတို့ ဖြစ်ကြသည်။

သို့ရာတွင် ထူးဆန်းသည်မှာ အရေပြားပေါ်တွင် မမြင်ဝံ့စရာ အနာကြီးများ ပေါ်လာခြင်းမှာ ထိုပိုးများကြောင့် မဟုတ်ပါ။ အာရုံ နှဗ်ကြောများကို တိုက်ခိုက်သည့် အခါတွင် အာရုံခံစားမှု အားလုံးကို သေသွားအောင် လုပ်လိုက်သည့် အတွက်သာ သူတို့တွင် တာဝန်ရှိပါသည်။ ဤတွင် ထိခိုက်မိခြင်း၊ မီးလောင်ခြင်း၊ ထိမိ ရှမိခြင်း စသည်တို့ကို မသိတော့ဘဲ ထုံသွားကာ ထို

ဒဏ်ရာများကြောင့် တဖြည်းဖြည်း လိုက်စားသွားပြီး နောက်ဆုံးတွင် ခြေလက်ငုံးတိ အဖြစ် ရောက်သွားရခြင်း ဖြစ်ပါသည်။

အိန္ဒိယပြည် တောင်ပိုင်းတွင်မူ ထိုရောဂါကို ကုသရာတွင် ရာစုနှစ်ပေါင်းများစွာ သုံးခဲ့သည့် အပင်ငယ် တစ်မျိုး ရှိသည်။ အပင်ကို လျော့မှုဂရာပင်ဟု ခေါ်ပြီး ထိုအပင်မှ အဆီ ထုတ်ယူ၍ ရောဂါကို ကုသခဲ့ကြသည်။ သို့ရာတွင် ၂၀ ရာစု အလယ်ပိုင်းတွင် ဆာလဖုန်း ဆေးကို တွေ့ရှိခြင်း၊ နောက်ပိုင်းတွင် ပဋိဇီဝ ဆေးများကို တွေ့ရှိလာခဲ့ခြင်းတို့ကြောင့် အနာကြီးရောဂါ ကုသရေးတွင် ကြီးကျယ်သော ပြောင်းလဲမှုကြီးများ ပေါ်ပေါက်လာခဲ့သည်။ အလွန် အခြေအနေ ဆိုးနေသည့် ရောဂါများမှ အပ ဆေးဝါးများကို နေ့စဉ် လအနည်းငယ်ကြာ မှီဝဲခြင်းဖြင့် ရောဂါများကို ဆုတ်သွားအောင် လုပ်နိုင်သည်။ အချို့ ကိစ္စများတွင် လုံးဝ ပျောက်ကင်းသွားအောင် လုပ်နိုင်လာခဲ့သည်။

ကုသသည့် စရိတ်စကမှာလည်း များစွာ သက်သာပါသည်။

'ကျွန်ုပ်အား အဏုမြူ ဗုံးကြီးလေးယာဉ် တစ်စင်းဖိုးလောက်သာ ငွေကြေး ထောက်ပံ့ပါ၊ ကမ္ဘာပေါ်မှ အနာကြီးရောဂါသည် ၁၅ သန်းကို ပျောက်ကင်းအောင် ကုသပေးပါမည်' ဟု အနာကြီး ရောဂါသည်တို့၏ မမောမပန်းနိုင်သော တမန်တော်ကြီး ဖြစ်သည့် ပြင်သစ်လူမျိုး ရောင်အီဖူလာရိုးက ပြောခဲ့သည်။

အနာကြီး ရောဂါသည်တို့ကို ကုသ ပေးရမည်။

အရက်မှ ဆည်းဆာ အထိ ကြောက်ဖွယ် အမှန်တရားကို ရင်ဆိုင်နေရသည့် ဆာရီဝတ် သီလရှင် အချို့ အဖို့ ထိုစိတ်ကူးသည် စိတ်ကူးယဉ်ဆန်သော အိပ်မက် ဖြစ်နေသည်။

အနိဋ္ဌာရုံကို ဆောင်သည့် လူတန်းကြီးသည် သူတို့ ဆေးကုသရေးစားပွဲရှေ့မှ တရွေ့ရွေ့ ဖြတ်သန်းသွားကြသည်။ ထို ဖရိုဖရဲ လူ့အပျက်အစီးပုံကြီးကို ပုံမှန် ပြန်ဖြစ်လာအောင် လုပ်ရမည်ဟု သူတို့ အားခဲထားကြသည်။

သီလရှင် ဆရာလေး ဗန်ဒိနာနှင့် သူ့ အဖော်များသည် လူနာ၏ အမည်၊ သူတို့ အနာစွဲကပ် နေရာတို့ကို ဖြစ်သလို လုပ်ထားသည့် အညွှန်းကတ်ပြားကလေးများပေါ်တွင် ရေးမှတ်ကြသည်။ လူနာတစ်ယောက် ပြန်လာ

တိုင်း သူကတ်ပြားကို ပြန်ကြည့်ကြသည်။ ထို့နောက် လျှင်မြန် ကျွမ်းကျင်သော လက်ချောင်းများဖြင့် ပတ်တီးများကို ဖြေကြသည်။ အနာကို လုပ်ကြသည်။ အိုင်အိုဒင်းဖြင့် ဆေးကြော သုတ်သင်ကြသည်။ ဂွမ်းကပ်၊ ပတ်တီးစတို့ဖြင့် အနာကို ပြန်၍ စည်းကြသည်။

တစ်ခါတစ်ရံတွင်လည်း ပိတ်မိနေသည့် အာရုံနဗ်ကြော တစ်ခုကို လွတ်ကင်းအောင် လုပ်ရန်အတွက် ပြည်တွေ တစိုစိုဖြင့် ရိုပုပ်နေသည့် အသားကို ခွဲစိတ်ဓားဖြင့် လှီးထုတ် ဖြတ်တောက် ပစ်ရသည်။ ဂင်ဂရင်း လိုက်နေသော အရိုး တစ်ချောင်းကို ဖြတ်တောက် ပစ်ရသည်။

တကယ်ကတော့ ထိုအလုပ်သည် ဘုရားစာကို နှုတ်မှ တဖွဖွရွတ်ရင်း လုပ်ရသည့် သားသတ်သမား အလုပ် ဖြစ်သည်။ ထိုကုသိုလ်ကြောင့် ဘဝများစွာ,ရှင်ပြန် ထမြောက်မည်ဟုသာ ယုံကြည်ခြင်း မရှိလျှင် ထိုအလုပ်မျိုးကို လုပ်နိုင်ဖွယ် မမြင်။

သူတို့ စားပွဲရှေ့တွင် တန်းစီနေသည့် လူတန်းထဲတွင် အနာအပဲ့တို့ မရှိသည့် လူများကိုလည်း တွေ့ရသည်။ သူတို့မှာ ဂင်္ဂါ မြစ်ကမ်းပေါ်ရှိ မေတ္တာ ခုတ်ခွဲခန်းမှ ကုသ ပေးလိုက်သဖြင့် မယုံနိုင်စရာ ရောဂါ ပျောက်ကင်းသွားသူများ ဖြစ်သည်။

ပူအိုက်သည့် ဧပြီလ တစ်မနက်၌ သူတို့ ဆေးခန်းရှေ့က လူတန်းထဲတွင် မမျှော်လင့်သော သဏ္ဌာန်တစ်ခုကို လှမ်း၍ မြင်လိုက်ရသည်။ ထိုသဏ္ဌာန်မှာ ဗာရာဏသီက သုဘရာဇာခေါင်း၏ သမီးငယ် ဖြစ်သည်။ အနန်ဒါသည် မိန်းမထိန်း လူမိုက်တို့လက်မှ ထွက်ပြေး လွတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။

[ ၇ ]

**တရုတ် မော်ဆရာ အတွက် အထူးအဆန်း ငါးခု။**
**လော့စ်အိန်ဂျလိစ်၊ အမေရိကန် ပြည်ထောင်စု။**
**၁၉၈၀ ပြည့်နှစ် ဆောင်းဦး – ၁၉၈၁ ခုနှစ် ဆောင်းရာသီ။**

သူ၏ ရုပ်သဏ္ဌာန်သည် ကာလီဖိုးနီးယား နယ်သားဟန် နည်းနည်း လေးမှ မရှိ။ သူ့ပါးများမှာ နှင်းဆီရောင် သမ်းနေကြသည်။ ကျယ်ပြန့် ပြောင်တင်း

သည့် နမူးပြင်ကို ခွေလိပ်နေသည့် ဆံပင်များက ဘောင်ခတ်ထားသည်။

ဒေါက်တာ မိုက်ကယ် ဂေါ့လီယက် ကဲ့သို့ပင် အသက် ၃၉ နှစ်ရှိ ဒေါက်တာ ဂျိုဝဲ ဝိုက်ဖ်မန်းသည်လည်း အရှေ့ဘက် ကမ်းခြေသို့ ပြောင်းရွှေ့လာခဲ့သူ ဖြစ်သည်။ သူ့အဖေသည် ကျောင်းဆရာ ဖြစ်ပြီး အဘိုးမှာ စက်လျှော်ပင်မင်းများကြောင့် စီးပွားပျက်သွားသည့် ပင်မင်း ဆိုင်ရှင်တစ်ယောက် ဖြစ်သည်။ သူသည်လည်း ဒေါက်တာ မိုက်ကယ်ကဲ့သို့ပင် နယူးဂျာစီနယ် နယူးဘရန်းစဝစ်မြို့က သားဖွားဆေးရုံတွင် မွေးဖွားလာခဲ့သူ ဖြစ်သည်။ ကံကြမ္မာသည် သူတို့နှစ်ယောက်ကို တွေ့ဆုံခွင့်ရအောင် ဖန်တီးပေးခြင်း မရှိသေး။

သူသည် အထွေထွေ ရောဂါကုဆရာဝန် တစ်ယောက်ဖြစ်ပြီး လော့စ်အိန်ဂျလိစ် ဆင်ခြေဖုံး ရှားမင်းအုတ် ရပ်ကွက်က ပန်းနုရောင် အဆောက်အအုံကြီး တစ်ခုတွင် ဆေးခန်းလေး တစ်ခန်း ဖွင့်ထားသည်။

မိုးပြာရောင် ဝတ်စုံကို ဝတ်ထားပြီး ယဉ်ကျေး သိမ်မွေ့သည့် ဒေါက်တာ ဝိုက်ဖ်မန်းသည် ရိုးသားသည်၊ ဆေးလိုက်သည်ဟု ထိုအနီးတစ်ဝိုက်တွင် နာမည်ကြီးသည်။ ငွေသန်လျင်းချိတ်ပင်များ၊ စိတ္တဇ သစ်ထွင်းပန်းချီများဖြင့် တန်ဆာဆင်ထားသည့် သူ့ဆေးခန်း သေးသေးကလေးသည် အမြဲပြည့်နေတတ်သည်။ သူ့ လူနာတွေကလည်း အမျိုးစုံသည်။ အဘိုးကြီးအဘွားကြီးတွေ၊ ကလေးငယ်တွေကို ရင်ခွင်ပိုက်ထားသည့် ကလေးအမေတွေ၊ တီရှပ်နှင့် ဘောင်းဘီပွကို ဝတ်ထားသည့် ဆယ်ကျော်သက်တွေ၊ သားရေနက်ကြီးတွေ ဖုံးထားသည့် နံရံကပ် ဆိုဖာကြီးတွေ ရှေ့က စားပွဲများပေါ်တွင် မျက်နှာဖုံး လုလုတွေဖြင့် ထုတ်ဝေသည့် နောက်ဆုံးထုတ် 'အာရောဂျ' စာစောင်တွေ ရှိသည်။

၁၉၈၀ ပြည့်နှစ် ဆောင်းဦးတုန်းက ထိုစာစောင်များထဲတွင် ကိုလက်စထရော ကျဆင်းရေးနှင့် ပတ်သက်သော ကုထုံးသစ်များ၊ စိတ်ညို့ပညာဖြင့် ဆေးလိပ် ဖြတ်နည်းများနှင့် အကိုက်အခဲ ပျောက်ရေးနှင့် ပတ်သက်သော စူးစမ်း လေ့လာမှုများကို ဖော်ပြသည့် ဆောင်းပါးတွေကို ထည့်နေချိန် ဖြစ်သည်။

'လူ့ဘဝမှာ တွေ့ရတဲ့ ရောဂါတွေကို ကျွန်တော် နေ့စဉ် တွေ့နေရတာပေါ့ဗျာ၊ ရောဂါကြီးတွေလည်း ပါတယ်၊ ရောဂါသေးတွေလည်း ပါတယ်၊ သွေးကြောကျဉ်းလို့ ဖြစ်တဲ့ သွေးတိုး ရောဂါ၊ ဆီးချို ရောဂါ၊ ဒူလာ ရောဂါ၊ အနာပေါက် ရောဂါ၊ အူမကြီး အမြေးရောင် ရောဂါ၊ လည်ချောင်း ရောဂါ

စသဖြင့် စုံနေတာပဲ၊ လူတွေ ရောဂါသက်သာသွားတာကို မြင်ရရင် ကျွန်တော် စိတ်ချမ်းသာတယ်၊ အများအားဖြင့်တော့ ပျောက်သွားကြတာပါပဲ၊ သေတဲ့လူနာ ရယ်လို့ မတွေ့ဖူးသေးဘူး။

'ပြီးတော့ ဖိမ ဆက်ဆံရာက ဖြစ်တဲ့ ရောဂါလို့ ဒီနေ့ သတ်မှတ်ထားတဲ့ ရောဂါမျိုးတွေကိုလည်း တွေ့ဖူးတာပဲ၊ ဒီလို ရပ်ကွက်မျိုးမှာ ဒီလို ရောဂါတွေ အဖြစ်များတယ်လေ၊ ဒီနေရာက မိန်းမလျာတွေ သိပ်ပေါတဲ့ နေရာ မဟုတ်လား'

ဒေါက်တာ ဝိုက်ဇ်မန်းက ပြောသည်။ ဒေါက်တာ ဝိုက်ဇ်မန်း ကိုယ်တိုင်မှာလည်း မိန်းမလျာ ဖြစ်သည်။ ထို့ကြောင့် သူ့ဆေးခန်းသည် ထိုသို့သော လူနာတွေကြားတွင် ရေပန်းစားနေခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

'ကျွန်တော်က သူတို့ကို အထင်သေးတာတို့ ဘာတို့ မရှိဘူးလေ၊ ကျွန်တော်နှင့်ဆိုရင် ဘာမှ လျှို့ဝှက်ထားရတာတို့၊ သိမ်ငယ်စိတ် ဝင်ရတာတို့ မရှိဘူး၊ ကျွန်တော့် အလုပ်ဟာ သူတို့ရောဂါကို ကုပေးဖို့ သက်သက်ဆိုတာကို သူတို့ သဘောပေါက်တယ်'

ယခုနှစ်များတွင် ဒေါက်တာ ဝိုက်ဇ်မန်း၏ လူနာများထဲတွင် မိန်းမလျာ ဦးရေ ပို၍ များလာခဲ့သည်။ ထိုသို့ မိန်းမလျာ လူနာဦးရေ များလာခြင်းမှာ သူ ဆေးလိုက်ခြင်းကြောင့်ချည်း မဟုတ်ကြောင်း၊ မိန်းမလျာများထဲတွင် ဖိမ ကိစ္စကြောင့် ရောဂါရသူဦးရေ များပြားလာခြင်းကြောင့် ဖြစ်ကြောင်းကို ဒေါက်တာ ဝိုက်ဇ်မန်း သဘောပေါက်သည်။

'၁၉၇၇ ခုနှစ်၊ ၁၉၇၈ ခုနှစ် တစ်ဝိုက်လောက်က စပြီး ကျွန်တော့်ဆီ လာတဲ့ လူငယ်လူရွယ် လူနာတွေကို ကြည့်လိုက်၊ တော်တော်များများမှာ အဖျားကြီးတာ၊ ညမှာ ချွေးတွေ သိပ်ထွက်တာ၊ ဝမ်းလျှောတာ၊ ကပ်ပါးမွှားကြောင့် ရောဂါ ဖြစ်တာတွေကို သွားတွေ့ရတယ်။

'အထူးသဖြင့် လည်ပင်းတို့၊ ချိုင်းကြားတို့၊ ပေါင်ခြံတို့မှာ အကျိတ်တွေ ရောင်နေတာကို တွေ့ရတယ်၊ အကျိတ်တွေကလည်း နည်းတာ မဟုတ်ဘူး၊ နို့ဥလောက် ရှိတယ်၊ ဒီလို အကျိတ်တွေ ရောင်တာဟာ ကိုယ်ခံအား ကျဆင်းလို့ ဖြစ်တယ်လို့ ယူဆစရာ အထောက်အထားတွေကို တွေ့နေရတယ်၊ အစမှာတော့ ကင်ဆာလား၊ သွေးကင်ဆာလားလို့ ကျွန်တော် သံသယ ဖြစ်တာ

ပေါ့၊ ဒါနှင့် အသားစကို ထုတ်ပြီး ဘိုင်အိုစီ လုပ်ကြည့်တော့ အန္တရာယ် မရှိဆိုတဲ့ မှတ်ချက်နှင့် ပြန်လာတယ်၊ ဒါပေမယ့် တချို့ ကေ့စ်တွေက သာမန်ကာလျှံကာ မဟုတ်ဘူးဆိုတာ တွေ့ရတယ်၊ မိုနိုဈုကြလာ ရိုးဆစ်လို့ ခေါ်တဲ့ သွေးထဲမှာ လူတိုဆိုက်တွေ များနေတဲ့ ရောဂါ၊ အသည်းရောင် အသားဝါရောဂါ၊ တချို့ တော်တော်များများက ရေယုန်၊ တချို့က ကာလသား ရောဂါတွေ ဖြစ်နေတယ်၊ ဒါပေမယ့် ဘုရားတရား မ လို့လား မသိဘူး၊ ခုထိ ဒီ ဗိုင်းရပ်စ်ပိုးတွေဟာ လူတစ်ယောက်ကိုမှ မသတ်သေးဘူးဗျ၊ ထိုက်သင့်တဲ့ ကုသမှုကို ခံလိုက်ရင် ရောဂါ လက္ခဏာချက်တွေ ပျောက်သွားတယ်၊ တချို့သာ အကျိတ်ကြီးတွေ ပြန်မဝင်ဘဲ ကျန်ရစ်ခဲ့တယ်၊ သူတို့ကတော့ အဲဒီ အကျိတ်ကြီးတွေနှင့်ပဲ နေရတော့တာပေါ့'

၁၉၈၀ ပြည့်နှစ် အောက်တိုဘာလ တစ်မနက်တွင် ဒေါက်တာ ဝိုက်ဖ်မန်း၏ ဆေးခန်းသို့ လူနာ တစ်ယောက် ရောက်လာသည်။ ထိုလူနာမှာ ဟောလိဝုဒ် အနောက်ပိုင်းမှ ဆံပင် အလှပြင်သူ တစ်ဦး ဖြစ်သည်။ ထိုလူနာကြောင့် ဒေါက်တာ ဝိုက်ဖ်မန်း၏ ခပ်ပေါ့ပေါ့ သဘောထားသည် ပြောင်းသွားသည်။

လူငယ် မိန်းမလျာမှာ အသက် ၂၅ နှစ်လောက် ရှိပြီ။ ယခင်က ဘာရောဂါမှ မရှိ။ ယခု အရေပြား၊ နှာခေါင်း၊ အမြေးပါးနှင့် လက်သည်းတို့တွင် ရောဂါပိုး ဝင်နေသည်။

ဟက်တက် ဒဏ်ရာ တစ်ခုမှ လွဲ၍ အခြား ဘာမှ မရှိ ဟု ဒေါက်တာ ဝိုက်ဖ်မန်းက ကတ်ပြားတွင် မှတ်ချက် ရေးသည်။ သူ့ ဒဏ်ရာသည် ထိုမျှ ရောဂါပိုး ဝင်စရာ အကြောင်း မရှိ။ ဒေါက်တာ ဝိုက်ဖ်မန်းသည် မကျေမနပ် ဖြစ်ကာ တယ်လီဖုန်းကို ကောက်ကိုင်ပြီး နံပါတ် တစ်ခုကို လှည့်သည်။ သူ့ လူနာကို ကုသပေးနိုင်မည့် သူမှာ ထိုလူ တစ်ဦးတည်းသာ ရှိသည် ဟု ဒေါက်တာ ဝိုက်ဖ်မန်း ယူဆသည်။

လော့စ်အိန်ဂျလိစ်က ဆေးလောကတွင် သူ့ကို 'ဆရာဝန်တို့၏ ဆရာ' ဟု ခေါ်စမှတ် ပြုကြသည်။ သူ့အမည်ရင်းမှာ ပိန်တင်ဖန်း ဖြစ်သည်။ အသက် ၃၅ နှစ်ရှိ၍ မျက်မှန်ကလေး တဝင်းဝင်းနှင့် တရုတ်လူမျိုး ဒေါက်တာ ပိန်ဖန်းသည် ပျော်ပျော် နေတတ်သူ ဖြစ်သည်။ သူသည် စင်ကာပူပေါက် တရုတ်

ဖြစ်ပြီး ၁၉၄၅ ခုနှစ် စင်ကာပူရှိ ဂျပန် မြို့စောင့်တပ်က ဗိုလ်ချုပ် မောင့်ဘက် တန်ထံ လက်နက်ချသည့် နေ့တွင် မွေးသည်။

ဒေါက်တာ ပိန်ဖန်းသည် ယခင်က တစ်ခါမျှ မရှိဖူးသေးသော ရောဂါ၊ ယုတ္တိဗေဒ ဟူသမျှကို ဆန့်ကျင်သော ရောဂါ၊ ခွဲခြမ်း စိတ်ဖြာ၍ မရသော ရောဂါ၊ စဉ်းစား ဆင်ခြင်ဉာဏ်ဖြင့် ရှာဖွေ၍ မရသော ရောဂါ၊ ရှုပ်ထွေး ခက်ခဲဆုံး ရောဂါ မှန်သမျှကို ရှင်းလင်း ရှာဖွေနိုင်သည်ဟု နာမည်ကြီးသည်။ နက်မှောင် ထူထဲ၍ အမြဲတမ်း ဖရိုဖရဲ ဖြစ်နေသော သူ့ ဆံပင်များသည် ရောဂါ အမည်တို့ကို ဖော်တတ်သော သူ၏ မှော်ဆရာ ဦးနှောက်ကို ဖုံးကွယ်ထားကြသည်။ သူ့လို ရောဂါ အမျိုးအမည်တို့ကို သူ ခွဲခြားပြသည့် နည်းမျိုးဖြင့် မည်သူမျှ မခွဲခြားတတ်ပေ။ မထင်မှတ်သော သဲလွန်စမျိုးကို သူ ခြေရာကောက်သည့် နည်းမျိုးဖြင့် မည်သူမျှ ခြေရာ မကောက်တတ်။

တစ်ခါတွင် လော့စ်အိန်ဂျလိစ်ရှိ နာမည်ကြီး ဆေးရုံကြီး တစ်ခု၌ အမျိုးသမီး လူနာတစ်ယောက်ကို ဦးနှောက် ဓာတ်မှန် ရိုက်ကြည့်သည်။ ဓာတ်မှန် ရိုက်အပြီးတွင် ထိုအမျိုးသမီး သတိ မေ့မြောသွားသည်။ ဤတွင် ဆရာဝန် စုံထောက် ဒေါက်တာ ပိန်ဖန်းသည် သတိမေ့မြောရသည့် အကြောင်းရင်းကို ရှာတွေ့ကာ ထိုအမျိုးသမီး၏ အသက်ကို ကယ်လိုက်သည်။ မေ့မြောသွားရခြင်းမှာ အခြားကြောင့်မဟုတ်။ ဖြစ်တောင့်ဖြစ်ခဲ၍ သေလောက်အောင် ဓာတ် မတည့်မှု (အယ်လာဂျီ) ကြောင့် ဖြစ်သည်။ သူ၏ ဦးခေါင်းခွံကို ဓာတ်မှန်ပေါ်တွင် ထင်ထင်ရှားရှား မြင်ရအောင် ဆေးတစ်မျိုးကို ထိုးလိုက်ရာ ထိုဆေးနှင့် မတည့်၍ မေ့မြောသွားခြင်း ဖြစ်သည်။

ရာဘာခြံ ပိုင်ရှင်တစ်ယောက်၏ သားဖြစ်သည့် ဒေါက်တာ ပိန်ဖန်း၏ ကံကြမ္မာကလည်း ဆန်းကြယ်သည်။ သူက ဒဿနဗေဒကို စိတ်ဝင်စားသည်။ အောက်စဖို့ တက္ကသိုလ်မှ စကောလားရှစ် ရသော်လည်း ဥရောပသို့ မသွားဘဲ ကနေဒါသို့ လာပြီး ဆေးပညာ သင်သည်။ ဝင်နီပက်တွင် ခြောက်နှစ် နေခဲ့ပြီးနောက် အအေးဒဏ်ကို တစ်သက်လုံး ကြောက်သွားကာ အသက် ၂၅ နှစ်တွင် အမ်ဒီဘွဲ့ အသစ်စက်စက်ကို ကိုင်ပြီး ကာလီဖိုးနီးယား နေရောင်အောက်တွင် လာ၍ ခိုလှုံသူ ဖြစ်သည်။

သူသည် အဖွဲ့ဝင် တပ်တောင်တာ ဗိုလ်ထုနှင့် ချိ၍ရှိသော ရောဂါကို အထူးပြု လေ့လာရန် ရွေးချယ်လိုက်သည်။ ထိုရောဂါမှာ အဆစ်အမြစ်ကိုက် ရောဂါဖြစ်သည်။ အဆစ်အမြစ်ရောင် ရောဂါဗေဒသည် အဆစ်အမြစ်များနှင့်

သွေးအိတ်များ ရောင်ရမ်းခြင်းကို လေ့လာကုသသည့် ပညာရပ် ဖြစ်သည်။

တစ်ခါတစ်ရံတွင် ကိုယ်ခံအား စနစ် ဖောက်လွဲဖောက်ပြန် ဖြစ်ရာမှ အခပြုသည့် ရောဂါများကို လေ့လာသည့် ပညာရပ် ဖြစ်သည်။ ထိုပညာရပ်သည် ယခုမှ မြီးကောင်ပေါက် အဆင့်တွင် ရှိသေးသော်လည်း နေ့စဉ် အသစ်တွေ့ရှိချက်များဖြင့် တရိပ်ရိပ် ကြီးထွားလာနေသည်။

ဒေါက်တာ ပိန်ဖန်း ၁၉၇၅ ခုနှစ်မှ စ၍ ကာလီဖိုးနီးယား ဆေးကောလိပ်နှင့် တွဲထားသော ဝတ်ဆွာ့ဆေးရုံတွင် အဆစ်အမြစ်ယောင် ရောဂါဗေဒ ပို့ချပေးနေသည်။

သောကြာနေ့ ညနေတိုင်း 'ဆရာဝန်တို့၏ ဆရာဝန်' သည် ထုံးတမ်းစဉ်လာ ရောဂါ ခွဲခြမ်း စိတ်ဖြာနည်းဖြင့် ခွဲခြား၍ မရသော ရောဂါများကို ရှာဖွေ လက်ခံ ညှိနှိုင်းနေတတ်သည်။

'တစ်နေ့တော့ ဝိုက်ဖ်မန်းက ခြေထောက်နှင့် လက်တွေမှာ သွေးအိတ်တွေ ရောင်ရမ်း ဖောင်းကြွနေတဲ့ လူနာတစ်ယောက်ကို ပို့လိုက်တယ်ဗျ၊ သူ့ကစ်ကိုယ်လုံးကလည်း ရေနွေး ဆူဆူထဲမှာ ပြုတ်ထားတဲ့ ပုဇွန်တုပ်ကြီးရဲ့ အရောင်လို နီရဲနေတယ်၊ ပါးစပ်ကလည်း အံမယ်လေး အဘလေးနှင့် အော်နေတာပဲ၊ ကျွန်တော်က အီရိုက်သရို မီလာဂျီးယား (Erythromelagia) လို့ ကောက်ချက် ချလိုက်တယ်။

'အီရိုက်သရို မီလာဂျီးယား ဆိုတာ အက်စပရင် တိုက်လိုက်ရင် ပျောက်သွားနိုင်တဲ့ ရောဂါ၊ ဒါပေမယ့် တော်တော်တော့ ရှားတယ်'

တရုတ် မော်ဆရာ ဒေါက်တာ ပိန်ဖန်းသည် ဆံပင်အလုပြင် ဆိုင်ရှင်ကို စစ်ဆေးကြည့်သည်။ ထိုသို့သော ပဟေဠိမျိုးကို တစ်ခါမှ မတွေ့ဖူးသေး ဟု သူ ဝန်ခံသည်။

'တကယ့် လျှို့ဝှက်ဆန်းကြယ် ဝတ္ထုပဲဗျ၊ အဲဖရက် ဟစ်ချ်ကော့သာ ဆိုရင် ဘယ်လောက် ရုပ်ရှင် ရိုက်ချင်လိုက်မလဲ မသိဘူး၊ ဒီလူနာဟာ အရင်တုန်းက ကိုယ်ခံအား ကျဆင်းတာမျိုးတို့ ဘာတို့ ဘာမှ မရှိခဲ့ဖူးဘူး၊ ခုမှ ရုတ်တရက် ချက်ချင်း ဘာဖြစ်လို့ ကိုယ်ခံအား ကျဆင်းသွားရတာလဲ'

ဒေါက်တာ ပိန်ဖန်းသည် လူနာကို အပြန်ပြန် အလှန်လှန် စမ်းသပ်သည်။ စစ်ဆေးသည်။ သဲလွန်စ တစ်စမျှ မလွတ်စေရ။ သံသယလေး

ခိုးစဉ်းမျှ မကျန်စေရ။ ထင်ကြေးကလေး တစ်ချက်မျှ မဟာစေရ။ သူ စ၍ အလုပ်လုပ်နိုင်မည့် သတင်း အချက်အလက်ကလေးများ ရလိုရငြား လူနာကို ပုလိပ်စစ် စစ်သည်။ အတိတ်ကို မေးသည်။ ရှေးတရုတ် တိုင်းရင်းဆေးပညာ ကျမ်းပါမကျန် ရှိသမျှသော ဆေးပညာကျမ်းများကို မွှေနှောက်ရှာသည်။ လူသိနည်းသည့် ရောဂါများထဲတွင် တရားခံကို လိုက်ရှာသည်။ အက်ကရို ဒမာတိုက်တစ်စ် အင်သရိုပါသီကား (Acrodermatitis Enteropathica) စသည့် ရောဂါမျိုးက အစ စဉ်းစားသည်။

ထိုရောဂါ လက္ခဏာချက်မှာ နှာခေါင်း အမြေးပါးနှင့် လက်သည်းတို့တွင် ရောဂါပိုး ဝင်ခြင်းဖြစ်သည်။ အလားတူပင် ကိုယ်ခံအား ကျဆင်းမှုကို ဖြစ်စေသည်။ တစ်ခါတစ်ရံ ခန္ဓာကိုယ်ထဲတွင် သွပ်ဓာတ် အကြီးအကျယ် လျော့နည်းနေလျှင်လည်း ဖြစ်တတ်သည်။ ထို့ကြောင့် ဒေါက်တာ ပိန်ဖန်းသည် လူနာ၏ ဆံပင်အချို့ကို နုတ်ယူပြီး ဓာတ်ခွဲကြည့်သည်။ ဘာမျှမရှိ။ သွပ်ဓာတ် ပါဝင်နှုန်းမှာ ပုံမှန်။ ကုထုံးသစ် အမျိုးမျိုးကို တီထွင်၍ စမ်းသပ်ကြည့်သည်။ ကော်တီဆုန်း ကျွေးသည်။ ကိုယ်ခံအား စနစ်ကို ထက်သန်စေသည့် ဆေးများကို ကျွေးသည်။ ထိုးသည်။ သုံးပတ်လုံးလုံး ဖွဲ့နပ်ဖြင့် တိုက်စစ်ဆင် ပြီးသည့်အခါ၌ တရုတ်မှော်ဆရာ လက်လျှော့ကြောင်း ဝန်ခံသည်။

ထိုစဉ် အခြေအနေကို ပြောင်းပြန် လှန်ပစ်လိုက်သည့် အဖြစ်အပျက် တစ်ခု ပေါ်လာသည်။ ယင်းမှာ အလားတူ လက္ခဏာချက်များဖြင့် လူနာ တစ်ဦး ဒေါက်တာ ဝိုက်ဒ်မန်း၏ ဆေးခန်းသို့ ရောက်လာခြင်း ဖြစ်သည်။ လူနာမှာ ဟောလိဝုဒ်မှ ကြော်ငြာ ကိုယ်စားလှယ် လူငယ်တစ်ဦး ဖြစ်သည်။ သူလည်း မိန်းမလျာ တစ်ဦး ဖြစ်သည်။ ယခင် ဘာရောဂါမျှ မဖြစ်စဘူး။ ယခင် ဆေးမှတ်တမ်း မရှိ။ ဤတွင် သူတို့ လူနာများ ခံစားနေရသည့် န့်ျမိုးနီးယား ရောဂါမှာ န့်ျမိုဆိုက်စတစ် န့်ျမိုးနီးယားရောဂါ ဖြစ်ကြောင်း ဒေါက်တာ ဝိုက်ဒ်မန်းနှင့် ဒေါက်တာ ပိန်ဖန်းတို့ တွေ့လာခဲ့ကြသည်။

ထိုရောဂါမှာ အလွန် ရှားပါးသည့် ကပ်ပါး ရောဂါပိုး တစ်မျိုး အဆုတ်တွင် ကျရောက် ကူးစက်သဖြင့် ဖြစ်သော ရောဂါ ဖြစ်သည်။

အခန်း နံပါတ် ၅၁၆ တွင် သူတို့၏ လုပ်ဖော်ကိုင်ဖက် ဒေါက်တာ မိုက်ကယ် ရှာတွေ့သည့် ရောဂါမှာလည်း ထိုရောဂါ ဖြစ်သည်။

လက္ခဏာတူ အဖြစ်အပျက် သုံးခု၏ သတင်းသည် ဆေးပညာ လောကတွင် တောမီးလို ပျံ့နှံ့သွားသည်။

'တော်တော်တော့ ဖြစ်ခဲ့တဲ့ ကိစ္စပဲဗျာ' ဟု ဒေါက်တာ ပိန်ဖန်းက ပြောသည်။

'တစ်လလောက်အတွင်းမှာ တစ်မြို့တည်းမှာ နေတဲ့ လူငယ်သုံးယောက် အလွန် ရှားပါးတဲ့ ရောဂါတစ်မျိုးတည်း လာပြီး ပြိုင်တူ ဖြစ်နေတယ်၊ အဲဒီ အဖြစ်အပျက် သုံးခုစလုံးမှာလည်း ဘာကြောင့် ဖြစ်သလဲ ဆိုတာ အကြောင်း ရှာလို့ မရဘဲ ဖြစ်နေတယ်'

ဒေါက်တာ ပိန်ဖန်းနှင့် ဒေါက်တာ ဝိုက်ဇ်မန်းတို့သည် ဒေါက်တာ မိုက်ကယ်နှင့် အဆက်အသွယ် ယူကြသည်။

'တရုတ် မှော်ဆရာက သူလည်း ကျွန်တော့်လိုပဲ ဘာမှန်းမသိဘဲ ဖြစ်နေတယ်တဲ့၊ ဒါကိုထောက်ရင် ကျွန်တော်တို့ လက်ထဲမှာ ပြဿနာ တစ်ခု တော့ ရောက်နေပြီဆိုတာ ထင်ရှားနေပြီလေ' ဟု ကိုယ်ခံအားဗေဒ ပညာရှင် မိုက်ကယ်က ပြောသည်။

ဆရာဝန် သုံးယောက်သည် လူနာ သုံးဦးအား ကာလီဖိုးနီးယား တက္ကသိုလ် ဆေးရုံတွင် ပြန်စုရန် ဆုံးဖြတ်လိုက်ကြသည်။

'၁၉၈၁ ခုနှစ်ဆန်းမှာ နျူမိုဆိုက်စတစ် နျူမိုးနီးယား ရောဂါနှင့် နောက်တစ်ဦး ရောက်လာပြန်တယ်ဗျ၊ စတုတ္ထဆိုပါတော့၊ ခု လူနာက လူမည်း ထဲက လိင်တူဆက်ဆံသူ၊ မကြာပါဘူးဗျာ၊ ပဥ္စမတစ်ဦး ရောက်လာတာပါပဲ၊ ကြည့်ရတာ ကူးစက် ရောဂါလိုလို ဘာလိုလိုနှင့်'

ဒေါက်တာ မိုက်ကယ်က ပြောသည်။

'ရောဂါကတော့ လိဂျင်းနဲ့ယား ရောဂါထက် ဆိုးမယ့် ပလိပ်ရောဂါ တစ်မျိုးပဲလို့ ကျွန်တော် စိတ်ထဲမှာ ထင်နေတယ်၊ အမေရိကန် တစ်ပြည်လုံးမှာ ရှိတဲ့ ဆရာဝန်တွေကို တပ်လှန့် သတိပေးတော့မှ ဖြစ်တော့မယ်'

[၁၉၇၆ ခုနှစ်တုန်းက ဖီလာဒဲလ်ဖီးယား ဟိုတယ် တစ်ခုတွင် အမေရိကန်မှ စစ်ပြန်များ၏ အစည်းအဝေး တစ်ခု ပြုလုပ်ခဲ့သည်။ တက်ရောက်သူ ၂၁၈၉ ယောက် တို့မှာ ထူးဆန်းသည့် နျူမိုးနီးယား ရောဂါ တစ်မျိုး ခွဲကပ်ခဲ့ကြသည်။ ယင်းတို့ အနက် ၂၉ ယောက်မှာ ထိုရောဂါဖြင့် သေဆုံးသွားခဲ့ကြသည်။]

[ ၈ ]

**မိန်းမလျှာ လွတ်မြောက်ရေး အရေးတော်ပုံ။**

**ဆန်ဖရန်စစ္စကို၊ နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၀ ပြည့်နှစ် ဆောင်းဦး။**

ထိုအကြောင်းကို အမေရိကန် ပြည်ထောင်စုကလည်း မသိသေး။ ကမ္ဘာကြီးကလည်း မသိသေး။ သို့ရာတွင် ပွဲကမူ ပြီးသွားပြီ။

၁၉၈၀ ပြည့်နှစ် အကုန်က အမေရိကန် မိန်းမလျှာလူငယ် ငါးယောက်ကို စွဲကပ်ခဲ့သည့် အမျိုးအမည်မသိ ရောဂါသည် ခေတ်ကြီးတစ်ခေတ် ဒီဝိန်ချုပ်ခါနီး အသုဘ ခေါင်းလောင်းကို ထိုးနေလေပြီ။

ထိုခေတ်ကြီးသည် လှုပ်ရှားမှုကြီးတွေ၊ အရေးတော်ပုံကြီးတွေ ပေါ်ပေါက်ရာ ထိတ်လန့်ဖွယ် ပြင်းထန်စွာ ပေါက်ကွဲသည့် ခေတ်ကြီး ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်များ ကြားတွင် သန်းပေါင်းများစွာသော လူမည်းများ၊ အမျိုးသမီးများ၊ လူငယ်များ၊ ယောကျ်ားလျှာများနှင့် မိန်းမလျှာ လူငယ်များသည် သူတို့၏ တန်းတူ ညီမျှခွင့် အတွက် တိုက်ခိုက် လှုပ်ရှားခဲ့ကြသည်။

ကမ္ဘာ၏ အကြီးဆုံး ဒီမိုကရေစီ နိုင်ငံဆိုသည့် နေရာတွင် အခွင့်အရေးဆိုသည်မှာ စကားအရာမျှ သာမက တကယ် အနှစ်သာရ ရှိသော အရာဖြစ်ကြောင်းကို ပြရန် တောင်းဆို တိုက်ပွဲ ဝင်ခဲ့ကြသည်။ ထိုနှစ်ကာလများအတွင်း ပေါ်ပေါက်ခဲ့သည့် လွတ်မြောက်ရေး လှုပ်ရှားမှုများ အားလုံးအနက် ‘လိင်ဆက်ဆံမှု တော်လှန်ရေး’ ဟု ခေါ်သော အရာလောက် အမေရိကန် လူ့အဖွဲ့အစည်းကို ဂယက် ထစေသော လှုပ်ရှားမှုမျိုး ဆို၍ တစ်ခုမျှ မရှိ။ ထိုတော်လှန်ရေး ပေါ်ပေါက်ရသည့် အကြောင်းရင်းများကို လူမှုသိပ္ပံ ပညာရှင်များက နောင်တွင် ရှုးစမ်း ရှာဖွေ လာကြကောင်း လာကြမည်။

သို့ရာတွင် ဒုတိယကမ္ဘာစစ် အပြီး၌ ထုံးတမ်းစဉ်လာ အိမ်ထောင်ရေး ကျင့်ဝတ် တန်ဖိုးများ ပျက်ပြားလာခြင်း၊ တစ်လင် တစ်မယား စနစ်ကို ခေတ်တိမ်သည်ဟု ယူဆလာကြခြင်း၊ ပင်နီဆလင် တန်ခိုးဖြင့် ကာလသားရောဂါ

ကို အောင်နိုင်ခဲ့ခြင်း၊ အမျိုးသမီးများက ပဋိသန္ဓေ တားဆေးများကို ကျယ်ကျယ်ပြန့်ပြန့် သုံးလာကြခြင်း စသည့် အကြောင်းများသည် လိင်လွတ်မြောက်ရေး လှုပ်ရှားမှု ပေါ်လာရခြင်း၏ အကြောင်းရင်းများ ဖြစ်သည်မှာ နည်းနည်းမျှ ယုံမှားဖွယ် မရှိ။

ထိုလွတ်မြောက်ရေး လှုပ်ရှားမှုတွင် အထူးခြားဆုံးမှာ အမေရိကန်မိန်းမလျာနှင့် ယောက်ျားလျာထဲမှ ၁၇ သန်းမျှ ရှိသော အမျိုးသား၊ အမျိုးသမီးတို့ အိမ်တွင်းပုန်း ဘဝမှ ထွက်လာကာ သူတို့၏ ကွဲလွဲချက်၊ သူတို့၏ ဆန္ဒကို ရဲရဲတင်းတင်း ထုတ်ဖော် လာခဲ့ကြခြင်း ဖြစ်သည်။ အမေရိကန် လူ့အဖွဲ့အစည်းသည် မိန်းမနှင့် ယောက်ျားတို့၏ အချစ်၊ လက်ထပ်ထိမ်းမြားမှုနှင့် အိမ်ထောင်ရေးကို လက်ခံ တန်ဖိုးထားသည့် ပျူရီတန် လူ့အဖွဲ့အစည်း ဖြစ်သည်။

အမေရိကန်ပြည်တွင် မိန်းမလျာ၊ ယောက်ျားလျာ လူနည်းစု အသိုက်အဝန်းသည် သမိုင်း တစ်လျှောက်လုံး အနှိမ်ခံခဲ့ရသည်။ ဝိုင်းပယ်ခံခဲ့ရသည်။ လွတ်လပ်စွာ မိန်းမလျာ ဖြစ်ပိုင်ခွင့်ကို တောင်းဆိုသည့် နိုင်ငံရေး လှုပ်ရှားမှု ဘစ်ရပ် ပေါ်ပေါက်လာခြင်းသည် သမိုင်းတွင် ယခင်က တစ်ခါမျှ မရှိခဲ့ဖူးသေးသော အဖြစ်အပျက် တစ်ရပ် ဖြစ်သည်။

အမေရိကန် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ရေးဆွဲခဲ့ကြသည့် ခေါင်းဆောင်ကြီးများသည် လူ၏ ပုဂ္ဂလိက လွတ်လပ်ခွင့်ကို ဦးစားပေး ရေးဆွဲခဲ့ကြသည် မှန်သော်လည်း တစ်နေ့တွင် အမျိုး၊ ဘာသာ၊ စကား စသည်တို့ အခြေခံပေါ်တွင် မဟုတ်ဘဲ လိင်ရွေးချယ်မှု အရ အင်အားစု တစ်စု ဖြစ်လာမည့် လူနည်းစု တစ်ခုအား အကာအကွယ် ပေးသော ဥပဒေများ ဖြစ်လာလိမ့်မည်ဟု တွေးသိခဲ့ကြမည် မဟုတ်။

ထို လှုပ်ရှားမှုကြီးသည် ၁၉၆၉ ခုနှစ် ဇွန်လ ၂၉ ရက် ပူအိုက်သည့် နွေတစ်ညက နယူးယောက် ဂရင်းဝစ် ရပ်ကွက်ရှိ ကဖေး တစ်ခုထဲတွင် သန္ဓေတည်ခဲ့ခြင်း ဖြစ်သည်။ ထိုညက 'ကျောက်တံတိုင်း စားမြိန်ရိပ်သာ' သည် လာနေကျ ဖောက်သည်များ ဖြစ်သည့် မိန်းမလျာများ၊ ယောက်ျားလျာများ၊ အနုပညာရှင်များ၊ ဥဘတောဇျည်းများဖြင့် ပြည့်နှက်နေသည်။ ထိုစဉ် ရဲတပ်စု တစ်စု ဖြန်းခနဲ ရောက်လာကာ သူတို့ကို ဆိုင်ထဲမှ မောင်းထုတ်သည်။ ဤတခါကြိမ်တွင်မူ ပြည်သူ့ စာရိတ္တ၏ ကိုယ်စားလှယ်ကြီးများ ဖြစ်သော ရဲတို့သည် သူတို့ မျှော်လင့်ထားသော တုံ့ပြန် ကြိုဆိုမှုမျိုးကို မတွေ့ရ။ ခါတိုင်း

ရဲတို့လာလျှင် ဆိုင်ထဲရှိ လူများသည် လွတ်ရာ ကျွတ်ရာသို့ ထွက်ပြေးကြသည်။ ယခု တစ်ကြိမ်တွင်မူ ဆိုင်ထဲရှိ ဖောက်သည်တို့သည် ရဲတို့ကို ပုလင်းခွံများ တွေ့ရာ ပစ္စည်းများဖြင့် ပစ်ပေါက် ခုခံကြသည်။

တရား ဥပဒေနှင့် ငြိမ်ဝပ် ပိပြားရေးကို ထိန်းသိမ်းသည့် ရဲတို့ ပြန်လည် ဆုတ်ခွာသွားသည့် အခါ၌ ဆိုင်ပြင်တွင် ရှိသည့် မိန်းမလျာများက ရဲကားများကို မီးတင် ရှို့ကြပြန်သည်။ နောက်တစ်နေ့ည အခြား တစ်နေရာတွင် ရဲတို့သည် ထိုအဖြစ်မျိုးနှင့် ကြုံရပြန်သည်။ ဂရင်းဝစ် ရပ်ကွက်ရှိ နံရံများပေါ်တွင်လည်း တော်လှန်သော မိန်းမလျာ လှုပ်ရှားမှု တစ်ခု ပေါ်ပေါက်လာကြောင်း ရေးထားသည့် ပိုစတာတွေ ဖွေးဖွေးလှုပ်မျှ ပေါ်လာခဲ့ကြသည်။

နောက်ထပ် နှစ်ညဆက်တိုက် အဓိကရုဏ်း ဖြစ်သည့် အခါတွင်မူ ထိုလှုပ်ရှားမှု တကယ်အမှန် တည်ရှိသည့် အချက်မှာ ထင်ရှား သွားလေပြီ။ ထိုသတင်းသည် အမေရိကန် ပြည်ထောင်စုတွင် တောမီးလို ပျံ့နှံ့သွားသည်။

တက္ကသိုလ် ပရိဝုဏ်များ၊ အရက်ဆိုင်များ၊ ကလပ်များ၊ မြို့ကြီးများရှိ မိန်းမလျာ ရပ်ကွက်များသို့လည်း ပျံ့သွားသည်။ ထိုမှမက သူတို့၏ မိန်းမလျာ ဘဝ၊ ယောကျ်ားလျာ ဘဝကို ဖုံးဖိ ထားခဲ့ကြသည့် ရုံးများနှင့် စက်ရုံများမှ အမျိုးသား၊ အမျိုးသမီးများထံသို့လည်း ပျံ့နှံ့သွားသည်။

ထိုလှုပ်ရှားမှုသစ်၏ ခေါင်းဆောင်များက ထုတ်ပြန် ကြေညာလိုက်သော ပေါ်လစီ၏ ပထမဆုံး အချက်မှာ မိန်းမလျာများနှင့် ယောကျ်ားလျာများ အားလုံး အိမ်တွင်းပုန်း ဘဝမှ ထွက်လာကာ မိမိတို့၏ လိင်ဓာတ်ကို အတိအလင်း ထုတ်ဖော်ရန် ဆော်ဩလိုက်ခြင်း ဖြစ်သည်။ ထိုဆော်ဩချက်ကို ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန် လာခဲ့ကြသည်။ အထူးသဖြင့် လူငယ်များက ပို၍ ထက်သန်စွာ တုံ့ပြန်ကြသည်။ သို့ဖြင့် ၇၀ ပြည့်လွန်ကာလ နှစ်များ အတွင်း၌ အမေရိကန်ပြည် အလယ်ပိုင်းရှိ မြို့များ၊ ရွာများရှိ မိန်းမလျာ ယောကျ်ားလျာများသည် နယူးယောက်၊ လော့စ်အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကို၊ ရှီကာဂို၊ ဘော်စတွန်၊ အတ္တလန်တာ၊ ဟူစတန် စသည့် မြို့ကြီးများသို့ ဒီရေတက်သကဲ့သို့ အစုလိုက် အအုံလိုက် ပြောင်းရွှေ့ လာခဲ့ကြသည်။

ထိုသံလိုက် ဝင်ရိုးစွန်းများတွင် သူတို့ကို အဆွဲဆောင်ဆုံးသော နေရာမှာ တစ်ခေတ် ရွှေရှာထချိန်က ရွှေမြို့တော် ဖြစ်ခဲ့သည့် ဆန်ဖရန်စစ္စကို ဖြစ်သည်။ ဆန်ဖရန်စစ္စကိုသည် သမားရိုးကျ လူ့အဖွဲ့အစည်းက အနည်းနှင့် အများ ဝိုင်းပယ်ထားသည့် အသိုက်အဝန်းမျိုးကို သည်းခံ ခွင့်လွှတ်တတ်သော

နေရာ ဖြစ်သည်။ ဆန်ဖရန်စစ္စကိုသည် ရွှေတူးသမားများ၏ ဇရုတ်ဇရက် ကာလကြီး ပြီးသည့်နောက်တွင် အနောက်ဘက် ကမ်းခြေ၌ အရေးအကြီးဆုံးသော ဆိပ်ကမ်းမြို့ကြီး တစ်မြို့ ဖြစ်လာခဲ့သည်။ ထို့နောက်တွင်လည်း သေငွေဖြစ် ချွေးဖြစ် လာ၍ စီးပွားရှာကြသော စွန့်စားရေးသမားများကို ဆွဲဆောင်ရာ မြို့ကြီး ဖြစ်ခဲ့သည်။ စပိန်၊ အမေရိကန် စစ်ပွဲနှင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက်တွင်လည်း ဆန်ဖရန်စစ္စကိုသည် ပစိဖိတ် ရေကြောင်းနှင့် ကြည်းကြောင်း စစ်ဆင်ရေးများ ဆင်နွှဲရန် တံခါးပေါက်ကြီး ဖြစ်လာခဲ့သည်။ ငြိမ်းချမ်းသည့် ကာလတွင်လည်း ထောင်ရာပေါင်း များစွာသော စစ်သားဟောင်းများသည် အရပ်သားများ အဖြစ် ဆန်ဖရန်စစ္စကိုတွင် အခြေချခဲ့ကြသည်။ ရေတပ်သားဟောင်းနှင့် ကြည်းတပ်သားဟောင်း မိန်းမလျာများသည် ဆန်ဖရန်စစ္စကိုမှာပင် အခြေချခဲ့ကြသည်။

ဗီယက်နမ် စစ်ပွဲ ဖြစ်ပွား၍ အမေရိကန်ပြည်တွင် သဘောထားတွေကွဲလွဲစဉ်ကာလ ဖြစ်သော ၁၉၆၈ ခုနှစ် တစ်ဝိုက်တွင် ဆန့်ကျင်ရေး လူငယ်မျိုးဆက် တစ်ဆက်လုံးနှင့် ဟစ်ပီများသည် သူတို့၏ အောင်မြေ အဖြစ် ဆန်ဖရန်စစ္စကို ကို ရွေးချယ်ခဲ့ကြကာ ချစ်ခြင်းမေတ္တာသာလျှင် ကမ္ဘာ့ပြဿနာများကို ဖြေရှင်းနိုင်သော အရာဖြစ်သည် ဟူသော ဒဿနကို ထူထောင်ခဲ့ကြသည်။ နိုင်ငံတစ်ဝန်းမှ ရောက်လာကာ ဆန်ဖရန်စစ္စကို ပန်းခြံများထဲတွင် စတည်းချ၍ ပျော်ရွှင်ခြင်း သန္တိသုခ တရားကို ကြွေးကြော် ထူထောင်ခဲ့ကြသည့် ဂျင်းအကျီ၊ ဂျင်းဘောင်းဘီဝတ် ဆယ်ကျော်သက် လူငယ် အုပ်စုများကို ဆန်ဖရန်စစ္စကို မြို့ကြီးသည် ကာလ အတန်ကြာမျှ သတိရနေဦးမည်သာ ဖြစ်သည်။

မိန်းမလျာနှင့် ယောက်ျားလျာ တပ်တောင်တာ ဗိုလ်ထုကို အမြဲတစေ ဆီးကြိုလက်ခံ နေခဲ့ပါက ၇၀ ပြည့်လွန် နှစ်များတွင် ပေါ်ပေါက်ခဲ့သည့် လိင်တူ ဆက်ဆံရေး လွတ်မြောက်ရေး လှုပ်ရှားမှုကြောင့် ဆန်ဖရန်စစ္စကို မြို့ကြီးသည် အမေရိကန် ပြည်ထောင်စု၏ မိန်းမလျာ ဌာနချုပ် မြို့တော်ကြီး ဖြစ်သွားနိုင်သည်။ သို့ဆိုလျှင် ကမ္ဘာ့ မိန်းမလျာ ဌာနချုပ် မြို့တော်လည်း ဖြစ်သွားနိုင်သည်။

လွန်ခဲ့သည့် ရာစုနှစ် တစ်ခုလောက်တုန်းက ရွှေလောဘသည် ထောင်ပေါင်းများစွာသော အမေရိကန် လူမျိုးတို့အား ဆန်ဖရန်စစ္စကို တောင်ကုန်းများပေါ်သို့ ရောက်လာအောင် တွန်းပို့ခဲ့သည့် နည်းတူ ယခုလည်း လွတ်လပ်မှု

နှင့် သည်းခံ ခွင့်လွှတ်မှုတို့ ရှိမည်ဟူသော မျှော်လင့်ချက်သည် 'အိမ်တွင်းပုန်း ဘဝမှ ထွက်လာသော' လူငယ်မျိုးဆက် တစ်ခုလုံးကို ဆန်ဖရန်စစ္စကို သို့ တွန်းပို့ခဲ့သည်။

ထိုအထဲတွင် နောင်၌ ဂျေရုဆလင် အမေရိကန် တက္ကသိုလ်တွင် ရှေးဟောင်း သုတေသန ပညာရှင် ဖြစ်လာမည့် ဂျိုးဆက်စတိုင်းလည်း တစ်ယောက် အပါအဝင် ဖြစ်သည်။

လူသစ် အများစု ကဲ့သို့ပင် သူသည်လည်း ကတ်စထရိုသို့ ရောက်လာခဲ့သည်။ ကတ်စထရိုမှာ ဆန်ဖရန်စစ္စကို မြို့လယ်ရှိ လိင်တူ ပေါင်းဖော်သူများ၏ ရပ်ကွက် ဖြစ်သည်။ နယူးယောက်၊ ရှီကာဂိုနှင့် လော့စ်အိန်ဂျလိစ်တို့တွင်လည်း လိင်တူ ပေါင်းဖော်သူများ၏ ရပ်ကွက် သီးခြား ရှိကောင်း ရှိမည်။ သို့ရာတွင် ကတ်စထရိုမှာမူ လိင်တူ ဆက်ဆံရေး လွတ်မြောက်ရေး လှုပ်ရှားမှုက ဖန်တီးပေးလိုက်သည့် မိန်းမလျာတို့၏ သီးခြား ကိုလိုနီစနစ် တစ်ခု ဖြစ်သည်။

မိမိတို့၏ လိင်ရွေးချယ်မှု အရ စုစည်း လာမိကြသော အမျိုးသား၊ အမျိုးသမီးများသည် ဆန်ဖရန်စစ္စကို မြို့လယ်ကောင်တွင် သီးခြား ကမ္ဘာလောက တစ်ခုကို ထူထောင်ခဲ့ကြသည်။ မြို့တော်ကြီးထဲတွင် မြို့တော်ကလေး တစ်ခု တည်ဆောက်ခဲ့ကြသည်။ ထိုမြို့တော်လေးထဲတွင် သူတို့သည် သူတို့၏ ပုံမှန်ဘဝကို နေထိုင်နိုင်ခဲ့ကြသည်။ ရုံးသို့ ပြောင်ပြောင်တင်းတင်း သွားနိုင်သည်။ ဘဏ်တိုက်သို့ ပြောင်ပြောင် တင်းတင်း သွားနိုင်သည်။ ရေကူးကန်သို့ ပြောင်ပြောင် တင်းတင်း သွားနိုင်သည်။ ဆရာဝန်ထံသို့ ပြောင်ပြောင် တင်းတင်း သွားနိုင်သည်။ ပင်မင်းဆိုင်သို့ ပြောင်ပြောင် တင်းတင်း သွားနိုင်သည်။ ဆံပင် အလှပြင်ဆိုင်သို့ ပြောင်ပြောင် တင်းတင်း သွားနိုင်သည်။ ပျော်ပွဲစားရုံသို့ ပြောင်ပြောင် တင်းတင်း သွားနိုင်သည်။ နိုင်ငံရေး အစည်းအဝေးများသို့ ပြောင်ပြောင် တင်းတင်း သွားနိုင်သည်။ ဘုရားရှိခိုးကျောင်းသို့ ပြောင်ပြောင် တင်းတင်း တက်နိုင်သည်။ ဟန်ဆောင်စရာ မလို၊ ရုပ်ဖျက်စရာ မလို။

သူတို့ မြို့တော်ကလေးတွင် မိန်းမလျာ မဟုတ်သူ ယောကျ်ားလျာ မဟုတ်သူ ဆို၍ ဘယ်သူမျှ မရှိ။

ကတ်စထရို ရပ်ကွက်တွင် ရေဝတီ ဝတ်ကျောင်း တစ်ဆောင်၊ မိန်းမလျာ ပရိတက်စတင့် ဘုရားရှိခိုးကျောင်း တစ်ကျောင်း၊ မိန်းမလျာတို့၏ လက်ထပ် မင်္ဂလာကို ကျင်းပပေးသော မိန်းမလျာ ဗရင်ဂျီ ဘုန်းတော်ကြီးပင်

ရှိလိုက်သေးသည်။

သူတို့၏ လွတ်မြောက်ရေးကို အောင်ပွဲခံရန် အတွက် အမေရိကန် မိန်းမလျာများသည် အလွန်အကျွံတွေကိုပင် လုပ်လိုက်သေးသည်။ မိန်းမလျာ အားလပ်ရက်၊ မိန်းမလျာ လွတ်လပ်ရေးနေ့တဲ့။ နွေရာသီတိုင်း ကျင်းပသည့် မိန်းမလျာ လွတ်လပ်ရေးနေ့သည် တစ်မျိုးသားလုံး အတိုင်းအတာဖြင့် ကျင်းပသည့် နေ့ဖြစ်ပြီး တစ်နိုင်ငံလုံးမှ မိန်းမလျာ ၂၅၀,၀၀၀ ကျော်တို့ လာရောက်ကြသည်။ ထိုနေ့တွင်မှု အမေရိကန်ပြည်က လိင်တူဆက်ဆံသော လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးသည် လင်းထိန်နေသော ဆန်ဖရန်စစ္စကို မြို့ကြီးတွင် ပိမိတို့အကြိုက် မိမိတို့ ဦးစားပေးမှုကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိကြောင်း ကြေညာကာ အောင်ပွဲကြီး ဆင်ယင် ကျင်းပကြသည်။ ထိုအထဲတွင် ဆန်ဖရန်စစ္စကို ယောက်ျားလျာ တက္ကစီ ဒရိုင်ဘာများ အသင်း၊ နီးဗားဒါး ပြည်နယ် မိန်းမလျာ ကောင်းဘွိုင် အသင်း၊ မိန်းမလျာ အမေရိကန် အိန္ဒိယန်း မျိုးနွယ်စု ကိုယ်စားလှယ်အဖွဲ့၊ လိင်တူဆက်ဆံမှု လွတ်မြောက်ရေး တပ်ဦး၊ မိန်းမလျာ လူနာများ အဖွဲ့ချုပ် စသည့် လိင်တူဆက်ဆံရေး အဖွဲ့တွေ စုညီတက်ရောက်ကြသည်။

အမေရိကန် မိန်းမလျာများနှင့် ယောက်ျားလျာများသည် ထိုအခွင့်အရေးများကို အရမ်းကာရောတော့ အသုံးချခြင်း မပြုကြ။ သို့ရာတွင် မိန်းမလျာ လွတ်မြောက်ရေး လှုပ်ရှားမှုကြီး ပေါက်ကွဲလာသည်ကို အခွင့်ကောင်းယူကာ သောင်းကျန်းကြသည့် လူငယ် မိန်းမလျာ အချို့တော့ ရှိကြပါသည်။ သို့ဖြင့် ဆန်ဖရန်စစ္စကိုက ကတ်စထရို ရပ်ကွက်သည် လိင်ရောင်းဝယ်ဖောက်ကားရာ ရှုပါမားကက်ကြီး ဖြစ်လာခဲ့သည်။ ထောင်ပေါင်း များစွာသော လူငယ်များသည် အရက်ဆိုင်များ၊ ပျော်ပွဲရုံများ၊ ဈေးဆိုင်များ၊ စာအုပ်ဆိုင်များ၊ လမ်းမများတွင် ပြည့်နှက်ကာ စွန့်စားမှုသစ်ကို ရှာဖွေကြသည်။ ထိုရပ်ကွက် တစ်ခုလုံးသည် အမဲလိုက်ကွင်းကြီး တစ်ခု ဖြစ်နေသည်။ အရက်ဆိုင်များနှင့် ဖိုမဆက်ဆံရေး ကလပ်များတွင် အပေါက် ဖောက်ထားသည့် အခန်းလေးတွေ ငှားပြီး တစ်ယောက်နှင့် တစ်ယောက် အသိအကျွမ်းပင် မပြဘဲ ထိုအပေါက်လေးမှ နေ၍ ဖိုမ ဆက်ဆံကြသည်။ ထိုသို့ ဆက်ဆံရန် အတွက် ပေးရသည့် အခန်းခမှာ သုံးဒေါ်လာထက် မပို။

အခြား နေရာများမှာကဲ့သို့ပင် ဆန်ဖရန်စစ္စကိုတွင်လည်း လွတ်မြောက်ရေး ရသွားသော ဖိုမဆက်ဆံရေး ကိစ္စသည် စီးပွားရေး လုပ်ငန်း တစ်မျိုးကို

တည်ထောင်ထားသေးသည်။ ကလပ်များတွင် ရေချိုးခန်းများ ရှိသည်။ အချို့ ကလပ်များတွင် ရေကူးကန်၊ ရုပ်ရှင်ရုံ၊ ကပွဲခန်းမ၊ ကိုယ်ပိုင် အိမ်ခန်း၊ သည်းထိတ်ဖို ရိပ်သာများ ရှိသည်။ အချို့ နေရာများတွင် ဆိုလျှင် ကြမ်းတမ်းပြင်းထန်သော ဖိုမဆက်ဆံရေး ကိစ္စများ ဆောင်ရွက်ရန် အတွက် ဇက်ကြိုးများ၊ လက်ထိတ်များ၊ သံကြိုးများနှင့် အခြား ပစ္စည်းကိရိယာများ ထားသော ညှဉ်းပန်းရေး အလုံခန်းများပင် ရှိသည်။

နယူးယောက်မြို့မှ ကွန်တီနင်တယ် ရေချိုးကလပ် ဆိုလျှင် ပဒေသာ ကပွဲတစ်ခု အမြဲတမ်း ရှိသည်။ ဆန်ဖရန်စစ္စကိုက နာမည်ကြီးသည့် ဟော့ဟောက်စ် ဆိုလျှင် အထပ် လေးထပ်ရှိပြီး ကြမ်းပြင် ဧရိယာပေါင်း စတုရန်းကိုက် ၃၀၀၀ ကျော် ကျယ်သည်။ လူ ရာပေါင်းများစွာကို တစ်ချိန်တည်း လက်ခံနိုင်သည်။ ရေချိုး ကလပ်များတွင် ကိုယ်ကြိုက်သူနှင့် တွဲနိုင်သည်။ ကိုယ့် ခန္ဓာကိုယ်ကို ကြိုက်သလို အသုံးချနိုင်သည်။

သို့ဖြင့် ရေချိုး ကလပ်များသည် လိင်တူ ဆက်ဆံရေးကိစ္စ လွတ်မြောက်ရေး၏ ခံတပ် အခြေခံ စခန်းကြီး ဖြစ်လာခဲ့သည်။ ထို ရေချိုး ကလပ်များ၏ အရေအတွက်သည် တိုးလာနေသည်။ ကတ်စထရို ရပ်ကွက် တစ်ခုတည်းမှာပင် ထိုသို့သော ရေချိုး ကလပ်မျိုး ၁၀ ခု ရှိသည်။

အမေရိကန် တစ်ပြည်လုံးမှ လိင်တူ ပေါင်းဖော်သူ ထောင်ပေါင်း များစွာတို့သည် စခန်းများသို့ ဥဒဟို ရောက်လာနေကြသည်။

၁၉၇၀ ခုနှစ် ကင်းဆေး အင်စတီကျူ သုတေသနဌာနမှ အယ်လင်ဘဲနှင့် မာတင်ဝိုင်းတို့ ကောက်ယူခဲ့သော စာရင်းများအရ သူတို့ မေးမြန်းခဲ့သော အမျိုးသားများ အနက် ၄၀ ရာနှုန်းကျော်တို့မှာ အရက်ဆိုင် အခန်းများနှင့် ရေချိုးခန်းများ ထဲတွင် သူတို့နှင့် သွားလာခဲ့ဖူးသူပေါင်း ၅၀၀ ခန့်ရှိပြီး ၂၈ ရာနှုန်းမှာ သွားလာခဲ့ဖူးသူ ၁၀၀၀ ကျော် ရှိသည်ဟု သိရသည်။ ထိုအထဲတွင် အချို့မှာ တစ်ညတည်းတွင် အဖော် ၃၀ လောက်နှင့် သွားလာ ပြီးခဲ့သည်ဟု ဆိုသည်။ အရက်နှင့် အမိုင်းနိုက်ထရိတ် စသည့် ဓာတုဗေဒ ဆေးဝါးများက ထိုသို့ စွမ်းဆောင်နိုင်ရန် ကူညီ ပံ့ပိုးကြသည် ဟုသတတ်။

မကြာလိုက်ပါ။ လိင် ဆက်ဆံရေး လွတ်မြောက်ရေး လှုပ်ရှားမှုသည် နိုင်ငံ၏ ကျန်းမာရေး ဇယားကွက်ပေါ်တွင် မျဉ်းမတ်တွေ ပြလာခဲ့သည်။

အမေရိကန် ကျန်းမာရေး ဝန်ကြီးဌာနက ၁၉၇၃ ခုနှစ်တွင် ကောက်ယူသော စာရင်းအင်းများ အရ မိန်းမလျှာ သုံးပုံ နှစ်ပုံတို့သည် ကာလသားရောဂါ တစ်ကြိမ် ဖြစ်ဖူးသူများ ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ ဆစ်ဖလစ်နှင့် ဂနိုရီးယား ရောဂါ ၅၀ နှင့် ၆၀ ရာနှုန်းမှာ သူတို့ကြောင့် ဖြစ်ကြောင်းကို လေ့လာခဲ့ရသည်။

၁၉၇၈ ခုနှစ်တွင် ကောက်ယူသော စာရင်းများအရ သုံးနှစ် အတွင်းတွင် အသည်းရောင် အသားဝါ ရောဂါနှင့် အူအတွင်းဖြစ်သော ရောဂါတို့မှာ နှစ်ဆတိုးလာခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ဆန်ဖရန်စစ္စကို ကျန်းမာရေးဌာနက ကောက်ယူသော စာရင်းအရ မြို့ပေါ်ရှိ ၆၀ နှင့် ၇၀ ရာနှုန်းရှိသော မိန်းမလျှာတို့မှာ အသည်းရောင် ဘီ ဗိုင်းရပ်စ်ပိုး ဝင်ရောက်နေသည်ကို တွေ့ရသည်။ လိင်ပေါင်းစုံ ပေါင်းဖော်သူတို့၏ အခြေအနေမှာလည်း သိပ်မကောင်း။

၁၉၇၁ ခုနှစ်မှ ၁၉၇၆ ခုနှစ် (ငါးနှစ် အတွင်း) တွင် တစ်နိုင်ငံလုံး၌ ဂနိုရီးယား ရောဂါစွဲကပ်သူ ဦးရေသည် နှစ်ဆ တိုးလာခဲ့သည်။ မူလက ၆၂၄,၃၇၁ ရှိရာမှ ၁,၀၁၁,၀၁၄ သို့ ရောက်လာခဲ့သည်။ ယင်းမှာ တရားဝင်စာရင်းမျှသာ ဖြစ်သည်။ ဆစ်ဖလစ်ရောဂါ ဖြစ်နှုန်းမှာ ထို့ထက်ပင် ဆိုးသေးသည်။

၁၉၆၀ ပြည့်နှစ်နှင့် ၁၉၈၀ ပြည့်နှစ် အကြားတွင် ဆစ်ဖလစ်ရောဂါဖြစ်နှုန်းသည် ရာနှုန်း ၃၀၀ တိုးလာခဲ့သည်။

အမေရိကန် အစိုးရသည် စိတ်ကုဆေးရုံများ အတွက် နှစ်စဉ်ဒေါ်လာသန်း ၅၀ သုံးလျက်ရှိရာ ယင်းမှာ ကာလသားရောဂါကြောင့် အာရုံကြောချွတ်ယွင်းရာမှ ဖြစ်ပေါ်လာသည့် ရောဂါများ အတွက် သီးခြား ကုန်ကျငွေဖြစ်သည်။

ဘတ်စကက်ဘော ဖိနပ် အဟောင်းနှင့် ဂျင်းအင်္ကျီ ဂျင်းဘောင်းဘီ တို့ကိုဝတ်ထားသည့် ဂျိုးဆက် ဆွန်နာဘင်း။ ဆေးပညာ မင်းသားတစ်ပါးနှင့် မတူ၊ လူလေလူလွင့် တစ်ယောက်နှင့် တူနေသည်။ သို့ရာတွင် အသက် ၄၇ နှစ်ရှိ ခပ်ကုပ်ကုပ်လူ၏ ပညာရည် မှတ်တမ်းသည် ရှစ်မျက်နှာ ရှိပြီး ‘ဒီ’ တွေဂုဏ်ထူးတွေ တသီတတန်းကြီး ပါသည်။ နိုဗယ်လ်ဆုနှင့် ထိုက်တန်သည့်

သိပ္ပံပညာဆိုင်ရာ စာတမ်းတွေ ဆောင်းပါးတွေလည်း အများကြီး ရေးခဲ့သည်။ တောင်အာဖရိကတွင် ပိုလန် ရေဝတီ မိသားစုမှ မွေးဖွားခဲ့ပြီး ငယ်စဉ်ကတည်းက ကူးစက် ရောဂါများကို အထူးပြု လေ့လာခဲ့သည်။ ဂျကာတာမှ မက္ကာအိုသို့ ဘုရားဖူး ၁၀၀၀ ကို တင်ဆောင်လာသည့် အင်ဒိုနီးရှား သင်္ဘော တစ်စင်း ကုန်းပတ်ပေါ်တွင် ပထမဆုံး လူနာကို ကုခဲ့ရခြင်း ဖြစ်သည်။

၁၉၆၃ ခုနှစ်တွင် နာမည်ကျော် ဗြိတိသျှ သိပ္ပံပညာရှင် အဲလက် အိုင်းဇက်က သူ့ ဓာတ်ခွဲခန်းတွင် သူနှင့်အတူ လာ၍ အလုပ်လုပ်ရန် ဆွန်နာဘင်းကို ခေါ်ဖူးသည်။ ထိုစဉ်က အဲလက် အိုင်းဇက်သည် လင်ဖိုဆိုက်များမှ ထုတ်လုပ်ပေးသော စွမ်းအားကောင်းသည့် ပဋိဗိုင်းရပ်စ် ပစ္စည်း တစ်မျိုး ဖြစ်သည့် အင်တာဖရွန်ကို စတင် တွေ့ရှိကာစ ဖြစ်သည်။

ဂျိုးဆက် ဆွန်နာဘင်းမှာ အမေရိကန် တက္ကသိုလ်များတွင် ကူးစက် ရောဂါဆိုင်ရာ ပညာကို ပို့ချပေးနေချိန် ဖြစ်သည်။

၁၉၇၇ ခုနှစ်တွင် နယူးယောက်မြို့တော် ကျန်းမာရေးဌာနက သူ့ကို ကာလသား ရောဂါများနှင့် ပတ်သက်၍ ပညာပေးရေး လုပ်ငန်းကို လုပ်ပေးရန် တာဝန် ပေးထားသည်။

နောက် နှစ်နှစ် အကြာတွင် ဂျိုးဆက် ဆွန်နာဘင်းသည် ကာလသား ရောဂါ၏ ရှေ့တန်းစစ်မျက်နှာ ဖြစ်သည့် နယူးယောက် မိန်းမလျာ ရပ်ကွက် တစ်ခုတွင် ကိုယ်ပိုင် ဆေးကုခန်းလေး တစ်ခုကို ဖွင့်ခဲ့သည်။

'စိတ်တော့ ညစ်ရတယ်ဗျို့' ဟု သူက ညည်းသည်။

'ဒီနေရာက သိပ်ပြီး ပြဿနာ ပေါ်တဲ့နေရာ မဟုတ်လား၊ ဆေးခန်း လာထိုင်တဲ့ ဆရာဝန်တွေကလည်း နည်းတာ မဟုတ်ဘူး၊ ဂနိုတို့၊ ဆစ်ဖလစ်တို့၊ ကပ်ပါးပိုး ကူးစက်ရောဂါတို့ သိပ်များတဲ့ နေရာ၊ အဲဒီတုန်းက ပဋိဇီဝ ဆေးကလည်း ၉၆ ပါး အကုန်ကုတယ် မဟုတ်လား၊ ဆစ်ဖလစ် ဆိုရင် ပင်နီဆလင် ထိုးဆေး၊ တစ်လုံး နှစ်လုံးလောက် ထိုးလိုက်ရင် ပျောက်သွားတာပဲ၊ ဘယ်လောက်ကျမှာလဲ၊ အလွန်ဆုံး ဒေါ်လာ အစိတ် သုံးဆယ်ပေါ့၊ ဘယ်သူမှ သုတေသန လုပ်ဖို့ စိတ်မကူးကြဘူး။

'ဆေးကု ဆရာဝန် တော်တော်များများဟာ သုတေသန လုပ်ဖို့ နည်းနည်းလေးမှ စိတ်ကူး မပေါ်ကြဘူး၊ ပိုပြီး ဆိုးတာက လူနာတွေကို ပညာပေးရေး လုပ်ငန်း လုပ်ဖို့ မလိုဘူးလို့ ယူဆတဲ့ အချက်ပဲ။

'သူတို့ရဲ့ အနေအထိုင် အပြုအမူတွေဟာ အများကြီး အန္တရာယ်

ရှိဘယ်ဆိုတဲ့ စကားလောက် သတိပေးတာ မျိုးလောက်ကိုတောင် မလုပ်ချင်ကြဘူး၊ ဒီလို လုပ်တာဟာ သူတို့ မိန်းမလျာတွေကို လူမှုရေးအရ မပြောသင့်တဲ့ စကားလို့ ဆရာဝန်တွေက ယူဆနေကြတယ်၊ ပြီးတော့ ဒီလို ပြောလိုက်ရင် ကိုယ့်ဆီ လူနာမလာဘဲ နေမှာလည်း စိုးရသေးတာကိုး။

'ဘယ်လိုပဲ ဖြစ်ဖြစ် ဆရာဝန်တွေနှင့် ကျန်းမာရေးဌာနက အရာရှိတွေကိုယ်တိုင်က လူတွေရဲ့ နေထိုင်မှုတွေ၊ ဆက်ဆံမှုတွေကို ပြောင်းဖို့ တရားဟောတာ၊ နားချတာဟာ အချည်းအနှီး အကျိုးမဲ့ပဲလို့ ယူဆနေကြတယ်၊ သူတို့လာရင် မြန်မြန်ပျောက်အောင် ကုပေးလိုက်တာက ပိုပြီး လက်တွေ့ကျတဲ့ ဖြေရှင်းနည်း ဖြစ်တယ်လို့ ယူဆနေကြတယ်'

သူ့ဆီသို့ ပထမဦးဆုံး ရောက်လာသည့် လူနာ၏ ကျန်းမာရေး အခြေအနေကို ကြည့်ပြီး ဒေါက်တာ ဂျိုးဆက် ဆွန်နာဘင်း လန့်သွားသည်။

လူနာ အများစုမှာ သာမန် ကာလသား ရောဂါရှင်များ ဖြစ်သော်လည်း လိင်တူ ဆက်ဆံမှုကြောင့် ပြင်းထန်သော ရောဂါသစ်များ တစ်ပြိုင်နက်တည်း ပေါ်လာတတ်ကြသည်။

ယင်းတို့အထဲ ဗိုင်းရပ်စ် အသည်းရောင်ရောဂါ၊ အင်္ဂါများတွင် ရေယုန်ပေါက်သည့်ရောဂါ၊ လိင်စုံဆက်ဆံသူ ၈၀ ရာနှုန်းတို့တွင် တွေ့ရတတ်သည့် ကပ်ပါး ရောဂါပိုးစွဲ ရောဂါ၊ ဆိုက်တိုမီဂါလို ဗိုင်းရပ်စ်ကဲ့သို့ အလွန်အန္တရာယ်ကြီးသည့် ဗိုင်းရပ်စ် ပိုးများကြောင့် ဖြစ်သည့် ကူးစက်ရောဂါများ ပါဝင်သည်။ ထိုဗိုင်းရပ်စ်ပိုးများသည် အဆုတ်နှင့် အစာခြေလမ်းကြောင်းကို တိုက်ခိုက်တတ်ကြသည်။ ထိုရောဂါများ တစ်ကြိမ်တစ်ခါ ဖြစ်လျှင် အကြောင်းမဟုတ်သေး။ သို့ရာတွင် မကြာခဏ ဖြစ်လာခြင်းကိုမူ ဒေါက်တာ ဂျိုးဆက် ဆွန်နာဘင်း စိုးရိမ်သည်။

အချို့သော လူနာများမှာမူ သူတို့တွင် ၁၄-၅ ကြိမ်လောက် ဂနိုရီယားကြောင်း၊ အချို့ကလည်း မကြာခဏ ရေယုန် ပေါက်ဖူးကြောင်းဖြင့် ပြောကြသည်။ အချို့ကမူ သူတို့တွင် သားနံ့ရည် အကျိတ်များ အမြဲတမ်း ရောင်ရမ်းနေလျက် ဘာမှ မဖြစ်ကြောင်းဖြင့် ကြွားကြသေးသည်။

'ဒီပြဿနာက ကျွန်တော်တို့ကို စိန်ခေါ်နေပြီလေ၊ လူ့ခန္ဓာကိုယ်ကြီးဟာ ဒီလောက် ခဏ ခဏ ဖြစ်တဲ့ ရောဂါတွေရဲ့ ဒဏ်ကို ဘယ်ခံနိုင်မှာလဲ'

လွန်ခဲ့သည့် အနှစ် ၂၀ အတွင်း နယူးယောက် ဆေးရုံများသည် တနင်္လာနေ့တိုင်း 'မြို့လုံးပတ်လည် ကူးစက်ရောဂါ ဆွေးနွေးပွဲများ' လုပ်ကြ

သည်။ ဆရာဝန်များ အားလုံးကပင် ဒေါက်တာ ဂျိုးဆက် ဆွန်နာဘင်း၏ စိုးရိမ်မှုကို သဘောပေါက် လာကြသည်။

'၁၉၇၈–၇၉ ခုနှစ်လောက်က စပြီး ဗိုင်းရပ်စ် ပိုးမျိုးစုံ ကူးစက်ရောဂါတွေ၊ သားနုံရည်ကျိတ် ရောင်ရမ်းရောဂါတွေ၊ အသည်းရောင် အသားဝါရောဂါတွေ၊ အရေပြားရောဂါ အမျိုးမျိုးတွေနှင့် လူနာတွေ သိသိသာသာကြီးများလာခဲ့တယ်၊ ဦးနှောက်မှာ ရောဂါပိုးဝင်နေတဲ့ လူမည်းတစ်ယောက်တောင် ရောက်လာသေးတယ်၊ ကျွန်တော့် အဖို့တော့ အဲဒီ ရောဂါ လက္ခဏာချက်တွေဟာ ရောဂါ တစ်ခုခုရဲ့ ရှေ့ပြေး နိမိတ်တွေပဲလို့ ထင်လိုက်တယ်လေ၊ ကိုယ်ခံစွမ်းအား စနစ်မှာ တစ်ခုခုတော့ ချွတ်ယွင်းနေပြီ ဆိုတဲ့ သဘောပဲ။

'အဲဒီတုန်းကတော့ ဘယ်သူမှ သတိ မထားမိကြသေးဘူး၊ ဒါပေမယ့် ကျွန်တော့် အနေနှင့်တော့ ကျွန်တော်တို့ဟာ မြေငလျင်ကြီး တစ်ခုရဲ့ ရှေ့ပြေး တုန်ခါမှုတွေကို တွေ့နေရပြီ ဆိုတာ တစ်နေ့တခြား သဘောပေါက်လာတယ်'

[ ၉ ]
**ပြွတ်ပြွတ်ပြွန်းစေမည့် ကပ်ရောဂါသစ်ကြီး။**
**ဘော့စတွန်၊ အမေရိကန် ပြည်ထောင်စု။**
**၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ။**

၁၉၈၁ ခုနှစ် ထိုဖေဖော်ဝါရီလ တစ်မနက်၌ တယ်လီဖုန်း ပေါ်မှ လာနေသော ဒေါက်တာ မိုက်ကယ် ဂေါ့လိယက်၏ အသံသည် အရေးတကြီး အသံ။ မကြာမီတွင် ကပ်ကြီး တစ်ခု ဆိုက်တော့မည့် အကြောင်းကို နားထောင်သူ သဘောပေါက်အောင် ကြိုးစား၍ ပြောနေသည့် အသံ။ ဤသည်ကို ဘာမျှ သံသယဖြစ်ဖွယ် မရှိ။

'ကျွန်တော်တို့ဆီကို ရောက်လာတဲ့ လူနာတွေ အားလုံးလောက်ဟာ ရောဂါ လက္ခဏာတွေ တူနေကြတယ် ဆရာ၊ ဖျားဖျား နေတာရယ်၊ ကိုယ်အလေးချိန် ထိုးကျ သွားတာရယ်၊ ဒလဟော ဝမ်းလျှောနေတာရယ်၊ အားလုံး အတူတူပဲ ဆရာ၊ ဟုတ်ပါတယ်ဆရာ၊ ဒီလောက်ကတော့ ဘာမှ စိုးရိမ်စရာ မရှိဘူးဆိုဘာ ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမယ့် ခက်တာက သူတို့အားလုံး နျူမိုဆိုက်စတစ် နျူမိုးနီးယား ဖြစ်နေကြတယ် ဆရာ၊ ဒီ

နျူမိုးနီးယားက ဖြစ်လည်း ဖြစ်ခဲ့တယ်၊ ရှားလည်း ရှားတယ် မဟုတ်လား ဆရာ၊ ပြီးတော့ သူတို့အားလုံးဟာ လိင်တူ ပေါင်းဖော် သူတွေချည်းပဲ ဆရာ၊ လူငယ်တွေချည်းပဲ၊ သူတို့ အချင်းချင်း ဘာမှ အဆက်အသွယ် မရှိဘူး ဆရာ၊ တစ်ယောက်နှင့် တစ်ယောက် သိကြတာ မဟုတ်ဘူး၊ ဒါပေမယ့် သိတဲ့ အတိုင်းပဲ ဆရာ၊ နျူမိုဆိုက်စတစ် နျူမိုးနီးယားက ချက်ချင်းသိပြီး အချိန်မီ မကုလိုက်နိုင်ရင် မြန်တယ် မဟုတ်လား ဆရာ၊ မဟုတ်ကာမှ လွဲရော ကျွန်တော်တို့တော့ အမျိုးပြုတ်မယ့် ကပ်ရောဂါကြီး တစ်ခုကိုတော့ တွေ့ရ တော့မယ် ထင်တယ်၊ တခြား ဆရာဝန်တွေလည်း ဒါမျိုးကို တွေ့ချင် တွေ့နေ ကြမှာပါ ဆရာ၊ ဒီတော့ ဆရာတို့ ဂျာနယ်က နေပြီးတော့ ဆရာဝန်တွေကို တပ်လှန့် ပေးစေချင်ပါတယ် ဆရာ'

တယ်လီဖုန်းကြိုး တစ်ဖက်တွင် အသက် ၅၇ နှစ်ရှိ ဒေါက်တာ အာနိုး ရဲမင်းသည် ယဉ်ကျေးတိတ်ဆိတ်စွာ နားထောင်နေသည်။ ထိုသို့သော မေတ္တာ ရပ်ခံချက်မျိုးသည် သူ့အဖို့ ရိုးနေလေပြီ။ ဒေါက်တာ ရဲမင်းမှာ အမေရိကန် ပြည်ထောင်စုတွင် (တစ်ကမ္ဘာလုံးတွင်လည်း ဖြစ်နိုင်ပါသည်။) ဩဇာအရှိဆုံး သိပ္ပံပညာဆိုင်ရာ စာစောင်ဖြစ်သည့် နယူးအင်္ဂလန် ဆေးပညာ ဂျာနယ်၏ အယ်ဒီတာ ဖြစ်သည်။

မိမိ၏ သက်တမ်း ၁၆၈ နှစ် အတွင်း၌ ဂျာနယ် (နယူးအင်္ဂလန် ဆေးပ[illegible] ဂျာနယ်) သည် ဆေးပညာဆိုင်ရာ ပြဿနာများအားလုံး၊ သို့မဟုတ် အား[illegible]ုံး နီးပါးလောက်ကို ကိုင်တွယ်ခဲ့ပြီး ကျန်းမာရေးနှင့် ပတ်သက်သော သိပ္ပံပညာ တွေ့ရှိချက် များစွာတို့ကို ဖော်ထုတ် တင်ပြခဲ့သည်။ လွန်ခဲ့သည့် ရာစုနှစ်လယ် တုန်းက ဂျာနယ် သည် အီသာ ဓာတ်ငွေ့ကို အထွေထွေ မေ့ဆေး အဖြစ် ပထမဆုံး အကြိမ် အသုံးပြုပုံကို ဆောင်းပါး တစ်စောင်ဖြင့် ဖော်ပြခဲ့ပြီး နှလုံး သွေးကြောကျဉ်း ရောဂါ ကုသမှုနှင့် ပတ်သက်သည့် ပထမဆုံး ကုထုံးဆိုင်ရာ စူးစမ်း လေ့လာမှု အကြောင်း ဆောင်းပါး တစ်စောင်ကိုလည်း ဖော်ပြခဲ့သည်။

နှောင်း ဆယ်စုနှစ်များစွာ ကြာသည့်အခါတွင် ဂျာနယ် သည် ကလေး ငယ် သွေးကင်ဆာ ရောဂါနှင့် ပတ်သက်သည့် ပြည့်စုံသည့် အစီရင်ခံစာ တစ်စောင်ကို တင်ပြခဲ့ပြန်သည်။ ကင်ဆာ ရောဂါ ပျံ့နှံ့မှုကို တားဆီးရန် အတွက် ရင်သား တစ်ခုလုံးကို ဖြတ်တောက် လှီးထုတ်စရာ မလိုကြောင်းကို

သက်သေထူသည့် ပထမဆုံးသော အစီရင်ခံစာများကိုလည်း ၁၉၇၅ ခုနှစ်တွင် တင်ပြခဲ့သည်။

နိဗ္ဗားဒါးတွင် ပြုလုပ်သည့် ပထမဆုံးသော န္ယူကလီးယားဗုံး ဖောက်ခွဲစမ်းသပ်မှုများမှ ရရှိသည့် အချက်အလက်များကို စုဆောင်းကာ အဏုမြူဓာတ် ရောင်ခြည် ဖြာထွက်မှုကြောင့် ပေါ်ပေါက် လာနိုင်သည့် အန္တရာယ်များကိုလည်း အပြည့်စုံဆုံး လေ့လာ တင်ပြနိုင်ခဲ့သည်။ နှလုံးသွေးကြော တိုင်းထွာမှုဗေဒ (Coronary angiography) ပုံမှန်လွန် သွေးအားနည်း ရောဂါကုထုံး၊ ကင်ဆာ တိုက်ဖျက်ရေးတွင် အမိုင်ဒလင်း စသည့် ပစ္စည်းများကို အသုံးပြုခြင်းနှင့် အခြား ထောင်ပေါင်း များစွာသော ကုထုံးသစ်များသည် ဂျာနယ် ၏ စာမျက်နှာများမှ တစ်ဆင့် ကမ္ဘာတစ်ဝန်းရှိ ဆေးခန်းများသို့ ပျံ့နှံ့သွားခြင်း ဖြစ်သည်။

ဂျာနယ် သည် ထိုမျှလောက်ဆိုလျှင် ဘက်ပေါင်းစုံဟု မဆိုသာ။ ထိုပြဿနာများကို သာမက ဆေးပညာနှင့် ပတ်သက်သော နိုင်ငံရေးနှင့် လူမှုရေး ပြဿနာများကိုလည်း ကိုင်တွယ်ခဲ့သည်။

မနှစ်က ထုတ်ဝေခဲ့သော ဂျာနယ် ၏ ဆောင်းပါး အညွှန်းများကို ကြည့်လျှင် ပဋိသန္ဓေ ဖျက်ချရေးနှင့် ပတ်သက်သော တန်းတူညီမျှ ပိုင်ခွင့်များ၊ ဆေးဝါးပစ္စည်းများ ကြော်ငြာရာတွင် တာဝန်ရှိရှိ ကြော်ငြာရေး၊ ကျောင်း အဆောက်အအုံများတွင် မီးခံကျောက်ပြားများ မိုးသည့်ကိစ္စ၊ ကွန်မြူနစ် တရုတ်ပြည်တွင် အိမ်သာများ သန့်ရှင်းရေး၊ ကွန်မြူနစ် တရုတ်ပြည်တွင် ပတ်ဝန်းကျင် သန့်ရှင်းမှု ထိန်းသိမ်းရေး၊ အိမ်သာ ကြွေခွက်များမှ တစ်ဆင့် ဂနိုရီယာရောဂါ ပြန့်ပွားသည့်ကိစ္စ၊ လူနာများ၏ ပိုင်ခွင့်များ၊ န္ယူကလီးယား ဓာတ်အား စက်ရုံများတွင် ထိခိုက်နိုင်မှု အန္တရာယ်နှင့် စကိတ်ဘုတ်များ အသုံးပြုသည့် အတွက် လက်ကောက်ဝတ် ဒဏ်ရာ အနာတရ ဖြစ်မှုများ စသည့် ပြဿနာများ အထိ ပါဝင်သည်။

ဂျာနယ် တွင် တစ်ခါတစ်ရံ အမှားအယွင်းတော့ ရှိတတ်ပါသည်။ သို့ရာတွင် ဂျာနယ် သည် ဆောင်းပါးတိုင်းကို ကျကျနန စိစစ်ကာ အချက်အလက်များ မှန် မမှန်ကို ဂရုတစိုက် ရွေးချယ် ရာဖွေကြောင်း သိပြီးသားဖြစ်ကြသည့် အတွက် အားလုံးက အမှားအယွင်းကို ခွင့်လွှတ်နိုင်ကြသည်။ ကြာသပတေးနေ့တိုင်း စောင်ရေ ၂၂၅,၀၀၀ မျှသော ဂျာနယ် များကို အမေရိကန် ဆရာဝန်ပေါင်း လေးသိန်းနှင့် နိုင်ငံခြား တိုင်းပြည်များမှ ထောင်ပေါင်း

များစွာသော ဆရာဝန်များက တလေးတစား ဖတ်ကြသည်။ ဂျာနယ် ကို ကွန်ဂရက် လွှတ်တော် စာကြည့်တိုက်များနှင့် ဝေါ လမ်းမတွင်လည်း ဖတ်ကြသည်။

ထိုဂျာနယ် မှ သတင်းများကို ရုပ်မြင်သံကြားနှင့် သတင်းစာများတွင်လည်း ဖော်ပြကြသည်။ သတင်း ကိုယ်စားလှယ်များမှ တစ်ဆင့် ဖြိုက်တုဖြင့်လည်း လွှင့်ထုတ်ကြသည်။

ဂျာနယ် တွင် ဖော်ပြသည့် ဆောင်းပါးများသည် သန်းပေါင်းများစွာသော လူနာများကို ကုသနေသည့် ကုထုံးတစ်ခု အပေါ်တွင်လည်း ဩဇာလွှမ်းနိုင်သည်။ ရာပေါင်း များစွာသော ဆေးရုံများ၊ ဆေးခန်းများမှ ပြုစုစောင့်ရှောက်နည်းများကိုလည်း ဩဇာ လွှမ်းနိုင်သည်။ ဂျာနယ် တွင် ပါသည့် ဆေးဝါးတစ်မျိုးနှင့် ပတ်သက်သည့် ဆောင်းပါးကြောင့် ဆေးဝါး ထုတ်လုပ်ရေး စက်ရုံများ၊ ကုမ္ပဏီများ၊ စတော့ရှယ်ယာ ဈေးနှုန်းများလည်း အတက်အကျ ဖြစ်နိုင်သည်။ ချုပ်၍ ပြောရလျှင် နယူးအင်္ဂလန် ဆေးပညာ ဂျာနယ်သည် အမေရိကန် ဆေးလောကကြီး တစ်ခုလုံး၏ သမ္မာကျမ်းစာ တစ်စောင်ဖြစ်သည်ဟုပင် ဆိုနိုင်သည်။

ဆေးသုတေသန ပညာရှင် တစ်ယောက်၊ သို့မဟုတ် ဆေးကုသည့် ဆရာဝန် တစ်ယောက် အဖို့ ထိုဂျာနယ် စာမျက်နှာပေါ်တွင် နာမည် ဖော်ပြခံရခြင်းသည် (နိုဗယ်လ်ဆုမှ လွဲလျှင်) အမြင့်ဆုံးသော ဂုဏ်ပုဒ်ကြီး ဖြစ်သည်။

အယ်ဒီတာ၏ စားပွဲသို့ ရောက်လာသော စမ်းသပ်မှု အစီရင်ခံစာ ဆေးပညာ ဆောင်းပါးတို့မှာ တစ်နှစ် တစ်နှစ်လျှင် ၄၀၀၀ ကျော်ခန့် ရှိသည်။ ထိုအထဲမှ ဆောင်းပါး ၄၀၀ လျော့လျော့ (တစ်ဆယ်ပုံ တစ်ပုံ လျော့လျော့) ကိုသာ အသုံးပြုသည်။ ဤသို့ တင်းကျပ် ထားရခြင်းမှာ အုတ်အော်သောင်းတင်း သတင်းမျိုးတွေကို မထည့်မိစေရန်နှင့် အတည် မပြုရသေးသော ကုထုံးများကို မဖော်ပြမိစေရန် တင်းကျပ်ထားရခြင်း ဖြစ်သည်။

အထူးသဖြင့် ဂျာနယ် သည် ကူးစက် ပြန့်ပွားသည့် ကပ်ရောဂါသစ် တစ်ခု ကျရောက်သည် ဆိုသည့် ကိစ္စမျိုးကို အထူး သတိထားသည်။ ထိုသို့ သတိဖြင့် လုပ်သည့်အတွက်လည်း ဂုဏ်ယူသည်။ ဥပမာအားဖြင့် အမျိုးသမီးများ သုံးသည့် သန့်ရှင်းရေး ဂွမ်းကပ်များမှ တစ်ဆင့် ရောဂါ ကူးစက်နိုင်ကြောင်းကို အမေရိကန် ကျန်းမာရေးဌာနက သတိပေးခဲ့သည်။ လူပေါင်းတော်တော်များများကို အသက် ဆုံးရှုံးစေခဲ့သည့် လီဂျင်းနဲ့ယား ရောဂါကိုလည်း အမေရိကန် ကျန်းမာရေး ဌာနက သတင်းပေးခဲ့သည်။ သို့ရာတွင်

ဂျာနယ် သည် ထိုသတင်းများကို ချက်ချင်း ဖော်ပြခြင်း မပြု။ ကိစ္စ နှစ်ခုစလုံး မှာပင် ခြောက်လ စောင့်ဆိုင်းပြီးမှ ဖော်ပြခဲ့သည်။

'ခင်ဗျား လူနာ ငါးယောက်စလုံးကို ကိုယ်ခံ စွမ်းအားနှင့် ပတ်သက်တဲ့ စမ်းသပ်မှုတွေ လုပ်ပြီးပြီလား'

တယ်လီဖုန်း တစ်ဖက်မှ ဒေါက်တာ ရဲမင်း၏ အေးစက်စက် မေးသံ ကို ဒေါက်တာ မိုက်ကယ် ကြားရသည်။

နာမည်ကျော် ဆေးတက္ကသိုလ်များ ရှိရာ အရှေ့ဘက် ကမ်းခြေမှ ကျောက်ကပ်ဗေဒ ပညာရှင်တစ်ဦး ဖြစ်၍ နယူးအင်္ဂလန် ဆေးပညာ ဂျာနယ်၏ အယ်ဒီတာဖြစ်သူ ဒေါက်တာ ရဲမင်းသည် အဖွဲ့၏စည်းကမ်းကို ကောင်းစွာ နားလည်သူ ဖြစ်သည်။

'အကုန် စမ်းသပ် ပြီးပါပြီ ဆရာ' ဟု ဒေါက်တာ မိုက်ကယ်က ရဲရဲ ဖြေသည်။

'ဘယ်နှစ်မျိုး ပြီးပြီလဲ'

ဒေါက်တာ ရဲမင်းသည် သေချာချင်သည်။ သူနှင့် စကားပြောနေသော သူသည် နာမည်ကြီးချင်သူ ကြောင်တောင်တောင် ဖြစ်နေသူ ဟုတ် မဟုတ်ကို သိမှ ဖြစ်မည်။

ဒေါက်တာ မိုက်ကယ်က သူ လူနာများကို လုပ်ခဲ့သည့် စမ်းသပ်မှု များကို တသီတတန်းကြီး ပြောနေသည်။ စမ်းသပ်နည်းကိုပင် ပြောလိုက် သေးသည်။ သို့ရာတွင် ဒေါက်တာ ရဲမင်း၏ သံသယသည် ပျောက်မသွား သေး။

'သွေးကင်ဆာ မဟုတ်တာကော သေချာရဲ့လား၊ ခြင်ဆီ နမူနာတွေကို ထုတ်စမ်း ပြီးပြီလား'

ကိုယ်ခံစွမ်းအားဗေဒ ပညာရှင် ဒေါက်တာ မိုက်ကယ်က အားကြီး မာန်တက် ရှင်းပြသည်။ သို့ရာတွင် အချည်းအနှီးမျှသာ။ သူ့လူနာငါးယောက် တို့၏ ထူးဆန်းသော ရောဂါသည် ကမ္ဘာတွင် ထိပ်တန်း ဆေးပညာ မဂ္ဂဇင်း ကြီး အယ်ဒီတာ၏ သံသယကို မဖြိုဖျက်နိုင်။

ဒေါက်တာ ရဲမင်းက ယခု လောလောဆယ်မှာတော့ ဆောင်းပါးတွေ ပြည့်နေသဖြင့် မထည့်နိုင်သေးကြောင်း၊ နောင်တွင် ကြည့်ဦးမည်ဖြစ်ကြောင်း

ပြောကာ အတ္တလန်တာရှိ ရောဂါ ထိန်းချုပ်ရေး ဌာနနှင့် ဆက်သွယ်လျှင် ပို၍ ကောင်းမည် ဖြစ်ကြောင်း အကြံပေးသည်။ ထိုဌာနတွင် အပတ်စဉ်ထုတ် သတင်းစဉ်ကလေး တစ်စောင် ရှိသည်။ ထိုသတင်းစဉ်တွင် ဖော်ပြနိုင်လျှင် ဒေါက်တာ မိုက်ကယ် ပေးလိုသည့် သတင်းသည် ဆရာဝန်များထံသို့ ချက်ချင်း ရောက်နိုင်သည်။

သို့ရာတွင် မိမိတို့၏ 'နယူးအင်္ဂလန် ဆေးပညာ ဂျာနယ်' သည် ထို ပြဿနာကို နောက်ထပ် အကျယ်တဝင့် တင်ပြခြင်း မပြုဟု ဆိုလိုခြင်း မဟုတ်ကြောင်းဖြင့် သူက နိဂုံးချုပ်သည်။

[ ၁၀ ]

**မဟာရာဇာ၏ ဟော်နန်းမှ ပုန်ကန်မှု။**
**ဗာရာဏသီ၊ အိန္ဒိယ။**
**၁၉၈၁ ခုနှစ် နွေဦး။**

သီလရှင် ဗန်ဒိုနာသည် ထိုမိန်းကလေး ဘယ်က လာသည်ကို ချက်ချင်း အကဲခတ်လိုက်မိသည်။

သူသည် ဆေးခန်းကို ဝိုင်းအုံနေသော ဆင်းရဲသား လူအုပ်ကြီးထဲသို့ ရောက်လာခဲ့သည်။ မှန်ညင်းဆီ လိမ်းထားသဖြင့် မည်းနက်ပြောင်နေသည့် ဆံပင်များနှင့် ကျိုးလန့်စာစား အမူအရာများက သူသည် ထို့ထက် ဆိုးရွားသည့် ကံကြမ္မာမှ ထွက်ပြေး လွတ်မြောက်လာခြင်း ဖြစ်ကြောင်းကို ဖော်ပြနေကြ သည်။

မိန်းမထိန်းများက သူ့ကို ဗာရာဏသီရှိ မီးနီ ရပ်ကွက်သို့ ခေါ်သွားပြီး မကြာမီမှာ သူသည် ထိုနေရာမှ ပြန်ထွက်ပြေးလာခဲ့သည်။ အခြားသော အနာကြီး ရောဂါသည်တို့ ဆူပူ ကန့်ကွက်နေသည့် ကြားမှ သူသည် လူတန်းကြီးထဲသို့ အတင်း တိုးဝင်သည်။

သီလရှင် ဗန်ဒိုနာသည် အကြောက်ကြောက် အလန့်လန့် ဖြစ်နေရှာသော ထိုမိန်းကလေးကို စိတ်ရှည်လက်ရှည် ချော့မော့ မေးမြန်းရသည်။ စကားလုံး တစ်လုံး နှစ်လုံးရအောင် မနည်း မေးယူရသည်။ သူ့စကားများ အရ မိန်းမထိန်းများသည် နောက်မှ လိုက်လာကြကြောင်း၊ သူ့ကို ပြန်ခေါ်ကာ

အပြစ်ပေးမည် ဖြစ်ကြောင်း၊ ရိုက်သတ်သည်အထိ လုပ်ကြမည် ဖြစ်ကြောင်း ဖြင့် အကြောက်ကြောက် အလန့်လန့် ပြောနေသည်။

အနန်ဒါသည် မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ငိုနေသည်။

သီလရှင် ဇန်ဒိုနာသည် သူ့ပါးပေါ်မှ အကွက်ကို ချက်ချင်း သတိပြုလိုက်မိ၏။

'ဒီမှာ ညီမလေး၊ ညီမလေး မျက်နှာကို ပြစမ်း'

ဇန်ဒိုနာက ချိုချိုသာသာ ပြောသည်။

သူ့အကွက်မှာ အနာကြီးရောဂါ လက္ခဏာ ဖြစ်သည်။ အနာ နာရည် မိုက်ခရိုစကုပ်ဖြင့် ကြည့်လျှင် အနာကြီး ရောဂါပိုးကို တွေ့မည်မုချ။ ရောဂါက တော်တော် ရင့်နေပြီ။ ချက်ချင်း ကုသခြင်း မပြုလျှင် အများကြီး လိုက်စား သွားမည့် အန္တရာယ် ရှိနေသည်။

သီလရှင် ဇန်ဒိုနာက ထိုမိန်းကလေး၏ တောက်ပြောင်နေသော ဆံပင်များကို အသာအယာ ပွတ်သပ်ပေးသည်။

'မကြောက်ပါနဲ့ ညီမလေးရယ်၊ ညီမလေးကို တို့ဆီ ခေါ်ထားပြီး ကုပေးမှာပေါ့၊ ဟုတ်လား၊ ဒီမှာနေရင် ညီမလေးကို ဘယ်သူမှ လာပြီး အန္တရာယ် ပေးတော့မှာ မဟုတ်ပါဘူး'

ဂင်္ဂါမြစ်ကမ်းမှ လင်းတကလေးသည် ခေါင်းကို ညိတ်သည်။ သည်လို ယုယ ကြင်နာသည့် စကားလုံးများကို ဇာတ်နိမ့်သူတို့ တစ်ခါမျှ မကြားစဖူး။ အနန်ဒါသည် ငြိမ်သက်နေပြီး အတန်ကြာမှ ခေါင်းကို မော်၍ ကြည့်ရဲတော့ သည်။

'ကျွန်မကိုယ် ကျွန်မ ဘာဖြစ်သွားမှန်း မသိလိုက်ဘူးရှင်၊ ကျွန်မ စိတ်ထဲမှာ မဟာရာဇာရဲ့ ရွှေပုံကြီးပေါ် ရောက်သွားသလို ထင်လိုက်မိတယ်'

နောင်တွင် အနန်ဒါ ဝန်ခံသည်။

အနာကြီး ရောဂါသည် မိန်းကလေး၏ ရောဂါကို ကုရသည်မှာ ရှည်ကြာ ခက်ခဲသည်။ ဆာလ်ဖုန်း ဆေးများကို အများအပြား တိုက်ကျွေးသည့်တိုင် အစတွင် ရောဂါမှာ ဆိုးသည်ထက် ဆိုးလာသည်။

အနန်ဒါ၏ တစ်ကိုယ်လုံးသည် အပ်နှင့် ဆွသလို နာနေသည်။ တစ်ချို့ တစ်ချို့တွင် မခံမရပ်နိုင်အောင် ယားသည်။ သူ့အပေါ်ယံ အရေပြား အောက်တွင်

မိုးမွှားများသည် ပြေးလွှားနေသည်ဟု ထင်ရသည်။ သူ့ အရေ ပြားပေါ်တွင် အရည်တွေ စီးကျနေသည်ဟု ထင်ရသည်။ သူ့ကိုယ်ပေါ်တွင် နီနီ အပိမ့် ကလေးတွေ ပေါ်လာသည်။ မျက်ခုံးမွေးတွေ ကျွတ်သည်။ ထို လက္ခဏာများ သည် ကာလ အတန်ကြာ ပေါ်နေကြသည်။ ထို့နောက်တွင် သူ့ အရေပြားသည် ရေအိမ်သုံး စက္ကူလို ပါးလွှာ ဖြူရော်လာသည်။

တဖြည်းဖြည်းနှင့် မူလက ရှိခဲ့သည့် အကွက်ကလေး နှစ်ကွက်သည် အသိအတွေ့ကို သိလာသည်။ အပ်နှင့် ထိုးလျှင် နာလာသည်။ လက်ဖြင့် ထိလျှင် သိလာသည်။ ယင်းမှာ သီလရှင် ဆရာလေး ဗန်ဒိုနာ စောင့်မျှော်သည့် လက္ခဏာများ ဖြစ်ကြသည်။

အနာကြီး ရောဂါ ဆုတ်ခွာစ ပြုနေပြီ ဆိုသည့် သဘော ဖြစ်သည်။ သို့ရာတွင် ပို၍ အသိရခက်သည့် ရောဂါတစ်ခုသည် အနန်ဒါကို လှိုက်စား နေသည်။

ဆေးခန်းရှိ သီလရှင်များသည် သူ့ကို ဂရုစိုက်ကြသည် မှန်ပါ၏။ ကြင်နာကြသည် မှန်ပါ၏။ သို့တိုင် သူ့အပြုအမူများသည် ကျိန်စာတိုက် ခံထားရသော ကလေးငယ် တစ်ယောက်လို ဖြစ်နေသည်။

အနန်ဒါသည် အခြားသူများနှင့် မထိမိ၊ မတို့မိအောင် ရှောင်သည်။ မျက်လွှာကို အမြဲ ချထားသည်။ အစားစားလျှင်လည်း ဇာတ်နိမ့်သူများနှင့် အတူ သွားစားသည်။

သီလရှင် ဗန်ဒိုနာက သူ့ကို မုတ်သုံမိုး ရွာသလို စေတနာမိုးတွေ ရွာချသည်။

'ကျွန်မရဲ့ ကံက သိပ်ဆိုးတယ် မဟုတ်လား' ဟု နောင်တွင် အနန်ဒါ က ပြောသည်။

'ကျွန်မရဲ့ ကံကြမ္မာဆိုးဟာ ကျွန်မ အရိုးတွေ၊ အသားတွေထဲ အထိ စီမ့်ဝင်နေသလား မသိဘူးရှင်၊ မွဲလိုက်တဲ့ ကံဟာ ကျွန်မ အသားထက်တောင် မွဲလိမ့်မယ် ထင်တယ်၊ ဘုရားက ကျွန်မကို ဇာတ်နိမ့်သူ အဖြစ် ဖန်တီး လိုက်တာကိုး၊ ဒီတော့ ဘုရား ဖန်ဆင်းထားတဲ့ အတိုင်းပဲ နေရမှာပေါ့၊ ကျွန်မမှာ မွေးလာကတည်းက အပြစ်ရှိလာကော့ ဘယ်သူ့ရဲ့ ချစ်ဝင်ယုယမှု ကိုမှ မခံထိုက်ဘူးပေါ့'

နဂိုကမှ ထိုသို့ ယုံကြည်နေရသည့် အထဲတွင် လူမြင်သမျှကိုလည်း ဘုထဲ အသည်းထဲက နေ၍ မယုံသင်္ကာ ဖြစ်နေသည်။ သူ့ဘဝတွင် အထု

အထောင်းတွေ ခံခဲ့ရပေါင်း များလှပြီ။ အလိမ်အညာတွေကို ကြုံခဲ့ရပေါင်း များလှပြီ။ ထို့ကြောင့် သီလရှင် ဇန်ဒိုနာ၏ ကြင်နာ ဖော်ရွေမှုတို့ကိုလည်း သိပ်မယုံချင်တော့။ ဘူတာရုံ ပလက်ဖောင်းပေါ်တွင် တွေ့ခဲ့ဖူးသည့် လူစိမ်း တစ်ယောက်၏ ရက်ရော ဖော်ရွေမှုကို ယုံစား ခဲ့မိသောကြောင့် ဒုက္ခလှလှကြီး တွေ့ခဲ့ပြီ မဟုတ်လား။ 'ခရစ်ယာန်များသည် ဟိန္ဒူများအား သူတို့ဘာသာ ထဲသို့ ဝင်ရန် သွေးဆောင် ဖြားယောင်းတတ်ကြသည်' ဟူသော စကားမျိုးကို အဖန်ဖန် ကြားခဲ့ဖူးပြီ မဟုတ်လော။

တစ်နေ့တွင်မူ အနန်ဒါသည် အလုပ်ရုံကလေး တစ်ခုသို့ ရောက် သွားသည်။

အမျိုးသမီး အလုပ်သမားများက ကလေးအမေ အနာကြီး ရောဂါသည် များကို ဝေရန် နို့မှုန့်များနှင့် ပဲမှုန့်များ ထည့်သည့် အိတ်ကလေးများကို ချုပ်နေကြသည်။ ထိုအခန်းထဲတွင် ဘဂ်လားဒေ့ရှ်မှ ထွက်ပြေးလာသော ဒုက္ခ သည် ကလေးငယ် တစ်ယောက်ကို ပိုက်ထားသည့် သီလရှင် ဆရာကြီး ထရီဇာ၏ ပုံကို သူ ပထမဆုံး မြင်လိုက်ရသည်။

'သူ့ မျက်နှာက ကြည်ပြီး အေးချမ်းနေတယ် ရှင်၊ ဒုက္ခ ဆင်းရဲ ရောက်နေတဲ့ လူတွေကို နှစ်သိမ့်အားပေး နေသလိုပဲ၊ ဓာတ်ပုံအောက်မှာ ဘာစာမှ မလိုဘူး၊ ဘာမှ မေးဖို့လည်း မလိုဘူး၊ သူ့ဓာတ်ပုံကို မြင်လိုက်တာ နှင့် ရင်ထဲမှာ အေးချမ်းသွားပြီး ဝမ်းနည်းစိတ်၊ ရက်စိတ်၊ တစ်ဖက်သားကို ယုယ ပေးချင်လာတဲ့ စိတ်တွေ အလိုလို ပေါ်လာတော့တာပဲ'

အနန်ဒါက နောင်တွင် ပြောပြသည်။

အရေးကြီးသည့် အဖြစ်အပျက် တစ်ခုကြောင့် ဓာတ်နိမ့်သူ အနန်ဒါ၏ ရင် ထဲတွင် ရှိသည့် သံသယ မုန်းသမျှတို့သည် လုံးဝ ပျောက်ကွယ်သွားခဲ့ကြ သည်။ ကျယ်ဝန်းသည့် အခန်းကြီး တစ်ခုထဲတွင် အကြီးအကျယ် နာမကျန်း ဖြစ်နေသည့် အနာကြီး ရောဂါသည် ၃၀ ခန့် ပြွတ်သိပ်ကာ ပိုးလိုးပက်လက် ဖြစ်နေကြသည်။ ထိုနေရာမှာ လူနာထားသည့် နေရာနှင့် မတူ။ သေအံ့ဆဲဆဲ လူတွေကို ပစ်ထားသည့် နေရာနှင့် တူနေသည်။ ယင်တလောင်းလောင်း ဖြစ် နေသည့် သူတို့ ကိုယ်ခန္ဓာများဆီမှ အီသာနံ့နှင့် ဟောင်နေသော အပုပ်နံ့ကြီး ပေါ်ထွက်နေသည်။

သီလရှင် ဇန်ဒိုနာနှင့် အနန်ဒါတို့သည် ခြေထောက် ဖြတ်ကာစ မလှုပ်မယှက် ဖြစ်နေသည့် လူနာ တစ်ယောက်ကို ထမ်းစင်ဖြင့် သယ်လာခဲ့ကြသည်။ အခန်းထဲတွင် နေရာလွတ် မရှိတော့။ သီလရှင် ဆရာလေး ဇန်ဒိုနာက အခြေအနေ ကောင်းသည့် လူနာတစ်ယောက်၏ နေရာနားတွင် ရပ်လိုက်သည်။

'အလီရေ၊ ရှင့် အိပ်ရာကို ခဏ ဖယ်ပေးပါလား၊ ဒီလူနာက ရှင့်ထက် အများကြီး ဆိုးပါတယ်'

အိပ်ရာပေါ်တွင် လှဲနေသည့် လူနာသည် ငုံးတိတိ ဖြစ်နေသော လက်မောင်းကို ထောက်၍ ညည်းတွားရင်း ထမ်းစင်ပေါ်မှ လူနာကို လှမ်းကြည့်သည်။ ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက် တစ်ခု ပေါ်ပေါက်လာသည်။

အမှောင်ရိပ် ကြမ်းပြင် တစ်နေရာမှ အပေါ်ပိုင်း ဗလာ၊ ခြေမရှိ လက်မရှိသည့် ငုံးတိတိ ဖြစ်နေသည့် တစ္ဆေ တစ်ကောင်သည် ရုတ်တရက် ပေါ်လာကာ အိပ်ရာပေါ်သို့ ဇွေ့ခနဲ ခုန်တက်လိုက်သည်။

'ဒီနေရာက ငါ့ဖို့ကွ၊ ငါ စောင့်နေတာ ကြာလှပြီ၊ ဒီလူသွားရင် ဒီနေရာကို ငါယူမယ်၊ ငါ .. .. တွေ၊ ခွေးမတွေ ဖယ်ကြ'

ထိုတစ္ဆေသည် အိပ်ရာပေါ်က လူကို ခေါင်းဖြင့် တွန်းချနေသည်။

ထို့နောက် သီလရှင် ဇန်ဒိုနာဘက်သို့ လှည့်ကာ သူ့ဒူးခေါင်းနှင့် ပစ်ဆောင့်လိုက်သည်။ ငုံးတိတိ ဖြစ်နေသော လက်မောင်း နှစ်ဖက်ဖြင့် ပန်းကန်ပြား တစ်ချပ်ကို ကောက်ညှပ်လိုက်ပြီး မြေကြီးကို ပန်းကန်ပြားဖြင့် ခေါက်နေသည်။ နှာတံ မရှိတော့ဘဲ နှာခေါင်းပေါက်ကြီးသာ ကျန်တော့သည့် မုတ်ဆိတ်မွေးနှင့် အနာကြီးရောဂါသည် တစ်ယောက်ကလည်း ပန်းကန်ပြားကို ကောက်ကိုင်ကာ အလားတူ မြေကြီးကို ပန်းကန်ဖြင့် ခေါက်နေသည်။ ယင်းမှာ အချက်ပေးခြင်း ဖြစ်သည်။

မကြာမီ ပုန်ကန် ဖီဆန်မှုသည် အိပ်ရာတိုင်းသို့ ပျံ့နှံ့ သွားလေပြီ။ တုတ်များ၊ ချိုင်းထောက်များ၊ ထွေးခံများ၊ ပန်းကန်ပြားများ၊ ပတ်တီးစုတ်များသည် သူတို့ နှစ်ယောက်ဆီသို့ ပျံဝဲ ရောက်လာကြသည်။ ပုလင်းများသည် နံရံကို ထိမှန်ပြီး ကွဲကျသွားကာ ပိုးသတ် ဆေးရည်နံ့သည် ထောင်းထောင်း ထနေသည်။ ပျံဝဲလာသည့် ပစ္စည်းတစ်ခုသည် အလီ၏ အိပ်ရာ အထက်တွင် ချိတ်ဆွဲထားသည့် ကားတိုင်တင် ခံရသော ခရစ်တော်ပုံကို ထိမှန်ကာ အောက်သို့ ကျကွဲသွားသည်။

'ဟော့ တို့က လူတွေကွ၊ ခွေးတွေ မဟုတ်ဘူး၊ ငါတို့ ဆေးရုံ လိုချင်တယ်၊ ဒီလို မသာရေပ်ကို မလိုချင်ဘူး'

အသံများက ဝိုင်းအော်ကြသည်။ ပန်းကန် ခွက်ယောက်များကို ထုသံ၊ အော်ဟစ်သံ၊ ဆဲရေး တိုင်းထွာသံ၊ ပစ္စည်းများဖြင့် ပစ်ပေါက်သံတို့သည် ပို၍ ကျယ်လောင်လာလေပြီ။

ဇန်ဒိုနာသည် ပုတီးခေါင်း လုပ်ထားသည့် သစ္စာ လက်ဝါးကပ်တိုင် ကလေးကို ဆုပ်ကိုင်ကာ အထိန်းအကွပ် မရှိသော လူနာအုပ်များ အလယ် တွင် ကျောက်ရုပ် တစ်ရုပ်လို မလှုပ်မယှက် ရပ်နေသည်။

အနန်ဒါမှာ ကြောက်သဖြင့် တိုင်ကြီး တစ်လုံး နောက်တွင် ကွယ်၍ ရပ်နေသည်။

ဆူညံနေသည့် အသံတွေ ကြားထဲမှ အသံတစ်သံကို ကြားလိုက်ရ သည်။ သီလရှင် ဇန်ဒိုနာသည် လက်တွင် ကိုင်ထားသော စိပ်ပုတီးကို မြှောက် ကာ

'အို မေတ္တာ၏ ကိုယ်တော်အရှင်၊ ဆင်းရဲဒုက္ခ ရောက်နေကြသော ကိုယ်တော်၏ သားသမီးငယ်တို့ကို စာနာ သနားတော်မူပါ၊ အို ကိုယ်တော် အရှင်၊ ဝေဒနာ ခံစားရသူတို့ကို သနားတော်မူပါ'

ဇန်ဒိုနာ၏ မျက်နှာသည် ယုံနိုင်ဖွယ် မရှိအောင် တည်ငြိမ်လျက် ရှိကာ သူ့မျက်လုံးများသည်လည်း ခါတိုင်းထက် တည်ကြည်လျက် ရှိသည်။

ပုန်ကန် ဖီဆန်သူများသည် တွေသွားကြသည်။ ထို့နောက် ဆူညံသံ များသည် စဲသွားကာ တိတ်ဆိတ်သွားသည်။ သူတို့၏ ရှုံ့မဲ့နေသော မျက်နှာ ပေါ်တွင် ရှိသည့် အမုန်းသည် ပျောက်ကွယ်သွားကာ ကြောက်လန့် စိုးရိမ် သော အမူအရာသည် ပေါ်လာသည်။ သူတို့ကို သီလရှင် ဆရာကြီးက မည် သည့် အပြစ်မျိုး ပေးလေမည်နည်း။

အနာကြီး ရောဂါသည်များသည် သူတို့ဆီသို့ တရွေ့ရွေ့ လာနေသော သီလရှင် ဇန်ဒိုနာကို ငေးကြည့်နေကြသည်။ ဇန်ဒိုနာသည် အိပ်ရာများ ကြားထဲသို့ လျှောက်လာရင်း သူ ရွတ်ဆိုပြသည့် ဆုတောင်းစာကို လိုက်၍ ဆိုရန် လူနာများကို ပြောနေသည်။

အနန်ဒါသည် ထိုရှုခင်းကို နားမလည်နိုင်အောင် ဖြစ်နေသည်။ သူ

သည်လည်း သီလရှင် ဆရာလေး ဇန်ဒိုနာ မှတစ်ဆင့် မေတ္တာအရှင် ကိုယ်တော်ကို တွေ့လေပြီ။ အနာကြီး ရောဂါသည်များကဲ့သို့ သူ့တွင်လည်း မေတ္တာကို ခံယူပိုင်ခွင့် ရှိသည်ကို သူ နားလည်ပြီ။

ရက်များ မကြာမီ အာဏာ ဖိဆန်သူတို့၏ ခေါင်းဆောင် အမွေးအမင် ထူထူ၊ ခြေလက်ငုံးတိဖြင့် ရောဂါသည်သည် သေအံ့ဆဲဆဲ ဖြစ်နေသည်။ စိတ်ဆောင်နေသေးသည့်တိုင် ယိုယွင်း ပျက်စီးနေသော ခန္ဓာကိုယ် စနစ်ကြီးသည် သူ့ကို လိုက်စားနေသည့် ကြောက်မက်ဖွယ် သွေးဆိပ်တက် ရောဂါကို ခုခံ နိုင်စွမ်း မရှိတော့။ လူနာခန်းထဲသို့ သူ မည်သို့မည်ပုံ ရောက်လာသည်ကို ဇန်ဒိုနာလည်း မသိ။ အခြား မည်သူမျှလည်း မသိ။ သူသည် အလီ၏ ခုတင်နောက်က ချောင်ထဲတွင် ရက်ပေါင်းများစွာ ပုန်းကွယ်နေကာ ပိုးမွှားများ၊ အကြွင်းအကျန်များကို ကောက်စားနေခဲ့သည်။ ပုန်ကန် ဖိဆန်မှု ပြီးသော အခါတွင်မှ ဇန်ဒိုနာက သူ့ကို မွေ့ရာတစ်ခု ရှာပေးရခြင်း ဖြစ်သည်။ သွေးဆိပ်တက်သည့် အခါတွင် ဇန်ဒိုနာသည် သူ့ကို လက်တွန်းလှည်းလေးပေါ် တင်ကာ မြို့တစ်ဖက် အစွန်ရှိ အစိုးရ ဆေးရုံသို့ သွားပို့ခဲ့သည်။

ဇန်ဒိုနာသည် သူ့ကို ဆေးရုံတင် ကုသပေးဖို့ ခြသေ့်မလေး တစ်ကောင်လို တိုက်ခိုက်သည်။ သို့ရာတွင် ငွေမရှိ မျိုးမရှိ အထောက်အပံ့ မရှိသည့် အသက်ရှင်နေသော အလောင်း တစ်လောင်းကို မည်သည့် ဆရာဝန်၊ မည်သည့် ဆေးဝန်ထမ်း၊ မည်သူကမျှ လက်မခံချင်ကြ။

သီလရှင် ဆရာလေး ဇန်ဒိုနာသည် စိတ်ပျက်ပျက်ဖြင့် ထိုလူနာကို သူ့ဆေးခန်းလေးသို့ ပြန်ခေါ်လာခဲ့သည်။

ရက် အနည်းငယ် အကြာတွင် ကွယ်လွန်သွားသည်။ သူ၏ ရုပ်ကြွင်း၊ အနည်းဆုံး ကြွင်းကျန်သမျှ ခန္ဓာကိုယ် အပိုင်းအစတို့ကို ဇာတ်နိမ့်သူတို့ သင်္ချိုင်းဟု သင်္ကြိုဟ်ရာ မြစ်ညာသို့ သယ်သွားရသည်။ သေခါနီးအချိန် တစ်လျှောက်လုံးတွင် ဇန်ဒိုနာနှင့် သူ၏ လုပ်ဖော်ကိုင်ဖက်များသည် ထိုလူနာ၏ ဘေးတွင် တစ်ယောက်မဟုတ် တစ်ယောက် အမြဲတစေ စောင့်ကြပ် နေခဲ့ကြသည်။

အခြားကြောင့် မဟုတ်။ ဆင်းရဲဒုက္ခ အပေါင်းတို့တွင် အကြီးဆုံး ဖြစ်သော အထီးကျန် နေရခြင်း ဆင်းရဲမှ သူ့ကို ကယ်မရန် ဖြစ်သည်။

အစတုန်းကတော့ ထိုနေရာကလေးသည် မဟာရာဇာ စော်ဘွားကြီး၏ မောင်းမ မိဿံများ ရေချိုးရာ ရေသုံးသပ်ရာ နေရာကလေး ဖြစ်သည်။ ဟော်နန်းကြီး၏ ချောင်ကျသော နေရာကလေးတွင် ရှိသဖြင့် အသံဗလံတွေ တိတ်ဆိတ်သည်။

အဝေးက ဂင်္ဂါ မြစ်ကမ်းမှာ အဝတ် လျှော်နေသော ခဝါသည်တို့၏ အဝတ်လျှော်သံနှင့် အခန်းထဲတွင် တဖျပ်ဖျပ် ပျံသန်းနေကြသော လင်းနို့များ အသံမှလွဲလျှင် ပကတိ တိတ်ဆိတ်သော နေရာ ဖြစ်သည်။

သီလရှင် တစ်သိုက်သည် ထိုနေရာကလေးကို သူတို့၏ ဘုရားရှိခိုး ဆောင်လေး အဖြစ်သို့ ပြောင်းပစ်ခဲ့သည်။ ပလ္လင် အဖြစ် ဖယောင်းတိုင် တစ်တိုင် ထွန်းထားသည့် စားပွဲ တစ်လုံး၊ နောက်ကျောရှိ ကြွေပြားစီ နံရံတွင် ခရစ်တော် ၏ ပုံတစ်ပုံ။

မနက် လင်းသည်နှင့် ဟော်နန်းထဲရှိ သီလရှင် တစ်သိုက်သည် သည်နေရာသို့ လာ၍ ဝတ်ပြုတတ်ကြပြီး ကေရယ်လာ နယ်သား ဘုန်းတော်ကြီး၏ ညိုမောင်းသော လက်ဖြင့် ပေးသော စားတော်ခွန့်ကို လက်ခံကြသည်။ ထို့နောက် သီလရှင် ဇန်နီနာက ထိုနေ့အတွက် ဆာလံကျမ်းကို တိုင်ပြီး သူ့အဖော်များက နောက်မှ လိုက်၍ ရွတ်ကြသည်။

တစ်ခါတစ်ရံတွင် မေတ္တာ၊ သုခချမ်းသာ၊ သဒ္ဓါတရား စသည်တို့နှင့် ပတ်သက်သော ဓမ္မ သီချင်းများကို ရွတ်ဆိုကြသည်။

ထိုတရား စာပိုဒ်တိုင်းသည် မိမိတို့ ကြုံတွေ့နေရသည့် အနိဋ္ဌာရုံတို့ကို တရားသဘောနှင့် ယှဉ်၍ ဆင်ခြင်စေနိုင်သော သတိကို နိူးပေးသည်။ ထို့နောက် တိတ်ဆိတ် ငြိမ်သက်စွာ ခရစ်တော်ကို အာရုံပြုသည်။ ထို့နောက် သီလရှင်များသည် မြေကြီးနှင့် နဖူးထိအောင် ဝပ်တွားကာ ဆရာကြီး ထရီဇာ ပြဋ္ဌာန်းပေးသည့် ဘုရားရှိခိုး အမွှမ်းကို ရွတ်ဆိုကြရသည်။

ထိုဘုရားရှိခိုး အမွှမ်းသည် ကမ္ဘာပေါ်ရှိ ဒါနဝေပုလ္လ အဖွဲ့တိုင်း ရွတ်ဆိုကြရသည့် အမွှမ်း ဖြစ်သည်။

'အို ကိုယ်တော် ယေရှု၊ ကိုယ်တော်သည် ဒုက္ခပေါင်း သက်ရောက် ညှောင်းသော သောင်းသောင်းဖိုလ်လှ သူသူငါငါတို့အား မဟာကရုဏာ စေတနာတော် အနန္တကို ပြသတော် မူခဲ့ပါ၏။

'နူသူ၊ ရွဲ့သူ၊ ကျိုးသူ၊ ကန်းသူ၊ နာသူ၊ ဖျားသူ၊ မွဲသူ၊ ဝေ်သူ၊

စွန့်ပစ်ခံရသူ၊ ထောင်တန်း ကျသူတို့အား မဟာကရုဏာ စေတနာ မေတ္တာ အနန္တကို ပြခဲ့ပါ၏။

'ကိုယ်တော်သည် သူတို့ကို ကြင်နာတော် မူပါ၏။

'မေတ္တာ စကားကို ဆိုတော်မူပါ၏။

'မျှော်လင့်ချက်ကို ပေးတော်မူပါ၏။

'အဖ၏ ကောင်းချီးကို ပေးတော်မူပါ၏။

'အို ကိုယ်တော်ယေရှု၊ ကျွန်ုပ်တို့ကို မှိုင်းမတော်မူပါ၊ ကိုယ်တော်၏ ကရုဏာတော် ဖြန့်ဝေရာတွင် ကျွန်ုပ်တို့အား စောင်မတော်မူပါ'

ဧပြီလ တစ်မနက်၌ သီလရှင် ဆရာလေး ဇန်ဒိုနာသည် သူတို့ ဝတ်ကျောင်းဆောင် အရိပ်ထဲတွင် ကွယ်နေသည့် သဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်သည်။

'ဟင် အနန်ဒါ လား'

တအံ့တသြဖြင့် သူ လှမ်းမေးသည်။

တစ်ခါက ဂင်္ဂါမြစ်ကမ်း လင်းတကလေး ဖြစ်ခဲ့သည့် အနန်ဒါသည် သီလရှင် ဇန်ဒိုနာ၏ လက်ကို ဖမ်းဆုပ်လိုက်ပြီးနောက် သူ့ပါးမှ ပျောက်လု ပျောက်ခင် ဖြစ်နေသော အကွက်ကို ပြသည်။

'ဆရာလေးတို့ ဘုရားသခင်ကို ကျွန်မ ကန်တော့မလို့ လာတာ'

အနန်ဒါ ပထမဆုံး အကြိမ် ပြုံးသည်။

**[ ၁၁ ]**

**အထူး စပါယ်ရှယ် စူပါ ရဲ ကွန်မန်ဒို တစ်ယောက်။**

**အတ္တလန်တာ၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၁ ခုနှစ်၊ နွေဦး။**

ဆင်ဒီဗို့သည် တယ်လီဖုန်းကို ချလိုက်သည်။ စာရင်းစာအုပ် ထဲတွင် သူ မှတ်ထားသည့် ဆေးဝါးပစ္စည်း စာရင်းကို ပြန်ဖတ်ရင်း မျက်မှောင်ကြုတ်သည်။

'ဘုရားရေ၊ ပင်တာမီဒင်း ဆေးတွေ နောက်ထပ် တောင်းနေပြန်ပါ ရောလား'

သည်တစ်ကြိမ် တောင်းသည့်နေရာမှာ နယူးယောက် ဖြစ်သည်။ ယခု အမှာစာမှာ ၁၆ ခုမြောက် အမှာစာ ဖြစ်သည်။ မနှစ်က တစ်နှစ်လုံးမှ ယခု အမှာစာ တစ်ဝက်လောက်သာ ရှိသည်။

ပင်တာမီဒင်းမှာ လော့စ်အိန်ဂျလိစ်တွင် ဒေါက်တာ မိုက်ကယ်၏ မိန်းမလျာလူငယ် လူနာငါးယောက်တို့ စွဲကပ်ခဲ့သော ကပ်ပါးပိုးစွဲ နျူမိုးနီးယား ရောဂါများ အတွက် သုံးသည့်ဆေး ဖြစ်သည်။ ထိုရောဂါမျိုးမှာ ရှားပါးလှသဖြင့် တစ်ဦးတည်းသော ပင်တာမီဒင်း ဆေးထုတ်လုပ်သူ ဗြိတိသျှ ဆေးဝါးကုမ္ပဏီ ဖြစ်သည့် မေအင်ဘေကာ ကုမ္ပဏီသည် အမေရိကန် ဈေးကွက်တွင် ရောင်းရန် အတွက် ဆိုင်ရာတို့၏ တရားဝင် ခွင့်ပြုချက်ကို ရအောင် ကြိုးစားခြင်း မပြု။ ငွေကုန်ကြေးကျ ခံ၍ ကြိုးစား သင့်သည်ဟုလည်း မထင်။

အိပ်ဒိုက်ရောဂါ၊ ကာလဝမ်းရောဂါ စသည့် အနောက်တိုင်းတွင် အဖြစ်နည်းသော ရောဂါများကို တိုက်ဖျက်သည့် အခြားဆေးဝါးများ နည်းတူ ပင်တာမီဒင်းသည်လည်း မိဘမဲ့ဆေးဝါး တစ်လက် ဖြစ်နေသည်။

မိဘမဲ့ဆေး ဆိုသည်မှာ အခြားမဟုတ်။ အမေရိကန် ပြည်ထောင်စု တွင် ထိုဆေးကို ရနိုင်သည့်နေရာ တစ်နေရာသာ ရှိသည့်သဘော ဖြစ်သည်။ ထိုဌာနမှာ ဆင်ဒီဖို့ အလုပ်လုပ်နေသော ကပ်ပါးပိုးမွှား ရောဂါ ဆေးဝါး အရောင်းဌာန ဖြစ်သည်။

ထို ဆေးပေးဌာနမှာ ရောဂါ ထိန်းချုပ်ရေး ဗဟိုဌာန (Centers for Desease Control) (အတိုကောက်အားဖြင့် CDC) အမည်ရှိ ရောဂါ တိုက်ဖျက်ရေး အဖွဲ့ကြီး တစ်ခု၏ ဌာနခွဲကလေး တစ်ခု ဖြစ်သည်။

စီဒီစီ အဆောက်အအုံသည် ခုနစ်ထပ်ရှိသည့် အုတ်တိုက် နီနီကြီး ဖြစ်ပြီး ပြတစ်ပြလောက် အကျယ်ကို နေရာယူထားသည်။ အဆောက်အအုံ ရှေ့တွင် ကျောက်ဖြူသားဖြင့် ထုထားသည့် ကျန်းမာခြင်းကို စောင့်သော ဂရိနတ် ဟိုက်ဂျေယာ၏ မုခ်ဦးဆောင်မှ ဝင်လျှင် ပျားအုံနှင့် တူစွာ ရာပေါင်း များစွာသော ရုံးခန်းများ၊ ဓာတ်ခွဲခန်းများသို့ ရောက်သည်။

ထိုရုံးခန်းများ၊ ဓာတ်ခွဲခန်းများ ထဲတွင်မှ အမေရိကန် လူထုတို့၏ ကျန်းမာရေးကို ကာကွယ် စောင့်ရှောက်ရန်အတွက် တာဝန် ယူထားကြသည့် ၄၀၀၀ ကျော်မျှသော ကျွမ်းကျင်သူတို့သည် အလုပ် များနေကြသည်။

စီဒီစီ ဓာတ်ခွဲခန်းများထဲတွင် ကူးစက် ရောဂါဗေဒ ပညာရှင်များ၊ အဏုဇီဝဗေဒ ပညာရှင်များ၊ ကိမိလဗေဒ ပညာရှင်များ၊ ရူပဗေဒ ပညာရှင်များ၊

ဓာတုဗေဒ ပညာရှင်များ၊ ဓာတုရဗေဒ ပညာရှင်များ၊ ဆရာဝန်များ၊ သွားဆရာဝန်များ၊ ပြည်သူ့ ကျန်းမာရေး အရာရှိများ၊ ဆေးဝါးဖော်စပ်မှု ဗေဒ ပညာရှင်များ၊ တိရစ္ဆာန် ဆေးကုဆရာဝန်များ၊ ပညာရေးဆိုင်ရာ အကြံပေး အရာရှိများ၊ စာရင်းအင်းဗေဒ ပညာရှင်များ၊ စာရေးဆရာများ၊ လူမှုသိပ္ပံ ပညာရပ် ပါမောက္ခများ၊ ပတ်ဝန်းကျင် ကျန်းမာရေးနှင့် ကျွမ်းကျင်သူများ ရှိနေကြသည်။

အချုပ် ဆိုရလျှင် နယ်ပယ်တိုင်းမှ ပညာရှင်များ ရှိနေကြသည်။

အလုပ်ခွင် မတော်တဆ ထိခိုက်မှု ကြိုတင် ကာကွယ်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ မိသားစုစီမံကိန်း၊ ကလေး ကစားစရာ အချို့တို့ကြောင့် ဖြစ်သော အန္တရာယ်မှ ကာကွယ်ရေး၊ အာဟာရ ချို့တဲ့မှုဆိုင်ရာ ပြဿနာများ၊ ဆေးလိပ်သောက်ခြင်း အန္တရာယ်၊ ကမ္ဘာအရပ်ရပ် ကူးစက်ရောဂါ ပြန့်ပွားမှု စောင့်ကြည့်ရေး စသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို စစ်တပ်ကြီး ဘစ်တပ်စာမျှ ရှိသော ကျွမ်းကျင်သူ ပညာရှင်များနှင့် သိပ္ပံပညာရှင်များသည် လက်တွေ့ ကိုင်တွယ် ဖြေရှင်း နေကြသည်။

သို့ရာတွင် **စီဒီစီ** နာမည် ကျော်ခြင်းမှာ အခြား အရာများကြောင့်ထက် ကူးစက် ရောဂါပိုးကြောင့် ဖြစ်သော ရောဂါများနှင့် ကူးစက် ပြန့်ပွား ကပ်ရောဂါကြီးများကို ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကြောင့် နာမည်ကြီးခြင်း ဖြစ်သည်။ စီဒီစီသည် ကမ္ဘာ့ ဓာတ်ခွဲခန်း တကာတို့၏ အခေါင်အချုပ် ဖြစ်သည်။ နှစ်တိုင်းပင် အမေရိကန် ပြည်ထောင်စုနှင့် ကမ္ဘာ့ အရပ်ရပ်မှ သွေး နမူနာပေါင်း ၁၇၀,၀၀၀ နှင့် အမည် ဖော်မရသေးသော ရောဂါဆန်းများ ငြိကပ်နေသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ရရှိနေသည်။

စီဒီစီ သည် မိုက်ကရုတ်ပိုးများနှင့် ဗိုင်းရပ်စ်ပိုးများ မွေးမြူရာတွင် ကမ္ဘာတွင် အကြီးဆုံးသော မွေးမြူရေး ဌာနကြီး ဖြစ်သည်။

တစ်နည်း ပြောရလျှင် မမြင်ရသော ပိုးမွှားများအား မွေးမြူရာ တိရစ္ဆာန်ရုံကြီး ဖြစ်သည်။ ကူးစက်တတ်သော ရောဂါပိုးမွှား နမူနာများကို ထိန်းသိမ်းရာ ဌာနကြီး ဖြစ်သည်။ ကျောက်ကြီးရောဂါ စသည့် အမျိုးတုံးလုနီးပါး ဖြစ်နေသော ရောဂါပိုးများက အစ တောင်အမေရိကတိုက်တွင် တွေ့ရသည့် သွေးယိုရာမှ ကူးစက်သော ရောဂါ၊ တိဗက် စသည့် နေရာမျိုးတွင်သာ တွေ့ရတတ်သည့် အဖျားရောဂါ စသည့် လောလောလတ်လတ် တွေ့ရှိရသော ရောဂါတို့၏ ပိုးမွှားများကိုလည်း ထိန်းသိမ်းထားသည်။

စာရင်းဝင် ရောဂါပေါင်း ၂၅၀,၀၀၀ တို့ သွေးရည်ကြည် နမူနာများနှင့် တစ်သျှူး နမူနာများကို သိုလှောင် သိမ်းဆည်းထားရာ ဘဏ်ကြီးလည်း ဖြစ်သည်။ ကူးစက် ရောဂါပိုး အားလုံးတို့ကို မှတ်တမ်းထားရာ မှတ်တမ်း ရုံးကြီးလည်း ဖြစ်သည်။

ထရင်နင်ဒက်မှ ငှက်ဖျားရောဂါ ဖြစ်စေ၊ အာဖရိက ကာလဝမ်းရောဂါ ဖြစ်စေ၊ တက္ကဆက် ပြည်နယ်မှ အင်စီဖာလိုက်တစ် ဦးနှောက်ယောင်ရောဂါ ဖြစ်စေ၊ ပိုလီယို၊ တိုက်ဖတ်စ်ပိုးမွှား အဖျားရောဂါ တုပ်ကွေးရောဂါ ဖြစ်စေ၊ ရောဂါ နမူနာတိုင်းကို အီလက်ထရွန်းနစ် အညွှန်းဖြင့် ပြထားပြီး ရောဂါတို့၏ အမျိုးအစားကို ၂၅၀ ခန့် ခွဲထားကာ 'သုံးနိုင်သည်' ၊ 'ကန့်သတ်' ၊ 'နောင် တွင် သုံးရန်' စသည်ဖြင့် တံဆိပ်ကပ်ထားသည်။

ဒေါက်တာ ဟာရီး ဂျက်ဖီသည် စီဒီစီ၏ ဌာနခွဲတစ်ခု ဖြစ်သည့် ကူးစက်ရောဂါ ထောက်လှမ်းရေး အဖွဲ့ဝင် တစ်ယောက် ဖြစ်သည်။

၂၀ ရာစုနှစ် အကုန်တွင် အမေရိကန် လူထုကို ခြိမ်းခြောက်နေသည့် ကျန်းမာရေး ပြဿနာမှာ ပဋိဇီဝ ဆေးများကို အာခံနေသော ဂနိုရီးယား ရောဂါ၏ ခုခံမှု ပြဿနာ ဖြစ်သည်။

ထို့ကြောင့် သူ့ လုပ်ဖော်ကိုင်ဖက် တစ်ဦးဖြစ်သည့် ဒေါက်တာ ဂျင်းကာရန်ကို ထိုလုပ်ငန်းတွင် သုတေသနလုပ်ရန် ညွှန်ကြားထားခဲ့သည်။

ဒေါက်တာ ဂျင်းသည် စီဒီစီ ကာလသားရောဂါ သုတေသနဌာန၏ အကြီးအကဲ ဖြစ်သည်။ အသက်က ၃၇ နှစ်၊ မျက်လုံးက သိန်းငှက် မျက်လုံးများ၊ အရပ်က ခပ်ပြတ်ပြတ်၊ အမြဲတမ်း သတိ အနေအထားဖြင့် ဖျတ်လတ် တက်ကြွနေသော သူ့အမူအရာသည် စီဒီစီ၏ ရောဂါ စုံစမ်း ထောက်လှမ်းရေးတွင် စူပါ ရဲတစ်ယောက်၏ ပုံသဏ္ဌာန် အပြည့်ရှိသူ ဖြစ်သည်။ သူ့ ဆရာဝန် သက်တမ်း တစ်လျှောက်တွင် သူသည် နှစ်စဉ် အမေရိကန် တစ်သန်းလောက်ကို စွဲကပ်သည့် ဂနိုရီးယား ရောဂါကို တိုက်ဖျက်ရေးတွင် အားသွန်ခွန်စိုက် လုပ်ခဲ့သူ ဖြစ်သည်။ ထိုရောဂါနှင့် ပတ်သက်၍ သိပ္ပံပညာ ဆိုင်ရာ စာတမ်းများစွာကို ရေးခဲ့ရာ၌ ဂနိုရီးယား ရောဂါအား ကိုယ်ခံအား စနစ်က မည်သို့ တိုက်ဖျက် ခုခံပုံကို သုတေသန ပြုထားသည့် စာတမ်း တစ်စောင်လည်း ပါသည်။

သူ၏ သုတေသန လုပ်ငန်းကို တိကျ ခိုင်မာစေရန် အတွက် သူသည် လူ့အဖွဲ့အစည်းတွင် တောင်နှင့် မြောက်လို ခြားနား ဆန့်ကျင်နေကြသော လူတန်းစား နှစ်ရပ်ကိုပင် ခွြင်းချက် မထားဘဲ သုတေသန ပြုခဲ့သည်။

ထို လူတန်းစား နှစ်ရပ်မှာ ပြည့်တန်ဆာများနှင့် သီလရှင်များ ဖြစ် သည်။

သို့ရာတွင် ပုံစံပြောင်းရောဂါ ဖြစ်သည့် ဂနိုရီးယား ရောဂါကို ဇောက်ချ၍ သုတေသနပြုရန် များစွာ အချိန်မရပါ။ ၁၉၈၁ ခုနှစ် နွေရာသီတွင် အခြား သော နေရာများရှိ ဆရာဝန်များ၏ ဆေးခန်းများမှာ ကဲ့သို့ပင် စီဒီစီတွင်လည်း ပြဿနာသစ်များနှင့် ရင်ဆိုင်လာခဲ့ရသည်။

လိင် ဆက်ဆံရာမှ ရရှိသော ရောဂါများ၏ ရှေ့တန်း စစ်မျက်နှာသည် ပြောင်းနေသည်။ နေ့စဉ်နှင့်အမျှ ဆိုသလိုပင် စီဒီစီရှိ အရေးပေါ် တယ်လီဖုန်း လိုင်းသည် စိတ်လှုပ်ရှားဖွယ် သတင်းများကို ရနေသည်။

ဧပြီလဆန်းစတွင် နယူးယောက်ရှိ အရေပြားရောဂါ ပါရဂူ တစ်ဦး ထံမှ သတင်းသည် ဗုံးကလေးတစ်လုံး ပေါက်ကွဲသလို သူတို့ဆီသို့ ရောက် လာခဲ့သည်။

မိမိသည် စအို ရေယုန်ပေါက်သည့် လူငယ် မိန်းမလျာ များစွာကို ကုသခဲ့ရကြောင်းဖြင့် ဒေါက်တာ ဆီဂယ်ထံမှ သတင်း ရောက်လာသည်။ အနာများသည် ကိုယ်ခန္ဓာ အခြားသော နေရာများသို့ ပျံ့နှံ့နေသည်ဟု ဆိုသည်။

ဤတွင် ဒေါက်တာ ဆီဂယ်သည် ကြဲရာမရ ဖြစ်ကာ မည်သည့် ကုထုံးမျိုးဖြင့် ကုလျှင် ကောင်းမည်နည်းဟု စီဒီစီ ကျွမ်းကျင်သူများထံ ထောက်ခံချက် တောင်းသည်။

ရက်အနည်းငယ် အတွင်းမှာပင် အလားတူ အရေးပေါ် အကူအညီ တောင်းသည့် သတင်းနှစ်ခု ရောက်လာပြန်သည်။

ဤတွင် ဒေါက်တာ ဂျင်းကာရန်နှင့် သူ့ လုပ်ဖော်ကိုင်ဖက်များသည် သူတို့၏ ထောက်လှမ်းရေး လုပ်ငန်းကို စတင်ခဲ့ကြသည်။

ပထမ သတင်းပို့ချက်မှာ လော့စ်အိန်ဂျလိစ်မှ ဖြစ်သည်။

ဒေါက်တာ မိုက်ကယ် ဂေါ့လီယက်သည် ဩဇာအရှိဆုံး နယူးအင်္ဂလန်

ဆေးပညာဂျာနယ်တွင် သူတွေ့ရှိချက်ကို ဖော်ပြရန် ကြိုးစားခဲ့သော်လည်း အောင်မြင်ခြင်း မရှိ။ ထို့ကြောင့် စီဒီစီသို့ ဆက်ပြီး ဈူမိုဆိုက်စတစ် ဈူမိုးနီးယား ရောဂါ ရနေသည့် မိန်းမလျာ လူငယ် ငါးယောက်၏ သတင်းကို ပို့သည်။

စီဒီစီမှ ထုတ်ဝေသည့် ရောဂါနှင့် အသေအပျောက် အပတ်စဉ်သတင်း ( Morbidity and Mortality Weekly Report) သည် စာမျက်နှာ ၂၀ လောက် ရှိပြီး စောင်ရေ ၅၇,၀၀၀ ရှိသည့် ဂျာနယ်ကလေး ဖြစ်၍ အမေရိကန် နိုင်ငံ ကျန်းမာရေး ပြဿနာနှင့် ပတ်သက်လျှင် အားကိုးရသည့် စာစောင် ကလေး ဖြစ်သည်။ စာစောင်တိုင်းတွင် အမေရိကန် မြို့ကြီး ၁၂၁ မြို့တွင် တစ်ပတ်အတွင်း ဖြစ်ခဲ့သည့် အသေအပျောက် စာရင်းနှင့် သေဆုံးရသည့် အကြောင်းရင်းများကို ဖော်ပြထားသည့် ဇယားတစ်ခု အမြဲပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ထူးထူးဆန်းဆန်း သတင်းတွေလည်း ပါသည်။

ဥပမာအားဖြင့် ၁၉၈၀ ပြည့်နှစ်က ၁၀ လ အတွင်းတွင် အမေရိကန် လူငယ် ကိုးဦးတို့ အနာကြီးရောဂါ ရုတ်တရက် စွဲကပ်လာသည် ဆိုသည့် သတင်းမျိုး ဖြစ်သည်။ ဗာဂျီးနီးယား ပြည်နယ်က ရေကူးသမားများတွင် ကြောက်စရာ ကောင်းလောက်အောင် သွားချွတ်ယွင်းနေသည်ကို တွေ့ရသည် ဆိုသည့် သွားဆရာဝန်တစ်ဦး ပေးပို့သည့် သတင်းမျိုးလည်း ပါသည်။

စီဒီစီက ထောက်လှမ်းရေးသမားများ စုံစမ်း ကြည့်သည့်အခါတွင် ထိုဒေသမှ ရေကူးကန်များတွင် အက်စစ်ဓာတ်သည် အခြားသော နေရာများ ထက် အဆတစ်သိန်း များနေကြောင်းကို တွေ့ရသည်။

ကိုလိုရာဒို ပြည်နယ်တွင် နှင်းမုန်တိုင်း တိုက်ပြီးနောက် နှင်းခဲရှင်း စက်များကြောင့် ထိခိုက်သဖြင့် လက်ချောင်းများ ဖြတ်ပစ်ရသည့် မတော်တဆ မှုမျိုး ၁၄ ခုလောက် ဖြစ်သည် ဆိုသည့် သတင်းမျိုးလည်း ပါသည်။

ဖလော်ရီဒါနှင့် တက္ကဆက် ပြည်နယ်များတွင် အမျိုးသား ၇၂ ယောက်တို့ ရင်သား ရုတ်တရက် ကြီးထွားလာသည် ဆိုသည့် သတင်းမျိုး လည်း ပါသည်။ အစားအသောက် ကောင်းမွန် တိုးတက်လာသဖြင့် ဟော် မုန်းဓာတ် ဟန်ချက် မညီမှုကြောင့်ဟု ယူဆရသည်။

စာစောင်ထဲတွင် ဖော်ပြထားသည့် ရောဂါများနှင့် အသေအပျောက် စာရင်း တစ်ဝက်ခန့်တို့မှာ အများအားဖြင့် စားသောက်ကုန်များကြောင့် အဆိပ်ဖြစ် သေဆုံးကြခြင်း၊ ရောဂါရကြခြင်း ဖြစ်သည်။

ဥပမာအားဖြင့် အိုဟိုင်းယိုးမှ ကြက်ဆင် မွေးသူများမှာ နှလုံးသွေးကြော ပိတ်ခြင်းနှင့် ယှဉ်၍ ဖျားတတ်သော ကြက်တူရွေးများ ရောဂါ (Psittacosis) ရသည့် သတင်းမျိုး၊ အလာစကာမှ ကဏန်း စည်သွတ်လုပ်ငန်း အလုပ်သမားများတွင် ပန်းနာရင်ကျပ် ရောဂါရတတ်သည့် သတင်းမျိုးလည်း ပါတတ်သည်။

သို့ရာတွင် စီဒီစီ၏ အဓိက အလုပ်မှာ ကူးစက် ပြန့်ပွားသော ကပ်ရောဂါကြီးများကို တားဆီး ကာကွယ်ရေး ဖြစ်သည်။ အပတ်စဉ်လိုလိုပင် ရောဂါတစ်ခု အကြောင်းကို သုတေသနပြုကာ အကျယ်တဝင့် ရေးထားသည့် သတင်းဆောင်းပါး တစ်ခုခုတော့ ပါတတ်သည်။

ဥပမာအားဖြင့် ရှဉ့်များမှ ကူးစက်ပြန့်ပွားသည့် တိုက်ဖိုက်စ် ကူးစက်အဖျားရောဂါ အကြောင်း၊ အရှေ့ဘက်ကမ်းခြေမှ ကြွက်ရူးကိုက် ရောဂါအကြောင်း၊ မက္ကစီကို ရွာများတွင် ဖြစ်တတ်သည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့် အသည်းယောင် အသားဝါရောဂါ အကြောင်း စသည်တို့ ဖြစ်သည်။

စီဒီစီသည် ဒေါက်တာ မိုက်ကယ်၏ သတင်းပို့ချက်ကို ရသည့် အခါတွင် လော့စ်အိန်ဂျလိစ်ရှိ မိမိ ကိုယ်စားလှယ်များထံ အတည်ပြုပေးရန် အကြောင်းကြားသည်။ အတည်ပြုချက် ရသည့်အခါတွင်ကား ဒေါက်တာ မိုက်ကယ်၏ သတင်းပို့ချက်သည် စာစောင် အတွက် တကယ့် သတင်းထူး ဖြစ်သွားလေပြီ။

ထိုသတင်းသည် ၁၉၈၁ ခုနှစ် ဇွန်လထုတ် စာစောင် အတွဲ ၃၀၊ စာမျက်နှာ ၂ တွင် ပါရှိလာသည်။ *နျူမိုဆိုက်စတစ် နျူမိုးနီးယား – လော့စ်အိန်ဂျလိစ်* ဟု ခေါင်းစဉ်တပ်ထားသည်။

ထိုဇွန်လထုတ် စာစောင်သည် နောင်တွင် ကိုယ်ခံစွမ်းအားကျ ရောဂါ (AIDS) ဟု နာမည်ဆိုးဖြင့် ကျော်ကြားပြီး လူ့လောကကြီးအား အလန့်တကြား ဖြစ်လာစေသည့် ကပ် ရောဂါဆိုးကြီးနှင့် ပတ်သက်၍ ပထမဆုံး ပုံနှိပ်ဖော်ပြသည့် စာစောင် အဖြစ် သမိုင်းတွင်ရစ်မည် ဖြစ်သည်။

သို့တိုင်အောင် စာစောင် အယ်ဒီတာသည် ထိုသတင်းကို မျက်နှာဖုံးတွင် မတင်။ သူ့စိတ်ထဲတွင် ထိုသတင်းသည် မျက်နှာဖုံး တင်လောက်သည့် သတင်း မဟုတ်ဟု ယူဆဟန် တူသည်။ ထိုသတင်း အစား ကာရစ်ဘီယံ ပင်လယ်ကျွေ့တွင် အားလပ်ရက် ခရီးထွက်သည့် အမေရိကန် နှစ်ယောက်

သွေးလွန်တုပ်ကွေး ဖြစ်သည့် သတင်းဆောင်းပါးကို ထည့်သည်။

အမှန်အားဖြင့် ဒေါက်တာ မိုက်ကယ် ပို့လိုက်သည့် လူငယ်မိန်းမလျာ ငါးယောက်တို့၏ သတင်းသည် ဘာမျှ ထူးထူးဆန်းဆန်း မဟုတ်။ ထိုလူငယ် ငါးယောက် တို့သည် တစ်ယောက်နှင့် တစ်ယောက် အသိအကျွမ်းလည်း မဟုတ်။ အဆက်အဆံလည်း မရှိ။ သူတို့အားလုံးတွင် လိင်တူ ဆက်ဆံမှုကြောင့် ရောဂါရကြသည်။ သူတို့အားလုံးသည် အဆိပ် ဖြစ်စေသော ဆေးဝါးများ ကိုလည်း သောက်သုံးကြသည်။ ကိုယ်ခံစွမ်းအား ကာကွယ်မှု စနစ်များကို တိုက်ခိုက်သည့် ကပ်ပါး နျူမိုးနီးယား ရောဂါ စွဲကပ်နေကြသည်။

ထိုမျှလောက်သာ ဖြစ်ပေသည်။

သို့ရာတွင် ဒေါက်တာ မိုက်ကယ်ကမူ ထိုရောဂါ ကူးစက်မှုသည် အရေးကြီးသည်ဟု ယူဆသည်။ ယခုပင် သူ့လူနာ နှစ်ယောက်သည် ထို ရောဂါဖြင့် သေဆုံး သွားခဲ့ရပြီ။

ဒေါက်တာ ဂျင်းကာရန်နှင့် သူ့အဖွဲ့ဆီသို့ နောက် ရောက်လာသည့် သတင်းပို့ချက်မှာ နယူးယောက်မှ ရောက်လာခြင်း ဖြစ်သည်။

နယူးယောက် တက္ကသိုလ် ဆေးပညာ မဟာဌာနမှူး ဒေါက်တာ အယ်လ်ဗင် ဖရီးမင်းက အလွန် ရှားပါးသည့် ရောဂါတစ်မျိုး ရုတ်တရက် ပျံ့နှံ့နေသည်ဟု သတင်းပို့သည်။

သူ ပြောသည့် ရောဂါ လက္ခဏာချက်မှာ ဒေါက်တာ မိုက်ကယ် ပြောသည့် လက္ခဏာချက်များနှင့် တူညီချက် တစ်ချက်တော့ ရှိသည်။

ယင်းမှာ ထိုရောဂါသည် မိန်းမလျာ လူငယ်များတွင် ဖြစ်ပွားပြီး သူတို့၏ ကိုယ်ခံစွမ်းအား စနစ်များမှာလည်း တစ်စုံတစ်ခုသော အကြောင်း ကြောင့် ပျက်စီးသွားသည် ဆိုသည့် အချက် ဖြစ်သည်။

[ ၁၂ ]

ချောက်ကမ်းကြီးထဲသို့ ကျသွားသော လှေနှစ်ယောက်။

လာဘရှုန်း၊ အစွရေး။

၁၉၈၁ ခုနှစ် ဇွေဦး။

'အမေ့ဘုရားသခင်သည် ကျွန်ုပ် ဆုတောင်းကို ပြည့်စေခဲ့ပါသည်၊ ကျွန်ုပ်အား ကိုယ့်တော်အရှင် ဖန်ဆင်းတော် မူခဲ့သည့် အတွက် အမြတ်နယ် နေရာသို့ ပို့ဆောင်ပေးတော် မူခဲ့ပါသည်၊ အယ်လေလူယာ'

ဘုန်းတော်ကြီး ဖိလစ် မာလုက လက်ဘနွှန်ရှိ သူ့မိဘများထံ စာရေးသည်။

တစ်ခါက ခရစ်ယာန်ဂိုဏ်းသား ပြောက်ကျားတပ်သား တစ်ဦး ဖြစ်ခဲ့သည့် မာလုသည် ဂျေရုဆလင် တောင်ခြေရင်းရှိ လာတရှုန်း ဘုန်းတော်ကြီးကျောင်းတွင် သူ တောင့်တခဲ့သော အာသီသ ပြည့်ဝသဖြင့် ပီတိ ဖြစ်နေသည်။ ဘုန်းတော်ကြီး မာလုသည် ကျောင်း အပြင်ဘက်ရှိ ဝတ္တုကံမြေထဲမှ စပျစ်ခြံများတွင် အလုပ်လုပ်သည်။ ဘုရားဖုးများအား စပျစ်ရည် တိုက်သည်။ အပင်တိုင်း ရှေးဟောင်း ကျောက်စာများကို တူးဖော်သည်။ ကင်နွန်နိုက်ကျောက်စာများ မင်စာကူးသည်။ ဆိတ် မုတ်ဆိတ် နီနီကလေး ရှိသည့် အီရတ် အမျိုးသား ဘုန်းတော်ကြီး အန်ထော်နီ၏ အကူအညီဖြင့် သူ စတင်တည်ထောင်ခဲ့သည့် ရှေးဟောင်း ပြတိုက်ကလေးကို ပို၍ ကျယ်သည့် နေရာတစ်ခုသို့ ပြောင်းရွှေ့သည်။

ညနေ ဝတ်ပြုပြီးသည်နှင့် မာလုသည် တူးဖော်ရလာခဲ့သည့် ကျောက်စာအကျိုးအပဲ့များကို အင်္ဂတေ ခုံကလေးများပေါ်တွင် စနစ်တကျထောင်သည်။ ကျောက်စာချပ်များကို ခေတ်အလိုက် ရွေးကာ အောက်တွင် ကမ္ပည်းထိုးသည်။

ကျောက်စာများကို သူ့ခေတ်နှင့်သူ ရွေးချယ်နိုင်ခြင်းမှာ ဂီဇာမြို့ဟောင်းသို့ မကြာခဏ လာရောက် တူးဖော်ကြသော အမေရိကန် ရှေးဟောင်း သုတေသန ပညာရှင် တစ်ဦးကြောင့် ဖြစ်သည်။

သူတို့ အချင်းချင်းလည်း သူတို့ တွေ့ရှိထားသည့် အချက်အလက်

များကို ညှိနှိုင်းကြသည်။ တနင်္ဂနွေ နေ့များတွင် သုတေသန ပညာရှင်နှစ်ဦး ဖြစ်သည့် ဂျိုးဆက် စတိန်းနှင့် ဆန် ဘလွန်းတို့သည် ကျောက်တုံး ဖြူဖြူ များဖြင့် ဆောက်ထားသည့် ဘုရားရှိခိုးကျောင်း အမိုးခုံးခုံးကြီး အောက်သို့ ရောက်လာကြကာ ဝတ်တက်ကြသည်။ ထိုအခါမျိုးတွင် ဘုန်းတော်ကြီး မာလု ကလည်း ညှိသည်များအား ကျက်သရေခန်းတွင်းမှ စားဖွယ်သောက်ဖွယ် တို့ကို ထုတ်ကျွေးတတ်သည်။ အစိမ်းရောင် ဖျော့ဖျော့ နံရံများပေါ်တွင် သံလွင်သားဖြင့် ပြုလုပ်ထားသည့် လက်ဝါးကပ်တိုင်များ ချိတ်ထားသည်။

ဘုန်းကြီးကျောင်းမှ ကျွေးသည့် မုန့်ညင်းမှုန့် နယ်ထားသည့် ယုန်ကင် နှင့် ကြက်သွန်ချဉ်တို့မှာ အရှေ့အလယ်ပိုင်းတွင် နာမည်ကြီးသည်။ အစာပိတ် အဖြစ် တူရကီ ကော်ဖီခါးခါးနှင့် ကျောင်းမှ လိုဏ်ဂူများထဲတွင် ချက်သော ဗရန်ဒီတို့ကလည်း သောက်၍ ကောင်းသည်။

ပွဲတော်နေ့များတွင် မာလုသည် ဆရာဘုန်းတော်ကြီးကို ခွင့်ပန်ကာ ရှေးဟောင်း သုတေသန ပညာရှင် တစ်ဦးနှင့် အတူ သမိုင်း၏ အလွှာများကို တူးဆွရန် လိုက်သွားတတ်သည်။

တောက်ပနေသော ဂီဇာ မြို့ဟောင်းသည် လွင်ပြင်တွင် ခံတပ်ကြီး တစ်ခုနှယ် အထီးတည်း ရှိနေသည်။ နှစ် ထောင်ပေါင်းများစွာ အရှေ့နှင့် အနောက်တို့ကို ဆက်သွယ်ပေးခဲ့သည့် ယောမာရီ ပေတစ်ရာကြီး ပေါ်တွင် ဂီဇာ မြို့ဟောင်းသည် စန္ဒရီ တစ်ယောက်သဖွယ် မားမားကြီး ရပ်နေသည်။

လူ၏ ရှေးအကျဆုံးသော ဇာတိရပ်ရွာ ဖြစ်သည့် ဒေသတွင် ရှိသော တောင်ကုန်းတစ်ခု ပေါ်တွင်ရှိ ဂီဇာ မြို့ဟောင်းသည် ရှေးဟောင်း သုတေသန ပညာရှင် ဖြစ်သည့် ဂျိုးဆက်စတိန်းနှင့် ဘလွန်းတို့၏ စူးစမ်းစိတ်ကို နှိုးဆွ ပေးတတ်သည်။ ယခု ဂျေရုဆလင် အမေရိကန် တက္ကသိုလ်ရှိ သူတို့အဖွဲ့ သည် လူတို့ မှီတင်းနေထိုင်ရာ မြို့ဟောင်း၏ ၁၃ ထပ်မြောက် အလွှာကို လှန်၍ တူးနေကြသည်။ အာရပ်နှင့် ရေဝတီ အလုပ်သမား ၁၀၀ လောက်ဖြင့် သူတို့သည် ကိုက် ၃၀ နက်သော တွင်းကြီးတစ်ခုကို တူးခဲ့ကြသည်။ တန် ပေါင်းများစွာသော မြေကြီးများ အပြိုအပျက်များကို သယ်ထုတ်ရန်အတွက် သူတို့သည် အားကောင်းသော ဝန်ချီစက်ကြီးများကို သုံးရသည်။ အောက် ကျင်းထဲမှ အပေါ် အထိ မြင့်မားသော ငြမ်းစင်ကြီးကို ဆောက်ရသည်။

ဘုန်းတော်ကြီး မာလုသည် အိစတာ ပွဲတော် ပြီးသည့်နောက်တွင် ဂီဇာ မြို့ဟောင်းကို တူးနေသည့် သူ့မိတ်ဆွေ သုတေသန ပညာရှင် နှစ်ဦးထံ လာခဲ့သည်။ သူတို့ကလည်း သူတို့ ဘုန်းကြီးလေးကို အိစတာ လက်ဆောင် အဖြစ် ပြသစရာ ပစ္စည်း နှစ်ခု ရှိသည်။

ယင်းမှာ လောလောလတ်လတ် တူးပြီးသွားသော ကင်နွန်နိုက်ခေတ် မြို့ဟောင်း ရင်ပြင် တစ်ခု ဖြစ်သည်။ ထိုရင်ပြင်တွင် ကျောက်တိုင်ကြီး ၁၀ တိုင်နှင့် ကြီးမား ခိုင်ခံ့သည့် ကျောက်ခွက်ကြီး တစ်ခွက် ရှိသည်။ ရှေးခေတ် တုန်းက ထိုနေရာသည် ဘာသာရေး ဗဟိုချက်မ တစ်ခု ဖြစ်ကြောင်းကို ပြသည့် အထောက်အထားများ ဖြစ်သည်။

ဒုတိယ ပြမည့် နေရာမှာ တော်တော် ထူးခြားသည့် တူးဖော် တွေ့ရှိမှု ဖြစ်သည်။ မြို့ဟောင်းမြေ ၁၃ လွှာကို လှန်ပြီးသည့်အခါ၌ ဂျိုးဆက်နှင့် ဘာလွန်းတို့သည် လိုဏ်ဂူကြီး တစ်ခု၏ အဝကို သွားတွေ့ကြသည်။ လိုဏ်ဂူ မှာ ကျောက်တောင်ကြီး တစ်ခုအောက်တွင် ဖောက်ထားခြင်း ဖြစ်ပြီး ၆၆ ကိုက် ရှည်သည်။ လိုဏ်ဂူ အဆုံးတွင် ဘုရားရှိခိုးကျောင်းကြီး တစ်ခု သဏ္ဌာန် ဆောက်လုပ်ထားသည့် ဂူကြီး တစ်ခုကို တွေ့ရသည်။ ထိုဂူကြီးထဲတွင် အလွန် အဖိုးတန်သည့် ပစ္စည်းကို တွေ့လိုက်ရသည်။ ထိုပစ္စည်းကို ကြည့်လိုက်လျှင် ပင် သမိုင်း အကြိုခေတ်က လူများ ဘာကြောင့် ထိုနေရာတွင် နေထိုင်ခဲ့ကြ ကြောင်း၊ နောင်တွင်လည်း ရှေးခေတ်ဦး လူတို့ ထိုနေရာတွင် ဘာကြောင့် နှစ် ထောင်ပေါင်း များစွာ နေထိုင်ခဲ့ကြကြောင်းကို သိနိုင်သည်။ ထိုအဖိုးတန် ပစ္စည်းမှာ ရေ ဖြစ်သည်။

သူတို့ သုံးဦးသည် ထိုနေရာသို့ သွား၍ ဓာတ်ပုံရိုက်ကြသည်။ နေရာ ဒေသ အသီးသီးမှ လာသည့် လူသုံးဦး၊ ဝါသနာတူ စရိုက်တူဖြင့် သည်နေရာ တွင် လာ၍ ဆုံရခြင်းမှာ တော်တော်တော့ ဆန်းသည်။

ဂျိုးဆက် စတိန်းက သမ္မာကျမ်းစာထဲက ပုရောဟိတ် တစ်ဦးလို မုတ်ဆိတ် ဖားလျားနှင့်။ ဘာလွန်းက သတ္တုကိုင်း မျက်မှန်နှင့်၊ ပြင်းထန်သည့် အယူအဆ ရှိသူ မင်းမဲ့ဝါဒီ တစ်ဦးလိုလို။ မာလုက ပြောင်တင်းသော ဦးပြည်း နှင့် ဝတ်ရုံဖြူကို ဝတ်လျက်။

သူတို့ သုံးဦးသည် အောက်ဆုံးထပ်ကို ဆင်းကြည့်ရန် အောက်သို့

ဆင်းလာခဲ့ကြသည်။ ပထမ လှေကား အချိုးကို အဆင်းတွင် ဘလွန်းက ရှေ့ဆုံးမှ ဆင်းသည်။ လိုဏ်ဂူမှာ အောက်ထပ် ကိုက် ၃၀ တွင် ရှိသည်။ ကျင်းဘေး နံရံမှ ကျောက်ခဲများသည် မကြာခဏ ပဲ့ကျတတ်ကာ သံမဏိ ငြမ်းစက်ကို တချင်ချင် ထိမှန်ကာ အောက်သို့ ကျသွားကြသည်။

'ရှေး သမိုင်းခေတ်ဦးက ဂီတသံတွေလို့ ထင်မိတယ်ဗျာ' ဟု ဘုန်းတော်ကြီး မာလုံက နောင်တွင် ပြောသည်။

ထိုအခိုက်တွင် သူတို့ ကံဆိုး မိုးမှောင်ကျခြင်း ဖြစ်သည်။

အဖြစ်အပျက်မှာ လျင်မြန် လွန်းလှသဖြင့် ဂျိုးဆက်သည် ဘယ်လို ကနေ ဘယ်လို ဖြစ်သွားသည်ကို စီကာစဉ်ကာ မပြောနိုင်။

'မာလုရဲ့ လွှာဖိနပ်က သူ့ဝတ်ရုံနှင့် သွားငြိတယ်ဗျ၊ အဲဒီမှာ မဟန် နိုင်တော့ဘဲ အောက်က ကျင်းကြီးထဲကို ဇောက်ထိုး ကျသွားတော့တာပါပဲ၊ လှေကားကို ဖမ်းဆုပ် လိုက်ပါသေးရဲ့၊ ဒါပေမယ့် လှေကားထစ်တွေကို မမိ ဘူးလေ၊ ဒီမှာတင် ကြောက်လန့်တကြား အော်ပြီး ကျသွားတယ်၊ သူ့အပေါ်က မာလု ဖြစ်နေပုံ သိလိုက်တော့ ဘလွန်းက လှမ်းဆွဲလိုက်သေးတယ်၊ ဒါပေမယ့် မာလုက သူ့ကို ဝင်တိုက်ပြီး ကျသွားတော့ သူလည်း မဟန်နိုင်တော့ဘဲ အောက်ကို ကျသွားတယ်၊ အော်သံတွေကိုသာ ကြားလိုက်ရပြီး ကျွန်တော့် မိတ်ဆွေနှစ်ယောက်လည်း အောက်က ချောက်ကြီးထဲကို ထိုးကျပြီး ပျောက် သွားတော့တာပါပဲ'

ဂျိုးဆက်က ပြန်ပြောသည်။

[ ၁၃ ]

**ဗီယင်နာ ဆရာဝန် တစ်ဦး၏ အညိုကွက်များ။**

**နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၁ ခုနှစ် မေ့ဦး။**

နယူးယောက် ဆရာဝန်၏ သေးငယ်သော မျက်လုံးများသည် ပြူးကျယ် သွားကြသည်။

ဒေါက်တာ အယ်လဗင် ဖရီမင်းသည် အသက် ၃၇ နှစ်ရှိပြီ။ သို့ရာတွင် ထိုကဲ့သို့သော အနာ ဟောက်ပက်ကြီးတွေ တစ်ကိုယ်လုံး ပျံ့နှံ့နေသည်ကို

တစ်ခါမျှ မမြင်ဖူးသေး။ လူနာ၏ ပါး၊ နဖူး၊ နားခေါင်း၊ အထက်နှုတ်ခမ်း နှင့် မေးစေ့ စသည့် မျက်နှာ တစ်ပြင်လုံးတွင် ပုံသဏ္ဍာန် အမျိုးမျိုး ဆောင်သည့် အညိုကွက်ကြီးတွေ ပြည့်နေသည်။ အော်ပရာပြဇာတ်မှ လူပြက် တစ်ယောက် မျက်နှာဖုံး စွပ်ထားသည်နှင့်ပင် တူတော့သည်။

သို့တိုင်အောင် ဒေါက်တာ အယ်လဗင်သည် အရေပြားရောဂါ အမျိုးမျိုးကို တွေ့ခဲ့ဖူးသူ ဖြစ်သည်။ သူ ကျွမ်းကျင်သည့် ရောဂါနှင့် ပတ်သက်သည့် လက္ခဏာများမှာ မျက်စိဖြင့် မြင်ရသည့် လက္ခဏာချက်များ ဖြစ်သည်။ အရေပြား ရောဂါတွင် ထိုသို့သော အရောင်များကို မြင်နိုင်သောကြောင့် သူသည် များစွာ ဂုဏ်မရှိလှသော အရေပြား ရောဂါဆိုင်ရာ ဆေးပညာကို ယူခဲ့ခြင်း ဖြစ်သည်။ ပုံသဏ္ဍာန်များ အသွေးအရောင်များကို သူ စိတ်ဝင်စားသည်။ ရှစ်နှစ်သားလောက်တုန်းက ပန်းချီ ဆွဲခဲ့ဖူးသည်။ ပန်းပု ထုခဲ့ဖူးသည်။ ပုံဖော်ခဲ့ဖူးသည်။ ထို့နောက်တွင် အဏ္ဏဝါ ဇီဝဗေဒ ပြတိုက် တစ်ခုကို သွားလေ့လာရာမှ သူသည် သိပ္ပံပညာဘက်တွင် စိတ်ပါသွားသည်။ ဆန်းပြားများပြားလှသော အဏ္ဏဝါ သက်ရှိ သတ္တဝါတို့၏ ဘဝကို တအံ့တသြ ဖြစ်ကာ မစ္ဆဗေဒ (ငါးကို လေ့လာခြင်း) ကို ဝါသနာပါသွားသည်။

ငါးတွေ မွေးသည်။ အပေါ်ဆုံး ငါးမှ အရှားဆုံး ငါးအထိ ငါးမျိုးစုံကို စုဆောင်းသည်။ ငါးအကြေးတို့ တစ်မျိုးနှင့် တစ်မျိုး ကွဲပြား ခြားနားပုံကို မိုက်ကရိုစကုပ်ဖြင့် လေ့လာသည်။ ငါးအရေခွံ လက်မတိုင်းကို နှိုင်းယှဉ်ကြည့်သည်။ ဆူးတောင်များကို အသေးစိတ် ခွဲခြမ်းကြည့်သည်။

ဇီဝဗေဒကို သူ စိတ်ဝင်စားလာခြင်းမှာ အဏ္ဏဝါ ဇီဝဗေဒ ပြတိုက်ကို လေ့လာပြီး အဆန်းတကြယ်တို့ကို တွေ့ရှိခဲ့ရာမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အလုပ်အကိုင် တစ်ခုကို ရွေးချယ်ရမည် ဆိုသည့်အခါတွင် သူသည် ဆရာဝန် အလုပ်ကို ရွေးလိုက်သည်။ လူ့လောကကြီး၏ အကျိုး အတွက် တိရစ္ဆာန် လောကကို သူ စွန့်လိုက်သည်။

ယေးလ်တက္ကသိုလ် ဆေးကောလိပ်သို့ ရောက်သည့်အခါတွင် သူ့အား အရေပြား ရောဂါဆိုင်ရာ ပညာရပ်ကို သွန်သင်ပေးလိုက်သည့် ဆရာကို သွားတွေ့သည်။ ထိုဆရာမှာ အရေပြားတို့၏ အရောင်များ ဖွဲ့စည်းပုံကို လေ့လာခဲ့သည့် နာမည်ကျော် ဇီဝဗေဒ ပညာရှင်နှင့် အရေပြားပညာရပ် ပါရဂူ အာရင် လန်းနား ဖြစ်သည်။

နောက်အနှစ် ၂၀ ခန့် ကြာသည့်အခါတွင် အရေပြား ဆေးပညာရှင်

တစ်ဦးနှင့် နာမည်ကျော် သုတေသန သိပ္ပံပညာရှင် တစ်ဦး ဖြစ်လာခဲ့ကာ နာမည်ကျော် နယူးယောက် တက္ကသိုလ် ဆေးပညာ မဟာဌာနတွင် အရေပြား ဆေးပညာနှင့် အဏုဇီဝဗေဒ ဌာနမှူး ဖြစ်လာခဲ့သည်။

ဆေးကုဆရာဝန် အလုပ်နှင့် ဗိုင်းရပ်စ်ပိုးမွှား ခွဲခြမ်းစိတ်ဖြာ သုတေသန လုပ်ငန်းတို့ကို ပေါင်းစပ်ပေးခြင်းဖြင့် သူသည် ယခင်က ကုသ၍ မရနိုင်ဟု ယူဆခဲ့ကြသော ရောဂါများကို ကုသရာတွင် လင်ဖိုဆိုက်များက ထုတ်လုပ်ပေးသည့် အလွန် အစွမ်းထက်သော ဗိုင်းရပ်စ် ပိုးမွှား တိုက်ဖျက်ရေး ပစ္စည်း တစ်ခု ဖြစ်သည့် အင်တာဖာရွန်ကို ပထမဆုံး စတင်သုံးစွဲသူ ဖြစ်လာခဲ့သည်။

အက်စီကလိုဗစ် ဆေးနှင့် ပြုလုပ်သော သူ၏ စမ်းသပ်မှုကြောင့် လိင် ဆက်ဆံမှု တော်လှန်ရေးမှ ပေါ်ပေါက်လာခဲ့ပြီး အမေရိကန်တို့က ရေယုန်ဟု ခေါ်ကြသော အရေပြား ရောဂါကို ကုသရာတွင် အစွမ်းထက်သော ဆေး ဘက်မျိုး ဖြစ်လာခဲ့သည်။

၁၉၈၁ ခုနှစ် နွေဦးပေါက်တွင် ထို အရေပြား ရောဂါကို ကာကွယ် နိုင်သည့် ကာကွယ်ဆေး တစ်မျိုးကို စမ်းသပ် ထုတ်လုပ်နိုင်ခဲ့သဖြင့် ဆေး ပညာ နိုဗယ်လ်ဆု ချီးမြှင့်ရန် အမည် တင်သွင်းခြင်း ခံခဲ့ရသည်။

သို့ရာတွင် ထိုဧပြီလ မနက်တွင်မူ အယ်လဗင်၏ အသက်မွေး ဝမ်း ကျောင်း ဘဝသည် အခြားဘက်သို့ ဦးတည်သွားရန် အခြေအနေ တစ်ရပ် ပေါ်လာခဲ့သည်။

သူ့ဆေးခန်းတွင် လာ၍ ထိုင်သည့် လူနာမှာ ဘရော့ဝေး ပြဇာတ်မှ ပြဇာတ် မင်းသား တစ်ယောက် ဖြစ်သည်။

အရေပြားပေါ်တွင် ပေါက်နေသည့် အနာများမှ အပ သူ့ကျန်းမာရေး ကို ကြည့်ရသည်မှာ ပကတိ လူကောင်း တစ်ယောက်။

'သိပ်ပြီး ဆိုးတာပါပဲ ဒေါက်တာရယ်၊ ဒီအကွက်တွေကို မိတ်ကပ် နှင့် ဖုံးတာတောင် မရဘူး'

လူနာက သူ့မျက်နှာကို စမ်းကြည့်ရင်း ညည်းသည်။

ဒေါက်တာ အယ်လဗင်သည် လူနာကို တစ်ချက် လှမ်းကြည့်လိုက် သည်။ ကြည့်လိုက်ရုံဖြင့် သူ့ရောဂါကို ခွဲခြားနိုင်ပါသည်။

သူ့ အရေပြားပေါ်မှ ညိုညို အကွက်များ၏ ပုံသဏ္ဌာန်နှင့် အရောင်

သည် လူသိများသော ရောဂါတစ်ခု၏ လက္ခဏာများ ဖြစ်သည်။ သို့ရာတွင် ဆရာဝန်သက် ရင့်ပြီးနေသည့် ဒေါက်တာ အယ်လဗင်သည် သူ့ဆုံးဖြတ်ချက်ကို ချက်ချင်း မချသေး။ ထိုရောဂါသည် ငယ်ရွယ်သူများတွင် ဖြစ်လေ့မရှိ။ အာဖရိက အလယ်ပိုင်းနှင့် မြေထဲပင်လယ် ကမ်းခြေတစ်ဝိုက် နိုင်ငံများတွင်သာ ဖြစ်လေ့ရှိသည်။ ၁၈၇၂ ခုနှစ်တွင် ထိုရောဂါကို ဗီယင်နာ ဆရာဝန်ဘစ်ဦးက တွေ့ရှိခဲ့သဖြင့် အမည်ကို အစွဲပြုကာ ရောဂါအမည် တပ်ထားသည်။ သူ့တွေ့ရှိချက်သည် နောင်အနှစ် ၁၀၀ အကြာတွင် မည်မျှ ပုံတင်ထပ်၍ ကျန်ခဲ့မည်ကို သူ မသိ။

ထိုစဉ်က ဩစထရီးယား နိုင်ငံ ဘုရင့် ဆေးတက္ကသိုလ်တွင် ပါမောက္ခ မိုးရစ် ကာပိုဆီ တင်ပြခဲ့သည့် အရေပြား နမူနာ ငါးခုသည် နောင်တွင် ကိုယ်ခံအား ကျဆင်း ရောဂါ (အေအိုင်ဒီအက်စ်) နှင့် ဆက်စပ်နေသော ရောဂါ လက္ခဏာ တစ်မျိုးကို ခွဲခြားရာတွင် စံနမူနာများ ဖြစ်ခဲ့ကြသည်။

အာဖရိကတိုက်မှ လွဲလျှင် ကာပိုဆီ ဆာကိုးမား ခေါ် ကာပိုဆီ အရေပြား ကင်ဆာသည် ဖြစ်တောင့်ဖြစ်ခဲ ရောဂါမျိုး ဖြစ်သည်။

အရေပြား ပါရဂူတစ်ဦး ဖြစ်သည့် ဒေါက်တာ အယ်လဗင်၏ ဆေးကုသက်တမ်း တစ်လျှောက်တွင် ကာပိုဆီ အရေပြားကင်ဆာ ဖြစ်သူ ဆို၍ တစ်ဒါဇင်ပင် မပြည့်။ အထူးသဖြင့် အမေရိကန်လူမျိုး အသက် ကြီးသူများတွင် ဖြစ်လေ့ရှိပြီး သူတို့ကို ဆေးရုံများ၊ ဆေးကျောင်းများတွင် ရှားပါးသည့် နမူနာ အဖြစ်သာ ပြလေ့ရှိသည်။

ယခု ထိုသို့ မဟုတ်။ ထိုဗြေ မနက်တွင် သူ့ရှေ့သို့ ရောက်လာသည့် ဘရော့ဝေးမှ ပြဇာတ် မင်းသားငယ်သည် အစဉ်အလာများကို ချိုးဖျက်နေပြီ။

ဒေါက်တာ အယ်လဗင်သည် ညနေပိုင်းတွင် သူ့လူနာ၏ အသားစကို ထုတ်၍ ဘိုင်အိုစီ လုပ်ကြည့်သည်။ ရလာသည်မှာ သူ ထင်သည့်အတိုင်း ကာပိုဆီ အရေပြား ကင်ဆာ။

ဒေါက်တာ အယ်လဗင်သည် နောက် သီတင်းပတ်များတွင် တွေ့ရသည့် အဖြစ်အပျက်များကို တော်တော်နှင့် မမေ့နိုင်။ ထို အဖြစ်အပျက်များသည် ပျက်စီးခြင်းဘေး တစ်ခု အကြောင်းကို ရိုက်ထားသည့် ရုပ်ရှင်ကား တစ်ခုထဲမှ ဇာတ်လမ်းစဉ်များနှင့် တူနေသည်။

တစ်နေ့တွင် ဒေါက်တာ အယ်လဗင်သည် အထွေထွေ ရောဂါကုနေသည့် လုပ်ဖော်ကိုင်ဖက် ဆရာဝန် တစ်ဦးထံမှ တယ်လီဖုန်း ရသည်။

'ကျွန်တော့်ဆီမှာ အရေပြားရောဂါ လက္ခဏာချက်တွေနှင့် လူနာတစ်ယောက် ရောက်လာတယ်၊ ကျွန်တော်တော့ ဒီလိုရောဂါ လက္ခဏာမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ခင်ဗျား ကြည့်ပေးနိုင်မလား'

အရေပြား ရောဂါ ပါရဂူ ဒေါက်တာ အယ်လဗင်သည် ထိုလူနာရောက်လာပုံကို ပြန်ပြောသည်။

'သီတင်း နှစ်ပတ် အတွင်းမှာ အဲဒီ ထူးဆန်း ရှားပါးတဲ့ အရေပြားကင်ဆာ ရောဂါသည် နှစ်ဦး ရောက်လာတယ်၊ ရောက်လာတဲ့ လူနာတွေက နှစ်ဦးစလုံး နယူးယောက်က၊ နှစ်ယောက်စလုံး အမေရိကန်တွေ၊ ပြီးတော့ လူငယ်တွေချည်းပဲ'

ကာပိုဆီ အရေပြားကင်ဆာ၏ သားကောင်မှာ ပဉ္စမ ရိပ်သာလမ်းမှ အောင်မြင်သည့် အိမ်တွင်းအလှပြင် လုပ်ငန်းလုပ်သူ လူငယ်တစ်ဦး ဖြစ်သည်။ ပထမဆုံး ရောဂါလက္ခဏာ ပေါ်လာသည်မှာ လွန်ခဲ့သည့် လအနည်းငယ်ခန့်က ဖြစ်သည်။ ကိုယ်အလေးချိန် ချက်ချင်း ထိုးကျသွားသည်။ အပြင်းဖျားသည်။ ညဘက်တွင် ချွေးထွက်သည်။ အကျိတ်တွေ ရောင်သည်။ သရက်ရွက် နှစ်ဆလောက် ကြီးလာသဖြင့် ခွဲထုတ်ပစ်ရသည်။ ဆေးရုံတွင် စစ်ကြည့်သည့်အခါ ထိုလက္ခဏာချက်များ ဘာ့ကြောင့် ပေါ်လာသည်ကို အကြောင်းရှာမရ။ ဆေးရုံမှ ဆင်းခါနီး ရက်အနည်းငယ် အလိုတွင် ခြေထောက်တွင် အင်ပြင်ထသလို အညိုကွက်တွေ ပေါ်လာသည်။

တာဝန်ကျ ဆရာဝန်က ပခုံးတွန့်ကာ 'တစ်ခုခုနှင့် တိုက်မိလို့ ပွန်းပဲ့သွားတာ ဖြစ်မှာပေါ့' ဟု ဆိုသည်။

အိမ်တွင်း အလှပြင် ဆရာလေးသည် အိမ်သို့ ပြန်သွားသည်။ နှစ်ပတ်အကြာတွင် တင်ပါး၊ လည်ပင်း၊ လက်မောင်း၊ မျက်နှာနှင့် ပါးစပ်တို့တွင် အညိုကွက်တွေ ပေါ်လာသည်။ သူသည် အထိတ်တလန့် ဖြစ်ကာ သူ့ဆရာဝန်ဆီသို့ သွားပြသည်။ သူ့ဆရာဝန် ဘာလုပ်ရမှန်း မသိ။

ဤတွင် အရေပြား ရောဂါ ပါရဂူ ဒေါက်တာ အယ်လဗင်ကို လှမ်းမေးခြင်း ဖြစ်သည်။

လော့စ်အိန်ဂျလိစ်မှ ဒေါက်တာ မိုက်ကယ် ဂေါ့လီယက်သည် နျူမိုးနီးယား ရောဂါ ကူးစက် ပြန့်ပွားလာသည့် အခါတွင် စိတ်ဝင်စားသည့်

နည်းတူ နယူးယောက်မှ အရေပြား ရောဂါ ပါရဂူ ဒေါက်တာ အယ်လဗင်သည်လည်း ၁၈၇၂ ခုနှစ်မှ ယခုတိုင် အချိန်ထိ ဖြစ်ပွားခဲ့သော ကာပိုဆီ အရေပြား ကင်ဆာရောဂါ မှတ်တမ်းများကို ကမ္ဘာ့ ဆေးပညာကျမ်းများတွင် လိုက်ရှာပြီး လေ့လာသည်။

ထို့နောက် သူ့လူနာ နှစ်ဦးကို မညာမတာ မေးခွန်းတွေ မေးသည်။ ဤတွင် သူ့လူနာနှစ်ဦးသည် တက်ကြွသော လိင်တူ ဆက်ဆံသူများ ဖြစ်နေကြသည်။ သူတို့သည် တစ်ယောက်နှင့် တစ်ယောက် မသိကြ။ တစ်ယောက်၏ ပါတနာနှင့် တစ်ယောက် မဆက်ဆံဖူးကြ။ သို့ရာတွင် သူတို့ နှစ်ဦးစလုံး၏ ရောဂါရာဇဝင်ကို စစ်ကြည့်လိုက်သည့်အခါတွင် သူတို့ နှစ်ဦးစလုံးမှာ တစ်ခါက ဆစ်ဖလစ်၊ ဂနိုရီးယား၊ အမြီးဗား ပိုးစွဲရောဂါ၊ ရေယုန်နှင့် ဘီအမျိုးအစား အသည်းရောင် အသားဝါရောဂါ ဖြစ်ဖူးကြောင်း တွေ့ရသည်။

ထို့ပြင် သူတို့ နှစ်ဦးစလုံးသည် အေမိုင်းလ်နိုက်ထရိုက် အခြေခံ 'ဖောင်း' ခေါ် မူးယစ်ဆေးများကို သုံးစွဲကြသည်။ ဖောင်းဟု ခေါ်ခြင်းမှာ အခြားကြောင့်မဟုတ်၊ ထိုဆေးရည် ပုလင်းကို ဖွင့်လျှင် ဖောင်းခနဲ မြည်သောကြောင့် ဖြစ်သည်။ ထိုမူးယစ်ဆေးကို သုံးလျှင် ယောကျ်ား လိင်အင်္ဂါနှင့် စအို အမြှေးပါးတွင် ရှိသော သွေးအိတ်များကို ကြွစေသဖြင့် လိင်စိတ်ကို နိုးကြားစေသည်။

ဒေါက်တာ အယ်လဗင်သည် ထိုရောဂါများ၏ အကြောင်းရင်းကို အစဖော်နိုင်သည့် သဲလွန်စများကို ရက်ပေါင်းများစွာ လိုက်ရှာသည်။ နယူးယောက်တွင် မိန်းမလျှာ လူနာ အများဆုံး လာသည်ဟု နာမည်ကြီးသော ဆရာဝန်များကို စာရေး မေးမြန်းသည်။ သူတို့ လူနာများ၏ အရေပြားပေါ်တွင် အလားတူ အညိုကွက်များ တွေ့ မတွေ့ကို စုံစမ်းသည်။ အဖြေက ဘာမျှမတွေ့ဟု ဆိုကြသည်။ ဤတွင် ဒေါက်တာ အယ်လဗင် လက်လျှော့ချင်သလိုလို ဖြစ်လာသည်။ ထိုစဉ် သူ့ဆေးရုံရှိ ကင်ဆာ အထူးကုဆရာဝန် တစ်ဦးထံမှ သတင်း တစ်ခု ရသည်။

လွန်ခဲ့သည့် နှစ်နှစ် အတွင်း ရောက်လာသည့် ကင်ဆာ ရောဂါရှင် ဘော်တော်များများတွင် သူ့လူနာ နှစ်ဦးလို အရေပြားရောဂါ လက္ခဏာများကို တွေ့ရကြောင်းဖြင့် သတင်းက ဆိုသည်။ ထိုလူနာများ အားလုံးမှာ အသက် ၃၁ အောက် မိန်းမလျှာတွေချည်း ဖြစ်ပြီး အားလုံး သေသွားကြသည်။ မည်သည့် အရေပြားရောဂါ ပါရဂူကမျှ သူတို့ကို စစ်ဆေးကြည့်ခဲ့ခြင်း မရှိ။

'ဒါ သဘာဝ မဟုတ်ဘူးဗျ၊ ဆေးရုံကြီး တစ်ခုတည်းက ဌာနတစ်ခုနှင့် တစ်ခု ပူးပေါင်း ဆောင်ရွက်မှု မရှိတော့ ကူးစက်ရောဂါကြီး တစ်ခု လူမသိ သူမသိ ပျံ့နေတာ'

ဒေါက်တာ အယ်လဗင် စိတ်တိုတိုဖြင့် အော်သည်။ ထို့နောက် ဒေါသကို ချုပ်တည်းကာ တယ်လီဖုန်းကို ကောက်ကိုင်သည်။

နယူးယောက် မြို့တော်ကြီးထဲတွင် ရှိသည့် မိန်းမလျာ လောကတွင် ထိုရောဂါ ပျံ့နှံ့နေသည် ဆိုလျှင် ကာပိုဆီ အရေပြား ကင်ဆာသည် အခြားသော နေရာများတွင်လည်း ရှိနေနိုင်သည်ဟု သူ တွက်သည်။

သူသည် ချီကာဂို၊ လော့စ်အိန်ဂျလိစ်နှင့် ဆန်ဖရန်စစ္စကို မြို့များရှိ လုပ်ဖော်ကိုင်ဖက်များနှင့် အဆက်အသွယ် လုပ်သည်။ သူ ထင်သည့်အတိုင်းပင် အရေပြားပေါ်တွင် အညိုကွက်တွေ စွဲနေသည့် လူနာများ ဆေးရုံများသို့ ရောက်လာကြောင်းကို တွေ့ရသည်။

ဒေါက်တာ အယ်လဗင်သည် အလားတူ ရောဂါရှင်များကို နယူးယောက်တွင် လိုက်ရှာသည်။ ကြာကြာ မရှာလိုက်ရ။ ရက် အနည်းငယ် အတွင်းတွင် လူနာ ၃၀ လောက် ရှာတွေ့သည်။ သူတို့ အားလုံးမှာ လူငယ်တွေ ဖြစ်ပြီး ဖိုမ လိင်ကိစ္စတွင် တက်ကြွသော မိန်းမလျာတွေချည်း ဖြစ်နေသည်။ သို့ရာတွင် ခက်သည်မှာ သူတို့ အရေပြားပေါ်မှ အညိုကွက်များကြောင့် ဆေးရုံများက လက်မခံဘဲ ဖြစ်နေကြသည်။

သူတို့ တော်တော်များများမှာ အနာကြီး ရောဂါသည်လို ဖြစ်နေကြသည်။ ပိုက်ဆံ တတ်နိုင်သူတို့က ပုဂ္ဂလိက ဆေးခန်း တစ်ခန်းသို့ တက်ပြီး ကျိတ်ကုကြသည်။ အချို့ကလည်း အိမ်တွင် ကျိတ်ကုကြသည်။ အချို့ကလည်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ကြိုးစားကြသည်။ အချို့သော အကျိတ်များသည် အရေပြားတွင်သာ ရပ်မနေဘဲ အစာအိမ် ပြွန်လမ်းကြောင်း၊ အူ၊ အဆုတ် စသည့် အတွင်း ကိုယ်အင်္ဂါ အစိတ်အပိုင်းများ၏ တစ်သျှူး အသားမျှင်များကိုပါ တိုက်ခိုက်ကြသည်။

ဆရာဝန်များသည် ဘယ်က အစ ကောက်ရမည် မသိဘဲ ဖြစ်နေကြသည်။ ကုထုံး အမျိုးမျိုးဖြင့် ကုသော်လည်း အရာမရောက်။ ရေရှည် အကျိုးမထူး။ ခီမိုသာရေပီ၊ ရေဒီယိုသာရေပီ စသည့် နည်းများဖြင့် ကုသော်လည်း အချည်းနှီး။ လအနည်းငယ် အတွင်းတွင် ဒေါက်တာ အယ်လဗင်၏ လူနာ တစ်ယောက်မှာ ဆေးရုံ ခုတင်ပေါ်တွင် အသက်ရှင်နေသည့် အလောင်း

တစ်လောင်းနှင့် ဘာမျှ မခြား။ ထိုလူနာ မဆုံးမီ တစ်ပတ် အလိုတွင်မူ ဒေါက်တာ အယ်လဇင်သည် သူ့လူနာကို အားပေးနှစ်သိမ့်ရန် လူနာခန်းထဲသို့ ဝင်သွားသည်။

ဤတွင် သူ့ တစ်သက်တွင် မေ့နိုင်ဖွယ် မရှိသည့် သံဝေဂမျိုးကို ကြုံရသည်။ အခန်းထဲသို့ သူ ဝင်သွားသည့်အခါတွင် သူ ဆေးကုပေးနေသည့် သေခါနီး လူမမာ မဟုတ်တော့ဘဲ တောင့်တင်း ကြံ့ခိုင်ကာ ပကတိ ကျန်းမာ သန်စွမ်းသည့် လူတစ်ယောက်ကို ဖြုန်းခနဲ တွေ့လိုက်ရသည်။

ဒေါက်တာ အယ်လဇင်သည် တစ္ဆေခြောက် ခံလိုက်ရသလို တုန်သွားသည်။ ထိုသူမှာ အခြားသူ မဟုတ်ပါ။ လူနာ၏ အမြွှာညီအစ်ကို ဖြစ်ပါသည်။ သူ့လူနာတွင် အမြွှာညီအစ်ကို ရှိသည်ဟု တစ်ခါမျှ ပြောသံ မကြားဖူး။ လွန်ခဲ့သည့် ၁၀ နှစ်လောက်တုန်းက သူတို့ အမြွှာ ညီအစ်ကိုသည် ကောားများပြီး လူချင်း ကွဲသွားကြသည်။ ထိုအချိန်မှ စ၍ တစ်ယောက်နှင့် တစ်ယောက် မတွေ့ကြတော့။

ဒေါက်တာ အယ်လဇင်သည် နောင်တရ မဆုံး ဖြစ်နေသည်။

'ဖြစ်မှ ဖြစ်ရလေဗျာ၊ သူတို့မှာ အမြွှာညီအစ်ကို ရှိမှန်းသိရင် ရိုးတွင်းချဉ်ဆီ အစားထိုးပြီး မကုရပါလား၊ ဒီလို ကုနိုင်ရင် လူနာရဲ့ ကိုယ်ခံအား စနစ် ပြန်ကောင်း လာနိုင်တာပေါ့၊ ဒီလိုဆိုရင် သေချင်မှ သေမှာ'

ထိုအချိန်မှ စ၍ အရေပြားကု ဆရာဝန် ဒေါက်တာ အယ်လဇင်သည် လူနာသစ် တစ်ယောက် ရောက်လာတိုင်း သူ့တွင် အမြွှာညီအစ်ကို ရှိ မရှိကို မမေ့မလျော့ မေးလေ့ ရှိသည်။

[ ၁၄ ]

**အဲယားဖရန့် လေယာဉ်မောင် တစ်ဦး၏ နောက်ဆုံးခရီး။**

**ပါရီ၊ ပြင်သစ်ပြည်။**

**၁၉၈၁ ခုနှစ် နွေရာသီ။**

အတ္တလန်တာမှ မိုက်ကရုတ် စုံထောက်တို့ ထုတ်ဝေသည့် အသေ အပျောက် အပေဘ်စဉ် ဂျာနယ် အဖို့ ပြင်သစ်ပြည်တွင် အမြဲတမ်း ဖတ်သူ တစ်ယောက် ရှိသည်။

မယ်ရီနို သိုးတစ်ကောင်လို အမွေးအမျှင် ဖိုးရိုးဖားရား၊ သူနှင့် ခွဲ၍မရသည့် လက်ထဲက မော်တော်ဆိုင်ကယ်စီး ဦးထုပ်၊ နှုတ်ခမ်းတွင် ဂလက်စီစီးကရက်ကို အမြဲ ခဲထားသည့် ဒေါက်တာ ဝီလီ ရိုဇင်ဘန်း (၃၆ နှစ်) သည် ဆရာဝန် တစ်ဦးနှင့်မတူ။ ရော့အင်ရိုး အဆိုတော် တစ်ယောက်နှင့် တူနေသည်။ ဒေါက်တာ ဝီလီသည် နားကျပ်နှင့် လိုက်လျောသည်ထက် လျှပ်စစ်ဂစ်တာ တစ်လုံးနှင့် လိုက်လျောကောင်း လိုက်လျောမည်။ ချာလီစ်အိန်ဂျယ် မော်တော်ဆိုင်ကယ် တစ်စီးနှင့် လိုက်လျောကောင်း လိုက်လျောမည်။ သို့ရာတွင် သူကမူ စွန့်စားရသည်ကို ပျော်သည်။ အသစ်အဆန်းကို လိုက်လံ ရှာဖွေသည်။ ဒေါက်တာ ဝီလီသည် တော်တော် စိတ်ဝင်စားစရာ ကောင်းသည့် စရိုက်တစ်ခု ဖြစ်သည်။

ဒေါက်တာ ဝီလီသည် အသက် ၂၃ နှစ်တွင် ဆေးရုံ တစ်ရုံက သေသူကို ရှင်အောင် ပြန်လုပ်ပေးသည့် အသက်ကယ်ဌာနတွင် အလုပ်လုပ်သည်။ သူ အလုပ်လုပ်သည့် ဆေးရုံမှာ ဖာဒီနန်ဝီးလား ဆေးရုံဖြစ်ပြီး ပါရီတွင် အဆိပ်ဖြေ ဆေးရုံဟု နာမည်ကြီးသည်။ မတော်တဆ အဆိပ်သောက်သူ၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် အဆိပ်သောက်သူ အားလုံးတို့ကို လက်ခံကုသပေးသည်။

၁၉၅၀ ပြည့်နှစ်လွန်များတွင် ပိုလီယို မိုက်ကလစ်တစ် ရောဂါကြောင့် အသက်ရှူ လမ်းကြောင်းတွင် ဖြစ်သော ရောဂါများကို ကုသရန် ထိုအသက်ကယ်ဌာနကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ လူ့အသက်ကို ရှင်အောင် လုပ်ချင်သည့် လူငယ်ဆရာဝန် တစ်ဦး အဖို့သော်မူ ထိုနေရာသည် လွန်စွာ စိတ်လှုပ်ရှားဖွယ်ကောင်းသောနေရာ ဖြစ်သည်။

'ဒီဌာနက တော်တော် စိတ်ဝင်စားဖို့ ကောင်းတယ်ဗျ။ သေပြီလို့ ထင်ရတဲ့ လူတစ်ယောက်ကို အသက် ပြန်သွင်းပေးတဲ့ အလုပ်ဟာ ဘယ်လောက် ပျော်စရာ ကောင်းသလဲ၊ လူကို ရှင်ပြန် ထမြောက်အောင် လုပ်ပေးနိုင်တဲ့ နေရာမျိုး ဆိုပါတော့ဗျာ' ဟု သူက ပြောသည်။

အလုပ်သင် ဆရာဝန်ပေါက်စ ဒေါက်တာ ဝီလီ ကံကောင်းသည်ဟု ဆိုရမည်။ လွန်ခဲ့သည့် နှစ်အနည်းငယ် အတွင်းတွင် အဆိပ်သင့်သည့် လူနာများအား ကယ်ဆယ်ရေး နည်းလမ်းများသည် များစွာ တိုးတက်လာခဲ့သည်။ ရာခိုင်နှုန်း ၉၅ လောက်ကို ကယ်တင်နိုင်ခဲ့သည်။

သူ ပထမဆုံး တွေ့ရသည့် လူနာမှာ ဘော်တီဆယ်လီ၏ မက်ဒိုနာ

ရုပ်တုလို လှပသည့် မျက်နှာပိုင်ရှင်ကလေး တစ်ဦး ဖြစ်သည့် ဗားရွှန်းနစ် ဖြစ်သည်။

အသက် ၁၆ နှစ်သာ ရှိသေးသည့် ဗားရွှန်းနစ်သည် သေချင်နေသည်။ ထို့ကြောင့် ကြွက်သတ်ဆေး တစ်ဘူးလုံးကို သောက်ချလိုက်သည်။ ထိုကြွက်သတ်ဆေးမှာ ယခု ဆက်လက် ထုတ်လုပ်ခြင်း မရှိတော့သည့် အတွက် မည်သည့် ပြေဆေးဖြင့် ကုရမည်ကို ဆုံးဖြတ်၍ မရနိုင်ဘဲ ဖြစ်နေသည်။ ဗားရွှန်းနစ်၏ အခြေအနေမှာ မျှော်လင့်ချက် မရှိတော့သည့် အခြေအနေမျိုးသို့ ရောက်နေပြီ။ ကယ်ဆယ်ရေး အဖွဲ့ဝင်များက ယူလာသည့်အခါ၌ သူ့ခန္ဓာကိုယ်ကလေးမှာ အသေကောင်လို ဖြစ်နေလေပြီ။ အကြီးအကျယ် သတိလစ် မေ့မြောနေပြီ။

အသက်ရှူလမ်းကြောင်း၊ သွေးလှည့်ပတ် သွားလာမှုနှင့် ကျောက်ကပ်တို့ ပျက်စီးတော့မည့် လက္ခဏာ ပြနေပြီ။ လုံးဝ သွက်ချာပါဒ လိုက်သွားသည်။ ခြောက်လမျှ အပြင်းအထန် ကုသပေးလိုက်သည့် အခါတွင် အသက်ရှင်လာခဲ့သည်။ နားလေးသွားခြင်း၊ ကျောက်ကပ် ချွတ်ယွင်းသွားခြင်း စသည့် နောက်ဆက်တွဲ ရလဒ်များ ရှိသော်လည်း ဆေးရုံမှ ပြန်ဆင်းသွားနိုင်ခဲ့သည်။

ဒေါက်တာ ဝီလီသည် ဗားရွှန်းနစ်ကို နောက်တစ်ကြိမ် သွားတွေ့သည်။ ဗားရွှန်းနစ် တစ်ယောက် ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရကြောင်းကို သူ မေးချင်နေသည်။ သို့ရာတွင် ပျော်ရွှင်နေဟန် ရှိသည့် ဗားရွှန်းနစ်ကို သူ မမေးရက်။ ဟစ်နေ့ သူတို့နှစ်ယောက် ရုပ်ရှင်ကြည့် ပြန်လာစဉ် ဗားရွှန်းနစ်က မမျှော်လင့်သော စကားတစ်ခွန်းကို ပြောလာသည်။ အခြားမဟုတ်။ သူ့ကိုယ်သူ သတ်သေရာတွင် အကူအညီ ပေးဖို့ ဖြစ်သည်။

ဒေါက်တာ ဝီလီသည် မေးခွန်းကို မမေး၍ မဖြစ်တော့။ အတင်းမေးသည်။ နောက်ဆုံးတွင် ဗားရွှန်းနစ်က လောကကြီးတွင် နေချင့်စဖွယ် အလှအပတွေ အများကြီး ရှိသော်လည်း နေလိုစိတ် မရှိအောင် လုပ်နေသည့် အရာတွေ အများကြီး ရှိကြောင်းဖြင့် ပြောသည်။

သူ့စကားသည် လူငယ် ဆရာဝန်လေး ဒေါက်တာ ဝီလီအား သစ္စာတရားကို မြင်ရန် လမ်းဖွင့်ပေးခဲ့သည်။

'သူ ပြောလိုက်တော့မှ သေခြင်းတရားဟာ ကျွန်တော်တို့ ဘဝရဲ့ အစိတ်အပိုင်း တစ်ခုပါလား ဆိုတာကို ကျွန်တော် သဘောပေါက်သွားတယ်ဗျာ၊ လက်စသတ်တော့ ကျွန်တော်တို့ ဆရာဝန်တွေ လုပ်နေကြတဲ့ မသေခြင်း

တရားကို ရှာတဲ့ အလုပ်ဟာလည်း အချည်းနှီးသော ကြိုးပမ်းမှုပါကလား ဆိုတာ ကျွန်တော် သဘောပေါက်သွားတယ်၊ ဖရွိုက် ပြောသလိုပေါ့၊ သေမင်း ကသာလျှင် နောက်ဆုံးစကားကို ပြောသွားတာချည်းပါပဲ'

ဒေါက်တာ ဝီလီသည် အသက်များကို ဆက်လက်၍ ကယ်မြဲကယ်သည်။ သို့ရာတွင် ဗားရွှန်းနစ်၏ တရားကို သူ မငံ့မှုပါ။

'အဆိပ်ဖြေဆေးတွေ အဆိပ်ဖြေနည်းတွေ တိုးတက်လာတဲ့ အတွက် လူတွေရဲ့ အသက်ကို ကယ်လာနိုင်တယ် ဆိုတာတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် ကျွန်တော်တို့က ဘယ်လို ကြိုးစားပြီး ကယ်ခဲ့ပေမယ့် သူတို့ကိုယ်တိုင်က လူ့ဘဝကြီးကို မပျော်တော့ဘူး ဆိုတော့ ဘယ့်နှယ်လုပ်မလဲဗျာ၊ အသက် ရှင်နေကြပေမယ့် သူတို့မှာ စိတ်ဓာတ်ဆိုင်ရာ ခံစားချက်တွေက ရှိနေသေး တယ်၊ ဒါကိုတော့ ကျွန်တော်တို့လည်း မတတ်နိုင်ဘူး' ဟု သူက ပြောသည်။

ဒေါက်တာ ဝီလီသည် သူတို့ ဆရာဝန်တွေက ကယ်ပါလျက် လောကကြီးတွင် မနေချင်သော သူတွေ ရှိနေသည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။

သူသည် အသက်ကယ်ဌာနမှ တခြားသို့ ပြောင်းသည်။ ထိုဌာနမှာ ကူးစက်ရောဂါဌာန ဖြစ်သည်။ ပဋိဇီဝဆေးများ ထွန်းကား အစွမ်းထက် လာချိန်မှ စ၍ ကူးစက် ရောဂါများကို ရာနှုန်းပြည့် ကယ်ဆယ်နိုင်ခဲ့သည် ဟု စာရင်းဇယားများက ဆိုသည်။

'ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်ကပ် ချွတ်ယွင်းသည့်ရောဂါ တို့မှာ ကုသ၍ ရသော်လည်း လုံးလုံး ပျောက်ကင်းအောင် မတတ်နိုင်။ သို့ ရာတွင် အလွန် ပြင်းထန်သည့် ကူးစက်ရောဂါ ဖြစ်ပွားပြီးသည့် နောက်တွင် မူ လူနာတစ်ယောက်သည် ပုံမှန်ဘဝကို ပြန်၍ နေနိုင်ပေသည်' ဟု အစီရင် ခံစာများတွင် ဆိုသည်။

အင်္ဂါနေ့တိုင်း သူလုပ်နေကျ အတိုင်း ဒေါက်တာ ဝီလီသည် အမေရိကန် ပြည်ထောင်စု အစိုးရ ကျန်းမာရေးနှင့် လူသား ဝန်ထမ်းဌာန တံဆိပ်ရိုက် ထားသည့် စာအိတ် ညိုညိုကြီးကို ဖွင့်သည်။ အပတ်စဉ်ဂျာနယ် ခေါင်းကြီးကို ဖတ်လိုက်ရင်း ယခုတစ်ပတ် စိတ်ဝင်စားစရာ ဆောင်းပါး တော်တော်

များများ ပါလာသည်ကို သူ သတိပြုမိသည်။

ကာရစ်ဘီယံ ပင်လယ်ကျွေ့တွင် ခရီးထွက်နေသည့် လူလေးဦး နံ့ပါတ်လေး အမျိုးအစား သွေးလွန်တုပ်ကွေး ရောဂါ ဖြစ်သည် ဆိုသည့် သတင်းကို သူ ဖတ်သည်။ ထိုဆောင်းပါးကို ဖတ်မပြီးခင် နောက်တစ်ရွက်သို့ အလှန်တွင် အမေရိကန် ပြည်ထောင်စု၊ လော့စ်အိန်ဂျလိစ်မြို့မှ လူငယ် မိန်းမလျာ ငါးဦးတို့ ထူးဆန်းသည့် န်ျူမိုဆိုက်စတစ် န်ျူမိုးနီးယား ရောဂါ စွဲကပ်ကြောင်း သတင်းကို တွေ့လိုက်ရသည်။

ဒေါက်တာ ဝီလီသည် ထိုသတင်းကို စိတ်ဝင်စားသွားသည်။ ထို ကပ်ပါး ပိုးမွှားမှ န်ျူမိုးနီးယား အကြောင်းကို သူ နည်းနည်းပါးပါး ကြားဖူး သည်။

ဒုတိယ ကမ္ဘာစစ် အတွင်းတုန်းက ဝါဆော ညှဉ်းပန်းရေး စခန်းရှိ အာဟာရ ချို့တဲ့သည့် ကလေးငယ်များတွင် ထိုရောဂါ စွဲကပ်ခဲ့ဖူးသည်။ တစ်ခါတစ်ရံတွင်လည်း ထိုရောဂါသည် လမစေ့ဘဲ မွေးသည့် ကလေးငယ် များကို စွဲကပ်တတ်သည်။ နောက်ဆုံးတွင် ထိုကပ်ပါး ပိုးမွှားများသည် ကိုယ်ခံအား စနစ် ပျက်စီးသွားသူ၊ သို့မဟုတ် ပြောင်းလဲသွားသူ လူနာ များတွင် ဝင်ရောက် စွဲကပ်တတ်သည်ဟု ကြားဖူးသည်။

၆၀ ပြည့်လွန်နှစ်များ အတွင်းတုန်းက ကင်ဆာရောဂါကို တိုက်ဖျက် ရန်နှင့် ကိုယ်အင်္ဂါ အစားထိုး ကုသရာတွင် ခန္ဓာကိုယ်ကြီးက ငြင်းဆန်သည့် ကိစ္စကို တိုက်ဖျက်ရန်တို့ အတွက် ကိုယ်ခံအား ကျဆင်းသည့် ဆေးများကို သုံးစွဲရာတွင် န်ျူမိုဆိုက်စတစ် န်ျူမိုးနီးယား ရောဂါ ဖြစ်သည်ကို တွေ့ခဲ့ဖူးသည်။ သို့ရာတွင် ဝါဆော ညှဉ်းပန်းရေး စခန်းက ကလေးငယ်များ၊ လ မစေ့ဘဲ မွေးသည့် ကလေးငယ်များ၊ ကင်ဆာ ရောဂါသည်များ၊ ကိုယ်အင်္ဂါ အစားထိုး ခံရသည့် လူနာများနှင့် လော့စ်အိန်ဂျလိစ်က မိန်းမလျာ လူငယ် ငါးယောက် တို့သည် မည်သည့် အချက်တွင် သွားတူနေကြသနည်း။

ဒေါက်တာ ဝီလီသည် ထိုမေးခွန်းကို စဉ်းစားနေစဉ် သူနာပြု ဆရာမ က ဆေးခန်းသို့ ရောက်လာသည့် ပထမဆုံး လူနာကို ခေါ်လာသည်။

လူနာက အသက် ၃၀ လောက် ရှိပြီ။ အလုပ်အကိုင်က အဲယားဖရန့် လေကြောင်း ကုမ္ပဏီတွင် လေယာဉ်မောင်။ လူနာက အပြင်း ဖျားနေပြီး ဝမ်းလျှောနေသည်။ ချောင်းလည်း ဆိုးနေသည်။ သူနှင့် အတူ အမျိုးသား အဖော် တစ်ယောက် လိုက်လာသည်။

'ကျွန်တော် အားလပ်ရက်ရလို့ အီဂျစ်ပြည်ကို သွားပြီး နိုင်းလ်မြစ်ကမ်းမှာ သွား အနားယူ နေပါတယ် ဆရာ၊ အဲဒီက တစ်ခုခု ဖြစ်လာတယ် ထင်တာပါပဲ'

လေယာဉ်မောင်က ပြောသည်။

ဒေါက်တာ ဝီလီသည် လူနာကို စစ်ဆေး မေးမြန်း၏။ အီဂျစ်ပြည်တွင် ရောက်နေစဉ် ဘာကြောင့်မှန်း မသိ၊ ဝမ်းတွေ တအားလျှောနေသည်။ ဆေးဝါး စသည်တို့ စားသည့်တိုင် ဝမ်းလျှောမရပ်။ မေးမြန်း ကြည့်သည့်အခါတွင် ကုမ္ပဏီက သူ့ကို မြောက်အမေရိကတိုက် ခရီးစဉ်သို့ တာဝန်ပေးကြောင်း၊ ထိုခရီးစဉ် အတွင်း နယူးယောက်နှင့် လော့စ်အိန်ဂျလိစ် တို့သို့ မကြာခဏ ရောက်ကြောင်း သိရသည်။

အပူပိုင်းဇုန် တိုင်းပြည်များသို့ သွားရောက်သူ တော်တော်များများတွင် အလားတူ ဝမ်း ကသိကအောက် ဖြစ်သည့်လူနာ တော်တော်များများကို ဒေါက်တာ ဝီလီ တွေ့ဖူးသည်။ ဝမ်းကိုက်ရောဂါ၊ အမြီးဖားပိုး ကူးစက်သည့်ရောဂါ၊ အူယောင်ငန်းဖျား စသည်တို့ ဖြစ်သည်။

ထို ရောဂါမျိုးများမှာ ကလောဒီ ဘားနဒ် ဆေးရုံကြီးက အထူးကျွမ်းကျင် နိုင်နင်းသည့် ရောဂါမျိုး ဖြစ်သည်။ သို့ရာတွင် ထိုလက္ခဏာများနှင့် တွဲလျက် ချောင်းခြောက်ကြီး အဆက်မပြတ် ဆိုးနေသည့် ကိစ္စမျိုးကမူ နည်းနည်း ဆန်းသည်။

ဒေါက်တာ ဝီလီသည် သူ့စားပွဲတွင် ပြန်မထိုင်ခင် လူနာကို သေချာစစ်ဆေးကြည့်သည်။ စားပွဲတွင် ထိုင် စဉ်းစားနေစဉ် သူ့မျက်လုံးများသည် စောစောက လှန်၍ ချပစ်ခဲ့သည့် အပတ်စဉ်ဂျာနယ် ဒုတိယ စာမျက်နှာပေါ်သို့ ရောက်သွားကြသည်။

'ဒီတုန်းမှာ ကျွန်တော့်ခေါင်းထဲမှာ စိတ်ကူးတစ်ခု ချက်ချင်း ပေါ်လာတယ်ဗျ၊ ကျွန်တော့် လူနာနှင့်အတူ အမျိုးသား အဖော်တစ်ယောက် ပါလာတာရယ်၊ ကျွန်တော့် လူနာဟာ လော့စ်အိန်ဂျလိစ်တို့၊ နယူးယောက်တို့ကို မကြာခဏ တာဝန်ကျတယ် ဆိုတာရယ်၊ ဒါတွေကို စဉ်းစားရင်း စောစောက ကျွန်တော် ဖတ်ခဲ့တဲ့ ဂျာနယ်ထဲက အမေရိကန် လူငယ် မိန်းမလျာ ငါးယောက်ရဲ့ အကြောင်းနှင့် ဆက်စပ်ပြီး စဉ်းစားမိလိုက်တယ်'

ဒေါက်တာ ဝီလီသည် သူ့ လုပ်ဖော်ကိုင်ဖက် တစ်ဦးဖြစ်သူ ရင်ခေါင်းအထူးကု ဆရာဝန် ဒေါက်တာ ချားလ်စ်မေယတ်ကို အကူအညီ တောင်းသည်၊

ထို့နောက် ကံဆိုးသည့် လေယာဉ်မောင်ကို ဆေးရုံတင်ပြီး ဘရွန်ခိုဗိရိုလာ ပေးသည်။ ယင်းမှာ အဆုတ်များကို ဆေးကြောပေးခြင်း ဖြစ်သည်။ ထိုနည်းမှာ ခက်ခဲ ရှုပ်ထွေးသည့် နည်းတစ်ခု ဖြစ်ပြီး မိုက်ကရုပ် ပိုးမွှားများကို တစ်နေရာတည်းတွင် စုပေးလိုက်ခြင်း ဖြစ်သည်။ သို့ဖြင့် စမ်းသပ်မှု အတန်တန်လုပ်ပြီး နောက်တွင် ရလဒ်ပေါ်လာသည်။ လူနာမှာ လော့စ်အိန်ဂျလိစ်တွင် ရှိသည့် အမေရိကန် လူငယ် မိန်းမလျာ ငါးယောက်တွင် စွဲကပ်သည့် နျူမိုဆိုက်စတစ် နျူမိုးနီးယား ရောဂါ စွဲကပ်နေသည်ကို တွေ့ရသည်။ သို့ရာတွင် ထိုရောဂါ စွဲကပ်သည့် အကြောင်းရင်းကိုမူ ရှာမတွေ့သေး။

ပါရီမှ ဆရာဝန် ဒေါက်တာ ဝီလီသည် လော့စ်အိန်ဂျလိစ်မှ ဆရာဝန် ဒေါက်တာ မိုက်ကယ် ကဲ့သို့ပင် ရောဂါ၏ အကြောင်းရင်းကို လိုက်သည်။ နောက်ဆုံးတော့ သူတို့နှစ်ဦး၏ ကောက်ချက်က အတူတူ။ ထိုကပ်ပါး ပိုးမွှားစွဲ နျူမိုးနီးယား ရောဂါသည် တစ်စုံတစ်ခုသော ထူးခြားသည့်အကြောင်းကြောင့် ကိုယ်ခံအား စနစ် ပျက်စီးသွားသည့် ခန္ဓာကိုယ်များတွင် ဖြစ်တတ်သည် ဆိုသည့် ကောက်ချက် ဖြစ်သည်။ သို့ရာတွင် ထိုကိုယ်ခံအား စနစ်သည် ဘာကြောင့် ပျက်စီးသွားရသနည်း။

ပြင်သစ် ဆရာဝန် နှစ်ဦးသည် ကိုယ်ခန္ဓာကြီး၏ ကိုယ်ရံတော် သက်တော်စောင့်များ ဖြစ်သည့် သွေးဖြူ ကလာပ်စည်းများတွင် ကင်ဆာ ရောဂါ ဖြစ်လေသလားဟု လိုက်ရှာကြသည်။

ထိုသို့ လိုက်ရှာနေကြစဉ် ယခင်တုန်းက အလားတူ ရောဂါလက္ခဏာ ချက်များဖြင့် ရောက်လာခဲ့သော လူနာများကို ပြန်စဉ်းစားကြသည်။ သူတို့ အားလုံးမှာ အကြောင်းရှာ မရသော ရောဂါဖြင့် သေဆုံး သွားခဲ့ကြသည်။ ဤသို့ ရှာရင်း ခေါင်းနပန်းကြီးစရာ အတွေး တစ်ခု ပေါက်သွားကြသည်။

လော့စ်အိန်ဂျလိစ်တွင် အမေရိကန် လူငယ် မိန်းမလျာ ငါးယောက် ဘို့ကို စွဲကပ်သည့် ရောဂါသည် အမေရိကန်တွင်သာ ဖြစ်သည့် အမေရိကန် ရောဂါသစ် တစ်ခု မဟုတ်။ ကမ္ဘာ အနှံ့သို့ ပျံ့နှံ့စ ပြုနေသည့် ရောဂါ။ ကူးစက် ရောဂါကြီး တစ်ခု ဖြစ်သည်ဟု သူတို့ သဘောပေါက်လိုက်ကြသည်။

[ ၁၅ ]

**မိန်းမချောကလေး မာသာ၏ ထူးဆန်းသော ပစ္စည်းများ။**

**အတ္တလန်တာ၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၁ ခုနှစ် ဇွန်ရာသီ။**

ဂျင်းကာရန်သည် လင်းနို့တစ်ကောင်လို အငြိမ် မနေနိုင်။ စီဒီစီ (ရောဂါ ထိန်းချုပ်ရေး ဗဟိုဌာန) မှ မိုက်ကရုပ် ရောဂါပိုးတို့ကို လိုက်လံ ရှာဖွေနေသည့် မိုက်ကရုပ်မုဆိုး ဂျင်းတွင် ပြဿနာတွေ ပေါင်းစုံ။

သူတို့ ဌာနကလည်း သူ့အလုပ်ကို အားတက်သရော ကူညီထောက်ပံ့ခြင်း မရှိ။ သူ့ လုပ်ဖော်ကိုင်ဖက်များကလည်း မိန်းမလျာကိစ္စက တော်တော် ရွံစရာကောင်းတယ်ဗျာဟု နောက်သလို ပြောင်သလိုနှင့် ဘေးဖယ် ထုတ်ချင်ကြသည်။ သူ့အဖို့သော်မူ ထိုပြဿနာသည် လွယ်သည်ဟုလည်း ဆိုနိုင်သည်။ ခက်သည်ဟုလည်း ပြောနိုင်သည်။

ထိုကူးစက် ရောဂါကြီးကို ရပ်တန့်သွားအောင် မည်သို့ လုပ်မည်နည်း။ ထို ကူးစက်ရောဂါသည် အစာ အဆိပ်မိသည့် ကိစ္စမျိုးလို ပိုးမွှား တစ်မျိုးမျိုးကြောင့်လော။ /

မိန်းမလျာလူငယ်တို့တွင် ထိုသို့ လက္ခဏာချက်တွေ တူညီနေရအောင် မည်သည့် အချက်တွင် သွား၍ တူညီချက်တွေ ရှိသနည်း။

အဖြစ်နိုင်ဆုံးမှာ ဘီ အသည်းရောင် အသားဝါ ရောဂါတို့မှာကဲ့သို့ လိင် ဆက်ဆံမှုနှင့် ဆက်စပ်နေသော ဗိုင်းရပ်စ်ပိုး တစ်မျိုး ရှိနိုင်သည် ဆိုသည့် အချက် ဖြစ်သည်။ သည်အတိုင်းသာ မှန်လျှင် အခြေအနေ သိပ် မလွယ်။ ဗိုင်းရပ်စ်ပိုး ဆိုသည်မှာ အစွမ်းမဲ့သွားအောင် အလုပ်ရ ခက်သော အရာမျိုး ဖြစ်သည်။

ကြည့်ရသည်ကမူ ယခုရောဂါသည် ကာလသားရောဂါ သက်သက်လည်း မဟုတ်။ ဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်သော ရောဂါသက်သက်လည်း မဟုတ်။ အဆိပ်ကြောင့် ဖြစ်သော ရောဂါသက်သက်လည်း မဟုတ်။ ပတ်ဝန်းကျင် ညစ်ညမ်းမှု သက်သက်ကြောင့် ဖြစ်သော ရောဂါမျိုးလည်း မဟုတ်။ ထိုအရာ

များ အားလုံး ပေါင်းနေသော ရောဂါမျိုးနှင့် တူသည်။

ထို့ကြောင့် ဒေါက်တာ ဂျင်းကာရန်သည် သက်ဆိုင်ရာ ကျွမ်းကျင်သူ ပါရဂူများ အားလုံးထံမှ အကူအညီ တောင်းရန် စိတ်ကူးသည်။

ဒေါက်တာဂျင်း၏ အကူအညီ တောင်းသည့်စာကို ရသည့်အခါတွင် စီဒီစီသည် အလုပ် များသွားသည်။

၁၉၈၁ ခုနှစ် ဇူလိုင်လ တစ်မနက်တွင် စီဒီစီ (ရောဂါ ထိန်းချုပ်ရေး ဗဟိုဌာန) တွင် ကျွမ်းကျင်သူများ၏ အစည်းအဝေး တစ်ခုကို ကျင်းပသည်။ အစည်းအဝေးသို့ အရေပြားရောဂါ ပါရဂူများ၊ ကိုယ်ခံစွမ်းအားဗေဒ ပညာရှင်များ၊ ဗိုင်းရပ်စ်ပိုးမွှားနှင့် ကပ်ပါးပိုးမွှား ပါရဂူများ၊ ပတ်ဝန်းကျင်ဗေဒ ပါရဂူများ၊ ကာလသား ရောဂါနှင့် နာတာရှည် ရောဂါ ပါရဂူများ၊ ကွန်ပျူတာ ပညာရှင်များနှင့် လူမှုသိပ္ပံ ပညာရှင်များပင် ပါဝင်သည်။ အစည်းအဝေးက ဒေါက်တာဂျင်းကို ရောဂါ ရှာဖွေရေး အလုပ်အဖွဲ့၏ ခေါင်းဆောင် အဖြစ် ရွေးချယ်လိုက်သည်။ သူတို့ လုပ်ငန်းကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ဖို့ အတွက် သူတို့ ရှာဖွေမည့် ရောဂါ၏ နယ်နိမိတ် အကျယ်အဝန်းကို သေသေ ချာချာ သိဖို့ လိုသည်။

ထိုရောဂါသည် ဘယ်နေရာတွင် ဖြစ်ပွားနေသနည်း။ ဘယ်အတိုင်း အတာဖြင့် ဖြစ်ပွားနေသနည်း။ ထိုအရာများကို သိဖို့လိုသည်။ ယင်းမှာ ဆေး သိပ္ပံပညာရပ်သစ် တစ်ခု ဖြစ်သည့် ကူးစက်ရောဂါဗေဒ နယ်ပယ်တွင် အများ လက်ခံထားသည့် ထုံးတမ်းစဉ်လာ ဖြစ်သည်။ ထိုဆေးသိပ္ပံ ပညာသစ်ကို တီထွင်ခဲ့သူတို့က ကူးစက်ရောဂါ တစ်ခု၏ ဇစ်မြစ်ကို လိုက်လံ ရှာဖွေရာတွင် (Case Control Study) ရောဂါ ထိန်းချုပ်မှု လေ့လာရေး ဟူသည့် နည်း တစ်နည်းကို တီထွင်ပေးခဲ့ကြသည်။

ထိုနည်းမှာ ရောဂါရှင် လူနာများကို ရောဂါ မဖြစ်သည့် ကျန်းမာ သူများနှင့် နှိုင်းယှဉ် လေ့လာပြီး ထိုနှစ်မျိုးတို့၏ ကြားမှ ခြားနားချက်များကို ရှာဖွေရန် ဖြစ်သည်။

စီဒီစီသည် ဆေးလိပ် သောက်ခြင်းနှင့် အဆုတ်ကင်ဆာ ဖြစ်ပွားမှုတို့ ဆက်စပ်နေပုံကို ထိုနည်းဖြင့် ရှာဖွေ တွေ့ခဲ့ခြင်း ဖြစ်သည်။ ထိုနည်းတွင် အရေးအကြီးဆုံးမှာ ထိုနှစ်မျိုးမှ တွေ့ဆုံသူများကို တစ်ဦးလျှင် စာမျက်နှာ ဒါဇင်ပေါင်း များစွာရှိသည့် မေးခွန်းများကို မေးခြင်း ဖြစ်သည်။ ထိုသို့ မေးရာတွင် မေးခွန်းများမှာ သက်ဆိုင်သော မေးခွန်းများ ဖြစ်ဖို့ အကြောင်းအရာ

များစွာ နှင့် တိုက်ဆိုင်ဖို့တော့ လိုသည်။ သို့ရာတွင် ဘယ်လို မေးခွန်းမျိုးတွေကို မေးရမည်ကို သူတို့ စဉ်းစားမရ။

'ကျွန်တော်တို့မှာ လူနာတွေနှင့် ပတ်သက်လို့ အခြေခံ အချက်အလက်တွေ မရှိဘူးလေ၊ ဘယ်လို မေးခွန်းမျိုးတွေကို မေးရမလဲ မသိဘူး ဖြစ်နေတယ်၊ ကျွန်တော်တို့ အထဲကလည်း အဲဒီ ရောဂါမျိုးကို မြင်ဖူးတဲ့လူ တစ်ယောက်မှ မရှိသေးဘူး၊ ဒီတော့ ကျွန်တော်တို့ ပထမ လုပ်ဖို့က အဲဒီ လူနာတွေကို သွားတွေ့၊ သူတို့နှင့် မသိမ်သာ စကားပြောကြည့်၊ သူတို့ ဘယ်လို နေကြ ထိုင်ကြသလဲ ဆိုတာကို စုံစမ်း၊ တစ်နည်းပြောရရင် သူတို့ရဲ့ နေထိုင်မှုပုံစံကို မေး၊ အဲဒီက စရမယ် ထင်တယ်' ဟု ကူးစက်ရောဂါ ထောက်လှမ်းရေးဌာနမှ ဒေါက်တာ ဂျက်ဖီက ပြောသည်။

သို့ဖြင့် ကူးစက်ရောဂါ ထောက်လှမ်းရေးဌာနမှ အဖွဲ့ဝင် ၁၀ ဦးတို့သည် လူနာများ ရှိသည့် လော့စ်အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကို၊ နယူးယောက်နှင့် မိုင်ယာမီသို့ လူစုခွဲ၍ ထွက်လာခဲ့ကြသည်။

ဆန်ဖရန်စစ္စကိုသို့ တာဝန်ကျသည့် ဒေါက်တာ ဂျက်ဖီမှာ လူနာတော်တော်များများနှင့် တွေ့ခဲ့ရသည်။ သူသည် လူနာများ၏ အခြေအနေကို ကြည့်၍ ထိတ်လန့်သွားသည်။

'လူနာ တော်တော်များများက သင်္ချိုင်း တံခါးပေါက်ကို ရောက်နေကြပြီ၊ ဒါပေမယ့် သူတို့အထဲက တော်တော်များများကတော့ သူတို့ ကျန်းမာရေး၊ သူတို့ အစားအသောက်၊ သူတို့ ကိုယ်အလေးချိန်ကို တော်တော် ဂရုစိုက်ပြီး နေကြတယ်။

'တချို့က ဆိုရင် ကျန်းမာရေး လေ့ကျင့်ခန်းတို့ ဘာတို့ကိုတောင် ဂရုတစိုက် လုပ်နေကြသေးတယ်၊ ပြီးတော့ အားလုံးကလည်း လူငယ်တွေချည်းပဲ၊ အလုပ်အကိုင်တွေကလည်း ကောင်းတယ်၊ မိဘဆွေမျိုးကလည်း တတ်နိုင်တဲ့ အထဲကချည်းပဲ၊ တော်တော် ရင့်နေတဲ့ ကင်ဆာ ရောဂါသည်ရဲ့ အခြေအနေမျိုး ရောက်အောင် ဘယ်လိုလုပ်ပြီးများ နေခဲ့ကြသလဲ မသိဘူးဗျာ' ဟု သူက ပြောသည်။

သူတို့၏ တက်ကြွသော လိင်ဆက်ဆံမှု ဘဝကို ကြားရသည့် အခါတွင်လည်း ဒေါက်တာ ဂျက်ဖီသည် အံ့အားသင့်နေသည်။

'တချို့ဆိုရင် လိင်ဆက်ဆံတဲ့ ပါတနာတွေ ရာချီ ရှိခဲ့ဖူးသတဲ့၊ တချို့ဆိုရင် ထောင်ချီပြီးတောင် ရှိသတဲ့၊ သူတို့က ပိုက်ဆံလည်း တတ်နိုင်၊ ခရီး

လည်း သွားတော့ အမေရိကန်ပြည် အနှံ့အပြား ရောက်ပြီး လူပေါင်းစုံနှင့် လိင်ဆက်ဆံ ခဲ့ကြဖူးတယ်၊ အဆိပ်ဖြစ်စေတဲ့ စိတ်ကြွ ဆေးတွေကိုလည်း သုံးခဲ့ကြတယ်၊ ကျွန်တော်နှင့် စကား ပြောခဲ့ရတဲ့ သူတွေရဲ့ အလိုအရဆိုရင် ဖောင်းလို့ ခေါ်တဲ့ စိတ်ကြွဆေးတွေဟာ ယောက်ျားအင်္ဂါနှင့် စအိုဝက အမြွှေးပါးမှာ ရှိတဲ့ သွေးအိတ်တွေကိုသာ ဖောင်းကြွ စေရုံမကဘူး၊ ဆက်ဆံရာမှာ ကြာကြာ ထိန်းနိုင်အောင်လည်း အားပေးတယ် ဆိုတာကို သိခဲ့ရတယ်'

ကူးစက်ရောဂါ ထောက်လှမ်းရေးသမား ဒေါက်တာ ဂျက်ဖီသည် ဆန်ဖရန်စစ္စကို မြို့လယ်ကောင်က ပျော်ပွဲစားရုံ တစ်ခုသို့ သွား၍ စုံစမ်း ထောက်လှမ်းရပုံကို မမေ့နိုင်။ ထိုပျော်ပွဲစားရုံသည် ဆန်ဖရန်စစ္စကိုတွင် အကောင်းဆုံး စိတ်ကြွဆေးများကို ရောင်းသည့် နေရာဟု သူ့လူနာများက ပြောလိုက်ကြသည်။

ဒေါက်တာ ဂျက်ဖီသည် သံကြိုးတွေ၊ နှိပ်စက်ညှဉ်းပန်း ကိရိယာတွေ အလှဆင်ထားသည့် ပျော်ပွဲစားရုံထဲသို့ မဝင်ရဲဘဲ ဖြစ်နေသည်။ ထိုပျော်ပွဲစားရုံမှာ လိင်ဆက်ဆံရာတွင် အကြမ်းပတမ်း နည်းများကို သုံးလိုသူတို့ အတွက် ရည်ရွယ် ဖွင့်လှစ်ထားသည့် နေရာ ဖြစ်သည်။ ပျော်ပွဲစားရုံ အမှုထမ်းများမှာ မုဘ်ဆိတ်မွေး ပါးသိုင်းမွေးတွေ ဖားဖားကြီးတွေနှင့်၊ သားရေ အင်္ကျီကြီးတွေ၊ သားရေ သံမှိုတွေ တပ်ထားသည့် သားရေ ခါးပတ်ကြီးတွေကို ဝတ်ဆင်ထား ကြသည်။

ဒေါက်တာ ဂျက်ဖီသည် ခပ်ရှက်ရှက်ဖြင့် အထဲသို့ မဝင်ရဲဘဲ ဖြစ်နေသည်။ သူ့ အဝတ်အစားမှာ လုပ်ငန်းရှင် တစ်ဦး၏ အဝတ်အစားမျိုး ဖြစ်နေသဖြင့် သူ့ကို အထူးအဆန်းသဖွယ် ဝိုင်းကြည့် နေကြသည်ကို သူ သတိပြု လိုက်မိသည်။ နောက်ဆုံးတွင် အားတင်းကာ အရက် ကောင်တာဆီသို့ ခပ်တည်တည် လျှောက်လာခဲ့သည်။

'မင်းတို့ ဆိုင်မှာ ရှိတဲ့ အကောင်းဆုံးဆေး နှစ်ပုလင်း သုံးပုလင်း လောက် ပေးစမ်းကွာ'

ကောင်တာမှ အရောင်းသမားက သူ့နောက်တွင် မိုးနေသည့် ရေခဲ သေတ္တာကြီးကို ဖွင့်သည်။ ရေခဲသေတ္တာထဲမှ ဘာရိုဝဲလ်ကမ်း ကုမ္ပဏီဟု စာတန်း ထိုးထားသည့် ဆေးပုလင်းတွေကို ထုတ်လာသည်။ ထိုကုမ္ပဏီမှာ နှလုံး သွေးကြောကျဉ်းသည့် ရောဂါရှင်များ အတွက် ဆေးများကို ထုတ်လုပ် နေသည့် နာမည်ကြီး ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီကြီး တစ်ခု ဖြစ်သည်။

ထို့နောက် ရေမွှေး ပုလင်း သေးသေးလေးက် ရှိပြီး ဒစ္စကိုရိုးမားဟု တံဆိပ် ကပ်ထားသည့် ပုလင်းကလေး သုံးလုံးကို ထုတ်လာသည်။ ထိုပုလင်းများမှာ သူ ရှာနေသည့် လိင်စိတ်ကြွဆေးများ ဖြစ်သည်။

ဒေါက်တာ ဂျက်ဖီသည် ထိုဆေးပုလင်းများကို အိတ်ထဲသို့ ခပ်သုတ်သုတ် ထည့်လိုက်သည်။ ထို့နောက် ကျသင့်ငွေ ဒေါ်လာ ၃၀ ကို ပေးပြီး ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

'အဲဒီ လိင်စိတ်ကြွဆေးတွေ ကျွန်တော့် လက်ဆွဲအိတ်ထဲမှာ ပေါက်ကွဲကုန်မလားလို့ စိုးရိမ် လိုက်ရတာဗျာ၊ အဲဒီကောင်တွေ ပေါက်ကွဲကုန်ရင် ငှက်ပျောသီး ပုပ်နံ့ သိပ်နံတာဗျ၊ လေယာဉ်ပေါ်မှာ ကွဲရင်တော့ ဒုက္ခပဲ ဆိုပြီး တထိတ်ထိတ်နှင့်'

အတ္တလန်တာ အရောက်တွင် ဒေါက်တာ ဂျက်ဖီက ပြန်ပြောသည်။

ဒေါက်တာ ဂျက်ဖီသည် ထိုပုလင်းများထဲက ဆေးရည်များကို ဓာတ်ခွဲကြည့်ရန် အတွက် စီဒီစီ ဓာတုဗေဒ (အဆိပ်ကို လေ့လာသည့် ပညာရပ်) ကျွမ်းကျင်သူ ပညာရှင်များထံသို့ ချက်ချင်း ပို့လိုက်သည်။

နယူးယောက်သို့ သွားရောက် စုံစမ်းသည့် ဆေးပညာ စုံထောက် ဒေါက်တာ ဂျင်း၏ ခရီးသည်လည်း အောင်မြင်သည်ဟု ဆိုရမည်။

မေးခွန်းများကို မေးနိုင်ရန် အတွက် အခြေခံ အချက်အလက်များကို ရလာခဲ့သည်။

အရေပြားရောဂါ ပါရဂူ ဒေါက်တာ အယ်လဗင် သတင်းပို့ထားသည့် ကာပိုဆီ အရေပြား ကင်ဆာ ရောဂါရှင် တော်တော်များများနှင့် သွားရောက်တွေ့ဆုံနိုင်ခဲ့သည်။

'ဒီလို ကြောက်စရာ ကောင်းတဲ့ အရေပြား ကင်ဆာမျိုးကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူးဗျာ၊ အညိုကွက်ကြီးတွေ .. အညိုကွက်ကြီးတွေဟာ တစ်ကိုယ်လုံး မွနေတာပဲ၊ တခြား ကျန်းမာရေးကို ကြည့်လိုက်ရင်တော့ အကောင်းပကတိပဲ။

'ဘရော့ဝေးက ပြဇာတ်မင်းသား ဆိုလို့ ရှိရင် ကျန်းမာရေးက ခေါင်ခေါင်မြည်နေတာပဲ၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း တကယ့် အားကစားသမားဂိုက်၊ လက်စသတ်တော့ သူကလည်း ကျွန်တော့်လိုပဲ ဒက်ထရိုက် ဇာတိကိုးဗျ၊

တစ်ရပ်ကွက်တည်း နေလာကြတာ၊ ကျောင်းနေတော့လည်း ကျွန်တော်နေခဲ့တဲ့ ကျောင်း၊ ဘုရားရှိခိုးကျောင်း တက်တော့လည်း ကျွန်တော်သွားနေကျ ဘုရားရှိခိုးကျောင်း၊ ဟိုမှာနေတုန်းက သူက လိင်တူ ဆက်ဆံသူမို့လို့ လူတွေ အထင်သေးတာ ခံခဲ့ရတယ်၊ သူ့ မျက်နှာပေါ်က အညိုကွက်ကြီးတွေဟာ ဒီလို လိင်တူဆက်ဆံလို့ ဖြစ်ရတယ် ဆိုတာကို ကျွန်တော် မယုံနိုင်အောင် ဖြစ်နေတယ်၊ သူက ဖျစ်ညှစ် ရယ်ရင်း သူ့ကိုယ်ပေါ်မှာ ရှိတဲ့ အကွက်တွေကို ပြတယ်။

'အဲဒီတုန်းက သူ့ ရောဂါလက္ခဏာတွေ သိပ်မပြသေးဘူးလေ၊ နောက် တစ်လ နှစ်လလောက် ရှိမှ ပေါ်လာကြတာ၊ ကျွန်တော်ကတော့ အဲဒီတုန်းကတည်းက ရိပ်မိခဲ့ပါတယ်၊ သူ့ခမျာ ရယ်လို့သာ ရယ်နေရတယ်၊ ဒုက္ခရောက်တော့မှာပဲလို့'

ဧက်တင်ဘာလ ရက်တစ်ရက်။ မနက် ၅ နာရီ။

အတ္တလန်တာမြို့ ဆင်ခြေဖုံးရပ်ကွက် တစ်ခုတွင် နေသည့် အမျိုးသမီး တစ်ဦး၏ အိပ်ခန်းတွင်းမှ တယ်လီဖုန်းသံသည် ဆက်တိုက် မြည်နေသည်။

ဒေါက်တာ မာသာ ရောဂျားသည် စိတ်တိုတိုဖြင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ဒေါက်တာ မာသာက ရုပ်ချောချော၊ ဆံပင်နက်နက်၊ အသက် ၂၆ နှစ်။ ဒေါက်တာ မာသာသည် စီဒီစီ ကူးစက်ရောဂါ စုံစမ်းထောက်လှမ်းရေး ဌာနသို့ နောက်ထပ် ရောက်လာသည့် ကူးစက် ရောဂါ စုံသောက်မကလေး ဖြစ်သည်။ တယ်လီဖုန်းမှာ ဖလော်ရီဒါပြည်နယ်၊ ဖို့လော်ဒါဒေးလ်မှ လာသော တယ်လီဖုန်း ဖြစ်သည်။

တယ်လီဖုန်း တစ်ဖက်မှ ယောကျ်ားသံ တစ်သံက 'ရရာ လေယာဉ်နှင့် လိုက်ခဲ့ပါ၊ ဟိုလူတော့ ဆုံးသွားပြီ' ဟု ပြောသည်။ ဒေါက်တာ မာသာနှင့် စီဒီစီမှ ဆရာဝန် စုံထောက်များသည် ထို သတင်းကို စောင့်နေကြသည်။

ဖို့လော်ဒါဒေးလ် ဆေးရုံက သူတို့ဆီတွင် အသက် ၃၅ နှစ် ရှိသော လူနာ တစ်ဦး တစ်ကိုယ်လုံးတွင် ဖြစ်သော ကာပိုဆီ အရေပြားကင်ဆာဖြင့် ဆုံးတော့မည်ဟု စီဒီစီသို့ သတင်း ပို့ထားသည်။ လူနာက သူ့ခန္ဓာကိုယ်ကို ဆေးပညာ အတွက် သုံးစွဲရန် လှူခဲ့သည်။ သည်လို အခွင့်အရေးမျိုးကို ရခဲဘိခြင်း။

ဒေါက်တာ မာသာမှာ ထိုလူနာ၏ အလောင်းကို ခွဲစိတ် စစ်ဆေးရန်နှင့် ကာပိုဆီ အရေပြားကင်ဆာ လိုက်စားနေသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ထုတ်ယူ စစ်ဆေးရန် တာဝန်ကျသည့် အထဲတွင် ပါသည်။ ထိုအသားမျှင် တစ်သျှုးများ၏ နမူနာကို ခွဲစိတ် စစ်ဆေးကြည့်လျှင် ထိုကူးစက်ရောဂါ ဖြစ်ပွားသည့် အကြောင်းရင်းကို ရှာဖွေရာတွင် အရေးကြီးသည့် အချက်အလက်များကို ရနိုင်မည်ဟု သူတို့ မျှော်လင့် ထားကြသည်။

အတ္တလန်တာမှ ကျွမ်းကျင်သူ ပါရဂူများသည် လူနာ၏ ဆေးမှတ်တမ်းကို ဖတ်ရှု လေ့လာပြီးနောက် မည်သည့်ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို စစ်ဆေး ကြည့်ရှုရမည်ဟု စာရင်းလုပ်၍ ပေးလိုက်ကြသည်။

ဒေါက်တာ မာသာသည် ထိုတာဝန်ဖြင့် ဖိုလော်ဒါဒေးလ်သို့ ထွက်လာခဲ့သည်။ ဒေါက်တာ မာသာ၏ အလုပ်သည် ဘာမျှ မကြာလိုက်ပါ။ တစ်နေ့မျှသာ ကြာပါသည်။ သို့ရာတွင် မည်မျှ ပင်ပန်းသည့် တစ်နေ့တာပေနည်း။

ထိုနေ့ ညနေ လေယာဉ်ဖြင့် အတ္တလန်တာသို့ ပြန်လာခဲ့သည့် အခါတွင် ဒေါက်တာ မာသာသည် သူ့ဘေး ထိုင်ခုံပေါ်တွင် တင်ထားသည့် သားရေတုဖြင့် လုပ်ထားသည့် အပြာရောင် သေတ္တာလေးကိုသာ စူးစိုက်ကြည့်လာခဲ့သည်။

သေတ္တာက ကြည့်တော့ သာမန် သေတ္တာလေး တစ်လုံး။

ဒယ်လတာ လေကြောင်း ကုမ္ပဏီ လေယာဉ် ပျံသန်းမှု အမှတ် ၄၅၀ ပေါ်တွင် လိုက်ပါလာသည့် အခြားသော ခရီးသည်များသည် ထိုသေတ္တာလေး ထဲမှ ပစ္စည်းများကို မြင်လိုက်လျှင် လန့်ဖျပ်ပြီး ထခုန်ကြလိမ့်မည် ထင်သည်။ ထိုသေတ္တာကလေးထဲက အအေးဘူးထဲတွင် ပါလာသည့် ပစ္စည်းများမှာ အခြား ပစ္စည်းများ မဟုတ်ပါ။ လူ၏မျက်လုံး နှစ်လုံး၊ ဦးနှောက် အချို့၊ အူတစ်ခွေ၊ အသည်း တစ်ခု၊ အစာအိမ် ပြွန်လမ်းကြောင်း အစိတ်အပိုင်း တစ်ခု၊ အမျှင် အမျှင် လိုးဖြတ်လာခဲ့သော အရေပြားစ အချို့၊ လျှာများ တစ်ပိုင်းနှင့် သေဆုံးသူ၏ သွေးတွေ ထည့်ထားသည့် ဖန်ပြွန် တစ်ချောင်းတို့ ဖြစ်သည်။

အတိုချုပ် ပြောရလျှင် ခေတ်သစ် ရောဂါဗေဒ ပညာရပ်၏ အကြီးအကျယ်ဆုံးသော လျှို့ဝှက်ချက်တို့ကို ဖွင့်လှစ် ရှာဖွေရာတွင် လိုအပ်မည့် အခြားသော ကိုယ်အင်္ဂါ အစိတ်အပိုင်း နမူနာများ ဖြစ်သည်။

ထိုနေ့ ညနေဘက်တွင် လေယာဉ်နောက်ကျ၍ ဆိုက်သဖြင့် ဒေါက်တာ မာသာသည် ထိုပစ္စည်းများကို စီဒီစီ ဓာတ်ခွဲခန်းသို့ ညတွင်းချင်း မပို့နိုင်။

သို့ဖြင့် ထိုပစ္စည်းများသည် သူတို့၏ ကံဆိုးသော ပိုင်ရှင်မပါဘဲ ပထမဆုံး ညကို ဒေါက်တာ မာသာ၏အိမ် ရေခဲသေတ္တာထဲရှိ သူ့ ကလေးများ စားဖို့ ဝယ်ထားသည့် ဒက္ကစီ စထရော်ဘယ်ရီ ရေခဲမုန့် နှစ်ခွက်ကြားတွင် ညအိပ် ရပ်နားကြရသည်။

[ ၁၆ ]
**မည်သည့် ဒုစရိုက်ကြောင့် ဤဝဋ်ကို ခံရပါသနည်း။**
**ဂျေရုဆလင်၊ အစ္စရေး။**
**၁၉၈၁ ခုနှစ် ဆောင်းဦး။**

မျက်နှာကြက်ပေါ်တွင် ယင်ကောင် တစ်ကောင်။

ဖိလစ် မာလု၏ ကမ္ဘာလောကကြီးသည် ယခုအချိန်တွင် အပေါက် အပေါက်လေးတွေ ဖြစ်နေသည့် မျက်နှာကြက်ပေါ်က တွားသွားနေသည့် ယင်ကောင်လေး တစ်ကောင်၏ ပတ်ဝန်းကျင် တစ်ဝိုက်မှာသာ ရှိနေသည်။

နေ့တွေ ဘယ်လောက် ကြာခဲ့ပြီနည်း။ ရက်တွေ ဘယ်လောက် ကြာခဲ့ပြီနည်း။

ဘုန်းတော်ကြီး မာလုတွင် အချိန်ကို သိစိတ် ပျောက်နေလေပြီ။ လုံးဝ သဘိ လစ်နေသည်က ၂၁ ရက်။ သတိ မရတစ်ချက် ရတစ်ချက် ဖြစ်နေ သည်က တစ်လ။ လည်ကုပ်မှ ခြေဖျားလေးတွေ အထိ ဘာမျှ ခံစားမှု မရှိ တော့။ သူ့ ခန္ဓာကိုယ်ကြီးကို သူ မပိုင်တော့။ သူ့ ကိုယ်လက် အင်္ဂါများကို သူ ထိန်းချုပ်နိုင်စွမ်း မရှိတော့။ ချောင်း မဆိုးနိုင်၊ မမျိုနိုင်၊ နှာ မချေနိုင်၊ မစားနိုင်၊ စကား မပြောနိုင်။

ညည်းသည်၊ သို့မဟုတ် ဆရာဝန် လာလျှင် မပီပိုးဝါး အသံဖြင့် အသံ တစ်ချက် နှစ်ချက် ထွက်နိုင်ရုံသာ တတ်နိုင်တော့သည်။ ဘာဖြစ်ခဲ့၍ ဘာဖြစ် ခဲ့မှန်းလည်း မသိ။ သူ့ ခေါင်းထဲတွင် ဇဝေဇဝါ၊ ဝိုးတိုးဝါးတား။

တစ်ညနေတွင်မူ သူ့ကို ငုံ့ကြည့်နေသော ဂျိုးဆက်စတိန်း၏ မုတ်ဆိတ် ထူထူ မျက်နှာကို မှတ်မိလိုက် သလိုလို ရှိသည်။ အမေရိကန် ရှေးဟောင်း သုတေသန ပညာရှင် ဂျိုးဆက်စတိန်းက သူ့ကို ပြုံးပြသည်။

'ဘုရားသခင်က ခင်ဗျားကို တမန်တော် တောင်ပံတွေများ ပေးလိုက်

သလားမှ မသိတာ' ဟုပင် နောက်လိုက်သေးသည်။ ထိုအခါကျမှပင် ဘုန်းတော်ကြီး မာလုသည် တွေ့ရှိချက် များစွာတို့ အနက် စိတ်ဆင်းရဲစရာ အကောင်းဆုံးသော တွေ့ရှိချက်ကြီးကို သိလိုက်သည်။ ရယ်ချင်၍ မရယ်နိုင်သော အဖြစ်ကို သိရခြင်း ဖြစ်သည်။

ဘုန်းတော်ကြီး မာလုသည် မြေတူး စင်ကြီးပေါ်မှ ကျသွားစဉ် လမ်းတစ်လျှောက်တွင် တွယ်ဖက်စရာ ဆို၍ တစ်ခုမျှ တွေ့မသွား။

သူ့မိတ်ဆွေ ဘလွန်းကမှ သူ့ထက် ကံကောင်းသည်။ ကျင်းကြီးထဲသို့ ထိုးကျမသွားဘဲ ဒုတိယ အဆင့်မှ ထိုးထွက်နေသည့် ပျဉ်ပြားတန်း တစ်ခုပေါ်တွင် သွားတင်နေသည်။ ညပ်ရိုး တစ်ချောင်းနှင့် နံရိုး နှစ်ချောင်းတော့ ကျိုးသွားသည်။

လိမ့်ကျသွားစဉ် အလန့်တကြား အော်လိုက်သော မာလု၏ အော်သံကို ဂျိုးဆက်စတိန်း မမေ့နိုင်တော့။ ထို့နောက် ကျင်းအောက်ခြေ မြေကြီးပေါ်သို့ ကျသွားသော အုန်းခနဲ အသံကြီးကိုလည်း သူ မမေ့နိုင်။

အကူအညီ တောင်းသည့် အော်သံများ၊ မြေအောက် ကျင်းကြီးထဲသို့ အလောသုံးဆယ် ဆင်းလာခဲ့ရပုံ၊ ဝန်ချစက် ရွေ့သံ၊ စတားအော့ဒေးဗစ် တံဆိပ် ရေးခြယ်ထားသည့် သူနာပြုကား၊ အပေါ်ပိုင်း ဗလာနှင့် ဘောင်းဘီတိုကလေးများကိုသာ ဝတ်ထားသည့် ထမ်းစင်သယ်သူများ၊ ထမ်းစင်ကို ဝန်ချီစက်ဖြင့် အောက်သို့ ချနေသံ၊ သတိမေ့နေသည့် လူနာကို ဝန်ချီစက်ဖြင့် ဖြည်းဖြည်း မ တင်လာခဲ့ရပုံ၊ နှစ်သန်းပေါင်း များစွာသော ကျောက်လွှာများကို ဖြတ်သန်းကာ လူနာကို အပေါ်သို့ တင်ခဲ့ရပုံ၊ ဂျေရုဆလင်ရှိ ဟာဒါရှားဆေးရုံကြီးသို့ သယ်လာခဲ့ရပုံ၊ အရေးပေါ် ခန်းထဲသို့ လူနာ ဝင်ရောက်ပျောက်ကွယ်သွားပုံ။

ထိုအသံ ထိုရုပ်ပုံများသည် သရုပ်မှန်လွန်း ပန်းချီဆရာ တစ်ဦး၏ စုတ်ချက်များလို ဂျိုးဆက်စတိန်း၏ မှတ်ဉာဏ်ထဲတွင် ဖွဲ့နေသည်။

နောက်ဆုံးတွင် ခွဲစိတ်ခန်းထဲမှ ပြန်ထွက်လာသော ခွဲစိတ်ကုဆရာဝန်၊ အစိမ်းနုရောင် ခွဲစိတ် မျက်နှာဖုံးက သူ့ မေးအောက်တွင် တွဲလောင်းကျလျက်၊ နဖူးပေါ်တွင် ချွေးသီးချွေးပေါက်တွေ သီးလျက်၊ အသင့်ညှိပြီးသား စီးကရက်တစ်လိပ်ကို ပါးစပ်တွင် ခဲထားသည်။ ဖျော့တော့ နွမ်းနယ်နေသော ခွဲစိတ်ဆရာဝန်သည် အားလုံး ထိတ်လန့်သွားမည်ကို စိုးရိမ်သည့်နှယ် လေသံမှန်မှန်ဖြင့် ..

'လည်ပင်းရိုး သုံးနှင့် လေး အက်သွားတယ်၊ အရိုးထဲက ချဉ်ဆီနှစ်အခေါင်း ကြေသွားတယ်၊ လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ဖက် သွက်ချာပါဒလိုက်သွားတယ်'

'အမြဲတမ်းလား ဆရာ'

ဂျိုးဆက်ဗတိန်း၏ အသံသည် ပါးစပ်က ထွက်လာသည့် အသံနှင့်မတူ။ မှတ်ဆိတ်မွေးတွေ ဆီက ထွက်လာသည့် ဆို့နစ်သံနှင့် တူနေသည်။ ခွဲစိတ်ဆရာဝန်က စီးကရက်ကို ရှိုက်ဖွာပြီးနောက် မီးခိုးများကို ဖြည်းညင်းစွာမှုတ်ထုတ်နေသည်။

'ခု ကျွန်တော်တို့ သိနေရသလောက်ကတော့ အဲဒီ အတိုင်းပဲ ဖြစ်မယ်ထင်တယ်'

ဘုန်းတော်ကြီး မာလုသည် သူ့အဖြစ်ကို တွေးမိတိုင်း ကြီးစွာ စိတ်ဆင်းရဲခြင်း ဖြစ်ရသည်။ ထို့နောက်တွင် စိတ်ဆိုးခြင်း၊ ဆုပ္ပခြင်းတို့ လိုက်လာသည်။

ဆရာဝန်များကမူ ထိုလက္ခဏာချက်များမှာ သွက်ချာပါဒလိုက် ရောဂါစွဲကပ် လူနာ၏ ခုခံ ဆန့်ကျင်မှု လက္ခဏာများဟု ဆိုကြသည်။

ယာကွတ်သည် ညကို ဖန်တီးသည့် အတွက် ဖန်ဆင်းရှင် ထာဝရဘုရားသခင်ကို ကျိန်ဆဲသည့် နည်းတူ ဘုန်းတော်ကြီး မာလုသည်လည်း ဖန်ဆင်းရှင်ကို ကျိန်ဆဲသည်။

'တပည့်တော်မှာ ဒီလိုပြစ်ဒဏ်မျိုး ခံရအောင် ဘာအပြစ် လုပ်ခဲ့လို့လဲ၊ ဘာကျူးလွန်ခဲ့လို့ တပည့်တော်ကိုမှ ရွေးပြီး ဒီပြစ်ဒဏ်ကို ပေးရတာလဲ'

မာလုသည် အဖြေကို ရှာမရသည့် အခါတွင် ဒေါသကို အနီးအနားရှိသူတို့ အပေါ်သို့ ဦးလှည့်သည်။ အနီး ရောက်လာသူတို့ကို စော်ကားသည်။ အော်ဟစ် ဆုပ္ပသည်။ ကြိမ်းမောင်း ခြိမ်းခြောက်သည်။ သီတင်းပတ်ပေါင်းများစွာပင် သူ့ အခန်းကလေးသည် ဆုပ္ပ ကြိမ်းမောင်းသံများဖြင့် ပွက်လောရိုက်နေသည်။

မကြာမီ လူနာတွင် ဘေးရောဂါများ ဝင်ရောက်လာနိုင်သည့် အခြေအနေတွင် ရှိနေသည်။ မလှုပ်မယှက် နေရသဖြင့် အိပ်ရာနှင့် အမြဲ ထိတွေ့နေရသည့် အရေပြား အစိတ်အပိုင်းများသည် သေသွားတော့သည်။ ဖိထား

ခံရသဖြင့် သွေးနှင့် အောက်စီဂျင် လုံလောက်စွာ မရတော့သည့် အတွက် ထိုနေရာ တစ်ဝိုက်တွင် အနာကြီးတွေ ဒဏ်ရာ ဟောက်ပက်ကြီးတွေ ပေါ်လာကာ ကုစား မရနိုင်သော ကူးစက်ရောဂါ အမျိုးမျိုးတို့၏ အိမ်ဂေဟာကြီး ဖြစ်လာခဲ့သည်။ ဆေးကုသပေးခြင်း၊ ၁၅ မိနစ် တစ်ခါ နှိပ်နယ်ပေးခြင်းဖြင့် ဆရာဝန်များနှင့် သူနာပြုများသည် အသားမျှင် တစ်သျှူးများ သေမသွားရန်နှင့် နောက်ထပ် အနာများ ပေါ်မလာစေရန် အစွမ်းကုန် တားဆီးကြသည်။

မာလုသည် သူ့အတိတ်ကို ပြန်တွေးရင်း သူ ရောက်ရှိနေသော အခြေအနေကို လက်ခံဖို့ သတ္တိမွေးရန် ကြိုးစားသည်။ ကျောင်းတိုက်မှ ဆရာတော်ကြီးများကလည်း သူ့ကို တရားပြကြသည်။ သို့ရာတွင် အောင်မြင်ခြင်း မရှိပါ။

သူ့တွင် ထိုသတ္တိမျိုး မွေးနိုင်ရန်အတွက် တွန်းတင်မည့် နောက်ဆုံး တွန်းအား တစ်ခုတော့ လိုနေသည်။ ထိုတွန်းအားသည် တစ်နေ့တွင် မမျှော်လင့်ဘဲ သူ့ထံသို့ ရောက်လာသည်။

ထိုနေ့ ညနေတွင် သူ့အခန်းထဲက ဖယောင်းပုဆိုးပေါ်တွင် လိမ့်လာသည့် ရာဘာ စွပ်ထားသည့် လက်တွန်းလှည်း ဘီးသံကို သူ မကြားလိုက်မိ။ ရုတ်တရက် သတိရ၍ ကြည့်လိုက်သည့် အခါ၌ သူ့ ခုတင်ဘေးတွင် ထူထဲနက်မှောင်သည့် ဆံပင်များကို ဖဲကြိုးဖြင့် စည်းထားပြီး ကြည်လင်သည့် အသားအရေ၊ တောက်ပသည့် အပြုံးတို့ဖြင့် မိန်းကလေး တစ်ယောက်ကို မြင်လိုက်ရသည်။

'ကလေးမကလေးက ခလုတ်လေး တစ်ခုကို ပါးစပ်နှင့် ကိုက်လိုက်ပြီး သူ စီးလာတဲ့ ဘီးတပ် လျှပ်စစ် ကုလားထိုင်ကို ရပ်လိုက်တယ်၊ သူ့ လက်နှစ်ဖက်က ကုလားထိုင် လက်တင်နှစ်ဖက်ပေါ်မှာ တင်ထားတယ်၊ မလှုပ်နိုင်ဘူး၊ သူ့ပေါင်ပေါ်မှာ ရှာလုံဝိုင်၊ စပျစ်ဝိုင် တစ်လုံးကို တင်ထားတယ်၊ သူက တပည့်တော်ရဲ့ နာမည်က ရှသ လို့ ခေါ်ပါတယ်၊ သမ္မာကျမ်းစာထဲက နာမည်အတိုင်းပါ၊ ဘုန်းကြီးကို ကျန်းမာရေး ပြန်လည် ကောင်းမွန်လာအောင် ဆုတောင်းပြီး လှူဖို့ တပည့်တော် ယူလာပါတယ်၊ ကာမဲ တောင်ထိပ်ပေါ်မှာ ချက်တဲ့ စပျစ်ဝိုင်ပါ လို့ ပြောပြီး ကလေးမလေးဟာ နှုတ်ခမ်းကို စေ့ပြီး ခလုတ်လေးကို တစ်ချက် ကိုက်လိုက်တယ်၊ ဒီတွင် လျှပ်စစ် ကုလားထိုင်

လည်း နောက်ပြန်လှည့်သွားပြီး အခန်း အပြင်ဘက် ရောက်သွားတယ်'

နောင်တွင် ဘုန်းတော်ကြီး မာလုက ပြောပြသည်။ တစ်မိနစ် အကြာတွင် အစ္စရေး ကလေးမကလေးသည် ပြန်ရောက်လာသည်။ သူ့နောက်တွင် သူနာပြုဆရာမ တစ်ဦးက ဝိုင်ပုလင်းနှင့် ဖန်ခွက် နှစ်ခွက် တင်ထားသည့် ဒန်းကို ကိုင်၍ နောက်မှ လိုက်လာသည်။

'ဘုန်းတော်ကြီး မာလုရဲ့ ကျန်းမာရေး အတွက်ပါ ဘုရား'

သူနာပြုဆရာမက ဝိုင်ဖန်ခွက်ကို ဘုန်းတော်ကြီး မာလု၏ နှုတ်ခမ်းကို တေ့ပေးသည်။ မာလုသည် ထိုတစ်ငုံကို အကြာကြီး သောက်ယူရသည်။ မကြာမီပင် သူ့တစ်ကိုယ်လုံး ပူနွေးသွားကာ ငြမ်းပေါ်မှ လိမ့်ကျပြီးကတည်းက လျှာပေါ်တွင် သံပြားစကြီး ဝါးရသလို သံချေးနံ့ နံနေသည့် အရသာသည် ပျောက်သွားသည်။ သူ့ မျက်လုံးတွင် မျက်ရည်တွေ ဝဲလာသည်။

မာလုသည် စကားပြောရန် ကြိုးစားကြည့်သည်။ သို့ရာတွင် စိတ်လှုပ်ရှားနေသဖြင့် စကားကို ကောင်းကောင်း မပြောနိုင်။ မာလုသည် သူ့ကို ပြုံးကာ ကြင်နာစွာ ကြည့်နေသော ရှသ၏ ရှေ့မှာပင် နောက်တစ်ငုံ ငုံပြန်သည်။

'ကျေးဇူးတင်ပါတယ် ကလေးမ၊ ကလေးမ ရောက်လာတာဟာ အကောင်းဆုံး လက်ဆောင်ပါပဲ'

မာလုက မျက်လုံးများကို မှိတ်၍ ပြောသည်။

ထိုနေ့ ညနေတွင် ဘုန်းတော်ကြီး မာလုသည် ရှသ၏ ဘဝကို ပြိုလဲသွားစေသည့် အဖြစ်အပျက်ကို ကြားရသည်။

ဂါလီလီ ကျွန်းဆွယ်၏ မြောက်ဘက် အစွန်တွင် ရှိသည့် လယ်ယာအဖွဲ့ဝင် တစ်ဦး ဖြစ်သည့် ရှသသည် တစ်ညတွင် လက်ဘနွန် နယ်စပ် တစ်လျှောက်တွင် ကင်း အဖွဲ့ဖြင့် ကင်းလှည့်နေစဉ် ဖာဒေယင်း တစ်ယောက် အနီးကပ်၍ ပစ်လိုက်သော သေနတ် နှစ်ချက်ကြောင့် ကျောရိုးကြီး သွင်သွင်ကျိုးသွားခဲ့သည်။

ထုံသီတင်းပတ် အတွင်းမှာပင် မာလုအတွက် အားတက်စရာ နောက်တစ်ကွက် ပေါ်လာပြန်သည်။ လည်ပင်းရိုးမှ ဒဏ်ရာ ကျက်သွားပြီဟု ယူဆသည့်အတွက် ဆရာဝန်များက သူ့ကို ပထမဆုံးအကြိမ် အိပ်ရာပေါ်တွင် အထိုင်ခိုင်းသည်။

သူ့ကို အားကောင်းသည့် နှလုံးအားဆေးများ ထိုးပေးပြီးနောက် သူနာပြုဆရာမ တစ်ယောက်က ကိုယ် အထက်ပိုင်းက ဖြည်းဖြည်း ထူပေးသည်။ အပေါက် ကလေးတွေ ဖောက်ထားသည့် မျက်နှာကြက်ကိုချည်း ရက်ပေါင်း များစွာ တည့်တည့် မြင်နေရပြီးနောက် သူ့ မျက်လုံးများသည် ဘေးဘီမှ တခြားသော ရည်ညွှန်း အမှတ်များကိုလည်း ကြည့်နိုင်သွားသည်။

'လေယာဉ်ပျံ ဝဲနေသလို ကျုပ် မျက်စိထဲမှာ အခန်းကြီးက ချာချာ လည်နေတယ်' ဟု မာလုက ပြောသည်။

မူးဝေသွားသဖြင့် ပျို့အန်နေသည်။ ထို့ကြောင့် သူ့ကို အိပ်ရာပေါ်သို့ ပြန်လှဲပေးရသည်။ နောက်တစ်နေ့တွင် သူ့ကို အိပ်ရာထက်တွင် ထူပေးပြီး အထိုင်ခိုင်းပြန်သည်။ နောက်နေ့များတွင်မူ သူသည် တဖြည်းဖြည်း ခံနိုင်ရည် ရှိလာကာ အိပ်ရာပေါ်တွင် ထိုင်နိုင်လာလေပြီ။

[ ၁၇ ]

**အရှူတ္တသို့ မေးခွန်း ငါးရာ။**

**အတ္တလန်တာ၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၁ ခုနှစ် ဆောင်းဦး။**

ထိုမေးခွန်းများသည် ငယ်ရွယ်သော သိပ္ပံပညာ တစ်ရပ် ဖြစ်သည့် ကူးစက် ရောဂါဗေဒ၏ ဦးနှောက်မှ ပေါ်ထွက်လာသည့် အသေးစိတ် အကျဆုံး၊ စိတ်ကူးဉာဏ် အသွားဆုံး၊ အပွင့်လင်းဆုံးသော မေးခွန်းများ ဖြစ်သည်။ ထို မေးခွန်းများ၏ အဖြေသည် သူတို့ ရင်ဆိုင်နေရသည့် ပဟေဠိကို ဖြေရှင်း ပေးနိုင်လိမ့်မည်ဟုလည်း ဒေါက်တာ ဂျင်းနှင့် စီဒီစီက အလုပ်အဖွဲ့ဝင်များ ယုံကြည်ထားကြသည်။ ကာလသားရောဂါ၊ အေ နှင့် ဘီ အသည်းရောင် အသားဝါ ရောဂါ၊ အခြားသော ကူးစက်ရောဂါ ပြဿနာများနှင့် ပတ်သက်၍ စူးစမ်း လေ့လာခဲ့ရာမှ ရရှိခဲ့သော အတွေ့အကြုံများမှ တစ်ဆင့် ယခုမေးမည့် အရေးကြီးသော မေးခွန်းများကို ထုတ်ခဲ့ကြခြင်း ဖြစ်ကြသည်။ လွန်ခဲ့သည့် လေးနှစ်လောက်တုန်းက မိန်းမလျာ အမေရိကန် သိပ္ပံပညာရှင် နှစ်ဦးက လိင်ဆက်ဆံမှု ဖောက်လွဲဖောက်ပြန် ဖြစ်သည့် အမေရိကန် လိင်တူဆက်ဆံသူ ငါးရာကို မေးခွန်းများ မေးကာ သုတေသန လုပ်ခဲ့ကြသည်။ ထိုမေးခွန်းများ

သည် သူတို့အတွက် အများကြီး အထောက်အကူ ရခဲ့သည်။ ထို့အပြင် အမေရိကန် ပြည်ထောင်စုတွင် တွေ့နေရသည့် ဈမျိုးဆိုက်စတစ် ဈမျိုးနီးယား ရောဂါသည် (ထိုစဉ်က တစ်ပြည်လုံးတွင် ရောဂါသည် ၄၀ ကို ရှာတွေ့ထား သည်။) တို့၏ ဆေး မှတ်တမ်းများကလည်း သူတို့ကို အများကြီး အထောက် အကူ ဖြစ်စေသည်။ ထို့ပြင် စီဒီစီသည် လိင်ဆက်ဆံမှုကြောင့် ဖြစ်သော ရောဂါရှင်များကို လေ့လာသည့် ဆရာဝန် တစ်ဦး ဖြစ်သူ ဒေါက်တာ ဗီလျံ ဒါးရိုး၏ အကူအညီကိုလည်း ယူသည်။ ဒေါက်တာ ဗီလျံသည် ဆစ်ဖလစ်၊ ဂနိုရီးယားနှင့် အခြား ကာလသား ရောဂါများ မကြာခဏ စွဲကပ်သော လူများ၏ အလေ့အထကို နှစ်ပေါင်း ၂၀ မျှ လေ့လာခဲ့ဖူးသည်။

'ကျွန်တော့် အထင် ပြောရမယ် ဆိုရင်တော့ ခု ဖြစ်နေတဲ့ ကူးစက် ပြန့်ပွား ရောဂါဟာ လိင် ဆက်ဆံမှုကြောင့် ဖြစ်တယ်လို့ ထင်တာပဲ' ဟု ဒေါက်တာ ဗီလျံက ပြောသည်။

သို့ဖြင့် စီဒီစီ ရောဂါ ထောက်လှမ်းရေး အဖွဲ့က မေးခွန်းများကို စုပေါင်းလိုက်သော အခါတွင် မေးခွန်းများသည် စာမျက်နှာ ၂၃ မျက်နှာ ရှိသော မေးခွန်းကြီး ဖြစ်လာသည်။ ထိုမေးခွန်းကို စီဒီစီ ပရိုတိုကိုးလ် ၅၇၇ ဟု ခေါ်သည်။

မေးခွန်း၏ ပထမပိုင်းမှာ ဖြေဆိုရမည့် သူ၏ ဝင်ငွေ အဆင့်အတန်း၊ လူမှု အဆင့်အတန်းတို့နှင့် သက်ဆိုင်သည်။

သူသည် လူဖြူလား၊ လူမည်းလား၊ စပိန်–အမေရိကန်လား၊ အမေ ရိကန်–အိန္ဒိယန်းလား၊ အလာစကားပြည်နယ် ဇာတိလား၊ သို့မဟုတ် ပစိဖိတ် ကျွန်းစု တစ်ခုခုမှ ဌာနေ တိုင်းရင်းသားလား၊ သို့မဟုတ် အခြား လူမျိုး မျိုးနွယ်လား၊ သူသည် ဝင်ငွေဒေါ်လာ ၁၀၀၀ အောက် ရသူလား၊ သို့မဟုတ် ဒေါ်လာ ၃၀၀၀ အထက် ရသူလား၊ လူပျိုလား၊ အိမ်ထောင် ရှိသလား၊ အရင်က အိမ်ထောင် ရှိဖူးသလား၊ ရှိဖူးလျှင် တစ်ဆက်လား၊ နှစ်ဆက်လား၊ ဘယ်နှစ်ဆက်လဲ၊ အထက်တန်းကျောင်း၊ ကောလိပ်၊ တက္ကသိုလ် စသည်တို့ကို ဘယ်နှစ်နှစ် တက်ဖူးသလဲ၊ လွန်ခဲ့သည့် ဆယ်နှစ်အတွင်း ဘာအလုပ်အကိုင် ကို လုပ်ကိုင်ခဲ့သလဲ၊ သူ၏ အလုပ်အကိုင်မှာ ဖြစ်စေ၊ တခြားမှာ ဖြစ်စေ၊ စက်မှုဆိုင်ရာ၊ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ ဓာတုဗေဒ ပစ္စည်းများကို ကိုင်ဘွယ် ခဲ့ရသလား၊ ရေဒီယို ဓာတ်ကြွပစ္စည်း၊ သို့မဟုတ် ပိုးသတ်ဆေး တို့ကို ကိုင်တွယ် ခဲ့ရသလား၊ လွန်ခဲ့သည့် ဆယ်နှစ် အတွင်း ဘယ်ဒေသမှာ

နေထိုင်ခဲ့သလဲ၊ ဘယ်တိုင်းပြည်တွေကို ခရီးသွားခဲ့ဖူးသလဲ၊ အိမ်မွေး တိရစ္ဆာန်တွေ မွေးဖူးသလား၊ မွေးဖူးလျှင် ဘယ်လောက် ကြာကြာ မွေးဖူးသလဲ၊ အိမ်မွေး တိရစ္ဆာန်များမှာ ထူးထူးဆန်းဆန်း ရောဂါ ဖြစ်ဖူးသလား၊ ဖြစ်ဖူးလျှင် ထိုရောဂါကြောင့် သေသွားသလား၊ သူဟာ အရက် သောက်သလား၊ တစ်ခါတစ်ရံလား၊ မှန်မှန်လား၊ ဘီယာလား၊ ဝိုင်လား၊ မျိုးစုံလား၊ တစ်နေ့ ဘယ်လောက် သောက်သလဲ၊ ဘယ်လောက် ကြာပြီလဲ၊ မိသားစုထဲမှာ ကင်ဆာရောဂါ ဖြစ်ဖူးသူ ရှိသလား၊ အဘိုး အဘွား မိဘ ညီအစ်ကို မောင်နှမတွေထဲမှာ ကင်ဆာ ဖြစ်ဖူးသလား၊ ဘာကင်ဆာလဲ၊ ဘယ်တုန်းကလဲ၊ လွန်ခဲ့သည့် သုံးနှစ် အတွင်းက ကင်ဆာ ဖြစ်ဖူးသူနှင့် လိင် ဆက်ဆံမှု ရှိဖူးသလား၊ သို့မဟုတ် အတူ တစ်အိမ်တည်း နေထိုင် ခဲ့ဖူးသလား၊ ကူးစက်ရောဂါ တစ်ခုခုကြောင့် ဆေးရုံ တက်ဖူးသလား၊ သို့မဟုတ် ဖျားလို့ ဖြစ်စေ၊ မဖျားဘဲ ဖြစ်စေ အကြောင်း ရှာမရဘဲ ကိုယ်အလေးချိန် ကျဖူးသလား။

ထို့နောက် မေးခွန်းက လူနာ၏ နောက်ကြောင်း ရောဂါရာဇဝင်နှင့် ပတ်သက်၍ ဆက်လက် မေးသည်။

လူနာဟာ လက်ရှိရောဂါ မဖြစ်ခင်က ဂနိ ဖြစ်ဖူးသလား၊ ဆစ်ဖလင်ရောဂါ ဖြစ်ဖူးသလား၊ သို့မဟုတ် ဂနိကြောင့် မဟုတ်သော အဆစ်အမြင်ကိုက်ရောဂါ ဖြစ်ဖူးသလား၊ ရေယုန် သို့မဟုတ် လိင်အင်္ဂါတွင် ကြွက်နို့ စသည်တို့ ပေါက်ဖူးသလား၊ ဘယ်နှစ်ခါ ဖြစ်ဖူးသလဲ၊ နောက်ဆုံးဖြစ်တာ ဘယ်လောက် ကြာပြီလဲ၊ ဘယ်မှာ အနာ ဖြစ်သလဲ၊ လိင်အင်္ဂါမှာလား၊ စအို အဝမှာလား၊ အတွင်းမှာလား။

နောက်မေးခွန်းမှာ ယခင် ဖြစ်ခဲ့ဖူးသော ရောဂါများနှင့် ပတ်သက်သည့် မေးခွန်းဖြစ်သည်။ အထူးသဖြင့် အသည်းရောင် အသားဝါ ရောဂါ စသည့် အူတွင်ဖြစ်သော ရောဂါများ ဖြစ်သည်။ အရေပြားရောဂါ၊ အကျိတ်များ ရောင်ရမ်းသည့် ရောဂါ၊ ဆေးရုံ တက်ရလောက်အောင် ပြင်းထန်သည့် နျူမိုးနီးယား ရောဂါနှင့် ကင်ဆာ ဖြစ်စေသည့် အကျိတ်များ ဖြစ်ဖူးခြင်း ရှိ မရှိ စသည်တို့ကို မေးမြန်းသည်။ ထို့ပြင် လွန်ခဲ့သည့် ဆယ်နှစ် အတွင်းက မည်သည့် ဆေးဝါးများဖြင့် ကုသခဲ့ဖူးသနည်း ဆိုသည်ကိုလည်း အသေးစိတ် မေးမြန်းသည်။ ပင်နီဆလင်ဖြင့် ကုသဖူးသလား၊ ကုသဖူးသည် ဆိုလျှင် ထိုးဆေးလား၊ စားဆေးလား၊ အင်ပီဆလင် သုံးဖူးသလား၊ တက်ထရာဆိုင်ကလင် သုံးဖူးသလား၊ အမြီးဇား ပိုးစွဲရောဂါ အတွက် ဆေးသုံးဖူးသလား

အလေးအမွှား ကိုက်ခြင်း၊ ယားယံခြင်းတို့ အတွက် လိမ်းဆေး၊ သောက်ဆေး သုံးဖူးသလား၊ ဘယ်အချိန်လောက်က သုံးဖူးသလဲ၊ ဘယ်လောက် ကြာကြာ သုံးခဲ့ဖူးသလဲ။

လူနာသည် မူးယစ်ဆေး သုံးစွဲသောကြောင့် ရောဂါ ဖြစ်ဖူးသူဆိုလျှင် ဘယ်လို မူးယစ်ဆေးကို သုံးသလဲ၊ ဘယ်အချိန်က သုံးခဲ့သလဲ၊ ဘယ်ပုံစံနှင့် သုံးခဲ့သလဲ၊ အကြောထဲ ထိုးသလား၊ စီးကရက်ထဲ ထည့်သောက်သလား၊ ရှူသလား၊ ဆေးလုံးအဖြစ် မျိုသလား၊ ဘယ်လို မူးယစ်ဆေးလဲ၊ ဆေးခြောက်လား၊ ကိုကင်းလား၊ ဘိန်းဖြူလား၊ အင်ဖီတာမင်းလား၊ အိပ်ဆေးလား၊ အယ်လ်အက်စ်ဒီလား၊ ကွေလူဒီလား၊ အိန်ဂျယ်မှုန့်လား၊ အထူးသဖြင့် လိင်စိတ်ကြွဆေးကော သုံးဖူးသလား၊ သုံးဖူးလျှင် ဘယ်အမှတ် တံဆိပ်တွေလဲ။

သို့ရာတွင် မေးရသည်မှာ တော်တော်တော့ မျက်နှာပူစရာ ကောင်းပါသည်။ စီဒီစီက ဆရာဝန် စုံထောက်များသည် လိင် အပြုအမူနှင့် ပတ်သက်သည့် အကြောင်းများကို အသေးစိတ် မေးရသောကြောင့် ဖြစ်ပါသည်။ သူတို့ယခု ခံစားနေရသော ရောဂါမှာ လိင်ဆက်ဆံမှုကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ရောဂါ ဖြစ်ကြောင်းကို လူနာများအား ကြိုတင် ပြောပြကာ မေးခွန်းများကို ရှင်းလင်း တိကျစွာ ဖြေဆိုဖို့ ပထမ ရှင်းပြရသည်။ ဆရာဝန်စုံထောက်များ အထူးသိချင်သော လိင်ဆက်ဆံမှု ဆိုသည်မှာ သာမန်ဆက်ဆံမှုမျိုးမျှသာမက ဆန်းဆန်းပြားပြား ဆက်ဆံပုံတွေလည်း ပါသည်။ လိင်တူဆက်ဆံမှု၊ သဘာဝ မဟုတ်သည့် ဆက်ဆံမှုတို့ကို ဆိုလိုခြင်း ဖြစ်သည်။ တခါတစ်ရံတွင် မေးခွန်းမှာ မကြားဝံ့ မနာသာတွေ ဖြစ်သည့်အတွက် အတ္တလန်တာမှ ကာပိုဆီ အရေပြားကင်ဆာ ရောဂါသည်၏ ခန္ဓာ အပိုင်းအစတွေကို ယူလာခဲ့သည့် ဆရာဝန်မ ချောချောကလေး ဒေါက်တာ မာသာဆိုလျှင် လူနာကို မေးရမည်ကိုပင် ဝန်လေးနေတတ်သည်။

အမည်မသိ ရောဂါကို တိုက်ခိုက်ရန်အတွက် ပထမဆုံး ကြိုးပမ်းမှုကို စတင်လုပ်သည့် ရက်မှာ ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ ဖြစ်သည်။ သေခါနီး လူနာတစ်ဦး အပါအဝင် လူနာ ၅၀ ခန့်နှင့် ကျန်းမာနေသေးသည့် လူငယ် မိန်းမလျာ နှစ်ရာတို့ကို စီဒီစီ ဆရာဝန် စုံထောက်များက စစ်ဆေးကြသည်။ ပထမတွင် လော့စ်အိန်ဂျလိစ်၊ နယူးယောက်၊ ဆန်ဖရန်စစ္စကိုနှင့် မိုင်ယာမီမြို့များတွင် စတင်သည်။ ထိုဒေသများတွင် လူနာများကို တွေ့ရသောကြောင့် ဖြစ်သည်။ နောက်တွင် အသက် ၁၃ နှစ် အရွယ် လူငယ်

ကလေး တစ်ယောက်တွင် ကာပိုဆိ အရေပြားကင်ဆာကို သွားတွေ့သဖြင့် အတ္တလန်တာမြို့တွင်လည်း စတင်၍ စုံစမ်း လေ့လာမှုများကို ပြုလုပ်သည်၊ ထို စုံစမ်း လေ့လာမှုကို ပရိုတိုကိုးလ် ၅၇၇ စစ်ဆင်ရေး ဟု ခေါ်သည်။

[ ၁၈ ]

ဒုက္ခဘုံ။

ကာလကတ္တား၊ အိန္ဒိယပြည်။

၁၉၈၁ ခုနှစ် ဆောင်းရာသီ။

၅၄၊ အေ၊ အောက် မြို့ပတ်လမ်း။ သီလရှင်ဆရာကြီး ထရီဇာ တည်ထောင်သည့် ဒါနဝေပုလ္လ ကျောင်းတိုက်သည် ဘာမျှ ထည်ဝါ ခမ်းနားခြင်း မရှိ၊ ကျောင်းတိုက် အဝတွင် သစ်သား ဆိုင်းဘုတ်ကလေး တစ်ခုသာ ချိတ်ထားသည်။ မီးခိုးရောင် သုံးထပ် အဆောက်အအုံသည် ကာလကတ္တား မြို့တွင် လူသိများသည့် အဆောက်အအုံ တစ်ခု ဖြစ်သည်။ ထိုနေရာသို့ ဆင်းရဲဒုက္ခ ရောက်နေသည့် အိန္ဒိယ တိုင်းရင်းသားများနှင့် သီလရှင်ဆရာကြီး၏ လုပ်ငန်းကို လာရောက် လေ့လာသည့် နိုင်ငံခြားသားတွေ လာလေ့ရှိသည်။ ကျောင်းတိုက်ပေါ်မှ မျှော်ကြည့်လျှင် လမ်းမများတွင် ဥဒဟို သွားလာနေကြသော ကုန်တင် မီးရထားများ၊ လော်ရီကြီးများ၊ မော်တော်ယာဉ်များနှင့် ကမ္ဘာတွင် နောက်ဆုံး လူမြင်းများဆွဲသော လန်ချားများကို မြင်ရသည်။ ကျောင်းတိုက် ရှေ့ ပျက်စီးနေသည့် ပလက်ဖောင်း တစ်လျှောက်တွင်မူ ထောင်ပေါင်း များစွာသော အိန္ဒိယ အိုးမဲ့ အိမ်မဲ့များသည် သံတိုသံစ ရောင်းသူ၊ မော်တော်ကား ပစ္စည်း အဟောင်းအမြင်း ရောင်းသူတို့နှင့် အတူ ရောထွေး နေထိုင်ကြသည်၊ မီးသတ် ရေဘုံဘိုင်များ အနီးရှိ မြောင်းများထဲတွင်မူ ကိုယ်လုံးတီး ကလေးငယ်များသည် တစ်ယောက်ကို တစ်ယောက် ရွှံ့ရေတို့ဖြင့် ပက်ကစား နေကြသည်။ လမ်းထောင့်များတွင် လက်ဖက်ရည် ရောင်းသူ၊ အကြော် ရောင်းသူနှင့် ထမင်း ရောင်းသူများသည် အဆင်းရဲတကာ့ အဆင်းရဲဆုံး လူများကို မဝရေစာ အစားအသောက်များကို ရောင်းချနေကြသည်။

လမ်းမြောင်ကလေး တစ်ခုမှ ဝင်သည့် ကျောင်းတိုက် တံခါးဝ အနီးတွင်မူ သူတောင်းစားများ၊ ပိန်ချုံးနေသည့် ကလေးငယ်များကို ပွေ့ချီထား

သည့် ကလေးအမေများ၊ အနာကြီး ရောဂါသည်များ စုပြုံ တိုးဝှေ့နေကြသည်။ ကျောင်းတိုက် အဝင်တံခါးမှာ သစ်သားတံခါး ဖြစ်ပြီး ကြိုးစကလေး တစ်ခုဖြင့် ခေါင်းလောင်းကလေး တစ်လုံးကို ဆွဲထားသည်။ ယင်းမှာ တံခါးဖွင့်ပေးရန် အချက်ပေးသည့် ခေါင်းလောင်း ဖြစ်သည်။ ခေါင်းလောင်းကြိုးကို ဆွဲလိုက်တိုင်း အပြာနှားကွပ် မျက်နှာဖုံး အဖြူကလေးကို လွှမ်းထားသည့် အိန္ဒိယလူမျိုး သီလရှင်ကလေး တစ်ပါး ပေါ်လာတတ်သည်။ သီလရှင်ကလေးသည် ညည်သည်ကို ကျောင်းတိုက်ဝင်းထဲသို့ ခေါ်သွားသည်။ ကျောင်းတိုက် အဝင်လမ်းတွင် မယ်တော်မာရီ၏ ရုပ်တုကြီးကို မြင်ရသည်။ ကျောင်းတိုက်ဝင်းကို ဖြတ်လာခဲ့ပြီးနောက် အုတ်လှေကားရင်းသို့ ရောက်သွားသည်။ အုတ်လှေကား အတိုင်း တက်လာခဲ့လျှင် ဘုရားဝတ်ပြု ခန်းဆောင် ရှိရာ ပထမထပ်သို့ ရောက်သည်။ ထိုဝတ်ပြု ခန်းဆောင်ကြီးထိပ်တွင်မူ သစ်သားလက်ဝါးကပ်တိုင်ကြီး တစ်ခု ရှိပြီး ထိုဘေးနံရံတွင် 'ငါ ရေငတ်သည်' ဟူသော စာတန်းကြီးကို ရေးထားသည်။

အိန္ဒိယပြည်နှင့် ကမ္ဘာအနှံ့ရှိ ကားတိုင်တင် ခံရသည့် ခရစ်တော်ကို ရေစင် တိုက်ကျွေးသည့် အမျိုးသမီးကြီးသည် ထိုဝတ်ပြုခန်းမသို့ နေ့တိုင်း မကြာခဏ ရောက်လာတတ်သည်။ ထိုအမျိုးသမီးကြီးသည် ဟောင်းနွမ်း၍ ဟာရာထေးရာတို့ ပြည့်နေသည့် ဂွန်နီအိတ် အခင်းပေါ်တွင် ဒူးထောက်ထိုင်ကာ အငြင်းပယ်ခံ အစွန့်ပစ်ခံ အနာကြီး ရောဂါသည်များ၊ လူဆင်းရဲများ အကြားတွင် အလုပ်လုပ်နိုင်ရန် သူ့အား ခွန်အားသတ္တိ ပေးဖို့ ဘုရားသခင်ထံ ဆုတောင်းလေ့ ရှိသည်။ ဒါနဝေပုလ္လ ကျောင်းတိုက်၏ အမှတ်အသား ဖြစ်သော အဖြူရောင် မျက်နှာဖုံးကို လွှမ်းခြုံကာ သာသနာ့ဘောင်သို့ ဝင်ရောက်လာသော အိန္ဒိယပြည်နှင့် ကမ္ဘာအရပ်ရပ်မှ အမျိုးသမီးငယ်တို့အား နေရာချပေးကာ စာပေ ပရိယတ္တိတို့ကို သင်ကြားပေးသည့် နေရာမှာလည်း ဤခန်းမဆောင်မှာပင် ဖြစ်သည်။ ကြီးမား ကျယ်ပြန့်သည့် ဒါနဝေပုလ္လ ကျောင်းတိုက်တွင် လာ၍ သီလရှင်ဝတ်နေသူ အမျိုးသမီးငယ်များမှာ ၁၀၀ ခန့် ရှိသည်။ မနက်လင်းသည်နှင့် ကျောင်းတိုက်မှ သီလရှင်များသည် ဝတ်ပြုခန်းမဆောင်ထဲသို့ ရောက်လာကာ ဝတ်ပြု၍ ဆာလံ ဓမ္မ သီချင်းများကို ရွတ်ဆိုပြီးနောက် မိမိတို့ တာဝန်ကျရာ မိဘမဲ့ကျောင်းများ၊ ဆေးပေးခန်းများ၊ သူဆင်းရဲဂေဟာများသို့ ဘတ်စ်ကား၊ မီးရထား၊ ဓာတ်ရထား၊ အများအားဖြင့် ခြေကျင်ခရီးဖြင့် ထွက်ခွာသွားကြသည်။

၁၉၈၁ ခုနှစ် ဆောင်းရာသီ။

မိမိသည် ကျောင်းဆရာမ တစ်ယောက် အနေဖြင့် ပထဝီဘာသာကို ပို့ချနေသည့် သီလရှင် စာသင်ကျောင်းမှ တပည့်မငယ် အချို့နှင့် အတူ ဤကျောင်းတိုက်သို့ ပြောင်းရွှေ့ လာခဲ့သည်မှာ အနှစ် ၂၀ တင်းတင်း ပြည့်လေပြီ။ မူလ ဤအဆောက်အအုံ ပိုင်ရှင်မှာ တရားသူကြီး တစ်ဦး ဖြစ်သည်။ ထိုကျောင်း အဆောက်အအုံကို သီလရှင် ဆရာကြီးအား လှူပစ်ခဲ့ခြင်း ဖြစ်သည်။ အစ္စလာမ် ဘာသာဝင် တရားသူကြီးသည် အနီးရှိ ဗလီ တစ်ခုတွင် အချိန် အတန်ကြာ ဝတ်ပြုပြီးနောက် 'ဒီအိမ်ကို ဘုရားသခင်က ကျုပ်ကို ပေးထားတာ၊ ဒါကြောင့် ဘုရားသခင်ဆီကိုပဲ ပြန်အပ် လိုက်တော့မယ်' ဟု ဆိုကာ သီလရှင် ဆရာကြီးအား လှူပစ်ခဲ့သည်။ သီတင်းပတ် အနည်းငယ် အကြာတွင် သီလရှင်ဆရာကြီး ခေါင်းဆောင်သည့် လူတန်း တစ်တန်းသည် သီလရှင် စာသင်ကျောင်းမှ ထွက်လာခဲ့ကာ စိပ်ပုတီးကိုင် မယ်တော်ဘုရား ရှိခိုးကျောင်း ဆီသို့ ဦးတည်၍ ထွက်လာခဲ့သည်။ ဖယောင်းတိုင် ထွန်းထားသည့် ဝတ်ပြုဆောင် အတွင်း ကာလကတ္တား ဘရင်ဂျီ သာသနာပိုင်နှင့် အခြားသော ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ ရှေ့တွင် ပထမဆုံးသော သီလရှင် ၁၈ ပါး တို့သည် ကတိသစ္စာ ဆိုကြသည်။

'ဘုရား တပည့်တော်မတို့သည် မြို့များသို့ လည်းကောင်း၊ ရွာများသို့ လည်းကောင်း၊ ကမ္ဘာအနှံ့သို့ လည်းကောင်း သွားရောက်၍ အဆင်းရဲတကာ့ အဆင်းရဲဆုံး လူများကို လိုက်လံ ရှာဖွေပါအံ့၊ ၎င်းတို့အား လောကီ လောကုတ္တရာ နှစ်ဖြာ ကောင်းကျိုးကို ရရှိအောင် ဆောင်ရွက်ပေးပါအံ့၊ ၎င်းတို့ထံ မှန်မှန် ဆက်ဆက် သွားရောက် ကြည့်ရှုပါအံ့၊ ၎င်းတို့ထံ ခရစ်တော်၏ မေတ္တာကို သယ်ဆောင်သူများ ဖြစ်စေပါအံ့၊ ဤသို့အားဖြင့် ကိုယ်တော်အရှင်၏ မေတ္တာကို တုံ့ပြန်သော စေတနာတို့ကို နိူးဆော်ပါအံ့'

ဤသို့အားဖြင့် ဒါနဝေပုလ္လ ကျောင်းတိုက်မှ သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်များ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ယခုဆိုလျှင် နိုင်ငံပေါင်း ၉၂ နိုင်ငံမှ (ကျူးဘား၊ ဆိုဗီယက်ယူနီယံ၊ တရုတ်နှင့် အယ်လ်ဘေးနီးယား တို့ လည်း ပါသည်။) ကျောင်းတိုက်နှင့် အဖွဲ့အစည်းပေါင်း ၄၀၀ ကျော်တို့ တွင် သာသနာ့ဝန် ထမ်းနေသည့် သီလရှင်ပေါင်း ၃၀၀၀ ကျော်မျှ ရှိနေလေပြီ။

၁၉၈၁ ခုနှစ် ဒီဇင်ဘာလ နာတာလူး ပွဲတော် မတိုင်မီ တစ်ရက် အလိုတွင် အနီရောင် ဆာရီကို ဝတ်ထားသည့် ပိန်ပိန်ပါးပါး အိန္ဒိယ အမျိုးသမီးငယ် တစ်ယောက်သည် ၅၄ အေ၊ မြို့ပတ်လမ်းရှိ ဒါနဝေပုလ္လ ကျောင်းတိုက် သစ်သား တံခါးဝသို့ ရောက်လာခဲ့သည်။ တံခါးဝတွင် တာဝန်ကျသည့် သီလရှင်သည် ထို အိန္ဒိယ အမျိုးသမီးငယ်ကို ခေါ်လာသည့် အိန္ဒိယသူ သီလရှင် ဆရာလေး၏ မျက်နှာကို ချက်ချင်း မှတ်မိလိုက်သည်။ တစ်ခါက ဂင်္ဂါမြစ်ကမ်း လောင်တိုက်များ အနီးတွင် ကျက်စားခဲ့သည့် အနာကြီးရောဂါသည် အနန်ဒါက သူလည်း ဒါနဝေပုလ္လ ကျောင်းတိုက်တွင် သီလရှင် ဝတ်လိုသည်ဟု သီလရှင် ဆရာလေး ဗန်ဒိုနာကို ပြောသည်။

ထိုအဖြစ်မျိုးမှာ ယခင်က မဖြစ်ခဲ့စဖူး။ ယခင်က သီလရှင် ဝတ်သူများမှာ ခရစ်ယာန် ဘာသာဝင်များသာ ဖြစ်သည်။ ယခု အနန်ဒါကမူ ဟိန္ဒူဘာသာဝင် တစ်ယောက် အဖြစ်မှ သီလရှင် အဖြစ်သို့ ကူးပြောင်းလိုသည်ဟု ပြောနေသည်။

သီလရှင် ဆရာကြီးသည် အနန်ဒါကို သာသနာ့ ဘောင်တွင်းသို့ လက်ခံလိုက်သည်။ သူ့ကို ခရစ်ယာန် သာသနာ့ ဝန်ထမ်းတို့ လိုက်နာအပ်သော ကျင့်ဝတ်များကို သင်ကြားပေးရန် အတွက်လည်း သီလရှင် ဆရာလေ. ဗန်ဒိုနာကို တာဝန် ပေးထားသည်။

အနန်ဒါသည် ရေဗျူန်း မင်္ဂလာရေစင်နှင့် ဆားမရမီကြားတွင် အင်္ဂလိပ်စာကို အရင် သင်ရသည်။ အခြား သီလရှင်များနှင့် ဆက်သွယ်ရာတွင် လွယ်ကူစေရန်နှင့် ဘာသာရေး သင်ခန်းစာများကို လိုက်နိုင်ရန် ဖြစ်သည်။ ဒါနဝေပုလ္လ ကျောင်းတိုက်တွင် ဘုရားရှိခိုးမှ အစ ကျန်ဘာသာရေး သင်ခန်းစာများ အားလုံးကို အင်္ဂလိပ်ဘာသာဖြင့် သင်ပေးလေ့ ရှိသည်။ အနန်ဒါသည် ရက်သတ္တပတ် အနည်းငယ် အတွင်းတွင် အခြေခံ လိုအပ်သည့် အင်္ဂလိပ် ဘလုံးများကို မှတ်မိလာခဲ့သည်။ စာမတတ်၊ ပေမတတ် လန်ချားသမားများသည် ရာမာယဏာမှ ဂါထာတို့ကို ရွတ်နိုင်သကဲ့သို့ အနန်ဒါသည်လည်း ကျမ်းစာမှ စာတို့ကို ရွတ်နိုင်လာခဲ့သည်။ သို့ရာတွင် အရေးအဖတ် ကိစ္စတွင်မူ အနန်ဒါ ကောင်းကောင်း မလိုက်နိုင်။ သို့တိုင် ဆရာလေး ဗန်ဒိုနာ၏ စိတ်ရှည်မှုနှင့် ကြင်နာမှုတို့ကြောင့် များမကြာမီမှာပင် အနန်ဒါသည် အရေးအဖတ်ကိုလည်း တတ်မြောက် လာခဲ့သည်။

[ ၁၉ ]

**ဘုရား သခင်၏ အမျက်။**

**အတ္တလန်တာ၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၁ ခုနှစ် ဆောင်းဦး။**

စီဒီစီက ဦးဆောင် ဆင်နွှဲသည့် ပရိုတိုကိုးလ် ၅၇၇ စစ်ဆင်ရေးသည် ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် အပြီးသတ်သည်။ စီဒီစီ ရုံးချုပ်ရှိ ဆရာဝန် စုံထောက်များသည် မိမိတို့ထံသို့ ရောက်လာသည့် သတင်း အချက် အလက်များ၊ အဖြေလွှာများကို စစ်ဆေးကြသည်။ ညှိနှိုင်း ကြည့်ကြသည်။ အဓိပ္ပာယ် ပြန်ကြသည်။

'ရောက်လာတဲ့ အဖြေလွှာတွေကို စစ်ဆေး ကြည့်လိုက်တော့ ခုဖြစ် နေတဲ့ ရောဂါဟာ ကူးစက်ပြန့်ပွား ရောဂါကြီး တစ်ခုဆီကို ဦးတည်နေတယ် ဆိုတာကို တွေ့ရတယ်၊ ကူးစက် ရောဂါကြီးဟာလည်း လိင် ဆက်ဆံမှုက တစ်ဆင့် ဝင်ရောက်လာတယ် ဆိုတဲ့ အထောက်အထားတွေကို တွေ့နေရ တယ်'

ဒေါက်တာ ဂျာဖီက ပြောသည်။

လိင် ဆက်ဆံမှုမှ တစ်ဆင့် ကူးစက်လာသည် ဆိုသည်မှာ ဟုတ်ပါပြီ။ ထိုဆက်ဆံမှုမှ မည်သို့ ကူးစက်လာသနည်း။ ဗိုင်းရပ်စ်ပိုး တစ်မျိုးကြောင့်ဟု ယူဆစရာ ရှိနေသည်။ ထိုဗိုင်းရပ်စ်ပိုးသည် လူ၏ကိုယ်ခံ စွမ်းအား စနစ်ကြီး ကို ဖျက်ဆီး ပစ်လိုက်သည်။ ကာကွယ်ရေး စနစ် အားနည်း သွားသည့် အခါ တွင် ကြားရောဂါ အမျိုးမျိုး၊ ကူးစက်ရောဂါ အမျိုးမျိုးတို့သည် ဝင်ရောက် တိုက်ခိုက်ကြတော့သည်။ ကြားရောဂါများမှာ အများအားဖြင့် လော့စ်အိန် ဂျလိစ်တွင် တွေ့ခဲ့ရသည့် နျူမိုဆိုက်စတစ် နျူမိုးနီးယားနှင့် နယူးယောက် တွင် တွေ့ခဲ့ရသည့် ကာပိုဆီ အရေပြား ကင်ဆာတို့ ဖြစ်သည်။

သို့ရာတွင် ထို လျှို့ဝှက် ဆန်းကြယ်သည့် ဗိုင်းရပ်စ်ပိုးသည် မည်သို့ သော ဗိုင်းရပ်စ်ပိုးနည်း။

ကူးစက်ပြန့်ပွား ရောဂါဗေဒ ပညာရှင်များသည် လီဂျင်းနဲ့ယားရောဂါ

ဗိုင်းရပ်စ်ပိုးကို ရှာဖွေခဲ့ကြတုန်းက အားသွန်ခွန်စိုက် လိုက်လံရှာဖွေခဲ့ကြသည်။ ယခုအကြိမ်သည် ဒုတိယအကြိမ် အကြီးအကျယ် ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြခြင်း ဖြစ်သည်။ မိမိတို့ လွှတ်ထားသည့် ဆရာဝန်စုံထောက်များက စာတိုက်မှတစ်ဆင့် ပေးပို့လိုက်သည့် ဇီဝဗေဒဆိုင်ရာ နမူနာတိုင်း၊ အရည်တိုင်း၊ သွေးစက်တိုင်း၊ သုက်သွေးစက်တိုင်း၊ ဆီးစက်တိုင်းကို မိုက်ကရိုစကုပ်ဖြင့် ကြည့်သည်။ ဓာတ်ခွဲသည်။ ကွန်ပျူတာဖြင့် စစ်သည်။ ရေယုန် ဗိုင်းရပ်စ်ပိုးများကို အထူးလေ့လာသည့် ဌာနက လိင်အင်္ဂါတစ်ဝိုက်တွင် ပေါက်တတ်သည့် ရေယုန် ဗိုင်းရပ်စ်ပိုးကို စစ်ဆေးကြည့်သည်။ ထိုဗိုင်းရပ်စ်ပိုးမှာ အဆုတ်၊ အစာခြေလမ်းကြောင်း၊ ဦးနှောက်နှင့် အာရုံကြော အမျှင်များကို တိုက်ခိုက်တတ်သည်။ အခြား ဓာတ်ခွဲခန်း တစ်ခုက လိင်တူ ဆက်ဆံသူများတွင် ဖြစ်တတ်သော ရေယုန် ဗိုင်းရပ်စ်ဆန်သည့် ဆိုက်တိုမီဂလို ဗိုင်းရပ်စ်ကို လေ့လာကြသည်။ ထိုဗိုင်းရပ်စ်ပိုးမှာ ကာပိုဆီ အရေပြားကင်ဆာနှင့် ဆက်စပ်နေတတ်သောကြောင့် ဖြစ်သည်။ ဒေါက်တာ မာသာ ယူလာသည့် နမူနာများဖြင့် ထိုဗိုင်းရပ်စ်ပိုးကို ဓာတ်ခွဲခန်းထဲတွင် မွေးကြည့်သည်။ မွေးမြူထားသည့် ဗိုင်းရပ်စ်ပိုးများနှင့် အခြား နဂိုရှိပြီးသား ဗိုင်းရပ်စ်ပိုးများကို နှိုင်းယှဉ်လေ့လာနိုင်ရန် ဖြစ်သည်။ နောက်ဓာတ်ခွဲခန်း တစ်ခုက အက်ပစတိန်း–ဘားဗိုင်းရပ်စ်ကို မွေးကြည့်သည်။ ထိုဗိုင်းရပ်စ်ပိုးမှာ တွေ့ရှိသူ ဗြိတိသျှ သိပ္ပံပညာရှင် နှစ်ဦးကို အစွဲပြု ခေါ်ထားသော အမည်များ ဖြစ်ပြီး ယပ်ပိ တုပ်ကွေးရောဂါကို ဖြစ်စေသည့် ဗိုင်းရပ်စ်များ ဖြစ်သည်။ ယင်း ဗိုင်းရပ်စ်ပိုးမှာ သန်ရည်၊ အကျိတ်ကင်ဆာ၊ နာခေါင်းနှင့် လည်ချောင်း ကင်ဆာတို့နှင့် ဆက်စပ်နေသည့် ဗိုင်းရပ်စ်ပိုးများ ဖြစ်သည်။ နောက်ဓာတ်ခွဲခန်း တစ်ခုက ရေကျောက် ဗိုင်းရပ်စ်ပိုးများကို လေ့လာသည်။ ထို့ပြင် တော့ဆိုပလာစမိုးဆစ် (toxoplasmosis)၊ အက်စပါဂရီလိုးဆစ် (aspergrillosis)၊ ကရစ်တိုကိုကိုးဆစ် (cryptococcosis) စသည့် ကပ်ပါးပိုးစွဲ ရောဂါများကိုလည်း သုတေသန လုပ်ကြည့်သည်။ ထိုရောဂါများမှာ ဗဟိုအာရုံကြော စနစ်ကို ပျက်စီးစေသည်။ အမြီးဖားပိုးစွဲ ရောဂါများနှင့် အသည်းရောင် အသားဝါရောဂါများကို သုတေသန လုပ်သည့် ဌာနက မေးမြန်းခဲ့သည့် လူနာများ၏ ရောဂါများထဲတွင် တွေ့ရသည့် အမြီးဖား မိုက်ကရပ် ပိုးများနှင့် ဘက်တီးရီးယား ပိုးများကို စစ်ဆေးကြည့်သည်။

သုတေသနသမားများသည် နှစ်လလုံးလုံး တရားခံကို လိုက်ရှာကြ

သည်။ သို့ရာတွင် မအောင်မြင်ပါ။ ကူးစက်စေတတ်သော ရောဂါပိုးများစွာကို ရှာဖွေ တွေ့ရှိခဲ့သည့်တိုင် ထိုရောဂါဆန်းကို ဖန်တီးခဲ့သည့် လက်သည်ကို ရှာမတွေ့သေး။ ဤတွင် အတ္တလန်တာမှ ဆရာဝန် စုံထောက်များသည် ထိုရောဂါကို ဂရစ်ဟု အတိုကောက် နာမည် ပေးလိုက်ကြသည်။ အရှည်မှာ 'မိန်းမလျာနှင့် ပတ်သက်သော ကိုယ်ခံအား ကျဆင်းမှု' ဟူ၍ ဖြစ်သည်။

၁၉၈၁ ခုနှစ် ဆောင်းဦးပေါက်တွင် ထိုရောဂါဆန်းကို ပထမဆုံး တွေ့ရှိခဲ့ကြသော ဆရာဝန်များ၊ သူနာပြုဆရာမများကမူ ထိုရောဂါကို ထို့ထက် လွယ်လွယ် ခေါ်ကြသည်။ ယင်းမှာ 'ဘုရားသခင်၏ အမျက်' ဟူ၍ ဖြစ်သည်။

[ ၂၀ ]

**ထူးဆန်းသော မိန်းမလျာ ကူးစက်ရောဂါ။**

**ဘာသီးစ်ဒါ၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၁ ခုနှစ် ဆောင်းဦး။**

ယခုအထိတော့ ဗိုင်းရပ်စ်ပိုး အမျိုးအစားပေါင်း တစ်ထောင်လောက်ကို သိပြီး ဖြစ်သည်။ သူတို့သည် ထာဝရ ဘုရားသခင်၏ ဖန်ဆင်းမှုကို ရန်သတ္တရုပြနေသည့် ရန်သူများ ဖြစ်သည်။ ကမ္ဘာကြီး ဖြစ်ပေါ်လာ ကတည်းက သေခြင်းတရား၏ မြူမှုန်ကလေးများ ဖြစ်သော ထိုဗိုင်းရပ်စ် ပိုးများကြောင့် သေကျေ ပျက်စီးခဲ့ရသော သတ္တဝါများ၊ အပင်များ၏ အရေအတွက်သည် သမိုင်းတွင် ရှိခဲ့သော ကပ်ဆိုးကြီးများ၊ စစ်ပွဲကြီးများ အားလုံးကြောင့် သေကျေ ပျက်စီးရသော အရေအတွက်ထက် အဆများစွာ ပိုသည်။ ဆေးစိမ်ထားသည့် ဒုတိယမြောက် ရာမီးဆက် ဘုရင်၏ အရေပြားပေါ်မှ ကျောက်ပေါက်မာများသည် ရှေးပဝေသဏီ ကတည်းက ဆိုက်ရောက်ခဲ့သော ကပ်ရောဂါများကို သက်သေ ထူနေသည်။ အလွန် သေးငယ်သည့် ဗိုင်းရပ်စ်ပိုးများကို တွေ့ရှိရန် ရှာဖွေပေးသည့် ကလာပ်စည်းဆိုင်ရာ သုတေသန အောင်မြင်ရေး အတွက် ကမ္ဘာမြေသည် နှစ်ပေါင်း ၂၀၀၀ မျှ စောင့်ဆိုင်းခဲ့ရသည်။ ကလာပ်စည်းဆိုင်ရာ သုတေသန လုပ်ငန်းသည် ၂၀ ရာစု အကုန် အလယ်ပိုင်းတွင်မှ ကြီးမားသော အောင်မြင်မှုကြီးများကို ရရှိလာခဲ့ခြင်း ဖြစ်သည်။

ဗိုင်းရပ်စ်ပိုးတို့၏ ပုံသဏ္ဌာန်နှင့် သူတို့၏ အလုပ်တွေ၊ ရည်မှန်းချက်တွေကလည်း အမျိုးမျိုး ကွဲသည်။ ကူးစက်ရောဂါ အမျိုးအစား ဟူသမျှတို့၏ ၆၀ ရာနှုန်းကျော်တို့သည် ထိုဗိုင်းရပ်စ်ပိုးများကြောင့် ပေါ်ပေါက်ရခြင်း ဖြစ်သည်။ ဗိုင်းရပ်စ် ပိုးတို့သည် လူ၏ ကိုယ်လက်အင်္ဂါ မှန်သမျှကို ဝင်ရောက်တိုက်ခိုက်ကြသည်။ သူတို့၏ လုပ်ငန်းတွေကလည်း အမျိုးမျိုး ကွဲပြားသည်။ ဥပမာအားဖြင့် ကြောက်စရာ အကောင်းဆုံး ဗိုင်းရပ်စ် ပိုးများ အနက် တစ်ခုမှာ ဖြတ်ပြီးသား စိန်တုံးပုံသဏ္ဌာန် ရှိသည့် ပါပီလိုနာ ဗိုင်းရပ်စ်ပိုး ဖြစ်သည်။ အရုပ်ဆိုးသော ကင်ဆာဆန်သည့် အသားမာကြီးများနှင့် ကြွက်နို့များ ဖြစ်ရခြင်းအတွက် သူ့တွင် တာဝန်ရှိသည်။ အမျှင်ကလေး ခြောက်ချောင်းရှိသည့် အယ်ဒီနို ဗိုင်းရပ်စ်ပိုးမှာ အသက်ရှူ လမ်းကြောင်းတွင် ဖြစ်ပွားသည့် ကူးစက် ရောဂါများ၏ လက်သည် ဖြစ်သည်။ မှန်ကူကွက်ပုံ ရှိသည့် ပိုလီယို ဗိုင်းရပ်စ်မှာ ပိုလီယိုရောဂါ၏ တရားခံ ဖြစ်သည်။

ဘာသီးစ်ဒါး မြို့ကလေးသည် ဝါရှင်တန်နှင့် မော်တော်ကားခရီး နာရီဝက်ကွာသည်။ ထိုမြို့ကလေးတွင် ဧက ၃၀၀ ရှိသည့် ပရိဝုဏ် တစ်ခု ရှိသည်။ မြက်ခင်းလှဲ့လှဲ့များ၊ သက်တမ်းတစ်ရာ ရှိသည့် သစ်ပင်အိုကြီးများ၊ ပန်းတွေဝေနေသည့် ပန်းပင်များဖြင့် ကျေးလက် ဆန်သည်။ ထိုကျေးလက် ဆန်သည့် ရှုခင်းနောက်ခံတွင် အမေရိကန် လူမျိုးတို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့် ဌာနကြီး သုံးခု တည်ရှိနေသည်။ ထိုဌာနကြီးများ အောက်တွင် ကင်ဆာသုတေသန ဌာန၊ နှလုံးနှင့် အဆုတ်ရောဂါ ဌာန၊ မျက်စိဌာန၊ ဇရာဗေဒဌာန၊ ဆီးချိုဌာန၊ အဆစ်အမြစ်ကိုက်ဌာန၊ အရေပြားဌာနတို့လည်း ပါသည်။ ယင်း ဌာနအားလုံးကို အမျိုးသား ကျန်းမာရေးဌာနဟု စုပေါင်း၍ ခေါ်လိုက်သည်။ ထိုဌာနတွင် ဌာနခွဲ လေးခု၊ သုတေသန ဌာန ၁၁ ခုတို့လည်း ပါကြသည်။ နောက်ဆုံးပေါ် ခေတ်မီ ဓာတ်ခွဲခန်း ၁၄၂၀၊ ခုတင် ၅၄၀ ရှိ ဆေးရုံ တစ်ရုံ၊ သန်းပေါင်း များစွာသော ဆေးပညာ ကျမ်းများနှင့် ကမ္ဘာ စာနယ်ဇင်းပေါင်း ၂၅၀၀ တို့ ရှိသည့် ကမ္ဘာပေါ်တွင် အရေးကြီးဆုံးသော ဆေးပညာ ပိဋကတ်တိုက်ကြီးလည်း ရှိသည်။ ၄၇၀,၀၀၀ သော အမေရိကန် ဆရာဝန်များ နေ့ည အချိန်မရွေး ရည်ညွှန်း ကိုးကား နိုင်ရန် အတွက် သိပ္ပံပညာဆိုင်ရာ အချက်အလက်တို့ကို သိုမှီးထားသည့် အီလက်ထရွန်းနစ်

ဘဏ်လည်း ရှိသည်။ ထို ပရိဝုဏ်ကြီးထဲတွင် ဝန်ထမ်းပေါင်း ၁၄,၀၀၀ တို့သည် အချိန်ပြည့် အလုပ် လုပ်နေကြသည်။ ယင်းတို့အနက် ဝန်ထမ်း ၂၃၀၀ တို့မှာ အဆင့်မြင့် ပညာရပ် သင်တန်းများတွင် ဘွဲ့ထူး ထပ်မံ ရရှိသူများ ဖြစ်ကြပြီး ကျန်ဝန်ထမ်းများမှာ ဆရာဝန်ဘွဲ့ ရသူများ ဖြစ်ကြသည်။ ထိုနေရာသည် ကမ္ဘာတွင် နောက်ကွယ်မှ မထင်မရှား အလုပ် လုပ်ရသော အစုအဝေးတကာတို့ အနက် အကြီးဆုံး ဖြစ်သည်ဟုပင် ဆိုနိုင်သည်။

အမျိုးသား ကျန်းမာရေး ဌာနသည် ထိုနှစ်အတွက် (၁၉၈၁ ခုနှစ်) အသုံးစရိတ် ဒေါ်လာ သန်း ၆၀၀၀ ရရှိထားသည်။ ယင်းမှာ ကုလသမဂ္ဂ ဘတ်ဂျက်ထက် လေးဆ ပိုများသည်။ ယင်းတို့ အနက် လေးပုံ တစ်ပုံကို ကြောက်ရောဂါဟု ခေါ်ကြသော ကင်ဆာရောဂါ ဌာနအတွက် လျာထားသည်။

ယင်းသို့ဖြင့် အမေရိကန် ကင်ဆာရောဂါ ဌာနသည် ကင်ဆာရောဂါ သုတေသနနှင့် ကုသရေးတွင် ကြီးမားသော တိုးတက်မှုများကို လုပ်နိုင်ခဲ့သည်။

သို့ရာတွင် ယခု ဆယ်စုနှစ်များ အတွင်းတွင်မှ မိန်းမလျာ လူငယ်များ၏ အရေပြားများ ပေါ်တွင် ပေါ်လာသည့် ကင်ဆာဆန်သော အဖုအနာများကြောင့် တိုးတက်မှုသည် အရိပ် ထိုးသလို ဖြစ်သွားသည်။ ၁၉၈၁ ခုနှစ်မှ စ၍ တဟုန်ထိုး အရေအတွက် တိုးလာနေသော ကာပိုဆီ အရေပြား ကင်ဆာ ကုသရေးနှင့် ပတ်သက်၍ အကြံဉာဏ် တောင်းခံစာများသည် အမျိုးသား ကင်ဆာ ရောဂါဌာန (အင်စီအိုင်) သို့ နေ့စဉ်နှင့် အမျှ တဖွဲဖွဲ ရောက်လာနေကြသည်။ ဤတွင် ဘာသီးစ်ဒါးရှိ ကင်ဆာရောဂါ ဌာနသည် အတ္တလန်တာရှိ စီဒီစီသို့ လှမ်း၍ အကူအညီ တောင်းရတော့သည်။ စီဒီစီက ကူးစက်ပြန့်ပွားကပ်ရောဂါသစ် တစ်ခုကို ယူဆောင်လာသည့် ရောဂါ နှစ်မျိုး ဖြစ်သော ကာပိုဆီ အရေပြား ကင်ဆာနှင့် နျူမိုဆိုက်စတစ် နျူမိုးနီးယား ရောဂါတို့ကို လက်ရှိ ကုသနေသည့် ဆရာဝန်များ၏ အစည်းအဝေး တစ်ခု ကျင်းပရန် အဆိုပြုသည်။

စက်တင်ဘာ လလယ် တစ်မနက်၌ ဒေါက်တာ ဂျင်း ကာရန်သည် နောင်တွင် အေအိုင်ဒီအက်စ် (ကိုယ်ခံ စွမ်းအားကျ ရောဂါ) ဟု ကမ္ဘာက သိလာမည့် ရောဂါကို ရှာဖွေကြမည့် အစည်းအဝေး တစ်ခုသို့ ရောက်လာခဲ့သည်။

ဒေါက်တာ ဂျင်းကာရန်သည် သူ့ လုပ်ဖော်ကိုင်ဖက်များတွင် ကူးစက်ပြန့်ပွား ရောဂါဗေဒနှင့် ပတ်သက်၍ အတွေ့အကြုံ နည်းကြောင်းကို သိသည့်

တိုင် သူတို့ တစ်တွေက သူ့ တင်ပြချက်ကို လက်မခံသော အခါတွင် မကျေမနပ် ဖြစ်ရသည်။

'ကျွန်တော့် ရည်ရွယ်ချက်ကတော့ ကူးစက်နေတဲ့ ဈမှိုဆိုက်စတစ် ဈမှိုးနီးယား ရောဂါနှင့် အရေပြား ကင်ဆာရောဂါဟာ မူလပင်ရင်း ရောဂါကြီး တစ်ခုတည်းက ပေါ်ထွက်လာတဲ့ ဘေးထွက်ရောဂါတွေ ဖြစ်တယ် ဆိုတာကို ပြဖို့ပဲဗျ၊ ဒါပေမယ့် ခက်တာက ကျွန်တော် ပြောတာကို ဘယ်သူကမှ လက်မခံကြဘူး၊ ကင်ဆာရောဂါ ပါရဂူမှာလည်း ကူးစက်ရောဂါ အတွေ့အကြုံ မရှိ၊ ကူးစက်ရောဂါ ပါရဂူတွေမှာလည်း ကင်ဆာရောဂါနှင့် ပတ်သက်တဲ့ အတွေ့အကြုံ မရှိဆိုတော့ ခက်တာပေါ့၊ အရေပြားကင်ဆာနှင့် ဈမှိုဆိုက်စတစ် ဈမှိုးနီးယား ရောဂါဆိုတာ တစ်ခုနှင့် တစ်ခု တောင်နှင့် မြောက်လို ကွာခြားနေကြတဲ့ ရောဂါနှစ်ခု၊ ဒီရောဂါနှစ်ခုဟာ ရင်းမြစ် တစ်ခုတည်းက ပေါ်ထွက်လာတယ်ဆိုတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူးလို့ သူတို့အားလုံးက ဆိုနေကြတယ်၊ အေးလေ သူတို့က သူတို့နယ်ပယ် ကျဉ်းကျဉ်းကလေးထဲမှာ ကတုတ်ကျင်း တူးပြီး နေကြတော့ တော်တော်တန်တန်ကို မမြင်နိုင်ကြတော့ဘူးပေါ့'

ဘာသီးစ်ဒါး ပရိဝုဏ်ထဲရှိ မည်သူကမျှ ထို သနားစရာ ကူးစက် ပြန့်ပွားရောဂါကလေးကို ခေါင်းရှုပ်ခံ၍ မစဉ်းစားချင်ကြ။ သူတို့တွင် ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာ ရောဂါတို့ အတွက် သုတေသန လုပ်စရာတွေ အများကြီး ရှိနေသည်။

သို့ရာတွင် ဂျင်းကာရန့်သည် လွယ်လွယ်နှင့် အလျှော့ ပေးတတ်သူ တစ်ယောက် မဟုတ်။ ထိုပရိဝုဏ်ထဲတွင် သူ့ပြဿနာကို ကူညီ ဖြေရှင်းပေးနိုင်မည့်သူတွေ ရှိသည်ဟု သူ ယုံကြည်သည်။ ယင်း ပရိဝုဏ်ထဲတွင် နံပါတ် ၃၇ ဟု ရေးထားသည့် အဆောက်အအုံကြီး တစ်ခု ရှိသည်။ ဆဋ္ဌမထပ် အခန်းနံပါတ် ၆ အေ ၀၉ တွင် ရောမဘုရင် ကေရာဇ် တစ်ဦး၏ ဘေးစောင်းတိုက် သဏ္ဌာန်မျိုး ရှိသည့် အလွန် ထူးချွန်သည့် အီတလီနွယ်ဖွား ဇီဝဗေဒ ပညာရှင် တစ်ဦး ရှိသည်။

အမေရိကန် ဆေးသုတေသန လောကတွင် ရောဘတ် ဂါလိုသည် အလွန် ရည်မှန်းချက် ကြီးသူများထဲက တစ်ယောက် ဖြစ်သည်။ ၁၉၇၂ ခုနှစ်

တွင် အသားမာ ကလာပ်စည်းဆိုင်ရာ ဇီဝဗေဒပညာရပ် ဓာတ်ခွဲခန်း အကြီးအကဲ အဖြစ် ခန့်အပ်ခြင်း ခံရသည့်အခါတွင် သူ့အသက်သည် ၃၅ နှစ်မျှသာ ရှိသေးသည်။ ယနေ့တွင်မူ သူသည် နာမည်ကျော် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေလေပြီ။ ရက်ထရို ဗိုင်းရပ်စ်ဟု ခေါ်သည့် အန္တရာယ် ဖြစ်စေသော အသားမာများနှင့် ပတ်သက်သည့် ဗိုင်းရပ်စ် ပိုးသစ်တစ်မျိုးကို တွေ့ရှိခဲ့သည့် ရောဘတ် ဂါလိုသည် လူ့အသက်ကို ခြိမ်းခြောက်လျက်ရှိသည့် မိုက်ကရိုစကုပ် ပိုးမျိုး၏ အပြုအမူများကို သုတေသန ပြုနိုင်ခဲ့သည်။

သူ့တွေ့ရှိချက်သည် ခွေးရူးကိုက် ဗိုင်းရပ်စ်ကို တွေ့ရှိခဲ့သော လူဝီပတ်စချာ၏ တွေ့ရှိချက်ကဲ့သို့ လည်းကောင်း၊ တီဘီရောဂါပိုးကို တွေ့ရှိခဲ့သော ရောဘတ် ကော့ခ်၏ တွေ့ရှိချက်ကဲ့သို့ လည်းကောင်း နောင်တွင် ဥဒါန်းတွင်ရစ်မည့် တွေ့ရှိချက် ဖြစ်သည်။

သို့ရာတွင် လောလောဆယ်တွင် ဆရာဝန် တော်တော်များများက ထူးဆန်းသည့် မိန်းမလျာ ရောဂါဟု ခေါ်ကြသည့် ကိစ္စတွင် သူ့လို လူတစ်ယောက် ပါလာအောင် ဘယ်လို လုပ်ရမည်နည်း။

ဒေါက်တာ ဂျင်း ကာရန်သည် အကြံထုတ်နေသည်။

[ ၂၁ ]

**နတ်ဘုရား ယောင်ဆောင်သည့် ပါရမီရှင်။**
**ဘာသီးစ်ဒါး၊ အမေရိကန် ပြည်ထောင်စု။**
**၁၉၈၂ ခုနှစ် ဆောင်းရာသီ။**

လူ တော်တော်များများကပင် သူ့ကို မနာလိုဝန်တို ဖြစ်ကြသည်။ မုန်းသည်ဟုပင် ဆိုနိုင်သည်။ သို့ရာတွင် နောက်ဆုံးတွင်တော့ သူ့ကို ခင်မင် စွဲလမ်းသွားကြသည်။

အပြုံးလဲ့လဲ့ မေးရိုးကြီးကြီး ဆံပင်ဖြူဖြူ ဘောင်းဘီမွမွနှင့် လည်စည်းကို ကပိုကရို ပတ်ထားသည့် အသက် ၄၅ နှစ်ရှိ ဒေါက်တာ ရောဘတ် ဂါလိုသည် သိပ္ပံပညာရှင် တစ်ယောက်ထက် ကျောင်းသား တစ်ယောက် နှင့် ပိုတူသည်။ အမေရိကန် ပြည်ရောက် အီတလီ မိဘများမှ မွေးလာခဲ့သည့် ဒေါက်တာ ဂါလိုသည် ဘာသီးစ်ဒါး ပရိဝုဏ်တွင် သာမက အမေရိကန် သိပ္ပံ

ပညာရှင်များ အသိုက်အဝန်းတွင် တော်တော် ထူးခြားသည့် လူတစ်ယောက် ဖြစ်သည်။

ကိုင်းမပါသည့် မျက်မှန် ထူထူများ နောက်မှ သူ့ မျက်လုံးများသည် တစ်ခါတစ်ရံတွင် ကြမ်းတမ်း မာကျောဟန် ရှိသည်။ တစ်ခါတစ်ရံတွင် နောက်ပြောင် ကျီစယ်ဟန် ပေါ်သည်။ တစ်ခါတစ်ရံတွင်လည်း တည်ငြိမ် လေးနက်ဟန်ကို ဆောင်သည်။ ဂါလိုသည် တစ်ပြိုင်နက်ထဲတွင် အတွေး ပေါင်း များစွာကို တွေးနေသည့် အသွင် ပေါက်နေသည်။ သူ့အနီးတွင် ဝိုင်း ရံနေသည့် သိပ္ပံပညာရှင်များသည် သူ့ကို လေးစားလည်း လေးစားကြသည်။ ကြောက်လည်း ကြောက်ကြသည်။ သူသည် ဗိုင်းရပ်စ်ပိုးဆိုင်ရာ သိပ္ပံပညာရပ်တွင် သုတေသန လုပ်နေသည်။ ဒေါက်တာ ရောဘတ် ဂါလိုနှင့် အလုပ် လုပ်ရခြင်း သည် လူတိုင်း မက်မောသည့် အခွင့်အရေးကြီး တစ်ခု ဖြစ်သည်။ သူနှင့် အလုပ်လုပ်ရပြီ ဆိုသည်နှင့် တွေ့ရှိချက် တစ်ခုခုကိုတော့ နဖူးစာ ဆိုရတော့ မည်ဟု မျှော်လင့်နိုင်သည်။

၁၉၈၂ ခုနှစ် အကုန်တွင် ဆေးသိပ္ပံဆိုင်ရာ တွေ့ရှိချက်ကြီး တစ်ခုကို ရရှိခဲ့သဖြင့် နာမည်ကျော် ဆေးပညာဆိုင်ရာ လက်စကာဆုကြီးကို ရခဲ့သည်။

သူ၏ ဆရာဝန် ဘဝသည် ကြေကွဲ ဝမ်းနည်းစရာဖြင့် အစပြုခဲ့သည်။ သူ အလွန်ချစ်သည့် ညီမငယ်သည် အသက် ၁၃ နှစ် အရွယ်တွင် ရောဂါဆန်း တစ်ခုဖြင့် ဆုံးသွားခဲ့သည်။

'ညီမလေး နေထိုင်မကောင်း ဖြစ်နေတာကို ကျွန်တော် မသိခဲ့ဘူးဗျာ၊ ကျွန်တော့်ကို ဘယ်သူကမှလည်း မပြောကြဘဲကိုး၊ နွေရာသီ တစ်ခုမှာ ပင်လယ်ကမ်းခြေကို အားလပ်ရက် ခရီးထွက်ရင်း နေထိုင်မကောင်း ဖြစ်လာ ခဲ့တယ်၊ တုန်ပြီး ဖျားတယ်၊ အားနည်းပြီး မောတယ်၊ မိဘတွေကတော့ ရိုးရိုး တုပ်ကွေးလို့ပဲ ထင်ကြတာပေါ့၊ တစ်ညနေ ကျွန်တော် ကျောင်းက ပြန်လာ တော့ ညီမလေး အခန်းထဲကို ကျွန်တော် ပြေးဝင်သွားတယ်၊ ညီမလေး မရှိ တော့ဘူး၊ ဆေးသစ်တွေနှင့် စမ်းသပ်ကုနေတဲ့ ဘော်စတွန် တက္ကသိုလ် ဆေးရုံ ကို ပို့လိုက်ပြီးတဲ့ နောက် တနင်္ဂနွေနေ့ ရောက်တော့ ကျွန်တော့်ကို ညီမလေး ဆီကို ခေါ်သွားတယ်၊ ဆေးရုံကို ကျွန်တော် ပထမဆုံးအကြိမ် ရောက်ဖူးတာပဲ၊ သူ့ဘေး ပတ်ပတ်လည်မှာလည်း ဆရာဝန်တွေ ဝိုင်းလို့၊ ကျွန်တော် ညီမလေးကို

ပူးကလေး တစ်ကောင်လို သဘောထားပြီး စစ်ဆေးနေကြတာလေ၊ ညီမလေးကို သွေးသွင်းပေးကြတယ်၊ အကြောဆေးတွေကို ထိုးပေး နေကြတယ်၊ အဲဒီ အကြောဆေးတွေ ဘယ်လောက် အာနိသင် ရှိသလဲ ဆိုတာကို စမ်းသပ်နေကြတာပေါ့၊ ညီမလေးဟာ အစာလည်း မစားနိုင်တော့ဘူး၊ မျက်နှာကလည်း တော်တော် ချုံးကျနေပြီ၊ စိတ်ထိခိုက်စရာ အကောင်းဆုံးကတော့ နောက်တစ်နေ့ မနက်မှာ သူ့အသားတွေ ဝါထိန်သွားတာပဲ၊ ဒါပေမယ့် အခြေအနေက ပြန် ကောင်းလာတာနှင့် ညီမလေးကို ဆေးရုံက ဆင်းခွင့် ပေးလိုက်ကြတယ်၊ ဒါနှင့် နောက်တနင်္ဂနွေနေ့ ကျတော့ ညီမလေးကို အိမ်ပြန်ခေါ်မယ် ဆိုပြီး ဆေးရုံကို လာခဲ့ကြတယ်၊ အဲဒီတော့ ညီမလေးက ရောဂါ ပြန်ဖောက်နေတာကို တွေ့ရတယ်။

'တစ်နေ့ ကျွန်တော် ရောက်သွားတော့ ညီမလေးဟာ အိပ်ရာပေါ်မှာ ထထိုင်ပြီး ကျွန်တော့်ကို ဖက်ဖို့ လက်ကို ဆန့်လိုက်တယ်၊ ဒီမှာတင် မဟန်နိုင်တော့ဘဲ အိပ်ရာပေါ် ပြန်လဲကျသွားတယ်၊ ကျွန်တော့်ကို စကားပြောဖို့ ကြိုးစားတယ်၊ ဒါပေမယ့် မရဘူး၊ ပါးစပ်ထဲက သွေးတွေ ဝေါခနဲ ထိုးအန်တယ်၊ ဆေးပြင်းတွေ တိုက်တော့ သွေးကြောတွေ ပျက်စီးပြီး သွေးကြောတွေ ပြတ်ကုန်တာပေါ့၊ နောက်တော့မှ သိရတာက ကျွန်တော့် ညီမလေးဟာ ကမ္ဘာမှာ ခီမိုသာရေပီနှင့် ကုတဲ့အထဲမှာ တတိယ သို့မဟုတ် စတုတ္ထ လူနာ ဆိုတာကို သိရတော့တယ်၊ အဲဒီတုန်းက ကုထုံးသစ်ကြောင့် ပျက်စီးသွားတဲ့ သွေးကြောတွေကို ပြန်ပြင်ပေးဖို့ သွေးပလိတ်ပြားတွေ မရှိသေးဘူး၊ နောက်တစ်လ လောက်ရှိတော့ ကျွန်တော့် ညီမလေး ဆုံးသွားတာပါပဲ၊ ကျွန်တော်တို့က ညီမလေး အလောင်းကို ကြည့်ပြီး ငိုနေတုန်းမှာ ညီမလေးကို သတ်လိုက်တဲ့ ကြောက်စရာ ရောဂါရဲ့ နာမည်ကို ကျွန်တော် ပထမဆုံး ကြားလိုက်ရတယ်၊ လူကီးမီးယား (သွေးကင်ဆာ) တဲ့၊ ဒါဟာ ကျွန်တော့် ဘဝမှာ ပထမဆုံး တွေ့လိုက်ရတဲ့ တုန်ခါမှုကြီး ဖြစ်ပြီး ကျွန်တော့် လူငယ်ဘဝရဲ့ အဆုံးသတ်ပဲ'

ညီမလေး ဆုံးသွားသဖြင့် သူတို့မိသားစု တစ်ခုလုံး တော်တော်နှင့် မပြေနိုင်။ အဖေဆိုလျှင် မရူးရုံတစ်မယ်သာ ကျန်တော့သည်။ အဖေသည် သတ္တုစက်ရုံ တစ်ခုတွင် အလုပ် လုပ်နေရာမှ ထွက်ပစ်လိုက်ပြီး နေ့ပေါင်းများစွာ သမီးငယ်၏ သင်္ချိုင်းဘေးတွင် သွားထိုင်နေတတ်သည်။ ညတွင်လည်း မအိပ်နိုင်ဘဲ တစ်ခန်းဝင် တစ်ခန်းထွက် သွားကာ သမီးငယ်၏ ဓာတ်ပုံတွေကို လျှောက်ကြည့်နေသည်။ အဖေသည် သမီး အပေါ်တွင် ရှိခဲ့သည့်

အချစ်ကို ကျန်ရစ်သည့် သားအပေါ်တွင် စုပုံလိုက်ကာ သားကို ပျက်စီးစေခဲ့သည်။

'ဆရာဝန်တွေ ပတ်လည်ဝိုင်းပြီး စမ်းသပ် ကြည့်ကြလို့ ကျွန်တော့် ညီမလေး ဆုံးသွားတာလို့ပဲ ကျွန်တော် ထင်နေတယ်ဗျာ၊ ကျွန်တော့် ညီမလေးဟာ သူတို့ရဲ့ စမ်းသပ်ခံ သတ္တဝါကလေး ဖြစ်ခဲ့ရတယ်၊ ဆေးတွေ ထိုးတယ်၊ သွေးတွေ သွင်းတယ်၊ တတ်သမျှ မှတ်သမျှ ကုသကြတယ်၊ ဒါပေမယ့် အချည်းနှီးပဲ၊ ဒီတော့မှ သူတို့ဟာ ဘာကိုမှ ကောင်းကောင်း မသိကြသေးပါကလား ဆိုတာ ကျွန်တော် သဘောပေါက်သွားတယ်'

ဒေါက်တာ ဂါလိုက စိတ်နာနာဖြင့် ပြောသည်။

သမီးငယ် အတွက် ပူဆွေးသောက ရောက်နေသည်ကို မြင်သည့်အခါတွင် သူတို့ မိတ်ဆွေတစ်ဦး ဖြစ်သည့် ဒေါက်တာ ကောက်စ်က သနားသွားကာ ဂါလိုကိုလည်း ပညာသင်ပေးသည်။ ဒေါက်တာ ကောက်စ်မှာ သူတို့ မြို့ကလေးက စိန်မေရီ ဆေးရုံတွင် ခန္ဓာဗေဒဆိုင်ရာ ရောဂါဗေဒ ပါရဂူ ဖြစ်သည်။ ဒေါက်တာ ကောက်စ်၏ လမ်းညွှန်မှုသာ မပါခဲ့လျှင် ဂါလိုသည် သူကြံစည် စိတ်ကူးခဲ့ခြင်း မရှိသော ဆရာဝန်ကြီး ဘဝကို မည်သည့်နည်းနှင့်မျှ ရောက်နိုင်ဖွယ် မရှိ။ ဂါလိုသည် အထက်တန်း ကျောင်းသား ဘဝတုန်းက အားလပ်ရက်များ ဆိုလျှင် ဒေါက်တာ ကောက်စ်နှင့် အတူ ဆေးရုံသို့ လိုက်သွားလေ့ ရှိသည်။ ဒေါက်တာ ကောက်စ်သည် ရောဂါနမူနာများကို ခွဲစိတ်၍ ရောဂါ ရှာဖွေခြင်း စသည်တို့ကို လုပ်လေ့ ရှိသည်။

'ကျွန်တော့် ဆရာကြီး ဒေါက်တာ ကောက်စ်ဟာ ခွဲစိတ်ဓားနှင့် မိုက်ကရိုစကုပ်ကို ကိုင်ထားတဲ့ ရှားလော့ဟုမ်းပဲဗျ၊ သူ စုံစမ်းလိုက်ရင် ချက်ချင်း လက်သည် ပေါ်လာတာပဲ၊ ဆရာဝန်တစ်ယောက် လူနာကို ကုနေပြီဆိုရင် ကုထုံး မှားသလား မှန်သလား ဆိုတာကို ချက်ချင်း ပြောနိုင်တယ်၊ ကျွန်တော်လည်း သူနှင့် လိုက်သွားရင်း ဆေးပညာကို စိတ်ဝင်စားလာတယ်၊ ဘွဲ့သိုလ် မရောက်ခင် ကတည်းက ငါ ကြီးရင်တော့ ဆရာဝန် လုပ်မယ်လို့ စိတ်ပိုင်းဖြတ်လိုက်တယ်၊ ဒါပေမယ့် ဆရာကြီးက ဆေးကုတဲ့ လုပ်ငန်းနှင့် ပတ်သက်လို့ ပြင်းပြင်းထန်ထန် ကျပ်ကျပ်တည်းတည်း သဘော ထားလေ့ ဒီတော့ ဆရာဝန် လုပ်ရမှာကိုလည်း မဝံ့မရဲ ဖြစ်နေတယ်၊ ကျွန်တော့်

ညီမလေးကို မကယ်နိုင်ခဲ့တဲ့ အတွက် ဆရာဝန်တွေကိုလည်း ကျွန်တော် စိတ်နာနေတယ်၊ ဒါကြောင့် ကျွန်တော် ဆေးပညာ သုတေသနကို ပိုပြီး လုပ်ချင်နေတယ်၊ ညီမလေး အတွက် လက်စားချေရအောင် သည့်ထက်သည် ပိုသိဖို့ ပိုနားလည်ဖို့ကိုပဲ ကျွန်တော် စိတ်စောနေတယ်'

ဂါ့လိုသည် ဆေးကျောင်းကို တက်သည်။ သို့ရာတွင် သူ့ ညီမလေး ဆုံးခဲ့ရသည့် အဖြစ်ကို သူ ယခုတိုင် မမေ့နိုင်သေး။ ထို့ကြောင့် ကလာဂ်စည်းတွေ အကြောင်းကို လေ့လာရမည်ဆိုလျှင် ခပ်ကြောက်ကြောက် ဖြစ်နေသည်။ သွေးကင်ဆာ ဆိုသည့် စကားကို ကြားလျှင် ကျောချမ်းချင်သည်။

သို့ရာတွင် ကံအားလျော်စွာပင် ကလာပ်စည်းဆိုင်ရာ ဇီဝဗေဒ ပညာရှင် တစ်ဦးဖြစ်သည့် ဒိန်းမတ်နွယ်ဖွား ဒေါက်တာ ပရက်စလတ်နှင့် တွေ့သည်။ သူက ဖီလာဒယ်ဖီးယား တက္ကသိုလ် ကလာပ်စည်းဆိုင်ရာ ဇီဝဗေဒ ဌာနမှူး ဖြစ်သည်။

ဒေါက်တာ ပရက်စလတ်သည် သူ့ကို သူ့ဌာနတွင် ခန့်လိုက်သည်။

•

ဂါလိုသည် သူ့ဆရာသစ် ဒေါက်တာ ပရက်စလတ်ကို သဘောကျသည်ထက် ကျလာသည်။ သူ့ဆရာက စကင်ဒီနေဗီးယန်း လူမျိုးနှင့် လားလားမျှ မတူ၊ စိတ်တိုသည်၊ သွေးဆူသည်၊ ဒေါသကြီးသည်။ နွေရာသီ တစ်ခုတွင် သူ့ဆရာသည် ရိုးတွင်းချဉ်ဆီ ကလာပ်စည်းများနှင့် ပတ်သက်၍ စမ်းသပ်မှု တစ်ခု အလုပ်ခိုင်းသည်။ ထိုစမ်းသပ်မှုမှာ အောင်မြင်ခြင်း မရှိ။ ကလာပ်စည်းများမှာ ရုတ်တရက် သေဆုံး သွားကြသည်။ ဂါလို ရှက်လိုက်သည့် ဖြစ်ခြင်း။ သို့တိုင်အောင် ပထမ ခြေလှမ်းကိုတော့ လှမ်းမိပြီ။ သူသည် ဖန်ပြွန်များ၊ ပေါင်းအိုးများ၊ ဓာတ်ခွဲစက်များ ကြားထဲသို့ ရောက်သွားပြီ။ နာတာရှည် အဆုတ်ရောဂါ ရှိသူများတွင် ဘာကြောင့် သွေးနီ ကလာပ်စည်းများ လုံလောက်စွာ ထုတ်လုပ် မပေးနိုင်သည့် အကြောင်းတရားကို သူ ရှာတွေ့သဖြင့် သူ နာမည်ကောင်း ရသွားသည်။ သူ့တပည့်၏ အစွမ်းအစကို မြင်သည့် အခါတွင် ဆရာကြီးက ချီကာဂို တက္ကသိုလ်တွင် အလုပ်လုပ်နိုင်ရန် ထောက်ခံချက် ပေးသည်။ ချီကာဂို တက္ကသိုလ်မှာ ကလာပ်စည်းဆိုင်ရာ ဇီဝဗေဒ ပညာရပ်တွင် နာမည်ကြီးသည်။ ဆေးပညာ နိုဗယ်လ် ဆုရှင်တွေ အများကြီး ထွက်သည်။ ထို ဆေးရုံမှာ အမေရိကန် ပြည်ထောင်စုနှင့် ကမ္ဘာတွင် ရှိသည့် မျှော်လင့်ချက်

အကင်းမဲ့ဆုံးသော ရောဂါသည်များ ရောက်လာလေ့ ရှိသည့် နေရာဖြစ်သည်။ လူပေါင်းကလည်း စုံသည်။ အားကစားသမား ဂျက်စီအိုဝင်၊ ဓမ္မသီချင်း အဆိုတော် မဟာလီယာ ဂျက်ဆန်၊ အဏုမြူဗုံးကို ထုတ်လုပ်ခဲ့သည့် သိပ္ပံပညာရှင် အင်ရီကို ဖာမီ၏ ဇနီး စသူတို့ကို တွေ့ရသည်။

ညနေဆိုလျှင် ဂါလိုသည် ဇနီးနှင့် သားငယ်ကို ပစ်ကာ ဓာတ်ခွဲခန်းထဲ ဝင်ပြီး သွေးကလာပ်စည်းများကို သုတေသန လုပ်သည်။ သူ့ ကြိုးစားမှုကြောင့် မကြာမီတွင် သူ့ကို ဝါရှင်တန် အနီးရှိ ဘာသီးစ်ဒါး အမျိုးသားကင်ဆာ သုတေသနဌာန (အင်စီအိုင်) သို့ ပို့လိုက်သည်။

ဇီဝဗေဒ ဓာတ်ခွဲခန်းတွင် နေရာလပ် မရှိသဖြင့် သူ့ကိုယ်သူ ဘယ်တော့မှ ခြေမချဟု ဆုံးဖြတ်ခဲ့ဖူးသည့် (သုတေသန ဌာနနှင့် တွဲထားသော) ကလေးများ သွေးကင်ဆာ ရောဂါကုဌာနသို့ ပို့လိုက်သည်။ ထိုအချိန်၌ သူ့ညီမငယ် သွေးကင်ဆာဖြင့် ဆုံးခဲ့သည်မှာ ၁၆ နှစ် ကြာခဲ့ပြီ။ ထိုအချိန်အတွင်းတွင် သွေးကင်ဆာနှင့် ပတ်သက်၍ ကုထုံးသစ်များကိုလည်း တီထွင်နိုင်ခဲ့ပြီးပြီ။ ဘာသီးစ်ဒါး သုတေသနဌာနသည် သွေးကင်ဆာ ရောဂါ၏ တိုက်ခိုက်မှုကို အရှိန် နှေးသွားအောင် လုပ်နိုင်ခဲ့ပြီးပြီ။

တိုက်ဆိုင်မှု ဟုပင် ဆိုရမည် ထင်သည်။ ဘာသီးစ်ဒါးတွင် သွေးကင်ဆာရောဂါ ကုသရေးနှင့် ပတ်သက်၍ တိုးတက်မှုများကို ရအောင် လုပ်နိုင်ခဲ့သည့် အမျိုးသမီး ဆေးပညာရှင်မှာ သူ့ညီမငယ်၏ သွေးကင်ဆာကို ကုသခဲ့ဖူးသည့် ဆရာဝန် အမျိုးသမီး တစ်ယောက် ဖြစ်နေသည်။ အမျိုးသမီးဆရာဝန်၏ ဓာတ်ခွဲခန်း မော်ကွန်းတိုက်ထဲတွင် လူသစ်ဖြစ်သည့် ဂါလိုကို တအံ့တသြ ဖြစ်သွားစေနိုင်သည့် အရာတစ်ခု ရှိသည်။ တစ်နေ့တွင်မှ သူ့ဆရာမက သူ့ ညီမငယ် သွေးကင်ဆာရောဂါ ဖြစ်နေစဉ် သွေးကင်ဆာကူးစက်နေသည့် ညီမငယ်၏ သွေးဖြူဥ ကလာပ်စည်းများကို ရိုက်ထားသည့် ဓာတ်ပုံ ဆလိုက်များကို ပြသည်။

ထိုအဖြစ်သည် သူ့အဖို့ တုန်လှုပ်ဖွယ်လည်း ကောင်းသည်။ မျက်စိအလင်းကို ဖွင့်ပေးသကဲ့သို့လည်း ရှိသည်။ သူသည် နှစ်ပေါင်းများစွာ သွေးနီကလာပ်စည်းများကို လေ့လာခဲ့သည်။ ယခုမှ သွေးဖြူ ကလာပ်စည်းများကိုသာ လေ့လာတော့မည်။ ထိုအဖြူရောင် ကလာပ်စည်းများသည် လူ၏ သက်တော်စောင့်များ ဖြစ်ကြသည်။ ထိုသက်တော်စောင့်များ ကျဆုံးသည်နှင့် လူသည်လည်း အသက်ဆုံးလေပြီ။

ထိုအချိန်က ကလာပ်စည်းဆိုင်ရာ ဇီဝဗေဒတွင် တော်လှန် ပြောင်းလဲမှုကြီး တစ်ရပ် ပေါ်ပေါက်နေသည်။ ၁၉၅၀ ပြည့်လွန်နှစ်များ တစ်ဝိုက်မှ စ၍ သိပ္ပံပညာသည် ကလာပ်စည်း ဘဝ၏ လျှို့ဝှက်ချက်များကို သိရှိလာခဲ့သည်။ ကလာပ်စည်းများကို မည်သို့ လုပ်ရသည်၊ မည်သို့ ကြီးထွားအောင် လုပ်ရသည်၊ မည်သို့ မွေးမြူရသည်၊ ဓာတ်ခွဲခန်းထဲတွင် မည်သို့ ပွားများအောင် ထုတ်လုပ်ရသည်ကို သိပ္ပံပညာရှင်များ သိလာခဲ့ကြသည်။ ထို့ပြင် ပလတ်စတစ် ပစ္စည်းကို ထုတ်လုပ် နိုင်လာခဲ့သည့် အတွက် ကလာပ်စည်းဆိုင်ရာ ဇီဝဗေဒ ပညာရပ် ဓာတ်ခွဲခန်းများ အတွက် စိတ်ကြိုက် ကိရိယာ တန်ဆာပလာများကို ဖန်တီး လာနိုင်ခဲ့သည်။ သို့ဖြင့် သုတေသန ကိရိယာ ပစ္စည်းများကို အများအပြား ထုတ်လုပ် လာနိုင်ခဲ့ကာ ကမ္ဘာတွင် သုတေသန ဓာတ်ခွဲခန်း အများအပြားကို ထူထောင် လာနိုင်ခဲ့သည်။ သုတေသန ပစ္စည်းကိရိယာများအား စက်မှု တပ်ဆင်ပေးခြင်းဟု ဆိုနိုင်သည်။

သွေးကင်ဆာ ဖြစ်နေသည့် ကလေးများကို ကုသပေးရသည့် နှစ်များသည် ဂါလို အဖို့ အကျိုးထူးသော နှစ်များ ဖြစ်သည်။

'ချီကာဂို တက္ကသိုလ်မှာ တုန်းကတော့ ဇီဝကမ္မဗေဒ သဘောနှင့် ကြည့်ရင် သာမန် ရိုးရိုးတန်းတန်း ကလာပ်စည်းတွေ လောက်ကိုပဲ လေ့လာရတာ၊ အမျိုးသား ကင်ဆာ သုတေသန ဌာနမှာတော့ ရိုးရိုး ကလာပ်စည်းတွေတင် မဟုတ်တော့ဘူး၊ ရှုံးသွပ်နေတဲ့ ကလာပ်စည်းတွေ၊ ကယောင်ကတမ်း ဖြစ်နေတဲ့ ကလာပ်စည်းတွေ၊ လှုသတ်နေတဲ့ ကလာပ်စည်းတွေကို လေ့လာရတာ၊ ပြီးတော့ တကယ့် ပညာရှင်တွေ ကြားထဲမှာ နေရတာ၊ ဒီတော့ ကျွန်တော့် အဖို့ ပညာ တိုးတာပေါ့'

ဒေါက်တာ ဂါလိုက ပြောသည်။

တစ်နေ့တွင် တရုတ်နွယ်ဖွား ဆေးပညာ သုတေသန ပညာရှင် တစ်ဦးနှင့် တင်းနစ် ရိုက်ကြသည်။ ထိုတရုတ်နွယ်ဖွား ပညာရှင်မှာ အခြား ပညာရှင် တစ်ဦးနှင့် တွဲပြီး ဆေးပညာ နိုဗယ်လ်ဆု ရခဲ့ဖူးသည်။

တင်းနစ် တစ်ပွဲ ပြီး၍ နားနေကြစဉ် တရုတ်နွယ်ဖွား ပညာရှင်က ပြောသည်။

'ကင်ဆာ ဖြစ်စေတဲ့ လူ့ခန္ဓာကိုယ် ကလာပ်စည်းတွေကို လေ့လာရာမှာ

အကောင်းဆုံး နည်းကတော့ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်တဲ့ တီရစ္ဆာန်တွေရဲ့ အကျိတ်တွေကို နမူနာအဖြစ် ထားပြီး လေ့လာတာက အကောင်းဆုံးပဲဗျ' ဟု အကြံပေးသည်။

ဗိုင်းရပ်စ်ပိုးတဲ့။ ထိုစကားလုံးသည် အကျိတ် ရောဂါဗေဒ ပညာရှင်များ အလွန် စိတ်ဝင်စား နေကြသည့် စကားလုံး ဖြစ်သည်။ သို့ရာတွင် ဂါလိုကမူ တိုစကားလုံးကို ကြားပြီး ပခုံး တွန့်လိုက်သည်။

'ကျွန်တော်က ဗိုင်းရပ်စ်ပိုး ပညာရပ်မှာ နည်းနည်းကလေးမှ စိတ်ဝင်စားတာ မဟုတ်ဘူး၊ ဗိုင်းရပ်စ်ပိုး ပါရဂူတွေနှင့်လည်း တစ်ခါမှ အလုပ်မလုပ်ဖူးဘူး၊ အဲဒီ တိရစ္ဆာန်ကလေးတွေကိုလည်း ကျွန်တော် စိတ်မဝင်စားဘူး' ဟု ပြောသည်။

သို့ရာတွင် ကင်ဆာ ရောဂါသည် ဗိုင်းရပ်စ်ပိုး တစ်မျိုးကြောင့်ပင် ဖြစ်မည် ဟူသော အတွေးဖြင့် သိပ္ပံ ပညာရှင်တို့သည် ကင်ဆာ ရောဂါ၏ အကြောင်းရင်းကို ရှာဖွေ တွေ့နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ၁၉၁၀ ခုနှစ်တွင် အမေရိကန် သိပ္ပံပညာရှင် တစ်ဦးဖြစ်သည့် ဖရန်စစ် ေ၊တန် ရိုးက ကြက်ကလေးများအား ကင်ဆာ ဖြစ်စေသည့် အကျိတ်များဖြင့် ကူးစက်အောင် လုပ်နိုင်သည်ဟု ကြေညာခဲ့ဖူးသည်။ ထိုကတည်းက ကင်ဆာရောဂါ များစွာတို့သည် ဗိုင်းရပ်စ်ကြောင့် ဖြစ်နိုင်သည်ဟု ယူဆလာခဲ့ကြသည်။ နောင်အနှစ် ၄၀ အကြာ ကြွက်များတွင် သွေးကင်ဆာ ဖြစ်စေသည့် ဗိုင်းရပ်စ် ပိုးတစ်မျိုးကို ရှာဖွေ တွေ့လာသည့် အခါတွင်မူ ကင်ဆာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်သည်ဟု သက်သေပြလာ နိုင်ခဲ့ကြသည်။ ၁၉၆၂ ခုနှစ်တွင် အမျိုးသား ကင်ဆာရောဂါ သုတေသနဌာနက လူတွင်ဖြစ်သော ကင်ဆာသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်နိုင်သည်ဟု အတည်ပြု ကြေညာခဲ့သည်။ ထို့နောက်မှ စ၍ သိပ္ပံပညာရှင် မျိုးဆက် တစ်ခုလုံးသည် ထိုဗိုင်းရပ်စ်ပိုးကို ရှာဖွေရန် ကြိုးစားခဲ့ကြသည်။ ထိုဗိုင်းရပ်စ်ပိုးကို ရှာတွေ့လျှင် သင့်လျော်သည့် ကာကွယ်ဆေးကို တီထွင် နိုင်တော့မည်ဟု အားခဲခဲ့ကြသည်။ အငြင်းအခုံ ဖြစ်ခဲ့ကြသည်။ ၆၀ ပြည့်လွန်နှစ်များ တစ်ပိုက်တွင်မူ လူတွင်ဖြစ်သည့် ကင်ဆာများအတွက် တာဝန်ရှိသည့် ဗိုင်းရပ်စ်ပိုးကို တွေ့ပြီဟု ကြေညာခဲ့ကြသည်။ သို့ရာတွင် ထိုတွေ့ရှိချက်များသည် အိုးထဲက ရေပွက်ကလေးများသာ ဖြစ်ခဲ့ကြသည်။ အချို့သော ကင်ဆာ ရောဂါများတွင် ထိုဗိုင်းရပ်စ်များသည် အခြားသော အကြောင်းများနှင့် အတူ တစ်စိတ်တစ်ပိုင်း တာဝန် ရှိခဲ့ကြသည် ဆိုခြင်း

လောက်ကိုသာ သက်သေ ထူနိုင်ခဲ့ပြီး ထို ဗိုင်းရပ်စ်ပိုးကြောင့် ကင်ဆာဖြစ်သည်ဟု လုံးလုံးလျားလျား သက်သေ မပြနိုင်ဘဲ ဖြစ်နေခဲ့ကြသည်။ ဥပမာအားဖြင့် ကူးစက်တတ်သော ပိုလီနျူကလိုးဆစ် ရောဂါ အတွက် တာဝန်ရှိသည့် ဗိုင်းရပ်စ်ပိုးသည် လင်ဖိုမား သို့မဟုတ် လည်မျိုအကျိတ် ကင်ဆာများအတွက် တစ်စိတ် တစ်ဒေသ တာဝန်ရှိကြောင်းကို (အင်္ဂလိပ် ဆရာဝန်များ ဖြစ်သည့် မိုက်ကယ် အက်စတိန်းနှင့် ဘားတို့က) တွေ့ခဲ့ကြသည်။ ပါပီလိုနာ ဗိုင်းရပ်စ်ပိုးသည် လည်ပင်းရိုး ကင်ဆာနှင့် သားအိမ် ကင်ဆာတို့အတွက် တစ်စိတ် တစ်ဒေသ တာဝန်ရှိကြောင်းကို သိလာခဲ့သည်။ အသည်းရောင် အသားဝါ ဘီ ဗိုင်းရပ်စ်သည် အသည်းကင်ဆာ အတွက် တစ်စိတ်တစ်ဒေသ တာဝန် ရှိကြောင်းကို လေ့လာခဲ့ရသည်။

သို့ရာတွင် ထိုကင်ဆာ ရောဂါများ ဖြစ်ရခြင်းမှာ ထိုဗိုင်းရပ်စ် ပိုးတို့ကြောင့်ချည်း သက်သက် မဟုတ်၊ အခြား အကြောင်းတွေ ရှိနေသေးသည်။ စင်စစ် ထိုဗိုင်းရပ်စ် ပိုးတို့သည် အရန် အနေဖြင့်သာ ပါဝင် လာခဲ့ကြခြင်းဖြစ်သည်။

သို့ဖြစ်လျှင် ကင်ဆာ ဖြစ်ရခြင်း၏ အဓိက အကြောင်းရင်းသည် အဘယ်နည်း။ မည်သည့် ဗိုင်းရပ်စ်တွင် အဓိက တာဝန်ရှိသနည်း။

၁၉၁၀ ပြည့်နှစ်က ကြက်ကလေးများ၏ ကင်ဆာ အကျိတ်များထဲတွင် တွေ့ရသည့် ရက်ထရို ဗိုင်းရပ်စ်ပိုးကြောင့် လူတွင် ကင်ဆာ ဖြစ်ရသည် ဆိုသည့် အချက်ကို မည်သို့မျှ သက်သေ မပြနိုင်ကြသေး။ သိပ္ပံပညာရှင်များသည် ရက်ထရို ဗိုင်းရပ်စ်ပိုးများ အကြောင်းကို နားမလည်နိုင်အောင် ဖြစ်နေကြသည်။ ရက်ထရို ဗိုင်းရပ်စ်ပိုး ခေါ် ကပ်ပါး ပိုးများ၏ အပြုအမူသည် ဇီဝဗေဒ၏ နိယာမများ အားလုံးကို ဖောက်ဖျက်သည်။ ဇီဝဗေဒ ပညာရပ်တွင် သက်ရှိ ပစ္စည်းများကို ထုတ်လုပ် မွေးဖွားရာတွင် လူသိများ၍ ပြောင်းလဲခြင်းလည်း မရှိသော ဖြစ်စဉ်တရား တစ်ခု ရှိသည်။ ယင်းမှာ ဇီဝ ကလာပ်စည်းတိုင်း၏ ဝတ်ဆံ အလယ်တွင် (DNA = deoxyribonucleic acid) ဟု ခေါ်သော နျူကလီယ အက်ဆစ် ရှိပြီး ထိုအက်ဆစ်မှ ဇီဇ မျိုးရိုးဆိုင်ရာ အချက်အလက်များကို ထုတ်လုပ်ကာ ( RNA = ribonucleic acid) ဟု ခေါ်သော အခြားသော နျူကလီယ အက်ဆစ် တစ်ခုဆီသို့ ပေးပို့သည်။ ထိုအခါတွင် အာအင်အေ အက်ဆစ်က အသက် ရှင်ရန်နှင့် လှုပ်ရှားရန် အတွက် ကလာပ်စည်းများ လိုအပ်သော ပရိုတိန်းကို ထုတ်လုပ်ပေးသည်။

သမားရိုးကျ ဗိုင်းရပ်စ်ပိုးများမှာ ပုံမှန် ဇီဝဗေဒဆိုင်ရာ စနစ်များ ရှိကြသဖြင့် မိမိတို့တွင် ရှိသည့် ဒီအင်အေများသည် မိမိတို့ ဝင်ရောက် တိုက်ခိုက်သော ကလာပ်စည်းများရှိ ဒီအင်အေများနှင့် ရောသွားကြသည်။ သို့ဖြင့် ဦးရေ များသွားသည့်အခါတွင် အိမ်ရှင် ကလာပ်စည်းများသည် မိမိတို့ အထဲသို့ ရောက်လာသည့် ဗိုင်းရပ်စ်ပိုးနှင့် အလားတူ ပိုးများကို ထုတ်လုပ် ပေးကြတော့သည်။

ရက်ထရို ဗိုင်းရပ်စ် ပိုးများတွင်မူ ဒီအင်အေ မရှိဘဲ အာအင်အေ သာ ရှိသည်။ ထို့ကြောင့် ထိုဗိုင်းရပ်စ်ပိုးသည် မိမိတို့ တိုက်ခိုက်လိုသော ကလာပ်စည်းများတွင် ဝင်ရောက် တိုက်ခိုက်ကာ ဒီအင်အေများက သူတို့ကို လက်ခံဖို့ အတွက် ကြားအောင်သွယ်များကို ရှာရသည်။

ထိုဗိုင်းရပ်စ်ပိုးတို့၏ အောင်သွယ်ကို ၁၉၇၀ ပြည့်နှစ်တွင်မှ သိပ္ပံ ပညာရှင်များက ရှာတွေ့ခဲ့ကြသည်။ ယင်းမှာ ရီဗာ့စ် ထရန်စကရစ်တာဆီ (reverse transcriptase) ခေါ်သည့် အင်ဇိုင်း တစ်မျိုး ဖြစ်သည်။ ထိုအင်ဇိုင်း ရှိမှသာလျှင် ရက်ထရို ဗိုင်းရပ်စ်ပိုးများသည် ကလာပ်စည်းများထဲသို့ ဝင် ရောက်ပြီး မိမိတို့ သားစဉ်မြေးဆက်များကို ပေါက်ပွားအောင် လုပ်နိုင်သည်။ တစ်နည်း ပြောရလျှင် ထိုအင်ဇိုင်းများသည် ရက်ထရို ဗိုင်းရပ်စ်များတွင် ရှိသည့် အာအင်အေကို ဒီအင်အေ အဖြစ် ပြောင်းခြင်းဖြင့် ဗိုင်းရပ်စ် မျိုးဆက် ပြန့်ပွားအောင် လုပ်ပေးနိုင်သည်။ ထိုအင်ဇိုင်းသည် ရက်ထရို ဗိုင်းရပ်စ်ပိုး၏ ခြေရာပင် ဖြစ်သည်။ ထိုခြေရာကို တွေ့လျှင် ကလာပ်စည်း တစ်ခုထဲတွင် ရက်ထရို ဗိုင်းရပ်စ်ပိုး ရှိနေပြီ။ ခြေရာကို တွေ့နေပြီ။

ထိုခြေရာကို တွေ့သည့်အခါတွင် ရောဘတ် ဂါလိုသည် သူ့ရည်မှန်း ချက်ကို အကောင်အထည် ဖြစ်အောင် ကြိုးစားချင်သည်။ သူ့ ရည်မှန်းချက် မှာ အခြားမဟုတ်။ ရက်ထရို ဗိုင်းရပ်စ်သည် တိရစ္ဆာန်များတွင် သာမက လူ၏ ခန္ဓာကိုယ်ကိုပါ တိုက်ခိုက်တတ်သည် ဆိုသည့် အချက်ကို သက်သေ ထူရန် ဖြစ်သည်။

သူ့အကြံကို မည်သူကမျှ အယုံအကြည် မရှိလှ။ အားလုံးကပင် သံသယဖြင့် ကြည့်ကြသည်။ ရက်ထရို ဗိုင်းရပ်စ်ပိုးသည် လူတွင် မရှိနိုင်ဟု ယူဆကြသည်။ အလွန် အားကောင်းသည့် အီလက်ထရွန်းနစ် မိုက်ကရိုစကုပ် ကြီးများဖြင့် ရှာကြည့်ပြီး ဖြစ်ကြောင်း၊ ရောဂါ ရထားသည့် လူ၏ ကလာပ် စည်းများထဲတွင် ရက်ထရို ဗိုင်းရပ်စ်ပိုး၏ အရိပ်အယောင်ကို မတွေ့ရကြောင်း၊

ရက်ထရို ဗိုင်းရပ်စ်ပိုးသည် လူကို တိုက်ခိုက်ခဲ့သည် ဆိုလျှင် စောစီးစွာ ကတည်းက သိရှိရမည် ဖြစ်ကြောင်းဖြင့် သူတို့က ဆိုကြသည်။

ဂါလိုက သူတို့ အဆိုကို လက်မခံ။

တိရစ္ဆာန် ဆေးကုဆရာဝန်များ၊ ဗိုင်းရပ်စ်ပိုးဗေဒ ပါရဂူများ၊ အစီရင်ခံစာများ၊ ဆောင်းပါးများ၊ မှတ်တမ်းများကို ရှာဖတ်သည်။ သူတို့ တွေ့ရှိသည့် တိရစ္ဆာန်များ၏ အမည်မသိ ရောဂါများ အကြောင်းကို သူတို့ အစီရင်ခံစာ များထဲက လေ့လာယူသည်။ ကြောင်၊ မျောက်၊ နွား၊ ရှဥ့်နှင့် သားပိုက်ကောင် များတွင် ဖြစ်တတ်သည့် သွေးကင်ဆာ (လူကီးမီးယား) ရောဂါ နမူနာများကို လေ့လာသည်။ ဤတွင် တိရစ္ဆာန် လောကတွင် တွေ့ပြီးသား အပြင် မတွေ့ရ သေးသော ရက်ထရို ဗိုင်းရပ်စ်ပိုးများ ရှိနေသေးသည်ကိုလည်း ထပ်မံ တွေ့ လာရသည်။

သူက အပတ်တကုတ် ကြိုးစား၍ ရှာနေသည့် အခါတွင် သူ့ကို လုပ်ဖော်ကိုင်ဖက်များက လှောင်ကြသည်၊ ကဲ့ရဲ့ကြသည်။ 'ပင်လယ်သေတွင် သွား၍ ငါးများသည့် တံငါ' ဟု အမည်ပေးကြသည်။

သို့ဖြင့် ဂါလိုသည် လူ၏ ခန္ဓာကိုယ်ထဲတွင် ရက်ထရို ဗိုင်းရပ်စ် ပိုးများ ဝင်ရောက်နိုင်ကြောင်း သက်သေပြနိုင်ရန် အထောက်အထားကို လိုက် ရှာသည်။ သို့ရာတွင် ခက်သည်မှာ လူ၏ကင်ဆာ ဖြစ်နေသော ကလာပ်စည်း များထဲတွင် ဗိုင်းရပ်စ်၏ ခြေရာဟု ခေါ်နိုင်သည့် အင်ဇိုင်းများကို မတွေ့ ရခြင်း ဖြစ်သည်။ သူသည် ကလာပ်စည်းများကို မွေးမြူကြည့်သည်။ ကြီး ထွားအောင် လုပ်သည်။ သို့ရာတွင် ထိုကလာပ်စည်းများသည် ကွဲသွားခြင်း မရှိ။ သူတို့၏ ဝတ်ဆံထဲတွင် ဗိုင်းရပ်စ်ပိုးကို မွေးထုတ်ခြင်း မပြု။

ဂါလို လက်လျှော့ချင် သလိုလို ဖြစ်လာသည်။

ထိုစဉ် ဆေးသိပ္ပံ ပညာနှင့် ပတ်သက်သည့် ဆောင်းပါး တစ်စောင်ကို အမှတ်မထင် ဖတ်လိုက်ရသည်။ ပင်ဆယ်ဗေးနီးယား တက္ကသိုလ် ဓာတ်ခွဲခန်း တစ်ခုတွင် အပင်မှ ပရိုတိန်းဓာတ် တစ်မျိုးကို ထုတ်လုပ် ရရှိခဲ့ကြောင်း၊ ထိုပရိုတိန်းသည် အဖြူရောင် ကလာပ်စည်းများပေါ်တွင် ထူးကဲစွာ အကျိုး သက်ရောက်မှု ရှိကြောင်း၊ ထိုပရိုတိန်းဓာတ်နှင့် ထိတွေ့လိုက်သည့် အခါ၌ လင်ဖိုဆိုက်များသည် ချက်ချင်း ကြီးထွားလာကြကာ ထက်မြက်ပြီး ကွဲသွား

ကြကြောင်းဖြင့် ဆိုသည်။

ထိုလင်ဖိုဆိုက်သည် တီ–လင်ဖိုဆိုက် ဖြစ်မည်ကို ဂါလို သိလိုက်သည်။ တီ–လင်ဖိုဆိုက်များမှာ ကိုယ်ခန္ဓာကြီးကို အပြင်မှ လာရောက်တိုက်ခိုက်သည့် အခါတွင် ကာကွယ်ရေး စနစ်ကို စုစည်း၍ ခိုင်မာအောင်လုပ်ပေးသည့် ကလာပ်စည်းများ ဖြစ်သည်။ ထိုပရိုတိန်းများ ရရှိသည့်အခါတွင် လင်ဖိုဆိုက်များသည် ကလာပ်စည်း အစာများဟု ဆိုအပ်သော အရည်တစ်မျိုးကို ထုတ်လုပ်ပေးကြသည်။ ထို အရည်များကို သူက အင်တာလူကင်–၂ ဟု ခေါ်လိုက်သည်။ ထိုအရည်များသည် လူ၏ ကင်ဆာ ကလာပ်စည်းများကို ပေါက်ပွားစေနိုင်သည့် အာဟာရ ဖြစ်သလော၊ မဖြစ်သလော။ ရက်ထရို ဗိုင်းရပ်စ်ပိုးများကို ထုတ်လုပ်ပေးခြင်း ရှိသလော၊ မရှိသလော။

ထိုအချက်ကို သူ သိချင်နေသည်။

၁၉၈၀ ပြည့်နှစ်တွင်မှ ဂါလိုက မိမိ၏ ဓာတ်ခွဲခန်းတွင် အလုပ်လုပ်သည့် ပညာရှင် နှစ်ဦး ဖြစ်သော ဘားနတ်နှင့် ဖရင့်တို့သည် လူတွင် ရက်ထရို ဗိုင်းရပ်စ်ပိုး ဝင်ရောက်နိုင်ကြောင်း အထောက်အထားများကို တွေ့ရှိပြီး ဖြစ်ကြောင်းဖြင့် ကြေညာလိုက်သည်။

ထိုဓာတ်ခွဲခန်းမှ ပညာရှင်များသည် သွေးကင်ဆာ ရောဂါ စွဲကပ်သည့် လူနာတစ်စု၏ ကလာပ်စည်းများကို ခွဲခြမ်း စိတ်ဖြာ ကြည့်ကြသည်။ ပထမ လူနာမှာ အယ်လာဘားမားမှ ဘတ်စကက်ဘော ကစားသမား တစ်ယောက် ဖြစ်သည်။ ဒုတိယ လူနာမှာ ကာရစ်ဘီယန် ဒွယ်ဖွား နယူးယောက်မြို့သား လူမည်း တစ်ယောက် ဖြစ်သည်။ တတိယ လူနာမှာ ဘော်စတွန်တွင် အခြေချ နေထိုင်သည့် အိုင်းရစ် သင်္ဘောသား တစ်ယောက် ဖြစ်သည်။

စစ်ဆေး ကြည့်သည့်အခါတွင် ထိုသင်္ဘောသားမှာ အများအားဖြင့် ဂျပန် ပင်လယ်ထဲတွင် အချိန်ကုန်ခဲ့ပြီး ကျူရှူ ကျွန်းပေါ်ရှိ ပြည့်တန်ဆာ အိမ်များသို့ သွားလေ့ရှိသည်ဟု သိရသည်။ ဤတွင် ဂါလို ဝမ်းသာသွားသည်။ ၁၉၇၇ ခုနှစ်တုန်းက တာကိုဆူကီ အမည်ရှိ သိပ္ပံပညာရှင် တစ်ဦးက တောင်ပင်လယ် တစ်ဝိုက်ရှိ ကျွန်းများတွင် သွေးကင်ဆာ အဖြစ်များကြောင်းကို တွေ့ရှိရကြောင်း၊ သွေးကင်ဆာမှာ သွေးသွင်းခြင်း၊ လိင်ဆက်ဆံခြင်း၊ အမေမှတစ်ဆင့် ကလေးတွင် ဝမ်း၌ ပါလာခြင်းတို့ကြောင့်ဟု ပြောဖူးသည်ကို သွားသတိရကာ သူ့ စမ်းသပ်မှုများသည် ဂျပန်ပညာရှင်၏ ပြောဆိုချက်များနှင့် သွား၍ တိုက်ဆိုင်နေသောကြောင့် ဖြစ်သည်။

ဤတွင် ဂါလိုသည် ထို ဗိုင်းရပ်စ်၏ အမည်ကို အိတ်ချ်တီအယ်ဗွီ (HTLV = human T-lymphocyte leukemia virus) ဟု အမည်ပေးလိုက်သည်။ အိတ်ချ်တီအယ်ဗွီ ဗိုင်းရပ်စ်ကို တွေ့ရှိသည့် အတွက် ၁၉၈၂ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုတွင် အမြင့်ဆုံးသော ဆေးပညာဆု ဖြစ်သည့် လက်စကာ ဆုကြီးကို ရရှိခဲ့သည်။ လက်စကာ ဟူသော အမည်မှာ ၁၉၂၀ ပြည့်လွန် နှစ်များ အတွင်းက လပ်ကီးစထရိုက် စီးကရက်ကို ကြော်ငြာပေးခဲ့ကာ အမေရိကန် လူမျိုး သန်းပေါင်းများစွာကို စီးကရက် သောက်အောင် ဖြားယောင်း သွေးဆောင်ခဲ့သော ကြော်ငြာကုမ္ပဏီ သူဌေးကြီး၏ အမည် ဖြစ်သည်။ သူ၏ နေဝင်ချိန်တွင် သန်းကြွယ် ကြော်ငြာ သူဌေးကြီးသည် စီးကရက်ကိုလည်း ဖြတ်၊ ကြော်ငြာ လုပ်ငန်းကိုလည်း ရပ်လိုက်ကာ ကင်ဆာရောဂါ တိုက်ဖျက်ရေးတွင် လူအား ငွေအားဖြင့် ပါဝင် ဆောင်ရွက်ခဲ့သည်။

နောင် နှစ်အနည်းငယ် အကြာတွင် ရောဘတ် ဂါလိုသည် ဒုတိယ အကြိမ် လက်စကာဆုကို ရရှိခဲ့ပြန်သည်။

[ ၂၂ ]

**အောင်ပန်းရပြီ ဆိုပြီး ကျေနပ်မနေနှင့်။**

**ဘာသီးစ်ဒါး၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၂ ခုနှစ် ဆောင်း၊ နွေ။**

နိမိတ်ကတော့ သိပ် မကောင်းချင်။

ထိုနေ့က ဘာသီးစ်ဒါး ပရိဝုဏ်တွင် ဆိုက်ဘေးရီးယား အအေးလှိုင်းကြီး လာနေသည်။ သို့တိုင် ၁၉၈၂ ခုနှစ် ထိုဖေဖော်ဝါရီနေ့ကမူ ဒေါက်တာ ဂျင်းကာရန်သည် အာတိတ် ရေခဲတုံးကြီး သို့ရှေ့သို့ ရောက်လာဦး မှမည် မဟုတ်ပါ။ အမျိုးသား ကင်ဆာရောဂါ သုတေသနဌာနမှ သုတေသန ရန်ပုံငွေများ ခွဲဝေပေးသည့် ကော်မတီရှေ့တွင် သူ ပြောစရာ ရှိသည်တို့ကို ပွင့်ပွင့်လင်းလင်း ပြောရန် ဆုံးဖြတ်ပြီး ဖြစ်သည်။

ရန်ပုံငွေ ခွဲဝေပေးသူ လူကြီးများအား သူ့လုပ်ငန်း အတွက် ရန်ပုံငွေ အရေးတကြီး လိုအပ်ကြောင်းကို ပြောချင်သည်။ အထူးသဖြင့် အစည်းအဝေးသို့ တက်လာမည့် အမျိုးသား ကင်ဆာရောဂါ သုတေသနဌာန၏ စုပါစတား

ကိုလည်း သူ့လုပ်ငန်း အတိုင်းအတာကို တင်ပြချင်သည်။

ထိုအစည်းအဝေးတွင် ရောဘတ် ဂါလိုက သူ စတင် တွေ့ရှိခဲ့သည့် လူ့ခန္ဓာကိုယ်တွင် တွေ့ရသော ရက်ထရို ဗိုင်းရပ်စ်ပိုး အကြောင်းကို စတင် တင်ပြမည် ဖြစ်သည်။

စီဒီစီ အလုပ်အဖွဲ့၏ စာရင်းများ အရ အမေရိကန် ပြည်ထောင်စု တစ်ခုလုံးတွင် ကိုယ်ခံစွမ်းအား ကျဆင်း ရောဂါ စွဲကပ်နေသူ ၂၀၂ ဦး ရှိနေပြီ။ လအနည်းငယ် အတွင်းတွင် ထိုရောဂါကြောင့် အသေအပျောက်နှုန်း သည် ၄၀% သို့ ရောက်ရှိလာသည်။

ဤတွင် အမေရိကန်ပြည်မှ နယူးအင်္ဂလန် ဆေးပညာ ဂျာနယ်နှင့် ဗြိတိန်မှ လန်းဆက် ဆေးပညာ ဂျာနယ်တို့သည် ထိုကိစ္စတွင် ရေငုံနှုတ်ပိတ် လုပ်မနေနိုင်တော့ဘဲ ထိုသတင်းကို ထည့်လာခဲ့ကြသည်။ အစ ငါးစုမှ သီးခြား ရေးသော ဆောင်းပါး ငါးစောင်တွင် ထိုရောဂါ သွင်ပြင်လက္ခဏာများ တူညီ နေကြကြောင်းကို ဖော်ထုတ် လာခဲ့ကြသည်။

ပထမဦးဆုံး လူနာမှာ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလ တုန်းက လော့စ်အိန်ဂျလိစ်တွင် ဒေါက်တာ မိုက်ကယ် ဂေါ့လီယက် တွေ့ရှိခဲ့သည့် အခန်း နံပါတ် ၅၁၆ မှ လူနာ ဖြစ်သည်။ သူသည် နောက်နှစ် မေလတွင် သေဆုံးသွားခဲ့သည်။ နောက်လူနာ နှစ်ယောက်မှာလည်း ကိုယ်ခံစွမ်းအား စနစ်ကြီး ပျက်သွားသဖြင့် သေဆုံး သွားခဲ့ကြသည်။

ဘာရော့ဝေးမှ ပြဇာတ် မင်းသားငယ်မှာလည်း သူ့ အရေပြားပေါ်မှ အနာများကို မိတ်ကပ်ဖြင့် ဖုံးအုပ်ခြင်း မပြုနိုင်တော့ရုံမျှမက နောက်ဆုံးတွင် အသက် ဆုံးရှုံးသွားခဲ့သည်။ နောင်တွင် အဲယားဖရန့် လေကြောင်း ကုမ္ပဏီမှ လေယာဉ်မောင်သည်လည်း ဒိုင်းရပ်စ်ပိုး၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွား ခဲ့ရသည်။ သို့ဖြင့် ခြောက်လမျှ လိုက်လံ စုံစမ်းပြီးနောက်တွင် ဒေါက်တာ ဂျင်းကာရန်သည် ကောက်ချက် တစ်ခုကို ချလိုက်သည်။

ယင်းမှာ ထိုသို့ ရောဂါဖြင့် သေဆုံးရခြင်းသည် ဗိုင်းရပ်စ်ပိုး တစ်မျိုး ၏ လက်ချက်ကြောင့် ဖြစ်သည် ဆိုသည့် အချက် ဖြစ်သည်။

ယနေ့ ကျင်းပသည့် အမျိုးသား ကင်ဆာ ရောဂါ သုတေသနမှ ပညာရှင်များ ရှေ့မှောက်တွင် ဒေါက်တာ ဂျင်း ကာရန်သည် သူ့အဆိုကို ခုခံ ကာကွယ်ရမည် ဖြစ်သည်။ သူ့ အယူအဆကို တင်ပြပြီးနောက် ထိုရောဂါနှင့် ပတ်သက်၍ အမျိုးသား ကင်ဆာရောဂါ သုတေသန ဌာနက စီမံကိန်း

တစ်ခုကို ရေးဆွဲရန် အဆိုပြုမည် ဖြစ်သည်။ သူ့ အယူအဆကို သက်သေထူရန် အတွက် ဒေါက်တာ ဂျင်း ကာရန်သည် မကျန်းမမာ ဖြစ်နေသည့် မိန်းမလျာ လူငယ်များနှင့် ကျန်းမာသည့် မိန်းမလျာ လူငယ်များ၏ အဓိက ခြားနားချက်များကို ရေးဆွဲထားသည့် ဇယား တစ်ခုကိုလည်း ပြင်ဆင်ပြီး ဖြစ်သည်။ ဓာတ်ပုံ ဆလိုက်များလည်း ပါသည်။ ယင်းခြားနားချက်မှာ အချိန်ကာလ တစ်ခုအတွင်း လိင်ဆက်ဆံကြသော ပါတနာများ၏ ဦးရေ အနည်းအများ ဖြစ်သည်။

ရောဂါရနေသူ လူငယ် မိန်းမလျာများ၏ လိင်ဆက်ဆံသူ ပါတနာဦးရေသည် ရောဂါမရသူ မိန်းမလျာတို့၏ လိင်ဆက်ဆံသူ ဦးရေထက် ၁၀ ဆမှ ၁၂ ဆ များနေသည်။ သို့ဖြစ်လျှင် ထိုရောဂါသည် လိင်ဆက်ဆံမှုကြောင့် ဖြစ်သော ရောဂါဖြစ်ပြီး အလွန် အားကောင်းသည့် မိုက်ခရိုစကုပ်ကြီးများ၏ ရှာဖွေမှုကို လွတ်အောင် ရှောင်နိုင်သည့် ထူးဆန်းသော ဗိုင်းရပ်စ်ပိုးတစ်မျိုး၏ လက်ချက် ဖြစ်ရမည်ဟု ဒေါက်တာ ဂျင်းကာရန်နှင့် သူ့အဖွဲ့သားများက ယူဆကြသည်။

သူ မျှော်လင့်ထားသည့် အတိုင်းပင် အမျိုးသား ကင်ဆာရောဂါ သုတေသန ဌာန (အင်စီအိုင်) မှ လူကြီးများသည် သူ့ အဆိုကို လက်မခံချင်ကြ။ သွေးဆူသည့် အီတလီနွယ်ဖွား ဒေါက်တာ ဂါလိုသည်ပင်လျှင် သူ့ အဆိုနှင့် ပတ်သက်၍ အေးစက်စက် ဖြစ်နေသည်။

'ကျွန်တော်တို့ တစ်တွေဟာ အောင်ပန်း ဆွတ်ခူးမယ်ဆိုပြီး ကျေနပ်ရောင့်ရဲနေလို့ မဖြစ်ဘူး၊ လူသတ်မယ့် ဗိုင်းရပ်စ်ပိုး တစ်မျိုးတော့ လွတ်နေပြီဆိုတာ ကျွန်တော်တို့ သတိ ထားရလိမ့်မယ်' ဟု ဒေါက်တာ ဂျင်းကာရန်က ဒေါက်တာ ဂါလိုကို စောင်း၍ ပြောသည်။

ထိုအစည်းအဝေး အပြီး ခြောက်လအကြာ ဇွန်လ နေ့တစ်နေ့တွင် ဒေါက်တာ ဂျင်းကာရန်သည် စီဒီစီ ဆေးဝါး ဖော်စပ်ရေး ဌာနကြီးမှူးထံမှ စာတစ်စောင်ကို ရရှိခဲ့သည်။ မိမိတို့ ဌာနသည် ကိုလိုရာဒို ပြည်နယ်၊ ဒင်းဗားမြို့ရှိ ဆရာဝန် တစ်ဦးထံမှ အင်ဖိတာမင်း ဆေးများ ပို့ပေးရန် စာတစ်စောင် ရရှိခဲ့ကြောင်း၊ ဆရာဝန်၏ စာအရ သူ့တွင် နာတာရှည် ချူမိုဆိုက်စတစ် ချူမိုးနီးယားရောဂါ စွဲကပ်နေသည့် လူနာ တစ်ဦး ရှိကြောင်းဖြင့် ဖော်ပြထားသည်။

ဒင်းဗားက လူနာမှာ စီဒီစီက စစ်ဆေး မေးမြန်းခဲ့သည့် လူနာများလို ကိုယ်အင်္ဂါ အစားထိုး ကုသသည့် လူနာလည်း မဟုတ်။ လိင်တူ ဆက်ဆံသူလည်း မဟုတ်။ ပြည့်တန်ဆာအိမ်များသို့ မကြာခဏ သွားသူလည်း မဟုတ်။ မူးယစ်ဆေး သုံးစွဲသူလည်း မဟုတ်။ လိင် စိတ်ကြွဆေးများကို သုံးသူလည်း မဟုတ်။

လူနာမှာ အသက် ၅၉ နှစ်ရှိ အိမ်ထောင်ဦးစီး တစ်ဦး ဖြစ်သည်။ အေးအေးဆေးဆေး နေထိုင်သည့် လူကြီးလူကောင်း တစ်ယောက် ဖြစ်သည်။ ကိုယ်ခံစွမ်းအား ကျဆင်းစေသည့် ဆေးဝါးကုသနည်း စသည်တို့ကိုလည်း ကြုံတွေ့ဖူးခြင်း မရှိ။ အချုပ်ဆိုရလျှင် သူ့တွင် ထိုသို့သော ဗိုင်းရပ်စ်ပိုး ဝင်စရာ အကြောင်းဆို၍ တစ်ချက်မျှ မရှိ။

တစ်ခုတော့ ရှိသည်။

သူ့တွင် မျိုးရိုးအရ ပါလာသော သွေးမတိတ် ရောဂါတော့ ရှိသည်။

ဒေါက်တာ ဂျင်းကာရန်သည် သူ့အခြေအနေကို ချက်ချင်း သဘောပေါက်လိုက်သည်။ ဒင်းဗားက လူနာသည် နှစ်သောင်းခန့်မျှ ရှိသော သွေးမတိတ် ရောဂါ စွဲကပ်နေသည့် အမေရိကန် လူမျိုး ရောဂါသည်များထဲမှ တစ်ယောက် ဖြစ်သည်။ သူတို့တွင် သွေးခဲနိုင်သော စွမ်းအား မရှိသဖြင့် သွေးလွန်မှု အန္တရာယ်မှ ကာကွယ်ရန် သွေးခဲခြောက်များကို အမြဲ သွင်းနေရသူ လူနာများ ဖြစ်သည်။ ခန္ဓာကိုယ် ငြင်းဆန်မှုကို တားဆီးရန်နှင့် အမေရိကန် အစိုးရ ကျန်းမာရေး ဆိုင်ရာ စည်းကမ်း ဥပဒေများနှင့် ကိုက်ညီစေရန် အတွက် ၁၉၆၀ ပြည့်လွန်နှစ်များ ကတည်းက စီးပွားရေး သဘောဖြင့် ဈေးကွက်တွင် ထုတ်လုပ်ခဲ့ရသည့် သွေးပစ္စည်းများသည် အနည်းဆုံး ၁၀၀၀ ခန့် ရှိသော သွေးလှူသူ အမျိုးမျိုးတို့၏ သွေးများမှ ထုတ်လုပ်ခဲ့ရခြင်း ဖြစ်သည်။

အမှန်ပြောရလျှင် ထိုသွေးပစ္စည်း အမျိုးမျိုးတို့သည် အမေရိကန် ပြည်ထောင်စုရှိ လူပေါင်း ၁၀,၀၀၀ နှင့် ၂၀,၀၀၀ ကြားရှိ လူများထဲမှ သွေးများဖြင့် ထုတ်လုပ်ခဲ့ရခြင်း ဖြစ်သည်။ သွေးမတိတ်သည့် ရောဂါရှင် တစ်ဦးသည် တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ဆယ်ကြိမ်ခန့် သွေးသွင်းရလေ့ ရှိရာ ထိုနှုန်းဖြင့်တွက်လျှင် တစ်နှစ်လျှင် သွေးလှူရှင် နှစ်သိန်းတို့၏ သွေးများကို နှစ်စဉ် သွင်းနေရသည့် သဘော ဖြစ်သည်။

ထိုသွေးများမှာ ကျကျနန သေသေချာချာ စစ်ထားသည့် အတွက် ဘက်တီးရီးယားပိုးနှင့် မိုက်ခရုတ်ပိုး စသည့် ကူးစက်ပိုးမွှားများ ဝင်ရောက်

စရာ အကြောင်း မရှိ။ ထို့ပြင် သေချာ တိကျသော စစ်ဆေးမှုများ အောက်မှ တိတ်တဆိတ် ဝင်ရောက်လာနိုင်သော သက်ရှိ သတ္တဝါမှာ ဗိုင်းရပ်စ်ပိုးသာ ဖြစ်သည်။

'ဒင်းဗားက သွေးမတိတ် ရောဂါသည်ကို တွေ့တော့ ကျွန်တော်တို့ အဖို့ နောက်ထပ် အသစ် တွေ့ရှိချက် တစ်ခု တိုးလာတယ်၊ ကိုယ်ခံအား ကျတဲ့ ကူးစက် ကပ်ရောဂါမှာ ဗိုင်းရပ်စ်ပိုးရဲ့ လက်ချက် ပါတယ်ဆိုတာ ကျွန်တော်တို့ ပိုပြီး သေချာသွားတယ်' ဟု ဒေါက်တာ ဂျင်းကာရန်က ပြောသည်။

ဒင်းဗားမှ လူနာ၏ သတင်းကို ရပြီး သုံးနာရီ အကြာတွင် စီဒီစီမှ ဆရာဝန် စုံထောက် ဒေါက်တာ လောရင့်စ်သည် လေယာဉ်ပျံဖြင့် ဒင်းဗားသို့ လိုက်သွားခဲ့သည်။ ဒေါက်တာ လောရင့်စ်သည် ဒင်းဗားတွင် ၁၀ ရက်ကြာမျှ လူနာကို စစ်ဆေးသည်။ စစ်မေးသည်။ လူနာကိုသာ မဟုတ် မိသားစုများနှင့် သူ့ကို ကုနေသည့် ဆရာဝန်ကိုပါ စစ်မေးသည်။ လူနာ၏ ဆေးမှတ်တမ်း ရာဇဝင်ကို အသေးစိတ် မေးမြန်းသည်။

လွန်ခဲ့သည့် ငါးနှစ် အတွင်းက လူနာ သွင်းခဲ့သည့် သွေးခြောက်များ၏ နမူနာကို စစ်ဆေးသည်။ ထိုသို့ စစ်ဆေးပြီးသည့် နောက်၌ ဒင်းဗားက သွေးမတိတ်လူနာ ခွဲကပ်နေသော ရောဂါသည် မိန်းမလျာများ ခွဲကပ်နေသော ရောဂါ ဖြစ်ကြောင်းကို အတည်ပြုလိုက်သည်။

ဗိုင်းရပ်စ်ပိုးသည် သွေးသွင်းရာမှ တစ်ဆင့် ဝင်ရောက်လာကြောင်းမှာ ထင်ရှားသည်။ တစ်ပတ် အတွင်းမှာပင် အလားတူ ပြဿနာမျိုး တစ်ခုကို အတ္တလန်တာမှ စီဒီစီ ဆရာဝန် စုံထောက်များ တွေ့လာ ကြရပြန်သည်။ လူနာမှာ အသက် ၂၇ နှစ်ရှိ သွေးမတိတ် ရောဂါသည် ဖြစ်ပြီး အိုဟိုင်းယိုး ပြည်နယ် အရှေ့မြောက်ပိုင်းမှ မြို့လေးတစ်မြို့တွင် မွေးဖွားခဲ့သူ ဖြစ်သည်။

သူသည် သူ့ဇာတိမှ အပ မည်သည့် နေရာကိုမျှ မရောက်စဖူး။ ဤတွင် ဆရာဝန် စုံထောက် ဒေါက်တာ လောရင့်စ်သည် လေယာဉ်ဖြင့် အိုဟိုင်းယိုး ပြည်နယ်သို့ လိုက်လာခဲ့ပြန်သည်။

အက်ဖ်ဘီအိုင် အေးဂျင့် တစ်ဦးလိုပင် ဒေါက်တာ လောရင့်စ်သည် ထိုလူငယ်၏ မိတ်ဆွေဟောင်း မိတ်ဆွေသစ်များကို စုံစမ်း စစ်ဆေးသည်။ သူ့မိဘများ၊ ညီအစ်ကို မောင်နှမများ၊ ကျောင်းနေဖက် သူငယ်ချင်းဟောင်း

များ၊ သူနှင့် အတူ အားကစား လုပ်သူများ၊ အလုပ် လုပ်သူများ၊ သူ့ မိန်းကလေး မိတ်ဆွေများပါ မကျန် မေးမြန်း စစ်ဆေးသည်။ သူ့တွင် လျှို့ဝှက်သော အခြား ဘဝတစ်ခု ရှိ မရှိ သိရအောင် စုံစမ်းသည်။

ဒေါက်တာ လောရင့်စ်သည် သူ့အတိတ်ကို မွှေနှောက် တူးဖော်သည်။ သွေးမတိတ် ရောဂါသည်များသည် အရိုးအဆစ် နာကျင် ကိုက်ခဲလွန်းသည့် အခါတွင် သက်သာအောင် မူးယစ်ထုံထိုင်း ဆေးများကို သုံးစွဲတတ်သဖြင့် ထိုကိစ္စနှင့် ပတ်သက်၍ သူ့ မိဘများကို သေသေချာချာ မေးသည်။ ထိုကိစ္စတွင်လည်း ဘာမျှ ပြောစရာ မရှိ။ နောက်ကြောင်း ရှင်းသည်။

သူ ရောဂါဖြစ်ရသည့် အကြောင်းရင်းသည် သွေးခြောက်များမှ တစ်ဆင့်သာ ဖြစ်နိုင်ကြောင်းကို တွေ့ရသည်။

ဒေါက်တာ လောရင့်စ် ပြန်အလာတွင် စီဒီစီသို့ အလားတူ သတင်း ပို့ချက် တစ်ခု ရောက်လာပြန်သည်။ စီဒီစီသည် အကြီးအကျယ် တုန်လှုပ်သွားသည်။

နယူးယောက် မြို့စွန်ရပ်ကွက် တစ်ခုမှ ဆရာဝန် တစ်ဦးက သူ့လူနာ တစ်ယောက်၏ အဆုတ်ကို အသားစ ထုတ်၍ စစ်ဆေးသော ဘိုင်အိုဆီစမ်းသပ်မှု လုပ်ကြည့်ကြောင်း၊ ထိုလူနာမှာ အသက် ၆၂ နှစ်ရှိ ပင်စင်စား တစ်ဦး ဖြစ်ကြောင်း၊ သူ့တွင် နျူမိုဆိုက်စတစ် ကပ်ပါးပိုးကို တွေ့ရကြောင်း၊ ထိုလူနာမှာလည်း သွေးမတိတ် ရောဂါသည် တစ်ဦး ဖြစ်ပြီး သွေးခဲစေသည့် ထိုးဆေးများကို မကြာခဏ ထိုးရကြောင်းဖြင့် သတင်းတွင် ဖော်ပြထားသည်။

ဆေးပညာ မှတ်တမ်းများတွင် ထိုလူနာများ၏ အမည်များကို ဖော်ပြထားခြင်း မရှိပါ။ သို့ရာတွင် ထိုသွေးမတိတ် လူနာ သုံးယောက်၏ စွန့်လွှတ်အနစ်နာခံမှုကြောင့် ဆေးပညာ သမိုင်းသည် တစ်မျိုးတစ်ဖုံ ပြောင်းသွားခဲ့သည်ဟု ဒေါက်တာ ဂျင်းကာရန်က နောင်တွင် ပြောပြသည်။

စီဒီစီမှ လူကြီးများသည် ခပ်စောစောတုန်းက သူ့ စုံစမ်း စစ်ဆေးမှုများကို မိန်းမလျာကိစ္စ ဟု ခပ်ပေါ့ပေါ့ သဘောထားခဲ့ကြသည်။ ယခုအခါ သွေးမတိတ် ရောဂါရှင်သုံးဦး၏ ပြဿနာ ပေါ်လာသည့် အခါတွင်မူ စီဒီစီမှ လူကြီးများသည် ခပ်ပေါ့ပေါ့ သဘော မထားနိုင်ကြတော့။

အမေရိကန် ပြည်ထောင်စုတွင် သွေးမတိတ်ရောဂါ စွဲကပ်သူ ၂၀,၀၀၀

လောက် ရှိသည့်အပြင် တစ်နှစ်လျှင် လူပေါင်း ငါးသိန်းလောက်သည် သွေး သွင်း ကုသ နေကြရသည်။ ထို့ကြောင့် ထိုရောဂါကို ဖြစ်စေသည့် တရားခံကို ဖော်ထုတ်ရေးသည် တစ်မျိုးသားလုံးနှင့် ချီ၍ အရေးကြီးသော ကိစ္စကြီးတစ်ရပ် ဖြစ်လာပြီဟု ဒေါက်တာ ဂျင်းကာရန် ယူဆသည်။

ထိုလုပ်ငန်းနှင့် အတူ အရေးတကြီး လုပ်စရာ အလုပ်တွေ တသီ တတန်းကြီး ပေါ်လာသည်။ ယင်းမှာ ထိုရောဂါကို စမ်းသပ်ရေး အတွက် နည်းလမ်း တစ်ခုကို တီထွင်ရမည်။ သွေးခြောက်နှင့် သွေးပစ္စည်း ထုတ်လုပ်ရေး လုပ်ငန်းများကို သေချာစွာ စစ်ဆေး ထိန်းချုပ်ရမည်။ ဗိုင်းရပ်စ်ပိုး တိုက်ဖျက် ရေး ပစ္စည်းများနှင့် ကုသရေးတို့ အတွက် နည်းလမ်းများ တီထွင်ရမည်။ နောက်ဆုံးတွင် ထိုရောဂါ ကာကွယ်ရေးအတွက် ကာကွယ်ဆေးများ တီထွင် ရမည်။

စီဒီစီမှ လူများသည် ထိုရောဂါ တိုက်ဖျက်ရေးကို အဆင့်သစ် တစ် ရပ်သို့ တိုးမြှင့်သည့် အနေဖြင့် ထိုရောဂါကို အမည်သစ် တစ်ခု ပေးလိုက်ကြ သည်။ ခပ်စောစောတုန်းက ထိုရောဂါကို (GRID = Gay Related Immune Deficiency) မိန်းမလျာနှင့် ပတ်သက်သည့် ကိုယ်ခံစွမ်းအားကျ ရောဂါဟု အမည် ပေးခဲ့ကြသည်။ သို့ရာတွင် မိန်းမလျာ အသိုက်အဝန်းက ထိုအမည်နှင့် ပတ်သက်၍ မကျေမနပ် ဖြစ်နေကြသည့်အတွက် ယင်းကို အေအိုင်ဒီအက်စ် 'ကိုယ်ခံ စွမ်းအားကျ ရောဂါ' (AIDS = Acquired immunodeficiency syndrome) ဟု အမည် ကင်ပွန်းတပ် လိုက်ကြသည်။

ထို စာလုံး လေးလုံးသည် ယခု ထောင်စုနှစ် အကုန်တွင် ကျိန်စာ တစ်ခုလို ကမ္ဘာတွင် ပဲ့တင် ထပ်နေတော့မည်။

[ ၂၃ ]

**မေတ္တာ နှောင်ကြိုး ထဲက ကွင်းဆက်များ။**

**အင်းတွပ်မြို့၊ ဘယ်လ်ဂျီယန်ပြည်။**

**၁၉၈၂ ခုနှစ် ဆောင်းရာသီ။**

သူသည် လုပ ချောမော၍ ငယ်ရွယ် နုနယ်သော မိန်းမပျို တစ်ဦး ဖြစ်သည်။ စည်းစိမ်ဥစ္စာကလည်း လိုလေသေး မရှိ။ ရွှေရောင် အနာဂတ်ကို ပိုင်ဆိုင်မည့်

အလားအလာတွေ အကုန်ရှိသည်။

ဘယ်လ်ဂျီယန် ဆိပ်ကမ်းမြို့ ဖြစ်သည့် အင်းတွပ်မြို့မှ လူချမ်းသာ တစ်ဦး၏ သမီး ဖြစ်ပြီး ပန်းချီကျော် ရူဘင် ရေးဆွဲလေ့ရှိသည့် ကဗ္ဗီပါ ခန်းဆောင်မျိုးတွင် ကြီးပြင်း လူလားမြောက်ခဲ့သည်။

အရပ်မြင့်မြင့် ကိုယ်လုံးသွယ်သွယ်သည် ကနုကမာခွံရောင် တောက် နေသည့် မျက်လုံးပြာပြာ တစ်စုံကြောင့် ဝင်းပနေသော မျက်နှာနှင့် လိုက် လျောသည်။ အသက် ၁၈ နှစ် အရွယ်ရောက်သည့် အခါတွင် ဘယ်လ်ဂျီယန် တစ်ပြည်လုံးတွင် သူ့ကို လက်ထပ်ချင်သူတွေ မရေတွက်နိုင်။ သူ့အလှနှင့် သူ့ဂုဏ်သည် လူတစ်ယောက်ကို မူးဝေလောက်သည်။

သို့ရာတွင် သူနှင့် ရွယ်တူတွေက ရွှေမင်းသားလေး တစ်ပါး၏ရင်ကို မှီ၍ တွဲက နေကြချိန် သို့မဟုတ်လျှင်လည်း ပြင်သစ် ရီဗီယားရားသို့ သွား၍ စည်းစိမ် ခံနေကြချိန်၌ ဂျက်ကလင်း ဒီဒက်ကားသည် နေ့တိုင်း ဘုရားရှိခိုး ကျောင်း တစ်ကျောင်းသို့ သွားကာ အခန်းကို အလုံပိတ်ပြီး တရားထိုင်နေ တတ်သည်။

ထိုသို့ တရားထိုင်နေစဉ် အမြင်တစ်ခုကို သူ ရသည်။ သာသနာ့ ဘောင်တွင်းသို့ ဝင်ရောက်ကာ အိန္ဒိယပြည်သို့ သွားပြီး သူဆင်းရဲများ၊ အနာကြီး ရောဂါသည်များကို ပြုစုစောင့်ရှောက်ရန် သူ့ကို ဘုရားသခင်က စေခိုင်းနေသည်ဟု သူ ခံစားရသည်။

၁၉၃၉ ခုနှစ် တစ်နေ့တွင် ဂျက်ကလင်းသည် အထုပ်အပိုးကို ပြင်ကာ မြို့ရှိ မယ်တော် မာရီ၏ သီလရှင် ကျောင်းတိုက်သို့ ရောက်လာခဲ့သည်။ ကျောင်းတိုက်မှ သီလရှင်များမှာ ဂျက်ကလင်းလို အမျိုးသမီး တစ်ယောက် သာသနာ့ဘောင် အတွင်းသို့ ဝင်ရောက်လာသည်ကို ဝမ်းသာအားရ ဖြစ်ကာ စားကောင်း သောက်ဖွယ်တို့ကို ချက်ပြုတ်၍ ညှော်ခံကြသည်။

သို့ရာတွင် သူ့ကို ဖောက်ကျွေးသည့် ငါးသေတ္တာဘူးမှာ သံချေးတက် နေသည်။ ဂျက်ကလင်းသည် ထိုညက သေမလောက် ခံစားလိုက်ရသည်။ ထိုသို့ အစာ အဆိပ် ဖြစ်ခြင်းသည် သူ့အတွက် နိမိတ်မကောင်းဟု ယူဆကာ မနက်လင်းသည်နှင့် ဂျက်ကလင်းသည် သီလရှင် တိုက်အုပ်ဆရာကြီး ထံသို့ ခွာတ်ဆွဲ လာခဲ့ကာ အိမ်သို့ ပြန်တော့မည်ဟု ပြောသည်။

'အစတုန်းကတော့ သာသနာ့ဘောင်ကို ဝင်၊ အိန္ဒိယပြည်ကို သွားပြီး အနာကြီး ရောဂါသည်တွေ၊ ဆင်းရဲသားတွေကို ပြုစု စောင့်ရှောက်မယ်လို့

လာခဲ့တာပါပဲ ဆရာကြီး၊ ဒါပေမယ့် ခုတော့ သာသနာ့ဘောင် မဝင်တော့ပါဘူး၊ ဝတ်ကြောင်နှင့်ပဲ နေပါကော့မယ်'

ထိုစဉ်က အိန္ဒိယ လူမျိုး ခရစ်ယာန် ဘုန်းကြီးတစ်ပါး၏ ဘယ်လ်ဂျီယန် မိတ်ဆွေတစ်ဦးက အိန္ဒိယပြည် တောင်ပိုင်း တမီးနိုင်ဒူး ပြည်နယ်တွင် ဆေးဝါးကုသရေးနှင့် ပရဟိတ အဖွဲ့ကလေး တစ်ခု ထူထောင်ရန် ဘယ်လ်ဂျီယန်တွင် စေတနာ့ဝန်ထမ်း ဥပါသကာများကို စုနေသည်။ ယခုဆိုလျှင် အင်းတွပ်မြို့မှ အမျိုးသမီးငယ် ခုနစ်ဦးတို့ စာရင်း ပေးထားကြပြီးပြီ။ ဂျက်ကလင်းသည် သူတို့နှင့် အတူ လိုက်ရန် စာရင်းပေးလိုက်သည်။

ထိုစဉ် ဟစ်တလာ၏ တင့်ကားကြီးများက ဥရောပကို ဝင်ရောက်တိုက်ခိုက်ကြသဖြင့် သူ၏ လှပသော အိပ်မက်ကလေးသည် ပျက်ပြယ်သွားခဲ့သည်။

ဘယ်လ်ဂျီယန် ပြည်လေးသည်လည်း စစ်မြေပြင် ဖြစ်သွားခဲ့ရသည်။

ထိုစဉ် ဂျက်ကလင်းနှင့် သူ့အဖော်များသည် သူနာပြု သင်တန်းကို ဆင်းလာကြကာ ကြက်ခြေနီအဖွဲ့သို့ ဝင်ရောက်ခဲ့ကြသည်။

လေးနှစ်ကြာ ဗုံးဒဏ် စစ်ဒဏ်များနှင့် ဆေးရုံများတွင် တွေ့ရသော အတွေ့အကြုံများသည် သေဌေးလောင်းမလေး ဂျက်ကလင်းအား ပရဟိတ လုပ်ငန်းတွင် တွေ့ရမည့် စွန့်လွှတ်မှုများ အတွက် ပြင်ဆင်ပေးလိုက် သကဲ့သို့ ရှိသည်။

ဂျာမန်တို့ လက်အောက်မှ လွတ်မြောက် လာသည့်အခါ စစ်အတွင်းက ထူးချွန် ပြောင်မြောက်သော ဆောင်ရွက်မှုများကြောင့် ဂျက်ကလင်းသည် သူရဲကောင်းမလေး တစ်ဦး ဖြစ်လာခဲ့သည်။

ကြေးရတတ် မိဘများက ဝတ်ရုံဖြူနှင့် ဘွဲ့တံဆိပ်တွေ ဆင်မြန်းထားသည့် တမန်တော်မကလေးကို သူတို့သားများနှင့် လက်ဆက်ရန် သူ့မိဘများသို့ ချဉ်းကပ် ကမ်းလှမ်းကြသည်။ ဂျက်ကလင်းတွင် အိမ်ထောင်ပြုလိုစိတ် မရှိတော့ပြီ။

သူနှင့်အတူ အိန္ဒိယသို့ သွားပြီး ပရဟိတ လုပ်ငန်း လုပ်မည်ဟု စာရင်းပေးထားသော အမျိုးသမီးငယ်တို့၏ ရည်ရွယ်ချက်လည်း စစ်ကြီးကြောင့် အကောင်အထည် မပေါ်နိုင်တော့ပြီ။ ယင်းတို့အနက် အချို့မှာ ဗုံးဒဏ်ကြောင့် သေဆုံးသွားခဲ့ပြီး တစ်ယောက်မှာ သီလရှင် ဝတ်သွားသည်။ အခြားသူများလည်း အိမ်ထောင် ကျသွားခဲ့သည်။ သူတို့ အထဲတွင် စွန့်စားမှု

ကြီးကို လုပ်ရန် ဆို၍ ဂျက်ကလင်း တစ်ယောက်သာ ကျန်တော့သည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ တစ်ရက်နေ့တွင် ဂျက်ကလင်းသည် သင်္ဘော တစ်စင်းဖြင့် မဒရပ်သို့ ထွက်လာခဲ့သည်။ မဒရပ်သို့ ရောက်သည့် အခါတွင် သူတို့အား အိန္ဒိယသို့လာရန် ဖိတ်ခေါ်ခဲ့သည့် ဘုန်းကြီးမှာလည်း သူ အင်းတွပ်မှ ထွက်လာသည့် နေ့မှာပင် ကွယ်လွန်သွားကြောင်း သိရသည်။ အိန္ဒိယပြည်တွင် တစ်ယောက်မျှ အသိအကျွမ်း မရှိ။

ဂျက်ကလင်းသည် ချည်ဆာရီကို ဝတ်ကာ မဒရပ်နှင့် မနီးမဝေးတွင် ရှိသည့် ရွာလေး တစ်ရွာမှ ဆေးပေးခန်းတွင် ဝင် အလုပ် လုပ်ရသည်။ စားတော့ ထမင်းနှင့် ပဲပြုတ်၊ လက်ဖက်ရည်တို့ကို စားသောက်ရသည်။ ကြွက်တွေ၊ ပိုးဟပ်တွေ တရုန်းရုန်း ဖြစ်နေသည့် သစ်သားအိမ်ကလေး တစ်လုံးထဲရှိ သံမံတလင်းတွင် အိပ်ရသည်။ သူ့အနီး ပတ်ဝန်းကျင် ကျေးရွာများတွင် ဥရောပ လူမျိုးရယ်လို့ တစ်ယောက်မျှ မရှိ။

ထိုရွာကလေးတွင် သူသည် အနာကြီး ရောဂါသည်များ၊ အဆုတ် ရောဂါသည်များကို ပြုစုရသည်။ တော်တော်လေး ဆင်းရဲ ကြမ်းတမ်းသည့် အလုပ်သင်ဘဝ ဖြစ်သည်။

တစ်ခါတစ်ရံတွင် သူတို့ အရပ်တွင် လာနေသည့် ဥရောပတိုက်သူ သည် တန်ခိုး ပြာဋိဟာများကို မပြတတ်၊ ရောဂါကို ပျောက်အောင် မကုနိုင် ဟုဆိုကာ ရန်ပြုခံရသည့် အခါတွေလည်း ရှိသေးသည်။ နှစ်နှစ် တိုင်တိုင် ဆင်းဆင်းရဲရဲ နေခဲ့ရသည်။ တစ်နေ့တွင်မူ ဂျက်ကလင်းသည် ဘုန်းတော်ကြီး တစ်ပါးထံတွင် တရားယူရန် အတွက် မြောင်းပေါင်များ အတိုင်း လျှောက်၍ မဒရပ်သို့ ခြေကျင်လာခဲ့သည်။ မဒရပ်တွင် သူ့လိုပင် ဥရောပတိုက်သူ တစ်ယောက် ကာလကတ္တားတွင် ရှိနေကြောင်း၊ တောရွာများရှိ ဆင်းရဲသား များကို ဆေးဝါး ကုသ ပေးနေကြောင်း၊ ကလေးငယ်များကို စာသင် ပေးနေ ကြောင်းဖြင့် သာသနာပြု ဆရာ တစ်ဦးထံမှ သတင်းရသည်။

နှစ်ရက် အကြာတွင် ဘယ်လ်ဂျီယန် သီလရှင် တစ်ဦး ဖြစ်သူ ဂျက် ကလင်းသည် တတိယတန်း ရထားတွဲ တစ်တွဲပေါ်သို့ တက်ကာ ကာလ ကတ္တားသို့ ထွက်လာခဲ့သည်။

ရက်ပေါင်းများစွာ ကြာသည့်အခါ ဂျက်ကလင်းသည် ပတ္တနားတွင် အမေရိကန် ဆေးအဖွဲ့ တစ်ဖွဲ့နှင့် အတူ ရောက်နေသော သူ လိုက်လံ ရှာဖွေ နေသည့် အမျိုးသမီးကို သွားတွေ့သည်။

နောင်တွင် သီလရှင်/ဆရာကြီး ထရီဇာဟု ဖြစ်လာမည့် အမျိုးသမီးသည် ထိုအချိန်က ပတ္တနားတွင် လာ၍ ရှေးဦးသူနာပြု အတတ်နှင့် ပြုစုကုသနည်းကို သင်တန်း တက်နေခြင်း ဖြစ်သည်။

အသက် ၃၈ နှစ်သာ ရှိသေးသည့် သေးသေးညှက်ညှက်နှင့် အမျိုးသမီးသည် အိန္ဒိယပြည်တွင် ရောက်နေသည်မှာ ၁၉ နှစ် ရှိလေပြီ။ ထိုစဉ်က အယ်ဘေးနီးယား ပြည်ထဲတွင် ရှိသည့် စလော့ဂျီတွင် ချမ်းသာသည့် ကုန်သည်မိဘများမှ မွေးခဲ့သည့် အဂ္ဂနီစ် ဘိုဂျာလျူးသည် ငယ်ငယ်လေး ကတည်းက သာသနာ့ဘောင်သို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

အသက် ၁၈ နှစ် အရွယ်တွင် သူသည် သူ ကြည်ညိုလေးစားခဲ့သော မယ်တော်၏ အမည်ကို ယူကာ 'ထရီဇာ' ဆိုသည့် ဘွဲ့ကို ခံပြီး အိုင်းရစ်ဘရင်ဂျီ သာသနာသို့ ဝင်ခဲ့သည်။

၁၉၂၉ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် သီလရှင် ဆရာလေး ထရီဇာသည် ပင်လယ်ကူး သင်္ဘောကြီး တစ်စင်းဖြင့် ကာလကတ္တားမြို့သို့ ရောက်လာခဲ့သည်။ သူတို့ သာသနာတွင် ဝတ်ရသည့် ဝတ်ရုံနက်ကို ဝတ်ကာ သူသည် ဘင်္ဂလား အထက်တန်းလွှာ သားသမီးများကို စာသင်ပေးသည့် ပထဝီဝင်ပြ ဆရာမ အဖြစ် ၁၆ နှစ်တိုင်တိုင် လုပ်ခဲ့သည်။

၁၉၄၆ ခုနှစ် ဧွရာသီ အားလပ်ရက်တွင် ဒါဂျီလင်သို့ မီးရထားဖြင့် လာစဉ် ဘုရားသခင်၏ ခေါ်သံ တစ်ခုကို သူ ကြားခဲ့သည်။ ထိုခေါ်သံကြောင့် သူ့ဘဝသည် လုံးဝ ပြောင်းလဲသွားခဲ့သည်။

'အဲဒီ အသံဟာ ကျုပ်အဖို့ ဘုရားရဲ့ အမိန့်ပဲ၊ မယ်သီလရှင် ကျောင်းတိုက်မှာ နေရ ထိုင်ရတာက သက်သောင့်သက်သာ နိုင်လွန်းတယ်၊ သခင်ယေရှုရဲ့ လမ်းစဉ် အတိုင်း ဒီအနေအထိုင်တွေကို စွန့်လွှတ်ရမယ်၊ သခင်ယေရှုလို အဆင်းရဲတကာ့ အဆင်းရဲဆုံး လူတွေထဲမှာ သွားနေရမယ်၊ သူတို့ရဲ့ ရောဂါ ဝေဒနာတွေကို ပျောက်ကင်းအောင် ကုပေးရမယ်'

သီလရှင် ကျောင်းတိုက်မှ တိုက်အုပ် ဆရာကြီး၊ သာသနာပိုင်နှင့် အဆင့်ဆင့်သော သာသနာ ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များက သူ့အကြံကို စွန့်လွှတ်ရန် တိုက်တွန်းကြသည်။ ခေါ်သံကို ကြားရသည်ဆိုခြင်းမှာ အလုပ်ကြောင့်လည်းကောင်း၊ ရာသီဥတုကြောင့် လည်းကောင်း လွန်စွာ ပင်ပန်းနေသဖြင့် စိတ်က ထင်ခြင်းမျှသာ ဖြစ်နိုင်ကြောင်းဖြင့် ပြောကြသည်။ သို့ရာတွင် သူက လက်မခံ။

သီလရှင် ထရီဇာသည် ရောမရှိ သာသနာပိုင် ပုပ်ရဟန်း မင်းကြီး ထံသို့ ခွင့်ပန်သည်။ နှစ်နှစ် အကြာတွင် ရဟန်းမင်းကြီးထံမှ ခွင့်ပြုချက်ကို ရရှိသည်။

၁၉၄၆ ခုနှစ် ဩဂုတ်လ တစ်နေ့တွင် သီလရှင် ထရီဇာသည် ကျောင်း တိုက်ကို စွန့်ခွာကာ ဈေးအပေါဆုံး အညံ့ဆုံးသော ဆာရီ တစ်ထည်ကို ဝယ် သည်။ အမေရိကန် သာသနာပြုများ၏ ဆေးခန်းသို့ သွားသည်။ ပထမဆုံး သူ အမှုထမ်းစဉ်က အတွေ့အကြုံများမှာမူ များစွာ လှပခြင်း မရှိ။ သီလရှင် ထရီဇာသည် သွေးကို မြင်သည်နှင့် မူးမေ့ လဲကျသွားသည်။ သို့ရာတွင် သူ၏ အဓိဋ္ဌာန်နှင့် စေတနာတို့ကြောင့် အပင်ပန်းဆုံး အလုပ်များကိုပင် လုပ်နိုင် လာခဲ့သည်။

သီလရှင် ဂျက်ကလင်းသည် ထိုအချိန်တွင် သီလရှင် ထရီဇာကို တွေ့ရခြင်း ဖြစ်သည်။ သူတို့နှစ်ဦး တွေ့ဆုံပုံကို သူတို့ တစ်သက်တွင် မမေ့နိုင်။ သူတို့ နှစ်ယောက်တွင် ပြောစရာ စကားတွေ အများကြီး ရှိသည်။ ခွဲဝေ ခံစားစရာ အတွေ့အကြုံတွေ အများကြီး ရှိသည်။ မဒရပ်နယ်က လယ် သမားတွေ ကြားတွင် ဆင်းဆင်းရဲရဲဖြင့် နေခဲ့သည့် သီလရှင် ဂျက်ကလင်း၏ အတွေ့အကြုံသည် သူ့အဖို့ အသစ်အဆန်း ဖြစ်နေသည်။

သီလရှင် ထရီဇာက သူ့စိတ်ကူးကို ပြောပြသည်။ အဆင်းရဲတကာ့ အဆင်းရဲဆုံး လူများအား ကူညီရေးအတွက် ဘာသာရေး အဖွဲ့အစည်းတစ်ခု ထူထောင်ရန် ဖြစ်သည်။ မိမိကဲ့သို့ ဆင်းရဲသားများကို ကူညီလိုသူများ အားလည်း သူ့အဖွဲ့အစည်းတွင် လက်ခံမည်။ သူ့တပည့်ဟောင်း အချို့က သူတို့လည်း ပါဝင်မည်ဟု ကတိပေးကြသည်။

ထိုသို့ ပြင်ဆင်နေစဉ် ထိုအဖွဲ့၏ စည်းမျဉ်း စည်းကမ်းများကို ရေး ဆွဲကာ ရောမရှိ ပုပ်ရဟန်းမင်းကြီးထံ တင်ပြမည်။ ပုပ်ရဟန်းမင်းကြီးက သူတည်ထောင်မည့် သာသနာ့ ကျောင်းတိုက်ကို ပြန်တမ်းထုတ်၍ အတည်ပြု ပေးလိမ့်မည်ဟုလည်း မျှော်လင့်ထားသည်။ သူ၏ ဒါနဝေပုလ္လ ကျောင်းတိုက် သည် ဖြိုးခြိုးခြင်း၊ အကျင့်ဖြူစင်ခြင်း၊ တရားတော်ကို သစ္စာရှိခြင်း စသည့် သီလရှင် ကျောင်းတိုက်တို့ လိုက်နာမြဲ သီလသုံးပါး အပြင် စတုတ္ထ သီလ အဖြစ် အဆင်းရဲတကာ့ အဆင်းရဲဆုံး သူများကိုလည်း စိတ်ရော ကိုယ်ပါ ကူညီ စောင့်ရှောက်မည် ဆိုသည့် သီလ တစ်ပါးကိုလည်း ထပ်၍ ဖြည့်စွက် ထားသည်။

ထို ကျောင်းတိုက်တွင် သူလည်း လာ၍ အလုပ် လုပ်မည်ဟု ဂျက်ကလင်းက ကတိပေးသည်။ တကယ်လည်း သူသည် သီလရှင် ထရီဇာ၏ ပထမဆုံး အဖော် ဖြစ်ဖို့ ရှိသည်။ သို့ရာတွင် ကံကြမ္မာက တစ်မျိုးတစ်ဖုံ ဖန်လာခဲ့သည်။ သီလရှင် ထရီဇာနှင့် အတူ ကာလကတ္တားသို့ လိုက်သွားမည် ပြုစဉ် ဂျက်ကလင်းသည် ကျောရိုးက မခံမရပ်နိုင်အောင် နာလာကာ အိပ်ရာ ပေါ် လဲခဲ့သည်။ သူ အသက် ၁၅ နှစ်သမီး ရေကူးကန်ထဲတွင် ဒိုင်ဗင် ထိုးစဉ်က ရခဲ့သော ဒဏ်ရာဟောင်း ပြန်ပေါ်ခြင်း ဖြစ်သည်။

ကြပ်မတ် ကုသသည့်တိုင် ရောဂါမှာ သက်သာသည် ဟူ၍ မရှိဘဲ သေကောင်ပေါင်းလဲ ဖြစ်ခဲ့သည်။ နောက်ဆုံးတွင် ဆိုင်ရာတို့က သူ့ကို ဘယ်လ်ဂျီယန်သို့ ပြန်ပို့လိုက်ကြသည်။

မိမိ နေကောင်းသည်နှင့် ကာလကတ္တားသို့ ပြန်လာကာ အလုပ် အတူတူ လုပ်မည်ဟု သီလရှင် ထရီဇာကို သူ ကတိ ပေးခဲ့သည်။ သဘော်ပေါ်တွင် သူ့ရည်ရွယ်ချက် မအောင်မမြင် ဖြစ်ခဲ့သည့် အတွက် သီလရှင် ဂျက်ကလင်းသည် အကြီးအကျယ် စိတ်ဓာတ်ကျကာ သဘော်ပေါ်မှ ခုန်ချရန် တစ်ကြိမ်မက စဉ်းစားခဲ့သည်။

'ငါဟာ လောကကြီး အတွက် ဘာမှ အသုံးမကျတော့ဘူး၊ သတ်သေဖို့ပဲ ကောင်းတော့တယ်၊ ငါ့ကို ဘုရားသခင်က အိန္ဒိယကို ခေါ်ခဲ့တယ်၊ ဒါပေမယ့် ငါက သင်္ဘောဖောက်ပြီး ပြန်လာခဲ့တယ်၊ ငါဟာ ဘုရားကိုသာ ရှိခိုးနေပေမယ့် ငါ့မှာ ဘုရားကြိုက်တဲ့ အလုပ်တွေကို မလုပ်နိုင်တော့ဘူး၊ မကျင့်နိုင်တော့ဘူး၊ ငါဟာ လူ့လောကမှာ ကောင်းကျိုးကို ပြုနိုင်တဲ့ ပါရမီ ရှိသေးရင်တော့ ဘုရားက ငါ့ကို နိမိတ် ပြဦးမှာပဲ' ဟု တစ်ယောက်တည်း ပြောမိသည်။

သီလရှင် ဂျက်ကလင်းသည် သူ့ရောဂါ အတွက် ဆေးရုံ များစွာကို လှည့်ပတ်တက်ရင်း ထိုနိမိတ်ကို စောင့်သည်။

ဆရာဝန်များက သူ့ကို ခွဲစိတ်မှု အကြိမ်ပေါင်း များစွာ လုပ်သည်။ သွက်ချာပါဒ လိုက်မသွားစေရန် ၁၅ ကြိမ်တိုင်တိုင် အသားကို လှီးဖြတ်ပြီး ဆက်သည့်နည်းဖြင့် ကုသည်။ နာကျင်သည့် ဝေဒနာ ပြင်းစွာ ခံခဲ့ရသည်။ နောက်ဆုံး၌ သီလရှင် ဂျက်ကလင်းသည် လည်ကုပ်မှသည် ခါးအထိ ပလာစတာ ကိုင်ထားရကာ အိပ်ရာပေါ်တွင် ပက်လက် နေရသည့် အခြေသို့ ရောက်သွားခဲ့သည်။

မိမိသည် အိန္ဒိယပြည်သို့ မည်သည့်အခါမျှ ပြန်သွားနိုင်မည် မဟုတ်၊ မိတ်ဆွေ သီလရှင် ထရီဇာနှင့် အတူ ကုသိုလ် လုပ်ငန်းများကို လုပ်နိုင်တော့မည် မဟုတ်ဟု တွေးမိတိုင်း ကြီးစွာ စိတ်ဆင်းရဲခြင်း ဖြစ်ရသည်။

မကြာခင်တွင် အပြာရောင် လေယာဉ်စာအိတ်လေး တစ်လုံး ရောက်လာသည်။ ထိုစာမှာ သီလရှင် ထရီဇာထံမှ ဖြစ်ပြီး စာထဲတွင် ကာလကတ္တားတွင် ရှိသည့် ဒါနဝေပုလ္လ ကျောင်းတိုက်မျိုးကို ကမ္ဘာ အနံ့တွင် ထူထောင်လိုကြောင်း၊ ထိုကျောင်းတိုက်များ တည်ထောင်ရန် စိတ်ကူးကြောင်းဖြင့် ဖော်ပြထားသည်။

ဆရာလေး ဝမ်းသာမယ့် အကြံတစ်ခုကို ပြောပြချင်ပါသည်။ ယင်းမှာ ဘယ်လ်ဂျီယန်မှ နေ၍ ဒါန လုပ်ငန်းများကို လုပ်ကိုင်ရန် ဖြစ်ပါသည်။ ဤသို့ဖြင့် ဆရာလေးနှင့် ကျွန်ုပ်တို့ အမြွှာ ညီအစ်မများ သဖွယ် အတူ လုပ်ကိုင်ကြရန် ဖြစ် ပါ သည်။ ကိုယ်ခန္ဓာက ဘယ်လ်ဂျီယန်တွင် ရှိနေသော်လည်း ဝိညာဉ်က အိန္ဒိယတွင် ရှိသည့် သဘောပင် ဖြစ်ပါသည်။ ဆရာလေး၏ ဆုတောင်းပဏ္ဏာနှင့် ဆရာလေး၏ ဒုက္ခ ဆင်းရဲတို့ကို ကာလကတ္တားရှိ သူဆင်းရဲများအား ခွဲဝေ ခံစားစေခြင်းသည် ကျွန်ုပ်တို့၏ လုပ်ငန်းကို ကူညီခြင်းနှင့် အတူတူပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့တွင် သင်၏ မေတ္တာ စေတနာ နှင့် ဒုက္ခ ဝေဒနာများကို လိုပါသည်။ ကျွန်ုပ်တို့နှင့် အတူ မျှဝေ ခံစားစေနိုင်ရန် ကျွန်ုပ်တို့နှင့် အတူ သင်၏ဝိညာဉ် ရှိဖို့ လိုပါသည်။

ယင်းမှာ သူ စောင့်ဆိုင်းနေသော နိမိတ် ဖြစ်သည်။ သီလရှင် ဂျက်ကလင်းသည် သီလရှင် ထရီဇာ၏ မေတ္တာရပ်ခံချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံ ရုံမျှမက ဤဆုတောင်း မေတ္တာမျိုးနှင့် ခွဲဝေ ခံစားမှုမျိုးကို ခံယူရန် အခြားသော မသန်မစွမ်း ဒုက္ခိတများကိုလည်း စုဆောင်းပေးရန် ကတိ ပေးလိုက်သည်။

ဤသည်မှာ ခရစ်ယာန် ဘာသာ၏ နှစ်ပါးသော ဂမ္ဘီရ တရား ဖြစ်သည်။ ဒုက္ခ ဝေဒနာကို ဥပေက္ခာ ရှုနိုင်ခြင်းနှင့် သူတော်စင်တို့နှင့် နာမ်ဓာတ် ပေါင်းစည်း ညီညွတ်ခြင်းတရား ဖြစ်သည်။

ယင်းမှာ သီလရှင် ထရီဇာ၏ နာမကျန်းသူနှင့် ဒုက္ခဝေဒနာ ခံစားရှုသူတို့၏ သဟာယ နှောင်ကြိုး အယူအဆ ဖြစ်သည်။ ထိုနှောင်ကြိုးသည် တစ်နေ့တွင် ကမ္ဘာကြီးအား စိပ်ပုတီးဖြင့် ပတ်သကဲ့သို့ ပတ်မိမည်ဟု

သီလရှင် ထရီဇာ ယုံကြည်သည်။

ဤသို့ဖြင့် ကိုယ်ခန္ဓာအားဖြင့် ဆင်းရဲဒုက္ခ ရောက်လျက်ရှိကာ မသန်စွမ်းသူ ၂၇ ဦးတို့၏ နှောင်ကြိုးကို စတင် ထုံးဖွဲ့မိသည်။ ထို ၂၇ ဦးတို့သည် မိမိတို့ ကိုယ်ခန္ဓာ ဆင်းရဲဒုက္ခကို ဇီဝိတဒါန အတွက် လှူဒါန်းခဲ့ကြသည်။ ထို ၂၇ ဦးတို့ အနက် ၂၅ ဦးတို့မှာ အိန္ဒိယတိုင်းသူ သီလရှင်များ ဖြစ်ပြီး နှစ်ဦးတို့မှာ သီလရှင် ထရီဇာနှင့် အတူ ကာလကတ္တားသို့ လိုက်လာခဲ့ကြသည့် ဥရောပတိုက်သူ သီလရှင် နှစ်ဦး ဖြစ်သည်။ နှောင် နှစ်ပေါင်း ၃၀ ခန့် အကြာတွင်မူ မိမိတို့၏ ကိုယ်ခန္ဓာ ဆင်းရဲကို အခြားသော သူတို့အတွက် ဇီဝိတ ဒါနအဖြစ် ပေးလှူသူ ထောင်ပေါင်းများစွာ ပေါ်ပေါက် လာခဲ့ကြသည်။

ယခုဆိုလျှင် သီလရှင် ဂျက်ကလင်းသည် အသက် ကြီးလှပြီ။ သူကိုယ်တိုင်မှာလည်း ယခုတိုင် ပလာစတာ ကိုင်ထားရကာ အိပ်ရာပေါ်မှာပင် လှဲနေရသေးသည်။ သို့တိုင် သီလရှင် ဂျက်ကလင်းသည် အင်းတွပ်မြို့ ဆင်ခြေဖုံးရှိ သူ့ အခန်းမှနေ၍ ကမ္ဘာ အရပ်ရပ်ရှိ ဆင်းရဲဒုက္ခ ရောက်သူ၊ ဝေဒနာ ခံစားရသူတို့ထံမှ မိမိတို့၏ ဒုက္ခ ဝေဒနာကို မျှဝေ ခံစားစေလိုသော သူတို့၏ စာများကို ရရှိနေသည်။ ထိုစာအိတ်များပေါ်တွင် ကမ္ဘာ အရပ်ရပ်ရှိ စာတိုက် တံဆိပ်များကို ရိုက်နှိပ်ထားသည်။

၁၉၈၂ ခုနှစ် ဆောင်းရာသီ တစ်နေ့၌ သီလရှင် ဂျက်ကလင်းသည် ဂျေရုဆလင် စာတိုက်တံဆိပ်ဖြင့် စာတစ်စောင်ကို ဖတ်ရှုပြီးနောက် စိတ်လှုပ်ရှားသွားသည်။

ဘုန်းတော်ကြီး မာလုသည် သူကိုယ်တိုင် စာမရေးနိုင်သဖြင့် မိတ်ဆွေ တစ်ဦး၏ အကူအညီဖြင့် ရေးလိုက်သောစာ ဖြစ်သည်။

ဆရာလေး ဂျက်ကလင်း။

နှင်းဆီပန်း တစ်ပွင့် လှပလာစေဖို့ အတွက် တစ်ခါတစ်ရံတွင် နှင်းဆီချုံမှ အကိုင်းအခက်တို့ကို ခွန့်ပစ် ခုတ်ထွင်ရသည်ဟု ပြောလေ့ရှိကြပါသည်။ ကျွန်ုပ်မှာမူ ငြမ်းစင်ပေါ်မှ လိမ့်ကျသည့် ဒဏ်ရာကြောင့် တစ်သက်လုံး ဒုက္ခိတကြီး ဖြစ်ကာ ကျွန်ုပ် ကိုယ်တွင်းရှိ နှင်းဆီ အညွန့် အညှောက်တို့သည် ဖူးပွင့်နိုင်ခြင်း မရှိတော့ပါ။

ထိုမျှမက တစ်ခါတစ်ရံတွင် ကျွန်ုပ်သည် ကိုယ့်အဖြစ် ကိုယ်တွေး၍ နာကြည်း လွန်းလှသဖြင့် အော်ဟစ်ဆူပူ ကြိမ်းမောင်းခြင်း၊ ရန်ရှာခြင်းတို့ကို ပြုလုပ်မိပါသည်။ ကျွန်ုပ်၏ ပတ်လည်တွင် ဒုက္ခဝေဒနာ ခံစား နေရသူတွေ အသင်္ချေ အနန္တမတတ္တ ရှိသည့်တိုင် ကိုယ့်ကိုယ်ကိုယ် တရားဖြင့် မဖြေနိုင်အောင် ဖြစ်ခဲ့ရပါသည်။

သို့ရာတွင် ကျွန်ုပ် ဆေးရုံ တက်နေစဉ်က ကျွန်ုပ် ခုတင် အနီးသို့ ဘီးတပ် ကုလားထိုင်လေးဖြင့် ရောက်လာသည့် အစွရေး ဒုက္ခိတသူငယ်မလေး တစ်ယောက်ကို မြင်တွေ့လိုက်သည့် အချိန်မှ စ၍ ကျွန်ုပ်တွင် မျှော်လင့်ချက်များ ပေါ်ပေါက် လာခဲ့ပါသည်။

သူငယ်မလေးက ကျွန်ုပ်အား 'ဘဝ ရှင်သန်ရေး အတွက်' ဟု ဆုတောင်း၍ စပျစ်ရည် တစ်ခွက် တိုက်ခဲ့ပါသည်။ သူ့ကြောင့် ကျွန်ုပ်မှာ နာကြည်းစိတ်တွေ ပျောက်သွားကာ အလင်း ရလာခဲ့ပါသည်။ အားလျော့ စိတ်ကို စွန့်ပစ်လိုက်ကာ ကံအကြောင်းတရားကို တည်ငြိမ်စွာ လက်ခံရန် ဘဝတွင် ဖြစ်သမျှ အကြောင်းကို ဘုရား၏ အလိုတော်အရ ဖြစ်သည်ဟု ယူဆနိုင်ခဲ့ကာ ဝေဒနာကို ရှုလာနိုင်ခဲ့ပါသည်။

သို့ရာတွင် ဘုန်းကြီးကျောင်းသို့ ပြန်ရောက်သည့် အခါ၌ ကျွန်ုပ်သည် လောကစံ၏ ရိုက်ပုတ်ချက်များကို မခံမရပ်နိုင်အောင် ဖြစ်လာခဲ့ပြန်ပါသည်။ ဒေါသ ဘီလူး၏ မြားများသည် ကျွန်ုပ်ကို စူးဝင်ကြပြန်ပါသည်။ ဖန်ဆင်းရှင် ကိုယ်တော်ကို ဆန့်ကျင် ဖီဆန်ကြပြန်ပါသည်။

ကျွန်ုပ်၏ ပတ်ဝန်းကျင်တွင် ရှိသည့် ကျန်းမာ သန်စွမ်းသူများကို မနာလိုဝန်တို ဖြစ်မိပြန်ပါသည်။ ကျွန်ုပ် မစွမ်းမသန် ဖြစ်နေရသည့် အဖြစ်သည် သက်ရှင် လှုပ်ရှားနေသော အရာတိုင်းကို ဖီဆန်ကန့်ကွက်ကြပြန် ပါသည်။

မိမိ၏ အတ္တ အကျိုးကို ကြည့်ရန် တိုက်တွန်း လှုံ့ဆော် လာပြန်ပါသည်။ အခြား အရာဝတ္ထုများကို လျစ်လျူရှုကာ မိမိကိုယ်သာ အာရုံပြု စူးစိုက် နေမိပါသည်။

သို့ရာတွင် ကျွန်ုပ်သည် ထိုသို့သော ဒုစရိုက်ကို နှိမ်နင်း ဖျောက်ဖျက် လိုပါသည်။

ကျွန်ုပ်သည် သခင်ယေရှု ကားတိုင်ပေါ်တွင် ခံစားရသော ဝေဒနာတို့ကို နှလုံး သွင်းဖို့ ကြိုးစားပါသည်။ ထိုစဉ် ကျွန်ုပ်သည် အသံ

ကစ်ခုကို ကြားရပါသည်။

'သင့် ဝေဒနာတို့ကို ဖြန်းတီး မပစ်လေနှင့်၊ သင်သည် လှုပ်ရှား နိုင်ခြင်း မရှိတော့ပြီ၊ လူတို့၏ လုပ်ငန်း ဆောင်တာများတွင် ပါဝင် နိုင်ခြင်း မရှိတော့ပြီ။

'သို့ရာတွင် သင့်တွင် ထာဝရ ကိုယ်တော်အရှင် ရှိသည်၊ ကိုယ် တော် အရှင်နှင့် အတူ ကမ္ဘာကြီးကို ကယ်တင်လေ' ဆိုသည့်အသံ ဖြစ်ပါသည်။

ဘုန်းတော်ကြီး မာလုက တစ်နေ့တွင် သူ့ထံသို့ အမေရိကန် ရှေးဟောင်း သုတေသနသမား ပညာရှင်တစ်ဦး ရောက်လာကြောင်း၊ သူနှင့် အတူ ပါလာ သည့် LIFE မဂ္ဂဇင်းတွင် ကာလကတ္တားတွင် ရှိသည့် သီလရှင် ထရီဇာ အကြောင်းကို တွေ့ရကြောင်း၊ သီလရှင် ဆရာကြီးသည် ဒါနဝေပုလ္လ ကျောင်းတိုက်ကို တည်ထောင်ကာ ကမ္ဘာအဝန်းရှိ ထောင်ပေါင်းများစွာသော နာမကျန်း ဖြစ်သူနှင့် ဝေဒနာ ခံစားနေရသူတို့၏ သဟာယ နှောင်ကြိုးကို ဖွဲ့သည့် ဂိုဏ်းကို တည်ထောင်ထားကြောင်း၊ ထို့ကြောင့် သီလရှင် ဆရာကြီးထံ စာရေးခဲ့ကြောင်း၊ သီလရှင် ဆရာကြီးက 'ကိုယ်တော်သည် ခြေနှစ်ချောင်း နှင့် လုပ်နိုင်သည့် တပည့်တော်။ ထက်ပင် အိပ်ရာပေါ်မှ လုပ်နိုင်သည့် အရာတွေ အများကြီး ရှိသည်' ဟု စာပြန်ရေးခဲ့ကြောင်း၊ ဝေဒနာ ဟူသည် ကိုယ်ကျိုးစွန့်ခြင်းနှင့် သန့်စင် မြင့်မြတ်ခြင်းကို လေ့ကျင့် သင်ကြားပေးသည့် ကျောင်းတစ်ကျောင်း ဖြစ်ကြောင်း၊ ထိုဝေဒနာကို ကျော်လွှန်နိုင်အောင် ကြိုးစားသင့်ကြောင်း၊ ထိုဝေဒနာကို ဆုတောင်းကာ သီလရှင် တစ်ဦးဦးသို့ လှူသင့်ကြောင်းဖြင့် ရေးထားကြောင်းဖြင့် သူ့စာတွင် ဖော်ပြထားသည်။

သီလရှင် ဂျက်ကလင်းသည် ဘုန်းတော်ကြီး မာလု၏ စာကို နောက် တစ်ခေါက် ထပ်ဖတ်သည်။ ထို့နောက် အနီး ခုတင်ဘေးရှိ ဖိုင်တစ်ခုကို ထုတ်ကာ မကြာမီက သာသနာ့ဘောင်သို့ ဝင်ရောက်လာသော သီလရှင် များ၏ စာရင်းကို ကြည့်သည်။ ထိပ်ဆုံး စာရင်းတွင် သာသနာ့ဘောင်သို့ နောက်ဆုံး ဝင်ရောက်လာသော ဗာရာဏသီမှ အိန္ဒိယ တိုင်းသူ အမျိုးသမီး လေး၏ အမည်ကို တွေ့ရသည်။

ထိုအမျိုးသမီးလေးမှာ သာသနာ့ဘောင်သို့ ဝင်ရောက်လာပြီးနောက်

သီလရှင် ဆရာကြီး ထရီဇာ၏ ညွှန်ကြားချက်အရ ကာလကတ္တားရှိ သေအံ့ဆဲဆဲ လူနာများကို ပြုစုရသည့် တာဝန်ကို ယူရသည်။

လူမဆန်သည့် မြို့တော်ကြီး၏ လမ်းမများပေါ်တွင် သေကောင်ပေါင်းလဲ ဖြစ်နေသည့် လူမမာများကို ကောက်ယူလာကာ ပြုစု စောင့်ရှောက်သည်။ နောက်ဆုံး လွန်စွာ ကြမ်းတမ်း ပြင်းထန်သော ဘဝကို ဖြတ်သန်းခဲ့ရသဖြင့် ထိုမိန်းကလေးအဖို့ စိတ်ဓာတ်ဆိုင်ရာ အထောက်အကူ အများကြီး . လိုသည်။

သီလရှင် ဂျက်ကလင်းသည် ဘုန်းတော်ကြီး မာလု၏ အမည်ကို ထိုအိန္ဒိယ တိုင်းသူ၏ အမည်နှင့် ဆေးချင်းယှဉ်၍ မှတ်သား ထားလိုက်သည်။

ထို အိန္ဒိယ တိုင်းသူလေးအား သီလရှင် ဆရာကြီးက ခရစ်ယာန် အမည် မပေးတော့ဘဲ သူ့မိဘများ ပေးထားသည့် အမည်ဖြင့်ပင် သာသနာ့ ဘောင်သို့ ဝင်ခွင့်ပြုခဲ့သည်။

သူ့အမည်မှာ သီလရှင် ဆရာလေး အနန်ဒါ ဖြစ်ပါသည်။

[ ၂၄ ]
**အဆောက်အအုံ ၃၇ မှ ဂီတပညာရှင်များ။**
**ဘာသီးစ်ဒါး၊ အမေရိကန် ပြည်ထောင်စု။**
**၁၉၈၂ ခုနှစ် နွေရာသီ။**

ပူပြင်း အိုက်စပ်သည့် ဇူလိုင်လ တစ်မနက်၌ အရပ်မြင့်မြင့် ဆံပင် ဖရိုဖရဲ နှင့် လူငယ် တစ်ယောက်သည် ပါရီမှ ဘာသီးစ်ဒါး ပရိဝုဏ်သို့ အမောတကော ရောက်လာသည်။

သူ့တွင် ပြင်သစ် သိပ္ပံပညာဘက်ဆိုင်ရာ အာဏာပိုင်တို့ထံမှ လည်းကောင်း၊ သုတေသန သိပ္ပံပညာရှင်များထံမှ လည်းကောင်း၊ ဆရာဝန်အသင်းမှ လည်းကောင်း မည်သည့် ထောက်ခံချက်မှ ပါမလာ။ သူ့စိတ် သူ့သဘောနှင့် သူ လေယာဉ်ပျံပေါ် တက်လာကာ အတ္တလန္တိတ် သမုဒ္ဒရာကြီးကို ဖြတ်ကျော်ပြီး အမေရိကန် ပြည်ထောင်စုသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ကိစ္စမှာ လူ့ခန္ဓာကိုယ်တွင် ဝင်ရောက်သည့် ရက်ထရို ဗိုင်းရပ်စ်ပိုးကို ပထမဆုံး တွေ့ခဲ့သည့် ဒေါက်တာ ဂါလိုအား အေအိုင်ဒီအက်စ် ရောဂါ

တိုက်ဖျက်ရေးတွင် ခွန်တိုက် အားတိုက် ပါဝင်အောင် လာရောက် မေတ္တာရပ်ခံရန် ဖြစ်သည်။

နာမည်ကျော် ဆရာဝန် တစ်ဦး၏ သား ဖြစ်ပြီး အသက် ၃၃ နှစ်ရှိ ဒေါက်တာ ဂျက် လိုက်ဘိုးဝစ်သည် တစ်ခါတုန်းက ကာဘရေးကပွဲ အဆိုတော် လုပ်ခဲ့ဖူးသည်။ ရုပ်ရှင် သရုပ်ဆောင်လည်း လုပ်ခဲ့ဖူးသည်။ ထို့နောက်တွင် တေးဂီတ သံစုံတီးဝိုင်း ခေါင်းဆောင်အဖြစ် လုပ်ခဲ့ဖူးသည်။ ထို့နောက် သူ၏ ဂီတ ဝါသနာသည် ဆေးပညာဘက်သို့ အာရုံရောက်သွားသည်။

အသက် ၂၀ နှစ် အရွယ် ဆေးကျောင်း ဒုတိယနှစ် အရောက်တွင် သူ့မိဘများနှင့် ခင်မင်သည့် အမေရိကန် ဇီဝဗေဒ ပညာရှင် တစ်ဦးက နွေရာသီ ကျောင်းပိတ်ရက်တွင် အမေရိကန် ပြည်ထောင်စုသို့ အလည်လာရန် ခေါ်သည်။ အမေရိကန်သို့ အရောက်တွင် ဆေးပညာ သုတေသန လုပ်နေ ကြပုံကို သူ တွေ့မြင်သွားခဲ့သည်။ နေ့ပိုင်းတွင် သူသည် နယူးယောက် တက္ကသိုလ်မှ သုတေသန ဓာတ်ခွဲခန်းများ အဘို့က် ကြွက်များကို သတ်ကာ ကြွက်သည်းမှ ကလာပ်စည်းကလေးများကို ထုတ်ယူပေးရသည်။

ဂရင်းဝစ်ရွာ ဖိဂါရို ကဖေးတွင် လာရောက်ပြီး သူတို့ကို ပိုးပန်းနေသည့် ထိုပြင်သစ် ဆေးကျောင်းသားလေးသည် နေ့လယ်တွင် ကြွက်တွေ သတ်ခဲ့ရသည်ကို အမေရိကန်မလေးတွေ သိပင် သိမည်မဟုတ်။

'လူတွေကို ရောဂါ ပျောက်ကင်းအောင် ထိထိရောက်ရောက် ကုသပေးချင်တယ် ဆိုရင် အရာဝတ္ထုတွေ ဘယ်လို အလုပ်လုပ်တယ် ဆိုတာ ကောင်းကောင်း နားလည်ရမယ်၊ အထူးသဖြင့် သက်ရှိ ဇီဝရုပ်ရဲ့ လျှို့ဝှက်ချက်တွေကို နားလည်ရမယ်' ဟု ဒေါက်တာ ဂါလိုက ပြောဖူးသည်။

ဇီဝရုပ်၏ လျှို့ဝှက်ချက်တို့ကို နားလည်လိုလျှင် ကလာပ်စည်း ဇီဝဗေဒ ပညာရပ်ကို နားလည်ဖို့ လိုသည်။ ကလာပ်စည်း ဇီဝဗေဒ ပညာရပ်၏ သက်တမ်းသည် ဘာမျှမကြာသေး။ သူ့လိုပင် အရွယ် ရောက်စမျှသာ ရှိသေးသည်။

ဂျက်သည် ပါရီမှ ဆေးပညာ ဒေါက်တာဘွဲ့ကို ရခဲ့ပြီးနောက် အမေရိကန် ပြည်ထောင်စု ဟားဗတ် တက္ကသိုလ်သို့ သွားပြီး ဘွဲ့လွန်သင်တန်း တက်သည်။ ဟားဗတ် တက္ကသိုလ်တွင် တိရစ္ဆာန်တို့၏ ကလာပ်စည်းများကို မွေးမြူခြင်း၊ ချက်ပြုတ်ခြင်း၊ ပေါင်းခြင်း၊ ရောစပ်ခြင်း စသည့် အလုပ်များကို အန်ချင်စရာ ကောင်းလောက်အောင် နှစ်နှစ်တာမျှ လေ့လာရသည်။

ပြင်သစ်ပြည်သို့ ပြန်လာသည့်အခါ၌ ဂျက်သည် ရေမွှန်ပွန်ကာရေး တက္ကသိုလ် ဆေးရုံတွင် အင်မျူနိုလော်ဂျီ ခေါ် ကိုယ်ခံ စွမ်းအားဗေဒ ပညာရပ်ကို ပို့ချရသည်။

အမေရိကန် မိန်းမလျာ လူငယ်များတွင် ထူးဆန်းသည့် ကူးစက်ပြန့်ပွား ရောဂါ တစ်မျိုး ဆိုက်ရောက်နေသည်ဟု ကြားသည့်အခါ၌ လွန်ခဲ့သည့် နှစ် အနည်းငယ်ခန့် အတွင်းက သူ တွေ့ခဲ့ဖူးသည့် အလားတူ ရောဂါသည်များကို သူ သတိရလာသည်။ မှတ်မှတ်ရရ ဖိလစ် ပါစီရာ ဆိုသည့် ပေါ်တူဂီနွယ်ဖွား အလုပ်သမား တစ်ယောက် အကြောင်းကို သူ သတိရလာသည်။ အသက် ၃၇ နှစ်ရှိ ဖိလစ်သည် ထရပ်ကားမောင်းသမား တစ်ဦးဖြစ်ပြီး လစ္စဘွန်းတွင် နေထိုင်ခဲ့ဖူးသည်။ ၁၉၇၇ ခုနှစ် ဩဂုတ်လ (ယင်းမှာ လော့စ်အိန်ဂျလိစ်တွင် ဒေါက်တာ မိုက်ကယ် ပထမဆုံး လူနာကို မတွေ့မီ သုံးနှစ်ခွဲ အလို) တွင် သူ့လူနာမှာ ချောင်းခြောက်ဆိုးခြင်း၊ ကိုယ်ခန္ဓာ အနံ့အပြားတွင် အပိမ့်အကွက်များ ထွက်ခြင်း၊ ပါးစပ်နှင့် အစာအိမ် ပြွန်လမ်းကြောင်း နံရံများတွင် မှိုတက်ခြင်း စသည့် ထူးဆန်းသော ရောဂါလက္ခဏာချက်များကို တွေ့နေရကြောင်းဖြင့် သူ့အထက် ဆရာဝန်ကြီးများထံ သတင်းပို့ခဲ့သည်။

ထိုလက္ခဏာချက်များကို ကြည့်၍ ဒေါက်တာ ဂျက်နှင့် သူ့အဖော်များက ကပ်ပါးပိုးစွဲ နျူမိုးနီးယားဟု ရောဂါအမည် တပ်ခဲ့ကြသည်။ သို့ရာတွင် ရောဂါက ထိုမျှနှင့် မရပ်။ ဦးနောက်တွင် အနာများ ဖြစ်လာကာ အာရုံကြောနှင့် ပတ်သက်သည့် ကြားရောဂါများပါ ဝင်ရောက်လာခဲ့သည်။ လက္ခဏာချက် တစ်ခု ပြလာတိုင်း သူ့ကိုယ်ထဲမှ တီ-၄ ကလာပ်စည်းများသည် လျော့နည်း လိုက်လာကြသည်။ ဤသို့ဖြင့် ကိုယ်ခံစွမ်းအား စနစ်သည် တဖြည်းဖြည်း ပျက်စီး ချွတ်ယွင်းလာသည်ကို တွေ့ရသည်။

ထရပ် ကားမောင်းသမား ဖိလစ်သည် ဆေးရုံမှ ပြန်ဆင်းကာ သူ့နေရင်း တိုင်းပြည်သို့ ပြန်သွားသည်။ ဝေဒနာကို တစ်နှစ်ခန့် အပြင်းအထန် ခံစားပြီးနောက် ၁၉၈၀ ပြည့်နှစ် မတ်လ ၁၀ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။ ဖိလစ်၏ အဖြစ်အပျက်မှာ မကောင်းသည့် နိမိတ် ဖြစ်သည်။ သို့ရာတွင် ထိုစဉ်ကမူ ထိုအဖြစ်အပျက်ကို မည်သူမျှ သတိ မထားမိလိုက်ကြ။ ဒေါက်တာ ဂျက်ကမူ သူ့လူနာ၏ ရောဂါသည် အေအိုင်ဒီအက်စ်ပင် ဖြစ်ရမည်ဟု ယူဆသည်။

သို့ရာတွင် အမေရိကန် ပြည်ထောင်စုတွင် တရားဝင် မှတ်တမ်းတင်ထားသည့် ပထမဆုံးသော အေအိုင်ဒီအက်စ် ရောဂါ မှတ်တမ်းများလို သူ့လူနာမှာ မိန်းမလျာ မဟုတ်။ မူးယစ် ထုံထိုင်းဆေး သုံးသူလည်း မဟုတ်။ သွေးမတိတ် ရောဂါသည်လည်း မဟုတ်။ သို့ဖြစ်လျှင် ထိုရောဂါသည် မည်သို့မည်ပုံ သူ့ဆီသို့ ရောက်လာသနည်း။

ပါရီက ကိုယ်ခံ စွမ်းအားဗေဒ ပါရဂူ ဒေါက်တာ ဂျက် လိုက်ဘိုးဝစ်သည် သဲလွန်စကို လိုက်ရှာသည်။ သူ့လူနာ၏ ခရီးလမ်းကြောင်းကို ဇယားဆွဲကြည့်သည်။

ပြင်သစ်ပြည်သို့ လာရောက် အခြေ မချမီတုန်းက ဖိလစ် ပါစီရာသည် တဏ္ဍစီ ဒရိုင်ဘာ အဖြစ် မိုဇမ်ဘစ်နိုင်ငံ မြို့တော် မာပူတိုတွင် ငါးနှစ် နေခဲ့ဖူးသည်။

ထို့နောက် အင်ဂိုလာနိုင်ငံ မြို့တော် ရုဝမ်ဒါတွင် နေခဲ့သည်။ ထိုစဉ်က ထိုနိုင်ငံများသည် ပေါ်တူဂီ ကိုလိုနီ နိုင်ငံများအဖြစ် ရှိနေဆဲ ဖြစ်သည်။

သူ့ မှတ်တမ်းများကို ပြန်ရှာကြည့်သည့် အခါ၌ ထိုအချိန် တစ်ပိုက်လောက်တွင် ကူးစက်ရောဂါဖြင့် ပါရီတွင် သေဆုံးသွားခဲ့သော သူ့ အမျိုးသမီးလူနာ နှစ်ယောက်၏ မှတ်တမ်းကိုလည်း သွားတွေ့သည်။ သူတို့တွင်လည်း အမေရိကန် မိန်းမလျာများနှင့် တူသည့် ရောဂါ နောက်ကြောင်း ရာဇဝင်မျိုး မရှိ။ သို့ရာတွင် ပေါ်တူဂီ ဒရိုင်ဘာနှင့် တူသည့် အချက် တစ်ချက်ကိုတော့ သွားတွေ့သည်။

ယင်းမှာ သူတို့ နှစ်ယောက်စလုံးသည် အာဖရိက နိုင်ငံ တစ်ခု ဖြစ်သည့် ဇာယေးတွင် အတန်ကြာ နေခဲ့ဖူးသည် ဆိုသည့် အချက် ဖြစ်သည်။

အင်ဂိုလာ၊ မိုဇမ်ဘစ်၊ ဇာယေး။ ကမ္ဘာသစ် ဖြစ်သည့် အမေရိကတိုက်တွင် မဖြစ်မီ သုံးနှစ်လောက် ကတည်းက အာဖရိကတိုက်သည် ထိုကူးစက် ပြန့်ပွား ကပ်ရောဂါ၏ ပုခက် ဖြစ်နေပြီလော။

ထို အချိန်လောက်တွင် အာဖရိကန် လူမျိုးတို့တွင်လည်း (ဒေါက်တာ ဂါလို စတင် တွေ့ရှိခဲ့သည့်) အိတ်ချ်တီအယ်လ်ဗီ ဗိုင်းရပ်စ် ပွားစေသော ရက်ထရို ဗိုင်းရပ်စ်ပိုး ရှိနေပြီ ဆိုသည့် အချက်ကို သုတေသနများက တွေ့ရှိခဲ့ကြကြောင်းကို ဒေါက်တာ ဂျက် လိုက်ဘိုးဝစ် ကြားနေရသည်။

နောက် အဖြစ်အပျက် တစ်ခု ရှိသေးသည်။ ယင်းမှာ ၁၉၇၉ ခုနှစ်က ကာရစ်ဘီယံ ကမ်းခြေတွင် ကွယ်လွန်သွားသည့် ပြင်သစ်လူငယ် ဘူမိဗေဒ

ပညာရှင် တစ်ဦး၏ အဖြစ်အပျက် ဖြစ်သည်။

သူလည်း အာဖရိကတိုက်နှင့် အဆက်ရှိသူ ဖြစ်သည်။ ဘူမိဗေဒ ပညာရှင် ကလောဒီ ရာခွန်သည် အသက် ၂၄ နှစ်တွင် ချစ်သူနှင့် အိမ်ထောင်ကျခဲ့သည်။ သူ့မိန်းမမှ လွဲ၍ မည်သည့် မိန်းမကိုမျှ မတွေ့စဖူး။ နောင်တွင် သူသည် ပြင်သစ် ငြိမ်းချမ်းရေး တပ်ဖွဲ့နှင့် အတူ ဟေတီကျွန်းတွင် တာဝန်ကျသည်။ အားလပ်ရက်များ၌ သူတို့ ဇနီးမောင်နှံသည် အနောက် အိန္ဒိယ ကျွန်းစု တောတောင်များထဲသို့ လျှောက်လည်တတ်သည်။

တစ်နေ့ တောလမ်း တစ်လျှောက်တွင် မော်တော်ကားဖြင့် လာခဲ့စဉ် သူတို့ ကားဒရိုင်ဘာသည် ကားကို မထိန်းနိုင်ဘဲ သစ်ပင်ကြီး တစ်ပင်နှင့် ဝင်တိုက်မိသည်။ ဒဏ်ရာ ပြင်းထန်သဖြင့် ဆေးရုံသို့ တင်ရသည်။ သွေးသွင်းရသည်။ တိုင်းရင်းသားများ အပါအဝင် သွေးလှူအစု ရှစ်စုထံမှ သွေးရှစ်ကြိမ် သွင်းရသည်။ နောင် ၁၃ လ အကြာတွင် သူသည် ကွယ်လွန်သွားခဲ့သည်။

ဒေါက်တာ ဂျက် လိုက်ဘိုးဝစ်သည် ထို အချက်များကို ကြည့်၍ ယင်းမှာ ထူးဆန်းသော ရောဂါ တစ်မျိုး ဖြစ်ရမည်ဟု တွက်လိုက်သည်။

ထို့ကြောင့် ဘာသီးစ်ဒါးရှိ ဗိုင်းရပ်စ် ပိုးဗေဒ ပါရဂူ ဒေါက်တာ ဂါလို ကို တယ်လီဖုန်း ဆက်သည်။ ဒေါက်တာ ဂါလိုမှာ အပြင်သို့ ထွက်နေသည်။ ထို့ကြောင့် သူ့အတွင်းရေးမှူးထံသို့ သတင်းပို့ရသည်။ အတွင်းရေးမှူးသည် ပြင်သစ်ပြည်မှ ဒေါက်တာ ဂျက် ပို့သည့် လျှို့ဝှက်သင်္ကေတ ဆန်ဆန် စာလုံးများကို စာရွက်ပေါ်တွင် ရေးမှတ်ထားလိုက်သည်။

*'အာဖရိကတိုက်၊ ဟေတီ၊ လိင်စုံ ပေါင်းဖော်မှု၊ သွေး သွင်းခြင်း၊ အိတ်ချ်တီအယ်လ်ဗီ = အေအိုင်ဒီအက်စ်'* ဟူ၍ ဖြစ်သည်။

'ကျွန်တော့် စိတ်ထဲမှာတော့ အိတ်ချ်တီအယ်လ်ဗီ ဗိုင်းရပ်စ်ပိုးဟာ အေအိုင်ဒီအက်စ်ရဲ့ လက်သည်လို့ ထင်တယ်' ဟု ဒေါက်တာ ဂျက်က ပြောသည်။ ဒေါက်တာ ဂျက်သည် ပါရီရှိ သူ့ တယ်လီဖုန်း နံပါတ်ကိုလည်း ပေးလိုက်သည်။

အကယ်၍ သူ့ဆရာ ဒေါက်တာ ဂါလို အလိုရှိလျှင် ခေါ်နိုင်ရန် ဖြစ်သည်။ သူ့ သတင်းသည် ထိရောက်သည်ဟု ဆိုရမည်။ ဒေါက်တာ ဂါလိုသည် အေအိုင်ဒီအက်စ် ပြဿနာတွင် ပါဝင် ပတ်သက်လိုခြင်း မရှိသည့်တိုင် ပါရီရှိ ကိုယ်ခံ စွမ်းအားဗေဒ ပညာရှင် ဒေါက်တာ ဂျက်ကို ဘာသီးစ်ဒါးသို့ လိုက်လာရန် ခေါ်လိုက်သည်။

ဒေါက်တာ ဂျက်သည် ပါလာသည့် ရေခဲဘူးကို ဒေါက်တာ ဂါလို၏ စားပွဲပေါ် တင်လိုက်သည်။ ရေခဲဘူးထဲမှ ပစ္စည်းများမှာ ဒေါက်တာ ရောဘတ်ဂါလို သဘောကျသည့် နော်မန်ဒီ ဒိန်ခဲ မဟုတ်ပါ။ ပယ်ရီဂိုးမုန့် မဟုတ်ပါ။

ရေခဲဘူးထဲတွင် ပါသည့် ပစ္စည်းများမှာ ထို့ထက် အဖိုးတန်သော ပစ္စည်းများ ဖြစ်ပါသည်။ ယင်းတို့မှာ အခြားမဟုတ်။ ပါရီမြို့ရှိ ဆေးရုံတကာတို့တွင် တက်ရောက် ကုသလျက် ရှိသော အေအိုင်ဒီအက်စ် ရောဂါသည်ဟု ထင်သူတို့၏ သွေးနမူနာများ ဖြစ်ပါသည်။

'ကျွန်တော့်တပည့် ဂျက်က ပါရီကနေပြီး အမောတကော ပြေးလာတာ မြင်တော့ ကျွန်တော်တို့ အားလုံးလည်း သူ့စာတ်ကူးပြီး အရေးတကြီး ဖြစ်သွားကြတယ်၊ သူက ဆရာကြီး ဆရာကြီး၊ ကျွန်တော်တို့ မြန်မြန် လုပ်မှ ဖြစ်မယ်၊ နောက်ကျလို့ မဖြစ်ဘူး၊ ဆရာကြီး ကိုယ်တိုင် ဝင်ပါမှ ဖြစ်တော့မယ်လို့ အမောတကော ပြောတယ်' ဟု ဒေါက်တာ ဂါလိုက ပြောသည်။

ဘာသီးစ်ဒါး ပရိဂုဏ်ထဲရှိ အဆောက်အအုံ နံပါတ် ၃၇ ထဲရှိ စည်းဝေးခန်းမကြီး တစ်ခုလုံး နီယွန် မီးရောင်တို့ဖြင့် ထိန်လင်းနေသည်။ ခန်းမဆောင်ထဲတွင်မူ ဆေးပညာ နယ်ပယ်မှ သိပ္ပံပညာရှင်တွေ စုရုံး ရောက်ရှိနေကြသည်။

သိပ္ပံပညာရှင် များစွာတို့က မိမိတို့ ရှာဖွေ တွေ့ရှိခဲ့သော တွေ့ရှိချက်များကို တင်ပြသွားကြသည်။ ဒေါက်တာ ဂါလိုသည် အခြားသော သိပ္ပံပညာရှင်များ၏ တင်ပြချက်များ ပြီးအောင် စောင့်ဆိုင်းပြီးနောက် အရေးကြီးသည့် ကြေညာချက် တစ်ရပ်ကို ထုတ်ဖော် ကြေညာသည်။

သူက အေအိုင်ဒီအက်စ် ရောဂါနှင့် ပတ်သက်၍ ရှာဖွေ သိရှိသမျှကို တင်ပြပြီးနောက် ထိုရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ကြောင်းဖြင့် တင်ပြသည်။

'အေအိုင်ဒီအက်စ် ရောဂါကို ဖြစ်စေတဲ့ ဗိုင်းရပ်စ် ပိုးတွေဟာ ကျွန်တော်တို့ တွေ့ရှိထားတဲ့ အိတ်ချ်တီအယ်လ်ဗီ ဗိုင်းရပ်စ် ပိုးတွေလိုပဲ လင်ဖိုဆိုက်တွေကို တိုက်ခိုက်တာကို တွေ့ရတယ်၊ အေအိုင်ဒီအက်စ် ဗိုင်း

ရပ်စ်ဟာ ရက်ထရို ဗိုင်းရပ်စ် ပိုးမျိုးထဲက ဖြစ်တယ်လို့ ကျွန်တော်တို့ ကောက်ချက်ချနိုင်ပြီ' ဟု ကြေညာခဲ့သည်။

[ ၂၅ ]
သိပ္ပံပညာရှင်တို့ကို ကူညီခဲ့သည့် အလုပြင်ဆရာ။
ပါရီ၊ ပြင်သစ်ပြည်။
၁၉၈၂ ခုနှစ် ဆောင်းဦး – ၁၉၈၃ ခုနှစ် ဆောင်းရာသီ။

သူ့မျက်နှာက ကလေး တစ်ယောက်၏ မျက်နှာနှင့် တူသည်။ အသားက နှင်းဆီရောင် သမ်းနေသည်။ စကားပြောလျှင် လေးလေးမှန်မှန် ပြောတတ်သည်။ ရုတ်တရက်ကြည့်လျှင် သိပ္ပံပညာရှင် တစ်ဦးနှင့် မတူ။ တောရှေ့နေ တစ်ဦးနှင့် တူသည်။

ပါမောက္ခ မွန်တိန်းနီးယားသည် အသက် ၅၀ ရှိပြီ။ ပါမောက္ခ မွန်တိန်းနီးယားသည် ပတ်စချာ အင်စတီကျုတွင် ဗိုင်းရပ်စ်ပိုး သုတေသနအဖွဲ့ကြီး၏ အကြီးအကဲ ဖြစ်သည်။ သူနှင့် အမေရိကန် ဗိုင်းရပ်စ် ပိုးဗေဒ ပါရဂူ ဒေါက်တာ ဂါလိုတို့သည် နည်းနည်းလေးမျှ မတူ။ သို့ရာတွင် သူတို့နှစ်ဦးကြားတွင် တူညီချက် တစ်ခုတော့ ရှိသည်။

ယင်းမှာ လူ၏ရောဂါများ အထူးသဖြင့် ကင်ဆာရောဂါ အတွက် အဓိက'တာဝန်ရှိသူမှာ ရက်ထရို ဗိုင်းရပ်စ်ပိုး ဖြစ်သည်ဆိုသည့် အချက်တွင်တော့ သဘော ကိုက်ညီကြသည်။

ပါမောက္ခ မွန်တိန်းနီးယားသည် ၁၉၇၅ ခုနှစ် ကတည်းက လူတွင် စွဲကပ် တိုက်ခိုက်သည့် ရက်ထရို ဗိုင်းရပ်စ်များကို လေ့လာရန် ဌာနခွဲကလေး တစ်ခုကို ဖွင့်ခဲ့သည်။

သူ့ဌာနတွင် လူများများ မရှိ။ သိပ္ပံပညာရှင် နှစ်ဦး၊ ဓာတ်ခွဲခန်း လက်ထောက် နှစ်ဦးနှင့် ပစ္စည်း ကိရိယာကလေး နည်းနည်းပါးပါး သာ ရှိသည်။

သွေးကင်ဆာ ရောဂါနှင့် ကြွက်များတွင် စွဲကပ်သည့် အခြားသော ကင်ဆာရောဂါ အမျိုးမျိုးတို့တွင် တွေ့ရသော ရက်ထရို ဗိုင်းရပ်စ်ပိုးများကို လေ့လာပြီးနောက် လူတွင်ဖြစ်သော ကင်ဆာ၊ အထူးသဖြင့် ရင်သားကင်ဆာ

များတွင် အလားတူ ဗိုင်းရပ်စ်ပိုးများကို ရှာကြည့်ခဲ့ကြသည်။ သို့ရာတွင် ရှာမတွေ့။

ကမ္ဘာတွင် အေအိုင်ဒီအက်စ် ရောဂါပျံ့နှံ့ လာပြီဆိုသည့် အခါတွင်လည်း သူတို့ စိတ်မဝင်စားကြသေး။ ကာပိုဆီ အရေပြားကင်ဆာကြောင့် အညိုကွက်ကြီးများဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော မျက်နှာများ၊ နျူမိုဆိုက်စတစ်ကပ်ပါးပိုးကြောင့် တစ်ခြမ်း စားသွားသည့် အဆုတ်များ၊ တော့ကဆို ပလာစမာ ရောဂါကြောင့် ပျက်စီးသွားသည့် ဦးနှောက်များ စသည်တို့သည် ဆေးကုနေသည့် ဆရာဝန်များ အဖို့သာ အရေးတကြီး ဖြစ်နေသော်လည်း ဓာတ်ခွဲခန်းထဲက သုတေသနသမားများ အဖို့ ဝေးလံသော အရပ်မှ ဒြပ်မဲ့ ပဟေဠိတွေလို ဖြစ်နေသည်။

၁၉၈၂ ခုနှစ် နိုဝင်ဘာလ တစ်ညနေတွင်မူ ပါမောက္ခ မွန်တိန်းနီးယား၏ ဓာတ်ခွဲခန်းသို့ တယ်လီဖုန်း သတင်း နှစ်ခု ရောက်လာသည်။ တစ်ခုမှာ ပါစချာ အင်စတီကျူ ဆေးပစ္စည်း ထုတ်လုပ်ရေးဌာန ညွှန်ကြားရေးမှူး ပေါပရုမေး ထံမှ ဖြစ်သည်။ ပါစချာ အင်စတီကျူ ဆေးပစ္စည်း ထုတ်လုပ်ရေးဌာနသည် ကာကွယ်ဆေး အမျိုးမျိုးနှင့် သွေးခဲ ရေကြည်များကို ထုတ်လုပ်ရောင်းချလျက် ရှိရာ ထိုပစ္စည်းများထဲတွင် အေအိုင်ဒီအက်စ် ရောဂါ ဖြစ်စေသည့် ဗိုင်းရပ်စ်များ ပါလာမည်ကို စိုးရိမ်နေသည်။

ဌာနက ထုတ်လုပ်နေသည့် အသည်းရောင် အသားဝါ ရောဂါ ကာကွယ်ဆေးများမှာ အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးများ တွေ့နေရသည့် အာဖရိကနှင့် အမေရိကန် ပြည်ထောင်စုတွင် ဝယ်ယူ ရရှိသည့် သွေးခြောက်များမှ ထုတ်လုပ်ရခြင်း ဖြစ်သည်။

ထို့ကြောင့် ထို ကာကွယ်ဆေးများတွင် ဗိုင်းရပ်စ်ပိုး ပါမည် စိုးရိမ်သဖြင့် သူ့ထံ လှမ်း၍ အကူအညီ တောင်းခြင်း ဖြစ်သည်။

ခဏ အကြာ နောက်ထပ် တယ်လီဖုန်း သတင်း တစ်ခု ရောက်လာပြန်ပါသည်။ ထိုသတင်းမှာ သူ့တပည့် ဖြစ်ခဲ့ဖူးပြီး ယခု ကလော်ဒီဘားနတ်ဆေးရုံ ဗိုင်းရပ်စ်ပိုး ဓာတ်ခွဲခန်းတွင် အလုပ် လုပ်နေသည့် ဆရာဝန်မချောချောကလေး ဒေါက်တာ ဖရန်ဆွာ ဗေဇီးနူး (၃၄ နှစ်) ထံမှ ဖြစ်သည်။

ဆရာဝန်ကြီး ဒေါက်တာ ရိုဇင်ဘွန်းက သူ့ထံလာသည့် လူနာများ၏ သွေးများနှင့် အသားမျှင်စ တစ်သျှူးများကို မသင်္ကာသဖြင့် သူ့ထံ ဓာတ်ခွဲကြည့်ရန် ပို့လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် ကျေနပ်လောက်အောင် ရှာ

မတွေ့။ ဤတွင် ဒေါက်တာ ဗေဒီးနားက သူ့ဆရာထံ လှမ်း၍ အကူအညီ တောင်းခြင်း ဖြစ်သည်။

သို့ဖြင့် ၁၉၈၂ ခုနှစ် နာတာလူး ပွဲတော် တစ်ပိုက် အမေရိကန် ပြည်ထောင်စုတွင် ဒေါက်တာ ရောဘတ်ဂါလိုက အေအိုင်ဒီအက်စ်ကို ဖြစ်စေသည့် ရက်ထရို ဗိုင်းရပ်စ် ပိုးမျိုးကို ရှာတွေ့ပြီး နှစ်လ အကြာတွင် ပြင်သစ် သိပ္ပံ ပညာရှင်များကလည်း ထိုတရားခံကို လိုက်လံ ရှာဖွေ နေခဲ့ကြသည်။

နာတာလူး ပွဲတော် မတိုင်မီ ရက် အနည်းငယ် အလိုတွင် ဆံပင် ဝါလဲ့လဲ့ သားရေ ဂျာကင်နှင့် သားရေ ဘောင်းဘီတို့ကို ဝတ်ဆင်ထားသည့် လူငယ် တစ်ယောက်သည် ဒေါက်တာ ရိုဇင်ဘွန်း၏ ဆေးခန်းသို့ ရောက်လာခဲ့သည်။

အလှပြင်ဆရာ ဖရက်ဒရစ်သည် နယူးယောက်သို့ မကြာခဏ ရောက်ဖူးသည်။ လိင်တူ ဆက်ဆံ ခဲ့ဖူးကြောင်း၊ ပါတနာ တော်တော်များများ နှင့်လည်း တွေ့ခဲ့ဖူးကြောင်း၊ ကာလသားရောဂါ မကြာခဏ ဖြစ်ဖူးကြောင်း ကိုလည်း ဝန်ခံသည်။

သို့ရာတွင် ပိုးလည်စည်းကို ချွတ်ပြသည့် အခါတွင်မှ သူ့ထံလာသည့် အကြောင်းရင်းကို ဒေါက်တာ ရိုဇင်ဘွန်း သဘောပေါက်သွားသည်။ သူ့တွင် အေအိုင်ဒီအက်စ် ရောဂါ ဖြစ်နေပြီလောဟု လာပြခြင်း ဖြစ်သည်။

သူ့ လည်ပင်းမှ သားငံရည်ကျိတ်မှာ ရောင်ရမ်းပြီး ခိုဥလောက် ရှိနေသည်။ စစ်ဆေး ကြည့်သည့်အခါ ကိုယ်ခန္ဓာ အခြား နေရာများတွင်လည်း အကျိတ်များ ရောင်ရမ်းနေသည်ကို တွေ့ရသည်။

'လည်ပင်းက အသားစကို ဘိုင်အိုစီ လုပ်ရမယ်၊ မြန်မြန် လုပ်လေ ကောင်းလေပဲ' ဟု ဒေါက်တာ ရိုဇင်ဘွန်းက သူ့လည်ပင်းကို စမ်းရင်း ပြောသည်။

သို့ဖြင့် ဒေါက်တာ ရိုဇင်ဘွန်းသည် ဒေါက်တာ မွန်တိန်းနီးယား၏ သုတေသန ဌာနသို့ ပို့၍ အစမ်းခိုင်းသည်။

အမေရိကန် ပြည်ထောင်စုတွင် ဒေါက်တာ ဂါလိုသည် ထိုဗိုင်းရပ်စ် ပိုးကို ရှာနေသည်။ သို့ရာတွင် ယခုတိုင် မတွေ့သေး။ ယခု ဒေါက်တာ မွန်တိန်းနီးယားကမူ တွေ့လေမည်လား မသိ။

[ ၂၆ ]

**အဖ၏ ဂေဟာသို့ စခန်းထောက်။**

**ကာလကတ္တား၊ အိန္ဒိယပြည်။**

**၁၉၈၂ ခုနှစ် ဆောင်းဦးပေါက် – ၁၉၈၃ ခုနှစ် ဆောင်းရာသီ။**

မျှော်စင် ဝိုင်းဝိုင်း မြင့်မြင့်ကြီးတွေ ရှိသည့် အဆောက်အအုံဟောင်းကြီးထဲက အလင်းရောင် မှုန်မှုန်ထဲတွင် မိန်းမ ယောကျာ်း ၁၇၀ ခန့်သည် သေအံ့မူးမူး ဖြင့် လဲလျောင်းနေကြသည်။ သူတို့သည် သိပြီးဖြစ်သော ဗိုင်းရပ်စ်ပိုး၊ မသိ သေးသော ဗိုင်းရပ်စ်ပိုးတို့ စွဲကပ်ခြင်းကြောင့် ထိုနေရာသို့ ရောက်လာခဲ့ခြင်း မဟုတ်။ ကပ်ရောဂါသစ်ကြီး တစ်ခု ဆိုက်ရောက်သောကြောင့် ရောက်လာ ခြင်းလည်း မဟုတ်။ ပြင်းထန်သော သမပိုင်းဇုန်၏ နွေရာသီ အပူရှိန်နှင့် မုတ်သုန်ရာသီ ရေကြီးမှုတို့နောက်မှ ကပ်လျက် လိုက်ပါလာသည့် အအေး ဒဏ်ကြီးကြောင့် သေအံ့မူးမူး အခြေသို့ ရောက်ခဲ့ကြခြင်း ဖြစ်သည်။ ထိုသူတို့ ကား ရှေးအကျဆုံး ပလိပ်ရောဂါ ဖြစ်သည့် ဆင်းရဲ ငတ်ပြတ်ခြင်း ရောဂါ၏ သားကောင်များ ဖြစ်သည်။

ကာလကတ္တား မြို့ကြီး၌ အမှိုက်ပုံမှ စားကြွင်း စားကျန်တို့ကို ကောက်စားကာ အမိုးအကာ မရှိသည့် လမ်းမများပေါ်တွင် နေထိုင်သူ လူဦးရေ သုံးသိန်းခန့် ရှိသည်။ ဆွေမျိုးသားချင်း မရှိသူတို့ အဖို့ သီလရှင် ဆရာကြီး ထရီဇာ၏ 'သူဆင်းရဲဂေဟာ' သည် နောက်ဆုံး မျှော်လင့်ချက် ဖြစ်သည်။ ထိုနေရာသို့ ရောက်လျှင် ပြုစု စောင့်ရှောက်မှုကို ခံရမည်။ ကြင်နာ သော စကားကို ကြားရမည်။ အဟိတ် တိရစ္ဆာန်လို မသေရတော့။

သီလရှင် ဆရာကြီးသည် ဟိန္ဒူဘာသာဝင် အများအပြား နေထိုင်ရာ ရပ်ကွက် အလယ်တွင် ထူးခြားသည့် ဌာနတစ်ခုကို ဖွင့်လှစ်ထားခဲ့သည်။ ထိုနေရာမှာ ကာလကတ္တား မြို့တော်ကြီး၏ မြို့စောင့် မယ်တော်ဖြစ်သော ကာလီနတ်သမီး ၏ နတ်ကွန်းနှင့် သိပ် မဝေးလှ။

သီလရှင် ဆရာကြီးက သူ့ဌာနကို 'သန့်ရှင်းသော ဝိညာဉ်တော် ဂေဟာ' ဟု ခေါ်ဝေါ်ခဲ့သည်။ ထိုနေရာသည် လူဆင်းရဲများကို ကူညီ စောင့်ရှောက်ရန် အတွက် သူ ပထမဆုံး တည်ထောင်ခဲ့သည့် ဂေဟာ ဖြစ်သည်။ ၁၉၈၂ ခုနှစ် ထိုနိုဝင်ဘာလတွင် သီလရှင် ဆရာကြီးသည် ထိုဂေဟာ ဖွင့်လှစ်သည့် အနှစ် ၃၀ မြောက် အထိမ်းအမှတ်ကို ကျင်းပရန် ပြင်ဆင်နေသည်။ သီလရှင် ဆရာကြီးသည် မူဆလင် ဘာသာဝင် ဒရိုင်ဘာ တစ်ဦး မောင်းသည့် (သူ ကိုယ်တိုင်မှာလည်း ဒုက္ခသုက္ခ ရောက်ခဲ့သဖြင့် သီလရှင် ဆရာကြီး၏ ပြုစု စောင့်ရှောက်မှုကြောင့် အသက်မသေ ကျန်ခဲ့သူ တစ်ဦး ဖြစ်သည်။) ရေးနှော ကားအဖြူလေးဖြင့် ထိုအနီးတစ်ဝိုက် ရပ်ကွက်များသို့ သုံးရက်လုံးလုံး သွားရောက်ကာ အထိမ်းအမှတ်နေ့ကို တက်ရောက်ရန် ကိုယ်တိုင် ဖိတ်ကြားခြင်း ပြုသည်။

မာစီဒီး ကားကြီးများသည် ဂေဟာ ရှေ့သို့ အလျှို အလျှို ရောက်လာကြကာ ဟင်းသီးဟင်းရွက်၊ သစ်သီး၊ အသား၊ ငါး၊ စားသောက်ဖွယ်မုန့်များ အပြည့် ထည့်ထားသည့် ခြင်းတောင်းများ၊ အဝတ်စများ၊ အဝတ်အစားများ ထည့်ထားသည့် အထုပ်များကို လာရောက် လှူဒါန်းကြသည်။ အဖွဲ့အစည်းများ၊ ကလပ်များ၊ တိုက်ဆိုင်ကြီးများ၊ စက်မှုလုပ်ငန်း အဖွဲ့အစည်းများ ကလည်း အခြားသော ပစ္စည်းတို့ကို လာရောက် လှူဒါန်းကြသည်။

ဆေးရုံ အတွင်းတွင်မူ အထိမ်းအမှတ်ပွဲ အဖြစ် အခမ်းအနားတွေ ပြင်ဆင်ထားသည်။ ပိုးသတ်ဆေးနံ့နှင့် ဖျာများပေါ်တွင် လှဲနေသည့် လူနာများ၏ အရိုးပေါ် အရေတင်နေသော ခန္ဓာကိုယ်များသည် ရေမွှေးနံ့များ၊ စံပယ်ကုံး၊ ခရေကုံးများနှင့် ကြမ်းပြင်ပေါ်တွင် ဖြန့်ကြဲထားသော နှင်းဆီပွင့်ချပ်များ၏ အရောင်များ အောက်တွင် ပျောက်နေသည်။ မိန်းမဆောင်နှင့် ယောကျ်ားဆောင် ကြားက အဖီထဲတွင် ဓမ္မ စည်းဝေးသဘင် ကျင်းပရန် အတွက် ယာယီ ပလ္လင် တစ်ခု ဆောက်ထားသည်။

ပလ္လင်ကို ခင်းထားသည့် အဝတ်မှာ သီလရှင် ဆရာကြီး ဖွင့်လှစ်သည့် ဂေဟာ တစ်ခုမှ အနာကြီး ရောဂါသည်များ ရက်လုပ်ပေးသည့် အဝတ် ဖြစ်သည်။

ခါတိုင်း တိတ်ဆိတ် ငြိမ်သက်နေသည့် နေရာသည် ယနေ့တွင် ပျားအုံ တစ်အုံလို လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ သေအံ့ဆဲဆဲ သူဆင်းရဲများ ထားသည့် ဂေဟာတွင် တာဝန်ကျသည့် သီလရှင် ဆရာလေး လေးဦးတို့မှာ

လူနာများ၏ သဘာဝ ကိစ္စများဖြင့် မအားရအောင် ရှိနေသည်။ လူနာများ၏ ပါးလျှာသော အရေပြားသည် မျက်နှာများပေါ်တွင် တင်းလျက်ရှိကာ မကြာခင် စုတ်ပြတ် သွားတော့မည်လားဟုပင် ထင်ရသည်။ ခန္ဓာကိုယ်များမှာလည်း သေခြင်း နိမိတ် ထင်သည့်နှယ် တောင့်တောင့်ကြီးတွေ ဖြစ်နေကြသည်။ မျက်အိမ် အတွင်းက အထက်သို့ လန်တက်သော မျက်လုံးများကမူ နောင်တမလွန်ဘဝကို လှမ်းမျှော် ကြည့်နေကြသည့်နှယ်။ ဟ နေသော ပါးစပ်များသည် ထူးဆန်းသည့် အပြုံးတစ်ခုကို ပြုံးနေသယောင် ထင်ရသည်။ အချို့လက်များမှာ အနားမှ ဖြတ်သန်းသွားသော သီလရှင် ဆရာလေးများအား လှမ်းထိရန် ကြိုးစားနေကြသည်။

ထို အိုးမဲ့ အိမ်မဲ့ လူနာများကို ဘူတာရုံ စင်္ကြံများ၊ ဘုရားကျောင်းလှေကားထစ်များ၊ လမ်းဘေး ပလက်ဖောင်းများနှင့် သချိုင်း အနီးမှ ကောက်ယူလာခဲ့ခြင်း ဖြစ်သည်။ သူတို့ကို ဘယ်ဆေးရုံကမှ လာ၍ မယူ။ သူတို့အများစုမှာ သဘာဝ ဘေးဒဏ်ကြောင့် ကျေးလက်တွင် ဒုက္ခရောက်သဖြင့် မျှော်လင့်တကြီးဖြင့် မြို့သို့ ရောက်လာခဲ့သူများ ဖြစ်သည်။ မြို့သို့ ရောက်လာသည့်အခါတွင် သူတို့သည် ပတ်ဝန်းကျင် အပြောင်းအလဲကြောင့် သွေးလန့် သည့် နှယ် ဖြစ်သွားကြသည်။ မြို့တော်ကြီး၏ လေထု ညစ်ညမ်းမှု၊ ခေါင်းပေါ်တွင် အမိုးအကာ မရှိ၊ နေပူ မိုးရွာထဲတွင် နေထိုင်ရခြင်း၊ ကြွက်များ၊ ပိုးမွှားများကြား လမ်းဘေး ပလက်ဖောင်းများပေါ်တွင် နေထိုင်ရခြင်း၊ ရေမသန့်ခြင်း၊ နေ့နှင့်ည အပူချိန် ကွာခြားခြင်း၊ နောက်ထပ် တစ်နေ့ အသက်ရှင်နိုင်ရန် အတွက် ဝန်တင် တိရစ္ဆာန်သဖွယ် ဝန်ထမ်းရခြင်း၊ လူတင်၍ လန်ချား ဆွဲရခြင်း စသည်တို့ကြောင့် သူတို့၏ ကိုယ်ခံစွမ်းအားသည် ပြိုပျက်သွားခဲ့သည်။

တစ်နေ့တွင်မူ သူတို့သည် အားပြတ် လဲကျသွားခဲ့ကာ ပြန်၍ ထူမလာတော့။ အာဟာရ ချို့တဲ့ခြင်းကြောင့် အားလုံးသော ကိုယ်ခံအားကာကွယ်မှုတို့ ပျက်စီးသွားသဖြင့် ချောင်းဆိုးသွေးပါ ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အူရောင်ငန်းဖျား ရောဂါနှင့် ကာလဝမ်း ရောဂါတို့၏ တိုက်ခိုက်မှုကိုလည်း ခံနိုင်ရည် မရှိတော့။ ကြွက်သားများ၏ ထောက်ကူမှုတို့ မရှိတော့သည့် အခါတွင် သူတို့၏ အရေပြားများသည် ကွဲအက် လာခဲ့ကြကာ နောက်ဆုံးတွင် အမြှာအမြှာ စုတ်ပြဲလာခဲ့သည်။ ထိုအပေါက် အပြဲများသည် ရောဂါပိုးအပေါင်းတို့၏ ခိုအောင်းရာ ဖြစ်လာခဲ့သည်။

ဦးနှောက် အတွက် လိုအပ်သည့် စွမ်းအင်များကို ဖြည့် နိုင် သေး သရွေ့တော့ ထိုပြိုကွဲနေသော လူ့ခန္ဓာကိုယ် အစုတ်အပြတ်တို့သည် စကား ပြောနိုင်သေးသည်။ တောင်းရမ်းနိုင်သေးသည်။ ညည်းတွားနိုင်သေးသည်။ သို့ရာတွင် မကြာမီတွင်မူ တစ်ချက် တစ်ချက်တွင် သတိ လစ်လာတတ်သည်။ နောက်ဆုံးတွင်ကား အသက် ရှိနေသေးသော ထိုလူသေများသည် မေ့မျော သွားကြတော့သည်။

၁၉၈၂ ခုနှစ်၌ ကာလကတ္တားမြို့ရှိ လူဆင်းရဲ ၁၀,၀၀၀ သို့မဟုတ် ၁၅,၀၀၀ တို့သည် (ယင်းမှာ ထိုနှစ်အတွင်း အနောက်နိုင်ငံများတွင် စာရင်း ကောက်၍ရသည့် အေအိုင်ဒီအက်စ် ဖြစ်သည့် လူနာဦးရေထက် အဆ ၃၀ မှ ၄၀ အထိ များသည်။) လူမသိ သူမသိဖြင့် လမ်းမများပေါ်တွင် နစ်စဉ် သေနေကြသည်။

သီလရှင် ဆရာကြီး ထရီဇာကသာ သေမင်း လက်တွင်းမှ လုယူခြင်း မပြုခဲ့လျှင် လမ်းမပေါ်တွင် သေသူဦးရေသည် ထို့ထက်မကပင် များနိုင်သည်။

ထိုနှစ် ၃၀ မြောက် အထိမ်းအမှတ်နေ့ နံနက်တွင် 'သေအံ့ဆဲဆဲ သူ ဆင်းရဲ ဂေဟာ' မှတ်ပုံတင် စာအုပ်တွင် နောက်ထပ် ရောက်လာသော စာရင်းကို ကြည့်လိုက်လျှင် သီလရှင် ဆရာကြီး၏ ကယ်ဆယ်ရေး အတိုင်း အတာ ပမာဏကို ကောင်းကောင်း သိနိုင်သည်။

ထိုနေ့မနက် အရုဏ်တက်ချိန်က ကာလကတ္တားမြို့တော် မြူနီစီပယ် အမှိုက်သိမ်းကား တစ်စီးသည် (၁၉၅၂ ခုနှစ်မှ ယနေ့အထိ) ၅၂,၄၁၀ ယောက်မြောက် သူဆင်းရဲ လူနာ တစ်ယောက်ကို ဂေဟာသို့ လာပို့ခဲ့သည်။

ထိုနှစ် ဆောင်းဦးပေါက် ဂေဟာမှ သူနာပြု အဖွဲ့တွင် အင်အား တိုးလာခဲ့ သည်။

'ဂင်္ဂါ မြစ်ကမ်းမှ လင်းတကလေး' ဟု ခေါ်ကြသည့် အနန်ဒါ သီလ ရှင်ငယ် ဖြစ်သည်မှာ ဒုတိယနှစ်သို့ ရောက်လေပြီ။ အနန်ဒါသည် စိတ် သဘောလည်း ကောင်းသည်။ သတ္တိလည်း ရှိသည်။ ထို့ကြောင့် သူ့ကို သူ့ အပေါင်းအဖော်များက လေးစား ခင်မင်ကြသည်။

အနန်ဒါသည် ထိုသတ္တိ ထိုလုံ့လတို့ဖြင့် အခက်အခဲတို့ကို တစ်ခုပြီး ဘစ်ခု ကျော်လွှားခဲ့သည်။ ယခုဆိုလျှင် သူတို့ အသိုက်အဝန်းတွင် လုတန်း

စေ့အောင် အင်္ဂလိပ် စကားကို ပြောနိုင် ရေးနိုင် ဖတ်နိုင်နေပြီ။ အနန်ဒါသည် ဒါနဝေပုလ္လ ကျောင်းတိုက်တွင် ချမှတ်ထားသည့် စည်းကမ်းများ အတိုင်း လိုက်နာသည်။ ကျောင်းတိုက်၏ ထုံးစံအတိုင်း ခြိုးခြံနေထိုင်သည်။ မနက် လေးနာရီခွဲသည်နှင့် အိပ်ရာမှ ထကာ ဘုရားစာကို ကောက်ဖတ်သည်။ အိပ်ချင်မူးတူးဖြင့် ဆာလံကျမ်းစာကို ရွတ်သည်။

ငယ်ရွယ်သူ ဓာတ်နိမ့် တစ်ဦး ဖြစ်သည့် အနန်ဒါ၏ ပြောင်းလဲ တိုးတက်မှုသည် နာမ်ပိုင်းဆိုင်ရာ ကိစ္စများတွင် ပို၍ ထူးထူးခြားခြား တိုးတက်မှု ရှိသည်။

အာသံ ပြည်နယ်သူ တစ်ဦး ဖြစ်သည့် သီလရှင် ဆရာလေး ဇန်ဒိုနာ သည် စိတ်ရှည် ကြင်နာစွာဖြင့် ဘာသာတရား၏ တန်ဖိုး၊ ထာဝရ ဘုရား သခင်၏ မေတ္တာတော် အနန္တတို့ကို အနန်ဒါအား သဘောပေါက်အောင် ကူညီ ပံ့ပိုးပေးသည်။

ဇန်ဒိုနာသည် သီလရှင်ငယ် အနန်ဒါ၏ ပညာ သင်ကြားရေးကို ပြည့်စုံစေရန် အတွက် တစ်မနက်တွင် သူ့ကို ကာလကတ္တား မြို့တော်၏ တစ်ဖက် အစွန်ရှိ သေအံ့ဆဲဆဲ သူဆင်းရဲ ဂေဟာ ဖြစ်သည့် သန့်စင်သော ဝိညာဉ်တော် ဂေဟာသို့ ခေါ်ကျင် ခေါ်သွားခဲ့သည်။

အနန်ဒါက ထိုဂေဟာသို့ သူ ရောက်သွားပုံကို ပြောပြသည်။

'သေခါနီးဆဲဆဲ လူတွေ ပြည့်နေတဲ့ အခန်းကြီးထဲကို ကျွန်မ ဝင်လိုက် တော့ ကျွန်မ စိတ်ထဲမှာ လန့်သွားတယ်၊ အဲဒီ အခန်းထဲက လှည့်ပြီး ထွက် ပြေးချင်လိုက်တာလေ၊ ဒီတုန်းမှာ ဆရာလေး ဇန်ဒိုနာက ကျွန်မလက်ကို ဆုပ်လိုက်ပြီး မကြောက်နဲ့ ဆရာလေး၊ ဒါက ဆရာလေးတို့ရဲ့ ညီအစ်ကို မောင်နှမတွေ၊ ဆရာလေးမှာ သူတို့ကို ကိုင်ကြည့်ဖို့၊ ပြုစုဖို့၊ ကယ်ဆယ်ဖို့ တာဝန် ရှိတယ်၊ သခင်ယေရှုဟာ ဆရာလေးတို့ကို မေတ္တာထားသလို သူတို့ ကိုလည်း မေတ္တာထားတာပဲလို့ ကျွန်မကို အားပေးတယ်၊ သူတို့အထဲက တချို့ကလည်း မှတ်မိသလိုလို ကြည့်နေကြတယ်၊ သူတို့က ဗြဟ္မဏမျိုးတွေ ဖြစ်ပြီး ကျွန်မကတော့ ဓာတ်နိမ့်မျိုး မဟုတ်လား၊ ကျွန်မ သူတို့ကို သွားထိ ရင် ကျွန်မကို ငြင်းဆန်မယ်၊ ရိုက်မယ်၊ မျက်နှာကို တံတွေးနဲ့ ထွေးမယ်၊ ကျွန်မ သွားလုပ်ရင် ဒီလိုပဲ လုပ်ကြမှာ သေချာတယ်။

'တစ်နေရာမှာ သီလရှင်တွေနဲ့ စေတနာ့ ဝန်ထမ်းတွေက လူနာတွေရဲ့ မွေ့ရာ အညစ်အကြေးတွေကို ဆေးကြော သုတ်သင် ပေးနေကြတယ်၊ တချို့

ကလည်း အခန်းထောင့် တစ်နေရာမှာ အလောင်း တစ်လောင်းကို ရေမိုးချိုး သန့်စင် ပေးနေကြတယ်။

'တကယ်တော့ ကျွန်မကို ဒီကို ခေါ်လာတာဟာ ဒီလို ညစ်ပတ်တဲ့ အလုပ်တွေကို လုပ်ဖို့ ခေါ်လာတာ၊ ကျွန်မ စိတ်ပျက်လိုက်တာလေ။

'ချက်ချင်း ဆိုသလိုပဲ အရင်ဟုန်းက ဇာတ်နိမ့်ဘဝကို ပြန် သတိရပြီး အဲဒီ အခန်းထဲက ချက်ချင်း ပြန်ထွက်သွားချင်တယ်၊ ဆရာလေး ဗန်ဒိုနာက ကျွန်မကို ဖျောင်းဖျတယ်၊ သူက ဗိုက်ထဲက သန္ဓေသားလို ကွေးကွေးကလေး ဖြစ်နေတဲ့ အရိုးပေါ် အရေတင်နေတဲ့ လူတစ်ယောက်ကို လက်ညှိုးထိုးပြတယ်၊ သူက ဟိန္ဒူ ဘာသာဝင် တစ်ယောက်ပါ၊ အဲဒီလူကို သေသေချာချာ ကြည့် စမ်း၊ ပြီးတော့ သခင်ယေရှုကို ကြည့်နေတယ်လို့ စိတ်ထဲမှာ နှလုံးသွင်း လို့ ကျွန်မကို ပြောပါတယ်။

'ဒီတုန်းမှာ အဲဒီ သေအံ့ဆဲဆဲ သူဆင်းရဲ ဂေဟာကို အုပ်ချုပ်ရတဲ့ သီလရှင် ဆရာလေး ပေါလု ရောက်လာတယ်၊ ဆရာလေး ဗန်ဒိုနာက သူ့ကို ဘင်္ဂါလီ ဘာသာနှင့် ပြောလိုက်တော့ ဆရာလေး ပေါလုက ကျွန်မကို ကြည့်ပြီး ပြုံးပြတယ်၊ ပြီးတော့ ကျွန်မလက်ကို ဆွဲပြီး ကျွန်မကို သူနှင့်အတူ အမျိုးသမီး လူနာဆောင်ကို လိုက်ဖို့ ခေါ်တယ်။

'သူ့ကို မြင်လိုက်တော့ ကျွန်မ ခွန်အားတွေ ဘယ်လို တိုးသွားမှန်း မသိဘူး၊ သူနှင့် အတူ လူနာဆောင်ကို လိုက်ဖို့ အဆင်သင့် ဖြစ်နေတယ်။

'ကျွန်မလည်း ဆရာလေး ဗန်ဒိုနာကို နှုတ်ဆက်ပြီး သူ့နောက်ကို လိုက်လာခဲ့တယ်၊ အဲဒီ နောက်က စပြီး သန့်စင်သော ဝိညာဉ်တော် ဂေဟာလို့ ခေါ်တဲ့ သေအံ့ဆဲဆဲ သူဆင်းရဲဂေဟာဟာ ကျွန်မရဲ့ အိုးအိမ် ဖြစ်သွားတော့ တာပါပဲ။

'ဆရာလေး ပေါလုက အဲဒီမှာ အလုပ်လုပ်လာတာ ၁၄ နှစ် ရှိပြီ လေ၊ သူက အိန္ဒိယ တောင်ပိုင်းသူရှင့်၊ အရယ်လည်း သန်တယ်၊ ဓမ္မသီချင်း ဆိုတာလည်း ဝါသနာပါတယ်၊ မကြာခဏ ဆိုသလို ပက်လက်ကြီး ဖြစ်နေတဲ့ လူနာ နှစ်ယောက်ကြားမှာ ရပ် ပုတီးကိုစိပ်ပြီး မယ်တော်မာရီကို ပူဇော်ပါ၏ ဆိုတဲ့ ဓမ္မသီချင်းကို ရွတ်နေတတ်တယ်။

'သေအံ့ဆဲဆဲ လူနာတွေ ကြားမှာ ရောက်နေတယ် ဆိုတဲ့ အသိကို မေ့လျော့သွားအောင် လုပ်နိုင်တဲ့ ပါရမီ ရှိတယ်။

'အဲဒီမှာ ရှိတဲ့ လူနာတိုင်းကိုလည်း သိကျွမ်းပြီး လူတိုင်းကို လက်နှင့်

ထိပြီး အားပေးစကား ပြောသွားတာချည်းပဲ၊ တကယ်တော့ သူကတောင် သွားထိစရာ မလိုပါဘူး၊ အနားကို သူ ရောက်လာတာနှင့် လက်တွေ အလိုလို ဆန့်လာပြီး သူ့ကို တို့ကြ ထိကြတော့တာပါပဲ၊ လူမမာတွေက သူ့ကို ဆရာလေးလို့ရင်လည်း ခေါ်ကြတယ်၊ ဒါမှ မဟုတ်ရင်လည်း အမေလို့ ခေါ် ကြတယ်။

'လူနာတွေကို အဲဒီလို လက်နှင့် လိုက်ထိတာဟာ ဆေးဝိုက်တာထက် အကျိုးထူးတယ်လို့ သူ ယူဆတယ်လေ၊ ဒီလို လက်နှင့် ထိတာဟာ သူတို့ တစ်သက်မှာ အရင်က တစ်ခါမှ မရခဲ့ဖူးတဲ့ ယုယ ကြင်နာမှုမျိုးကို ရတာနှင့် အတူတူပဲတဲ့၊ ဆေးတစ်လုံး ထိုးတာထက် အကျိုးထူးတယ်တဲ့။

'သူပြောတာ မှန်တယ်၊ နောက်တော့ ကျွန်မ ကိုယ်တိုင် တွေ့လာ ရတယ်၊ လက်လေးနှင့် ထိလိုက်တာ၊ ကြင်ကြင်နာနာနှင့် ယုယ နှစ်သိမ့် ပေးတာဟာ တော်တော် တာသွားပါကလား ဆိုတာ ကျွန်မကိုယ်တိုင် နောက် တော့ သိလာတယ်၊ တစ်ခါတလေတော့လည်း ဒီလို အကျိုး မထူးတာတွေ ရှိတော့ ရှိတာပေါ့လေ၊ တချို့ဆိုရင် သေခါနီးတော့ လှုပ်လည်း မလှုပ်ချင် တော့ဘူး၊ မျက်လုံးလည်း မဖွင့်ချင်တော့ဘူး၊ အသက်ရှင်နေဖို့ ဆန္ဒ မရှိ တော့သလိုပဲ၊ သက်ဝင် လှုပ်ရှားနေတဲ့ ဘဝကို မမြင်ချင်တော့ဘူးလေ၊ ဒီလို အဖြစ်မျိုးကို တွေ့ရတာကတော့ တော်တော် စိတ်ထိခိုက်စရာ ကောင်းတာ ပေါ့လေ။

'အများအားဖြင့်တော့ ကျွန်မတို့ဟာ သူတို့အကြောင်းကို မသိကြပါဘူး၊ သူတို့အတိတ်ကို မသိကြပါဘူး၊ သူတို့ ဘယ်လို ဘာသာစကားကို ပြောသလဲ၊ သူတို့ ဘယ်ဘာသာကို ကိုးကွယ်သလဲ၊ အသက် ဘယ်လောက် ရှိပြီလဲ ဆို တာကိုလည်း မသိကြဘူးပေါ့၊ တစ်ယောက်ယောက်က လာပို့ သွားတာလို့ပဲ သိလိုက်တယ်၊ ဒီထက်ပိုပြီး ဘာမှ ပိုမသိဘူးပေါ့။

'တစ်နေ့တော့ အမျိုးသမီး တစ်ယောက်က အဲဒီလို လူနာတစ်ယောက် ကို ကျွန်မတို့ဆီကို တက္ကစီနှင့် လာပို့တယ်၊ ဟောင်ရာ ဘုတာရုံကြီး နားမှာ တွေ့လာတာတဲ့၊ သူ့ တစ်ကိုယ်လုံးလည်း စက်ဆီတွေ ပေလို့၊ စက်ဆီ ပူလောင်ပြီး အရေပြားတွေ ကွာကျလို့၊ တစ်ကိုယ်လုံး ဖြူနေတယ်၊ သူက ပါကစ္စတန် ဆိုတဲ့ စကားတစ်လုံးပဲ ပြောနိုင်တယ်။

'နောက် ၁၀ ရက်လောက် ရှိတော့ သူ သေသွားတယ်၊ သူ့ဆီက နောက်ထပ် ဘာစကား တစ်လုံးမှလည်း ထွက်မလာတော့ဘူး။

'ဆရာလေး ပေါလုကတော့ သေအံ့ဆဲဆဲ လူနာ တစ်ယောက်ဟာ ဘယ်က ရောက်လာတာလဲ ဆိုတာ အလိုလို သိနေတတ်တယ်၊ သူ့ရဲ့ မျက်နှာထား၊ သူ့ရဲ့ ပုံပန်းသဏ္ဌာန်၊ သူ့ရဲ့ အပြုအမူကို ကြည့်လိုက်ရုံနဲ့ကို ပြောနိုင်တယ်၊ တခြား မပြောနဲ့၊ လူနာတစ်ယောက် သူ့သဘာဝ ကိစ္စတွေကို လုပ်ဆောင်ပုံကို ကြည့်လိုက်ရုံနဲ့ အဲဒီလူဟာ တဲကုပ်ကလေးနဲ့ နေတဲ့ လူလား၊ အိမ်ကြီးရခိုင်နဲ့ နေလာတဲ့ လူလား ဆိုတာကို ခွဲခြားနိုင်တယ်။

'ဆရာလေး ပေါလုက အိမ်ကြီးရခိုင်နဲ့ နေလာတဲ့ လူမျိုးကို အိမ်ကြီးရှင်လို့ ခေါ်လေ့ရှိတယ်၊ လမ်းဘေး ပလက်ဖောင်းမှာ နေတဲ့ လူမျိုးကိုတော့ လမ်းပေါ်ကလူ တဲ့၊ ပထမ လူမျိုးကတော့ ဝမ်းသွားချင်ရင် အိမ်သာကို ပို့ပေးဖို့ ပြောတယ်၊ ဒါမှ မဟုတ်ရင်လည်း အိမ်သာခွက်ကို တောင်းတယ်၊ ဒုတိယ လူမျိုးကျတော့ ဘာမှ ချုပ်တည်းမနေဘူး၊ အိပ်ရာပေါ်မှာ ပါချလိုက်တာပဲ။

'ဆရာလေး ပေါလုက ဘာသာစကား တော်တော်များများကိုလည်း နားလည်တယ်လေ၊ ဒါကြောင့် သူ ရှိရင် သိပ် အဆင်ပြေတယ်၊ လူနာကို မေးလို့ မြန်းလို့ ရတယ်၊ ကျွန်မတို့ဆီကို ရောက်လာတဲ့ လူနာတွေက ဘင်္ဂါလီ လူမျိုးတွေတင် မဟုတ်ဘူး၊ တချို့ဆိုရင် ကေရာလာတို့၊ နီပေါတို့၊ ကာမာတာကာတို့ စတဲ့ နေရာတွေကလည်း ပါတယ်၊ သူတို့ ဘယ်ဘာသာ ကိုးကွယ်သလဲလို့ စုံစမ်းရတဲ့ ကိစ္စကတော့ တော်တော့်ကို ခက်ပါတယ်၊ စဉ်းစားကြည့်လေ၊ ကိုယ့်ဆီကို သတိမေ့မျော ရောက်လာတဲ့ လူမမာဟာ ဘယ်ဘာသာကို ကိုးကွယ်သလဲ ဆိုတာ ဘယ်လိုလုပ်ပြီးမှ မသိနိုင်ဘူး။

'အဲ တစ်ခုတော့ ရှိရဲ့၊ တချို့ကျတော့ ပုံပန်းသဏ္ဌာန်ကို ကြည့်ရုံနဲ့ သူ ဘယ်ဘာသာ ကိုးကွယ်သလဲ ဆိုတာ သိနိုင်တာတော့ ရှိပါတယ်၊ ဥပမာ ဆိတ် မုတ်ဆိတ်ကလေး ပါရင် အဲဒီလူဟာ မူဆလင် တစ်ဦးပေါ့၊ အဲဒီလို ခွဲခြား မသိနိုင်တဲ့ လူနာ ရောက်လာရင် ကျွန်မတို့မှာ တော်တော် ဒုက္ခရောက်တယ်၊ သူ သေသွားတော့ သူ့ကို ဘယ်ထုံးတမ်း စဉ်လာတွေနဲ့ သင်္ဂြိုဟ်ရမယ် ဆိုတာ မသိတော့ဘူးလေ၊ အမျိုးသားတွေကတော့ သေသွားရင် ခွဲခြားရတာ နည်းနည်း လွယ်တယ်၊ အထူးသဖြင့် မူဆလင် ဆိုရင် ခွဲခြားလို့ ရတယ်၊ ဆရာလေး ပေါလုဆိုရင် အဲဒီ သေသူမှာ အရေ ဖြတ်ထားသလား၊ မထားဘူးလား ဆိုတာ ကြည့်တယ်။

'ကျွန်မတို့ဆီ ရောက်လာတဲ့ လူနာ တော်တော်များများဟာ အားပြတ်နေကြတယ်၊ အဲဒီလို လူနာမျိုးကျတော့ သူ့အကြောထဲကို ဂလူးကို့စ် သွင်း

ပေးရတယ်၊ ဒီလို မသွင်းလို့လည်း မဖြစ်ဘူးလေ၊ သူတို့ကိုယ်မှာ ရေခွာတ်က ခန်းနေပြီ၊ ဂလူးကို့စ်သာ သွင်းမပေးရင် မကြာခင် သေမှာပဲ။

'ဒီလို လူနာမျိုး ရောက်လာရင် ဆရာလေး ပေါလု အနား သွားပြီး ဘာဘာ .. ဘာဘာ စိတ်မလျှော့နှင့် နော်၊ ဘာမှ မဖြစ်ဘူး၊ ဘုရားသခင် ကသာ ကိုယ့်လိပ်ပြာကို ခေါ်နိုင်တာ၊ ဘုရားသခင်က မခေါ်သေးသမျှ ဘာဘာဟာ ဆရာလေးတို့နှင့် အတူ ရှိနေဦးမှာ လို့ လေသံကလေးနှင့် အားပေးတတ်တယ်၊ သူက ပါးစပ်လေး လှုပ်၊ ရေလေး သောက်၊ အစာလေး မျိုချ၊ မျက်လုံးလေး ဖွင့်ကြည့်လာရင် ကျွန်မတို့ သိပ် ဝမ်းသာတာပဲရှင်၊ အဲဒီလို ဖြစ်လာရင် အဝတ်အစား အသစ်လဲ ပေး၊ လက်သည်း ခြေသည်း ညှပ်ပေး၊ ဆံပင်ကို ဖြီးပေး၊ တတ်နိုင်သမျှ သန့်ရှင်းအောင် လုပ်ပေးကြတယ်။

'အဲ သူတို့တစ်တွေ သတိ ရလာတယ် ဆိုရင် ကျွန်မတို့အဖို့ အထူး အစီအစဉ်တွေ လုပ်ကြတယ်၊ သီလရှင်က ဖြစ်စေ၊ စေတနာ့ဝန်ထမ်း သူနာပြု က ဖြစ်စေ ဈေးကိုပြေးပြီး စားစရာ သောက်စရာ အချိုအချဉ်တွေ ဝယ်တယ်၊ သစ်သီးတွေ ဝယ်တယ်၊ ဒါမှ မဟုတ်ရင်လည်း ရပ်စဂူလာတို့ ဒိန်ချဉ်တို့ ပြေးဝယ်တယ်၊ ဒါမှ မဟုတ်ရင်လည်း ဘီဒီ ကြိုက်တတ်သူအဖို့ ဘီဒီလေး တစ်လိပ်တလေ သောက်ပါစေတော့ ဆိုပြီး ဘီဒီ ပြေးဝယ် ပေးရတယ်၊ ဆရာလေး ပေါလု ဆိုရင် ဘီဒီကို ကိုယ်တိုင် ညှိပေးပြီး လူနာ ပါးစပ်ထဲကို တောင် တပ်ပေးသေးတယ်။

'ဂေဟာကို ရောက်လာသူ အားလုံးဟာ သေကောင်ပေါင်းလဲတွေ ချည်းတော့လည်း မဟုတ်ပါဘူး၊ တချို့ကျတော့လည်း သွားနိုင် လာနိုင်ကြ ပါသေးတယ်၊ အထူးသဖြင့် မိုးရာသီဆိုရင် နေထိုင်မကောင်း ဖြစ်နေတဲ့ လူတွေမှာ ခိုလှုံစရာ အမိုးအကာ မရှိဘူး မဟုတ်လား၊ ဒီတော့ အမိုးအကာ လေး ရအောင် ဆိုပြီး ကျွန်မတို့ ဂေဟာကို ရောက်လာတတ်ကြသေးတယ် လေ၊ တချို့လည်း နာလန်ထတော့မှ ပြန်သွားကြတယ်။

'ခက်တာက သူတို့အားလုံး ဆင်းရဲ မွဲတေနေကြတော့ ဘယ်သူ့ကို ဦးစား ပေးရမလဲ ဆိုတာ ရွေးရတာ သိပ် ခက်ပါတယ်၊ ဒီတော့ ကိုယ့်ဘာသာ ကိုယ်ပဲ တတ်နိုင်သမျှ စဉ်းစားပြီး ရွေးရတော့တာပေါ့။

'ပြီးတော့ ကာလကတ္တား မြို့ကြီးဆိုတာ လူဦးရေ သန်းပေါင်း များစွာ ရှိတဲ့ မြို့ကြီး မဟုတ်လား၊ ဒီလောက် လူဦးရေ များတဲ့ မြို့ကြီးမှာ လူ ၁၆၀ လောက်သာ ထားနိုင်တဲ့ ဂေဟာကလေးဟာ ဘာဖြစ်လောက်မှာလဲ၊ သမုဒ္ဒရာ

ကြီးထဲက ရေစက်ကလေး တစ်စက်လောက်ပဲ ရှိမှာပေါ့။

'ဆရာကြီးကတော့ ပြောပါတယ်၊ ဒီလို ရေစက်ကလေး မရှိရင် သမုဒ္ဒရာကြီး ဘယ် ဖြစ်နိုင်မလဲတဲ့။

'ဆရာလေး ပေါလုကတော့ ကျွန်မတို့ မသိဘဲ တိတ်တဆိတ် အချောင်ဝင်လာတဲ့ လူနာမျိုးကို သိပ် ဖမ်းတတ်တာပဲ၊ သူ ဖမ်းတဲ့နည်းက သိပ် သေချာတယ်၊ ဆံပင်ကို ကြည့်လိုက်တာပဲ၊ အိန္ဒိယမှာ မိန်းမ ယောကျ်ား ခေါင်းမှာ မုန့်ညင်းဆီ လိမ်းကြတယ် မဟုတ်လား၊ ဆံပင်ကို ကြည့်လိုက်လို့ နီကြောင် ခြောက်သွေ့နေရင် လူဆင်းရဲပဲ ဆိုတာ တန်းပြောနိုင်တယ်၊ ဒီတော့ ဆံပင်မှာ ဆီရွှဲနေတဲ့ လူကို မြင်ရင် သူ့ကို လက်မခံတော့ဘူး၊ သူတို့ထက် ဆင်းရဲတဲ့ လူတွေကို နေရာပေးပါ ဆိုပြီး ပြန်လွှတ်ရတယ်၊ အမှန်ကတော့ သေအံ့ဆဲဆဲ သူဆင်းရဲ ဂေဟာ ဆိုတာ ဆေးပေးဌာန မဟုတ်ပါဘူး၊ တကယ် သေကောင်ပေါင်းလဲ ဖြစ်နေတဲ့ လူဆင်းရဲတွေကို ကောင်းကောင်းမွန်မွန် ဘဝ ကူးနိုင်အောင် စောင့်ရှောက်တဲ့ နေရာပါ၊ ဒါပေမယ့် သိပ်ပြီး နာမကျန်း ဖြစ်နေတဲ့ လူမျိုး၊ သိပ်ပြီး ဝေဒနာ ခံစားနေရတဲ့ လူမျိုးကိုတော့ ဆေးတို့ ဘာတို့ ပေးရပါတယ်၊ သူတို့ကို ပေးဖို့ ဆေးတွေကို ကြောင်အိမ်ကလေး တစ်လုံးနှင့် ထည့်ထားပါတယ်။

'ကျွန်မတို့ ဂေဟာကို လာကြည့်တဲ့ နိုင်ငံခြား ဆရာဝန်တွေ ကတော့ ကျွန်မတို့ ဆေးဗီရိုကလေးကို မြင်ပြီး အံ့အားသင့် သွားကြပါတယ်၊ ကျွန်မတို့ ဗီရိုထဲမှာက ဆေးက နည်းနည်းလေး ရှိတာကိုး၊ ပြင်သစ်ပြည်မှာ ဆိုရင် တံဆိပ် အမျိုးမျိုးနှင့် ရောင်းချနေတဲ့ ဆေးအမျိုးကိုက အမျိုးပေါင်း ၁၀,၀၀၀ လောက် ရှိတယ်တဲ့၊ ကျွန်မတို့ ကာလကတ္တားမှာတော့ ဆေး အမျိုးအမည် ဘာရှိလို့လဲ၊ အလွန်ဆုံးရှိမှ တစ်ဒါဇင်လောက်ပဲ ရှိမှာပေါ့၊ သွေးအားနည်း လွန်းတဲ့ လူမမာတွေ အတွက် ပေးတဲ့ ဗီတာမင် ဆေးပြားတို့၊ သံဓာတ်နှင့် သတ္တုဓာတ်ပါတဲ့ ဆေးပြားတို့လောက်ပဲ ရှိတယ်။

'ကျွန်မတို့ ဂေဟာမှာ လူနာတွေကို ဆေးတိုက်ဖို့အတွက် မှတ်ထားတဲ့ ဆေးစာရင်း စာအုပ်ကလေး တစ်အုပ်ထားတယ်၊ ဒါပေမယ့် လူအမည် မပါ ဘူး၊ ခုတင်နံပါတ်နှင့်ပဲ ထားတယ်၊ ခုတင် နံပါတ် ၂၃ ကို ဒရစ် ဖြုတ်လိုက် တော့၊ နံပါတ် ၂၄ ကတော့ ဆုံးသွားပြီ စသည်ဖြင့် ပြောကြတယ်။

'လူနာတွေကို ဆေးလိုက်ပေးတဲ့ အခါကျတော့ ဆေးကို ဘာနှင့် ထည့်ရတယ် မှတ်သလဲ၊ ကျွန်မတို့ဆီမှာ အီတလီ ကုမ္ပဏီ တစ်ခုက

လှူလိုက်တဲ့ ငါးသေတ္တာတွေ ရှိတယ်၊ အဲဒီ ငါးသေတ္တာ ပုံးကလေးတွေထဲကို ဆေးပြားကလေးတွေ ထည့်ပြီး ဆေးလိုက်ဝေရတယ်၊ ပြီးတော့ ကျွန်မတို့ ဂေဟာက လူနာတွေကို အိန္ဒိယ ဆရာဝန် တစ်ယောက် လာကြည့်ပါတယ်၊ သူ့ကိုတော့ ဘယ်လခ ပေးနိုင်မလဲ၊ စေတနာ့ဝန်ထမ်း လုပ်ပေးပါလို့ တောင်းပန်ရတာပေါ့၊ လူနာကို တိုက်ဖို့ ဆေးအညွှန်းကို သူပဲ မှတ်တမ်း စာအုပ်ထဲမှာ ရေးပေးတယ်၊ သူကတော့ တစ်ပတ်ကို နှစ်ကြိမ် လာပါတယ်၊ ဒါပေမယ့် ကြားထဲမှာ နိုင်ငံခြားက ရောက်လာတဲ့ ဆရာဝန်တွေ လာကြည့်တာမျိုးလည်း ရှိပါတယ်၊ သူတို့ ရောက်လာရင်တော့ ကျွန်မတို့အဖို့ သိပ် အကျိုးထူးတာ ပေါ့လေ။

'ဘာဖြစ်လို့လဲ ဆိုတော့ ဒီဂေဟာမှာ တာဝန်ကျနေတဲ့ သီလရှင် ဆရာလေးတွေမှာ ဆေးပညာနှင့် ပတ်သက်တဲ့ ဗဟုသုတဆိုလို့ သိပ်မှ မရှိကြဘဲကိုး၊ သီလရှင်ကလေးတွေကို သာသနာထဲ သွတ်သွင်းတော့ သူတို့ကို ဆေးပညာတို့ ဘာတို့ သင် မပေးဘူးလေ၊ ဒီလို သင်မပေးလို့ ဆရာကြီးကို အပြစ် ဆိုတာတွေလည်း ရှိတယ်၊ ဒါပေမယ့် ကံကောင်းတာ တစ်ချက်က ဆရာလေး ပေါလုက ဒီမှာ အကြာကြီး အတွေ့အကြုံ ရှိခဲ့တော့ တော်တော် တန်တန်ကို သူ သိတယ်လေ၊ သူက ကျွန်မတို့ကို တစ်ဆင့် ပြန်သင်ပေး တယ်။

'လူမမာတွေရဲ့ လက်မောင်းကလေးတွေက မီးခြစ်ဆံလောက်လေး တွေသာ ရှိတယ် မဟုတ်လား၊ အဲဒီလို သေးကွေးတဲ့ လက်မောင်းထဲကို အပ် စိုက်ဖို့ဆိုရင် ဆရာလေး ပေါလုကို ခေါ်ရတယ်၊ သူကတော့ ကျွမ်းနေပြီလေ၊ ဆရာလေး ပေါလုက သင်ပေမယ့် ကျွန်မကတော့ ခုထက်ထိ လက်မောင်း သေးသေးကလေးထဲမှာ အကြော မရှာတတ်သေးဘူး၊ ဒီတော့ လွယ်လွယ်ပဲ ခြေထောက်က အကြောထဲကို စိုက်လိုက်တာပဲ၊ ခြေထောက် အကြောက ရှာလို့လွယ်တယ် မဟုတ်လား၊ ဒါပေမယ့် လူနာအဖို့ အန္တရာယ်တော့ ရှိတာ ပေါ့လေ၊ သွေးတို့ ဘာတို့ ပိတ်သွားနိုင်တယ် မဟုတ်လား။

'ကျွန်မတို့ ဂေဟာက သေအံ့ဆဲဆဲ လူမမာတွေပဲ များတော့ အမြဲလိုလို တိတ်ဆိတ် နေတတ်ပါတယ်။

'အဲ စားသောက်ချိန်မှာ ဆိုရင်တော့ နည်းနည်း လှုပ်လှုပ်ရှရှ ဖြစ်တာ မျိုး ရှိရဲ့၊ အဲဒီ အချိန်ဆိုရင် မွေ့ရာတွေပေါ်မှာ စန့်စန့်ကြီးတွေ ဖြစ်နေတဲ့ လူမမာတွေဟာ အငွေ့ တထောင်းထောင်းနှင့် ယူလာမယ့် ထမင်းအိုးကိုပဲ

မျှော်နေကြတာပဲ။

'ကျွန်မတို့ ဂေဟာကို လာကြည့်တဲ့ နိုင်ငံခြား ဆရာဝန်တွေ ဆိုရင် အဲဒီ ရှုခင်းကို မြင်တော့ သိပ် အံ့သြတာပဲ။

'ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီ အချိန်ဆိုရင် လူနာတွေဟာ နည်းနည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြတာကိုး၊ သူတို့ ဆရာဝန်တွေ အဖို့တော့ အစာ စားဖို့ဆိုတာ ပြဿနာ မရှိဘူးလေ၊ စားနေကျဆိုတော့ သူတို့အဖို့ သိပ် အထူး အဆန်း မဟုတ်တော့ဘူး၊ ဒါပေမယ့် ကျွန်မတို့ ဂေဟာက လူနာတွေ အဖို့ တော့ ထမင်းတို့၊ အစားအသောက်တို့ ဆိုတာ တစ်ခါတလေမှ စားရတဲ့ အရာတွေ မဟုတ်လား၊ ဒီတော့ ဒီလို တစ်ခါတလေမှ စားရတာမျိုးကို သူတို့ သိပ် စားချင်ကြတယ်၊ အဲဒီ အခါကျတော့မှ သူတို့ နေ့စဉ် စားသောက်ခဲ့တဲ့ အစားအသောက်ဟာ ဘဝမှာ အလွန် အရေးကြီးတဲ့ အရာပါကလား၊ မရှိ မဖြစ်တဲ့ ပစ္စည်းပါကလား ဆိုတာ ဆရာဝန်တွေ ပိုပြီး သဘောပေါက် နား လည် သွားကြတယ်။

'တစ်ခါတလေတော့လည်း တော်တော် ဆန်းတယ်၊ ကျွန်မတို့ဆီက သူဆင်းရဲ လူမမာတွေဟာ အငတ်ငတ် အပြတ်ပြတ် နေခဲ့ကြရပေမယ့် ဒီ ရောက်တော့ စားချင်စိတ် သောက်ချင်စိတ်တွေ ပြန်မလာတော့ဘူး၊ ငတ်နေ ကျ ဖြစ်နေတော့ စားချင်စိတ် သောက်ချင်စိတ်တွေ ကုန်ခန်းသွားကြတယ် ထင်တယ်၊ သူတို့ဗိုက်က အစာကို တစ်ခါတည်း ငြင်းဆန်လိုက်သလား မဆို နိုင်ဘူး။

'ဒီလို မစားတဲ့ အခါကျတော့ ကျွန်မတို့က သူတို့ကို အစာစားအောင် ချော့မော့ ကျွေးရပြန်ရော၊ ထမင်းကို စပြီး ကျွေးတုန်းကများ သူတို့တစ်တွေ မစားနိုင်ကြဘူး၊ တစ်လုတ်လောက် စားပြီးတာနှင့် တစ်ပြိုင်နက် ထိုးအန် တော့တာပဲ၊ တချို့လည်း သွေးပေါင်ချိန် ချက်ချင်း ထိုးကျသွားတယ်၊ တချို့ လည်း ဝမ်းလျှောတယ်။

'ဒီတော့ သူတို့ကို ဆန်ပြုတ် ကျဲကျဲလေး၊ အာလူး ဆိုရင်လည်း ချေ ထားတဲ့ အာလူးပြုတ် ပျော့ပျော့လေးကို နည်းနည်းစီ ကျွေးရတယ်၊ တချို့ လည်း နှစ်ပေါင်းများစွာ ငတ်ပြတ်လာပြီးမှ ခုလို နည်းနည်းလေး စားလိုက် ရတော့ သွေးလန့်သလို ဖြစ်သွားပြီး သုံးလေးလုတ်လောက် စားပြီးတာနှင့် သေသွားတာမျိုးတွေလည်း ရှိတယ်။

'ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့ကို အစာရေစာ ကျွေးလိုက်တဲ့ အတွက်

ကျွန်မတို့မှာ အကျိုးအမြတ် ရလာတာ တစ်ခုတော့ ရှိတယ်၊ အဲဒါကတော့ ကျွန်မတို့ အပေါ်မှာ ယုံယုံကြည်ကြည် ရင်းရင်းနှီးနှီး ဆက်ဆံလာတာပဲ၊ တချို့ ဆိုရင် ကိုယ့် ထမင်းလုတ်ကို ယူစားဖို့တောင် ခွန်အား မရှိဘူး မဟုတ်လား၊ ဒီတော့ ကျွန်မတို့က သူတို့ကို ခွံ့ရတယ်၊ ဒါကို ကြည့်ပြီး သူတို့ဟာ ကျွန်မတို့ အပေါ်မှာ ယုံကြည်လာတယ်၊ ကျေးဇူး တင်လာကြတယ်၊ အစားအစာ ကျွေးတာဟာ အရေးကြီးသလို ဒီလို စိတ်ရှည်လက်ရှည် ကျွေးမွေးဖို့ ကိစ္စဟာလည်း အရေးကြီးပါတယ်။

'တော်တော်တော့ ထူးဆန်းတယ်ရှင့်၊ ကျွန်မတို့တစ်တွေ အဲဒီလို ပြုစုကုသရာမှာ အမျိုးသားတွေက အမျိုးသမီးတွေထက် ပိုပြီး နားလည်ကြတယ်၊ ကျွန်မတို့ တစ်တွေက သူတို့ကို ပြုစုတာ၊ သူတို့ကို ကြင်ကြင်နာနာ နှင့် ပြောဆိုတာတွေကို အမျိုးသမီးတွေထက် ပိုပြီး သဘောကျတယ်၊ အဲဒီလို သဘောကျတဲ့ အတွက်ကြောင့်လား မသိပါဘူးရှင်၊ သိပ်ပြီးလည်း နားမှုနားဆာ များတာပဲ၊ ဂရုစိုက်ရင်လည်း သူတို့ကို ပိုပြီး ဂရုစိုက်၊ သူတို့ကို ပိုပြီး ပြုစုမှ သဘောကျတယ်၊ အဲ အမျိုးသမီးတွေကတော့ ကျွန်မတို့ တစ်တွေက အဲဒီလို ကြင်နာတာတွေကို သိပ် လက်ခံချင်ပုံ မရဘူး၊ ပြီးတော့ ဝေဒနာကို ကြိတ်မှိတ် ခံရာမှာလည်း ယောက်ျားတွေထက် ခံနိုင်တယ်။

'ဆရာလေး ပေါလုက ပြောတော့ ဒီလို ခံနိုင်တာဟာ ကျွန်မတို့ နိုင်ငံမှာ အမျိုးသမီးတွေဟာ ငယ်ငယ်လေး ကတည်းက ပင်ပင်ပန်းပန်း လုပ်ခဲ့ရပြီး အမျိုးသားတွေရဲ့ အလိုဆန္ဒကို တစ်လျှောက်လုံး လိုက်နာခဲ့ရလို့ သူတို့မှာ ခံနိုင်ရည် ရှိသွားတာတဲ့။

'ကျွန်မတို့ ဂေဟာမှာ လူနာတွေကို ပြုစုရတဲ့ ကိစ္စဟာ တော်တော်လေးတော့ ပင်ပန်းပါတယ်၊ ပင်ပန်းသလောက်လည်း အတွေ့အကြုံ ရပါတယ်၊ စဉ်းစားကြည့်လေ၊ ကိုယ်ဆီ ရောက်လာတုန်းက သေကောင်ပေါင်းလဲ ဖြစ်ပြီး ပစ်လိုက်ရတော့မလို ဖြစ်တဲ့ လူမမာ တစ်ယောက် ကိုယ် ပြုစုလိုက်လို့ ပြန်ကျန်းမာလာပြီး မသေမပျောက် မြင်ရတာဟာ ဘယ်လောက် ဝမ်းသာစရာကောင်းသလဲ၊ ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းသလဲ။

'သေတဲ့လူ ပြန်ရှင်လာသလို သူ့ မျက်နှာပေါ်မှာ အပြုံးယဲ့ယဲ့ ပေါ်လာပြီး ကိုယ့်ကို နှုတ်ဆက်ရင် ဒါမှမဟုတ် ထူထူထောင်ထောင် လမ်းလျှောက်တာကို မြင်ရပြီ ဆိုရင် ကျွန်မတို့တစ်တွေ ဝမ်းသာကြတယ်၊ အထူးသဖြင့် လွန်ခဲ့တဲ့ ရက် အနည်းငယ်လောက်က အစားအသောက် ငတ်ပြီး ပိန်ချုံး

နေတဲ့ ကလေးတစ်ယောက်ကို ပြုံးပြုံးရွှင်ရွှင် ထမင်း ဝနေတဲ့ပုံနှင့် မြင်လိုက်ရရင် ကျွန်မတို့မှာ ပင်ပန်းသမျှတွေ ပြေပျောက်ရတယ်။

'ဒါပေမယ့် ဒီလို အောင်မြင်မှုတွေကို တွေ့သည့်တိုင် ဆရာလေး ပေါလုဟာ ကျွန်မတို့ တကယ် လုပ်ရမယ့် လုပ်ငန်းကိုတော့ ဘယ်တော့မှ သတိ မမေ့ဘူး၊ အမြဲ သတိရှိတယ်၊ အဲဒါကတော့ ဆရာကြီး ပေးထားတဲ့ တာဝန်အတိုင်း သေအံ့ဆဲဆဲ လူနာတွေကို အဖ ဘုရားသခင်ရဲ့ ဂေဟာကို ငြိမ်းချမ်းစွာ ဝင်နိုင်အောင် သူတို့ကို သွန်သင်ပေးဖို့ ကိစ္စလေ။

'ကျွန်မတို့ ဂေဟာကို လာကြည့်တဲ့ နိုင်ငံခြားသားတွေက ဒီအချက်ကိုတော့ သိပ် တအံ့တဩ မဖြစ်ကြတော့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မတို့ ဂေဟာမှာ သေတယ်ဆိုတာ သိပ်မှ မထူးဆန်းတော့တာပဲကိုး၊ သေတာဟာ ရှင်တာနှင့် တစ်ဆက်တည်းလို ဖြစ်နေတာကိုး၊ ကျွန်မတို့ ဂေဟာမှာ သေလို့ ငိုတဲ့ အသံ၊ သေမှာကြောက်လို့ ငြင်းဆန်တဲ့ အသံ၊ သေလို့ အော်ဟစ်တဲ့ အသံရယ်လို့ မရှိဘူးလေ၊ နောင်တမလွန် ဘဝကို ကူးသွားတာကို တည်တည်ငြိမ်ငြိမ်ပဲ လက်ခံပြီး သေသွားကြတယ်၊ လူတစ်ယောက် သေသွားတဲ့ အတွက် အထူးတလည် ဝမ်းနည်း ပူဆွေးခြင်း မရှိတဲ့ဟာကို မြင်တော့ သူတို့ ပိုပြီး အံ့ဩနေကြတယ်၊ သူတို့ဆီမှာတော့ လူတွေဟာ သေတာကို ဒီလို ရင်မဆိုင်ကြဘူးတဲ့၊ သေမင်းကို ရဲရဲ မကြည့်ရဲကြဘူးတဲ့၊ သေခြင်းနှင့် ရင်ဆိုင်လာရတယ်ဆိုရင် အကျောက်အကန် ငြင်းဆန်ကြတော့တာပဲတဲ့၊ သူတို့ဆီမှာ သေမင်းဟာ ဝတ်ရုံ အနက်ကြီးကို ခြုံထားပြီး တံစဉ် အရှည်ကြီးကို ကိုင်ထားတဲ့ အရိုးစုကြီးလို့ မြင်ကြတယ်တဲ့၊ သေတာဟာ မတရား သက်သက် အနိုင်ကျင့် ခံရတာ၊ ကြောက်စရာ အပြစ်ဒဏ်မျိုးကို ခံရတာ၊ လုံးဝ အရှုံးပေးလိုက်ရတာလို့ ယူဆကြတယ်တဲ့။

'ပြီးတော့ ဆရာလေး ပေါလုက ကျွန်မတို့ကို ရှင်းပြတာ ရှိသေးတယ်၊ အနောက် နိုင်ငံတွေမှာ လူတွေဟာ သေရမှာကို ကြောက်ကြတယ်တဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ သေပြီးရင် နောက်မှာ ဘာဖြစ်မယ် ဆိုတာကို မသိကြလို့ ကြောက်တာတဲ့၊ ခုဘဝမှာ ကောင်းကောင်းမွန်မွန် စည်းစိမ်ရှိရှိနှင့် နေရရင် လူတွေဟာ ကောင်းကင်ဘုံက နိုင်ငံတော်ကို သိပ် မယုံကြတော့ဘူးတဲ့၊ ဒီတော့ သေမှာကိုလည်း ကြောက်ကြတော့တာပေါ့တဲ့။

'ဒါပေမယ့် အိန္ဒိယပြည်မှာတော့ လူတွေဟာ သေသွားရင် နောက်ဘဝမှာ ကောင်းမှာလို့ ယုံကြည်ကြတယ်တဲ့၊ အထူးသဖြင့် ဆင်းရဲသားတွေက

အဲဒီလို ပိုပြီး ယုံကြည်ကြတယ်တဲ့၊ နောက်ဘဝ ရောက်ရင် ဘုရားက သူတို့ကို ကောင်းရာ သုဂတိကို ပို့ပေးမှာလို့ ယုံကြည်ကြတယ်တဲ့။

'ဘယ် ဘာသာကိုပဲ ယူယူ အိန္ဒိယမှာကတော့ လူတွေဟာ ဘုရား အလိုတော်အတိုင်း ဖြစ်ရတယ် ဆိုတာကို ယုံယုံကြည်ကြည် လက်ခံကြတယ်လေ။

'ဒါပေမယ့် သေအံ့ဆဲဆဲ လူမမာတွေရဲ့ ဂေဟာမှာ တာဝန် ထမ်းဆောင်ကြရတဲ့ သူတွေအဖို့တော့ အပြတ်မ်း တရား မရနိုင်ဘူးပေါ့လေ။

'ကျွန်မတို့ မပြောနှင့်၊ ဆရာလေး ပေါလုတောင်မှပဲ သတိလက်လွတ်ဖြစ်တဲ့အခါတွေ ရှိသေးတယ်၊ ဆရာလေး ပေါလုဟာ လူမမာ တစ်ယောက် အသက် ထွက်တော့မယ် ဆိုတာကို အလိုလို ကြိုသိတတ်တယ်၊ အဲဒီလို သိလိုက်တာနှင့် ဆရာလေးဟာ အဲဒီ လူနာကို အမျိုးသမီးဆောင်နှင့် အမျိုးသားဆောင် ကြားက စင်္ကြံထောင့်လေးကို ပို့လိုက်တော့တာပဲ။

'အဲဒီနားကို ရောက်တော့ ကျွန်မတို့က လူနာကို ဆေးကြော သုတ်သင်ပြီး လုံချည်တို့၊ အဝတ်အစားတို့ကို ဝတ်ပေးကြရတယ်၊ ဆရာလေးက ဈေးကို ပန်းကုံး တစ်ကုံးလည်း အဝယ် ခိုင်းလိုက်တယ်၊ လူမမာ လည်ပင်းမှာ ဆွဲပေးဖို့လေ၊ ဒီလို ပြင်ဆင်ပေးပြီးတော့ ကျွန်မတို့တစ်တွေ လူနာဘေးမှာ တစ်ယောက် တစ်လှည့်စီ ထိုင်ပြီး လက်ကို ဆုပ်ပေးရတယ်၊ တရားစာ ရွတ်ပေးရတယ်၊ သူ့ နဖူးကို ချွေးတို့ ဘာတို့ သုတ်ပေးရတယ်၊ သူ့ကို နှစ်သိမ့်စကား ပြောရတယ်။

'ဆရာလေး ပေါလုဟာ သေအံ့ဆဲ လူနာတွေကို နှစ်သိမ့်စကား ပြောရာမှာ တော်တော့်ကို ထူးချွန်တယ်။

'ဒီလို စောစောစီးစီး အိမ်ပြန်ရတာဟာ ကုသိုလ်ကံ ထူးတဲ့အကြောင်း၊ နောင်ဘဝရောက်ရင် ကောင်းကင်ဘုံမှာ လိုတရာဘဝကို ရမယ့် အကြောင်းကို တတွတ်တွတ် ပြောနေတတ်တယ်၊ တကယ်လို့ လူမမာဟာ သတိ ရနေသေးတယ် ဆိုရင်လည်း သူ့စကားကြောင့် ညင်ညင်သာသာပဲ အသက် ထွက်သွားတတ်ကြတယ်၊ လူနာဟာ သူဆုပ်ထားတဲ့ ကျွန်မတို့ လက်ကို တစ်ချက်တအား ဖျစ်ညှစ်လိုက်ပြီး နောက်တော့ ပြေကျသွားတယ်၊ ငံ့လည်း ကြည့်လိုက်ရော အသက် မရှိတော့ဘူးလေ။

'ဆုံးတယ် ဆိုရင်ပဲ ချက်ချင်း ဆိုသလို သူ့ကိစ္စ အတွက် ပြင်ဆင်ရတယ်၊ အလောင်းကို အဝတ်ဖြူနှင့် ပတ်၊ တကယ်လို့ သေသူဟာ ဟိန္ဒူ

ဘာသာဝင် ဖြစ်ရင် ဆရာလေး ပေါလုက လူလွှတ်ပြီး အနားမှာ ရှိတဲ့ ဟိန္ဒူ ဘုန်းကြီး တစ်ပါး အပင့်ခိုင်းတယ်။

'ပြီးတော့ ဒွန်းစဏ္ဍား မျိုးထဲက (ဒွန်းစဏ္ဍားမျိုး ဆိုတာ ကျွန်မတို့ အမျိုးပေါ့လေ) သုဘရာဇာ တစ်ယောက်ကို အခေါ် ခိုင်းလိုက်တယ်၊ သုဘ ရာဇာက ထမ်းစင်နှင့် ရောက်လာပြီး အလောင်းကို မီးသင်္ဂြိုဟ်ဖို့ ဟူဂလီ မြစ်ကမ်းကို ယူသွားတယ်။

'သေသူက မွတ်ဆလင် ဘာသာဝင် ဆိုရင် ဆွေမျိုးသားချင်း မရှိတဲ့ မွတ်ဆလင် ဘာသာဝင်တွေကို သင်္ဂြိုဟ်ပေးတဲ့ မွတ်ဆလင် ဘာသာရေး အသင်း တစ်သင်းကို တယ်လီဖုန်းနှင့် လှမ်း အကြောင်းကြားလိုက်တယ်၊ တစ်နာရီ လောက် ကြာရင် ကားကလေး တစ်စီး ထိုးဆိုက်လာပြီး အလောင်းကို ယူ သွားပြီးတော့ သူဆင်းရဲ မွတ်ဆလင်တွေကို သင်္ဂြိုဟ်တဲ့ ဂိုးဘရား သုသာန်မှာ သင်္ဂြိုဟ်လိုက်တယ်။

'ခရစ်ယာန် ဘာသာဝင် ဆိုရင်တော့ ကျွန်မတို့ ကျောင်းတိုက်ပိုင်တဲ့ လူနာတင်ကား ရောက်လာပြီး မြို့တောင်ဘက်မှာ ရှိတဲ့ တိုလီဂန်းချေး ခရစ် ယာန် သုသာန်မှာ သင်္ဂြိုဟ်ပါတယ်။

'ဟုတ်ပါတယ်၊ ကျွန်မတို့ သေအံ့ဆဲဆဲ လူနာတွေရဲ့ ဂေဟာမှာ သေ တာဟာ သာမန် ထုံးတမ်းစဉ်လာ တစ်ရပ်လို ဖြစ်နေတယ်ဆိုတာ မှန်ပါတယ်၊ ကျွန်မက ငယ်ငယ်လေး ကတည်းက မီးသင်္ဂြိုဟ်တဲ့ မီးခိုးတွေ၊ လူသေ မီးရှို့တဲ့ ညှော်နံ့တွေ ကြားထဲမှာ ကြီးပြင်းလာတာ ဆိုတော့ တခြား သူတွေထက် တည်တည်ငြိမ်ငြိမ် လက်ခံနိုင်ပါတယ်။

'ဒါပေမယ့် တချို့လူနာတွေ သေပုံကို မြင်ရတော့ ကျွန်မ စိတ်ထိခိုက် ရတာတွေ အများကြီး ရှိပါတယ်၊ ဥပမာ တစ်ကိုယ်လုံး အနာတွေ ပေါက်ပြီး အရိုးပေါ် အရေတင် သေသွားရတဲ့ အသက် ၂၀ အရွယ် မွတ်ဆလင် အမျိုးသား လေး တစ်ယောက် သေသွားရတာမျိုးကိုတော့ ကျွန်မ ဘယ်တော့မှ မေ့နိုင် တော့မှာ မဟုတ်ပါဘူး။

'သူ့ကို မဒရပ်ကို သွားတဲ့ မီးရထားပေါ်က အိမ်သာထဲမှာ တွေ့ခဲ့ရ တာပါ၊ သူ့ကို ဆေးတွေ အမျိုးမျိုး သူ့အကြောထဲ သွင်းပေးခဲ့တယ်၊ ဗီတာမင် တွေ တစ်ပုလင်းပြီး တစ်ပုလင်း တိုက်ခဲ့တယ်၊ ပဋိဇီဝဆေးတွေ တစ်ပုလင်းပြီး တစ်ပုလင်း တိုက်ခဲ့တယ်၊ သံဓာတ်ပါတဲ့ ဆေး ဆိုရင်လည်း ပုလင်းပေါင်း မရေနိုင်တော့ဘူး။

'သူက နားရွက် ကားကား၊ ဆံပင် ကောက်ကောက်နှင့် ဆိုတော့ ကျွန်မရဲ့ မောင်လေးနှင့် သိပ် တူတာကိုး၊ ကျွန်မနှင့် အတူ ဂဂ်ါ မြစ်ကမ်း အစပ်တစ်လျှောက်မှာ မီးသဂြိုဟ်တဲ့ အလောင်းတွေက ကျန်ရစ်ခဲ့တဲ့ ရွှေသား တို့ လက်ဝတ်လက်စားတို့ကို လိုက်ကောက်ခဲ့တဲ့ မောင်လေးလေ၊ သူ့နာမည် က အဗ္ဗဒူလ်တဲ့။

'ဒါပေမယ့် သူ့ရောဂါက တော်တော် ကျွမ်းနေပြီလေ၊ သူ့မှာ ခန္ဓာကိုယ် စက်ယန္တရားကြီးကို ဆက်လက် မောင်းနှင်နိုင်တဲ့ အင်အားရယ်လို့ မရှိတော့ ဘူး၊ ကျွန်မတို့ နှစ်ယောက် အချိန်အကြာကြီး အတူ နေခဲ့ကြဖူးတယ်၊ သူက သွားခါနီးတော့ ကျွန်မလက်ကို အတင်း ဆုပ်ထားတယ်၊ ပြီးတော့ ကျွန်မကို ခေါ်တော့ အစ်မလို့ ခေါ်တယ်။

'ညနေရောက်လို့ ကျွန်မက မြို့အစွန် တစ်ဖက်မှာ ရှိတဲ့ ကျွန်မတို့ သီလရှင်ကျောင်းကို ပြန်တော့မယ်ဆိုရင် သူ စိတ်ဓာတ်ကျပြီး ကျန်ရစ် ခဲ့တော့တာပဲ၊ သွားခါနီးဆိုရင် ကျွန်မ ဆာရီကို အတင်း ဆွဲထားတာပဲ၊ ဒီလောက် သေးကွေး ကြုံလှီတဲ့ ခန္ဓာကိုယ်က ဒီလောက် ကြီးမားတဲ့ ခွန်အား ထွက်လာတာကို ကျွန်မဖြင့် အံ့သြလို့ မဆုံးဘူး၊ အစ်မရယ်၊ ကျွန်တော့်ကို ပစ်မထားပါနှင့်လို့ တဖွဖွ ပြောတတ်တယ်။

'တစ်ညနေတော့ သူက ဝေဒနာကြီးလွန်းလို့ တအင်းအင်း ညည်းနေ တော့ ကျွန်မ စိတ်ထဲမှာ မခံမရပ်နိုင်အောင် ဖြစ်လာတယ်၊ ဒါနှင့် ကျွန်မက သီလရှင်ဝတ်တုန်းက ဆရာကြီး ပေးထားတဲ့ သတ္တုနှင့် လုပ်ထားတဲ့ လက်ဝါး ကပ်တိုင်ကလေးကို ပခုံးမှာ တွယ်ထားရာက သူ့ကို ဖြုတ်ပေးလိုက်တယ်၊ ကျွန်မ တတ်နိုင်တဲ့ မေတ္တာ အမှတ်အသားပေါ့လေ။

'ကျွန်မက လက်ဝါးကပ်တိုင်ကလေးကို သူ့ရဲ့ ဟောက်ပက်နေတဲ့ လက်ဖဝါးကလေးထဲကို ထည့်လိုက်ပြီး ရော့ မောင်လေး၊ ဒါကို ယူထား၊ ဒါလေးဟာ အစ်မ အလွန် တန်ဖိုးထားတဲ့ ပစ္စည်းကလေး၊ ဒီပစ္စည်းကလေးကို ကြည့်ပြီး အစ်မဟာ မောင်လေး အနားမှာ ရှိတယ်လို့ အောက်မေ့ လို့ ပြော တယ်၊ ဒီတော့ သူ့မျက်နှာဟာ ငြိမ်းချမ်း ကြည်လင်သွားပြီး ဒီလိုဆိုရင်လည်း အစ်မ သွားပါတော့ အစ်မရယ်လို့ ပြောတယ်။

'နောက်တစ်နေ့ မနက် ဂေဟာကို ကျွန်မ ရောက်လာတော့ အဗ္ဗဒူလ် မရှိတော့ဘူး၊ ဆုံးသွားပြီ၊ ကျွန်မ ပေးလိုက်တဲ့ လက်ဝါးကပ်တိုင်ကလေးကို လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ရင်ဘတ်ပေါ်မှာ တင်ထား

တယ်၊ ကျွန်မ သူ့အနားမှာ ထိုင်ပြီး ငိုလိုက်တာလေ ဘာပြောကောင်းမလဲ။

'သူ့ အိပ်ရာဘေးမှာ ကျွန်မ ဒူးထောက်ထိုင် ငိုနေတုန်း ဆရာလေး ပေါလု ရောက်လာပြီး ကျွန်မ ပခုံးကို လက်နှင့် လာတို့တယ်၊ သူ့လက်ထဲမှာ ကျွန်မ လိပ်စာ ရေးထားတဲ့ နိုင်ငံခြား တံဆိပ်ခေါင်း ကပ်ထားတဲ့ စာအိတ် တစ်အိတ် ကိုင်လို့၊ အစ္စရေးက လက်ဘနွန် ခရစ်ယာန် ဘုန်းကြီးလေး တစ်ပါးက ကျွန်မဆီကို ရေးလိုက်တဲ့ စာလေ။

'သူက သွက်ချာပါဒ လိုက်နေသူ တစ်ဦး အနေနှင့် သူ့ရဲ့ ဆုတောင်း နှင့် သူ့ရဲ့ ဝေဒနာတွေကို ကျွန်မဆီကို မျှဝေ ပို့လိုက်တာလေ။ ဘုရားသခင်ရဲ့ သားတော်များ ဖြစ်တဲ့ ဆင်းရဲသားတွေကို ပြုစုရာမှာ ပိုပြီး ခွန်အား ရှိလာ အောင်၊ ပိုပြီး ရဲစွမ်းသတ္တိ ရှိလာအောင် ပို့လိုက်တာတဲ့'

[ ၂၇ ]

လူသတ်သမား တစ်ယောက်ကို လက်ခံသူများ အတွက် ဇိမ်ရှိသော ညတစ်ည။

ပါရီ၊ ပြင်သစ်ပြည်။

၁၉၈၃ ခုနှစ် ဆောင်းရာသီ။

လူငယ် မိန်းမလျှာ တစ်ဦး ဖြစ်သည့် ဖက်ရှင် ဒီဇိုင်းဆရာ ဖရက်ဒရစ် ဘရူ ဂျီယေးသည် ခွဲစိတ် စားပွဲဘေးတွင် စန့်စန့်ကြီး အိပ်ပျော်နေသည်။

ခွဲစိတ်ဆရာဝန်က သူ့ သားနံ့ရည်ကျိတ်ကို ထုတ်ပြီးသည်နှင့် ကလော်ဒီ ဘားနဒ်ဆေးရုံ မိုင်းရုပ်စ် ပိုးမွှားဗေဒဌာန အကြီးအကဲ ခပ်ချောချော ဆရာဝန် မလေး ဖြစ်သည့် ဒေါက်တာ ဖရန်ဆွာ ဘရွန်း ဗေဇီးနားသည် ထိုသားနံ့ရည် ကျိတ်ကို အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် ခွဲနေသည်။

ဒေါက်တာ ဗေဇီးနား၏ အလုပ်မှာ ဘိုင်အိုစီ လုပ်ထားသည့် အသား မျှင်များကို စုဆောင်းရန် ဖြစ်သည်။ ကျယ်ပြန့်လှသည့် ပါရီ မြို့ကြီးတွင် ဘယ်အရပ်က လာလာ၊ ဘယ်အချိန် လာလာ ဘိုင်အိုစီလုပ်သည့် အသားမျှင်များ သည် သူ့ ဌာနသို့ ရောက်လာကြရသည်ချည်း။ လူနာ လူသေ တစ်ဦးဦးထံမှ အသားမျှင်စ တစ်စ ရောက်လာသည်နှင့် သူ ပါလာရသည်။ အကျိတ် တစ်ခု က ရောဂါ လက္ခဏာကို ခွဲခြမ်း စိတ်ဖြာရသည်။

ဦးနှောက်ထဲက ထုတ်လာသည့် ပူပူနွေးနွေး ကလာပ်စည်းများကို

စစ်ဆေးရသည်။ အကြောင်းရာ၍ မရသော ရောဂါများအတွက် တာဝန်ရှိသော ဗိုင်းရပ်စ်ပိုးကို ရှာဖွေရသည်။

ဗိုင်းရပ်စ် ပိုးမွှား ပါရဂူ ဒေါက်တာ ဗေဇိနားသည် အသားမျှင်စ အစိတ်အပိုင်း အသီးသီးကို ဓာတ်ဘူး အမျိုးမျိုး၏ အောက် အဆင့်တွင် ထည့်သည်။ ပထမ ဓာတ်ဘူး နှစ်ဘူးကို ဆေးရုံရှိ ရောဂါဗေဒ ဌာန ဓာတ်ခွဲခန်းနှင့် ဘက်တီးရီးယား ပိုးမွှားဗေဒ ဌာန ဓာတ်ခွဲခန်းသို့ ပို့သည်။ တတိယ ဓာတ်ဘူးကိုမူ ဗိုင်းရပ်စ် ပိုးမွှားဆိုင်ရာ စမ်းသပ်မှုများကို ပြုလုပ်ရန် အတွက် သူ့ ဌာနတွင် သိမ်းထားသည်။ အကြီးဆုံး ဖြစ်သည့် စတုတ္ထ ဓာတ်ဘူးကိုမူ သူ့ကို ရက်ထရိ ဗိုင်းရပ်စ်ပိုး ပညာ သင်ပေးလိုက်သည့် ပါမောက္ခ လတ်မွန်တိန်းနီးယားနှင့် သူ့ လက်အောက်က ပါစချာ အင်စတီကျူ့သို့ လက်ဆောင် ပေးရန် ဖြစ်သည်။

ရောဂါ ဖြစ်နေသော အလွန် အဖိုးတန်လှသည့် အကျိတ်ကို တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်ရာတွင် အန္တရာယ် ကင်းစေရန်အတွက် ဒေါက်တာ ဗေဇိနားသည် ထိုအကျိတ်ကို ပိုးသတ် ဆေးရည်ဖြင့် စိမ်ပြီး ဖြစ်သည်။ တော်တော်ကြီးသည့် အကျိတ် အစိတ်အပိုင်းတစ်ခု ကျန်သေးသည်။ ယင်းမှာ မည်သည့်ထံသို့မှ ပို့ရန် မဟုတ်ပါ။ ပါရီမှ နာမည်ကျော် ဒီဗိုင်းဆရာ၏ ကိုယ်မှ ထုတ်ယူလိုက်သော သားနံ့ရည်ကျိတ်ကို အထိမ်းအမှတ်အဖြစ် သိမ်းထားရန် ဖြစ်ပါသည်။

ထိုအကျိတ်ကို ရေခဲသေတ္တာကြီး တစ်ခုထဲတွင် ကောင်းကောင်း သိမ်းထားလိုက်လျှင် ထိုပစ္စည်းသည် ကလာပ်စည်းဘဏ် တစ်ခုထဲတွင် အဖိုးတန်သည့် ပစ္စည်းတစ်ခု ဖြစ်လာပေလိမ့်မည်။ နောက်တစ်နှစ် သို့မဟုတ် နောက်ဆယ်နှစ် သို့မဟုတ် နောင် အနှစ်တစ်ရာလောက် အကြာတွင် အသိဉာဏ်သစ်ကို ရရှိလာသည့် ထိုခေတ် သိပ္ပံပညာရှင်များသည် အေးစက်သော ရေခဲသေတ္တာထဲတွင် အိပ်ပျော်နေသော ထိုကလာပ်စည်းကို အိပ်ရာမှနိုးကာ ယနေ့ နည်းပညာက ဖော်ထုတ်ခြင်း မပြုနိုင်ခဲ့သော အချက်အလက်တို့ကို ဖော်ထုတ် နိုင်ပေလိမ့်မည်။

နောက် မိနစ် ၂၀ ခန့် အကြာ၌ ဒေါက်တာ ဗေဇိနားသည် ပါရီရှိ ပါစချာ အင်စတီကျူ့ အဆောက်အအုံရှေ့ နှစ်တစ်ရာ သက်တမ်း ရှိသည့် သစ်ကြားပင်ကြီးများ အောက်တွင် သူ၏ အနီရောင် အယ်ဖာရိုမီယို ကားလေးကို ထိုးရပ်လိုက်သည်။

ကူးစက်ရောဂါတို့၏ လျှို့ဝှက်ချက်ကို စူးစမ်း လေ့လာနိုင်သည့် နေရာ ဆို၍ ကမ္ဘာတွင် ရှိခဲ့လျှင် ထိုနေရာသည် ပြင်သစ်ပြည် မြို့တော် ပါရီတွင် ရှိသည့် ပါစချာ အင်စတီကျူပင် ဖြစ်သည်။ ဆုံဆို့နာ၊ ကျောက်ရောဂါ၊ ကာလဝမ်း ရောဂါ၊ တိုက်ဖွိုက်ပိုးစွဲ ရောဂါ၊ ပလိပ် ရောဂါ၊ မေးခိုင် ရောဂါ၊ အသားဝါအဖျား ရောဂါ၊ ချောင်းဆိုးသွေးပါ ရောဂါ၊ ပိုလီယို မိုင်လစ်တစ်စ် ရောဂါ ကူးစက် ပြန့်ပွားခြင်းကို အောင်မြင်စွာ တားဆီးနိုင်ခဲ့သည့် နေရာသည် ထိုအဆောက်အအုံ၏ နံရံ အတွင်းမှာပင် မဟုတ်လော။

ပထမဆုံးသော ကူးစက်ရောဂါ တိုက်ဖျက်ရေး ဆေးများနှင့် ဆာဖုန်နမိုက် ဆေးများကို တီထွင်ခဲ့သည့် နေရာသည် ထိုနေရာပင် မဟုတ်လော။ တစ်နှစ်လျှင် ကလေး သန်းပေါင်း များစွာကို သေကျေ ပျက်စီးစေသည့် ဝှက်ဖျားရောဂါ ကပ်ပါးပိုးကို ပထမဆုံး တွေ့ခဲ့သည့် နေရာမှာလည်း ထိုနေရာပင် မဟုတ်လော။ ပါရာဆိုက်တိုးဆစ် ရောဂါ ဖြစ်ပွားရာတွင် ပရိုတိုဇိုအန် ပိုးများ ပါဝင်နေသည် ဆိုခြင်းကို တွေ့ခဲ့သည့် နေရာမှာလည်း ထိုနေရာပင် မဟုတ်လော။ ကလာပ်စည်းဆိုင်ရာ ကိုယ်ခံအားစနစ်၊ ပြင်ပရောဂါများကို ခုခံပေးသည့် ခန္ဓာကိုယ် အတွင်းက အင်တီဘော်ဒီများ၏ အခန်းကဏ္ဍ၊ သွေးမတည့်မှု ရောဂါ (အယ်လာဂျီ) များကို ကုသရာတွင် အင်တီဟစ္စတာမင် ဆေးများ၏ အသုံးဝင်မှုတို့ကို စတင် တွေ့ရှိသည့် နေရာမှာလည်း ထိုနေရာပင် မဟုတ်လော။

ကိုယ်အင်္ဂါ အစိတ်အပိုင်းများတွင် ရှိနေသော ဗီဇမျိုးစေ့များ၏ အလုပ်လုပ်ပုံကို စနစ်တကျ မှတ်တမ်းတင်ခဲ့သည့် နေရာမှာလည်း ထိုနေရာပင် မဟုတ်လော။

အမျိုးသမီး ဆရာဝန်မငယ် ဒေါက်တာ ဗေဗီးနား တစ်ယောက် သူ့ဆရာ ပါမောက္ခ၏ အခန်းထဲသို့ ဝင်ရောက်လာသည့် အချိန်တွင် နေ့လယ် နာရီပြန် တစ်ချက် ထိုးနေလေပြီ။

ပါမောက္ခသည် လူ့ဇီဝပါစချာ ကွယ်လွန်ခါနီးတွင် နောက်ဆုံး အလုပ်လုပ်ခဲ့ပြီး ယခုအချိန်တွင် ကျောက်ဖြူသား ဂူထဲတွင် ကိန်းအောင်းနေရာ ဖြစ်သည့် အခန်းနှင့် ကပ်လျက် ဓာတ်ခွဲခန်း တစ်ခုထဲတွင် အလုပ်လုပ်နေသည်။ သူ ရောက်သွားသည့် အခါတွင် ပါမောက္ခ မွန်တိန်းနီးယား၏ ဗိုင်းရပ်စ်ပိုးမွှား ဇီဝပညာရပ် သင်တန်းသည် စ နေလေပြီ။ အေအိုင်ဒီအက်စ် ရောဂါ လက္ခဏာများကို ပြနေသည့် ဖက်ရှင်ဒီဇိုင်း ဆရာလေး၏ သားနံရည်အကျိတ်

ထဲမှ ကလာပ်စည်းများကို ထိုနေ့ ညနေ အထိ မွေးမြူ စစ်ဆေးကြည့်ရန် အချိန် မရသေး။

သူ လုပ်ရမည့် သုတေသန လုပ်ငန်းသည် အရေးကြီးကြောင်းကို ပါမောက္ခ မွန်တီန်းနီးယား သိသည်။

ထို့ကြောင့် ထိုလုပ်ငန်းကို မြန်မြန် စချင်သည်။ တောရှေ့နေ တစ်ဦးနှင့် တူသည့် သေးသေးညှက်ညှက် ပါမောက္ခ မွန်တီန်းနီးယားသည် သင်တန်းပြီးသည်နှင့် သူ့ဓာတ်ခွဲခန်းသို့ ပြန်လာကာ တံခါးကို ပိတ်လိုက်သည်။ သူ့ တပည့်မငယ် ဒေါက်တာ ဗေဖိုးနား ယူလာသည့် ရောဂါပိုး ဝင်နေသော သားနံ့ရည်ကျိတ်မှ ကလာပ်စည်းများကို မွေးမြူ ကြည့်ရဦးမည်။

အမျိုးအမည် မသိသော ဗိုင်းရပ်စ် ပိုးတစ်မျိုးကို ကိုင်တွယ်ရသည်မှာ လွန်စွာ အန္တရာယ်ကြီးသည်။ သူသည် ဓာတ်ခွဲခန်းသုံး ဝတ်ရုံဖြူကို ကိုယ်ပေါ်တွင် ခြုံလိုက်သည်။ လက်ကို ရာဘာလက်အိတ် စွပ်သည်။ မျက်နှာတွင် မျက်နှာဖုံးကို တပ်သည်။

ဆို့နောက် တပည့်မငယ် ယူလာသည့် ဓာတ်ဘူးကို ကူးစက်ပိုး ကာကွယ်သည့် စလောင်းအောက်သို့ သွင်းသည်။ ထိုစလောင်းမှ ပိုးမွှား ကင်းစင်သည့် လေသည် တဟူးဟူး ထွက်နေသည်။ အရပ်ရှစ်မျက်နှာသို့ ပိုးမွှားများ မပြန့်စေရန်နှင့် ကိုင်တွယ်သူအား ပိုးမွှားများ မကူးစက်ရန် ထိုလေစီးကြောင်းက အကာအကွယ် ပေးထားခြင်း ဖြစ်သည်။

ပါမောက္ခ မွန်တီန်းနီးယားသည် ထိုလုပ်ငန်းကို အကြိမ် ရာပေါင်းများစွာ လုပ်ခဲ့ဖူးပြီ။ ဗိုင်းရပ်စ် ပိုးမွှားဗေဒ စမ်းသပ်မှုတွင် အဆင့်တွေရှိသည်။ ပထမ ထိုပိုးမွှားများကို မွေးယူရမည်။ ထို့နောက် ထိုပိုးမွှားများကို ရှင်သန်နေအောင် လုပ်ရမည်။ ထို့နောက် ထိုပိုးမွှားများမှ နောက်ထပ် မျိုးသစ်များ ပြန့်ပွားလာအောင် လုပ်ရမည်။

ရောဂါပိုးမွှား တစ်ခုကို သုတေသန လုပ်ရသည်မှာ ဂီတဆရာ အလုပ်လည်း တစ်စိတ်တစ်ပိုင်း ပါသည်။ ဂီတတွင် သံစဉ်များ၏ ဟာမိုနီ လိုသကဲ့သို့ ပိုးမွှား သုတေသနတွင်လည်း အချိန်ကိုက် စည်းကိုက် ဖြစ်ဖို့လိုသည်။ ထမင်းချက် တစ်ဦး၏ အတတ်ပညာလည်း ပါသည်။ အချက်အပြုတ်တွင် အရသာလည်း ရှိ၊ အာဟာရလည်း ဖြစ်စေမည့် ပစ္စည်းတို့ကို ရွေးချယ်တတ်ဖို့

လိုသကဲ့သို့ ယခုကိစ္စတွင်လည်း ပိုးမွှားများ အသက်ရှင်အောင် အစာရေစာ ကျွေးဖို့ လိုသေးသည်။

ထို့ပြင်မက မျက်လှည့်ဆရာ တစ်ဦး၏ ကျွမ်းကျင် လျင်မြန်မှုမျိုးလည်း လိုသေးသည်။ မျက်လှည့်ဆရာသည် အမျိုးမျိုးသော ပစ္စည်းတို့ကို လျင်မြန်စွာ အမှားအယွင်း မရှိ ကိုင်တွယ်တတ်ဖို့ လိုသကဲ့သို့ ပိုးမွှား သုတေသန ဆရာသည်လည်း လိုအပ်သည့် ပစ္စည်းတို့ကို လျင်မြန် ကျွမ်းကျင်စွာ ကိုင်တွယ်တတ်ဖို့ လိုသည်။

ပါမောက္ခ မွန်တိန်းနီးယားသည် သားနံ့ရည်ကျိတ် တစ်ခုကို ဖြတ်တောက်သည်။ အမှုန်ကလေးအဖြစ် ကွဲသွားအောင် လုပ်သည်။ သွေးဖြူဥများ ထုတ် ပေးအောင် မကြာခဏ တို့ထိပေးသည်။ မလိုအပ်သည်တို့ကို ဖယ်ရှားကာ အရည်ဖြစ်အောင် လုပ်လိုက်သည်။ ထို့နောက်တွင်မှ ထိုအရည်တို့ကို ကန်တော့ပုံသဏ္ဌာန်ရှိ အအေးဘူး လေးငါးဘူးထဲသို့ ထည့်သည်။ ဘူးငယ်ကလေးများထဲသို့ အသက်ဓာတ်ပေးသည့် ဆေးရည် အနည်းငယ်၊ ကာဗွန် ဓာတ်ငွေ့ အနည်းငယ်နှင့် နိုက်ထရိုဂျင် အနည်းငယ် ထည့်သည်။ အထဲက ကလာပ်စည်းလေးများ လွယ်ကူစွာ အသက်ရှူနိုင်ရန် ဖြစ်သည်။ ထို့နောက် ဓာတ်ဘူးများကို လုံအောင် ပိတ်လိုက်ပြီး ဖာရင်ဟိုက် ဒီဂရီ ၉၈.၆ ရှိသည့် ရေထဲသို့ နှစ်ထားလိုက်သည်။

ကိစ္စများ ပြီးသည့်အခါတွင် ပါမောက္ခ မွန်တိန်းနီးယားသည် မျက်နှာဖုံးကို ချွတ်သည်။ လက်အိတ်နှင့် ဝတ်ရုံကိုလည်း ချွတ်သည်။

ထို့နောက် သူ လုပ်ခဲ့သည့် လုပ်ငန်း အဆင့်ဆင့်ကို မှတ်စုစာအုပ်ကလေးထဲတွင် ရေးမှတ် ထားလိုက်သည်။

ပါမောက္ခ မွန်တိန်းနီးယားသည် အခန်းထဲက မီးလုံးများကို တစ်လုံးပြီး တစ်လုံး လိုက်ငြိမ်းသည်။ တံခါးကို ပိတ်၊ ဆောင်းဝတ် ကုတ်အင်္ကျီကို ဝတ်ကာ ကွက်လပ် တစ်နေရာတွင် ရပ်ထားသော သူ၏ မီးခိုးရောင် လန်စီယာ ကားကလေးဆီသို့ လာခဲ့သည်။ နောက် နာရီဝက်ဆိုလျှင် အိမ်တွင် သူ့မိသားစုနှင့် အတူ ညစာ စားနိုင်ပြီ။

ဖက်ရှင် ဒီဇိုင်းဆရာလေး၏ ရောဂါပိုး ဝင်နေသော ကလာပ်စည်းများသည် ထိုနေ့ညတွင် အစာရေစာ လုံလောက်စွာရပြီ။ နွေးနွေးထွေးထွေး နေရပြီ။ နောက်တစ်နေ့ဆိုလျှင် ရက်ထရို ဗိုင်းရပ်စ်ပိုး ဓာတ်ခွဲခန်းမှ ကျွမ်းကျင်သူများသည် ကလာပ်စည်း ဝတ်ဆံထဲတွင် ပုန်းကွယ် ခိုအောင်းနေသည်

ဟု ယူဆရသော အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးကို ရှာကြတော့မည်။

အချိန်က ည ၉နာရီ၊ ၁၅ မိနစ်၊ တနင်္လာနေ့၊ ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၃ ရက်။

[ ၂၈ ]

**လူတွေ ဘယ်လောက် သေပေးရဦးမှာလဲ။**

**အတ္တလန်တာ၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၃ ခုနှစ် ဆောင်းရာသီ။**

စီဒီစီ (ရောဂါ ထိန်းချုပ်ရေး ဗဟိုဌာန) မှ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး အလုပ်အဖွဲ့ ခေါင်းဆောင် တစ်ဦး အနေဖြင့် ဂုဏ်ယူ ဝင့်ကြွားနိုင်လေပြီ။

ဒေါက်တာ ဂျင်းကာရန်သည် ရလဒ်ကို ကြည့်၍ သူကိုယ်တိုင် အံ့သြနေသည်။ ကွန်ဖရင့်ကို အချိန်တိုအတွင်း ကျင်းပ ခဲ့ရသည့်တိုင် ကွန်ဖရင့်သည် အောင်မြင်သည်ဟု ဆိုရမည်။ ၁၉၈၃ ခုနှစ် ထိုဇန်နဝါရီလ ၄ ရက်နေ့တွင် ခန်းမ ဇ စ်ခုလုံးသည် ကွန်ဖရင့်သို့ လာတက်သူများဖြင့် ပြည့်နေသည်။ မနေ့ တစ်နေ့လုံးနှင့် တစ်ညလုံးပင် အမေရိကန် ပြည်ထောင်စု တစ်ဝန်းမှ ဧည့်သည် ပေါင်း ၁၅၀ ခန့်သည် ရောက်လာမစဲ ဖြစ်နေကြသည်။

ယင်းတို့မှာ အမေရိကန် ပြည်ထောင်စုတွင် အတိမ်းအစောင်း မခံသည့် စီးပွားရေး လုပ်ငန်းကြီးမှ ကိုယ်စားလှယ်များ ဖြစ်ကြသည်။

ထိုစီးပွားရေး လုပ်ငန်းကြီးမှာ အမေရိကန် ပြည်ထောင်စု၏ အဖိုးတန်ဆုံး ရတနာကို စုဆောင်းသူ၊ သိုလှောင်သူနှင့် ရောင်းချသူများ ဖြစ်သည်။ အစားထိုး၍ မရနိုင်သည့် ထိုရတနာရည်သည် နှစ်စဉ် အမေရိကန်လူမျိုး သုံးသန်းခွဲ၏ အသက်နှင့် ကျန်းမာရေးကို ကာကွယ် စောင့်ရှောက်သည့် ရတနာရည် ဖြစ်သည်။

ထိုရတနာရည်မှာ အခြား မဟုတ်ပါ။ သွေးသွင်း ကုသရာတွင် အသုံးပြုသည့် သွေး ဖြစ်ပါသည်။ ထိုစီးပွားရေး လုပ်ငန်းကြီးသည် တရိပ်ရိပ် ကြီးထွားလျက် ရှိကာ နှစ်စဉ် ဒေါ်လာ သန်း ၂၅၀၀ ဖိုး အရောင်းအဝယ် ရှိနေပြီး ဖော်ကျွန်း မဂ္ဂဇင်း၏ စာရင်းအရ အရောင်းအဝယ် ကောင်းသည့် လုပ်ငန်းပေါင်း ၅၀၀ တွင် ထိပ်ဆုံးမှ လိုက်လျက် ရှိသည်။

အမေရိကန် ကြက်ခြေနီအသင်း တစ်ခုတည်းကပင်လျှင် တစ်နှစ်ကို သွေး လစ်တာပေါင်း ခြောက်သန်း ဖြန့်ဝေလျက် ရှိရာ ယင်းမှာ လူပေါင်း တစ်သန်းကို သွေးသွင်းပေးနိုင်သည်။ ထိုစီးပွားရေး လုပ်ငန်းက ဂုဏ်ယူသည့် အချက်မှာ သူတို့လုပ်ငန်းသည် လူအများ၏ ယုံကြည် စိတ်ချမှုကို ရသည် ဆိုသည့် အချက် ဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ ဆေးရုံများသည် ထိုလုပ်ငန်း ကုမ္ပဏီများမှ သွေးများကို မှာယူ တင်သွင်းကြရသည်။

မိမိ ကြေညာမည့် သတင်းသည် ထိုကုသိုလ်ဖြစ် စီးပွားရေး လုပ်ငန်း ကြီးကို အကြီးအကျယ် ဂယက်ရိုက်စေမည် ဖြစ်ကြောင်းကို ဒေါက်တာ ဂျင်းကာရန် သိသည်။ သို့ရာတွင် အန္တရာယ် ကြီးလှသဖြင့် ထိုအချက်ကို မကြေညာ၍ မရတော့ပြီ။ သူ့ ကြေညာချက်ကြောင့် ထိုစီးပွားရေး လုပ်ငန်း ကြီး ကသောင်းကနင်း ဖြစ်သွားနိုင်သည်။ သူ့ ကြေညာချက်ကို ကြားသည်နှင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် ကုလားထိုင်မှ ထခုန်ကာ တယ်လီဖုန်းဆီသို့ ပြေးပြီး လိုအပ်သည့် ကာကွယ်မှုများကို လုပ်ရန် သူတို့ ကုမ္ပဏီများသို့ ပြောမည် မုချ။

ယခု ကြေညာမည့် ကြေညာချက်သည် အမေရိကန် ပြည်ထောင်စုတွင် ကြေကွဲဖွယ် အကောင်းဆုံး ပြဿနာကြီး နှင့် ရင်ဆိုင်နေရသည် ဆိုသည့် သတင်းဆိုးကြီး ဖြစ်သည်။ ထိုသို့သော အန္တရာယ်ကြီး ဆိုက်လာမည်ဟု ကြေညာသူ ဒေါက်တာ ဂျင်းကာရန် ကိုယ်တိုင်လည်း မျှော်လင့်မထားခဲ့။

ကြေညာမည့် သတင်းမှာ အခြားမဟုတ်။ အမေရိကန် ပြည်ထောင်စု တွင် သိုလှောင်ထားသည့် သွေးများထဲတွင် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးကို တွေ့နေရသည် ဆိုသည့် သတင်း ဖြစ်သည်။

စီဒီစီက စုဆောင်း ရရှိထားသည့် အထောက်အထားသည် ယုံမှားဖွယ် မရှိ။

မနှစ် ဆောင်းဦးပေါက်တုန်းက သွေးထုတ် ပစ္စည်းများထဲတွင် ကူးစက် ရောဂါပိုး ဝင်နေသဖြင့် သွေးသွင်း ကုသခံသည့် သွေးမတိတ် ရောဂါရှင်သုံးဦး သေဆုံး သွားခဲ့ရသည်။ မကြာမီကလည်း သွေးမတိတ် ရောဂါရှင် ကိုးယောက် သေဆုံးခဲ့ရသည်။

ယခု တစ်ကြိမ်တွင်မူ ရောဂါသည် ထိုးနှက် တိုက်ခိုက်နေကျ ပစ် မှတ်ကို တိုက်ခိုက်ခြင်း မပြုတော့ဘဲ ပစ်မှတ် ပြောင်းသွားသည်။ ထိုကိစ္စကို

ခပ်ပေါ့ပေါ့ သဘောထား၍ မရတော့ဘဲ ထုတ်ဖော် ကြေညာရန် ပြင်ဆင်ရခြင်း ဖြစ်သည်။

ဆန်ဖရန်စစ္စကို မြို့မှ ကလေး အထူးကု သမားတော် တစ်ဦးသည် အခါလည်နှင့် ခြောက်လသာ ရှိသေးသည့် ကလေးငယ် တစ်ဦးထံတွင် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ကို သွားတွေ့သည်။ စုံစမ်း စစ်ဆေးမှုများကို ပြုလုပ်သည့်တိုင် ထိုရောဂါသည် ကလေးထံသို့ ဘယ်နည်းဘယ်ပုံ ရောက်လာသည်ကို ရှာ၍ မရဘဲ ဖြစ်နေသည်။ ကလေးငယ်များတွင် အေအိုင်ဒီအက်စ် ဖြစ်သည့်နှုန်းမှာ အလွန်နည်းသည်။ မိဘတွင် အေအိုင်ဒီအက်စ် ရောဂါဖြစ်မှသာ ကလေးကို ကူးစက်လာခြင်း ဖြစ်သည်။ ယခု ကလေးမှာမူ ဆေးစွဲသည့် မိခင်မှ မွေးလာခြင်းလည်း မဟုတ်။ ပြည့်တန်ဆာ တစ်ဦးမှ မွေးလာခြင်းလည်း မဟုတ်။ ပဋိသန္ဓေ ရှိစဉ်တွင် ကလေးကို ကူးစက်စေနိုင်သော ဟေတီလူမျိုး မိခင်မှ မွေးလာခြင်းလည်း မဟုတ်။

ထပ်မံ စုံစမ်းသည့် အခါတွင် ဒေါက်တာ ဂျင်းကာရန်နှင့် အဖွဲ့သည် မသင်္ကာစရာများကို တွေ့လာခဲ့ရသည်။

ကလေးမှာ သဘာဝ အလျောက် မွေးလာခြင်း မဟုတ်ဘဲ ဝမ်းဗိုက်ကို ခွဲကာ ခက်ခက်ခဲခဲ မွေးလာခဲ့ခြင်း ဖြစ်သည်။ ကလေး၏သွေးမှာ ရှားပါးသော သွေးမျိုး ဖြစ်သဖြင့် သူ့ကို သွေး အကြိမ်ပေါင်း များစွာ သွင်းပေးခဲ့ရသည်။ တစ်လသား အရွယ် အတွင်းတွင် သွေး အကြိမ်ပေါင်း ၁၉ ကြိမ် သွေးသွင်းခဲ့ရသည်။ ထိုစဉ်က အေအိုင်ဒီအက်စ် ရောဂါနှင့် သွေးသွင်း ကုသမှုတို့ကို ဆက်စပ် စဉ်းစားမိခြင်း မရှိကြသေးသည့်တိုင် စုံစမ်း ထောက်လှမ်းသူများသည် သွေးလှူရှင် ၁၉ ယောက်ကို စုံစမ်းကြည့်သည်။ သူတို့သည် အေအိုင်ဒီအက်စ် ရောဂါကို သယ်ဆောင်လာသူများ ဖြစ်နိုင်ဖွယ် မရှိ။ သို့ရာတွင် ၁၉ ယောက်ထဲမှ တစ်ယောက်ကိုတော့ သွားတွေ့သည်။

ထိုသွေးလှူရှင်မှာ ဆန်ဖရန်စစ္စကိုမှ အိမ်ထောင်မရှိသည့် လုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ အသက်က ၄၈ နှစ်။ လွန်ခဲ့သည့် ရှစ်လလောက်တုန်းက ဆုံးသွားပြီ။ များစွာသော အမေရိကန်များကဲ့သို့ သူလည်း သူ့ စေတနာ အလျောက် သွေးလှူခဲ့ဖူးသည်။

၁၉၈၁ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ဒေသရှိ သွေးလှူဘဏ်သို့ လာ၍ သွေးလှူစဉ်က သူ့ကျန်းမာရေးသည် အကောင်းပကတိ။ သူ့သွေးသည် အန္တရာယ် များသည့် အစုတွင် ပါမည်ဟု နည်းနည်းလေးမှ ထင်စရာ

အကြောင်း မရှိ။ နောက် ခြောက်လလောက် အကြာတွင်မှ မောပန်းလွယ်ပြီး အစားအသောက် ပျက်လာသည်။ ဆရာဝန်က လက်ယာဘက် ချိုင်းကြားက သားနံ့ရည်ကျိတ် ရောင်နေသည်ကို သတိပြုမိသည်။ လက်ဝဲဘက် မျက်လုံး မျက်ကြည်လွှာ အပေါ်တွင် သက်ဘမကင်းဖွယ် အစက်တွေ ပေါ်လာသည်။ နောက်တစ်လတွင် ကူးစက်ပိုးစွဲ နျူမိုးနီးယား ရောဂါဖြင့် ဆေးရုံတက်ရသည်။ စမ်းသပ်ကြည့်သည့် အခါတွင် ကိုယ်ခံအားစနစ် အလွန်အမင်း ပျက်စီးနေသည်ကို တွေ့ရသည်။ သူ့ ခန္ဓာကိုယ်ထဲတွင် ရှိသည့် အစောင့်တပ်သားများ ဖြစ်သည့် လင်ဖိုဆိုက် သွေးဖြူဥများ လုံးဝ မရှိတော့သလောက် ဖြစ်နေပြီ။ နောက် သုံးလအကြာတွင် ကံဆိုးသည့် သွေးလှူရှင်သည် သူ့ရောဂါကို သိရပြီ။ နောက် သုံးလ အကြာတွင် ကံဆိုးသူ သွေးလှူရှင်သည် အေအိုင်ဒီအက်စ် ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ထိုအဖြစ်အပျက်ကို မြင်သည့်အခါတွင် စီဒီစီမှ ထောက်လှမ်းရေး သမားများသည် လန့်သွားကြသည်။

'ဆေးရုံတွေနှင့် သွေးဘဏ်တွေထဲမှာ သိုလှောင်ထားတဲ့ ပိုင့် ထောင်ပေါင်း များစွာသော သွေးတွေထဲမှာ ဗိုင်းရပ်စ်ပိုးမွှား ဝင်နေပြီလို့ ယူဆစရာ အကြောင်းတွေ ရှိနေပြီ၊ ဆိုလိုတာက သွေးသွင်း ကုသတဲ့ အမေရိကန် ထောင်ပေါင်း များစွာတို့ဟာ အေအိုင်ဒီအက်စ် ရောဂါစွဲကပ်မယ့် အန္တရာယ်၊ သေနိုင်တဲ့ အန္တရာယ်နှင့် ရင်ဆိုင်နေရပြီ ဆိုတဲ့ သဘောပဲ၊ လက်ရှိ ရင်ဆိုင်နေရတဲ့ ဘေးဆိုးကြီးကို တားဆီးဖို့နှင့် အနာဂတ် ဘေးဆိုးကြီးကို တားဆီးဖို့ အတွက် နည်းလမ်း တစ်ခုပဲ ရှိတော့တယ်၊ အဲဒါကတော့ လက်ရှိ သိုလှောင်ထားတဲ့ သွေးများ အားလုံးကို ချက်ချင်း စစ်ဆေးကြည့်ဖို့ပဲ၊ ပြီးတော့ အန္တရာယ် ရှိနိုင်မယ့် သွေးလှူရှင်တွေကို သွေးဘဏ်တွေနား ရောက်မလာအောင် ချက်ချင်း တားဖို့ပါပဲ'

ဒေါက်တာ ဂျင်းကာရန်က ကြေညာသည်။

'အနီရောင် ရွှေရည် စေရာဇ်များ' ဟု ခေါ်သော သွေး ထုတ်ကုန်ပစ္စည်း အရောင်းအဝယ် လုပ်ငန်းတွင် လုပ်နေသည့် လုပ်ငန်းရှင်များကို သဘောပေါက်အောင် လုပ်ဖို့ ကိစ္စသည် သိပ်တော့ လွယ်သည့် ကိစ္စ မဟုတ်။

ဒေါက်တာ ဂျင်းကာရန်သည် သူ့လက်ထောက် ဒေါက်တာ ဟာရီးဂျက်ဖိ

ကို ခေါ်ကာ အခြေအနေကို စာရင်းဇယားဖြင့် အရင်းခိုင်းရသည်။

ယနေ့အထိ အမေရိကန်တွင် အေအိုင်ဒီအက်စ် ဖြစ်သူပေါင်းမှာ ၈၀၀ ရှိပြီး သေဆုံးသူပေါင်းမှာ ၃၁၇ ယောက် ရှိပြီ။ သေနှုန်းသည် အလယ်ခေတ်တုန်းက ဖြစ်ခဲ့သော ကူးစက်ရောဂါကြောင့် သေနှုန်းထက် အများကြီးပိုသည်။ မသေမပျောက် ကျန်နေသူများမှာလည်း ရက်ချိန်း စောင့်နေကြရသူများသာ ဖြစ်သည်။

ကာပိုဆီ ဆာကိုးမား ခေါ် အရေပြားကင်ဆာ တွဲလာသည့် အေအိုင်ဒီအက်စ် ရောဂါရှင်များမှာ ၁၆ လ အတွင်း သေဆုံးသွားကြပြီး နျူမိုဆိုက်စတစ် နျူမိုးနီးယားနှင့် တွဲလာသည့် အေအိုင်ဒီအက်စ် ရောဂါရှင်များမှာ ကိုးလ အတွင်း သေဆုံးသွားကြသည်။ ရောဂါ ဖြစ်နှုန်းမှာလည်း ခြောက်လအတွင်း နှစ်ဆတိုးလာသည်။ ထိုနှုန်းအတိုင်းသာ သွားနေလျှင် ငါးနှစ်မပြည့်မီ အမေရိကန်လူမျိုး တစ်သိန်းတို့ အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်ဖွယ် ရှိနေသည်။ စီဒီစီမှ ရောဂါ ထောက်လှမ်းရေးသမားများသည် အစစ အရာရာကို ကြိုတင် တွက်ဆနိုင်ခဲ့ကြပါသည်။ သို့ရာတွင် သွေးကုန်သည်တို့၏ တုံ့ပြန်မှုကိုမူ သူတို့ ကြိုတင် တွက်ဆမိခြင်း မရှိ။

ဒေါက်တာ ဟာရီး ဂျက်ဖီက

'ခက်တာက အဲဒီ လုပ်ငန်းရှင်တွေက ကျွန်တော်တို့ ပြောတဲ့စကားကို မယုံဘဲ ဖြစ်နေတယ်၊ ကျွန်တော်တို့ ပြတဲ့ စာရင်းဇယားတွေကလည်း မမှန်ဘူးတဲ့၊ ပြီးတော့ သေသွားတဲ့ လူတိုင်းဟာလည်း သွေးသွင်းကုသလို့ ဖြစ်တာချည်းပဲလို့ မပြောနိုင်ဘူးတဲ့၊ သွေးဘဏ်တွေထဲမှာ ရှိတဲ့ သွေးတွေကို ရောဂါပိုး ရှိ မရှိ ပြန်စစ်ဆေးရင် စရိတ် အကုန်အကျ သိပ်ကို များနေမယ်တဲ့၊ ပြီးတော့ မိန်းမလျာ သွေးလှူရှင်ရဲ့ သွေးကို လက်မခံရဘူး၊ သူတို့ကို သွေးလှူခွင့် မပြုဘူး ဆိုရင်လည်း ပုဂ္ဂလိက အခွင့်အရေးကို ဖောက်ဖျက်ရာ ရောက်နေတယ်' တဲ့။

ဒုန်းစိုင်း ပြေးလာသော အေအိုင်ဒီအက်စ် ရောဂါကို တားဆီးရန် ကြိုးပမ်းသည့် ကိစ္စ၌ ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် စီဒီစီ ထောက်လှမ်းရေးသမားများ အဖို့ အမည်းမှောင်ဆုံးနေ့ ဖြစ်သည်။ သူတို့စကားကို အယုံအကြည် မရှိ ဖြစ်နေသော သွေးကုန်သည်များသည် သွေးများကို စစ်ဆေးရေး၊ သွေးတွင် ဗိုင်းရပ်စ်ပိုး မပါအောင် ကာကွယ်ရေးတို့နှင့် ပတ်သက်၍ မည်သည့် ဆုံးဖြတ်ချက်ကိုမျှ မချ။ မည်သည့် ကတိကိုမျှ မပေး။

စီဒီစီမှ သုတေသန ပညာရှင် တစ်ယောက် ဖြစ်သည့် ဒေါက်တာ ဒေါ်နယ် ဖရန့်စစ်မှာ လူကလည်း ငယ်သည်၊ စိတ်လည်း ဆတ်သည်။ သူ့ အလှည့်သို့ ရောက်သည့်အခါတွင် သူ မအောင့်နိုင်တော့။ သူတို့စကားကို အယုံအကြည် မရှိ ဖြစ်နေသည့် သွေးကုန်သည်များကို ကြည့်၍ စင်ပေါ်မှ ပေါက်ကွဲသည်။

'ခင်ဗျားတို့ ယုံအောင် ကျုပ်တို့ ဘယ်လိုလုပ်ပြီး သက်သေ ပြရဦးမှာလဲဗျ၊ ခင်ဗျားတို့ ယုံအောင် လူတွေ ဘယ်လောက် သေပေးနေရဦးမှာလဲ'

ဒေါက်တာ ဖရန့်စစ်က စိတ်ဆိုးဆိုးဖြင့် အော်သည်။

[ ၂၉ ]
ဇာတ်ခွဲခြားမှုစနစ်။
ကာလကတ္တား၊ အိန္ဒိယပြည်။
၁၉၈၃ ခုနှစ် ဆောင်းရာသီ။

သူတို့ကို ကြည့်ရသည်မှာ ရန်ငြိုးဖွဲ့နေသော ပင်လယ် လှိုင်းလုံးကြီးများပေါ်က ရွက်လှေ ဖြူဖြူ သေးသေးကလေးတွေနှင့် တူသည်။ မနက်လင်းသည်နှင့် သူတို့သည် နှစ်ယောက် တစ်တွဲ တွဲကာ လူတွေ အုတ်အုတ် ကျက်ကျက် ဖြစ်နေသည့် မြို့ကြီးကို ဖြတ်ပြီး အနာကြီးရောဂါ ဆေးရုံ၊ မိဘမဲ့ ဂေဟာ၊ ဆေးပေးခန်း၊ ကျောင်း၊ သို့မဟုတ် သေအံ့ဆဲ လူဆင်းရဲ ဂေဟာ စသည်တို့သို့ အသီးသီး ထွက်လာခဲ့ကြသည်။

မနက် ၅း၄၅ နာရီ ဝတ်တက်ချိန် ပြီးသည်နှင့် သီလရှင် ဆရာကြီး ထရီဇာ၏ သီလရှင်များ၊ သီလရှင် ငယ်များသည် အောက် မြို့ပတ်လမ်းရှိ သီလရှင် ကျောင်းတိုက်မှ မိမိတို့ လုပ်ငန်းခွင်များ ဆီသို့ ထွက်လာခဲ့ကြသည်။ ကာလကတ္တားမြို့ရှိ လူဆင်းရဲများနှင့် ဒုက္ခသည်များသည် သူတို့သွားသည့် လမ်းကြောင်းကို ကောင်းကောင်း သိကြသည်။ သူတို့ကို တွေ့သည်နှင့် လက်များသည် သူတို့ဆီသို့ ဆန့်တန်းလာကြသည်။ မိခင်များက ငတ်မွတ်နေသော ကလေးငယ်များကို ထိုးပေးကြသည်။ အနာကြီး ရောဂါသည်များက သူတို့ ဆာရီများကို လှမ်းဆွဲကြသည်။ သူတို့သည် မယ်တော်မာရီ ဂါထာကို ရွတ်ဆို၍ ပုတီးစိပ်ရင်း ဆင်းရဲနွမ်းပါးခြင်း စကြဲ့ တစ်လျှောက်တွင် လျှောက်ခဲ့

ကြသည်။ သီလရှင် ဆရာကြီး ထရီဇာကလည်း ပုတီးစိပ်ခြင်းဖြင့် မည်သည့် အကျိုး ကျေးဇူးများကို ရရှိနိုင်ကြောင်း၊ ပုတီးစိပ်ဖို့ လိုကြောင်း တဖွဖွ သွန်သင်တတ်သည်။ ထို့ကြောင့်ပင်လျှင် သီလရှင်များသည် သူတို့ လမ်း လျှောက်လျှင် ဘယ်နှစ်မိုင် ရောက်သည်၊ အချိန် ဘယ်လောက် ကြာသည် စသည်ဖြင့် တိုင်းထွာလေ့ မရှိဘဲ ပုတီးပတ် ဘယ်လောက် ဝေးသည်ဟု ပြော လေ့ ရှိကြသည်။ တစ်ခါက အနာကြီးရောဂါသည် ဖြစ်ခဲ့ဖူးသည့် ဗာရာဏသီက သီလရှင်ငယ် အနန်ဒါ အဖို့ဆိုလျှင် သီလရှင် ကျောင်းတိုက်မှ သေအံ့ဆဲ လူဆင်းရဲ ဂေဟာ တံခါးဝသို့ အရောက် ခရီး အကွာအဝေးသည် ပုတီးပတ် ပေါင်း ၂၈၀ ရှိသည်။

အစတွင်မူ အနန်ဒါသည် အချိန်ကုန်ခံကာ ပုတီး အပတ်ပေါင်း များစွာ ရအောင် စိပ်ရသည်ကို နားမလည်နိုင်အောင် ဖြစ်မိသည်။ ထိုသို့ ပုတီးစိပ်သည့် အချိန်တွင် အခြားသော ဆင်းရဲဒုက္ခ ရောက်နေသူများကို မပြုစုနိုင်ပါသလော။ ထို့ကြောင့် ပုတီးစိပ်စတွင် အနန်ဒါသည် စိတ်ပျက် ငြီးငွေ့သည်။ သို့ရာတွင် မကြာမီမှာပင် ပုတီးစိပ်ခြင်း၏ အကျိုးကျေးဇူးကို တွေ့လာခဲ့သည်။ အနန်ဒါသည် သူ့ အာစရိယ ဆရာဖြစ်သော သီလရှင် ဆရာလေး ဗန်ဒိုနာ ပြောဖူးသည့် စကားများကို သွား၍ အမှတ်ရသည်။ ယခုမူ မိမိကိုယ်ကျိုး မပါဘဲ ဘုရားသခင်ကို ရည်စူး၍ ပုတီးစိပ်ရသည့် အကျိုးတရားကို ကောင်းကောင်း သိနေပြီ။ ကိုယ်တော်အရှင်နှင့် တစ်ခဏမျှ ဖြစ်စေ ပေါင်းစည်းနိုင်သော အဖြစ်ကို ရပါစေလိုခြင်းငှာ တပည့်တော်မသည် ပုတီးစိပ်ခြင်း ပြုပါ၏ ဆိုသည့် သီလရှင် ဆရာလေး ဗန်ဒိုနာ၏ ပတ္ထနာ စကားကို ကြားယောင်နေသည်။

ကာလကတ္တားက သေအံ့ဆဲ လူဆင်းရဲဂေဟာသို့ အနန်ဒါ ပထမဆုံး စတင် တာဝန်ကျသည့် နေ့သည် သူ့ ခံနိုင်ရည်ကို စမ်းသပ်လိုက်သည့်နေ့ ဖြစ်သည်။

ထိုနေ့က အနန်ဒါသည် သူ့ပခုံးတွင် ခရစ်တော်၏ ကားတိုင်ပုံကလေး ကို တွယ်ထားသည်။ ခါးတွင် စိပ်ပုတီးကို ဆွဲထားသည်။ သီလရှင်ငယ်တို့၏ အဖြူရောင် ဆာရီကို ဝတ်ထားသည်။ ဆင်းရဲ နွမ်းပါးသူတို့၏ အစေအပါး အဖြစ် ဒါနဝေပုလ္လ ကျောင်းတိုက်မှ ဓီဝိတဒါန လုပ်ငန်း ဝန်ထမ်းတို့ ဝတ် လေ့ရှိသော အပြာရောင် ခါးစည်းကို ဆင်ထားသည်။ သို့တိုင် ထိုအရာများ သည် သူ၏ ဇာတ်နိမ့် မျိုးရိုးဇာတိကို ဖုံးကွယ်နိုင်ခြင်း မရှိမည်ကို သူ စိုးရိမ်

သည်။ သူ စိုးရိမ်သည့် အတိုင်းပင် မကြာမီမှာပင် ဂေဟာရှိ ဟိန္ဒူလူနာများသည် သူတို့အား စောင့်ရှောက် ပြုစုနေသည့် လူသစ် အနန်ဒါ၏ ဇာတိကို သိသွားခဲ့ကြသည်။ ညိုမှောင်သော သူ့ အသားအရေ၊ ဖိုးဖိုးဖတ်ဖတ် လုပ်တတ်သည့် သူ့အမူအရာ၊ သူ့လမ်းလျှောက်ပုံ၊ ခပ်ကျယ်ကျယ် စကား ပြောပုံတို့သည် ဇာတ်နိမ့်သူ တစ်ယောက်၏ အခြေအနေကို ဖော်ပြ နေကြသကဲ့သို့ ရှိသည်။ အချို့ကဆိုလျှင် သူတို့ကို ဇွန်းကလေးဖြင့် အစာ လာကျွေးသည့် (အနန်ဒါ၏) လက်ကို ပုတ်ထုတ် လိုက်ကြသည်။ အနန်ဒါသည် ဘယ်တော့မျှ အတင်း မတိုက်။ မျက်ရည်တွေ ဝဲလျက်ဖြင့် နောက် လူနာ တစ်ဦး အနီးသို့ ကပ်လာခဲ့သည်။ သို့ရာတွင် ထိုသို့သော ဆက်ဆံမှုများသည် သူ့ နှလုံးသားကို တော့ နာကျင်စေသည်။ သူတို့သည် သူ နှင့် ညီအစ်ကို မောင်နှမများ တကယ် ဖြစ်ခဲ့သည် ဆိုလျှင်၊ ဆရာကြီး ထရီဇာ ပြောသလို လူတိုင်း၏ ခန္ဓာကိုယ် ထဲတွင် ခရစ်တော် ကိန်းဝပ်နေသည် ဆိုလျှင် မိမိကို ဘာ့ကြောင့် ငြင်းဆန် ကြပါသနည်း။ ထိုမေးခွန်းကိုမူ ဆရာလေး ဗန်ဒိုနာလည်း သူ ကျေနပ်အောင် မဖြေနိုင်။ ဆရာလေး ပေါလ်လည်း မဖြေနိုင်။ သူ့ရင်က ဒဏ်ရာကို အချိန်က သာလျှင် ကုစားနိုင်လိမ့်မည် ထင်သည်။ လူဆင်းရဲ တစ်ယောက် အဖို့မူ ကိုယ့်လို ဆင်းရဲသူ အချင်းချင်း၏ စော်ကား နှိမ့်ချခြင်း ခံရသည်မှာ ရင်နာစရာ ကောင်းသည်။ လူချမ်းသာ အဖို့ကား ဘာမျှ မထောင်းတာ။

[ ၃၀ ]
ဒိဘိ ခန်းဟောင်းထဲက ပြဇာတ် တစ်ပုဒ်။
ပါရီ၊ ပြင်သစ်ပြည်။
၁၉၈၃ ခုနှစ် ဆောင်းရာသီ။

တစ်ခါတုန်းက လူဝီပါစချာသည် ထိုနေရာတွင် အသက် အန္တရာယ်ကို ဖြစ်စေသည့် ရောဂါပိုးများအား ယုန်ကလေးများ ကိုယ်တွင်းသို့ ထိုးသွင်းခဲ့ဖူးသည်။ ယင်းမှာ ခွေးရူးကိုက်ရောဂါကို ကုသနိုင်သည့် သွေးရည်ကြည်ခဲကို ထုတ်ယူရန် ဖြစ်သည်။ ထိုအချိန်ကတည်းက ထို အဆောက်အအုံကြီးကို ခွေးရူးကိုက် ဆေးရုံ ဟု ခေါ်ခဲ့ကြသည်။ ထိုအမည်သည် ယခုတိုင် ပြောင်းလဲခြင်း မရှိသေး။ ထိုကြောက်ဖွယ်ရောဂါသည် အာဖရိကနှင့် အာရှတိုက်တို့တွင်

ယခုတိုင် အဖြစ် များနေသေးသည့်တိုင် ပြင်သစ်ပြည်တွင်မူ ထိုရောဂါ ပျောက်ကွယ်သွားသည်မှာ ကြာလှပြီ။ ထို့ကြောင့် ထိုအဆောက်အအုံကို အခြားသော လုပ်ငန်းများအတွက် အသုံးပြုလျက် ရှိသည်။

ထိုအဆောက်အအုံ ပထမထပ်ရှိ အခန်းတစ်ခန်းမှာ တစ်ခါတုန်းက ဒိုဘီခန်း တစ်ခန်း ဖြစ်ခဲ့ပြီး ဆေးများ ကွာကျနေသော နံရံများသည် ရေနွေး အိုးများ၏ ဆူပွက်သံများဖြင့် ပဲ့တင် ထပ်နေခဲ့သည်။ တံခါးပေါ်တွင်မူ 'ဘရူး ခန်း' ဟု ရေးထားသည်။

ဘရူးခန်း ဆိုသည်မှာ သိပ္ပံပညာရှင် တစ်ဦး၊ သို့မဟုတ် သိပ္ပံပညာ ဆိုင်ရာ အောင်မြင်မှု တစ်ခုကို အစွဲပြု၍ ခေါ်ထားသည့် အမည် မဟုတ်ပါ။ ပါရီမှ နာမည်ကျော် ဖက်ရှင်ဒီဇိုင်းဆရာ ဘရူးချေးယား၏ အမည်မှ ပထမ စာလုံး ဖြစ်ပါသည်။ သူ၏ ရောဂါဖြစ်နေသော အကျိတ် အပိုင်းအစများကို ကိုယ်ခံ အားကျ ရောဂါဖြစ်စေသည့် ဗိုင်းရပ်စ်ပိုးကို ရှာဖွေရန် သိပ္ပံပညာရှင် လတ် မွန်တိန်းနီးယားထံ ရောက်လာခဲ့ပြီး ထိုအခန်းထဲတွင် သိမ်းထားခဲ့ သောကြောင့် ဘရူးခန်းဟု ခေါ်ခြင်းဖြစ်သည်။

ထိုဗိုင်းရပ်စ်ပိုးကို ရှာဖွေမည့် အဖွဲ့ကလေးတွင် အတွေ့အကြုံ ရှိသည့် သိပ္ပံသုတေသန ပညာရှင် နှစ်ဦးနှင့် ကျွမ်းကျင်သူ နှစ်ဦးတို့ ပါဝင်ကြသည်။ သူတို့သည် ကလာပ်စည်းများ အတွင်းရှိ ရက်ထရို ဗိုင်းရပ်စ်များ၏ အလုပ် လုပ်ပုံကို လေ့လာရန် နည်းတစ်ခုကို ထွင်ခဲ့ကြသည်။ ထို ရက်ထရို ဗိုင်းရပ်စ် ပိုးတို့၏ လှုပ်ရှားမှုကို တိုက်ရိုက် လေ့လာရန် မဖြစ်နိုင်သည့် အတွက် ရက်ထရို ဗိုင်းရပ်စ်များက အိမ်ရှင် ကလာပ်စည်းများ၏ ဝတ်ဆံများထဲသို့ ယူဆောင် လာသော အင်ဇိုင်းများကို အရင် လိုက်ရှာကြရသည်။ သူတို့၏ အလုပ်သည် ရက်ထရို ဗိုင်းရပ်စ်များကို အရင်မရှာဘဲ အင်ဇိုင်းများကို အရင် ရှာဖွေ ဖော်ထုတ်ရန် ဖြစ်သည်။

သို့ရာတွင် အောင်မြင်ဖို့ အခွင့်အလမ်းကတော့ တော်တော် နည်းပါ သည်။

သူတို့လေးဦး၏ တူရိယာပိုင်းကလေးသည် အမေရိကန်က ဒေါက်တာ ရောဘတ်ဂါလို၏ တေးသံစုံ တီးဝိုင်းကြီးလို လူအင်အားလည်း မတောင့်၊ လူတွင် စွဲကပ်သော ရက်ထရို ဗိုင်းရပ်စ်ပိုး ရောဂါဗေဒ ပညာတွင် အတွေ့ အကြုံလည်း မရှိ။

ပါရီ လေးယောက်အဖွဲ့ ခေါင်းဆောင်နှင့် တစ်ဦးတည်းသော အမျိုးသားမှာ အသက် (၄၂ နှစ်) ရှိ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့် ပါရီသား ဖြစ်သည်။ သူသည် သိပ္ပံပညာဆိုင်ရာ ပါရဂူဘွဲ့ကို ဆွတ်ခူးခဲ့ပြီးနောက် ပါဓချာ အင်စတီကျုတွင် အမှုထမ်းခဲ့သည်။

ဒေါက်တာ ဂျင်း ကလော်ဒီ ရှားမင်း၏ အမေသည် နေ့တွင် စက်ချုပ်သမ လုပ်ပြီး ညတွင် ဓာတ်ရုံများတွင် လက်မှတ်သိမ်း အလုပ်ကို လုပ်ရင်း သူ့သားကို ပါရဂူ ဖြစ်အောင် ကျောင်းထားပေးခဲ့သည်။ ဂျင်း ကလော်ဒီသည် ငယ်ငယ်တုန်းက ရက္ဂဘီ ဘောလုံးသမား တစ်ယောက် ဖြစ်ပြီး မော်တော်ဆိုင်ကယ် မှောက်မှု တစ်ခု ဖြစ်ရာက ဆေးပညာ လောကသို့ ရောက်လာခဲ့သူ ဖြစ်သည်။ နေရာပေါင်း များစွာတွင် အရိုးများ အက်ကာ တစ်သက်လုံး ဂန္ထာရုံ ပျောက်သွားခဲ့ပြီးနောက် သူသည် ခွဲစိတ်မှုပေါင်း များစွာကို ခံခဲ့ရသည်။ ထိုသို့ ခွဲစိတ်ကုသမှုကို ခံရင်း စတက်ဖီလို ကိုးကတ်စ် ကူးစက်ရောဂါ ရလာခဲ့သည်။

ဤအတွေ့အကြုံသည် သူ့ကို ဆရာဝန် တစ်ယောက် ဖြစ်လာအောင် လှုပ်နိုး ပေးလိုက်သည့်နယ် ရှိ၏။ သို့ရာတွင် ဆရာဝန် ဖြစ်ဖို့ ဆိုသည်မှာ သူလို စက်ချုပ်သမ သားနှင့် လားလားမျှ မဆိုင်။ ထိုမျှ နှစ်ရှည် လများ သင်ရသည့် ပညာမျိုးကို သူ မမှန်းရဲ။ ထို့ကြောင့် ဂျင်း ကလော်ဒီသည် ပါရီ တက္ကသိုလ်မှ သိပ္ပံဘွဲ့တစ်ခုကို ရွေးလိုက်သည်။

ထို့နောက် သိပ္ပံပညာတွင် ပါရဂူဘွဲ့ ရပြီးနောက် နောက်တစ်နေ့တွင် နောင်တွင် နိုဗယ်လ်ဆု ရမည့် သိပ္ပံပညာရှင် ဂျက်မိုးနော့၏ ဟောပြောပွဲ တစ်ခုကို သွားရောက် နားထောင်မိသည်။

'ကျွန်တော့်အဖို့တော့ ကောင်းကင်ပြာထဲက မိုးကြိုးပစ်ချ လိုက်သလိုပဲဗျာ၊ ဒီအင်အေတို့၊ ဗီဇမျိုးစေ့တို့၊ မျိုးရိုးတို့ စတဲ့ ဘဝမှာ တစ်ခုနှင့် တစ်ခု ဆက်နေတဲ့ အရာတွေဟာ မျက်လှည့်ဆရာက တစ်ခုပြီးတစ်ခု ထုတ်ပြလိုက်သလို မျက်စိထဲမှာ အထင်းသား မြင်လာတယ်၊ ကျွန်တော့်အဖို့ အလင်းရောင်ကို မြင်ရပြီလေ၊ ဒါပေမယ့် ကိုယ့်မှာ အဆက်အသွယ်လည်း မရှိ၊ ငွေကြေးလည်း မတတ်နိုင်တော့ သိပ္ပံသုတေသန ပညာရှင်တစ်ယောက် ဖြစ်ဖို့ဆိုတာ လကို သွားဖို့ ကြိုးစား ရသလိုပါပဲ' ဟု သူက ပြောသည်။

တစ်နေ့တွင်မူ ဂျင်းကလော်ဒီသည် ရဲမင်းကြီးရုံးနှင့် တွဲထားသည့် ဆေးခန်းကလေးနှင့် မျက်နှာချင်းဆိုင် ကဖီး တစ်ခုတွင် ထိုင်နေသည်။ ထိုစဉ် သူ့ ကံကြမ္မာသည် သူ့အိပ်မက်ကို အပြုံးဖြင့် မျက်နှာသာ ပေးလာသည်။ သူ့ သား၏ ပညာရေး အတွက် အမေက ထို ကဖီးဆိုင်ကလေးတွင် ဝင် အလုပ် လုပ်သည်။ သုတေသန ဓာတ်ခွဲခန်းကို သူ့အတွက် တံခါး ဖွင့်ပေးမည့်သူ မရှိတော့ဟု စိတ်ပျက်လက်ပျက် ဖြစ်နေစဉ် တစ်နေ့တွင် သူတို့ ပြောနေသည့် စကားကို ကြားသွားသည့် လက်ဖက်ရည် လာသောက်သူ တစ်ဦးက စာရွက် ကလေး တစ်ရွက်ပေါ်တွင် အမည်တစ်ခုကို ရေးပေးသွားသည်။

'ဒီမှာ သူငယ်၊ ဟောဒီ စာရွက်ကလေးကို ယူသွားပြီး ပေးချေ၊ ရဲ မင်းကြီးရဲ့ ရုံးက ဒေါက်တာ ဂျူအန်က လွှတ်လိုက်တယ်လို့ ပြော'

ဂျင်းကလော်ဒီသည် စာရွက်ကလေးတွင် ပါသည့် လိပ်စာအတိုင်း လာခဲ့သည်။ နေရာက အခြားမဟုတ်။ ပါစချာ အင်စတီကျု ဖြစ်သည်။ စာရွက်ပေါ်တွင် ရေးပေးလိုက်သည့် အမည်မှာ ပါစချာ အင်စတီကျုက ကိုယ်ခံစွမ်းအားဗေဒ ပါရဂူ ပါမောက္ခ မာဆယ်ရေးနော ဖြစ်သည်။ ပါမောက္ခ က သူ့ဌာနတွင် သူ့ကို အလုပ်တစ်ခု ပေးကာ သူနှင့် တွဲဖက် လုပ်ကိုင်သူ တစ်ဦးထံ အပ်လိုက်သည်။ ထိုသူမှာ သဘောကောင်း၍ တစ်ယူသန်သည့် သိပ္ပံပညာကို ချစ်နေသည့် အသက် ၄၅ နှစ်အရွယ် အပျိုကြီး မောနစ်ဒီယွန် ဖြစ်သည်။ အမှန်တရားကို ချစ်တတ်လာခြင်း၊ သိပ္ပံနည်းကျ တိကျသေချာမှု ကို ရလာခြင်းမှာ ထိုအပျိုကြီး၏ ကျေးဇူးကြောင့် ဖြစ်သည်။ ဂျင်းကလော်ဒီ သည် ထိုသို့ဖြင့် ဗိုင်းရပ်စ်ပိုးများ၏ အကြောင်းကို ၁၈ နှစ်ပတ်လုံး အပတ် တကုတ် လေ့လာခဲ့ပြီးသည့် နောက်တွင် အထင်ရှားဆုံးသော ပြင်သစ်လူမျိုး ဗိုင်းရပ်စ်ပိုး ပါရဂူတစ်ဦး ဖြစ်လာခဲ့သည်။

ယခုဆိုလျှင် သူသည် မွန်တိန်းနီးယား၏ ဗိုင်းရပ်စ်ပိုး သုတေသန ဌာနတွင် ညွှန်ကြားရေးမှူး ဖြစ်နေလေပြီ။

ကြီးကျယ်သည့် သိပ္ပံပညာဆိုင်ရာ အောင်မြင်မှုကြီးများသည် မထင်မရှား အမှတ်တမဲ့ စတင် ပေါ်ပေါက်လာလေ့ ရှိကြသည်။ အလားတူပင် ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ မနက်က ပါစချာ အင်စတီကျုက ဒိဘီခန်း ဟောင်းထဲတွင် စမ်းသပ်ကြည့်ခဲ့သည့် မွန်တိန်းနီးယား၏ ဓာတ်ဘူး ငါးဘူး

ထဲမှ စမ်းသပ် ပစ္စည်းများသည်လည်း စိတ်လှုပ်ရှားဖွယ် ရလဒ်များကို ပေါ်ပေါက်စေခဲ့သည်။

ဂျင်းကလော်ဒီက စမ်းသပ်မှုများကို ပြုလုပ်ရန် ထိုနေရာကို ရွေးချယ်ခဲ့ခြင်းမှာ အကြောင်းရှိသည်။ ထို ဒိုဘီခန်းထဲတွင် မည်သည့် ကပ်ပါးပိုးမျှ ကိုင်တွယ် စမ်းသပ် မကြည့်ဖူးသေး။

သူတို့တစ်တွေ စိတ်လှုပ်ရှား နေခြင်းမှာလည်း အကြောင်းရှိသည်။ သူတို့ စမ်းသပ်မှုမှ မည်သည့် ပိုးမျိုး ထွက်လာမည်ကို သူတို့ မပြောနိုင်သေး။

'ခု ကျွန်တော်တို့ စမ်းသပ် ရှာကြည့်တဲ့ ဗိုင်းရပ်စ်ပိုးက ဘယ်လို ဗိုင်းရပ်စ်ပိုးရယ်လို့ မပြောနိုင်သေးဘူး၊ အန္တရာယ် ပေးချင် ပေးနိုင်တယ်၊ အသက် အန္တရာယ်လည်း ရှိနိုင်တယ်' ဟု ဂျင်းကလော်ဒီက သူ့အဖွဲ့ဝင်များကို ရှင်းပြသည်။

သူတို့အားလုံးကပင် အန္တရာယ်ကို ရင်ဆိုင်ရန် တည်ငြိမ်စွာ ဆုံးဖြတ်ကြသည်။ ထိုဓာတ်ဘူး ငါးဘူးထဲတွင် ပါသည့် အပြစ် ကင်းမဲ့သယောင် ထင်ရသော အရည် လေး ငါး ခြောက် စက်ထဲတွင် သွေးဖြူ ကလာပ်စည်းသန်းပေါင်းများစွာ ပါဝင်နေကြသည်။ ထို ကလာပ်စည်းများထဲတွင် ကပ်ရောဂါကြီး တစ်ခုကို မွေးဖွားပေးမည့် လူသတ်ကောင် ပါချင်ပါနိုင်သည်။

ထိုဗိုင်းရပ်စ်ပိုးသည် မိမိနေထိုင်ရာ ကလာပ်စည်းကို ဝါးမျိုစားသောက်ခြင်း မပြုမိ၊ ဖျက်ဆီးခြင်း မပြုမိ ကာလရှည်ကြာစွာ မလှုပ်မယှက် ငြိမ်သက်နေနိုင်သည် ဆိုသည်လောက်မှ အပ အခြား ဘာမျှ ပို၍ မသိ။ သို့ရာတွင် ပယောဂ တစ်ခုခုက တိုက်တွန်း လှုံ့ဆော်လိုက်သည်နှင့် ထိုလူသတ်ပိုးသည် လှုပ်ရှား သောင်းကျန်းလာနိုင်သည် ဆိုသည့် အချက်လောက်ကိုတော့ သိထားကြသည်။ ကိုယ်ခန္ဓာထဲတွင် နောက်ထပ် ကလာပ်စည်းများကို မွေးမြူလိုက်သည်နှင့် ထိုဗိုင်းရပ်စ်ပိုးသည် ထကြွ သောင်းကျန်း လာနိုင်သည် ဆိုသည့် အချက်လောက်ကိုတော့ သိသည်။ ကလာပ်စည်းများသည် ကွဲသွားခြင်း၊ ပွားများလာခြင်း စသည့် လုပ်ငန်းများကို လုပ်ဆောင်လာသည်နှင့် ကလာပ်စည်းထဲတွင် မလှုပ်မယှက် ငြိမ်သက်နေခဲ့သည့် ဗိုင်းရပ်စ်ပိုးများသည် နိုးကြားလာကြကာ ထိုလှုပ်ရှားမှုကို အခွင့်ကောင်းယူပြီး သူတို့ ကိုယ်တိုင်လည်း ပွားများ လာတတ်ကြသည် ဆိုသည်လောက်ကိုတော့ သိကြသည်။

ထို့ကြောင့် သူတို့ ပထမဆုံး လုပ်ရမည့် အလုပ်မှာ ဓာတ်ဘူးထဲတွင် ထည့်ထားသည့် ကလာပ်စည်းများထဲမှ ဗိုင်းရပ်စ်ပိုးများ အများအပြား ပွားများ

လာအောင် လုပ်ရန် ဖြစ်သည်။ တစ်နည်းပြောရလျှင် ပါရီမှ ဖက်ရှင်ဒီဇိုင်း ဆရာလေး၏ ရောဂါဖြစ်နေသော လင်ဖိုဆိုက် အကျိတ်များထဲတွင် ရှိနေသည့် ဇိုင်းရပ်စ်ပိုးများကို အရေအတွက် များပြားလာအောင် မွေးယူရန် ဖြစ်သည်။ ထိုသို့ လုပ်ဖို့အတွက် နည်းလမ်းမှာ တစ်ခုတည်းသာ ရှိသည်။ ယင်းမှာ ကလာပ်စည်းများကို ချော့ရမည်၊ အလိုလိုက်ရမည်၊ သူတို့တစ်တွေ ပွားများ လာနိုင်ရန် အတွက် သူတို့ကြိုက်သည့် အစာကို ကျွေးရမည်။

ထိုအလုပ်သည် သိပ်တော့ လွယ်သည့် အလုပ် မဟုတ်။

ကလာပ်စည်းများသည် သက်ရှိ ရုပ်များ ဖြစ်သည်။ သူတို့တွင် သူတို့ ကိုယ်ပိုင် စရိုက်တွေ ရှိသည်။ အကြိုက်တွေ ရှိသည်။ အကြောက်တွေ ရှိသည်။ သူတို့ကို စိတ်ရှည်ဖို့ လိုသည်။ ဂရုစိုက်ဖို့ လိုသည်။ ထိုသို့ မွေးမှသာလျှင် ကလာပ်စည်းများသည် ပွားများ ကြီးထွားလာနိုင်သည်။ သူတို့ကို သက်မဲ့ ပစ္စည်းတွေလို သွားကိုင်တွယ်၍ မဖြစ်။ သူတို့ အပေါ်တွင် နူးညံ့ရသည်။ ကြင်နာရသည်။ သူတို့ ပြောသည့်စကားကို ဂရုစိုက်၍ နားထောင်ရသည်။ သူတို့ကို သာယာညင်းပျောင်း စကားပြောရသည်။ ထိုသို့ မလုပ်နိုင်လျှင် သိပ္ပံ သုတေသန ပညာရှင်သည် ဖန်ပြွန်တွေနား မကပ်လေနှင့်။ ဓာတ်ခွဲခန်းနားသို့ မသီလေနှင့်။

ထိုသို့ ကလာပ်စည်းများကို အောင်မြင်စွာ မွေးနိုင်ဖို့အတွက် ကလာပ် စည်းများ ပြန်လည်ထုတ်လုပ်မှု (မွေးမြူခြင်း) နှင့် ကြီးထွားမှုတို့ကို ချုပ်ကိုင် နေသည့် မကျွင်းနစ် ဖြစ်စဉ်နိယာမများကို ကောင်းစွာ နားလည်ဖို့ လိုသည်။ ဥပမာအားဖြင့် လူ၏ ခန္ဓာကိုယ်ကြီးသည် ကလာပ်စည်းများကို လှုပ်ရှား ပွားများစေသော အရည်တစ်မျိုးကို ထုတ်လုပ်ပေး၏။ ကလာပ်စည်းများကို လူ့ခန္ဓာကိုယ်မှ ထုတ်ယူပြီး စမ်းသပ်ဖန်ပြွန်ထဲသို့ ထည့်လိုက်သည်နှင့် သူတို့ကို လှုပ်ရှား ပွားများစေနိုင်သော အရည်ဓာတ် မရှိတော့ပြီ။ ထိုအခါတွင် ကလာပ်စည်းများသည် ကုန်းပေါ်တွင် ရောက်နေသည့် ငါးများလို ဖြစ်သွားကြပြီ။ ကလာပ်စည်းများသည် ညှိုးနွမ်းသွားကြသည်။ ပျက်စီးသွားကြသည်။ နောက် ဆုံးတွင် သေဆုံးသွားကြသည်။ တစ်ခါတစ်ရံတွင် နွားကလေး သန္ဓေသားမှ အရည်ကြည်ခဲကို ထုတ်၍ ကျွေးသည့်တိုင် ကလာပ်စည်းများသည် ကြာကြာ အသက် မရှင်နိုင်ကြ။ သို့ဖြင့် ဇီဝဗေဒ ပညာရှင်များသည် လင်ဖိုဆိုက်များကို ဓာတ်ခွဲခန်းများထဲတွင် မွေးမြူ ကြည့်ခဲ့ရာတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ လုံးလုံး အောင်မြင်ခြင်း မရှိဘဲ ဖြစ်ခဲ့ကြရသည်။ သို့ရာတွင် ၁၉၅၇ ခုနှစ်တွင်

ရောဘတ် ဂါလိုနှင့် သူ့အဖွဲ့က လူ့ခန္ဓာကိုယ်က ထုတ်လုပ်ပေးသော ကလာပ်စည်းကို ရှင်သန်စေသည့် အရည်ကြည် ဖြစ်သည့် အင်တာလူကင်–၂ ကို အောင်မြင်စွာ ခွဲထုတ် ပေးလိုက်နိုင်သည့် အခါတွင် သိပ္ပံပညာရှင်များသည် ကလာပ်စည်းများကို စမ်းသပ် ဖန်ပြွန်များထဲတွင် ကာလကြာရှည်စွာ မွေးမြူလာနိုင်ခဲ့ကြသည်။

သို့ရာတွင် ခက်သည်မှာ အင်တာလူကင်–၂ ကို ဆေးဆိုင်တွင် ဝယ်၍ မရခြင်း ဖြစ်သည်။ မွန်တိန်းနီးယားနှင့် အဖွဲ့သည် အင်တာလူကင်–၂ ကို အခြားသော သုတေသန ဓာတ်ခွဲခန်းများမှ ချေးငှားယူကာ သူတို့ စမ်းသပ်မှုအတွက် သုံးရသည်။ မွန်တိန်းနီးယား၏ အဖွဲ့ဝင်များသည် အဖိုးတန်လှသောထို ရှားပါးပစ္စည်းကို ပါရီမှ ဖက်ရှင်ဒီဇိုင်း ဆရာလေး၏ ရောဂါ စွဲကပ်နေသော လင်ဖိုဆိုက်များ ထည့်ထားသည့် ဓာတ်ဘူး ငါးဘူးထဲသို့ ထည့်သည်။ ငြိမ်နေသော ကလာပ်စည်းများကို အစာကျွေးသည်။ ဤသို့ဖြင့် ဒီဇိုင်းဆရာ၏ ငြိမ်သက်နေသော ကလာပ်စည်းများသည် လှုပ်ရှားလာကြသည်။ ပွားလာကြသည်။ ကလာပ်စည်းသစ်များကို မွေးထုတ်လာကြသည်။ သို့ဖြင့် မူလကလာပ်စည်း၏ ဝတ်ဆံ အလယ်တွင် ငြိမ်သက်နေသော ဗိုင်းရပ်စ် ပိုးများသည်လည်း လှုပ်ရှား နိုးကြားလာခဲ့ကြသည်။ ပုန်းနေသည့် လူသတ် ဗိုင်းရပ်စ်ပိုးသည် ထွက်လာတော့မည်။ မျက်နှာဖုံး ကွာကျတော့မည်။

သို့ရာတွင် ဤအဆင့်တွင်လည်း အခက်အခဲ တစ်ခု ရှိနေသေးသည်။ လင်ဖိုဆိုက် အကျိတ်များ၏ ထုံးစံမှာ သူတို့ကို ဗိုင်းရပ်စ်ပိုးများက လာရောက်တိုက်ခိုက်သည့် နိမိတ်ကို မြင်သည်နှင့် သူ့တွင် ရှိသော အင်တာဖာရွန် ခေါ်ဗိုင်းရပ်စ်ပိုး ချေဖျက်သည့်ဓာတ်ကို ထုတ်ပေးခြင်း ဖြစ်သည်။ သူတို့ အမိဖမ်းချင်နေသည့် ဗိုင်းရပ်စ်ပိုးကို သတ်နေသော အင်တာဖာရွန်ကို စွမ်းအားမဲ့သွားအောင် ကြံကြရပြန်သည်။ သိုးကို လူ၏ အင်တာဖာရွန် ထိုးပေးလိုက်သည်။ ဤတွင် ပြင်ပ တိုက်ခိုက်မှုကို ခံရသည့် အခါတွင် သိုး၏ကိုယ်တွင်းမှ သွေးသည် သန်းပေါင်းများစွာသော ပဋိပစ္စည်းများကို ထုတ်လုပ် ပေးလိုက်ကြသည်။ ထိုသိုးမှ ထွက်လာသော သွေးခဲရည်ကြည်ကို ပါရီ ဖက်ရှင်ဒီဇိုင်းဆရာလေး၏ လင်ဖိုဆိုက်များ ထည့်ထားသော ဓာတ်ဘူးများထဲသို့ ထည့်လိုက်သည်။

ဤသို့ဖြင့် အင်တာဖာရွန်များ၏ ဗိုင်းရပ်စ်ပိုး ချေဖျက်ရေး လုပ်ငန်းများကို စွမ်းအားမဲ့သွားအောင် လုပ်ခဲ့ကြသည်။ ထိုအခါမှသာ သူတို့သည်

လင်ဖိုဆိုက်ထဲတွင် ပုန်းကွယ်နေသည့် ဗိုင်းရပ်စ်ပိုးကို အမိဖမ်း နိုင်တော့မည် မဟုတ်လော။

ပါရီ ဖက်ရှင်ဒီဇိုင်း ဆရာလေး၏ လင်ဖိုဆိုက်ထဲတွင် ပုန်းကွယ်နေသော ဗိုင်းရပ်စ်ပိုးကို အမိဖမ်း နိုင်သည်ကတော့ ဟုတ်ပါပြီ။ သို့ရာတွင် နောက်တစ်ဆင့် ကျန်သေးသည်။ ယင်းမှာ ထိုဗိုင်းရပ်စ်ပိုးသည် ကပ်ရောဂါကြီး၏ လက်သည် ဟုတ် မဟုတ် သက်သေပြရန် ဖြစ်သည်။

**[ ၃၁ ]**

**နေ့စဉ်နှင့်အမျှ ကြီးထွားနေသော ကပ်ဘေး။**

**နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၃ ခုနှစ် ဆောင်းရာသီ။**

လူငယ် ဆရာဝန်ကလေးသည် သူ့ ဂါဗာဒင်း မိုးကာအင်္ကျီကို ကောက်ယူကာ ဆေးရုံထဲမှ အဝါရောင် တက္ကစီ ကားဆီသို့ ပြေးထွက်လာခဲ့သည်။

'ကျွန်တော့်ကို ဘရော့ဝေး ကဇာတ်ရုံ တစ်ရုံရှေ့မှာ ချပစ်ခဲ့ဗျာ' ဟု ပြောရင်း ကားနောက်ခုံပေါ်တွင် ပစ်ထိုင်သည်။

ထိုလူငယ်မှာ စိန့်ကလဲယား ဆေးရုံ ကူးစက်ရောဂါ ဌာနမှ လက်ထောက် အကြီးအကဲ အသက် ၃၀ အရွယ်ရှိ ဒေါက်တာ ဂျက် ဒီဟိုးဗစ် ဖြစ်သည်။ ဒေါက်တာ ဂျက်သည် လက်ကိုင်ပဝါကို ထုတ်ပြီး နဖူး၊ ပါးနှင့် ပြောင်နေသော ခေါင်းကို သုတ်သည်။ ထိုနေ့ညနေ တစ်ညနေလုံး သူ့ရင်ထဲတွင် ဖြစ်နေသည့် ခံစားချက် တစ်ခုကို ကြိတ်မှိတ် မျိုသိပ်ခဲ့ရသည်။ ကားပေါ်သို့ ရောက်သည့် အခါတွင် သူသည် နောက်ထပ် ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့။ တင်းထားသော စိတ်ကို လျှော့ချလိုက်ကာ ငိုချလိုက်မိသည်။ သည်လို ဖြစ်မည်ကို အစောကြီး ကတည်းကပင်လျှင် သူကြိုတင် သိပြီးသား။ 'အဖြစ်က သိပ်မြန်လွန်းတယ်၊ သိပ်များလွန်းတယ်၊ ငါ့မှာ ဘာမှ အဆင်သင့် မဖြစ်ခဲ့ဘူး' ဟု တစ်ယောက်တည်း ပြောမိသည်။

ကပ် ရောဂါကြီးသည် အမေရိကန် ဆရာဝန်များဆီသို့ လျင်မြန်စွာ ရောက်လာနေသည်။ သူ့လိုပင် အမေရိကန် ဆရာဝန် တော်တော်များများသည် ထိုကပ်ရောဂါကြီးနှင့် ပတ်သက်၍ ဘာ အတွေ့အကြုံမျှ မရှိကြ။

အတ္တလန်တာ စီဒီစီက ထုတ်ဝေသည့် စာစောင်များသည် နေ့စဥ်နှင့်အမျှ စိတ်မချမ်းသာစရာ သတင်းများကို ယူဆောင်လာကြသည်။ ၁၉၈၃ ခုနှစ် အစတွင် နေ့စဥ်နှင့်အမျှ အေအိုင်ဒီအက်စ် လူနာလေးယောက် မှန်မှန် တိုးနေသည်။ နောင်တွင် နေ့စဥ်တိုးနှုန်း ဦးရေသည် ထို့ထက် များမည်ဟု ခန့်မှန်းထားကြသည်။

'ရောဂါ လက္ခဏာချက်တွေဟာ သိပ် ကြောက်စရာ ကောင်းတယ်ဗျာ၊ ကျွန်တော်တော့ ကိုယ့်မျက်စိ ကိုယ်တောင် မယုံနိုင်ဘူး' ဟု နောင်တွင် ဒေါက်တာ ဂျက် ဒီဟိုးဗစ်က ဝန်ခံသည်။

ဒေါက်တာ ဂျက် ဒီဟိုးဗစ်၏ မိသားစုသည် မစ်ဒိုရီ ပြည်နယ်မှ ဆရာဝန် မိသားစု ဖြစ်သည်။ ဆေးကျောင်းမှ ဆင်းသည့်အခါတွင် ဒေါက်တာ ဂျက် ဒီဟိုးဗစ်သည် (ခွဲစိတ် ကုသမှုမှ လွဲလျှင်) လူနာများ၏ အသက်ကို အများဆုံး ကယ်နိုင်သည့် ပညာရပ်တွင် ပါရဂူဘွဲ့ ယူမည်ဟု စိတ်ကူးသည်။

'နှလုံးရောဂါဗေဒကို လေ့လာမလား၊ လူတော်တော်များများမှာတော့ သွေးကြောပိတ်တဲ့ ရောဂါ ဖြစ်တတ်တာပဲ၊ ကိုယ်က ပါရဂူ ဖြစ်ရင် နှလုံးရောဂါကိုတော့ ထိန်းထားနိုင်ပါရဲ့၊ ဒါပေမယ့် နှလုံးကြွက်သားကို ထိခိုက်သွားပြီလေ၊ ဒီတော့ နောက်တစ်ခါ ပြန်ပြီး သွေးကြောပိတ်တာမျိုး ဖြစ်ဦးမှာပဲ၊ ကျောက်ကပ် ရောဂါဗေဒကို လေ့လာမလား၊ လူတော်တော်များများမှာတော့ ကျောက်ကပ် ချွတ်ယွင်းတတ်ကြတာပဲ၊ ဒီလို ဖြစ်လာရင် လူနာကို တစ်ပတ် သုံးခါလောက် ဒိုင်ယာလိုက်ဆစ် ပေးရင်ရတယ်၊ သေတော့သေမှာ မဟုတ်လား၊ ဒါပေမယ့် လူနာဟာ ခေါင်းပေါ်မှာ ဓားဝဲခံရသလို တစ်သက်လုံး ဒီရောဂါရဲ့ ခြိမ်းခြောက်တာကို ခံနေရမှာပဲ၊ ဒါမှမဟုတ် အသက်ရှူ လမ်းကြောင်းနှင့် ပတ်သက်တဲ့ ရောဂါတွေ အကြောင်းကို အထူးကု လုပ်မလား၊ ဒါပေမယ့် ဘာကိုပဲ လုပ်လုပ် ကူးစက်တတ်တဲ့ ရောဂါပျောက် ဆေးပညာဟာ လုံးဝ ပျောက်အောင် လုပ်နိုင်မှာတော့ မဟုတ်ဘူး၊ သက်သာအောင် လုပ်ပေးနိုင်ရုံပဲ ရှိမှာ၊ ကျွန်တော် လုပ်ချင်တာက ရောဂါကို အပြတ် ရှင်းချင်တာ၊ တစ်ခါတည်း ပျောက်အောင် ကုချင်တာ'

ဒေါက်တာ ဂျက်က သူ့ ရည်ရွယ်ချက်ကို ရှင်းပြသည်။

ပဋိဇီဝ ဆေးများ၏ အစွမ်းသတ္တိသည် သူ့မျှော်မှန်းချက် အတွက် အသုံးဝင်နေသည်။ ရာစုနှစ် တစ်ဝက်ကြာမျှပင် ပဋိဇီဝ ဆေးများသည် ကူးစက် ရောဂါဟု ဆိုကြသော ရောဂါများကို နှိမ်နင်း အောင်မြင်ခဲ့သည်။

'ပင်နီစီ၀ ဆေးတွေဟာ ရောဂါကို ရှင်းရှင်းပျောက်အောင် မကုနိုင်သည့်တိုင် လူတော်တော်များများကိုတော့ မသေအောင် တားနိုင်ခဲ့ပြီ မဟုတ်လား၊ ခင်ဗျားမှာ ပြည့်တန်ဆာနှင့် သွားလာမိလို့ ဆစ်ဖလစ်ရောဂါ ဖြစ်တောင်မှ ဒီဆေးတွေရဲ့ အစွမ်းကြောင့် ခင်ဗျား မိန်းမကို မကူးအောင် လုပ်ပေးနိုင်ပြီဗျာ' ဟု အားရပါးရ ပြောတတ်သည်။

ဒေါက်တာ ဂျက်ဒီဟိုးဗစ်သည် ကူးစက် ရောဂါများကို နှိမ်နင်းသည့် ပင်နီစီ၀ ဆေးများ၏ တန်ခိုးပြာဋိဟာကို စိတ်ချလက်ချ ယုံကြည်သည်။

ယခုမူ သူ့ စိတ်ချ ယုံကြည်မှုတို့သည် ပြိုကွဲစ ပြုနေပြီ။ ကပ်ရောဂါကြီး စနေပြီ။ နယူးယောက်တွင်ဆိုလျှင် ထိုပလိပ်ရောဂါသစ် (အေအိုင်ဒီအက်စ်ရောဂါ) ၏ ပထမဆုံး လူနာများကို လက်ခံရန် ဆေးရုံများက ၀န်လေးနေကြသည်။ ထို့ပြင် ထိုရောဂါသစ်နှင့် ပတ်သက်၍ ဘာသတင်းမျှ ပြည့်ပြည့်စုံစုံလည်း မသိရသဖြင့် ဆေးဘက်ဆိုင်ရာ ၀န်ထမ်းများ ကိုယ်တိုင်ကပင် ခပ်လန့်လန့် ဖြစ်နေကြသည်။ အချို့ဆေးရုံများတွင် သူနာပြုက အေအိုင်ဒီအက်စ် လူမမာခန်းထဲသို့ ၀င်၍ ထမင်း မပို့ဘဲ အခန်းပေါက်တွင် ချပစ်ခဲ့သည်။ သူနာပြုများသည် ပိုးသတ်ထားသည့် ၀တ်ရုံ၊ မျက်နှာဖုံးစွပ်၊ လက်အိတ်စသည်တို့ မပါလျှင် လူနာ ခုတင် အနီးသို့ သွားရောက်ခြင်း မပြုကြဟု သတင်းစာများက ရေးကြသည်။ ကောလာဟလတွေကလည်း အစုံ။ မျက်နှာချင်းဆိုင် စကား ပြောရုံမျှဖြင့် ရောဂါ ကူးနိုင်သည်တဲ့။ လူ့အဖွဲ့အစည်းတွင် အကြည် ခံထားရသည့် မိန်းမလျာများနှင့် ဆေးစွဲသူများတွင် ထိုရောဂါ အဖြစ်များသည် ဟု သိရသည့်အခါတွင် လူတွေက သူတို့ကို ပို၍ ကြဉ်လာကြပြန်သည်။

နောက်ဆုံးတွင် အာဏာပိုင်တို့သည် ထိုကိစ္စကို လက်ပိုက်ကြည့်နေ၍ မရတော့။ ထိုအတွင်းတွင် နယူးယောက် ဂိုဏ်းချုပ် ဘုန်းတော်ကြီး ဂျွန် အိုကောနားကလည်း 'ဒုစရိုက်ကို ရှုတ်ချ ပြစ်တင်သည့်တိုင် ဒုစရိုက် ကျူးလွန်သူကို လက်ပိုက်၍ ကြည့်မနေစကောင်း' ဟု ဆိုကာ သူ့သာသနာမြေထဲတွင် ရှိသည့် စိန့်ကလဲယား ဆေးရုံကြီးတွင် အေအိုင်ဒီအက်စ် လူနာများ အတွက် ပါရဂူ ဆေးအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့သည်။ အလွန် စိတ်အား ထက်သန်သည့် ဆရာ၀န်များကို ရွေးချယ်ခဲ့ရာ ထိုအထဲတွင် ဒေါက်တာ ဂျက် ဒီဟိုးဗစ်လည်း အရွေး ခံရသည်။ ဆေးရုံ အထပ် နှစ်ဆယ်ကို ပြန်၍ ပြင်ဆင်ပြီး အေအိုင်ဒီအက်စ် ရောဂါသည် ၂၀ ကို ထားသည်။ သတင်းစာများက သူ့ကို ၀ိုင်း၍ ချီးကျူး

ကြပြီး လူနာသစ်များ တဖွဲဖွဲ ရောက်လာကြသည်။ နောက်ဆုံးတွင်မူ အခြား သော ရောဂါများကို ကုသပေးသကဲ့သို့ အေအိုင်ဒီအက်စ် ရောဂါကို ကုသ ပေးသည့် ဆေးရုံ တစ်ရုံ နယူးယောက်တွင် ရှိလာလေပြီ။ ထိုသို့သော ဆေးရုံမျိုး ရှိသဖြင့် လူနာများ အတွက် ကောင်းပါ၏။ သို့ရာတွင် ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ အဖို့ကား ငွေရေးကြေးရေး မပြည့်စုံသဖြင့် စိတ်ဆင်းရဲကြရသည်။

ဒေါက်တာ ဂျက် ဒီဟိုးဗစ်က သူ့ အတွေ့အကြုံကို ပြောပြသည်။

'ကျွန်တော်တော့ မနက် မိုးလင်းမှာကို ကြောက်နေတယ်၊ တစ်မနက် ကျတော့ ကျွန်တော့်ဆီကို အသက် ၃၀ လောက်စီ ရှိတဲ့ လင်မယား နှစ်ယောက် ရောက်လာကြတယ်၊ ယောကျ်ားက နယူးယောက် မြို့ပြင်မှာ ရှိတဲ့ ကောလိပ် ကျောင်း တစ်ကျောင်းမှာ အင်္ဂလိပ်စာပြ ဆရာတဲ့၊ မိန်းမကတော့ ခရီးသွား အေဂျင်စီ တစ်ခုမှာ အလုပ်လုပ်တယ်၊ နှစ်ယောက်စလုံး ကြည့်ရတာ ပညာ တတ်တွေ၊ တာဝန်သိတဲ့ လူမျိုးတွေချည်းပါပဲ၊ ယောကျ်ား အခြေအနေက တော်တော်လေး ဆိုးနေပြီ၊ ဒါနှင့် ကျွန်တော် သူ့မိန်းမကို မေးမြန်းကြည့်ရ တယ်၊ သူနှင့် နှစ်ယောက်ချင်း စကားပြောခွင့် တောင်းတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ယောကျ်ားဟာ ၄၈ နာရီ အတွင်း သေတော့မှာ ဆိုတာကို သူ သဘောပေါက်အောင် ပြောပြရမှာကိုး၊ သူ့ယောကျ်ားကို အရေးပေါ် ကုသမှု တွေ ဘာတွေ လုပ်နေလို့လည်း ဘာမှ ထူးတော့မှာ မဟုတ်တဲ့ အကြောင်း၊ ရောဂါက တော်တော်ကျွမ်းနေတဲ့ အကြောင်းကို ရှင်းပြတယ်၊ ဒါတင်မကဘူး၊ သူကိုယ်တိုင်လည်း အန္တရာယ် ရှိနေတဲ့ အကြောင်း ဖွင့်ပြောလိုက်တယ်၊ ကျွန်တော်က သူ့ကို မကြာခင်က ဆေးစစ်တာတွေ ဘာတွေ လုပ်ခဲ့သလားလို့ မေးတော့ သူက လုပ်ခဲ့တယ်တဲ့၊ မီးယပ်သားဖွား ဆရာဝန်နှင့် သွားစစ်ကြည့် တော့ သူ့သွေးထဲမှာ ဗိုင်းရပ်စ်ပိုး တွေ့ရတယ်တဲ့၊ ဒါပေမယ့် ကိစ္စ မရှိပါဘူး တဲ့၊ ကောင်းသွားမှာပါတဲ့၊ သူတို့မှာ နှစ်ခါလည် သားကလေး တစ်ယောက် လည်း ရှိတယ်၊ ဒီကလေးဟာလည်း ကိုယ်ဝန် ဘဝတုန်းက ဗိုင်းရပ်စ်ပိုး မကူးခဲ့ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။

'သူတို့ နှစ်ယောက်လည်း အေအိုင်ဒီအက်စ် ဖြစ်ချင် ဖြစ်နိုင်တယ်၊ အမျိုးသမီးကတော့ ဖြစ်ဖို့ တော်တော့်ကို များတယ်၊ သူတို့ နှစ်ယောက်လုံးမှာ အေအိုင်ဒီအက်စ် ဖြစ်နေနိုင်တယ်၊ ဒါပေမယ့် အမျိုးသမီးက ဒါကို မေ့နေ တယ်၊ ဒီလောက် ပညာတတ်ပြီး တာဝန်သိတဲ့ လူတွေ ဖြစ်ပါလျက်နှင့်

ဒီလောက် အသိဉာဏ် မရှိတာကတော့ ဆိုးတယ်ဗျာ၊ ဒါနှင့် သူတို့ကို ဆေးစစ်ဖို့ ကျွန်တော် ပြောလိုက်တယ်၊ နောက်တစ်နေ့ကို လာပြဖို့လည်း ချိန်းလိုက်တယ်၊ ဒါပေမယ့် အမျိုးသမီး မပေါ်လာတော့ဘူးလေ၊ နောက်နှစ်ရက်လောက် ကြာတော့ သူ့ယောကျ်ားလည်း သေသွားတယ်လို့ သိရတယ်။

'လူနာ တစ်ယောက်ကို သေတော့မယ့် ရောဂါကြီး တစ်ခု ဖြစ်နေတယ်လို့ ပြောရတာဟာ ကျွန်တော့်လိုလူ မပြောနှင့်၊ ကျွန်တော့်ထက် စိတ်ခွန်အားကောင်းတဲ့ ဆရာဝန်တွေ အဖို့တောင် တော်တော် ခက်တယ်၊ သူ့ အသက်ရှူလမ်းကြောင်းမှာ ဖြစ်နေတဲ့ ရောဂါဟာ နျူမိုဆိုက်စတစ် နျူမိုးနီးယား ရောဂါ၊ သူ့ မျက်နှာပေါ်က အညိုကွက်တွေဟာ ကာပိုဆီ ဆာကိုမား လို့ ခေါ်တဲ့ အရေပြား ကင်ဆာရောဂါ၊ တစ်နည်း ပြောရရင် သူ့မှာ အေအိုင်ဒီအက်စ် ဖြစ်နေပြီလို့ မိန်းမလျာ တစ်ယောက်ကို ပြောဖို့ တခြား ဘာသာစကားလည်း မရှိဘူး မဟုတ်လား၊ ကျွန်တော် ဆေးကျောင်းသား ဘဝတုန်းက လူနာ တစ်ယောက်ကို သူ့မှာ အဆုတ်ကင်ဆာ ဖြစ်နေပြီလို့ ပြောဖို့ တာဝန်ကျတယ်၊ လူနာက အသက် ၆၀ လောက် ရှိပြီ၊ လူမည်းပဲ၊ ဆေးလိပ်ကလည်း သိပ်သောက်တယ်၊ လူက သဘောလည်း ကောင်းတယ်၊ သူ အများဆုံး နေရရင် ခြောက်လပဲ၊ ကျွန်တော် သူ့ကို မပြောရက်ဘူး၊ ဒီတော့ နားဝင်ချိုတဲ့ ဆေးပညာ စကားလုံးတွေနှင့် သူ့ကို ပြောရတာပေါ့၊ ခွဲစိတ်ရမယ်တို့၊ ခီမိုသာရေပီ လုပ်ရမယ်တို့၊ ဓာတ်ကင်ရမယ်တို့ ဆိုတဲ့ စကားလုံးတွေနှင့် ပေါ့လေ၊ ဒီလို စကားမျိုးတွေနှင့် လွှဲပြောလို့ ရသေးတယ်၊ ဒါပေမယ့် အေအိုင်ဒီအက်စ် ကျတော့ ကျွန်တော် ဘယ်စကားလုံးတွေနှင့် ပြောရမှာလဲ၊ တစ်ခါတလေမှာ မပြောရက်လို့ လေးငါးရက်လောက် သတ္တိ မွေးယူရတယ်။

'သူတို့ကို ပြောရတာကလည်း လူကို ကြည့်ပြောရတယ်၊ လိင်တူဆက်ဆံသူတွေကို ပြောရတာကတော့ ဒီလောက် မခက်ပါဘူး၊ သူတို့က အေအိုင်ဒီအက်စ် အကြောင်းကို နားလည်ပြီးသား၊ သိပြီးသား ဆိုတော့ ပြောရတာ လွယ်တယ်၊ သူတို့ အပေါင်းအသင်းတွေထဲမှာ ဒီလို အေအိုင်ဒီအက်စ်နှင့် သေသွားတဲ့ လူတွေကို မြင်ခဲ့ဖူးပြီလေ၊ သူတို့အဖို့လည်း အဆိုးဆုံးကို ရင်ဆိုင်ဖို့ အဆင်သင့် ဖြစ်နေပြီ။

'ဒါပေမယ့် တစ်နေ့က ဘောလ်တီမိုးက မိန်းမလျာ လူငယ်လေး တစ်ယောက်ကို ဒီအကြောင်း ပြောလိုက်တုန်းကတော့ သူက တစ်မျိုး တုံ့ပြန်တယ်ဗျ၊ သူ့ တုံ့ပြန်ပုံကြောင့် ကျွန်တော်တောင် အံ့အားသင့် သွားတယ်၊

ကျွန်တော်တို့ နှစ်ယောက် ပြောတဲ့ စကားတွေကို ကျွန်တော် မေ့မှာ မဟုတ်တော့ဘူး၊ ခင်ဗျားကို ဘရွန်ကို စကိုပီ လုပ်ထားတဲ့ စစ်ဆေးချက်တော့ ရပြီ၊ ခင်ဗျားမှာ နျူမိုဆိုက်စတစ် နျူမိုးနီးယား ရှိနေတယ်လို့ ကျွန်တော် ပြောတယ်၊ သူက အဲဒီ ရောဂါက ဘာရောဂါလဲ တဲ့၊ ဒီတော့ ကျွန်တော်က ခင်ဗျားရဲ့ ကိုယ်ခံအား စနစ်ကြီး သိပ် မကောင်းတော့ဘူး ဆိုတဲ့ သဘောပဲ၊ ဒါကြောင့်မို့ ဒီရောဂါ ဝင်လာတာလို့ ပြောတယ်။

'အမှန်ကတော့ ဒီလို ပြောလိုက်ရင် ကျွန်တော့်မှာ အေအိုင်ဒီအက်စ် ဖြစ်နေပြီဆိုတဲ့ သဘောပေါ့လို့ မေးတတ်ကြတယ်၊ ဒါပေမယ့် အဲဒီလူငယ်ကတော့ ဘာမှ မမေးဘူးဗျ၊ ငိုင်နေတယ်၊ ဒီတော့ ကျွန်တော်ကလည်း ခင်ဗျားမှာ အေအိုင်ဒီအက်စ် ရှိနေပြီ ဆိုတဲ့ သဘောပဲလို့ ပြောလိုက်တယ်၊ သူက ဇိုက်နားထောင်နေတယ်၊ ခုတင်ပေါ်မှာ ခွေခွေလေး လှဲနေတယ်၊ တော်တော် စိတ်မချမ်းသာစရာ ကောင်းတယ်ဗျာ၊ တော်တော် ကြာတော့မှ ခေါင်းထောင်ပြီး ဆရာရယ်၊ ခုမှ ကျွန်တော် အသက် ၃၀ ပဲ ရှိသေးတယ်၊ ၄၀ လောက် အထိတောင် မနေရတော့ဘူးလားလို့ ပြောတယ်။

'ဖြစ်မှ ဖြစ်ရလေဗျာ၊ ခင်ဗျားဟာ ၃၁ နှစ် ပြည့်အောင်တောင် နေရမှာ မဟုတ်တော့ဘူးလို့ ကျွန်တော့် စိတ်ထဲမှာ ပြောမိတယ်၊ ကျွန်တော်က ဆေးသုတေသန အကြောင်း သူ့ကို နည်းနည်းပါးပါး ပြောမိတယ်၊ ကမ္ဘာပေါ်မှာ ရှိတဲ့ သိပ္ပံပညာရှင် ထောင်ပေါင်း များစွာတို့ဟာ ဒီရောဂါ ဖြစ်ရတဲ့ အကြောင်းရင်းတွေကို လိုက်ရှာနေကြတဲ့ အကြောင်း၊ လပိုင်း အတွင်းလောက်မှာပဲ ရှာတွေ့မယ် ထင်ကြောင်း ပြောပြပြီး တတ်နိုင်သမျှ သူ့ကို အားပေးပါတယ်၊ ဒါပေမယ့် သူကတော့ တစ်ချက်မှ အားတက်သရော ရှိဟန်မပြဘူး၊ အဲဒီနေ့ကရော နောက်နေ့မှာရော သူ့ကို ကြည့်ရတာ အသက် မရှိတော့သလိုပဲ၊ ကျွန်တော်လည်း သူ့ကို ကြည့်ပြီး စိုးရိမ်လာတယ်လေ၊ ကိုယ်လည်း ဒီအခြေအနေ ရောက်ရင် ဘယ်လိုများ နေမလဲ ဆိုတာကို တွေးလိုက်တော့ သူ့အတွက် ပိုလို့တောင် စိုးရိမ်လာတယ်၊ ကျွန်တော်နှင့် သူနှင့်က သက်တူရွယ်တူလောက်ပဲ ရှိတာကိုး၊ သူ့အခြေအနေမှာ ရောက်နေရင် ကျွန်တော်လည်း သူ့လိုပဲ ပိုးတုံးလုံးကောင် ဥထဲ ပြန် ဝင်သွားသလို ဝင်သွားပြီး စကားမပြောချင်လောက်အောင် ဖြစ်နေမှာပဲ။

'နောက်တော့ ကျွန်တော် ထပ်ပြီး တအံ့တသြ ဖြစ်ရပြန်တယ်၊ သူက ကျွန်တော့်လက်ကို ဆွဲပြီး ဆရာရယ်၊ ကျွန်တော့်ကို ပစ်မထားပါနှင့်နော်၊ ဒီ

ဘာမဟုတ်တဲ့ ရောဂါကလေးကို ကျွန်တော် တတ်နိုင်သမျှ ကြိတ်မှိတ် ခံထားပါမယ်တဲ့'

[ ၃၂ ]

**အစ္စရေးက ဘုန်းတော်ကြီး ဆယ့်တစ်ပါး။**

**လာထရွန်း၊ အစ္စရေး။**

**၁၉၈၃ ခုနှစ် ဆောင်းရာသီ။**

ဘုန်းတော်ကြီး ဖိလစ်မာလုသည် စာအိတ်ပေါ်က တံဆိပ်ခေါင်း သုံးလုံးကို သေသေချာချာ ကြည့်သည်။ တံဆိပ်တွေ၊ သင်္ကေတတွေ ဆင်ယင်ထားသည့် အိန္ဒိယပြည်ကြီး တစ်ပြည်လုံးသည် သူ့လူမဟာ ခုတင်ပေါ်သို့ ရုတ်ခြည်း ရောက်လာသည့် ထင်ရ၏။ တံဆိပ်ခေါင်း ပေါ်တွင် ဆာရီ ဝတ်ထားသည့် အိန္ဒိယ လယ်သူမတစ်ဦး ရေအိုးကို ခေါင်းတွင် ရွက်ကာ နွားတစ်ကောင်ကို မောင်းလျက်၊ နောက် တစ်ခုပေါ်တွင် အာရှတိုက်၏ အဏုမြူ ဓာတ်ပေါင်းဖိုခုံးခုံးကြီး၊ နောက် တစ်ခုပေါ်တွင် နားရွက် ကားကား၊ ခေါင်း ပြောင်ပြောင်နှင့် မဟတ္တမဂန္ဒီ။ သူ့ ဦးခေါင်းဘေးတွင် ကာလကတ္တား စာတိုက်တံဆိပ် ဝိုင်းဝိုင်းကြီးသည် ရောင်ခြည်စက်ဝန်း တစ်ခုနှယ်။

စာအိတ်ထဲတွင်တော့ စာမျက်နှာ များစွာ ရှိသည့် စာတစ်စောင်နှင့် ဓာတ်ပုံ နှစ်ပုံ။ ဓာတ်ပုံ တစ်ပုံက ကလေး တစ်ယောက်ကို ပွေ့ချီထားသည့် သီလရှင် ဆရာကြီး ထရီဇာ၏ ပုံ။ ပုံအောက်တွင် ဟေရှာယ အနာဂတ္တိကျမ်းမှ စာတစ်ပုဒ်ကို ရေးထားသည်။

'ကြည့်ရှုလော့၊ သင်တို့ကို ငါမေ့တော် မမူ၊ ငါ့ လက်ဖဝါးပေါ်တွင် သင်တို့ကို ငါ ရေးထွင်းပြီးပြီ၊ ငါသည် သင်တို့ကို အမည်နာမဖြင့် ခေါ်ဝေါ်၏၊ သင်တို့သည် ငါ့ပစ္စည်း ဖြစ်ပြီ၊ သင်တို့သည် ငါ့အတွက် အဖိုးထိုက်၏၊ သင်တို့ကို ငါ ချစ်ခင် နှစ်သက်ခြင်း ဖြစ်၏'

ထိုစာတန်း အောက်တွင်မူ မိမိ၏ ဝေဒနာတို့ကို ဒါနဝေပုလ္လ ကျောင်းတိုက်သို့ လှူဒါန်းသော သွက်ချာပါဒ လိုက်နေသည့် ရဟန်းပျို မာလုအတွက် ၁၉၈၃ ခုနှစ်တုန်းက ဆရာကြီး ထရီဇာ မြွက်ဆိုခဲ့သော ဆုတောင်းစကား။ 'သခင်ယေရှုက သင့်ကို ချစ်ခင်သကဲ့သို့ အခြားသူများအား ချစ်ခင်ပါလေ၊

ကိုယ်တော်အရှင် စောင့်ရှောက် ကောင်းချီးပေးပါစေ' ဟု ရေးထားသည်။

ဒုတိယ ဓာတ်ပုံမှာ အရိုးပေါ် အရေတင်နေသော လူမမာ တစ်ယောက်ကို ထမင်း ခွံ့ပေးနေသည့် ဆာရီဖြူ ခါးစည်းအပြာဝတ် သီလရှင်တစ်ဦး၏ ပုံ ဖြစ်သည်။ ထိုသို့သော လူမမာများကို မိမိ ဘေးပတ်ဝန်းကျင်ရှိ ခုတင်များပေါ်တွင် ဘုန်းတော်ကြီး မာလု မြင်နိုင်သည်။ ဓာတ်ပုံထဲတွင် ကြင်နာစွာ ပြုံးနေသော သီလရှင် မျက်နှာနှင့် အငွေ့ တထောင်းထောင်း ထနေသော ဆန်ပြုတ်ကို ကျေးဇူးတင်သော မျက်နှာဖြင့် သောက်နေသည့် လူမမာ၏ ပုံကို အသားပေး၍ ရိုက်ထားသည်။ ထိုသီလရှင်မှာ အိန္ဒိယတိုင်းသူ သီလရှင် ဖြစ်သည့် အနန်ဒါ၏ ပုံ ဖြစ်ကြောင်းကို ဘုန်းတော်ကြီး မာလု သိလိုက်သည်။

ဘာကြောင့်မှန်း မသိ၊ ဓာတ်ပုံနှင့် အတူ တွဲ၍ ပါလာသည့် စာတွင် အနန်ဒါ၏ လက်မှတ် ရေးထိုးထားခြင်း မရှိ။ သူ အလုပ်လုပ်ရာ သေအံ့ဆဲလူဆင်းရဲ ဂေဟာ၏ အကြီးအကဲ ဖြစ်သည့် ဆရာလေး ပေါလု၏ လက်မှတ်ကို ရေးထိုးထားသည်။

ဘရားသား မာလု။

ဆရာလေး အနန်ဒါ မတော်တဆ ထိခိုက်မှု ဖြစ်သည် ဆိုသည့် သတင်းကို ဝမ်းနည်းစွာ အကြောင်းကြား အပ်ပါသည်။ ကိုယ်တော်အရှင်သည် ဆရာလေး အနန်ဒါကို ခေါ်တော်မူမည်လား ဟု စိုးရိမ်နေကြပါသည်။ မနေ့ မနက်က ဆရာလေး အဲလစ်နှင့် အတူ ဂေဟာသို့လာစဉ် ဆရာလေး အနန်ဒါမှာ ခွေးရူး အကိုက် ခံရပါသည်။

ကျွန်ုပ်တို့ အရပ်တွင် ခွေးလေ ခွေးလွင့်များ ပေါပါသည်။ အနီးရှိ ဟိန္ဒူ ဘုရားကျောင်းတွင် ယဇ်ပူဇော်သည့် အကြွင်းအကျန်များကို လာရောက် စားသောက်ကြခြင်း ဖြစ်ပါသည်။ ဟိန္ဒူ မိသားစုများသည် ဝတ်ကျောင်းသို့ လာရောက်ကြကာ သူတို့ တောင်းသည့် ဆုပြည့်စေရန် ကာလီ နတ်သမီးအား ကြက်၊ ဆိတ် စသည်တို့ကို ပူဇော်တတ်ကြပါသည်။ ဆရာလေး အနန်ဒါကို ကိုက်လိုက်သည့် ခွေးရူးမှာ ကလေး နှစ်ယောက်ကိုလည်း ကိုက်ခဲ့ပြီး ဖြစ်ပါသည်။ ခွေးရူးမှာ ပါးစပ်မှ အမြှုပ်တွေ တစီစီ ထွက်လျက် ရှိပြီး ကြောက်စဖွယ် အူနေပါသည်။ အနီးရှိ လူများက ခွေးရူးကို အိတ်ဖြင့် ဖမ်းရန် ကြိုးစားသော်လည်း လွတ်သွားပါသည်။ ခွေးရူးမှာ သကြားလုံးသည်၏ လှည်း

အောက်တွင် ပုန်းနေပြီး အနီးသို့ ရောက်လာသည့် ကလေးမလေး တစ်ယောက်ကို ကိုက်ပါသည်။

ကလေးမလေးကို ခွေးရူး ကိုက်နေစဉ် ဆရာလေး အနန်ဒါနှင့် ဆရာလေး အဲလစ်တို့ ရောက်သွားပြီး ကလေးမလေးကို ကာကွယ်နေစဉ် သူတို့ကို မျက်နှာနှင့် လက်ကို ကိုက်သွားခြင်း ဖြစ်ပါသည်။ လန်ချားသမား တစ်ယောက်က ခွေးရူးကို အတင်း ဝင်ရိုက်သော်လည်း ခွေးရူးမှာ ထွက်ပြေး သွားပါသည်။ နောက်တွင် ခွေးရူးကို ဟိန္ဒူတို့ကို မီးသဂြိုဟ်သည့် နေရာ၌ တွေ့ရှိသဖြင့် ရဲကားတစ်စင်း ရောက်လာပြီး ဖမ်းသွားပါသည်။

ထိုနေ့ ညနေတွင် ရဲများ ရောက်လာပြီး စည်ပင်သာယာ တိရစ္ဆာန်ဆေးကုဌာနမှ လက်မှတ် တစ်ခုကို လာပေးပါသည်။ ခွေး၏ ဦးနှောက်ထဲတွင် ခွေးရူး ရောဂါပိုး ရှိနေသည်ကို တွေ့ရကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် ကျွန်ုပ်ကိုယ်တိုင် တက္ကစီ တစ်စင်းကို ခေါ်ပြီး သီလရှင် နှစ်ဦးတို့ကို ဆေးရုံကြီး အရေးပေါ် ဌာနသို့ ပို့လိုက်ရပါသည်။ သို့ရာတွင် ဆေးရုံကြီးတွင် ခွေးရူးပြန် ရောဂါပျောက် ထိုးဆေး မရှိပါ။ ထို့ကြောင့် နောက်ဆေးရုံ တစ်ရုံသို့ သွားရပါသည်။ ထိုဆေးရုံတွင်လည်း ဆေးမရှိပါ။ တတိယ ဆေးရုံသို့ သွားရပြန်ပါသည်။

ဆရာလေး ပေါလုက ဆေးရုံ တစ်ရုံပြီး တစ်ရုံ ခွေးရူးပြန် ရောဂါပျောက်ဆေး လိုက်ရှာရပုံကို ရေးထားသည်။ ထိုနေ့က ကာလကတ္တားမြို့ပေါ်ရှိ မည်သည့် ဆေးတိုက်တွင်မျှ ခွေးရူးပြန် ပျောက်ဆေးကို ရှာ၍မရ။ နောက်ဆုံးတွင် တစ်ယောက်က ကွန်ဗင့် လမ်းပေါ်တွင် ရှိသည့် ပါစချာ အင်စတီကျူသို့ ညွှန်သည်။ တစ်ခါတုန်းက ခွေးရူးပြန်ပျောက် ထိုးဆေးကို ထုတ်ယူနိုင်ရန် အတွက် အင်စတီကျူတွင် သိုးများကို မွေးထားခဲ့ဟန် ရှိ၏။ သို့ရာတွင် သူတို့ ရောက်သွားသည့် အခါတွင်မူ လူသူ ကင်းမဲ့နေသည့် ပါစချာ အင်စတီကျူ အဆောက်အအုံကိုသာ တွေ့ရသည်။ အမိုးနှင့် နံရံများမှာလည်း မိုးဒဏ်ကြောင့် ပျက်စီး နေကြလေပြီ။ အနီးအနားတွင် စုံစမ်းကြည့်သည့်အခါ ထိုအဆောက်အအုံကို ပိတ်ထားခဲ့သည်မှာ ကြာလှပြီ ဖြစ်ကြောင်း၊ ဝင်းထဲတွင် နေသူအချို့က သိုးများကို တစ်ကောင်ပြီး တစ်ကောင်

သတ်စားခဲ့ကာ နောက်ဆုံးတွင် လူမရှိတော့ဘဲ တံခါး ပိတ်ထားခဲ့ကြောင်းဖြင့် သိရသည်။ သီလရှင် သုံးဦးတို့သည် မြို့ပတ်လမ်းရှိ သူတို့ သီလရှင်ကျောင်း တိုက်သို့ ပြန်လာခဲ့ကြ၏။ ထိုစဉ်က သီလရှင် ဆရာကြီးမှာလည်း ခရီး ထွက်နေသဖြင့် လက်ထောက် တိုက်အုပ် ဆရာကြီးက ဒေလီသို့ သံကြိုး လှမ်းရိုက်ပြီး ခွေးရူးပြန် ပျောက်ဆေးကို မှာရသည်။ ယခု စာရေးနေသည့် အချိန်ထိ ရောက်မလာသေး ဟု ဆိုသည်။

> ခွေးရူးကိုက် ရောဂါမှာ သေစေနိုင်သည့် ရောဂါ ဖြစ်သဖြင့် ကျွန်ုပ်တို့ စိုးရိမ် နေကြပါသည်။ ခွေးရူးပြန်ရောဂါ ဖြစ်လာပြီဆိုလျှင် ဘာမျှ မတတ်နိုင် တော့ပါ။ နောက် ၄၈ နာရီ အတွင်း ဆေးမရခဲ့လျှင် နောက်ကျနေပြီလား မဆိုနိုင်ပါ။ ဘုရားသားထံမှ ဆုတောင်းမေတ္တာကို မျှော်လင့်နေပါသည်။

ဘုန်းတော်ကြီး မာလုသည် ပထမ စာမျက်နှာထိပ်တွင် ရေးထားသည့် နေ့စွဲကို ကြည့်လိုက်သည်။ လွန်ခဲ့သည့် ၁၂ ရက်က ရေးလိုက်ခြင်း ဖြစ်၏။ ဘုန်းတော်ကြီး မာလုသည် ကျောင်းထိုင် ဘုန်းတော်ကြီးကို အကြောင်းကြား သည်။

ကျောင်းထိုင် ဘုန်းတော်ကြီးက စာကို ဖတ်သည်။ စကား တစ်လုံးမျှ မပြောဘဲ ကျောင်းခေါင်းလောင်းကို တီး၍ ဘုန်းတော်ကြီးများကို ဝတ်ပြု ခန်းတွင် စုစည်းစေသည်။

လာထရွန်းရှိ ဝေဒနာ ခုနစ်ပါး ကျောင်းတိုက်မှ ဘုန်းတော်ကြီး ၁၁ ပါးတို့သည် သူဆင်းရဲတို့အား ဆင်းရဲဒုက္ခမှ လွတ်မြောက်အောင် လုပ်ပေးနေ သည့် ဆာရီဝတ် သီလရှင် နှစ်ဦး အတွက် ဝတ်ပြု ဆုတောင်းကြသည်။

ဝတ်ပြုချိန် ရောက်သည်ထိပင် မစောင့်။

[ ၃၃ ]

**လူသတ် ဗိုင်းရပ်စ်ပိုးကို အချိန်မီ ကယ်တင်ရေး။**
**ပါရီ၊ ပြင်သစ်ပြည်။**
**၁၉၈၃ ခုနှစ် ဆောင်းရာသီ။**

ရှုခင်းက တော်တော်လှသည်။ (ထက်ထက်မြက်မြက် ရုပ်ချောချော အမျိုးသမီး တစ်ယောက် ဖြစ်သည့် အသက် ၃၅ နှစ်ရွယ် ဆေးသုတေသန ပညာရှင်) ဒေါက်တာ ဖရန်ဆွာ ဆီနိုဆီသည် မျက်လုံးများကို မခွာနိုင်အောင် ဖြစ်နေသည်။ သည်လောက်လှသည့် အပြောက်အမွမ်းတို့ကို မည်သည့် ပန်းထိမ် အကျော်အမော်တို့မျှ သွန်းခတ်နိုင်မည် မထင်။ သူ့ အဏုကြည့် မှန်ပြောင်း အောက်ရှိ ဆေးသုတ်ထားသည့် ဆလိုက် မှန်ပြားပေါ်တွင် ရေတွက်ခြင်းငှာ မစွမ်းနိုင်သော ရွှေရောင် အလုံးကလေးများ၊ ရွှေရောင် အချောင်းကလေးများ၊ ရွှေရောင် အစင်းကလေးများသည် တလက်လက် တောက်ပကာ အလင်းစက် မှိုးဇိတ် ပန်းချီကားကြီး တစ်ချပ်နှင့် တူနေသည်။ ဆီနိုဆီသည် သူ့ ဆရာဝန် သက်တမ်း တစ်လျှောက်တွင် ကလာပ်စည်း သန်း ထောင်ပေါင်း များစွာကို လေ့လာခဲ့ဖူးပြီ။ ထိုမျှ သေးငယ်လှသော ဒြပ်စင် ကလေးများအား ထိုမျှ ညီညွတ် သိပ်သည်းစွာ ပေါင်းစပ် ပေးတတ်သည့် သဘာဝကြီး၏ စွမ်းရည်ကို သူ ဘယ်တော့မျှ အံ့ဩ၍ မကုန်။

သို့ရာတွင် ထိုဆောင်းညနေတုန်းကမူ ခပ်ရွယ်ရွယ် ဇီဝဗေဒ ပညာရှင် ဆီနိုဆီသည် ထိုအလှအပတို့ကို မက်မောနေချိန် မရ။ ထို အဆန်းတကြယ် တို့ကို အံ့ဩနေချိန် မရှိ။ သူ့တွင် အရေးတကြီး လုပ်စရာတွေ ရှိနေသည်။ စမ်းသပ် ဖန်ပြွန်ထဲမှ အာဟာရ ရည်များထဲတွင် ကူးခတ်နေသည့် လင်ဖိုဆိုက် ခေါ် သားနံ့ရည်ကျိတ်များကို စစ်ဆေးရဦးမည်။ လိုအပ်သည့် ကလာပ်စည်း အရေအတွက် ပြည့် မပြည့် ကြည့်ရဦးမည်။ အာဟာရရည်သည် လိုအပ်သည့် အတိုင်းအတာ အချိုးအစား ညီ မညီ ကြည့်ရဦးမည်။ အာဟာရရည် ပျစ်လွန်း လျှင် သို့မဟုတ် ကျဲလွန်းလျှင် လင်ဖိုဆိုက် သားနံ့ရည်ကျိတ်များသည် မကြီး ထွားနိုင်တော့။ သူ့နမူနာ ပစ္စည်းများကို တင်ထားသည့် မှန်ပြားမှာ သေးသေး

မှုန့်မှုန့် ပြုပ်ကလေးတွေ ထနေသည်။ ထို့ကြောင့် ထိုမှန်ပြားပေါ်တွင် တင်၍ လင်ဖိုဆိုက် ကလာပ်စည်းများကို ရေတွက်ရသည်မှာ လွယ်ကူသည်။ မော့ကြည့်လိုက်သည့် အခါတွင် သူ့ပါးတွင် ပါးချိုင့်ကလေးတွေ ပေါ်အောင် ပြုံးလိုက်မိသည်။ သူ့ မှန်ပြားပေါ်တွင် တင်ထားသည့် အကွက်ကလေးများ ထဲတွင် ကလာပ်စည်း ကလေးတွေ ပြည့်သွားပြီ။

'ဒီလိုမှပေါ့' ဟု တစ်ကိုယ်တည်း ပြောရင်း ပြုံးသည်။

ပါစချာ အင်စတီကျူ 'ဘရူးအခန်း' ထဲတွင် သူ့တို့သည် စမ်းသပ် ဖန်ပြွန်များ၊ ပေါင်းအိုးများဖြင့် အလုပ် များနေကြသည်။ ပါရီ ဖက်ရှင်ဒီဇိုင်း ဆရာလေး၏ သားနံ့ရည်ကျိတ်များထဲက သွေးဖြူဉများတွင် ရက်ထရို ဗိုင်းရပ်စ်ပိုးများ ရှိ မရှိ လိုက်လံရှာဖွေ နေကြခြင်း ဖြစ်သည်။ ယခုလောက် စမ်းသပ်ကြည့်ပြီးလျှင်တော့ အဆုံးသတ် အဖြေကို ပေးနိုင်တော့မည် ထင်သည်။ ရက်ထရို ဗိုင်းရပ်စ်ပိုးသည် လူ၏ ကလာပ်စည်း ဝတ်ဆံထဲသို့ ဝင်ရောက်လာရာတွင် သူ့ အလိုလို မဝင်ရောက်နိုင်။ ကလာပ်စည်း ဝတ် ဆံ ထဲ တွင် ရှိသည့် 'ပုဆိန်ရိုး' ရှိမှသာ ဝင်ရောက်နိုင်သည်။ ထို ပုဆိန်ရိုးမှာ ထရန် စကရစ်တာဆီ အင်ဇိုင်း ဖြစ်သည်။ ထို့ကြောင့် ထိုအင်ဇိုင်းကို အရင်တွေ့အောင် ရှာဖို့လိုသည်။ သို့ရာတွင် ထိုအင်ဇိုင်းကို လိုက်လံ ရှာဖွေသည့် စစ်ဆင်ရေးသည် ကလာပ်စည်းဆိုင်ရာ ဇီဝဗေဒ ပညာရပ်တွင် အသိမ်မွေ့ဆုံး၊ အခက်ခဲဆုံး အလုပ် ဖြစ်သည်။

ဒေါက်တာ ဆီနိုဆီသည် စမ်းသပ် ဖန်ပြွန်များကို တစ်မိနစ်လျှင် အပတ်ပေါင်း တစ်ထောင် လည်ပတ်နေသည့် ပေါင်းအိုးကြီးများထဲသို့ ထည့်သည်။ ကျန်းမာသည့် လင်ဖိုဆိုက် သားနံ့ရည်ကျိတ်များ ပေါင်းအိုးအောက်သို့ ကျသွားပြီး အနည်ထိုင်စေရန် ဖြစ်သည်။ ပေါင်းအိုးဖြင့် လှည့်မွှေသည့်အခါတွင် လင်ဖိုဆိုက် အကောင်းများက အောက်သို့ ကျသွားပြီး ရောဂါ ရနေသော လင်ဖိုဆိုက်များက ရေမျက်နှာပြင်ပေါ်တွင် မျော ကျန်ရစ်ခဲ့ကြသည်။ ထို့နောက် ဗိုင်းရပ်စ်ပိုး ပါရှိနေသည့် အပေါ်တွင် ကျန်ရှိသည့် လင်ဖိုဆိုက်များကို ဘူးအသေးကလေး တစ်ခုထဲတွင် ထည့်ပြီး တစ်မိနစ်လျှင် အပတ်ပေါင်း တစ်သိန်း လည်နေသည့် စက်ဖြင့် မွှေပစ်ပြန်သည်။ ထိုအခါတွင် ရောဂါ ဖြစ်နေသည့် လင်ဖိုဆိုက်ထဲမှ ကလာပ်စည်းများသည် စုခဲသွားကြသည်။

ထိုအစု အခဲကို ပိုးသတ်လေ ပေးထားသည့် အုပ်ဆောင်းအောက်က အာမခံ စကရင် ခံထားသော မှန်ပြားပေါ်သို့ တင်ပြီး ရိုးရိုး ပိုးသတ်ဆေးရည် အစက် အနည်းငယ်ကို ချသည်။ အားလုံး ချောမောသည်ဆိုလျှင် ပိုးသတ်ဆေး ကြောင့် ဗိုင်းရပ်စ်ပိုး ဝင်နေသော ကလာပ်စည်းသည် ကွဲသွားကာ ရက်ထရို ဗိုင်းရပ်စ်ကို အောင်သွယ် လုပ်ပေးခဲ့သည့် ရီဗာ့စ် ထရန်စကရစ်တာဆီ အင်ဇိုင်း ထွက်လာမည်။ သို့ဆိုလျှင် သူ့အဖို့ ရီဗာ့စ် ထရန်စကရစ်တာဆီ အင်ဇိုင်း ရှိကြောင်းကို သက်သေပြပြီး တိုင်းထွာ ချိန်တွယ်ကြည့်ရန်သာ ကျန်တော့သည်။

ဒေါက်တာ့ ဆီနီဆီသည် အင်ဇိုင်းများကို သက်ဝင် လှုပ်ရှားစေမည့် အမယ် အမျိုးမျိုး ပါသော ဆေးရည် စိမ်းစိမ်းများကို ဓာတ်ဘူးထဲသို့ ထပ်၍ လောင်းထည့်လိုက်သည်။

မိန်းမပျိုသည် ထိုအမယ် အမျိုးမျိုးကို ရောစပ်ရာတွင် မည်သူ့ကိုမျှ စိတ်မချ။ သူကိုယ်တိုင် စပ်ရမှ ကျေနပ်သည်။ အချို့သော ဆေးရည်များကို ပေါင်းသည်။ အချို့သော ဆေးရည်များ နုတ်သည်။ အချို့ကို ထပ်စွက်သည်။ အချို့ကို ပြန်နုတ်သည်။ သို့ရာတွင် ဘယ်ဆေးကိုပဲ နုတ်နုတ် အအေး သေတ္တာကြီး ထဲတွင် အဓိက မဏ္ဍိုင် ထားသည့် ဆေးအမယ် တစ်မျိုးကတော့ ရှိသည်။ ယင်းကို ဓာတ်ခွဲခန်း ဝေါဟာရပြင့် 'ပရိုင်မာ' (အဓိက ဆေးမယ်) ဟု ခေါ်ကြသည်။ ထိုအဓိက ဆေးမယ်မှာ အရည် ကျဲကျဲကလေး ဖြစ်ပြီး ထိုအရည် ထဲတွင် ဒီအင်အေ (မျိုးရိုး ဗိဇဆိုင်ရာ နျူကလိယ အက်ဆစ်) အချို့ကို ထည့်ထားသည်။ ထိုသို့ ထည့်ထားခြင်းမှာ အင်ဇိုင်းကို မြှူရန် ဖြစ်သည်။ ထရန် စကရစ်တာဆီ အင်ဇိုင်းသည် ဒီအင်အေ၏ မြှူဆွယ်မှုကြောင့် ပေါ်လာသည်။ ထိုအခါတွင် ထိုအရည်ထဲသို့ ရေဒီယို ဓာတ်ကြွပစ္စည်း တစ်ခုကို ထည့်ပြီး အင်ဇိုင်းမှ အရည်တစ်မျိုး ထွက်အောင် လုပ်ရသည်။ ထိုအရည် ထွက်လာလျှင် ရက်ထရို ဗိုင်းရပ်စ်ကို ခြေရာခံ၍ ရလေပြီ။

မိန်းမပျိုသည် ဗိုင်းရပ်စ်ပိုး အစုအခဲတို့ လောင်းထည့်ထားသည့် ဓာတ်ဘူးကို ကြက်ဥ ဖောက်စက်လို အပူပေးသည့် စက်ကြီးထဲသို့ ထည့်၍ လှည့်ရသည်။ ဤတွင် ထိုစက်၏ လှည့်အား မွှေအားကြောင့် စက်ထဲတွင် ရှိသည့် ပစ္စည်း အားလုံးသည် သမသွားကာ သိပ်သည်း သွားကြသည်။ ထို

အချိန်တွင် အရေးကြီးသည့် အဆင့်သို့ ရောက်သွားပြီ။ ရေဒီယို ဓာတ်ကြွ ပစ္စည်းများ၏ အရည် ထုတ်လုပ်ပေးမှုကြောင့် အင်ဒိုင်း ရှိ မရှိကို သက်သေ ပြနိုင်သော အဆင့်သို့ ရောက်ပြီ။ ထိုသို့ စက်ဖြင့် တစ်နာရီလောက် မွှေပေး ပြီးသည့် အဆုံးတွင် နောက်ဆုံး အဆင့်သို့ ရောက်လာသည်။ အရည်များသည် တဖြည်းဖြည်း ပျစ်ခဲလာကြကာ ရေစစ် အဝိုင်းကလေးများ ပေါ်တွင် အခဲ ကလေးတွေ သီးလာကြသည်။ ထိုအခဲကလေးများကို ဒီဂရီ ၂၀၆ ရှိသည့် ပေါင်းဖိုထဲသို့ ၁၀ မိနစ်ခန့် ထည့်၍ အပူတိုက်သည်။ ထိုသို့ ဖုတ်ကင်ပြီး သည့် အခါတွင် ထိုအခဲကလေးများကို ပန်းကန်ပြားထဲသို့ ထည့်ပြီး ဆေးရည် တစ်မျိုးကို လောင်းထည့်သည်။ ထို့နောက် ထိုအခဲကလေးများကို အီလက် ထရွန်းနစ် ဂဏန်းစက်ထဲသို့ ထည့်ကာ အင်ဒိုင်း ရှိ မရှိ တိုင်းထွာကြည့်သည်။ ထိုအဆင့်သည် ရက်ထရို ဗိုင်းရပ်စ်ပိုး ရှိ မရှိကို စမ်းသပ်သည့် နောက်ဆုံး အဆင့် ဖြစ်သည်။

'ဟင့်အင်း၊ ဘာမှ မတွေ့ဘူး၊ ဆရာ့ စက်ပေါ်မှာ ရေဒီယို ဓာတ်ကြွ ပစ္စည်း ဘာမှ ရှာလို့ မရဘူး'

မွန်တိန်းနီးယားသည် ကျိုနေသည့် ခွက်ကို စားပွဲပေါ်သို့ ၁၃ ကြိမ် မြောက် တင်ထားလိုက်သည်။ သူ့ အဖွဲ့ဝင်များသည် ၁၄ ညလုံးလုံး ထို အင်ဒိုင်းကို လိုက်ရှာကြသည်။ သို့ရာတွင် ဘာမျှမတွေ့။ ပါရီက ပက်ရင်ဒီဖိုင်း ဆရာလေး၏ သားနုံရည်ကျိတ်ထဲတွင် ရက်ထရို ဗိုင်းရပ်စ်ပိုး ရှိသည်ဆိုလျှင် ယခုလောက်ဆို တွေ့လောက်ပြီ။ အနည်းဆုံး ပုဆိန်ရိုးဖြစ်သည့် အင်ဒိုင်းကို တော့ တွေ့လောက်ပြီ။ ဘာရှူး အခန်းက လူများသည် အားလျော့ချင်သလိုလို ဖြစ်လာကြသည်။ သူတို့တွင် ပစ္စည်းကိရိယာ မလုံလောက်သည့် အတွက်လော၊ သို့မဟုတ် ဗိုင်းရပ်စ်ပိုးပင်လျှင် မရှိ၍လော။

၁၅ ရက်မြောက် နေ့တွင်မှ အားတက်သည့် အသံကို ကြားလာရ သည်။ အီလက်ထရွန်းနစ် ဂဏန်းစက်ပေါ်တွင် ၃၀၀၀ ဆိုသည့် ဂဏန်းကို မြင်လိုက်ကြရသည်။ အရေအတွက်က နည်းသည့်တိုင် သူတို့ စမ်းသပ် ဖန်ပြွန်များထဲတွင် ရေဒီယို ဓာတ်ကြွပစ္စည်း ရှိနေပြီ ဆိုသည်လောက်ကိုတော့ သိရပြီ။ ရေဒီယို ဓာတ်ကြွပစ္စည်း ရှိနေပြီဆိုလျှင် အင်ဒိုင်း ရှိနေပြီ။ အင်ဒိုင်း ရှိသည် ဆိုလျှင် အေအိုင်ဒီအက်စ် ရောဂါကို ဖြစ်စေသည့် လက်သည်

တရားခံတော့ ရှိနေပြီဆိုသည့် သဘော ဖြစ်သည်။ နောက်သုံးရက် အကြာတွင် အီလက်ထရွန်းနစ် ဂဏန်းစက် ဖန်သားပြင်တွင် တစ်မိနစ်လျှင် ရေဒီယိုအက်တစ် ဓာတ်ကြွပစ္စည်း ၆၀၀၀ ထုတ်နေကြောင်းကို ပြသလာသည်။ နောက်သုံးရက် အကြာတွင် တစ်မိနစ်လျှင် ၉၀၀၀ ပြလာသည်။ .

ဤသို့ဖြင့် လင်ဖိုဆိုက် ခေါ် သားနံ့ရည် ကျိတ်များထဲမှ ကလာပ်စည်းများကို မွေးမြူရာတွင် အရေအတွက် များပြား လာနေသည်။ ဒေါက်တာဆိနိုဆီသည် ထိုဂဏန်းများကို နေ့တိုင်း စစ်ဆေးကြည့်သည်။ ဖက်ရှင်ဒီဇိုင်းဆရာကလေး၏ ကိုယ်မှ ထုတ်ယူခဲ့သော လင်ဖိုဆိုက် သားနံ့ရည်ကျိတ်များသည် သူတို့အတွက် အဖိုးတန်ပစ္စည်း ဖြစ်နေသည်။ နာမည်ဆိုးဖြင့် ကျော်ကြားသည့် အေအိုင်ဒီအက်စ်၏ လက်သည် တရားခံ ပါနေသည်ဟု ယူဆရသောကြောင့် ဖြစ်သည်။ အချိန်ပေးလျှင် ဂရုစိုက်လျှင် ကလာပ်စည်းများသည် သူတို့ ဝတ်ဆံထဲတွင် ရှိသော ရက်ထရို ဗိုင်းရပ်စ်များ၏ အရေအတွက်ကို တစ်နေ့တခြား ပွားများ လာစေလိမ့်မည်ဟုလည်း သူ မျှော်လင့်သည်။

သို့ရာတွင် .. သို့ရာတွင် ..

နောက်တစ်နေ့ အဏုကြည့် မှန် ပြောင်း ဖြင့် သူ မွေးထားသည့် ကလာပ်စည်းများကို သွားကြည့်လိုက်သည့် အခါတွင်ကား မျှော်လင့်ချက်ဟူသမျှတို့ ပြိုလဲ ပျက်စီး သွားကြသည်။

ကလာပ်စည်းများသည် သူ့မျက်စိ ရှေ့မှောက်မှာပင် သေဆုံးနေကြသည်။ အလင်းစက်ကလေးများ၊ ရွှေစင်းကလေးများ၊ ရွှေပြောင်ကလေးများသည် ကွဲကြေ လွင့်ပျောက်ကုန်ကြသည်။ ရွှေရောင်အစက် ကလေးများသည် မည်းမည်းသဏ္ဌာန် အစက်ကလေးတွေ ဖြစ်သွားပြီး တစ်ခုနှင့် တစ်ခု ရောထွေးကာ ပုံပျက်ပန်းပျက် ဖြစ်သွားကြသည်။ စိန်တုံးမှ အကွက်ကလေးများလို တလက်လက် တောက်နေရမည့် အစား မည်းသွားကြသည်။ မကြာမီ ထိုကလာပ်စည်းများ အားလုံးသည် သေဆုံး သွားကြတော့မည်။

ပြင်သစ် သိပ္ပံပညာရှင်များသည် အကြောင်းကို ရှာမရဘဲ ဖြစ်နေကြသည်။ သူတို့ ဘယ်နေရာ မှားခဲ့ကြသနည်း။ ကလာပ်စည်းများကို ကျွေးသည့် အာဟာရ မှားသလား၊ အပူပေးရာမှာ မှားသလား၊ ပစ္စည်း ကိရိယာတွေမှာ ပြင်ပ ပစ္စည်းတစ်ခုခု ဝင်ရောက်သဖြင့် ပျက်စီး သွားကြခြင်းလား၊ သို့မဟုတ် အခြားသော ရက်ထရို ဗိုင်းရပ်စ် တစ်မျိုး ရှိသေးသလား၊ ထိုရက်ထရို ဗိုင်းရပ်စ်ကြောင့် ကလာပ်စည်းတွေ ပျက်စီး သွားရသလား၊ အကယ်၍ ကလာပ်

စည်းတို့ကို ပျက်စီးစေသည့် အရာသည် ရက်ထရို ဗိုင်းရပ်စ်ပိုး ဖြစ်သည်ဆို လျှင် ထိုဗိုင်းရပ်စ်ပိုးသည် ရောဘတ် ဂါလို တွေ့ရှိခဲ့သည့် လူနှင့် တိရစ္ဆာန် များတွင် တွေ့ရတတ်သော ရက်ထရို ဗိုင်းရပ်စ်ပိုးနှင့် ခြားနားသော ရက်ထရို ဗိုင်းရပ်စ်ပိုး တစ်မျိုး ဖြစ်ရလိမ့်မည်။

သူတို့သည် အမျိုးမျိုး စဉ်းစားကြသည်။ သို့ရာတွင် အဖြေ မပေါ်။ နောက်ဆုံးတွင် ရှိနေသေးသည့် ကလာပ်စည်းများကို အသေ မခံနိုင်သဖြင့် နောက်ထပ် ကျန်းမာသော ကလာပ်စည်းများကို ထည့် ထပ်မွေး ရပြန်သည်။

ထိုနှစ် ဆောင်းတွင် ပြင်သစ် သိပ္ပံပညာရှင်များသည် (ဖက်ရှင်ဒီဗိုင်း ဆရာလေး၏) သေဆုံးသွားသော ကလာပ်စည်းများကို အသက် ပြန်ရှင်ရန် အမျိုးမျိုး ကြိုးစားကြသည်။ ထိုကလာပ်စည်းများကို ထပ်မွေးမြူရန် အားထုတ် ကြသည်။ တိရစ္ဆာန်များ၏ ကလာပ်စည်းများ ထည့်၍ ထိုကလာပ်စည်းများကို မပျက်စီးအောင် ကြိုးစားကြည့်သည်။ မရသည့်အခါတွင် လူ၏ ကလာပ်စည်း များဖြင့် ပေါင်း၍ ထပ်မံ ကြိုးစားကြည့်သည်။

၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ပါစချာ အင်စတီကျူသို့ လူ တော်တော်များများ လာ၍ သွေးလှူကြသည်။ ထိုသွေးလှူသူများ၏ အမည် နာမကို မှတ်သားထားခြင်း မရှိ။ ထိုအထဲမှ သွေးလှူရှင် တစ်ဦးသည် သူ့ သွေးကြောင့် ခေတ်သစ်တွင် အဆိုးဆုံးသော ကပ်ရောဂါကြီးကို ဖြစ်စေသည့် ဗိုင်းရပ်စ်ပိုးတို့ကို ပြန်၍ ရှင်အောင် အသက်ဆက် ပေးသည်ဟု မည်သို့ သိနိုင်မည်နည်း။

ဒေါက်တာ ဆီနိုဆီသည် အမည်မသိ သွေးလှူရှင် တစ်ဦး လှူဒါန်း သွားခဲ့သော သွေးအချို့ထဲမှ ကလာပ်စည်း အချို့ကို ဖက်ရှင်ဒီဗိုင်း ဆရာလေး၏ ရောဂါ ဖြစ်နေသော သားနံရည် အကျိတ်မှ ကလာပ်စည်းများနှင့် ရောသည်။ ထို့နောက် ဗီတာမင် အချို့နှင့် ကြီးထွားစေသော ဆေးရည်များကို စပ်သည်။ ထပ်၍ မွေးမြူကြည့်မည့် ဖန်ပြွန်ကို အခြား ပိုးမွှားတို့ မရှိစေရန် ပိုးသတ် ဆေးဖြင့် ဆေးကြောသည်။ ထို့နောက် လိုအပ်သည့် ပစ္စည်းများနှင့် လူနာ၏ ကလာပ်စည်းများကို ဖန်ပြွန်ထဲသို့ ပြန်ထည့်သည်။

ထိုကလာပ်စည်းများ ပြန်ရှင်လာအောင် ရက်ပေါင်းများစွာ စောင့်ရ ဦးမည်။

[ ၃၄ ]

**အသက် ပြန် မသွင်းပါနှင့်။**

**နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၃ ခုနှစ် ဆောင်းရာသီ။**

ပြင်သစ် သိပ္ပံပညာရှင်များက သူတို့ ကလာပ်စည်းများ အသက် ပြန်ရှင်လာအောင် စောင့်ဆိုင်းနေစဉ် အဖြစ်ဆိုးကြီးသည် ဆက်လက် ပျံ့နှံ့လျက်ရှိသည်။ နယူးယောက်၊ စိန့်ကလဲယား ဆေးရုံ၊ ပြုစု စောင့်ရှောက်ရေး ဌာနအကြီးအကဲ ဖြစ်သည့် လူငယ် ဆရာဝန်ကလေး ဒေါက်တာ ဒီဟိုးဗစ်က

'ကျွန်တော်တို့ အဖြစ်က မျက်မမြင် ခြောက်ယောက် ဆင်စမ်းတဲ့ပုံလို ဖြစ်နေပြီ၊ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ နည်းနှင့် ကျွန်တော်တို့ လုပ်နေကြတယ်၊ ဖန်ပြွန်ကိုင်ထားတဲ့ သိပ္ပံပညာရှင်တွေကလည်း သူတို့ဘာသာ သူတို့ ဆင်ကို လိုက်စမ်းနေကြတယ်၊ ဒီလိုနှင့် သူတို့နှင့် ကျွန်တော်တို့ စမ်းမိတာတွေက တစ်မျိုးစီ ဖြစ်နေကြတယ်၊ သိပ္ပံပညာ အဖို့တော့ အေအိုင်ဒီအက်စ် ဆင်ကြီးဟာ သူတို့ ဖန်ပြွန်အောက်ခြေမှာ တွေ့ရတဲ့ ဗိုင်းရပ်စ်ပိုးအစုအခဲတွေ၊ ကျွန်တော်တို့ အဖို့တော့ အေအိုင်ဒီအက်စ် ဆင်ကြီးဟာ ခေါင်းအုံး ဖြူဖြူပေါ်မှာ ပြူးကြောင်နေတဲ့ မျက်လုံးကြီး နှစ်လုံးနှင့် သေမင်းကို စိုက်ကြည့်နေတဲ့ သေမင်း မျက်နှာဖုံး၊ အဲဒီလို ဖြစ်နေတယ်'

ဒီဟိုးဗစ်၏ မျက်လုံးထဲတွင်' ထိခိုက်စရာ ရုပ်ပုံတွေ ပါလာတတ်သည်။ ထိုရုပ်ပုံများသည် အိမ်အပြန်တွင်လည်း ပါလာသည်။ ရုပ်ရှင်ရုံတွင်လည်း ပါလာသည်။ ပျော်ပွဲစားရုံတွင်လည်း ပါလာသည်။ လမ်းမတွင်လည်း ပါလာသည်။ မြေအောက် ရထားထဲတွင်လည်း ပါလာသည်။

'ဆေးရုံက ပြန်လာပေမယ့် သူတို့ မြင်ကွင်းတွေကို မျက်စိထဲက ပျောက်လို့ မရဘူးဗျာ၊ လူနာ တော်တော်များများက ကျွန်တော်နှင့် ရွယ်တူတွေ၊ ဘာလ်တီမိုးက လူဆိုရင် ကျွန်တော် ဘယ်လိုလုပ်မှ မျက်စိထဲက ပျောက်လို့ မရတော့ဘူး၊ သူ့မှာ အေအိုင်ဒီအက်စ် ရှိတယ်လို့လည်း ပြောလိုက်ရော ကျွန်တော့် မျက်စိ ရှေ့မှာတင်ပဲ တစ်ကိုယ်လုံး အစိတ်စိတ် အမြွာမြွာ ပြိုကွဲ

စုတ်ပြတ် သွားသလားလို့တောင် ထင်လိုက်ရတယ်'

အမေရိကန် ဆရာဝန်များသည် အေဒိုင်ဒီအက်စ် လူနာကို ကုတော့မည်ဆိုလျှင် လူနာ၏ သဘောတူညီချက်ကို ယူရသေးသည်။ သူတို့ သဘောတူညီချက် ယူရသည်မှာ မလွယ်ပါ။ ကုသမှု ခံယူဖို့ သဘောတူလျှင် ဖြစ်စေ၊ ငြင်းပယ်လျှင် ဖြစ်စေ သတ်မှတ်ထားသည့် ပုံစံစာရွက်ပေါ်တွင် လူနာ၏ လက်မှတ်ကို ရေးရသည်။ သို့ဖြင့် လူနာ၏ ဆေးမှတ်တမ်းဖိုင်တွင် 'အသက်ရှိသေတမ်းစာ' ဟူသော ခေါင်းစဉ်တပ်ထားသည့် ပုံစံ စာရွက်ကလေး ပါရသည်။ ပုံစံ စာရွက်ကလေးထဲတွင် လူနာက လက်မှတ်ထိုးရခြင်း ဖြစ်သည်။ ထိုပုံစံစာရွက်ကို ဆေးရုံတွင် ဒီအင်အာရ်ဟု ခေါ်ကြသည်။ (Do not Resuscitate) ကို အတိုကောက် ခေါ်ခြင်းဖြစ်သည်။ မိမိသည် ခေတ်မီ ကိရိယာများဖြင့် ဆေးဝါး ကုသမှုကို ခံ၍ အသက် ရှင်နေလိုသလော၊ သို့တည်းမဟုတ် မနေလိုတော့ပြီလော ဆိုသည့် အချက်ကို လူနာတိုင်း ရွေးချယ်ပိုင်ခွင့် ရှိသည်။ ဆရာဝန်များက ထိုသို့ ရွေးချယ်ပိုင်ခွင့် ရှိကြောင်းကို လူနာများအား ရှင်းပြပြီး သူတို့၏ သဘောတူညီချက်ကို ယူရသည်။

၁၉၈၃ ခုနှစ် အစတွင်မူ ထိုသို့သော အလုပ်များသည် ဒေါက်တာ ဒီဟိုးဗစ် မကြာခဏ လုပ်ရသည့် အလုပ်များ ဖြစ်နေလေပြီ။

'ကြောက်စရာ ကောင်းတဲ့ ဒီကပ်ရောဂါကြီးဟာ ကျွန်တော်တို့ကို မေးနည်းပညာတွေ သင်ပေးနေသလိုပဲဗျ။ လူနာ တစ်ယောက်ကို လူ့လောကကြီးထဲမှာ ဆက်နေချင်သေးသလား၊ နေချင်သေးရင် ဒီ စက်ကိရိယာတွေနှင့် အကုန်အကျခံပြီး ဒီစက်ကိရိယာတွေနှင့် ကုနိုင်တဲ့ အခြေအနေ ရှိသလားလို့ မေးရတာ တော်တော်ခွကျတဲ့ မေးခွန်း မဟုတ်လား၊ ဒီတော့ လူကိုလိုက်ပြီး အမျိုးမျိုး လှည့်မေးရတာပေါ့၊ အဓိပ္ပာယ်ကတော့ ဒီအဓိပ္ပာယ်ပါပဲ၊ လောလောဆယ်မှာတော့ ခင်ဗျား အခြေအနေ ကောင်းပါတယ်၊ ဒါပေမယ့် တစ်နေ့မှာ အခြေအနေ ဆိုးချင် ဆိုးလာနိုင်တယ်၊ ဒ်အခါမှာ ခင်ဗျားရောဂါကို ဆက်လက် တိုက်ဖျက်ဦးမှာလား၊ မတိုက်ဖျက်တော့ဘူးလား ဆိုတာကို ဆုံးဖြတ်ရမယ့် နေ့တစ်နေ့ကို ရောက်လာလိမ့်မယ်၊ ဆိုးလာတဲ့ အချိန်ကျမှ ခင်ဗျားမှာ ပြောနိုင် ဆိုနိုင်အားလည်း မရှိတော့ဘူးဆိုရင် ဘာလုပ်မလဲ၊ အထူး ကုသမှုခန်းထဲကို ဝင်မလား၊ မဝင်ဘူးလား ဆိုတာကို ခုစောစော ပြောနိုင်ရင်လည်း ပြောထားလို့ ရတယ် စသဖြင့် လူနာကို သဘောပေါက်အောင် ပြောရတယ်၊ ဒီလို ပြောရာမှာ ကိုယ်က ဆွယ်ပြောတာမျိုးလည်း မလုပ်ရဘူး၊ စိတ်ပျက်

သွားအောင်လည်း မလုပ်ရဘူး၊ တစ်ခါတလေ ကျတော့လည်း ကျွန်တော်က ခု မဆုံးဖြတ်ဘဲ သီတင်း တစ်ပတ် နှစ်ပတ်တန်သည် စဉ်းစားဖို့၊ မိသားစုနှင့် တိုင်ပင်ကြည့်ဖို့၊ အခြားသော ဆရာဝန်များ၊ လူနာများကိုလည်း မေးမြန်းကြည့်ဖို့ တိုက်တွန်းရတာမျိုးလည်း ရှိပါတယ်၊ ဒါပေမယ့် ပြောလို့သာ ပြောရတယ်၊ သိပ်တော့ အားမရှိပါဘူးဗျာ၊ ကျွန်တော့် စိတ်ထဲမှာ ဆက် မကုတော့ဘူးလို့ ပြောလိမ့်မယ်လို့ချည်းပဲ ထင်နေတယ်'

လူနာက ဆက်၍ မကုလိုတော့ ဟု ပြောလိုက်သည်နှင့် ဒေါက်တာဒီဟိုးဇစ်သည် ဒီအင်အာရ်ဟု ရေးထားသည့် စာရွက်ကလေးကို အပေါ်ရုံအင်္ကျီထဲမှ ဆွဲထုတ်လိုက်ပြီး လူနာကို လက်မှတ် ထိုးခိုင်းရသည်။ ထို့နောက် သူနှင့် လူနာတို့ ဆွေးနွေးချက် အကျဉ်းကို ရေးထည့်ရသည်။ လူနာတွေကလည်း အမျိုးမျိုး ရှိသည်။ အချို့ဆိုလျှင် ဆက်ကုရေး မကုရေး လက်မှတ် မထိုးခင် အရေးပေါ် ကုသမှု ဆိုသည် မည်သို့သော ကုသမှုမျိုး ဖြစ်ကြောင်းကို ကြည့်ချင်ကြသေးသည် ဆိုသဖြင့် သူတို့ကို အထူး ပြုစု ကုသခန်းသို့ လိုက်ပြရသေးသည်။ စိန့်ကလဲယားက အထူး ပြုစု ကုသခန်းတွင် လူနာ နှစ်ယောက် သုံးယောက်ကတော့ အမြဲ ရှိနေတတ်သည်။ လူနာ၏ ပတ်ပတ်လည်တွင်လည်း ပြွန်တွေ၊ ပိုက်တွေ၊ ပုလင်းတွေ၊ ပစ္စည်းကိရိယာတွေ ရှုပ်ပွေ ဝန်းရံနေသည်ကို မြင်လိုက်သည့် အခါတွင်မူကား တော်တော့် လူနာမှာ ဆက်၍ ကုသချင်စိတ် ကုန်ခန်းသွားတော့သည်။ အချို့ကဆိုလျှင် ထိုသို့သော အခြေအနေမျိုးသို့ ရောက်လျှင် ဆက်လက်၍ ကုသခြင်း မပြုတော့ဘဲ ဥပဒေနှင့် ညီသော နည်းလမ်းများဖြင့် အသက်ရှင်ရန် ကြိုးပမ်းမှုများကို ရပ်ဆိုင်းလိုက်ရန် ရင်းနှီးသော ဆွေမျိုးများနှင့် ရင်းနှီးသော မိတ်ဆွေများကို မှာထားခဲ့ကြသည်။

ဤတွင် ဆရာဝန်တို့ အဖို့ ပြဿနာ ပေါ်တော့သည်။ လူနာ၏ အလိုကို လိုက်ပြီး အသက်ရှင်အောင် ကြိုးပမ်း အားထုတ်၍ ကုသခြင်း မပြုလျှင် လူသေမှုဖြင့် တရားစွဲခံရမည့် အရေးကလည်း ရှိသေးသည်။

၁၉၈၃ ခုနှစ် ဆောင်းရာသီတုန်းက စိန့်ကလဲယား ဆေးရုံတွင် အသေအပျောက် တော်တော်များသည်။ ပထမဆုံး ကွယ်လွန်သွားသည့် လူနာမှာ ဘာလ်တီမိုးမြို့မှ လူငယ် ကြော်ငြာ ကိုယ်စားလှယ်ကလေး ဖြစ်သည်။

ပန်းပွင့်များနှင့် ဂီတသံတို့ ပြည့်နှက်လျက် ရှိသည့် သူ့အခန်းကျဉ်းကလေးထဲတွင် သူ့အဖော်က အမြဲ စောင့်ရှောက် ပြုစုသည့်တိုင်၊ ဒေါက်တာဒီဟိုးဗစ်က ကြပ်မတ် ကုသသည့်တိုင် 'ဒီ မဖြစ်စလောက် ရောဂါကို နိုင်အောင် တိုက်ရမှာပေါ့ဗျာ' ဟု ပြောခဲ့သူသည် နောက်ဆုံးတွင် အရှုံးပေးသွားခဲ့လေပြီ။ သူသည် ငြိမ်းချမ်းစွာ ကွယ်လွန်သွားခဲ့သည်။ သူ ကွယ်လွန်သည့်အခါတွင် အနီး၌ သူ့အမေ၊ သူ့အစ်ကိုနှင့် သူ့မိတ်ဆွေတွေ ရှိသည်။ အနီး စားပွဲပေါ်တွင်မူ ဖတ်လျက်တန်းလန်း စာအုပ်တစ်အုပ်၊ ရောင်းဝယ်ရေး လုပ်ငန်း အကြောင်း ... ။

[ ၃၅ ]

ဘိုးအင်း ဂျက်လေယာဉ် တစ်စင်းပေါ်က ရက်ထရို ဗိုင်းရပ်စ်ပိုး ကုဋေကုဋာ။ ပါရီ၊ ပြင်သစ်ပြည်။
၁၉၈၃ ခုနှစ် ဆောင်းရာသီ။

ဘရူးခန်းထဲမှ အဖွဲ့များသည် ရေဒီယိုဓာတ်ကြွ ဂဏန်းစက်ပေါ်တွင် အရေအတွက်တွေ များသထက် များလာစေရန် သုံးနေ့ သုံးညလုံးလုံး အစွမ်းကုန် အားထုတ်ကြသည်။ ဖက်ရှင်ဒီဇိုင်း ဆရာလေး၏ သေလုဆဲ ဗိုင်းရပ်စ်များ ပြန်၍ အသက်မရှင်ဘဲ နေမည် စိုးသည့်အတွက် သွေးလှူရှင်များ၏ လင်ဖိုဆိုက်များကို ထိုအထဲသို့ ထပ်ထည့်ကြသည်။ ထိုမျှနှင့် မလုံလောက်သေး ဟု ထင်သဖြင့် ဒေါက်တာ ဖရန့်ဆွာ ဆိနိုဆီသည် အနီးဆုံးရှိသည့် သားဖွားဆေးရုံတစ်ခုသို့ ပြေး၍ အကူအညီ ယူသည်။ မွေးစကလေး အချင်း၏ သွေးများထဲတွင် ရှိသည့် ကလာပ်စည်းများသည် ပွားများနိုင်သော အစွမ်းသတ္တိများစွာ ရှိကြသည်။ ထိုကလာပ်စည်းများသည် သူ မွေးမြူနေသော ပျက်စီးစပြုနေသည့် သွေးဖြူဥများ အတွက် အလွန်ကောင်းသည့် အစာ အာဟာရများ ဖြစ်ကြသည်။

ဇန်နဝါရီလ ၂၇ ရက်နေ့ မွန်းတည့်ချိန်လောက်တွင် ဇီဝဗေဒ ပညာရှင် ဒေါက်တာ ဆိနိုဆီသည် သူ နောက်ဆုံး မွေးမြူထားသည့် သွေးဖြူဥ ကလာပ်စည်းများကို ထည့်ထားသည့် စမ်းသပ်ဖန်ပြွန်ကို ကိုင်ကာ စကြံတွင် ရှိသည့် အီလက်ထရွန်းနစ် ဂဏန်းစက် အနီးသို့ လာခဲ့သည်။ မဆုံးနိုင်သော

စက္ကန့်များသည် တချက်ချက် သွားနေကြသည်။ ထို့နောက် ချက်ခနဲ တစ်ချက် မြည်ကာ စက်ပေါ်တွင် ဂဏန်းတစ်လုံး ပေါ်လာသည်။ မျက်မှန် ထူထူနောက်မှ မိန်းမပျို၏ မျက်လုံးများသည် ပြူးကျယ်သွားကြ၏။

'ဟယ် .. တစ်သောင်း ရှစ်ထောင်တော့'

ထိုအရေအတွက်မှာ ယခင် အများဆုံး ရခဲ့သည့် အရေအတွက်ထက် နှစ်ဆ ပိုသည်။

'ဘာလဲဟေ့၊ ညည်း ကလာပ်စည်းတွေက နောက်ထပ် ကလေး မွေးပြန်ပြီလား' ဟု ကလော်ဒီရှားမင်းက မေးသည်။

'မွေးပြန်ပြီ ဆရာရေ၊ ကလေးက အသက် ရှူနေပြီ' ဟု ဒေါက်တာ ဆိနိုဆိက အစိခံချင်း ဆက်မတတ် သောက်နေသော မာဘာရို တစ်လိပ်ကို ညှိရင်း ပြောသည်။

ပြင်သစ် သိပ္ပံပညာရှင်များသည် ထူးခြားသည့် ပစ္စည်း တစ်ခုခုကိုတော့ တွေ့နေကြပြီ။ သို့ရာတွင် ထိုပစ္စည်းသည် ဘာမှန်းမသိသေး။ ရေဒီယို ဓာတ်ကြွ ဂဏန်းခွက်ပေါ်တွင် ပေါ်လာသည့် အင်ဒိုင်း အမှတ်အသား လှုပ်ရှားမှုများ အရဆိုလျှင် ရက်ထရို ဗိုင်းရပ်စ်တွေ ဖြစ်ဖို့ ရှိသည်။ သို့ရာတွင် မည်သည့် ရက်ထရို ဗိုင်းရပ်စ်ပိုးမျိုးနည်း။ ယခုအချိန်ထိ လူ၏ ခန္ဓာကိုယ်၌ တွေ့ရသည့် တစ်ခုတည်းသော ရက်ထရို ဗိုင်းရပ်စ် ဖြစ်သည့် ဒေါက်တာ ဂါလို တွေ့ရှိခဲ့သည့် သွေးကင်ဆာထဲက ရက်ထရို ဗိုင်းရပ်စ် ပိုးလော၊ သို့မဟုတ် ဒေါက်တာ ပရင်ဆာရင် လိုက်လံ ရှာဖွေနေသော ထိုမျိုးနွယ်စုဝင် အခြား ရက်ထရို ဗိုင်းရပ်စ်ပိုး တစ်မျိုးလော၊ သို့မဟုတ် သူတို့နှင့် မတူကွဲပြားခြားနားသော ရက်ထရို ဗိုင်းရပ်စ်ပိုးသစ် တစ်မျိုးလော။

မည်သို့ဖြစ်စေ ဒေါက်တာ ကလော်ဒီရှားမင်းနှင့် ဒေါက်တာ ဆိနိုဆီတို့ကတော့ သူတို့ တွေ့နေသည့် ရက်ထရို ဗိုင်းရပ်စ်ပိုးသည် ဒေါက်တာ ဂါလို တွေ့သည့် ရက်ထရို ဗိုင်းရပ်စ်နှင့် မတူဟု ထင်ကြသည်။ ဒေါက်တာ ဂါလို တွေ့သည့် ရက်ထရို ဗိုင်းရပ်စ်ပိုးက လင်ဖိုဆိုက် သွေးဖြူဥများကို ပွားစေသည်။ သူတို့တွေ့သည့် ရက်ထရို ဗိုင်းရပ်စ်က လင်ဖိုဆိုက်များကို သတ်ပစ်နေသည်။

ဝမ်းကွဲ ဆိုသည်မှာ ဘယ်လောက်ပင် ဝေးဝေး သည်လောက် ပြောင်းပြန် ဓောက်ထိုးကြီးတော့ မကွဲပြားတန်ရာ။

အားတက်စရာတွေကို တွေ့ပြီးနောက် စိတ်ပျက်စရာတို့ကို တစ်လှည့် ကြုံရပြန်သည်။ မိမိတို့၏ တွေ့ရှိချက်ကို နိုင်ငံတကာ သိပ္ပံပညာရှင် အသိုက်အဝန်းသို့ တင်ပြလျှင် အထောက်အထား အခိုင်အမာ ပြနိုင်ဖို့ လိုသည်။ ထိုသို့ အထောက်အထား မပြနိုင်လျှင် သူတို့ တွေ့ရှိချက်ကို ဘယ်သူကမှ အသိအမှတ် ပြုမည်မဟုတ်။ သို့ရာတွင် ထိုသို့ အသိအမှတ်ပြုချက် ရဖို့ ဆိုသည်မှာ လွယ်တော့ မလွယ်။ သူတို့လို အညတရ ဗိုင်းရပ်စ်ပိုးဗေဒ ပညာရှင်များကို ဘယ်သူက အယုံအကြည် ရှိမည်နည်း။ ရက်ထရို ဗိုင်းရပ်စ်ဗေဒတွင် ဘုရင်တစ်ဆူ ဖြစ်ပြီး စစ်စစ်ပေါက်ပေါက် နိုင်လှသည့် အမေရိကန် သုတေသနပညာရှင် (ဒေါက်တာ ဂါလို) က ဆိုလျှင် ပြောဖွယ်ပင် မရှိတော့။ ဒေါက်တာ ဂါလိုက ပါရီက ပြင်သစ် ဗိုင်းရပ်စ်ပိုးဗေဒ ပညာရှင်တွေ စမ်းသပ်ပြွန်ထဲတွင် တွေ့ထားသည့် ဗိုင်းရပ်စ်ပိုးသည် သူ့ ဗိုင်းရပ်စ်ပိုး အပြင် တခြား ဗိုင်းရပ်စ်ပိုး မဖြစ်နိုင်ဟု ယုံကြည်သည်။ သို့ရာတွင် သူက လူပါး၊ ပြိုင်ဘက်များ၏ တွေ့ရှိချက်ကို အရေး မကြီးသည့်နှယ်၊ မသိသည့်နှယ် အေးစက်စက် လုပ်နေသည်။ သူ တွေ့ထားသည့် ရက်ထရို ဗိုင်းရပ်စ်ပိုးနှင့် တူ မတူ သိအောင် ယှဉ်ကြည့်ဖို့အတွက် အိတ်ချ်တီအယ်လ်ဗီ ဗိုင်းရပ်စ်ကို ထုတ်လုပ်ပေးလိုက်သည့် ကလာပ်စည်း နှစ်မျိုးနှင့် အချို့သော ပဋိပစ္စည်း နမူနာတို့ကို ပါရီသို့ ပို့လိုက်သည်။ သူတို့ တွေ့သည့် ပြင်သစ် ရက်ထရို ဗိုင်းရပ်စ်ပိုးနှင့် သူ တွေ့သည့် အမေရိကန် ရက်ထရို ဗိုင်းရပ်စ်ပိုး တူ မတူ ယှဉ်ကြည့်ကြပေါ့။

ထိုနေ့ညနေ ဝါရှင်တန် ဒါးလက်စ်လေဆိပ်မှ ထွက်လာသော အဲယားဖရန့်စ် လေကြောင်းကုမ္ပဏီမှ ပျံသန်းမှု အမှတ်စဉ် ၀၂၁ ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်များသည် အတ္တလန္တိတ် သမုဒ္ဒရာကြီးကို ဖြတ်သန်းနေစဉ် သူတို့နှင့် အတူ လေယာဉ်ပေါ်တွင် ပါလာသည့် ထူးဆန်းသည့် ခရီးသည်များကိုမူ သတိပြုမိကြမည် မဟုတ်။ ထိုခရီးသည်များမှာ သေတ္တာကလေး နှစ်လုံး။ တစ်လုံးမှာ ဠမ်းတွေ ပြည့်သိပ်လျက်။ နောက်တစ်လုံးမှာ ရေခဲတုံးတွေ။ ထိုသေတ္တာကလေး နှစ်လုံးထဲတွင် ဓာတ်ဘူးနှစ်လုံး ပါသည်။ ဓာတ်ဘူးထဲတွင် အရည် ခပ်ပျစ်ပျစ် ခပ်မည်းမည်းတွေ။ ဠမ်းဖြင့် အုပ်ထားသည့် ဓာတ်ဘူးထဲတွင်မူ ကင်ဆာရောဂါကို ဖြစ်စေသည့် အမေရိကန် ရက်ထရို ဗိုင်းရပ်စ်ပိုး ရာပေါင်း၊ ထောင်ပေါင်း များစွာကို သယ်ဆောင်ထားသည့်

ရာပေါင်း၊ ထောင်ပေါင်း များစွာသော ကလာပ်စည်းများသည် ကူးခတ် မျော ပါနေကြသည်။ ဒုတိယ ခါတ်ဘူးထဲတွင်မူ ထိုကလာပ်စည်းတို့ကို ရှာဖွေ တွေ့နိုင်သည့် ပဋိပစ္စည်းတွေ။

ပါရီသို့ ရောက်လာသည်နှင့် ဒေါက်တာ ဆီနိုဆီသည် အမောတကော ရောက်လာကာ ထိုအဖိုးတန် ရတနာကို ပြေးဖောက်သည်။ ထိုအထဲတွင် ပါသည့် အရာသည် သူတို့၏ မျှော်လင့်ချက်များကို ဖြိုကွဲ သွားစေနိုင်သည့် အရာလည်း ဖြစ်သည်။ သို့မဟုတ် သူတို့တစ်တွေကို နိုဗယ်လ်ဆု တန်းစီ သည့် စာရင်းထဲသို့လည်း ပို့ပေးနိုင်သည်။ ရောဘတ် ဂါလို ပို့လိုက်သည့် သူတို့ သုတေသနကို မှန် မမှန် အတည်ပြုပေးမည့် ကိရိယာ ဖြစ်သည်။

ပြင်သစ် သုတေသန သမားများသည် ရောဘတ် ဂါလို ပို့လိုက်သည့် အိတ်ချ်တီအယ်လ်ဗီ ရက်ထရို ဗိုင်းရပ်စ်ပိုးနှင့် ပါရီ ဒီဗိုင်းဆရာကလေး၏ ရောဂါဖြစ်နေသည့် လင်ဖိုဆိုက်များထဲရှိ ပဋိ ပစ္စည်းများကို တွေ့ပေးကြသည်။ ထိုပဋိပစ္စည်းများက ရောဘတ် ဂါလို ပို့လိုက်သည့် ရက်ထရို ဗိုင်းရပ်စ်များကို တိုက်ခိုက်ကြပြီ ဆိုလျှင်တော့ သေချာပြီ။ သူတို့သည် မျိုးနွယ် တစ်ခုတည်းက ဖြစ်လေပြီ။

သူတို့ တွေ့ထားသည့် ရက်ထရို ဗိုင်းရပ်စ်ပိုးသည် ရောဘတ် ဂါလို တွေ့ထားသည့် ရက်ထရို ဗိုင်းရပ်စ်ပိုးနှင့် အမျိုးအစား အတူတူ ဖြစ်နေပြီ ဆိုသည့် သဘော ဖြစ်သည်။ သို့မဟုတ်ဘဲ ထိုပစ္စည်း နှစ်ခုတို့ မည်သို့မျှ တုံ့ပြန် လှုပ်ရှားမှုမျိုး မရှိဟုဆိုလျှင် ထိုရက်ထရို ဗိုင်းရပ်စ်ပိုး နှစ်မျိုးသည် တစ်မျိုးနှင့် တစ်မျိုး မတူသော အမျိုးအစားများ ဖြစ်နေကြမည်။

ထို ရက်ထရို ဗိုင်းရပ်စ်နှစ်မျိုး တူ မတူကို စမ်းသပ်ကြည့်သည့် နည်း နှစ်နည်း ရှိသည်။ သူတို့ဆရာ မွန်တိန်းနီးယားက သမားရိုးကျ နည်းဖြင့် စမ်းသည်။ သူတို့ကမူ အင်မျူနို ဖလူရိုးဆင့်နည်း၊ အင်မျူနို ဖလူအိုရီဆင့် မီးကျည်ဖြင့် ကြည့်ခြင်း ဖြစ်သည်။ သူတို့ဌာနက အသက် ၂၇ နှစ်ရွယ် ခပ် ချောချော ခါတ်ခွဲခန်းလက်ထောက် အမျိုးသမီးကလေး မာရီ လုပ်တတ်သည်။ မာရီသည် စောင်းသမား တစ်ယောက်၏ လက်ချောင်းများလို သေးသွယ် ညွတ်ပျောင်းသော လက်ချောင်းများဖြင့် ပြွန်သေးသေးကလေး တစ်ချောင်းကို ကိုင်ကာ ရောဘတ် ဂါလို ရှာတွေ့ထားသည့် ရက်ထရို ဗိုင်းရပ်စ် ပါသော အမေရိကန် လင်ဖိုဆိုက်များကို ဖလူအိုရီဆင့် ပန်းနုရောင် ဆေးရည် ဆိုးထား သည့် ပဋိ ပစ္စည်းများဖြင့် မှန် တစ်ချပ်ပေါ်တွင် တင်၍ ပြွန်ကလေးဖြင့် မွှေ

ပစ်သည်။ နောက်မှန်ပြား တစ်ချပ်ပေါ်တွင်မူ ပြင်သစ် ဒီဇိုင်းဆရာကလေး၏ လင်ဖိုဆိုက်များနှင့် ဆေးဆိုးထားသည့် အမေရိကန် ပဋိပစ္စည်းများကို ရောမွှေ ပြန်သည်။ သူ့အလုပ်မှာ ထိုပစ္စည်း နှစ်မျိုးကို စုလျားရစ်ပတ် ပေးပြီးနောက် သူတို့နှစ်ဦး. ပေါင်းဖော်ရာမှ မည်သည့် ပစ္စည်းကလေးတွေ မွေးလာမည်ကို စောင့်ကြည့်ရုံသာ ရှိတော့သည်။

ထိုနေ့ ညနေပိုင်းတွင်မူ မာရီ၏ နှလုံးသည် ရင်ဘတ်ထဲမှ ခုန်ထွက်သွားတော့မည်လားဟု ထင်လိုက်ရသည်။ ပထမ မှန်ပြားပေါ်တွင် ကလာပ်စည်းများနှင့် မိုင်းရပ်စ် ရောဂါပိုးများသည် ဖလူအိုရီဆင့်မှ မိုက်ကရိုစကုပ် အောက်တွင် တလက်လက် တောက်ပနေသည်ကို တွေ့ရသည်။ မြ ရင်ထိုးတစ်ချောင်းလို အတန်းကလေး တစ်တန်း။ ရောဘတ်ဂါလို၏ မိုင်းရပ်စ်များ ကူးစက်နေသည့် ကလာပ်စည်းများသည် ပြိုးပြိုးပြက်ပြက် အရောင် တောက်ပနေကြသည်။ ပြင်သစ် ရက်ထရို မိုင်းရပ်စ်များနှင့် ရောမွှေထားသည့် မှန်ပြားပေါ်တွင်မူ ဘာအရောင်မျှ မရှိ။ မှောင်မည်းလျက်။ အမေရိကန် ပဋိပစ္စည်းများသည် ကလာပ်စည်း ရက်ထရို မိုင်းရပ်စ်များကို အရောင် တောက်လာအောင် မလုပ်နိုင်။ ပဋိ ပစ္စည်းများသည် မိုင်းရပ်စ်ပိုး ပါသည့် ကလာပ်စည်းများနှင့် အပြန်အလှန် တုံ့ပြန် ဆက်သွယ်ခြင်း မရှိကြ။

မာရီသည် စင်္ကြံသို့ ပြေးထွက် လာခဲ့သည်။

'ဆရာမ .. ဆရာမ၊ မြန်မြန် .. မြန်မြန်'

အပြင်တွင် ရှိနေသူအားလုံး အခန်းထဲသို့ ပြေးဝင် လာခဲ့ကြသည်။ ခါတိုင်း ခပ်တည်တည် အေးတိအေးစက်နေတတ်သည့် မွန်တီနီးယားသည် ဘောလုံး ကစားနေသည့် ကျောင်းသားကလေး တစ်ယောက်လို ခုန်ပေါက်၍ ပြေးလာသည်။ မိုက်ကရိုစကုပ် ပတ်လည်တွင် သူတို့တစ်တွေ မျှော်လင့်ချက်ကြီးတွေ တည်ဆောက်မိကြသည်။

ရက်ထရို မိုင်းရပ်စ်ပိုးကို တွေ့သူသည် သူတစ်ယောက်တည်း မဟုတ်ဆိုသည်ကို မာနကြီးသည့် အမေရိကန် သုတေသန ပညာရှင် ရောဘတ်ဂါလို သိလျှင် ဘယ်လိုနေမည် မသိ။ သူ့မျက်နှာကို ဒေါက်တာ ကလော်ဒီ ရှားမင်း မြင်လိုက်ချင်သည်။

ထိုတွေ့ရှိချက်သည် အရေးကြီးသည့် တွေ့ရှိချက် ဖြစ်သည့်တိုင် စလုံးရေစ

သာ ရှိသေးသည်။ ဤသည်ကို ပြင်သစ် သုတေသန ပညာရှင်များ သဘော ပေါက်သည်။ နိုင်ငံတကာ သိပ္ပံပညာရှင် အသိုက်အဝန်းသို့ ကြေညာခြင်း မပြုမီ သူတို့ တွေ့ရှိသည့် လူတွင် စွဲကပ်သည့် ရက်ထရို ဗိုင်းရပ်စ်ပိုး၏ စရိုက် လက္ခဏာများကို ပြဆိုရဦးမည်။ သူတို့၏ ခန္ဓာဗေဒ၊ ထုထည် သိပ်သည်းမှု စသည်တို့ကို ခွဲခြမ်း စစ်ဆေးရဦးမည်။ ထိုအထဲတွင် ပါသော အမျိုးမျိုးသော ပရိုတိန်းတို့ကို ခွဲခြမ်း စိတ်ဖြာ ကြည့်ရဦးမည်။ သူတို့၏ မော်လီကျူလာ အလေးချိန်ကို ချိန်ဆ တွက်ကြည့်ရဦးမည်။ သူတို့ ဇီဇမျိုးရိုးကို ဖော်ထုတ် ရဦးမည်။ အတိုချုပ် ဆိုရလျှင် သူတို့သည် ဗိုင်းရပ်စ် ပိုးတစ်မျိုး ဖြစ်သည် ဆိုသည့် အချက်ကို ကြေညာနိုင်ရန် လိုအပ်သည့် သတင်း အချက်အလက် များကို စုဆောင်းရဦးမည်။

[ ၃၆ ]
**အိန္ဒိယ သီလရှင်တစ်ပါး၏ ဝေဒနာ။**
**ကာလကတ္တား၊ အိန္ဒိယပြည်။**
**၁၉၈၃ ခုနှစ် ဆောင်းရာသီ။**

သီလရှင်လေး ပေါလုသည် ကောင်းကင်နှင့် မြေကြီးကို မှောက်လှန်ကာ ချွေးရွှဲပြန်ရောဂါ ထိုးဆေးကို လိုက်ရှာသည်။ ဆေးမရောက်လာမီ ချွေးရွှဲ ကိုက်ခံရသည့် သီလရှင်ငယ် နှစ်ဦးကို အိပ်ရာပေါ်သို့ တင်ကာ ကောင်းကောင်း အနားခိုင်းသည်။ သို့ရာတွင် သူတို့နှစ်ဦးကို သူ ပို့လိုက်သည့် ဆေးကုဌာန သည် နားနေရန် နည်းနည်းမျှ သင့်လျော်သော နေရာ မဟုတ်ပါ။ ထိုနေရာ မှာ ဆရာကြီး ထရီဇာက လူဆင်းရဲများအား ထောက်ပံ့ရန် ဖွင့်လှစ်ထားသည့် ဂေဟာကြီး တစ်ခု အနီးက ဆေးကုဌာနကလေး ဖြစ်ပါသည်။

အဝါရောင် သုတ်ထားသည့် အဆောက်အအုံကြီး၏ မျက်နှာစာတွင် 'မေတ္တာလက်ဆောင် ပရမ်ဒန်းဂေဟာ' ဟူသော စာတန်းကြီးကို အနက်ရောင် ဖြင့် ရေးထားသည်။ မူလတုန်းကတော့ ထိုအဆောက်အအုံသည် ဗြိတိသျှ အင်ပိုရီယယ် ဓာတုဗေဒ လုပ်ငန်း ကော်ပိုရေးရှင်း၏ စက်ရုံတစ်ရုံ ဖြစ်သည်။ သို့ရာတွင် စက်ရုံ အမှုထမ်းများက အနီးတွင် သားရေစက်ရုံများ ရှိသည့် အတွက် သားရေပုပ်စော် နံသည်ဟု ဆိုကာ ကန့်ကွက်ကြသဖြင့် ထိုစက်ရုံ

အဆောက်အအုံကို ၁၉၇၅ ခုနှစ်က ဒါနဝေပုလ္လ ကျောင်းတိုက်သို့ လှူခဲ့ခြင်းဖြစ်သည်။ ယခုမူ တစ်ခါက ဓာတ်ခွဲခန်း၊ စမ်းသပ်ခန်းအဖြစ် ပြုလုပ် အသုံးပြုခဲ့သည့် အခန်းများထဲတွင် သနားစဖွယ် လူ့ဘုံကြီး တစ်ခု ရောက်နေသည်။ ထိုဘုံကြားထဲတွင် ကူးခတ် သွားလာနေသူ လူလေ လူလွင့် တော်တော်များများမှာ လူကောင်းစိတ် လုံးဝ ပျောက်နေကြလေပြီ။ သို့ဖြင့် ထိုနေရာ ထိုအဆောက်အအုံသည် ဘင်္ဂလားတွင် အကြီးဆုံးသော စိတ္တဇ ဆေးရုံကြီးဖြစ်လာခဲ့သည်။ သို့ရာတွင် ပရမ်ဒန်းသည် ကျိုးပဲ့ပျက်စီး၍ လူ့ဘဝ ရှုံးသွားသူများကို စုပြုံ ထိုးထည့်ထားရာ နေရာ သက်သက်မျှ မဟုတ်သေးပါ။ သီလရှင် ဆရာကြီး၏ ကောင်းမှုကြောင့် ထိုနေရာသည် ဘဝနှင့် လှုပ်ရှားမှုတို့ အသံမစဲ တေးဆိုပွဲ ကျင်းပရာ နေရာလည်း ဖြစ်ပါသည်။ အချို့သော သူများသည် တေး တကြော်ကြော်ဖြင့် ဖျာရက်နေကြသည်။ အချို့က အိတ်ထိုးနေကြသည်။ အချို့က အမှိုက်ပုံမှ ကောက်လာသော အုန်းခွံများကို ထုကာ အုန်းဆံကြိုး ကျစ်နေကြသည်။ တစ်ပြိုင်နက်တည်းတွင် မြို့တော်ကြီးကိုလည်း အမှိုက်ကင်းစေ၊ လူတွေလည်း အလုပ်ရစေ သဘောဖြင့် သီလရှင်ဆရာကြီးက ဖန်တီးပေးထားခြင်း ဖြစ်သည်။ ဆရာကြီးက ထိုအလုပ်ကို 'အမှိုက်ကနေ ရွှေဖြစ်သည့် လုပ်ငန်း' ဟု ပြောလေ့ ရှိသည်။ တစ်နေရာတွင်မူ ပိုလီယို ရောဂါကြောင့် မသန်မစွမ်း ဖြစ်နေသူ လူနာများကို သင်တန်းဆရာ တစ်ယောက်က ကြပ်မတ်ပြီး ကာယ လေ့ကျင့်ခန်းတွေ့ ပေးနေသည်။

ဒေလီမှ ခွေးရူးပြန် ထိုးဆေး အလာကို စောင့်ရသဖြင့် ငြီးငွေ့နေသော သီလရှင်ငယ် နှစ်ဦးဖြစ်သည့် အနန်ဒါနှင့် အဲလစ်တို့သည် ငြိမ်ငြိမ် နေရမည် ဆိုသည့် ညွှန်ကြားချက်ကို ဆန့်ကျင်ကာ မနေနိုင်ကြတော့ဘဲ ဂေဟာရှိ လုပ်ငန်းများကို ဝင်ရောက် လုပ်ကိုင်ပေးကြသည်။ အနန်ဒါသည် လူမမာတွေထဲက အသက် ခပ်ကြီးကြီး အမျိုးသမီးကြီး တစ်ယောက်ကို သတိ ထားလိုက်မိသည်။ ထိုအမျိုးသမီးကြီးမှာ ဟေးလားဝါးလားဖြင့် ရယ်မောနေတတ်ပြီး အားလုံးမှာလည်း သူ့ကိုကြည့်၍ သဘောကျနေကြသည်။ အနန်ဒါ သူ့အနီးသို့ လျှောက်လာသည့်အခါတွင် အမျိုးသမီးကြီးသည် အနန်ဒါ၏ လက်ကို ဖမ်းဆွဲလိုက်ကာ သူ့ကုပ်ကို အနှိပ်ခိုင်းသည်။ အနန်ဒါသည် လက်ကလေးတွေ၊ ခြေကလေးတွေ ငုတ်တို ဖြစ်နေသည့် ထိုအမျိုးသမီးကြီး အနီးတွင် ထိုင်ချလိုက်ပြီးနောက် အသာအယာ နှိပ်ပေးသည်။ ထိုအမျိုးသမီးကြီးမှာ ငယ်ငယ်တုန်းက ဟိမဝန္တာ တောကြီးမျက်မည်းထဲတွင် မုဆိုး တစ်ယောက်က တွေ့

လာခဲ့ခြင်း ဖြစ်သည်။ အမျိုးသမီးမှာ လမ်းမလျှောက်တတ်ဘဲ လေးဖက်တွား ရုံသာ သွားတတ်သဖြင့် ဝက်ဝံများက မွေးစားခဲ့သည်ဟု ယူဆကြသည်။ သူ့ကို လူတို့ စားသောက်သော အစားအစာများကို စားတတ်အောင် လပေါင်းများစွာ ကြာသည်အထိ သင်ပေးရသည်။ စားတတ်လာသည့် အခါတွင်လည်း ကြမ်းပြင်ပေါ်မှာပင် ပုံစားသည်။ သီလရှင်များက သူ့ကို မတ်တတ် ရပ်တတ်အောင်၊ ခြေထောက်ဖြင့် ရှေ့နောက် လှမ်းတတ်အောင် စိတ်ရှည်လက်ရှည် သင်ပေးကြသည်။ တောထဲတွင် အပေါင်းအသင်း တိရစ္ဆာန်များနှင့်သာ နေခဲ့ရသဖြင့် စကားလည်း မပြောတတ်တော့ပြီ။ ဝူးဝါး စသဖြင့် အသံပေးရုံသာ လုပ်တတ်တော့သည်။

ထိုစဉ် ဆရာလေး ပေါလု ရောက်လာသဖြင့် သီလရှင်ငယ် နှစ်ယောက်တို့သည် ခါတိုင်းလို ဟိုသွား သည်သွား မလုပ်ရဲတော့ဘဲ အိပ်ရာပေါ်မှာပင် ပြန်၍နေကြသည်။ ဆရာလေး ပေါလုမှာ ခွေးရူးပြန်ရောဂါ ထိုးဆေးကို ရလာခဲ့လေပြီ။ သူတို့ကို ခွေးရူးပြန် ရောဂါပျောက်ဆေး ထိုးပေးရန်အတွက် သေအံ့ဆဲ သူဆင်းရဲ ဂေဟာမှ အင်္ဂလိပ် ဆရာဝန်ကလေးကို ခေါ်လာခဲ့ရသည်။ ထိုဆေးမှာ အလွန် နာသည်ဟု အဆိုရှိပြီး ၂၄ နာရီလျှင် တစ်ကြိမ်ကျဖြင့် ၁၄ ရက်တိုင်တိုင် ထိုးရမည် ဖြစ်သည်။

သူတို့ ကိစ္စတွင်မူ နောက်ကျမှ ဆေးထိုးရသဖြင့် ရောဂါ ပျောက်မည် မပျောက်မည်ကို သေချာပေါက် အာမမခံနိုင်။

နောက်သုံးပတ် အကြာ၌ အစ္စရေးပြည် လာထရွန်း အနီးရှိ ဝေဒနာ ခုနစ်ပါး ကျောင်းတိုက်မှာ ဘုန်းတော်ကြီး မာလုသည် အင်္ဂလန်မှ ပို့လိုက်သော စာတစ်စောင်ကို ရရှိသည်။ စာအုပ်ထဲတွင် ဒါနဝေပုလ္လ ကျောင်းတိုက်တံဆိပ် ရိုက်ထားသည့် စာရွက်ကလေး တစ်ရွက်နှင့်အတူ ဒေါက်တာ ဝီလျံ လက်မှတ်ထိုးထားသည့် စာတစ်စောင် ပါရှိသည်။ ဆရာလေး ပေါလု၏ လက်ရေးကို မြင်လိုက်သည့် အခါတွင် ဘုန်းတော်ကြီး မာလုသည် နှလုံးအခုန် ရပ်သွားသည်ဟု ထင်လိုက်၏။

ဘရာသာ မာလု။

ကျွန်ုပ်တို့ ဝမ်းနည်း ကြေကွဲမှုကို ပြောပြပါဦးမည်။ ကျွန်ုပ်တို့

သည် ဆုတောင်း မကောင်းဟု ဆိုရမည် ထင်ပါသည်။ ကိုယ်တော်အရှင်သည် ကျွန်ုပ်တို့၏ ညီမငယ် ဆရာလေး အဲလစ်ကို ခေါ်တော်မူသွားခဲ့ပါသည်။ ထိုအကြောင်းတို့ကို ယနေ့ ဥရောပသို့ ပြန်မည့် ဒေါက်တာ ဝီလျံက ပြောပြပါလိမ့်မည်။

သို့ရာတွင် ကံအားလျော်စွာ သင်နှင့် စိတ်ဓာတ် ဆက်သွယ်မိသူ ဆရာလေး အနန်ဒါမှာမူ ယနေ့ အချိန်ထိ ရောဂါ လက္ခဏာချက်များ ပြသခြင်း မရှိသေးပါ။ သို့ရာတွင် အနန်ဒါမှာလည်း သင်၏ ဆုတောင်း ပတ္ထနာနှင့် သင် ပေးလှူမည့် ဝေဒနာဒါနတို့ကို လိုအပ်နေပါသည်။

ဘုန်းတော်ကြီး မာလုသည် ဒေါက်တာ ဝီလျံ၏ စာကို ဖတ်နိုင်ရန် အတန်ကြာမျှ သတ္တိ မွေးယူရသည်။

လူနာ နှစ်ဦးမှာ ၎င်းတို့၏ ဝေဒနာကို သတ္တိရှိစွာ ကြိတ်မှိတ်ခံကြပါသည်။ ကုသနေသည့် အတောအတွင်း ဆရာလေး အဲလစ်မှာ စိတ်လှုပ်ရှားမှု၊ ကယောင် ချောက်ချား ဖြစ်မှုတို့ကို စတင် ပြသလာခဲ့ပါသည်။ စကား ပြောလျှင်လည်း မှုမမှန်တော့ဘဲ ကပေါက်တိကပေါက်ချာ ပြောနေပါသည်။ အစားအသောက်လည်း ပျက်လာပါသည်။ အိပ်မပျော် ဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အသက်ရှူ လမ်းကြောင်း ပိတ်ဆို့ခြင်း စသည်တို့ ဖြစ်လာပါသည်။ နောက် နှစ်ရက် အကြာတွင်မူ ကျွန်တော်တို့ စိုးရိမ်နေသော လက္ခဏာချက်များ အားလုံး စတင်ပြသလာပါသည်။ ရေစက်ကလေး တစ်စက်ကို မြင်ရုံမျှဖြင့် မနေနိုင်မထိုင်နိုင်အောင် ကြောက်နေပါသည်။ အလွန်အမင်း ရေငတ်သည့်တိုင် ရေကလေး တစ်စက်လောက်ကို မျိုချရန် အားထုတ်လိုက်ရုံမျှဖြင့် အသက်ရှူ လမ်းကြောင်းမှ ကြွက်သားများသည် စက္ကန့် အနည်းငယ်ကြာမျှ တုံ့ဆိုင်းကာ သေသွား ကြပါသည်။ ထို့နောက်တွင်မူ ရေသံ ကြားရုံမျှဖြင့် အပြင်းအထန် မွန်းကာ အသက်ရှူ၍ မရအောင် ဖြစ်နေပါသည်။ ဆရာလေး ပေါလု၊ ဆရာလေး အနန်ဒါနှင့် အခြားသော သီလရှင်လေးများနှင့် တကွ ကျွန်တော်ရော အိန္ဒိယ အမျိုးသား ဆရာဝန် နှစ်ယောက်တို့ပါ အနီးတွင် နေ့ညမပြတ် စောင့်ကြပ်ကာ

ထိုးဆေး တန်ခိုး ပြလာနိုးဖြင့် စောင့်ကြည့်ခဲ့ကြသော်လည်း ရောဂါမှာ ကျွမ်းသည်ထက် ကျွမ်းလာခဲ့ပါသည်။

ဆရာလေး အဲလစ်သည် ပြင်ပမှ လာသော အာရုံတို့၏ ထိတွေ့မှုကို လွန်မင်းစွာ မခံနိုင်အောင် ဖြစ်နေပါသည်။ အလင်းရောင်၊ ကျယ်လောင်သည့် အသံနှင့် လေအေးဒဏ်တို့ကို လုံးဝ မခံနိုင်တော့ပါ။ တစ်ခါတစ်ရံတွင်လည်း တစ်ကိုယ်လုံး ခိုက်ခိုက် တုန်နေပါသည်။ မွှန်းကျပ်သည့် အကြိမ်မှာလည်း စိပ်၍ လာပါသည်။ အသက်ရှူကျပ်ပြီးတိုင်း ခွဲလည်း လိုက်လာပါသည်။ တီရစ္ဆာန် တစ်ကောင် ညည်းနေသည်နှင့်သာ တူပါတော့သည်။ မိမိ၏ တံတွေးကို ပြန်၍ မမျိုရဲသည့် အတွက် တံတွေးများသည် အမြှုပ်တွေ ပြန်ကာ စီးကျနေပါသည်။ သွားရည်တို့ကို လုံးဝ မသိမ်းနိုင်တော့ပါ။ သွားချင်းလည်း တဆတ်ဆတ် ရိုက်နေပါသည်။ တစ်ခါတစ်ရံတွင် ကိုက်ချင်သည့်ဟန် ပေါ်လာပါသည်။ ထို အဖြစ်ကို ကြည့်ရသည်မှာ လွန်စွာကြောက်စရာ ကောင်းပါသည်။ တစ်ခါက လှပ တည်ငြိမ်ခဲ့သော လူ့မျက်နှာ ဟူ၍လည်း မရှိတော့ပါ။ တတိယနေ့တွင်မူ အပြင်း အထန်အသက်ရှူ ကျပ်လာကာ သတိလည်း ပြန် မလည်တော့ဘဲ ဆုံးသွားခဲ့ပါသည်။

ဒေါက်တာ ဝိလျံ၏ စာထဲ၌ ကျန်ဆရာဝန်များနှင့် သီလရှင်များက အနန်ဒါကိုလည်း သေချာစွာ စောင့်ကြည့်လျက် ရှိကြကြောင်း၊ ယခုအချိန်ထိမူ စိုးရိမ်ဖွယ် မရှိသေးကြောင်း၊ သို့ရာတွင် ရက်အတန်ကြာမှ စိတ်ချရမည်ဖြစ်ကြောင်း၊ လပေါင်းများစွာ ကြာချင်လည်း ကြာနိုင်ကြောင်းဖြင့် အကျဉ်းချုပ် ဖော်ပြထားပြီး ရှည်လျားသည့် နောက်ဆက်တွဲ စာဖြည့် တစ်ခုလည်း ပါသေးသည်။

ဆရာလေး အဲလစ် ဝေဒနာ ခံစားနေရစဉ် တစ်လျှောက်လုံးတွင် ဆေးရုံအပြင်ဘက် ဝင်းထဲမှ ခွေးတစ်ကောင်သည် တစ်လျှောက်လုံး ဟောင် နေပါသည်။ ခွေးကြီးမှာ တော်တော် ဆိုးပုံရသဖြင့် သူ့ကို သီလရှင်များက 'ကုလားရေတန်' ဟု အမည် ပေးထားကြပါသည်။ ကုလားရေတန်မှာ 'အနက်ရောင် နတ်ဆိုး' ဟု အဓိပ္ပာယ် ရပါသည်။

ကုလားရေတန်မှာ သူ့ တဲအိမ်ကလေး ရှေ့သို့ ဖြတ်သွားသူတိုင်းကို ဟောင်တတ်သဖြင့် သူ့အနားသို့ သီလရှင် ဆရာလေးများ ဖြတ်မသွားရဲကြပါ။ အကိုက် ခံရသူတွေလည်း မနည်းပါ။ သို့ရာတွင် ထိုခွေးကြီးကို မည်သူမျှ တခြားသို့ ပို့ရန် မပြောရဲကြပါ။ ထိုခွေးကို ဆရာကြီး ထရီဇာက သဘောကျသောကြောင့် ဖြစ်ပါသည်။ ဆရာကြီးသည် ထိုခွေးကြီးကို တော်တော် ချစ်ပါသည်။ ခွေးကြီးကလည်း ဆရာကြီးကို တော်တော် ချစ်ပါသည်။ အနားသို့ ဆရာကြီး ရောက်လာသည်နှင့် ခွေးကြီးမှာ သိုးငယ်ကလေး တစ်ကောင်လို နူးညံ့သွားပါသည်။ ဆရာကြီးကို မြင်သည်နှင့် အမြီးနန့်၍ ပြေးလာတတ်ပါသည်။ ကောင်းချီးမင်္ဂလာ ပေးသည့် အနေဖြင့် ပွတ်သပ်ပေးရန် တောင်းဆို နေသည်နှင့် တူပါသည်။

[ဒုတိယတွဲကို ဆက်လက် ဖတ်ရှုပါရန်။]

# BEYOND LOVE

Dominique Lapierre

# အချစ် မိုးကောင်းကင်

မြသန်းတင့်

[ဒုတိယတွဲ]

[ ၃၇ ]

**အစက် မည်းမည်းကလေးကြောင့် ပြူးကျယ်သွားသော မျက်လုံးများ။**

**ပါရီ၊ ပြင်သစ်ပြည်။**

**၁၉၈၃ ခုနှစ် ဆောင်းရာသီ။**

ဒေါက်တာ လတ် မွန်တိန်းနီးယားသည် သူ ယူလာသည့် ဓာတ်ဘူးကလေးကို လက်ညှိုး ထိုးပြလိုက်၏။

'ဟောဒီမှာ တွေ့အောင် ရှာပေတော့၊ ကျွန်တော်တို့ကတော့ အထဲမှာ သူ့ အင်ဇိုင်း ရှိတယ်ဆိုတာကို ရှာလို့ရခဲ့ပြီ၊ ခင်ဗျား တာဝန်ပဲ ကျန်တော့တယ်'

အသက် ၅၄ နှစ်ရွယ် ချားလ် ဒိုဂေးသည် (ချာလီဟုလည်း ခေါ်ကြသည်။) ရောင်ခြည် စက်ဝန်းလှည့်သလို မျက်နှာ ပတ်ပတ်လည်တွင် ပေါက်နေသည့် ဖြူဖွေးသည့် မုတ်ဆိတ်တွေကို လက်ဖြင့် ပွတ်နေသည်။ ဒေါက်တာ မွန်တိန်းနီးယား၏ စကားကြောင့် ပျော်ပျော် နေတတ်သည့် လူဖလံကလေး ချာလီသည် သဘောကျလာသည်။ သူ့တစ်သက်တွင် ဝါသနာ တစ်ခုတည်းသာ ရှိသည်။ ယင်းမှာ ဓာတ်ပုံရိုက်ခြင်း ဖြစ်သည်။ ဓာတ်ခွဲခန်းတွင် သူလုပ်ရသည့် အလုပ်မှာ ပါစချာ အင်စတီကျူမှ သိပ္ပံပညာရှင်များအား သူတို့၏ ယူဆချက်များကို အထောက်အကူ ပြုပေးရန် အတွက် သက်သေ အထောက်အထား အဖြစ် ဓာတ်ပုံ ရိုက်ပေးရသည့် အလုပ်ဖြစ်သည်။ သူသည် မျက်မြင်သက်သေခံ အထောက်အထားများကို လုပ်ပေးရသည့် ဌာန၏ အကြီးအကဲ ဖြစ်သည်။

ချာလီသည် အဝေးအနီး နှစ်ထပ်ကြည့် မျက်မှန်ကို မ ကာ ဓာတ်ဘူးကလေးကို ကြည့်သည်။

'သတိထားကိုင်နော်၊ အထဲမှာ အန္တရာယ်အကြီးဆုံး ဗိုင်းရပ်စ်ပိုးတွေ ထည့်ထားတယ်၊ မကြောက်ရင်လည်း ကိုင်ကြည့်ပေါ့ဗျာ'

ချာလီက သူ့ထုံးစံအတိုင်း လေသံ အေးအေးဖြင့် 'ရပါတယ် ဆရာရဲ့၊ ဒီခွေးမသားကလေးတွေ အစောကြီးကတည်းက မီးသေအောင် လုပ်ထားပြီးသားပါ'

ပါစချာ အင်စတီကျူ ပထမထပ်က ခွေးရူးဆောင်ထဲရှိ အခန်းသေး

ကျဉ်းကျဉ်းကလေးထဲတွင် ချာလီသည် လူများ၊ တိရစ္ဆာန်များ၊ အပင်များကို တိုက်ခိုက်ခဲ့သည့် ပိုးမွှားများကို ၂၆ နှစ် ကာလပတ်လုံး ဓာတ်ပုံရိုက်ခဲ့သည်။ အလွန့် အလွန် သေးငယ်သော မိုက်ကရို အဏုကြည့် နယ်ပယ် အတွင်းရှိ လူသတ်ပိုး မှန်သမျှ အားလုံးလောက် နီးပါးသည် သူ့ကင်မရာ၏ မှန်ဘီလူးကြီးများ အောက်မှ ရှောင်ပြေး၍ မရ။ တစ်ခါတစ်ရံ၌ ချာလီသည် ဖလင်ကော်ပြားပေါ်တွင် ဖမ်းဆီး ချုပ်နှောင်ထားရန် အတွက် ကင်မရာ မှန်ဘီလူးကြီးများ အောက်တွင် ပြေးလွှား ရှောင်ပုန်းနေသော ပိုးမွှားများကို သိတင်းပတ်ပေါင်း များစွာ ကြာအောင် ခြေရာခံ ရှာယူရသည်။ ဘီ အမျိုးအစား အသည်းရောင်အသားဝါ ရောဂါ၊ ခွေးရူးပြန်ရောဂါ၊ ပိုလီယိုရောဂါ၊ ကျောက်ကြီးရောဂါ၊ ရေယုန်ရောဂါ၊ အနာမီးရောဂါနှင့် အသက် အန္တရာယ်ကို ဖြစ်စေသော များစွာသော ရောဂါတို့အတွက် တာဝန်ရှိသည့် အမျိုး ထောင်ပေါင်းများစွာသော ဗိုင်းရပ်စ်ပိုး အမျိုးမျိုးကို သူ ဓာတ်ပုံ ရိုက်ခဲ့ဖူးပြီ။ ထိုရောဂါပိုးအများစုသည် လူ့အသက်ကို ရန်ရှာသည့် ရောဂါပိုးတွေချည်း ဖြစ်ကြသည်။ ထိုဗိုင်းရပ်စ်ပိုးများသည် ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် ပေါ်လာကြသည်။ အချို့က ဂေါက်သီး ဘောလုံးကလေးများနှင့် တူသည်။ အချို့က မော်တော်ကားဘီးပုံ၊ အချို့က လမ်းခင်း ကျောက်စရစ်ခဲကလေးတွေပုံ၊ အချို့က ဇီးကွက်မျက်လုံး၊ အချို့က လတစ်ခြမ်းပုံ၊ အချို့က ကြာဆံထုပ်ထဲက ကြာဆံဖတ်ကလေးတွေ။

ချာလီသည် ထိုဗိုင်းရပ်စ် ပိုးမျိုးတို့၏ အန္တရာယ်များပုံနှင့် ရုပ်ဖျက်ကောင်းပုံတို့ကို ကြည့်၍ အံ့သြရသည်။ သူ့ ဓာတ်ခွဲခန်းနံရံ ပတ်ပတ်လည်တွင်မူ သူ့ ဓာတ်ပုံဆရာ သက်တမ်းတစ်လျှောက်တွင် ရရှိခဲ့သည့် အောင်ပန်းများဖြင့် ချိတ်ဆွဲထားသည်။

အခြား မဟုတ်ပါ။ သူ ရိုက်ကူးခဲ့သော ဗိုင်းရပ်စ်ပိုး အမျိုးမျိုးတို့၏ အကျယ်ချဲ့ထားသော ဓာတ်ပုံကြီးများ ဖြစ်ပါသည်။

သူ့ ဓာတ်ပုံဝါသနာသည် သူ ငယ်ငယ်ကလေး ကတည်းက အစပြု ခဲ့သည်။ နော်မန်ဒီ နယ်သားဖြစ်သည့် မော်တော်ကားရုံ ပိုင်ရှင် သူ့အဘိုးက သူ့ကို ကင်မရာလေး တစ်လုံး ဝယ်ပေးစဉ်က သူ့အသက်သည် သုံးနှစ်ပင် မပြည့်ချင်သေး။ ထို ကင်မရာကလေးသည် ယခု သူ့တွင် ရှိသော ကင်မရာ အလုံးပေါင်း တစ်ရာလျှောက် အနက် ပထမဆုံးသော ကင်မရာလေး ဖြစ်သည်။

ဆယ်ကျော်သက် အရွယ် အရောက်၌ ချာလီသည် အားအားရှိသည်နှင့် ပါရီ စားသောက်ကုန် လက်ကားဈေးကြီးနှင့် သူတို့ ရပ်ကွက်တစ်ဝိုက်ရှိ ရှမ်ဇျော်ခင်း ကောင်းသော လေဟော် တစ်ဝိုက်ကို ကင်မရာတစ်လုံးဖြင့် လျှောက်သွားကာ သဘောကျသည့် အကွက်ကလေးတွေ တွေ့လျှင် တဖျပ်ဖျပ် ရိုက်တတ်သည်။

'အမဲသား အစိတ်သားလောက် ရောင်းလိုက်ရတာမျိုး၊ နှင်းဆီပန်း တစ်ပွေ့လောက် ရောင်းလိုက်ရတာမျိုးကို တွေ့လိုက်ရင် ကျွန်တော် ကောက် ကိုင်လိုက်တယ်၊ ဘာမှ အရေးမကြီးတဲ့ အဖြစ်အပျက်ကလေး တစ်ခု စက္ကန့် ပိုင်းလေးအတွင်း ဖြစ်သွားတာမျိုးကို ထာဝရတည်သွားအောင် ကော်ပြားပေါ်မှာ မှတ်တမ်း တင်လိုက်ချင်တယ်လေ၊ ဒါမျိုးလေးက ချက်ချင်း ပျောက်ပျက် သွားမှာ မဟုတ်လား၊ နောက် စိတ်ကူးရလို့ အဲဒီ ပုံကလေးတွေကို ပြန်ကြည့် ရရင် ဘယ်လောက် အရသာရှိတယ် ထင်သလဲ၊ ကြည့်စမ်း၊ ဒီအဖြစ်အပျက် ကလေးတွေ ဖြစ်သွားတုန်းက ငါ မြင်လိုက်တယ်၊ ငါ ရှိတယ်၊ ငါ ရိုက်ကူး ထားလိုက်တယ်လို့ တွေးပြီး သိပ် ပီတိဖြစ်တာပဲ'

ချာလီက ဓာတ်ပုံသမား၏ ပီတိကို စိတ်ဖြာပြသည်။

၁၉၄၄ ခုနှစ် ဒုတိယကမ္ဘာစစ် အတွင်းက ပါရီတွင် လူထုက ဂျာမန် တို့ကို တော်လှန် ပုန်ကန်ကြသည်။ ဂျာမန် လက်အောက်မှ ပါရီ လွတ်မြောက် လာသည်။ ထိုစဉ်က အထက်တန်း ကျောင်းသားကလေး တစ်ယောက် ဖြစ်သည့် ချာလီအဖို့ မေ့နိုင်စရာ မရှိသည့် ရိုက်ကွင်းရိုက်ကွက်တွေ အများကြီး ရလိုက်သည်။ လူတွေ ထူးထူးခြားခြား လှုပ်ရှားနေကြပုံတွေ၊ ပျော်နေကြပုံ တွေ၊ ပါရီ တော်လှန်ရေးသမား တစ်ယောက်က ဂျာမန် အလိုတော်ရိ ရဲ တစ်ယောက်အား သတ်ဖြတ်နေသည့် ကြောက်ဖွယ်ပုံ တစ်ပုံကိုပင် သူ ရခဲ့သေးသည်။ ထိုစဉ်က ဂျာမန်ရဲသည် အိမ်ခေါင်မိုးပေါ်မှ နေ၍ အောက်က လူထုကြီးကို သေနတ်ဖြင့် ပစ်နေသည်။ သူ့ကို ဖမ်းမိလာသည်။ သူ့အဝတ် အစားတွေကို ဆုတ်ဖြဲပစ်ကြသည်။ တော်လှန်ရေးသမား တစ်ယောက်က လှံစွပ်တပ်ထားသည့် သေနတ်ကို မြှောက်၍ ဇော့ယမ်းပြကာ 'ဟော့ ချာတိတ်၊ တစ်ပုံလောက် ရိုက်စမ်း' ဟု ပြောသည်။ ချာလီသည် ကြောက်ကြောက်ဖြင့် မျက်လုံးကို ကင်မရာ မှန်ဘီလူး ချောင်းကြည့်ကာ ခလုတ်ကို နှိပ်ချ လိုက်သည်။

သို့ရာတွင် ချာလီ၏ အောင်မြင်မှုတွင် ထိုအရာများသည် အဓိက မဟုတ်ပါ။ အဓိက အောင်မြင်မှုမှာ ဘာမဟုတ်သည့် ကော်ပြားပေါ်မှ ဓာတ်ပုံ

ကလေး တစ်ပုံကြောင့် ဖြစ်သည်။ ထိုပုံမှာ အဆ ၄၀ ပုံကြီးချဲ့ထားသော ပိုးမွှား တစ်ကောင်၏ပုံ ဖြစ်သည်။ လုပသည့် အညိုရောင် ပိုးမွှား အမ တစ်ကောင်။ သူ့ခြေထောက်က အမြင့်ခုန်သမား တစ်ယောက်၏ ခြေထောက်လို သွယ်သွယ်ရှည်ရှည်။ ခန္ဓာကိုယ်က ခွေလိပ်လျက်။ အမာကျောဆုံး ဆိုသည့် အရေပြားများကို ဖောက်ထွင်းနိုင်သည့် လွှသွားလို အစွယ်များ။ ထိုပိုးမွှား ကောင်ကို ရိုက်နိုင်ဖို့အတွက် ချာလီသည် မိဘတွေက ခရစ္စမတ် လက်ဆောင် အဖြစ် ဝယ်ပေးခဲ့သည့် အားကောင်းသော ဂျာမန် အဏုကြည့် မှန်ပြောင်းမှ မှန်ဘီလူးများကို သူ့ ကင်မရာကလေးတွင် တပ်ပြီး ရိုက်ရသည်။ .

တိုက်ဆိုင်ချင်တော့ သူ၏ ပိုးမွှားဓာတ်ပုံများကို ပါစချာ အင်စတီကျု တွင် အသစ် ဖွင့်လှစ်လိုက်သည့် အီလက်ထရွန်းနစ် မိုက်ကရိုစကုပ် ဌာန အကြီးအကဲ အမျိုးသမီးကြီးက တွေ့သွားသည်။ မဒမ်မွိုင်ဇယ် ကရွိုင်းဆန်း သည် သူ့ဌာနတွင် အလုပ် လာလုပ်ဖို့ အပျော်တမ်း ဓာတ်ပုံဆရာကလေး ချာလီကို လှမ်းခေါ်သည်။ ချာလီသည် ထိုပိုးမွှားကောင်ကို ကျေးဇူးတင်စွာ ဖြင့် အလုပ်ကို လက်ခံလိုက်သည်။ သူ့ ဆုံးဖြတ်ချက် အတွက် ဘယ်တော့မျှ နောင်တ မရ။

'ကျွန်တော့် အလုပ်က မမြင်ရတဲ့ ကမ္ဘာလောကကို လေ့လာရပြီး အဲဒီ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ဖို့ ဓာတ်ပုံ ရိုက်ပေးရတဲ့ အလုပ်၊ ကျွန်တော် ရိုက်ပေးရတဲ့ ဓာတ်ပုံတွေဟာ သိပ္ပံပညာ တိုးတက်မှု အတွက် ကြီးပမ်း အားထုတ်နေသူ အဖို့ အသုံးဝင်တယ် ဆိုတော့ ဒီထက် ပျော်စရာကောင်းတဲ့ အလုပ် ဘယ်ရှိတော့မှာလဲဗျာ'

ချာလီက ပြောသည်။

သို့ရာတွင် သူ့ စကြဝဠာသည် တော်တော် ဆင်းရဲသည့် နေရာ ဖြစ် သည်။ သန့်ရှင်း လတ်ဆတ်သည့်လေ၊ နေရောင်ခြည်နှင့် အလင်းရောင်တို့ မရှိ။ အဖော်ဆို၍ ရေငုပ်သင်္ဘောက ရေပြင်ကြည့် မှန်ပြောင်းလို တုန်ယင်နေ သည့် စလင်ဒါလုံးကြီး တစ်လုံးသာ အဖော်ရှိသည်။ ကွန်ပရက်ဆာ၊ ရေအေး စက်၊ အားကောင်းသည့် မှန်ဘီလူးကြီးများ၊ အိုင်ယွန် မီးလုံးများ၊ အီလက် ထရွန်နစ် ဂဏန်းပေါင်းစက်၊ ဂက်သုတ် ဓာတ်ရောင်ခြည် ပေးထားသည့် ဖန်သားပြင်။ ဆီးမင်း ၁၀၁ ဖန်သားပြင်ကြီးသည် အရာဝတ္ထု မှန်သမျှကို အဆများစွာ ပုံကြီးချဲ့၍ ကြည့်နိုင်သည်။ ကလာပ်စည်းကလေး တစ်ခုကို အီဖယ် မျှော်စင်ကြီးလောက် ရောက်သည်အထိ ပုံကြီးချဲ့နိုင်သည်။ တစ်ခါ

တစ်ရံတွင် ချာလီသည် မှန်ပြားပေါ်တွင် တင်ထားသည့် ကလာပ်စည်းကလေး တစ်ခု၏ အဏု စကြဝဠာကို သီတင်း တစ်ပတ်လုံးလုံး လေ့လာနေတတ်သည်။ မှန်ဘီလူး တပ်ထားသည့် ကင်မရာ မှန်ပေါက်မှ ချောင်းကြည့်လိုက်သည့် အခါတွင် ပြာပြာမှိုင်းမှိုင်း ပြင်ကျယ်ကြီးသည် ပထဝီ ကားချပ်ကြီး တစ်ခု ဖြစ်လာသည်။ ထိုပထဝီ ကားချပ်ကြီးပေါ်တွင် ထောင်ပေါင်းများစွာသော ကျွန်းငယ်များ၊ အငူများ၊ မြစ်များ၊ မြစ်ဝကျွန်းပေါ်များ၊ ချိုင့်ကြီးများ၊ ကမ္ဘာကြီးများကို မြင်ရသည်။ နေ့ပေါင်းများစွာ ရှာကြည့်သည့် အခါတွင်မှ ထူးခြားသည့် အမှတ်အသား တစ်ခု၊ ပုံမှန် မဟုတ်သည့် အစွယ် တစ်ခု၊ ထူးဆန်းသည့် မည်းမည်းသဏ္ဌာန် တစ်ခုကို တွေ့လာရသည်။ ဗိုင်းရပ်စ်ပိုး တစ်ကောင် သူ့ရှေ့တွင် ပေါ်လာခြင်း ဖြစ်သည်။ ထိုအခါတွင် ချာလီ၏ လက်ချောင်းများသည် အဏုကြည့် မှန်ပြောင်း ခလုတ်များကို နှိပ်ချလိုက်သည်။ ဖန်သားပြင်ပေါ်တွင် ဗိုင်းရပ်စ်၏ပုံ ထင်းခနဲ ပေါ်လာသည်။ ချာလီသည် လိုသည့် အလင်းရောင်ကို ယူသည်။ အမျိုးမျိုး ချိန်သည်။ လိုချင်သည့် အရွယ်အစား ရောက်အောင် ပုံကြီးချဲ့ခလုတ်ကို နှိပ်သည်။ ကိုယ်လိုချင်သည့် ကင်မရာ ရှုထောင့်ကို ရှာသည်။

'ဓာတ်ပုံ တစ်ပုံဟာ စကားလုံး တစ်လုံးထက် အသံမြည်တယ်' ဟု ချာလီက ပြောတတ်သည်။

· ချာလီသည် အတိုင်းအဆ မရှိ သေးငယ်သော စကြဝဠာကို လေ့လာပြီး နောက်တစ်နေ့တွင် အတိုင်းအဆ မရှိ ကြီးမားသော စကြဝဠာကို လေ့လာမည်ဟု မျှော်မှန်းထားသည်။

'ကျွန်တော် ပင်စင်ယူပြီးရင် နက္ခတ္တဗေဒ အသင်းတစ်ခုကို ဝင်မယ်၊ အသေးငယ်ဆုံး ပိုးမွှားတွေ၊ ကလာပ်စည်းတွေကို ကျွန်တော် ဓာတ်ပုံရိုက်ခဲ့ပြီးပြီလေ၊ နောက်ဆိုရင် အကြီးဆုံး ကြယ်ကြီးတွေကို ရိုက်ဦးမယ်၊ ကလာပ်စည်းများမှသည် ကြယ်တာရာများ ဆီသို့ပေါ့ဗျာ'

ချာလီသည် သူ ပင်စင်ယူလျှင် လေ့လာရန် အတွက် အိမ်တွင် နက္ခတ်ကြည့် မှန်ပြောင်းငယ်ကလေး တစ်ခုကို စတင် တပ်ဆင်နေသည်။

ပါမောက္ခ မွန်တီနီးနီးယားက ဗိုင်းရပ်စ်ပိုးပါသည့် ဓာတ်ဘူးကို ပေးသွားပြီးနောက် သုံးနာရီ အကြာ၌ ဗိုင်းရပ်စ်ပိုး ဌာပနာထားသည့် ထင်းရှူး ဆီခဲကလေးများ

သည် အဆင်သင့် ဖြစ်နေလေပြီ။ ထို ထင်းရှူး ဆီခဲကလေးများကို မှန်ချပ် ထက် ပါးပါးကလေး ဖြစ်အောင် အလွှာလိုက် လွှာရမည်။ ထို့မှ သိမ်မွေ့၍ လက်ဝင်သော အလုပ်မျိုးကို အခြားသူများကို လွှဲထား၍ မဖြစ်။ ကိုယ်တိုင် လုပ်ရသည်။ ချာလီသည် သေသေချာချာ သော့ခတ် သိမ်းထားသည့် အံဆွဲ ထဲမှ အလွန် ရှားပါးသည့် ပန်းထိမ်ဆရာသုံး ပစ္စည်း တစ်ခုကို ယူသည်။ ယင်းမှာ စိန်ဖြင့် ပြုလုပ်ထားသည့် ဓား ဖြစ်သည်။ အရှယ်က တစ်မီလီမီတာ ခွဲလောက် ရှိသည်။ ဓားဖျားက မြည့်နေသည်။ ထို့မှ မြည့်နေသော ဓားသွား မျိုးကို တော်တော့်လူ မလုပ်နိုင်။ ထိုသို့သော စိန်ဓားမျိုးကို လုပ်နိုင်သူ ဆို၍ ကမ္ဘာတွင် စိန်သွေးသမား သုံးလေးဦးလောက်သာ ရှိမည် ထင်သည်။ ထိုစိန် ဓားသွားကလေးကို လျှပ်စစ် ဖြတ်စက် တစ်ခုတွင် တပ်ပေးလိုက်သည့် အခါ မယုံနိုင်လောက်အောင် တိကျ၍ မယုံနိုင်လောက်အောင် ပါးလွှာသော၊ သာမန် မျက်လုံးဖြင့် မမြင်နိုင်သော အချပ်ကလေးများ ဖြစ်အောင် ဖြတ်ပေးလိုက် သည်။ ချာလီသည် သူ့စိန် ဓားသွားကို အလွန် ဂုဏ်ယူသည်။ ထိုစိန်ဓားသွား သည် ဇင်နီဗွဲလား စိန်တွင်း တစ်ခုမှ ရခဲ့ခြင်း ဖြစ်ပြီး ဒေါ်လာ တစ်ထောင် တန်သည်။

သေးသေးမွှန်မွှန် အပေါက်လေးတွေ ဖောက်ထားသည့် မှန်ပြားတစ်ပြား ပေါ်တွင် စိန်သွားနှင့် ဖြတ်ထားသည့် အမှုန်ကလေးများကို မိုက်ခရိုစကုပ် ဖြင့် ကြည့်သည်။ မိုင်းရပ်စ် ပိုးမွှားကလေးများကို ရှာဖွေပြီး ဓာတ်ပုံရိုက်ရန် ဖြစ်သည်။

'တုတုပုန်းတမ်း ကစားနေတာလေ၊ သူက ပုန်းပြီး ကိုယ်က လိုက်ရှာ ရတာ' ဟု ချာလီက ပြောသည်။

ချာလီသည် ဖန်သားပြင်ပေါ်တွင် သူ့ စိတ်ကြိုက်အရွယ် ဖြစ်သည့် မူရင်းထက် အဆ ၅၀,၀၀၀ ကြီးလာသည်အထိ ဆီးမင်း ၁၀၁ စက်ကြီးက ခလုတ်များကို တင်သည်။

'ခုလို အီလက်ထရွန်းနစ် မိုက်ခရိုစကုပ်ကြီးနှင့် ကြည့်ရင် ဒီလို ပုံမှန် အဆ သတ်မှတ်ထားမှ ကောင်းတာဗျ၊ ဒီလို စိတ်ကြိုက်ပုံကြီး ချဲ့ကြည့်လိုက် တော့ မိုင်းရပ်စ်နှင့် ကလာပ်စည်းတွေရဲ့ သဘာဝကို ပိုပြီး လေ့လာလို့ လွယ် တာပေါ့' ဟု သူက ပြောသည်။

စိန်ဓားသွား ပါးပါးကလေးဖြင့် လွှာထားသည့် ထင်းရှူး ဆီခဲကလေး များမှာ တကယ့် သေးသေးမွှန်မွှန် ပါးပါးလွှာလွှာ ကလေး။ ထိုအမှုန်ကလေး

တစ်မှုန်ထဲတွင် ကလာပ်စည်း ၆၀ ခန့်ပါသည်။ ထိုကလာပ်စည်းကလေးများကို စစ်ဆေးရသည်မှာ နာရီပေါင်းများစွာ ကြာပြီး တစ်ခါတစ်ရံတွင် တစ်နေ့ကုန်လည်း ကြာတတ်သည်။ သူ့ စိန်သွားဓားသည် ထင်းရှူးဆီ တစ်ခဲကို အနည်းဆုံး အလွှာပေါင်း ၁၀၀ ခန့်ရအောင် လွှာလှီးရာ ထင်းရှူးဆီ တစ်ခဲကို လွှာလိုက်ပြီဆိုလျှင် တော်တော်နှင့် အလုပ် လက်စသတ်၍ မရတော့ပြီ။ မီးရောင် လင်းနေသော အီလက်ထရွန်းနစ် မိုက်ခရိုစကုပ် ဖန်သားပြင်ကို ၁၁ နာရီလောက် ဆက်တိုက် ကြည့်လာပြီး အပြင်သို့ ထွက်လာသည့် အခါ၌ ချာလီသည် ဒယီးဒယိုင်ဖြစ်ကာ မျက်စိမမြင်သူ တစ်ယောက်လို ဖြစ်နေသည်။

၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်၊ သောကြာနေ့ည ခြောက်နာရီလောက်တွင်မှ ကြာရှည် လေးမြင့်စွာ စောင့်စား ခဲ့ရသော အရသာသည် ရုတ်ခြည်း ပေါ်လာသည်။

'အဲဒီနေ့ ညနေက ကျွန်တော်က အီလက်ထရွန်းနစ် မိုက်ခရိုစကုပ်ကွန်ပရက်ဆာကို ရပ်၊ ဖန်သားပြင် ခလုတ်ကို ပိတ်မယ် လုပ်တယ်၊ မပိတ်ခင်မှာ တစ်ချက်လောက်တော့ ကြည့်လိုက်ဦးမယ်လေ ဆိုပြီး ဖန်သားပြင်ကို လှမ်း ကြည့်လိုက်တယ်၊ သောက်ကျိုးနည်း. . .ကြည့်လိုက်တော့ ကျွန်တော် လန့်သွားတယ်ဗျ၊ လင်ဖိုဆိုက် ကလာပ်စည်းထဲက နေပြီး မည်းမည်း ပစ္စည်းကလေး တစ်ခု ထွက်လာတယ်၊ ကျွတ်ကျွတ်လွှတ်လွှတ် အပြင် ရောက်မလာသေးပေမယ့် ပုံသဏ္ဌာန် ကြည့်လိုက်တာနှင့် ဒီပစ္စည်းဟာ ကလာပ်စည်းထဲက မွေးထုတ်တဲ့ ပစ္စည်း မဟုတ်ဘူး၊ အပြင်က ပစ္စည်းဆိုတာ ကျွန်တော် သိလိုက်တယ်၊ ဝမ်းသာလိုက်တာဗျာ၊ ဘာပြောကောင်းမလဲ၊ မိန်းမကို အတင်းပြေးဖက်ပြီး တွေ့ပြီကွ တွေ့ပြီကွ၊ ဗိုင်းရပ်စ်ကို မိပြီလို့ အော်မိတယ်'

ချာလီနှင့် သူ့မိန်းမ ကလော်ဒင်းတို့၏ ဖူးစာကလည်း ဆန်းသည်။ သူတို့ နှစ်ယောက်သည် ဘယ်လိုမှ စိတ်ကူးယဉ်စရာ မကောင်းသော ပါရီအင်စတီကျုက ဓာတ်ခွဲခန်းထဲတွင် ဖူးစာ ဆုံခဲ့ကြခြင်း ဖြစ်သည်။ ချာလီက ဗိုင်းရပ်စ်ပိုးတွေကို ဓာတ်ပုံရိုက်သူ။ သူ့မိန်းမ ကလော်ဒင်းက ကလာပ်စည်းနမူနာများကို ဆေးကြော သန့်စင်ပေးကာ ထင်းရှူး ဆီခဲကလေးများ ထဲသို့ ထည့်ပေးရသူ။

'ဆရာကြီးရေ၊ ဗိုင်းရပ်စ်ကို တွေ့ပြီဗျ၊ ဗိုင်းရပ်စ်ကို တွေ့ပြီ'

ချာလီဒိုဂေးသည် အသံကုန် အော်ရင်း ပါမောက္ခ လတ်မွန်တိန်းနီးယား၏ အခန်းထဲသို့ ပြေးဝင်လာသည်။ သူ့ ကြည့်ရသည်မှာ ခြံထဲမှ ထွက်လာ

သည့် တိုက်ကျဲရိုင်း တစ်ကောင်နှင့် တူနေသည်။ သူအော်သံကြောင့် ပါမောက္ခ မွန်တိန်းနီးယား၏ အတွင်းရေးမှူးမကလေးသည် လန့်ဖျပ်၍ ထခုန်သည်။ အကျိုးအကြောင်း သိရသည့် အခါတွင် သူလည်း ဝမ်းသာ အားရဖြင့် 'ဘရား ဗိုး ချာလီ ဘရားဗိုး' ဟု အော်သည်။

ပါမောက္ခ၏ အခန်းထဲတွင် ဒေါက်တာ ကလော်ဒီ ရှားမင်းလည်း မရှိ။ ဒေါက်တာ ဆီနိုဆီလည်း မရှိ။ ချာလီသည် သူ တွေ့ခဲ့သည့် ဗိုင်းရပ်စ်ပိုး၏ ပုံကို ဓာတ်ပုံရိုက်ရန် အတွက် သူ့ ဓာတ်ခွဲခန်းသို့ ပြန်ပြေးလာခဲ့သည်။ မိနစ်ပိုင်း အတွင်းတွင် မှန်ထည့်သည်။ ကင်မရာကို ပြင်သည်။ ရှပ်တာ မြန်နှုန်းကို ချိန်သည်။ အီလက်ထရွန် စီးဆင်းမှုနှုန်းကို ညှိသည်။ ထို့နောက် ယခင်အခါက ပိုးမွှားများကို ရိုက်ခဲ့သကဲ့သို့ အီလက်ထရွန်းနစ် ကင်မရာ ခလုတ်ကို နှိပ်ချလိုက်သည်။

အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုး၏ ဓာတ်ပုံကို ရိုက်ပြီးပြီ။ ထိုပုံသည် သမိုင်းတွင် အေအိုင်ဒီအက်စ် ရက်ထရို ဗိုင်းရပ်စ်ပိုး၏ ပထမဆုံးသော ဓာတ်ပုံ ဖြစ်သည်။

ကမ္ဘာကို သိမ့်သိမ့် တုန်သွားစေနိုင်သော ထိုသတင်းထူးကြီးကို ရခဲ့ သည့်တိုင် ချာလီသည် သူ့ အချိန်ဇယားကို အပျက် မခံပါ။ သစ်ကြားပင် အောက်တွင် ရပ်ထားသည့် သူတို့ ကားဆီသို့ သူတို့ ဇနီးမောင်နှံ နှစ်ယောက် ထွက်လာသည့် အချိန်တွင် သန်းခေါင်နား ကပ်နေလေပြီ။

သည်နေ့သည် သောကြာနေ့။ သောကြာနေ့ ဆိုလျှင် သူတို့ လင်မယား သည် သူတို့ဇာတိ ဖြစ်သည့် နော်မန်ဒီနယ်သို့ သွားကာ သူတို့ ဝါသနာ အတိုင်း အပျင်းပြေ အလုပ်တစ်ခုကို လုပ်လေ့ ရှိကြသည်။ ထိုဝါသနာမှာ ပုစွန်မျှားခြင်း ဖြစ်သည်။

တနင်္လာနေ့ မနက် ရှစ်နာရီတိတိတွင် ချာလီသည် သူ့ ဓာတ်ခွဲခန်းထဲရှိ ဆီးမင်း ၁၀၁ စက်ကြီးကို ဖွင့်ကာ အီလက်ထရွန်းနစ် ဖန်သားပြင်ကို ကြည့် သည်။ သူ့ အောင်မြင်မှုကို ပါစချာ အင်စတီကျု တစ်ခုလုံး သိနေလေပြီ။ ပါမောက္ခ လတ်မွန်တိန်းနီးယားနှင့် ဘာရူးခန်းရှိ အဖွဲ့ဝင်များ အားလုံးသည် သူ့ဓာတ်ခွဲခန်း ထဲသို့ ရောက်လာကြကာ လူသတ်သမား ဗိုင်းရပ်စ်ပိုး၏ ဓာတ်ပုံကို လာကြည့် ကြသည်။ အခြားသော ဗိုင်းရပ်စ်ပိုးများနှင့် ပုံသဏ္ဍာန်ချင်း

မတူ ကွာခြား နေသည်ကို သူတို့ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်ကြရသည်။ ထိုဗိုင်းရပ်စ်၏ ပုံသဏ္ဌာန်သည် ရောဘတ်ဂါလို တွေ့ခဲ့သည့် ဗိုင်းရပ်စ်ပိုးနှင့် လည်းကောင်း၊ အခြားသော တိရစ္ဆာန် ရက်ထရို ဗိုင်းရပ်စ်များနှင့် လည်းကောင်း လားလားမျှ မတူ။ ပို၍ သေချာစေရန်နှင့် တရားဝင် အတည်ပြုချက် ပေးနိုင်ရန် အတွက် နောက်ထပ် အထောက်အထား ရှာရဦးမည်။ အခြားသော လူနာများ၏ ရောဂါ ကူးစက်နေသော ကလာပ်စည်းများကို ယူကာ နောက်ထပ် စစ်ဆေးမှုများကို လုပ်ရသေးသည်။ နောက်ထပ် စိန်သွားဓားဖြင့် လှီးကာ စစ်ဆေး ရသေးသည်။ အကျယ်ချဲ့ ကြည့်ရသေးသည်။ ဓာတ်ပုံ ရိုက်ရသေးသည်။ ဓာတ်ပုံတွေက ပထမ ဓာတ်ပုံနှင့် အတူတူ။ ချာလီသည် ရိုက်ထားသည့် ဓာတ်ပုံတိုင်းကို ပါမောက္ခ လတ်မွန်တိန်းနီးယားနှင့် အဖွဲ့ထံသို့ နေ့တိုင်း ပို့သည်။

ပါစချာ အင်စတီကျူတွင် တွေ့သည့် ရက်ထရို ဗိုင်းရပ်စ်နှင့် ရောဘတ်ဂါလို တွေ့ရှိသည့် အိတ်ချ်တီအယ်လ်ဗီ ဗိုင်းရပ်စ်တို့ ပုံသဏ္ဌာန်ချင်း မတူကြောင်းကို သေချာအောင် ပြနိုင်ရန် အတွက် မွန်တိန်းနီးယားနှင့် ချာလီတို့ အဖွဲ့သည် အမေရိကန် ဗိုင်းရပ်စ်ပါသည့် ကလာပ်စည်းများကို ထင်းရှူးဆီခဲများထဲတွင် ထည့်မွှေးပြီး စိန်သွားဓားဖြင့် လှီးကာ ထွက်လာသည့် ဗိုင်းရပ်စ်များကို တစ်ခု နှင့် တစ်ခု ယှဉ်ကြည့်သည်။

သေချာပြီ။

ပြင်သစ် ဗိုင်းရပ်စ်ပိုးနှင့် အမေရိကန် ဗိုင်းရပ်စ်ပိုးတို့သည် ပုံသဏ္ဌာန်လည်း မတူကြ။ ဖွဲ့စည်းပုံချင်းလည်း မတူကြ။ ကလာပ်စည်းတွင် ဝင်ရောက်တွယ်နေပုံချင်းလည်း မတူကြ။

သည်တစ်ကြိမ်တွင်မှ သူတို့ မြင်နေရသော ဗိုင်းရပ်စ်သည် အေအိုင်ဒီအက်စ် ရောဂါ အတွက် တာဝန်ရှိသော ဗိုင်းရပ်စ် ဖြစ်ကြောင်းကို ပြင်သစ် သိပ္ပံပညာရှင်တွေ အတည်ပြုနိုင်ပြီ။

[ ၃၈ ]

**ဗိုင်းရပ်စ်ပိုးဟာ ကလေးတွေကိုကော ကူးစက်နိုင်သလား။**

**ဘာသီးစ်ဒါး၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၃ ခုနှစ် ဆွေဦး နှင့် ဆွေရာသီ။**

ဘာသီးစ်ဒါးရှိ အမျိုးသား ကင်ဆာရောဂါ ဌာန (အင်စီအိုင်) အကျိတ် ရောဂါဗေဒဌာန စီမံကိန်း ညွှန်ကြားရေးမှူး အသက် ၄၁ နှစ်ရှိ ဒေါက်တာ ဆင်မျူယယ် ဘရိုးဒါး သည် အရပ်ပုပု ဂင်တိုတိုနှင့် ဖြစ်ပြီး သူ့လည်ကုပ်သည် ခွေးဘီလူး တစ်ကောင်၏ လည်ကုပ်လို တောင့်တင်းသည်။ လက်ကိုင်တန်း တစ်ခုလို ဖြောင့်တန်း သေးသွယ်သော နှုတ်ခမ်းမွေး ရှိသည့် သူ့မျက်နှာသည် လုပ်မိလျှင် နောက် မဆုတ်တတ်သည့် မျက်နှာမျိုး ဖြစ်သည်။ ပုံပန်းကို ကြည့်ရုံဖြင့် တုံးတိုက်တိုက် ကမ်းတိုက်တိုက် ဇွတ်တရွတ် လုပ်မည့် လူ တစ်ယောက် ဖြစ်ကြောင်းကို သိနိုင်သည်။ သူသည် ပိုလန်ပြည်တွင် မွေးဖွားခဲ့ပြီး သူ့မိဘများမှာ နာဇီ ဆန့်ကျင်ရေး ရေဝတီ မြေအောက် တော်လှန်ရေး သမားများ ဖြစ်၍ နာဇီတို့၏ သဲသဲမဲမဲ အမဲလိုက်ခြင်းကို ခံခဲ့ကြရသည်။ ငယ်စဉ် ဘဝမှသည် အေအိုင်ဒီအက်စ် ကူးစက် ရောဂါကပ်ကြီးနှင့် ရင်ဆိုင်ရချိန် အထိ သူ့ဘဝ တစ်လျှောက်လုံးသည် ထိပ်တိုက် ပဋိပက္ခတွေနှင့်ချည်း ကြုံခဲ့ရသည်။

ဘရိုးဒါးသည် ဂျာမန်တို့၏ ရန်ကြောင့် အမေရိကန် ပြည်ထောင်စုသို့ ရောက်လာခဲ့ပြီး မော်တော်ကား မြို့တော်ကြီး ဖြစ်သည့် ဒက်ထရွိုက် စက်မှု လက်မှု ရပ်ကွက်က လမ်းမများပေါ်တွင် ကြီးပြင်း လူလားမြောက်ခဲ့သည်။ သူ့မိဘများက ဟက်စတာနှင့် ဆော့စတွန် လမ်းထောင့်တွင် နေ့လယ်စာ ရောင်းသည့် ဆိုင်ကလေး တစ်ဆိုင် ဖွင့်ထားသည်။ သီတင်းရက်များနှင့် သီတင်းကုန် ရက်များ၌ ထိုဆိုင်ကလေးတွင် ဟမ်ဘာဂါနှင့် ကိုကာကိုလာ ပုလင်းများကို ရောင်းရသည်။

၁၉၆၈ ခုနှစ် မာတင်လူသာကင်း လုပ်ကြံ ခံရသည့်အတွက် မြို့ထဲတွင် လူမျိုးရေး အဓိကရုဏ်းတွေ ဖြစ်သည့်အခါတွင် ထိုဆိုင်ကလေးသည် မီးရှို့

ခံလိုက်ရသည်။ သူ့မိဘ လက်ငုတ် လုပ်ငန်းကို ဆက်လုပ်ရန် တစ်ခါမှ စိတ်ကူး မထည့်ခဲ့သည့် ဘရိုးဒါး အဖို့ကား နည်းနည်းမျှ ထူး၍ ဝမ်းနည်းခြင်း မဖြစ်မိ။ သူ့ရည်မှန်းချက်မှာ တခြား ဖြစ်သည်။ လောကတွင် ကျောထောက်နောက်ခံလည်း မရှိ၊ ငွေကြေးလည်း မတတ်နိုင်သူ အတွက် အောင်မြင်ကြောင်း နည်းလမ်း တစ်ခုမှာ သိပ္ပံပညာဘက်တွင် ထူးချွန်မှုသာ ဖြစ်နိုင်သည်ကို အထက်တန်းကျောင်းမှာ ကတည်းက သူ သဘောပေါက်ခဲ့သည်။ ထိုစိတ်ကူးသည် သူ့ကံကြမ္မာကို ပြောင်းလဲ ပေးလိုက်သည့် အရာ ဖြစ်သည်။

ဆမ်ဘရိုးဒါးသည် သိပ္ပံ ဘာသာရပ်များတွင် အမှတ် ကောင်းကောင်း ရရန် ကြိုးစားသည်။ သူ့ ရည်ရွယ်ချက်မှာ အမေရိကန် ပြည်ထောင်စုတွင် ဂုဏ်သတင်းကြီးသည့် အကြီးဆုံး တက္ကသိုလ် တစ်ခု ဖြစ်သည့် မစ်ရှီဂန် တက္ကသိုလ်သို့ ဝင်နိုင်ရန် ဖြစ်သည်။

'မစ်ရှီဂန်နှင့် ကျွန်တော် နေတဲ့ ဒက်ထရွိုက် ဆိုတာ ဘာဝေးလို့လဲ၊ မော်တော်ကား စီးရင် တစ်နာရီလောက်ပဲ စီးရတာ၊ ဒါပေမယ့် မစ်ရှီဂန်ဟာ ကျွန်တော့် အဖို့တော့ အခြားသော စကြဝဠာ တစ်ခုလို ဖြစ်နေတယ်၊ ဒက်ထရွိုက်မှာ ဆိုရင်တော့ ကြီးလာရင် မက္ကင်းနစ်တို့၊ ပိုက်ပြင်ဆရာတို့ ဖြစ်လိမ့်မယ် ဆိုတဲ့ မျှော်မှန်းချက်လောက်ပဲ ရှိကြတယ်၊ မစ်ရှီဂန်မှာတော့ ဒီလို မဟုတ်ဘူးလေ၊ ကျွန်တော့် အခန်းဖော်က ဂီတစာဆို ဖြစ်ချင်တဲ့သူ၊ ကျွန်တော့် နေရာကနေ ကြည့်ရင် သူ့ ရည်မှန်းချက်ဟာ လကို သွားမယ်လို့ ပြောတာကို နားထောင် ရသလို ဖြစ်နေတယ်'

လ အနည်းငယ်ခန့် အကြာတွင် တစ်ခါက စားသောက်ဖွယ်တို့ကို လိုက်ချပေးရသည့် ဘရိုးဒါး၏ မျှော်မှန်းချက်သည် တကယ် အကောင်အထည် ပေါ်လာခဲ့သည်။

'ဒီလောက် ဆန်းကြယ်တဲ့ အတွေးအခေါ်တွေ တွေ့ရှိချက်တွေကို မြင်ရတော့ ကျွန်တော် သိပ် အံ့ဩနေတယ်လေ၊ ဥပမာ ဆိုပါတော့ နျူကလီးယက် အက်စစ်ကလေး တစ်စက်ဟာ သက်ရှိ သတ္တဝါ တစ်ခုရဲ့ ဆွေစဉ်မျိုးဆက်တွေကို သယ်ဆောင်လာခဲ့တယ် ဆိုတဲ့ အချက်၊ ဒါမှ မဟုတ်ရင်လည်း လူတစ်ယောက်ရဲ့ မျိုးရိုးဗီဇ သင်္ကေတကို ကြည့်ပြီး သူ့အပြုအမူ သူ့စရိုက်ကို ဆုံးဖြတ်နိုင်တယ် ဆိုတဲ့ အချက်၊ ဒါမှ မဟုတ်ရင်လည်း ဗီဇမျိုးစေ့ တစ်ခုကို ပြုပြင် ပြောင်းလဲ ပေးလိုက်ရုံနှင့် လူတစ်ယောက်ရဲ့ စရိုက် လူတစ်ယောက်ရဲ့ အပြုအမူကို ပြောင်းလဲ သွားစေနိုင်တယ် ဆိုတဲ့ အချက်၊ ကျွန်တော်လို ပညာ

ဝေတ်နေတဲ့ တစ်နိုင်ငံသား တစ်ယောက် အဖို့ အားကျစရာတွေ အများကြီး၊ မျှော်မှန်းစရာတွေ အများကြီး'

ဘရိုးဒါးသည် အားကျရမည့် ဓာတ်လိုက် တစ်ယောက်ကို ဝတ္ထု တစ်ပုဒ်ထဲတွင် တွေ့သွားသည်။ ဝတ္ထုမှာ ဆင်ကလဲယား လူးဝစ်၏ အဲရိုးစမစ် ဝတ္ထု ဖြစ်သည်။ ဝတ္ထုထဲတွင် အနောက် အလယ်ပိုင်း မြို့ကလေး တစ်မြို့မှ ဆရာဝန် တစ်ယောက်သည် သိပ္ပံပညာဆိုင်ရာ အမှန်တရား တစ်ခုကို လိုက် ရှာနေသည်။ လွန်ခဲ့သည့် ရာစုနှစ် အကုန်တွင် ထို ဆရာဝန်လေးသည် နိုင်ငံတွင် အကြီးဆုံးသော ဆေးသုတေသန ဌာန၏ အကြီးအကဲ ဖြစ်လာခဲ့ သည်။ သူ၏ ကြီးကျယ် မြင့်မြတ်သော စိတ်ကူးများသည် ဓလေ့ဟောင်းများ၊ အစဉ်အလာ ဟောင်းများနှင့် ဆန့်ကျင်နေသည်။ နောက်ဆုံးတွင် ဆရာဝန် သိပ္ပံပညာရှင်သည် အလျှော့ ပေးလိုက်ရကာ လောကကြီးနှင့် အဆက်ဖြတ် လိုက်ပြီးနောက် သိပ္ပံပညာ သုတေသန လုပ်ငန်းကို တစ်ယောက်တည်း ဆက် လုပ်သည်။ စာရေးဆရာက ဝတ္ထု အဆုံးတွင် ဆရာဝန် သိပ္ပံပညာရှင်၏ ဆုတောင်းကို ရေးထားသည်။ ထိုဆုတောင်းကို ဘရိုးဒါး၏ ရင်ထဲတွင် စွဲကျန် ရစ်ခဲ့သည်။ နောင် အနှစ် ၂၀ ကြာသည့်တိုင်အောင် ထိုဆုတောင်းကို သူ မမေ့နိုင်။

'အဖ ဘုရားသခင် ..
တိမ်သလ္လာကင်းသော မျက်လုံးများနှင့်
အပြေးအမော အလောဆုံး လုပ်ရခြင်းတို့မှ
ကင်းဝေးခြင်းတို့ကို
ကျွန်ုပ်အား ပေးသနားပါဘိ။
ဟန်ဆောင်မှု၊ ပလွှားမှု၊
မပြီးမစီး မသေမသပ် ပြုလုပ်မှု စသည်တို့ကို
တည်ငြိမ်စွာ အထောက်အညာ ကင်းစွာ
မုန်းတီးတတ်သော စိတ်ကို
ပေးသနားပါဘိ။
'အဖ ဘုရားသခင် ..
မအိပ်မနေ မသွေမလွဲ အောင်ပွဲရသည် အထိ
မိမိ၏ ဝီရိယ ဖွဲလုံ့လတို့ကို အားထုတ်နိုင်သော

ခွန်အားကို ပေးသနားပါဘိ။
'အဖ ဘုရားသခင် ..
မိမိရရှိသော ရလဒ်များသည်
မိမိရှိသော ရည်မှန်းချက်များနှင့်
ကိုက်ညီခြင်း မရှိသရွေ့
မိမိ၏ အမှားကို တွေ့ရှိကာ
ရှင်လန်း ကြည်မွေ့စွာ
မပြင်ဆင်နိုင်သရွေ့
ချီးကျူး ထောမနာ စကားတို့ကို
လက်မခံရပါစေနှင့်။
'အို အဖ ဘုရားသခင် ..
သင့်အား အားကိုးခြင်း မပြုရန်
ကျွန်ုပ်အား ..
ခွန်အားကို ပေးသနားပါဘိ။

ဘရီးဒါးသည် ဝတ္တုထဲက ဒေါက်တာ မာတင် အဲရိုးစမစ်ကို အားကျသည်။ ထို့ကြောင့် ဂုဏ်သတင်း ကြီးလှသော မစ်ရှီဂန် တက္ကသိုလ် ဆေးကျောင်းသို့ တက်သည်။ အဏု ဇီဝဗေဒ ပညာရပ် ဆရာ တစ်ဦး ဖြစ်သည့် ပါမောက္ခ ရှိုက်ဟောက်စ်သည် ပညာ အလွန်လိုချင်သည့် တပည့်တစ်ယောက်ကို သွားတွေ့သည့် အခါတွင် သူ့ ဓာတ်ခွဲခန်း တံခါးကို အမြဲ ဖွင့်ပေးထားလိုက်သည်။ ထို ဓာတ်ခွဲခန်းထဲတွင် ဘရီးဒါးသည် နောင်တွင် သူ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် ပတ်သက်လာမည့် ရောဂါဗေဒ တစ်ခုအတွက် အရေးကြီးသော သင်ခန်းစာများကို ရခဲ့သည်။ ထိုရောဂါမှာ ကင်ဆာဖြစ်သည်။

'ကျောင်းဆင်းပြီး ညနေပိုင်း သီတင်းပတ်ကုန် ရက်တို့မှာ ဆိုရင် ကျွန်တော် ဘယ်မှ မထွက်ဘူး၊ ဓာတ်ခွဲခန်းတံခါး ပိတ်ပြီး ကင်ဆာဖြစ်စေတဲ့ ကလာပ်စည်းတွေကို တိုက်ဖျက်ပေးမယ့် ပဋိပစ္စည်းတွေကို ဘယ်လို ထုတ်လုပ်မလဲ ဆိုတာကိုပဲ လိုက်ရှာနေတာပဲ၊ ကျွန်တော့် ကြိုးစားချက်တွေဟာ အမြဲတမ်း အောင်မြင်မှုတော့ မရဘူးပေါ့၊ ဒါပေမယ့် ဇီဝဗေဒဆိုင်ရာ သုတေသန လုပ်ငန်းတွေမှာ ကင်ဆာဟာ အရေးပါတဲ့ အခန်းက ပါလာလိမ့်မယ် ဆိုတာကိုတော့ ကျွန်တော်ဟာ သဘောပေါက် လာခဲ့တယ်လေ၊ ရောဂါ တော်

တော်များများကို နိုင်နင်းအောင် ကုသပေးနိုင်ဖို့ အတွက် ကင်ဆာရောဂါ ဖြစ်စေတဲ့ ကလာပ်စည်းတွေကို ပိုမိုနားလည်ဖို့ လိုအပ်တယ် ဆိုတာကို ကျွန် တော် သိလာခဲ့ရတယ်၊ သုတေသန တစ်ခု မအောင်မြင်သည့် တိုင်အောင် ကျွန်တော့်အဖို့ အရှုံးချည်းပဲ မဟုတ်ဘူး၊ အဲဒီအထဲက အမြတ် ထွက်လာတာ ရှိပါသေးတယ်၊ လက်စသတ်တော့ သုတေသန လုပ်ငန်း ဆိုတာ နည်းနာ ဆိုင်ရာ ပြဿနာ တစ်ခုပါလား ဆိုတာကို ကျွန်တော် သိလာခဲ့တယ်၊ ကြီးကျယ်တဲ့ သိပ္ပံပညာရှင်ကြီး တစ်ယောက်နှင့် သာမန် ရှက်ကြမ်းရေကျို သုတေသနသမား တစ်ယောက်ရဲ့ ခြားနားချက်ဟာ တခြား မဟုတ်ဘူး၊ သိပ္ပံ ပညာရှင်ကြီးက မေးခွန်းမှန်ကို ဘယ်လို မေးရမယ် ဆိုတာကို သိတယ်၊ သာမန် သုတေသနသမားက ဒါကို မသိဘူး၊ သိပ္ပံပညာရှင်ကြီးက အတိုးတက် ဆုံး ဆိုတဲ့ နည်းပညာတွေကို သုံးတယ်၊ သာမန် သုတေသနသမားက ဒါတွေကို မသုံးတတ်ဘူး၊ ဒါဟာ ကြီးကျယ်တဲ့ သိပ္ပံပညာရှင်နှင့် သာမန် သုတေသနသမား တစ်ယောက်ရဲ့ ခြားနားချက် ဆိုတာ ကျွန်တော် သိလာ ခဲ့တယ်'

ရုတ်တရက် ကြည့်လိုက်လျှင် ဘရိုးဒါး အလုပ်လုပ်သည့် ဆေးဝါးကုသရေး ဗဟိုဌာနသည် ကြယ်ငါးပွင့် ဇိမ်ခံဟိုတယ်ကြီး တစ်ခုနှင့် တူသည်။ အခန်း တိုင်းတွင် ခေတ်ပြိုင် ပန်းချီဆရာ ကြီးငယ်တို့၏ ပန်းချီကား ပုံတူများကို ချိတ်ဆွဲထားသည်။ စင်္ကြံများ တစ်လျှောက်တွင် ထူထဲသော ကော်ဇောကြီးများ ခင်းထားသည်။

ကြမ်းပြင်အထိ ရောက်သည့် ပြတင်းပေါက်ကြီးများက စိမ်းလန်းသော မေရီလင်း ကျေးလက်ရှုခင်းကို မိုးထားသည်။ ထိုမျှ ဇိမ်ရှိသော အဆောက် အအုံများ အပြင် အမျိုးသား ကင်ဆာဌာန (အင်စီအိုင်) သည် သုတေသန နှင့် ကုသရေး တွဲထားချင်သည့် အလျောက် ထူးခြားသည့် ဌာန တစ်ခုကို လည်း ဖွင့်ထားသည်။ ထိုဌာနတွင် ကုထုံးသစ်များကို စမ်းသပ် ကြည့်ရှု နိုင်ရန်အတွက် ဆရာဝန်၊ သိပ္ပံပညာရှင်များသည် တစ်ချိန်တည်းတွင် လူနာ များကိုလည်း ကုသနိုင်သည်။ သုတေသန ဓာတ်ခွဲခန်းများကိုလည်း ဝင်ရောက် နိုင်သည်။ သို့ရာတွင် ရှေ့တန်းရောက်နေသည့် ထိုဆေးရုံတွင် ကင်ဆာရောဂါ ဖြစ်သူတိုင်းကို လက်ခံ ကုသပေးခြင်း မရှိပါ။

ထိုဌာနတွင် လက်ခံသည့် လူနာများမှာ သုတေသန လုပ်ငန်း အတွက် လိုအပ်သည့် အခြေအနေမျိုး (သို့မဟုတ်) အခြား ထူးခြားသော ရောဂါ စွဲကပ်နေသည့် လူနာမျိုးကိုမှ လေ့လာ စစ်ဆေးကာ လက်ခံ ကုသပေးခြင်း ဖြစ်သည်။

မိမိဌာနတွင် အထိုက်အလျောက် လွတ်လပ်ခွင့် ရှိကြောင်းကို ကင်ဆာ အထူးကု ဆရာဝန်ကြီး တစ်ဦး ဖြစ်သည့် ဒေါက်တာ ဘရိုးဒါး ကောင်းကောင်း သိသည်။ အခြားသော ဘာသီးစ်ဒါးတို့လို နေရာမျိုးတွင် ဆိုလျှင် အစိုးရ ဗျူရိုကရေစီတွေ များလှသဖြင့် တော်တော်နှင့် အလုပ်မတွင်ချင်။ ယခု သူ့ ဌာနတွင်ဆိုလျှင် သုတေသန လုပ်ရမည့် အကြောင်းအရာကို သူတစ်ယောက် တည်း သဘောဖြင့် ရွေးချယ်နိုင်သည်။ စစ်ဆေး ကုသရမည့် လူမမာကို သူတစ်ဦးတည်း သဘောဖြင့် ရွေးနိုင်သည်။ နေ့စဉ် စိတ်မချမ်းသာစရာ ရောဂါသည်တွေကို တွေ့နေရလေလေ သူ၏ သုတေသန လုပ်ငန်းတွင် အောင်မြင်ချက်များကို မြန်မြန်ရဖို့ အရေးကြီးလေလေ ဖြစ်ကြောင်းကို သူ သဘောပေါက်သည်။ တစ်ခါတစ်ရံတွင် စိတ်မရှည်နိုင်သဖြင့် ပေါက်ကွဲလု မတတ်ပင် ဖြစ်တတ်သေးသည်။

'ရောဘတ် ဂါလိုရဲ့ သုတေသန ဓာတ်ခွဲခန်းနှင့် ကျွန်တော့် ဓာတ်ခွဲ ခန်းက မတူဘူးဗျ၊ သူ့ ဓာတ်ခွဲခန်းက သေသွားတဲ့ လူနာတွေကို တွေ့ရ မြင်ရတာ မဟုတ်ဘူး၊ ကျွန်တော့် ဓာတ်ခွဲခန်းက လူတွေကို တဖြုတ်ဖြုတ် သေနေတာ မြင်ရတဲ့ နေရာ၊ ဒီတော့ ကျွန်တော်တို့ အောင်မြင်မှု မရလေလေ အကျအဆုံးတွေ များလာလေလေ ဖြစ်မှာပဲ၊ ဒါကြောင့်မို့ ကျွန်တော့် ဓာတ်ခွဲ ခန်းမှာ အောင်မြင်မှုတွေ မြန်မြန်ရဖို့ အရေးကြီးတယ်' ဟု သူ ပြောတတ်သည်။

ထို မျှော်လင့်ချက်ဖြင့် ဒေါက်တာ ဘရိုးဒါးသည် သုတေသနကို ဆက်လုပ်သည်။

'အနာ သိရင် ဆေး ရှိမှာပေါ့ဗျာ' ဟူသော စကားကို သူ မကြာခဏ ပြောတတ်သည်။

ယခု အေအိုင်ဒီအက်စ် ရောဂါ ပျံ့ပွားသည့် ကိစ္စမှာ တော်တော် ကြီးမားသည့် စိန်ခေါ်မှုကြီး ဖြစ်သည်။

'ပထမ ကျွန်တော်တို့ တွေ့ရတဲ့ အစက်အခဲကတော့ အဲဒီ ရောဂါ ဟာ ဘာရောဂါမှန်း မသိတဲ့ ကိစ္စပဲ၊ နောက်တစ်ချက်က သိပ္ပံ ပညာရှင်တွေ ကိုယ်တိုင်ကလည်း အဲဒီ ရောဂါကို ကြောက်လန့် နေကြတော့ ပိုခက်တယ်၊

သူတို့ ဖြစ်နေပုံက ကိုယ့်အိမ်မှာ ဖောက်ထွင်းနေသံ ကြားလျက်သားနှင့် သူခိုးမဟုတ်ဘူးလို့ ထင်တဲ့လူနှင့် တူနေတယ်'

ကပ်ရောဂါ၏ လက်သည်တရားခံသည် ရက်ထရို ဗိုင်းရပ်စ်ပိုး တစ်မျိုးဖြစ်နိုင်သည်ဟု ကြေညာခဲ့သည့်တိုင် ထိုကြေညာချက်ကို အယုံအကြည် မရှိချင်ကြသေး။ များစွာသော သိပ္ပံပညာရှင်များ၊ ဆရာဝန်များ ကိုယ်တိုင် ထိုအချက်ကို သံသယ ရှိနေကြကာ ကမ္ဘာသကာဟု သဘောထား နေကြဆဲဖြစ်သည်။

ဒေါက်တာ ဘရိုးဒါးသည် ထိုအဖြစ်ကို မြင်သည့်အခါတွင် စိတ်ဆိုးသည်။ သို့ဖြင့် သူသည် ဘာသီးစ်ဒါး တက္ကသိုလ် ပရိဂုဏ်ထဲတွင် လူဆိုးကြီးတစ်ယောက် ဖြစ်လာခဲ့သည်။ သူ့အာရုံ သူ့အတွေး ဟူသမျှသည် ထိုရောဂါပျံ့ပွားရေးကို တားဆီးနိုင်မည့် ဆေးဝါးတစ်ခု ရှာဖွေရေးကိုသာ ရောက်နေသည်။ ရောဂါ၏ အကြောင်းရင်းကို ရှာဖွေ တွေ့ရှိအောင် လုပ်ရန်မှာ သုတေသန ဌာနများတွင် သိပ္ပံပညာရှင်များ၏ တာဝန်ဖြစ်သည်။ သူတို့က ရောဂါ၏ အကြောင်းရင်းကို ရှာတွေ့ပြီဆိုလျှင် ထိုရောဂါကို ကုသနိုင်မည့် ဆေးဝါး တစ်မျိုး ရှာဖွေရန်မှာ မိမိတာဝန် ဖြစ်သည်။

'ကျွန်တော့် စိတ်ထဲမှာတော့ အေအိုင်ဒီအက်စ် ရောဂါကို တားဆီးနိုင်လိမ့်မယ်လို့ ယုံနေတယ်ဗျာ၊ ကျွန်တော်တို့ ဓာတ်ခွဲခန်းထဲမှာ ဗိုင်းရပ်စ်ပိုး အခြေအနေတွေကို မွေးမြူနိုင်တဲ့ ဓာတုဗေဒ ပစ္စည်းတွေ ရှိနေပြီ၊ ပြီးတော့ ကင်ဆာတိုက်ဖျက်ရေး ပစ္စည်းတွေ ထုတ်လုပ်နိုင်တဲ့ အတတ်ပညာ၊ အတွေ့အကြုံရှိတဲ့ လူတွေလည်း ရှိနေပြီ၊ ကျွန်တော်တို့ လိုနေတာက အချိန်ရယ်၊ နောက်ထပ် သိစရာလေးတွေကို နည်းနည်း သိဖို့ရယ်၊ အလုပ်လုပ်ဖို့ရယ်၊ စည်းကမ်းနည်းနည်း ရှိဖို့ရယ်၊ ဒါပဲ လိုတော့တယ်'

အလုပ်အကိုင်က ရှေ့နေ ဖြစ်ပြီး ဆံပင်နက်နက် ရုပ်ချောချော အသက် ၄၀ ခန့် အမျိုးသမီး တစ်ယောက်သည် ၁၉၈၃ ခုနှစ် ထိုနွေဦးပေါက် ညနေကဒေါက်တာ ဘရိုးဒါး မျက်နှာပေါ်တွင် တွေ့လိုက်ရသည့် စိုးရိမ်ကြောင့်ကြဖြစ်နေသော အမူအရာကို ယခုတိုင် သတိရ နေသေးသည်။ သူတို့ အိမ်ထောင်သက် ၁၉ နှစ် အတွင်း၌ ဇနီးသည် ဂေးလ်ဘရိုးဒါးသည် တုံဏှိဘာဝေပြုနေတတ်သော သူ့ယောကျ်ား၏ စရိုက်ကို သိနေလေပြီ။ ကင်ဆာရောဂါ

ကုသရေးကိစ္စသည် ပျော်စရာကောင်းသည့် အလုပ်တစ်ခု မဟုတ်။ ထို့ကြောင့် ဆေးရုံမှ ပြန်လာလျှင် သူ့ယောကျ်ား၏ မျက်နှာ၊ သူ့ယောကျ်ား၏ အသံထဲတွင် အရှုံးနှင့် ရင်ဆိုင်ရသည်ကို ကောင်းကောင်း အကဲခတ် နေတတ်လေပြီ။ လူနာ၏ ခုတင်ဘေးမှ တိုက်ပွဲတွင် တွေ့ခဲ့ရသည့် အရေးနိမ့်မှု၊ သူ စမ်းသပ် တိုက်ကျွေးခဲ့သည့် ဆေးဝါး တစ်မျိုး၏ အစွမ်းအာနိသင် ကင်းမဲ့မှုတို့ကို သူ ကောင်းကောင်း အမိဖွာယ် ကောက်တတ်နေလေပြီ။ ဂေးလ်သည် ထိုထိုးနှက်ချက်များကို ခံသာအောင် ဘယ်လို လုပ်ရမည်ကိုလည်း ကောင်းကောင်း သိနေလေပြီ။ ထိုအခါမျိုးတွင် သူမသည် ရေခဲသေတ္တာတွင် ထားသည့် ရေဆလင် ဝိုင်ပုလင်း (သို့မဟုတ်) ထရန်မီနာ ဝိုင်ပုလင်းကို ဖွင့်ကာ သူ့ယောကျ်ားကို တိုက်ရသည်။

ထိုနေ့ ညနေကမူ ရိုင်းမြစ်ကမ်းထွက် ထိုထိုသော ဝိုင်အရက်တို့သည်လည်း သူ့ယောကျ်ား၏ မျက်နှာပေါ်မှ သုန်မှုန်နေသည့် မျက်နှာထားကို ပြေပျောက်အောင် လုပ်ခြင်းငှာ မတတ်စွမ်းနိုင်။ သူ့ဇနီးနှင့် အသက် ၁၄ နှစ်နှင့် အသက် ၁၇ နှစ်အရွယ် သမီးနှစ်ယောက်ကို ပြောသည့် စကားသည် လေးနက်နေသည်။ အရေးကြီးနေသည်။

'အဲဒီနေ့ ညနေကတော့ သူက အေအိုင်ဒီအက်စ်ရဲ့ တရားခံလက်သည်လို့ ယူဆရတဲ့ ဗိုင်းရပ်စ်ပိုးကို ကိုင်တွယ်ဖို့အတွက် သူ ဆုံးဖြတ်ပြီးပြီတဲ့၊ အဲဒီ ဗိုင်းရပ်စ်ပိုးကို သတ်ဖို့ ဆေးဝါး တစ်မျိုးကို သုတေသန လုပ်တော့မယ်တဲ့၊ အဲဒီ ဆေးဝါးကို ထုတ်လုပ်ဖို့ အတွက် နောက်ဆက်တွဲ ရလဒ်တွေ ပေါ်နိုင်တယ်တဲ့၊ အဲဒီဆေးကို သုတေသန လုပ်ရတာဟာ တော်တော်လည်း အန္တရာယ်ကြီးတယ်တဲ့၊ ဓာတ်ခွဲခန်းထဲမှာ အဲဒီ ဗိုင်းရပ်စ်ပိုး အရှင်တွေကို ကိုင်တွယ်လေ့လာရတဲ့ အတွက် နောင်ဖြစ်လာမယ့် အန္တရာယ်တွေကို ဘယ်သူမှ ကြိုတင် မပြောနိုင်ဘူးတဲ့၊ သူက ကျွန်မတို့ကို အထိတ်တလန့် မဖြစ်အောင်တော့ တတ်နိုင်သမျှ တည်တည်ငြိမ်ငြိမ် ထားပြီး ပြောပြပါရဲ့၊ ဒါပေမယ့် အဲဒီလို ဗိုင်းရပ်စ်ပိုးတွေကို ကိုင်တွယ်ရမယ် ဆိုတော့ သူ့လက်အောက်မှာ ရှိတဲ့ သုတေသနသမား ငါးယောက်အနက် နှစ်ယောက်လောက်တော့ အလုပ်က ထွက်သွားကြပြီတဲ့၊ အဲဒီ အချိန်တုန်းက ဒီလောက် များတဲ့၊ အသက် ရှင်နေတဲ့ ဗိုင်းရပ်စ် ပိုးတွေကို ကိုင်တွယ် စမ်းသပ်ကြည့်မယ့် အဖွဲ့ဆိုလို့ သူ့ အဖွဲ့တစ်ဖွဲ့ပဲ ရှိတော့တယ်၊ ကျွန်မဟာ ကျစ်ဆံမြီးကလေးတွေ ချထားတဲ့ သမီးကလေး နှစ်ယောက်ကို လှမ်းကြည့်ရင်း ကျွန်မ အဖို့ သိပ် အရေးကြီးတဲ့

မေးခွန်း တစ်ခုကို ကောက် မေးလိုက်မိတယ်။

'နေစမ်းပါဦး၊ ရှင်က ဗိုင်းရပ်စ်ပိုးတွေကို ကိုင်တွယ် ကြည့်ရှု စစ်ဆေးပြီး အိမ်ကို ပြန်လာပြီ ဆိုပါတော့၊ အဲဒီအခါမှာ ဗိုင်းရပ်စ်ပိုးတွေက ရှင့်မှာ ကပ် ပါမလာနိုင်ဘူးလား၊ ကပ်ပါလာရင် ကလေးတွေကိုကော ကူးစက်နိုင်တဲ့ အန္တရာယ် မရှိဘူးလား လို့ မေးတယ်။

'သူက ခေါင်းကို ညိတ်ပြရင်း ကူးစက်နိုင်တယ် တဲ့'

[ ၃၉ ]

**ရက်ထရို ဗိုင်းရပ်စ် ပိုးဘုရင်ကို ပုန်ကန် သစ္စာဖောက်သော ပြစ်မှု။**

**ကိုး စပရင်း ဟားဘား၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၃ ခုနှစ် နွေဦး။**

သဲနုနု ကမ်းခြေ အထိ ဆင်းသွားသော မြက်ခင်းလှဲလှဲများ၊ နှင်းဆီပင်တွေ တန်းစီ စိုက်ထားသည့် လမ်းကလေးများ၊ ဝိတိုရိယခေတ် ရှေးအိမ်များ၊ တင်းနစ်ကွင်းများနှင့် ဘော်လီဘောကွင်းများ၊ ကဖေးများ၊ ညေ့ရိပ်သာများ၊ စည်းဝေးခန်းမများ၊ စာကြည့်တိုက်များ၊ ဓာတ်ခွဲခန်းများ၊ အလုပ်ခန်းများနှင့် စာပုံနှိပ်တိုက် တစ်ခု။

'ကိုး စပရင်း ဟားဘား' သည် တက္ကသိုလ် ပရိဝုဏ် တစ်ခုလိုလို၊ ခရီးသွားလုပ်ငန်း ဇဟိုဌာန တစ်ခုလိုလို။ လောင်းအိုင်လင်းကျွန်း မြောက်ဘက် ကမ်းခြေ တစ်နေရာတွင် ရှိသည့် ထိုနေရာကလေးသည် ခရုတို့၊ ကမာတို့ ကောင်းသည်ဟု နာမည်ကြီးသည်။ အခြား ကိစ္စ တစ်ခုကြောင့်လည်း နာမည်ကြီးသည်။ ယင်းမှာ ကမ္ဘာတွင် အကောင်းဆုံးသော ကလာပ်စည်း ဆိုင်ရာ ဇီဝဗေဒ ပညာရပ်တို့ကို လေ့လာ ဆည်းပူးရာ ကျောင်းတော်ကြီး တစ်ခု တည်ရှိသောကြောင့် ဖြစ်သည်။ ရာစုနှစ် တစ်ဝက်လုံးလုံး ဧပြီလနှင့် စက်တင်ဘာလ အကြား ဥတုရာသီ ကောင်းချိန် ဆိုလျှင် ထိုနေရာသို့ ကမ္ဘာ တစ်ဝန်းမှ သိပ္ပံပညာရှင်တွေ ရောက်လာတတ်ကာ နှီးနှော ဖလှယ်ပွဲများ၊ ပို့ချချက်များ ပြုလုပ်တတ်ကြသည်။

၁၉၄၆ ခုနှစ်တုန်းက မော်လီကျူလာ မျိုးရိုးဗီဇ ပညာရပ် (Molecular Genetic) ကို ပညာရပ်သစ် တစ်ခု အဖြစ် ရာဇဝင်တွင် စာတင်ခဲ့သည့်

နေရာမှာလည်း ထိုနေရာပင် ဖြစ်သည်။ ၁၉၅၃ ခုနှစ် ဇွန်လ နေ့တစ်နေ့တွင် ထိုစဉ်က အသက် ၂၄ နှစ်သာ ရှိသေးသည့် နိုဗယ်လ်ဆုရှင်လောင်း ဂျိမ်းစ်ဝပ်ဆင် က ၂၀ ရာစုနှစ်၏ အရေးကြီးဆုံးသော သိပ္ပံပညာရပ် တွေ့ရှိချက်ကြီး တစ်ခု ဖြစ်သည့် ဒီအင်အေ ဖွဲ့စည်း တည်ဆောက်ပုံ (မျိုးရိုးဗီဇ သင်္ကေတကို ယူဆောင်လာသည့် မော်လီကျူး) ကို စတင် တွေ့ရှိကြောင်း ကြေညာခဲ့သည်မှာလည်း ထိုနေရာပင် ဖြစ်သည်။

၁၉၆၆ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ မိုက်ခရို ဇီဝဗေဒ ပညာရှင်များ၊ မျိုးရိုးဗီဇ ပညာရှင်များ၊ ဓိုင်းရပ်စ်ပိုးဗေဒ ပညာရှင်များ အများဆုံး လာရောက် စုဝေးကာ မျိုးရိုးဗီဇ၏ အခြေခံ သဘောတရားများကို ပိုင်းခြား သတ်မှတ် ကြေညာခဲ့သည့် နေရာမှာလည်း ထိုနေရာပင် ဖြစ်သည်။

၁၉၇၂ ခုနှစ်တွင် အနာဂတ် နိုဗယ်လ်ဆုရှင် သုံးဦး ဖြစ်သည့် ဇီဝဗေဒ ပညာရှင် ဒေးဗစ် ဗယ်လ်တီမိုး၊ ရီနာတို ဒါဘက်ကို နှင့် ဟောင်းဝပ် တီမင်းတို့ ရီဗာ့စ် ထရန်စကရစ်တာဆီ အခန်းကဏ္ဍကို လက်တွေ့ သက်သေ ပြခဲ့ကြသည်မှာလည်း ထိုနေရာပင် ဖြစ်သည်။

ကိုး စပရင်း ဟားဘား နှီးနှော ဖလှယ်ပွဲများတွင် တင်သွင်း ဖတ်ကြားခဲ့သည့် စာတမ်းများသည် လွန်ခဲ့သည့် ရာစုနှစ်ဝက် အတွင်းက တွေ့ရှိခဲ့သော ဇီဝဗေဒ ပညာရပ်ဆိုင်ရာ တွေ့ရှိချက်များကို ဖော်ပြသည့် စာတမ်းများ ဖြစ်သည်။ ထို နှီးနှော ဖလှယ်ပွဲများ၏ ဂုဏ်သိက္ခာကလည်း အလွန် ကြီးမားသည်။ ထို နှီးနှော ဖလှယ်ပွဲသို့ ပါဝင် ဆွေးနွေးခွင့်၊ ထိုမျှမက တက်ရောက် နားထောင်ခွင့် စသည်တို့ကို ကမ္ဘာ အဝန်းရှိ သိပ္ပံပညာရှင်များ မျှော်ကြရသည်မှာလည်း အမော။ ကိုး စပရင်း ဟားဘားသည် အနိုင်နိုင်ငံမှ သိပ္ပံပညာရှင် အဖွဲ့များ လာရောက်ကာ မိမိတို့ နိုင်ငံ၊ မိမိတို့ သုတေသန ဌာနများ အတွက် သိပ္ပံပညာရှင် လူငယ်များကို လာရောက် ရှာဖွေ ငှားရမ်းရာ 'ဦးနှောက် ဈေးကွက်ကြီး' တစ်ခုလည်း ဖြစ်သည်။

၁၉၈၃ ခုနှစ် မေလ ၉ ရက်။ ထို တနင်္လာနေ့တုန်းက နိုင်ငံတကာ သိပ္ပံပညာရှင်များ အသိုက်အဝန်းတွင် လုံးဝ သိကျွမ်းခြင်းမရှိသည့် ပြင်သစ် အမျိုးသမီးငယ် တစ်ယောက်သည် ကိုး စပရင်း ပရိဝုဏ်ထဲသို့ ရောက်လာခဲ့သည်။ ကိစ္စမှာ ရက်ထရို ဗိုင်းရပ်စ်ပိုးများနှင့် ပတ်သက်သည့် ကွန်ဖရင့် တစ်ခု တက်ရန် ဖြစ်သည်။ ပါရီက ပါစချာ အင်စတီကျူသည် ငွေကြေး တောင့်တင်းသည့် ဌာနတစ်ခုလည်း မဟုတ်။ ထို့ကြောင့် ပါစချာ အင်စတီကျူ

သည် ထိုမျှ အရေးကြီးသည့် ကွန်ဖရင့်သို့ ကိုယ်စားလှယ် တစ်ယောက်သာ လွှတ်နိုင်သည်။

သို့ရာတွင် ရောဘတ် ဂါလို၏ အစုနှင့် အခြားသော အမေရိကန် သုတေသန အဖွဲ့များမှ ကိုယ်စားလှယ်တွေ အင်တိုက်အားတိုက် ရောက်လာကြသည်။ အေအိုင်ဒီအက်စ် ရက်ထရို ဗိုင်းရပ်စ်ပိုးကို ရှာဖွေ တွေ့ရှိခဲ့ရာတွင် တစ်ဦး အပါအဝင် အဖြစ် သတ်မှတ်နိုင်သည့် ဒေါက်တာ ဖရန်ဆွာ ဆီနိုဆီမှာ လာ၍သာ လာရသည်၊ ကိုယ်စားလှယ်ပင် မရ။ လေ့လာသူ တစ်ဦး အနေဖြင့် လာရခြင်း ဖြစ်သည်။ ထိုစဉ်က အေအိုင်ဒီအက်စ် ပြဿနာနှင့် ပြင်သစ်ပြည်မှ ဗိုင်းရပ်စ် ပိုးမွှား ဗေဒဆိုင်ရာ အောင်မြင်မှုများကို ကိုးစပရင်း ကွန်ဖရင့်သို့ တက်လာသည့် ကိုယ်စားလှယ်များက စိတ်ဝင်စားခြင်း မရှိကြသေး။ ထို့ကြောင့် ကွန်ဖရင့်တွင် ဖတ်ကြား တင်သွင်းမည့် စာတမ်း ၈၀ ကျော်တို့ အထဲတွင် ဒေါက်တာ ဆီနိုဆီ တင်သွင်းမည့် စာတမ်းသည် စာရင်း မဝင်။

ဒေါက်တာ ဆီနိုဆီသည် သူ့စာတမ်းကို လျစ်လျူပြုထားသည့် အတွက် မကျေမနပ် ဖြစ်နေသည်။ သူ့စာတမ်းကို ကွန်ဖရင့်တွင် တင်ဖြစ်အောင် တင်မည်ဟုလည်း ပိုင်းဖြတ်ထားသည်။ ဒေါက်တာ ဆီနိုဆီသည် ကွန်ဖရင့်ကို ဆော်ဩ ကျင်းပသည့် အမျိုးသား ကျန်းမာရေးဌာနမှ ဇီဝဗေဒ ပညာရှင် မယ်လကွန် မာတင်၏ ရုံးခန်းကို ဝင်ပြီး နားပူနားဆာ လုပ်သည်။ ရက်ထရို ဗိုင်းရပ်စ်ပိုး အသစ် ရှာဖွေရာတွင် သူနှင့် သူ့အဖွဲ့ ရှာဖွေ ရရှိခဲ့သော ရလဒ်များကို သူ သဘောပေါက်အောင် ရှင်းပြသည်။ သူ့ရလဒ်ကို သက်သေထူသည့် အနေဖြင့် ဘရူးအခန်းတွင် သူတို့ တွေ့ရှိခဲ့သော ရက်ထရို ဗိုင်းရပ်စ် ပိုးတို့ကို ရိုက်ထားသည့် ဆလိုက်ပြား ငါးခုကို ပြသည်။ ပဌမမြောက် ဆလိုက်ကို ပြသည့် အခါတွင်မှု အမေရိကန် ပြည်ထောင်စုသည် လှုပ်ရှားစပြုလာသည်။

'အေး စိတ်ဝင်စားစရာတော့ ကောင်းတယ်ဟ၊ ဒီလိုလုပ်၊ သောကြာနေ့မှာ နီးနေဖ ဖလှယ်ပွဲ ပြီးရင် မင်းကို ငါးမိနစ် အချိန်ပေးမယ်၊ ငါးမိနစ်ပဲနော်၊ များများ မပေးနိုင်ဘူး၊ မင်းတို့ ကောက်ချက် ဘယ်လောက် အရေးကြီးတယ် မကြီးတယ် ဆိုတာကို တက်လာတဲ့ ပညာရှင်တွေ သဘောပေါက်အောင် ရှင်းပြဖို့ကတော့ မင်းတာဝန်ပဲ'

ဒေါက်တာ ဆီနိုဆီသည် ရင်တွေ ခုန်နေသည်။ ထိုမျှ ဂုဏ်သတင်း

ကြီးသည့် နိုးဘဲလ် ဖလှယ်ပွဲကြီးတွင် နိုင်ငံခြားမှ လာသည့် သူ့လို မထင်မရှား သိပ္ပံပညာရှင် တစ်ယောက်ကို တင်ပြခွင့် ပေးသည့်အတွက် သူ ဝမ်းသာသည်။ ကွန်ဖရင့် ကျင်းပရေး ကော်မတီကမူ သူ့ထက် အမေရိကန် သုတေသန ဌာနကြီးများမှ ကိုယ်စားလှယ်များကို ဦးစားပေးချင်သည်။ ထုံးစံအတိုင်း ဆိုလျှင် ထိုကွန်ဖရင့်တွင် စာတမ်း ဖတ်ဖို့ အတွက် စာတမ်းကို ခြောက်လ ကြို၍ တင်ရသည်။ စာတမ်း တင်သွင်းမည့်သူကလည်း သူ့စာတမ်း အတွက် သီတင်းပတ်ပေါင်း များစွာ ပြင်ဆင်ရသည်။ ဒေါက်တာ ဆိနိုဆီသည် ထို အချက်ကို စဉ်းစားမိသည့် အခါတွင် တုန်သွားသည်။ သူ စာတမ်းတင်မည့် ငါးမိနစ် အချိန်ကလေးသည် မှန်တိုင်း တစ်ခုကို ကောင်းကောင်း ဖန်တီး နိုင်သည်။ မိမိသည် ရောဘတ်ဂါလို ကဲ့သို့ ဆင်ကြီးက ချမှတ်ထားသည့် မူတစ်ခုကို မှားသည်ဟု သက်သေ ပြရတော့မည်လော။ အိတ်ချ်အိုင်ဗွီ မှ လွဲလျှင် လူတွင် စွဲကပ်သည့် အခြားသော ရက်ထရို ဗိုင်းရပ်စ်ပိုး မရှိ ဆိုသော သူ့အဆိုကို ချေဖျက်ရမည်လော။ ရက်ထရို ဗိုင်းရပ်စ်ပိုးဗေဒ ပညာ ရပ်တွင် ဆရာကြီး တစ်ဆူ ဖြစ်နေသည့် ရောဘတ် ဂါလိုကို မိမိလို ပါမွှား ကလေးက ရင်ဆိုင်၍ ဖြစ်မှ ဖြစ်ပါမည်လော။ အေအိုင်ဒီအက်စ် ရောဂါ လက္ခဏာချက်များ ရှိသည့် လူနာ တစ်ယောက်တွင် အခြားသော မနေ့သ ရက်ထရို ဗိုင်းရပ်စ်ပိုး အသစ် တစ်မျိုး ရှိသေးသည် ဆိုသည့် အချက်ကို သူ ဘယ်လိုလုပ်၍ တင်ပြရမည်နည်း။

'ကွန်ဖရင့် မတိုင်ခင် တစ်ညက တစ်ညလုံး အိပ်မပျော်ဘူးရှင်၊ ပထမ ဆလိုက်ပြားကို ကိုင်ပြီး ရှင်းလင်းပြဖို့ စင်မြင့်ပေါ်ကို တက်လာတော့ ကြောက်လိုက်တာလေ မပြောပါနှင့်တော့၊ အကြောက်ကြောက် အလန့်လန့် နှင့် လက်ထဲက ကြိမ်လုံး လွတ်ကျသွားပြီး ရှေ့ဆုံးတန်းမှာ ထိုင်နေတဲ့ ဒေါက်တာ ဒေးဗစ် ဘယ်လ်တီမိုးရဲ့ ခေါင်းပေါ်ကို ကျသွားတယ်၊ သူက ရီဗာ့စ် ထရန်စကရစ်တာဆီ အင်ဇိုင်းကို စတွေ့တဲ့ သူတွေထဲက တစ်ဦးလေ၊ ရှေ့ဆုံးတန်းမှာ ထိုင်နေတာကိုးရှင့်'

ဘက်ကတီရိုဖိတ်ချက် ခေါ် သာမန် ဘက်တီးရီးယားမှ ဖြစ်လာသည့် ဗိုင်းရပ်စ်ပိုး ပါရဂူများ ဖြစ်သော ဖရန်ဆွာ ဂျက်ကော့၊ အန်ဒရေ လော့ဖ် နှင့် ဂျက် မိုးနော့ တို့မှ လွဲလျှင် ရာစုနှစ်ဝက် အတွင်း ကိုးစပရင်းက ကျင်းပသည့် နိုးဘဲလ် ဖလှယ်ပွဲများသို့ တက်ရောက်ခွင့် ရသည့် ပြင်သစ် အမျိုးသား ဆို၍ တစ်ယောက်မှ မရှိသေး။

သို့ရာတွင် ဒေါက်တာ ဆီနီဆီကမူ အလွန် ချေးထူသည့် ပရိသတ်၏ စာနာမှုကို ရအောင် ယူနိုင်ခဲ့သည်။ နောက်ဆုံး ဆလိုက်ကို ပြသည့် အထိ ပရိသတ်က နှစ်သက်စွာ တုံ့ပြန်သည့်အခါတွင် သူ အားတက်လာသသည်။ ကမ္ဘာပေါ်ရှိ ဇီဝဗေဒ ပညာရပ်လောကမှ ပညာရှင် အကျော်အမော်တို့သည် ပါရီ ခွဲစိတ်ခန်းထဲတွင် ဓာတ်ပုံပညာရှင် ချားလ် ဒိုဂေး ရိုက်ကူးပေးလိုက်သည့် ဓာတ်ပုံကို ကြည့်၍ တအံ့တသြ ဖြစ်နေကြသည်။ တက်ရောက်လာကြသည့် ကျွမ်းကျင်သူ ပညာရှင်များသည် ဒေါက်တာ ဆီနီဆီ တင်ပြသည့် အချက်ကို လက်မခံဘဲ မနေနိုင်ကြတော့ပြီ။ သေးငယ်၍ ပုံသဏ္ဍာန် တစ်မျိုး ဆောင်နေသည့် ဝတ်ဆံကလေး ရှိသည့် ထိုပစ္စည်း၏ ဖွဲ့စည်းပုံသည် ရောဘတ် ဂါလို တွေ့ရှိခဲ့သည့် အိတ်ချ်တီအယ်လ်ဗွီ ဗိုင်းရပ်စ်ပိုးနှင့် လားလားမျှ မတူ။ ထို ဗိုင်းရပ်စ်သည် အခြား တစ်ပါးသော ရောဂါမှ ထွက်လာသော ကပ်ပါးပိုးသော် လည်းကောင်း၊ ခွဲစိတ်ခန်း စမ်းသပ်မှုမှ မတော်တဆ တွေ့လာသော ဗိုင်းရပ်စ်ပိုးသော် လည်းကောင်း ပြင်သစ် ပညာရှင်တို့ ခွဲခြား ရရှိသည့် အေအိုင်ဒီအက်စ် ကိုယ်စားလှယ် ဟုတ် မဟုတ် အခိုင်အမာ သက်သေပြရန်သာ ကျန်တော့သည်။

ဆလိုက်များကို ပြပြီးသည်နှင့် သိပ္ပံပညာရှင်များက မေးခွန်းများဖြင့် ပစ်ခတ် တိုက်ခိုက်ကြတော့သည်။

'ခင်ဗျား ဗိုင်းရပ်စ်ပိုးကို စပ်ယူတာလား၊ ဆီးကွင့် လုပ်ယူတာလား'

ဒေါက်တာ ဆီနီဆီသည် ထိုမေးခွန်းများကို မျှော်လင့်ထားပြီးသား ဖြစ်ပါသည်။ အဖြေများကိုလည်း စဉ်းစားခဲ့ပြီးသား ဖြစ်ပါသည်။ သူက ချစ်စရာ အကောင်းဆုံး အပြုံးများဖြင့် သူတို့ မေးခွန်းများကို ဖြေသည်။

'နည်းနည်း သည်းခံကြပါရှင်၊ ကျွန်မတို့ ဗိုင်းရပ်စ်ပိုးရဲ့ ရီဗာ့စ် ထရန်စကရစ်တာဆီရဲ့ လှုပ်ရှားမှုကို ဇန်နဝါရီလမှာ စတွေ့ပါတယ်၊ ဗိုင်းရပ်စ်ကိုတော့ ဖေဖော်ဝါရီ ကျမှပဲ ရှာလို့ တွေ့ပါတယ်၊ မတ်လ ရောက်တော့ သူ့ကို ဓာတ်ပုံ ရိုက်ယူပါတယ်၊ ခုမှ မေလပဲ ရှိပါသေးတယ်၊ ကျွန်တော့် လုပ်ငန်းတွေကို လုပ်ဖို့တော့ နည်းနည်းလေးတော့ အချိန်ပေးကြပါ'

ရယ်သံနှင့် လက်ခုပ်သံများ ပေါ်ထွက်လာသည်။

စင်မြင့်ပေါ်မှ ဆင်းလျှင် ဆင်းချင်း သူ့တင်ပြချက်များကို သဘောကျနေသူများမှာ သူ့အနီးတွင် ဝိုင်းအုံနေလေပြီ။ ထိုအထဲတွင် သွေးမတည့် ရောဂါများနှင့် ကူးစက်ရောဂါများ ဆိုင်ရာ အမေရိကန် အင်စတီကျု ဌာနမှ

အကြီးအကဲ တစ်ဦးလည်း ပါဝင်သည်။ သူက ဘာသီးစ်ဒါး ပရိဝုဏ်ထဲတွင် အလုပ် လုပ်နေသည့် သိပ္ပံပညာရှင်များကို လာရောက်၍ ဟောပြောဖို့ ဖိတ်သည်။ စီဒီစီ (ရောဂါ ထိန်းချုပ်ရေး ဗဟိုဌာန) မှ ဗိုင်းရပ်စ်ပိုးဗေဒ ဌာန အကြီးအကဲက အတ္တလန်တာသို့ သွားရောက်ပြီး သူတို့ တွေ့ရှိချက်ကို ဟောပြော တင်ပြရန် ဖိတ်သည်။ ရောဘတ် ဂါလို ဓာတ်ခွဲခန်းမှ ကိုယ်စားလှယ်များကပင်လျှင် ဝါရှင်တန်သို့ လာပြီး သူတို့ အကြီးအကဲ ရောဘတ် ဂါလို အား အသေးစိတ် ရှင်းလင်း တင်ပြရန် ဖိတ်ကြသည်။

သူတို့ အကြီးအကဲသည် ထိုအကြောင်းများကို အားလုံး သိပြီးသား ဖြစ်သည်။ သေးငယ်လှသည့် ရက်ထရို ဗိုင်းရပ်စ်ပိုးဗေဒ ပညာရပ်လောကတွင် ရောဘတ် ဂါလို မသိသည့် အရာဆို၍ တစ်ခုမှ မရှိ။ ဖြစ်ပျက်သမျှကို သူ သတင်းရပြီး သားချည်း ဖြစ်သည်။ အဝေးဆုံး တိုင်းပြည်များတွင် ရှိသည့် ပညာရှင်များကပင် သူနှင့် အဆက်အသွယ် မလုပ်သည့် သုတေသန ဓာတ်ခွဲခန်း ဆို၍ တစ်ခုမျှ မရှိ။ သူ့ကို အကြောင်းကြားမည့်သူ၊ သတင်းပေးမည့်သူ တစ်ဦးဦး တော့ ရှိနေကျ။ သူ့ဌာနက ငွေလုံးငွေရင်း များများ သုံးနိုင်သည့် နေရာ ဖြစ်သည့် အတွက် အမေရိကန် ပြည်ထောင်စုနှင့် နိုင်ငံခြား တိုင်းပြည်များမှ ပညာရှင်များ အတွက် ခွင့်ပြုငွေတွေ အများကြီး ပေးနိုင်သည်။ ထိုသို့ ပေးနိုင် သဖြင့် သူ့ဌာနကို သစ္စာ ခံသည့်သူတွေ တစ်ပုံကြီး ရှိသည်။ သိပ္ပံပညာရှင် တစ်ဦး အနေဖြင့် သူ့ ကျော်ကြားမှု၊ ဆက်သွယ်ရေးသမား တစ်ဦး အနေဖြင့် သူ့ ကျွမ်းကျင်မှု၊ ဆွဲဆောင်အား ကောင်းသည့် သူ့ဥပဓိရုပ် စသည်တို့ကြောင့် ကမ္ဘာ တစ်ဝန်းတွင် နိုင်ငံရေးနှင့် သိပ္ပံပညာဆိုင်ရာ အဆက်အသွယ်တွေလည်း အများကြီး ရှိသူ ဖြစ်သည်။ ဗိုင်းရပ်စ် ပိုးမွှား သုတေသန လောကတွင် ဩဇာ ကြီးလိုက်ပုံကလည်း ပြောစရာ မရှိတော့။ သူကမှ အတည်မပြုလျှင် မည်သည့် ဗိုင်းရပ်စ် ဗေဒ ဆိုင်ရာ တွေ့ရှိချက် မဆို အသိအမှတ်ပြု ခံရဖို့ ဆိုသည်မှာ ခက်ခဲဘိခြင်း။

'သုတေသန စီမံချက် တစ်ခု အတွက် လုပ်ချင်တယ် ဆိုရင် ဗိုင်းရပ်စ် ဘုရား ဂါလိုရဲ့ အထောက်အကူ ပါမှ ဖြစ်မှာဗျ၊ သူက ထောက်ခံမှ ကျွန်တော် တို့ အကြီးအကဲတွေက လက်ခံပြီး လိုအပ်တဲ့ ငွေကို ထုတ်ပေးတာ၊ ကျွန်တော် တို့ဆိုတဲ့ ကောင်တွေက ဘယ်လောက်များ သနားစရာ ကောင်းလိုက်သလဲဗျာ၊

အမေရိကန် ခွင့်ပြုချက်ရမှ အလုပ် လုပ်ရတယ် ဆိုတော့ သေရောပေါ့၊ အဲဒီ အချိန်တုန်းက ဆိုရင် ပြင်သစ် သုတေသနတင် မကဘူး၊ ဥရောပ တစ်တိုက် လုံးဟာ ကော်မာကလေးလောက်သာ အစက်ချနိုင်ပြီး အမေရိကန်တွေ ရေးမှ သာ ဝါကျဖြစ်တဲ့ ခေတ်ဗျ' ဟု ပြင်သစ် သုတေသန ပညာရှင် ဂျင်း ကလော်ဒီ ရှားမင်းက ညည်းဖူးသည်။

သိပ္ပံပညာရှင် တကာတို့တွင် အထွတ်အထိပ် ဖြစ်သော ရောဘတ် ဂါလိုကို ဝေဖန် တိုက်ခိုက်ဖို့ မပြောနှင့်၊ စိတ်ဖြင့် ပြစ်မှားရုံဖြင့်ပင် နိုင်ငံတော် သစ္စာဖောက်မှုကြီး တစ်ခုကို ကျူးလွန်သည့်နှယ် ဖြစ်နေသည်။ ပြင်သစ် ပြည်မှ လတ် မွန်တိန်းနီးယားနှင့် သူ့အဖွဲ့ အဖို့ သူတို့ တွေ့ရှိချက်ကို နိုင်ငံ တကာ သိပ္ပံပညာ အသိုက်အဝန်းက အာရုံစိုက်မှုကို လိုချင်လျှင် အမျက်ဒေါသ ကိုတော့ ခံရလိမ့်မည်။ သို့ရာတွင် ယခုမူ ထို ဗိုင်းရပ်စ်ဘုရား ကိုယ်တိုင်က ပင်လျှင် သူ့တွေ့ရှိချက်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် ထုတ်ဖော် ကြေညာ လိုသနည်းဟု မေးနေလေပြီ။

'အေအိုင်ဒီအက်စ် ရောဂါ ဖြစ်ရာမှာ သူ တွေ့ရှိထားတဲ့ အီတ်ချ်တီ အယ်လ်ဗွီ ဗိုင်းရပ်စ်ဟာ ဘယ်လောက် တာဝန်ရှိတယ် ဆိုတဲ့ အကြောင်းကို ၁၉၈၃ ခုနှစ် မေလထုတ် သိပ္ပံမဂ္ဂဇင်းမှာ ပုံနှိပ် ဖော်ပြမယ်တဲ့၊ အဲဒါနှင့် အတူ အေအိုင်ဒီအက်စ် လူနာ ၃၀ ရာခိုင်နှုန်းမှာ ရက်ထရို ဗိုင်းရပ်စ်ကို တွေ့ရှိခဲ့တဲ့ တိရစ္ဆာန်ဆေးကု ဇီဝဗေဒပညာရှင် မက်စ်အက်ဆက်ရဲ့ အစီရင်ခံစာကိုလည်း ပူးတွဲ ဖော်ပြမယ်တဲ့၊ ဒေါက်တာ ဂါလိုက ကျွန်တော့်ကို ပြောလိုက်တယ်' ဟု လတ် မွန်တိန်းနီးယားက နောင်တွင် ပြောပြသည်။

သူတို့ ကြေညာချက် ဖော်ပြသောလ၊ သူတို့ ဖော်ပြသော စာစောင်တွင် ပါစချာ အင်စတီကျုတွင် တွေ့ခဲ့သော တွေ့ရှိချက်ကို ဖော်ပြရန် အမေရိကန် သိပ္ပံပညာရှင်တို့က ပြင်သစ် သိပ္ပံပညာရှင်တို့ကို အကြံပေး တင်ပြထားသည်။

ရောဘတ် ဂါလိုသည် ပြင်သစ်တို့ တွေ့ရှိချက်ကို ဖောက်ခွဲပစ်ရန် အခွင့်အရေးကို စောင့်နေလေသလော။ ပြင်သစ်တို့၏ အစီရင်ခံစာကို သူတို့ နှင့် တစ်ပြိုင်တည်း သိပ္ပံစာစောင်တွင် ဖော်ပြပေးရန် ရောဘတ် ဂါလိုက တာဝန်ယူသည့် အပြင် ထိုအစီရင်ခံစာတွင် နိဒါန်း ရေးပေးလိုက်သေးသည်။ ယင်းမှာ ရောဘတ် ဂါလို၏ ရက်ရောမှုဟု ဆိုစရာရှိသည့်တိုင် ရက်ထရို ဗိုင်းရပ်စ် အသစ်ကို တွေ့ပြီ ဆိုသည့် ပြင်သစ်တို့၏ ကြေညာချက်ကို မှား ယွင်းကြောင်းကို အရိပ်တကွဲ ဖြစ်စေသည်ဟု ဆိုနိုင်သည်။ ပြင်သစ်တို့၏

ရက်ထရို ဗိုင်းရပ်စ်ပိုးမှာ တီလင်ဆိုဖိုက်များကို ရောဂါစွဲကပ်သည့် ရက်ထရို ဗိုင်းရပ်စ် ဖြစ်သည့်အတွက် အတိုကောက်အားဖြင့် (human T-lymphotro-pic virus) အိတ်ချ်တီအယ်လ်ဗွီ ရက်ထရို ဗိုင်းရပ်စ် ဟု ခေါ်ထားသည်။ ရောဘတ် ဂါလို၏ ရက်ထရို ဗိုင်းရပ်စ်မှာလည်း (human T-cell leukemia virus) ဆိုသဖြင့် အိတ်ချ်တီအယ်လ်ဗွီ ဟူသော အတိုကောက်တွင် စာလုံးချင်း တူနေသည်။ ရောဘတ် ဂါလိုကမူ ထိုသို့ အတိုကောက် စာလုံးချင်း တူနေသည်ကို သဘောကျသည်။ ပြင်သစ်တို့သည် သူတို့ ရက်ထရို ဗိုင်းရပ်စ်ပိုးကို သူ့ဗိုင်းရပ်စ် ပိုးလိုပင် အိတ်ချ်တီအယ်လ်ဗွီဟု အမည် ပေးထားသဖြင့် သူတွေ့ထားသည့် ဗိုင်းရပ်စ်ပိုးနှင့် ဆွေမျိုးနီးစပ် တော်သည်ဟု ဝန်ခံရာ ရောက်ကြောင်းဖြင့် ကြေညာထားသည်။

ပါစချာ အင်စတီကျူမှ သိပ္ပံ ပညာရှင်များသည် ဂါလို၏ မလိမ့်တစ်ပတ် ကြေညာချက်ကြောင့် အံ့အား သင့်နေကြသည်။ ထို့ကြောင့် သူတို့ တွေ့ရှိသည့် ဗိုင်းရပ်စ်ပိုးကို အိတ်ချ်တီအယ်လ်ဗွီ ဟူသော အမည်မှ (lym-phadenopathy associated virus = LAV) အယ်လ် အေ ဗွီ ဗိုင်း ရပ်စ်ဟု အမည် ပြောင်းလိုက်ကြသည်။ တစ်နည်း ပြောရလျှင် lymphadenopathy AIDS virus ဟူသော အမည်ဖြင့် ဖြစ်သည်။

သို့ဖြင့် ပြင်သစ်တို့၏ အယ်လ်အေဗွီ ဗိုင်းရပ်စ်နှင့် အမေရိကန်တို့၏ အိတ်ချ်တီအယ်လ်ဗွီ ဗိုင်းရပ်စ် ဟူ၍ ဖြစ်လာသည်။ သီတင်းပတ် အနည်းငယ် အတွင်း၌ အတိုကောက် စာလုံးများ၏ တိုက်ပွဲသည် ကမ္ဘာ့ သတင်းစာကြီးများတွင် စာလုံးမည်းကြီးတွေနှင့် ပါလာသည်။

[ ၄၀ ]

**ကျွန်တော်တို့ မကြာခင် အောင်ပွဲ ခံတော့မယ်။**

**ပါရီ၊ ပြင်သစ်ပြည်။**

**ဘာသီးစ်ဒါ၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၃ ခုနှစ် နွေဦး – နွေရာသီ။**

သူတို့ကမူ စနေနေ့ ဝတ်တက်ချိန်ဟု ခေါ်ကြသည်။

၁၉၈၃ ခုနှစ် ထိုနွေဦးပေါက်က စနေနေ့တိုင်း မနက် ၁၀ နာရီ

ထိုးသည်နှင့် သူတို့ ပါစချာ အင်စတီကျူ ဗိုင်းရပ်စ် ပိုးမွှားဗေဒမှ အဖွဲ့ဝင်များသည် လတ် မွန်တိန်းနီးယားၡ၏ ရုံးခန်းတွင် စုဝေးတတ်ကြသည်။ ရုံးခန်းထဲတွင် ဖိုင်တွဲတွေ၊ အစီရင်ခံစာတွေ၊ ဆေးပညာ ဂျာနယ်တွေက စုပုံလျက်။ အသက် ၄၀ ကျော်လောက်ရှိသည့် ထိုအမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၀ ယောက်တို့၏ အလုပ်မှာ ဘရူး အခန်းထဲမှ စမ်းသပ် ဖန်ပြွန်များထဲတွင် တွေ့ခဲ့သည့် ရက်ထရို ဗိုင်းရပ်စ်သည် အေအိုင်ဒီအက်စ် ရောဂါ ဖြစ်စေသော ကိုယ်စားလှယ် ဖြစ်ကြောင်းကို သေချာစွာ အတည်ပြုနိုင်ရန် ဖြစ်သည်။

ပါစချာ အင်စတီကျူမှ ပညာရှင်များ ဖြစ်ကြသော လတ် မွန်တိန်းနီးယား၊ ဂျင်း ကလော်ဒီ ရှားမင်း၊ ဖရန်ဆွာ ဆီနိုဆီ စသူတို့ အပြင် သူတို့အထဲတွင် ကလော်ဒီ ဘားနတ် ဆေးရုံကြီးမှ ဗိုင်းရပ်စ်ပိုးဗေဒ ပါရဂူ နှစ်ဦး၊ ဆေးဝါး ကုသမှု ပါရဂူ နှစ်ဦး၊ ကိုယ်ခံ စွမ်းအားဗေဒ ပါရဂူ နှစ်ဦးနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ကပ်ရောဂါဗေဒ ပါရဂူတို့လည်း ပါကြသည်။ ပြင်သစ်တို့၏ ရက်ထရို ဗိုင်းရပ်စ်ပိုးသည် အေအိုင်ဒီအက်စ် ရောဂါ ဖြစ်စပြုနေသည့် လူနာ တစ်ဦး၏ သားနံ့ရည် အကျိတ် တစ်ခုထဲမှ တွေ့ရှိခြင်း ဖြစ်သည်။ ရောဂါ ကျွမ်းနေသူများ၏ သားနံ့ရည် ကျိတ်များထဲမှလည်း ထို ရက်ထရို ဗိုင်းရပ်စ်ပိုးကို ထုတ်၍ သက်သေပြဖို့ လိုနေသေးသည်။ မိန်းမလျာ၊ ဆေးစွဲသူ၊ သွေး မတိတ် ရောဂါရှင် ဟေရှန်လူမျိုး၊ အာဖရိကန်လူမျိုး စသည့် လူနာများထဲတွင် ရှိကြောင်းကိုလည်း သက်သေ ပြရဦးမည်။

သိပ္ပံပညာရပ်တွင် သက်သေ တစ်ခု ပြတိုင်း ပြောင်းပြန် သက်သေ တစ်ခုကို ပြရသေးသည်။ ရက်ထရို ဗိုင်းရပ်စ်ပိုးသည် ရောဂါရှင်များတွင် ရှိသည် ဆိုလျှင် ကျန်းမာသော သူများတွင် ထိုရက်ထရို ဗိုင်းရပ်စ်ပိုး မရှိကြောင်းကို သက်သေ ပြရဦးမည်။ ခက်တော့ ခက်သည်။

နောက်ဆုံး၌ ကာပိုဆီ ဆာကိုးမား ခေါ် အရေပြား ကင်ဆာ စွဲကပ်နေသည့် မိန်းမလျာ တစ်ယောက်တွင် အယ်လ်အေဗွီ ဗိုင်းရပ်စ်ပိုး ရှိကြောင်းကို ဒုတိယအကြိမ် သက်သေ ပြနိုင်ခဲ့ကြသည်။ ထိုရက်ထရို ဗိုင်းရပ်စ်ပိုး၏ ခန္ဓာဗေဒ လက္ခဏာချက်၊ ကိုယ်ခံအား လက္ခဏာချက်၊ ဇီဝ ဓာတုဗေဒဆိုင်ရာ လက္ခဏာချက်များမှာ ပါရီမြို့ ဒီနိုင်းဆရာကလေး၏ သားနံ့ရည်ကျိတ်ထဲတွင် တွေ့ခဲ့ရသည့် ဗိုင်းရပ်စ်နှင့် တစ်သဝေမတိမ်း တူနေသည်။ တတိယ ဗိုင်းရပ်စ်ပိုးကို သွေးမတိတ် ရောဂါရှင် တစ်ဦး၏ ကလာပ်စည်းထဲတွင် ထပ်၍ လေ့လာခဲ့ပြန်သည်။ ၁၀ ရက် အကြာတွင် အေအိုင်ဒီအက်စ် ရောဂါဖြင့်

သေဆုံး သွားသော ကလော်ဒီ ဘားနတ် ဆေးရုံသို့ လာ၍ ကုသနေသည့် ဇာရေးမှ မိန်းမပျို တစ်ဦး၏ သွေးကို စစ်ဆေး ကြည့်သည့်အခါ စတုတ္ထ အထောက်အထားကို တွေ့ရပြန်သည်။ ထို့နောက်တွင် အခြားသော လူနာ အမျိုးမျိုးတို့ထံမှ အလားတူ ဗိုင်းရပ်စ် ပိုးများသည်လည်း ဘရူး အခန်းရှိ အအေးတိုက်ထဲသို့ ရောက်လာခဲ့ကြပြန်သည်။

မိမိတို့သည် လမ်းကြောင်းမှန်ပေါ် ရောက်နေကြပြီဟု လတ် မွန်တီနီး နီးယား နှင့် သူ့ အဖွဲ့သားများ စိတ်ချစ ပြုလာခဲ့ကြသည်။ ရင်းမြစ် အမျိုးမျိုး မှ လာသော ဗိုင်းရပ်စ်ပိုးများ အားလုံးတွင် တူညီသည့် အချက်ကို သွားတွေ့ နေရပြီ။ သူတို့ အားလုံးတွင် ပရိုတိန်းချင်း အတူတူ၊ တီ–လင်ဖိုဆိုက်များကို ဖျက်ဆီး ပစ်တတ်သော သတ္တိ အတူတူ။

ရလဒ်တွေက အတော် ခိုင်လုံနေပြီ။ အသက် အန္တရာယ် ပေးသည့် ရောဂါကြီးကို တိုက်ဖျက်ရာတွင် အဆုံးအဖြတ် ပေးမည့် တိုက်စစ်ကို လုပ်ဖို့ အချိန်ရောက်ပြီ။ သုတေသန ပညာရှင်များတွင် ထိုရောဂါကြီးကို ရက်တိုတို နှင့် တားဆီးဖို့၊ ကာကွယ်ဆေးဖြင့် တားဆီးဖို့၊ ရက်တိုတိုနှင့် ကုသပေးဖို့ ဆိုသည်ကိုတော့ မမျှော်လင့်နိုင်သေးပါ။ သို့ရာတွင် ထိုရောဂါ ပြန့်ပွားရေး ကို တားဆီးနိုင်လိမ့်မည်ဟုတော့ မျှော်လင့်ပါသည်။ သီတင်းပတ် အနည်းငယ် အတွင်း၌ စနေ ဝတ်အသင်းသည် စမ်းသပ်ချက် တစ်ခုကို ပြုလုပ်နိုင်ခဲ့သည်။ ယင်းမှာ ဗိုင်းရပ်စ်ပိုး တိုက်ခိုက်လာသည့် အခါတွင် ကိုယ်အင်္ဂါ စနစ်ကြီးက ထုတ်လုပ်ပေးသည့် ပဋိပစ္စည်းများ ရှိကြောင်းကို တွေ့လာခဲ့ရသည်။

ထိုပစ္စည်းကို (enzyme-linked immunosorbent assay = ELISA) အယ်လီဇာ ဟု ခေါ်သည်။

ထိုစမ်းသပ်မှုကို ပြုလုပ်ခြင်းဖြင့် လူတစ်ယောက်တွင် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုး စွဲကပ်နေခြင်း ရှိမရှိကို သိနိုင်သည်။ ထိုစမ်းသပ်မှုကို လုပ် နိုင်သည့် အတွက် အကျိုးကျေးဇူးမှာ သွေးသွင်း ကုသမှု အတွက် လိုအပ် သော သွေးများကို စုဆောင်းရာတွင် သွေးကို စစ်၍ ရှာဖွေ လာနိုင်ခြင်း ဖြစ်သည်။

အယ်လီဇာ စမ်းသပ်ရေး ကိရိယာ ထုတ်လုပ် ရောင်းချရေး ကိစ္စသည် စီးပွားရေးအရ အတော် အကျိုးရှိသည့် လုပ်ငန်းကြီး တစ်ရပ် ဖြစ်လာခဲ့သည်။ အမေရိကန် အာဏာပိုင်များသည် သန်းပေါင်းများစွာ အရောင်းအဝယ် ရှိသော ဈေးကွက်ကြီး တစ်ခု လက်လွှတ်သွားမည်ကို စိုးရိမ်လာကြသည်။ ဤတွင်

ရောဘတ် ဂါလိုက ပြင်သစ်တို့၏ အယ်လီဇာ စမ်းသပ်ရေး နည်းများတွင် ချွတ်ယွင်းချက်တွေ ရှိသည်ဟု ထုတ်ဖော် ပြောဆိုလာခဲ့သည်။ ပြင်သစ်တို့ကလည်း သူတို့ ဈေးကွက်ကို ဝင်လုပြီဟု ဆိုကာ သူတို့ စမ်းသပ်နည်း ခိုင်မာကြောင်းကို သက်သေထူကြသည်။ ပါစချာ အင်စတီကျူ့က အယ်လီဇာ သွေးစစ် ကိရိယာများကို စီးပွားရေး လုပ်ငန်း အဖြစ် ထုတ်လုပ် ရောင်းချပြီဟု ကြေညာခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ပြင်သစ်တို့က အမေရိကန် အာဏာပိုင်များထံ သူတို့ စမ်းသပ်နည်းကို မှတ်ပုံတင်ပေးရန် တောင်းခံခဲ့သည်။ များမကြာမီ အမေရိကန်တို့ကလည်း သူတို့နည်းဖြင့် ရှာဖွေ တွေ့ရှိသော သွေးစစ်နည်း ကိရိယာကို တီထွင်လာနိုင်ခဲ့သည်။ သူတို့ကို လအနည်းငယ် အတွင်း အမေရိကန် အစိုးရက မှတ်ပုံ တင်ပေးလိုက်ပြီး ပြင်သစ်တို့ကိုမူ နောင် နှစ်အနည်းငယ် ကြာမှ မှတ်ပုံ တင်ပေးခဲ့ကြသည်။

ထို အတောအတွင်း၌ကား ပြင်သစ် သိပ္ပံပညာရှင်များနှင့် အမေရိကန် သိပ္ပံပညာရှင်များ အကြားတွင် စစ်ခင်းနေကြလေပြီ။

အထောက်အပံ့ ဆို၍ မည်မည်ရရ မရှိသည့် ပိစိညှပ် ပြင်သစ် သုတေသန အဖွဲ့ကလေးက အောင်မြင်မှု ရသွားသည့်အခါတွင် အမေရိကန် သုတေသန အဖွဲ့ကြီးသည် နာလိုခံခက် ဖြစ်နေသည်။

၁၉၈၃ ခုနှစ် ဧပြီလ တစ်မနက်၌ ရောဘတ် ဂါလိုသည် သူ့အဖွဲ့သားများအား ဘာသီးစ်ဒါးရှိ အဆောက်အအုံ နံပါတ် ၃၇၊ ပထမထပ်ရှိ နီယွန်မီးချောင်းတွေ ထိန်လင်းနေသော အစည်းအဝေး ခန်းမသို့ စုဝေးလိုက်သည်။ သူ့ဌာနမှ အဖွဲ့သားများ အဖို့ ဒေါက်တာ ဂါလို၏ ဌာနဆိုင်ရာ အစည်းအဝေးများသည် အမြဲတမ်းလိုလို ထူးခြားသည့် အဖြစ်အပျက်များ ဖြစ်နေတတ်သည်။ ထိုအစည်းအဝေးများသည် သုတေသန လောကတွင် အရေးကြီးသည့် ကြယ်ပွင့်များကို တွေ့ဆုံရသည့် အခွင့်အရေးကြီး တစ်ရပ် ဖြစ်သည်။ သူတို့သည် ဂါလို၏ ရှေ့မှောက်တွင် သူတို့၏ လုပ်ငန်းများနှင့် ပတ်သက်၍ အရေးတကြီး တင်ပြတတ်ကြသည်။ ထို့ကြောင့် ကမ္ဘာတွင် ဖြစ်ပေါ်နေသည့် ဆေးပညာ သုတေသနနှင့် ပတ်သက်လာလျှင် စာစောင်များတွင် မပါမီကတည်းက ကြိုတင် သိရသည့် အခွင့်ထူးကို ရရှိကြသည်။

‘သုတေသန လုပ်ငန်းတွေဟာ အချိန်နှင့် အမျှ တစ်ဟုန်ထိုး တိုးတက်

နေချိန်မှာ ဒီလို ကြိုတင် သိရတာဟာ ရတောင့်ရခဲတဲ့ အခွင့်အရေးကြီး ဖြစ်တယ်' ဟု ဒေါက်တာ ဂါလိုက ပြောလေ့ရှိသည်။

၁၉၈၃ ခုနှစ် ဧပြီလတွင် ကျင်းပသည့် ထိုအစည်းအဝေးကို မည်သူမျှ အပျက်အကွက် မခံနိုင်ကြ။ အစည်းအဝေး တက်သူများလည်း အစုံ။ စိတ်အား ထက်သန်နေကြသည့် အမေရိကန်၊ ဂျပန်၊ ဂျာမန်၊ အိန္ဒိယ၊ တရုတ်၊ ပြင်သစ်၊ ဆွီဒင်၊ ဖင်လန် လူငယ်ပညာရှင် အများအပြားသည် ဆရာကြီး ရောဘတ် ဂါလို အနီးတွင် စုမိကြသည်။ ဦးနှောက် အကောင်းဆုံး ဆိုသည့် ပညာရှင်များသည် ကမ္ဘာတွင် ပြိုင်ဖက်ကင်းသော သုတေသန အဖွဲ့တစ်ခု အဖြစ် စုစည်းမိကြသည်။ သို့တိုင်အောင် သူတို့ ခေါင်းဆောင် ဒေါက်တာ ဂါလိုသည် ထောင်စုနှစ် အကုန်တွင် ပေါ်ပေါက်လာသည့် အကြီး·ကျယ်ဆုံး စိန်ခေါ်မှုကြီးကို ရင်ဆိုင်ရန်အတွက် သူ့တွင်ရှိသည့် ရင်းမြစ်များအား မည်သို့ အသုံးချရမည်ကို ကောင်းကောင်း မသိသေး။

အေအိုင်ဒီအက်စ် ရောဂါ၏ ကိုယ်စားလှယ်ကို လိုက်လံ ရှာဖွေရန် လွှန်ခဲ့သည့် ကိုးလခန့်ကမှ သူ ခေါ်ယူခဲ့သော ခပ်ရွှဲ့ရွှဲ့ အိန္ဒိယ အမျိုးသား ဇီဝဓာတုဗေဒ ပညာရှင်သည် သူလုပ်ရမည့် လုပ်ငန်း အကြောင်းကို ကောင်းကောင်း မသိသေး။

ပစ္စည်း ကိရိယာကလည်း ဘာမှ မပြည့်စုံသေး။ ထို့ကြောင့် သူတို့ တစ်တွေ ပြင်သစ်တို့ နောက်တွင် ကျန်ရစ်ခဲ့ခြင်းမှာ ဘာမှ အံ့သြဖွယ် မရှိ။

ဤသည်ကို ရောဘတ် ဂါလို ကိုယ်တိုင်ကပင် ဝန်ခံပြီး ဖြစ်သည်။

'ဒီနေ့မနက် ကျွန်တော့် သုတေသန အဖွဲ့ ရှေ့မှာ ထပြီး စကား ပြောရတာကို ကျွန်တော် သိပ် ရှက်တယ်၊ ဒီအချက်ကို ကမ္ဘာကို ထုတ်ဖော် ဝန်ခံခြင်း မပြုသည့်တိုင် အဖြစ်ကတော့ ဒီအတိုင်း ဖြစ်နေတယ်၊ ကျွန်တော် သိပ်ရှက်တယ်၊ ဒီဗိုင်းရပ်စ်ပိုးကို ပြင်သစ် ပါစချာ အင်စတီကျူက လူတွေ ထက် အရင်ရှာလို့ မတွေ့တာကို ကျွန်တော် သိပ်ရှက်တယ်၊ ကျွန်တော်တို့ မှာ သူတို့ထက် ဦးအောင် ရှာနိုင်ကဲ့ နည်းလမ်းတွေ အများကြီး ရှိတယ်၊ ဒေါက်တာ ပိုပိုဗစ် (ချက်လူမျိုး ဇီဝဗေဒ ပညာရှင်) ဆိုရင် ကျွန်တော့် အခန်း ထဲကို အူယားဖားယား ဝင်လာပြီး ဆာရင်နှင့်ချည်း လွှဲမထားဖို့ ကျွန်တော့် ကို အကျောက်အကန် ကန့်ကွက်ခဲ့တယ်၊ ခုတော့ ကျွန်တော်တို့မှာ လပေါင်း များစွာ အချိန်တွေ ကုန်ခဲ့ရတယ်၊ တကယ်တော့ ဒါဟာ ကျွန်တော့် အပြစ်ပဲ၊ ပိုပိုဗစ်က ဆိုရင် ဒီဗိုင်းရပ်စ်ပိုးကို အစောကြီး ကတည်းက တွေ့မှာလို့

ပြောခဲ့တယ်၊ သူ ပြောတဲ့ စကားဟာ ဖြစ်နိုင်ပါတယ်၊ 'ကျွန်တော်ဟာ ဒီ အေအိုင်ဒီအက်စ် ရောဂါရဲ့ ပမာဏကို ကြိုတင် မတွက်ချက်ခဲ့မိဘူး၊ ဒါဟာ ကျွန်တော့် အမှားပဲ၊ ကျွန်တော့် အမှားကို ဝန်ခံဖို့ ကျွန်တော် ဆုံးဖြတ်ပြီးပြီ'

ထိုအချိန်မှ စ၍ ဂါလို၏ သုတေသန အဖွဲ့သည် သူတို့ လုပ်ထုံးလုပ်နည်းများကို ပြောင်းပစ်လိုက်သည်။ ထိုအချိန် မတိုင်မီက အမျိုးသားကင်ဆာ ရောဂါဌာန (အင်စီအိုင်) ၏ ညွှန်ကြားရေးမှူး ဒေါက်တာ ဗင်းဆင့်ရုံးခန်းတွင် ထိပ်သီး ပညာရှင်များ၏ အစည်းအဝေး တစ်ခုကို ကျင်းပခဲ့သည်။ အေအိုင်ဒီအက်စ် ရောဂါ၏ တရားခံကို ရှာဖွေရေး အတွက် အလုပ် အဖွဲ့အစည်း တစ်ခုကို ဖွဲ့စည်းရန် ထိုအစည်းအဝေးက ဆုံးဖြတ်ခဲ့သည်။

ထိုအစည်းအဝေးသည် အမေရိကန် အစိုးရ ကျန်းမာရေးဌာန အာဏာပိုင်များ၏ ပေါ်လစီကို လုံးဝ ပြောင်းလဲ ပစ်လိုက်သည်။ ထိုအချိန်မှ စ၍ အမေရိကန် ကျန်းမာရေး အာဏာပိုင်များသည် အေအိုင်ဒီအက်စ် ရောဂါ အပေါ်တွင် အလေးအနက် ကိုင်တွယ် လာခဲ့ကြသည်။ ထိုရောဂါ သုတေသန အတွက် ဒေါ်လာ သန်း ၄၀ လျာထား လာခဲ့သည်။

ထို အထူး အလုပ်အဖွဲ့၏ ကြီးကြပ်ရေးကိစ္စ တစ်ခုလုံးကို မနုဿ ရက်ထရို ဗိုင်းရပ်စ်ကို စတင် တွေ့ရှိခဲ့သည့် ဒေါက်တာ ရောဘတ် ဂါလို လက်သို့ ဝကွက် အပ်လိုက်သည်။ ငွေရေး ကြေးရေး အထောက်အပံ့များကို လည်း လိုသလောက် ခွင့်ပြုထားသည်။ သူ့အလုပ်အဖွဲ့တွင် ရောဘတ် ဂါလို သည် အမေရိကန် ပြည်တွင်းရှိ အတော်ဆုံး သိပ္ပံပညာရှင်များကို သာမက နိုင်ငံခြားမှ အခြားသော သိပ္ပံ ပညာရှင်များကိုလည်း ငှားရမ်းနိုင်သည်။

ထိုဧပြီလ မနက်က ဒေါက်တာ ဂါလိုသည် ခါတိုင်းထက် ပေါ့ပါး ရွှင်လန်းလျက် ရှိသည်။ ထုံးစံအတိုင်း သူ့လည်စည်းကို ဖြေချပြီး ပခုံးပေါ် တင်ထားသည်။ ရှပ်အင်္ကျီကို လက်ပင့်ထားသည်။ လိုအပ်သည့် သိပ္ပံပညာရှင် မှန်သမျှကို ခေါ်ယူမည် ဖြစ်ကြောင်းဖြင့် ကြေညာသည်။ သူ့ဌာနမှ အကောင်းဆုံး၊ အတော်ဆုံး သိပ္ပံ သုတေသန ပညာရှင်များ ဖြစ်သည့် မာခန်း၊ ဝုန်းစတားလ်၊ ပိုပိုဗစ်၊ ဆလာဟူဒင်၊ ဆန်ဂါဒါရန် စသည်တို့အား တခြား အလုပ်တွေကို ခဏ ဘေးချပြီး သူ့အဖွဲ့သို့ လှမ်းခေါ်သည်။ ထိုမျှမက စကော့တလန်တွင် အလုပ်လုပ်နေသည့် ထင်ရှားသော ရက်ထရို ဗိုင်းရပ်စ်ပိုး ပါရဂူ ဂျားရက်နှင့်

မီယာမီ တက္ကသိုလ်မှ သုကေသန သိပ္ပံပညာရှင် အကျော် ဝိတ်ခ်ပေါ့ တို့ကိုလည်း လှမ်းခေါ်သည်။

တပ်ဖွဲ့ကိုတော့ စုပြီးပြီ။ သို့ရာတွင် သူတို့ လိုအပ်နေသည့် လက်နက်တို့ကို မပေးလျှင် ထိုတပ်ဖွဲ့သည် ဘာမျှ လုပ်နိုင်မည် မဟုတ်ပါ။ ရုတ်တရက်ကြည့်လိုက်လျှင် ယုံကောင်းမှ ယုံကြမည်။ အမေရိကန်လို တိုင်းပြည်ကြီးမျိုးတွင် သိပ္ပံပညာရှင်များ အဖို့ လိုအပ်သည့် သက်ဆိုင်ရာ လူနာများထံမှ ထုတ်ယူထားသော ကိုယ်အင်္ဂါ နမူနာ မရှိ။ သွေး နမူနာ မရှိ။ ထိုလက်နက်ခဲယမ်းမီးကျောက်များ မရှိသည့်အတွက် သူတို့လုပ်ငန်းသည် နှောင့်နှေးခဲ့ရသည်။ ထိုသို့ လက်နက် ခဲယမ်းမီးကျောက် မရှိရခြင်းမှာ သိပ္ပံပညာရှင်များနှင့် ဆေးကုဆရာဝန်များ ကြားတွင် ပူးပေါင်း ဆောင်ရွက်မှု မရှိသောကြောင့်ဖြစ်သည်။ ဆေးကုသည့် ဆရာဝန်များသည် သူတို့ လူနာများနှင့် သူတို့စစ်ဆေး စူးစမ်းမှုများကို သူတို့ ကိုယ်ပိုင် ပစ္စည်းကဲ့သို့ သဘောထားလေ့ရှိသောကြောင့် ဖြစ်သည်။

သူ့ အဖွဲ့သားများအား လိုအပ်သည့် ပစ္စည်းတွေ ပေးမည်ဟု ဒေါက်တာ ဂါလိုက ကတိပေးသည်။ လိုအပ်လျှင် သူကိုယ်တိုင် လိုက်ရှာမည်ဟု ဆိုသည်။ သူသည် နယူးယောက် ဆေးရုံသို့ သွားကာ အေအိုင်ဒီအက်စ်ရောဂါကို ကုသပေးနေသည့် ဆရာဝန်များကို သွား၍ အကူအညီ တောင်းသည်။ လော့စ်အိန်ဂျလိစ်တွင် အေအိုင်ဒီအက်စ် ရောဂါကို ပထမဆုံး တွေ့ခဲ့သည့် ဒေါက်တာ မိုက်ကယ် ဂေါ့လိယက်ထံ အကူအညီ တောင်းသည်။ ဆန်ဖရန်စစ္စကိုတွင် အေအိုင်ဒီအက်စ် ရောဂါလူနာရှင် ဒါဇင်ပေါင်း များစွာကို ကုသပေးနေသည့် ဒေါက်တာ မားကပ်စ် ကိုနန်နှင့် ပေါ ဗိုဗာဒင်းတို့ထံ အကူအညီ တောင်းသည်။

'တစ်ခုတော့ သေချာပါတယ်၊ များမကြာခင်မှာ ကျွန်တော်တို့ အောင်ပွဲခံတော့မှာပါ' ဟု ဒေါက်တာ ရောဘတ် ဂါလိုက ပြောသည်။

သူ့ ကြိုးပမ်းမှုသည် အသီးအပွင့်တွေ ရလာခဲ့သည်။ မကြာမီမှာပင် အသေးစိတ် ဆေး မှတ်တမ်းများနှင့် အတူ လိုချင်သည့် ကိုယ်အင်္ဂါ အစိတ်အပိုင်း နမူနာများ၊ ခြင်ဆီ နမူနာများသည် တဖွဲဖွဲ ရောက်လာကြသည်။ 'တချို့ ဆိုရင် ညကြီး သန်းခေါင်မှာတောင် ကျွန်တော့်အိမ်ကို အရောက်လာပို့ကြတယ်' ဟု ပါကစ္စတန် အမျိုးသား ပါရဂူ ဖြစ်သည့် ဒေါက်တာ ဆလာဟူဒင်က ပြောပြသည်။

ရောဘတ် ဂါလိုသည် မိမိအဖွဲ့၏ လုပ်ငန်း အောင်မြင်ရေး အတွက် လိုအပ်သည့် ပြင်ဆင်မှုများကို လုပ်သည်။ ပြင်သစ်တို့ တွေ့ရှိသည့် ဗိုင်းရပ်စ်ပိုး ကိုယ်စားလှယ်သည် မိမိ တွေ့ရှိခဲ့သည့် အိတ်ချ်တီအယ်လ်ဗွီ ဗိုင်းရပ်စ်နှင့် မိသားစု တစ်စုတည်း ဖြစ်သည်ကို သိသည့်တိုင် သူ့ထံ ပြင်သစ် ဗိုင်းရပ်စ် နမူနာများ ပို့ပေးရန် လတ်မွန်တိန်းနီးယားထံ တောင်းခဲ့သေးသည်။ ပိုပိုဗစ် နှင့် ဆလာဟူဒင် တို့၏ ကြိုးကြပ်မှုဖြင့် သူ့အဖွဲ့သည် မိမိတို့ ဗိုင်းရပ်စ်နှင့် ပြင်သစ်တို့ ဗိုင်းရပ်စ်တို့သည် ညီအစ်ကို ဝမ်းကွဲများ ဖြစ်ကြောင်း သက်သေ ပြနိုင်တော့မည်။ ပြင်သစ်တို့၏ ဗိုင်းရပ်စ်သည် သူတို့ တွေ့ရှိသော ဗိုင်းရပ်စ် နှင့် ဆွေမျိုး တော်စပ်ကြောင်းကို သက်သေပြနိုင်ပြီ ဆိုလျှင် ထိုဗိုင်းရပ်စ်ကို ပထမဦးဆုံး တွေ့သူသည် မိမိတို့သာ ဖြစ်ကြောင်းကို သက်သေ ပြနိုင်တော့ မည်။

[ ၄၁ ]
**ဆုတောင်းပြည့် ဘုရားဖူး။**
**လာထရွှန်း၊ အနွေရေး။**
**၁၉၈၃ ခုနှစ် ဆွေရာသီ။**

'မာလု'

'ဘလွှန်း'

ခေါင်သံ နှစ်ခုစလုံးတွင် ရှင်လန်း မြူးကြွသည့် အသံ ပါနေသည်။ အမေရိကန် လူငယ်နှင့် လာထရွှန်းမှ ဘုန်းတော်ကြီး မာလုတို့ ကွဲကွာ သွား ခဲ့ကြသည်မှာ နှစ်နှစ်နီးပါး ကြာခဲ့လေပြီ။ ဂီဇာရှိ ကျောင်းကြီးထဲသို့ မိမိ ကျသွားပြီးနောက် ဂီဇာတွင် လာ၍ ရှေးဟောင်း သုတေသန လုပ်နေသည့် အမေရိကန် လူငယ် နှစ်ယောက် ဖြစ်သော ဆမ်ဘလွှန်း နှင့် ဂျိုးဆက်စတိန်း တို့သည် အမေရိကန်သို့ ပြန်သွားကြသည်။ ပါရီ၊ မက္ကဆီကိုနှင့် ဟေတီတို့မှ ပို့စကတ်များကို ရရှိခဲ့သည်။ ထို့နောက်တွင်မူ ဆေးရုံ ခုတင်ပေါ်တွင် ကိုယ်တစ်ပိုင်း သေနေသည့် မိတ်ဆွေကို မေ့ပျောက် သွားကြသည်ထင့်။ သူတို့ထံ ဘာမျှ နောက်ထပ် ရောက်မလာကြတော့။ သူတို့ သတင်းကိုလည်း မကြားရတော့။

ဘာလွန်းသည် သူ့မိတ်ဆွေကို ပြေး၍ ပွေ့ဖက်ချိန်ပင် မရလိုက်။ မာလုသည် သူ ထိုင်နေသည့် ဘီးတပ် ကုလားထိုင်ကို လှိမ့်ကာ သူ့အနားသို့ လျှောခနဲ ရောက်လာသည်။ ကစားရာတွင် အနိုင် ရလာသည့် ကလေး တစ်ယောက်၏ မျက်နှာလို သူ့ မျက်နှာသည် မြူးရွှင်လျက်။

'ကြည့်စမ်း၊ ကျုပ် ဒုက္ခိတကြီး ဖြစ်မသွားသေးဘူးဗျ၊ ဒရယ် တစ်ကောင်လို လှုပ်ရှားလို့ ရသေးတယ်'

သူတို့နှစ်ဦး အားပါးတရ ရယ်လိုက်ကြသည်။ ဘုန်းတော်ကြီး မာလုက သူ့ဘဝ ပြောင်းလဲလာပုံကို ပြောပြသည်။

မြေတူးစင်ကြီး ပေါ်မှ လိမ့်ကျပြီး လအနည်းငယ် အကြာတွင် ကိုယ်အထက်ပိုင်း တစ်ခုလုံး သေနေရာမှ မမျှော်လင့်ဘဲ ဆတ်ခနဲ ဆတ်ခနဲ လှုပ်ရှားစ ပြုလာသည်။ ဆရာဝန်များသည် ထိုအချက်ကို တွေ့သွားကြသည်။ လက်မောင်း တစ်စိတ်တစ်ပိုင်းလောက်ကို အသုံးပြုနိုင်ပြီ ဆိုလျှင်ပင် ကိုယ်တစ်ပိုင်းလုံး မလှုပ်မရှား သေသွားခြင်းနှင့် စာလျှင် တော်သေးသည်။ ဆို့ခင် ဆရာဝန်တစ်ဦးက ခွဲစိတ် ပေးလိုက်ပြီးသည့်နောက် အောင်မြင်သည် ဆိုလျှင် လက်မောင်းများကို လှုပ်ရှားနိုင်တော့မည်။ သို့ လှုပ်ရှားနိုင်မည် ဆိုလျှင် ဘီးတပ် ကုလားထိုင်ကို ကိုယ့်ဘာသာ လှိမ့်ပြီး အိပ်ရာသို့ ဝင်နိုင်တော့မည်။ တစ်နေရာမှ တစ်နေရာသို့ ကိုယ့်ဘာသာ သွားနိုင်တော့မည်။

သို့ဖြင့် မာလုသည် ပခုံးကြွက်သားတွေ သန်မာလာအောင် ၁၂ လ လောက် လေ့ကျင့်ရသည်။ ကြွက်သားတွေ တောင့်တင်းလာပြီ ဆိုသည့်အခါတွင် ခွဲစိတ်မှု တစ်ခုကို ပြုလုပ်ကြသည်။

သူတို့က ထိုခွဲစိတ်မှုကို 'ကြွက်သားများ နေရာ ပြောင်းလဲခြင်း' ဟု ခေါ်ကြသည်။ ထိုပခုံး ကြွက်သားများကို ဖြတ်တောက်ကာ သုံးမရ ဖြစ်သွားသည့် တံတောင်ဆစ် အောက်ပိုင်း နေရာသို့ သွားတပ်ပေးကြသည်။ ထိုသို့ ကြွက်သားများကို နေရာ ပြောင်းတပ်ပေးလိုက်သည့် အခါတွင် မာလုသည် လက်မောင်းများကို မြှောက်နိုင် ချနိုင် ကွေးနိုင် ဆန့်နိုင် ဖြစ်လာသည်။

ဆရာဝန်က လက်ကောက်ဝတ်ကိုလည်း ဖြတ်တောက်ကာ ပခုံးကြွက်သားများကို တပ်ပေးသည်။ ထိုအခါတွင်ကား မာလုသည် ဇွန်းကို လက်ချောင်းနှစ်ချောင်းဖြင့် ကိုင်တွယ်နိုင်ပြီ။ ခလုတ်ကို နှိပ်နိုင်ပြီ။ လက်နှိပ်စက် ခလုတ်ကလေးများကို ရိုက်နိုင်ပြီ။ လက်တွေ့ ရှုထောင့်မှ ကြည့်လျှင် မာလုသည် ဇွင်သန် ထမြောက်ခဲ့ပြီ ဟု ဆိုနိုင်သည်။

ဘလွန်းသည် သူ့မိတ်ဆွေ ဘုန်းတော်ကြီး မာလုက ပြောပြသည့် စကားများကို နားထောင်ရင်း ဝမ်းသာနေသည်။ ထိုစဉ်က ရှုခင်းများကိုလည်း မြင်ယောင်နေသည်။ အပိုင်းပိုင်း အတစ်တစ် ကျိုးနေသော ခန္ဓာကိုယ်ကို ကောက်ယူလာခဲ့ပုံ၊ ဂျေရုဆလင် ဆေးရုံသို့ အပြေးအလွှား လာခဲ့ရပုံ၊ ခွဲစိတ်ခန်းထဲမှ ထွက်လာသော ဆရာဝန်၏ သွေးမရှိသော မျက်နှာ စသည်တို့ကို မြင်ယောင်နေသည်။ မာလု၏ ရှင်မြူးဖွယ် အသံများထဲမှ ထိုစဉ်က သူတို့အဖော် တစ်သက်လုံး ကိုယ်တစ်ပိုင်း သေသွားတော့မည်လား ဟူသော အမေးကို ဖြေသည့် ဆရာဝန်၏ အသံကို ကြားယောင်နေသည်။ 'ခု သိရသလောက် ပြောရရင်တော့ တစ်သက်လုံး ဒီလိုပဲ နေရတော့မှာပဲဗျ' ဟူသော ဆရာဝန်၏ အသံ။

ဘလွန်းသည် ဘုန်းတော်ကြီး မာလု၏လက်ကို ဆုပ်ကိုင်လိုက်မိသည်။

'ဒီလိုဆို ကိုယ်တော် နိုင်ပြီပေါ့'

မာလုက ဘီးတပ် ကုလားထိုင်ကို အနည်းငယ် တွန်းလိုက်ရင်း . . 'ဂျိုးဆက်ကော မပါဘူးလား' ဟု မေးသည်။ ဂျိုးဆက် အကြောင်းမေးစဉ် သူ့မျက်နှာသည် နီမြန်းသွားသည်ကို သတိပြုမိသည်။

ဘလွန်း၏ မျက်နှာသည် ညှိုမှိုင်းသွား၏။ သူက မျက်မှန်ကို ချွတ်လိုက်ပြီး ရှပ်အင်္ကျီဖျားဖြင့် သုတ်နေရာမှ . .

'သူလည်း ကောင်းကောင်း မကျန်းမာဘူး'

မာလုက စိုးရိမ်တကြီးဖြင့် . .

'ဘာဖြစ်တာလဲ၊ တော်တော် ဆိုးသလား'

ဘလွန်းက တော်တော် ပြောင်စပြုနေသည့် ခေါင်းကို ညိတ်ပြရင်း ..

'ဟုတ်တယ်၊ သူ့ရောဂါက ဘာမှန်း မသိဘဲ ဖြစ်နေတယ်၊ ဆရာဝန်တွေလည်း အစရှာလို့ မရကြဘူး'

ထိုထူးဆန်းသည့် ကပ်ရောဂါသည် အမေရိကန် လူငယ် များစွာတို့အား ဖိစီး နှိပ်စက်နေသည်ကို မသိသေး။ အေအိုင်ဒီအက်စ် ဆိုသည့် ရောဂါကိုပင် မကြားဖူးသေး။

'သူ မကျန်းမာတာ တစ်နှစ်လောက် ရှိပြီလား မဆိုနိုင်ဘူး၊ တစ်နှစ်တောင် ကျော်ပြီထင်တယ်'

ဘလွန်းက အားယူပြုံးရင်း . .

'အင်း အဆန်းတကြယ် တစ်ခုခုသာ မဖြစ်ခဲ့ဘူး ဆိုရင်တော့ သူ့ကံ

လို့ပဲ အောက်မေ့ရမှာပေါ့လေ'

သူ အစွရေးသို့ ရောက်လာခြင်းမှာ ထိုသို အဆန်းတကြယ် တစ်ခုခု ဖြစ်မည် ဟူသော မျှော်လင့်ချက်ဖြင့် သူ့မိတ်ဆွေ၏ တိုက်တွန်းချက် အရ ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူ ရောက်လာသည့် အချိန်မှာ ရေဝတီ ပသကာ ပွဲတော်ချိန် ဖြစ်သည်။ သူသည် မနက်ဖြန်ဆိုလျှင် ဂျေရုဆလင်ရှိ ဆုတောင်းပြည့် ကျောက်နံရံသို့ သွားပြီး သူ့မိတ်ဆွေ အတွက် ဆုတောင်းပေးရမည်။ ရေဝတီ ဘုရားထံ ဆုပန်သော ဂျူးဆက်စတိန်း၏ ဆုပန်လွှာကို ကျောက်တုံး နှစ်တုံး ကြား တင်ထားခဲ့မည်။

ထိုကိစ္စများ ပြီးလျှင် လေဆိပ်သို့ အသွား လာထရွှန်းရှိ ဝေဒနာ ခုနစ်ပါး ကျောင်းတိုက်မှ ဘုန်းတော်ကြီး မာလုကို ဝင်ရောက် နှုတ်ဆက် ရဦးမည်။

ရောလမုန် ဘုရင်ကြီး တည်ဆောက်ခဲ့သည့် ဝတ်ကျောင်း အောက်ခြေ အုတ်မြစ် ဖြစ်ပြီး ရောမ ကျောက်တုံးကြီးကို ထုခွဲပြီး ဆောက်ထားသည့် ရှည်မျောမျော အဆောက်အအုံကြီးသည် ဂျူးဘာသာ၏ အထွတ်အမြတ် အဆောက်အအုံကြီး ဖြစ်သည်။ နှစ်ပေါင်းများစွာ ကတည်းက နဖူးများ၊ နှုတ်ခမ်းများ၊ လက်များဖြင့် ကိုင်တွယ် ပွတ်သပ်ခြင်း ခံခဲ့ရသည့် ဆုတောင်း ပြည့် ကျောက်နံရံသည် တောက်ပြောင် ချောမွေ့နေသည်။ ထိုကျောက်နံရံ သည် ဘုရားသခင်၏ သနား ကရုဏာကို တောင်းခံရာတွင် ရေဝတီတို့၏ မျှော်လင့်ချက်ကို ဖော်ပြရာ သင်္ကေတ ဖြစ်သည်။

နံရံ အအက်အကွဲများ ကြားတွင် စက္ကူစ ထောင်ပေါင်း များစွာတို့ သည် တစ်ပိုင်းတစ်စ ထိုးထွက် နေကြသည်။ မိမိတို့ သားသွေ အတွက်၊ မကျန်းမမာ ဖြစ်နေသော အိမ်သူအိမ်သားများ အတွက်၊ စီးပွားဥစ္စာ ပျက်သည့် အတွက်၊ ဇိယွန်နယ်မြေတွင် ငြိမ်းချမ်း သာယာစေဖို့ အတွက် ရေဝတီတို့သည် မိမိတို့၏ ဆုတောင်းများကို စာရွက်ပေါ်တွင် ရေးသားကာ ကျောက်နံရံ ကြားထဲသို့ ညှပ်ထားလေ့ ရှိကြသည်။ ထိုကျောက်နံရံများကို ရေဝတီတို့က 'ဆုတောင်းပြည့် ကျောက်နံရံ' ဟု ခေါ်ကြသည်။ ကရုဏာနေ့ဟု ဆိုသော ထွန်းကပူ·နေ့နှင့် ပသကာပွဲတော် စသည့်နေ့များတွင် ကျောက်နံရံတွင် စောင့် သည် ကပ္ပိယတို့က ထို ဆုတောင်းစာများကို အိတ်ကြီး·များဖြင့် သယ်၍ တစ်နှစ်လျှင် နှစ်ကြိမ် ယူသွားတတ်ကြသည်။ ဘုရားသခင်၏ အမည်နာမ ပါလျှင် မည်သည့် အရာကိုမှ ဖျက်ဆီးခြင်း မပြုရ ဟူသော တာလမွတ်

ဆရာကြီးတို့၏ အဆိုအမိန့်နှင့် အညီ ထိုအိတ်ကြီးများကို သံလွင် တောင် ထိပ်ရှိ ရေးအစဉ်အဆက် ရေဝတီကို မြှုပ်နှံခဲ့ရာ ဂူမျာ ကြားရှိ လိုဏ်ဂူကြီး တစ်လုံးထဲတွင် သိမ်းဆည်း ထားတတ်ကြသည်။

ပွဲတော် အဖိတ်နေ့တွင် အနက်ရောင် အင်္ကျီရှည်များနှင့် သားမွေးကွပ် ထားသော ဦးထုပ်ပြားကြီးများကို ဆောင်းထားသည့် ရာဆောင်ပေါင်း များစွာ သော အမျိုးသားများသည် သူတို့၏ ခန္ဓာကိုယ် အထက်ပိုင်းကို ယိမ်းလှုပ် နေကြသည်။ သူတို့နောက်၌ ခေါင်းတွင် ပဝါများ စည်းထားကြသည့် အမျိုး သမီး ရာထောင်တို့သည်လည်း သူတို့၏ ဂါထာမန္တန်များနှင့် စည်းချက်ညီညီ ဟိုမှ သည်မှ ယိမ်းလှုပ်နေကြသည်။

ကမ္ဘာလှည့် ခရီးသည်များနှင့် လာရောက် ကြည့်ရှုသူများသည် မြင့်မားလှသော ကျောက်နံရံကြီး ရှေ့တွင် ရပ်ကာ ထိုရှုခင်းကို ငေးကြည့် နေကြသည်။ ခပ်လှမ်းလှမ်းတွင်မူ အစ္စရေး စစ်တပ်မှ စစ်သားများက စောင့် ကြပ်ပေးနေသည်။

ဘလွန်းသည် ကိုယ်ကို ယိမ်းလှုပ်နေရာမှ တုံ့ခနဲ ရပ်လိုက်ရင်း အသက်ကိုမျှ ကောင်းကောင်း မရှူနိုင်ဘဲ ရှုခင်းကြီးကို ငေးကြည့်နေမိသည်။ ထိုရှုခင်းမျိုးကို သူနှင့် ဂျိုးဆက်စတိန်းတို့ အတူ ကြည့်ခဲ့ကြသည်ကို သူ သတိ ရနေသည်။ ပန်းနုရောင် ဆည်းဆာထဲတွင် သူနှင့် ဂျိုးဆက်တို့ ပသကာ ပွဲတော် အခမ်းအနားကို ကြည့်ခဲ့ကြပုံကို မြင်ယောင်နေသည်။ ခမ္မတေး သီချင်းသံတို့ လွှံနေသည့် ပွဲတော်နေ့ မနက်ခင်းများကို အမှတ်ရနေသည်။ သူ့နားတွင်လည်း ကျောက်တုံးကြီးများ ရှေ့တွင် ရှိမာ ဣသရေလ ခမ္မတေး ကို ဆိုနေသည့် ဂျိုးဆက်၏ အသံကို ကြားယောင်နေသည်။

သူ့စိတ်ထဲတွင်မူ ထိုအဖြစ်အပျက်များသည် မနေ့ တစ်နေ့ကလိုပင်။

ဘလွန်းသည် ကျောက်တုံး လှေကားထစ်များ အတိုင်း ဆင်းလာခဲ့ရာ ဝတ်ပြု ဆုတောင်းရန် သတ်မှတ်ထားသည့် နေရာ အနီးမှ ဖြတ်လာခဲ့သည်။ ထုံးစံအတိုင်း ဘလွန်းသည် အမေ ထိုးပေးသည့် ကြက်သွေးရောင် ကတ္တီပါ ဦးထုပ်ပြားကလေးကို ဆောင်းကာ နယူးယောက်မှ ယူလာခဲ့သည့် ဝတ်ပြု ဝတ်ရုံကို ပခုံးတွင် ခြုံသည်။ ထို့နောက် အနက်ရောင် သားရေအိတ်ကလေး နှစ်အိတ်ကို နဖူးတွင် တစ်အိတ်၊ လက်မောင်းတွင် တစ်အိတ် သေချာစွာ ချည်သည်။ ထို သားရေ အိတ်ကလေးများထဲတွင် ရေဝတီတို့၏ ဘုရားရှိခိုး ကျမ်းစာ ထုပ်ကလေးများကို ထည့်ထားသည်။

'အို .. အဖ ဣသရေလ၊ အဖ ဘုရားသခင်၊ ကိုယ်တော်၏ နှလုံးသားဖြင့် တပည့်တော်ကို ချစ်ခင် ကြင်နာတော်မူပါလော့၊ ကိုယ်တော်၏ ဝိညာဉ်၊ ကိုယ်တော်၏ ခွန်အားတို့ဖြင့် တပည့်တော်အား ချစ်ခင် သနားတော်မူပါလော့၊ ယနေ့တွင် ရွတ်ဆိုသော ဆုတောင်း ပတ္ထနာတို့သည် ကိုယ်တော်၏ နှလုံးသို့ ကျရောက်ပါစေလော့'

နဖူးတွင် စည်းနှောင်ထားသည့် သားရေအိတ်ကြောင့် ဘလွန်းသည် တကယ့် ရေဝတီ ဘာသာဝင် တစ်ယောက်နှင့် တူနေသည်။ သူသည် တဖြည်းဖြည်းနှင့် အကြီးဆုံး ကျောက်တုံးကြီး အနီးသို့ ရောက်လာခဲ့သည်။ ဂျိုးဆက်သည် ဘုရား ဝတ်ပြုလျှင် အကြီးဆုံး ကျောက်တုံးကြီး အနီးတွင် ဝတ်ပြုလေ့ရှိသည် မဟုတ်လော။

သူ့ အနီးတွင်လည်း ရေဝတီတို့၏ ဆုတောင်းသံများသည် ထွက်ပေါ်နေသည်။ ဘလွန်းသည် ဝင်လုဆဲ နေရောင်များ သူ့ပခုံးပေါ်သို့ ဖြာကျနေသည်ကို သတိပြုမိသည်။ သူသည် နာမကျန်း ဖြစ်နေသည့် သူ့မိတ်ဆွေ ဂျိုးဆက်ကို အာရုံပြုရင်း မျက်လုံးအစုံကို မှိတ်ကာ အတန်ကြာမျှ ဆုတောင်းနေသည်။

တဖြည်းဖြည်းနှင့် ဘုရားဝတ်ပြု ရင်ပြင်မှာ လူပါးသည်ထက် ပါးသွားလေပြီ။ ပူဇော်ပွဲ သိမ်းချိန် ရောက်လေပြီ။ ဂျေရုဆလင် မြို့သစ်ရှိ ရပ်ကွက်များဆီမှ ရေဝတီ မိသားစုတို့၏ သောက်ပွဲမှ အသံများကို ကြားနေရလေပြီ။

နောက်တစ်နေ့ မနက် အရုဏ်တက်၌ ရေဝတီ ပသကာပွဲတော် အခမ်းအနား ပြီးစီး ချိန်လောက်တွင်မူ ဘလွန်းသည် တက္ကစီ တစ်စီးဖြင့် ဂါလီလီရှိ ဝတ်ကျောင်းသို့ လာခဲ့သည်။ ထိုနေရာတွင် သူ့မိတ်ဆွေ ဂျိုးဆက်အတွက် ထပ်၍ ဆုတောင်းရဦးမည်။ အစဉ်အလာ အရ ရေဝတီများသည် ဒုက္ခ ရောက်နေသော သူများအား ကယ်တင်ပေးရန် အတွက် သမိုင်းတွင် ရှိခဲ့သော သူတော်စင်တို့ထံ လာ၍ ဆုတောင်း ရသေးသည်။

ယင်းတို့အနက် သူတော်စင် တစ်ပါးမှာ ၁၂ ရာစု နှစ်လောက်က ရှိခဲ့သော သမားတော် တစ်ဦး ဖြစ်သည့် မိုးစက် မေမွန်နိုက် ဖြစ်သည်။ ရှစ်ရာစု နှစ်လုံးလုံး သူ၏ ကျမ်းစာများသည် ရေဝတီတို့၏ ဉာဏ်အလင်းရောင်ကို ထွန်းညှိပေးသော မီးရှူးတန်ဆောင်များ ဖြစ်ခဲ့ကြသည်။ ခရစ်တော် ရေပေါ်တွင် လမ်းလျှောက်၍ ကုသပေးခဲ့ရာ ဂါလီလီ ကမ်းခြေတွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။ ထို့နောက် ဘလွန်းသည် မနီးမဝေးရှိ သာဝက တစ်ဦး၏ သင်္ချိုင်း

တော်သို့ သွား၍ ဂျိုးဆက် အတွက် ဆုတောင်းပြန်သည်။

ညနေပိုင်း လေယာဉ်ကွင်းသို့ ဆင်းခါနီးတွင် ဘလွန်းသည် ဝေဒနာ ခုနစ်ပါး ကျောင်းတိုက်ရှိ ဘုန်းတော်ကြီး မာလုကို သွားရောက် နှုတ်ဆက် သည်။

ကိုယ်တစ်ပိုင်း သေနေသော ဘုန်းတော်ကြီး မာလုသည် သူ့ကို စိတ်မရှည်နိုင်ဘဲ တမျှော်မျှော် စောင့်နေသည်။ သူသည် စားပွဲပေါ်တွင် တင် ထားသည့် စာအိတ် တစ်အိတ်ကို ညွှန်ပြကာ ..

'ဂျိုးဆက်ဖို့ စာတစ်စောင် ရေးထားတယ်ဗျ၊ အကြောင်းထူး မရှိပါ ဘူး၊ သူ့ ကျန်းမာရေးနှင့် ပတ်သက်လို့ ဆုတောင်းတာလောက်ပါ'

ဘလွန်းက စာအိတ်ကို အိတ်ထဲသို့ ထိုးထည့်လိုက်ရင်း ..

'သူ့ ဝမ်းသာမှာပေါ့၊ ကိုယ်တော်နှင့် သူ ဒီမှာ နေခဲ့ရတာတွေကို မကြာခဏ ပြန်ပြောတတ်တယ်'

မာလုက စိတ်မကောင်းဟန်ဖြင့် ..

'ဂျိုးဆက်တော့ တော်တော် အားငယ်နေရှာမှာ၊ သူ စိတ်ထိခိုက်တာ မျိုး မဖြစ်စေချင်ဘူးလေ၊ စာကို ခင်ဗျား ဖတ်ကြည့်ပါဦး'

ဘလွန်းက မျက်မှန်ကို တပ်ပြီး ခပ်တိုးတိုး ဖတ်သည်။

> တစ်သက်လုံး ကိုယ် တစ်ပိုင်းသေကြီးနှင့် နေရမှာ ဆိုတော့ ကျုပ် ဘုရားကို ပြန် ပြစ်မှားမိတယ်၊ ကျုပ်ကို တရား လာပြတဲ့ ဘုန်းတော်ကြီးကိုလည်း ပြစ်မှားမိတယ်၊ ဒါပေမယ့် အိပ်ရာထဲမှာ လဲနေရင်း ကျုပ်ဟာ လူ တစ်ယောက်ပဲ ဖြစ်နေပါသေး ကလား ဆိုတာ တဖြည်းဖြည်း သဘော ပေါက်လာတယ်၊ ကျုပ်ဟာ လူ တစ် ယောက် ဖြစ်နေသေးရင် လူတစ်ယောက် တာဝန်ကို ထမ်းဆောင် ရဦးမယ်။

မာလု၏ စာထဲတွင် ခွဲစိတ်မှု နှစ်ခု ပြီးသည့်နောက် သူ့ အခြေအနေ တိုးတက်လာခဲ့ပုံ၊ ကာလကတ္တားရှိ သူဆင်းရဲဂေဟာမှ သီလရှင် တစ်ပါးနှင့် အဆက်အသွယ် ရခဲ့ပုံတို့ကို ရေးထားသည်။

> အဲဒီ သီလရှင်ကလေးက အသက် ၁၈ နှစ်ပဲ ရှိသေးတယ်။

နာမည်က အနန်ဒါ၊ သူဟာ ကျုပ်ရဲ့ လက်ရုံး ဆိုပါတော့။ ကျုပ်က လည်း ကျုပ်ရဲ့ ဝေဒနာနှင့် ကျုပ်ရဲ့ ဆုတောင်းကို အာရုံ လွှတ်ပေး တယ်။ ကျုပ်တို့ နှစ်ဦးဟာ မိုင်ပေါင်း ထောင်သောင်းများစွာ အနေ ဝေးနေကြသည့်တိုင် အာရုံထဲမှာ တွေ့နေကြတယ်။

ဒါကြောင့် ဘဝဟာ ကျုပ်အဖို့ အဓိပ္ပာယ် ရှိလာသလို ခင်ဗျား အတွက်လည်း အဓိပ္ပာယ် ရှိစေဖို့ အတွက် ကျုပ်ရဲ့ ဝေဒနာကို ခင်ဗျားဆီ ရောက်အောင် အာရုံ လွှတ်ပေးပါ့မယ်။ ကျုပ်လိုပဲ ကံ ကောင်းပါစေလို့ ဆုတောင်း လိုက်ပါတယ်။

[ ၄၂ ]

**မွဲကြိုက်သူ တစ်ဦး၏ အညိုရောင် ကိုယ်ခန္ဓာ ပျက်ယွင်းမှု။**

**နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၃ ခုနှစ်၊ ဇွဲဦး – ဇွဲရာသီ။**

ဂျိုးဆက်စတိန်းက သူ့ အဖြစ်အပျက်ကို ဤသို့ ပြန်ပြောသည်။

'မနှစ် ဆောင်းတွင်းတုန်းက စ ဖြစ်တာပဲ၊ အားကုန်ပြီး အကြီးအကျယ် မောတယ်၊ ကျွန်တော်က ပဉ္စမရိပ်သာ လမ်းမကြီးပေါ်မှာ တစ်နေ့ တစ်နေ့ကို မြို့ ၃၀ လောက် အသွားအပြန် လမ်းလျှောက်တတ်တဲ့ လူ၊ ဒါမှ မဟုတ်ရင် လည်း တနင်္ဂနွေ နေ့တွေမှာ ဆိုရင် ဗဟို ပန်းခြံကြီးထဲမှာ နှစ်နာရီလောက် အပြေး ကျင့်တတ်တယ်၊ အဲဒီလောက် အလေ့အကျင့် ရထားတဲ့ လူဟာ ကျွန်တော့် အခန်းက လှေကားထစ် နှစ်ဆစ်ချိုးကို တောက်လျှောက် မတက် နိုင်ဘဲ ဖြစ်လာတယ်၊ လှေကားထစ် ၁၀ ထစ်လောက် တက်လိုက်တယ် ဆိုရင်ပဲ နားပြီး အမော ဖြေရတယ်၊ နောက် ၁၀ ရက်ကြာတော့ ကျွန်တော့် ရင်ထဲမှာ မခံမရပ်နိုင်အောင် ပူလာတယ်၊ ပြီးတော့ ချောင်းဆိုးလာတယ်၊ ချောင်းက ချောင်းခြောက်ကြီး၊ သိပ် ဆေးလိပ်သောက်တဲ့ လူတွေ ဆိုးတဲ့ ချောင်းမျိုးကြီး၊ ဒါပေမယ့် ကျွန်တော်က ဘယ်တုန်းကမှ ဆေးလိပ်သောက်တဲ့ လူ မဟုတ်ဘူး၊ နောက်တော့ ချောင်းဆိုးတာလည်း အလိုလို ပျောက်သွား တယ်၊ ကျွန်တော့် စိတ်ထဲမှာတော့ လေထု ညစ်ညမ်းလို့ ဖြစ်တာပဲလို့ ထင် လိုက်တာပေါ့၊ ကျွန်တော်နေတဲ့ ဂရင်းဝစ် ရပ်ကွက်က လမ်းကလေးတွေက

လည်း ကျဉ်းတယ် မဟုတ်လား၊ ကျွန်တော့်အိမ်နှင့် မျက်နှာချင်းဆိုင် အိမ်ခေါင်မိုးတွေပေါ်မှာ ဆိုရင် နေ့ရော ညရော မီးခိုးခေါင်းတိုင်တွေက မီးခိုးတွေကို အမြဲ ထုတ်နေတာကိုး၊ ကျွန်တော် အဲဒီလို အမော မခံနိုင်ဘဲ ဖြစ်လာပေမယ့် ကျွန်တော့် အနေအထိုင်ကိုတော့ မပြောင်းဘူးလေ၊ အရင်လိုပဲ နေမြဲစားမြဲ နေသွားတာပေါ့၊ အစ္စရေးက ပြန်ရောက်လာတော့ ကျွန်တော့် ရှေးဟောင်းသုတေသန လုပ်ငန်းတွေကိုလည်း စွန့်လွှတ်လိုက်တယ်၊ နယူးယောက်မှာ ရှိတဲ့ ဘလွန်းတို့ဆီကို သွားနေမယ်လို့ ဆုံးဖြတ်လိုက်တယ်။

'မင်ဟက်တန်က ခရီးသွားလုပ်ငန်း အောဂျင်စီကြီး တစ်ခုမှာ ကျွန်တော် အလုပ်ရတယ်၊ အလုပ်ဝင်စမှာ ကျွန်တော်က စီးပွားရေး ခရီးသွားလုပ်ငန်း ဌာနခွဲမှာ လုပ်ရတယ်၊ နောက်တော့ စီးပွားရေးလုပ်ငန်း ကွန်ဖရင့်တွေ အစည်းအဝေးတွေကို ကျင်းပပေးရတဲ့ ဌာန အကြီးအကဲ ဖြစ်လာတယ်၊ အဲဒီ ဌာနကြီးမှူး အနေနှင့် အမေရိကန် ပြည်ထောင်စုမှာရော ကမ္ဘာ အနှံ့မှာရော ကျွန်တော် ခရီး တော်တော်များများ သွားခဲ့ရတယ်၊ နယူးယောက်မှာ နေရတာကို ကျွန်တော် ပျော်တယ်၊ ကျွန်တော့်မှာ ရှေးဟောင်း ယဉ်ကျေးမှုကြီးတွေကို သုတေသန လုပ်တဲ့ ဝါသနာ အပြင် တခြား ဝါသနာ တစ်ခု ရှိသေးတယ်၊ နယူးယောက် ရောက်တဲ့ အခါကျတော့ အဲဒီ ဝါသနာနှင့် အံကိုက်ဖြစ်ခွင့် ကြုံသွားတာပေါ့၊ ကျွန်တော်က အော်ပရာ ပြဇာတ်ကို ဆေးစွဲသလို စွဲနေတဲ့ လူကိုး၊ မက်ထရိုပိုလီတန် ဇာတ်ရုံမှာ ဖြစ်ဖြစ်၊ လင်ကွန်းစင်တာမှာ ဖြစ်ဖြစ် အော်ပရာပြဇာတ် အသစ်တင်ရင် ကျွန်တော် ဘယ်တော့မှ မလွှတ်ဘူး၊ အဲဒီညက ကျွန်တော်က ဆမ်ဆမ်နှင့် ဒလိုင်လာ ပြဇာတ်ကို သွားကြည့်တယ်၊ အားလပ်ချိန်ပေးလို့ လူတွေက ဘားကိုသွားပြီး ဝိုင်အဖြူတို့၊ ရှမ်ပိန်တို့ သွားသောက်နေတုန်းမှာ ကျွန်တော်က တယ်လီဖုန်းရုံကို ပြေးပြီး ကျွန်တော့် ဆရာဆီကို လှမ်း ဖုန်းဆက်နေရတယ်။

'ကျွန်တော့် ချောင်းဆိုးတာက ပြန်ပေါ် လာပြန်ပြီလေ၊ တစ်ခါတလေဆိုရင် တစ်ညလုံး ချောင်းတွေဆိုးပြီး အိပ်လို့မရဘဲ ဖြစ်နေတယ်၊ လူတစ်ကိုယ်လုံးလည်း ချွေးတွေ နစ်နေတာပဲ၊ စောစောတုန်းကတော့ အအေးမိတာ၊ ဒါမှမဟုတ် တုပ်ကွေး ဖြစ်တာလို့ပဲ ထင်လိုက်တာပေါ့၊ အအေးမိနေတဲ့ လူတစ်ယောက်အဖို့ ဒါပဲ ထင်မိတာပေါ့လေ၊ နောက်ဆုံး ချောင်းဆိုးလွန်းမကဆိုးလာတဲ့ အခါကျတော့ ကျွန်တော် ဆရာဝန်ဆီ သွားပြတယ်။

'ကျွန်တော့် ဆရာဝန် ဒေါက်တာ အက်ဖ်က ခပ်သေးသေး၊ ခေါင်း

ပြောင်ပြောင်နှင့်၊ ကျွဲကော်ကိုင်း မျက်မှန်နှင့်၊ ဘိုးတိုင်ကို စည်းထားတော့ ရုတ်တရက် ကြည့်လိုက်ရင် ဓာတ်လိုက် မစ်ကီရွှန်နီနှင့် တူသလိုလိုပဲ။

'သူက ကျွန်တော့်ကို သေသေချာချာ စစ်ဆေးပြီး ပင်နီဇီဝ ဆေးတွေ ပေးလိုက်တယ်၊ နည်းနည်းကြာတော့ အအေးမိတာနှင့် ညညချောင်းဆိုးတာလည်း ပျောက်သွားတယ်၊ ဒါပေမယ့် လူကတော့ ကောင်းကောင်း နေမကောင်းချင်သေးဘူး၊ မောမောနေတုန်းပဲ၊ နည်းနည်းကြာတော့ အဝတ်အစား ဝတ်လိုက်ရင် အဝတ်အစားတွေက ကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ် မရှိတော့ဘဲ အိတွဲတွဲ ဖြစ်လာတယ်၊ ကိုယ်အလေးချိန် ကျသွားပုံရတယ်၊ ဒါပေမယ့် အစားအသောက်ကတော့ မပျက်ဘူးခင်ဗျ၊ သီတင်းပတ် တော်တော်ကြာသွားတော့ ကျွန်တော် ခပ်ဖြည်းဖြည်း ခပ်နှေးနှေး နေရတာကို နေသားကျသွားတယ်၊ ပစ္စတန် တစ်ဝက်လောက် မရှိတဲ့ မော်တော်ကားလိုပေါ့။

'တစ်မနက်မှာတော့ မနက်စာ စားနေရင်း အစာကို မျိုလို့ မကျသလိုလို ဖြစ်လာတယ်၊ ဒါနှင့် ကျွန်တော် ကျွန်တော့် လည်ချောင်းကို ဆရာဝန်ဆီ သွားပြတယ်၊ ကျွန်တော့် လျှာပေါ်မှာ ပြာနှမ်းနှမ်း အကွက်လေးတွေ တွေ့ရတယ်၊ ထိတာကိုလည်း မသိတော့ဘူး၊ ထုံနေတယ်၊ ပထမတော့ မက်ခရု ပေါက်တယ်လို့ပဲ ထင်လိုက်မိတယ်၊ နောက် တစ်နေ့ကျတော့ လျှာပေါ်မှာ အစက်ကလေးတွေ ပျောက်သွားကြတယ်၊ ဒါပေမယ့် လည်ချောင်းကတော့ မျိုလို့ မရသေးဘူး၊ ဆရာဝန်ကို တင်ပြကြည့်တော့ သူက အရေပြားရောဂါကု ဆရာဝန်ဆီ လွှတ်တယ်၊ အရေပြား ဆရာဝန်ကလည်း သေသေချာချာ စစ်တယ်၊ ဒါပေမယ့် ဘာမှ ရှာလို့ မတွေ့ဘူး၊ ဒါနှင့် သူက ကျွန်တော့် လျှာပေါ်က အသားစကလေးတွေ ထုတ်ယူလိုက်ပြီး အခြေအနေကို ကျွန်တော့် ဆရာဝန်ဆီကို ဖုန်းဆက် အကြောင်းကြားပါလို့ မှာလိုက်တယ်။

'ကျွန်တော်လည်း ဒီလိုပဲ နေလိုက်တာပေါ့၊ ဒီကိစ္စကို ခေါင်းထဲမှာ မထည့်တော့ဘဲ ထားလိုက်တယ်၊ အဲဒီ ပြဇာတ် ကြည့်တဲ့နေ့က သိပ်ပြီး နေလို့ မကောင်းတာနှင့် ကျွန်တော့် ဆရာဝန်ဆီကို တယ်လီဖုန်း ဆက်တယ်၊ တယ်လီဖုန်းက တော်တော်နှင့် မကိုင်ဘူး၊ ဒါနှင့် ကျွန်တော်က တယ်လီဖုန်း ပြန်ချမယ်လုပ်တုန်း တစ်ဖက်က ကျွန်တော့် ဆရာဝန်ဆီက အသံ ပေါ်လာတယ်၊ သူ့အသံက သိပ် အားရှိပုံ မရဘူး၊ အခြေအနေတော့ သိပ် မကောင်းဘူးဗျာတဲ့၊ ခင်ဗျားလျှာက အသားစကို ဘိုင်အိုစီ လုပ်ကြည့်တော့ ရောဂါကို သွားတွေ့နေရတယ်၊ ခင်ဗျားမှာ ရောဂါပိုး စွဲကပ်နေတယ်တဲ့၊ ဒီလို ရောဂါ

ပိုးက ခင်ဗျားတို့လို အရွယ်တွေမှာ စွဲလေ့ မရှိဘူးတဲ့၊ သေချာအောင် တခြား စမ်းသပ်မှုတွေကို လုပ်ရဦးမယ်တဲ့။

'ကျွန်တော်က ဘာရောဂါလဲလို့ မေးတော့ ဆရာဝန်က ကျွန်တော် မသိတဲ့ အမည်တစ်ခုကို ပြောတယ်၊ ပြီးတော့ သူက စာလုံး ပေါင်းပြတယ်၊ ကေအေပီအိုအက်စ်အိုင် တဲ့၊ ကာပိုဆီတဲ့၊ ကျွန်တော်က သူ ပြောတဲ့ နာမည်ကို စာရွက်ပေါ်မှာ မှတ်ယူထားလိုက်တယ်၊ ဒီတုန်းမှာ အားလပ်ချိန် ကုန်သွားလို့ ခေါင်းလောင်းတီးနေပြီ၊ ကျွန်တော်လည်း မနက်ဖြန် လာတွေ့မယ့်အကြောင်း ချိန်းပြီး ကျွန်တော့် ခုံဆီ ပြန်လာခဲ့တယ်၊ ကျွန်တော်လည်း ပြဇာတ်ထဲ စိတ် ရောက်သွားပြီး အားလုံးကို မေ့သွားတယ်။

'နောက်တစ်ရက်မှာ လိုအပ်တဲ့ စစ်ဆေးမှုတွေကို ထပ်လုပ်တော့မှ ကျွန်တော့် ပါးစပ်မှာ ဝင်ရောက်နေတဲ့ ကူးစက်ရောဂါကို သိရတော့တယ်၊ ကျွန်တော်က ကြောက်စရာ ကောင်းတဲ့ ရောဂါ အကြောင်း မေးမြန်း စုံစမ်း ကြည့်တယ်၊ အဲဒီရောဂါက နယူးယောက်နှင့် ကယ်လီဖိုးနီးယားမှာ မိန်းမလျာ တွေကို စွဲကပ်တဲ့ ရောဂါတဲ့၊ လိင်တူ ဆက်ဆံသူတွေကို စွဲကပ်တဲ့ ရောဂါတဲ့၊ ပြီးတော့ အဲဒီရောဂါဟာ အေအိုင်ဒီအက်စ်လို့ ခေါ်တယ်တဲ့၊ ဘာကြောင့် ဖြစ်တယ် ဆိုတာကို မသိသေးပေမယ့် လိင်ဆက်ဆံတာနှင့် သွေးသွင်းတာ ကနေ ကူးစက်တဲ့ ရောဂါတဲ့၊ အေအိုင်ဒီအက်စ် ရောဂါက ကိုယ်ခန္ဓာ အတွင်း မှာ ရှိတဲ့ ကိုယ်ခံစွမ်းအား စနစ်ကြီးကို ဖျက်ဆီး ပစ်တတ်တယ်တဲ့၊ ဒီလို ဖျက်ဆီးပစ်တဲ့ အတွက် ကျွန်တော့် လျှာပေါ်မှာ အစက် ကလေးတွေလို ပေါ် လာတာတဲ့၊ ဒေါက်တာ အက်ဖ်ဟာ ကျွန်တော့် ခန္ဓာကိုယ်မှာ ဘာဖြစ်လို့ ကိုယ်ခံအား ကျသွားရသလဲ ဆိုတာကို လိုက်ရှာကြည့်တယ်၊ ကျွန်တော့်ကို မေးခွန်းတွေ အမျိုးမျိုး မေးတယ်၊ တချို့ မေးခွန်းတွေက ရှက်စရာကြီးဗျ၊ အထူးသဖြင့် လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက ကျွန်တော့် လိင်ဆက်ဆံရေး ကိစ္စနှင့် ပတ်သက်တာတွေကို မေးတယ်။

'ကျွန်တော်က လိင်တူ ဆက်ဆံသလားတဲ့၊ ဘယ်နှစ်ယောက်လောက် ဆက်ဆံဖူးသလဲတဲ့၊ ပြည့်တန်ဆာ အိမ်ကိုကော မကြာခဏ သွားဖူးသလားတဲ့ စသဖြင့် ပေါ့ဗျာ၊ သူက ကျွန်တော် ပြောတာတွေကို လိုက်မှတ်တယ်၊ ကျွန် တော့ အဖြေကို သိပ်တော့ ကျေနပ်ပုံ မရဘူး။

'တကယ်က ကျွန်တော်က တစ်ယောက်တည်းသမား မဟုတ်လား၊ ကျွန်တော်ဟာ ဘလွန်းနှင့် တစ်ခါတစ်ရံ ဆက်ဆံဖူးတယ်၊ ပြီးတော့ ကျွန်တော်

တို့ နှစ်ယောက်က သိပ် ခင်မင်ကြတော့ တစ်ယောက်နှင့် တစ်ယောက် လွတ်လပ်ခွင့် ပေးထားကြတယ်၊ အသက် ၁၈ နှစ် အထိ ကျွန်တော်ဟာ မိန်းကလေးတွေနှင့်ပဲ ဆက်ဆံဖူးခဲ့တယ်၊ အဲ ပထမဆုံး လိင်တူ ဆက်ဆံဖူး တာကတော့ ဆော့လိပ်စီးတီးသွား ရထားပေါ်မှာပါ၊ ကျွန်တော့် စိတ်ထဲမှာ အကြီးအကျယ် မလုံမလဲ ဖြစ်နေတယ်ဗျာ၊ ကျွန်တော်က သဘောတရားနှင့် အဆုံးအမကို ငယ်ငယ် ကတည်းက ရလာခဲ့သူပါ၊ လက်ထပ်ထားတာက လွဲလို့ အခြားသူနှင့် ဆက်ဆံတာမျိုးကို တားမြစ်ပါတယ်၊ ကျွန်တော်တို့ ငယ်ငယ် ကတည်းကပဲ အဖေက ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ကို ဝတ်ပြုရာ ကျမ်းထဲက စာပိုဒ်ကို သင်ပေးတယ်၊ မိန်းမနှင့် ပေါင်းဖော်သကဲ့သို့ ယောကျ်ား အချင်းချင်း ပေါင်းဖော်လျှင် ထိုသူနှစ်ယောက်တို့သည် ရွံရှာဖွယ် သော အမှုကို ပြုသောကြောင့် သေထိုက်သော အပြစ်ရှိ၏ ဆိုတဲ့ စာပိုဒ်ပါ၊ ကျွန်တော်ဟာ ဘာသာရေး အစွဲအလမ်းကြီးသူ ဖြစ်လေတော့ နောက်ထပ် ရှောင်ပါတယ်၊ ဒါ ဆန်ဖရန်စစ္စကိုမှာ သွားကျောင်းတက်တော့မှ ဒီဘက်ကို ပြန်ပြီး လှည့်သွားတော့တာပါ။

'ကျွန်တော့် မိသားစုက ပစ္စဘတ်မှာ ပင်မင်းလုပ်ငန်း လုပ်ပါတယ်၊ အဲဒီအထိ ကျွန်တော် လွန်လွန်ကျူးကျူး သိပ် မရှိသေးပါဘူး၊ နောက်တော့ ကျွန်တော့် မိသားစုနှင့် ခွဲလာပြီး ပန်းချီဆရာ တစ်ယောက်နှင့် အတူ နေကြ ပါတယ်၊ သူနှင့် နေတုန်းမှာ ကျွန်တော်တို့ နှစ်ယောက် ကျူးလွန်ခဲ့ကြပါ တယ်၊ အဲဒီအထိ တစ်ဦးချင်း စနစ်ပါ၊ နောက်တော့ ကျွန်တော် ကတ်စထရို ရပ်ကွက်မှာ ရှိတဲ့ အရက်ဆိုင်ကို သွားတယ်၊ ကပွဲကို သွားတော့ တစ်ခါတလေ မှာလည်း ပြည့်တန်ဆာ အိမ်တို့ ဘာတို့ကို သွားပါတယ်၊ ဒါပေမယ့် သောင်း ကျန်းဖို့ထက် အပျော်သဘောက များပါတယ်။

'အမှန်ကတော့ အဲဒီနေရာတွေကို သွားရတာ စိတ်တောင် ပျက်ပါ သေးတယ်၊ ပြီးတော့ ကတ်စထရို ရပ်ကွက်က အဆန်းတကြယ် အခန်းတွေ ကိုလည်း ကျွန်တော် စိတ်မဝင်စားပါဘူး၊ အစ္စရေးကို ရောက်တဲ့ အခါမှာ တော့ ကျွန်တော် တစ်ခါတလေ ဆက်ဆံတာတွေ ရှိပါတယ်၊ ရာသီဥတု ကြောင့်လား၊ အာရပ် လူငယ်တွေနှင့် တွေ့လို့လား၊ ဘာကြောင့်လဲတော့ မပြောတတ်ပါဘူး၊ အဲဒီမှာတော့ ကျွန်တော် အခွင့်ရသလို ဆက်ဆံပါတယ်'

ဗင်ဘာစတင်း အခြေခံ ခီမိုသာရေပီကြောင့် ဂျိုးဆက် စတိန်း အာခေါင်တွင် စွဲကပ်နေသည့် ကူးစက်ရောဂါမှာ ပျောက်သွားသည်။ သို့ရာတွင် ထို နှစ်က နယူးယောက်တွင် တော်တော် ပျံ့ပြင်းလိုက်သည့် နွေရာသီ အရောက်တွင်မူ သူ့ခံတွင်း တစ်ခုလုံးတွင် ပေါ်ခဲ့ဖူးသည့် အညိုရောင် အစက် အပြောက် ကလေးများသည် ခန္ဓာကိုယ် တစ်ခုလုံးတွင် အနှံ့အပြား ပေါ်လာခဲ့ကြသည်။ အထူးသဖြင့် ခြေဖဝါး၊ ဒူးဆစ် အထက်နှင့် နှာခေါင်း ပတ်လည်တွင် ဖြစ်သည်။

စောစောကတော့ ထိုရောဂါသည် ပျောက်ကင်းသွားပြီဟု ထင်ခဲ့သည်။ ယခု ပြန်ပေါ် လာပြန်ပြီ။ ထိုရောဂါနှင့် အတူ ချောင်းခြောက်ဆိုးခြင်း၊ ဖျားခြင်း၊ အလွန်အမင်း မောပန်းခြင်း စသည့် လက္ခဏာတို့လည်း ပြန်ပေါ် လာကြသည်။ သည်တစ်ကြိမ်တွင်မူ သူ့ဆရာဝန်က နျူမိုဆိုက်စတစ် နျူမိုး နီးယား ဟု သံသယ ဖြစ်လာသည်။ ယင်းမှာ ကိုယ်ခံအား စနစ်ကြီး နည်း သွားသည့်အခါတွင် ပေါ်ပေါက်လာတတ်သော ရောဂါကြီး တစ်ခု ဖြစ်သည်။ သူ့ဆရာဝန်က သူ့ကို ဘဲလ်ဗျူး ဆေးရုံကြီးသို့ တင်သည်။ သို့ရာတွင် ဆေးရုံတွင် ခုတင်လွတ် မရှိ။ ထို့ကြောင့် သူ့ကို ဘရွန့်စ်ဆေးရုံသို့ ပို့သည်။ တော်တော် ကြောက်စရာ ကောင်းသည့် အတွေ့အကြုံပေတည်း။

'မိန်းမလျှာ ဆိုပြီး ကြောက်လို့ပဲလား၊ ဒါမှမဟုတ် အေအိုင်ဒီအက်စ် ကူးမှာကို ကြောက်လို့ပဲလားတော့ မသိဘူးဗျာ၊ ဆေးရုံရောက်ပြီး နှစ်ရက်လုံးလုံး ကျွန် တော့်ကို အစာလည်း မပေးဘူး၊ ဆေးလည်း မကုဘူး၊ ကျွန်တော့် အနားကို လည်း တစ်ယောက်မှ မလာကြဘူး၊ ကျွန်တော့်ကို အစာကျွေးချင်ရင် အပြင် ဘက် စင်္ကြံမှာ ထမင်းပန်းကန်ကို ချပစ်ခဲ့တယ်၊ ကျွန်တော့် အိပ်ရာခင်းကို လည်း ဘယ်သူမှ လာပြီး သန့်ရှင်းရေး လုပ်မပေးဘူး၊ ခေါက်မပေးဘူး၊ သူနာပြုဆရာမ တစ်ယောက် ဆေးတိုက်ဖို့ ဝင်လာတော့လည်း သူ့မျက်နှာမှာ မျက်နှာဖုံး တပ်ထားတယ်၊ လက်မှာလည်း လက်အိတ် စွပ်ထားတယ်၊ အပေါ် မှာ ဝတ်ထားတဲ့ အဝတ်ကလည်း စပါယ်ရှယ် အဝတ်အစား၊ သူတို့ကို ကြည့်ရတာ အာကာသ သွားမယ့်သူတွေ ကျနေတာပဲ၊ ကျွန်တော့် လက်မောင်း

နှင့် ခြေထောက်မှာ ရှိတဲ့ အညိုကွက်တွေကိုလည်း ဘယ်ဆရာဝန်ကမှ လာမကြည့်ဘူး၊ ကျွန်တော် တော်တော် စိတ်ဓာတ် ကျသွားတယ်ဗျာ၊ အသားအရေကလည်း တင်းနေပြီး ကိုယ်ခန္ဓာကလည်း တောင့်နေတယ်၊ နည်းနည်းပါးပါး အနိုပ် ခံလိုက်ရရင် ကောင်းမယ်၊ ဒါပေမယ့် ကျွန်တော့်ကို ဘယ်သူမှ မထုရဲကြဘူး၊ အဲဒီ နှစ်ရက်အတွင်း ကျွန်တော့်မှာ အားပေး စကားသံလေး တစ်ခွန်း မကြားရဘူး၊ ကြင်နာ ယုယတဲ့ စကားသံလေး တစ်ခွန်း မကြားရဘူး၊ အဲဒီ နှစ်ရက် အတွင်းမှာတော့ ကျွန်တော့်ကို ပြုမူ ဆက်ဆံတာကတော့ တိရစ္ဆာန်ထက်တောင် ဆိုးဦးမယ် ထင်တယ်'

ဂျိုးဆက်စတိန်းက နောင်တွင် ပြောပြသည်။

ဘလွန်းသည် သူ့ရဲဘော် စတိန်းထံသို့ ပေါက်လာကာ သူ့ကို ဆေးရုံ ငရဲခန်းမှ နေ၍ ထိုရောဂါကို ဂရုတစိုက် ကုသပေးနေသည့် နေရာ တစ်နေရာသို့ ခေါ်သွားသည်။ ဘလွန်းသည် သူနာတင်ကား ဒရိုင်ဘာအား ကောင်းကင်ထဲသို့ ထိုးတက်နေသည့် မိုးပျံ အဆောက်အအုံကြီး တစ်ခုကို ညွှန်ပြ၏။

'စိန်ကလဲယား ဆေးရုံကို မောင်းပါ'

ထိုဆေးရုံတွင် ဒေါက်တာ ဂျေဟိုးဗစ်နှင့် စေတနာ့ဝန်ထမ်း ဆရာဝန်များသည် ဘရင်ဂျီ ဘာသာဝင်တို့က ဘုရား၏ ဒေါသဟု ခေါ်ကြသော ထိုရောဂါရှင်များကို ကုသရန် ကြိုးစားနေကြသည်။

[ ၄၃ ]

**အတ္တလန္တိတ် တစ်ဖက်တစ်ချက် ပြိုင်ပွဲကြီး။**

**ဘာသီးစ်ဒါ၊ အမေရိကန် ပြည်ထောင်စု – ပါရီ၊ ပြင်သစ်ပြည်။**

**၁၉၈၃ ခုနှစ် နွေဦး – ၁၉၈၅ ခုနှစ် ဆောင်းရာသီ။**

အတ္တလန်တာရှိ စီဒီစီ (ရောဂါ ထိန်းချုပ်ရေး ဗဟိုဌာန) မှ ထုတ်ပြန်သော သတင်းစဉ်များသည် မိးရထား အချိန်ဇယား တစ်ခုလို တိကျသည်။ ထိုစာစောင်များက ကူးစက် ပြန့်ပွားရောဂါ ကပ်ကြီး အခြေအနေ ဆိုးသည်ထက် ဆိုးလာနေကြောင်းကို သတင်း ပို့ကြသည်။

၁၉၈၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်သည့် စာရင်းဇယားများသည် အခြေအနေကို ဖော်ပြနေကြသည်။ သုံးနှစ်အတွင်း အမေရိကန်လူမျိုး ၄၉၁၈ ယောက်တို့သည် အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်နေကြသည်။ ယင်းတို့အနက် တစ်ဝက်ခန့် ဖြစ်သော လူနာ ၂၂၂၁ တို့ သေဆုံးသွားခဲ့ကြသည်။ ၁၉၈၂ ခုနှစ် မတိုင်မီက ထိုရောဂါ စွဲကပ်ခဲ့သော လူနာများ၏ သေနှုန်းသည် လေးပုံသုံးပုံသို့ ရောက်လာသည်။

ဥရောပက အခြေအနေမှာလည်း အလားတူ လန့်စရာ ကောင်းနေသည်။ ၁၉၈၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ထုတ်ပြန်သည့် စီဒီစီ စာရင်းအရ ရှစ်လ အတွင်းတွင် သေနှုန်းသည် ၁၀၀ ရာခိုင်နှုန်း ဖြစ်လာသည်ဟုဆိုသည်။ ထိုစာရင်းတွင် ပြင်သစ်က ရှေ့ဆုံးမှ ရောက်နေပြီး ဒိန်းမတ်က ဒုတိယ လိုက်နေသည်။

ထို့မျှ ကြောက်မှုယ်ကောင်းသော ကပ်ရောဂါကြီးကို ရင်ဆိုင် တိုက်ခိုက်ရန် အတွက် ဥရောပ တစ်ဝန်းမှ သိပ္ပံပညာရှင်များသည် စုစုစည်းစည်းရှိဖို့ ကောင်းသည်မှာ အမှန် ဖြစ်သည်။ သို့ရာတွင် ထိုသို့ မဟုတ်ပါ။ ပလိပ်ရောဂါသစ်ကြောင့် ပုဂ္ဂိုလ်ချင်း အကျိုးစီးပွားချင်း ပြိုင်ဆိုင်မှုသည် ပြင်းထန်သည်ထက် ပြင်းထန် လာခဲ့သည်။

အမေရိကန် သိပ္ပံပညာရှင် ရောဘတ် ဂါလို နှင့် ပြင်သစ် သိပ္ပံပညာရှင် လတ် မွန်တိန်နီးယားတို့၏ ကန့်လန့်ကာ နောက်ကွယ်မှ ရင်ဆိုင် တိုက်ပွဲကို မည်သူမျှ သိကြမည် မထင်ပါ။ မိသားစု သဖွယ် ပူးပေါင်းရေး၊ မိတ်ဆွေသဖွယ် ကူညီ ရိုင်းပင်းရေး ဆိုသည့် စကားများ နောက်ကွယ်တွင် သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ဓားချင်းယှဉ်ခုတ် နေကြသည်။

သိပ္ပံပညာရှင် နှစ်ဦးနှင့် သူတို့၏ အဖွဲ့များသည် တစ်ဦးနှင့် တစ်ဦး အပြန်အလှန် လည်ပတ်ကြသည်။ အပြန်အလှန် တယ်လီဖုန်း ဆက်ကြသည်။ အပြန်အလှန် စာရေးကြသည်။ ပညာရှင်များကို အပြန်အလှန် ဆီးကြိုကြသည်။ သူတို့ အသီးသီး၏ ဓာတုဗေဒဆိုင်ရာ လျှို့ဝှက်ချက်များ၊ ဗိုင်းရပ်စ်ပိုးများ၊ ရလဒ်များကို အပြန်အလှန် ဖလှယ်ကြသည်။

ဝါရှင်တန်က အီတလီ ပျော်ပွဲစားရုံများ၊ ပါရီက ပျော်ပွဲစားရုံများတွင် အရက် အတူ သောက်ကြသည်။ ထမင်း အတူ စားကြသည်။ သူတို့ အိမ်များတွင် အပြန်အလှန် ဆီးကြို ဧည့်ဝတ် ပြုကြသည်။ လေဆိပ်တွင် အပြန်အလှန် ကားကြိုကြသည်။ အပြန်အလှန် လိုက်လံ ပို့ဆောင်ကြသည်။

တစ်ခါတစ်ရံတွင် သူတို့ ကွန်ဖရင့် ကျင်းပရာ ဟိုတယ် ရေကူးကန်တွင် ကျောင်းသားကလေးတွေလို အတူတကွ ရေကူးကြသည်။

ဤအပေါ်ယံ မျက်နှာဖုံး နောက်ကွယ်တွင်မူ ပြိုင်ပွဲကြီး အကြိတ်အနယ် ပေါ်ပေါက်နေသည်။

ရောဘတ် ဂါလိုသည် ထိုပြိုင်ပွဲသို့ ဝင်လာသည်နှင့် ပြင်သစ်တို့၏ စေ့စပ်မရသော ပြိုင်ဘက်ကြီး ဖြစ်လာခဲ့သည်။ သူ့တွင် ရက်ထရို ဗိုင်းရပ်စ် ပိုးနှင့် ပတ်သက်၍ တွေ့ရှိချက်တွေ အများကြီး ရှိသည်။ ထို့ကြောင့် အေအိုင်ဒီအက်စ် ရောဂါကို ဖြစ်စေသည့် ဗိုင်းရပ်စ်ပိုးကို တွေ့ရာတွင် သူသာလျှင် ပထမဆုံး တွေ့ရှိသူ ဟူသော အမည်ကို တပ်ပိုင်ခွင့် ရှိသည်ဟု ယူဆသည်။ ထိုအတောအတွင်းတွင် ပြင်သစ် အဖွဲ့ ဖြစ်သည့် လတ် မွန်တိန်းနီ ယားနှင့် သူ့အဖွဲ့ကလည်း ရောဘတ် ဂါလို၏ နောက်သို့ အမီ လိုက်နေသည်။

ရောဘတ် ဂါလိုသည် ကျွမ်းကျင်သည့် ဗျူဟာမှူး ဖြစ်သည်။ သူသည် ယှဉ်ပြိုင် လာသူတို့ကို ထိပ်တိုက် ရင်ဆိုင်ခြင်း မပြု။ သူတို့ကို ချွေးသိပ်သည်။ သူတို့ အရှိန်နှင့် သူတို့ လွှတ်ထားသည်။ သူတို့ ပြောစကားကို စိတ်ဝင်စားဟန်ဖြင့် နားထောင်သည်။ တကယ်တော့ သူ့အဖို့ ပြင်သစ် အဖွဲ့ကို ဘာမှုစရာ ရှိသနည်း။ မိမိ တွေ့ရှိခဲ့သည့် အိတ်ချ်တီအယ်လ်ဗွီ ဗိုင်းရပ်စ်ပိုး နမူနာကို သူတို့ ဗိုင်းရပ်စ်ပိုးနှင့် ယှဉ်၍ စမ်းသပ်ရန် ဘာနမူနာမျှ မပေးရသေး။

၁၉၈၃ ခုနှစ် ဇွန်လတွင် ရောဘတ် ဂါလိုသည် အတ္တလန္တိတ်ကို ဖြတ်ကာ ပြင်သစ်ပြည်သို့ ရောက်လာခဲ့သည်။ ပြင်သစ်တို့၏ ဓာတ်လမ်းကို နားထောင်ရန် ဖြစ်သည်။ ထိုစဉ်က ပြင်သစ်တို့ တွေ့ရှိချက်ကို သူ ကန့်ကွက်ခဲ့သည်။ သူ့အမြင်၌ ကလော်ဒီ ရှားမင်းနှင့် ဖရန့်ဆွာ ဆိနိုဆီတို့၏ စမ်းသပ် ဖန်ပြွန်ထဲတွင် တွေ့ခဲ့သည့် ရက်ထရို ဗိုင်းရပ်စ်ပိုးသည် သူတွေ့ခဲ့သည့် အိတ်ချ်တီအယ်လ်ဗွီ ဗိုင်းရပ်စ်ပိုး မဟုတ်။ ထိုဗိုင်းရပ်စ်ပိုးနှင့် ဆွေနီးမျိုးစပ် တော်သူသာ ဖြစ်သည်ဟု ယူဆသည်။ ထိုဗိုင်းရပ်စ် နှစ်မျိုးစလုံးတွင် တူညီသည့် ဂုဏ်သတ္တိများ ရှိနေကြသည်။ ထိုဗိုင်းရပ်စ် နှစ်မျိုးစလုံးသည် လိင်ဆက်ဆံရာမှ တစ်ဆင့်၊ သွေးမှ တစ်ဆင့်၊ ပဋိသန္ဓေ နေစဉ် ကူးစက်မှုမှ တစ်ဆင့် ဝင်ရောက်

လာခြင်း ဖြစ်သည်။ ထိုဗိုင်းရပ်စ် နှစ်မျိုးစလုံးသည် ကိုယ်ခံအား စနစ်၏ ဒေါက်ကြီးဖြစ်သော တီ–လင်ဖိုဆိုက်များကို တိုက်ခိုက်ကြသည်။

ရောဘတ် ဂါလို၏ ဆက်ဆံပုံက နွေးထွေးသည်။ အကူအညီ ပေးမည်ဟု ဆိုသည်။ ထက်သန်သည်။ ထို့ကြောင့် ပြင်သစ်များသည် သူ့ကို ဘာမျှ သံသယ မရှိကြ။

ရောဘတ် ဂါလိုက အမေရိကန် ပြည်ထောင်စုသို့ လာ၍ ပို့ချချက် တစ်ခု လုပ်ပေးရန် မွန်တီန်းနီးယားကို ဖိတ်သည်။ ထိုနှစ် နွေရာသီတွင် မွန်တီန်းနီးယားသည် သူတို့ ခွဲထုတ်ရထားသည့် ဗိုင်းရပ်စ်ပိုး ထည့်ထားသည့် ရေခဲဘူး ကလေးကို လက်ဆွဲ သေတ္တာထဲတွင် ထည့်ပြီး ဘာသီးစ်ဒါးသို့ ရောက်လာသည်။ ရောဘတ် ဂါလိုနှင့် သူ့အဖွဲ့သားများသည် သူယူလာသည့် ဗိုင်းရပ်စ် ပိုး၏ ထူးခြားချက်ကို လေ့လာ အသိအမှတ် ပြုကြလိမ့်မည်ဟု မွန်တီန်းနီးယား မျှော်လင့်သည်။ သို့ရာတွင် ဘာသီးစ်ဒါး၏ အရှင်သခင်သည် သူ့အမှားကို ဝန်ခံခြင်း ပြုလိုဟန် မတူ။ မွန်တီန်းနီးယား ယူလာသည့် ဗိုင်းရပ်စ်ပိုး လက်ဆောင်ကို သူ့ ရေခဲသေတ္တာ အောက်ဆုံးတွင် ချောင်ထိုးထားလိုက်ပြီး သူ့ ညေ့သည်ကို မိနစ် အနည်းငယ်သာ စကားပြောခွင့် ပြုသည်။ အစည်းအဝေးသို့ တက်ရောက်လာသည့် သိပ္ပံပညာရှင်များနှင့် ဖင်ပူအောင်ပင် စကားပြောချိန် မရလိုက်။

စိတ်လည်း ပျက်၊ ရှက်လည်း ရှက်သဖြင့် မွန်တီန်းနီးယားသည် ပြင်သစ်ပြည်သို့ ပြန်လာခဲ့သည်။ ရောဘတ် ဂါလိုကို ပြိုင်မည်ဟုလည်း စိတ်တုံးတုံး ချလိုက်သည်။

အမေရိကန် ရက်ထရို ဗိုင်းရပ်စ်ပိုးဗေဒ လောကမှ မိမိတို့၏ တွေ့ရှိချက်ကို အသိအမှတ် မပြုလျှင် စာနယ်ဇင်းများ၏ အကူအညီ ယူမည်ဟု ဆုံးဖြတ်သည်။

၁၉၈၃ ခုနှစ် ဩဂုတ်လ၌ မွန်တီန်းနီးယားသည် သဘာဝ ခေါ် သိပ္ပံစာစောင်သို့ ဆောင်းပါး တစ်စောင် ရေးပို့သည်။ ပြင်သစ်တို့ တွေ့သည့် အယ်လ်အေဗွီ ဗိုင်းရပ်စ်ပိုးသည် ကိုယ်ခံအား စနစ်ကြီးကို ညှိနှိုင်း ချိန်ဆပေးသော တီ–၄ လင်ဖိုဆိုက်များနှင့် နီးစပ်ကြောင်းကို ဖော်ပြထားသည်။ သို့ရာတွင် စာနယ်ဇင်း လောက၌ ရောဘတ် ဂါလို၏ ဩဇာက အလွန်ကြီးပါ၏။ စာနယ်ဇင်းများသည် သူ့ ဆောင်းပါးကို ပယ်ချ လိုက်ကြသည်။

၁၉၈၃ ခုနှစ် ဩဂုတ်လတွင် အမေရိကန် ဆရာဝန်များ အသင်း

ဂျာနယ် တွင် ဖြတ်သို့ သတင်းစာဆရာ တစ်ဦး၏ ဆောင်းပါး တစ်ပုဒ် ပါလာသည်။ သူ့ ဆောင်းပါးကို တွေ့ရသည့်အခါတွင် ပြင်သစ်များသည် အားတက် လာကြသည်။ ပြင်သစ်တို့၏ အတိုကောက် စာလုံး ဖြစ်သည့် အယ်လ်အေဗွီ အမည်သည် ကမ္ဘာ့ သတင်းစာများတွင် ပထမဆုံး ပါလာခြင်း ဖြစ်သည်။ သို့ရာတွင် ရောဘတ် ဂါလိုသည် သတိ မလစ်ပါ။ သူ့ ဩဇာကို သုံးကာ ပြင်သစ်တို့၏ သတင်းကို မြှုပ်သွားအောင် လုပ်ခဲ့ပါသည်။ မကြာမီတွင် ထိုသတင်းစာဆရာ၏ ဆောင်းပါး တစ်စောင် ပါလာပြန်သည်။ ထိုဆောင်းပါး ထဲတွင်မူ အမေရိကန်တို့ တွေ့ရှိထားသည့် အိတ်ချ် တီ အယ်လ် ဗွီ သည် အေအိုင်ဒီအက်စ်၏ ကိုယ်စားလှယ် ဖြစ်နိုင်ကြောင်းဖြင့် အမေရိကန်တို့ကို ချီးကျူး ရေးထားသည်။

ရောဘတ် ဂါလိုသည် သူ့ပြိုင်ဘက်များ၏ စိုးရိမ်မှုကို ဖြေဖျောက်သည့် အနေဖြင့် ပါရီက အဖွဲ့အား သူတို့ တွေ့ရှိထားသည့် အယ်လ်အေဗွီ ဗိုင်းရပ်စ်ပိုး နမူနာကို အမေရိကန် ပြည်ထောင်စုသို့ ပို့ရန် အကြောင်းကြားလိုက်သည်။

ထို့အပြင် သူ့ဌာနရှိ ရက်ထရို ဗိုင်းရပ်စ်ပိုး မွေးမြူရေး ကျွမ်းကျင်သူ ချက်လူမျိုး ပိုပိုဗစ်ကိုလည်း ပြင်သစ် ရက်ထရို ဗိုင်းရပ်စ်ပိုး ဖြစ်သည့် အယ်လ်အေဗွီ ဗိုင်းရပ်စ်ပိုးကို မွေးမြူကြည့်ရန် ညွှန်ကြားခဲ့သည်။ သို့ရာတွင် ပိုပိုဗစ်က သူ့ဌာနတွင် မှန်တိန်းနီးယား တွေ့ခဲ့သည့် အယ်လ်အေဗွီ ဗိုင်းရပ်စ်ပိုးမျိုးကို မွေးမြူ၍ မရကြောင်းဖြင့် ရိုးသားစွာ ဝန်ခံသည်။

ထိုအတောအတွင်းတွင် ပြင်သစ်တို့က သူတို့ အယ်လ်အေဗွီ ဗိုင်းရပ်စ်ပိုး နမူနာ ပေးပို့ရန် သဘောတူသည်။ သို့ရာတွင် သဘောတူညီချက်၌ လက်မှတ် ထိုးရမည်ဟု တောင်းဆိုသည်။ ထိုသဘောတူညီချက်တွင် အမေရိကန် သုတေသနဌာနသည် မိမိတို့၏ ရက်ထရို ဗိုင်းရပ်စ်ပိုးကို သုတေသန ရည်ရွယ်ချက်များ သက်သက်အတွက်သာ အသုံးပြုရမည်၊ စီးပွားရေး ရည်ရွယ်ချက်အားဖြင့် အသုံးမပြုရ ဟု ပါရှိသည်။ ရောဘတ် ဂါလို၏ ကိုယ်စား ပိုပိုဗစ်က ထို သဘောတူ စာချုပ်ကို အလွယ်တကူ လက်မှတ်ထိုး ပေးလိုက်သည်။ သို့ရာတွင် ထိုကတိစာချုပ်သည် စက္ကူစုတ် တစ်ခုထက် ဘာမျှ တန်ဖိုး မရှိကြောင်းကို နောင်တွင် တွေ့လာခဲ့ရသည်။

များမကြာမီ ရောဘတ် ဂါလိုက အေအိုင်ဒီအက်စ်ကို ဖြစ်စေသည့် ဗိုင်းရပ်စ်ပိုးကို တွေ့ပြီ ဟု ကြေညာသည့် အခါ၌ ပြင်သစ်တို့ ပေးပို့သည့်

နမူနာကို အသုံးပြုသည် ဆိုသည့် စကားမျိုး ဆို၍ တစ်ချက်ကလေးပင် လေသံ မဟ။

သို့တိုင်အောင် ရောဘတ်ဂါလိုသည် ၁၉၈၃ ခုနှစ် ဆောင်းရာသီတွင် ပြင်သစ်တို့နှင့် အတူ ပူးပေါင်း ဆောင်ရွက်၍ သုတေသန လုပ်နေလေဟန် အရိပ်အယောင် ပြနေဆဲ ဖြစ်သည်။ ကိုးစပရင်းတွင် ကျင်းပသည့် ကွန်ဖရင့်သို့ လတ်မွန်တိန်းနီးယားကို ဖိတ်ကြားပြီး ပြင်သစ်တို့၏ အယ်လ်အေဗွီ ဗိုင်းရပ်စ်အကြောင်းကို ရှင်းပြစေသည်။ ထိုနေရာမှာ တစ်ခါတုန်းက ဆီနိုဆီ ကိုယ်တိုင်လာပြီး ဆလိုက်များဖြင့် ရှင်းပြခဲ့သည့် နေရာပင် ဖြစ်သည်။ ထိုစဉ်တုန်းက ဆီနိုဆီသည် များများ ရှင်းပြချိန် မရခဲ့။

ယခု တစ်ကြိမ်တွင်လည်း ထို့အတူပင်။ ကိုးစပရင်း ကွန်ဖရင့်သည် ခါတိုင်းကဲ့သို့ ဘာသီးစ်ဒါးမှ ရောဘတ် ဂါလို၏ ဩဇာအောက် ရောက်နေကာ ရောဘတ် ဂါလိုကိုသာ ဝိုင်း၍ ဩဘာ ပေးနေကြသည်။

'ကွန်ဖရင့် နောက်ဆုံး ညနေပိုင်းကျမှ ကျွန်တော် စကားပြောခွင့်ရတယ်၊ ဒီတော့ ကိုယ်စားလှယ် ပညာရှင် တစ်ဝက်ကျော်ကျော် ပြန်ကုန်ကြပြီ၊ ပြောရတော့လည်း မိနစ် ၂၀ တောင် မပြည့်ချင်ဘူး' ဟု နောင်တွင် မွန်တိန်းနီးယားက ညည်းသည်။

ကျန်သည့် ကိုယ်စားလှယ်များကလည်း သူ့ကို မေးခွန်းတွေ ဝိုင်းမေးကြသည်။ ရောဘတ် ဂါလို ကိုယ်တိုင်ကပင် သူ့အဆိုကို မေးခွန်း ထုတ်နေသည်ကို တွေ့ရသည်။ ပြင်သစ်တို့၏ အယ်လ်အေဗွီသည် ရက်ထရိုဗိုင်းရပ်စ်ပိုး မဟုတ်ဆိုသည့် အချက်ကိုပင် သံသယ ရှိကြောင်းဖြင့် ထုတ်ဖော်ပြောဆို သွားခဲ့သည်။

မွန်တိန်းနီးယားက သူတို့ ရက်ထရို ဗိုင်းရပ်စ်ပိုးသည် အေအိုင်ဒီအက်စ်၏ တရားခံ ဖြစ်ကြောင်းကို ပြရန် ဆလိုက်များဖြင့် သက်သေ ထူသည်။ သို့ရာတွင် အချည်းနှီးသာ။

ပြင်သစ်ပြည် လွာရေ တောင်ကြားရှိ ကျေးလက် စံအိမ်ကြီး တစ်ခုတွင် ကွန်ဖရင့် တစ်ခု လုပ်သည်။ ပါရီတွင် နိုင်ငံတကာ ကွန်ဖရင့်ကြီး တစ်ခု ကျင်းပသည်။

ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီးမှ ကြီးမှူး၍ ဂျီနီဗာတွင် အစည်းအဝေး

ကြီး တစ်ရပ် ကျင်းပသည်။ အူးတားနယ်ရှိ ပါခ်စီးတီးမှ ရေခဲလျှောစီး စခန်း တစ်ခုတွင် ကြီးကျယ်သည့် ကွန်ဖရင့်ကြီး တစ်ခုကို ခေါ်ယူသည်။ ထိုအစည်း အဝေးများ အားလုံးကို ၁၉၈၃ ခုနှစ်နှင့် ၁၉၈၄ ခုနှစ် စောစောပိုင်း ကာလ များတွင် ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ကွန်ဖရင့်တိုင်းမှာ လိုလိုပင် ပြင်သစ် သိပ္ပံပညာရှင်များသည် မလျှော့ သော ဇွဲဖြင့် သူတို့ တွေ့ရှိချက်ကို သက်သေထူဖို့ ကြိုးစားခဲ့ကြသည်။ သို့ရာ တွင် များစွာ အောင်မြင်ခြင်း မရှိပါ။ ပြင်သစ်တို့ တွေ့ရှိပြီး နောက်တစ်နှစ် ကြာသည် အထိ အမေရိကန် ပြည်ထောင်စုမှ ဗိုင်းရပ်စ် ပိုးဗေဒ ပါရဂူများက ပါရီတွင် ပြင်သစ် သိပ္ပံပညာရှင်များ ခွဲထုတ်ရခဲ့သည့် ဗိုင်းရပ်စ်ပိုးသည် အေ အိုင်ဒီအက်စ်၏ တရားခံ ဖြစ်သည် ဆိုသည့် အချက်ကို လက်မခံဘဲ ငြင်းပယ် နေဆဲ ဖြစ်သည်။

သို့ရာတွင် ပါ်ခ်စီးတီး ကွန်ဖရင့်တွင်မူ ပြင်သစ် သိပ္ပံပညာရှင်တို့သည် ရန်လိုသည့် စစ်မျက်နှာတွင် အားနည်းချက်ကို သွားတွေ့ကြသည်။ ကလော်ဒီ မှားမင်း၏ ပြောင်းမြောက်သည့် ခုခံ ကာကွယ်မှုများကြောင့် ပါစချာ အင် စတီကျုမှ တင်ပြချက်ကို စီဒီစီ (ရောဂါ ထိန်းချုပ်ရေး ဗဟိုဌာန) မှ ကိုယ် စားလှယ်များ စိတ်ဝင်စားသွားဟန် တူသည်။ နောက်ထပ် လေ့လာနိုင်ရန် အတွက် ပြင်သစ်တို့ တွေ့ရှိသည့် အယ်လ်အေဗွီ ဗိုင်းရပ်စ်ပိုး နမူနာကို သူတို့ထံ ပို့ပေးရန် တောင်းလာသည်။ နောက်နှစ်လ အကြာတွင်မူ ဆေး ပညာ သုတေသန လောကကြီး တစ်ခုလုံးကို ကိုင်လှုပ်မည့် အဖြစ်အပျက် ကြီး တစ်ရပ် ပေါ်လာခဲ့သည်။

နယူးယောက်တိုင်း သတင်းစာကြီးနှင့် တွေ့ဆုံ မေးမြန်းခန်းတွင် စီဒီစီ ညွှန်ကြားရေးမှူး ဂျိမ်းမေဆန်က ..

'ပါစချာ အင်စတီကျုမှ တွေ့ရှိထားသည့် အယ်လ်အေဗွီ ဗိုင်းရပ်စ် သည် အေအိုင်ဒီအက်စ်၏ တရားခံ အများဆုံး ဖြစ်နိုင်သည်' ဟု ကြေညာ လိုက်သည်။

ပြင်သစ်တို့သည် နလပိန်းတုံးများ မဟုတ်ကြပါ။ စီဒီစီက ထိုသို့ ကြေညာ သည့်ဘိုင် သူတို့အောင်ပွဲကို ချက်ချင်း ကျင်းပခြင်း မပြုကြသေးပါ။ သူတို့ သတင်းနှင့် ပတ်သက်၍ လေးစားလောက်သည့် နယူးယောက်တိုင်း သတင်း

တကြီးပေါ်မှ မင်များ မခြောက်သေးမီမှာပင် နောက်ထပ် ပို၍ စိတ်လှုပ်ရှား ဖွယ် ကောင်းသည့် သတင်း တစ်ခု ပေါ်ထွက်လာပြန်သည်။

သတင်းက ပါမောက္ခ ရောဘတ် ဂါလို တကယ့် အေအိုင်ဒီအက်စ်ပိုး အစစ်ကို တွေ့ပြီဆိုသည့် သတင်း။ သူ တွေ့သည့် ဗိုင်းရပ်စ်ပိုးသည် သူ တစ်ခါက တွေ့ခဲ့သည့် အိတ်ချ်တီအယ်လ်ဗွီ – ၁၊ အိတ်ချ်တီအယ်လ်ဗွီ – ၂ ဗိုင်းရပ်စ်ပိုးများနှင့် ရက်ထရို ဗိုင်းရပ်စ်ပိုး တစ်မျိုးတည်း ဖြစ်ကြောင်းဖြင့် ကြေညာကာ နောက်ထပ် တွေ့ရှိသည့် ဗိုင်းရပ်စ်ပိုးကို အိတ်ချ်တီအယ်လ် ဗွီ – ၃ ဟု ကင်ပွန်းတပ်သည်။

ထိုဗိုင်းရပ်စ်ပိုး နောက်ထပ် ရောက်လာခြင်းသည် သိပ္ပံပညာ လောက တွင် မိုးချုန်းသည့်နယ် မြည်ဟိန်းသွားသည်။ အမေရိကန် အစိုးရက ထို ဗိုင်းရပ်စ်ပိုး တွေ့ရှိချက်ကို ကျန်းမာရေးနှင့် လူမှုဝန်ထမ်း ဝန်ကြီး မားဂရက် ဟက်ခလားအား ကြေညာစေသည်။

သမ္မတ ရွေးကောက်ပွဲများ ကျင်းပခါနီးတွင် မိန်းမလျာတို့၏ မဲများကို သမ္မတ ရေဂင် အတွက် စုဆောင်းပေးလိုဟန် ရှိသည်။ အေအိုင်ဒီအက်စ် ရောဂါ သုတေသန အတွက် အစိုးရက အကုန်အကျ ခံခဲ့သည့် ဒေါ်လာ သန်းပေါင်း များစွာတို့သည်လည်း အချည်းနှီး မဖြစ်ဟု အမေရိကန် အစိုးရ သက်သေ ထူလိုဟန် ရှိသည်။

၁၉၈၄ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ကျင်းပသည့် သတင်းစာ ကွန်ဖရင့် တစ်ခုတွင် ကျန်းမာရေး ဌာနဝန်ကြီး မားဂရက် ဟက်ခလားက

'ပါမောက္ခ ရောဘတ် ဂါလိုနှင့် သူ့အဖွဲ့က ဗိုင်းရပ်စ်ပိုးသစ် တစ်မျိုး ကို ရှာဖွေ တွေ့ပါတယ်၊ အဲဒီ ဗိုင်းရပ်စ်ပိုးကို အိတ်ချ်တီအယ်လ်ဗွီ – ၃ လို့ ခေါ်ပါတယ်၊ အဲဒီ ဗိုင်းရပ်စ်ပိုးဟာ အေအိုင်ဒီအက်စ်ရဲ့ ကိုယ်စားလှယ် ဖြစ် ခဲ့တယ် ဆိုတာ နောက်ဆုံး အပြီးသတ် သက်သေ ပြလိုက်တာပါပဲ' ဟု သူက ကြေညာသွားသည်။

နောက် ခုနစ်ရက်လောက် ဆိုလျှင် သွေးသွင်း ကုသရန် အတွက် စုဆောင်းထားသည့် သွေးများထဲတွင် ရောဂါပိုး ကူးစက်ခြင်း ရှိ မရှိကို စမ်း သပ်နိုင်တော့မည် ဖြစ်ကြောင်းဖြင့်လည်း သူက ကြေညာသွားခဲ့သည်။ နောက် နှစ်နှစ် အတွင်းတွင် ကာကွယ်ဆေးကို ထုတ်လုပ် နိုင်တော့မည် ဟုလည်း ပြောသွားခဲ့သေးသည်။ သို့ရာတွင် ပြင်သစ်တို့ တွေ့ရှိထားသည့် ဗိုင်းရပ်စ် အကြောင်းကိုမူ တစ်လုံးမျှ ရည်ညွှန်း ပြောဆိုခြင်း မပြု။ 'ဒီရောဂါနှင့် ပတ်

သက်လို့ အောင်မြင်မှုတွေ ရရှိနေတဲ့ အခြားသော နိုင်ငံများမှ သိပ္ပံ ပညာရှင်များ' စသည့် စကားလုံးကို သုံးသွားခဲ့သည်။ အတိအကျ ကြေညာချက် ဆို၍ ကင်ဆာဌာနနှင့် တစ်စိတ်တစ်ပိုင်း ပူးပေါင်း ဆောင်ရွက်ခဲ့သည့် ပြင်သစ်ပြည် ပါခချာ အင်စတီကျုမှ ကြိုးပမ်းမှုများ ဆိုသည်လောက်နှင့် ကိစ္စ ပြီးသွားသည်။

သတင်းစာဆရာ တစ်ယောက်ကမူ ဖြောင့်ကျကျ မေးခွန်း တစ်ခုကို မေးသည်။

'ခု အမေရိကန်မှာ တွေ့တဲ့ ဗိုင်းရပ်စ်ပိုးဟာ ပြင်သစ် ဗိုင်းရပ်စ်ပိုးနှင့် အတူတူပဲ မဟုတ်လား' ဟု မေးခဲ့သည်။

ရောဘတ် ဂါလိုက ထိုမေးခွန်းကို ကျွမ်းကျင်စွာ ရှောင်လွှဲ ဖြေသွားသည်။

ဝါရှင်တန်မှ သတင်းစာ ကွန်ဖရင့် အကြောင်းကို ကြားရသည့် အခါတွင် လတ် မွန်တိန်းနီးယားသည် ဒေါသကို မချုပ်တည်းနိုင်။

'သိပ္ပံပညာ ကျင့်ဝတ်များဖြင့် ကြည့်လျှင် တွေ့ရှိချက်နှင့် ပတ်သက်သော ထိုတရားဝင် ကြေညာချက်သည် အငြင်းပွားဖွယ်ရာ ဖြစ်သည်။ အမေရိကန် သိပ္ပံပညာရှင်သည် ကျွန်ုပ်တို့ထံမှ နမူနာကို ရရှိသည့် အခါတွင် သူတွေ့ရှိသည့် ဗိုင်းရပ်စ်ပိုးနှင့် ကျွန်ုပ်တို့ ပေးပို့သည့် ဗိုင်းရပ်စ် ပိုးတို့ကို နှိုင်းယှဉ် လေ့လာကာ တွေ့ရှိချက်တို့ကို ထုတ်ပြန် ကြေညာသင့်သည်။ ကျွန်ုပ်တို့သည်လည်း သူ့ အိတ်ချ်တီအယ်လ်ဗွီ ဗိုင်းရပ်စ်ပိုးနှင့် ကျွန်ုပ်တို့ တွေ့ရှိသည့် ဗိုင်းရပ်စ် ပိုးတို့ကို နှိုင်းယှဉ် လေ့လာကာ လေ့လာချက်ကို ထုတ်ပြန် ခဲ့ပေသည်။ နယူးယောက် သတင်းစာ တစ်စောင်သို့ သူ ပြောခဲ့သည့်အတိုင်း ပြင်သစ်များသည် ထိုအတိုင်း လက်ပိုက် ကြည့်နေမည် ထင်ပါသလော။ အမေရိကန် လမ်းကြိတ် စက်ကြီး ရှေ့တွင် ခေါင်းငုံ့ပေးမည် ထင်ပါသလော။ သူတို့ တွေ့ရှိသည့် ဗိုင်းရပ်စ်ပိုးအား အမေရိကန်တို့က သူတို့တွေ့သော အိတ်ချ်တီအယ်လ်ဗွီ ဗိုင်းရပ်စ်-၃ ဟု ခေါ်သည်ကို ငုံ့ခံမည် ထင်ပါသလော' ဟု နောင်တွင် လတ်မွန်တိန်းနီးယားက ရေးခဲ့သည်။

ဘာသီးစ်ဒါးက ဆရာကြီး၏ လောကတွင်မူ အတိုင်းထက် အလွန် တံခွန်နှင့် ကုက္ကား ဆိုသကဲ့သို့ အစစ အရာရာ အဆင်ပြေလျက် ရှိသည်။ ရောဘတ်ဂါလိုသည် မိမိကိုယ်ပိုင် စမ်းသပ်မှုဖြင့် အေအိုင်ဒီအက်စ် တရားခံ

ကို တွေ့ရှိပြီး ဖြစ်ကြောင်း ကျန်းမာရေး ဌာန·ဝန်ကြီးက မကြေညာမီ ကလေးမှာပင် အမေရိကန် ရှေ့နေများသည် မှတ်ပုံတင်ရရန် လျှောက်နေကြပြီ။ ယင်းသို့ မှတ်ပုံတင် လျှောက်ရခြင်းမှာ လွန်ခဲ့သည့် တစ်နှစ်လောက်က ပါစချာ အင်စတီကျူတွင် တီထွင်ခဲ့သော အယ်လီဇာ စမ်းသပ်မှု နည်းလမ်းများကို အမေရိကန် ဈေးကွက်သို့ တင်သွင်းလာမည် စိုးသောကြောင့် ဖြစ်သည်။ ပြင်သစ်တို့က အေအိုင်ဒီအက်စ် ဗိုင်းရပ်စ် ပိုးမွှား တွေ့ရှိမှုသည် သူတို့မှုပိုင် ဖြစ်သည်ဟု ပြောလိုလျှင် သူတို့အဖို့ လုပ်စရာ တစ်လမ်းသာ ရှိတော့သည်။ ယင်းမှာ အမေရိကန် အစိုးရကို တရားစွဲခြင်းသာ ဖြစ်သည်။

၁၉၈၄ ခုနှစ် မေလ ၄ ရက်နေ့ထုတ် သိပ္ပံဂျာနယ် တွင် ပါလာသည့် ဆောင်းပါး လေးစောင်ကြောင့် အမေရိကန်နှင့် ပြင်သစ် သိပ္ပံပညာရှင်များကြားမှ ပြဿနာသည် ပို၍ ကြီးထွားလာခဲ့သည်။ ထိုဂျာနယ်က ရောဘတ်ဂါလိုကို အေအိုင်ဒီအက်စ်ပိုးကို တွေ့ရှိသူအဖြစ် ဖော်ပြထားသည်။ ဆောင်းပါးတစ်စောင်က ဆိုလျှင် ရောဘတ်ဂါလို ခွဲထုတ်ပြသည့် အိတ်ချ်တီအယ်လ်ဗွီ ဗိုင်းရပ်စ်ပိုး ကြီးထွားလာပုံကို အဆင့်ဆင့် ဓာတ်ပုံရိုက်၍ပင် ပြထားလိုက်သေးသည်။

ပနှာက်နှစ်နှစ် အကြာတွင်မူကား မိမိအမည်ဖြင့် ဖော်ပြထားသည့် ဆောင်းပါးများထဲတွင် ပါသည့် ဗိုင်းရပ်စ်ပိုးမှာ မိမိ ရှာဖွေ တွေ့ရှိသည့် ဗိုင်းရပ်စ်ပိုး မဟုတ်ကြောင်း၊ ယင်းမှာ ပြင်သစ်တို့ တွေ့ရှိခဲ့သည့် အယ်လ်အေဗွီ ဗိုင်းရပ်စ်ပိုး ဖြစ်ကြောင်းဖြင့် ထုတ်ဖော် ဝန်ခံလာခဲ့ရသည်။ သူတွေ့ရှိသည့် ဗိုင်းရပ်စ်ပိုးဟု ဖော်ပြမိခြင်းမှာ မိမိ ဓာတ်ခွဲခန်းတွင် ရှိသည့် ဓာတ်ပုံဆရာ၏ မှားယွင်းမှုသာ ဖြစ်ကြောင်းဖြင့်လည်း သူ့အပြစ်ကို ဖော့၍ ဖော်ပြထားသည်။

နောက်ဆုံးတွင် ရောဘတ် ဂါလို၏ သုတေသန နည်းများနှင့် ပတ်သက်၍ အမေရိကန် သိပ္ပံပညာရှင် အသိုက်အဝန်းကပါ သံသယ ဖြစ်လာခဲ့ကြသည်။ ဒေါက်တာ ရောဘတ် ဂါလို တွေ့ရှိသည် ဆိုသည့် အိတ်ချ်တီအယ်လ်ဗွီ–၃ ဗိုင်းရပ်စ်ပိုးသည် ဘာကယ်ပင် ဗိုင်းရပ်စ်ပိုး အသစ်လော၊ သို့မဟုတ် လွန်ခဲ့သည့် တစ်နှစ်လောက်က ပြင်သစ် သိပ္ပံပညာရှင်များ တွေ့ရှိခဲ့သည့် ရက်ထရို ဗိုင်းရပ်စ် ပိုးလော၊ ထိုရက်ထရို ဗိုင်းရပ်စ်ပိုးသည် အေအိုင်ဒီအက်စ် တရားခံ

အစစ် ဆိုသည်မှာလည်း ဟုတ်ပါ၏လော။

ဤ စဉ်းစားချက် တစ်ခုကြောင့် ရောဘတ် ဂါလိုသည် နိဗယ်လ်ဆု စိတ်ကူးကို စွန့်လွှတ်လိုက်သည်။ သို့ရာတွင် ထင်ရှားသည့် ဗိုင်းရပ်စ်ပိုး ပါရဂူ အဖြစ်သို့ ပြန်လည် ရောက်ရှိ လာခဲ့ပြန်သည်။ ဂါလို၏ အကောင်းဆုံး သုတေသန ပညာရှင် တစ်ဦး ဖြစ်သော အိန္ဒိယ ဇီဝဗေဒ ပညာရှင် ဆန်ဂါဒရန်ကို စေလွှတ်ကာ သူ တွေ့ရှိသည့် ဗိုင်းရပ်စ်ပိုးမှ ပရိုတိန်းများနှင့် ပါစချာ အင်စတီကျုက တွေ့ရှိထားသော ဗိုင်းရပ်စ်ပိုးမှ ပရိုတိန်းတို့ကို နှိုင်းယှဉ် ကြည့်စေသည်။ နှစ်မျိုးစလုံးမှာ ပရိုတိန်းချင်း တူနေကြသည်။ စီဒီစီ ဗိုင်းရပ်စ်ပိုး ပါသည့် သွေးနမူနာ တစ်ခုစီကို တောင်းပြီး ဘက်လိုက်မိမည် စိုးသဖြင့် တံဆိပ် မကပ်ဘဲ ထိုနှစ်မျိုးစလုံးကို ယှဉ်ကြည့်ပြန်သည်။ သို့ရာတွင် ရလဒ်မှာ တူနေသည်။ ဗိုင်းရပ်စ်ပိုး နှစ်မျိုးစလုံးသည် အတူတူ ဖြစ်နေသည်။

နောက်ဆုံး အဆင့်တွင် ဗိုင်းရပ်စ် နှစ်မျိုးစလုံးတွင် ပါသည့် မော်လီကျူလာ အရေအတွက်ကို တိုင်းထွာကြည့်သည်။ မော်လီကျူလာ စစ်ဆေးမှုမှာ တော်တော် ရှုပ်ထွေးသည့် နည်းဖြစ်သည်။ ပထမ အဆင့်မှာ မျိုးပွားမှု အဆင့် ဖြစ်သည်။ ယင်းမှာ ဗိုင်းရပ်စ်ပိုး၏ ဇီဇမျိုးစေ့များကို ဘက်တီးရီးယား အဖြစ် ပွားယူခြင်း ဖြစ်သည်။ နောက် အဆင့်မှာ ဆီးကွင့်စ် လုပ်ခြင်း ဖြစ်သည်။ ယင်းမှာ ဗိုင်းရပ်စ်ပိုး ဇီဇမျိုးစေ့တို့၏ သင်္ကေတများကို အဓိပ္ပာယ် ဖော်ခြင်း ဖြစ်သည်။ မော်လီကျူလာ စမ်းသပ်မှုမှာ ရှုပ်ထွေး ခက်ခဲသည့် အတွက် အထူး ကျွမ်းကျင်သူများသာ လုပ်နိုင်ကြသည်။ ကျွမ်းကျင်မှု များစွာ ရှိရုံမက ထိုသို့သော ကျွမ်းကျင်သူများလည်း များစွာရှိမှ လုပ်နိုင်သော အလုပ်မျိုး ဖြစ်သည်။

ထိုနေရာတွင်မူ ရောဘတ် ဂါလို၏ ဌာနသည် လတ် မွန်တိန်းနီးယား ထက် အများကြီး သာသည်။ သူ့တွင် ငွေအား ရှိသည်။ ပစ္စည်းအား ရှိသည်။ ကျွမ်းကျင်သူတွေ အများကြီး ရှိသည်။

သို့ဖြင့် အမေရိကန် ဓာတ်ခွဲခန်းနှင့် ပြင်သစ် ဓာတ်ခွဲခန်းတို့သည် အပြေးပြိုင်ကြသည်။ အမေရိကန် အဖွဲ့တွင် ထက်မြက်သည့် တရုတ် အမေရိကန် ကပြား အမျိုးသမီး ဇီဝဗေဒ ပညာရှင် ဖလော်ဆီဝမ်း ရှိသည်။ ဝမ်းသည် ပြင်သစ် သုတေသန ပညာရှင်များထက် သိတင်းပတ်ပေါင်း များစွာ စော၍ အမေရိကန် ရက်ထရို ဗိုင်းရပ်စ်ပိုးကို မျိုးပွားအောင် လုပ်နိုင်ခဲ့သည်။ ပြင်သစ်တို့ကလည်း အားကျမခံပါ။ ၁၉၈၅ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့

တွင် သူတို့ လွန်ခဲ့သည့် နှစ်နှစ်က တွေ့ရှိခဲ့သည့် အယ်လ်အေဇွိ ဗိုင်းရပ်စ်၏ ဗီဇမျိုးစေ့ ဆိုင်ရာ သင်္ကေတထဲတွင် နျူကလီယိုတိုက် အမှုန် ၉၁၃၉ ပါရှိသော ကွင်းဆက် တစ်ခုကို တွေ့သည်ဟု ကြေညာ နိုင်ခဲ့ကြသည်။ နောက်ငါးရက် အကြာတွင် ရောဘတ် ဂါလိုနှင့် သူ့အဖွဲ့သည် သူတို့ တွေ့ရှိခဲ့သော ရက်ထရို ဗိုင်းရပ်စ်၏ ဗီဇမျိုးစေ့ဆိုင်ရာ သင်္ကေတများနှင့် ပတ်သက်၍ ရလဒ်များကို ကြေညာနိုင်ခဲ့သည်။ သူတို့ ဆောင်းပါးကို သုတေသန ဌာနသုံးခုမှ သုတေသန ပညာရှင် စာရေးသူ ၂၀ တို့က လက်မှတ် ရေးထိုးခဲ့ကြသည်။ ပြင်သစ်တို့၏ ကြေညာချက်ကိုမူ သူတို့ဌာနရှိ ဇီဝဗေဒ ပညာရှင်ငါးဦးကသာ လက်မှတ် ထိုးနိုင်ခဲ့ကြသည်။ ယခုမူ သေချာသွားပြီ။ အမေရိကန်တို့ တွေ့ရှိသည့် ရက်ထရို ဗိုင်းရပ်စ်နှင့် ပြင်သစ်တို့ စောစောက တွေ့ရှိခဲ့သည့် ရက်ထရို ဗိုင်းရပ်စ်သည် တစ်မျိုးတည်း ဖြစ်ကြောင်းကို သိရပြီ။ မှန်သည်။ အိတ်ချ်တီအယ်လ်ဗွီ – ၃၊ အယ်လ်အေဇွိ ဗိုင်းရပ်သည် အေအိုင်ဒီအက်စ်ကို ဖြစ်စေသည့် ကိုယ်စားလှယ် စစ်စစ် ဖြစ်ကြောင်းကို သိရလေပြီ။

[ ၄၄ ]

**အေအိုင်ဒီအက်စ် အမှောင်ထုထဲက ပထမဆုံး အလင်းရောင်။**
**ဘာသီးစ်ဒါး၊ အမေရိကန် ပြည်ထောင်စု။**
**၁၉၈၄ ခုနှစ် ဆောင်းဦးပေါက်။**

ဒေါက်တာ ဆမ်ဘရိုးဒါးသည် သူ့ဆေးရုံမှ လူနာများ ဝေဒနာ ခံစားရပုံ၊ မျှော်လင့်ချက် ဆုံးရှုံးခဲ့ရပုံ၊ သေသွားကြပုံတို့ကို မြင်ခဲ့ဖူးလှပြီ။ ထိုရှုခင်းသည် မမြင်ရက်စရာ။ ထိုဝေဒနာများ၊ ထိုဆုံးရှုံးမှုများကို အဆုံးသတ်ရန်မှာ သူ့တာဝန်။

ထိုစိန်ခေါ်မှုကို ရင်ဆိုင်ရန်မှာ နာဇီ အကျဉ်းစခန်း တစ်ခုတွင် နာဇီတို့၏ ကြမ်းကြုတ် ရက်စက်မှုကို တွေ့ခဲ့ရသူတို့၏ ခံနိုင်ရည်မျိုး၊ ခွဲနပဲမျိုး ရှိဖို့လိုသည်။ ဗိုင်းရပ်စ်ပိုးကို ချေဖျက်သည့် ဆေးဝါးများကို ထုတ်လုပ်ရန် ကြိုးပမ်းမှု ဟူသမျှသည် များစွာ အောင်မြင်ခြင်း မရှိခဲ့ကြ။

ရက်ထရို ဗိုင်းရပ်စ်ပိုး ဆိုသည်မှာ ကလာပ်စည်းများ၏ ဗီဇ မျိုးစေ့

ထဲတွင် အလွန် ပိရိစွာ ပုန်းကွယ် နေနိုင်သဖြင့် သူတို့ကို ခြေရာခံဖို့ ဆိုသည်မှာလည်း မလွယ်။ အထူးသဖြင့် ထိုရက်ထရို ဗိုင်းရပ်စ်ပိုးများမှာ ကာလရှည်ကြာစွာ မလှုပ်မယှက် နေနိုင်ကြသဖြင့် ပို၍ အရှာရ ခက်သည်။ သူတို့ပုန်းကွယ် ခိုအောင်းနေသည့် သွေးဖြူ ကလာပ်စည်းများကို မပျက်စီးစေဘဲထို ရက်ထရို ဗိုင်းရပ်စ် ပိုးများကို ဖျက်ဆီးဖို့ ဆိုသည်မှာလည်း အလွန်ခက်သည်။ ထို့ကြောင့် ရောဂါလည်း ပျောက်စေ ရက်ထရို ဗိုင်းရပ်စ်ပိုးလည်းသေစေ ဆိုသည့် ကုထုံးကို ရှာရသည်။

အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးသည် အမျိုးမျိုးသော တစ်သျှူးများနှင့် အမျိုးမျိုးသော ကလာပ်စည်းများကို ကူးစက် စွဲကပ်တတ်သည်။ ထို့ကြောင့် သူ့ပြဿနာသည် ပို၍ ရှုပ်ထွေးသည်။ ဥပမာအားဖြင့် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးသည် ဗဟိုအာရုံကြော ဖွဲ့စည်းမှု စနစ်ထဲသို့ ဝင်ရောက် ခိုအောင်းနေနိုင်သည်။ ထိုသို့ဖြစ်လျှင် အချို့သော ဆေးဝါးများ၏ ကာကွယ်မှုဖြင့်သာ တားဆီးနိုင်သည်။ အကယ်၍ ကံအားလျော်စွာ ဆေးဝါး တစ်မျိုးမျိုးဖြင့် တားဆီးသည့်တိုင် ဗိုင်းရပ်စ်ပိုး စွဲကပ်ခဲ့သည့် ကလာပ်စည်းသည် ပြန်၍ အကောင်း ပကတိ မဖြစ်နိုင်တော့ပြီ။ ကာပိုဆီ ဆာကိုးမား စသည့် အရေပြားကင်ဆာနှင့် အန္တရာယ် ဖြစ်စေတတ်သော အကျိတ်ထွက်ခြင်း စသည့် ရောဂါများမှာ ကုသ၍ မရနိုင်တော့ပြီ။ သို့သော် ကြောက်ဖွယ် ရလဒ်များကို 'ခြွင်းချက် ဖြစ်သော၊ ကျော်လွှား၍ မရနိုင်သော စိန်ခေါ်မှု' ဟု အမေရိကန် ကင်ဆာရောဂါ ပါရဂူများက ဆိုကြသည်။

သို့ရာတွင် သိပ္ပံပညာရှင်များသည် လုံးဝ မျှော်လင့်ချက်တော့ မကုန်သေးပါ။ ယခု သူတို့ လေ့လာနေသော ပညာရပ်မှာ တိရစ္ဆာန်တွင် စွဲကပ်သည့် ရက်ထရို ဗိုင်းရပ်စ်ပိုး ဖြစ်သည်။ သူတို့အဖို့ လူတွင် စွဲကပ်သည့် ရက်ထရို ဗိုင်းရပ်စ်ကို ရှာရဦးမည်။ ထိုဗိုင်းရပ်စ်ကို ရှာဖွေနိုင်ရန် အတွက် ဓာတုဗေဒ ပစ္စည်းများဖြင့် စမ်းသပ်နေကြသည်။ ယခုဆိုလျှင် ဆမ်ဘရိုးဒါးတွင် အနည်းဆုံး ဒြပ်ပေါင်း ပစ္စည်းမျိုး ငါးမျိုးလောက် သိနေပြီ။ ထိုပစ္စည်းများဖြင့် လူတွင် စွဲကပ်သည့် ရက်ထရို ဗိုင်းရပ်စ်ကို မရှာနိုင်တော့ပြီလော။ ကြွက်နှင့် သိုးများတွင် စွဲကပ်သည့် ရက်ထရို ဗိုင်းရပ်စ်ပိုးကို ရှာသည့် ပစ္စည်းဖြင့် လူတွင် စွဲကပ်သည့် ရက်ထရို ဗိုင်းရပ်စ်ကို မရှာနိုင်တော့ပြီလော။ သို့ဆိုလျှင် လူနာများကို စမ်းသပ် ကြည့်ရလိမ့်မည်။ အမေရိကန် ပြည်ထောင်စု အက်ဖ်ဒီအေ (အစားအစာနှင့် ဆေးဝါးဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့) က လူနာများ

ကို ပထမ အတည်ပြု ပေးရလိမ့်မည်။ သေခါနီး လူနာ ဖြစ်စေ၊ စေတနာ့ဝန်ထမ်းဖြင့် အစမ်းသပ်ခံသည့် လူနာကို ဖြစ်စေ ဆေး တစ်မျိုးမျိုးဖြင့် ကုသတော့မည်ဆိုလျှင် အက်ဖ်ဒီအေက အတည်ပြုမှသာ ထိုဆေးကို သုံးခွင့်ရလိမ့်မည်။ သို့ရာတွင် ဆေးဝါး တစ်ခုကို အသုံးပြုသင့် မပြုသင့် အက်ဖ်ဒီအေသို့ အခွင့် တောင်းရသည်မှာ တစ်ခါတစ်ရံတွင် လပေါင်းများစွာ သို့မဟုတ် နှစ်ပေါင်းများစွာ ကြာတတ်သည်။

'ဒီလောက် ကြာအောင် မစောင့်နိုင်ဘူးဗျာ၊ လူနာတွေက ကျွန်တော့်ဆီ နေ့တိုင်းလာပြီး မြန်မြန် ကုပေးဖို့ တဖွဖွ ပြောနေကြတာကို ကျွန်တော် မကြည့်ရက်ဘူး' ဟု ဆမ်ဘရိုးဒါးက ပြောသည်။

ဤတွင် ဆေးသုတေသန ပညာရှင်များသည် အခြား နည်းလမ်းကို စဉ်းစားကြရပြန်သည်။ အခြားသော ရောဂါများ အတွက် အက်ဖ်ဒီအေက အတည်ပြုထားသည့် ဆေးဝါး ကုထုံးများထဲတွင် အေအိုင်ဒီအက်စ် ရောဂါကို ကုသနိုင်သည့် ကုထုံးများ ပါလိုပါငြားဟု စဉ်းစားကြသည်။ ထို့ကြောင့် မကြာမီ နှစ်များက ထုတ်ဝေခဲ့သော ဆေးစာအုပ်များ၊ ဆေးပညာ ဂျာနယ်များကို လှန်လှောကာ ရှာကြရပြန်သည်။ သို့ရာတွင် ထိုအလုပ်မှာ လွန်စွာ အချိန်ကုန်၍ လွန်စွာ ပင်ပန်းသည့် အလုပ် ဖြစ်ပါသည်။ အားသွန်ခွန်စိုက် သုတေသန လုပ်ရမည့် အလုပ်မျိုး ဖြစ်ပါသည်။ သို့တိုင် ဓာတ်ခွဲခန်းနှင့် ကိုက် ၅၀၀ အကွာခန့်တွင် ရှိသည့် အမျိုးသားဆေးပညာ စာကြည့်ပိဋကတ်တိုက်မှ ကွန်ပျူတာများ၏ အကူအညီကြောင့် ထိုအလုပ်ကို စတင်ရလောက်သည့် အချိန်တိုကလေး အတွင်းမှာပင် ပြီးစီးအောင် လုပ်နိုင်ခဲ့သည်။

ဆမ်ဘရိုးဒါးသည် ဘာသီးစ်ဒါး၏ ဗိုင်းရပ်စ်ပိုးဗေဒ ပါရဂူများအား သူ ကုသနေသည့် လူနာများထဲမှ ထုတ်ယူထားသည့် ဇီဝဗေဒဆိုင်ရာ နမူနာ ပစ္စည်းများကို ပေးပို့ထားခဲ့သည်။ အကျိတ်များ၊ သွေးများနှင့် ရိုးတွင်းချဉ်ဆီ နမူနာများ ဖြစ်သည်။ တစ်ခါတလေတွင် ထိုပစ္စည်းများကို သူကိုယ်တိုင် ဓာတ်ခွဲခန်းသို့ သွားပို့သည်။ ဓာတ်ခွဲခန်းမှ ပညာရှင်များသည် အကျိတ်ဗေဒ ပညာရှင် ဒေါက်တာ ဆမ်ဘရိုးဒါး ကိုယ်တိုင် လာပို့ပေးသည်ကို အံ့ဩနေကြသည်။

'ဒီပြဿနာဟာ ဘယ်လောက် အ ရေး ကြီး တယ် ဆိုတာ သူတို့ သဘောပေါက်အောင်လို့ ကျွန်တော်ကိုယ်တိုင် ပို့ပေးနေတာပါ' ဟု နောင်တွင် ဆမ်ဘရိုးဒါးက ပြောသည်။

သူတို့ ကြိုးပမ်းမှုသည် အချည်းနှီး မဖြစ်ပါ။ အမျိုးသား ဆေးပညာစာကြည့်တိုက်တွင် သိမ်းဆည်းထားသည့် သိပ္ပံစာစောင် တစ်ခုထဲတွင် အံ့သြဖွယ် ဂုဏ်သတ္တိများ ရှိသော ဒြပ်ပေါင်း တစ်မျိုးကို သူတို့ သွားတွေ့ရသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ လုံးလုံး အမေရိကန် လူမျိုးများသည် အဆိပ်ရောဂါကို ခွဲကပ်စေသည့် အာဖရိကန် ကပ်ပါးပိုး တစ်မျိုးဖြစ်သော ထရိုပါနိုဆိုးမားကို သေကျေ ပျက်စီးစေသည့် ဆေးတစ်မျိုးကို တွေ့ခဲ့ကြသည်။ ထိုဆေးမှာ ပန်းနုရောင် ဖျော့ဖျော့ ဆာလဖုန်း ဆားတစ်မျိုး ဖြစ်ပြီး ယင်းကို ဆူရာမင်းဟု ခေါ်ခဲ့ကြသည်။ ဆမ်ဘရိုးဒါး၏ အဖွဲ့သားများသည် ထိုဆား၏ ထူးခြားသည့် အခြား ဂုဏ်သတ္တိ တစ်ခုကို ရှာတွေ့ သွားခဲ့ကြသည်။ သူတို့ အဆိုအရ ဆူရာမင်းသည် တိရစ္ဆာန်များ၏ ခန္ဓာကိုယ်ထဲတွင် ရိဗာ့စ် ထရန်စကာရစ်တာဆီ အင်ဇိုင်းကို တည်ရှိနေအောင် လုပ်နိုင်သော အစွမ်းသတ္တိ ရှိသည်ဟု ဆိုကြသည်။ ထိုအင်ဇိုင်း ရှိသည်ဆိုလျှင် ရက်ထရို ဗိုင်းရပ်စ်ပိုးသည် ဗီဇကလာပ်စည်းများထဲတွင် ဝင်နေနိုင်ပြီ။ ကံအားလျော်စွာပင် ထိုဆေးကို လူတွင် အသုံးပြုရန် အက်ဖ်ဒီအေက ကာလ အတန်ကြာ ကတည်းကပင် အတည်ပြုခဲ့ပြီး ဖြစ်သဖြင့် အဆင်သင့် သုံးနိုင်သည့် အခြေအနေတွင် ရှိနေသည်။ အက်ဖ်ဒီအေ၏ အတည်ပြုချက်ကို ထပ်၍ တောင်းခံစရာ မလိုတော့။

ထို့ကြောင့် ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ဆမ်ဘရိုးဒါးက စမ်းသပ် တွေ့ရှိချက်များ အရ ဆူရာမင်းသည် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ် ခွဲကပ်နေသော သွေးဖြူဥများကို ကာကွယ်နိုင်စွမ်း ရှိကြောင်း တွေ့ရသည်ဟု ကြေညာခဲ့သည်။

ထူးဆန်းသည့် ကြောက်ဖွယ်ရောဂါကို ပထမဆုံး စတင် တွေ့ရှိခဲ့သည့် ကာလီဖိုးနီးယားမှ ကိုယ်ခံအားဗေဒ ပညာရှင် မိုက်ကယ် ဂေါ့လီယက်သည်လည်း သူ့လိုပင် ထိုရောဂါကို ကုနိုင်မည့်ဆေးကို စိတ်အား ထက်သန်စွာ ရှာဖွေလျက် ရှိသည်။

'လူနာတွေကို ကျွန်တော် တွေ့နေရတော့ သူတို့ရောဂါကို ပျောက်အောင် ကုပေးချင်တယ်ဗျာ၊ ဒါကြောင့် အဲဒီ ရောဂါကို ပျောက်အောင် ကုနိုင်တဲ့ ဆေးကို သုတေသန လုပ်ချင်တယ်၊ အထူးသဖြင့် ဘာသီးစ်ဒါး ဓာတ်ခွဲခန်းမှာ လုပ်နေတဲ့ သုတေသန လုပ်ငန်းတွေ၊ ကုသရေး အစီအစဉ်တွေကို ကျွန်တော် စိတ်ဝင်စားနေတယ်၊ ဒီ ကြောက်စရာ ရောဂါကြီးနှင့် နေ့တိုင်း ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့လို ဆေးကုဆရာဝန်တွေ အဖို့တော့

ဆမ်ဘရိုးဒါးဟာ မျှော်လင့်ချက်ပဲ' ဟု သူက ပြောသည်။

ဆမ်ဘရိုးဒါးလိုပင် မိုက်ကယ်သည်လည်း ဆေးပညာကျမ်းကို မွှေနှောက် ရှာသည်။ မိုင်းရပ်စ်ပိုး ဗေဒနှင့် ပတ်သက်သည့် ဓာတ်ခွဲခန်းများမှ သုတေသန အစီရင်ခံစာများကို လှန်လှော ကြည့်သည်။ ကွန်ဖရင့်များတွင် မိုင်းရပ်စ်ပိုး တိုက်ဖျက်ရေး ဆေးဝါးများနှင့် ပတ်သက်၍ သုတေသန လုပ်နေသည့် ပညာရှင်များကို ချဉ်းကပ် မေးမြန်းသည်။ တစ်ခါတွင်မူ သူနှင့် ပြင်သစ် သိပ္ပံပညာရှင် ကလော်ဒီ ရှားမင်းတို့သည် နေပယ် ပင်လယ်ကွေ့က ဟိုတယ် တစ်ခုတွင် ဆုံမိကြသဖြင့် ကင်ပါရီ သောက်နေကြသည်။ ထိုစဉ်က ပါစချာ အင်စတီကျုမှ တီထွင် ထုတ်လုပ်လိုက်သော အိတ်ချ်ပီအေ–၂၃ ဆေးဝါး အကြောင်းကို သူ ကြားဖူးနေသည်။ ထိုဆေးမှာ အေအိုင်ဒီအက်စ် တိုက်ဖျက်ရာတွင် အလားအလာ အကောင်းဆုံး ဖြစ်သည်ဟု နာမည်ကြီးနေသည်။ ထိုဆေးမှာ ဆူရာမင်း ကဲ့သို့ပင် ဓာတ်သတ္တု မော်လီကျူးများနှင့် ဓာတုဗေဒ ပစ္စည်းများကို ပေါင်းစပ်ထားပြီး ကလာပ်စည်းများထဲသို့ ရက်ထရို မိုင်းရပ်စ်ပိုး များ ဝင်ရောက်ခြင်း မရှိစေရန် အကာအကွယ် ပေးနိုင်သည်ဟု အဆိုရှိသည်။ ထိုဆေး၏ အဆိပ် အာနိသင်မှာလည်း ဆူရာမင်းလောက် မပြင်းသဖြင့် လူနာ အဖို့ နောက်ဆက်တွဲ အန္တရာယ်ဆိုး စိုးရိမ်စရာ သိပ်မရှိလှ။

ဤတွင် မိုက်ကယ် ဂေါ့လိယက်သည် သူ၏ နာမည်ကျော် လူနာ တစ်ဦးကို ပြင်သစ် ဆရာဝန်များထံသို့ လွှတ်လိုက်သည်။ ထိုလူနာမှာ အခြားသူ မဟုတ်။ ရုပ်ရှင်မင်းသား ရော့ခ် ဟတ်ဆန် ဖြစ်သည်။

ပြင်သစ်တို့၏ အိတ်ချ်ပီအေ–၂၃ ထိုးဆေးကြောင့် ရော့ခ် ဟတ်ဆန်မှာ ဒိုင်နာစတီ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို ပြီးအောင် ရိုက်သွားနိုင်ခဲ့သည်။ ရော့ခ် ဟတ်ဆန်သည် အမေရိကန် ပြည်ထောင်စုရှိ ညူအီလီ ဆေးရုံကြီးတွင် အိတ်ချ်ပီအေ ထိုးဆေးကို ဒုတိယအကြိမ် ထိုးသေးသော်လည်း သူ့ရောဂါမှာ ကျွမ်းနေလေပြီ။ ရော့ခ် ဟတ်ဆန်သည် လော့စ်အိန်ဂျလိစ်သို့ ပြန်လာပြီး ရက်အနည်းငယ် အကြာမှာပင် ဆရာဝန် မိုက်ကယ် ဂေါ့လိယက်၏ လက်ပေါ်တွင် ကွယ်လွန်သွားခဲ့သည်။

ရော့ခ် ဟတ်ဆန် တစ်ယောက် အေအိုင်ဒီအက်စ် ရောဂါဖြင့် ကွယ်လွန်သွားပြီ ဆိုသည့် သတင်းသည် အမေရိကန် ပြည်ထောင်စု တစ်ခုလုံးကို တုန်လှုပ် ချောက်ချား သွားစေခဲ့သည်။

ပြင်သစ်တို့၏ အိတ်ချ်ပီအေ–၂၃ ကို လူတွေ မေ့ပျောက် သွားကြ

သည်။ မိုက်ကယ် ဂေါ်လီယက်သည် အခြားသော ကုထုံးကို လိုက်ရှာရပြန်သည်။ ဆမ်ဘရိုးဒါး ကဲ့သို့ပင် မိုက်ကယ်သည်လည်း အဆိပ်ရောဂါကို တိုက်ဖျက်သည့် ပန်းနုရောင် ဆူရာမင်းကိုပင် ပြန်ကိုင်ရသည်။ ဘရိုးဒါးက ထိုဆေးဖြင့် လူနာများကို စမ်းသပ်ကုမည် ဆိုသည့်အခါတွင် မိုက်ကယ်သည် သူ့လူနာ ၁၀ ယောက်နှင့် အေအိုင်ဒီအက်စ် အကြို အခြေအနေရှိသည့် လူနာတစ်ယောက်တို့ကို ပို့လိုက်သည်။ အမေရိကန် ပြည်ထောင်စုရှိ အခြားသော ဆေးရုံ ခြောက်ရုံကလည်း ထိုစမ်းသပ်မှုကို ပါဝင်လာကြသည်။ လူနာများကို အပတ်စဉ် ဆူရာမင်း ထိုးပေးသည်။

ဆမ်ဘရိုးဒါး ဝမ်းသာနေပြီ။ သူ့ ကုထုံးသည် အေအိုင်ဒီအက်စ်ကို ကုသရာတွင် အလားအလာ ကောင်းနေပြီ။

ထိုစဉ် မမျှော်လင့်သော ထောင့်တစ်ထောင့်မှ အသံတစ်သံ ပေါ်လာသည်။ ယင်းမှာ မိန်းမလျာများ၏ အသံ ဖြစ်သည်။ သူတို့က အစိုးရက ဆေးဝါး ထုတ်လုပ်နိုင်သည် ဆိုလျှင် ထိုဆေးကို လူနာများ အားလုံးသို့ ဖြန့်ဝေသင့်ကြောင်းဖြင့် တောင်းဆိုလာကြသည်။ မိန်းမလျာ ဆရာဝန်များက ဆိုလျှင် အကြီးအကျယ် ဒေါသထွက်ကာ ဆူရာမင်း ထုတ်လုပ်သည့် ဂျာမန်ကုမ္ပဏီ ဖြစ်သော ဘေယာ ကုမ္ပဏီသို့ တိုက်ရိုက် မှာသုံးကြသည်။ သို့ဖြင့် အေအိုင်ဒီအက်စ်ကို ဆူရာမင်းဖြင့် ကာကွယ်နိုင်သည့် အလားအလာသည် ကောင်းနေသည်။

'ကျွန်တော်တို့ စိုးရိမ်စရာ မရှိတော့ဘူး၊ ဆူရာမင်း အောင်မြင်နေတာကို ကြည့်ပြီး ကျွန်တော်တို့ လုပ်ရမယ့် သုတေသန အလုပ်ကိုတောင် မေ့နေကြပြီ၊ ကာလီဖိုးနီးယား တက္ကသိုလ်က ဒေါက်တာ လီဗိုင်းရဲ့ စမ်းသပ်ချက်အရ ဆူရာမင်းနှင့် ကုသတဲ့ လူနာတွေကို ခုတ်ပုံ ရိုက်ထားတယ်၊ အားလုံးကျန်းမာ ပျော်ရွှင်နေကြတယ်၊ ဆူရာမင်းဟာ ထိရောက်တဲ့ အာနိသင် ရှိတယ်ဆိုတာ ကျွန်တော်တို့ စိတ်ချနိုင်ပြီ' ဟု ဆမ်ဘရိုးဒါးက ကြေညာခဲ့သည်။

သို့ရာတွင် . . သို့ရာတွင် စောစောစီးစီး ကောက်ချက်ဆွဲ၍ မဖြစ်သေးပါ။ လော့စ်အိန်ဂျလိစ်မှ ဆရာဝန် တစ်ဦး ဖြစ်သည့် ဒေါက်တာ ပီတာ ဝုဖ်က ဆူရာမင်းသည် အန္တရာယ် ကင်းသော ဆေးဝါး တစ်မျိုး မဟုတ်ဟူသော အချက်ကို တင်ပြလာခဲ့သည်။ ဆူရာမင်း ထိုးပြီး သီတင်း ခြောက်ပတ် အကြာတွင် များစွာသော လူနာများမှာ ကိုယ်ပေါ်တွင် အဖုအပိန့်တွေ ထလာသည်။ အခြားသော ဆရာဝန်များကလည်း အဆိပ် သင့်သည့် လက္ခဏာများကို

သတင်း ပို့ကြသည်။ ၁၀ ပတ် အကြာတွင်မူ နေရာ တော်တော်များများမှ လူနာများ သတိမေ့မျော သွားကြကြောင်းဖြင့်လည်း သတင်းများ ရောက်လာကြသည်။ သို့ဖြင့် ထိုဆေးကို ထိုးသည့်တိုင် သေဆုံးသွားကြသည့် သတင်းများကို ကြားလာရသည်။ သူတို့၏ မျှော်လင့်ချက်များသည် ပြိုလဲ သွားကြလေပြီ။ ဆူရာမင်းသည် သူတို့ မျှော်လင့်နေသည့် အသက်ကယ်ဆေး မဟုတ်တော့ပြီ။ ဆမ်ဘရီးဒါး စိုးရိမ်သည်ထက်ပင် အဆိပ် ပြင်းနေသေးသည်ကို တွေ့ရသည်။ ဆူရာမင်း ထိုးပြီး သီတင်းပတ် အနည်းငယ် အတွင်းတွင် ကျောက်ကပ် လုပ်ရှားမှုသည် ပျက်စီးသွားသည်။ ကုသပေးဖို့ မဆိုထားနှင့် ဆူရာမင်းသည် အေအိုင်ဒီအက်စ်ထက်ပင် အသေမြန်သော ဆေး ဖြစ်နေသည်။ ဤတွင် စမ်းသပ်မှု အားလုံးကို ရပ်ဆိုင်း ပစ်ကြရသည်။

မိမိသည် တိုက်ပွဲ ရှုံးခဲ့ပြီ၊ သို့ရာတွင် စစ်ပွဲကြီး တစ်ခုလုံးတော့ မရှုံးသေးဟု ဆမ်ဘရီးဒါး ယူဆသည်။

'ကျွန်တော့် အရှုံးဟာ တော်တော် ကြောက်ဖို့ကောင်းတယ်၊ ဒါပေမယ့် ဒီအရှုံးဟာ အကျိုးမဲ့တော့ မဖြစ်ပါဘူး၊ ဟုတ်တယ်၊ ဆူရာမင်းဟာ အေအိုင်ဒီအက်စ် ရောဂါကို တိုက်ဖျက်တဲ့ နေရာမှာတော့ အသုံးမဝင်ဘူး၊ ဒါပေမယ့် သူ့ကို စတင် သုံးစွဲလိုက်တဲ့ အတွက်တော့ ဆေးပညာ လောကကြီး တစ်ခုလုံး အိပ်ပျော်နေရာက နိုးလာတယ်၊ ဒီရောဂါဟာ ကုသလို့ ရနိုင်တယ်လို့ ယုံကြည်လာကြတယ်၊ ခုဆိုရင် တစ်နေ့မှာ အေအိုင်ဒီအက်စ်ကို ကုသနိုင်တဲ့ ဆေး တစ်မျိုးမျိုးကိုတော့ တွေ့ရမယ်လို့ အားလုံး ယုံကြည်နေကြတယ်' ဟု ဆမ်ဘရီးဒါးက ပြောသည်။

[ ၄၅ ]

**ဆေးဝါးဗေဒဆိုင်ရာ ဗိုင်းရပ်စ် ပိုးသတ် ပစ္စည်းများ။**

**သုတေသန တြိဂံရင်ပြင်၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၄ ခုနှစ် နွေဦး။**

ထိုနေရာသည် ကမ္ဘာတွင် အရေးကြီးဆုံးသော သုတေသန အဆောက်အအုံဖြစ်သည်။ နေရာ အကျယ်အဝန်း အားဖြင့် လတ်ဇင်ဘတ် ပြည်နယ်ကြီးလောက် ရှိသည့် သုတေသန တြိဂံ ရင်ပြင် (မြောက်ပိုင်း ကာရိုလိုင်းနား

ပြည်နယ်) တွင် အဆင့်မြင့် နည်းပညာဆိုင်ရာ ဌာနပေါင်း မြောက်မြားစွာ ရှိသည်။ ထိုဌာနတွင် သုတေသန သိပ္ပံပညာရှင်နှင့် ကျွမ်းကျင်သူပေါင်း ၂၁,၀၀၀ တို့ အလုပ် လုပ်နေကြသည်။ တြိဂံပုံသဏ္ဍာန် ထိုရင်ပြင်ကို ရလေး၊ ဒါဟာမ်နှင့် ချာပယ်ဟီးလ် စသည့် မြို့ကြီး သုံးမြို့က နယ်နိမိတ် အဖြစ် သတ်မှတ် ထားကြသည်။ ထိုဌာနမှ ကျွမ်းကျင်သူများကို အမေရိကန် ပြည်ထောင်စု တောင်ပိုင်းတွင် အကောင်းဆုံး တက္ကသိုလ်ကြီး သုံးခု ဖြစ်သော ဂျူတက္ကသိုလ်၊ မြောက် ပိုင်း ကာရိုလိုင်းနား တက္ကသိုလ်နှင့် မြောက်ပိုင်း ကာရိုလိုင်းနား ပြည်နယ် တက္ကသိုလ်တို့မှ ထုတ်လုပ် ပေးနေကြသည်။

ကမ္ဘာ့ ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းတွင် အကြီးဆုံး ကုမ္ပဏီ တစ်ခု ဖြစ်သည့် ဗြိတိသျှပိုင် ဘာရို ဝဲလ်ကမ်း ကုမ္ပဏီသည် ယင်း၏ ဌာနခွဲ တစ်ခုကို ညီညာ ပြန့်ပြူးသည့် ထိုနေရာ တစ်ဝိုက်တွင် လာ၍ တည်ထောင် ထားခဲ့သည်။ ကုမ္ပဏီ ဌာနချုပ်မှာ ပင်လယ်ကူး သင်္ဘောကြီး တစ်စင်း၏ ကုန်းပတ်များလို အဆင့်ဆင့် တည်ဆောက်ထားသည့် ခေတ်ဆန်သော အဆောက် အအုံကြီး တစ်ခုထဲတွင် ဖွင့်ထားပြီး ပညာရပ် အမျိုးမျိုးတွင် တာဝန်ယူ ထမ်းဆောင်နေသည့် ကျွမ်းကျင်သူပေါင်း ၁၄၅၀ ရှိသည်။ ယင်းတို့ အထဲတွင် ဆရာဝန်များ၊ ဇီဝဗေဒ ပညာရှင်များ၊ ဓာတုဗေဒ ပညာရှင်များ စသည်တို့ ပါဝင်သည်။ ထိုပညာရှင်များသည် နာမည်ကျော် ကုမ္ပဏီကြီးများမှ ဆေးဝါးများကို စမ်းသပ်ကြသည်။ ထုတ်လုပ်ကြသည်။ ဤသို့ဖြင့် ထိုကုမ္ပဏီကြီးသည် ကမ္ဘာတွင် နာမည် ကြီးလာရခြင်း ဖြစ်သည်။ ထိုကုမ္ပဏီကြီးကို အမေရိကန် ဆေးဝါး ထုတ်လုပ်သူ နှစ်ဦး ဖြစ်သည့် ဆိုင်းလတ်စ် ဘာရိုနှင့် ဟင်နရီ ဝဲလ်ကမ်းတို့က ၁၈၈၀ ပြည့်နှစ်တွင် လန်ဒန်တွင် စတင် တည်ထောင်ခဲ့ကြသည်။ အဆိပ်သင့်မှု အမျိုးမျိုးနှင့် ရောဂါ အမျိုးမျိုးတို့ကို တားဆီး ကာကွယ်ပေးသည်ဟု ဆိုသော ဒဏ္ဍာရီထဲမှ ယူနီကောင်း (နွားရိုင်း) ကို ကုမ္ပဏီကြီး၏ အမှတ်တံဆိပ် အဖြစ် ရွေးချယ်ခဲ့ကြသည်။

ဒဏ္ဍာရီတွင် ဆိုသကဲ့သို့ပင် ကုမ္ပဏီမှ ထုတ်ဝေသော ယူနီကောင်း အမှတ်တံဆိပ်ပါ ဆေးအမျိုးပေါင်း ၉၃ မျိုးတို့သည် လူတွင် စွဲကပ်သော ရောဂါဝေဒနာ များစွာကို ပျောက်ကင်းအောင် ကုသ ပေးနိုင်ခဲ့ကြသည်။ ထိုဆေးများသည် ကင်ဆာအကျိတ်များ၊ နှလုံးသွေးကြောတွင် ဖြစ်သည့် ရောဂါများ၊ အဆစ်အမြစ် ရောင်ရမ်းသည့် ရောဂါ၊ ငှက်ဖျားရောဂါ၊ အဆစ်အမြစ် ကိုက်ခဲသည့် ရောဂါ၊ ပါကင်ဆန် ရောဂါ ခေါ် ကိုယ်တစ်ခြမ်း သွက်ချာပါဒ

လိုက်သည့် ရောဂါနှင့် အခြား များစွာသော ပိုင်းရပ်စ်ပိုး ကူးစက်ရောဂါများတို့ကို နှိမ်နင်း တားဆီးနိုင်သည်။ အမှန်အားဖြင့်မူ သုတေသန တြိဂံရင်ပြင်ရှိ ထိုကုမ္ပဏီကြီး နာမည် ကြီးလာခြင်းမှာ ဗိုင်းရပ်စ်ပိုး ကူးစက်ရောဂါများကို တိုက်ဖျက်နိုင်သောကြောင့် နာမည် ကြီးလာခဲ့ခြင်း ဖြစ်သည်။ ထိုကုမ္ပဏီရှိ သုတေသန ပညာရှင်များသည် မကြာသေးမီကပင် ရေယုန်ရောဂါကို တိုက်ဖျက်နိုင်သည့် ထိရောက်သော ဆေးဝါး တစ်မျိုးကို ထုတ်လုပ် လာနိုင်ခဲ့ကြသည်။ အက်စီကလိုဗစ် ခေါ် ရေယုန်ရောဂါကို ကုသသည့် ထိုဆေးဝါးတစ်မျိုးကို စမ်းသပ် ထုတ်လုပ် ရသည်ကပင် ဒေါ်လာ သန်းတစ်ရာခန့်ကုန်ကျခဲ့သည်။ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီကြီးသည် လူ့လောကကြီးကို သူ့နည်းနှင့်သူ ကောင်းကျိုးပြုနေသည့် လုပ်ငန်းဌာနကြီး တစ်ခုဟုပင် ခေါ်နိုင်သည်။ နေ့စဉ်နှင့်အမျှ ဆိုသလိုပင် ကမ္ဘာပေါ်ရှိ သန်းပေါင်း များစွာသော ရောဂါရှင်များသည် ထိုကုမ္ပဏီကြီးမှ ထုတ်လုပ်သော ဆေးဝါးများကို မှီဝဲကြခြင်းဖြင့် ကျန်းမာသည့် အဖြစ်သို့ ပြန်လည် ရောက်ရှိခဲ့ကြသည်။

ကုမ္ပဏီရှိ ဓာတ်ခွဲခန်းများသည် သိပ္ပံပညာဆိုင်ရာ တွေ့ရှိချက်များကို ရရှိခဲ့ရုံမျှမက လူတို့၏ စွန့်စား ရှာဖွေမှုများ အတွက်လည်း အထောက်အကူပေးရာတွင် ဦးစီးဦးဆောင် ဖြစ်ခဲ့သည်။ စွန့်စားရှာဖွေသူ ဟင်နရီ စတန်လေသည် အာဖရိကတိုက်က မြစ်ရိုင်းကြီး တစ်ခုဖြစ်သော ကွန်ဂိုမြစ်ကြီးကို အထီးတည်း သွားလာခဲ့စဉ်က ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ ထုတ်လုပ်သည့် အသက်ကယ်အိတ် တစ်လုံးဖြင့် ခရီးသွားခဲ့ခြင်း ဖြစ်သည်။ ရေကြောင်းဗိုလ်ချုပ်များ ဖြစ်သော ရောဘတ် ပီယာရီ နှင့် ရစ်ချတ် ဘိုင်းယတ်တို့သည် ထို အသက်ကယ်အိတ်များဖြင့်ပင် မြောက်ဝင်ရိုးစွန်းကို အောင်နိုင်ခဲ့ကြခြင်း ဖြစ်သည်။ သီအိုဒို ရုစဗဲ့သည်လည်း ထိုသက်ကယ်အိတ်များဖြင့်ပင် အမေဇုန်မြစ်တစ်ရိုးမှ ငှက်များဒဏ်ကို တွန်းလှန်ခဲ့ခြင်း ဖြစ်သည်။ လေသူရဲ ချားလင်းဘာတ်သည်လည်း ထိုသက်ကယ်အိတ်ဖြင့်ပင် အတ္တလန္တိတ် သမုဒ္ဒရာကြီးကို စက်တစ်လုံးတပ် လေယာဉ်ကလေးဖြင့် ပထမဆုံးအကြိမ် ဖြတ်ကူးခဲ့ခြင်း ဖြစ်သည်။ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ ထုတ်လုပ်သည့် ပဋိဟစ္စတာမင်း ဆေးများ၊ ပဋိဇီဝ ဆေးများကို သုံးစွဲ၍ ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် လူများ လပေါ်သို့ ဆင်းသက်နိုင်ခဲ့ခြင်း ဖြစ်သည်။ အာကာသယာဉ် စကိုင်းလက်နှင့် လွန်းပြန် အာကာသယာဉ် ကိုလံဘတ်စ်တို့ အာကာသထဲသို့ ရောက်သည့် အခါတွင်လည်း အာကာသ ယာဉ်မှူးများသည် ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ

ထုတ်လုပ်သည့် ဆေးဝါး ပစ္စည်းများကို သုံး၍ အာကာသထဲတွင် လှည့်ပတ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့သော စွန့်စားရေး စိတ်ဓာတ်၊ ထိုသို့သော အတွေ့အကြုံများဖြင့် မြောက်ကာရိုလိုင်းနားရှိ ကုမ္ပဏီ ဓာတ်ခွဲခန်းသည် ကိုယ်ခံအားကျ ရောဂါကို တိုက်ဖျက်သည့် ဆေးဝါးများကို ထုတ်လုပ်ရာတွင် အဓိက အခန်းမှ ပါဝင်မည့် လက္ခဏာကို ဆောင်နေသည်။

အထူးသဖြင့် ကိုယ်ခံစွမ်းအားဗေဒ ပညာရှင်တစ်ဦး ဖြစ်သည့် မိုက်ကယ် ဂေါ့လီယက်သည် အကြီးအကျယ် မျှော်လင့်ချက် ထားနေသည်။ သူသည် ၁၉၈၃ ခုနှစ် ကတည်းကပင် သုတေသန ပညာရှင်များအား ကိုယ်ခံအားကျ ရောဂါနှင့် ထိုရောဂါ၏ ကူးစက်နိုင်သည့် အလားအလာများကို သတိပေးခဲ့သည်။ ထို့မျှမက ထိုရောဂါ ကုသရေး အတွက် သုတေသနလုပ်ကြရန် အကြံပေးခဲ့သည်။ ကိုယ်ခံအားကျ ရောဂါကို သယ်ယူ လာခဲ့သူမှာ ရက်ထရို ဗိုင်းရပ်စ် ပိုးတစ်မျိုး ဖြစ်ရာ ထိုဗိုင်းရပ်စ်သည် ကိုယ်တွင်းသို့ ဝင်ရောက်နိုင်ရန် အတွက် အကူအညီ အဖြစ် ရီဗာ့စ် ထရန်စကေရစ်တာဆီ အင်ဇိုင်း ရှိဖို့ လိုသည်။ သို့ဆိုလျှင် ထိုအင်ဇိုင်းကို တိုက်ရိုက် အကျိုး သက်ရောက်မှု ဖြစ်စေမည့် ပစ္စည်းတစ်မျိုးကို အဘယ့်ကြောင့် မရှာသင့်ပါသနည်း။

သူ့ အကြံပေးချက်ကို ယဉ်ကျေးသော စိတ်ဝင်စားမှုဖြင့်သာ တုံ့ပြန်ကြသည်။

သုတေသန ပညာရှင်များက ဝန်လေး နေကြခြင်းမှာ အကြောင်းများစွာ ရှိသည်။ အဓိကမှာ ငွေကြေး ပြဿနာ ဖြစ်သည်။ ဆေးဝါး ပစ္စည်းသစ် တစ်ခု စမ်းသပ် ထုတ်လုပ်ရေး ကိစ္စသည် ဒေါ်လာ သန်း ရာပေါင်းများစွာ ကုန်ကျသည့် လုပ်ငန်း ဖြစ်သည်။ ထို့ကြောင့် အမြတ်အစွန်း သေချာစေရန် အတွက် ကုမ္ပဏီ ဒါရိုက်တာများသည် တိကျသည့် မှတ်ကျောက် တစ်စုံတစ်ခုကို သတ်မှတ်ထားရသည်။ ယင်းမှာ မိမိတို့ ကုမ္ပဏီမှ ထုတ်လုပ်လိုက်သည့် ဆေးဝါး အမျိုးအစားသစ် တစ်ခုသည် အနည်းဆုံး လူနာ ၂၀၀,၀၀၀ လောက်တော့ ဈေးကွက် ရှိရမည်ဆိုသည့် အချက်ဖြစ်သည်။ ထိုစံချိန်အောက် ရောက်လျှင်မူ ဖြစ်ပွားလာသည့် ရောဂါ မှန်သမျှကို မိဘမဲ့ရောဂါ ဟု သတ်မှတ်သည်။ အခု ကိုယ်ခံအားကျ ရောဂါရှင်မှာ ကမ္ဘာတွင် ၅၀၀၀ ခန့်သာ ရှိသေးသည်။ ထို့ကြောင့် ကိုယ်ခံအားကျ ရောဂါရှင် ဦးရေသည် ကုမ္ပဏီ၏ အရောင်းအဝယ် လုပ်ငန်းတွင် စံချိန် မမီသေးဘဲ ဖြစ်နေသည်။

စင်စစ် လူငယ် ကိုယ်ခံစွမ်းအားဗေဒ ပညာရှင် ဒေါက်တာ မိုက်ကယ် ဂေါ့လီယက် ပေးသည့် အကြံဉာဏ်သည် ထင်သည်ထက် ထိရောက်သည်ဟု ဆိုရမည်။ သူ့ အကြံပေးချက်ကို ကြားလိုက်သည့်အခါတွင် ထင်ရှားသည့် ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီကြီးသည် ထူးဆန်းသည့် ထိုရောဂါအကြောင်းကို စိတ်ဝင်စားစ ပြုလာခဲ့သည်။ ထိုအတောအတွင်းတွင် ကုမ္ပဏီ၏ သုတေသနဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေးဗစ်ဘယ်ရီသည် ကုမ္ပဏီမှ အချို့သော ဆေးများ အရောင်းရ သွက်နေသည်ကို သတိပြုမိသည်။ ထိုဆေးများမှာ အင်္ဂါဇာတ်တွင် ဖြစ်သည့် ရေယုန်ရောဂါ သို့မဟုတ် ရီဂျုယ်လိုးဆစ် ခေါ် ဘက်တီးရီးယား ပိုးမွှားကြောင့် ဖြစ်သည့် ဝမ်းကိုက်ရောဂါ စသည့် လိင်ဆက်ဆံမှုမှ ရလာသည့် ရောဂါများကို ကုသသည့် ဆေးများ ဖြစ်သည်။ ထိုရောဂါများမှာ ရောဂါ ဇာစ်မြစ်အားဖြင့် ကိုယ်ခံအားကျ ရောဂါနှင့် ဆက်စပ်နေသည့် အလျောက် မိမိတို့ ကုမ္ပဏီမှ ဆေးများသည် ရောဂါသစ်ဖြစ်သော ကိုယ်ခံအားကျရောဂါ လက္ခဏာချက်များကို ကုသရာတွင် အသုံးဝင်နေသည်ကို သတိပြုမိ လာခဲ့သည်။ ဒေါက်တာ ဘယ်ရီသည် သူ့ဘဝ တစ်လျှောက်လုံး ဗိုင်းရပ်စ်ပိုး တိုက်ဖျက်ရေးကို သုတေသန လုပ်လာခဲ့သူ ဖြစ်ရာ မိုက်ကယ် ဂေါ့လီယက်၏ အကြံကို သဘောကျသွားသည်။

ဒေါက်တာ ဘယ်ရီသည် အရှေ့ဘက် ကမ်းခြေ ဇာတိဖြစ်ပြီး ယေးလ် တက္ကသိုလ်မှ ဂုဏ်ထူး များစွာဖြင့် ဘွဲ့ရခဲ့သူ ဖြစ်သည်။ ထို့နောက် ပြင်သစ်ပြည် ဆိုဘွန်း တက္ကသိုလ်တွင် တက်ရောက် သင်ကြားခဲ့ဖူးသည်။ ယခု အသက် ၄၀ ရှိပြီ။ အစတုန်းက အက်ဖ်ဒီအေ ခေါ် အစားအစာနှင့် မူးယစ်ဆေးဝါး အုပ်ချုပ်ရေး အဖွဲ့ အထွေထွေ ဗိုင်းရပ်စ်ပိုးဗေဒ ဌာနတွင် အလုပ်လုပ်ခဲ့ဖူးသည်။ စာဖတ်အား ကောင်းသည်။ ပြင်သစ် ဂန္ထဝင်တွေကို အများကြီး ဖတ်သည်။ စီးကရက်ကို မီးခိုး မပြတ်အောင် သောက်သည်။ အဝတ်အစားကို ကျကျနန ဝတ်တတ်သည်။ မျက်လုံး ပြာပြာနှင့် ဘာသာစကား တော်တော်များများကို တတ်ကျွမ်းသည့် ဒေါက်တာ ဘယ်ရီသည် လုပ်ငန်းတို့ကို အုပ်ချုပ်တတ်သော သိပ္ပံပညာရှင် အမျိုးအစားသစ် ဖြစ်သည်ဟု ဆိုရမည်။ သူသည် ဆေးပညာအသင်း များစွာတွင်လည်း အသင်းဝင် တစ်ဦးဖြစ်သည်။ အာဖရိက နိုင်ငံများတွင် စွဲကပ်လေ့ ရှိသည့် ဗိုင်းရပ်စ်ပိုးများ အကြောင်း၊ ကြွက်များတွင် ဖြစ်တတ်သည့် တုပ်ကွေးရောဂါ အကြောင်း၊ ကူးစက်တတ်သော နျူမိုဆိုက်စတစ် နျူမိုးနီးယား ရောဂါတွင် ဓာတ်မှ ကုသနည်း

အကြောင်း၊ သက်ကြီးရွယ်အိုများတွင် ကာကွယ်ရေး ထိုးဆေးများကို ခံနိုင်ရည် အကြောင်း စသည့် ဆေးပညာ သုတေသန စာတမ်း မှာ့ဇွာကို ရေးခဲ့ဖူးပြီး ယခုအချိန်တွင် သုတေသနတြိဂံရှိ ကုမ္ပဏီမှာ ဆေးဝါးသစ်များ သုတေသန လုပ်ငန်းနှင့် ထုတ်လုပ်ရေး လုပ်ငန်းများကို ဦးစီးနေသည်။

များမကြာမီမှာပင် ဒေါက်တာ ဘယ်ရီ အဖို့ ရောဂါသစ်ကို စိတ်ဝင်စားစရာ အကြောင်းတွေ တွေ့လာ ခဲ့ရပြန်သည်။ ကုမ္ပဏီက ထောင်ပေါင်းများစွာသော အမေရိကန်များ ခံစားနေရသည့် နှလုံး သွေးကြောကျဉ်း ရောဂါနှင့် အခြားသော နှလုံးရောဂါ အမျိုးမျိုးတို့ကို ကုသပေးသည့် အမိုင်းလ်နိုက်ဆရိတ် အခြေခံ ဆေးတစ်မျိုးကို ထုတ်လုပ်ခဲ့သည်။ နှလုံးမှ နာကျင်သည် ဆိုသည်နှင့် နှာဝတွင် ရှူလိုက်ရုံ၊ လျှာအောက်တွင် ငုံထားလိုက်ရုံမျှသာ ဖြစ်သည်။ ထိုဆေးမှာ နှလုံး သွေးကြောများကို ချက်ချင်း ကျယ်လာစေသော သတ္တိရှိသည်။ ဖန်ပြွန် ရှည်ရှည်ကလေးထဲတွင် ထည့်ထားသည့် ဖောင်ဖောင်ဟု ခေါ်သော မှုးယစ်ထုံထိုင်း ဆေးနှင့် အခြေခံ အတူတူပင် ဖြစ်သည်။ (ထိုပုလင်းရှည်ကလေးမှာ ဖောက်လိုက်လျှင် ဖောင်ခနဲ မြည်သွားသဖြင့် ထိုဆေးကို သုံးသူတို့က မူရင်းဆေး အမည်ကို မခေါ်တော့ဘဲ 'ဖောင်ဖောင်' ဟု ခေါ်ကြသည်။) ထို အမိုင်းလ်နိုက်ထရိတ်သည် ယောကျ်ားအင်္ဂါရှိ အကြောများနှင့် စအို တစ်ဝိုက်ရှိ အမြှေးများအား ဖောင်းကြွ လာစေကြောင်းကို မိန်းမလျာများက ပထမဆုံး စတင် တွေ့ရှိခဲ့ကြသည်။ ထိုဖောင်ဖောင် ဆေးများ (ပေါ်ပါး ဆေးများ) မှာ လွန်စွာ ခေတ်စားလာသည့် အတွက် အတ္တလန်တာ စီဒီစီမှ ဆေးပညာ စုံထောက်များ ကိုယ်တိုင်ပင် ထိုဆေးသည် ကိုယ်ခံအားကျ ရောဂါ၏ ဘိုက်ရိုက် အကြောင်းများ ဖြစ်လေသလော ဟုပင် တစ်ခါက စဉ်းစားမိကြသည် အထိ ဖြစ်လာခဲ့သည်။

'ရှင်းရှင်း ပြောရရင်တော့ မကြာခင်မှာပဲ ကျွန်တော်တို့ အခြေအနေဟာ တော်တော် ခက်ခဲတဲ့ အခြေအနေမျိုးကို ရောက်လာခဲ့တယ်၊ တချို့ သတင်းစာတွေက ဆိုရင် အမိုင်းလ် နိုက်ထရိတ်ကို ထုတ်လုပ်တဲ့ အတွက် ကိုယ်ခံအားကျ ရောဂါ ဖြစ်ရတယ်၊ ဒါကြောင့် ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ ရေးလာကြတယ်၊ ပြောမယ်ဆိုလည်း ပြောစရာပဲလေ၊ ဆန်ဖရန်စစ္စကိုနှင့် လော့စ်အိန်ဂျလိစ်မှာ ဆိုရင် မိန်းမလျာတွေက တီရှပ်တွေ ဝတ်ပြီး ဆန္ဒ ပြကြတယ်ဗျ၊ တီရှပ်တွေပေါ်မှာ ရေးထားတဲ့ စာတန်းကို ကြည့်ဦးလေ၊ (ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ ထုတ်လုပ်သည့် ဖောင်ဖောင် ဆေးများကြောင့်

ကျွန်ုပ်တို့ လူစဉ်မိနေခြင်း ဖြစ်သည်) လို့ ရေးထားတယ်ဗျ၊ ရှုပ်ကုန်တော့ တာပေါ့'

ဒေါက်တာ ဒေးဗစ် ဘယ်ရီက ညည်းသည်။

အမေရိကန် ပြည်ထောင်စု တစ်ခုလုံးကို ပြိုကွဲစေသည့် ကျန်းမာရေး ပြဿနာကြီးထဲတွင် မိမိတို့သည်လည်း ထိုင်ကြည့်နေ၍ မရတော့ကြောင်းကို လူငယ် ဆရာဝန်၊ လုပ်ငန်းအုပ်ချုပ်သူ ဒေါက်တာ ဘယ်ရီ သဘောပေါက် လာသည်။

၁၉၈၄ ခုနှစ် ဇွန်လ ၁ ရက် ပူပြင်းသည့် ကာရိုလိုင်းနား နွေရာသီ တွင် ပါရီမှ ဒေါက်တာ ဖရန်ဆွာ ဆီနိုဆီ ရောက်လာသည်။ ဒေါက်တာ ဆီနိုဆီ ရောက်လာခြင်းမှာ မိမိနှင့် ပါရီရှိ ပါစချာ အင်စတီကျုမှ အဖွဲ့သား များ တွေ့ရှိထားသည့် အယ်လ်အေဗွီ ဗိုင်းရပ်စ်ပိုး အကြောင်းကို အမေရိကန် ရှိ ဘာရို ဝဲလ်ကမ်း ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီကြီးကို လာရောက် အကြောင်းကြားရန် ဖြစ်သည်။ ယခုဆိုလျှင် မိမိတို့အဖွဲ့သည် ထိုဗိုင်းရပ်စ် ပိုး၏ ဗီဇကို ရှာ၍ တွေ့ခဲ့ကြပြီ မဟုတ်လော။

ဒေါက်တာ ဆီနိုဆီသည် သူတို့ တွေ့ရှိချက်ကို ကုမ္ပဏီ ပညာရှင်များ၊ သုတေသန သမားများကို ရှင်းပြသည်။

'ဒေါက်တာ ဆီနိုဆီဟာ တော်တော့်ကို ထူးခြားတဲ့ တွေ့ရှိချက် တစ်ရပ်ကို ရှင်းပြနေတယ်လို့ ကျွန်မ ခံစား လိုက်မိတယ်ရှင့်၊ သူ့တွေ့ရှိချက် ဟာ သူတို့ အင်စတီကျုကို စတင် တည်ထောင်ခဲ့တဲ့ လူဝီပါစချာရဲ့ မိုက်က ရုတ် ပိုးမွှားတွေကို တွေ့ရှိတဲ့ တွေ့ရှိချက်လိုပဲ အရေးကြီးတယ်လို့ ကျွန်မ ယူဆတယ်'

သူ့ ရှင်းလင်းချက်ကို နားထောင်နေသည့် ကုမ္ပဏီမှ ဗိုင်းရပ်စ်ပိုးဗေဒ ဌာနကြီးမှူး ဒေါက်တာ စန္ဒရာ လားမင်းက ပြောပြသည်။

'အဲဒီ ဗိုင်းရပ်စ်ဟာ ကောင်းကင်မှာ ပျံဝဲနေတဲ့ ဗိုင်းရပ်စ်၊ လေထဲမှာ စိတ်ကူးနှင့် တွေ့ထားတဲ့ ဗိုင်းရပ်စ် မဟုတ်ဘဲ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တကယ်အဟုတ် ရှိနေတဲ့ ဗိုင်းရပ်စ်ပိုး ဖြစ်တယ်ဆိုတာ သူ့ရှင်းပြချက်တွေကို နားထောင်ရင်း ကျွန်တော် သဘောပေါက်လာတယ်' ဟု စန္ဒရာ၏ လုပ်ဖော် ကိုင်ဖက် တစ်ဦးဖြစ်သူ ဇီဝဗေဒ ပညာရှင် ဒေါက်တာ ဖားမင်းက ဆိုသည်။

'ဒီ ဘီလူးသဘက်ကို နှိမ်နင်းပစ်ဖို့ အတွက် ကျွန်တော်တို့ တစ်တွေ အစွမ်းကုန် ကြိုးစား အားထုတ်ဖို့ အချိန်ရောက်ပြီလို့ ကျွန်တော် ခံစားရတယ်'

ဟု ခာတုဗေဒ ပညာရှင် ဂျိမ်းရိုက်အော်က်က ပြောသည်။

အသက် ၂၇ နှစ်သာ ရှိပြီး မျက်မှန် ထူထူကလေး တပ်ထားသည့် ချစ်စရာ ဗိုင်းရပ်စ်ပိုးဗေဒ ပညာရှင် မာတီ စိန့်ကလဲယားကမူ ..

'ပါရီက ဒေါက်တာ ဆီနိုဆီရဲ့ စကားတွေက ကျွန်မတို့ရဲ့ စမ်းသပ်ဖန်ပြွန်တွေနှင့် ကျွန်မတို့ရဲ့ အပူပေး ပိုးမွေးတဲ့ စက်တွေကို လက်ရပ်ခေါ်နေသလိုပဲ' ဟု ပြောသည်။

ထိုလုပ်ငန်းကို ကြီးကြပ်ရန် အဓိက တာဝန် ရှိသည့် ဒေါက်တာ ဒေးဗစ် ဘယ်ရီကမူ

'တရားခံကို ပထမဆုံး တွေ့ခဲ့သူရဲ့ ပြောပြချက်အရ ကျွန်တော်တို့ဟာ ဒီလောက် အစဉ်းစားကြီးနေလို့ မဖြစ်တော့ဘူး၊ အခြေအနေက တောင်းဆိုနေပြီ' ဟု ပြောသည်။

ထိုလုပ်ငန်းကို စတင် ဆောင်ရွက်ဖို့ လိုကြောင်း အကြံပေးချက်များသည် များမကြာမီ ဘာသီးစ်ဒါး ပရိုဂျက်မှ သုတေသန တြိဂံသို့ ရောက်လာခဲ့ပြန်သည်။ ရက်ထရို ဗိုင်းရပ်စ်ပိုးဗေဒ ပါရဂူတစ်ဦး ဖြစ်သည့် ရောဘတ် ဂါလိုကလည်း ထိုရောဂါကို ကုသရေးနှင့် ပတ်သက်၍ ဆေးဝါး သုတေသန လုပ်ကြဖို့ လိုကြောင်း၊ ထိုသို့ လုပ်ရာတွင် မိမိဘက်က တတ်နိုင်သမျှ အားပေးမည် ဖြစ်ကြောင်းဖြင့် ပြောသည်။

သို့ရာတွင် ကုမ္ပဏီ ဒါရိုက်တာ လူကြီးများကို ထိုကိစ္စကို သဘောတူလက်ခံအောင် လုပ်နိုင်မည့်သူများမှာ ဆေးပညာလောကထက် အခြား တစ်နေရာမှ လာနိုင်မည်။ ထိုအကူအညီကို ဒေါက်တာ ဒေးဗစ် မျှော်သည်။ ဒေါက်တာ ဒေးဗစ် စိတ်မပျက်ရပါ။

ကိုယ်ခံအားကျ ရောဂါရှင်များကို ကုသနိုင်မည့် ဆေးကို ရှာဖွေရာတွင် ပုဂ္ဂလိကပိုင် ဆေးသုတေသန ဓာတ်ခွဲခန်းများက အကူအညီသည်လည်း အဓိက ကျသည်ဟု ဒေါက်တာ ဆမ်ဘရိုးဒါး ယူဆသည်။

'ဟုတ်တယ်၊ ဘာရို ဝဲလ့်ကမ်း ကုမ္ပဏီက ဒါရိုက်တာတွေဟာ ကျွန်တော်တို့ ယိမ်းထဲကို ဝင် ကဖို့ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေကြတယ်၊ သူတို့အထက် လူကြီးတွေက ဒီရောဂါ ကုသဖို့ ဆေးဝါး ရှာဖွေ စမ်းသပ်ရေးမှာ အဆုံးတိုင် ငွေရေးကြေးရေး ထည့်ပေးပါ့ မလားလို့လည်း သူတို့ စိုးရိမ်နေကြတယ်၊ ကောင်းပြီ၊ အထက်က ခွင့်ပြုလို့ ဆေးကို စမ်းသပ် ရှာဖွေပြီးပြီ၊ ထုတ်လုပ်နိုင်ပြီ ထားပါဦး၊ ဒီဆေးဟာ တစ်နေ့မှာ စီးပွားရေးအရ အကျိုး

ရှိပါ့မလား ဆိုတာကိုလည်း သူတို့ သံသယ ဖြစ်နေကြတယ်၊ ဟုတ်တယ်လေ၊ သူတို့ အနေနှင့်လည်း စဉ်းစားရမှာပေါ့၊ ကျွန်တော်လည်း သူတို့ကို ဘယ်မှာ အာမခံ နိုင်ပါ့မလဲ၊ ကျွန်တော့် အနေနှင့်လည်း ဒီဆေးဝါး ထုတ်လုပ်ရင် သူတို့ အမြတ်များ‌များ ရစေချင်တယ်၊ အမြတ် များများရမှ ဖြစ်မယ်လို့လည်း ကျွန်တော် ယူဆတယ်၊ ဒီလို ပြောရတာက အရင်းရှင်စနစ် အမြင်နှင့် အမြတ်ရမှ ရစေတော့ဆိုတဲ့ သဘောမျိုးနှင့် ပြောတာ မဟုတ်ဘူး၊ စမ်းသပ်ပြီး ဒီလို ဆေးဝါးကို ထုတ်လုပ်လိုက်လို့ စီးပွားရေးအရ ဘာမှ အကျိုးအမြတ် မရှိဘဲ ရှုံးသွားတယ် ဆိုရင် နောင်မှာ ကိုယ်ခံအားကျ ရောဂါကို တိုက်ဖျက်တဲ့ ဆေးကို ဘယ်ကုမ္ပဏီကမှ စမ်းသပ် ထုတ်ကြတော့မှာ မဟုတ်ဘဲ တစ်ခါတည်း ရပ်သွားမှာ စိုးလို့ပါ၊ တကယ်လို့ ကုမ္ပဏီ တစ်ခုခုက ဒီဆေးကို ထုတ်လို့ မြတ်သွားပြီဆိုရင် နောက် ကုမ္ပဏီတွေကလည်း ဒီဆေးကို အပြိုင်အဆိုင် ထုတ်လာကြမှာပဲ၊ ဒီလို ထုတ်လာရင် ကမ္ဘာမှာ အဲဒီဆေးတွေဟာ ပစ္စည်းလည်း ပေါပြီး ဈေးလည်း ပေါလာမှာပဲ၊ ဒါကြောင့်မို့ သူတို့ အမြတ် ရစေချင်တယ်လို့ ပြောတာပါ။

'နောက်တစ်ချက် သူတို့ကုမ္ပဏီက ခပ်ဆိုင်းဆိုင်း ဖြစ်နေတဲ့ အကြောင်း တစ်ချက် ရှိသေးတယ်၊ ဘေးအန္တရာယ် ကင်း မကင်းဆိုတဲ့ ကိစ္စ၊ သူတို့က သူတို့ဆေးတွေကို ထုတ်လုပ်ပြီးရင် လူတွေနှင့် မစမ်းသပ်ချင်သေးဘူး၊ တိရစ္ဆာန်တွေနှင့် စမ်းသပ်ချင်သေးတယ်၊ သူတို့ရဲ့ ဓာတုဗေဒ ပစ္စည်းတွေကို လူမှာ စွဲကပ်တဲ့ ကိုယ်ခံအားကျ ရက်ထရို ဗိုင်းရပ်စ် နှင့် မစမ်းသပ်ချင်သေးဘဲ တိရစ္ဆာန် ရက်ထရို ဗိုင်းရပ်စ်နှင့် စမ်းကြည့်ချင် သေးတယ်၊ ဒီတော့ ကျွန်တော်က သူတို့ကို အာမခံချက် တစ်ခု ပေးရတယ်၊ သူတို့ ထုတ်လုပ်ပြီးတဲ့ ဓာတုဗေဒ ဆေးပစ္စည်းတွေကို ကျွန်တော့်ဆီကို ပို့ပေးပါ၊ တိရစ္ဆာန် ရက်ထရို ဗိုင်းရပ်စ်တွေပေါ်မှာ သုံးလို့ ရရှိလာတဲ့ ရလဒ်တွေကိုလည်း ကျွန်တော့်ဆီကို ပို့ပေးပါ၊ ကျွန်တော်က အဲဒီ ဆေးတွေနှင့် ကိုယ်ခံအားကျ ရောဂါ ဗိုင်းရပ်စ်ပိုးတွေကို စမ်းသပ်ကြည့်မယ်လို့ ပြောရတယ်၊ တကယ်လို့ အောင်မြင်တယ် ဆိုရင် အဲဒီဆေးကို ကိုယ်ခံအားကျ ရောဂါ ဖြစ်နေတဲ့ လူနာကို ထိုးပေးမယ်၊ အဲဒါတွေကို ကျွန်တော်ကိုယ်တိုင် ကျွန်တော့် ကင်ဆာကု ဆေးရုံမှာ လုပ်ပေးမယ်လို့ သူတို့ကို ကတိပေးရတယ်'

လူငယ် ကင်ဆာ အထူးကု ဆရာဝန်ကလေး ဒေါက်တာ ဆမ်ဘရိုးဒါး က ပြောသည်။

ဒေါက်တာ ဆမ်ဘရိုးဒါးထံမှ အာမခံချက်ကို ရသည့် အခါတွင်မှ ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီ ဓာတ်ခွဲခန်းသည် အဆိုပြုချက်ကို လက်ခံသွားသည်။ ကုမ္ပဏီမှ သုတေသန ပညာရှင်များသည် ပင့်ဂိုင်းရပ်စ် ပိုးသတ်ဆေး ပစ္စည်းများ ရနိုင် မရနိုင်ကို ကွန်ပျူတာများဖြင့် တိုင်ပင်ကြည့်၊ တွက်ချက်ကြည့်သည်။ ထို့နောက်မှ သူတို့ တွေ့ရှိထားသည့် တိရစ္ဆာန် ရက်ထရို ဗိုင်းရပ်စ်ပိုးများ ပေါ်တွင် ထိုဆေးကို စမ်းသပ်ကြည့်သည်။

သို့ရာတွင် မသေချာသည့် အချက် တစ်ချက် ကျန်နေသေးသည်။ တိရစ္ဆာန် ရက်ထရို ဗိုင်းရပ်စ်ပိုးများကို သတ်ခဲ့သည့် ဆေးပစ္စည်းများသည် လူ ရက်ထရို ဗိုင်းရပ်စ်ပိုးများကို သတ်နိုင်ပါမည်လော။

ထိုအဖြေကိုမူ ဘာသီးစ်ဒါးတွင် ရှိသည့် စမ်းသပ် ဖန်ပြွန်များထဲတွင်သာ တွေ့နိုင်ပေလိမ့်မည်။

[ ၄၆ ]

တာထွက် မကောင်းသော မင်္ဂလာဦး ပျားရည်ဆမ်း။

သုတေသန တြိဂံရင်ပြင်၊ အမေရိကန် ပြည်ထောင်စု။

၁၉၈၄ ခုနှစ် ဆောင်းဦး။

မာတီ စိန့်ကလဲယားသည် သူ့အိမ်ကို အလွန် သဘောကျသည်။ သူ့အိမ်ပုံစံကို သူကိုယ်တိုင် ရေးဆွဲခဲ့ခြင်း ဖြစ်၏။ ထို့နောက် သူနှင့် မြေတိုင်းအရာရှိ တစ်ဦးဖြစ်သူ သူ့ခင်ပွန်းတို့သည် ထိုအိမ်ကို သူတို့ကိုယ်တိုင် ဆောက်ခဲ့ကြသည်။ အုတ်မြစ်ကနေ လှုပခမ်းနားသည့် ဧည့်ခန်း အထိ သူတို့၏ လက်ရာဖြစ်သည်။ သစ်ဖြင့် ဆောက်လုပ်သည့် သစ်သား အိမ်ကလေးသည် ဂျူးလ်ဗန်း၏ ဝတ္ထုထဲက အာကာသ ယာဉ်ကလေးနှင့် တူသည်။ သို့ရာတွင် အမိုးချွန်းချွန်းကလေးနှင့် သူတို့ အိမ်ကလေးသည် ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီမှ ဗိုင်းရပ်စ်ပိုးဗေဒ ပညာရှင် တစ်ဦး ဖြစ်သည့် မာတီ အဖို့ သူ့ဘဝ သက်တမ်း တစ်လျှောက်တွင် သူ့ကို လွှမ်းမိုးခဲ့သည့် ပစ္စည်း တစ်ခုနှင့် တူသည်။ ထိုပစ္စည်းမှာ ဗိုင်းရပ်စ်ပိုး ဖြစ်သည်။

၁၉၈၄ ခုနှစ် အောက်တိုဘာလ နောက်ဆုံး တနင်္ဂနွေနေ့တွင်မှ 'ဗိုင်းရပ်စ်ပိုးအိမ်' ကလေးမှ အိမ်သူ အိမ်သားများသည် ထူးထူးခြားခြား

လှုပ်ရှားနေကြသည်။ ယင်းမှာ စစ်ပွဲမစမီ အကြိုနေ့ ဖြစ်သောကြောင့် ဖြစ်သည်။ မနက်ဖြန်ဆိုလျှင် မာတီ အလုပ်လုပ်သည့် ကုမ္ပဏီ ဓာတ်ခွဲခန်းသည် အေအိုင်ဒီအက်စ် ခေါ် ကိုယ်ခံအားကျ ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းကို တရားဝင် စတင်တော့မည်။

အော်ရီဂွန်း ပြည်နယ် လက်သမား အိမ်ထောင်စုမှ မွေးဖွားၡ သိပ္ပံပညာကို ဝါသနာပါသည့် မာတီ အဖို့သော်မူ ထိုလုပ်ငန်းသည် ပွဲကြီးပွဲကောင်းကြီး တစ်ခု ဖြစ်သည်။ သူ့ အတန်းဖော်များက ရှော့ခ် တေးသီချင်း အဆိုတော်များကို ကိုးကွယ်နေချိန်၌ မာတီသည် နာမည်ကျော် အမေရိကန် ဗိုင်းရပ်စ်ပိုးဗေဒ ပါရဂူ တစ်ဦးထံ သူ့ကို ဂျူတက္ကသိုလ်ရှိ ဓာတ်ခွဲခန်းတွင် အလုပ်လုပ်ခွင့်ပြုရန် စာရေးသည်။ ဒေါက်တာ ဒါနီ ဘိုလော့နေဆီက သူ့ မေတ္တာရပ်ခံချက်ကို လက်ခံလိုက်သည့် အခါတွင် မာတီသည် သူ့ အိပ်မက်ကြီး တစ်ခု အကောင်အထည် ပေါ်သွားလေပြီ။ မာတီသည် ဂျူတက္ကသိုလ်သို့ ရောက်သွားကာ သုတေသန သိပ္ပံပညာရှင် တစ်ဦး အဖြစ် တိုးမြှင့် ခန့်ထားခံရပြီးနောက် ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီ ဓာတ်ခွဲခန်းသို့ ပြောင်းလာခဲ့သည်။ ဓာတ်ခွဲခန်း ဌာနမှူး ဒေါက်တာ ဒေးဗစ် ဘယ်ရီကလည်း ‘ကောင်လေး တစ်ယောက်လို ဆံပင် တိုတိုလေး ညှပ်ထားသည့်’ သုတေသန လက်ထောက် မာတီကို သဘောကျသွားသည်။ သူ့တွင် ၃၆ နာရီလုံးလုံး တစ်ချက် ကလေးမျှ မညည်းဘဲ အလုပ် လုပ်နိုင်သော လက်ထောက် တစ်ယောက်ကို ရပြီ။ ဟင်းသီး ဟင်းရွက်ကိုသာ စားသည့် အရည်အသွေး တစ်ဦးကို ရပြီ။ ယာတောတွင် အလုပ် လုပ်ခဲ့သဖြင့် အသားမှာ တက်နေသော ကြမ်းတမ်း မာကျောသည့် လက်ဖဝါးများ ရှိသည့် လုပ်သားကောင်း တစ်ယောက်ကို ရပြီ။

အေအိုင်ဒီအက်စ် ခေါ် ကိုယ်ခံအားကျ ရောဂါကို ကုမ္ပဏီ ဓာတ်ခွဲခန်းက စတင် စစ်ကြေညာသည့် အတွက် ဂုဏ်ပြုရမည့် သူမှာ မာတီ စိန့်ကလဲယား ဖြစ်သည်။ သူ့ ဆရာ ဒေါက်တာ ဒေးဗစ် ဘယ်ရီက ဆေးဝါးပစ္စည်းတို့ကို သုတေသန လုပ်ရာတွင် မရှိမဖြစ်သည့် အခြေခံ ဓာတ်ပစ္စည်းများကို ရအောင် ရှာရမည်ဟု သူ့ကို တာဝန်ပေးသည်။

ယခုကိစ္စတွင် ဆိုလျှင် တီရစ္ဆာန် ရက်ထရို ဗိုင်းရပ်စ်ပိုး အမျိုးမျိုးတို့၏ နမူနာများနှင့် သူတို့ စွဲကပ်နိုင်သည့် ကလာပ်စည်း အမျိုးအစား နမူနာများကို ရှာဖွေရန် ဖြစ်သည်။

ထို ဇီဝဗေဒဆိုင်ရာ ပစ္စည်းများနှင့် ဗိုင်းရပ်စ်ပိုးကို ဖျက်ဆီးသည့်

ပစ္စည်းတို့ကို ထိတွေ့ ပေးခြင်းဖြင့်သာလျှင် ကုသနည်း တစ်ခုခုကို တွေ့လိမ့်မည်ဟု မျှော်လင့်စရာ ရှိသည် မဟုတ်လော။

လိုအပ်သည့် ဗိုင်းရပ်စ်ပိုး နမူနာများနှင့် ကလာပ်စည်း နမူနာများကို ရှာရသည်ကမူ များစွာ မခက်လှပါ။ ထိုပစ္စည်းများကို ပန်းမျိုးစေ့ ဝယ်သလို အလွယ်တကူ ဝယ်၍ ရနိုင်ပါသည်။ ကလာပ်စည်း အသားမျှင်များကို သိုလှောင်ထားသည့် အစိုးရဘဏ် တစ်ခုပင် ရှိသေးသည်။ ထိုဘဏ်မှာ အမေရိကန် အမျိုးအစား မွေးမြူရေးဌာန ဟု အမည်တွင်သည်။ ဒေါ်လာ ၂၀၊ ၃၀ ပေးလျှင် ဇီဝဗေဒ ပညာရှင်တို့ တီထွင်နိုင်သော မွေးမြူထားသည့် ကလာပ်စည်းများကို ရေခဲဘူးဖြင့် စာတိုက်မှ ချက်ချင်း ရောက်လာနိုင်သည်။ သို့ရာတွင် သုတေသန ပညာရှင်များသည် ကိုယ် သိသည့် ဖောက်သည်ထံမှသာ ထိုပစ္စည်းများကို ဝယ်လိုကြသည်။ ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီ အဖို့ ဆိုလျှင် ဂျူဘာတက္ကသိုလ်ရှိ ဗိုင်းရပ်စ်ပိုးမွေး ပါရဂူများ၏ ရေခဲ သေတ္တာကြီးများထဲမှ ပစ္စည်းများကို အလွယ်တကူပင် ဝယ်ယူနိုင်သည်။

ဂျူတက္ကသိုလ်သည် ကူးစက်ရောဂါများ ကုသသည့် ဆေးရုံကြီးလည်း ရှိသည်။ ထက်မြက်သည့် ဆေးပညာသင် ဌာနလည်း ရှိသည်။ သုတေသန ဇဟိုများလည်း ရှိသည်။ ကျွမ်းကျင်သည့် ဆရာဝန်ကြီးများနှင့် သုတေသန ပညာရှင်ကြီးများလည်း စစ်တပ်ကြီး တစ်တပ်စာလောက် ရှိနေသည်။ ထို့ကြောင့် ဂျူတက္ကသိုလ်သည် ကျွမ်းကျင်မှု သိုလှောင်ကန်ကြီး တစ်ခုဟုပင် ခေါ်နိုင်သည်။

သို့ရာတွင် ယခုအချိန်၌မူ ထိုပညာတတ် ကျောင်းဆောင်ကြီးသည် ပြိုပျက်သွားသလောက် ဖြစ်နေပြီ။ မူလတုန်းက ထိုတက္ကသိုလ်ကြီးကို တည်ထောင်ခဲ့သည့် ဆေးရွက်ကြီး စိုက်ပျိုးသူ သူဌေးကြီးသည် သူ၏ စည်းစိမ်ဥစ္စာ ဟူသမျှကို ပရင့်စတန် တက္ကသိုလ်သို့ လှူရန် ရည်ရွယ်ရင်း ရှိခဲ့သည်။ သို့ရာတွင် ထိုသို့ အမွေ ပေးခဲ့ရာ၌ ခြွင်းချက် တစ်ခုကိုတော့ ထားခဲ့သည်။ ယင်းမှာ အခြားမဟုတ်။ ထိုတက္ကသိုလ်တွင် တည်ဆောက်မည့် ခေါင်းလောင်းစင်သည် ယေးလ် တက္ကသိုလ်တွင် ရှိသည့် ခေါင်းလောင်းစင်ထက် တစ်ပေပိုမြင့်ရမည် ဆိုသည့် ခြွင်းချက်ဖြစ်သည်။ သို့ရာတွင် ပရင့်စတန် တက္ကသိုလ်က ထိုစည်းကမ်းချက်ကို ပယ်ချခဲ့သည့် အခါတွင် ဆေးရွက်ကြီး သူဌေးကြီးသည် ထိုငွေများကို ပရင့်စတန် တက္ကသိုလ်သို့ မလှူတော့ဘဲ သူ့ဇာတိ ပြည်နယ်ရှိ ဆင်းရဲသည့် တက္ကသိုလ်ကျောင်းသို့ လှူပစ်ခဲ့သည်။ ထိုကျောင်းတွင် ဂေါသစ်

ပုံသဏ္ဌာန် အဆောက်အအုံကြီးကို ဆောက်လုပ်ခဲ့ပြီး ထိုအဆောက်အအုံကြီးကို သူ့အမည် ပေးခဲ့သည်။ ထိုကျောင်းကြီးကို အမေရိကန် တောင်ပိုင်းပြည်နယ်တွင် အထင်ရှားဆုံး ဆေးပညာသင် ဌာနနှင့် ဆေးကုသရာ ဌာနကြီး တစ်ခု အဖြစ်သို့ ပြောင်းခဲ့သည်။

ဂျူ တက္ကသိုလ်က ထင်ရှားသည့် မိုင်းရပ်စ်ပိုး ပါရဂူ ဒေါက်တာ ဒါနီ၏ ရေခဲသေတ္တာထဲတွင် မာတီ စိန့်ကလဲယား တောင်းသည့် တီရှူခြာန် ရက်ထရို မိုင်းရပ်စ်ပိုးတွေ အများကြီး ရှိသည်။ သံတိ ကြီးစွာ ထားသည့် ပန်းမန်ဗေဒ ပညာရှင်သည် ပန်းစိုက်သူ တစ်ဦး လိုချင်သည့် ပန်းပင် ပေါက်ကလေးကို တယုတယ သတိကြီးစွာဖြင့် ကိုင်တွယ်သကဲ့သို့ ဒေါက်တာ ဒါနီသည်လည်း သူ့ သဘော အကျဆုံး ဖြစ်သည့် ရက်ထရို မိုင်းရပ်စ်ပိုး နှစ်မျိုးကို ရွေးထုတ်လိုက်သည်။ ပထမ မိုင်းရပ်စ်ပိုးမှာ ကြွက်များတွင် ကင်ဆာ အကျိတ်များကို ဖြစ်စေသည့် မိုင်းရပ်စ် ဖြစ်ပြီး ဒုတိယမှာ ကြွက်များတွင် သွေးကင်ဆာ ရောဂါကို ဖြစ်စေသည့် မိုင်းရပ်စ်ပိုး ဖြစ်သည်။ ထို့နောက် ထိုမိုင်းရပ်စ်ပိုးများ ကြိုက်တတ်သည့် မွေးမြူပြီး ကလာပ်စည်းများကို ရွေးသည်။ မာတီက ထိုပစ္စည်းများကို သူတို့ ဓာတ်ခွဲခန်းထဲက အာတိတ်စက်ဝိုင်းလောက် အေးနေသည့် ရေခဲ သေတ္တာကြီးများထဲတွင် သိမ်းထားလိုက်သည်။ သူ၏ လုပ်ဖော်ကိုင်ဖက် ဓာတုဗေဒ ပညာရှင်များက မိုင်းရပ်စ်ပိုးသတ်ဆေးများကို ထုတ်လုပ်ပြီးသည်နှင့် သူ့ သုတေသန လုပ်ငန်းကို စတော့မည်။

'နေစမ်းပါဦး၊ မိုင်းရပ်စ်ပိုး ခွဲနိုင်တဲ့ ပစ္စည်း ဘယ်နှစ်မျိုးလောက်ကို မင်း စမ်းသပ်နိုင်မယ် ထင်သလဲ' ဟု သူ့ဆရာ ဒေါက်တာ ဘယ်ရီက စိုးရိမ်တကြီး မေးသည်။

'ဆရာတို့က ရက်ထရို မိုင်းရပ်စ်တွေကိုသာ ပေးနိုင်ရင် ထောင်ပေါင်းများစွာပေါ့ ဆရာရဲ့' မာတီက ပြုံး၍ ဖြေသည်။

တကယ့် အခက်မှာ သူ့စမ်းသပ်မှုတွင် ပြုလုပ်မည့် ပစ္စည်းကို ရွေးရသည့်ကိစ္စ ဖြစ်သည်။ ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီ ဓာတ်ခွဲခန်းများတွင် ရှိသည့် ဗီရိုများ၊ အံဆွဲများ၊ စင်များ၊ ဓာတ်ဘူးများ၊ စမ်းသပ်ဖန်ပြွန်များတွင် ထောင်ပေါင်းများစွာသော အော်ဂဲနစ် ဒြပ်ပေါင်း ပစ္စည်းများဖြင့် ပြည့်နေသည်။ နှစ်စဉ်

နှစ်တိုင်းပင် ဓာတုဗေဒ ပညာရှင်များ၊ ဆေးဝါး ထုတ်လုပ်ရေး ပညာရှင်များနှင့် အင်ဒိုင်း ကျွမ်းကျင်သူ ပညာရှင်များသည် ဖော်မြူလာ အမျိုးပေါင်း ၁၀၀၀ မှ ၁၅၀၀ ခန့်ကို ထုတ်ပေးနေကြသည်။ ထိုမျှ များပြားသော ဖော်မြူလာများထဲမှ မည်သည့် မော်လီကျူးသည် (အေ အိုင် ဒီ အက်စ်) ကိုယ်ခံအားကျ ရောဂါ ဗိုင်းရပ်စ်ပိုးကို သတ်ပစ်နိုင်သည်ဟု မည်သို့ ရွေးချယ် ထုတ်နိုင်မည်နည်း။

ဒေါက်တာ ဒေးဗစ် ဘယ်ရီသည် သူတို့ ကုမ္ပဏီမှ ထုတ်လုပ်ကာ ဈေးကွက်တွင် ရောင်းချနေသည့် ဗိုင်းရပ်စ် ပိုးသတ်ဆေးတွင် ပါဝင်သည့် အမည်များကို ရွေးထုတ်သည်။ ထို့နောက် ထုတ်လုပ်ခြင်း မပြုရသေးဘဲ သုတေသန အဆင့်တွင်သာ ရှိသေးသည့် ဗိုင်းရပ်စ် ပိုးသတ်ဆေးများတွင် ပါဝင်သည့် အမည်များကို နောက်တစ်ဆင့် ရွေးထုတ်သည်။

'ပထမ အမျိုးအစားက လူတွေကို စမ်းသပ် သုံးစွဲ ပြီးပြီလေ၊ အဲဒီ ဆေးထဲမှာ ပါတဲ့ အဆိပ်ဓာတ်တွေကို ဖယ်ရှား ပစ်ပြီးပြီ' ဟု သူက ပြောသည်။

သို့ဆိုလျှင် မာတီတို့ လူသိုက်အဖို့ ထို အမျိုးအစားများလောက်ကိုတော့ စိတ်ချလက်ချ စမ်းသပ် သုတေသန လုပ်နိုင်ပြီ။

သုတေသန ဗြိုဂ်တွင် မည်သည့်ရက်၊ မည်သည့် အချိန်တွင် ကိုယ်ခံအားကျ ရောဂါ တိုက်ဖျက်ရေး လုပ်ငန်း စတင်ခဲ့သည် ဆိုသည့်အချက်ကို သိပ္ပံပညာ သမိုင်းတွင် မှတ်တမ်းတော့ ရှိမည် မဟုတ်ပါ။ ထိုနေ့က မာတီသည် သူ့ထုံးစံအတိုင်း လုပ်စရာရှိသည့် အလုပ်တို့ကို လုပ်သည်။ ပထမ ဇန်းကလေးများထဲတွင် ထည့်ထားသည့် ပလတ်စတစ်ခွက် ဝိုင်းဝိုင်းကလေးများထဲသို့ ပြာလဲ့လဲ့ အရည်စက် အနည်းငယ်ကို လောင်းထည့်သည်။ ထို ပြာလဲ့လဲ့ အရည်များ အနက် အချို့ အရည်စက်ကလေးများထဲတွင် ကြွက်တို့၏ ကလာပ်စည်းများ ပါပြီး အချို့ အရည်စက်များထဲတွင် ကြက်တို့၏ ကလာပ်စည်းများ ပါသည်။ ထိုပစ္စည်းများကို ဂျူ တက္ကသိုလ်မှ ဗိုင်းရပ်စ်ပိုး ပါရဂူများက ပေးပို့လိုက်ခြင်း ဖြစ်သည်။ ထို့နောက် ထိုအထဲရှိ ကလာပ်စည်းများ ကြီးထွားလာရန်နှင့် အရေအတွက် ပွားလာရန်အတွက် ဆေးရည်တစ်မျိုးကို လောင်းထည့်သည်။ ထို့နောက် ထိုခွက်ကလေးများ ထည့်ထားသည့် ဇန်းကလေးများကို ပိုးမွှားသတ်ထားသည့် စလောင်းအောက်သို့ သွင်းသည်။ ထိုသို့ ပိုးမွှား ကူးစက်ခြင်း မရှိအောင် သန့်စင်ပြီးနောက် ကြွက်များတွင် ကင်ဆာ ဖြစ်စေသည့် ရက်ထရို ဗိုင်းရပ်စ်များနှင့် ကြက်များတွင် သွေးကင်ဆာ

ဖြစ်စေသည့် ရက်ထရို ဗိုင်းရပ်စ်များပါသော အရည်တစ်မျိုးကို ထိုခွက်ကလေးများထဲသို့ ထပ်၍ လောင်းထည့်သည်။ ဖာရင်ဟိုက် ဒီဂရီ ၁၀၀ ခန့် ပေးထားသည့် ဖောက်စက်ထဲတွင် တစ်နာရီလောက် ထားပြီးသည့်အခါတွင် ပလတ်စတစ် ခွက်ကလေးများသည် စမ်းသပ်စစ်ဆေးပြီး ဖြစ်သော ဗိုင်းရပ်စ်ပိုး တိုက်ဖျက်ရေး ပစ္စည်းကို လက်ခံရန် အဆင်သင့် ဖြစ်နေလေပြီ။ တစ်စုံတစ်ရာ ချွတ်ယွင်းသွားက အဆင်သင့် ဖြစ်စေရန် မာတီသည် အခြားသော ခွက်ငယ်ကလေးများ ထဲတွင်လည်း ထိုပစ္စည်းများကို ထည့်၍ အရံသင့် ပြင်ဆင်ထားပြီး ဖြစ်သည်။ ထို နောက်ဆုံး အဆင့် ပြီးသည့်နောက်တွင်မှ မာတီသည် ထိုပလတ်စတစ် ခွက်ကလေးများ ထည့်ထားသည့် ဇန်းများကို ဖောက်စက်ထဲသို့ ပြန်ရွှေ့လာခဲ့သည်။ ထို့နောက်တွင်ကား ထိုစမ်းသပ်မှုမှ ဗိုင်းရပ်စ်ပိုးများ ပေါ်ပေါက်လာခြင်း ရှိ မရှိကို စောင့်ကြည့်ရုံသာ ကျန်တော့သည်။ ခုနစ်ရက် အတွင်းတွင် မာတီသည် ခွက်ထဲတွင် ကျန်နေသည့် ပြာလဲ့လဲ့ အရည်ကလေးများကို အဏုကြည့် မှန်ဘီလူး မပါဘဲ မကြာခဏ စစ်ဆေး ကြည့်ရသည်။ ပျစ်ခဲခဲ အရည်ကလေးများတွင် အပေါက်ကလေးတွေ ရှိသည်ဆိုလျှင် ယင်းမှာ ဗိုင်းရပ်စ်ပိုးများက ထိုကလာပ်စည်းများကို သတ်ပစ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ ခွက်အောက်ခြေက အပြာရောင် အရည် ပျစ်ခဲခဲကလေးထဲတွင် တစ်စုံတစ်ရာ မတွေ့ဘဲ အပေါ်ရည် တင်းနေသည်ဟုဆိုလျှင် ထိုကလာပ်စည်းကလေးများ ပျက်စီးခြင်း မရှိ။ တစ်နည်းဆိုရလျှင် ဗိုင်းရပ်စ်ကို ဖျက်ဆီးပစ်သည့် ဆေးအစွမ်းကြောင့် ထိုကလာပ်စည်းများကို ဗိုင်းရပ်စ်များ တိုက်ခိုက်နိုင်ခြင်း မရှိ ဆိုသည့် သဘော ဖြစ်သည်။

မာတီသည် သီတင်း တစ်ပတ် ကုန်သွားတိုင်း မျှော်လင့်ချက်ဖြင့် ရင်တထိတ်ထိတ် ဖြစ်နေသည်။ သို့ရာတွင် သူ စမ်းသပ်ထားသည့် ကလာပ်စည်း အမျိုးပေါင်း ၅၀ ခန့် အနက် တစ်ခုမှ ဗိုင်းရပ်စ်ပိုးတို့၏ တိုက်ခိုက်မှုကို တွန်းလှန်နိုင်သည့် လက္ခဏာကို မတွေ့ရ။ ထို အတောအတွင်းတွင် ဘာသီးစ်ဒါးရှိ ဒေါက်တာ ဆမ်ဘရိုးဒါးကလည်း တယ်လီဖုန်း ဆက်ကာ သတင်းကို တစ်မေးတည်း မေးနေသည်။

'ကျွန်တော်တို့ ဌာနက သုတေသန ပညာရှင်တိုင်းဟာ သူတို့ကိုယ်တိုင် တီထွင်ထားတဲ့ ဗိုင်းရပ်စ်ပိုး တိုက်ဖျက်ရေး နည်းလမ်းတွေကို သိမ်းထားကြတယ်၊ ခု ရောဂါအတွက် အသုံး မတည့်သေးရင် တစ်နေ့မှာ ပေါ်ပေါက်လာမယ့် ရောဂါတွေအတွက် အသုံး တည့်ချင်တည့်မှာ ဆိုတဲ့ မျှော်လင့်ချက်

နှင့်ပေါ့၊ အဲဒီအခါမှာ သူဟာ ထင်ရှားတဲ့ သိပ္ပံပညာရှင် တစ်ယောက် ဖြစ်ချင်ဖြစ်လာမှာပေါ့' ဟု ဒေါက်တာ ဘယ်ရီက ပြောပြသည်။

နောက်ထပ် စမ်းသပ်မှု အသစ်များကို ပြုလုပ်ကြပြန်သည်။ သည်အခါတွင်မူ မျှော်လင့်ချက် အရိပ်အရောင်ကလေး ယှက်သန်းလာ၏။ မာတီက သူ့ တွေ့ရှိချက်များကို သူ့ထံ ချက်ချင်း သတင်းပို့သည်။ သို့ရာတွင် သူမျှော်လင့်ထားသည့် ရလဒ်ကိုတော့ မရသေး။

ဘာကရီ ဝဲလ်ကမ်း ကုမ္ပဏီမှ ဓာတုဗေဒ ပညာရှင်များသည် ကွန်ပျူတာများဖြင့် တွက်ချက်ကြပြန်သည်။ ကွန်ပျူတာမှ တွက်ချက်ပေးသော အချက်အလက်များကို အခြေခံကာ ဆက်၍ ရှာကြပြန်သည်။

'ကျွန်တော်တို့ တစ်တွေ မကြာခဏ အစည်းအဝေး ထိုင်ပြီး ရတဲ့ရလဒ်တွေကို ဆွေးနွေးကြတယ်၊ အဲဒီက အဖြေ ရှာကြတယ်၊ ကော်ဖီသောက်လိုက်၊ စီးကရက် ဖွာလိုက်၊ စဉ်းစားလိုက်၊ တွက်ချက်လိုက်၊ ဆွေးနွေးလိုက်နှင့်'

တစ်နေ့တွင်မူ အော်ဂဲနစ် ဓာတုဗေဒ ဌာနမှ အကြီးအကဲ ဖြစ်သည့် ဂျဲနက် ရိုက်အောက်သည် သူမ ရှေ့က စားပွဲကို လက်သီးဖြင့် ထုပြီး အော်လိုက်သည်။

'တွေ့ပြီရှင့် တွေ့ပြီ၊ ကျွန်မတို့ လိုနေတာ ၅၀၉ လိုနေတာ'

သူ့အဖော်များက သူ့ကို တအံ့တသြဖြင့် လှမ်းကြည့်ကြသည်။ သူတို့ဌာနတွင် သူတို့ ထုတ်လုပ်လိုက်သည့် ဒြပ်ပေါင်း ပစ္စည်းများကို ဂဏန်းများဖြင့် ခေါ်လေ့ ရှိကြသည်။ သို့ရာတွင် ၅၀၉ ဆိုသည်မှာ မည်သည့်ဒြပ်ပေါင်းကို ပြောမှန်း မည်သူမျှ မသိကြ။

'ရှင်တို့ မေ့နေကြပြီလား၊ နျူကလီယိုဆိုက် ဒြပ်ပေါင်းလေ၊ လွန်ခဲ့တဲ့သုံးနှစ်လောက်တုန်းက တွေ့ခဲ့တာ၊ အဲဒီတုန်းက ဗိုင်းရပ်စ်ပိုးဖျက် စွမ်းအားရှိတယ် ဆိုပြီး ကျွန်မတို့ အကြီးအကျယ် မျှော်လင့်ချက် ထားခဲ့ကြဖူးတယ်မဟုတ်လား'

ဂျဲနက်က ၅၀၉ ဒြပ်ပေါင်း၏ အတိတ်ကို ဆောင်သည်။ ထိုစဉ်က သူတို့သည် ၅၀၉ ဒြပ်ပေါင်းကို ဗိုင်းရပ်စ်ပိုးဖျက် ဒြပ်ပေါင်းတစ်ခု အနေဖြင့် စမ်းသပ် ကြည့်ခဲ့ကြသည်။ သို့ရာတွင် အောင်မြင်ခြင်း မရှိ။ ထို့ကြောင့် ၅၀၉ ဒြပ်ပေါင်းကို တိရစ္ဆာန်များတွင် စမ်းသပ်ကြည့်ရန် ဗြိတိန်ရှိ မိမိတို့ ကုမ္ပဏီခွဲသို့ ပို့ပေးခဲ့သည်။

ထို့နောက်မှ စ၍ ၅၀၉ ဒြပ်ပေါင်း၏ အကြောင်းကို ဘာမျှ မကြားရတော့။

ဂျဲနက်က ၅၀၉ ဒြပ်ပေါင်း၏ အတိတ်ကို ဆောင်ပြလိုက်သည့် အခါတွင် သူတို့ အဖွဲ့သားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ဒေါက်တာ ဒေးဗစ် ဘယ်ရီက ဓာတုဗေဒ ဌာန (အဆိပ်နှင့် ပတ်သက်သည့် ပညာရပ်) မှ သုတေသန ပညာရှင်များကို အစည်းအဝေး ခေါ်သည်။ ၅၀၉ ဒြပ်ပေါင်းနှင့် ပတ်သက်၍ ဗြိတိန်တွင် သုတေသန လုပ်နေသည့် ရလဒ်များကို ချက်ချင်း သိလိုသည်ဟု ဆိုသည်။ ဗြိတိန်တွင် ရှိသည့် တိရစ္ဆာန်များကို စမ်းသပ်ကြည့်ရာတွင် ၅၀၉ ဒြပ်ပေါင်းမှ မည်သည့် ရလဒ်များ ထွက်လာသနည်း။ ထို ဒြပ်ပေါင်းကို စမ်းသပ်ကြည့်သဖြင့် တိရစ္ဆာန်များ သေဆုံး သွားကြသလော၊ သို့မဟုတ် ဘက်တီးရီးယား ပိုးမွှား စွဲကပ်သဖြင့် ထိုအတိုင်းပင် သေဆုံး သွားကြသလော၊ ၅၀၉ ဒြပ်ပေါင်းကို ကြွက်များ၊ ဝက်များနှင့် မွေး ခါစ နွားကလေးများကို စမ်းသပ်ကြည့်ပြီး ဖြစ်ကြောင်း၊ များစွာ အားရဖွယ် မရှိသေးကြောင်း၊ သို့ရာတွင် ထိုဒြပ်ပေါင်း၏ အဆိပ်သင့်မှုမှာမူ လက်ခံနိုင်သော အခြေအနေ ရှိကြောင်းဖြင့် ဗြိတိန်တွင် ရှိသည့် ဘာရိ ဝဲလ်ကမ်း ကုမ္ပဏီ ဌာနခွဲက တဲလက်စ်ဖြင့် အကြောင်းပြန်သည်။ ထိုမျှလောက် ကြားရလျှင်ပင် မဆိုး။ ထို့ကြောင့် သုတေသန တြိဂံရှိ ပညာရှင်တို့သည် ၅၀၉ ဒြပ်ပေါင်း နောက်သို့ လိုက်ကြသည်။

ဤတွင် သုတေသန တြိဂံမှ ပညာရှင်တို့သည် ထို ၅၀၉ ဒြပ်ပေါင်း၏ မွေးဇာတိကို လိုက်ရှာကြရသည်။ ထို ၅၀၉ ဒြပ်ပေါင်းကို မည်သူ တီထွင်ခဲ့သနည်း။ မည်သည့် ရည်ရွယ်ချက်ဖြင့်နည်း။ ထို ၅၀၉ ဒြပ်ပေါင်းသည် အလွယ်တကူ ရနိုင်သည့် ပစ္စည်းလော။

၅၀၉ ဒြပ်ပေါင်း၏ အကြောင်းသည် သိပ္ပံပညာ ဇာတမ်းကလေး တစ်စောင်ပင် ဖြစ်နိုင်သည်။ သူ့ကို ၅၀၉ ဒြပ်ပေါင်းဟု ခေါ်ခြင်းမှာ ထို ဒြပ်ပေါင်းသည် ၁၉၈၁ ခုနှစ်တွင် ဘာရိ ဝဲလ်ကမ်း ကုမ္ပဏီမှ ဓာတုဗေဒ ပညာရှင်များက တွေ့ရှိခဲ့သည့် ၅၀၉ ခုမြောက် ဒြပ်ပေါင်း ဖြစ်သောကြောင့် ဖြစ်သည်။ သူ့ မူရင်း အမည်မှာ အဇီဒို သိုင်မီဒင်း (Azido-Thymidine) အေဇက်တီ ဖြစ်သည်။ သူ့ဖွဲ့စည်းပုံမှာ ဒီအင်အေ အစိတ်အပိုင်း တစ်ခုတွင် ပါသော နျူကလီယိုဆိုက် ဖွဲ့စည်းပုံနှင့် တူသည်။ ၁၉၆၄ ခုနှစ်တွင် မစ်ရှီဂန် ကင်ဆာ ဖောင်ဒေးရှင်းက အကျိတ် ရောဂါဗေဒ ပါရဂူ တစ်ဦး ဖြစ်သည့်

ဒေါက်တာ ဂျေရုန်း ဟိုရိုဗစ်က ကင်ဆာ ဖြစ်နေသော ကလာပ်စည်းများကို မြှုဆွယ် ဖော်ထုတ်ရန် အတွက် ၅၀၉ ဒြပ်ပေါင်းကို အသုံး ပြုခဲ့ဖူးသည်။ ယင်းသို့ လုပ်နိုင်လျှင် ကလာပ်စည်းများ ထုတ်လုပ်ရေးကို ဖောက်လွဲဖောက်ပြန် ဖြစ်နေခြင်းမှ ရပ်တန့်သွားနိုင်မည် ဖြစ်သည်။ သို့ရာတွင် အောင်မြင်ခြင်း မရှိသဖြင့် ဒေါက်တာ ဟိုရိုဗစ်သည် သူ့အဇေက်တီ လုပ်ငန်းကို ရပ်ဆိုင်းပစ်ခဲ့သည်။ နောက် ၁၀ နှစ် ကြာသည့်အခါတွင် ဂျာမန် ဆေးသုတေသန အဖွဲ့တစ်ဖွဲ့က အဇေက်တီကို ပြန်၍ အသက်သွင်းကာ ကြွက်များတွင် တွေ့ရသော ဗိုင်းရပ်စ်ပိုးကို သတ်ရာတွင် အသုံးပြုကြည့်သည်။ ထိုအကြိမ်တွင် ၅၀၉ ဒြပ်ပေါင်း ခေါ် အဇေက်တီသည် အောင်မြင်မှု အသင့်အတင့်ကို ရရှိခဲ့သော်လည်း ဒုတိယအကြိမ် စွန့်ပစ်ခြင်း ခံခဲ့ရပြန်သည်။

၁၉၈၁ ခုနှစ်တွင် ဘာရီ ဝဲလ်ကမ်း ဓာတုဗေဒ ပညာရှင် တစ်ဦး ဖြစ်သည့် ဂျဲနက် ရိုက်အောက်သည် အဇေက်တီကို သိပ္ပံပညာ အမှိုက်ပုံထဲမှ နောက်တစ်ကြိမ် ပြန်ကောက် လာခဲ့ပြန်သည်။ ရေယုန်ရောဂါ တိုက်ဖျက်ရေး ဆေးကို တီထွင် ခဲ့ကြစဉ်က ကဲ့သို့ပင် သူမသည် အဇေက်တီ၏ အာနိသင်ကို မို၍ ထက်မြက် အားကောင်းလာစေရန် နောက်ထပ် အင်ဒိုင်း တစ်မျိုးကို ထည့်ပြန်သည်။ အယူအဆမှာ တော်တော် ဆန်းသစ်ပြီး ယင်းကို 'ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သည့် ဆေး' ဟု ခေါ်သည်၊ သဘောမှာ ဗိုင်းရပ်စ်ပိုး အား မိမိကိုယ် မိမိ ဖျက်ဆီးပစ်မည့် ဓာတုဗေဒဆိုင်ရာ တုံ့ပြန် လှုပ်ရှားမှု တစ်ခုကို အလုပ်နိုင်းခြင်း ဖြစ်သည်။ ထိုနည်းကို ကုမ္ပဏီရှိ ထင်ရှားသည့် သုတေသန ပညာရှင် တစ်ဦး ဖြစ်သည့် ဟောင်းဝပ် ရှေးဖားက တီထွင်ခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ဂျဲနက်သည် အဇေက်တီ ၅၀၉ ကို သိပ် မျှော်လင့်ချက် မထားသေး။

ထို့ကြောင့် ဂျဲနက်သည် သူ တွေ့ထားသည့် အဇေက်တီ ၅၀၉ ကို ဗြိတိသျှ သုတေသနသမားထံ ပေးခဲ့ခြင်း ဖြစ်သည်။

နောက်သုံးနှစ် အကြာတွင်မှ သူ့လက်ထဲတွင် အဇေက်တီ ၅၀၉ ဒြပ်ပေါင်း မီလီဂရမ် အနည်းငယ် ကျန်နေသေးသည်။ နောက်ထပ် စမ်းသပ်မှု အနည်းငယ် လုပ်နိုင်သေးသည် မဟုတ်လော။ ထို့ကြောင့် ဂျဲနက်သည် ကွန်ပျူတာ မှတ်တမ်းကို အပြေးအဖျန်း သွားကြည့်သည်။ သူတို့ ဓာတ်ခွဲခန်းတွင် နှစ်စဉ် ဒြပ်ပေါင်း အမျိုးအစား ၁၅၀၀ လောက် ထုတ်လုပ်နေသည်။ စမ်းသပ်မှုများ ပြည့်စုံသည်နှင့် ထိုဒြပ်ပေါင်းကို အမျိုးအမည် ဖော်ပြရန်နှင့်

ဓာတ်ခွဲခန်း အစီရင်ခံစာ တင်ရန်သာ ကျန်တော့သည်။ အေဇက်တီ ၅၀၉ ကို ရရန်မှာ သိပ်တော့ မလွယ်လှပါ။ ဟဲရင်း ငါးမျိုး၏ သန္ဓေ မျိုးစေ့ဖြင့်သာ သိုင်မီဒင်းဓာတ်ကို ထုတ်လုပ်နိုင်သည်။ ယင်းမှာ အေဇက်တီ ၅၀၉ တွင် အရေးကြီးသည့် ပစ္စည်း ဖြစ်သည်။

ဘာရှိ ဝဲလ်ကမ်း ကုမ္ပဏီ ဓာတ်ခွဲခန်းနှင့် ဘာသီးစ်ဒါးရှိ အမျိုးသား ကင်ဆာ အင်စတီကျု (အင်စီအိုင်) မှ အကျိတ် ရောဂါဗေဒ လုပ်ငန်းစဉ် အကြီးအကဲတို့၏ ပျားရည်ဆမ်းသည့် စကတည်းက ယဉ်သကို ဆိုသည့် ပုံမျိုး ဖြစ်နေသည်။ ဒေါက်တာ ဆမ် ဘရိုးဒါးသည် သူ့ လုပ်ဖော်ကိုင်ဖက် ဖြစ်သည့် ဂျပန်ပြည်ပေါက် ဟီရိုအာကီ မိဆူယာကို ကို တစ်ခါမျှ မမြင်ဖူးသေး။ မိဆူယာကိုသည် အဆင့်မြင့် ဇီဝဗေဒ ပညာရှင် တစ်ဦးဖြစ်ပြီး ဒေါက်တာ ဘရိုးဒါး သွား၍ ရက်ထရို ဗိုင်းရပ်စ်များကို စမ်းသပ် ရှာဖွေနေသည့် ဆေးရုံမှ ဓာတ်ခွဲခန်းကလေးတွင် ဌာနမှူး ဖြစ်သည်။ သူတို့နှစ်ယောက်သည် သူတို့ စမ်းသပ်မှုများကို အမြန်ဆုံး အောင်မြင် ပြီးမြောက်ရန် နည်းလမ်းသစ်များကို ကြံစည် စိတ်ကူးကြသည်။ မိဆူယာကိုသည် ဒေါက်တာ ဆမ် ဘရိုးဒါး၏ ညွှန်ကြားချက်အရ ဗိုင်းရပ်စ်ပိုးများကို စမ်းသပ် ရှာဖွေနေစဉ် ယူနီကောင်း တံဆိပ် ရိုက်ထားသည့် အထုပ်ငယ်များသည် မြောက်ပိုင်း ကာရိုလိုင်းနား ပြည်နယ်မှ သူ့ထံသို့ တဖွဲဖွဲ ရောက်လာနေကြသည်။

'အဆိပ်တွေဗျ၊ သူတို့ ကျွန်တော့်ဆီ ပို့လိုက်တာတွေဟာ အဆိပ်တွေချည်းပဲ၊ အချိန်ရှိသရွေ့ ကျွန်တော်တို့ ကလာပ်စည်းတွေကို သတ်နေတဲ့ အဆိပ်တွေ၊ အဲဒါမှ ခုက္ခ'

မိဆူယာကိုက ညည်းသည်။ ဒေါက်တာ ဆမ် ဘရိုးဒါး စိတ်တိုသွားသည်။ ထို့ကြောင့် စကားဖြတ်သည်။

'ကျွန်တော်တို့ စမ်းသပ်ချက်တွေမှာ အယူအဆ မှားလို့ ဖြစ်ချင်ဖြစ်မှာပေါ့'

မိဆူယာကိုက ခေါင်းယမ်း၏။ အရည်ကျဲကျဲတွေ ထည့်ထားသည့် စမ်းသပ်ဖန်ပြွန်ကို လက်ညှိုး ထိုးပြလိုက်ရင်း ..

'သူတို့ ပို့လိုက်တဲ့ ပစ္စည်းတိုင်းက ဒီအရည်တွေ စိမ်ထားတာ ခင်ဗျ၊ ဖော်မယ်ဒီဟိုက်တွေ'

'ဘာ ဖော်မယ်ဒီဟိုက် ဟုတ်လား'

ဒေါက်တာ ဆန်ဘရိုးဒါးသည် စိတ်ဆိုး မာန်ဆိုးဖြင့် ဘာရှိ ဝဲလ်ကမ်း

ကုမ္ပဏီ၏ တယ်လီဖုန်း နံပါတ်ကို တချောက်ချောက် နှိပ်နေသည်။

သုတေသန တြိဂံမှ သူတို့ မှားပို့ခြင်း ဖြစ်နိုင်ကြောင်းကို ဘယ်သူမျှ မပြောရဲကြ။ မည်သူ့ကြောင့် ထိုသို့ ဖြစ်သွားသည်ကိုလည်း မဟရဲကြ။ သို့ရာတွင် ကာရိုလိုင်းနား တက္ကသိုလ် ပရိဂုဏ်ထဲတွင်မူ ဒေါက်တာ ဆမ် ဘရိုးဒါး၏ ဒေါသသည် လေမုန်တိုင်းကြီး တစ်ခုလို အရှိန်ကောင်းနေသည်။

'အင်း မတော်တဆ ဖြစ်သွားတာ ထင်ပါရဲ့ဗျာ၊ သူတို့လည်း သိပ် ကြီးကြီးစားစား လုပ်နေကြရတယ် မဟုတ်လား၊ သူတို့ကလည်း ပျက်စီး သွားတဲ့ ကလာပ်စည်းတွေကို ဖယ်ထုတ်ပြီး စမ်းသပ်မှု လုပ်နေသလို တခြား ပစ္စည်းတွေကို ပို့ပေးနေတယ်၊ မိဆူယာကိုကလည်း သူတို့ဆီကို အေအိုင် ဒီအက်စ် ရက်ထရို ဗိုင်းရပ်စ် စွဲကပ်နေတဲ့ ကလာပ်စည်းတွေကို ပို့မြဲ ပို့ပေး နေတယ်၊ ဒီလိုနှင့် ခရီး မတွင်ဘဲ ဖြစ်နေတယ်၊ ဒါနှင့် ကျွန်တော်က ဒေါက် တာ ဘယ်ရီကို ခေါ်ပြောတယ်၊ ဒီလို လုပ်နေလို့ မဖြစ်ဘူး၊ ကျုပ်တို့က မြန်မြန် အဖြေ ပေါ်ပြီး ပစ္စည်းကို မြန်မြန် ထုတ်ချင်တယ်လို့ ပြောတယ်၊ ဒါပေမယ့် သူတို့ဘက်ကတော့ ခပ်နှေးနှေးပဲ၊ အေးလေ၊ ဒါကတော့လည်း အပြစ် မဆိုသင့်ပါဘူး၊ သူတို့က ပရဟိတ ဝါဒီတွေမှ မဟုတ်ဘဲ၊ စီးပွားရေး သမားတွေ မဟုတ်လား၊ ပထမ သူတို့အနေနှင့် သေချာချင်တာပေါ့၊ ဒေါ်လာ သန်းပေါင်းများစွာ ကုန်ကျရမယ့် ကိစ္စမျိုးဆိုတော့ ဒီလို သေချာမှ လုပ်ရဲ မှာပေါ့၊ အေအိုင်ဒီအက်စ် ရောဂါကို ကုဖို့ မိလီဂရမ် နည်းနည်းကလေးမှာ ရှိတဲ့ အမှုန်ကလေးကို ထုတ်ရမှာ၊ ဒါပေမယ့် ကုန်ကျရမယ့် ငွေက ဒေါ်လာ သန်းပေါင်းများစွာ ကုန်ကျရမှာ'

နောင်တွင် ဒေါက်တာ ဆမ် ဘရိုးဒါးက ပြောပြသည်။

[ ၅၇ ]

**ဆောင်ပွဲဆီသို့ ခြေလှမ်း တစ်လှမ်းလား။**

**သုတေသန တြိဂံရင်ပြင်၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၄ ခုနှစ် ဆောင်းဦး – ၁၉၈၅ ခုနှစ် ဆောင်းရာသီ။**

ပန်းထိမ်ဆရာ၏ အတတ်ပညာမျိုး ရှိဖို့လိုသည်။ အကျဉ်းသမား တစ်ယောက် ၏ စက်ဆန်ဆန် ပင်ပန်းကြီးစွာ လုပ်နိုင်သည့် အရည်အချင်းမျိုး ရှိဖို့လိုသည်။

ပုရွက်ဆိတ် တစ်ကောင်၏ မမောပန်းနိုင်သော ခံနိုင်ရည်မျိုး ရှိဖို့လိုသည်။ ညနေခင်း အပန်းဖြေချိန် မရှိ။ သီတင်းကုန် အားလပ်ရက် ယူချိန် မရှိ။

မာတီ စိန့်ကလဲယားသည် သူ၏ ချစ်လင်နှင့် ဗိုင်းရပ်စ်ပိုး ပုံသဏ္ဌာန် ဆောက်ထားသည့် သူတို့ အိမ်ကလေးကို စွန့်ခွာခဲ့ရသည်။ သူမသည် တစ်နေ့လျှင် ၂၄ နာရီပတ်လုံး သုတေသန ဓာတ်ခွဲခန်းထဲတွင် အချိန်ကုန်ရသည်။ မွေးမြူထားသည့် ဗိုင်းရပ်စ်ပိုးတွေ ထည့်ထားသော ပလတ်စတစ် ဘူးကလေးများကို ဖောက်စက်ထဲသို့ တစ်လှည့်စီ ထည့်ပေး နေရသည်။ ပေါ်ပေါက်လာသည့် စိတ်ပျက်စရာ ရလဒ်များနှင့် ကာလီဖိုးနီးယားမှ ဒေါသတကြီးဖြင့် သူတို့ကို ဆူပူ ကြိမ်းမောင်းနေသော ဆမ်ဘရိုးဒါး၏ အသံကြောင့် သူတို့တစ်ဖွဲ့လုံး ဂနာ မငြိမ်နိုင်အောင် ဖြစ်နေကြသည်။ အယောင်ယောင် အမှားမှား ဖြစ်နေကြသည်။

တစ်နေ့ တစ်နေ့လျှင် တစ်ယောက်ယောက်ကတော့ ဓာတုဗေဒ ဒြပ်စင် အသစ် တစ်မျိုး၊ အော်ဂဲနစ် ဒြပ်ပေါင်း တစ်မျိုးမျိုးကို တွေ့နေကြသည်။

သီတင်းပတ် ခြောက်ပတ် အတွင်း၌ မာတီသည် ကူးစက်ရောဂါ ပြန့်ပွားမှုကို တားဆီးနိုင်မည့် ပစ္စည်း အမျိုးပေါင်း ၂၀၀ တို့ကို ကြွက်များနှင့် ကြက်များ၏ ရက်ထရို ဗိုင်းရပ်စ်ပိုးတို့၏ တိုက်ခိုက်မှုကို ခံနိုင်ရည် ရှိ မရှိကို စမ်းသပ်ပြီးခဲ့ပြီ။ ယင်းတို့အနက် ဗိုင်းရပ်စ်ပိုးကို တိုက်ဖျက်နိုင်စွမ်းအား အာနိသင် အသင့်အတင့် ရှိသည့် ပစ္စည်းမှာ အမျိုးပေါင်း ၂၀ ပင် မပြည့်ချင်။ ထိုပစ္စည်းမျိုးကို တွေ့သည့်အခါတွင် မာတီသည် မနုဿ အေအိုင်ဒီအက်စ် ရက်ထရို ဗိုင်းရပ်စ်ကို တိုက်ဖျက်နိုင်စွမ်း ရှိ မရှိကို စမ်းသပ်ကြည့်ရန် ဆမ်ဘရိုးဒါးထံသို့ နမူနာ ပို့ရသည်။

ပထမ ရက်သတ္တပတ် အနည်းငယ် အတွင်းတွင်မူ အားတက်စရာ တွေ့ရသည်။ သို့ရာတွင် နောက်ပိုင်း၌ မာတီသည် စိတ်ပျက်စရာတွေကို တသီတတန်းကြီး တွေ့လာရသည်။ ခရစ္စမတ် ပွဲတော် နီးလာသည့်တိုင် အခြေအနေသည် အုံ့မှိုင်း မည်းမှောင်နေသည်။ ဒေးဗစ်ဘယ်ရီ ကိုယ်တိုင်ပင် လျှင် သံသယစိတ်တွေ ဝင်နေသည်။

ဒီဇင်ဘာလ သောကြာနေ့ တစ်ညနေ မိုးချုပ်တွင်မူ မာတီသည် မငိုမိအောင် မနည်းချုပ်တည်း ထားရသည်။ ပင်လည်း ပင်ပန်းလှပြီ။ စိတ်ဓာတ်လည်း ကျလှပြီ။ မာတီသည် ဗိုင်းရပ်စ် တစ်မျိုးမျိုးကို မွေးထားသည့် ပလတ်စတစ် ဘူးပေါင်း ၄၀၀ ကို စစ်ဆေး ကြည့်ခဲ့ပြီးပြီ။ ဘူးကလေးတွေ အောက်

ခြေရှိ အပေါ်ရည် တင်းနေသော ပြာလဲ့လဲ့ အရည်ကလေးများတွင် ထင်နေသည့် အပေါက်ကလေးများကို စစ်ဆေးကြည့်သည်။ အပေါက်ကလေးတိုင်းသည် သူ့ အရေးနိမ့်မှုကို ကိုယ်စား ပြုနေသည့်နှယ်။ ယင်းတို့မှာ ဗိုင်းရပ်စ်ပိုးတို့၏ တိုက်ခိုက်မှုကို မခံနိုင်ဘဲ ပျက်စီးသွားခဲ့သည့် ကလာပ်စည်းများတွင် ပေါ်လာသည့် အပေါက်ကလေးများ ဖြစ်သည်။ အပေါက်ကလေးတိုင်းတွင် ဗိုင်းရပ်စ်ပိုး ရှိနေကြောင်းကို ပြသည့် သင်္ကေတများ ဖြစ်သည်။

မာတီသည် မနက် လင်းကတည်းက အပေါက်ကလေးများကို ထောင်ပေါင်းများစွာ တွေ့ခဲ့သည်။ သို့ရာတွင် စမ်းသပ်နေသည့် ဗိုင်းရပ်စ်ပိုး တိုက်ဖျက်နိုင်စွမ်း ရှိသည့် ဓာတုဗေဒ ပစ္စည်း ၂၂ မျိုးအနက် တစ်မျိုးမှ ထိုဗိုင်းရပ်စ်ပိုးများကို တိုက်ဖျက်နိုင်သည့် အာနိသင် မရှိ။ နောက်ထပ် ဗိုင်းရပ်စ်ပိုး မွေးထားသည့် ပလတ်စတစ် ဘူးလေး ၁၄ ဘူးတော့ ကျန်သေးသည်။ ထိုဘူးလေးများထဲရှိ ကလာပ်စည်းများထဲမှ အပေါက်ကလေးများကို ရေတွက်ပြီးလျှင် ရေခဲသေတ္တာကို ပိတ်၊ မီးကို မှိတ်၍ စိတ်ပျက်လက်ပျက်ဖြင့် အိမ်ပြန်ရုံသာ ရှိတော့သည်။

သို့ရာတွင် နောင်တွင် မည်သို့မည်ပုံ ဖြစ်သွားသည်ကို မာတီ ပြန်စဉ်းစား၍ မရတော့။ ရေခဲသေတ္တာထဲက နောက်ဆုံးဗန်းကို ဆွဲထုတ်လိုက်သည်ကိုသာ သူ မှတ်မိသည်။ မာတီသည် ထုံးစံအတိုင်း ယနေ့ နောက်ဆုံး ရေတွက်ရန်ရှိသည့် အပေါက်ကလေးများကို ရေတွက်မည်ပြုသည်။ ပထမ ဗိုင်းရပ်စ်ပိုး တိုက်ဖျက်သည့် ပစ္စည်း၏ အမှတ်အသား နံပါတ်ကို ရှာရန် အတွက် ရည်ညွှန်းမှတ်တမ်းကို ကြည့်သည်။

လွန်ခဲ့သည့် ၇ ရက်။

ထိုပစ္စည်းများကို ဘူးကလေးထဲ ထည့်ပြီး ရေခဲသေတ္တာထဲကို သွင်းခဲ့တုန်းက ထိုအမှတ်စဉ်ကို ဘူးအဖုံးပေါ်တွင် သူကိုယ်တိုင် သက္ကလတ်ထိပ်များတွင် ခဲတံကလေးဖြင့် ရေးခဲ့သည်။ 'မျက်စိတွေ ညောင်းပြီး ဝေသွားလို့များလား' ဟု သူ့ကိုယ်သူ ထင်လိုက်သေးသည်။ ဘူးအဖုံး ကလေးတွေကို တစ်စဇီ တစ်ခုစီ လှပ်ကြည့်သည့် အခါတွင် သူ့မျက်လုံးတွေကို သူ မယုံနိုင်အောင် ဖြစ်နေသည်။ ဘူးလေးများ အောက်ခြေတွင် ထည့်ထားသည့် ကလာပ်စည်း ကလေးများထဲတွင် တစ်ပေါက်မျှ ရှာမတွေ့ပါ။ မာတီသည် အကျင့်ပါနေပြီ ဖြစ်သည့်အလျောက် သူ စစ်ဆေးသည့် အချိန်နှင့် နေ့ရက်ကို အဖုံးပေါ်တွင် မှတ်သားထားလိုက်သည်။ ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်၊

သောကြာနေ့၊ ညနေ ၄း၅၇ နာရီ။

မာတီသည် အနီးရှိ ခွေးခြေ တစ်လုံးပေါ်တွင် ထိုင်ချလိုက်ပြီး မျက်မှန်ကို ချွတ်သည်။ ထို့နောက် ခေါင်းကို ငုံ့ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်သည်။

'မဖြစ်နိုင်ဘူး၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ ငါ မှားတာပဲ ဖြစ်ရမယ်၊ ဒီဘူးလေးထဲကို ဗိုင်းရပ်စ်ပိုး မထည့်မိခဲ့ဘူး ထင်တယ်၊ ဒါလည်း မဟုတ်သေးဘူး၊ ဒီဘူး ၁၄ ဘူးကျမှ ဘာဖြစ်လို့ မေ့ပြီး မထည့်ရမှာလဲ၊ ဒါလည်း မဖြစ်နိုင်ဘူး'

မာတီသည် အဝေးကြည့် မှန်ပြောင်းမှ နေ၍ အမေရိကန် ကမ်းခြေကို မြင်လိုက်ရသည့် ခရစ္စတိုဖာ ကိုလံဘတ်လို ဖြစ်သွားသည်။ မာတီသည် ဝှန်းခနဲ ထိုင်ရာမှထကာ သူ့ဆရာ ဖီးလ် ဖားမင်း အခန်းဆီသို့ ပြေးလာခဲ့သည်။

'ဆရာ .. ဆရာ၊ လာပါဦး .. လာကြည့်ပါဦး'

မာတီသည် ပီအိတ်ချ်ဒီ ဘွဲ့ရလူငယ် တစ်ဦး ဖြစ်သည့် သူ့ဆရာ ဖားမင်းကို ကုလားထိုင်မှ ဆွဲခေါ်သည်။ သူတို့နှစ်ယောက် နောက်ဆုံး ဗန်းကလေးထဲမှ ဘူး ၁၄ ဘူး အောက်ခြေကို စစ်ဆေး ကြည့်ကြသည်။ ဘာမျှ သံသယ ဖြစ်စရာ မလိုတော့။ ပြာလဲ့လဲ့ အရောင် သမ်းနေသည့် မျက်နှာပြင်တွင် အပ်ခေါင်းလို ဖြူဖြူ အရာလေးတွေကို တစ်ခုမျှ မတွေ့ရ။

'ကျွန်မများ မေ့ပြီး ဗိုင်းရပ်စ်တွေကို မထည့်ဘဲ နေခဲ့သလား မသိဘူး၊ ထည့်တော့ ထည့်မိတယ် ထင်တာပဲ' ဟု မာတီက ခပ်တိုးတိုး ပြောသည်။ ဖားမင်းက ခေါင်းယမ်းသည်။

'ထည့်မိသလား၊ မထည့်မိဘူးလားလို့ စမ်းရတာက လွယ်ပါတယ်၊ နောက်တစ်ခါ ပြန်စမ်း ကြည့်လိုက်ရုံပေါ့၊ နောက် ခုနစ်ရက် ဆိုရင် သိရမှာပေါ့'

ဖားမင်းက မာတီ၏ ပခုံးပေါ်သို့ လက်တစ်ဖက်ကို အသာ တင်လိုက်ပြီး 'ဒီလောက်လည်း စိတ်မပူပါနှင့် ကွယ်၊ အေအိုင်ဒီအက်စ် ရောဂါဟာ ကမ္ဘာပေါ်က ခုနစ်ရက် အတွင်းမှာ ချက်ချင်း ပျောက်မသွားသေးပါဘူး၊ ရှိနေဦးမှာပါ၊ ထပ်စမ်းလိုက်ရုံပေါ့'

ဖားမင်းသည် သူ့ ရုံးခန်းဘက်ဆီသို့ လှည့်ထွက်သွားသည်။ သို့ရာတွင် ချက်ချင်း ပြန်လှည့်ကာ 'နေစမ်းပါဦး၊ အဲဒီဘူး ၁၄ ဘူးထဲမှာ မင်း ဘယ်ဒြပ်ပေါင်းကို သွားထည့်လိုက်လဲ'

'ငါး သုည ကိုး ဆရာ'

ယင်းမှာ ဟဲရင်းငါး၏ သုက်သွေးဖြင့် အခြေခံထားသည့် အေဇက်တီ မော်လီကျူး ဖြစ်သည်။ တော်သေးသည်ဟု ဆိုရမည်။ 'ဂျိမ်းရိုက်အောက်' ၏ ဓာတ်ခွဲခန်းထဲတွင် ၅၀၉ ဒြပ်ပေါင်း ဂရမ် အနည်းငယ် ကျန်သေးသည်။

'အဲဒီ ခရစ္စမတ် ပွဲတော်ဟာ ကျွန်မ ဘဝမှာ အရှည်လျားဆုံး ခရစ္စမတ် ပွဲတော်ပဲရှင်'

နှောင်တွင် မာတီက ပြန်ပြောင်း အောက်မေ့သည်။

သူ့တွင် ပလတ်စတစ် ဘူးလေး ၁၄ ဘူးထဲသို့ ကလာပ်စည်း အသစ် ထည့်စရာ မရှိသဖြင့် နောက်ထပ် ထပ်၍မွေးကာ တနလာ်နေ့ အထိ စောင့် နေရသေးသည်။ ၅၀၉ ဒြပ်ပေါင်းကလည်း များများစားစား မရှိ။ ထို့ကြောင့် ဒြပ်ပေါင်းအဆီကို ကျဲသွားအောင် လုပ်ပြီးမှ ပလတ်စတစ် ဘူးလေးတွေထဲ သို့ နည်းနည်းချင်း မျှထည့်ရသည်။ အာနိသင် နည်းသွားသဖြင့် လိုချင်သော ရလဒ်ကို ရချင်မှရမည်။ ကံကောင်းလျှင်လည်း အောင်မြင် သွားနိုင်သည်။ မတော်နိုင်၊ ထိုနည်းသာ ရှိတော့သည် မဟုတ်လော။ ထိုအကြောင်းကို ဒေးဗစ် ဘယ်ရီ ကိုတော့ ဖွင့်ပြောလိုက်သည်။ မကြာမီ ဓာတ်ခွဲခန်း တစ်ခုလုံး သိသွားကာ ရလဒ်ကို ရင် တဖိုဖိုဖြင့် စောင့်ကြသည်။

မာတီသည် ကလေးတုန်းကလို လက်သည်းကို ကိုက်ရင်း ဖောက်စက် ကြီးကို စောင့်ကြည့်နေသည်။

'ကျွန်မလေ ဖောက်စက်ကြီးကို စောင့်ကြည့်ရင်း ဘုရား သိကြား မ လို့ အပေါက်ကလေးတွေ မပေါ် ပါစေနဲ့ရှင်လို့ ဆုတောင်း နေမိတယ်'

မာတီက ပြောသည်။

အဆုံးအဖြတ် ပေးမည့်နေ့သို့ ရောက်လာသည်။ ဗိုင်းရပ်စ်ပိုးဗေဒ ပါရဂူ အမျိုးသမီးငယ်၏ အခန်းမှ ဝမ်းသာအားရ အော်သံကို အားလုံးကြား လိုက်ကြရသည်။ ပလတ်စတစ် ဘူးကလေး ၁၄ ဘူးထဲမှ ရေတင်းနေသည့် ပြာလဲ့လဲ့ မျက်နှာပြင်ပေါ်တွင် မည်သည့် အပေါက်ကိုမျှ မတွေ့။ သူတို့ အားလုံး အကောင်း ပကတိ။ အရည် အကျဲဆုံး ထည့်ထားသည့် ပလတ်စတစ် ဘူးထဲမှာပင် ၅၀၉ သည် ကြွက်နှင့် ကြက်တို့၏ ရက်ထရို ဗိုင်းရပ်စ်ပိုးတို့၏ တိုက်ခိုက်မှုတို့မှ ကာကွယ် ထားနိုင်ခဲ့သည်။ ထိုသတင်းသည် သူတို့

အဆောက်အအုံထဲတွင် ချက်ချင်း ပျံ့နှံ့သွားကာ အားလုံး ဝမ်းသာနေကြသည်။

'ကျွန်တော်တို့ စိတ်ထဲမှာ လှုမှာဖြစ်တဲ့ ရောဂါအားလုံးကို ကာကွယ်နိုင်ဘဲ့ ဆေးကို တွေ့သလို ဝမ်းသာနေကြတယ်'

ဒေးဗစ် ဘယ်ရီက အမှတ်တရ ပြန်ပြောသည်။

မာတီသည် ၁၉ ကြိမ်မြောက် အဖြစ် အထုပ်ကလေး တစ်ထုပ်ကို ဘာသီးစ်ဒါးရှိ ဆမ်ဘရိုးဒါးနှင့် သူ့အဖွဲ့သို့ ပေးပို့သည်။ ထိုပစ္စည်းကို ခွဲခြားနိုင်ရန် အတွက် မာတီသည် အင်္ဂလိပ် အက္ခရာတွင် ၁၉ ကြိမ်မြောက် စာလုံးဖြစ်သော အက်စ် ဆိုသည့် အက္ခရာကို အထုပ်ပေါ်တွင် ရေးလိုက်သည်။ ဤသို့ဖြင့် ၅၀၉ သည် အက်စ်ဒြပ်ပေါင်း ဟူ၍ နာမည် တွင်လာခဲ့သည်။

မာတီသည် အက်စ် ဆိုသည့် ထို စာလုံးလေးပေါ်တွင် သူ့ မျှော်လင့်ချက်ကို တည်ဆောက် ထားသည် ဟုပင် ဆိုရတော့မည်။

'လူ နည်းနည်းပါးပါးကို ကယ်ဆယ်ဖို့ အတွက် ကျွန်မတို့ မဖြစ်စလောက် ခြေလှမ်းလေး တစ်လှမ်းကိုတော့ လှမ်းမိပြီ ဆိုပါတော့ရှင်'

မာတီက သူ့ ထုံးစံအတိုင်း ရိုကျိုးနှိမ့်ချစွာ ပြောသည်။

၁၉၈၅ ခုနှစ် ချမ်းအေးသည့် ထို ဖေဖော်ဝါရီလ တစ်မနက်၌ ဝါရှင်တန်မှ ရာလေးသို့ လေယာဉ်ဖြင့် လိုက်ပါလာသည့် လူတစ်ယောက်သည် ထိုမျှော်လင့်ချက် ကိန်းအောင်းရာ ပစ္စည်းကို ယူလာခဲ့သည်။

သူ၏ စမ်းသပ် ဖန်ပြွန်ထဲ၌ ဆေးသုတေသန သိပ္ပံပညာရှင် ဆမ်ဘရိုးဒါးသည် သူ့ဆေးရုံတွင် အပတ်တိုင်း လူနာတစ်ယောက် နှစ်ယောက်ကို သတ်ပစ်နေသော သက်ရှိ ရက်ထရို ဗိုင်းရပ်စ်ပိုးများ ထည့်ထားသည့် အက်စ်ဒြပ်ပေါင်းကို ယူလာခဲ့သည်။ သူသည် မျိုးရိုးဗီဇ အစဉ်ကို ခွဲထုတ်ပြခဲ့ခြင်းဖြင့် ဗိုင်းရပ်စ်ပိုး တိုက်ခိုက်မှုကို တားဆီးနိုင်ခဲ့သည့် ဓာတုဗေဒ ပစ္စည်းကို သက်သေ ပြနိုင်ခဲ့ပြီ။ ဗိုင်းရပ်စ်ပိုးသည် နောက်ထပ် ကလာပ်စည်း အသစ်များကို တိုက်ခိုက်နိုင်ခြင်း မရှိတော့ပြီ။

သူ့ စိတ်ကူးနှင့်သူ ကျေနပ်လျက် ရှိသဖြင့် ဆမ်ဘရိုးဒါးသည် သူ၏ လူနာများကို ဟဲရင်းငါး၏ သုက်သွေးဖြင့် တန်း၍ ဆေးထိုး ကုသနိုင်လျှင်ကောင်းလေစွဟုပင် တောင့်တမိသေးသည်။ သို့ရာတွင် သူ့အိပ်မက်ကို

အကောင်အထည် ဖော်ရန် အတွက်မူ လများစွာ သို့မဟုတ် နှစ်များစွာပင် ကြာလိမ့်ဦးမည်။ စိတ်လိုက်မာန်ပါ လုပ်တတ်သည့် ကင်ဆာရောဂါ ပါရဂူ ဆမ်ဘရိုးဒါးသည် ထိုအချက်ကိုတော့ စိတ်ရှည်ရမည်။

ပထမ သူ့အိပ်မက်ကို အကောင်အထည် ဖော်ရန်အတွက် အမေရိကန် အစိုးရဌာန ဖြစ်သည့် အက်ဖ်ဒီအေ ခေါ် အစားအစာနှင့် မူးယစ်ထုံထိုင်း ဆေး အေဂျင်စီ၏ ခွင့်ပြုချက်ကို ရအောင် လုပ်ရဦးမည်။ ထိုအဖွဲ့၏ ဗျူရိုကရေစီ ယန္တရားကြီးသည် အလွန် နှေးကွေးသည်။ ထိုအကြောင်းကို ဆမ် ဘရိုးဒါး မကြာခဏ တိုင်တန်း ကန့်ကွက်ခဲ့ဖူးသည်။ လူများကို ကုသရန် အတွက် ဆေးဝါး တစ်ခုသည် မည်မျှ အဆိပ် သင့်နိုင်ခြင်း ရှိမရှိကို အက်ဖ်ဒီအေမှ အရာရှိများသည် သတိကြီးစွာဖြင့် သေချာအောင် လုပ်တတ်သည်ကို ဆမ် ဘရိုးဒါး သိပြီး ဖြစ်သည်။ သို့ရာတွင် တာဝန်ရှိသည့် သိပ္ပံပညာရှင် တစ်ယောက် အနေဖြင့် သူတို့ကိုလည်း အပြစ် မဆိုသာဟု ဆမ်ဘရိုးဒါး သဘောပေါက်သည်။ သူတို့ စိစစ်နိုင်လွန်းသဖြင့်သာ အမေရိကန် ပြည်ထောင်စု၏ ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းသည် ဆေးဝါး အတုများ၊ ဆေးဝါး အညာများ၊ တလွဲ အသုံးပြုမှုများကို တားဆီးနိုင်ခဲ့သည် မဟုတ်လော။

အမေရိကန် ပြည်ထောင်စုသည် ထိုကိစ္စများကို ရှင်းလင်းအောင် လုပ်ရန် အချိန် အတန်ကြာ အားထုတ်ခဲ့ရသည် မဟုတ်လော။ ၁၉၃၇ ခုနှစ်တုန်းက ချောင်းဆိုးပျောက်ဆေး အတုတွေ ပေါ်ခဲ့သဖြင့် ကလေးငယ်ပေါင်း ၁၀၇ ယောက် အဆိပ်သင့် သေဆုံး ခဲ့ကြရပြီ မဟုတ်လော။ ထို့နောက်မှ သာလျှင် အမေရိကန် ကွန်ဂရက် လွှတ်တော်က ဆေးဝါးများ ထုတ်လုပ်ရေး၊ ရောင်းချရေးတို့နှင့် ပတ်သက်၍ ဥပဒေတစ်ရပ်ကို ထုတ်ပြန်ခဲ့ရသည် မဟုတ်လော။ ထိုအချိန်မှ စ၍ အက်ဖ်ဒီအေ (အစားအစာ နှင့် မူးယစ်ထုံထိုင်း ဆေးဝါး အေဂျင်စီ) သည် အစားအစာ ထုတ်လုပ်ရေး လုပ်ငန်းကို သာမက ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းကိုလည်း အမြဲ စောင့်ကြည့်နေခဲ့သည်။ ယခုအချိန်၌ အက်ဖ်ဒီအေတွင် စစ်ဆေးရေးမှူး ၇၀၀၀ ခန့် ရှိနေသည်။ ယင်းတို့တွင် ဆရာဝန်များ၊ ဓာတုဗေဒ ပညာရှင်များ၊ ဓာတုဗေဒ (အဆိပ်နှင့် ပတ်သက်သည့် ပညာရပ်) ပညာရှင်များ၊ တိရစ္ဆာန် ဆေးကု ဆရာဝန်များ၊ ဇီဝဗေဒ ပညာရှင်များ၊ အာဟာရဗေဒ ပညာရှင်များနှင့် စာရင်းအင်း ဗေဒ ပညာရှင်များ ပါဝင်ကြသည်။

ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များတွင် ဆီလီကွန် ရင်သား အစားထိုး

ကုသခြင်း၊ ခါးအတု တပ်ဆင်ခြင်း၊ မျက်ကပ်မှန် တပ်ဆင်ခြင်း၊ အင်ဆူလင် အပ်များ ထုတ်လုပ်ခြင်းနှင့် အခြားသော ဇီဝဆေးဝါးဆိုင်ရာ နယ်ပယ်များ အကျုံးဝင်သည်။ အက်ဖ်ဒီအေသည် သွေးပစ္စည်း ထုတ်လုပ်ခြင်း၊ ဆေးဝါး ပစ္စည်းများနှင့် ဆေးဝါး ကိရိယာများကြောင့် ဓာတ်ရောင်ခြည် သင့်ခြင်း စသည့် ကိစ္စများကိုလည်း စောင့်ကြည့်သည်။

အက်ဖ်ဒီအေ ရင်ဆိုင်နေရသည့် ပြဿနာများကလည်း ယုံနိုင်ဖွယ် မရှိအောင် များပြားလှသည်။ ဆေးဝါး ထုတ်လုပ်သူများသည် မိမိတို့ ဆေးဝါးများသည် အာနိသင် ရှိရုံမျှမက လူတို့ကိုလည်း ဘေးဥပါဒ် ဖြစ်နိုင်ခြင်း မရှိကြောင်းကို ဥပဒေအရ အာမခံချက် ပေးထားရသည့် အလျောက် အက်ဖ်ဒီအေမှ စစ်ဆေးရေးမှူးများသည် အလွတ်ရောင်းသော ဆေးဝါး အမျိုးအစား ၃၀၀,၀၀၀ တို့တွင် ဆိုခဲ့သည့် စည်းကမ်းချက်များနှင့် ညီ မညီကို အမြဲတစေ စောင့်ကြပ် စစ်ဆေး နေကြရသည်။ ဆေးဆိုင် ကောင်တာများပေါ်တွင် ရောင်းနေသည့် ဆေးဝါး ပစ္စည်းများတွင် ပါဝင်သည့် ဓာတုဗေဒ ပစ္စည်း အမျိုး ၇၀၀ တို့အနက် သုံးပုံတစ်ပုံသည် သောက်သုံးသူတို့ အတွက် အန္တရာယ် ရှိကြောင်း၊ သို့မဟုတ် မည်သည့် အာနိသင်မျှ မရှိကြောင်းကို အက်ဖ်ဒီအေ စစ်ဆေးရေးမှူးများက တွေ့ရှိခဲ့ပြီး ဖြစ်သည်။

အက်ဖ်ဒီအေ၏ အပတ်တကုတ် ကြိုးစားမှုကြောင့် အမေရိကန် ကလေးငယ်ပေါင်း များစွာတို့သည် သာလီဒိုမိုက်၊ ဘာဘီကျူရိတ် စသည်တို့၏ နောက်ဆက်တွဲ ဘေးအန္တရာယ်များမှ ကင်းဝေးခဲ့ကြရခြင်း ဖြစ်သည်။

ဥရောပတွင် ကိုယ်လက်အင်္ဂါ ချို့တဲ့သည့် ကလေးငယ်များ မွေးဖွားလာခဲ့ခြင်းမှာ ထိုဆေးများကြောင့် ဖြစ်သည်။ ဆေးဝါး တစ်မျိုးမျိုးကို လူတွင် စမ်းသပ် သုံးကြည့်တော့မည် ဆိုလျှင် ပထမဦးစွာ တိရစ္ဆာန်များတွင် အကြိမ်ကြိမ် သုံးစွဲ စမ်းသပ် ကြည့်ရသည်။ အများအားဖြင့် ထိုဆေးများ၏ နောက်ဆက်တွဲ ရလဒ်မှာ တစ်ခါတစ်ရံတွင် များစွာ ကျယ်ပြန့်ပြီး လွန်စွာ ရှုပ်ထွေးသည်။ တစ်ခါတစ်ရံတွင် နောက်ဆက်တွဲ ရလဒ်သည် နှစ်ပေါင်း များစွာ ကြာမှ ပေါ်လာသည်မျိုးလည်း ရှိသည်။

ထို့ကြောင့် အက်ဖ်ဒီအေသည် ဆေးဝါး တစ်မျိုးကို လူတွင် စမ်းသပ် သုံးစွဲ ကြည့်တော့မည်ဆိုလျှင် တော်တော်နှင့် ခွင့်မပြု။ ထိုရလဒ်များကို စောင့်ကြည့်ပြီး သေချာမှ ခွင့်ပြုရိုးထုံးစံ ရှိသည်။

အက်ဖ်ဒီအေ၏ ထုံးစံအရ ဆေးဝါး တစ်မျိုးမျိုးသည် အန္တရာယ်

မရှိကြောင်း အတည်ပြုနိုင်ရန် အတွက် ပထမ ထိုဆေးကို ကိုက်ဖြတ်တတ်သော တိရစ္ဆာန်များ (အထူးသဖြင့် ကြွက်နှင့် ကြွက်ဝမ်းဖြူများ) ကို စမ်းသပ်ကြည့်ရသည်။ ထို့နောက် ပူးများ၊ ယုန်များနှင့် ခွေးများကို စမ်းသပ်ကြည့်ရသည်။ နောက်ဆုံးတွင် မျောက်များကို စမ်းသပ်ကြရသည်။

ထိုသို့ စမ်းသပ်ကြည့်ပြီး မည်သည့် အန္တရာယ်မှ မရှိကြောင်း တွေ့ရသည့် အခါတွင်မှ အက်ဖ်ဒီအေက ထိုဆေးကို အတည်ပြုချက် ပေးသည်။ ထိုစမ်းသပ်မှုများမှာလည်း အတည်ပြုထားသော နည်းများဖြင့်သာ စမ်းသပ်ပြုလုပ်ရသည်။ သတ်မှတ်ထားသော အချိန်ကာလ တစ်ခု အတွင်းတွင် ဆေးကို တဖြည်းဖြည်း တိုး၍ ပေးရသည်။ စမ်းသပ်သည့် ဆေးကို အကြောထဲသို့ ထိုး၍ ပထမ စမ်းသပ်ရမည်။ ထို့နောက်မှ ပါးစပ်မှ တိုက်ကျွေးခြင်းပြုသည်။ အဆင့်တိုင်း အဆင့်တိုင်းတွင် ဆေးစမ်းပြီးတိုင်း ဇီဝဗေဒဆိုင်ရာ စမ်းသပ်မှုများ၊ ဓာတုဗေဒဆိုင်ရာ စမ်းသပ်မှုများ (အဆိပ်သင့်ခြင်း ရှိ မရှိ စမ်းသပ်ခြင်း) များကို ပြုလုပ်ရသည်။ နောက်ဆုံးအဆင့် အနေဖြင့် ရရှိသည့် ရလဒ်များကို အသေးစိတ် အစီရင်ခံစာ ရေးရသည်။ အနည်းဆုံး ဆိုသည့် အစီရင်ခံစာ တစ်ခုသည်ပင်လျှင် စာမျက်နှာ ရာပေါင်းများစွာ ရှိသည်။

ဆမ်ဘရီးဒါးသည် အက်ဖ်ဒီအေ၏ တင်းကျပ်သော လုပ်ထုံးလုပ်နည်းကို သဘောပေါက်သည်။

ထိုရှည်လျား ထွေပြားသော လုပ်ငန်းကို ဆေးဝါး ထုတ်လုပ်မည့် ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီ ဒါရိုက်တာများသို့ တင်ပြရန် လိုသည်။ ထို့ကြောင့် ၁၉၈၅ ခုနှစ် ထိုဖေဖော်ဝါရီလ မနက်တွင် ဆမ်ဘရီးဒါးသည် သုတေသနတြိဂံသို့ အပြေးအလွှား ရောက်လာခဲ့သည်။ ရောက်ရောက်ချင်း ကြားရသည့် သတင်းကြောင့် သူ အမောပြေသွားသည်။ ပထမအဆင့် တိရစ္ဆာန်ကို စမ်းသပ်မှု လုပ်ရန် အတွက် ကုန်ကျမည့် ဒေါ်လာ သုံးသိန်းကို ကုမ္ပဏီ လက်ထောက်ဒါရိုက်တာ ဒေးဗစ် ဘယ်ရီက ထုတ်ပေးရန် ချက်ချင်း သဘောတူသည်။

သို့ရာတွင် အခက်အခဲတွေ ရှိသည်။ လန်ဒန်ရှိ ကုမ္ပဏီ ဌာနချုပ်ဥက္ကဋ္ဌက စမ်းသပ်မှု လုပ်ရန်ကို ဆက်တိုက် ကန့်ကွက်နေသည်။ ထိုအထဲတွင် တိရစ္ဆာန်များဖြင့် စမ်းသပ်မှုကို ဆန့်ကျင်သူများ၊ တိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေး အသင်းများကလည်း ဝိုင်း၍ ကန့်ကွက်နေကြသည်။ ဆေးဝါးသစ်များကို တိရစ္ဆာန်များဖြင့် စမ်းသပ်ရန် ကန့်ကွက်သူတို့ကမူ လွှန်လွှန်ကဲကဲပင် လုပ်လာကြသည်။

လန်ဒန်ရှိ ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီ ဒါရိုက်တာ လူကြီးတစ်ဦး ဖြစ်သူ ဆာဂျွန်ဖိန်း၏ အိမ်ကို လက်ပစ်ဗုံးဖြင့် လာပစ်ကြပြီး အခြား တစ်စုကလည်း ကင့်နယ်ရှိ ကုမ္ပဏီပိုင် စမ်းသပ်ခံ တိရစ္ဆာန်များ မွေးမြူထားသည့် ခြံကို ကွန်မင်ဒို ဆန်ဆန် ဝင်ရောက် စီးနင်းပြီး စမ်းသပ်ခံ တိရစ္ဆာန် ရာပေါင်း များစွာကို လွှတ်ပစ်ခဲ့ကြသည်။

အမေရိကန် ပြည်ထောင်စု ဌာနခွဲသည် အလားတူ အဖြစ်မျိုး မဖြစ် စေရန်အတွက် မိမိတို့ အဆောက်အအုံများ၊ မွေးမြူရေး ခြံများကို သံဆူးကြိုး ကာရံကာ အချက်ပေး ခလုတ်များ တပ်ဆင်ထားပြီး ကင်းလှည့် အစောင့် များဖြင့် ကာကွယ်ထားရသည်။

'ဒါပေမယ့် ကျွန်တော်တို့ လုပ်ငန်းကို ရပ်တန့်သွားအောင် ဘယ်သူ ဘယ်အရာကမှ မလုပ်နိုင်ပါဘူး၊ အေအိုင်ဒီအက်စ် ရောဂါဟာ ဒီနေ့အထိ လူ ၂၀၀၀ ကျော် ၃၀၀၀ လောက်ကိုသာ သတ်ခဲ့သေးပေမယ့် ဒီရောဂါဟာ အင်မတန် ကြီးကျယ်တဲ့ ပလိပ်ရောဂါကြီး ခင်ဗျ၊ ဒီပလိပ်ရောဂါကို တားဆီး ဖို့ကိစ္စမှာ ကျွန်တော်တို့ တတ်နိုင်သလောက် လုပ်ရမှာပဲ'

ဒေးဗစ် ဘယ်ရီက ပြောသည်။

နောက်ဆုံးတွင် သူတို့အဖို့ အတားအဆီး တစ်ခုသာ ကျန်တော့သည်။ သို့ရာတွင် တော်တော်ကြီးသည့် အတားအဆီးကြီး ဖြစ်ပါသည်။

မာတီ၏ ပလတ်စတစ် ဘူးလေးများ အတွက် ဂျဲနက် ရိုက်အောက် ရှာပေးထားသည့် သိုင်မိဒင်း ပစ္စည်း အကျန်လေးမှာ ကုန်သလောက် ရှိသွား လေပြီ။ မော်လီကျူးများကို ထုတ်လုပ်ရန် အတွက် ဟဲရင်းငါး၏ သုက်သွေး များကို တတ်နိုင်သမျှ ထပ်မံ စုဆောင်းရဦးမည်။ ထိုပစ္စည်းမှာ အလွန် ရှားပါး အဖိုးတန်လှသဖြင့် ကမ္ဘာ တစ်ဝန်းရှိ ဓာတ်ခွဲခန်းများတွင် ထိုပစ္စည်း ရှိလျှင် ကူညီကြပါရန် တဲလက်စ် ကြေးနန်းဖြင့် လည်းကောင်း၊ တယ်လီဖုန်းဖြင့် လည်းကောင်း လက်လှမ်းမီသရွေ့ မေတ္တာရပ်ရသည်။ သို့ရာတွင် များများ မရပါ။ ဂရမ် ရာ အနည်းငယ်မျှသာ ဖြစ်ပါသည်။ သို့တိုင်အောင် အကြောင်း မဟုတ်ပါ။ ဘောလုံးသည် ဆက်၍ လိမ့်မြဲ လိမ့်နေပါသည်။

အက်စ် ဒြပ်ပေါင်းတွင် အဆိပ်သင့် အာနိသင် ရှိမရှိကို သိနိုင်ရန် အတွက် ထိုနှစ် ဆောင်းတွင်းက ဗိုင်းရပ်စ်ပိုး ပါရှိတို့ စမ်းကြည့်သဖြင့် ဝေဒနာ ပြင်းပြစွာ ခံစား ခဲ့ကြရသော ကြွက်ဝမ်းဖြူ၊ ယုန်၊ ခွေးနှင့် မျောက် ကောင်ရေသည် မည်မျှ ရှိသနည်း။ မည်မျှ များသည် မများသည်ကို မမေး

နှင့်၊ ယင်းတို့၏ ဦးရေကို အထူးလျှို့ဝှက်ချက် တစ်ရပ် အနေဖြင့် သိမ်းဆည်းထားရသည်ကို ထောက်လျှင် အရေအတွက်ကို ခန့်မှန်းကြည့်နိုင်သည်။

ဒေးဗစ် ဘယ်ရီ၏ သုတေသန အဖွဲ့သည် ယင်းစမ်းသပ်မှုတို့ စနစ်တကျ ပြုလုပ်ခဲ့ပြီး ဖြစ်ရုံမျှမက ထို့ထက်ပင် စမ်းသပ်မှုများကို လုပ်နိုင်ခဲ့သေးသည်။ သိုင်မီဒင်းသည် သွေးထဲတွင် မည်သို့ လှည့်ပတ် သွားလာသနည်း။ သိုင်မီဒင်း မည်မျှ တိုက်ကျွေးလျှင် မည်မျှ အချိန် ကြာကြာအထိ အာနိသင် ရှိသနည်း။ မည်သည့် အချိန်ကျမှ ဆေးပြယ် သွားသနည်း။ သိုင်မီဒင်းသည် ဦးနှောက်ကို ကာကွယ်ထားသည့် အမြှေးပါးကို ဖောက်ထွင်းသွားနိုင်သလော ဆိုသည်တို့ကို စူးစမ်း ရှာဖွေခဲ့ကြသည်။

'တော်တော်တော့ ဆန်းဘယ်ဗျာ၊ ကျွန်တော်တို့ ဌာနမှာ တစ်ညလုံး မီးတွေ ထိန်ထိန်လင်းနေတယ်၊ ဘယ်သူမှ အိမ် မပြန်ကြဘူး၊ ဒီစိန်ခေါ်မှုကို ခုခံဖို့ အတွက် ကျွန်တော်တို့ဟာ တာဝန် အရှိဆုံး လူတွေလို့ ကျွန်တော်တို့ ဘာသာ ကျွန်တော်တို့ ယူဆထားကြတယ်၊ အဲဒီ အချိန်တုန်းက ကျွန်တော်တို့ ဘောင့်တနေတဲ့ အရာဟာ ကျွန်တော်တို့ အချိန်ပို ဆင်းရတဲ့ အတွက် ကျွန်တော်တို့ လုပ်ခ ဘယ်လောက် ရမလဲ ဆိုတဲ့ ဆန္ဒ မဟုတ်ဘူး၊ နောက်ထပ် သုတေသန စမ်းသပ်မှုတွေကို လုပ်ဖို့ အတွက် ဟဲရင်းငါးရဲ့ သုက်သွေး ရမှ ရပါ့မလား ဆိုတဲ့ စိုးရိမ်စိတ်ပဲ။

'သိုင်မီဒင်းဟာ ကျွန်တော်တို့ရဲ့ ငွေစက္ကူပဲ၊ ကျွန်တော်တို့ ရမယ့် ဒေါ်လာထက် သိုင်မီဒင်းဟာ ကျွန်တော်တို့အဖို့ ပိုအရေးကြီးနေတယ်'

ဒေးဗစ်ဘယ်ရီက ပြန်၍ ပြောသည်။

[ ၄၀ ]

**မိုးပျံတိုက်ကြီးများကို မိုးသွားသည့် သေအံ့ဆဲဆဲ လူနာဂေဟာ တစ်ခု။**

**နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၅ ခုနှစ် နွေရာသီ။**

မြို့လယ်ကောင် မင်ဟက်တန် ရပ်ကွက်ရှိ သူ၏ ကျယ်ပြန့် ခမ်းနားသည့် ရုံးခန်းကြီးထဲမှ နေ၍ နယူးယောက် မြို့တော်ဝန်သည် သူ့မြို့တော်ကြီးကို ငေးကြည့်နေသည်။ သူသည် သူ့မြို့တော်ကြီးကို ကြည့်၍ သဘောလည်း

ကျသည်။ စိတ်လည်း ညစ်သည်။ မြို့တော်ဝန် သက်တမ်း ရှစ်နှစ် အတွင်း၌ မြို့တော်ဝန် အက်ဒွပ်ကော့ခ်သည် ကြီးကျယ်သော အောင်မြင်မှုကြီးများကို ရရှိခဲ့သည်။ မြူနီစီပယ်၏ ဘဏ္ဍာရေး ပျက်စီး ယိုယွင်းမှုကို တားဆီးနိုင်ခဲ့ပြီ။ ကော်ပိုရေးရှင်းကြီးများ အလျှို အလျှို ထွက်ပြေး နေကြသည်ကို နေး ကွေးသွားအောင် လုပ်ခဲ့ပြီးပြီ။ ရင်းနှီး မြှုပ်နှံသူများ၏ စိတ်ချ ယုံကြည်မှုကို ပြန်ရအောင် လုပ်ခဲ့ပြီးပြီ။ ရာဇဝတ်မှုကြီးများကို လျော့နည်းအောင် လုပ်ခဲ့ပြီးပြီ။

သို့တိုင်အောင် ခေါင်းပြောင်ပြောင် လုပ်ရဲကိုင်ရဲ ရှိသည့် လူမျိုကြီး တစ်ဦး ဖြစ်သော မြို့တော်ဝန် ကော့ခ်သည် ကျေနပ်ခြင်း မရှိသေး။ သူ၏ ဂုဏ်ယူဖွယ် ကောင်းသော မြို့တော်ကြီးတွင် ဆင်းရဲ နွမ်းပါးမှု၊ ရာဇဝတ်မှုတို့ ထူပြောသည့် ရပ်ကွက်တွေ ကျန်နေသေးသည်။ နေ့စဉ်နှင့် အမျှ ဆိုသလိုပင် မတရား မမျှတမှုများကို ဖြေရှင်းရန် သူ့ကို လာရောက် တိုင်တမ်းကြသူတွေ အများကြီး ရှိနေသေးသည်။ အလုပ်လက်မဲ့ ၄၀၀,၀၀၀ ကျော်နှင့် ဆင်းရဲ နွမ်းပါးသူ ၈၅,၀၀၀ ကျော်တို့သည် သူတို့၏ ဘဝ တည်မြဲရေး အတွက် လူမှုဝန်ထမ်း လုပ်ငန်းများကို အမှီပြု နေကြရသေးသည်။ မြို့ဇွန် ရပ်ကွက်များ၌ ရာပေါင်း ထောင်ပေါင်း များစွာသော လူမည်းများနှင့် ပျူတိုရီကို လူမျိုးများသည် ကြောက်စရာ ကောင်းလောက်အောင် ညစ်ပတ် စုတ်ပြတ်သော ဆင်းရဲသား ရပ်ကွက်များတွင် တိုးတိုးဝှေ့ဝှေ့ နေနေကြရသေးသည်။ သူတို့တွင် သဘာဝအလျောက် သွေးရိုးသားရိုးဖြင့် သေနိုင်သော အခွင့်အလမ်း ဟူ၍ မရှိသလောက်ပင် ဖြစ်သည်။

နယူးယောက်တွင် ပြဿနာ အကြီးဆုံး နေရာမှာ အမေရိကန် ပြည်ထောင်စုရှိ ဆေးစွဲသူ စုစုပေါင်း တစ်ဝက်ခန့် ရှိသော ဆေးစွဲသူတို့ ခိုလှုံရာ ရိပ်မြုံများ ဖြစ်သည်။ ရဲဌာနများသည် အရေးပေါ် အကူအညီ ခေါ်သံကို စက္ကန့်တိုင်းလိုလို ရနေကြသည်။ မိနစ်တိုင်း ခိုးမှုတစ်ခု ရှိနေသည်။ ၁၅ မိနစ်တိုင်း လူသတ်မှုတစ်ခု ရှိနေသည်။ ငါးနာရီတိုင်း မုဒိမ်းမှု နှစ်မှုနှင့် လူသတ်မှု တစ်မှု ရှိနေသည်။ ခုနစ်နာရီတိုင်း ဆေး အလွန်အကျွံ သောက်၍ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှု တစ်ခု ရှိနေသည်။

၁၉၈၅ ခုနှစ် ထိုနွေရာသီတွင်မူ မည်းမှောင်သော နယူးယောက် ရှုခင်းသို့ ကြောက်စရာ ကောင်းသော မြင်ကွင်းတစ်ခု တိုးလာခဲ့ပြန်သည်။

အတ္တလန်တာမှ ထုတ်ဝေသည့် စီဒီစီ ပြန်တမ်း တစ်စောင် အဆိုအရ နယူးယောက်သည် အမေရိကန် ပြည်ထောင်စုရှိ အေအိုင်ဒီအက်စ် ရောဂါသည်

လေးပုံတစ်ပုံတို့ နေထိုင်ရာ ဖြစ်သည်ဟု ဆိုသည်။ ကူးစက်ပြန့်ပွားရောဂါကြီးသည် လူပေါင်း ၂၁၄၀ ကို ကူးစက်ခဲ့ပြီး ဖြစ်ရာ ယင်းမှာ ယမန်နှစ်ကထက် နှစ်ဆ များနေသည်။ နယူးယောက်တွင် ဆေးရုံပေါင်း ၁၀၀ နီးပါး နှင့် ဆေးသုတေသန ဌာနကြီး ငါးခုတို့ ပါဝင်သည့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံ အသိုက်အဝန်းတို့ ကြီးမား ကျယ်ပြန့်သည့်တိုင် အရေးပေါ် ကိစ္စများကို ကုသ ဖြေရှင်းရာတွင် ရှိသည့် အင်အားနှင့် မနိုင်နိုင်အောင် ဖြစ်နေသည်။

အချို့သော ဆေးဘက် ကုသရေး ဌာနများသည် ယခုတိုင် လူနာများကို လက်ခံရန် ငြင်းဆိုနေကြဆဲ ဖြစ်သည်။ ထိုဆေးရုံများက လက်ခံခြင်း မပြုသည့် အခါတွင်၊ မတတ်သာ၍ လက်ခံလိုက်သည့် အခါတွင်လည်း အချို့နေရာများတွင် သူတို့ကို ပလိပ်ရောဂါ စွဲသူများကဲ့သို့ သီးသန့်ထားကြသည်။ ပို၍ ဆိုးသည်မှာ အချို့ နေရာများတွင် အခြားသော ရောဂါဆောင်များတွင် တွေ့ရာအနှံ့ လျှောက်ထားသဖြင့် လူနာတို့မှာ အခြားသော ကူးစက်ရောဂါများ ဝင်ရောက်ကုန်ကြသည်။ စိန့်ကလဲယား ဆေးရုံလို နေရာ အနည်းငယ်တွင်သာ အေအိုင်ဒီအက်စ် ရောဂါကို ရက်စရာကောင်းသည့် မကောင်းဆိုးရွားရောဂါဟု မယူဆဘဲ အထူး ကြပ်မတ် ကုသပေးကြသည်။

သို့ရာတွင် အဆောင်များမှာ လူနာခုတင် နည်းပါးလှသည့် အတွက် တိုးလာသည့် လူနာဦးရေနှင့် မမျှအောင် ဖြစ်နေသည်။ ထိုသို့ လူနာ ဝိုင်းပယ်ကြခြင်း၊ လူမည်းများနှင့် အခြေမဲ့ အနေမဲ့ ဟစ္စပန်းနစ်များ (စပိန် အမေရိကန် ကပြားများ) ဆေးစွဲသူများ ကြားတွင် အေအိုင်ဒီအက်စ် ရောဂါ လျင်မြန်စွာ ပျံ့နှံ့လာသည့် အခါတွင်မူကား ပြဿနာသည် ပို၍ အတိုင်းအတာ ကြီးလာခဲ့သည်။ မိသားစု ကျောထောက်နောက်ခံလည်း မရှိ၊ နေရပ်လိပ်စာကလေးမျှပင် မရှိသည့်အခါတွင် ဆေးရုံကလည်း ဥပဒေအရ သူ့ကို ဆေးရုံတက်ခွင့် မပေးနိုင်ဘဲ ဖြစ်ရပြန်သည်။ ထိုအခါတွင် ထိုလူနာများမှာ လမ်းမများ ပေါ်တွင်ပင် နေရတော့သည်။ ပြဿနာ အရေးကြီးလာသည့်အခါတွင်မှ မြို့တော်ဝန် အက်ဒ်ကော့ခ်သည် ထိုက်မကောင်း အကြောင်းမလှ သူတို့ကို ကုသရန် နေရာတစ်ခုကို ရှာဖို့ ဆုံးဖြတ်သည်။ သို့ဖြင့် ကွင်းရပ်ကွက်တွင် မြူနီစီပယ်ပိုင် ဘိုးဘွား ဂေဟာဟောင်း တစ်လုံးကို တွေ့လာခဲ့သည်။ သို့ရာတွင် ရပ်ကွက်နေ လူထုက သူတို့အနားတွင် အေအိုင်ဒီအက်စ် ရောဂါကုဆေးရုံ မဖွင့်ရန် ဝိုင်းဝန်း ကန့်ကွက် ခဲ့ကြသဖြင့် မြို့တော်ဝန်သည် သူ့အကြံကို လက်လျှော့ခဲ့ရသည်။ မြို့တော်ဝန် ကော့ခ်သည် စိတ်ပျက်လက်ပျက်ဖြင့်

သူ့ကို အကူအညီ ပေးမည်ဟု သူ ယူဆသည့် လူတစ်ယောက်ထံ သွား၍ အကူအညီ တောင်းရသည်။ လူများကို နားချသည့် ကိစ္စမျိုးတွင် ဘုန်းတော်ကြီးသည် နိုင်ငံရေးသမားထက် ပို၍ ထိရောက်မည်ဟု သူ မျှော်လင့်သည်။

ဘရင်ဂျီဂိုဏ်းချုပ် ဘုန်းတော်ကြီး ဂျွန် ကာဒီနယ် အိုကွန်နားသည် နယူးယောက်ရှိ သာသနာ့ နယ်မြေထဲတွင် နေထိုင်သော ဥပသကာ အပေါင်းနှစ်သန်းတို့ကို အုပ်ချုပ်သည်။ မြို့တော်ဝန် ကော့ခ် ကဲ့သို့ပင် ဂိုဏ်းချုပ် အိုကွန်နားသည်လည်း နယူးယောက် မြို့ကြီးထဲရှိ မတရားမှု မမျှတမှုတို့ကို မုန်းသည်။ အစတုန်းက အမေရိကန် ရေတပ်မတော်တွင် တရားဟော ဓမ္မဆရာတစ်ယောက် ဖြစ်ခဲ့သည့် ဂိုဏ်းချုပ် အိုကွန်နားသည် စိန့်ကလဲယားဆေးရုံတွင် အေအိုင်ဒီအက်စ် လူနာများကို ကုသရန် ပထမဆုံးသော ဆေးအဖွဲ့ကို စတင် တည်ထောင်ခဲ့သည်။ ပဋ္ဋမ ရိပ်သာလမ်းရှိ သူ့ ဌာနချုပ်အဆောက်အအုံ အပေါ်ဆုံးထပ်မှ ရုံးအခန်းဝတွင် သူ၏ ဆောင်ပုဒ်ကို စာလုံးကြီးများဖြင့် ရေးထားသည်။

တရားမျှတမှု မရှိဘဲ မေတ္တာဟူ၍ မရှိနိုင်။

မှန်သည်။

ဂိုဏ်းချုပ် အိုကွန်နားသည် ပဋိသန္ဓေ ဖျက်ရေး၊ မိန်းမလျာများနှင့် ယောကျ်ားလျာများကို လူ့အခွင့်အရေး တန်းတူပေးရေး စသည့် ကိစ္စများတွင် တစ်ချက်ကလေးမှ အလျှော့ မပေးဘဲ ပြတ်ပြတ်သားသား ရပ်တည်သည်။ ထို့ကြောင့် သူဆင်းရဲများနှင့် အိုးမဲ့ အိမ်မဲ့များကို ထောက်ပံ့ရေး လုပ်ငန်းကို လုပ်သည့်အခါ သူ့ကို ထောက်ခံမည့်သူများ မရှိသလောက် ဖြစ်သွားခဲ့သည့် အဖြစ်မျိုးကိုပင် ကြုံတွေ့ ခဲ့ရဖူးသည်။ သို့ရာတွင် ဂိုဏ်းချုပ် အိုကွန်နား၏ ပရဟိတ စေတနာကိုမူ နယူးယောက် မြို့သူမြို့သား အများစုကြီးက နားလည်ကြသည်။ သူ့တွင် သာသနာ အဖွဲ့အစည်း ကျောထောက်နောက်ခံ ရှိနေသဖြင့် နယူးယောက် မြို့တော်ကြီး၏ သြဇာရှိသော ခေါင်းဆောင် တစ်ယောက် ဖြစ်နေသည်။

ဂိုဏ်းချုပ် အိုကွန်နားသည် ဆေးရုံများ၊ ဆေးကောလိပ်ကျောင်း တစ်ကျောင်း၊ နေ့ကလေးထိန်းဌာန၊ ကလေးဂေဟာများနှင့် ဘိုးဘွားရိပ်သာများ၊ အထက်တန်း ပညာရေးဌာနများ၊ ဒါဇင်ပေါင်း များစွာသော မူလတန်း

ကျောင်းများနှင့် အလယ်တန်း ကျောင်းများ၏ အကြီးအကဲ တစ်ဦးလည်း ဖြစ်သည်။ စိန့်ဆိုင်မွန် ကျောင်းကဲ့သို့သော အချို့ကျောင်းများမှာ မြို့ပြင် တောကြီးမျက်မည်း အလယ်ကောင် တည့်တည့်တွင် ရှိသည်။

မြို့တော်ဝန် ကော့ခ်၏ အကူအညီ တောင်းသံကို ချက်ချင်း တုံ့ပြန်သူမှာ ဂိုဏ်းချုပ် အိုကွန်းနားပင် ဖြစ်သည်။ မြို့တော်ဝန်က အေအိုင်ဒီအက်စ် ရောဂါရှင်များ အတွက် ဆေးရုံလုပ်ရန် အဆောက်အအုံ တစ်ခု လိုက်ရှာနေသည့်အခါတွင် ဂိုဏ်းချုပ်၏ အဖွဲ့ဝင်များသည် မင်ဟက်တန် ရပ်ကွက်မြောက်ဖျားတွင် ရှိသည့် အဆောက်အအုံ တစ်ခုကို တွေ့လာခဲ့ကြသည်။ ယင်းမှာ ယေရှု၏ မြင့်မြတ်သော နာမတော် သီလရှင်ကျောင်းမှ ပိုင်ဆိုင်သည့် အဆောက်အအုံလွတ် တစ်ခု ဖြစ်သည်။ ထိုအဆောက်အအုံမှာ လူမည်းဆင်းရဲသားများ နေထိုင်သည့် ဟာလင် ရပ်ကွက်နှင့်လည်း နီးသဖြင့် အတော်ပင် ဖြစ်နေသည်။

ဂိုဏ်းချုပ် အိုကွန်းနားသည် ထိုအဆောက်အအုံကို ချက်ချင်း ပြင်ဆင်ခိုင်းသည်။ ကွင်း ရပ်ကွက်တုန်းက ဖြစ်ခဲ့သလိုပင် ထိုနေရာတွင်လည်း သူတို့အနီးတွင် အေအိုင်ဒီအက်စ် လူနာများ အတွက် ဆေးရုံလုပ်မည် ဆိုသည့်အခါတွင် ရပ်ကွက်နေ လူထုက အပြင်းအထန် ကန့်ကွက်ကြသည်။ လူထုအစည်းအဝေးများ ကျင်းပ၍ အရေးဆို ကန့်ကွက်ကြသည်။ လူနာတွေ ရောက်လာလျှင် တစ်ခုခု လုပ်မည်ဟု ခြိမ်းခြောက်ကြသည်။

ဂိုဏ်းချုပ် အိုကွန်းနားထံသို့ စာတွေ ရေးပို့ကြသည်။ ဂိုဏ်းချုပ်ကိုယ်တိုင် ဝင်ရောက် ရှင်းလင်းသော်လည်း လူထု၏ ဒေါသ အမျက်ကို ပြေပျောက်စေခြင်းငှာ မတတ်နိုင်။ နောက်ဆုံးတွင် ဂိုဏ်းချုပ် အိုကွန်းနားသည် စိတ်ပျက် လက်ပျက်ဖြင့် ထိုကိစ္စကို အလျှော့ ပေးလိုက်ရသည်။

သို့ရာတွင် ဂိုဏ်းချုပ်သည် လက်နက်တော့ မချသေးပါ။ မချသည့်အပြင် ယခု အရေးနိမ့်မှုသည် သူ့ကို အားသစ်လောင်း ပေးလိုက်သည့်နှယ်ပင် ဖြစ်နေသေးသည်။ ရက်ပေါင်းများစွာ လိုက်လံ ရှာဖွေပြီး နောက်တွင် ဂိုဏ်းချုပ် အိုကွန်းနား၏ အဖွဲ့သည် ဂရင်းဝပ်ရွာရှိ စိန့်ဗာရွန်နီကား ဘုရားရှိခိုးကျောင်း အနီးတွင် အထပ်ငါးထပ်ရှိ ဘုန်းကြီးကျောင်းလွတ် တစ်ကျောင်းကို တွေ့လာခဲ့သည်။ ထိုကျောင်းတွင် ဘုန်းတော်ကြီး နှစ်ပါးသာ သီတင်းသုံးနေကြသည်။

တစ်ခါက တရားနာ ဥပသကာတို့ဖြင့် စည်ကားခဲ့သော ကျောင်းသည်

ယခုအချိန်တွင် ခြောက်သွေ့နေလေပြီ။ ထိုဘုန်းတော်ကြီး နှစ်ပါးကို တခြား သို့ အပြောင်းနိုင်းလျှင် ဘာမျှ အခက်အခဲ ရှိဖွယ်မမြင်။ သူတို့ ပြောင်းပေး လျှင် သူတို့ ကျောင်းတိုက် လုပ်ထားသည့် အဆောက်အအုံတွင် အေအိုင် ဒီအက်စ် လူနာ ၂၀ ယောက်ကိုတော့ ကောင်းကောင်း ထားနိုင်သည်။ ထို အောင်ပွဲကို ကျင်းပရန်အတွက် မြို့တော်ဝန် ကော့ခ်က ဂိုဏ်းချုပ် ဘုန်းတော် ကြီးနှင့် အမှုထမ်းများကို သူကိုယ်တိုင် ကြိုက်သည့် တရုတ်တန်းမှ ပီကင်းဘဲ စားသောက်ဆိုင်တွင် ဖိတ်၍ တည်ခင်းသည်။ အရေးကြီးသည့် ပွဲများတွင် လုပ်လေ့ ရှိသည့်အတိုင်း မြို့တော်ဝန်က ပီကင်းဘဲကင်ကို သူကိုယ်တိုင် လှီးဖြတ်၍ ဧည့်သည်တော်များကို တည်ခင်းသည်။ ထို့နောက် ဝါရှင်တန် လမ်းရှိ အမှတ် ၆၅ သို့ သွားကြည့်ပြီး အဆောက်အအုံကို ပြင်ဆင်ရန် ကြည့်ကြ ဆွေးနွေးကြသည်။

ဘုရားသခင်သည် ထို့ထက် ကောင်းမွန် သင့်မြတ်သည့် နေရာကို ရွေးပေးနိုင်မည် မထင်။ ထိုအဆောက်အအုံနှင့် မလှမ်းမကမ်းတွင် ၁၉၆၉ ခုနှစ် မိန်းမလျာ လွတ်မြောက်ရေး လှုပ်ရှားမှု စတင်ခဲ့ရာ ခရစ္စတိုဖာ လမ်းမ ကြီး ရှိသည်။ သူတို့ ဖွင့်လှစ်မည့် အေအိုင်ဒီအက်စ် ရောဂါကု ဆေးရုံသည် မိန်းမလျာရပ်ကွက် အလယ်ကောင်တွင် ရောက်နေသည်ကို အံ့ဩစွာ တွေ့ ရသည်။ ထိုမိန်းမလျာတို့ အပြုအမူ အနေအထိုင်ကို ပြောင်းလဲရန် ခေတ် အဆက်ဆက် ကြိုးပမ်း ခဲ့ကြသော်လည်း ထိုနေရာသည် မိန်းမလျာတို့၏ ကျက်စားရာ ဗဟိုဌာနကြီး ဖြစ်မြဲ ဖြစ်နေသေးသည်။

သို့ရာတွင် ဂိုဏ်းချုပ် ဘုန်းတော်ကြီးနှင့် မြို့တော်ဝန်တို့ မျှော်လင့် ထားသကဲ့သို့ မဟုတ်ပါ။ ထိုရပ်ကွက်ရှိ မိန်းမလျာများသည် ထိုသို့ စီမံကိန်း ကို မယုံသင်္ကာ ဖြစ်မှု၊ အတိအလင်း ရန်ပြုမှုတို့ဖြင့် တုံ့ပြန်ကြပါသည်။ ယင်း မှာ လိင်တူ ဆက်ဆံခြင်းသည် ဒုစရိုက် တစ်ခု ဖြစ်သည်ဟု အရင်တုန်းက ဂိုဏ်းချုပ် အိုကွန်းနားက ဟောခဲ့ဖူးသောကြောင့် ဖြစ်သည်။ ဂိုဏ်းချုပ်နှင့် မြို့တော်ဝန်သည် ရှေ့တွင် အေအိုင်ဒီအက်စ် ရောဂါကု ဆေးရုံဟု မျက်နှာဖုံး တပ်ထားပြီး နောက်ကွယ်တွင် မိန်းမလျာများအား မိန်းမလျာစိတ် ပျောက် အောင် ကုသပေးမည့် နေရာဟု ထင်နေကြသည်။ မိန်းမလျာ မဟုတ်သူများ ကလည်း သူတို့ ရပ်ကွက်တွင် ထိုဆေးရုံ လာဖွင့်သည်ကို မနှစ်မြို့နိုင် ဖြစ်နေကြသည်။

ဤတွင် ဂိုဏ်းချုပ် အိုကွန်းနားသည် သူတို့ စိုးရိမ်မှုများကို ပျောက်

အောင် လုပ်ရသည်။ စိန့်ကလဲယား ဆေးရုံတွင် လူထု အစည်းအဝေးတွေ ခေါ်ပြီး ရှင်းလင်း ပြရသည်။ ပညာပေး အစီအစဉ်တွေ လုပ်ရသည်။ ရောဂါကုဆေးရုံ တစ်ရုံ ဖွင့်လှစ်ခြင်းကြောင့် အနီးတစ်ဝိုက်ရှိ လူများအား မည်သို့မျှ အန္တရာယ် မဖြစ်စေနိုင်ကြောင်းဖြင့် ဆရာဝန်များက ရှင်းလင်းပြကြရသည်။ အစည်းအဝေးမှ မြို့မိမြို့ဖများ ပါဝင်သည့် ကော်မတီ တစ်ခုကို ဖွဲ့စည်းလိုက်သည်။ ထိုဆေးရုံ ဖွင့်သင့် မဖွင့်သင့်ကို ရပ်ကွက်ထဲတွင် လူထုဆန္ဒမဲ ကောက်ယူသည်။ သို့ဖြင့် နောက်ဆုံးတွင် အများစုက အေအိုင်ဒီအက်စ် ရောဂါကုဆေးရုံ ဖွင့်လှစ်ရန် မဲပေးခဲ့ကြသည်။ ထိုဆေးရုံသည် နယူးယောက်တွင် ပထမဆုံး ဖွင့်လှစ်သည့် အေအိုင်ဒီအက်စ် ရောဂါကုဆေးရုံ ဖြစ်သတည်း။

သို့တိုင်အောင် ဂိုဏ်းချုပ် အိုကွန်နားနှင့် မြို့တော်ဝန် ကော့ခ်တို့၏ ဒုက္ခသည် နိဂုံးသို့ မရောက်သေးပါ။ ထိုဆေးရုံကို သက်ဝင် လှုပ်ရှားလာအောင် လုပ်မည့် ဆရာဝန်၊ ဆရာမ စသည်တို့ကို ရှာရဦးမည်။ လွန်ခဲ့သည့် ဆယ်စုနှစ် တစ်ခုကျော် အတွင်းတွင် ဘရင်ဂျီသာသနာ (ရိုမန်ကက်သလစ်ဘာသာ) ဂိုဏ်းအတွင်းတွင် သဘောထားများသည် အများကြီး ပြောင်းလဲသွားခဲ့သည်။ ယာယီဒုက္ခကို ခံစားနေရသူများအား နေကုန်နေခန်း ပြုစု ကုသပေးနေခြင်းသည် ကုသိုလ်လုပ်ငန်း ဖြစ်သည်ဟု လက်ခံသူ နည်းသထက်နည်းလာခဲ့သည်။ ဘရင်ဂျီ သာသနာမှ သီလရှင် ၆၀ ရာနှုန်းတို့သည် ယင်းသို့သော ကုသိုလ်ဖြစ် လုပ်ငန်းများမှ ထွက်သွားခဲ့ကြသည်။ ကျန်ရစ်သူ သီလရှင်များမှာလည်း ပျမ်းမျှအားဖြင့် အသက် ၆၅ နှစ်ကျော်ခန့် ရှိကြသည့် သီလရှင်အိုကြီးများ ဖြစ်သည်။ သီလရှင်ပျိုများသည် သူတို့၏ အလေ့အကျင့်များကို စွန့်ပစ်ကာ သာမန် မိန်းမပျိုများကဲ့သို့ မာစီ၊ ဘလွန်းမင်းဒေးလ် စသည့် စတိုး ဆိုင်ကြီးများတွင် အလှအပ အဝတ်အထည်များကို ဝယ်နေကြသည်။ နေရာထိုင်ခင်း ကောင်းကောင်း လိုချင်ကြသည်။ သူတို့ အလုပ်နှင့် ထိုက်တန်သော လစာများကို လိုချင်လာကြသည်။ ထို့ကြောင့် ဂိုဏ်းချုပ်သည် သာသနာ ပြင်ပမှ အရပ်သားများကို ခေါ်ကြည့်သော်လည်း အချည်းနှီးသာ ဖြစ်သည်။ အေအိုင်ဒီအက်စ် ဆိုသော စကားလုံးကို ကြားလိုက်သည်နှင့် ထို အလုပ် အကြောင်းကို နားမှာ လေသံ မကြားလိုကြတော့ပြီ။

သူ့ပြဿနာကို ဖြေရှင်းရာတွင် ကူညီနိုင်မည့်သူ ဆို၍ တစ်ယောက်သာ ကျန်တော့သည်။

ထိုသူမှာ ကာလကတ္တားမြို့ လမ်းဘေး ငရဲတွင် လဲကျ နေသူများကို

ကယ်ဆယ် ကုသ ပေးခဲ့သည့် ဗွဲလုံ့လ ကြီးမားသည့် သီလရှင် ဆရာကြီး မာသာ ထရီဇာပင် ဖြစ်သည်။

သီလရှင် ဆရာကြီး ထရီဇာသည် သေအံ့ဆဲဆဲ လူနာများ ဂေဟာကို ဖွင့်လှစ်ပြီးသည့် နောက်မှစ၍ အလားတူ ဂေဟာများကို ကမ္ဘာ အနံ့အပြား တွင်လည်း ဖွင့်လှစ်လျက် ရှိသည်။ အထူးသဖြင့် ချမ်းသာသည့် တိုင်းပြည် များတွင် ဖြစ်သည်။ ထိုတိုင်းပြည်များတွင် လူဆင်းရဲများသည် လူမသိ သူမသိဖြင့် သေဆုံးနေကြရသည်ကို ဆရာကြီး ထရီဇာ ကောင်းကောင်း သိသည်။

'အဲဒီ တိုင်းပြည်တွေမှာ လူဆင်းရဲတွေက အိန္ဒိယမှာထက် ပိုပြီး အောက်ကျ နောက်ကျဖြစ်ပြီး ပိုပြီး လျစ်လျူရှု ခံရတယ်' ဟု ဆရာကြီးက ပြောတတ်သည်။

သီလရှင် ဆရာကြီး ထရီဇာသည် လူဆင်းရဲတို့၏ ပြဿနာကို မည်ကဲ့သို့ ဖြေရှင်းရမည်ကို မသိသည့် လူချမ်းသာ တိုင်းပြည်များ ရှိရာ အနောက်တိုင်းသို့ ဆာရီအဖြူကို ဝတ်ကာ ခြေညှပ် ဖိနပ်ကိုသာ စီးသည့် အိန္ဒိယ တိုင်းရင်းသူ အသားညိုညို သီလရှင် ဆရာလေးများကို လွှတ်လိုက် သည်။ လူချမ်းသာ တိုင်းပြည်က မြို့တော်ကြီးများတွင် သီလရှင် ဆရာကြီး ထရီဇာသည် ဆေးရုံများ၊ ဆေးပေးခန်းများ၊ ဟင်းချို စတူဒီယာ ရုံများ၊ ည အိပ်ဆောင်များကို ဖွင့်လှစ်ပေးခဲ့သည်။ မဲလဘုန်း၊ ရောမ၊ လန်ဒန်၊ ဒက်ထ ရွိုက်၊ မာဆေးလ်၊ ရီယို၊ ရှီကာဂို၊ လော့စ်အိန်ဂျလိစ် စသည့် မြို့ကြီးများတွင် အလုပ်လက်မဲ့ အိုးမဲ့ အိမ်မဲ့ စားရမဲ့ သောက်ရမဲ့ များသည် ထိုဌာနများ ရှေ့တွင် နေ့စဉ်နှင့် အမျှ လူတွေ တန်းစီနေသည်။

ကာလကတ္တားထက် ကလေး အသေအပျောက်နှုန်း ပိုများသည့် နယူး ယောက် မြို့လယ်ကောင်က ဆင်းရဲသား ရပ်ကွက် ဖြစ်သည့် ဆောက်ဘရွန့် ရပ်ကွက်မှာပင်လျှင် သီလရှင် ဆရာကြီး ထရီဇာသည် ၁၉၇၁ ခုနှစ်တွင် စခန်းတစ်ခု ဖွင့်ကာ အလုပ်လက်မဲ့ လူမည်းများနှင့် စပိန် အမေရိကန် ကပြား လူဆင်းရဲ ထောင်ပေါင်းများစွာ၊ ဆေးစွဲသူ ရာထောင်ပေါင်းများစွာ၊ 'မဟာ အမေရိကန် အိပ်မက်' က မေ့လျော့ လျစ်လျူရှု ခံရသူပေါင်း များစွာတို့ကို အစားအစာနှင့် အဝတ်အထည်များ ဝေငှပေးနေသည်။

ထိုဌာနကို လာဖွင့်တုန်းက ဂျွန် အိုကွန်နား မတိုင်မီ ဂိုဏ်းချုပ် လုပ်သူ ဘုန်းတော်ကြီးက ဒါနဝေပုလ္လ ကျောင်းတိုက်မှ အဖွဲ့ဝင်များ ထို

လုပ်ငန်း အတွက် လစာ မည်မျှ လိုသနည်းဟု မေးခဲ့သည်။

'မှန်ပါ၊ ခရစ်တော်ကို အလုပ်အကျွေး ပြုတာဟာ တပည့်တော်မတို့ရဲ့ လစာပါ ဘုရား'

သီလရှင် ဆရာကြီးက ပြန်၍ လျှောက်ခဲ့သည်။

၁၉၈၅ ခုနှစ် မုန်တိုင်းတိုက်သော ဇူလိုင်လ တစ်နေ့တွင် ကာလကတ္တားမှ သူတော်စင်သည် နယူးယောက် မြို့သို့ ရောက်လာခဲ့သည်။ အမေရိကန် ပြည်ထောင်စုတွင် ဖွင့်လှစ်ထားသည့် ဒါနဝေပုလ္လ ကျောင်းတိုက်များကို လှည့်လည် စစ်ဆေးရန် ဖြစ်သည်။ ထိုစဉ်က သူ့ကို အချို့သူများက ကယ်တင်ရှင်ဟု သဘောထား နေကြသည်ကို သူ မသိသေး။ မရှိဆင်းရဲသူ၊ လိုအပ်သူတို့ ရှိရာသို့ သူ့ကို တစ်သက်လုံး လမ်းညွှန်ခဲ့သည့် သူ့ပကတိဉာဏ်၏ လမ်းညွှန်ချက်အရ ယခု တစ်ခေါက်တွင်လည်း ဆရာကြီး ထရီဇာသည် လိုအပ်သူတို့ ရှိရာ အရပ်ဒေသသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။

သို့ဖြင့် သီလရှင် ဆရာကြီး ထရီဇာသည် ကမ္ဘာတွင် ပထမဆုံးသော အေအိုင်ဒီအက်စ် ရောဂါရှင်များ အတွက် စိန့်ကလဲယား ဆေးရုံကို စီမံအုပ်ချုပ်ပေးရန် သဘောတူ လက်ခံခဲ့သည်။

**[ ၄၉ ]**

**သေရာမှ ရှင်လာသော အမျိုးသမီး တစ်ယောက် အတွက်**
**သားမွေး ဝတ်ရုံအင်္ကျီ တစ်ထည်။**
**ဘာသီးစ်ဒါး၊ အမေရိကန် ပြည်ထောင်စု။**
**၁၉၈၅ ခုနှစ် နွေဦး–နွေ။**

သူ လမ်းလျှောက်လာပုံက ဂေါက်ကွင်း တစ်ကွင်းထဲမှ ဂေါက်သီး အားကစားမယ် တစ်ဦး လမ်းလျှောက်လာသည့် ဟန်လိုလို၊ *ဟားပါးစ် ဘဇား* မဂ္ဂဇင်း မျက်ရှင် ကြော်ငြာ စာမျက်နှာများထဲမှ ကိုယ်ဟန်ပြမယ် တစ်ဦး လမ်းလျှောက်လာသည့် ဟန်လိုလို။ ဆံပင်က နက်နက်၊ ရုပ်က ချောချော၊ ကိုယ်ဟန်က စတိုင်လ်ကျပြီး အားကစားမယ် တစ်ဦးဟန်။ တကယ်ဆိုတော့ အစိုးရ ဝန်ထမ်း တစ်ဦး၏ ဟန်မျိုးနှင့် နည်းနည်းကလေးမှ မတူ။

သို့တိုင်အောင် အသက် ၃၅ နှစ်သာ ရှိသေးသည့် ဒေါက်တာ အယ်

လင် ကူးပါးသည့် ဝါရှင်တန်မြို့ တစ်နေရာတွင် ရှိပြီး အက်ဖ်ဒီအေ ခေါ် အစားအစာနှင့် ဆေးဝါး အုပ်ချုပ်ရေး အဖွဲ့ကြီး တည်ရှိရာ သံမဏိနှင့် မှန်ချပ်များအုံကြီးထဲတွင် အလွန် အရေးကြီးသည့် သော့ချက် တစ်နေရာကို ကိုင်ထားသူ ဖြစ်သည်။

ကူးစက်ရောဂါ တိုက်ဖျက်ရေး ဆေးဝါးဌာန ဆေးဘက်ဆိုင်ရာ စစ်ဆေးရေး အရာရှိ တစ်ဦး အနေဖြင့် သူမသည် အမေရိကန် ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းကြီး တစ်ခုလုံးရှိ ကုမ္ပဏီများ၏ အများဆုံး ပိုးပန်း မြှူဆွယ်မှုကို ခံရသူလည်း ဖြစ်သည်။ ဈေးကွက်တွင် ဆေးဝါး အဖြစ် ရောင်းချနိုင်ခွင့် မရရှိမီ ရောဂါ တိုက်ဖျက်ရေး ဆေးဝါးသစ်များကို လူများဖြင့် စမ်းသပ်ကြည့်ခွင့် ပေးနိုင်သည့် အခွင့်အာဏာ ရှိသူဖြစ်သည့် အတွက်လည်း သူ့ကို ကြောက်ကြရသည်။

အယ်လင်သည် ဖီလာဒဲဖီးယားမှ ရှေ့နေတစ်ဦး၏ သမီး ဖြစ်သည်။ တစ်လျှောက်လုံး သူ ဖြတ်သန်း လာခဲ့သည့် ပညာသင်ကြား လေ့လာမှုသည် ယခုလက်ရှိ အုပ်ချုပ်ရေး အရာရှိမျိုးနှင့် လားလားမျှ သက်ဆိုင်ခြင်း မရှိ။ သူမသည် ယေးလ် တက္ကသိုလ်တွင် တက်ရောက် သင်ကြားပြီးနောက် အသက် ၂၆ နှစ်တွင် ဆေးပညာဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် ကလေးများတွင် ဖြစ်ပွားသည့် ကူးစက် ရောဂါများနှင့် ပတ်သက်၍ အထူးပြု လေ့လာခဲ့သည်။

တစ်နေ့တွင် အက်ဖ်ဒီအေမှ အလုပ်အကိုင် တစ်ခု လိုကြောင်းကို သတင်းစာ ကြော်ငြာ ကော်လံတွင် ဖတ်လိုက်ရသည်။

ဤတွင် အယ်လင်သည် ကလေး ရောဂါများတွင် အဓိက လက်သည် ဖြစ်လေ့ရှိသော ဗိုင်းရပ်စ်ပိုး တစ်မျိုး အကြောင်းကို ပို၍ လေ့လာ ဖြစ်သွားသည်။

ထို ဗိုင်းရပ်စ်ပိုးမှာ ရေကျောက်ရောဂါ ဗိုင်းရပ်စ်ပိုး ဖြစ်သည်။ ထိုရောဂါ ကူးစက် ပြန့်ပွားပုံကို အက်ဖ်ဒီအေရှိ ဓာတ်ခွဲခန်းများတွင် သုတေသနလုပ်နေသည့် အဖွဲ့ထဲသို့ ရောက်သွားခဲ့သည်။ နောင်နှစ်နှစ် ကြာသည့်အခါ၌ အက်ဖ်ဒီအေ အဖွဲ့ကြီးက သူ့ကို ယခုလက်ရှိ နေရာဖြစ်သော ဆေးဘက်ဆိုင်ရာ ကြီးကြပ် စစ်ဆေးရေးမှူး အဖြစ် ခန့်အပ်လိုက်သည်။ သို့ရာတွင် သူ့ကို ဆေး

ပညာ လောကကြီး တစ်ခုလုံးကမူ သုံးမွှာပူးတို့၏ မိခင်ဟု ခေါ်စမှတ် ပြုကြသည်။

သူ့ အခန်းထဲက စားပွဲပေါ်တွင် သိပ္ပံပညာဆိုင်ရာ စာရွက်စာတမ်း ပုံကြီးတွေ ကြားထဲမှ အယ်မလီ၊ ဘင်ဂျာမင်၊ ကင်ဘာလေ ဆိုသည့် ချစ်စရာ ကလေးငယ် သုံးဦး၏ ဓာတ်ပုံ ထောင်ထားသည်ကို တွေ့ရသည်။ အယ်လင်သည် တစ်နေ့လျှင် ၁၂ နာရီမှ ၁၄ နာရီခန့် အထိ ရာပေါင်းများစွာသော မှတ်တမ်းများကို ဖတ်ရှု စစ်ဆေးရသည်။ စာရွက်စာတမ်းများ ထဲတွင် ဖော်ပြထားသော ဇယားကွက်များ၊ ပုံကြမ်းများကို ကြည့်ရှုရသည်။ ထိုစာရွက်စာတမ်းများက တင်ပြလိုက်သော ကောက်ချက်များ မှန် မမှန်ကို ခွဲခြမ်းစိတ်ဖြာ ကြည့်ရသည်။ ထိုအလုပ်များကို အိမ်သို့ ယူ၍ လုပ်ရသည့် အခါတွေကလည်း မကြာခဏပင်။

ထိုအခါများတွင် အယ်လင်သည် ရှေ့နေဖြစ်သည့် သူ့ခင်ပွန်း၊ သူ့ကလေးငယ် သုံးဦးတို့နှင့် အတူ ထုံးစံအတိုင်း ပိုတိုးမက် မြစ်ကမ်း တစ်လျှောက်တွင် လမ်းလျှောက် ပြန်လာပြီးသည်နှင့် ညဦးနက် သန်းခေါင်တိုင် ထိုင်ရသည်။ တနင်္ဂနွေ နေ့များမှာပင် နားချိန်မရ။

'ကျွန်မဘဝက သာမန် ဝန်ထမ်း တစ်ယောက်ရဲ့ ဘဝပါရှင်၊ ဘာမှ ထူးတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ပြည်သူ့ ကျန်းမာရေးနှင့် ပတ်သက်တဲ့ အခ်ဳက ပြဿနာကြီးတွေကို ကိုင်တွယ် ဖြေရှင်းနေရတဲ့ အတွက်တော့ ကျေနပ် တယ်' ဟု အယ်လင် ကူးပါးက ပြောသည်။

ယခုမူ အေအိုင်ဒီအက်စ် ကူးစက်ရောဂါ အဖြစ်ဆိုးကြီး ပေါ်ပေါက်ခဲ့သည့် အတွက် ဒေါက်တာ အယ်လင် ကူးပါးသည် အရေးကြီးသည့် ပြဇာတ်ကြီး တစ်ခု၏ အရေးကြီးသော အခန်းတွင် ပါမိလျက်သား ဖြစ်နေပြီ။

ဟဲရင်း ငါးမျိုး၏ သုက်သွေးကို အခြေခံ၍ ဖော်စပ်ထားသည့် ဆေးဝါးသည် လူများတွင် စမ်းသပ် သုံးကြည့်နိုင်မည်လော။

အကယ်၍ သုံးကြည့်ပြီး အောင်မြင်ခဲ့သည် ဆိုလျှင် ထိုမျှ သေကျေပျက်ပြုန်းစေသော ရောဂါကြီးကို တားဆီးရာတွင် ကုထုံး တစ်ခု အနေဖြင့် အသုံးပြု၍ ရနိုင်ပါမည်လော။

ထိုပြဿနာများကို ဆုံးဖြတ်ရမည့်သူမှာ သူသာလျှင် ဖြစ်သည်။

၁၉၈၅ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ တနင်္လာနေ့တွင် ဘာရို ဝဲလ်ကမ်း ကုမ္ပဏီ သုတေသန ဓာတ်ခွဲခန်းများဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူသည် ဒေါက်တာ အယ်လင် ကူးပါးထံသို့ ရောက်လာခဲ့ကာ သူတို့ ဖော်စပ်သည့် ဆေးကို အေအိုင်ဒီအက်စ် လူနာများတွင် စမ်းသပ် ကြည့်သင့်ကြောင်း အထောက် အထားများဖြင့် တင်ပြထားသည့် စာတမ်း တစ်စောင်ကို တင်သွင်းသည်။ သူ့စာတမ်းကို အထောက်အကူ ပြုသည့်အနေဖြင့် ကုမ္ပဏီ သုတေသန ဌာန ဒုတိယ ဥက္ကဋ္ဌ ဒေးဗစ် ဘယ်ရီသည် အေဇက်တီတွင် ရှိသည့် အဆိပ်သင့်နိုင် စွမ်းသည် လူတို့ လက်ခံနိုင်သော အဆင့်တွင်သာ ရှိကြောင်း ဖော်ပြထား သည့် အစီရင်ခံစာ တစ်ထပ်ကြီးကိုလည်း ယူလာခဲ့သည်။

၁၉၅၃ ခုနှစ် နွေရာသီတုန်းက ဒေါက်တာ ဂျိုနားဆပ် အမည်ရှိ ဆရာဝန် တစ်ဦးက သူ တီထွင် တွေ့ရှိခဲ့သည့် ကာကွယ်ဆေးသည် ပိုလီယို မိုင်လစ်တစ်စ် ရောဂါကို တားဆီးနိုင်စွမ်း ရှိကြောင်းကို ပြသောအားဖြင့် ထုထဲ များပြားလှသော အစီရင်ခံစာ တစ်ထပ်ကြီးကို အက်ဖ်ဒီအေသို့ တင် သွင်း ခဲ့ဖူးသည်။

ထို့နောက်မှ စ၍ အက်ဖ်ဒီအေသို့ မည်သည့်ဌာန၊ မည်သည့် ဆေး ကုမ္ပဏီကမှ ထိုမျှ များပြား ထုထဲသော အစီရင်ခံစာများကို မတင်ခဲ့ဖူးသေး။ အက်ဖ်ဒီအေ ဆေးဝါး စစ်ဆေးရေးဌာန အစည်းအဝေး ခန်းထဲရှိ စားပွဲတွင် ထိုင်၍ ဆွေးနွေး ငြင်းခုံခဲ့ကြသည့် အကြောင်းအရာများကိုလည်း မည်သည့် လက်ရေးတို လက်နှိပ်စက်သမားကမျှ ယခုလောက် အကျယ်တဝင့် မှတ်တမ်း တင်ထားခြင်း မရှိဖူးသေး။

သို့ရာတွင် ထိုနေ့ညနေက သူတို့ ပြောဆို ဆွေးနွေး နေခဲ့ကြသည့် အကြောင်းအရာများကမူ သမိုင်းတွင်သည်ဟု ပြောလောက်သည့် အကြောင်း အရာများ ဖြစ်သည်။

လော့စ်အိန်ဂျလိစ်မှ ဆရာဝန် တစ်ဦးက ထို ကူးစက် ပြန့်ပွား ကပ် ရောဂါကို ပထမဆုံး ခွဲခြမ်းပြီးနောက် လေးနှစ် အကြာ ပါရီရှိ ပါစချာ အင် စတီကျုမှ ဇီဝဗေဒ ပညာရှင်များက ထိုရောဂါကို ဖြစ်စေသည့် ကြောက်ဖွယ် ရက်ထရို ဗိုင်းရပ်စ်ပိုးကို တွေ့ရှိပြီးနောက် နှစ်နှစ် အကြာ၌ အက်ဖ်ဒီအေ အရာရှိများနှင့် ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းမှ သိပ္ပံပညာရှင်များသည်

အေအိုင်ဒီအက်စ် ရောဂါကို တိုက်ဖျက် နိုင်ဖွယ်ရှိသည့် ဆေးဝါး တစ်မျိုးကို စမ်းသပ် အသုံးပြုကြည့်ရန် ဆွေးနွေး နေကြလေပြီ။

'ဒီအလုပ်က ကျွန်တော်တို့ အားလုံးကို ထမင်းလုံး တစ္ဆေခြောက် ခံရသလို ဖြစ်အောင် လုပ်နေတဲ့ အလုပ်ဗျ' ဟု ဒေးဗစ်ဘယ်ရီက ပြောသည်။

ပထမ အချက်အားဖြင့် နမူနာယူစရာ ရှေ့ပြေး အဖြစ်အပျက် ဆို၍ ဘာမျှ မရှိ။ ထိုမျှ ရှုပ်ထွေး ဆန်းကြယ်သော ကပ်ရောဂါကြီး တစ်ခုကို တားဆီးဖို့ အတွက် မည်သည့် ဆေးဝါး ပစ္စည်းကိုမျှ စမ်းသပ်ကြည့်ခြင်း မပြုရသေး။ ထို့ပြင် အေဇက်တီနှင့် ပတ်သက်၍လည်း မသိရသေးသော အချက်အလက်တွေ အများကြီး ကျန်နေသေးသည်။ အေဇက်တီ၏ အထွေထွေ အကျိုး သက်ရောက်မှုကို ဘာမျှ ကုန်စင်အောင် မသိရသေး။ ထိုဆေးမှ ပေါ်ထွက်လာသော အဆိပ်သင့်မှုကိုလည်း တိရစ္ဆာန်များ အပေါ်တွင်သာ စမ်းသပ် ကြည့်ရသေးသည်။ သို့တိုင်အောင် အချိန်ကြာကြာ စမ်းသပ်ရသေးသည် မဟုတ်။

ရက်သတ္တပတ် အနည်းငယ်မျှသာ စမ်းသပ်ခဲ့ရခြင်း ဖြစ်သည်။ ရေရှည် သုံးလာခဲ့လျှင် ထိုဆေးဝါးသည် လူများ အပေါ်တွင် မည်သို့ အကျိုး သက်ရောက် လာနိုင်သနည်း။ ·

'တကယ်တော့ ကျွန်တော်တို့ဟာ ရမ်းသန်းပြီး ချနေရတာ' ဟု ဒေးဗစ် ဘယ်ရီက ပြောသည်။

ပထမဆုံး ကြုံတွေ့ရသည့် အဓိက ပြဿနာမှာ ဆေးကို စမ်းသပ်ကြည့်ရန် လူရွေးချယ်ရသည့် ကိစ္စဖြစ်သည်။ လူပူးကောင်လေးများကို ရွေးချယ်ရသည့် ကိစ္စဖြစ်သည်။

မည်သည့် စံချိန်ကို အတည်ပြု သတ်မှတ်ပြီး လူပူးကောင်ကို ရွေးချယ်မည်နည်း။

အက်ဖ်ဒီအေက တင်ပြသည့်အတိုင်း ဆေးဝါးကို အေအိုင်ဒီအက်စ် ရောဂါဖြစ်ပြီး မကြာမီ သေတော့မည့် လူနာများဖြင့် စမ်းသပ် ကြည့်မည်လော။ သို့တည်းမဟုတ် ရောဂါဖြစ်ခါစ လူနာများနှင့် စမ်းသပ် ကြည့်မည်လော။

ဆေးကို စမ်းသပ်ရာတွင် အေအိုင်ဒီအက်စ် ရောဂါ ကျွမ်းနေသူများကိုသာ စမ်းသပ် ကြည့်သင့်သလော။ အေအိုင်ဒီအက်စ် ရှေ့ပြေးရောဂါ (သို့မဟုတ်) အေအိုင်ဒီအက်စ် နှင့် ဆက်စပ်သည့် ရောဂါ ဖြစ်နေသူများကို

စမ်းသပ်ခြင်း မပြုဘဲ ချန်လှပ် ပစ်ခဲ့ရမည်လော။ သို့မဟုတ် နျူမိုဆိုက်စတစ် နျူမိုးနီးယား ရောဂါ ဖြစ်သူရော၊ ကာပိုဆီ ဆာကိုးမား ခေါ် အရေပြား ကင်ဆာရောဂါ ဖြစ်သူရော နှစ်မျိုးစလုံးကို ဆေးဖြင့် စမ်းသပ် ကြည့်သင့် သလော။ သို့မဟုတ် တစ်မျိုးမျိုးကို ချန်လှပ်၍ စမ်းသပ် ကြည့်သင့်သလော။

သူတို့နှစ်ဖက် ငြင်းခုံ နေကြသည်မှာ နာရီပေါင်း များစွာ ကြာသည်။ ယင်းမှာ နိဒါန်းမျှသာ ရှိသေးသည်။ နောင်တွင်မူ အကျိတ် ရောဂါဗေဒ ပါရဂူ ဆမ်ဘရိုးဒါး၊ ဒေါက်တာ အယ်လင် ကူးပါးနှင့် ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ ကိုယ်စားလှယ်များ အကြာကြီး ဆွေးနွေး ကြရပြန်သည်။ သူတို့ အားလုံး ကလည်း စိတ် မရှည်နိုင်အောင် ဖြစ်နေကြသည်။

အေဇက်တီသည် စမ်းသပ် ဖန်ပြွန် အခြေအနေများတွင် အေအိုင် ဒီအက်စ် ဗိုင်းရပ်စ်ပိုးအား တိုက်ဖျက်နိုင်စွမ်း ရှိကြောင်းကို တက္ကသိုလ် ဇီဝ ဗေဒ ပညာရှင် ဒေါက်တာ ဒါနီ၊ အမျိုးသား ကင်ဆာ အင်စတီကျူ (အင်စီ အိုင်) မှ ကျွမ်းကျင်သူ ပညာရှင် ဒေါက်တာ ရောဘတ် ယာချန်း တို့က အတည် ပြုနိုင်ခဲ့ပြီး ဖြစ်သည့်အတွက် သူတို့တစ်တွေ ပို၍ စိတ်လှုပ်ရှား နေကြသည်။

ထိုအထဲတွင် အက်ဖ်ဒီအေမှ ဒေါက်တာ အယ်လင် ကူးပါးကလည်း စိတ်ရောကိုယ်ပါ ဝင်ရောက် ကူညီသဖြင့် အခြားသူများလည်း စိတ်အား တက်ကြွနေကြသည်။ အက်ဖ်ဒီအေမှ အရာရှိများသည် ဘယ်တုန်းကမှ ထိုမျှ လောက် စိတ်အား ထက်သန်မှုမျိုးကို ပြသလေ့ မရှိကြ။

'အယ်လင်ကတော့ သူ့အမြွာ သုံးယောက်ကို ယောကျ်ားနှင့် ယောက္ခမ ဆီ ထိုးအပ်ပြီး အစီရင်ခံစာတွေ၊ ဇယားတွေနှင့်ပဲ အချိန် ကုန်တော့တာပဲဗျို့.' ဟု ဒေါက်တာ ဒေးဗစ်ဘယ်ရီက တအံ့တသြဖြင့် ပြောသည်။

အယ်လင်ကူးပါးက သူတို့စိတ်ထဲတွင် အရေးတကြီး ဖြစ်နေကြပုံကို ကိုယ်စားပြုသည့်နှယ် ပြောပြသည်။

'ခု ကျွန်မတို့ ရှာဖွေနေတဲ့ ဆေးဟာ သာမန် အအေးမိနေတဲ့ လူနာ တစ်ဦးရဲ့ နှာခေါင်းကို ရှင်းသွားအောင် လုပ်တဲ့ ဆေးမျိုး မဟုတ်ဘူးရှင့်၊ ဆရာဝန်တွေက ဘာမှ မတတ်နိုင်လို့ လက်ပိုက် ကြည့်နေရတဲ့ နေ့စဉ်နှင့် အမျှ တဖြုတ်ဖြုတ် သေနေတဲ့ လူနာတွေရဲ့ အသက်ကို ကယ်မယ့် ဆေးကို ရှာနေကြတာ'

၁၉၈၅ ခုနှစ် နှေဦးပေါက်၌ တိရစ္ဆာန်များကို စမ်းသပ်ကြည့်သည့် ပဏာမ အဆင့် စမ်းသပ်မှုများ အရ အေဇက်တီကို အချိန်ကာလ ကြာမြင့်စွာ ရေရှည် အသုံးပြုမှသာလျှင် ရောဂါ ကုသရေးတွင် ထိရောက်သည့် အာနိသင်များကို ရရှိမည် ဆိုသည့် သဘောကို တွေ့လာခဲ့ကြသည်။ လေ့လာမှုများ အရ အေဇက်တီကို ပါးစပ်မှ တိုက်ကျွေးခြင်းထက် အကြောထဲသို့ ထိုးသွင်းခြင်းက ပို၍ ထိရောက်သည်ဆိုသည့် အချက်ကိုလည်း တွေ့လာခဲ့ကြသည်။ ထိုဆေး၏ အကျိုးသက်ရောက်မှု အချိန်သည် နှစ်နာရီမျှသာ ရှိသည် ဆိုသည့် အချက်ကိုလည်း တွေ့ရှိ လာခဲ့ကြသည်။ ဤတွေ့ရှိချက် သုံးချက်ကြောင့် ကြီးမားသည့် အခက်အခဲကြီးများကိုလည်း မြင်လာခဲ့ကြသည်။

ယင်းမှာ အခြား မဟုတ်။ လူနာ တစ်ယောက်သည် အေဇက်တီကို အကြောထဲသို့ တစ်နေ့လျှင် ခြောက်ကြိမ်မှ ရှစ်ကြိမ် ထိုးပေးနေရမည်။

ထိုသို့ နေ့စဉ် အကြိမ်ပေါင်း များစွာ ထိုးသွင်း နေနိုင်ဖို့ အတွက် လူနာသည် ဆေးရုံတွင် သီတင်းပတ်ပေါင်း များစွာ (သို့မဟုတ်) လပေါင်း များစွာ နေရမည်။

အိမ်တွင် နေရင်း စားသုံးနိုင်မည့် ဆေးဝါးကို ထုတ်လုပ်ရန် စီစဉ်ထားသော်လည်း အချို့သော သတ္တဝါများ အထူးသဖြင့် ယုန်များတွင် ဆိုလျှင် ဤသို့ ပါးစပ်မှ စားသုံးသဖြင့် ဆေးအာနိသင်ကို ၂၀ နှင့် ၃၀ ရာနှုန်းလောက်မျှသာ ရရှိကြသည်။

လူကို တိုက်ကျွေးသည် ဆိုလျှင်ကော၊ မည်သည့် ရာနှုန်းလောက်သာ ကိုယ်ခန္ဓာထဲသို့ ရောက်မည်နည်း။ လူနာများကို တိုက်ကျွေး ကြည့်မှသာ အဖြေမှန်ကို သိနိုင်ပေလိမ့်မည်။

သို့ရာတွင် ဤကိစ္စမျိုးတွင် အမေရိကန် ဥပဒေသည် ပြင်းထန်သည်။ စမ်းသပ်မှုကို ပြုလုပ်ရန် ဆိုင်ရာကုမ္ပဏီ၏ ခွဲတမ်းခွဲခန်း အာဏာပိုင်များ ကိုယ်တိုင်က တောင်းဆိုမှသာလျှင်၊ ထိုမျှမက အက်ဖ်ဒီအေက အတည်ပြုချက် ရမှ သာလျှင် ထိုဆေးကို လူနာများ အပေါ်တွင် စမ်းသပ် သုံးခွင့်ရှိသည်။ ကြီးကြပ် စစ်ဆေးရေးမှူး ဒေါက်တာ အယ်လင်ကူးပါး ကိုယ်တိုင်က သူတို့ကို စိတ်ပါလက်ပါ ကူညီသည့်တိုင် အက်ဖ်ဒီအေ အာဏာပိုင်တို့၏ အတည်ပြုချက် ရဖို့ ဆိုသည်မှာ တစ်ကမ္ဘာလောက် စောင့်ရလိမ့်မည်။

'ဒီတော့ ကျွန်တော်တို့ အတိုဆုံး ဖြတ်လမ်းကို ရွေးကြရတယ်လေ၊ တရားဥပဒေနှင့် ကတော့ သိပ် မညီလှဘူးပေါ့ဗျာ' ဟု ဒေါက်တာ ဘယ်ရီက ဝန်ခံသည်။

အေအိုင်ဒီအက်စ် ရောဂါ၏ သမိုင်းသည် တော်တော် ကြေကွဲဖို့ကောင်းသည်။ ရောဂါ၏ သမိုင်းက ကြေကွဲဖို့ ကောင်းသလို ထိုရောဂါကို ကုသသည့် ဆေးဝါး သမိုင်းကလည်း ကြေကွဲဖို့ ကောင်းသည်။ အေဇက်တီ၏ ပထမဆုံးသော မီလီဂရမ်ကို လူတွင် စမ်းသပ် တိုက်ကျွေး ကြည့်ချင်သည်။ အက်ဖ်ဒီအေက အတည်ပြုချက် ရုတ်တရက် ချက်ချင်း မပေး။ ကုမ္ပဏီ ဓာတ်ခွဲခန်း အာဏာပိုင်များသည် မစောင့်နိုင်ကြတော့။ ဤတွင် အခြားသူကို စမ်းသပ် တိုက်ကျွေးခြင်း မပြုတော့ဘဲ ကုမ္ပဏီ ဓာတ်ခွဲခန်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဘယ်ရီ ကိုယ်တိုင် စမ်းသပ် သောက်ကြည့်သည်။

'သောက်ကျိုးနည်း ခါးလိုက်တဲ့ ဆေးဗျာ၊ အန်နေတာပဲ'

ပထမဆုံး သောက်ကြည့်သည့် ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ ဒေါက်တာ ဘယ်ရီက ပြောသည်။ ထိုနေ့က လီမွော်ရည်နှင့် ရောသောက်ခဲ့သည်။ ဆေးမှာ အန်ချင်စရာ ကောင်းလောက်အောင် ခါးအန်နေတော့သည်။ ထိုစဉ်က ဆေးကို ဆေးပြား အဖြစ်သော် လည်းကောင်း၊ ဆေးတောင့်ကလေး အဖြစ်သော် လည်းကောင်း မလုပ်ရသေး။ ထို့ကြောင့် အမှုန့်လုပ်ထားသည့် ဟဲရင်း ငါးသုက်သွေးကို လီမွော်ရည်ဖြင့် ရောသောက်ရသည်။

မိမိ၏ ကြံဖော်ကြံဖက် နှစ်ယောက်တို့နှင့် အတူ မနေ့ကလည်း အေဇက်တီ ဆေးရည် အနည်းငယ်ကို အကြောထဲသို့ ထိုးထည့်ခဲ့ပြီး ဖြစ်သည်။ နောက် သွေးကို စစ်ကြည့်သည့် အခါတွင် ထိုဆေးကို သွေးက လုံးဝ စုပ်ယူသွားသည်ကို တွေ့ရှိသည်။

ပါးစပ်မှ တိုက်ကျွေးပြီးနောက် သွေးနမူနာကို စစ်ဆေး ကြည့်သည့် အခါတွင်မူ များစွာ ထိရောက်ခြင်း မရှိလှ။ အေဇက်တီဆေး ၇၀ ရာနှုန်းသာလျှင် သွေးထဲသို့ ရောက်သွားကြသည်ကို တွေ့ရသည်။

သုံးရက်တိုင်တိုင် ထိုသို့ ဆက်တိုက် စမ်းသပ် ကြည့်ပြီးမှသာလျှင် ၇၀ ရာနှုန်းဟု အတည်ပြု နိုင်ခဲ့ခြင်း ဖြစ်သည်။

ဒေးဗစ် ဘယ်ရီ ကျေနပ်သွားပြီ။ ထိုဆေးဖြင့် ကုသနိုင်ကြောင်း အက်ဖ်ဒီအေ အာဏာပိုင်များကို တင်ပြနိုင်ရန် ခိုင်လုံပြီ။

သူ မျှော်လင့်ထားသည့် အတိုင်း အက်ဖ်ဒီအေ ဆေးဝါး ကြီးကြပ်

စစ်ဆေးရေးမှူး ဒေါက်တာ အယ်လင် ကူးပါးကလည်း အေဇက်တီ၏ အာနိသင်နှင့် ပတ်သက်၍ ကြီးကြီး မားမား သံသယ မရှိ။

'နေပါဦး ဆရာ၊ ပါးစပ်က ကျွေးတာနှင့် အကြောထဲ ထည့်တာ တစ်မျိုးနှင့် တစ်မျိုး အာနိသင် ဒီလောက် ကွာတယ်လို့ အတိအကျ ဘာဖြစ်လို့ ပြောနိုင်တာလဲ၊ ဆရာက ဘယ်လိုလုပ် သိတာလဲ'

ဒေါက်တာ အယ်လင်က မေးသည်။

'ကျွန်တော်တို့ ကွန်ပျူတာတွေနှင့် တွက်ကြည့်တာပေါ့' ဟု ဒေါက်တာ ဘယ်ရီက ခပ်တည်တည် ပြောသည်။

'ဘုရားရေ၊ ဆရာတို့ ကွန်ပျူတာက ဘာနှင့် လုပ်ထားတဲ့ ကွန်ပျူတာ မို့လို့လဲ၊ ကျွန်မတို့ဆီက ကွန်ပျူတာတွေတောင် တွက်လို့မှ မရတာ'

ဒေါက်တာ အယ်လင့်က တအံ့တသြ ဆိုသည်။ သို့ရာတွင် ဒေါက်တာ အယ်လင်ကူးပါး အဖို့ အံ့သြစရာတွေ မကုန်သေးပါ။

'အဲဒီ အေဇက်တီကို အချို့ရည်နှင့် ရောသောက်ရမယ်လို့ ဘာဖြစ်လို့ ပြောတာလဲ'

'ဘာကြောင့်မှ မဟုတ်ပါဘူး၊ အဲဒီ ဟဲရင်း သုက်သွေးက သိပ်ပြီး ခါးလွန်းလို့ပါ၊ ခါးလိုက်သမှ ကွီနိုင် ခါးတယ် ဆိုတာ ဘာဟုတ်သေးလဲ'

'ဆရာက ဘယ့်နှယ်လုပ် သိတာလဲ'

ဒေါက်တာ အယ်လင်သည် မိမိကို တဖြည်းဖြည်း ညှတ်ကွင်းထောင်၍ ဖမ်းနေမှန်း သတိ ပြုမိလာသည်။ တဖြည်းဖြည်းဖြင့် ကြိုးကွင်းသည် ကျဉ်း၍ လာလေပြီ။ သို့ရာတွင် ဒေါက်တာ အယ်လင်ကလည်း သူတို့ဘက်သို့ စိတ်ပါနေသည်။ ထို့ကြောင့် ထိုနူးညံ့ သိမ်မွေ့သည့် ပြဿနာကို နောက်ထပ် မေးမြန်းခြင်း မပြု။ သို့ရာတွင် ဒေါက်တာ အယ်လင် ကူးပါးသည် ချက်ဆို နားခွက်က မီးတောက်သူ ဖြစ်သည်။ ထိုပြဿနာကို စပ်စုခြင်း မပြုလိုတော့။ တစ်ခါတစ်ရံ အင်္ဂါရတ်ဆရာတို့၏ လျှို့ဝှက်ချက်ကို မသိသည်က ပိုကောင်းသည် ဆိုသည့် အချက်ကို ဒေါက်တာ အယ်လင် ကူးပါး ကောင်းကောင်း သဘောပေါက်သည်။ နောက်တစ်ပတ် အကြာတွင် ဒေါက်တာ အယ်လင် ကူးပါးသည် အက်ဖ်ဒီအေ၏ အတည်ပြုချက်ကို ထုတ်ပြန်ပေးလိုက်သည်။ အလွန် ကြေးထူသည့် အက်ဖ်ဒီအေသည် စံချိန်ကျိုးသည် ဟု ပြောရလောက်သည့် အချိန်တိုကလေး အတွင်းတွင် အတည်ပြုချက်ကို ထုတ်ပြန်ပေးလိုက်သည်။

အေဇက်တီ ဆေးသည် လူများကို ကုသရာတွင် မည်မျှ ထိရောက်ခြင်း ရှိ မရှိ၊ မည်မျှ အဆိပ် သင့်နိုင်စွမ်း ရှိ မရှိ ဆိုသည့် အချက်ကို စမ်းသပ်ကြည့်ရတော့မည်။

၁၉၈၅ ခုနှစ် ဇူလိုင်လ ၃ ရက်။ ထိုနေ့စွဲသည် အကျိတ် ရောဂါဗေဒ ပါရဂူ ဆမ်ဘရိုးဒါး၏ မှတ်ဉာဏ်တွင် အမြဲတမ်း စွဲထင် နေပေတော့မည်။

ထိုနေ့က ဘာသီးစ်ဒါးရှိ ဆေးရုံတွင် ဘော့စတန်မြို့မှ ဂျိုးဆက် ရာဖူဆီ အမည်ရှိ ပရိဘောဂဆိုင် အရောင်းစာရေးလေးသည် သိပ္ပံပညာ၏ ပထမဆုံးသော စမ်းသပ်ခံ တစ်ဦး ဖြစ်လာခဲ့သည်။ သူသည် အေအိုင်ဒီအက်စ် ရောဂါကို ကုသသည့် အေဇက်တီ ဆေးကို ထိုးရာတွင် ပထမဆုံး အသုံးပြုခံရသည့် လူသား ဖြစ်သည်။ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီတွင် ဆရာဝန် သုံးယောက်တို့က စမ်းသပ်၍ ထိုဆေးကို တိတ်တဆိတ် ထိုးခဲ့ကြဖူးသော်လည်း ဆေးပမာဏ ဘာမျှ မများ။ ယခု ဂျိုးဆက် အကြောထဲသို့ ထိုးသွင်း လိုက်သည့် ဆေးပမာဏမှာ တော်တော် များသည်။

'ကျွန်တော်နှင့် ဆမ်ဘရိုးဒါးက ဒရစ်ပုလင်းကို ချိတ်လိုက်တယ်၊ ဒရစ်ပုလင်းထဲက ဆေးရည်တွေ သူ့ခန္ဓာကိုယ်ထဲကို တစ်စက်ပြီး တစ်စက် ကျနေတာကို ကြည့်ရင်း ကျွန်တော်တို့ နှစ်ယောက် အသက် မရှူနိုင်အောင် ဖြစ်နေကြတယ်၊ ဆေးသွင်းတဲ့ ပထမဆုံး နာရီကတော့ တကယ် တထိတ်ထိတ်ပဲဗျာ၊ သတိ မေ့မျောသွားမယ် ဆိုရင်တော့ ဆေးဒဏ်ကို မခံနိုင်တာနှင့်ပဲ ချက်ချင်း သေသွားနိုင်တယ်၊ ပထမညမှာ သူ့အပူချိန်က တက်လာတယ်ဗျ။

'ဒါနှင့် ကျွန်တော်တို့ နှစ်ယောက် သူ့ဘေးမှာ တစ်ညလုံး ထိုင်ပြီး အဖျားကျအောင် လုပ်ကြရတယ်၊ မနက် လင်းခါနီးတော့ ဆမ်ဘရိုးဒါးက အပေါ်ရုံ အင်္ကျီကို ကောက်ချွတ်လိုက်ပြီး ဒီအတိုင်းပဲ ဆက်စမ်း ကြည့်ရမှာပဲ လို့ ပြောတယ်'

အေဇက်တီကို လူ၏ ခန္ဓာကိုယ်တွင် ပထမဆုံး စမ်းသပ် ကြည့်ခဲ့သည့် ဒေါက်တာ ယာချန်းက ပြောပြသည်။

အေဇက်တီကို စမ်းသပ်ကြည့်ရန် ရွေးထားသူ လူနာပေါင်းမှာ ၁၉ ယောက် ရှိသည်။ ယင်းတို့ အထဲတွင် အမျိုးသား အမျိုးသမီး အစုံပါသည်။

ယင်းတို့ကို ဘာသီးစ်ဒါး ပရိဂုဏ်ဂွင်းရှိ သူ့ဆေးရုံတွင် စမ်းသပ်ကြည့်ရန် ဆန်ဘရိုးဒါး ကိုယ်တိုင် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ လူနာများ၏ ရောဂါမှာ ရှားပါးသဖြင့် တစ်ကြောင်း၊ ရောဂါပြ လက္ခဏာချက်များမှာ ပြင်းထန်သည့် အတွက်ကြောင့် တစ်ကြောင်း သူတို့ကို စမ်းသပ်ရန် ရွေးထုတ်ခဲ့ခြင်း ဖြစ်သည်။ မိမိကိုယ်ကို ပွးကလေးများ အဖြစ် သဘောထားကာ အစမ်းသပ်ခံရမည့် လူနာများမှာ ရောဂါ ပျောက်ကင်းမည်ဟု မျှော်လင့်ချက် မထားနိုင်ပါ။ သူတို့ကို ဆေးသွင်း ကြည့်သည်မှာလည်း ရောဂါ ပျောက်ကင်းရန် ရည်ရွယ်ချက်ဖြင့် ဆေးသွင်းခြင်း မဟုတ်ပါ။ ထိုဆေးကို သွင်းလိုက်ခြင်းဖြင့် လူနာများ၏ ရောဂါ အခြေအနေ ဆိုးရွားသွားခြင်း မရှိကြောင်း၊ ထို့ထက် ထိုဆေး ကြိုသွင်းခြင်းကြောင့် လူနာ အသက် ဆုံးရှုံးခြင်းကို အတည်ပြုရုံမျှသာ ဖြစ်သည်။ စမ်းသပ်ခံမည့် လူနာတိုင်းသည် လက်နှိပ်စက်ဖြင့် ရိုက်ထားသည့် စာမျက်နှာ ၈၀ ရှိသော စာတမ်းကို လက်မှတ် ထိုးရသည်။ ထို စာတမ်းထဲ၌ လူနာသည် မိမိသဘောဖြင့် အစမ်းသပ်ခံခြင်း ဖြစ်ကြောင်း၊ စမ်းသပ်ရာတွင် တွေ့နိုင်သည့် ဘေးအန္တရာယ်များကို နားလည်ပြီး လက်ခံရန် သဘောတူပြီ ဖြစ်ကြောင်း၊ တစ်စုံတစ်ရာ ဖြစ်ပွားခဲ့ပါက စမ်းသပ်သည့် ဌာန၏ တာဝန် မဟုတ်ဘဲ မိမိတာဝန်သာ ဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။

ဆေးခန်း စမ်းသပ်မှုများ ထုံးစံအရ ဆေးတစ်မျိုးကို စမ်းသပ်ပြီ ဆိုလျှင် ထိုဆေးကို လူနာအား ဖြည်းဖြည်းချင်း စမ်း၍ ပေးရသည်။ အေဇက်တီဆေး သွင်းသည့် ကိစ္စ၌ သူတို့သည် သီတင်း နှစ်ပတ် ကြာအောင် အကြောဆေး သွင်းသည်။ နောက် သီတင်း လေးပတ်တွင် ဆေးကို ပါးစပ်မှ တိုက်ကျွေးသည်။ ကြွက်များနှင့် ခွေးများတွင် စမ်းသပ်ကြည့်ချက် အရ ခံနိုင်မှု စွမ်းရည်သည် တစ်နေ့လျှင် အလေးချိန် တစ်ပေါင် အတွက် အေဇက်တီ ဆေး ၄၀ မီလီဂရမ် ပေးနိုင်သည်ကို တွေ့ရသည်။ ယခုလူတွင် စမ်းသပ် ကြည့်သည့်အခါ ဆရာဝန်များသည် ဆေးကို နည်းနည်းချင်း စ၍ ပေးသည်။ သုံး မီလီဂရမ်၊ ခုနစ် မီလီဂရမ်ခွဲ၊ ၁၅ မီလီဂရမ်၊ ၃၀ မီလီဂရမ် စသဖြင့် တိုး၍ ပေးသွားသည်။ ပါးစပ်မှ တိုက်ကျွေးသည် ဆိုလျှင်မူ ထို့ထက် နှစ်ဆပင် တိုက်ကျွေးနိုင်သည်။

သို့ဖြင့် လူနာများကို ဆေးသွင်း ဆေးကျွေး လုပ်ရင်း ရက်ကြာလာသည့် အခါတွင် ဆမ်ဘရိုးဒါး၏ မျှော်လင့်ချက်သည် တဖြည်းဖြည်း မြင့်လာခဲ့သည်။ ဘေးပေါက် အကျိုး သက်ရောက်မှုမှာ ဘာမျှ ပြောပလောက်အောင်

မဆိုး။ လူနာ သုံးယောက်တွင် သွေးနီ ကလာပ်စည်း ၁၀ ရာနှုန်းလောက် လျော့သွားခြင်း မျိုးလောက်သာ ရှိသည်။ အခြား ၁၀ ယောက်တို့မှာ ခေါင်း ကိုက်ကြသည်။ တစ်ယောက်လောက် သာလျှင် နည်းနည်းပါးပါး တုန်တုန် ခိုက်ခိုက် ဖြစ်သည်။

တစ်ဖက်တွင်မူ အလားအလာကောင်း ပြသည့် ရလဒ်များကို မြင်နေ ရသည်။ လူနာ တစ်ယောက်လျှင် ပျမ်းမျှ အလေးချိန် ငါးပေါင်ခန့် တက် လာခြင်း၊ တီ-လင်ဖိုဆိုက်များ၏ အရေအတွက် တိုးလာခြင်း စသည်တို့ကို မြင်နေရသည်။

စမ်းသပ်ကြည့်သည့် လူနာ ၁၉ ဦးတို့အနက် ၁၄ ဦးတွင် တီ-လင်ဖို ဆိုက် ကလာပ်စည်းများ အရေအတွက် တိုးလာခဲ့သည်။ တီ-လင်ဖိုဆိုက်များ သည် ကိုယ်ခံအား စနစ်ကြီးကို စောင့်ရှောက် ကာကွယ် နေကြသည့် စန္ဒရီ အစောင့်များ ဖြစ်သည် မဟုတ်လော။

အခြား လူနာ နှစ်ဦးတို့တွင်မူ လက်သည်းများ အောက်တွင် ဝင်နေ သည့် ကူးစက် ရောဂါပိုးသည် လုံးဝ ပျောက်ကွယ်သွားသည်ကို တွေ့ရသည်။ အခြား လူနာ ခြောက်ယောက်တို့မှာ အဖျားနှင့် ညတွင် ချွေးထွက်သည့် လက္ခဏာများ လုံးဝ ပျောက်ကင်း သွားကြသည်။ အခြား လူနာများကို ကြည့်သည့် အခါတွင်လည်း သူတို့ သွေးဖြူ ကလာပ်စည်းထဲတွင် ရှိသည့် ရက်ထရို ဗိုင်းရပ်စ်ပိုးများ လုံးဝ ပျောက်ကွယ် သွားသည်ကို တွေ့ရသည်။

လူနာ နှစ်ယောက်မှာမူ လုံးဝ ပျောက်ကင်းသလောက် ဖြစ်သွားသည်။ သေရာမှ ပြန်လည် ရှင်သန်လာခဲ့သူ နှစ်ဦးလို ဖြစ်နေသည်။

ပထမဆုံး ပျောက်ကင်းသွားသူမှာ ဝါရှင်တန်မှ ဆရာဝန် တစ်ဦး၏ ဇနီး သူနာပြု ဆရာမလေး ဖြစ်သည်။ သူမသည် သွေးသွင်း ကုသရာမှ အေအိုင်ဒီအက်စ် ရောဂါကို ရလာခဲ့သည်။ သူမ အမည်က ဘာဘရာ။ ပြင်သစ်ပြည်သို့ မင်္ဂလာခရီး ထွက်နေစဉ်တွင် သူမ၌ အေအိုင်ဒီအက်စ် ရောဂါ လက္ခဏာချက်များ ပေါ်လာခဲ့သည်။

ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီ အေဇက်တီ ပရိုဂျက်မှ ညွှန်ကြားရေးမှူး ဖြစ်သူ ဓိဝဗေဒ ပညာရှင် ဒင်နီယယ် ကင်းက ..

'အေအိုင်ဒီအက်စ် ရောဂါနှင့် ပတ်သက်ပြီး ဖြစ်ရတဲ့ အဖြစ်ဆိုးတွေ အနက် ကြေကွဲစရာ အကောင်းဆုံး ကတော့ ဘာဘရာရဲ့ အဖြစ်ပဲဗျ၊ တကယ် တော့ ဘာဘရာဟာ အေအိုင်ဒီအက်စ် ဖြစ်နိုင်တဲ့ အစုတွေ အသီးသီး ရှိတဲ့

အနက် ဘယ်အစုမှာမှ ပါတာ မဟုတ်ဘူး၊ ပြီးတော့ ပိုဆိုးတာက သူကိုယ်တိုင်က သူတစ်ပါးကို ပြုစုစောင့်ရှောက်ရတဲ့ သူနာပြု အလုပ်ကို သဘောကျလွန်းလို့ ရွေးချယ်ပြီး ဒီအလုပ်ကို လုပ်ခဲ့တာ'

ဆမ် ဘရိုးဒါးနှင့် သူ့လုပ်ဖော်ကိုင်ဖက် ရောဘတ် ယာချန်းတို့သည် ထိုသို့သော အနာ ဟောက်ပက်ကြီးများကို ယခင်က တစ်ခါမျှ မမြင်စဖူး။ ဘာဘရာမှာ အာခေါင် အမြေးပါးတွင် ကူးစက်ရောဂါ ဖြစ်နေခြင်း ဖြစ်သည်။ သူ၏ လျှာ၊ အာခေါင်၊ သွားဖုံး၊ ပါးစောင်၊ လည်ချောင်း၊ နှုတ်ခမ်းစသည်တို့မှာ ဖူးဖူး ရောင်ရမ်းကာ သွေးပြည် တရွှဲရွှဲဖြင့် အိုင်းနာကြီး တစ်ခုလို ဖြစ်နေသည်။

'မျက်နှာကို လက်သီးနှင့် ခပ်ပြင်းပြင်း ထိုးလိုက်လို့ တစ်ချက်တည်းနှင့် သွားတွေ ကျွတ်ကျပြီး ဟောင်းလောင်း ဖြစ်နေတာကို မြင်ရသလိုပဲ၊ သူ့ခမျာ ဘယ်လောက်များ ဝေဒနာ ခံစားရမလဲ မသိဘူးဗျာ၊ သူ့ယောက်ျားနှင့် သူ့ကို ကုသပေးနေတဲ့ ဆရာဝန်က လွဲရင် ဘယ်သူမှ သူ့အခန်းထဲကို မဝင်ရဲဘဲ ဖြစ်နေတယ်'

ဒေးဗစ် ဘယ်ရီက ပြောသည်။

တစ်နေ့ ဇနီးသည်က သူ၏ ခပ်ပိန်ပိန် ကိုယ်ခန္ဓာနှင့် မလိုက်အောင် ကြီးနေသည့် ဆေးရုံ အင်္ကျီကြီးကို ဝတ်နေစဉ် သူ့ယောက်ျား ဖြစ်သူက ကူဝတ်ပေးရင်း သူ့ဇနီး နှစ်သက်သည့် ပစ္စည်းတစ်ခုကို သွား၍ သတိရသည်။

'ခင်ရယ်၊ ခင် နေကောင်းပြီး ဝဝဖြိုးဖြိုး ပြန်ဖြစ်လာရင် ခင့်ဖို့ သားမွေးဝတ်ရုံ အင်္ကျီတစ်ထည် သွားဝယ်ရအောင် နော်'

ပြော၍သာ ပြောရသည်၊ ဘာဘရာ၏ အခြေအနေမှာ ဆိုးနေသည့်အတွက် သူ့စကားသည် ရက်စက်သည့် သဘောကိုပင် ဆောင်နေသေးသည်။ သို့ရာတွင် အဇက်တီဖြင့် နှစ်ပတ် ကုသလိုက်သည့် အခါတွင်မူ ဘာဘရာ၏ ရုပ်ပျက် ဆင်းပျက် ဖြစ်နေသော မျက်နှာသည် လူ့မျက်နှာနှင့် ပြန်၍ တူလာသည်။ ပုံမှန်အတိုင်း စကား ပြောနိုင်လာသည်။ ပါးစပ်နှင့် ခံတွင်းတွင် ဟက်တက် ဖြစ်နေသော အနာများသည် တဖြည်းဖြည်း ခြောက်သွားကာ နောက်ဆုံးတွင် ပျောက်ကွယ် သွားကြသည်။ သူကိုယ်တိုင် လက်ဖြင့် ကိုင်၍ အစာ မစားနိုင်ခဲ့သည်မှာ သုံးလ ကြာခဲ့ပြီ။ ယခု ပုံမှန် ပြန်၍ စားနိုင်ပြီ။ သူကိုယ်တိုင် အိပ်ရာမှ ထကာ အလှပြင်နိုင်ပြီ။ သူ့ရုပ်ဆင်း သဏ္ဌာန်ကို မှန်ထဲတွင် ပြန်ကြည့်ရင်း မိန်းမ မာနကို ပြန်၍ ဆယ်နိုင်ပြီ။ လူမှာလည်း

အားပြန် ရှိလာသည်။ ထို့ကြောင့် ဘာဘရာ ခါတိုင်းလို ပုံမှန် အလုပ်တွေကို လုပ်ချင်သည်။ ဘာဘရာသည် သူ့ လုပ်ငန်းဖြစ်သော သူနာပြု လုပ်ငန်းကို ဘယ်တော့မျှ မေ့တတ်သူ မဟုတ်။

တစ်နေ့တွင်မူ ဝတ်ရုံရှည် အဖြူကို ဝတ်ဆင်ကာ လူနာများကို ပြုစုနေသော ဘာဘရာကို လှမ်းမြင် လိုက်ရသဖြင့် ဆမ်ဘရီးဒါး အံ့အားသင့်နေသည်။ သီတင်း လေးပတ် အကြာတွင် ဆေးရုံမှ ဆင်းခွင့် ရသွားခဲ့သည်။

ဆေးရုံမှ ဆင်းသည့် ညနေက ဘာဘရာသည် ပါရီမှ ဝယ်လာခဲ့သည့် တာကွစ်ရောင် ပိုးပျော့ ဝတ်စုံထဲတွင် တင်းရင်း ကျစ်လျစ်နေသည်။ ထိုဝတ်စုံကို သူ့ အလွန် သဘောကျသည်။ လပေါင်းများစွာ ထိုဝတ်စုံကို မဝတ်ဘဲ ထားခဲ့ရာမှ ယခု ပြန်ဝတ်ရပြီ၊ ဝတ်နိုင်ပြီ။

သူ့ကို ကြည့်၍ ဒေါက်တာ ဆမ်ဘရီးဒါးသည် ခံစားချက်ကို ထုတ်ဖော်ခြင်း မပြုဘဲ မနေနိုင်။ ဆမ်ဘရီးဒါးနှင့် သူ့အဖွဲ့သား အားလုံးတို့သည် ဘာဘရာတို့ ဇနီးမောင်နှံကို တက္ကစီပေါ်သို့ အရောက် လိုက်ပို့ နှုတ်ဆက်ကြသည်။ ယာဉ်တန်းတွေ ကြားထဲတွင် သူတို့ကားလေး ရောလာသည့်အခါတွင်မှ ဘာဘရာက သူ့ခင်ပွန်းဘက်သို့ လှည့်၍ ..

'ခင့်ကို သားမွေး ဝတ်စုံ တစ်စုံ ဝယ်ပေးမယ်လို့ ပြောထားတာ မှတ်မိသေးလား'

ဘာဘရာက -မေးသည်။

ဒုတိယ ရှင်ပြန် ထမြောက်သည့် ဖြစ်ရပ်မှာလည်း တော်တော် ထူးခြားသည်ဟု ဆိုရမည်။

ဆမ်ဘရီးဒါးသည် အက်ဖ်ဒီအေမှ ဝင်ရောက် နှောင့်ယှက်ခြင်း၊ တားဆီးခြင်း မပြုရန် ထိုအဖြစ်အပျက်ကို နမူနာထားကာ အက်ဖ်ဒီအေ ဆေးဝါးစစ်ဆေးရေးမှူး ဒေါက်တာ အယ်လင် ကူးပါးထံ တင်ပြသည်။

အေဇက်တီ ဆေးသွင်းရာတွင် လိုက်နာရသည့် စည်းကမ်းမှာ ဆေးကို ပထမ အရစ် အဖြစ် သီတင်း ခြောက်ပတ် သွင်းပေးပြီး နောက်ထပ် ဆေးသွင်းခြင်း မပြုသေးဘဲ ရက် ၃၀ နားထားရသည်။ ယင်းသို့ ဆေး မသွင်းဘဲ နားထားလိုက်ခြင်းမှာ ဆေးထဲတွင် ပါသွားသော အဆိပ်ဓာတ်များကို ရှင်းလင်းရန် အတွက် အချိန်ပေးခြင်း ဖြစ်သည်။

အက်ဖ်ဒီအေသည် ထိုသို့ ဆေးဝါးများကို သုံးစွဲခွင့် ပြုရာတွင် ထိုသို့ ရပ်နားချိန်ထားရန် အမြဲတမ်း အရေးတကြီး ထားလေ့ရှိသည်။ ယခုတစ်ကြိမ်တွင် လူနာမှာ ဖလော်ရီဒါ ပြည်နယ် ပန်းဘီချ်မှ ပြဇာတ် သရုပ်ဆောင် တစ်ဦး ဖြစ်သည်။ သူ့အခြေအနေ အတော်ဆိုးနေသဖြင့် သူ့ဆရာဝန် ဖြစ်သူ မိုင်ယာ တက္ကသိုလ် ဆေးရုံမှ ဆရာဝန် ဒေါက်တာ မားဂရက် ဗစ်ရှယ်က ဆမ်ဘရိုးဒါးဆီသို့ ချက်ချင်း လွှတ်လိုက်သည်။ သူ့အဖြစ်တွင်မူ ဗိုင်းရပ်စ်သည် ဦးနှောက်ကို ဝင်ရောက် တိုက်ခိုက်နေခြင်း ဖြစ်သည်။ လူနာမှာ အောက်ပိုင်း တစ်ခြမ်း သေနေလေပြီ။ စကားလည်း ကောင်းကောင်း မပြောနိုင်တော့။ ထို့မှုမက စိတ်ကလည်း ကယောင်ချောက်ချား ဖြစ်နေသည်။

'အရှယ်ကောင်းတုန်း၊ နာမည်ကြီးတုန်း၊ ပိုက်ဆံရှာလို့ ကောင်းတုန်းဗျာ အေအိုင်ဒီအက်စ် ကောက်ဖြစ်လိုက်တော့ အဲဒီ ဖျတ်လတ် သွက်လက်နေတဲ့ လူကောင်းကြီး တစ်ယောက်ဟာ သုံးလ အတွင်းမှာ ချိုင်းထောက်ကြီး နှစ်ဖက်နှင့် တရွတ် ဆွဲနေရတဲ့ လူမမာကြီး၊ ဒုက္ခိတကြီး လုံးလုံး ဖြစ်သွားတော့ တာပါပဲ'

ဒေးဗစ် ဘယ်ရီက ပြောသည်။

ထိုသို့သော သက်ရှိ အလောင်းကောင်ကြီး တစ်ခုကို အေဇက်တီဆေး သုံးပတ် သွင်းပေးလိုက်သည်။ ဖြစ်ပေါ်လာသော ရလဒ်ကိုမူ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီ ဓာတ်ခွဲခန်းမှ ကျွမ်းကျင်သူများရော၊ ဘာ သီးစ် ဒါး တက္ကသိုလ် ပရိဝုဏ်မှ သိပ္ပံပညာရှင်များပါ တအံ့တသြ ဖြစ်နေကြသည်။ လူနာမှာ ဆေးသွင်းပြီး သုံးပတ် ကြာသည်နှင့် အကူအညီ မပါဘဲ သူကိုယ်တိုင် အထိုင်အထ လုပ်နိုင်ရုံမျှ သာမက ဆေးရုံ စင်္ကြံ တစ်လျှောက်တွင် တဒေါက်ဒေါက် သွားနိုင်နေပြီ ဖြစ်သည်။ ထို့ထက်ပို၍ အံ့သြစရာ ကောင်းသည်မှာ လူနာသည် ၁၂ ထပ်ရှိ လှေကားများကို အပြေးအလွှား ဆင်းနိုင် တက်နိုင်သွားခြင်းဖြစ်သည်။ လူနာကလည်း ဂုဏ်ယူကာ နေ့တိုင်း အဆင်း အတက် လေ့ကျင့်သည်။

ထိုလူနာကို အေဇက်တီ ကုထုံးဖြင့် ကုသပြီး ခြောက်ပတ် အကြာတွင် ဆမ်ဘရိုးဒါးက အက်ဖ်ဒီအေ ဆေးဝါး စစ်ဆေးရေးမှူး ဒေါက်တာ အယ်လင် ကူးပါး ထံသို့ ဖုန်းဆက်သည်။ အကြောင်းမှာ ထုံးစံအတိုင်း ရက်ပေါင်း ၃၀ နားပြီးလျှင် နောက်ထပ် ဆက်လက် ကုသခြင်း မပြုရဟု ပိတ်ပင်မည် စိုးသောကြောင့် ဖြစ်သည်။

'ဟုတ်တယ်၊ သူ့ ကေ့စ်ကို ကျွန်မလည်း ကြားပါတယ်၊ ဒါပေမယ့်

ခေါ်တာက သူက ပြဇာတ်မင်းသား ဆရာရဲ့၊ သူတို့ အနုပညာ လောကက ခပ်ရှုပ်ရှုပ်ရယ်၊ အမှန်ကို ပြောချင်မှ ပြောတတ်တာ'

'ဟုတ်ပါပြီလေ၊ သူက ကောင်းပြီ ဆိုတိုင်း ကျွန်တော်က လက်ခံတာ မဟုတ်ပါဘူး၊ မကျေနပ်ရင် ဆရာမ ကိုယ်တိုင် လူနာကို လာကြည့်ပါဦး'

ဆမ်ဘရီးဒါးက ပူဆာသည်။

မိနစ် ၃၀ အကြာတွင် သံသယ ဖြစ်နေသည့် မိန်းမငယ် ဒေါက်တာ အယ်လင် ကူးပါးသည် ဆေးရုံခန်းထဲသို့ ရောက်လာခဲ့သည်။ သူမ မြင်လိုက်ရသော ရှုခင်းကြောင့် အံ့အား သင့်နေသည်။ အကယ်၍သာ ဟန်ဆောင်ပြနေခြင်း ဖြစ်သည်ဆိုလျှင် ပြဇာတ်မင်းသားသည် တော်တော်လေး သရုပ်ဆောင် ကောင်းသူ တစ်ဦးဟု ခေါ်ရလိမ့်မည်။

လူနာသည် ချိုင်းထောက် နှစ်ခုကို လက် တစ်ဖက် တစ်ချက်တွင် ကိုင်ကာ ခုတင်ပေါ်သို့ ခုန်တက်လိုက်သည်။ ထို့နောက် ချိုင်းထောက် နှစ်ဖက်ကို ကိုင်၍ ဝှေ့ယမ်းပြရင်း ..

'လွန်ခဲ့တဲ့ သီတင်း သုံးပတ်လောက်တုန်းက ဟောဒီ ချိုင်းထောက်တွေရဲ့ အကူအညီနှင့် ကျွန်တော် ဒီဆေးရုံကို ရောက်လာခဲ့တယ် ခင်ဗျ'

ယူနာက ချိုင်းထောက် နှစ်ဖက်ကို ဝှေ့ယမ်းပြပြီးနောက် အခန်းထောင့်ရှိ အမှိုက်ခြင်းဆီသို့ လှံများကို ပစ်လိုက်သလို ပစ်လိုက်ပြီးနောက် ..

'ခုတော့ အေဇက်တီကြောင့် သူတို့ကို မလိုတော့ဘူး' ဟု ပြောသည်။

လူနာသည် ကျွမ်းဘားသမား တစ်ယောက်၏ ပျော့ပျောင်းမှုမျိုးဖြင့် ကြမ်းပြင်ပေါ်သို့ ဖျတ်ခနဲ ခုန်ချကာ ဝမ်းလျား ထိုးလိုက်ပြီး လေ့ကျင့်ခန်း လုပ်ပြသည်။

'ကျွန်တော့် လက်မောင်းတွေလည်း ခြေထောက်တွေလို တောင့်လာပြီဗျ'

အယ်လင် ကူးပါးသည် စကား မပြောနိုင်။ နောက်ဆုံးတွင် လူနာ ဟောင်းသည် အားကစား လုပ်ပြခြင်းကို ရပ်ကာ သူ့ရှေ့တွင် လာရပ်သည်။

'ဒီ ၁၂ ထပ်ရှိတဲ့ အဆောက်အအုံကြီးကို တက်ပြ ဆင်းပြ လုပ်တာကို ကြည့်ချင်သေးသလား'

'မလိုပါဘူးရှင်၊ ကျွန်မ ယုံပါတယ်'

အယ်လင် ကူးပါးသည် လူနာကို ပြုံးကြည့်သည်။ ထို့နောက် ဒေါက်တာ ဆမ်ဘရီးဒါးနှင့် အတူ အခန်းပြင်သို့ ထွက်လာခဲ့သည်။

အယ်လင်သည် ကင်ဆာပါရဂူ ဒေါက်တာ ဆမ်ဘရီးဒါး၏ ပခုံးပေါ်သို့ လက် တစ်ဖက်ကို တယုတယ တင်လိုက်ကာ ..

'အိုကေ ဆရာ၊ ဆရာ ဟန်ကျသွားပြီ၊ သူ့ကို ဆက်ကုဖို့ပဲ လိုတော့တယ်'

[ ၅၀ ]

**သူတို့ကို ချစ်ခင် လေးစားကြောင်း သိကြပါစေ။**
**နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။**
**၁၉၈၅ ခုနှစ် ဆောင်းဦး။**

'ဒီမှာ ဆရာ၊ ကျွန်တော့် အဖို့ မျှော်လင့်ချက် မရှိတော့ဘူး ဆိုရင် ဘာမှ လုပ်မနေနှင့်တော့၊ ဟောဒီ ပြတင်းပေါက်က နေပြီး အောက်ကို ခုန်ချပစ်လိုက်တော့မယ်'

ရဲရင့် ပြတ်သားမှုဖြင့် တောက်ပသော မျက်လုံး ပြာပြာများ၊ ထူထဲ၍ ထိုးထိုးထောင်ထောင် ပေါက်နေသော ဝါကျင့်ကျင့် မုတ်ဆိတ်များကြောင့် ဟီဘရူး ပဏ္ဍိတ် တစ်ဦးနှင့် တူနေသည့် ဂျိုးဆက် စတိန်း၏ မျက်နှာကို ဒေါက်တာ ဒီဟိုးဗစ် လှမ်းကြည့်လိုက်သည်။ ရှေးဟောင်း သုတေသန ပညာရှင် တစ်ဦး ဖြစ်သည့် ဂျိုးဆက် စတိန်း အဖို့ ထိုနေ့သည် တော်တော် ဒုက္ခရောက်သည့်နေ့ ဖြစ်သည်။

လောကကြီးတွင် မနေချင်တော့ဘဲ သေလိုက်ချင်သည်ဟု နှုတ်မှ ဖွင့်ဟ ပြောမိသည်မှာ ယခုအကြိမ်သည် ပထမဆုံး အကြိမ်ပင် ဖြစ်သည်။ ဤသည်မှာလည်း မဆန်းပါ။ အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်နေသည့် မိန်းမလျာများတွင် ဖြစ်လေ့ဖြစ်ထ ရှိသော အရာ ဖြစ်ပါသည်။ အချို့မှာ တကယ်ပင် အဆုံးစီရင် သွားခဲ့ကြသည်။ အေ အိုင် ဒီ အက်စ် ဖြစ်သည့် မိန်းမလျာ လူငယ်များ ထိုသို့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင် လိုကြခြင်းမှာ မိမိ အပြစ်ကြောင့် မလုံမလဲ ဖြစ်ရခြင်း၊ ရောဂါဖြစ်ခြင်း၊ မကြာခဏ ဆိုသလိုပင် ယင်းတို့နှင့် အတူ အရက်စွဲခြင်း၊ ဆေးစွဲခြင်းတို့ကြောင့် ဖြစ်သည် ဟု ဆရာဝန်များက ယူဆကြသည်။

ထိုနေ့ မနက်တွင်မူ မိမိလူနာများ၏ စိတ်ဓာတ် ကျဆင်းနေမှုကို ရယ်စရာ မောစရာဖြင့် ပျောက်အောင် ကုသမည်ဟု ဒေါက်တာ ဒီဟိုးဇစ် စိတ်ကူးရသည်။ သူတို့ နှစ်ယောက်သည် အင်္ဂလိပ်စကား တစ်ဝက်၊ ယစ်ဒစ်စကား တစ်ဝက်ဖြင့် ရယ်စရာ မောစရာတွေကို ပြောကြသည်။

စိန့်ကလဲယား ဆေးရုံကြီးတွင် အေအိုင်ဒီအက်စ် ယူနစ်နှင့် တွဲဖက်ထားသည့် ဆရာဝန်များ လုပ်လေ့ရှိသည့် ထုံးစံတစ်ခုမှာ ဆေးရုံသို့ ရောက်သည်နှင့် မိမိ ခင်မင် နှစ်သက်သည့် လူနာတစ်ဦးကို ကြည့်ခြင်း ဖြစ်သည်။

'ဂျိုးဆက်စတိန်းက ပွင့်လင်းတယ်၊ ပါးရည်နပ်ရည် ရှိတယ်၊ ရယ်စရာ မောစရာ ပြောတတ်တယ်၊ သူက ရေဝတီ ယဉ်ကျေးမှု အကြောင်းကိုလည်း ကောင်းကောင်း နားလည်တယ်၊ အစ္စရေးမှာလည်း အကြာကြီး နေခဲ့ဖူးတယ်၊ ဒီတော့ ကျွန်တော်တို့ကလည်း သူ့ကို စိတ်ဝင်စားကြတာပေါ့၊ ကျွန်တော်တို့နှင့် ပိုပြီး ရင်းနှီးသွားတာပေါ့၊ သူ့အခန်းထဲ ရောက်သွားရင် ကျွန်တော်တို့ နှစ်ယောက် ယစ်ဒစ် စကားကို ပြောချင်လည်း ပြောမယ်၊ ဟီဘရူး စကားကို ပြောချင်လည်း ပြောမယ်၊ ကျွန်တော်တို့ နှစ်ယောက်မှ အပ တခြား ဘယ်သူမှ နားမလည်ကြဘူးလေ၊ ဂျိုးဆက်စတိန်းနှင့် ဆိုရင် ကျွန်တော်တို့ နှစ်ယောက် ရောဂါ အကြောင်းကို မပြောဘဲ တခြား ရယ်စရာ မောစရာတွေကို ပြောနိုင်တယ်၊ ရောဂါကို မေ့ထားနိုင်တယ်'

ဒေါက်တာ ဒီဟိုးဇစ်က ပြောသည်။

တခြားသော အဖွဲ့သားများကလည်း ထိုအတိုင်းပင် သဘောပေါက်ကြသည်။ အားအား ရှိသည်နှင့် သူတို့သည် ဂျိုးဆက်စတိန်း၏ အခန်းသို့ ရောက်လာကြကာ စကား ပြောကြသည်။ စီးကရက် ဖွာကြသည်။ လက်ဖက်ရည် သောက်ကြသည်။ ရယ်စရာ မောစရာ ပြောကြသည်။ ဂျိုးဆက်စတိန်း ပြောပြသည့် ဇွန့်စားခန်းများကို နားထောင်ကြသည်။ အစ္စရေးတွင် ရှေးဟောင်း မြို့တော်ကြီးများ တူးဖော်ခဲ့ပုံကို နားထောင်ကြသည်။ ဆေးကျွေးထားသဖြင့် ပင်ပန်း နွမ်းနယ်နေသည့်တိုင် ဂျိုးဆက်စတိန်းသည် သူ့ထံ ရောက်လာသည့် ဧည့်သည်တို့ကို စိတ် မပျက်စေရ။ တတ်နိုင်သမျှ ကြိုးစားကာ စကားစမြည် ပြော၍ ဧည့်ခံလိုက် သေးသည်။

'စဉ်းစားကြည့်လေ၊ ရောဂါကြီးတွေကို မချိမဆံ့ ခံနေရတဲ့၊ ကိုယ်နှင့်

ရှယ်တူလောက် ရှိတဲ့ လူနာတွေကို နေ့တိုင်း မြင်နေရတယ်၊ တချို့ လူနာတွေ ဆိုရင်လည်း ဒီလိုပဲ ရောဂါကို ရင်ဆိုင်ရင်း သေမယ့်နေ့ကိုပဲ စောင့်နေကြရတယ်၊ အဲဒီလို လူနာတွေ ကြားထဲမှာ ဂျူးဆက်စတိန်းဟာ ထူးခြားနေတယ်၊ ပြင်ပက လေကောင်း လေသန့် တစ်ချက် ဝင်တိုက်လိုက်သလို ဗီတာမင် အားဆေး တစ်ခွက် သောက်လိုက်ရသလို လန်းဆန်း သွားစေတယ်၊ အဲဒီလို အခြေအနေဆိုးထဲမှာ ဂျူးဆက်စတိန်းဟာ ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့တယ်'

ဒေါက်တာ ဒီဟိုးဗစ်က ပြောသည်။

လူနာ တော်တော်များများမှာ ကာယိက ဝေဒနာကိုသာ ခံစားနေကြရုံမက မိမိတို့၏ အဖြစ်နှင့် မိမိတို့ကို ပြုစုနေကြသူတို့၏ အခက်အခဲကို မြင်တွေ့နေရသည့် အတွက် စေတသိက ဝေဒနာကိုလည်း ခံစားနေကြရသည်။

'ပိုဆိုးတာက သူတို့မှာ အရှက်ရကြတဲ့ ကိစ္စလည်း ပါတာပေါ့၊ ကိုယ်မှာ ကင်ဆာ ဖြစ်နေတယ် ဆိုတာကို မိသားစုကို ပြောလို့ ရတယ်၊ မိတ်ဆွေတွေကို ပြောလို့ ရတယ်၊ ဒီရောဂါတွေ ဖြစ်တဲ့ ကိစ္စဟာ ဘာမှ ရှက်စရာ မရှိဘူး၊ စာရိတ္တဆိုင်ရာ ပြဿနာ မပေါ်ဘူး၊ ဒါပေမယ့် အေအိုင်ဒီအက်စ် ရောဂါရှင်ကတော့ သူ့မှာ အလိုလို သိက္ခာကျရတယ်၊ အားလုံးက ဝိုင်းဝန်း ရှုတ်ချထားတဲ့ အလေ့အထ တစ်ခုကြောင့် ရလာတဲ့ ရောဂါ ဖြစ်တဲ့အတွက် သူ့မှာ အရှက် ရရတယ်၊ သူ့ရဲ့ ရှက်စရာ ရောဂါဟာ သူ့ အပြစ်အတွက် ခံရတဲ့ ပြစ်ဒဏ်လို ဖြစ်နေတယ်၊ ဒီတော့ သူတို့ စိတ်ထဲမှာ ငါ့ကို သာမန်လူ တစ်ဦး အနေနှင့် ကုသပေးမှာလား၊ ဒါမှမဟုတ် လူရာမသွင်းဘဲ ထားကြတော့မှာလား ဆိုတဲ့ အတွေးက အမြဲ ဝင်နေတယ်'

သူနာပြု အဖွဲ့များကို ကြီးကြပ်ရသည့် ဖလော်ရီဒါ နယ်သား တယ်ရီ မိုင်းလ်က ရှင်းပြသည်။

သဘာဝ ကျစွာပင် အေအိုင်ဒီအက်စ် ရောဂါရှင်များသည် တစ်ဦးနှင့် တစ်ဦး တုံ့ပြန်ပုံချင်း မတူနိုင်ကြပါ။

ဖရင့် ကော်ဒါသည် နယူးယောက်မှ ဘတ်စ်ကား ဒရိုင်ဘာ တစ်ဦး ဖြစ်သည်။ အသက်က ၂၈ နှစ်၊ လူက ပိန်ပိန်ပါးပါး၊ ဆံပင်ကို ပိနေအောင် ဖြီးထားတတ်သည်။ သူ့ တစ်ကိုယ်လုံး ခေါင်းမှ ခြေဖျား အထိ ကာပိုဆီ ဆာကိုးမား အရေပြားကင်ဆာ စွဲကပ်သဖြင့် အညိုကွက်ကြီးတွေ အကွက်အကွက် ထနေသည်။ သူ့ကို ကြင်နာသည့် အမျိုးသမီး တစ်ယောက်၏ ပြုစု

စောင့်ရှောက်မှုကြောင့် အေအိုင်ဒီအက်စ် ရောဂါကို မေ့သလို ဖြစ်သွားရသည်။

မန်ဟတ်တန် တယ်လီဖုန်းရုံးမှ အော်ပရေတာ တစ်ဦး ဖြစ်သော သူ့မိခင်က ဖရင့် အကြောင်းကို ပြန်ပြောပြသည်။

'သူ့ကိုယ်သူ မသိခင် ကတည်းက ဖရင့်ဟာ မိန်းမလျှာ တစ်ယောက် ဖြစ်တယ်ဆိုတာ ကျွန်မ သိတာပေါ့၊ ဒါနှင့် ကျွန်မ သူ့ကို ဆရာဝန် တစ်ယောက်ဆီ ခေါ်သွားတယ်လေ၊ သူ မိန်းမလျှာစိတ် ဝင်နေတာကို ပျောက်အောင် လုပ်ပေးနိုင်မလား ဆိုပြီး သွားတာပါ၊ အသက် ၁၆ နှစ်လောက် ရောက်တော့ ဖရင့်မှာ လိင်တူဆက်ဆံတဲ့ လက္ခဏာချက်တွေ ပေါ်လာတယ်၊ ဒီလက္ခဏာချက်တွေကို ကြည့်ပြီး သူကိုယ်တိုင်လည်း နားမလည်နိုင်အောင် ဖြစ်နေတယ်၊ ဒါနှင့် သူ့ညီကို ဖွင့်ပြောတယ်၊ ညီက ဒီလိုဆို အမေ့ကို ပြောပြပေါ့ဗျ လို့ ပြောသတဲ့။

'ဖရင့်ဟာ ကောင်မလေးတွေ သုံးလေးယောက်နှင့် တစ်ယောက်ပြီး တစ်ယောက် လျှောက်တွဲ ကြည့်သေးတယ်၊ နောက်ဆုံးတော့ သူ မနေနိုင်တော့ဘူး၊ ကျွန်မကို ဖွင့်ပြောတော့တာပဲ၊ အမေ ကျွန်တော် မိန်းမလျှာ ဖြစ်နေတယ် လို့ ပြောပါတယ်။

'ဒီတော့ ကျွန်မက မင်းဘာသာ မင်း မိန်းမလျှာ ဖြစ်ဖြစ် အရေးမကြီးပါဘူး၊ ငါ့သားဟာ ငါ့သားပဲ လို့ ကျွန်မ ပြောလိုက်တယ်၊ အဲဒီ အချိန်လောက်တုန်းက မိန်းမလျှာ တော်တော်များများဟာ ယောကျ်ားလေးတွေလို မဝတ်ကြတော့ဘဲ မိန်းကလေးလို ဝတ်ကြတဲ့ အချိန်ကိုး၊ ဒါနှင့် ကျွန်မက မိန်းမလျှာစိတ် ဝင်တယ် ဆိုရင်လည်း ဝင်ပါကွယ်၊ ဒါပေမယ့် ယောကျ်ား စစ်စစ်ကြီးက မိန်းမလို ဝတ်တာတော့ မကောင်းဘူး၊ မင်း လုပ်သမျှဟာ သိက္ခာရှိရှိ ဣန္ဒြေရရ ဖြစ်ရမယ်၊ မိန်းမလျှာ ဖြစ်တောင်မှ သိက္ခာရှိတဲ့ မိန်းမလျှာ၊ ဣန္ဒြေရှိတဲ့ မိန်းမလျှာ ဖြစ်ရမယ် လို့ ကျွန်မ ပြောလိုက်တယ်။

'သူ့ အပေါင်းအသင်း သူငယ်ချင်းတွေကိုလည်း ကျွန်မ သိလာခဲ့တယ်၊ သူက သူငယ်ချင်းတွေကို အိမ်ကို ခေါ်ခေါ် လာတတ်တာကိုး၊ သူ့ သူငယ်ချင်းတွေကလည်း ရိုးရိုးသားသားကလေးတွေပါ၊ သူတို့တစ်တွေ အားလုံးလောက်ကပဲ ကျွန်မကို အမေ တစ်ယောက်လို သဘောထားကြတယ်။

'တစ်နေ့တော့ ဖရင့် တစ်ယောက် နေထိုင်မကောင်း ဖြစ်တယ်ရှင့်၊ ဖြစ်ပုံကတော့ ဘာမှ အကြောင်း မည်မည်ရရ မရှိဘဲ ကိုယ်အလေးချိန် ထိုးကျ လိုက်လာတာပဲ၊ သူက နဂိုကတည်းက ခပ်ပိန်ပိန်ပါပဲ၊ ဒါပေမယ့်

ဘယ်လောက်ပဲ ပိန်ပိန် တစ်ပတ်ကို တစ်ပေါင်လောက်တော့ ကျသွားတယ်လို့ ကျွန်မ ခန့်မှန်း ကြည့်ပါတယ်၊ သူကိုယ်တိုင်လည်း ဘာဖြစ်မှန်း မသိဘူး ပေါ့။

'ဒီလို ဖြစ်နေတုန်းမှာ တစ်နေ့ကျတော့ သူ့ခြေထောက်မှာ အညိုကွက်တွေ ပေါ်လာပြီး ချောင်းဆိုးလာတယ်၊ ည သူ အိပ်ပျော်နေတုန်းမှာ သူ့အသက်ရှူသံကို ကျွန်မ နားထောင်ကြည့်တယ်၊ ပစ္စတန် တစ်ခု မြည်သလို တရှိုရှို မြည်နေတယ်ရှင့်၊ စိတ်မချမ်းသာစရာ .ကောင်းလိုက်တဲ့ အသံပါရှင်၊ ပြီးခဲ့တဲ့ ဧပြီလတုန်း ကတော့ သူ ကျွန်မကို စကား တစ်ခွန်း ပြောတယ်၊ အမေ၊ ကျွန်တော် အေအိုင်ဒီအက်စ် ဖြစ်နေပြီ တဲ့၊ ကျွန်မ အဲဒီ ရောဂါ အမည်ကို အရင်တုန်း ကတည်းက ကြားဖူးပါတယ်၊ ကျွန်မတို့နှင့် အိမ်နီးချင်းက ဆင်ဆင် အကျဉ်းထောင်ကြီးမှာ လုပ်တော့ ထောင်ထဲမှာ အကျဉ်းသား တစ်ယောက် ဒီလိုပဲ အေအိုင်ဒီအက်စ် ရောဂါဖြစ်ပြီး သေသွားတယ်လို့ ပြောပြဖူးတာကိုး၊ အဲဒီတုန်းကတော့ သူ ပြောတဲ့ ရောဂါကို ခပ်ပေါ့ပေါ့ပဲ သဘော ထားလိုက်တာပေါ့၊ ခု သားဖြစ်တဲ့ သူမှာ ဒီရောဂါ ရှိတယ်လို့လည်း ပြောရော ကျွန်မ သိပ် စိတ်ထိခိုက်သွားပြီး ရှိုက်ကြီးတငင် ငိုမိတယ်၊ ငိုပြီး သမ္မာကျမ်းစာကို ရှာပြီး ဖတ်တယ်၊ ကျွန်မက ဘာသာတရားကို ကိုင်းရှိုင်းလေတော့ ခုလို အဖြစ်မျိုး ဖြစ်ရတာဟာ ဝဋ်ကြွေး တစ်ခုခုကြောင့် ဖြစ်မှာပဲလို့ ထင်မိတယ်၊ ပြီးတော့ ဖရင့်ကို ခေါ်ပြီး ဘုရားသခင်ဟာ ကိစ္စတိုင်းမှာ အကြောင်းနှင့် အကျိုး ရှိတယ်လို့ ဟောတယ်၊ ခုလည်း မင်းကို ဘုရားက အသုံးပြုချင်လို့ ဒီရောဂါကို ဖန်တီးပေးတာ ဖြစ်မှာပဲ လို့ ပြောပြီး ကျမ်းစာထဲက စာတစ်ပုဒ်ကို ဖတ်ပြတယ်။

'ဒါနှင့် ဖရင့်လည်း ဘုရား ရှိခိုးကျောင်းကို မှန်မှန်သွားတယ်၊ ဘုရားရှိခိုးကျောင်းကို လာသူတွေကလည်း သူ့အတွက် ဆုတောင်းပေးကြတယ်၊ ကျွန်မက ကျွန်မသားမှာ ကင်ဆာရောဂါ ဖြစ်နေတယ်လို့ ပြောထားတာကိုး၊ ဒီကိစ္စမှာတော့ သူတို့ကို ကျွန်မ လိမ်ရာ မရောက်ဘူးလို့ ထင်တာပဲ။

'ဖရင့်ဟာ နှစ်ကြိမ်တိုင်တိုင် သေတော့မလို ဖြစ်ခဲ့ဖူးပြီ၊ နောက်ဆုံးအကြိမ်တုန်းကတော့ အခြေအနေ တော်တော်ကို ဆိုးတယ်၊ သူ့ကို ကုသပေးနေတဲ့ ဆရာတွေ ဆရာမတွေကတောင် လက်လျှော့တော့မလို ဖြစ်နေတယ်၊ မျှော်လင့်ချက် မစွန့်သေးတာဆိုလို့ ဘုရားနှင့် ကျွန်မပဲ ကျန်တော့တယ်၊ ကျွန်မလည်း နေ့ရောညပါ သူ့အနားမှာပဲ စောင့်ကြပ်နေတယ်၊ တစ်ခါ

တစ်ခါ အစာ ကျွေးရင်လည်း ဇွန်းကလေးနှင့် ကျွေးရတယ်၊ သူ့ ပါးစပ်ထဲကို ဗီတာမင်တွေ လောင်းထည့်တယ်၊ အားတိုးဆေးတွေ တိုက်တယ်၊ အိုက်စ်ကရင် ကျွေးတယ်၊ သူ ကြိုက်တတ်တဲ့ အစားအစာကလေးတွေကို တတ်နိုင်သမျှ ကျွေးတယ်၊ ကိုယ့်ကိုယ်ကိုယ် အားတင်းဖို့လည်း သူ့ကို ကျွန်မ အမြဲ ပြောတယ်။

'နေ့တိုင်း သူနှင့်ကပ်လျက် အခန်းမှာ ဆိုရင် ဆရာမတွေဟာ သေသွားတဲ့ လူနာတွေရဲ့ မျက်လုံးတွေကို ပိတ်ပေးနေကြတယ်၊ ဖရင့်ဟာလည်း ဒါတွေ မြင်နေရတာပဲ၊ ဘယ်သူမှ ဒီရောဂါကို ခံပြီး တိုက်မယ်ဆိုတဲ့ စိတ်မျိုး မရှိကြသေးဘူးလေ၊ ဒါတွေမြင်တော့ ဖရင့်က ကျွန်မကို ကတိတစ်ခု တောင်းတယ်၊ တကယ်လို့များ သူ တစ်စုံတစ်ခု ဖြစ်သွားခဲ့ရင် အဲဒီလို ရောဂါဖြစ်တဲ့ သူတွေကို အမေတစ်ယောက်လို ပြုစုပေးပါတဲ့၊ သူတို့ တော်တော်များများကို မိသားစုတွေက လှည့်မကြည့်ကြတော့ဘဲ ပစ်ထားကြတယ်တဲ့၊ မိဘတော်တော်များများကပဲ သူတို့သားတွေမှာ အေးအိုင်ဒီအက်စ် ဖြစ်တယ် ဆိုတာကို လက်ခံကောင်း လက်ခံကြမယ်၊ ဒါပေမယ့် မိန်းမလျာ ဖြစ်တယ် ဆိုတာကိုတော့ လက်မခံချင်ကြဘူးလေ'

၁၉၈၅ ခုနှစ် ထိုဆောင်းပေါက်၌ ဆင်ဆင် အကျဉ်းထောင်ကြီး ထဲတွင် ရောက်နေသည့် ယခင် မူးယစ်ဆေးစွဲသူ အသက် ၂၇ နှစ် အရွယ်ရှိ ရန်ဒီတွင် အမေလည်း မရှိတော့။ မိသားစုလည်း မရှိတော့။ အပေါင်းအသင်းလည်း မရှိတော့။ အထူး လုံခြုံရေးဆောင်တွင် နှစ်ပေါင်းများစွာ တစ်ယောက်တည်း နေရသည့် အဖြစ်သည် နယူးဂျာစီနယ်မှ ဆိပ်ကမ်း အလုပ်သမား ဖြစ်ခဲ့သူ ရန်ဒီအား တိရစ္ဆာန်ရိုင်း တစ်ကောင် အဖြစ်သို့ ပြောင်းသွားစေခဲ့သည်။

ရန်ဒီသည် သူ့ဆေးရုံခန်းလေးထဲသို့ ဝံ့ဝံ့စားစား ဝင်လာသူ မှန်သမျှအား အတင်း ခုန်အုပ်တော့သည်။ သူ့အဆုတ်မှာ နျူမိုးနီးယား ရောဂါ စွဲကပ်နေသည့်တိုင် အသက်ရှူ ကျပ်ခြင်း မရှိ။ သူသည် စကား မပြောတော့ဘဲ ရူးရူးဝါးဝါး အော်ဟစ်၍သာ နေတော့သည်။ သူ့ အော်သံကြောင့် တစ်စုံတစ်ခု ဖြစ်သည် အထင်ဖြင့် တစ်ယောက်ယောက် ပြေးလာလျှင် ရန်ဒီသည် သူ့ကို မကြားဝံ့ မနာသာ ဆဲရေး တိုင်းထွာသည်။ သတ်မည်ဟု ခြိမ်းခြောက်သည်။ ရန်ဒီသည် ဒေါက်တာ ဒီဟိုးဗစ်နှင့် သူ့အဖွဲ့ကို ခုက္ခပေးလေ့ ရှိသည် စိတ်

ညစ်စရာ လူနာတစ်ယောက် ဖြစ်နေသည်။

သူ့ကို ကြည့်၍ အအေဒိုင်ဒီအက်စ် လူနာကို ပြုစုရခြင်းသည် ဆေးဝါး ကုသမှုဆိုင်ရာ ပြဿနာ သက်သက်မျှသာမက မေတ္တာထားရသည့် ကိစ္စ တစ်ခုလည်း ဖြစ်ကြောင်းကို ဒေါက်တာ ဒီဟိုးဇစ်နှင့် သူ့အဖွဲ့ သဘောပေါက် နားလည်ခဲ့ကြသည်။

'လူနာ တစ်ယောက်ရဲ့ အခန်းထဲကို ဝင်သွားပြီး သူပြောတဲ့ စကားကို ခဏတစ်ဖြုတ် နားထောင်တာဟာလည်း ကုသနည်း တစ်မျိုးပဲဗျ၊ ဒီနည်းက အကြောဆေး တစ်လုံး ထိုးတာထက်တောင် တာသွားသေးတယ်၊ သူ့ကို လေးစားတယ်၊ ဂရုစိုက်တယ်၊ ချစ်ခင်တယ်၊ သူ့ကို ဘယ်သူကမှ အထင် မသေးဘူး ဆိုတာကို ပြတဲ့ သဘောပေါ့ဗျာ၊ သူ့လက်ကို ကိုင်လိုက်တာ၊ နာကျင်နေတဲ့ နေရာကို လိမ်းဆေးလေး နည်းနည်း လိမ်းပေးတာ၊ အသာ အယာ နှိပ်ပေးတာလောက် သူ့ကို အားပေး နှစ်သိမ့်တာမျိုး ဘယ်မှာ ရှိမလဲ ဗျာ။

'တချို့ လူနာတွေက ဆိုရင် သူတို့ကို လပေါင်း များစွာ ဘယ်သူမှ လာပြီး လက်နှင့် မထိကြဘူးလို့ ပြောပြကြတယ်၊ ကျွန်တော်တို့ဟာ ဆေး မရှိတဲ့ ရောဂါကြီးကို ကုနေရတယ်ဆိုတဲ့ အဖြစ်ကတော့ တွေးလိုက်တိုင်း ရင်နာစရာ ကောင်းတယ်ဗျာ၊ ကျွန်တော်တို့ အတတ်နိုင်ဆုံး လုပ်နိုင်တာက လူနာကို မသေခင်လေးမှာ သက်သောင့်သက်သာ နေနိုင်အောင် လုပ်ပေးရုံ လေးပဲ တတ်နိုင်တော့တယ်'

ဒေါက်တာ ဒီဟိုးဇစ်က ပြောသည်။

အမျိုးသား သူနာပြု ရွှန် ပီတာဆန်သည် ဗီယက်နမ် စစ်ပွဲကာလ တုန်းက ကမ်းတက်တပ်သား တစ်ဦး ဖြစ်ခဲ့သည်။ သူနာပြု မလုပ်ခင်တုန်းက အက သင်ခဲ့ဖူးသည်။ စိန့်ကလဲယား ဆေးရုံသို့ ရောက်သည့်အခါတွင် လူနာ များကို ကျွမ်းဘား အားကစား အတတ် သင်ပေးရန် သူ စိတ်ကူးရလာသည်။

'ဥာဏ်အလင်း ရသွားသလိုပဲဗျာ၊ သူတို့ဟာ အိပ်ရာပေါ်မှာ လဲနေတဲ့ ကိုယ်တစ်ပိုင်း သေနေတဲ့ လူတွေ မဟုတ်ဘဲ သူတို့ ခန္ဓာကိုယ်ကို အသုံး ပြုလို့ ရပါသေးကလား၊ လှုပ်နိုင် ရှားနိုင်ပါသေးကလား ဆိုတဲ့ အလိုလို သဘော ပေါက် သွားကြတယ်၊ တခြားလူတွေ မပြောနှင့်၊ ဘီးတပ် ကုလားထိုင်နှင့် သွားနေရတဲ့ လူနာတွေကိုတောင် ကျွန်တော် အက သင်ခန်းစာ သင်ပေး တယ်'

ပီတာဆန်သည် ဗီယက်နမ် စစ်ပွဲတုန်းက စိတ်ဓာတ် ကျနေသည့် မသန်မစွမ်း ဒုက္ခိတ များစွာကို မြင်ခဲ့ဖူးသည်။ ထို့ကြောင့် လူနာများကို တတ်နိုင်သမျှ ဖေးမ ကူညီရန် ပို၍ စိတ်ဝင်စား လာခဲ့ခြင်း ဖြစ်သည်။ ထိုမျှ မကပါ၊ သူတို့၏ နေရေးနှင့် သူတို့၏ သေရေး အတွက်လည်း သူ တတ်စွမ်းသမျှ ဆောင်ရွက်ပေးပါသည်။

'ဒီလို နေပျော်အောင် လုပ်ပေးလိုက်တော့ သေသွားတောင်မှ သူတို့ ကိုယ် သူတို့ မုန်းတီး စက်ဆုပ်ပြီး သေသွားတဲ့ အဖြစ်မျိုးတော့ မဖြစ်ဘူး ပေါ့ဗျာ'

ထူးထူးဆန်းဆန်း ဟု ဆိုရမည် ထင်သည်။ အေအိုင်ဒီအက်စ် ရောဂါကို ကြောက်နေကြသည့်တိုင် အေအိုင်ဒီအက်စ် ရောဂါ ကုသရေး အထူးယူနစ်တွင် အလုပ် လုပ်ချင်သူတွေ ဝင်လာမစဲ တသဲသဲ ဖြစ်နေကြသည်။

ဆေးခန်း ကြီးကြပ် ညှိနှိုင်းရေးမှူး အမျိုးသမီးငယ် တယ်ရီမိုင်းလ်က 'ဒီယူနစ်ကို ကျွန်မ ရောက်လာတာကတော့ ဒီရောဂါ တိုက်ဖျက်ရေးမှာ ကျွန်မ ပါသင့်တဲ့ ဝတ္တရား ရှိတယ်လို့ ထင်လို့ပါ၊ ဒီယူနစ်မှာ ပါဝင်ပြီး ကျွန်မ တတ်နိုင်သလောက်၊ တတ်စွမ်းသလောက် လုပ်ရမယ်လို့ ကျွန်မ စိတ်ကူးထားတယ်လေ'

အချို့ကလည်း ကိုယ့်အကြောင်းနှင့် ကိုယ် ထိုယူနစ်ထဲသို့ ဝင်ရောက်လာကြခြင်း ဖြစ်သည်။ အများအားဖြင့်တော့ ကိုယ့်အသိ မိတ်ဆွေ ဆွေမျိုးသားချင်းများထဲတွင် အေအိုင်ဒီအက်စ် ရောဂါရှင်တွေ ရှိသောကြောင့် ဖြစ်သည်။ အချို့မှာ သူတို့တွင်လည်း တစ်နေ့တွင် ထိုရောဂါ ဖြစ်လာနိုင်သည်ဟု သဘောပေါက်ကာ စေတနာ ဝန်ထမ်း ရောက်လာသည့် မိန်းမလျာများ ဖြစ်သည်။

သို့ရာတွင် စိန့်ကလဲယား ဆေးရုံ အေအိုင်ဒီအက်စ် ကုသရေး ယူနစ်သို့ ရောက်လာသည့် လူသစ်များကို လေ့ကျင့် သင်ကြား ပေးရသည်မှာ နည်းနည်းတော့ အခက်အခဲ ရှိသည်။ သူတို့ လုပ်ရမည့် အလုပ်သည် 'သေမည့်သူကို သေအောင် ကူညီ ပံ့ပိုးရသော အလုပ်' ဖြစ်သည်ဆိုသည့် အချက်ကို သူတို့ နားလည်အောင် ပထမ ရှင်းပြရသည်။ အချို့သော သူနာပြုများမှာ လန့်သွားပြီး မကြာမီ ပေါ်မလာတော့ဘဲ ပျောက်သွားကြသည်။ အချို့သော သူနာပြုများမှာလည်း စိတ်တင်းကျပ်မှု များလာသဖြင့် အခြားဌာနသို့ ပြောင်းပေးလိုက်ရသည်။ အချို့မှာလည်း မိန်းမလျာ လူနာများနှင့် တွေ့လိုက်

သည့်အခါကျမှ မိမိကိုယ်တိုင် မိန်းမလျာစိတ် ပေါက်နေကြောင်း သိလာပြီး ထွက်ပြေးကြသည်။ အချို့မှာကား လူနာများကို သံယောဇဉ် တွယ်သွားကြ ကာ လူနာများ သေသည်ကိုပင် မကြည့်ရက်နိုင်အောင် ဖြစ်သွားကြသည်။

'တချို့များ ဆိုရင် လူနာ သေသွားတဲ့ အခန်းကို သွားပြီး နေ့တိုင်း ပန်းစည်း ချတာမျိုးတောင် ရှိတယ်၊ တချို့လည်း မျက်ရည်တွေ ဝဲလို့'

၁၉၈၅ ခုနှစ် ဆောင်းဦးပေါက်သည် စိန့်ကလဲယား ဆေးရုံတွင် တော်တော် အသေအပျောက် များသည့် အချိန် ဖြစ်သည်။ တစ်ခါတွင်မူ တစ်ပတ်တည်းမှာပင် အေအိုင်ဒီအက်စ် လူနာ လေးယောက် ပျက်စီးသွားခဲ့ သည်။

'အဲဒီတုန်းကတော့ ဌာန တစ်ခုလုံး စိတ်လည်း မကောင်းကြဘူး၊ စိတ်ဓာတ်လည်း ကျသွားကြတယ်၊ အခြေအနေက တဖြည်းဖြည်း ဆိုးလာတဲ့ ပုံစံပဲ' ဟု တယ်ရီမိုင်းလ်က ပြောသည်။

ဗီယက်နမ် စစ်ပွဲ ကမ်းတက် တပ်သားဟောင်း ဖြစ်သည့် ပီတာဆန် မှာမူ ပို၍ အခြေအနေ ဆိုးသည်။ လူနာတွေ အသေအပျောက် များသဖြင့် စိတ်ဓာတ် ချောက်ချားသွားကာ စိတ်ကုဆရာဝန်ထံ သွားပြရသည် အထိ ဖြစ်သည်။

'ဒီလို အခြေအနေမျိုးကို ရောက်ရင် ကိုယ့်ရင်ထဲမှာ ခံစားနေရတာ တွေကို တစ်ယောက်ယောက်ဆီမှာ အန်ထုတ်လိုက်ရတယ်၊ ဒီလိုမှ မဟုတ်ရင် ကိုယ့်စိုးရိမ်မှုတွေကို လူနာတွေကို သွားပြောမိပြီး လူနာတွေမှာ မဖြစ်သင့် တာတွေ ဖြစ်ကုန်တတ်တယ်'

ဆေးခန်း ကြီးကြပ် ညှိနှိုင်းရေးမှူး တယ်ရီမိုင်းလ်သည် သူ့ဌာနတွင် ထိုသို့သော ပြဿနာများ မပေါ်ပေါက်စေရန် အတွက် သူနာပြုများအား အချင်းချင်း ကုသရေး အဖွဲ့ကလေးများ ဖွဲ့ပေးပြီး ဆွေးနွေးပွဲများ လုပ်ပေး ရသည်။ ထိုဆွေးနွေးပွဲများသို့ တက်ရောက်ပြီး မိမိတို့ နစ်နာချက်များကို ထုတ်ဖော် ပြောဆိုနိုင်သည်။ လူနာ တစ်ယောက်နှင့် ပတ်သက်၍ တွေ့ရသည့် အခက်အခဲများကို ဖွင့်ဟ တိုင်ပင်နိုင်သည်။ မိမိတို့ ခံစားချက်များကို တင်ပြ နိုင်သည်။

'ကိုယ့်ခံစားချက်တွေကို ဒီလို ထုတ်ဖော် ပြောဆိုခွင့်ရတာ၊ ထင်မြင် ချက်ချင်း ဖလှယ်ခွင့်ရတာ၊ ကိုယ့် အချင်းချင်း အားပေးခွင့် ရတာတွေဟာ အလွန်ကို အဖိုးတန်ပါတယ်၊ ဆွေးနွေးပွဲလေးတွေ လုပ်ပေးတော့ ဒီလို အခက်

အခဲ ဒီလို ခံစားချက်တွေကို ကြုံတွေ့နေရတာဟာ ကိုယ်တစ်ယောက်တည်း မဟုတ်ပါလား ဆိုတာ နားလည်လာတယ်'

လူမည်း သူနာပြု အမျိုးသမီး ဂလိုရီယာ တေလာက ဝန်ခံသည်။

ဂလိုရီယာသည် မူလတုန်းက နယူးယောက်ရှိ အဓိကရ ဆေးရုံကြီးများမှ နှလုံးခွဲစိတ်မှု အရေးပေါ် ယူနစ်များတွင် အလုပ် လုပ်ခဲ့သည်။ ယခုမူ သူသည် စိန့်ကလဲယား ဆေးရုံတွင် အဓိက ဒေါက်ကြီး တစ်ဒေါက် ဖြစ်နေပြီ။ ရက်ရောသော ရင်အုံ၊ အမြဲတမ်း ပြုံးနေသော အပြုံးနှင့် တောင်ပိုင်းသံ ဝဲဝဲတို့ကြောင့် ဂလိုရီယာသည် ပြည်တွင်း စစ်မတိုင်မီ ဝါခင်းတွေထဲက လူမည်း ဇာတ်ဆောင် တစ်ဦးနှင့် တူနေသည်။ အလုပ်ကို လုပ်ရာ၌ စိတ်အား ထက်သန်ခြင်းနှင့် ကြင်နာ သနားခြင်း အရာတွင် သူ့ကို မည်သူမျှ မီဖွယ်မမြင်။

ဂလိုရီယာသည် ဆင်းရဲသည့် ဆွေမျိုး နောက်ခံမှ လာသူ ဖြစ်သည်။ သူသည် သေအံ့ဆဲဆဲ လူနာများအား ဂုဏ်သိက္ခာရှိရှိ သေနိုင်ရေး အတွက် ကူညီရန် မနက်တိုင်း ဆေးရုံသို့ ရောက်လာတတ်သည်။ အေအိုင်ဒီအက်စ် ရောဂါသည် သူ အချစ်ဆုံးသော ကလေး ဘဝက မိတ်ဆွေ တစ်ယောက်ကို လုယူသွားခဲ့ပြီ။

'သူက ကျွန်မရဲ့ မွေးစား မောင်လေးလေ၊ အမေက သူ ငယ်ငယ် ကလေး ကတည်းက သားအဖြစ် မွေးစားခဲ့တာ၊ သူက မိန်းမလျာရယ်၊ ဒါပေမယ့် ကျွန်မတို့ အဖို့တော့ သူ့ကို ချစ်မြဲ ချစ်နေတာပဲ'

သူ့မွေးစား မောင်လေး သေတော့မည်ကို သိသည့်အခါ၌ ဂလိုရီယာသည် သူ အလုပ်လုပ်နေသည့် ဆေးရုံသို့ တင်လိုက်သည်။ ဂလိုရီယာသည် သူ၏ မောင်လေးကို ကောင်းမွန်စွာ ဆက်ဆံခြင်းပြုရန် ကျားမ တစ်ကောင်လို ဒေါသတကြီးဖြင့် တိုက်ပွဲဝင်သည်။

'ဒါပေမယ့် ဘာမှန်းမသိတဲ့ ရောဂါကြီး ဖြစ်နေတဲ့ အခါကျတော့ သူ့ကို ပလိပ်ရောဂါ ဖြစ်နေတဲ့ လူလိုပဲ ဆက်ဆံကြတယ်လေ'

ထိုသို့သော အခြေအနေမျိုးတွင် သူ ဆုံးပါးသွားသည့် အခါတွင် ဂလိုရီယာ အများကြီး စိတ်ထိခိုက်ရသည်။ စိတ်ထိခိုက်လွန်းသဖြင့် သူနာပြု ဝတ်စုံကိုပင် မီးရှို့ ပစ်လိုက်ချင်သည်။ ထိုအချိန်လောက်တွင် စိန့်ကလဲယား ဆေးရုံကြီး၌ အေအိုင်ဒီအက်စ် ကုသရေး ယူနစ်တစ်ခု ဖွင့်တော့မည် ဟူသော

ကြော်ငြာ တစ်ခုကို သတင်းစာထဲတွင် ဖတ်လိုက်ရသည်။

ဂလိုရီယာသည် ဆေးရုံရှိရာသို့ အပြေးအလွှား ရောက်လာခဲ့သည်။

'ကျွန်မ မောင်လေး ရမသွားတဲ့ အာမခံချက်မျိုး၊ သနား ကြင်နာမှု မျိုးကို အဲဒီ လူနာတွေကို ကျွန်မ ပေးချင်တယ်လေ'

ထို့နောက်မှ စ၍ သူ ပြုစုရသည့် လူနာ မှန်သမျှသည် သူ့မောင်လေး များ ဖြစ်လာခဲ့ကြသည်။ လူနာသစ်များကို ဆီးကြိုလက်ခံကာ သူတို့ကို နေသားတကျ ဖြစ်အောင်၊ စိတ် ကြည်ကြည်လင်လင် ဖြစ်အောင် လုပ်ပေး ရာတွင် ဂလိုရီယာသည် ပါရမီ ထူးချွန်သူ ဖြစ်ပေသည်။

'ကျွန်မ ဂလိုရီယာပါ၊ တွေ့ရလို့ရော ပြုစုခွင့် ရတဲ့ အတွက်ရော ဝမ်းသာပါတယ်၊ ကျွန်မကို ခေါ်ရင် ဂလိုရီယာလို့ပဲ ခေါ်ပါ၊ နောက်တော့ ခေါ်နေကျ ဖြစ်ပြီး နှုတ်ကျိုးသွားမှာပါ'

ဂလိုရီယာက ပြောသည်။ သူက 'သေလု ဆဲဆဲမှာ မစွတာတွေ၊ မစ္စ တွေ ဘယ်ခေါ် နေနိုင်မှာလဲရှင်' ဟု ဂလိုရီယာက လုပ်ဖော်ကိုင်ဖက်များကို ပြောတတ်သည်။

ထိုသို့ ပွင့်လင်း ရင်းနှီးသဖြင့် ဂျစ်ကန်ကန်နိုင်သူ၊ မယုံသင်္ကာ ဖြစ် တတ်သူများပင်လျှင် ဂလိုရီယာနှင့် ဆိုလျှင် အဆင်ပြေနေတော့သည်။

ထိုဆောင်းဦးပေါက်၌ စေတနာကောင်း စိတ်ကောင်း ရှိ၍ အပြုစု ကောင်းသည့် သူနာပြုကောင်း ဂလိုရီယာသည် စိန့်ကလဲယား ဆေးရုံမှ ခြောက်အိပ်မက်ကို အထိုက်အလျောက် လွင့်ပြယ်စေခဲ့သည်။

အခက်ခဲဆုံးသော လူနာများကို သူ့အတွက် သီးသန့် ချန်ထားသည်။ ဥပမာအားဖြင့် အသက် ၂၈ နှစ်ရှိ အိမ်ခန်း ပြင်ဆင်သူ ဒီမီယန်းလို လူနာ မျိုး ဖြစ်သည်။ ဒီမီယန်း၏ ဦးနှောက်မှာ အေအိုင်ဒီအက်စ် ရောဂါကြောင့် တဖြည်းဖြည်း လိုက်စားနေလေပြီ။

'တော်တော်တော့ အံ့သြဖို့ကောင်းတဲ့ လူရှင်၊ ခေါင်းကလည်း မာ သလား မမေးနှင့်၊ လားတစ်ကောင် ကျနေတာပဲ၊ တစ်ခါတလေ တံခါးပိတ် ပြီး တစ်နေ့လုံး အခန်းအောင်းနေတယ်၊ စကားလည်း တစ်လုံးမှ မပြောဘူး၊ ထမင်းစားမယ် ဆိုရင် ဇွန်းခက်ရင်းကို ဘယ်လို ကိုင်ရမယ် ဆိုတာကိုတော့ သိတယ်ရှင့်၊ ဒါပေမယ့် အဲဒီ ဇွန်းခက်ရင်းကို ပါးစပ်ဆီ ယူသွားရမယ် ဆိုတာကိုတော့ သူ မသိတော့ဘူး၊ ကျွန်မမှာ သူ့ပါးစပ်ထဲ ထမင်းတစ်လုတ် ရောက်အောင် လုပ်ရတာကိုက ပြဿနာကြီး တစ်ခု၊ တကယ်တော့ သူ့

ပါးစပ်ထဲကို ထမင်းလေး တစ်လုတ် ရောက်သွားတာ၊ အရည်လေး တစ်ကျိုက်လောက် ရောက်သွားတာကိုက ရောဂါကို အနိုင်တိုက်ရတဲ့ ကုသနည်းတစ်မျိုး ဖြစ်နေတယ်၊ သူ့ကို ထမင်း ကျွေးချိန် ရောက်ပြီဆိုရင် သူ့ အိပ်ရာစွန်းမှာ ထိုင်ပြီး သူနှင့် စကားစမြည် ပြောလိုက်၊ အစားလေး တစ်လုတ်လောက် စားအောင် ချော့လိုက်၊ သူနှင့် ကစားလိုက် လုပ်နေရတယ်၊ အဲဒီလောက် စိတ်ရှည်ရှည် ထားမှ အိုက်စ်ကရင်လေး တစ်ဇွန်းလောက်၊ ဒိန်ချဉ်လေး တစ်ဇွန်းလောက်ပဲ ဝင်တယ်'

စိန့်ကလဲယား ဆေးရုံမှ ဆရာ ဆရာမများသည် လူနာကို အစား အစာလေး နည်းနည်း စားအောင် မနည်း အားထုတ်ကြရသည်။ ဆေးရုံခန်း အပြင်ဘက် စင်္ကြံပေါ်တွင် စွပ်ပြုတ်၊ အိုက်စ်ကရင်၊ ဟင်းရွက်သုပ်၊ အချိုပွဲနှင့် အခြား စားသောက်ဖွယ်တို့ကို သူတို့ မြင်သာအောင် ခင်းကျင်း ပြသထားရသည်။ နေ့ညမဟုတ် စားချင်စိတ် ပေါ်လာလျှင် အဆင်သင့် ကျွေးနိုင်အောင် မြူဆွယ်ထားရခြင်း ဖြစ်သည်။

တစ်နေ့မနက်တွင် ဂလိုရီယာသည် ဒီမီယန်း၏ အခန်းထဲသို့ ဝင်လာခဲ့သည်တွင် အိပ်ရာပေါ်တွင် ထိုင်ပြီး မစင်များကို အားရပါးရ စားနေသော ဒီမီယန်းကို တွေ့ရသည်။

'ကျွန်မ နှလုံးသားဟာ အခုန် ရပ်သွားတယ်လို့ ထင်လိုက်ရတယ်ရှင်၊ စကားလည်း မပြောနိုင်ဘူး၊ ဘာမှလည်း မလုပ်နိုင်တော့ဘူး၊ သူ့ကို ကြောင်ကြည့်ပြီး ငူငူကြီး ရပ်နေမိတယ်၊ နောက်တော့ ကျွန်မက ဘယ့်နယ်လဲ၊ စားလို့ ကောင်းရဲ့လားလို့ မေးလိုက်တယ်၊ ဒီပြင် ဘာပြောနိုင်မှာလဲ၊ ဒါပဲ ပြောရတော့မှာပေါ့၊ သူက ကျွန်မကို မလုံမလဲနှင့် လှမ်းကြည့်ပြီး သိပ်ကောင်းတာပဲ လို့ ပြောတယ်ရှင့်၊ စားပြီးတော့ အိပ်ရာခင်းကို ယူပြီး ပါးစပ်ကို သုတ်နေတယ်၊ ပြီးတော့ သူ့လက်တွေနှင့် ပန်းကန်ပြားကို ပြောင်အောင် ကျကျနန သုတ်သေးတယ်ရှင့်၊ တကယ့် လူကောင်း အတိုင်းပဲ၊ ပြီးတော့ ကျွန်မကို ပြုံးပြုံးကြီး ကြည့်နေတယ်၊ ကျွန်မ စူးရှူးဝါးဝါး အော်ဟစ် ပစ်လိုက်ချင်တယ်၊ ဒါပေမယ့် ကျွန်မ ပါးစပ်က ဘာသံမှ ထွက်မလာဘူးရှင့်၊ မျက်လုံးထဲက မျက်ရည်တွေသာ စီးကျ လာတော့တာပါပဲ၊ ကျွန်မ မောင်လေးကို သွက်သွက်ခါ ရှူးသွားအောင် လုပ်လိုက်တဲ့ အဲဒီ ဗိုင်းရပ်စ်ကိုလည်း ကျိန်ဆဲမိတယ်'

ထိုနှစ် ဆောင်းဦးပေါက်က စိန့်ကလဲယား ဆေးရုံမှ ဂလိုရီယာနှင့် သူ့ လုပ်ဖော် ကိုင်ဖက်များသည် ဒေါက်တာ ရောဘတ် ဂါလို နှင့် ဒေါက်တာ လတ် မွန်တိန်းနီးယားတို့ တွေ့ရှိခဲ့သည်ဟု ကြေညာခဲ့ကြသော ထိုမကောင်း ဆိုးရွား ဗိုင်းရပ်စ်ပိုးအား ကျိန်ဆဲရမည့် အဖြစ်များစွာကို တွေ့ခဲ့ကြရသည်။ ဆေးစွဲ လူနာ ဦးရေ တိုးလာသည်နှင့် အမျှ စိန့်ကလဲယား ဆေးရုံတွင် ပြဿနာတွေ လည်း တိုးလာခဲ့သည်။ ဆိပ်ကမ်း အလုပ်သမား ရန်ဒီ ကဲ့သို့ပင် ဆေးစွဲ လူနာ များစွာတို့သည် အကျဉ်းထောင်များထဲတွင် ကာလ ကြာရှည်စွာ နေခဲ့ကြရသူများ ဖြစ်သည်။

ဂလိုရီယာက 'ဆေးစွဲသူနှင့် လိင်တူ ဆက်ဆံသူက ဖြစ်ပုံချင်း မတူကြဘူးရှင့်၊ ဆေးစွဲသူက သူတို့ရောဂါကို ဝန်မခံဘူးရှင့်၊ သူတို့အဖို့ အရေးကြီးတာ တစ်ခုပဲ ရှိတယ်၊ အဲဒါကတော့ သူတို့အတွက် မူးယစ်ဆေးပဲ လိုချင်တယ်၊ တခြား ဘာမှ မလိုချင်ဘူး၊ သူတို့ကို ဆေးထိုးအပ်နှင့် သွား မထိုးနှင့်၊ ဆေးထိုးအပ်နှင့် သွားထိုးရင် ချက်ချင်း သေသွားနိုင်တယ်လို့ ပြောရင် ကိစ္စ မရှိဘူးတဲ့၊ သေချင် သေပေ့စေတဲ့။

'သူတို့ကို ကုတော့မယ်ဆိုရင် ပထမ သူတို့ကို အဆိပ်ပြေဆေးတွေ ထိုးပေးရတယ်၊ မူးယစ်ဆေး အာနိသင် မပြယ်တဲ့ လူနာကို ဆေးရုံမှာထားဖို့ ဆိုတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူးလေ၊ အေအိုင်ဒီအက်စ် ရောဂါ ဖြစ်လည်း သူဟို့က ဂရုမစိုက်ဘူး၊ သူတို့ လိုချင်တာက မူးယစ်ဆေးပဲ၊ ဒီတော့ သူတို့ကို မူးယစ်ဆေး ရအောင် လုပ်ပေးနေတဲ့ လူတွေနှင့် သူတို့ကို အဆက် ပြတ်အောင် လုပ်ရတယ်၊ တစ်ခါတလေမှာ သူတို့ကို သီးခြား ပိတ်လှောင် ထားရတယ်၊ တစ်ခါတလေမှာ သူတို့ထိုးတဲ့ မူးယစ်ဆေး ပြယ်အောင်၊ ဒါမှမဟုတ် အဆိပ် ပြေသွားအောင် သုံးလေးပတ်လောက် စောင့်ရတယ်၊ ဒါကတော့ လူနာမှာ မူးယစ်ဆေး ဘယ်လောက် ဝင်နေသလဲ ဆိုတာပေါ်မှာ တည်တာပေါ့လေ၊ တစ်နေ့ကို ဒေါ်လာ ၄၀၀ ဖိုးလောက် ဆေးမှိုဝဲတဲ့ လူနာ မျိုး ဆိုရင်တော့ ပိုပြီး ကြာတာပေါ့၊ ခက်တာက ချက်ချင်း မူးယစ်ဆေး ပြေသွားအောင် လုပ်လို့လည်း မဖြစ်ဘူး၊ အခန့်မသင့်ရင် သေသွားနိုင်တာကိုး၊ မူးယစ်ဆေး ချက်ချင်း ဖြတ်ပစ်လိုက်ရင် လူနာက ချွေးတွေ သီပ်ထွက်တယ်၊ ကယောင်ကတမ်း ဖြစ်မယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ် ပေါက်လာ

တယ်၊ ဒါကြောင့် သူ့ကိုကို မူးယစ်ဆေး ဖြတ်တော့ အစားထိုး ဆေးဝါး တစ်မျိုးမျိုးနှင့် ဖြည်းဖြည်း ဖြတ်ရတယ်။

'တချို့လည်း ဥာဏ်သမားတွေ ရှိသေးတယ်ရှင့်၊ မူးယစ်ဆေးလည်း ဖြတ်လိုက်ရော သေတော့မယ့်ပုံမျိုး ဟန်ဆောင်တတ်ကြတဲ့ လူမျိုးတွေ၊ ဒါမှ မဟုတ်ရင်လည်း ဆေးဖြတ်လိုက်တဲ့ အတွက် တခြား ရောဂါ တစ်ခုခု ဖြစ်သွားတဲ့ ပုံမျိုးတွေ လုပ်တတ်ကြသေးတယ်၊ ဒါပေမယ့် ဒီက ကောင်မက ဒါမျိုးတွေ နောကျေနေပြီလေ၊ ဘယ်ရမလဲ။

'မှတ်ထားတယ်၊ တစ်ခါတော့ လူနာတစ်ယောက်က ချက်ချင်း ဆေး ဖြတ်လိုက်လို့ သိပ်ကို အန်နေတယ်တဲ့၊ ဒါနှင့် ရှင် အန်တာ ဘယ်မှာလဲ ပြစမ်း လို့ ပြောတယ်၊ ဒီတော့ သူက မျက်နှာသေကလေးနှင့် ဆရာမရယ် အိမ်သာထဲမှာ အန်တာ၊ ရေနှင့် ဆွဲချလိုက်ပြီပေါ့ တဲ့၊ ဘာ အိမ်သာထဲမှာ သွားအန်ရမှာလဲ၊ ရှင် အိပ်ရာပေါ်က မထနိုင်လို့ လဲနေတာ ခြောက်ပတ် ရှိပြီ၊ ဒီနေ့မှ ချက်ချင်း ဘယ်လိုလုပ်ပြီး အိမ်သာကို ထသွား နိုင်ရတာလဲ လို့ မေးတော့ တကယ်ပါ ဆရာမရယ်၊ ကျွန်တော်ကိုယ်တိုင် အိမ်သာကို အနိုင်နိုင်သွားပြီး အန်ခဲ့တာပါလို့ ပြောတယ်ရှင့်။

'သူ့တစ်ကိုယ်လုံး ကြည့်လိုက်တော့ ကာပိုဆီ ဆာကိုးမားကြောင့် အညိုကွက်ကြီးတွေ ဗရဗွထလို့၊ ရေယုန်ဖြစ်လို့ မျက်ကြည်လွှာ တစ်ဝက် လည်း စားသွားပြီ၊ မျက်စိ ကွယ်သလောက် ဖြစ်နေပြီ၊ အခြေအနေကလည်း နောက်နေရရင် သုံးလပေါ့၊ ကျွန်မတို့က သူ့ကို အေအိုင်ဒီအက်စ် ရောဂါကို ကုသပေးတော့ သူ ဘာလုပ်တယ် မှတ်သလဲ၊ ရယ်တယ်ရှင်ရေ၊ ရယ်တယ်၊ သူက သူ့ကို ကုမနေနှင့်တော့တဲ့၊ သူ့ကို မူးယစ်ဆေးသာ ပေးပါတဲ့၊ အဖေတို့ အမေတို့ လာတော့လည်း အဲဒါကိုပဲ တောင်းနေတယ်'

ဒီနှစ် ဆောင်းဦးပေါက်က သူ ကြည့်ရှု ပြုစု စောင့်ရှောက်ခဲ့ရသည့် မူးယစ်ဆေးစွဲ လူနာများထဲတွင် သူ့ကို ဒုက္ခ အပေးဆုံးမှာ ဆင်ဆင် အကျဉ်း ထောင်ထဲမှ လာသည့် ဆိပ်ကမ်း အလုပ်သမားဟောင်း ရန်ဒီ ဖြစ်သည်။ သူ၏ အော်သံကြီးများနှင့် ညစ်ညမ်းစွာ ဆဲရေး တိုင်းထွာသံများသည် စိန့် ကလဲယား ဆေးရုံကြီး စင်္ကြံ တစ်လျှောက်တွင် ကြောက်ဖွယ် ပတ်ဝန်းကျင် ကြီး တစ်ခုကို ဖန်တီးနေသကဲ့သို့ ရှိသည်။

ဂလိုရီယာက ရန်ဒီ အကြောင်းကို ဤသို့ ပြောပြသည်။

'အဲဒီ အချိန်ကျတော့ ရန်ဒီရဲ့ ကိုယ်အလေးချိန်ဟာ ပေါင် ၁၀၀

လောက်ပဲ ရှိတော့တယ်ရှင့်၊ ဒါပေမယ့် အားကတော့ ကောင်းတုန်းပဲ ရှင်ရေ၊ ဟာကျူလီ ကျနေတာပဲ၊ ကျွန်မ သူ့အနား ရောက်သွားတိုင်း ကျွန်မကို ကုတ်ခြစ်ဖို့ ပါးစပ်နှင့် ကိုက်ဖို့ တကဲကဲ လုပ်နေတယ်၊ သီတင်း ခြောက်ပတ် လောက်ကျော်တော့ ကျွန်မ တော်တော် ဟန်ကျသွားတယ်၊ သူ့ကို ချော့မော့ ဖျောင်းဖျခဲ့တာ အဲဒီ အချိန်ကျတော့ သိုးကလေး တစ်ကောင်လို ဖြစ်သွား တယ်ရှင့်၊ သူ့တစ်သက်မှာ တစ်ခါမှ မတွေ့ဖူး မကြုံဖူးတဲ့ အဖြစ်ကို သူ သဘောပေါက်သွားအောင် ကျွန်မ လုပ်နိုင်ခဲ့တာကိုး၊ အဲဒါကတော့ သူ့မှာ ချစ်ခင်သူ၊ ဂရုစိုက်သူ ရှိပါသေးသလား ဆိုတဲ့ အသိပဲ။

'ကျွန်မ သူ့ကို ဘီးတပ် ကုလားထိုင်ပေါ် တင်ပြီး တစ်ခန်းပြီး တစ်ခန်း ခေါ်သွားတယ်၊ ခဏနေတော့ ဆေးရုံ ဝန်ထမ်းတွေထဲမှာရော၊ လူနာတွေ ထဲမှာရော မိတ်ဆွေသစ်တွေ တွေ့လာတယ်လေ၊ သူက ကျွန်မကို ဆရာမလို့ ခေါ်တယ်၊ သူဟာ လူနာတွေထဲမှာ ချစ်စရာ အကောင်းဆုံး လူနာ တစ်ယောက် ဖြစ်လာတယ်၊ သူ သေမယ် ဆိုတာ သိတော့ နည်းနည်းကလေးမှ စိတ်မကောင်း ဘူး၊ သူကလည်း သူ သေမယ် ဆိုတာ သိနေတယ်လေ၊ သူ့ မိတ်ဆွေ နှစ် ယောက် မချိမဆံ့ သေသွားတာ သူ မြင်ခဲ့ရတာကိုး၊ ကျွန်တော် ဒီလို မသေ ချင်ဘူးဗျာလို့ ပြောရှာတယ်။

'တစ်မနက်တော့ ကျွန်မ လက်ကို သူ ကိုင်ပြီး ဆရာမရယ် ကျွန်တော့် အခန်းထဲမှာ ညေ့ခံပွဲလေး တစ်ခုလောက် လုပ်ပေးပါလားတဲ့၊ ကျွန်တော့် မိတ်ဆွေတွေကိုလည်း ဖိတ်ချင်တယ်တဲ့၊ သူတို့အားလုံးကို ကျွန်တော် နှုတ် ဆက်သွားချင်တယ်တဲ့။

'သူ့မှာ နှစ်နှစ် သမီးကလေး တစ်ယောက် ရှိတယ်၊ သမီးလေးကို သံတိုင်ကြားကနေပြီး တစ်ခါသာ မြင်ဖူးသေးတယ်၊ အဲဒီ သမီးကလေးအတွက် ကစားစရာ အရုပ်ကလေးတွေ ဝယ်ပေးပါလို့ ကျွန်မကို ပြောတယ်၊ ပြီးတော့ သူ့ မိဘတွေကိုလည်း တွေ့ချင်တယ်တဲ့၊ ပထမဆုံး ဖောက်ထွင်းမှုကြောင့် သူ ထောင်ကျခဲ့တော့ သူ့မိဘတွေနှင့် မတွေ့ရတာ ၁၅ နှစ် ရှိပြီတဲ့၊ ပြီးတော့ ဆင်ဆင် အကျဉ်းထောင်ကြီးက သူနှင့်ခင်တဲ့ ထောင်မှူး တစ်ယောက်ကိုလည်း အဖိတ်ခိုင်းတယ်။

'အဲဒီတုန်းက နာတာလူး ပွဲတော်ကလည်း နီးနေတော့ သူ့မိဘတွေ ဆီက လက်ဆောင် ရောက်လာမှာပဲလို့ ကျွန်မက ပြောတယ်၊ ဒီတော့ သူက ဘယ်လို လက်ဆောင်မျိုး ဖြစ်မယ် ထင်သလဲတဲ့။

'ကျွန်မက သိပ် ဘာသာတရား ကိုင်းရှိုင်းတဲ့ သူတစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမယ့် ဘုရားဆီမှာ ဆုတောင်းဖို့၊ ဘာသာတရား ကိုင်းရှိုင်းဖို့ လူနာတွေကို အမြဲ အားပေးတတ်ပါတယ်၊ သူနာပြု ရုံးခန်းမှာ ဘုရားရှိခိုးကျောင်းက ဘုန်းကြီးကို ပင့်ချင်တဲ့ လူနာတွေရဲ့ စာရင်းတစ်ခု ရှိတယ်၊ သူတို့ နာမည်တွေရဲ့ ရှေ့မှာ ကက်သလစ် ဘာသာဝင် ဆိုရင် စီ၊ ပရိုတက်စတင့် ဘာသာဝင် ဆိုရင် ပီ၊ ဟီဘရူး ဘာသာဝင် ဆိုရင် အိတ်ချ် ဆိုပြီး အမှတ်အသား လုပ်ထားတယ်၊ အဲဒီ စာရင်းကို ကျွန်မတို့က ဘုန်းကြီး စာရင်းလို့ ခေါ်ကြတယ်။

'ဒီတော့ သူက သူ့အနေနှင့် ဘာလက်ဆောင် ပေးရမလဲလို့ မေးတော့ အကောင်းဆုံးကတော့ သူ့မိဘတွေ မရောက်ခင် ဘုရား ရှိခိုးကျောင်းက ဘုန်းကြီးတစ်ပါး ပင့်ထားတာဟာ မိဘတွေကို အကောင်းဆုံး လက်ဆောင်ပေးတာပေါ့လို့ ကျွန်မက ပြောလိုက်တယ်၊ မိဘတွေ ရှေ့မှာ ရှင့်ကို ဘုန်းကြီးက ဘုရားဆီ၊ တရားဆီနှင့် သုတ်ပေးရင် ပိုကောင်းတာပေါ့လို့လည်း ပြောလိုက်တယ်၊ သူကလည်း ကောင်းတယ်တဲ့၊ မိဘတွေကို ပေးစရာ ဒီထက်ကောင်းတဲ့ လက်ဆောင် ဘယ် ရှိတော့မလဲလို့ ပြောတယ်။

'အဲဒီ ညေ့ခံပွဲ လုပ်တဲ့နေ့ ရောက်တော့ သူ့ခုတင်ဘေးမှာ ညေ့သည် ၂၀ လောက် လာကြတယ်၊ တချို့က ကိတ်မုန့်တွေ ယူလာကြတယ်၊ တချို့က ပန်းစည်းတွေ ယူလာတယ်၊ တချို့ကလည်း ပူဖောင်းတွေနှင့် ပန်းကုံး တွေ ယူလာကြတယ်၊ တစ်ယောက်မှာတော့ တိပ်ရီကော်ဒါလေး တစ်လုံး ပါလာတယ်၊ အခန်း တစ်ခန်းလုံး ဂျက်ဇ် ဂီတသံတွေနှင့်ပေါ့။

'ရန်ဒီက ညေ့ခံနေရင်း အသက်ရှုရတာ တဖြည်းဖြည်း ကျပ်လာတယ်၊ ကိုယ်လက် လှုပ်တာတောင် မနည်း အားယူ လုပ်နေရတယ်၊ ဒါပေမယ့် သူ့ မျက်နှာကတော့ ကြည်လို့ရှင့်။

'ဘုန်းတော်ကြီးက တရားစာကို ရွတ်ပြီး ဘုရားဆီ၊ တရားဆီ ဆွတ်ထားတဲ့ ဂွမ်းစကလေးနှင့် သူ့နဖူးပြင်မှာ လက်ဝါးကပ်တိုင် သင်္ကေတန် ကြက်ခြေ ခတ်ပြီး တို့ပေးတယ်၊ အမေက စိတ် မထိန်းနိုင်တော့ဘဲ ငိုပါရော ရှင်၊ ခဏနေတော့ သူလည်း အခန်းထဲက ထွက်သွားတယ်။

'ရန်ဒီဟာ ခရီးတစ်ခု ထွက်ခါနီးမှာလို တစ်ယောက်ချင်းကို နှုတ်ဆက်နေတယ်ရှင့်၊ ကျွန်မက သူ့သမီးလေးကို သူ့ ခုတင်ပေါ် တင်ပေးတော့ သူ့သမီးလေးရဲ့ ပါးကို အရေရွံ့တွ ကြဲလိုနေတဲ့ သူ့ လက်ဖဝါးတွေနှင့် ပွတ်

ပေးနေတယ်၊ သူ့ကြည့်ရတာ တော်တော့်ကို စိတ်ချမ်းမြေ့နေပုံပဲ။

'အဲဒီလို နေတုန်းမှာ ရောဂါက ရုတ်တရက် ဖောက်လာပါရော ရှင်၊ အသက် ရှူတာကလည်း မမှန်တော့ဘူး၊ ကျွန်မက အောက်ဆီဂျင် မျက်နှာဖုံးကို တပ်ပေးတယ်ရှင့်၊ ဒါပေမယ့် သူက ဖယ်ပစ်လိုက်တယ်၊ ပြီးတော့ သူက ပြုံးပြတယ်၊ သူ့ မျက်လုံးတွေဟာ သူ့အမေကို လိုက်ရှာနေကြတယ်၊ အမေကို မတွေ့တော့ သူ့အနားကို လာဖို့ ကျွန်မကို လက်ပြတယ်။

'ဆရာမရယ်၊ ဆရာမ လက်ကို ပေးစမ်းပါတဲ့၊ လေသံ သဲ့သဲ့ကလေးနှင့် ပြောတယ်။

'သူ့ကို ကြည့်ရတာ တော်တော် ကျေနပ်သွားတဲ့ ပုံပဲ။

'နောက်ဆုံး ပြကွက်အပြီး ဇာတ်စင်ပေါ်မှာ ကန့်လန့်ကာ ချသလို သူ့ မျက်လုံးပေါ်ကို မျက်ခွံ တဖြည်းဖြည်း ဖုံးသွားတာကို ကျွန်မ ကြည့်နေမိတယ်၊ ဗိုင်းရပ်စ်ပိုးဟာ ကျွန်မ မောင်လေး တစ်ယောက်ကို ခေါ်သွားပြန်ပြီလေ'

[ ၅၁ ]

**အဖြစ်ဆိုးကြီး တစ်ခုကို ရှောင်လွှဲရန် အတွက်**

**ဟဲရင်း ငါးသုက်သွေး ပေါင်တစ်ရာ။**

**သုတေသန ကြိုဂံပန်းခြံ၊ ဘာသီးစ်ဒါး၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၅ ခုနှစ် ဆောင်းဦးပေါက်။**

ဖြစ်ပုံက အဆန်းတကြယ် အဖြစ်နှင့် တူသည်။

၁၉၈၅ ခုနှစ် ဇူလိုင်လ ကတည်းက အကျိတ်ဗေဒ ပါရဂူ ဆမ်ဘရိုးဒါးသည် သူ့ဆေးရုံရှိ လူနာ ၁၉ ယောက်တို့ကို အေဇက်တီ ဆေးဖြင့် စမ်းသပ်ကုသကြည့်သည်။ ထို့နောက်တွင်မူ ဘာဘရာသည် သူ့ယောက်ျား ဝယ်ပေးမည်ဟု ပြောခဲ့သော သားမွေး ဝတ်ရုံလည်း ရပြီ။ သူနာပြု အလုပ်ကိုပင် ပြန်လုပ်နိုင်နေပြီ။ မျှော်လင့်ချက်တွေ အများကြီး ရှိနေသည်။ သို့ရာတွင် ဆေးသိပ္ပံပညာတွင်မူ ယခုလို အဆန်းတကြယ် ဖြစ်သွားသည့် ကိစ္စလောက် စိတ်မချစရာ ကောင်းသည့် အရာဆို၍ ဘာမျှ မရှိ။

'ဒီလို အစ ကောင်းတာလေးကို ကြည့်ပြီး ကျေနပ် မနေကြနှင့်ဦး၊ တကယ့် အခြေအနေမှန်ကို မျက်ခြည်မပြတ်ဖို့ လိုတယ်၊ ဗိုင်းရပ်စ်ပိုး ကူးစက်ရောဂါနှင့် ပတ်သက်လို့ ခုထိ ကျွန်တော်တို့ စမ်းတဝါးဝါး လုပ်နေကြတုန်းပဲ ရှိသေးတယ်၊ ခု အောင်မြင်မှုဟာ ကြီးကျယ်တဲ့ အောင်မြင်မှု ဖြစ်တာ မှန်ပေမယ့် ကျေနပ်နေလို့ မဖြစ်သေးဘူး'

ဘာရှိ ဝဲလ်ကမ်း ကုမ္ပဏီမှ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ ဒေါက်တာ ဒေးဗစ် ဘယ်ရီက သတိပေးသည်။ ဒေါက်တာ ဘယ်ရီသည် ယေးလ်တက္ကသိုလ်တွင် ဆေးကျောင်း တက်ခဲ့စဉ်က အဖြစ်အပျက် တစ်ခုကို သတိရနေသည်။ ထိုစဉ်တုန်းက ဗိုင်းရပ်စ်ပိုးစွဲ ဦးနှောက် အမြှေးရောင် ရောဂါ (အင်စီဖာလိုက်တစ်စ်) ဖြစ်နေသည့် လူနာများကို အိုင်ဒိုဇူရီဒိုင်း ဆေးပေးသည်။ ထိုဆေးကို ဖော်စပ်ခဲ့သည့် ဇီဝဗေဒ ပညာရှင်က သူ့ဆေးကို လူနာ သုံးဦးကို စမ်းသပ် တိုက်ကျွေးကြည့်သည်။ နှစ်ယောက် အသက်ချမ်းသာ ရသွားသည့်အခါတွင် ရောဂါရှင် ၆၆ ရာနှုန်းကို ကုသ အောင်မြင်သည်ဟု အလျင်စလို ကောက်ချက် ဆွဲလိုက်သည်။ နောင်တွင် ဆက်လက် သုံးစွဲကြည့်သည့် အခါ၌ ထိုဆေးသည် လွန်စွာ အန္တရာယ် များရုံမျှမက ထိုဆေးကြောင့် လူနာ များစွာ အသက် ဆုံးရှုံးခဲ့ကြရသည်။

'ဒီကုထုံးကို ထောက်ခံခဲ့တဲ့ သိပ္ပံပညာရှင်ဟာ ရောဂါ တိုးနိုင်တယ် ဆိုတာကို ထည့်မတွက်ခဲ့ဘူး၊ ဒါတင်မကဘူး၊ လူနာ ရာနှုန်းအချို့ဟာ ရောဂါ ဖြစ်တိုင်း မသေဘူး ဆိုတဲ့ အချက်ကိုလည်း သူ ထည့်မတွက်ခဲ့ဘူး၊ လူနာ တစ်ယောက်ရဲ့ ကိုယ်ခံစွမ်းအားဟာ တစ်နေ့ တစ်နေ့ မတူဘူး၊ ဘာဖြစ်လို့ မတူဘဲ ပြောင်းနေရသလဲ ဆိုတာတော့ ကျွန်တော်တို့လည်း မသိသေးဘူး၊ ခု ဘာဘာရာရဲ့ ကေ့စ်မှာ ဒီအတိုင်းပဲ ဖြစ်မယ်ထင်တယ်၊ သူ့ရောဂါဟာ အေဇက်တီကြောင့် ပျောက်သွားတယ်လို့ ပြောရင် ဒါဟာ ကျွန်တော်တို့ ဖြစ်ချင်တာကို ပြောနေတာပဲ ဖြစ်မှာပဲ၊ ရောဂါက ဆုတ်သွားပြီး သူ့အလိုအလျောက် ပြန်နာလန်ထ လာတာလည်း ဖြစ်နိုင်တာပဲ'

ဒေါက်တာ ဘယ်ရီက ရှင်းပြသည်။

ဒေးဗစ် ဘယ်ရီတွင် အေဇက်တီ၏ အစွမ်းနှင့် ပတ်သက်၍ သံသယ ဖြစ်စရာ အကြောင်းတွေ အများကြီး ရှိသည်။ ဆေးဝါးကုသမှု သမိုင်းသည်

မှားမယောင်နှင့် မှန်၊ မှန်မယောင်နှင့် မှားချင်စရာတွေ အများကြီး ရှိသည်။ ပထမအားဖြင့် အများသူငါ သိနေကြသော 'ပလာစီဘို သက်ရောက်မှု' ခေါ်သည့် လူနာ စိတ်သက်သာရာ ရသွားအောင် ပေးလိုက်သည့် ဆေးမျိုးတွေ ရှိသည်။ လူနာသည် စိတ်ဓာတ်တက်သွားကာ စားချင် သောက်ချင်စိတ်တွေ ပေါ်လာသည်။ ထိုအခါတွင် အချို့သော ရောဂါများကို တားထားနိုင်သည့် ကိုယ်ခံစွမ်းအား စနစ်သည်လည်း ပြန်၍ နိုးလာတတ်သည်။ ထို့ပြင် လူနာကို အထူး ကျွမ်းကျင်သူများချည်း ဝိုင်းရံကုသပြီး စောင့်ကြည့် နေကြသဖြင့် အားတက်ပြီး တော်တော်တန်တန် ရောဂါ ပျောက်သွားသည်တို့လည်း ရှိသည်။ ထိုသို့ ရောဂါ ပျောက်ကင်းသွားလျှင် မည်သည့် အချက်အလက်များကြောင့် ပျောက်ကင်းသွားသနည်း။. ထိုအချက်များသည် မည်မျှ အရေးကြီးသနည်း ဆိုသည်ကို သုတေသနသမားများ အနေဖြင့် မည်သို့ သိနိုင်ပါမည်နည်း။ ဤသို့ဖြင့် အေဇက်တီကြောင့် ပထမ စမ်းသပ် ကုသကြည့်သည့် လူနာ တော်တော်များများ ရောဂါ ပျောက်ကင်း သွားသည့်တိုင် လူနာများတွင် စမ်းသပ်ကြရသည့် ကိစ္စမှာ ကန့်သတ်ချက်တွေ ရှိနေသည်။ စမ်းသပ်ရသည့် အချိန် ကာလကလည်း တိုလွန်းသည်။ စမ်းသပ်ကြည့်ရသည့် လူနာဦးရေ ကလည်း နည်းလွန်းသည်။ ထိုဆေးကို တိုက်ကျွေးသဖြင့် လူနာ၏ အခြေ အနေသည် ဆက်လက် တိုးတက် နေလိမ့်မည်ဟု သုတေသနသမားများ အနေဖြင့် ပြောနိုင်သော အနေအထားတွင် မရှိ။ ထိုဆေးကို ရေရှည် သုံးစွဲ လာလျှင် ဘေးထွက် ရလဒ်များ ပေါ်ထွက် လာနိုင်သေးသည်။ ဗိုင်းရပ်စ် ပိုးကလည်း ခံနိုင်ရည် ရှိလာကာ ဆေး 'ပြီး' သွားနိုင်သေးသည်။

'အတိုချုပ် ပြောရရင်တော့ ကျွန်တော်တို့ ရရှိလိုက်တဲ့ အောင်မြင်မှု ကလေးဟာ အချိန်မရွေး ပျောက်ကွယ် သွားနိုင်တယ်' ဟု ဒေးဗစ် ဘယ်ရီက ပြောသည်။

အချို့ကလည်း အိတ်ချ်ပီအေ – ၂၃ ကို အားကိုးတကြီးဖြင့် မျှော်လင့် ချက် ထားကြပြန်သည်။ ထိုဆေးကို ရှောခ်ဟတ်ဆန် သုံးစွဲ ကြည့်ခဲ့ပြီးပြီ။ ဘာမျှ အကျိုးမထူး။ ဤတွင် ဘာရီဝဲလ်ကမ်းမှ သုတေသန အဖွဲ့သည် သူတို့ စမ်းသပ်ကြည့်သည့် ဆေးများနှင့် ပတ်သက်၍ အထူး သတိထား လာကြသည်။

သို့ရာတွင် အေ ဇက် တီ ကြောင့် ရောဂါ ပျောက်သွားသူများကို ထို အကြောင်းများကို သွားပြောလျှင် အဘယ်မှာ လက်ခံပါမည်နည်း။

သူ နေထိုင်ရာ ဖလော်ရီဒါနယ်သို့ ပြန်ရောက်သည်နှင့် လူရှင်တော်သည် ဆွေမျိုးများ၊ အသိ မိတ်ဆွေများနှင့် သတင်းထောက်များ ရှေ့တွင် ဆေးတစ်မျိုးကြောင့် သူ့ အေအိုင်ဒီအက်စ် ရောဂါ ပျောက်ကင်းသွားပြီ ဖြစ်ကြောင်းဖြင့် ကျယ်လောင်စွာ ထုတ်ဖော် ပြောဆိုခဲ့သည်။

'ဒီရောဂါ ဖြစ်တဲ့လူတိုင်း အေဇက်တီနှင့် ကုသနိုင်တဲ့ အခွင့်အရေးမျိုး ရှိသင့်တယ်' ဟု ထိုဆေးကို ထုတ်လုပ်သည့် ကုမ္ပဏီ ဓာတ်ခွဲခန်းကို ထုတ်ဖော် ချီးကျူးခဲ့သည်။

'ကျွန်တော်တို့ရဲ့ တယ်လီဖုန်း စက်ခလုတ်ခုံမှာ လာလိုက်တဲ့ တယ်လီဖုန်း ခေါ်သံတွေ အများကြီးပဲ' ဟု ဒေးဗစ် ဘယ်ရီက ပြန်ပြောသည်။

ဒေးဗစ် ဘယ်ရီသည် ထိုမေးမြန်း စုံစမ်းမှုများကို သူ ကိုယ်တိုင် ချက်ချင်း ဖြေကြားသည်။ မီးစာကုန် ဆီခန်း ဖြစ်ကြောင်းကို ပြနေသည့် လေသံ သဲ့သဲ့ကလေးများဖြင့် လူမမာများသည် ရှိသမျှ ခွန်အားကို အနိုင်နိုင်စုစည်းကာ ထိုဆေးကို တောင်းကြသည်။ ဆေးစွဲ လူငယ်များ၏ မိဘများက လူနာကို ရှုံ့သွပ်၊ မျက်စိ ကွယ်စေသည့် ဦးနှောက် တိုဇိုပလတ်စ်မိုးဆစ် ရောဂါ စွဲကပ်နေသည့် သူတို့ သားသမီးများ၏ ဒုက္ခကို တိုင်တန်းကြသည်။ ကယ်ဆယ်ရေး အသင်းများက အေဇက်တီကို ဆေးဆိုင်များတွင် တင်မရောင်းသေးသည့် အတွက် ဒေါသတကြီးဖြင့် လှမ်း၍ တယ်လီဖုန်း ဆက်ကြသည်။ အချို့ကလည်း ရှိသေးသည်။

'ကျွန်တော့်မှာ ဝမ်းလျှောနေတယ်၊ မနေ့ညက ဆိုရင် ချွေးတွေကလည်း အရမ်း ထွက်တာပဲ၊ ခုထိ ဘာဆေးမှ မတိုက်သေးဘူး၊ ကျွန်တော် သေတော့မှာပါဗျာ၊ ကျွန်တော် သိပါတယ်၊ အဲဒီတော့ ကျွန်တော့်ကို ဆရာတို့ ဆေးကို ချက်ချင်း ပို့ပေးပါဗျာ' ဟု ဆိုသည့်သူက ဆိုသည်။

စိုးရိမ်သောက ရောက်နေသည့် အမေ တစ်ယောက်ကမူ သူ့သမီးမှာ ယခုမှ အသက် ၁၅ နှစ်သာ ရှိသေးကြောင်း၊ ရှုပ်ပွေသည့် လူတစ်ယောက်နှင့် ဆက်ဆံခဲ့ဖူးကြောင်း၊ ဤတွင် အေအိုင်ဒီအက်စ် ရောဂါ ရလာခဲ့သည်ဟု ထင်ကြောင်း၊ သတင်းစာထဲတွင် အေဇက်တီဖြင့် ကုသလျှင် ရောဂါကို တားဆီးနိုင်ဖွယ် ရှိသည်ဟု ဖတ်လိုက်ရကြောင်း၊ ထိုဆေး ရနိုင်သည့်နေရာကို သိလိုကြောင်းဖြင့် စုံစမ်းသည်။

ထင်ရှားသည့် နိုင်ငံရေးသမားများနှင့် ရုပ်ရှင် မင်းသား၊ မင်းသမီးတို့၏ ရှေ့နေများ၊ ကိုယ်စားလှယ်များက သူတို့ လူနာများအတွက် ကြားဝင်သည်။ သူတို့က ထိုဆေးကို ရလျှင် မည်မျှ ပေးရ ပေးရ ဆိုကာ အလွန်များပြားသည့် ငွေများကို ပေးသဖြင့် တစ်ခါတစ်ရံ များစွာ စိတ်အနှောင့်အယှက် ဖြစ်ကြရသည်။ အချို့ကမူ အသက်အန္တရာယ် ရှိနေသူ တစ်ဦးအား ကူညီ ထောက်ပံ့ခြင်း မပြုသဖြင့် ရုံးတော်တွင် တရားစွဲဆိုမည်ဟုပင် ခြိမ်းခြောက် လိုက်ကြသေးသည်။

ကြောက်မွယ် ရောဂါဆိုးကြီး အကြောင်းကို သိနေသည့် ဆရာဝန်များထံမှလည်း အပူတပြင်း အကူအညီ တောင်းခံမှုများ ရောက်လာကြသည်။ အနီးရှိ ချူတက္ကသိုလ် ဆေးရုံမှ ဆရာဝန် ဒေါက်တာ ဒူးရတ်က တယ်လီဖုန်းဆက်ပုံကို ဒေးဗစ် ဘယ်ရီ ကောင်းကောင်း သတိ ရနေသေးသည်။ ကလေးလေးယောက်၏ ဖခင်၊ ပျော်ပျော်နေတတ်သည့် ဒေါက်တာ ဒူးရတ်က သူတို့ဆီသို့ အေဇက်တီဆေး အနည်းငယ် ပို့ပေးစေလိုကြောင်း၊ သူတို့ထံတွင် အသက် ၁၉ နှစ်အရွယ် သွေးငတ်ရောဂါရှင် တစ်ယောက် ရောက်နေကြောင်း ဖြင့် ပြောပြသည်။

အသက် ၁၉ နှစ် အရွယ်ရှိ လူနာ၏ အမည်မှာ စတိဗ် ဖြစ်ပြီး တောင်ပိုင်း ကာရိုလိုင်းနား ပြည်နယ်မှ ဖြစ်သည်။ သူသည် သွေးသွင်း ကုသရာမှ အေအိုင်ဒီအက်စ် ရောဂါ ရလာခဲ့ခြင်း ဖြစ်သည်။ အားအင် ချည့်နဲ့ကာ ပြင်းထန်သည့် ရောဂါကြီးကို ခံစား နေရသည့်တိုင် စတိဗ်သည် အထက်တန်း ပညာကို ဆက်လက် သင်ယူရန် အပြင်းအထန် ကြိုးစားလျက် ရှိသေးသည်။ စာမေးပွဲ မစစ်မီ နှစ်လ အလိုတွင်မူ မိမိတို့ သားသမီးများ ကျောင်းတက်လျက် ရှိသည့် ကျောင်းသို့ အေအိုင်ဒီအက်စ် ရောဂါရှိသူ တစ်ယောက် ရောက်လာကြောင်းဖြင့် မိဘများက ဆရာဝန်ထံ သတင်းပို့ကြသည်။ ဆရာကြီးက စတိဗ်ကို ကျောင်းမတက်ရန် ပြောသည်။ စတိဗ်သည် အလျှော့မပေးဘဲ စာပေးစာယူဖြင့် ဆက်လက်၍ ပညာသင်ခဲ့ရာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ဘွဲ့နှင်းသဘင် တက်ရမည့် နေ့သည် သူ၏ ကျန်ရှိနေသည့် လအနည်းငယ်သော သက်တမ်းကလေးတွင် အပျော်ဆုံးသော နေ့ ဖြစ်သင့်ပါသည်။ သို့ရာတွင် စတိဗ်သည် သူငယ်ချင်း ဘွဲ့ယူသူများနှင့် အတူ ထိုင်ခွင့်မရ။ စင်မြင့်သို့တက်၍ ဘွဲ့ လက်မှတ်ကလေးကိုပင် ယူခွင့် မရှိ။ စတိဗ်သည် ကန့်လန့်ကာ ကာထားသည့် နေရာ တစ်ခုတွင် ထိုင်ပြီး ဘွဲ့နှင်းသဘင်ကို

ငေးကြည့်ရတော့သည်။ ဘွဲ့နှင်းသဘင် ပြီးဆုံး၍ အခြား ကျောင်းသားများ ပြန်သွားကြသည့် အခါမှပင် သက်ဆိုင်ရာတို့သည် သူ့ကန့်လန့်ကာ နောက်ကွယ်သို့ ခိုးကြောင်ခိုးဝှက်ဖြင့် ရောက်လာခဲ့ကြကာ သူ့ဘွဲ့လက်မှတ်ကို မီးညှပ်ဖြင့် ညှပ်၍ ပေးအပ်ကြသည်။ နောက် ရက် အနည်းငယ် ကြာသည့်အခါတွင် စတိဗ်သည် ရောဂါသည်းကာ တစ်ကိုယ်လုံးတွင် အနာစိမ်းတွေ ပေါက်လာသည်။ နာကျင်လွန်းသဖြင့် သူ့ကို ဆေးရုံသို့ ပို့လိုက်ရသည်။ ဆေးရုံတွင် သူ့အော်သံကြောင့် အခြား လူနာများ အနှောင့်အယှက် ဖြစ်မည်စိုးသည့်အတွက် အခန်းကျယ်ကြီး တစ်ခုထဲတွင် သီးသန့် လှောင်ပိတ် ထားရသည်။ ထိုအထဲတွင် မိသားစုကလည်း သူ့ကို ထောက်ပံ့ခြင်း မရှိဘဲ ပစ်ထားသည့် အခါတွင် စတိဗ်၏ ရောဂါမှာ ပို၍ ဆိုးလာခဲ့သည်။

'ဒီလို မတော်မတရား ဖြစ်နေတာမျိုးကို ကျွန်တော် ဘယ်လို လုပ်ကြည့်နေမလဲဗျာ' ဟု ဒေးဗစ် ဘယ်ရီက ပြောသည်။ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီကြီး၏ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သည့် ဘယ်ရီသည် အေဇက်တီ ဆေးတောင့်ကလေးများ ပါသည့် ပုလင်းလေး တစ်လုံးကို အိတ်ထဲသို့ ကောက်ထည့်ပြီး ကားကို ကိုယ်တိုင် မောင်းကာ ဆေးရုံသို့ ထွက်လာခဲ့သည်။

'ကောင်လေး တော်တော် ဝေဒနာ ခံစားနေရတယ်ဗျာ၊ နောက်ထပ် အလွန်ဆုံးခံရင် ခြောက်လပဲ ခံတော့မှာ၊ ဆေးရုံ စမ်းသပ်မှုတွေထဲကို ပါချင်ရင် အနည်းဆုံး လိုအပ်တဲ့ အချိန်၊ ဒါပေမယ့် ဒီလောက် ဝေဒနာကြီး ခံစားနေရတဲ့ အချိန်မှာ ဆေးရုံ စမ်းသပ်မှု လုပ်လို့ ဘယ်မှာ ကောင်းတော့မှာလဲ၊ ကျွန်တော်လည်း အေဇက်တီ ပုလင်းကို သူ့ဆရာဝန်လက် အပ်ခဲ့ပြီး ကမ္ဘာပေါ်မှာ ရှိသမျှ ကံတွေ သူ့အတွက် စုပုံ ကောင်းပါစေလို့ ဆုတောင်းပြီး ပြန်လာခဲ့တယ်'

ဘယ်ရီက ပြောပြသည်။

သီတင်း လေးပတ် ကြာသည့်အခါတွင် သူ့ကိုယ်ပေါ်မှ အနာကြီးများသည် ပျောက်သွားကြသည်။ ထိုအခါတွင်မှ သူတို့မြို့ ထုံးစံအတိုင်း ဟောလိုဝင်း ပွဲတော် အတွက် တစ်အိမ်ဝင် တစ်အိမ်ထွက် ဖယောင်းတိုင်များကို လိုက် အလှူခံနိုင်ပြီ။

စတိဗ်သည် သေခြင်းကို အနိုင် ယူနိုင်ခဲ့ပါ၏။ သို့ရာတွင် သူ့ပုံပန်းသဏ္ဍာန်မှာ အရိုးစုမျှသာ ကျန်ခဲ့လေပြီ။

တယ်လီဖုန်း ဆက်ရုံဖြင့် အားမရကြသေး။ အချို့ကဆိုလျှင် သုတေသန တြိဂံ ပန်းခြံရှိ ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီ ဓာတ်ခွဲခန်း အထိ ရောက်လာကြသည်။ သတင်းစာများက ဆေး၏ အာနိသင်ကို အကြီးအကျယ် ရေးကြသဖြင့် မိမိတို့ ဆွေမျိုးသားချင်း၊ မိမိတို့ မိတ်ဆွေများ အတွက် ဘယ်လောက် ပေးရ ပေးရ ဝယ်မည် ဆိုသူတွေကလည်း တစ်ပုံ တစ်ပင်။ ဓာတ်ခွဲခန်းတွင် ရှိသည့် အမှုထမ်းများမှာ သူတို့ တောင်းဆိုချက်များကို လိုက်လျော၍ မဖြစ်နိုင်သေးကြောင်း၊ မနည်း စိတ်ရှည်ရှည် ထားပြီး ရှင်းပြ နေကြရသည်။

တစ်နေ့တွင် ဒေးဗစ် ဘယ်ရီသည် သူ့ရုံးခန်း ဧည့်ကြိုစာရေး ထံမှ သတင်းပို့ချက် တစ်ခုကို ရသည်။ မိမိဌာနတွင် လူတစ်ယောက် ရောက်နေကြောင်း၊ အုပ်ချုပ်ရေးမှူးနှင့် စကား မပြောရမချင်း မပြန်ဟု ငြင်းနေကြောင်းဖြင့် ဧည့်ကြိုဌာနက သတင်းပို့သည်။ ဘယ်ရီသည် သူ့ လုပ်ဖော်ကိုင်ဖက် ဖြစ်သည့် အိုင်းရစ် အမျိုးသား တစ်ဦးဖြစ်သူ တွမ်ကင်နဒီ နှင့် အတူ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ကင်နဒီမှာ ထိုသို့သော ခက်ခဲ သိမ်မွေ့သည့် အခြေအနေများကို ကိုင်တွယ် ဖြေရှင်းရာတွင် ကျွမ်းကျင်သည်။ ဧည့်ကြိုဌာနသို့ ရောက်သည့်အခါတွင် အလွန်အမင်း ပိန်ချုံးနေသော အသက် ၅၀ ခန့် လူတစ်ယောက်ကို တွေ့ရသည်။ သူ့ကို ကြည့်ရသည်မှာ အခြေအနေမဲ့ တစ်ဦး ဖြစ်ပုံရသည်။ သူက သူ့အဖော် တစ်ယောက်မှာ မိုင်ယာမီတွင် သေလုမျောပါး ဖြစ်နေကြောင်း အံ့သြစရာ ကောင်းသော ရိုးသားမှုဖြင့် ပြောပြသည်။

'သူဟာ ကျွန်တော့် ဘဝပါပဲ ခင်ဗျာ၊ သူ မစားနိုင် မသောက်နိုင် ဖြစ်ကတည်းက ကျွန်တော်လည်း ဘာမှ မစားတော့ပါဘူး၊ သူ့ ဝေဒနာဟာ ကျွန်တော့် ဝေဒနာပါပဲ၊ ဆရာတို့ သူ့ကို ကယ်ဖို့ ကျွန်တော့်ကို ဆေးဝါး မပေးမချင်း ကျွန်တော် ဒီက မပြန်တော့ဘူး'

ဒေးဗစ် ဘယ်ရီက မိမိတို့ ကုမ္ပဏီသည် ထိုဆေးကို အကျယ်အပြန့် စမ်းသပ်ကြည့်ရန် စီစဉ်ထားကြောင်း၊ ထိုသို့ စမ်းသပ်ကြည့်သည့် အခါတွင် သူ့မိတ်ဆွေကိုလည်း ထည့်သွင်းပေးမည် ဖြစ်ကြောင်း ပြောသည်။ သို့ရာတွင် ဧည့်သည်သည် ထိုအဖြေကို ကျေနပ်ဟန် မရှိပါ။

'သူ့အဖြစ်ကို မြင်ရတာက စိတ်မချမ်းသာစရာလည်း ကောင်းတယ်၊

ထိခိုက်စရာလည်း ကောင်းတယ်၊ စိတ်လည်း ညစ်ရတယ်၊ တကယ်တော့ သူဟာ အချစ်နှင့် ပတ်သက်လို့ ကြီးကျယ် ခမ်းနားတဲ့ သင်ခန်းစာကြီး တစ်ခုကို ပေးသွားသလိုပဲ၊ ဒါပေမယ့် သိပ္ပံပညာရှင်ရဲ့ အသိတရားက သူ့ အသနားခံချက်ကို မလိုက်လျောဖို့ ကျွန်တော်တို့ကို သတိပေးနေတယ်လေ'

နောင်တွင် ဒေးဗစ် ဘယ်ရီက ပြောပြသည်။

ထိုနှစ် ဆောင်းဦးပေါက်က ကုမ္ပဏီ စာတိုက်ခွဲခန်းသို့ ရောက်လာသည့် မေတ္တာရပ်ခံချက်များထဲတွင် နယူးယောက် ဆရာဝန် တစ်ဦးထံမှ စာတစ်စောင် လည်း ပါသည်။ သည်းခံနိုင်ဖွယ် မရှိသည့် ထိုရောဂါကြီးနှင့် ရင်ဆိုင်နေရ သည့် ရာပေါင်းများစွာသော အမေရိကန် ဆရာဝန်များ၏ စိတ်ပျက်အားငယ် မှုကို ကိုယ်စားပြု ဖော်ပြနိုင်သည့် ဥပမာ တစ်ခုမှာ ဒေါက်တာ ဂျက် ဒီဟိုးဗစ် ဖြစ်သည်။

ဆေးဝါး တစ်ခု ရှိပြီ။ ထိုဆေးသည် တန်ခိုး အာနိသင် ရှိသည်ကို သိရပြီ။ သို့ရာတွင် ထိုဆေးသည် လူနာများထံသို့ ရောက်မလာသေး။ ထို အချက်သည် အမေရိကန် ဆရာဝန်များ အတွက် စိတ်ပျက် အားငယ်စရာ ဖြစ်နေသည်။

ဂျိုးဆက် စတိန်းနှင့် စိန့်ကလဲယား ဆေးရုံကြီးရှိ အခြားသော လူနာ များ၏ ဝေဒနာကို မြင်ရသည့်အခါတွင် ဒေါက်တာ ဂျက် ဒီဟိုးဗစ်သည် မချုပ်တည်းနိုင်တော့။

'ကျွန်တော်တို့ဟာ လူနာတွေ သေနေတာကို ဒီအတိုင်း လက်ပိုက် ကြည့်နေကြတယ်လို့ လူနာတွေ ကိုယ်တိုင်က စွပ်စွဲကုန်ကြပြီဗျာ၊ ဒီတော့ သူတို့ကို တစ်ခုခု ပေးနိုင်အောင် ကျွန်တော်တို့ကို မကူနိုင်ကြတော့ဘူးလား'

တစ်ခုခုတော့ လုပ်ရမည်။ သို့ရာတွင် ဘာလုပ်ရမည်နည်း။

ဆမ် ဘရိုးဒါး၏ လူနာ ၁၉ ယောက်နှင့် ဒျူ ဆေးရုံမှ လူနာ နှစ် ယောက်ကို စမ်းသပ် ကြည့်ခဲ့ရသည့် အတွက် လွန်ခဲ့သည့် ဆောင်းဦးပေါက်က စုဆောင်းထားခဲ့သည့် ဂရမ် အနည်းငယ်မျှသာ ကျန်သော အေဇက်တီ ဆေး မှာ ကုန်လုနီးနေပြီ။ ထိုအေဇက်တီ ဆေးများမှာ ထိုစဉ်က ရခဲ့သော ကမ္ဘာ တစ်ဝန်းရှိ ဟဲရင်းငါးများ၏ သုက်သွေး မှန်သမျှကို စုဆောင်း ဖော်စပ်ထား ခဲ့ခြင်း ဖြစ်သည်။

ဘာရို ဝဲလ်ကမ်း ကုမ္ပဏီရှိ ဓာတုဗေဒ ပညာရှင်များသည် ထို အဖိုးတန် သုက်သွေးကို ဓာတ်ခွဲခန်းတွင် စမ်းသပ် ထုတ်လုပ်ကြည့်ရန် ကြိုးစားခဲ့ကြသော်လည်း အောင်မြင်ခြင်း မရှိသေး။ ထိုသို့ အောင်မြင်ခြင်း မရှိခြင်းမှာလည်း လုံလောက်သော အကြောင်း ရှိသည်။ သာမိဒိုင်းဓာတ်ကို ထပ်တူပြုရန်မှာ အလွန် ရှုပ်ထွေး ခက်ခဲသည့် အလုပ် ဖြစ်သည်။ အဆင့် ၁၇ ဆင့်လောက်ကို ဖြတ်သန်းရသည်။ ထိုဓာတ်ပစ္စည်းကို ခွဲခြမ်း စိတ်ဖြာသည့် အသိပညာရှင်မှာလည်း ကမ္ဘာတွင် ရှိသည့် ဓာတ်ခွဲခန်းများတွင် ထိုနယ်ပယ်နှင့် ပတ်သက်၍ ကျွမ်းကျင်သူ အနည်းငယ်သာ ရှိသောကြောင့် ဖြစ်သည်။ အေဇက်တီ ဆေးကို ထုတ်လုပ်ရသည်မှာလည်း များစွာ အန္တရာယ်ကြီးသည်။ အချို့သော သတ္တု ပစ္စည်းများနှင့် တွေ့လျှင် သာမိဒိုင်း မော်လီကျူးများမှာ ပေါက်ကွဲတတ်သဖြင့် ထို ဓာတ်ပစ္စည်းများကို လှောင်ထားရန် ကြီးမားသည့် ဖန်လုံ ကန်ကြီးများကို ဆောက်ရသည့် ကိစ္စမျိုးက အစ အခက်အခဲတွေ အများကြီး ရှိသည်။

အခြေခံပစ္စည်း ရှားပါးသည့်ကိစ္စတွင် ဆမ်ဘာရီးဒါး၏ ကျေးဇူးကြောင့် အဖြေကို ရှာတွေ့ခဲ့သည်။ လွန်ခဲ့သည့် အနှစ် ၂၀ လောက်တုန်းက အင်စီအိုင် (အမျိုးသား ကင်ဆာဌာန) တွင် ထိုစဉ်က ကမ္ဘာအဝန်းမှ ရသမျှ စုဆောင်းထားခဲ့သည့် ဟဲရင်းငါးတို့၏ သုက်သွေးများ သိုလှောင် ထားခဲ့သည်ကို သူ သွား၍ သတိရသည်။ စုစုပေါင်း ပေါင် ၁၀၀ လောက်ရှိပြီး ကင်ဆာ ဖြစ်စေသော အကျိတ်များ ရှိသည့် လူမမာများကို စမ်းသပ် စစ်ဆေးရာတွင် အသုံးပြုရန် ဖြစ်သည်။ သို့ရာတွင် စမ်းသပ် ကြည့်သည့်အခါတွင် မျှော်လင့်သည့် ရလဒ်များကို မရခဲ့သဖြင့် ထိုသုတေသန လုပ်ငန်းကို ရပ်ဆိုင်းပစ်ခဲ့သည်။ ထိုပစ္စည်းများသည် ယခုလောက်ဆိုလျှင် ဖုန်တက်နေသော သိုလှောင်ခန်းထဲတွင် ရှိနေဦးမည်ဟု သူ ထင်သည်။

ဤတွင် ဆမ်ဘာရီးဒါးသည် ဆေးဝါး ထုတ်လုပ်မှု တိုးတက်ရေး ဌာနသို့ ထိုပစ္စည်းများကို အသုံးပြုခွင့် ပေးရန် မေတ္တာရပ်ခံသည်။ သူ၏ စာထဲတွင် 'အလွန် အရေးကြီးသည့် ကိစ္စအတွက် ဟဲရင်း ငါးမျိုးတို့၏ သုက်သွေး ပေါင်း ၁၀၀ ကို သုံးစွဲခွင့် ပြုပါရန်' ဖော်ပြထားသည်။ မိနစ် အတန်ကြာသည့် အခါတွင် ဟဲရင်းငါး သုက်သွေးတို့ သိုလှောင်ထားသည့် နေရာကို ရှာတွေ့သည်။

'ဟန်ကျလိုက်တာဗျာ၊ အဲဒါတွေကို သုတေသန တြိဂံ ပန်းခြံမှာ ရှိတဲ့

ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီ ဓာတ်ခွဲခန်းကို အမြန်ဆုံး ပို့ပေးပါလား၊ ဘယ်လိုပဲ လုပ်လုပ် ပုံစံ စာရွက်တွေ တစ်ထပ်ကြီး ယူလာပြီး ကျွန်တော့်ကိုတော့ ဟိုဟာ သည် ဟာ တွေ အဖြည့် မခိုင်းနှင့်နော်၊ အချိန် မရှိဘူး၊ ပစ္စည်းတွေကိုသာ မြန်မြန် ရောက်အောင် ပို့ပေးပါ' ဟု ဆမ်ဘရီးဒါးက ဓာတ်ခွဲပ် သေချာသည့် သိုလှောင်ရေး ဌာနမှ အရာရှိများကို ပြောသည်။

သူ့အသံက နောက်ထပ် မေးမြန်း မေးခွန်းထုတ်စရာ မလိုသည့် အသံ၊ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးသမားများ အဖို့ သူတို့ လိုချင်သည့် ပစ္စည်းကို အချိန်မီ ရမှ ဖြစ်မည်။

[ ၅၂ ]

**ဆာရီ အဖြူဝတ် ကွန်မန်ဒိုများ။**

**ကာလကတ္တား၊ နယူးယောက်။**

**၁၉၈၅ ခုနှစ် ဆောင်းဦးပေါက် – ၁၉၈၆ ခုနှစ် ဆောင်း။**

ကွယ်လုဆဲဆဲ သူ့မျက်လုံးများ တွေ့ဖူး မြင်ဖူး သလောက်ဆိုလျှင် ထိုရှုခင်း သည် အလှပဆုံး ရှုခင်းတစ်ခုဟု ဆိုရမည်။ တိမ် နှစ်ထပ်ခွဲနေသည့် ဖြူ ဖျော့ဖျော့ အမြင်အာရုံထဲမှ တစ်ဆင့် သီလရှင် ဆရာကြီး ထရီဇာသည် ဓမ္မ သီချင်းကို ဆိုကာ တရားပလ္လင် အနီးမှ ဖြတ်သန်းသွားသော လူတန်းကြီးကို ဝိုးတိုးဝါးတား မြင်နေရသည်။

ထို ဒီဇင်ဘာ မနက်က သူ့၏ ကျောင်းမှ သီလရှင်ငယ် ၄၀ တို့သည် လက်ဝဲဘက်တွင် မိမိတို့၏ သစ္စာအဓိဋ္ဌာန် စာတမ်း၊ လက်ယာဘက်တွင် ဖယောင်းတိုင်များကို ကိုင်လျက် ကြာပန်းတို့ ဝေနေသော တရားပလ္လင် ရှေ့မှောက်သို့ ရောက်လာခဲ့ကြသည်။ ယင်းမှာ သာသနာ့ ဝေပုလ္လကျောင်းတိုက် သီလရှင်များ အဖြစ် အဓိဋ္ဌာန် ပြုကြရန် ဖြစ်သည်။

တစ်ခါက ဗာရာဏသီ မြို့စွန် သုသာန်တွင် နေခဲ့ပြီး အရေပြားရောဂါ စွဲကပ်ခဲ့ဖူးသည့် မိန်းကလေးသည် မျက်နှာ ကြည်ကြည်လင်လင် ဂုဏ်ယူ ဝင့်ကြွားသည့် ဟန်ဖြင့် ရှေ့ဆုံးမှ ခေါင်းဆောင်လာသည်။ ဘင်္ဂါလီ ခရစ်ယာန် သတို့သမီးများ ဝတ်လေ့ရှိသည့် အဖြူရောင် ပိုးဆာရီကို ဝတ်ထားသည်။ သူ့ခေါင်းကို ပန်းကုံးတွေ ဝေနေအောင် ဆင်ထားသည်။

ဆရာလေး အနန်ဒါသည် သူ့ကံကြမ္မာ အတားအဆီးတို့ကို ကျော်ဖြတ်ခဲ့ပြီးပြီ။ သူ့အဖို့မူ ထိုနေ့သည် ဒုတိယအကြိမ် မွေးဖွားသည့်နေ့ ဖြစ်သည်။ အနန်ဒါသည် ရင်တထိတ်ထိတ်ဖြင့် တရားပလ္လင် ပထမဆုံး လှေကားထစ်ပေါ်သို့ တက်လာကာ ဒူးထောက် ထိုင်ချလိုက်ပြီး ကာလကတ္တား ဂိုဏ်းချုပ် ဘုန်းတော်ကြီးထံမှ သူ့ဘဝသစ်၏ အထိမ်းအမှတ် ပစ္စည်းကို လက်ခံယူသည်။

ဘုံသော နယ်သား ဇာတိ ဖြစ်သည့် အိန္ဒိယ–အင်္ဂလိပ် ကပြား ဂိုဏ်းချုပ် ဘုန်းတော်ကြီး မွန်စီယာ ပီကာရိုက 'ကားစင်တင် ခံရသော သခင်ယေရှု၏ သင်္ကေတ အဖြစ် လက်ခံလေ' ဟု ဆိုကာ သာသနဝေပုလ္လ ကျောင်းတိုက်မှ သီလရှင်များ လည်တွင် ဝတ်ဆင်လေ့ ရှိသည့် သံလွင်သား လက်ဝါးကပ်ဘိုင်ကို ပေးသည်။ ထို့နောက် ထိုနေ့မှစ၍ တစ်သက်လုံး ဝတ်ဆင်ရန် ဖြစ်သည့် အပြာ အနားသတ်၊ အဖြူရောင် ဆာရီ တစ်စုံကိုလည်း ပေးသည်။

မြင့်မြတ်သော သာသနာ့ အရေတို့သည် သင့်အား ဘုရားသခင်၏ လမ်းသို့ ပို့ဆောင်စေသတည်း။ ဆင်းရဲသူ ဆင်းရဲသားတို့၏ အိမ်ဂေဟာများသို့ ရောက်စေသတည်း။ အလင်းရောင်ကို ယူဆောင်သူ၊ ဝိညာဉ်များကို ကယ်တင်လိုသူ ဘုရားသခင်၏ အလိုတော်ကို ပြည့်အောင် ဆောင်ရွက်နိုင်ခဲ့စေသတည်း။

မိမိတို့အတွက် လက်ဝါးကပ်တိုင်များနှင့် ဆာရီများကို ရပြီးသည့်နောက်တွင် သီလရှင်ငယ်များသည် ဓမ္မသီချင်းကို သီဆိုကာ ဘုရားရှိခိုးကျောင်းနောက်ခန်းဆောင်ဘက်သို့ လာခဲ့ကြသည်။ မိမိတို့၏ သမီးငယ်များအား အတိတ်နှင့် လောကီလူ့ဘောင်ကို စွန့်လွှတ်သည့် တရားဝင် အခမ်းအနားကို ကြည့်ရန် လာကြသည့် ဆွေမျိုး မိဘများသည် သူ့ထက်ငါ တိုးဝှေ့၍ ကြည့်ကြသည်။

အနန်ဒါမှာမူ အိမ်မှ နှင်ချပြီး သူ့ကို ဇာတ်မှ ဖယ်ထုတ်ခံခဲ့ရ ကတည်းက အဖေတို့၊ အမေတို့နှင့် မတွေ့တော့ပြီ။ ထို့ကြောင့် အနန်ဒါသည် သူ့ကို လာကြည့်နေသည့် သီလရှင် ဇန်ဒိုနာကို မြင်လိုက်သည့်အခါတွင် အားတက်သွားသည်။

နီပေါသူ ဖြစ်သည့် သီလရှင် ဇန်ဒိုနာသည် ထို အခမ်းအနားကို တက်ရောက်ရန် အတွက် ဗာရာဏသီမှ တကူးတကန့် ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူ့ဘေးတွင် အနီရောင် ဆာရီကို ဝတ်ထားသည့် မောရစ်သျှသူ ဒိုမင်နီကာကိုလည်း မြင်လိုက်ရသည်။ ဘေးတွင် ဒိုမင်နီကာ၏ ခင်ပွန်း ဖြစ်

သည့် ဂျာမန် အမျိုးသား ဆရာဝန် ရှုးဒေါ့ဘင့်ဖ် ကိုလည်း မြင်လိုက်ရသည်။ ရှုးဒေါ့ဘင့်ဖ်မှာ သူ ပန်နေကျ စိန်နားဆွဲနှင့် ခေါင်းတွင် ပိုနီတေးလ် ဆံပင်ကို စုချည်ထားသဖြင့် ခါတိုင်းထက်ပင် ငယ်ရွယ်ပုံ ပေါက်နေသေးသည်။

ထို့နောက်တွင် သီလရှင် ဆရာကြီး ထရီဇာ ဝင်ရောက်လာသည်။ လက်ထဲတွင် ကတ်ကြေး-တစ်လက်ကိုလည်း ကိုင်ထားသည်။ စိတ် ချောက်ချားဖွယ် ကောင်းအောင် တိတ်ဆိတ်နေချိန်၌ ဆရာကြီး ထရီဇာသည် သီလရှင် အနန်ဒါနှင့် အခြားသော သီလရှင်ငယ်များ၏ မည်းနက်နေသည့် ဆံပင်တို့ကို ဖြတ်ပေးလိုက်သည်။ ယင်းမှာ ယခင် အတိတ်နှင့် လမ်းခွဲခဲ့ပြီ ဆိုသည့် အမှတ်အသား ဖြစ်သည်။ ထုံးစံအားဖြင့် ဆိုလျှင် မိဘ ဆွေမျိုးများက သူတို့၏ ဘဝဟောင်းက အမှတ်တရ ပစ္စည်းတို့ကို ကောက်ယူ သိမ်းဆည်း ထားလေ့ ရှိကြသည်။

ထို့နောက် သီလရှင်ကလေးများသည် မိမိတို့၏ လူဝတ်ကြောင်တို့ကို ချွတ်ကာ သာသနာ၏ အရေကို ဝတ်ဆင်ကြရသည်။

သီလရှင် တစ်ယောက်က ဖယောင်းတိုင် တစ်ချောင်းစီ လာဝေသည့် အခါတွင် ထိုဖယောင်းတိုင်ဖြင့် သီလရှင် ဆရာကြီး ထရီဇာ လက်ထဲရှိ ဖယောင်းတိုင်မှ မီးကူးကြရသည်။ ထို့နောက် သူတို့တစ်တွေသည် ဓမ္မသီချင်း ဆိုကာ စီတန်းပြီး တရားပလ္လင် ရှိရာသို့ ပြန်လာခဲ့ကြသည်။

အာရုံပြုရမည့် အချိန်သို့ ရောက်လေပြီ။ ခေါင်းပေါ်တွင် တကျွိကျွိ မြည်နေသော ပန်ကာသံ ကြားထဲမှာ တစ်ခါက အရေပြား ရောဂါသည် ဖြစ်ခဲ့ဖူးသည့် အနန်ဒါ၏ အသံကို ကြားရသည်။

'ကျွန်ုပ် သီလရှင် မေရီ အနန်ဒါသည် ဆင်းရဲခြင်း၊ ဗြဟ္မစာရီ အကျင့်ကို ကျင့်ခြင်း၊ ဆုံးမ သြဝါဒတို့ကို လိုက်နာခြင်း၊ အဆင်းရဲတကာ့ အဆင်းရဲဆုံး-သူတို့အား ကောင်းစွာ ပြုစုစောင့်ရှောက်ခြင်းတို့ ပြုလုပ်ပါမည့် အကြောင်း ဘုန်းတော် ကြီးမြတ်တော်မူသော ဘုရားသခင်ထံတွင် လည်းကောင်း၊ ကောင်းချီး ပြည့်စုံသော မယ်တော် မာရီထံတွင် လည်းကောင်း၊ ဆရာကြီး မာသာ ထရီဇာ ထံတွင် လည်းကောင်း သစ္စာအဓိဋ္ဌာန် ပြုပါ၏'

ဤသစ္စာ အဓိဋ္ဌာန်နှင့် အတူ ၁၉၈၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့၌ အနန်ဒါသည် သီလရှင် ဆရာကြီး ထရီဇာ တည်ထောင်ခဲ့သည့် သာသနဝေပုလ္လ ကျောင်းတိုက်တွင် ၂၄၅၈ ပါးမြောက် သီလရှင် ဖြစ်သွားလေပြီ။

အောက် မြို့ပတ်လမ်းရှိ သူတို့ သီလရှင်ကျောင်းသို့ ပြန်ရောက်သည့်အခါတွင် သာသနာ့ဝင်းတွင်းသို့ ဝင်ရောက်လာသူများ အတွက် ဆူညံ၍ ပျော်စရာ ကောင်းသော ကြိုဆိုမှုများကို တွေ့ရသည်။ ကာလကတ္တားနှင့် အနီး တစ်ဝိုက်ရှိ ဒေသများမှ မိဘဆွေမျိုးများ၊ မိတ်ဆွေ သူငယ်ချင်းများ၊ သီလရှင် များသည် ကျောင်းသို့ စုဝေး ရောက်ရှိလာကြသည်။ ကျောင်းဝင်းထဲတွင်လည်း မီးပုံး များ၊ အလံများ၊ တံခွန် ကုက္ကားများ၊ ပန်းကုံးများဖြင့် ဆင်ယင်ထားကြသည်။

သူတို့ နဖူးပြင်ပေါ်တွင် အိန္ဒိယ လူမျိုးတို့ထုံးစံ ကြိုဆိုသည့် ဆေးနီ စက် အမှတ်အသားတို့ကို ခြယ်ထားကြပြီး လည်တွင် ပန်းကုံးတို့ကို ဆင်ယင် ထားကြသည်။

သီလရှင်ကလေး အနန်ဒါနှင့် အခြားသော သီလရှင်များကို ဆရာကြီး ထရီဇာက ပွေ့ဖက် နှုတ်ဆက်ခြင်း ပြုသည်။ သီလရှင်များကို အိုမင်းလှပြီ ဖြစ်သော ဆရာကြီး ထရီဇာသည် ပြုံးရွှင် ကြည်နူးသော မျက်နှာဖြင့် သူတို့ တစ်ဦးချင်းကို ကောင်းချီးပေးသည်။

သီလရှင် ဆရာကြီး ထရီဇာက လက်တစ်ဖက်ကို အနန်ဒါ၏ နဖူး ပြင်တွင် တင်ထားရင်း 'မျက်နှာကို အစဉ် ချိုနေပေစေနော်၊ ဆင်းရဲသားတွေဟာ သမီးရဲ့ ကူညီမှုကိုတင် လိုတာ မဟုတ်ဘူး၊ ရွှင်ပျ ကြည်လင်တဲ့ နှလုံးသား ကိုလည်း လိုတယ်' ဟု ခပ်တိုးတိုး ပြောသည်။

သီလရှင်လေး အနန်ဒါသည် သူတို့ ကြိုဆိုပွဲသို့ ရောက်လာသူများ ဆီသို့ လာခဲ့သည်။ လာရောက် ကြိုဆိုသူများက ဓမ္မသီချင်းတွေ ဆိုပြီး သူတို့ကို ဝိုင်းပတ် ကကြသည်။ သီချင်းများမှာ ဘင်္ဂါလီ လူမျိုးတို့ အစဉ် အဆက် သီဆိုခဲ့ကြသည့် သီချင်းများ ဖြစ်ပြီး အချို့မှာလည်း ဂါထာများ ဖြစ်သည်။ ယင်းတို့ အားလုံးမှာ ယေရှုနှင့် သူ၏ သူတော်စင်များကို ချီးကျူး ထားသည့် ဂါထာများ ဖြစ်သည်။ အခြားသူများကမူ နှင်းဆီပန်းများ၊ စံပယ် ပန်းများကို ကြဲချနေကြသည်။ အချို့ကလည်း ရောင်စုံ စက္ကူစကလေးများ ကို ကြဲချကာ အချို့က ဖယောင်းတိုင်များကို ဇော့ယမ်း ပြကြသည်။

ထုံးတမ်းစဉ်လာ အရ ဆိုလျှင် ထိုကြိုဆိုပွဲများကို သီလရှင် ဆရာ ခလေးများ တာဝန်ယူရသည့် ဌာနများကို ကြေညာခြင်းဖြင့် အဆုံးသတ်လေ့ ရှိသည်။ ယခုနှစ်တွင်မူ သီလရှင် ဆရာကြီး ထရီဇာသည် မျက်စိမှုန်လှပြီ

ဖြစ်သဖြင့် သီလရှင်တို့ တာဝန်ကျရာ နေရာများ စာရင်းကို သူကိုယ်တိုင် မဖတ်နိုင်တော့။ သီလရှင် ဆရာလေး ပေါလုကို အဖတ် ခိုင်းရသည်။ ထိုနေ့သည် သူတို့အဖို့ ထူးခြားသောနေ့ ဖြစ်သည်။ ထိုနေ့သည် သူ့ဘဝတွင် ကြီးစွာသော အချိုးအကွေ့ကြီး တစ်ခု ဖြစ်ကြောင်းကို အနန်ဒါ ကောင်းစွာ သဘောပေါက်သည်။

'ဆရာလေး ပေါလုက ကျွန်မတို့ အမည်တွေကို ဖတ်ပြနေတုန်းမှာ ကျွန်မတို့ ရင်ထဲမှာ တစ်မျိုးကြီး ခံစားရတယ်လေ၊ ကျွန်မတို့ တာဝန်ကျတဲ့ နေရာတွေက ကျွန်မတို့ တစ်ခါမှ မရောက်ဖူးတဲ့ တိုင်းပြည်တွေ၊ တစ်ခါမှ မရောက်ဖူးတဲ့ မြို့တွေ ဖြစ်နေတယ် မဟုတ်လား၊ ကျွန်မကို နယူးယောက်ကို သွားရမယ်လို့ တာဝန်ပေးတော့ ကျွန်မဖြင့် ယုံတောင် မယုံနိုင်ဘူး၊ နောက်တစ်နေ့ဆိုရင် တခြား သီလရှင် သုံးပါးနှင့် အတူ ကျွန်မ နယူးယောက်ကို သွားရတော့မယ်လေ၊ အဲဒီက နာမကျန်း ဖြစ်သူတွေရဲ့ ဂေဟာမှာ အမှုထမ်းရမယ်တဲ့'

အနန်ဒါအဖို့ စွန့်စားခန်းသစ်တွင် အားတက်စရာ တစ်ခုမှာ သီလရှင်ငယ် ဘဝက သူ့ကို သင်ကြား လမ်းညွှန်ပေးခဲ့သည့် ဆရာလေး ပေါလုလည်း နယူးယောက်ရှိ ကျောင်းတိုက်နှင့် နာမကျန်းသူ ဂေဟာများကို ကြီးကြပ်ရန် အရွေးချယ် ခံရခြင်း ဖြစ်သည်။

ဂျွန် အက်ဖ် ကနေဒီ နိုင်ငံတကာ လေဆိပ်တွင် တာဝန်ကျနေသည့် အကောက်ခွန် အရာရှိများသည် တအံ့တသြ ဖြစ်နေကြသည်။ သူတို့အဖို့ လေယာဉ်တစ်စင်းပေါ်မှ ထိုမျှ စုံလင်သည့် ဝန်စည်စလယ် ပစ္စည်းတွေ ချလာသည်ကို တစ်ခါမျှ မမြင်စဖူး။ သူတို့ကို ကြည့်ရသည်မှာ လွန်စွာ ဆင်းရဲနွမ်းပါးသည့် ပစ္စည်းများဖြင့် လွန်ခဲ့သည့် ရာစုနှစ်က ပြောင်းရွှေ့လာသူများ ယခုမှ အမေရိကန် မြေပေါ်သို့ ဆင်းသက် လာသည်နှင့်ပင် တူနေတော့သည်။ သူတို့ပစ္စည်းများမှာ ရေပုံးကြီးများ၊ ပန်းကန်ခွက်ယောက် အဟောင်းများ၊ ကြိုးဖြင့် ချည်ထားသည့် ဂျပ် သေတ္တာဟောင်းများ၊ အဝတ်အစားများ အစုတ်အပြဲများကို ထည့်ထားသည့် ကြိုးနှင့် စည်းထားသည့် ဂုန်နီအိတ်ကြီးများ၊ အဝတ်ဟောင်းများဖြင့် လိပ်ပတ်ထားသည့် မွေ့ရာများ၊ ထီးဟောင်းများ၊ ပလတ်စတစ် ဖိနပ်များ၊ တံမြက်စည်းများ၊ ခါးစည်း အဝတ်များနှင့် အိန္ဒိယ

ကားတွေဟာ ဆာရီအဖြူကြီး ခြုံထားသလို ဖွေးသွားတာပဲ'

ဆရာလေး ပေါလုနှင့် အခြား သီလရှင်များသည်လည်း ထိုအသစ် အဆန်း ရှုခင်းကို ကြည့်၍ မျက်လုံး အပြူးသားဖြင့် ငေးကြည့် နေမိကြသည်။ ခဏကြာလျှင် သူတို့ကို လာကြိုသည့် နယူးယောက်မြို့မှ လုပ်ဖော်ကိုင်ဖက် တစ်ဦး၏ မော်တော်ကားသည်လည်း ထိုချည်ထည် ဖြူဖြူကြီး အောက်တွင် နစ်မြုပ်သွားတော့သည်။

အစွဲအလမ်း ကြီးသည့် အိန္ဒိယတိုင်းသူ သီလရှင်များ အဖို့ကား ထိုသို့ သော သဘာဝ လောကကြီး၏ ဖောက်လွဲဖောက်ပြန် ဖြစ်မှုသည် သူတို့ လုပ်ငန်းကို ကောင်းချီးပေးနေသည့် ဘုရားသခင်၏ ကိုယ်ပွားတော် ဟု ထင်မိကြသည်။

အနန်ဒါ အဖို့ နောက်ထပ် အံ့သြစရာ တစ်ခု ကြုံရပြန်သည်။ ယင်းမှာ မိမိတို့ ကျောင်းတိုက်နှင့် ဆေးရုံတွင် အသုံးပြုရန် တယ်လီဖုန်းကို တပ်ဆင် ပေးနေသူ အလုပ်သမား နှစ်ဦးမှာ မိမိထက်ပင် အသားအရေ မည်းမှောင် နေခြင်းပင် ဖြစ်သည်။

အောက်ကျ နောက်ကျ နိုင်သော ဇာတ်နိမ့်သူ အဖြစ် မွေးဖွားလာ ခဲ့ပြီး အသား မည်းခြင်းသည် အရုပ်ဆိုး အကျည်းတန်ခြင်းနှင့် အတူတူဟု ထင်မှတ်ခဲ့သည့် အနန်ဒါ အဖို့ အံ့သြစရာ ဖြစ်နေသည်။ ဗာရာဏသီမှ ဇာတ်နိမ့်သူဟောင်းသည် ဝမ်းသာသွားသည်။

'ကျွန်မထက် အသားမည်းတဲ့ သူတွေထဲမှာတောင် လှတဲ့ သူတွေ ရှိတယ် ဆိုတာ ဘုရားသခင်က ကျွန်မကို သက်သေ ပြလိုက်တယ် ရှင့်၊ လက်စသတ်တော့ ကျွန်မဟာ ကျွန်မ ထင်ခဲ့သလောက် အရုပ် မဆိုးပါလား ဆိုတာကို ကိုယ်တော်အရှင်က ပြလိုက်တာပဲ'

အံ့သြစရာတွေ ကုန်ပင် မကုန်နိုင်။ ကာလကတ္တားမှ ရောက်လာသူ သူ့အဖို့ မြင်လိုက်ရသော အမေရိကန် ပြည်ထောင်စုသည် အံ့သြစရာတွေ ချည်း ဖြစ်နေသည်။ ဆရာကြီး ထရီဇာက တားမြစ်ထားသည့်တိုင် အမေရိကန် ပြည်ထောင်စုတွင် ရှိသည့် စေတနာရှင်များသည် သူတို့နေမည့် ဂေဟာကို အမေရိကန် အိမ်များတွင် လုပ်သည့် ထုံးစံအတိုင်း ပြင်ဆင်ထားကြသည်။ အနန်ဒါသည် ဧည့်ခန်းဆောင်ထိပ်တွင် အစီအရီ တပ်ဆင်ထားသည့် စက် ယန္တရားပစ္စည်းများ ရှေ့တွင် အကြာကြီး ရပ်ကြည့်နေမိသည်။ ကာလကတ္တား ဘွင် ရီဝဉ် ဈေးဆိုင်ကြီးများတွင် မြင်ခဲ့ဖူးသည့် ရေခဲသေတ္တာများမှ အပ

သတင်းစာများပင် ပါသေးသည်။ ထိုဖြုတ်စဖျင်းတောင်း ပစ္စည်းထုပ်ပေါ်တွင်မူ မင်ပြာဖြင့် ရေးထားသည့် လိပ်စာ တစ်ခု ပါရှိသည်။ သီလရှင် ဆရာကြီး ထရီဇာ၊ နယူးယောက်၊ အမေရိကန် ပြည်ထောင်စု ဆိုသည့် လိပ်စာ ဖြစ်သည်။

ယင်းမှာ ထုံးစံ ဖြစ်သည်။

သာသနဝေပုလ္လ ကျောင်းတိုက်ခွဲများကို ဖွင့်တော့မည် ဆိုသည်နှင့် မည်မျှပင် ချမ်းသာ ကြွယ်ဝသည့် အနောက် နိုင်ငံ မြို့ကြီး တစ်မြို့ကို သွားသည့်တိုင် သူတို့ ယူနေကျ လိုအပ်သည့် ပစ္စည်းများကိုတော့ အကုန် သယ်လာရသည်။ ဝါရှင်တန် လမ်းတွင် ဖွင့်လှစ်မည့် ကျောင်းတိုက် အဆောက်အအုံကို ပြင်ဆင် မွမ်းမံရေးနှင့် ပတ်သက်၍ ဆရာကြီး ထရီဇာသည် နယူးယောက် မြို့ရှိ ဂိုဏ်းချုပ် ဘုန်းတော်ကြီးကို တင်းတင်း ကျပ်ကျပ် ညွှန်ကြား ထားပြီးသား ဖြစ်သည်။

မိမိတို့ ကျောင်းတိုက်၏ တစ်လျှောက်လုံး ခွဲကပ် လိုက်နာခဲ့သည့် ဆင်းရဲ နွမ်းပါးမှု စိတ်ဓာတ်ကို ထိန်းသိမ်း ထားရမည် ဖြစ်သည်။ အထူးသဖြင့် မိမိတို့ ကျောင်းတိုက်၏ အခြေခံ လုပ်ငန်းများတွင် ထိုစိတ်ဓာတ်ကို အထူး ထိန်းသိမ်းထားရန် ဆရာကြီး မကြာခဏ သတိပေး တိုက်တွန်းလေ့ရှိသည်။

ခုတင်များ အတွက်ဆိုလျှင် ခုတင်မှာ စပရိန် မရှိစေရ၊ မွေ့ရာများ ထူထဲ အိစက်ခြင်း မရှိစေရ၊ အခြားသူများ စွန့်ပစ်ထားသည့် သာမန် ခုတင်များ ဖြစ်ရမည်၊ ထိုခုတင်ပေါ်တွင် မြက်ဖျာခင်း၍ အိပ်ရမည်ဟု သတ်မှတ်ထားသည်။ ပရိဘောဂ ဆိုလျှင်လည်း ခုံရှည်တစ်လုံးနှင့် ခွေးခြေများသာ ထားရသည်။ စက္ကူသေတ္တာများ၊ ဂျပ်သေတ္တာများကို ဘုရားရှိခိုး စားအုပ်တင်သည့်စင် အဖြစ် အသုံးပြုရသည်။ ရေခဲသေတ္တာ မသုံးရ၊ အဝတ်လျှော်စက် မသုံးရ၊ အဝတ်လျှော်စက် မထားရ၊ လေအေးစက်နှင့် ရုပ်မြင်သံကြားစက် ထားခွင့်ကတော့ မပြောနှင့်တော့။ ပိုက်ဆံကို အလဟဿ မဖြုန်းတီးရ၊ နောက်ဖေးစက္ကူကိုပင် ဝယ်ခွင့်မပြု။

နယူးယောက် မြို့ကြီးက သူ့ကို ကြိုဆိုပုံနှင့် ပတ်သက်၍မူ ဗာရာဏသီ သုဘရာဇာ၏ သမီးငယ်သည် ယခုတိုင် မမေ့နိုင်သေး။

'မိုးပေါ်က နှင်းပွင့်တွေ ကျလာတာကို မြင်ရတာ ကျွန်မအဖို့ ပထမဆုံး အကြိမ်ပဲလေ၊ တဖြည်းဖြည်းနှင့် သစ်ပင်တွေ၊ အိမ်ရာတွေ၊ မော်တော်

ကျန်ပစ္စည်း အားလုံးသည် သူ့အဖို့ ဂြိုဟ်တုကို ကြည့်ရသလို အထူးအဆန်း တွေချည်း ဖြစ်နေသည်။

ဆရာလေး ပေါလုက သူ့ အုပ်ချုပ်ရေးမှူး တစ်ယောက် အနေဖြင့် ထိုပစ္စည်းများကို သိမ်းယူသွားရန် ပြောသည်။ မယူနိုင်းသည့် ပစ္စည်းဆို၍ ဆရာလေး ပေါလု မမြင်လိုက်သဖြင့် ကျန်နေရစ်ခဲ့သော နံရံတွင် တပ်ဆင် ထားသည့် ပိုက်လုံးကြီး တစ်လုံးသာလျှင် ကျန်ရစ်ခဲ့သည်။ အနန်ဒါသည် ထိုပိုက်လုံးကြီးကို လက်ဖြင့် သွားကိုင်လိုက်သည်။ လက်ကို အပူလောင် သွားသည်။ ထိုအခါကျမှပင် အနောက်နိုင်ငံများတွင် တပ်ထားသည့် ဗဟို အပူပေးစနစ် အကြောင်းကို အနန်ဒါ နားလည် သွားတော့သည်။

သူတို့ အလုပ် လုပ်ရမည့် မြေတိုက်ခန်းထဲကို ဆင်းကြည့်သည့် အခါ တွင်လည်း နောက်ထပ် အံ့သြစရာ တွေ့ရပြန်သည်။ ကျောင်းတိုက် ဟောင်းကြီး ကို ပြင်ဆင်ခဲ့သည့် အလုပ်သမားများသည် အခန်း တစ်ခန်းကိုတော့ မပြင်ဘဲ ထားခဲ့ကြသည်။ ထိုအခန်းမှာ မရှိမဖြစ်သည့် အခန်း ဖြစ်သဖြင့် ပြင်ဆင် ပြောင်းရွှေ့ရန် မလိုသည့် အတွက် ဂိုဏ်းချုပ် ဘုန်းတော်ကြီးကိုပင် တင်ပြ မနေတော့ဘဲ သူတို့သဘောဖြင့် ထိုအတိုင်း ထားခဲ့ကြသည်။ သူတို့ အဖို့မှူ ဆင်းရဲမွဲတေသည့် ကာလကတ္တားကပင် လာလာ၊ ဘယ်က လာလာ ရေပန်း ပါသည့် ရေချိုးခန်းလေး တစ်ခန်းလောက် လိုသည် ဆိုသည့် အချက်မှာ ဘာမျှ ပြောစရာ မလို။

အနန်ဒါသည် ဂင်္ဂါမြစ်ကမ်းက အသုဘ အလောင်းတိုက်များ၊ သေအံ့ ဆဲဆဲ လူနာများကို တွေ့ခဲ့ဖူးသည့်တိုင် ဘာမျှ မအံ့သြ။ သို့ရာတွင် မျက်နှာ ကြက်တွင် တပ်ဆင်ထားသည့် ရေပန်း ပိုက်ခေါင်းကို မြင်လိုက်ရသည့် အခါတွင် အကြီးအကျယ် အံ့သြနေသည်။ အံ့သြခြင်း တစ်ဝက်၊ ကြောက်ရွံ့ ခြင်း တစ်ဝက်ဖြင့် ငေးကြည့်နေမိသည်။ အနန်ဒါသည် မရဲတရဲဖြင့် ရေပန်း ကို ဖွင့်သည့် လက်ကိုင်ကို ထိကြည့်သည်။ ထိုလက်ကိုင်ကလေးကို လှည့် လိုက်ရုံဖြင့် အပေါ်မှ ရေပန်းတွေ ဖြာထွက်လာသည် ဆိုသည်ကိုလည်း မယုံ ချင် သလိုလို ဖြစ်နေသည်။ များစွာသော အိန္ဒိယ လူမျိုးများလိုပင် အနန်ဒါ သည်လည်း ရေမရှိလျှင် မနေနိုင်။ ရေနှင့် အတူ မွေးလာသလားဟုပင် ထင် ရသည်။ ငယ်ငယ် ကတည်းက အိမ်သုံးရန် အတွက် နေ့စဉ် ရေခပ်ရသည်။ တစ်ခါတစ်ရံတွင် အမောဆို့ပြီး လဲကျလုခမန်း နေ့စဉ် ရေဆွဲ ရေခပ် လုပ်ရ သည်။ ရေပုံးတစ်ပုံး၊ ရေအိုးတစ်အိုး ပြည့်အောင် ခပ်ရသည့် အခါတွင်လည်း

အခြား မည်သည့် ယန္တရား၏ အကူအညီမျှ မရှိဘဲ ကိုယ့်လက်မောင်း ကိုယ့်လက်ရုံး အားကိုးဖြင့်သာ ခပ်ရသည်။ ထိုသို့ နေ့စဉ်နှင့် အမျှ ရေခပ်ရသဖြင့် အနန်ဒါ၏ အရိုးအဆစ် ဖွဲ့စည်းပုံတို့ပင်လျှင် ပြောင်းလဲသွားခဲ့ကာ အဖိုးတန်ခြင်း၊ ရှားပါးခြင်းတို့ကြောင့် ဘာသာတရားကို ရိုသေ ကိုင်းညွတ်သလို ရေကိုလည်း ရိုသေကိုင်းညွတ် တတ်လာခဲ့သည်။ အိန္ဒိယပြည်တွင် ဆိုလျှင် တော်တော့်လူသည် ရေကို အလဟဿ ဖြုန်းတီးပစ်ရန် မတတ်နိုင်။ ရေသုံးလျှင် ပထမ တစ်ရေကို ချိုး၊ ဒုတိယရေကို အဝတ်လျှော်ပြီး တတိယရေကို ကြမ်းပြင် စသည်တို့ကို ဆေးကြောရသည်။

ဆရာလေး အနန်ဒါသည် လက်ယှက်၍ ဆုတောင်းလိုက်ပြီးနောက် လက်တုန်တုန်ဖြင့် လက်ကိုင်ကို လှည့်လိုက်သည်။ ချက်ချင်းပင် ခေါင်းပေါ်မှ ကမ္ဘာပျက် မိုးကြီးရွာသလို ရေတွေ တဝေါဝေါ ပန်းထွက်လာသည်။ အနန်ဒါသည် အိပ်မွေ့ချ ခံထားရသူလို ရေပန်း ရေမွှားတို့ကို ငေးကြည့်နေမိသည်။ အနန်ဒါသည် အားကောင်းကောင်းဖြင့် ပန်းထွက်နေသော ရေပန်းများထက် တရှဲရှဲ မြည်နေသော ရေပန်းသံများကြောင့် ပို၍ အံ့ဩနေသည်။ ထိုသို့ ကြည့်ရင်း မုတ်သုန်ရာသီတွင် တရှဲရှဲ အော်မြည်၍ တက်လာသော ဂင်္ဂါမြစ်ထဲမှ ရေတွေကို သွား အမှတ်ရသည်။ ပူလောင် ပြင်းပြသော နွေရာသီတွင် ကောင်းကင်မှ အေးမြသော ဗုံးကြီး တစ်လုံး ကြဲချလိုက်သလို အေးမြ စိမ်းလန်းသွားစေသည့် မိုးကို သူ သွားသတိရသည်။ အနန်ဒါသည် လက်နှစ်ဖက်ကို မြှောက်ကာ ရေပန်း ရေမွှားတွေ အောက်မှာ ရပ်နေမိသည်။ ရေကို ထိတွေ့ရသည်။ လူ့လောကကြီးနှင့် ခြောက်သွေ့သော မြေကြီးကို အသက်ဓာတ်အား ပေးလိုက်သည့် အခါတွင် ငယ်ငယ်တုန်းက မိုးရေတွေထဲမှာ သူ ပျော်ခဲ့သလို ယခုလည်း သူ ပျော်နေသည်။ ရေစက် ရေပေါက်များနှင့် အပူငွေ့သည် သူ့ တစ်ကိုယ်လုံးသို့ ပျံ့နှံ့ စီးဝင်သွားသည် ဟု ထင်လိုက်ရသည်။ ထိုပေါင်းစည်းမှု၊ ထိုအရသာကို အိန္ဒိယလူမျိုး တစ်ယောက်သာလျှင် နားလည် ခံစား နိုင်လိမ့်မည် ထင်သည်။ အနန်ဒါသည် သီချင်း ဆိုချင် လာသဖြင့် သီချင်း တစ်ပုဒ်ကို အော်ဆိုနေမိသည်။

အိမ်ကြီးထဲတွင် ဟိန်းသွားသော အနန်ဒါ၏ သီချင်းဆိုသံကြောင့် သီလရှင်လေး ပေါလုနှင့် အခြား သီလရှင် သုံးဦးတို့သည် လန့်ဖျပ်ကာ သူ့ဆီ ပြေးလာခဲ့ကြသည်။ ကလေးငယ် တစ်ယောက်လို အပူအပင် ကင်းကင်းနှင့် လွတ်လပ်စွာ သီချင်းဆိုကာ ရေပန်းတွေ အောက်တွင် ခေါင်းကို ငုံ့၊ လက်

နှစ်ဖက်ကို မြှောက်၍ အားရပါးရ ရေချိုးနေသည့် အနန်ဒါကို မြင်သည့်အခါတွင် သူတို့တစ်တွေလည်း ပျော်သွားကာ ခွက်ထိုးခွက်လန် ရယ်မိကြသည်။

ဆရာကြီး ထရိဇာသည် စိတ်အေးအေး ထားနိုင်ပြီ။ သူ့ တပည့်ငယ်သီလရှင်ကလေးများသည် ပျော်ရွှင်သော စိတ်နှလုံးဖြင့် နယူးယောက်မြို့တွင် သူတို့ လုပ်ငန်းကို စနိုင်ကြတော့မည်။

[ ၅၃ ]

ဂျေရုဆလင်မှာ နောက်တစ်နှစ်။
နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။
၁၉၈၅ ခုနှစ် ဆောင်းဦး – ၁၉၈၆ ခုနှစ် ဆောင်း။

နယူးယောက် စိန့်ကလဲယား ဆေးရုံမှ ဘဝသည် အမြဲတမ်း ကြေကွဲစရာတွေချည်း မဟုတ်ပါ။ ပျော်စရာ ရွှင်စရာတွေလည်း ရှိပါသေးသည်။ ဒီဇင်ဘာလ တစ်ညနေ၌ ဒေါက်တာ ဂျက် ဒီဟိုးဗစ် ခေါင်းဆောင်သည့် သူနာပြုအဖွဲ့နှင့် ခြေလှမ်း အနည်းငယ်လောက် အထိ လျှောက်နိုင်အောင် ခွန်အားနည်းနည်းပါးပါး ရှိသူများသည် ဆေးရုံမှ ဆင်းမည့် ဂျူးဆက်စတီန်း အတွက် နှုတ်ဆက်ပွဲကလေး ကျင်းပရန် သူ့ အခန်းသို့ ရောက်လာကြသည်။ အမေဇုန်သစ်တောကြီးထဲရှိ ကင်ဆာ ရောဂါတို့ကို တိုက်ဖျက်သော အာနိသင် ရှိသည့် ဆေးဖက်ဝင် အပင် တစ်မျိုးမှ ထုတ်လုပ်ထားသော ဗင်ဘလာစတင်း ဆေးဖြင့် ကုသလိုက်သည့် အခါတွင် ကာပိုဆီ အရေပြား ကင်ဆာရောဂါကြောင့် ပါးစပ်နှင့် ခံတွင်းတွင် ကူးစက်နေသည့် အနာရောဂါများသည် ပျောက်ကွယ်သွားကြသည်။ ရှေးဟောင်း သုတေသန ပညာရှင် ဂျူးဆက် စတီန်း အစာကောင်းစွာ စားနိုင်ပြီ။ လမ်းတွင် သူ့ကို တွေ့လျှင် သက်ဆိုးမရှည် ဟု မည်သူကမျှ ထင်ကြမည် မဟုတ်။

ဆိုအောင်ပွဲကို အလွယ်တကူတော့ ရခဲ့ခြင်း မဟုတ်ပါ။ ခီမိုသာရေပီ သည် လူနာတိုင်း ကြောက်ကြသည့် ဒုက္ခဆင်းရဲကြီး ဖြစ်သည်။ ခီမိုသာရေပီ ကုသ

မှုကို ခံယူပြီးလျှင် အော်ဂလီဆန်ခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဝမ်းလျှောခြင်း၊ ချွေးထွက်ခြင်း၊ တုန်ခိုက်ခြင်း၊ အရေပြားတွင် အနာပေါက်ခြင်း၊ ၎င်းတို့နှင့် အတူ အများအားဖြင့် အလွန်အမင်း သွေးအားနည်းခြင်း စသည့် နောက်ဆက်တွဲ ရလဒ်များ ပေါ်ပေါက် လာတတ်သောကြောင့် ဖြစ်သည်။ အချို့သော လူနာများတွင် ဆိုလျှင် ဆေးတွင်ပါသည့် ပြင်းထန်လှသော အဆိပ်သင့်မှုကြောင့် လူနာ၏ နှလုံးနှင့် အသက်ရှုပုံကို အလွန် ဂရုစိုက်၍ စောင့်ကြည့်ရသည်။ ထို့ပြင် သူတို့ကို လိုအပ်လျှင် ချက်ချင်း ဆေးဖြတ်ပစ်လိုက်ဖို့လည်း အဆင်သင့် ပြင်ဆင်ထားရသည်။ သို့ရာတွင် ခြွင်းချက်တော့ ရှိပါသည်။

သူနာပြု ဆရာမ ဂလိုရီယာ တေလာသည် ခီမိုသာရေပီ ကုထုံးတစ်ခု လုပ်ပေးရင်း မြင်းတစ်ကောင်လို စားသည့် မိန်းမလျာ လူနာ တစ်ယောက်ကို ပြုစုနေရသည်။ ခါတိုင်းဆိုလျှင် ဇွပ်ပြုတ်ရည်လေး တစ်ဇွန်းသောက်ဖို့ သူ့ကို မနည်း ချော့မော့ တိုက်နေရသည့်တိုင် ခီမိုသာရေပီ ပေးလိုက်သည်နှင့် သူသည် မြင်းတစ်ကောင်လို အငမ်းမရ စားတော့သည်။

ဒေါက်တာ ဒီဟိုးဗစ် နှင့် သူ့အဖွဲ့သည် ဂျိုးဆက် စတိန်း၏ အခြေအနေကို ကြည့်၍ အလွန်အကျူး ဝမ်းသာခြင်း မဖြစ်ကြပါ။ အပေါ်ယံအားဖြင့် ကြည့်လျှင် သူ့ရောဂါသည် ပျောက်ကင်းသွားပြီဟု ထင်ရစေကာမူသော်လည်း အမှန်အားဖြင့်မူ ယာယီ ငုပ်သွားခြင်းသာ ဖြစ်သည်။ လ အနည်းငယ်၊ သီတင်းပတ် အနည်းငယ်၊ သို့မဟုတ် ရက် အနည်းငယ် အတွင်းတွင် သူတို့သည် မတ်တတ်ပင် မရပ်နိုင်တော့သော ဂျိုးဆက် စတိန်းကို မြင်ကြရဦးတော့မည်။ အေအိုင်ဒီအက်စ် ရောဂါ ကြောက်စရာကောင်းသည် ဆိုခြင်းမှာ အခြားကြောင့် မဟုတ်။ ထိုသို့သော အပေါ်ယံ ပျောက်ကင်းဟန်များကြောင့် ဖြစ်သည်။

'ကျွန်တော်တို့ ကုလိုက်လို့ ကူးစက် အနာတစ်မျိုး ပျောက်သွားတယ်၊ ဟိုနေရာ သည်နေရာက အကျိတ်တစ်ခုကို တန့်သွားအောင် လုပ်လိုက်တယ်၊ ဒါပေမယ့် ဒီလို လုပ်နိုင်တိုင်း ကောင်းတာ မဟုတ်ဘူးဗျ၊ အေအိုင်ဒီအက်စ် ရောဂါကတော့ အရှိန်အဟုန် ကောင်းကောင်းနှင့် သူ့ကိုယ်တွင်းမှာ ဆက်ဖြစ်နေတာပဲ၊ ပထမ တစ်ချက်က အေအိုင်ဒီအက်စ် ရောဂါပိုးဟာ ကိုယ်တွင်းမှာ ရှိမြဲ ရှိနေသေးတယ်၊ ဒုတိယ တစ်ချက်က ကိုယ်ခံအား စနစ်ကြီး ပျက်စီးလိုက်လာနေတဲ့ အတွက် အလစ်ချောင်းနေတဲ့ ရောဂါတွေဟာ ဝင်လာကြ

တယ်၊ တခြား ကူးစက် ရောဂါတွေနှင့် ကင်ဆာရောဂါ လက္ခဏာတွေကို ကုသနိုင်ဖို့ အတွက် ကျွန်တော်တို့မှာ ကုထုံးတွေ အများကြီး ရှိတယ်၊ ဒါပေမယ့် အေအိုင်ဒီအက်စ် ရောဂါ ဗိုင်းရပ်စ်ပိုးကို တားနိုင်တဲ့ ကုထုံးတော့ မရှိဘူးဗျာ၊ တခြား ရောဂါတွေက တစ်ခုပြီးတစ်ခု ဝင်လာ နေတော့တာပဲ၊ ရောဂါက ဆိုးဆိုးလာပြီး နောက်ဆုံးတော့ လူနာရဲ့ ကိုယ်ခံစွမ်းအားကို လုယူသွားတော့တာပါပဲ'

ဘာသီးစ်ဒါး ဆေးရုံတွင် ရှိသည့် ဒေါက်တာ ဆမ်ဘရီးဒါး၊ လော့စ်အိန်ဂျလိစ်တွင် ရှိသည့် ဒေါက်တာ မိုက်ကယ် ဂေါ့လီယက်၊ ဆန်ဖရန်စစ္စကိုတွင် ရှိသည့် ဒေါက်တာ မိုဘာဒင်း၊ ပါရီတွင် ရှိသည့် ဒေါက်တာ ရိုဇင်ဘွန်းတို့ အားလုံးကပင် ဒေါက်တာ ဒီဟိုးဗစ်နှင့် သဘောတူကြသည်။

လှုပ်လှုပ်ရှားရှား ဖြစ်နိုင်မည့် သတင်းမျိုးကို အမြဲ လိုက်ရှာနေသည့် တနယ်ဇင်း လောကကမူ အေအိုင်ဒီအက်စ် ရောဂါကို ပျောက်အောင် ကုသနိုင်သည့် ဆေးသစ် တစ်မျိုးကို တွေ့ပြီဟု မကြာခဏ ရေးကြသည်။

ဤတွင် တစ်မနက်၌ စီဘီအက်စ် ရုပ်မြင်သံကြား ကုမ္ပဏီမှ အဖွဲ့တစ်ဖွဲ့သည် စိန့်ကလဲယား ဆေးရုံကြီးသို့ ရောက်လာခဲ့သည်။ ကီစွမှာ ကာပိုဆီ အရေပြား ရောဂါကို ပျောက်အောင် ကုသနိုင်သည်ဟု အဆိုရှိသော အင်တာဖာရွန်ကို အခြေခံသည့် ဆေးသစ် တစ်မျိုးနှင့် ပတ်သက်၍ ဆရာဝန် တစ်ဦးနှင့် လူနာ တစ်ဦးကို တွေ့ဆုံ မေးမြန်းခန်း လုပ်ရန် ဖြစ်သည်။

'မေးမြန်းတဲ့ ရုပ်မြင်သံကြား အဖွဲ့ကတော့ ဒီဆေးနှင့် ပတ်သက်လို့ ဘယ်လို မျှော်လင့်ချက်တွေ ထားတယ်၊ ဘယ်လို အသုံးပြုမယ် ဆိုတာတွေကို ရှန်းရှန်းဝေအောင် ပြောစေချင်တာပေါ့ဗျာ၊ ကျွန်တော့် အဖို့ကတော့ စိတ်ပျက်စရာတွေ တော်တော်များများကို တွေ့ခဲ့ပြီးပြီဗျ၊ ဒီတော့ နောက်ထပ် ဆေးသစ် တစ်မျိုး တွေ့တယ် ဆိုတိုင်း ဝမ်းမသာနိုင်သေးဘူး၊ ဟုတ်ပါတယ်၊ သူတို့ ပြောတဲ့ ဆေးနှင့် ပတ်သက်လို့ စာနယ်ဇင်းတွေထဲမှာ ပါတာတွေကို ကျွန်တော် အမြဲ ဖတ်ပါတယ်၊ ကျွန်တော့် လုပ်ဖော်ကိုင်ဖက် တချို့လည်း ဒီဆေးကို အသုံးပြုနေတယ် ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ကျွန်တော့် စိတ်ထဲမှာတော့ အလွန်အံကျူး စိတ်အား ထက်သန်မှုမျိုးတော့ မဖြစ်လှဘူး၊ ဒါကြောင့်မို့ ဒီပြင် ဆေးတွေကို သုံးသလို ကျွန်တော် ကိုယ်တိုင်လည်း သုံးကြည့်မယ်ပေါ့၊ ဒီမှာတင် ရုပ်မြင်သံကြား အဖွဲ့သားတွေလည်း ဂျိုးဆက်စတီန်းရဲ့ အခန်းကို ဆင်းလိုက်လာကြတယ်၊ သူတို့ တစ်တွေက

ဂျိုးဆက်စတိန်းရဲ့ မျက်နှာပေါ်က အနာကြီးတွေကို ရနိုင်တဲ့ ထောင့်အမျိုးမျိုးက နေပြီး ရုပ်မြင်သံကြား ရိုက်ယူကြတယ်၊ ပြီးတော့ တွေ့ဆုံ မေးမြန်းသူက ခု အဲဒီ ရောဂါကို ပျောက်အောင် ကုနိုင်တဲ့ ဆေးသစ်တစ်မျိုး ပေါ်နေပြီလို့ ဂျိုးဆက်စတိန်းကို ပြောတယ်၊ အဲဒီနေ့ ညနေပိုင်း သတင်းချိန်ရောက်တော့ အဲဒီ သတင်းကို ပြတယ်၊ သတင်းပြတဲ့ အခါကျတော့ ခုလို ရောဂါပျောက်တဲ့ ဆေးကို တွေ့တဲ့အခါမှာ လူနာ ဘယ်လောက် ဝမ်းသာသွားတဲ့ အကြောင်း၊ လူနာ ဘယ်လိုဖြစ်သွားတဲ့ အကြောင်းကို ပရိသတ် အမြင်မှာ ရှင်းရှင်းလင်းလင်း ဖြစ်အောင် ဆိုပြီး ကျွန်တော်ပြောတဲ့ စကားတွေကို ဖြတ်တောက်ထားပစ်ခဲ့တယ်ဗျ၊ ဆက်သွယ်ရေး မီဒီယာတွေက ခုလို အချိန်မတိုင်မီ သတင်းတွေကို ထုတ်ပြန် နေကြတာကတော့ တော်တော် စိတ်ပျက်စရာ ကောင်းတယ်ဗျာ။

'သူတို့ လုပ်လိုက်လို့ ကျွန်တော်နှင့် ဂျိုးဆက်စတိန်းတို့ အကြီးအကျယ်စကား များကုန်တော့တာပေါ့၊ သူက ခု အသစ်တွေ့တဲ့ ဆေးတွေနှင့် သူ့ကို မကုဘူးတဲ့၊ ပေါ့တီးပေါ့ဆ ကုလို့ သူ မပျောက်ဘဲ နေတာတဲ့'

များစွာသော အေအိုင်ဒီအက်စ် လူနာများကဲ့သို့ပင် ဂျိုးဆက်စတိန်းသည် သူ့ရောဂါ အခြေအနေ၊ သူ သောက်ရသည့် ဆေးဝါးများနှင့် ထိုရောဂါကုသရေးနှင့် ပတ်သက်၍ ပြုလုပ်နေသော ဆေးသုတေသန လုပ်ငန်းများကို များစွာ စိတ်ဝင်စားတတ်သည်။ သူသည် နယူးယောက်တိုင်း သတင်းစာကို နေ့တိုင်း ဖတ်သည်။ အပတ်စဉ် ဂျာနယ်များကို ဖတ်သည်။ ဆေးပညာဂျာနယ်များကိုပင် ဖတ်လိုက်သေးသည်။ ရုပ်မြင်သံကြားနှင့် ရေဒီယို သတင်းများကိုလည်း အမြဲ နားထောင်သည်။ ဤသို့ဖြင့် သူသည် တစ်ခါတစ်ရံတွင် လူနာများအား မှော်လင့်ချက် အမှားများကို ပေးတတ်သည့် စာနယ်ဇင်းများ၏ အရေးအသားများကို အဟုတ် ထင်နေတတ်သည်။ ထိုသို့ ဖြစ်လာသည့်အခါတွင် ဆေးကုပေးရသည့် ဆရာဝန်များမှာ မကြာခဏ အခက်ကြုံရသည်။

အချို့ လူနာများမှာမူ ထိုဆေးကို ဝယ်ရန် မက္ကဆီကိုသို့ လေယာဉ်ဖြင့် လိုက်သွားကြသည်။ အက်ဖ်ဒီအေ (အစားအစာနှင့် ဆေးဝါး အုပ်ချုပ်ရေးဌာန) က ထိုဆေးကို အမေရိကန် ပြည်ထောင်စုတွင် ရောင်းချရန် ပိတ်ပင်ထားသောကြောင့် ဖြစ်သည်။

'ကျွန်တော့်မှာ သူတို့ကို ပေးဖို့ တခြားဆေး မရှိတဲ့ အခါကျတော့ အဲဒီဆေးကို မသုံးနှင့်လို့ ကျွန်တော် ဘယ့်နှယ်လုပ်ပြီး ပြောနိုင်မလဲ၊ ပြောဖို့

အခွင့်အာဏာလည်း ကျွန်တော့်မှာ ဘာရှိလို့လဲ၊ မကြာခင် သေရတော့မယ်လို့ သိနေတဲ့ လူနာတွေကို ခင်ဗျားတို့ ဒီဆေးကို မသုံးနှင့်လို့ ပြောဖို့ ကျွန်တော့်မှာ ဘာအခွင့်အရေးမှ မရှိဘူးလေ၊ ဒါပေမယ့် ခက်တာက မက္ကဆီကိုမှာ ဖြစ်ဖြစ်၊ ဘယ်မှာ ဖြစ်ဖြစ် ရောင်းနေတဲ့ ဆေးတွေဟာ အေအိုင်ဒီအက်စ် ရောဂါကို မတားဆီးနိုင်ဘူး ဆိုတာ အတွေ့အကြုံတွေက သက်သေပြပြီးပြီ၊ အဲဒီဆေးတွေကို သုံးတဲ့ လူနာတွေကို ကျွန်တော် စစ်ဆေး ကြည့်ပြီးပြီ၊ သူတို့လည်း တခြား လူနာတွေလို မကြာခင်မှာ သေသွားကြတာပဲ၊ တကယ်လို့သာ အဲဒီ ဆေးတွေကြောင့် တစ်ယောက်ယောက် မသေမပျောက် အသက်ရှင်တယ်ဆိုတာကို တွေ့ရင်လည်း ဆေးပညာရှင်တွေ လိုက်နာရမယ့် ကျင့်ဝတ်တွေကို ဖောက်ဖျက်ပြီး ဒီဆေးတွေနှင့် တိတ်တိတ်ကျိတ်ပြီး ကုပေးပါရဲ့'

ဒေါက်တာ ဒီဟိုးဇစ်က ညည်းသည်။

ထိုနေ့ ဒီဇင်ဘာ မနက်ကမူ ဂျိုးဆက်စတိန်း၏ အခြေအနေ တိုးတက်လာသည့် အတွက် သူတို့ ဆေးရုံတစ်ထပ်လုံး ပျော်နေကြသည်။ သူနာပြု တစ်ဖွဲ့လုံး၏ အချစ်တော် ဖြစ်သည့် ဂျိုးဆက်စတိန်းသည် မတ်တတ်ထ၍ လျှောက်နိုင်ပြီ။ ပျော်လျက်။ အနိုင်ရလျက်။

ဆမ်ဘာလွန်းမှာလည်း သူ့မိတ်ဆွေ ဂျိုးဆက်စတိန်း ပြန်လည် ကျန်းမာလာသည့်အတွက် ရှန်ပိန် အကောင်းစား တစ်ပုလင်းကို ယူလာ၏။

'ဘဝအတွက် ဆုတောင်းပြီး သောက်ကြတာပေါ့ဗျာ' ဟု ဆမ်ဘာလွန်းက ဆိုသည်။

'ကျန်းမာပါစေ' ဟု အားလုံးက ဆုတောင်းကြသည်။

ဖန်ခွက်သံ တချွင်ချွင်များ ကြားမှနေ၍ ဂျိုးဆက်စတိန်းက ဒေါက်တာ ဒီဟိုးဇစ်ကို လှမ်းဖက်ပြီး 'ဆရာဟာ ဆေးသမားတို့ရဲ့ ဘုရင်ပါဆရာ' ဂျိုးဆက်စတိန်းက ပြော၏။ နှာခေါင်းတွင်း အမြှေးပါးများကို ရောဂါကူးစက်နေသဖြင့် သူ့အသံသည် သတ္တုသံ ပေါက်နေသည်။

ဒေါက်တာ ဒီဟိုးဇစ်က ရယ်လိုက်ရင်း 'ကျန်းမာရေးကို ဂရုစိုက်နော်၊ ခင်ဗျား ဆင်းသွားရင်တော့ တစ်ဆောင်လုံး ပျင်း ကျန်ရစ်ခဲ့မှာပဲ၊ ကျွန်တော်တို့ အဖို့လည်း ဟာ ကျန်ရစ်ခဲ့မှာ၊ ခင်ဗျား ကျန်းမာရေး အခြေအနေနှင့်ပတ်သက်လို့ ကျွန်တော်တို့နှင့် အဆက်အသွယ် လုပ်ဖို့လည်း မမေ့နှင့်နော်'

ဂျိုးဆက် စတိန်းက ဘလွန်းဘက်သို့ လှည့်ရင်း 'ဂျေရုဆလင်ကို ရောက်ရင် ခင်ဗျားဆီကို ပို့စကတ် တစ်ခု ပို့လိုက်မယ်၊ ပြီးတော့ လေဖြတ် ထားတဲ့ ကျွန်တော့် မိတ်ဆွေကြီးကိုလည်း သွားပြီး အားပေးရဦးမယ်'

အစ္စရေးသို့ မပြန်မီ နှစ်ရက်အလို တစ်ညတွင် ဂျိုးဆက်စတိန်းသည် ရင်ထဲတွင် ပျို့တက်လာကာ ထိုးအန်သဖြင့် အိပ်ရာမှ နိုးလာခဲ့သည်။ အန်ပုံကလည်း ကြောက်စရာ။ ထိုးအန်ပြီးသည်နှင့် ကိုယ်ခန္ဓာထဲတွင် ရှိသမျှ ခွန်အားတွေ ပါသွားသလို နုံးခွေ ကျန်ရစ်ခဲ့သည်။ မတ်တတ် ထရပ်ဖို့ပင် ခွန်အား မရှိတော့။ ခံတွင်းတွင် ရှိသည့် အနာများကလည်း ရောင်ရမ်း ပွထလာသဖြင့် နှုတ်ခမ်း၊ ပါးစပ်နှင့် လည်ချောင်း တစ်ခုလုံးသည် ထူအန်း ပိတ်ဆို့ တင်းကျပ်လျက် ရှိသည်။ အချိန်တိုသည့်တိုင် တစ်ချက် တစ်ချက်တွင် ဆိုးလိုက်သည့် ချောင်းခြောက်ကြီးကလည်း မခံမရပ်နိုင်အောင် နာကျင် ပြင်းပြကာ ချောင်းဆိုးလိုက်တိုင်း ခေါင်းမှသည် ခြေဖျားအထိ တစ်ကိုယ်လုံး တုန်ခါသွားတော့သည်။ ခြစ်ခြစ်တောက် ပူနေသည့် ကြားထဲက တစ်ကိုယ်လုံး ရေချိုးထားသလို ချွေးတွေ ရွှဲနစ်ပြီး ခိုက်ခိုက် တုန်နေသည်ကို ထောက်လျှင် ရောဂါသည် အရှိန်ပြင်းပြင်းဖြင့် နောက်တစ်ကျော့ ဖောက်လာပြီကို သိနိုင်သည်။

ဂျိုးဆက်စတိန်းသည် ရှိသမျှ ခွန်အားကို စုစည်းကာ ဆမ်ဘလွန်းထံ တယ်လီဖုန်း ဆက်သည်။ ဆမ်ဘလွန်း အလန့်တကြား ဖြစ်မည် စိုးသဖြင့် သတိထား၍ စကားပြောသည်။ ဆရာဝန်များက ရေဝတီ ဥပုသ် အဝင်လောက်မှ အစ္စရေးသို့ ပြန်ရန် ရွှေ့ဆိုင်း ထားလိုက်သည် ဟု ပြောပြသည်။

'အတော်ပဲပေါ့ဗျာ၊ အဲဒီ အချိန်ကျရင် လေဖြတ်နေတဲ့ ကျွန်တော့်ကို ကိုယ်တော်လေးကိုလည်း မျက်ရည်နံ့ရံ့ အထိမ်းအမှတ် ကျောက်တိုင်ကို လိုက်ပြရမယ်' ဂျိုးဆက်စတိန်းက ခပ်တည်တည် ပြောသည်။

ဂျိုးဆက်စတိန်းသည် စိတ်သက်သာရာ ရသွားကာ တယ်လီဖုန်းခွက်ကို ချလိုက်သည်။ အိပ်ရာပေါ်သို့ မလှဲမီ ခုတင်ဘေး စားပွဲပေါ်ရှိ ပစ္စည်းများကို လက်ဖြင့် စမ်းကြည့်သည်။ သူ ကျောင်းသား ဘဝတုန်းက ကိုင်ခဲ့သည့် နှီးစက်နာရီကလေး။ အစ္စရေးတွင် ရှေးမြို့တော်ဟောင်းများကို တူးဖော်ခဲ့စဉ်က သူ ကောက်လာခဲ့သည့် ကျောက်ဆစ် ထုထားသည့် မီးခွက် ကျောက်တုံးကလေး။ နှစ်ပေါင်း တစ်သိန်းလောက်တော့ သက်တမ်း ရှိလောက်ပြီ။

ဂါဇာတွင် ဘလွန်း၊ ဖိလစ်တို့နှင့် ရှေးမြို့ဟောင်း တူးဖော်စဉ်က ရိုက်ခဲ့သည့် ဓာတ်ပုံ ထည့်ထားရာ ငွေဓာတ်ပုံ ပေါင်ကလေး။ မြေကျင်းကြီးထဲသို့ လိမ့်မကျမီကလေးတွင် ရိုက်ခဲ့သည့် ဓာတ်ပုံ။ တိုရာ ကျမ်းစာအုပ် တစ်အုပ်နှင့် ရေဝတီတို့ လိုက်နာရသည့် ပညတ်ချက် မစ်ဇီဘော့ ပညတ်တော်ကျမ်း။ စာမျက်နှာ တစ်နေရာတွင် ဖဲကြိုးကလေး တစ်ချောင်းညှပ်ပြီး မှတ်ထားသည်။

မကြာသေးမီတုန်းက ဂျိုးဆက်သည် ထို စာ မျက် နှာ ကို ထပ်ကာ ထပ်ကာ ဖတ်ခဲ့သည်။ ဝါကျတိုင်းကို-သူ အနှလုံး ပဋိလုံ ဆန်းစစ်ခဲ့သည်။ စကားလုံးတိုင်းကို သူ ဘာဝနာ ပွားသည်။ မိမိကိုယ်ကို မိမိ အဆုံးစီရင်ခြင်း မပြုရန် တားမြစ်ထားသော ပညတ်တော် ဖြစ်သည်။ ထို ပညတ်တော်မှာ ရှေးဟောင်း ဓမ္မကျမ်းများကို အခြေခံ၍ ရေးထားခြင်း ဖြစ်သည်။ ထိုကျမ်းတွင် နှစ်ရာစုတုန်းက ကားတိုင်တွင် တင်၍ မီးရှို့ အသတ် ခံခဲ့ရသော ရေဝတီ ဓမ္မသတ် ကျမ်းဆရာကြီး ချာဏာဒီယဘန္ဓတီရဒီယ၏ ဟောပြောချက်များကို ကောက်နုတ် ဖော်ပြထား၏။ ကားတိုင်တွင် အတင်ခံရသဖြင့် ဝေဒနာ ပြင်းပြစွာ ခံရစဉ် ထိုဝေဒနာကို သက်သာအောင် မီးတောက်မှ ထွက်လာသည့် မီးခိုးများကို အားရပါးရ ရှူရှိုက်၍ သေသွားရန် ဘေးမှ လူများက အော်ပြောကြသည့်အခါ ဓမ္မသတ် ကျမ်းဆရာ ချာဏာဒီယက 'ကိုယ်တော် အရှင်သည် မိမိ၏ ဝိညာဉ်ကို ငါ့အားပေးခဲ့၏၊ ထိုဝိညာဉ်ကို ကိုယ်တော် အရှင်သာလျှင် ပြန်၍ နုတ်ယူနိုင်၏၊ မည်သူမျှ မိမိ၏ သေခြင်းကို လျင်မြန်အောင် လုပ်ပိုင်ခွင့် မရှိ' ဟု ပြောခဲ့သည်။ ထိုကျမ်းစာထဲမှာပင် မိမိ ကိုယ်ကို မိမိ အဆုံးစီရင်သူအား ဘာသာတရားအရ ဖုတ်ကြည်း သင်္ဂြိုဟ်ခြင်း မပြုရန်၊ ကျန်ရစ်သူတို့ကလည်း သူ့အတွက် ဆုတောင်း အမျှ ပေးဝေခြင်း မပြုရန်၊ ရေဝတီတို့ ထုံးစံအရ သေသူ၏ ဂူသင်္ချိုင်းပေါ်တွင် သူ၏ အဝတ်အစားများကို ချခြင်း မပြုရန် တားမြစ်ထားသည့် ရေဝတီ ဓမ္မသတ် ပညတ်ချက်များကိုလည်း ဖော်ပြထားသည်။

သို့ရာတွင် ထိုကျမ်းထဲမှာပင် အခြား တစ်နေရာ၌ တင်းကျပ်လှသည့် ပညတ်ချက်ကို ပျော့ပျောင်းစွာ အနက် ဖွင့်ဆိုထားသည့် အခြားသော အဋ္ဌကထာ ဆရာများ၏ အနက် ဖွင့်ဆိုချက်ကို ဂျိုးဆက်စတိန်း သွားတွေ့သည်။ 'ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရသူသည် ထိုဘဝကို ဆက်လက် ရှည်ကြာအောင် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်နိုင်သော အခွင့်အရေး ရှိသည်' ဟု ဓမ္မသတ်ကျမ်းဆရာ ယိုရိဒီယက ဟောခဲ့သည့် စာပိုဒ်ကို သွားတွေ့သည်။

ဂျိုးဆက်စတိန်းသည် စိန့်ကလဲယား ဆေးရုံကြီးသို့ ရောက်ခဲ့စဉ် သူ့ဘေးပတ်ဝန်းကျင်တွင် လူတွေ တဖြုတ်ဖြုတ် သေခဲ့သည်ကို မြင်ခဲ့ဖူးပြီ။

ထို့ကြောင့် သူ့ကို စောင့်ကြိုနေသည့် ကြောက်ဖွယ် နိဂုံးနှင့် ပတ်သက်၍လည်း သူ မသိသည့်အရာ မရှိတော့ပြီ။ သေခြင်းတရား အကြောင်းနှင့် ပတ်သက်၍ အစွရေးရှိ ဘုန်းတော်ကြီး ဖိလစ်မာလုထံသို့ ရေးခဲ့သော စာများထဲတွင် မကြာခဏ အကျယ်တဝင့် ရေးခဲ့ဖူးပြီ။ သူကြောက်သည်မှာ သေအံ့မူးမူးတွင် ခံစားရသည့် ကာယိကဝေဒနာ မဟုတ်၊ အသက်ရှင်ခြင်း အတွက် ဂုဏ်ယူနိုင်သည့် အရာဟူသမျှတို့ တဖြည်းဖြည်း ပျက်စီး ယိုယွင်းသွားခဲ့ပြီ ဆိုသော အသိကြောင့် ရသည့် စေတသိက ဝေဒနာသာလျှင် ဖြစ်သည်။

'ကျွန်တော့် စိတ်ထဲမှာတော့ ကျွန်တော် လုပ်ခဲ့တာတွေ အတွက် ဘာမှ နောင်တ မရမိဘူးဗျာ၊ လူ့ဘဝမှာ ကျွန်တော် လုပ်ခဲ့သမျှတွေကို ကျွန်တော် ချစ်တယ်၊ ခုံမင်တယ်၊ မြတ်နိုးတယ်၊ နောက်တစ်ခါများ လူပြန်ဖြစ်လာဦးမယ် ဆိုရင် အရင်လိုပဲ ကျွန်တော် ပြန်နေဦးမှာပဲ၊ ဘာမှ မပြောင်းဘူး'

ဂျိုးဆက်စတိန်းက သူ့မိတ်ဆွေများကို ပြောပြတတ်သည်။

ဆေးရုံတက်စ ဆေးရုံတွင် ဝန်ခံချက် လက်မှတ် ရေးထိုးခဲ့စဉ်က မိမိသည် သဘာဝ မဟုတ်သော နည်းများဖြင့် ဆက်လက် အသက်ရှင်နေလိုခြင်း မရှိပါဟု သူ လက်မှတ်ထိုးခဲ့သည်။ ထိုနေ့ မနက်ကမှ အခြေအနေ တော်တော်ဆိုးသည်။ သူ့အခြေအနေသည် တဖြည်းဖြည်း ဆုတ်ယုတ်လာနေပြီ ဖြစ်ကြောင်းကိုလည်း ဂျိုးဆက်စတိန်း ကောင်းကောင်း သိသည်။

ဘဝ တစ်လျှောက်လုံး ဘီးတပ် ကုလားထိုင်ပေါ်တွင် ထိုင်၍ အသက်ရှင်ရတော့မည် ဖြစ်သည့် ဖိလစ်မာလု အကြောင်းကို သူ သတိရသည်။ သူကဲ့သို့ပင် မိမိသည်လည်း လူတစ်ယောက်အဖြစ် ခြေထောက်ပေါ်တွင် ဘယ်တော့မျှ ရပ်နိုင်တော့မည် မဟုတ်ကြောင်းကို သဘောပေါက်သည်။ မိမိ၏ အချည်းနှီးသော ရုန်းကန်မှုကို အဆုံးသတ်ရန် အတွက် အချိန်သည် ရောက်ပြီလော၊ မရောက်သေးဘူးလော။ မိမိအတွက် ရွေးချယ်ခွင့် ရှိနေသေးသည်။

ခုတင်ဘေး စားပွဲပုကလေး ပေါ်တွင် ဆေးရုံမှ ဆင်းလျှင် သုံးဖို့ ပေးထားသည့် ဆေးတောင့် ဖြူဖြူလေးတွေ ထည့်ထားသော ပုလင်းကလေး ရှိသည်။ ဆေးပေးခန်း ဆရာဝန်က ထို ဆေးအမည်ကို ပုလင်းပေါ်တွင် ရေးပေးလိုက်သည်။ ဒီလောဒစ်သည် မော်ဖိန်းထက် အဆများစွာ ပြင်းသည့်

အကိုက်အခဲ ပျောက်ဆေး ဖြစ်သည်။ ဂျိုးဆက်စတိန်းသည် ဆေးဟောင့် ဖြူဖြူလေးများကို ငေးစိုက်ကြည့်နေသည်။ ထိုဆေးတောင့်ကလေးများသည် အကိုက်အခဲ ဝေဒနာကြီးကို သက်သာစေပြီး လူ့ဘဝကြီးတွင် အသက်ရှင် နေထိုင်လိုသည့် ဘဝတဏှာကို စွဲလမ်းအောင် လုပ်ပေးထားသည်။ တစ်လုံး လောက် သောက်လိုက်လျှင်ပင် အလွန် ပြင်းပြသည့် ဝေဒနာကြီးများသည် ချက်ချင်း ပျောက်ကင်းသွားကြသည်။ ယခု အသက်ရှင် နေထိုင်ရခြင်း ဟူသော ဝေဒနာ ဆင်းရဲကို အဆုံးသတ်ရန် ထိုဆေးတောင့်မျိုး ဘယ်နှစ် တောင့်များ လိုလေမည်နည်း။ အဖြေကို မရှာမီ လောကကြီးတွင် ဖြစ်သမျှ အကြောင်းကို လက်ခံရန် မကြာခဏ ပြောလေ့ရှိသည့် ဘုန်းတော်ကြီး မာလု နှင့် စကား ပြောချင်သေးသည်။

ဂျိုးဆက်စတိန်းသည် လာထရွန်းရှိ ဝေဒနာ ခုနစ်ပါး ကျောင်းတိုက် ဘယ်လီဖုန်း နံပါတ်ကို လှည့်သည်။ ဖုန်းနံပါတ်တွေကို လှည့်နေရင်း ဘုရား ရှိခိုးကျောင်း နောက်ဘက် တစပြင်ကလေးကို မျက်စိထဲတွင် မြင်ယောင် လာ၏။ ဆိုက်ပရပ်ပင် ခြံစည်းရိုးလေး။ တောပန်းရိုင်း ချုံများ၊ မြေပုံ မို့မို့ ကလေးများ ပေါ်တွင် စိုက်ထားသည့် လက်ဝါးကပ် တိုင်လေးများ။

ကျောင်းတိုက်တွင် ဘုန်းတော်ကြီး မာလုကို မတွေ့ရ။ လက်ချောင်း ကလေးများကို လှုပ်ရှားနိုင်ရန် အတွက် နောက်ထပ် စမ်းသပ် စစ်ဆေးမှု တစ်ခုကို လုပ်ရန် ဂျေရုဆလင်သို့ သွားနေသည်ဟု သိရသည်။

'ဘုန်းကြီး ပြန်ရောက်လာရင် ကျွန်တော် ဘာလျှောက် လိုက်ရပါ့မလဲ ခင်ဗျာ'

တစ်ဖက်မှ မေးသည်။

'အထူး မရှိပါဘူးဗျာ၊ ဂျိုးဆက်စတိန်းက သူ မသွားခင် နှုတ်ဆက် သွားတယ်လို့သာ ပြောလိုက်ပါ'

တယ်လီဖုန်း အနီးတွင် စာရေးစက္ကူကတ်ကလေး တစ်ခု ရှိသည်။ ဂျိုးဆက် စတိန်းသည် စာရေးစက္ကူကတ်ကို ဆွဲယူလိုက်ပြီးနောက် ကြိုးစား၍ စာရေး သည်။ 'အားလုံးကို ချစ်ပါသည်၊ အားလုံးကို နောက်ဆုံး နှုတ်ဆက်လိုက်ပါ သည်' ဆိုသည့် စကားလုံးများ ဖြစ်သည်။ စာရွက်ကို ဆုတ်လိုက်ပြီးနောက် အများ မြင်နိုင်မည့် နေရာ မိမိခုတင် အနီးရှိ မှန်အိမ်ဘေးတွင် ချထားလိုက်

သည်။ ရေတစ်ခွက် ငှဲ့သည်။ ဒီလောဒစ် ပုလင်းကို ဖွင့်ပြီးနောက် ပုလင်းထဲတွင် ကျန်နေသည့် ဆေးတောင့်များ အားလုံးကို လက်ဖဝါးပေါ်သို့ သွန်ချလိုက်သည်။

ထို့နောက် သူသည် ဆေးတောင့်များကို တစ်တောင့်ပြီး တစ်တောင့် မျိုချနေသည်။

[ ၅၄ ]

ဘဝသည် ဘဝ ဖြစ်၏၊ အသက်ရှင်ရန် ထိုက်ပါဘိ။
နယူးယောက်၊ အမေရိကန် ပြည်ထောင်စု၊
၁၉၈၅ ခုနှစ် ခရစ္စမတ် – ၁၉၈၆ ခုနှစ် ဆောင်း။

ဂရင်းဝစ် ရွာလေးတွင် သတင်းစာဆရာတွေ သည်လောက် တစ်ခါမျှ စုံစုံလင်လင် မရှိဖူးသေး။ ၁၉၅၀ ပြည့်လွန်နှစ်များ တစ်ဝိုက် ဆိပ်ကမ်း အလုပ်သမား သပိတ်ကြီးတုန်းက တစ်ကြိမ်၊ ၁၉၇၀ ပြည့်လွန်နှစ်များ တစ်ဝိုက် မိန်းမလျာ လွတ်မြောက်ရေး လှုပ်ရှားမှု ပေါ်ပေါက်စဉ်က တစ်ကြိမ်၊ ထိုနှစ်ကြိမ်တွင်သာ သတင်းစာဆရာတွေ သည်မျှ များများစားစား ရောက်ဖူးသေးသည်။ ရဲတွေ အတန်တန် ပိတ်ဆို့ ကာဆီးထားသည့် ကြားထမှာပင် လူထုများသည် ထူးခြားသည့် ရှုခင်းကို တိုးဝှေ့ ကြည့်ကြသည်။

သူ့မျက်လုံးက တိမ်စွဲသဖြင့် ခွဲစိတ်ပြီးသည်မှာ ဘာမျှ မကြာသေး။ ပါးရေတို့ တွန့်လျက်ရှိသည့် သူ့မျက်နှာသည် မျက်မှန် ထူထူကြီးကြောင့် မှုန်ဝါးဝါး ဖြစ်နေသည်။ သီလရှင် ဆရာကြီး မာသာ ထရီဇာသည် အသံဖမ်းမိုက်နှင့် ကင်မရာ ဝက်ပါထဲတွင် လီမိုဇင်း ကားကြီးများပေါ်မှ ဆင်းသက်လာသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးများကို ကြိုဆိုနေသည်။

နယူးယောက် မြို့တော်ဝန် အက်ကော့ချ်သည် နာမည်ကျော် သီလရှင် ဆရာကြီး ကမ်းပေးသည့် လက်ကို အားရပါးရ လှုပ်ယမ်း နှုတ်ဆက်နေသည်။

နယူးယောက် ခရစ်ယာန် ဂိုဏ်းချုပ်ကြီးက သူတို့နှစ်ဦးကို ပီတိဖုံးသည့် အကြည့်ဖြင့် ကြည့်နေသည်။ ဂိုဏ်းချုပ် ဘုန်းတော်ကြီး အိုကွန်နားသည် ဂုဏ်ယူမဆုံး ဖြစ်နေသည်။ ယနေ့သည် သူ့သာသနာ နယ်မြေထဲတွင်

မရှိဆင်းရဲသား အေအိုင်ဒီအက်စ် ရောဂါရှင်များ အတွက် ပထမဆုံး ဂေဟာကို ဖွင့်လှစ်သည့်နေ့ မဟုတ်လော။

အဝင် တံခါးမကြီး၏ လက်ဝဲဘက် နံရံပေါ်တွင်မူ ဒါနဝေပုလ္လကျောင်းတိုက်ကို တည်ထောင်ခဲ့သည့် ဆရာကြီး မာသာ ထရီဇာ၏ တောင်းဆိုချက်အရ ယခု တည်ထောင်သည့် ဂေဟာ၏ အမည်ကို ကမ္ပည်း ထိုးထားသည့် ကြေးပြား တစ်ခုကို ကပ်ထားသည်။ သတင်းထောက်များ၏ ကင်မရာများသည် တိုးဝှေ့ကာ ထိုကြေးပြားပေါ်က အမည်ကို ဓာတ်ပုံရိုက်ကြသည်။

ယခု အချိန်မှစ၍ အမှတ် ၆၅၇၊ ဝါရှင်တန်လမ်းရှိ ပရက်စတိတာရီးယန်း ဘုန်းကြီးကျောင်းဟောင်းသည် မေတ္တာဂေဟာ ဟူသော အမည်တွင်ပေတော့မည်။

ခရီးပန်း လာသည့်တိုင် သီလရှင် အဘွားအိုသည် တရားဝင် ဖွင့်လှစ်သည့် အခမ်းအနား ပြုလုပ်ရန် ကိစ္စကို ကန့်ကွက်ခြင်း မပြုတော့။ သူ၏ သေးသွယ် ပါးလျားသော ကိုယ်ခန္ဓာ အနီးတွင် ဝိုင်းအုံနေကြသော သတင်းထောက်များအား 'အေအိုင်ဒီအက်စ် ရောဂါကို ခံစား နေရသူတိုင်းဟာ ဝေဒနာ ခံစားနေရတဲ့ သခင်ခရစ်တော် ဖြစ်တယ်' ဟု ကြေညာခဲ့သည်။

ထိုဂေဟာ ဖွင့်ပွဲကို ခရစ္စမတ် အကြိုနေ့တွင် ကျင်းပရန် ရွေးချယ်ခဲ့ခြင်းမှာ အကြောင်းရှိသည်။

'သခင် ယေရှုဟာ အဲဒီညမှာ ဖွားတော်မူခဲ့တယ်၊ လူတိုင်း ပျော်ရွှင်မှု၊ ချစ်ခင်မှုနှင့် ငြိမ်းချမ်းမှုထဲမှာ မွေးဖွားလာဖို့ အတွက် ကျုပ် ကူညီချင်တယ်' ဟု ဆရာကြီး ထရီဇာက ပြောသည်။

ထိုဂေဟာ အတွက် ပထမဆုံး လူနာ သုံးဦးကို သူကိုယ်တိုင် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ သူတို့ သုံးဦးကို နာမည်ဆိုးဖြင့် ကျော်ကြားသည့် ဆင်ဆင် အကျဉ်းထောင်ကြီးထဲမှ တွေ့ခဲ့ခြင်း ဖြစ်သည်။ အကျဉ်းသားများ၏ စေတသိကဒုက္ခ၊ ကာယိကဒုက္ခ ဝေဒနာတို့ကို စောင့်ရှောက် ကြည့်ရှုသည့် အမေရိကန် သီလရှင် တစ်ဦးက ခေါ်သဖြင့် ရောက်သွားခြင်း ဖြစ်သည်။ သူတို့ကို မြင်လိုက်သည့်အခါတွင် မာသာ ထရီဇာသည် ကြီးစွာ ထိတ်လန့်သံဝေဂ ဖြစ်ရသည်။ အကျဉ်းထောင်များထဲတွင် မူးယစ်ဆေးဝါး အလွဲသုံးမှုသည် ပြည့်နှက်လျက် ရှိပြီး ရောဂါပိုးကပ်နေသည့် ဆေးထိုးအပ်များကြောင့် အေအိုင်ဒီအက်စ် ကူးစက်ရောဂါသည် အကြီးအကျယ် ပျံ့နှံ့နေသည်။ လူနာများမှာ လိုအပ်သည့် ပြုစု ကုသမှုကို မရကြရုံမျှမက စိတ်ဓာတ်အရလည်း

နှစ်သိမ့် အားပေးမှု မရှိဘဲ ဖြစ်နေသည်။ သူတို့ အခြေအနေသည် ကာလကတ္တားမြို့ လမ်းဘေးတွင် လဲနေသည့် လူနာများထက် အများကြီး ဆိုးသည်ကို တွေ့ရသည်။ ဤတွင် မာသာ ထရီဇာသည် အစမ်းသဘောဖြင့် လူနာသုံးယောက်လောက်ကို ပြုစုကုသဖို့ ခွင့်ပေးရန် သက်ဆိုင်ရာများသို့ တောင်းဆိုခဲ့သည်။

သူတို့အနက် တစ်ယောက်မှာ ဒါရိုင်း မောဆက် ဆိုသူ ဖြစ်သည်။ အသက် ၂၇ နှစ် ရှိပြီ။ နယူးယောက်တွင် ရှိသည့် ဒစ္စကိုကလပ် နှစ်ခုတွင် အဆိုတော် လုပ်ခဲ့ဖူးသည်။ ထိုစဉ် သူသည် ဆေးစွဲသူ ဖြစ်နေပြီ။ တစ်နေ့တွင် နောက်တစ်ခါ ဆေးထိုးရန် ပိုက်ဆံ မရှိသဖြင့် မင်ဟက်တန် ရပ်ကွက် လမ်းတစ်လမ်းတွင် မောင်နှံတစ်စုံကို လုယက် တိုက်ခိုက်ခဲ့သည်။ ထိုပြစ်မှုဖြင့် ဒါရိုင်းသည် ဆင်ဆင် အကျဉ်းထောင်ထဲရှိ တိုက်ခန်းတွင် တစ်ယောက်တည်း ခြောက်နှစ် တိုက်ပိတ် ခံခဲ့ရသည်။ ထောင်မှလွတ်ဖို့ ခြောက်လအလိုတွင် မာသာ ထရီဇာသည် အယူခံရုံးမှ တရားသူကြီး နှစ်ဦးထံ သွားကာ ထိုအကျဉ်းသားအား ဆေးဝါး ကုသရန် အတွက် အလှူခံသည်။ ထိုစဉ်က အကျဉ်းသားအား မေးမြန်းသည့် မေးခွန်းများနှင့် အဖြေများကို ကြားရသည့် အခါတွင် ဘာသာတရား ကိုင်းရှိုင်းသည့် မာသာ ထရီဇာသည် တအံ့တသြ ဖြစ်နေသည်။

'အကျဉ်းသား ဒါရိုင်း၊ ယခု လွတ်လိုက်သည့် အချိန်မှ စ၍ မောင်မင်းသည် နိုင်ငံတော်၏ ထိန်းချုပ်မှု အောက်မှာ မရှိတော့ဘူး၊ အလျင်က မောင်မင်းဟာ လူမှုရေးနှင့် ဆေးဝါးကုသမှု အခွင့်အရေးတွေကို နိုင်ငံတော်မှ ရရှိခဲ့တယ်၊ ယခုအချိန်မှ စပြီးတော့ မောင်မင်းဟာ မောင်မင်းရဲ့ ဆေးဝါးကုသမှုစရိတ်များကို မောင်မင်းကိုယ်တိုင် ကျခံရတော့မယ်၊ နားလည်ပြီလား'

ကာပိုဆီ အရေပြားကင်ဆာ စွဲကပ်သဖြင့် တစ်ကိုယ်လုံး အကွက်ကြီးတွေ ထနေကာ သနားစဖွယ် ဖြစ်နေသည့် အကျဉ်းသားသည် ခေါင်းညိတ်ပြသည်။

'ကျွန်တော် သိပ် ရက်ကြာကြာ နေရတော့မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ထောင်ထဲမှာ ဆေးဝါး ကုသပေးတာကို ကျွန်တော် မလိုချင်ပါဘူး၊ အပြင်မှာ လွတ်လွတ်လပ်လပ် နေရင်းပဲ သေသွားချင်ပါတယ်'

သီလရှင် ဆရာကြီး မာသာ ထရီဇာသည် သတင်းစာဆရာများ၊ ကင်မရာ များ ဝိုင်းရံကာ စောင့်နေသည်။ အကျဉ်းသားများ ဖြစ်သည့် ဒါရိုင်းနှင့် အခြား သူ့အဖော်နှစ်ဦး ဖြစ်သော အန်တိုနီယို နှင့် မာတို တို့ ဘာကြောင့် ရောက်မလာကြသေးသနည်း။ လမ်းထိပ်မှ လူနာတင် မော်တော်ကားမီးရောင် ကို မြင်လိုက်သည့် အခါတွင် မာသာထရီဇာသည် ထိုကားဆီသို့ ခပ်သုတ်သုတ် လာခဲ့သည်။

ဖျော့တော့၍ ကြွလိုက်ကာ မှုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ထူထူနှင့် လူသည် ကားပေါ်မှ ဆင်းမည် အပြုတွင် တဖျပ်ဖျပ် လက်သွားသော မီးရောင်များနှင့် သူ့ရှေ့သို့ ထိုးပေးလိုက်သော အသံ ဖမ်းခွက်များကြောင့် နောက်သို့ ဆုတ်လိုက်သည်။

မာသာ ထရီဇာသည် သူ့ကို ကောင်းကောင်း မမှတ်မိ။ သူ မြင်ခဲ့စဉ်က သူတို့ အခြေအနေမှာ တော်တော် ဆိုးနေခဲ့သည်။ ထိုစဉ်က စိန့်ကလဲယား ဆေးရုံမှ ဆရာဝန်များသည် သူတို့ကို အထူးပြုစု ကုသခန်းတွင် သီးခြားခွဲ၍ ကုသ ပေးနေခဲ့ရသည်။ သူတို့ကို လက်ခံ ကုသပေးမည့် မေတ္တာဂေဟာမှာ အဆင်သင့် မဖြစ်သေး။ ဂေဟာဖွင့်ပွဲ ကျင်းပမည် ဆိုသည့်အခါတွင် စိန့်ကလဲယား ဆေးရုံမှ ဆရာဝန်များသည် သူတို့ထက် အနည်းငယ် ထူထူထောင်ထောင် ရှိသော အခြား လူနာ တစ်ယောက်ကို ခေါ်လာခဲ့ကြသည်။

ဂျိုးဆက် စတိန်းအား သဘော်ာ ဆေးနံ့များပင် မပြယ်သေးသည့် အဆောက်အအုံထဲသို့ မာသာထရီဇာက ခေါ်လာခဲ့သည်။ သူ့ကို ဆီးကြိုနေသူများထဲတွင် မာသာထရီဇာ အပြင် မြို့တော်ဝန်၊ ခရစ်ယာန် ဂိုဏ်းချုပ်ကြီးနှင့် ဘုရင်ခံ၏ ကိုယ်စားလှယ် တစ်ဦးတို့ကိုပါ တွေ့ရသည့် အခါ၌ ဂျိုးဆက်စတိန်း အံ့အားသင့်နေသည်။

သေမင်းသည် ရှေးဟောင်း သုတေသန ပညာရှင်ဟောင်း ဂျိုးဆက်စတိန်းကို ချက်ချင်း ခေါ်သွားခြင်း မပြုသေးပါ။

တယ်လီဖုန်း ခေါ်သည် ဆိုသည့်အခါတွင် ဆမ်ဘလွန်းသည် အချိန်မီ ကလေး ရောက်သွားသည်။ သူ ရောက်သွားသည့်အခါတွင် ဂျိုးဆက်စတိန်း

သည် အသက်ရှုနေဆဲ ရှိသေးသည်။ ဝမ်းဗိုက်ထဲသို့ လေများ သွင်းခြင်း၊ နှလုံး အားဆေးများ ထိုးပေးခြင်း၊ သွေးသွင်းခြင်း၊ အောက်စီဂျင် ပေးခြင်းတို့ကြောင့် ထိုမျှခံနေခြင်း ဖြစ်သည်။

စိန့်ကလဲယား ဆေးရုံမှ အသက်ကယ် အဖွဲ့သည် ထို နေ ရာ သို့ ချက်ချင်း ရောက်လာကာ ကြံမိကြံရာ ကြံသည့် ထိုလူကို ကယ်ဆယ်ရန် အတတ်နိုင်ဆုံး ကြိုးစားကြသည်။ မျက်လုံးကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင် နက် ဒေါက်တာ ဒီဟိုးဗစ် မြှောက်ပြလိုက်သော လက်တစ်ဖက်ကို မြင်လိုက် ရသည်။ လက်နှစ်ချောင်း ထောင်၍ V အထိမ်းအမှတ်ကို ပြသည်။

'အသက် ရှင်နေတဲ့ တိုင်းပြည်ကို ပြန်ရောက်လာတဲ့ အတွက် ကြိုဆို ပါတယ်' ဟု ဒေါက်တာ ဒီဟိုးဗစ်က ဝမ်းသာအားရ ပြောသည်။

'ဘာဖြစ်လို့ ကျွန်တော့် အသက်ကို ကယ်နေရသေးတာလဲဗျာ' ဟု ဂျိုးဆက်စတိန်းက မေးသည်။

'ကျုပ် ဘာမှ မသိဘူးဗျ၊ အရေးပေါ် အသက်ကယ် အဖွဲ့က ခင်ဗျား ကို ကယ်လိုက်တာ၊ အားလုံး ဝမ်းသာနေကြတယ်'

သူနာပြုဆရာမ ဂလိုရီယာ တေလာက 'ဂျိုးဆက်ဟာ သုံးရက်လုံးလုံး ငိုနေတော့တာပဲရှင်၊ သူ့အခန်းထဲ ရောက်သွားတာနှင့် ကျွန်မ လက်မောင်းကို အတင်း ဖမ်းဆုပ် ဖျစ်ညှစ်ပြီး သူ့ကို မြန်မြန်သေအောင် လုပ်ပေးဖို့ပဲ ပြော နေတော့တာပဲ၊ လက်မောင်းမှာ တပ်ထားတဲ့ အကြောဆေးသွင်းတဲ့ ပိုက်ကို ဆွဲဖြုတ်နေလို့ နောက်ဆုံးတော့ သူ့လက်တွေကို ချည်ထားရတယ်'

လူနာသည် နောက်တစ်ကြိမ် ထူထူထောင်ထောင် ဖြစ်လာခဲ့ပြန်သည်။ အထူး ပြုပြင်ထားသည့် ခီမိုသာရေပီ ကုထုံးကြောင့် တစ်ပတ် အတွင်းတွင် သူ့ပါးစပ်နှင့် ခံတွင်းမှ အနာများသည် ပျောက်ကွယ်သွားကြသည်။ ချောင်း ဆိုးလည်း သက်သာသွားသည်။ မကြာမီ အိပ်ရာမှ ထလာနိုင်ခဲ့သည်။

'ကျွန်တော့် စိတ်ထဲမှာတော့ လပေါ်မှာ လမ်းလျှောက် ပြန်လာတဲ့ နာဆာက အာကာသ သူရဲကောင်း တစ်ယောက်လို ခံစားနေရတယ်'

သူ့ကို နာရီတိုင်း အစာ ကျွေးရသဖြင့် သူ စားချင်အောင် ဆိုကာ ဂလိုရီယာက သူအကြိုက်ဆုံး အစာဖြစ်သည့် စထရော်ဘယ်ရီ အိုက်စကရင် ကို ယူလာတတ်သည်။

'ဒီလိုမျိုး ကြံစည်မိတဲ့ အတွက် ကျွန်တော် ရှက်လိုက်တာဗျာ၊ လူတွေ ကလည်း ကျွန်တော့်ကို အပြစ်တင်တဲ့ မျက်လုံးတွေနှင့် ကြည့်နေတယ်လို့

ထင်မိတယ်၊ တကယ်ကတော့ အပြစ်တင်ကြတာ မဟုတ်ပါဘူး၊ ကျွန်တော့် အပေါ်မှာ အားလုံးက ကရုဏာ သက်နေကြတာပါ' ဂျိုးဆက်စတိန်းက ပြော၏။

တစ်မနက်၌ ဆေးရုံ စာပို့သမားသည် သူ့ထံ အစ္စရေးမှ စာတစ်စောင်ကို ယူလာသည်။ ဘုန်းတော်ကြီး မာလုသည် ဂျိုးဆက်စတိန်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ကြိုးစားကြောင်းကို ဘလွန်းမှ တစ်ဆင့် သိပြီး ဖြစ်ပါသည်။ သို့ရာတွင် မာလုသည် ထိုအကြောင်းကို စာထဲတွင် တစ်လုံး တစ်ပါဒမျှ ဖော်ပြခြင်း မပြု။ မာလုက သူ့ထုံးစံအတိုင်း သတင်းတစ်ခုကို ဝမ်းသာအားရ အကြောင်းကြားသည်။

'ကျွန်တော် ခင်ဗျားကို တစ်ခါက ပြောဖူးတဲ့ အိန္ဒိယ သီလရှင်ကလေး အနန်ဒါဟာ အေအိုင်ဒီအက်စ် လူနာတွေကို ပြုစု စောင့်ရှောက်ဖို့ နယူးယောက်ကို တာဝန်ကျတယ်လို့ ကြားရတယ်၊ ခု မာသာထရီဇာ ဖွင့်လှစ်လိုက်တဲ့ ဂေဟာမှာ တာဝန်ကျတယ်လို့ ပြောတယ်၊ သူ့ကို ခင်ဗျားဆီ ရောက်အောင် ဘုရားသခင်က ပို့တော်မူပေတာပဲ၊ ခု ချက်ချင်း ခင်ဗျား သွားတွေ့လိုက်ပါ'

ဂျိုးဆက်စတိန်းက ထိုစာကို ဖတ်နေစဉ် လူမည်း သူနာပြုဆရာမ ဂလိုရီယာသည် ဝမ်းသာ အားရဖြင့် အခန်းထဲသို့ ပြေးဝင်လာသည်။

'ဂျိုးဆက်၊ အဝတ်အစား မြန်မြန်လဲ၊ ရှင့်ကို မာသာထရီဇာက တွေ့ချင်လို့တဲ့'

ခမက္ကာဂေဟာတွင် လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ ရွှေခြည်ထိုး ဝတ်ရုံအဖြူ၊ ပခုံးတွင် ရွှေခြည်ထိုး ပဝါကို သိုင်းချထားသည့် ဂိုဏ်းချုပ် ဘုန်းတော်ကြီး လက်ထဲတွင် သားမြီးမွေးကို ကိုင်ကာ အသစ် ဖွင့်လှစ်လိုက်သော ဂေဟာကို မြင့်မြတ်သော ရေစင်ဖြင့် ပက်ဖျန်းပေးသည်။ ရေစက်များသည် ခေါင်းများပေါ်သို့ လွင့်စဉ်လာကြသည်။

မာသာထရီဇာက ဂေဟာကို သူ့ကျောင်းတိုက် အမှတ်အသား တံဆိပ်ဘစ်ခု ချိတ်ဆွဲပေးလိုက်သည်။ ကြီးမားသော လက်ဝါးကပ်တိုင်ကြီး ဆင်ယင်ထားရာ အောက်ထပ် ညှော်ခန်းဆောင်ထဲ၌ မာသာထရီဇာသည် အနက်ရောင် သင်ပုန်းကြီးပေါ်တွင် မယ်တော်မာရီ၏ နှုတ်ထွက် စကားလုံးများကို မြေဖြူ

ဖြင့် သူကိုယ်တိုင် ရေးနေသည်။ ‘ယခုအချိန်နှင့် ကျွန်ုပ်တို့ ဘဝတစ်ပါး ပြောင်းသွားခါနီး အချိန်တွင်’ ဆိုသည့် စကားလုံးများကို အောက်တွင် မျဉ်းနှစ်ကြောင်း သားလိုက်သေးသည်။ သူ့ရုပ်ပုံ တင်ထားရာ ခုံကလေး တစ်လုံးပေါ်တွင် မာသာထရီဇာသည် လူနာများအတွက် သမ္မာကျမ်းစာအုပ် နှစ်အုပ် တင်ထားသည်။ တစ်အုပ်မှာ အင်္ဂလိပ်ဘာသာနှင့် ဖြစ်ပြီး နောက်တစ်အုပ်မှာ စပိန်ဘာသာနှင့် ဖြစ်သည်။ အပေါ်ထပ်သို့ တက်သည့် လှေကားတိုင်းတွင် သူကိုယ်တိုင် ပေးထားသည့် အဆောင် အမည်များကို ရေးထားသည်။ သခင်ယေရှု ခရစ်တော်ဆောင်၊ ရှင်ယောသပ်ဆောင်၊ မယ်တော်မာရီ၏ သန့်စင်သော မေတ္တာတော်ဆောင်၊ ယေရှု၏ မြင့်မြတ်သော မေတ္တာတော်ဆောင်။

ထိုမှုမက အခန်းများကိုလည်း အလားတူ နာမည်တွေ ပေးထားသည်။ ဂျိုးဆက်စတိန်း နေရသည့် အခန်းမှာ မျှော်လင့်ခြင်း မယ်တော်ဆောင် ဖြစ်၏။ အခန်းထဲတွင် သံခုတင် နှစ်လုံး၊ ဗီရို တစ်လုံး၊ စားပွဲ တစ်လုံး၊ ကုလားထိုင် တစ်လုံးနှင့် သားရေ အုပ်ထားသည့် ဆိုဖာ တစ်လုံးတို့ ရှိသည်။ နံရံပေါ်တွင် အဆင်အယင် ဆို၍ စာရွက် တစ်ရွက်သာ ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ က အိန္ဒိယပြည် ဂင်္ဂါမြစ်ကမ်း ရွာကလေး တစ်ရွာနှင့် မလှမ်းမကမ်းရှိ ကိုယ်ရေပြား ရောဂါသည်တို့၏ သီးသန့် ရပ်ကွက်လေး တစ်ခုတွင် နေစဉ် မုန်တိုင်းတိုက်သော ညတစ်ညက သူကိုယ်တိုင် ရေးခဲ့သည့် စာတန်းများ ဖြစ်သည်။

ဘဝသည် အခွင့်အရေး ဖြစ်၏၊
အကျိုးရှိအောင် သုံးပါဘိ။
ဘဝသည် အလှတရား ဖြစ်၏၊
မြတ်နိုး တွယ်တာပါဘိ။
ဘဝသည် သုခချမ်းသာ ဖြစ်၏၊
ခံစား စံစား ပါဘိ။
ဘဝသည် အိပ်မက်တစ်ခု ဖြစ်၏၊
နားလည် သဘောပေါက်ပါဘိ။
ဘဝသည် စိန်ခေါ်မှုတစ်ခု ဖြစ်၏၊
ပြေး၍ တွေ့ပါဘိ။
ဘဝသည် တာဝန်တစ်ခု ဖြစ်၏၊

ပြီးအောင် ထမ်းဆောင်ပါဘိ။
ဘ၀သည် ကစားနည်းတစ်ခု ဖြစ်၏၊
ပျော်ရွှင်စွာ ကစားပါဘိ။
ဘ၀သည် တန်ဖိုး ရှိ၏၊
ထိန်းသိမ်း စောင့်ရှောက်ပါဘိ။
ဘ၀သည် ဥစ္စာရတနာ ဖြစ်၏၊
ပိုက်ထွေး သိမ်းဆည်းပါဘိ။
ဘ၀သည် မေတ္တာ ဖြစ်၏၊
နှစ်သက် ခံယူပါဘိ။
ဘ၀သည် လျှို့ဝှက်ချက် ဖြစ်၏၊
သိမြင် နားလည်ပါဘိ။
ဘ၀သည် ကတိတစ်ခု ဖြစ်၏၊
တည်ကြည် ထိန်းသိမ်းပါဘိ။
ဘ၀သည် သောက ဖြစ်၏၊
အောင်မြင် ကျော်ဖြတ်ပါဘိ။
ဘ၀သည် တေးတစ်ပုဒ် ဖြစ်၏၊
သီဆို ကျူးရင့်ပါဘိ။
ဘ၀သည် တိုက်ပွဲတစ်ခု ဖြစ်၏၊
ဆီးကြို လက်ခံပါဘိ။
ဘ၀သည် ကြေကွဲမှုတစ်ခု ဖြစ်၏၊
ရင်ဆိုင် တွေ့ဆုံပါဘိ။
ဘ၀သည် စွန့်စားမှုတစ်ခု ဖြစ်၏၊
ရဲရဲတွေ့ဆုံပါဘိ။
ဘ၀သည် ကံဖြစ်၏၊
ကောင်းအောင် လုပ်ပါဘိ။
ဘ၀သည် အလွန် အဖိုး ထိုက်၏၊
ဖျက်ဆီးခြင်း ကင်းပါဘိ။
ဘ၀သည် ဘ၀ ဖြစ်၏၊
ဘ၀အတွက် တိုက်ပါဘိ။

မာသာထရီဇာ

အိပ်ရာပေါ်တွင် လဲလျောင်းရင်း ဂျိုးဆက်စတိန်းသည် ထိုတရားတို့ကို ဘာဝနာ ပွားနေသည်။ ထိုစဉ် ဆာရီ ဝတ်ထားသည့် သီလရှင် ဆရာလေး တစ်ဦး သူ့အခန်းထဲသို့ ဝင်လာသည်။

'သူ့ မျက်နှာက အပြုံးနှင့် ဝင်းထိန် ကြည်လင်လို့ဗျ၊ သူက သူတို့ လူမျိုး ထုံးစံ ရင်ဘတ်မှာ လက်နှစ်ဖက် ယှက်ပြီး ကျွန်တော့်ကို ဦးညွှတ် နှုတ်ဆက်တယ်၊ သူ ဘယ်သူလဲ ဆိုတာ ကျွန်တော် ချက်ချင်း သိလိုက်ပါ တယ်။

'ကျွန်မက သီလရှင် ဆရာလေး အနန်ဒါပါ၊ သခင် ခရစ်တော် အဆောင်မှာ တာဝန်ကျပါတယ်တဲ့'

သူမက ပြောသည်။

[ ၅၅ ]

**အေဇက်တီ (သို့မဟုတ်) ပလာစီဘိုး။**

**ထင်းရှူးချွန်မြ ရိပ်သာ၊ ဘာသီးစ်ဒါး။**

**၁၉၈၅ ခုနှစ် ဆောင်းဦး။**

ဘာရို ဝဲလ်ကမ်း ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌနှင့် သူ့ လုပ်ဖော်ကိုင်ဖက်များ အတွက် အရေးအကြီးဆုံး ပြဿနာမှာ မဟာဗျူဟာကို ရွေးချယ်ရေး ဖြစ်သည်။ ယခု သူတို့တွင် ရွေးချယ်စရာတွေ အများကြီး ရှိလာသည်။ ဆမ်ဘရိုးဒါး ရှာဖွေ၍ ရလာသည့် ဟဲရင်းငါး သုက်သွေး ပေါင် ၁၀၀ ၏ ကျေးဇူးကြောင့် အေဇက် တီဆေးကို တန်း၍ ထုတ်နိုင်နေပြီ။ ထိုသို့မှ မဟုတ်သေးလျှင် မိမိတို့ ဓာတု ဗေဒ ပညာရှင်များ မကြာမီ အများအပြား ထုတ်လုပ်နိုင်တော့မည့် သာမိဒိုင်း ဖြင့် အေဇက်တီကို အများသုံးရန် ထုတ်လုပ်လျှင်လည်း ဖြစ်နိုင်သည့် အလား အလာတွေ ရှိနေပြီ။ စရိတ် အကုန်အကျ ခေါ်လာ သန်းပေါင်း များစွာကျသည့် တိုင် အလုပ်တော့ ဖြစ်နိုင်သည်။

ယခု လောလောဆယ်တွင် အေအိုင်ဒီအက်စ်ကို ကုနိုင်သည့် အခြားဆေး မရှိသေးသည့် အတွက် အေဇက်တီကို ထိုသို့ ထုတ်လုပ်နိုင်လျှင် ဆေးပညာ အသိုက်အဝန်း၊ လူနာများနှင့် အများပြည်သူများက မုချ ဆီးကြို လက်ခံကြ မည်သာ ဖြစ်ကြောင်း ဒေးဗစ် ဘယ်ရီ **သိသည်။ အက်ဖ်ဒီအေ** ခေါ် အစား

အစာနှင့် ဆေးဝါး အုပ်ချုပ် ရေးဌာနမှ သနား ကြင်နာတတ်သည့် အမျိုးသမီး စစ်ဆေးရေးမှူး အယ်လင် ကူးပါးကလည်း အတည် ပြုပေးမည်သာ ဖြစ်သည်။

'ဖြစ်နေပုံက နှင်းကော်တဲ့ ဂေါ်ပြား ဆိုလို့ ကျွန်တော်တို့ တစ်ချောင်းတည်း ရှိတဲ့ပုံမျိုး ဖြစ်နေတယ်၊ ဒီနှင်းမုန်တိုင်းထဲမှာ ကျွန်တော်ပဲ လမ်းရှင်း ပေးလိမ့်မယ်လို့ အားလုံးက မျှော်လင့်နေကြတယ်၊ ကျွန်တော်တို့ ဘာလုပ်လုပ် နောက်က လိုက်ကြတော့မှာပဲ' ဒေးဗစ် ဘယ်ရိုက ပြောသည်။

သို့ရာတွင် ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ လူများသည် အခြားသော လမ်းကို ရွေးချယ်ခဲ့ကြသည်။ ထိုလမ်းမှာ ပို၍ စရိတ် အကုန်အကျ များပြီး လူထုက မကြိုက်သည့် လမ်းတစ်ခု ဖြစ်သည်။ မတတ်နိုင်ပါ။ ယင်းမှာ ဂုဏ်သိက္ခာ ရှိသော သူတို့ ကုမ္ပဏီ၏ တင်းကျပ်သည့် သိပ္ပံပညာ ဆိုင်ရာ အစဉ်အလာများနှင့် ညီညွတ်သည့် နည်းလမ်း ဖြစ်ပါသည်။

ဒေးဗစ် ဘယ်ရိုနှင့် သူ့ လုပ်ဖော်ကိုင်ဖက်များသည် အေဇက်တီနှင့် ပတ်သက်၍ နောက်ထပ် စမ်းသပ်မှုများကို ထပ်လုပ်ကြပြန်သည်။ သူတို့ စမ်းသပ် ရရှိသည့် ရလဒ်ကို 'နှစ်ဆင့် မျက်စိမှိတ် စမ်းသပ်မှု' အဆင့်သို့ တင်ကြည့်ချင်သည်။ ပထမ အဆင့်တွင် အေအိုင်ဒီအက်စ် ရောဂါရှင် ရာပေါင်း များစွာကို ရွေးမည်။ ထိုလူနာများကို နှစ်စု ခွဲလိုက်မည်။ တစ်စုကို အေဇက်တီ ဆေးဖြင့် ကုသမည်။ အခြားတစ်စုကိုမူ ထိရောက်မှု မရှိသည့် ဆေးဖြင့် ကုသကြည့်မည်။ ယင်းမှာ ပလာစီဘိုး အကျိုး သက်ရောက်မှုကို ကြည့်ရန် ဖြစ်သည်။ ထိုသို့ ကုသရာတွင် ပလာစီဘိုး အကျိုး သက်ရောက်မှု ရှိသည့် ဆေးဖြင့်လော၊ သို့မဟုတ် အေဇက်တီလော ဆိုသည်ကို ကုသည့် ဆရာဝန်များကိုလည်း အသိမပေး၊ လူနာများကိုလည်း အသိ မပေးဘဲ ထားမည်။ နှစ်ဖက်စလုံးကို အသိ မပေးဘဲ ထားခြင်းကြောင့် ထိုစမ်းသပ်နည်းကို 'နှစ်ဆင့် မျက်စိမှိတ် စမ်းသပ်နည်း' ဟု ခေါ်လိုက်သည်။

ထိုသို့ စမ်းသပ် စစ်ဆေးပြီး နောက်ဆုံး အစု နှစ်စုတွင် ရရှိလာသည့် ရလဒ်များကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် အေဇက်တီ၏ အာနိသင် မည်မျှ ထက်မြက်ခြင်း ရှိ မရှိကို သိနိုင်ရန် ဖြစ်သည်။ နလုံးရောဂါ၊ ဆီး၊ အဆုတ် နှင့် ပတ်သက်သော ရောဂါနှင့် ကူးစက်တတ်သော ရောဂါများကို ကုသရာတွင်လည်း ထိုနည်းကို သုံးကြသည်။

'ဒီနည်းကို သုံးကြည့်ဖို့ ကျွန်တော်တို့မှာ ဝတ္တရား ရှိတယ်လေ၊ သိုင်မီဒိုင်းကို စမ်းကြည့်တဲ့ နေရာမှာ ကျွန်တော်တို့အဖို့ ဒီနည်း တစ်နည်းပဲ ရှိတယ်၊ ဘယ်လောက် အကျိုး ရှိတယ် မရှိဘူး ဆိုတာကို ကျွန်တော်တို့ မသိရသေးဘူး' ဟု ဒေးဗစ် ဘယ်ရီက ပြောသည်။

ဤမျှ ကြီးကျယ်သည့် သေကောင်ပေါင်းလဲ ရောဂါကြီးကို အရင်းခံပြီး ထိုသို့ စမ်းသပ် ကြည့်ရပါမည်လော ဟု ကန့်ကွက်လာနိုင်သည့် အလားအလာတွေ ရှိသည်။ လော့စ်အိန်ဂျလိစ်တွင် ပထမဆုံး ထိုရောဂါကို စတင်တွေ့ရှိခဲ့သည့် ဒေါက်တာ မိုက်ကယ် ဂေါ့တီယက်က 'စဉ်းတော့ စဉ်းစားကြပါဦးဗျာ၊ သေမယ့်လူကို တကယ့်ဆေးနှင့် ကုရင် ပျောက်နိုင်တဲ့ အလားအလာ ရှိလျက်သားနှင့် တကယ့်ဆေးကို မတိုက်ဘဲ ပလာစီဘိုး ဆေးတောင့်ကလေးပေါင်း များစွာတိုက်နေရင် အသက်ကို ရင်းရတာ တန်ဖိုး မကြီးလွန်းဘူးလား၊ ပြီးတော့ ဆေးပညာဆိုင်ရာ ကျင့်ဝတ်တွေနှင့်ရော ဆန့်ကျင် မနေဘူးလား' ဟု မေးသည်။

မြောက်ပိုင်း ကာရိုလိုင်းနား ပြည်နယ်က မြင်းစီး ဝါသနာ ပါသူများနှင့် ဂေါက်သီး ဝါသနာအိုးတို့ အဖို့ ၁၈ ကျင်း ဂေါက်ကွင်း တစ်ကွင်းနှင့် မြင်း ၅၀ ရှိသည့် မြင်းဇောင်း တစ်ခုတို့ ပါသော ထင်းရှူးချုံမြ ရိပ်သာသည် သဘောကျစရာ စခန်း တစ်ခု ဖြစ်နေသည်။

၁၉၈၅ ခုနှစ် ထိုနိုဝင်ဘာလ၌ တိတ်ဆိတ် အေးချမ်း၍ ထင်းရှူးပင် ပတ်လည်ဝိုင်းနေသော ထိုရိပ်သာကလေးတွင် မမျှော်လင့်သော ဧည့်သည် အချို့ ရောက်ရှိလာကြသည်။ ဒေါက်တာ ဒေးဗစ်ဘယ်ရီသည် သူ၏ အဖွဲ့သားများ အားလုံးကို ထိုရိပ်သာကလေးသို့ ဖိတ်လိုက်သည်။ အေဇက်တီအား 'နှစ်ဆင့် မျက်စိမှိတ် ပလာစီဘိုး စမ်းသပ်မှု' တွင် ကြုံတွေ့ရမည့် ပြဿနာများကို စဉ်းစားရာ၌ ထိုတိတ်ဆိတ် အေးချမ်းသည့် ကျေးလက် ပတ်ဝန်းကျင်ကလေးသည် များစွာ အထောက်အကူ ဖြစ်လိမ့်မည်ဟုလည်း သူ မျှော်လင့်သည်။

စဉ်းစားရမည့် ပြဿနာများမှာ အောက်ပါတို့ ဖြစ်၏။

သူတို့၏ စမ်းသပ်မှုကို ရက်သတ္တပတ် မည်မျှ ကြာအောင် စမ်းသပ်မည်နည်း။ ထိုစမ်းသပ်မှုတွင် အစမ်းသပ်ခံ လူနာ ဘယ်နှစ်ယောက် ထားမည်

နည်း။ စမ်းသပ်ခံ လူနာများကို ရွေးချယ်ရာတွင် မည်သည့် အခြေခံဖြင့် ရွေးချယ်မည်နည်း။ ရောဂါ စဖြစ်ခါစ လူနာကို ရွေးမည်လော၊ သို့မဟုတ် ရောဂါရင့်နေသည့် လူနာကို ရွေးမည်လော။ ရွေးချယ် စမ်းသပ်မည့် လူနာသည် နျူမိုဆိုက်စတစ် နျူမိုးနီးယား ဖြစ်နေသည့် လူနာလော၊ သို့မဟုတ် ကာပိုဆီ ဆာကိုးမား အရေပြား ကင်ဆာရောဂါ ဖြစ်နေသည့် လူလော။ သို့မဟုတ် ရောဂါ နှစ်မျိုးစလုံး ဖြစ်နေသည့် လူနာကို ရွေးမည်လော။ အခြားမည်သည့် ဆေးပညာဆိုင်ရာ စံများကို သတ်မှတ်ဦးမည်နည်း။ တီ-၄ ကလာပ်စည်း အရေအတွက် အလွန် နည်းနေသူကို ရွေးမည်လော။ လွန်ခဲ့သည့် သုံးလ အတွင်း ၁၆ ပေါင်ကျော်ကျော် ကိုယ်အလေးချိန် ကျဆင်းသွားသူကို ရွေးမည်လော။ အကြောင်း ရှာမရဘဲ သုံးပတ်ကျော်မျှ အပြင်းဖျားနေသူကို ထည့်သွင်းမည်လော။ ညတွင် အမြဲ ချွေးထွက်တတ်သူ၊ သို့မဟုတ် အကြောင်း ရှာမရဘဲ ဝမ်းလျှောနေသူတို့ကို ထည့်သွင်းမည်လော။ ဆေးစွဲသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ နို့စို့ကလေး မိခင်များကို ချန်လှပ် ထားခဲ့သင့်သလော။ လူနာ အခြေအနေ ဆိုးနေသည့်တိုင် စမ်းသပ်မှုကာလ အတွင်းတွင် အက်စပရင် အပါအဝင် အခြားသော ဆေးများ ကျွေးခြင်းကို ရပ်နား ထားသင့်သလော။

သူတို့ စူးစမ်းရမည့် နယ်ပယ်က ကျယ်ဝန်းလွန်းသည်။ ထို့ကြောင့် ပြဿနာတစ်ခု ပေါ်လာတိုင်း တယ်လီဖုန်းဆီသို့ ထသွားကာ သက်ဆိုင်ရာ ကျွမ်းကျင်သူ ပါရဂူကို မေးမြန်း ကြည့်ရသေးသည်။

ထိုမျှသာ မကသေးပါ။

လူနာများကို စမ်းသပ်ကြည့်မည့် ဆေးရုံကို ရွေးချယ်ရသေးသည်။ စမ်းသပ်မှုပေါ်မှ ပေါ်ထွက်လာသည့် ရလဒ်များကို ဘာရို ဝဲလ်ကမ်း ကုမ္ပဏီ ဓာတ်ခွဲခန်းရှိ ကျွမ်းကျင်သူများထံ ပို့ကာ စစ်ဆေး ကြည့် ရ သေး သည်။ လိုအပ်သည့် သတင်း အချက်အလက် အသေးစိတ်တို့ကို စုဆောင်းရသည်။ လူနာအား ပေးထားသော ဆေးများကို ခိုးယူခြင်း၊ ရောင်းဝယ် ဖောက်ကားခြင်း မပြုအောင် စစ်ဆေးရသေးသည်။ ဆေးတိုက်သည့် ပမာဏနှင့် အကြိမ်ကို စစ်ဆေးရသေးသည်။ ဆေးခန်း စစ်ဆေးမှုနှင့် ဇီဝဗေဒဆိုင်ရာ စမ်းသပ်မှုများ လုပ်သည့်အခါတွင် လူနာ၏ ရောဂါ အခြေအနေ၊ ကျန်းမာရေး အခြေအနေကို မှတ်တမ်းတင်ရသည်။ ပြောင်းပြန် အကျိုး သက်ရောက်မှုများ ပေါ်ပေါက်လာခဲ့ပါက ကုသနိုင်ရန် အဆင်သင့် ပြင်ထားရသေးသည်။ ရှောင်တခင်

ပေါ်ပေါက်လာနိုင်သည့် ကိစ္စများကိုလည်း ကြိုတင် ခန့်မှန်းရသေးသည်။ စမ်းသပ်မှု ဆက်လုပ်၍ မဖြစ်တော့လောက်အောင် လူနာက စည်းကမ်းများကို ဖောက်ဖျက်ခြင်း ရှိ မရှိကိုလည်း စောင့်ကြည့်ရသေးသည်။

ထိုအချက်များ အားလုံးကို စနစ်တကျ တစ်ချက်ပြီး တစ်ချက် ဆွေးနွေးကြရသည်။ ခွဲခြမ်းစိတ်ဖြာ ကြည့်ရသည်။ မှတ်တမ်းတင်ကြသည်။ စာရင်းအင်း ပါရဂူတို့က ထိုအချက်အလက်များကို ကွန်ပျူတာဖြင့် မှတ်တမ်းတင်ပြီး ညွှန်ကြားချက်များ၊ မေးခွန်းများ အဖြစ် ခွဲထုတ်ကြရသည်။ ထို မေးခွန်းများ၊ ညွှန်ကြားချက်များကို အခြေတည်၍ ကုထုံးကို စဉ်းစားကြရသည်။

ထိုအစည်းအဝေးတွင် အချက် တစ်ချက်ကိုမူ ညှိသည်များသည် စိုးရိမ်မကင်း ဖြစ်ကြသည်။ ယင်းမှာ စမ်းသပ်မှုတွင် အခရာ ဖြစ်သော လျှို့ဝှက်ရေး ဖြစ်သည်။ မည်သူ့အား တကယ့် အေဇက်တီဆေးကို ပေးပြီး မည်သူ့အား ပလာစီဘိုး (စိတ်သက်သာအောင် ပေးလိုက်သည့် ဆေးအတု) ပေးသည်ဆိုသည့် အချက်ကို လျှို့ဝှက်ထားရေး ဖြစ်သည်။ ထိုအချက်သည် ကုသမှုကို စမ်းသပ်ရာတွင် အရေးကြီးသည့် လျှို့ဝှက်ချက် ဖြစ်သည်။ ထို လျှို့ဝှက်ချက်ကို သက်ဆိုင်ရာ ကာယကံရှင်တို့ မသိဖို့ အရေးကြီးသည်။ ဤတွင် အစီအစဉ် တစ်မျိုး လုပ်ကြရသည်။ ယင်းမှာ လူနာကို လျှို့ဝှက် နံပါတ်တစ်ခု ပေးပြီး ဆေးပုလင်းကိုလည်း လျှို့ဝှက်နံပါတ် တစ်ခု ပေးထားရန် ဖြစ်သည်။ နံပါတ်တူသည့် ဆေးပုလင်းမှ ဆေးကို နံပါတ်တူ လူနာအား တိုက်ရန် ဖြစ်သည်။ ထို လျှို့ဝှက်နံပါတ်ကို ဖော်နိုင်မည့် (တကယ့်ဆေးလော၊ ပလာစီဘိုးလော ဆိုသည်ကို ဖော်နိုင်မည့်) အဖြေကို မီးခံသေတ္တာ တစ်ခု ထဲတွင် သိမ်းထားသည်။ ထိုနံပါတ်ကို ဖော်နိုင်သူမှာ သိပ္ပံပညာရှင် တစ်ဦး တည်းသာ ရှိသည်။ ရဲအရာရှိ တစ်ယောက်လို သန်သန်မာမာ တောင့်တောင့် တင်းတင်းရှိသည့် ဒေါက်တာ ရစ်ချတ် ကလီမွန် (၆၀ နှစ်) မှာ ထိုအလုပ် နှင့် လိုက်ဖက်သည်ဟု ဆိုရမည်။

သူသည် အိုင်အိုးဝါးနယ်မှ လယ်သမား တစ်ယောက်၏သား ဖြစ်ပြီး အသက် ၁၈ နှစ် အရွယ်တွင် သိပ္ပံပညာကို လေ့လာချင်သဖြင့် အဖေ့ ပြောင်းခင်းကို စွန့်ခွာခဲ့သည်။ သူ့ဝါသနာမှာ လူပုံးကောင်များကို စမ်းသပ် ကြည့်ခြင်း ဖြစ်သည်။ သူ့ အခန်းထဲက သံချပ်ကာပြား တပ်ထားသည့် မီးခံ သေတ္တာထဲတွင် ထားလျှင် ဗိုဲနောက်စ်တွင် ထားသည့် ရွှေအာမခံများလိုပင်

စိတ်ချရကြောင်းကို သူ့ လုပ်ဖော်ကိုင်ဖက်များက ကောင်းကောင်း သိကြသည်။

သူတို့ အစည်းအဝေး အဆုံးမသတ်မီ သူတို့ စစ်ဆင်ရေး လုပ်ငန်းကို အမည်ပေးဖို့ ဒေးဗစ် ဘယ်ရီ စိတ်ကူးရသည်။ ယခု စစ်ဆင်ရေးမှာ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီက ဗိုင်းရပ်စ်ပိုးများ အပေါ်တွင် ဆင်နွှဲခဲ့သည့် ၅၃ ကြိမ်မြောက် ထိုးစစ်ဖြစ်သည်။ ထို့ကြောင့် သူတို့ လုပ်ငန်းကို 'စစ်ဆင်ရေး-၅၃' ဟု အမည် ပေးလိုက်ကြသည်။

နောက်နှစ်လ ကြာသည့်အခါတွင် ဆရာဝန် ၁၂ ဦး (အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၂ ဦး) တို့သည် ဘာသီးစ်ဒါး ပရိဝုဏ် အတွင်းရှိ အမျိုးသား ကျန်းမာရေးဌာနသို့ ရောက်လာခဲ့ကြသည်။ သူတို့သည် အေအိုင်ဒီအက်စ် လူနာများကို ကုသရန် အတူ စာရင်း ပေးခဲ့ကြသည်။ သူတို့၏ အားထုတ်မှုများ အရာမထင် ဖြစ်ခဲ့ရသည့် အခါတွင် အတူ စိတ်ပျက် ခဲ့ကြရသည်။ မျှော်လင့်ချက် မှုန်ဝါးဝါးကို ပေးသည့် ဆေးသစ် တစ်မျိုးဖြင့် စမ်းသပ် ကုသကြည့်ရန် အတူ စိတ်အား ထက်သန်ခဲ့ကြသည်။ သူတို့သည် အေအိုင်ဒီအက်စ် ရောဂါ များပြားသည့် မြို့များတွင် ဆေးကုသ ခဲ့ကြရာမှ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီက သူတို့ကို စမ်းသပ်မှုတွင် တာဝန်ပေးရန် ရွေးချယ်လိုက်ခြင်း ဖြစ်သည်။ သူတို့အထဲတွင် လော့စ်အိန်ဂျလိစ်မြို့မှ မိုက်ကယ် ဂေါ့လိယက်လည်း ပါသည်။

မိုက်ကယ်သည် သေခါနီး လူနာများအား စိတ်သက်သာမှုကိုသာ ပေးသည့် ဆေးမျိုး (ပလာစီဘိုး) ဖြင့် စမ်းသပ်ရန် ဝန်လေးသည့်တိုင် 'ရောဂါကို အမြန်ဆုံး ကုသနိုင်မည့် ဆေးကို ရှာခြင်းသည် ကုသိုလ်ရသည့် ကရုဏာ လုပ်ငန်း ဖြစ်သည်' ဟု ဆုံးဖြတ်ကာ စာရင်းပေးခဲ့ခြင်း ဖြစ်သည်။

ဆရာဝန် ၁၂ ဦးတို့ကို ဒေးဗစ်ဘယ်ရီက သူ့ရုံးခန်းသို့ ခေါ်ပြီး စစ်ဆင်ရေး-၅၃ တွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် အသေးစိတ်များကို ထပ်မံ ရှင်းပြသည်။

ထိုအစည်းအဝေးတွင် အမျိုးသား ကျန်းမာရေးဌာန၊ အစားအစာနှင့် ဆေးဝါး အုပ်ချုပ်ရေးဌာနနှင့် ရောဂါ ထိန်းချုပ်ရေး ဗဟိုဌာနတို့မှ ကျွမ်းကျင်သူ အများအပြားလည်း တက်ရောက်ကြသည်။ ထင်းရှူးချွန်မြ· ရိပ်သာမှ

အစည်းအဝေးသည် လမ်းသစ်ကို ဖောက်သည်ဟု ဆိုနိုင်သော်လည်း ရှင်းလင်းစရာ ပြဿနာတွေ တစ်ပုံတစ်ပင်ကြီး ရှိနေသေးသည်။

ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ အေဇက်တီ ဆေးများကို ထောက်ပံ့ထားသည့် အတွက် မိမိတို့တွင် အစမ်းသပ်ခံ လူနာ ၂၅၀ ယောက်ကို ခြောက်လတိုင်တိုင် အေဇက်တီဆေး တိုက်ကျွေးရန် အလုံအလောက် ရှိသည်ဟု သုတေသနသမားများ တွက်ထားကြသည်။ လူနာ ၂၅၀ အနက် တစ်ဝက်ကို အေဇက်တီ ပေးမည်။ ကျန်တစ်ဝက်ကို စိတ်သက်သာရာ ရဆေး ပလာစီဘို ပေးမည်။ စမ်းသပ်ခံ လူနာများထဲတွင် ဆေးစွဲသူများကိုမူ ထည့်သွင်းခြင်း မရှိ။ ကုသနေစဉ် ဆေးကို ဆက်လက် သုံးစွဲနေလျှင် ရလဒ်တွေ တစ်မျိုးတစ်ဖုံ ဖြစ်ကုန်မည် စိုးသောကြောင့် ဖြစ်သည်။ အသက် ၁၂ နှစ်အောက် ကလေးငယ်များကိုလည်း စမ်းသပ်ခံ စာရင်းမှ ဖယ်ထုတ်ထားသည်။ အေဇက်တီ၏ ပြင်းထန်သော အဆိပ်သင့်မှုကို မခံနိုင်သောကြောင့် ဖြစ်သည်။

စမ်းသပ်မှုကို တတ်နိုင်သမျှ အမျိုးအစား တူစေရန်အတွက် စမ်းသပ်ခံ လူနာအားလုံး အမျိုးသားများ ဖြစ်သင့်သည်ဟု ကျန်းမာရေး အရာရှိများက အကြံပေးကြသည်။

ဒေးဗစ် ဘယ်ရီကမူ ထိုသို့ အမျိုးသား အမျိုးသမီး ခွဲခြားခြင်းသည် ဆေးပညာ ကျင့်ဝတ်များနှင့် မညီဟု ယူဆသည်။ ထို့ကြောင့် အစမ်းသပ်ခံ လူနာများထဲတွင် အမျိုးသမီးများကိုပါ ထည့်သွင်းသည်။ ထို့နောက် စမ်းသပ်ခံ လူနာများတွင် ရှိရမည့် အဓိက လက္ခဏာချက်ကို သဘောတူ သတ်မှတ်ကြသည်။ ယင်းမှာ အနည်းဆုံး ခြောက်လသာ အသက်ရှင်မည်ဟု ခန့်မှန်းရသူများ ဖြစ်ရမည် ဆိုသည့်အချက် ဖြစ်သည်။ ထို့ပြင် အခြားသော စမ်းသပ်ချက်များနှင့် မတူသည့် အချက်တစ်ချက် ရှိသေးသည်။ ယင်းမှာ စမ်းသပ်ခံ လူနာသည် အသက် အန္တရာယ် စိုးရိမ်ရသော အခြေအနေတွင် ရှိရမည် ဆိုသည့် အချက် ဖြစ်၏။

ဤသို့ ရွေးရသည့် အတွက် ဘာရို ဝဲလ်ကမ်း ကုမ္ပဏီတွင် စွန့်ရသည့် အချက် တစ်ချက်တော့ ရှိသည်။ အကယ်၍ အေဇက်တီသည် ကုသမှုတွင် ထိရောက်ခြင်း မရှိခဲ့လျှင် ထိုဆေးကို ကုသမှုတွင် အသုံးဝင်ခြင်း မရှိတော့ဟု ဆိုကာ စွန့်ပစ်လိုက်ရန် ဖြစ်သည်။ စွန့်ရသည့် အတိုင်းအတာမှာ လူနာများ အဖို့လည်း မသေးငယ်လှပါ။ သူတို့ အဖို့ ရောဂါ ပျောက်ကင်းခြင်း မရှိဘဲ အလွန် အဆိပ်ပြင်းသည့် ဆေးကို အားနည်းနေသော ကိုယ်ခန္ဓာထဲသို့ သွင်းရ

သောကြောင့် ဖြစ်ပါသည်။ သို့မဟုတ်ဘဲ အေဇက်တီ ကုသမှုသည် ထိရောက်ခဲ့သည် ဆိုလျှင် ရလဒ်မှာလည်း ထင်ရှားမည် ဖြစ်သည်။

ထို့ပြင် စမ်းသပ်ခံ လူနာများတွင် **အမျိုးအစား** တူညီနိုင်သမျှ တူညီစေရန် အတွက် တင်းကျပ်သည့် စံချိန် **တစ်ခုကို**လည်း သတ်မှတ်လိုက်သည်။ ယင်းမှာ စမ်းသပ်ခံ လူနာတိုင်းသည် **လွန်ခဲ့သည့်** သုံးလအတွင်း နျူမိုဆိုက်စတစ် နျူမိုးနီးယား ရောဂါ ပထမဆုံး ခံစားဖူးသူ ဖြစ်ရမည်။ သို့ဖြင့် ကာပိုဆီ ဆာကိုးမား အရေပြား ကင်ဆာရောဂါ စွဲကပ်သည့် အေအိုင်ဒီအက်စ် လူနာတိုင်းကို အလိုလိုပယ်ပြီးသား ဖြစ်သွားသည်။

ဤအချက်ကို ဒေးဗစ် ဘယ်ရီကလည်း သဘောတူသည်။ အခြားကြောင့် မဟုတ်။ ကာပိုဆီ ဆာကိုးမား အရေပြား ကင်ဆာရောဂါ စွဲကပ်သူ လူနာများမှာ စွဲကပ်သည့် နေရာ၊ အနာဖြစ်သည့် နေရာကို လိုက်၍ သက်တမ်း အတိုအရှည် ကွာသွား တတ်ကြသောကြောင့် ဖြစ်သည်။ အပေါ်ယံ အရေပြားလောက်တွင်သာ စွဲကပ်သူတို့ အဖို့ သက်တမ်းမှာ ငါးနှစ်ခန့် ရှည်ကြသည်။ အတွင်း ကိုယ်အင်္ဂါများ၏ အမြှေးပါးများတွင် စွဲကပ်သူတို့၏ သက်တမ်းမှာ ရက်သတ္တ အနည်းငယ်သာ ကြာတတ်သည်။

ထိုအစည်းအဝေး၏ ရလဒ်မှာ စာမျက်နှာ ၂၆၂ မျက်နှာ ရှိသော စာတန်း ဖြစ်သည်။ ခြောက်လ အတွင်း ပြုလုပ်ခဲ့သည့် စမ်းသပ်မှုများ၊ စစ်ဆေးမှုများ၏ စာရင်းကပင်လျှင် ရာချီ၍ ရှိသည်။ အချို့သော စမ်းသပ်မှုများကြောင့် ဦးနှောက်တွင် စွဲကပ်သော ရောဂါများကို တွေ့ရှိခဲ့သဖြင့် ဘာရိုဝဲလ်ကမ်း ကုမ္ပဏီသည် ထိုရောဂါရှင်များကို ပြုစု ကုသရန် အတွက် အထူးသင်တန်း ပေးထားသော အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရန် ဆုံးဖြတ်ရသည်။

ထိုသို့ စဉ်းစား ဆုံးဖြတ်ပြီးနောက်တွင်ကား သူတို့အဖို့ ဒီဒေးကို ရွေးရန် ဆုံးဖြတ်ဖို့သာ ကျန်တော့သည်။

ပထမဆုံးသော အေအိုင်ဒီအက်စ် ရောဂါကုဆေးအား အကျယ်အပြန့် စမ်းသပ်ကြည့်ရန် ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်ကို သတ်မှတ်သည်။

[ ၅၆ ]

ရင်အုံပေါ်က လက်ဝါးကပ်တိုင်လည်း မကယ်နိုင်ဘူး။
နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။
၁၉၈၆ ခုနှစ် ဆောင်း။

ထူးဆန်း ရှုပ်ထွေးသည့် သူမြို့တော်ကြီးကို အုပ်စိုးခဲ့သည့် ကိုးနှစ် သက်တမ်း အတွင်း၌ နယူးယောက် မြို့တော်ဝန် အဖို့ စိတ်ပျက်စရာ အကြောင်းတွေ အများကြီး ရှိသည်။

ကြီးကျယ်သော မိန့်ခွန်းတွေကိုလည်း သူ ကြားခဲ့ဖူးပြီ။ အကျပ်ကိုင်မှု များကိုလည်း ကြုံခဲ့ဖူးပြီ။ အသက်ကို ရန်ရှာမည်ဟူသော ခြိမ်းခြောက်မှုများ ကိုလည်း အခြားသော အရာရှိများထက် တွေ့ခဲ့ရဖူးပြီ။

သို့တိုင်အောင် ၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့က သူ့ထံ ရောက်လာသော ညှို့သည်လောက် တင်းတင်းမာမာ ပြင်းပြင်းထန်ထန် စကားပြောသူ ဆို၍ တစ်ယောက်မျှ မတွေ့ဖူးသေး။ ခေါင်းမာသည့် သမဂ္ဂ ခေါင်းဆောင်များ၊ တောင်းဆိုချက်တွေ ပြင်းထန်သည့် အသင်းအဖွဲ့ ခေါင်း ဆောင်များ၊ လူမျိုးရေး၊ ဘာသာရေး အသင်းများမှ ပြဿနာ တက်တတ်သူ များ စသည့် အရည်ပျော်နေသော အိုးကြီးတစ်လုံးနှင့် တူသည့် နယူးယောက် မြို့တော်မှ ရှိရှိသမျှသော ရဲရဲတောက်ဆိုသည့် ခေါင်းဆောင်များ အားလုံးသည် ကသိုလ်ကောင်းမှု လုပ်ရန် အတွက် သူ့ကို ပြင်းပြင်းထန်ထန် မညှာမတာ အကျပ်ကိုင်နေသော ပါးရေတို့ တွန့်လိပ်နေသည့် ထိုအဘွားအိုနှင့် စာလျှင် ကလေးလေးတွေ ဖြစ်နေကြသည်။

ယခုတိုင် မျက်လုံးကို မျက်မှန်နက်ကြီးဖြင့် ကာထားရသေးသည့် သီလရှင် ဆရာကြီး ထရီဇာသည် အမေရိကန် ပြည်ထောင်စုတွင် အကြီးဆုံး သော မြို့ကြီးကို ထိန်းသိမ်း စောင့်ရှောက်နေရသည့် ပိုလန်–ရေဝတီ နှယ် ပြောင်းရွှေ့လာသူ တစ်ဦး၏ သားဖြစ်သူအား ပြင်းထန်သော စကားလုံးများ ဖြင့် မြည်တွန်လျက် ရှိသည်။

'ခု ကျုပ်ကို အာဏာပိုင်တွေက ခရစ္စမတ် မတိုင်မီမှာ အကျဉ်းသား

လူနာသုံးယောက်ကို ကုသဖို့ ခွင့်ပေးလိုက်တယ်၊ တကယ်ကတော့ ဒီအကျဉ်းသား သုံးယောက်ဟာ ထောင်ထဲမှာ ရှိတဲ့ အေအိုင်ဒီအက်စ် ရောဂါ ဖြစ်နေသူတွေထဲက လူနည်းစုကလေးပဲ ရှိတယ်၊ နယူးယောက် ထောင်တွေထဲမှာ အဲဒီလို ရောဂါသည်တွေ အများကြီး ရှိနေတယ် မြို့တော်ဝန်ကြီး၊ အနည်းဆုံး ၂၅၀ လောက် ကျန်နေသေးတယ်၊ ဒါကြောင့်မို့ သူတို့ကို လွှတ်ပေးဖို့ ဘုရင်ခံကို ပြောပေးပါလို့ မြို့တော်ဝန်ကြီးကို တောင်းပန်နေတာ၊ ဒီလို လွှတ်ပေးမှ ကျုပ်နှင့် သီလရှင်တွေက သူတို့ကို ဂုဏ်သိက္ခာရှိရှိ သေအောင် အကူအညီ ပေးနိုင်မှာပေါ့'

'ခက်တယ် ဆရာကြီး၊ ဒီအကျဉ်းသမားတွေဟာ ရာဇဝတ်ကောင်တွေ ခင်ဗျ၊ အင်မတန် အန္တရာယ်ကြီးတဲ့ လူသတ်သမားတွေ၊ ကျန်းမာရေး မကောင်းတာနှင့် သူတို့ကို လွှတ်မပေးနိုင်ဘူး'

မြို့တော်ဝန် အက်ကော့ချ်က အကျောက်အကန် ငြင်းသည်။

'မြို့တော်ဝန်ကြီးရယ်၊ သူတို့မှာ အေအိုင်ဒီအက်စ် ရောဂါ ဖြစ်ပြီဆိုကတည်းက လူတွေ မပေးနိုင်တဲ့ အပြစ်ဒဏ်ကို ဘုရားသခင်က ပေးပြီးပါပြီ၊ သူတို့ဟာ ကရုဏာနှင့် မထိုက်တန်ဘူးလို့ မြို့တော်ဝန်ကြီး ယူဆသလား'

'ကောင်းပြီလေ၊ ဒီလိုဆိုရင် ကျွန်တော် ဘုရင်ခံကို တင်ပြပေးမယ်၊ သူက ဆုံးဖြတ်ပေးမှ ဖြစ်မှာ၊ ဒီအတွင်းမှာ ကျွန်တော် နယူးယောက် မြို့ထဲက အခြား အဆောက်အအုံ တစ်ခုခုကိုလည်း ရှာကြည့်ပါဦးမယ်၊ တကယ်လို့ ဆုံးဖြတ်ချက် ကျလာရင် အဆင်သင့် အလုပ် စနိုင်တာပေါ့'

နောက်ဆုံးတွင် မြို့တော်ဝန်က အလျှော့ ပေးလိုက်သည်။

'ဘာ နယူးယောက်က အဆောက်အအုံ တစ်ခု ဟုတ်စ၊ မြို့ပေါ်က အဆောက်အအုံတွေ မလိုချင်ဘူးရှင့်၊ ကျွန်မတို့ လိုချင်တာက ကျေးလက်က အိမ်တစ်လုံးလောက်ပဲ လိုချင်တယ်၊ အိန္ဒိယတို့ ဘယ်တို့မှာဆိုရင် အစိုးရတို့ ဘစ်သီး ပုဂ္ဂလတို့က နေပြီး ကျွန်မတို့ကို မြေပေးတယ်၊ အဲဒီ မြေပေါ်မှာ အိမ်ဆောက်ပြီး ကိုယ်ရေပြား ရောဂါသည်တွေ အတွက် ဂေဟာလုပ်တယ်၊ ဒီနေ့ဆိုရင် တိုင်းပြည်အနှံ့က ကျွန်မတို့ ဂေဟာတွေထဲမှာ ကိုယ်ရေပြား ရောဂါသည်ပေါင်း ၁၇၈,၀၀၀ ကျော်ကျော် ရှိနေပြီ၊ သူတို့ဘာသာ ဟင်းသီးဟင်းရွက် စိုက်တယ်၊ ကြက်မွေးတယ်၊ ငါးမွေးတယ်၊ ကိုယ့်အိမ် ကိုယ်ဆောက်တယ်၊ မြို့တော်ဝန်ကြီး ကိုယ်တိုင် လာကြည့်ပါ၊ စိတ်ဝင်စား စရာတွေ

တွေ့ရပါလိမ့်မယ်'

အက်ကော့ချ်သည် သူ့ ခေါင်းနောက်တွင် အနည်းငယ်မျှသာ ကျန်တော့သော ဆံပင်မွှေးကလေးကို ကုတ်မိသည်။ သီလရှင်ကြီး ထရီဇာ၏ ကိုယ်ရေပြား ရောဂါသည်တို့ ဂေဟာသို့ သွားရောက် ကြည့်ရှုရမည် ဆိုသည့် သတင်းစကားသည် တကယ်တော့ အားရဝမ်းသာစရာ သတင်းစကား မဟုတ်။

'အေအိုင်ဒီအက်စ် ရောဂါ ဖြစ်နေသူတွေဟာ တော်တော် မကျန်းမမာ ဖြစ်နေကြတယ် ဆရာကြီး၊ တစ်ခါတလေဆိုရင် မတ်တတ်ထရပ် နိုင်လောက်အောင်တောင် ခွန်အား မရှိတော့ဘူး၊ နောက်တစ်ချက်က သူတို့မှာ ဘာအရည်အချင်းမှလည်း ရှိကြတာ မဟုတ်ဘူး၊ ဒီလိုလူတွေကို နေ့ချင်းညချင်း လက်သမားတွေ၊ ပိုက်ပြင်သမားတွေ၊ လျှပ်စစ် အလုပ်သမားတွေ ဖြစ်လာအောင် ဆရာကြီး ဘယ်လို လုပ်မှာလဲ'

သီလရှင် ဆရာကြီး ထရီဇာက သူ၏ ကြမ်းထော်နေသော လက်များဖြင့် ဇော့ယမ်းပြလိုက်ရင်း 'လက်တွေ ခြေတွေ လက်ချောင်းတွေ မရှိတော့တဲ့ ကိုယ်ရေပြား ရောဂါသည်တွေတောင် သူတို့ အိမ်တွေကို သူတို့ ဆောက်နိုင်သေးရင် ခြေလက်အစုံ ရှိတဲ့လူတွေက ဘာဖြစ်လို့ သူတို့လို မလုပ်နိုင်ရ မှာလဲ၊ မတတ်ရင် သူတို့ကို သင်ပေးမှာပေါ့၊ တတ်ကျွမ်းတဲ့ စေတနာရှင်တွေက သူတို့ကို လာ သင်ပေးလိမ့်မယ်'

'ကောင်းပြီ၊ ဒီအိမ်တွေ၊ ဂေဟာတွေကို ဆောက်ပြီးပါပြီတဲ့၊ လိုတဲ့ ပစ္စည်းတွေကို ဘယ်သူက ထောက်ပံ့မှာလဲ၊ ဆရာကြီး ဘယ်မှာ သွားရှာမှာလဲ'

သီလရှင် ဆရာကြီး၏ မျက်နှာပေါ်တွင် လျှောင်ပြောင်သည့် အပြုံး ပေါ်လာသည်။

'ဒါက လွယ်ပါတယ် မြို့တော်ဝန်ကြီးရယ်၊ ဘုရားသခင်က ထောက်ပံ့မှာပေါ့'

'ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ ဆရာကြီး ပြောတာတွေကို ကျွန်တော် တစ်နေ့တည်းနှင့် ရအောင်တော့ လုပ်မပေးနိုင်ဘူး ခင်ဗျ၊ အချိန် ယူရလိမ့်မယ်၊ ဒီတော့ နောက်သုံးလ ကြာရင် ဆရာကြီး လာကြည့်လှည့်ပါ'

မြို့တော်ဝန်က စိတ်ပျက် လက်ပျက် ပြောသည်။

ဒုက္ခ ဝေဒနာသည်တို့၏ ကိုယ်စားလှယ်တော်ကြီး တစ်ဦး ဖြစ်သည့် အဘွားအိုကြီးအား မည်သည့် ချေပချက်ကမှ တားဆီးခြင်းငှာ တတ်နိုင်မည် မဟုတ်ပါ။

'လိုအပ်တဲ့ အချိန်ကိုတော့ ပေးရမှာပေါ့လေ'

သီလရှင် ဆရာကြီးက ပြောသည်။

ထို့နောက် မြို့တော်ဝန်ကို လက်ညှိုးဖြင့် ထိုးလိုက်ပြီး တင်းမာပြတ်သားသည့် လေသံဖြင့် 'ဒါပေမယ့် တစ်ခုတော့ ပြောလိုက်မယ် နော် မြို့တော်ဝန်ကြီး၊ ခုပြောတဲ့ အရာတွေကို လုပ်မပေးမချင်းတော့ မြို့တော်ဝန်ကြီး အေးအေးဆေးဆေး နေရမှာ မဟုတ်ဘူးဆိုတာ မှတ်ထားလိုက်ပါ'

သီလရှင် ဆရာကြီးသည် ထိုင်ရာမှ ထလိုက်ကာ မြို့တော်ဝန်၏ စားပွဲပေါ်တွင် စာရွက်ပိုင်းကလေး တစ်ခုကို တင်ထားခဲ့ပြီးနောက် ပြန်သွားသည်။

မြို့တော်ဝန်သည် သီလရှင် ဆရာကြီးကို လိုက်ပို့ နှုတ်ဆက်ပြီးနောက် စားပွဲပေါ်မှ စာရွက်ပိုင်းကလေးကို ကောက်ကြည့်လိုက်သည်။

'တိတ်ဆိတ်ခြင်း၏ အသီးအပွင့်သည်
ဆုတောင်းခြင်း ဖြစ်၏။
ဆုတောင်းခြင်း၏
အသီးအပွင့်သည် ယုံကြည်ခြင်း ဖြစ်၏။
ယုံကြည်ခြင်း၏ အသီးအပွင့်သည်
မေတ္တာ ဖြစ်၏။
မေတ္တာ၏ အသီးအပွင့်သည်
ဝေနေယျ သတ္တဝါတို့ အတွက်
ကောင်းကျိုးပြုခြင်း ဖြစ်၏။

သီလရှင် ထရီဇာ

အေအိုင်ဒီအက်စ် ရောဂါရသူ အကျဉ်းသားများအား လွှတ်ပေးရေးနှင့် ၎င်းတို့အား ကျေးလက်တွင် နေရာ ချထားပေးရေး ဆိုသည့် သီလရှင် ဆရာကြီး ထရီဇာ ၏ တောင်းဆိုချက်သည် အာဏာပိုင်များ ကြားတွင် ဗုံးတစ်လုံး ပေါက်ကွဲ သည့်နှယ် ဖြစ်သွားသည်။ သတင်းစာများက ထိုသတင်းကို မျက်နှာဖုံး အဓိက နေရာမှ ဖော်ပြကြသည်။

နယူးယောက် ဘုရင်ခံ မာရီယို ကျူရိုအိုမိုသည် အကြီးအကျယ် ထိတ်လန့် တုန်လှုပ်သွားကာ အကျဉ်းသားထဲမှ အေအိုင်ဒီအက်စ် ရောဂါ အပြင်းထန်ဆုံးသူကို လွှတ်ပေးရန် စဉ်းစား လာခဲ့ရသည်။ မြေပိုင်ရှင်များနှင့် အသုံးမပြုသော လယ်ယာ အဆောက်အအုံ ပိုင်ရှင် များစွာတို့က သူတို့

ပစ္စည်းများကို နယူးယောက် မြို့နီစီပယ်သို့ လှူဒါန်းကြသည်။ သို့ရာတွင် ထူးဆန်းသည်မှာ ထိုဒေသရှိ ဘုရင်ဂျီ ဘာသာရေး အာဏာပိုင်တို့က ထို တင်ပြချက်ကို အားတက်သရော မရှိဘဲ တိတ်ဆိတ်နေခြင်း ဖြစ်သည်။ သာသနာ နယ်မြေ တစ်ဝိုက်ရှိ ဘရင်ဂျီ ဘာသာဝင်များ၏ သက်သာ ချောင်ချိရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့ အတွက် တာဝန်ရှိသည့် ဘုန်းတော်ကြီး ဂျမ်းကက်ဆီဒီ က 'ဒီသိလရှင် အဘွားအိုကြီးနှင့် သူ့သိလရှင်တွေဟာ တော်တော် ဒုက္ခပေးတယ်ဗျာ၊ သူက နယူးယောက်ရဲ့ အခြေအနေတွေကို ဘာမှ သိတာ မဟုတ်ဘူး၊ သူ့ကိုယ်သူ သူ အထင်ကြီးတဲ့ အိန္ဒိယပြည်က ဆင်းရဲသား ရပ်ကွက်ကလေးထဲမှာ ရောက်နေတယ်လို့များ ထင်နေသလား မပြောတတ်ဘူး'

မှန်ပါသည်။ နယူးယောက်သည် ကာလကတ္တားနှင့် မတူပါ။ အိန္ဒိယတိုင်းသူ သီလရှင်ငယ်များသည် မကြာမီ ထိုအချက်ကို သဘောပေါက် လာခဲ့ကြသည်။

ဆရာလေး ပေါလုသည် ကာလကတ္တားတွင် ရှိစဉ်က လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ လုံးလုံး သေလုဆဲ လူနာများ၏ ဂေဟာကို ကြီးကြပ်ခဲ့သည်။ ထိုအနှစ် ၂၀ အတွင်း၌ ဆရာလေး ပေါလုသည် သေလုဆဲ လူနာပေါင်း ၅၀,၀၀၀ ကျော်တို့ကို ပြုစု စောင့်ရှောက်ခဲ့ရာတွင် မိမိ၏ အသိဉာဏ်တရားမှအပ မည်သူ၏ အမိန့်ညြဲဖာကိုမျှ မနာခံခဲ့ရ။ မိမိသည် ဘုရားသခင်၏ မေတ္တာ ကရုဏာတော် အတွက် အမှုထမ်းရွက် နေသည့်အလျောက် အိုးအိမ်ကိစ္စ၊ မီးထင်းကိစ္စ၊ ကျန်းမာရေးကိစ္စ၊ အဆောက်အအုံ စစ်ဆေးရေး ကိစ္စ အဝဝတို့တွင် စည်းကမ်းများနှင့် အညီ ရှိ မရှိ ဆိုသည့် အချက်သည် လည်းကောင်း၊ အမှိုက်သရိုက် မှန်သမျှကို ချိုးဖျက်နိုင်ခြင်း မရှိသည့် အမှိုက်ပုံးဖြင့် လုံခြုံစွာ ပစ်ရမည်ဆိုသည့် အချက်သည် လည်းကောင်း၊ (သူတို့ အမြင်တွင် အမှိုက်များကို ထိုသို့ စွန့်ပစ်သဖြင့် အမှိုက် ကောက်သူများတွင် ဝင်ငွေရကြရာတော့မည် မဟုတ်ဟု တွေး၍ သနားမိသေးသည်။) အတိုချုပ် ပြောရလျှင် အမေရိကန် မြို့တော်ကြီး၏ သေးဖွဲသော စည်းမျဉ်း စည်းကမ်းများသည် လည်းကောင်း၊ သူတို့ ကျောင်းနှင့်တကွ သူတို့ လုပ်ငန်းများကို သံကွင်းကြီး တစ်ကွင်းဖြင့် ဖိညှပ်နေသည်ဟု ထင်မိသည်။

တစ်နေ့တွင် ဝတ္တုရား ကျေလှသော အရာရှိ တစ်ဦးက သူတို့ဂေဟာရှိ

လျှပ်စစ်ကြိုးများ သွယ်တန်းပုံကို စစ်ဆေးလိုသည်ဟု ပြောလာသည့်အခါတွင် 'ကျွန်မတို့ဘာသာ ဘယ်လိုပဲ သွယ်သွယ် ရှင့်အလုပ် မဟုတ်ပါဘူး' ဆိုကာ အရာရှိကို မောင်းထုတ်ပစ်သည်။

ပိုဆိုးသည်မှာ လူစုံသလောက် အသံစုံသည့် မြို့တော်ကြီး တစ်ခုတွင် သူတို့အနားၐ ဘရင်ဂျီ သီလရှင်များက အေအိုင်ဒီအက်စ် ရောဂါသည်များကို စောင့်ရှောက်သည့် ဂေဟာတစ်ခု လာရောက် ဖွင့်လှစ်သည် ဆိုသည့်အခါ၌ တုံ့ပြန်မှု အမျိုးမျိုးနှင့် လာ၍ ကြုံရခြင်း ဖြစ်သည်။

'တံခါးကို လာပြီး ခေါင်းလောင်း တီးနေတာလည်း မပြတ်တော့ဘူး ရှင့်၊ တချို့ကလည်း ကျွန်မတို့ကို လာ အားပေးစကား ပြောပြီး လိုတဲ့ အကူအညီ ရှိရင် ပြောပါဆိုတဲ့ လူတွေလည်း ရှိတယ်၊ တချို့ကတော့ ကျွန်မတို့ကို ဆဲရေး တိုင်းထွာပြီး လူနာတွေကို ကန်ကျောက် သွားကြတယ်၊ တချို့ကလည်း သူတို့ရောဂါကို ကုပေးဖို့ လာပြောကြတာလည်း ရှိတယ်၊ တချို့ကလည်း ကောင်းကြပါတယ်၊ ဒါပေမယ့် တချို့ကတော့ ရူးနေကြတယ်၊ ဒါမျိုးကို ဗာရာဏသီက လူဆင်းရဲ ဂေဟာမှာလည်း မတွေ့ခဲ့ဖူးဘူး၊ ကာလကတ္တားက သေလုဆဲ လူနာတွေရဲ့ ဂေဟာမှာလည်း မတွေ့ခဲ့ဖူးဘူး' ဟု အနန်ဒါက နောင်တွင် ပြန်၍ ပြောပြသည်။

သူတို့ ဂေဟာသို့ ပထမဆုံး ရောက်လာသည့် လူနာများထဲတွင် ဆေးစွဲသူ လူနာများမှာ အများဆုံး ဖြစ်နေသဖြင့် ဂရင်းဝစ်ရွာ ရပ်ကွက်ရှိ မိန်းမလျာများနှင့် ပြည့်တန်ဆာများက သူတို့ကို မကျေမနပ် ဖြစ်နေကြသည်။ ဤတွင် အိန္ဒိယတိုင်းသူ သီလရှင်များမှာ ရန်ပြုမည် စိုးသဖြင့် အပြင်သို့ မထွက်ရဲအောင် ဖြစ်နေကြသည်။ နောက်ဆုံးတွင်မှ သူတို့ ဂေဟာတွင် အေအိုင်ဒီအက်စ် ရောဂါရှင်များကို သာမက အခြားသော ရောဂါရှင်များကိုပါ လက်ခံလိုက်မှ အေးအေးဆေးဆေး ဖြစ်သွားတော့သည်။ သူတို့ ကျောင်းတိုက်မှ စိန့်ဗာရိုနီကာ ဘုရားရှိခိုးကျောင်း ရှေ့တွင် စွပ်ပြုတ်ဟင်းချို စတုဒိသာ စခန်းများ ဖွင့်ခြင်း၊ ဆင်းရဲသားများနှင့် သက်ကြီး ရွယ်အိုများကိုပါ သွားရောက် ပြုစုပေးခြင်း စသည်တို့ လုပ်လာသည့် အခါတွင်မှ သူတို့အပေါ်တွင် သဘောထား ပြောင်းသွားကာ ထောက်ခံလာကြသည်။

'မကြာခင်မှာပဲ မေတ္တာဂေဟာ အဖွဲ့ဝင်တွေဟာ အနီး တစ်ဝိုက်မှာ ရှိတဲ့ ဆင်းရဲသားတွေရဲ့ ခိုလှုံရာ ဖြစ်လာခဲ့တာပါပဲ' ဟု စိန့်ကလဲယား ဆေးရုံမှ ဆေးခန်း ကြီးကြပ်သူ ဆရာဝန် ဒေါက်တာ တယ်ရီမိုင်းလ်က ပြောသည်။

စိန့်ကလဲယား ဆေးရုံကြီးက ရပ်ကွက်ရှိ လူနာများ၏ ကျန်းမာရေးကို စောင့်ရှောက်ရာတွင် ကူညီဖို့အတွက် သူ့ကို မေတ္တာဂေဟာသို့ လွှတ်လိုက်ခြင်း ဖြစ်သည်။ သူသည် မေတ္တာဂေဟာက အခြေအနေကို ကြည့်၍ တော်တော် စိတ်ပျက်သွားသည်။

'အဲဒီ အိန္ဒိယ သီလရှင်တွေက သေလုဆဲ လူနာတွေကို အေးအေးချမ်းချမ်း သေရအောင် ကူညီဖို့ ရောက်လာတာပဲဗျ၊ ဒါပေမယ့် အခြေအနေက သူတို့ဆီနှင့် မတူဘူးလေ၊ သူတို့ဆီမှာက သေခါနီး လူနာဆိုတာ လမ်းမပေါ်မှာ လဲကျနေပြီး ကြည့်မယ့် ရှုမယ့်လူ မရှိလို့ ကောက်လာရတဲ့ လူနာမျိုး၊ ကျွန်တော်တို့ဆီကတော့ ငွေကြေး တတ်နိုင်ပါလျက်နှင့် ကြောက်စရာ ဗိုင်းရပ်စ်ပိုး စွဲကပ်လို့ သေရမယ့် လူနာမျိုး၊ သူတို့ကို အိပ်ရာလေး တစ်ခုပေးရုံ၊ အစားကလေး တစ်လုတ်ကျွေးရုံ၊ ရေမိုးချိုး သန့်စင်ပေးရုံနှင့် မလုံလောက်ဘူး၊ အခြားသော နိုင်ငံသားများလိုပဲ သူတို့မှာ ဆေးကုသမှု ခံယူပိုင်ခွင့် ရှိတယ်၊ ဒီတော့ ကျန်းမာရေးကို စောင့်ရှောက်တဲ့ ကျွန်တော်တို့ ဆရာဝန်တွေ အနေနှင့် သူတို့ကို လိုအပ်တဲ့ ဆေးဝါး စမ်းသပ် စစ်ဆေးမှုတွေ လုပ်ရတယ်၊ အကြောဆေး ထိုးပေးတန် ပေးရတယ်၊ အောက်ဆီဂျင် ပေးတန် ပေးရတယ်၊ ဆေးဝါး ပေးတန် ပေးရတယ်၊ ဒါပေမယ့် ခက်တာက ဒါတွေကို သီလရှင်တွေ သဘောမပေါက်ဘူး၊ သူတို့ သိတာက သူတို့ဟာ သေခါနီး လူနာတွေကို ကောင်းရာမွန်ရာ ရောက်အောင် ဆုတောင်းပေးမယ်၊ မသေခင်မှာ ကောင်းကောင်း ပြုစုမယ်၊ ဒါလောက်ပဲ သူတို့ သိတာ'

ဒေါက်တာ တယ်ရီမိုင်းလ်သည် သီလရှင်များအား တကယ်လုပ်ရမည့် လုပ်ငန်းကို သင်ကြားပေးရသည့် အခါတွင်လည်း တော်တော် စိတ်ဓာတ်ကျသည်။

'ဘရင်ဂျီ ကျင့်ဝတ်တွေအရ ကြီးပြင်းလာရတဲ့ သီလရှင်တွေကို သုက်သွေးအကြောင်း၊ ဖိုမ ဆက်ဆံရေး အကြောင်း၊ လိင်စိတ် အကြောင်း၊ ရောဂါစွဲကပ်နိုင်တဲ့ သူတွေ အကြောင်းကို ပြောရတာ တော်တော်တော့ ခွကျတယ်ဗျာ၊ သူတို့က အေအိုင်ဒီအက်စ် ရောဂါ အကြောင်း ဆိုလို့လည်း ဘာမှ မသိဘူး၊ အဲဒီရောဂါ စွဲကပ် နေသူတွေရဲ့ ဖိုမ ဆက်ဆံရေး အလေ့အထတွေကိုလည်း ဘာမှ မသိဘူး၊ ရောမကို ဝင်ခဲ့တုန်းက သူတို့ရခဲ့တဲ့ ဗဟုသုတကလည်း ဒါတွေနှင့် ဘာမှမဆိုင်ဘဲ ဘာသာရေး သက်သက်ဆိုတော့ ခက်တာပေါ့၊ သူတို့ကို အကုန် သင်ပေးနေရတယ်'

နောက်ဆုံးတွင် တယ်ရီမိုင်းလ်သည် မနေသာတော့ဘဲ ပြောင်ပြောင်ပင် ဖွင့်ပြောရတော့သည်။ သူ့ကို ငရဲမင်း၏ ရှေ့နေဟု ထင်လျှင်လည်း မတတ်နိုင်ပြီ။

'ဆရာလေးတို့ ရင်အုံပေါ်မှာ ဆွဲထားတဲ့ လက်ဝါးကပ်တိုင်ကလည်း ဆရာလေးတို့ကို ကယ်နိုင်တာ မဟုတ်ဘူးဗျ၊ လူနာတွေက ဆရာလေးတို့ အထိတ်တလန့် ဖြစ်တာကို ကြည့်ပြီး ပျော်တောင် နေလိမ့်ဦးမယ်၊ ဒီတော့ မကြားဝံ့ မနာသာတွေကိုလည်း နားထောင်ဖို့ ပြင်ထားကြဦး'

တော်ပါသေး၏။ သီလရှင် ဆရာလေးများအား ထိုကိစ္စတွေကို သင်ကြားရာတွင် သူ့ကို အထောက်အကူ ပေးမည့်သူ တစ်ဦး မမျှော်လင့်သော ထောင့်တစ်ခုမှ ပေါ်လာသည်။

လာထရွန်း ဘုန်းတော်ကြီးကျောင်းမှ သူ့မိတ်ဆွေ၏ တိုက်တွန်းချက်ကြောင့် ဂျိုးဆက်စတိန်းသည် သီလရှင် ဆရာလေး အနန်ဒါကို တွေ့ရန် သူတို့ဂေဟာသို့ ရောက်လာခဲ့သည်။ အိန္ဒိယ သီလရှင်ပျို့နှင့် အမေရိကန် ရှေးဟောင်း သုတေသန ပညာရှင်တို့သည် တစ်ဦးကို တစ်ဦး ခင်မင်သွားကြသည်။ လူသား အားလုံးကို ကျောသား ရင်သား မခွဲခြားဘဲ ဂရုစိုက် ပြုစုတတ်ပုံကို ကြည့်၍ ဂျိုးဆက် စတိန်း အံ့သြနေ၏။ နူးညံ့ သိမ်မွေ့သည့် သူ့အပြုအမူများကြောင့်လော၊ မိမိ၏ အသေးငယ်ဆုံးသော နာကျင်မှုကလေးကိုပင် သိတတ်သောကြောင့်လော၊ သူ့အကြည့်၏ နက်ရှိုင်းမှုကြောင့်လော၊ သူ့အပြုံး၏ သန့်စင်မှုကြောင့်လော၊ ဘာကြောင့် ဟူ၍တော့ မပြောတတ်။ ဂျိုးဆက် စတိန်းသည် ထိုသို့သော မေတ္တာမျိုး၊ စေတနာမျိုး သူ့ရင်ထဲတွင် တစ်ခါမှ မပေါ်ခဲ့ဖူးသည်မှာ အမှန်ပင် ဖြစ်သည်။

'သူ့ရဲ့ ဘာသာရေး ယုံကြည်ချက်ဟာ ကျွန်တော်တို့နှင့် တူချင်မှ တူမယ်၊ ဒါပေမယ့် သူ ဂရုစိုက်ပုံကြောင့် လူနာတိုင်းဟာ သူ့ကိုယ်သူ စကြဝဠာရဲ့ ဗဟိုချက်မလို့ ထင်သွားကြတာချည်းပဲ' ဟု ပြောသည်။

တစ်နေ့သော် သူ့ခြေထောက်များကို နှိပ်နယ်ပေးနေစဉ် သူ့တစ်ကိုယ်လုံးတွင် ပေါ်နေသည့် အညိုကွက်ကြီးတွေ အကြောင်းကို အနန်ဒါက အရဲစွန့်၍ မေးကြည့်သည်။ ဤတွင် ဂျိုးဆက်စတိန်းက အကြောင်းစုံ ပြောပြသည်။ ရထား တစ်စင်းပေါ်တွင် သူ၏ လိင်တူ ဆက်ဆံရေး သဘာဝကို စတင် တွေ့ရှိခဲ့ပုံ၊ မိန်းမလျာ တော်လှန်ရေး၊ ဆန်ဖရန်စစ္စကိုမှ ပြည့်တန်ဆာခန်းများ၊ အစွဲရေးတွင် ရောက်စဉ်က အပျော်အပါး လိုက်စားခဲ့ပုံ၊ အော်ပရာ

ကြည့်နေစဉ် သူ့ရောဂါ သည်းလာခဲ့ပုံ။

အနန်ဒါသည် ဂျိုးဆက်စတိန်း၏ ပျက်စီး ယိုယွင်းနေသော ခန္ဓာကိုယ်ကြီးကို နှိပ်နယ်နေသည့် သူ့ လက်ချောင်းကလေးများကို အာရုံစိုက်ကာ မျက်လုံးများကို တခြားသို့ လွှဲထားရင်း ဂျိုးဆက်စတိန်း၏ စကားများကို တိတ်ဆိတ်စွာ နားထောင်နေသည်။

နောက်တွင်ကား အနန်ဒါအဖို့ အေအိုင်ဒီအက်စ် ရောဂါသည် မျက်နှာတစ်ခုနှင့် နာမည်တစ်ခု ရှိသော အရာ ဖြစ်လာခဲ့လေပြီ။

ဆရာလေး ပေါလုသည် ထိုမျှယဉ်ကျေး သိမ်မွေ့သည့် လူနာမျိုးကို ရလောက်အောင်တော့ ကံ မကောင်းရှာပါ။ နှစ်သစ်ကူးပြီး ရက် အနည်းငယ်ခန့်အကြာတွင် ဂေဟာ အစောင့် နှစ်ယောက်သည် အသက် ၃၂ နှစ်ရွယ် အော်လင်ဒို ဆိုသည့် မိန်းမလျာ တစ်ဦးကို ခေါ်လာခဲ့ကြသည်။ သူ့ နှုတ်ခမ်းများမှာ ကြောက်စရာ ကောင်းလောက်အောင် နှုတ်ခမ်းနီတွေ ဆိုးထားပြီး မျက်တောင် အတု၊ ရင် အတု၊ ဆံပင် အတုတို့ကို တပ်ထားသည်။ ဝတ်ထားတော့လည်း အလွန် ကျပ်သည့် အနက်ရောင် ဂါဝန်ကို ဝတ်ထားသဖြင့် လမ်းလျှောက်သည့်အခါ ခြေလှမ်းကျဲဖြင့် မလျှောက်နိုင်။ ခပ်စိပ်စိပ်ကလေးသာ လျှောက်နိုင်သည်။ သူသည် ဆရာလေး ပေါလု၏ အိန္ဒိယ တိုင်းရင်း ဝတ်စုံနှင့် လက်အုပ်ချီ၍ နှုတ်ဆက်ဟန်တို့ကို ကြည့်ပြီး ရယ်တတ်သည်။ အော်လန်ဒိုသည် ပေါလုဆီသို့ ပြေးလာကာ အတင်း ဝင်ဖက်သည်။ ပေါလုက သူ့ကို ခပ်ကြမ်းကြမ်းပင် တွန်းထုတ်လိုက်သည်။

'ဒါလင်ရယ် မကြောက်ပါနှင့်၊ ရှုဂါးက ကိုက်မစား တတ်ပါဘူး' ဟု သူ့ အသံ အက်အက်ဖြင့် ပြောသည်။

အော်လန်ဒိုသည် သူ့ကိုယ်သူ ဘာကြောင့် ရှုဂါးဟု ခေါ်ကြောင်းကို နောင်တွင် ဆရာလေး ပေါလု သိလာခဲ့ရသည်။ ထိုအမည်မှာ ရုပ်ရှင်မင်းသားကြီး ဟန်ဖရီ ဘိုးဂတ်က သူ့ဇနီး ကချေသည် လောရင့်ဘေကာကို ချစ်စနိုးခေါ်သည့် အမည် ဖြစ်သည်။ အောက်ပိုင်း မင်ဟတ်တန် ရပ်ကွက်တွင် ညစဉ်ညတိုင်း မိန်းမလျာတို့၏ ကပွဲများရှိရာ ထိုကပွဲများတွင် မိန်းမလျာများသည် သူတို့ကိုယ် သူတို့ ထိုသို့ခေါ်လေ့ ရှိကြသည်။ ရှုဂါးသည် ထမင်းနပ်မှန် စားရဖို့အတွက် ဟတ်ဆန် မြစ်ကမ်းတွင် လျှောက်မောင်းနေသည့်

နောက်ပိတ်ကားကလေး တစ်စင်းပေါ်တွင် ပြည့်တန်ဆာ အလုပ်ကို လုပ်ရသည်။ သူ့လက်မောင်းတွင် ရှိနေသည့် အပ်ရာများကို ကြည့်ခြင်းဖြင့် ရှူးဂါးသည် မူးယစ် ဆေးပြင်းများလည်း မှီဝဲကြောင်း သိနိုင်သည်။ မိတ်ကပ်တွေမည်သို့ လိမ်းထားစေကာမူ ထိုအချက်ကိုတော့ ဖုံးကွယ်ခြင်း မပြုနိုင်။ အေအိုင်ဒီအက်စ် ရောဂါသည် သူ့ကို အပြင်းအထန် တိုက်ခိုက်နေလေပြီ။ ခြေဖဝါး အထိ သူ့ကိုယ်လုံးသည် ကာပိုဆီ အရေပြား ကင်ဆာကျိတ်တွေ ထနေသည့် ပြာနှမ်းနှမ်း အစိုင်အခဲကြီး တစ်ခုသာ ဖြစ်နေသည်။ သူသည် လအနည်းငယ်သာ နေရတော့မည် ဆိုသည်ကို ရှူးဂါး သိသည်။ သို့ရာတွင် ရောဂါသည် သူ့ကို လှုပ်ရှား သွားလာခြင်း မပြုနိုင်အောင် အထိတော့ တိုက်ခိုက်ခြင်း မပြုသေး။

'လာ လာ၊ ကျွန်မ ရှင့်အခန်းကို လိုက်ပို့ပေးမယ်'

ဆရာလေး ပေါလုက ခေါ်သည်။

ရှူးဂါးက သူ့မျက်တောင်တုကို တဖျပ်ဖျပ် ခတ်လိုက်ရင်း 'အို .. ဒါလင်ကလည်း ရှူးဂါးက ဘယ်သူ့ အမိန့်ကိုမှ မနာခံတတ်ဘူးလေ၊ သိလျက်သားနှင့်'

စတည်းက ပြဿနာနှင့် ကြုံရသည်။ ရှူးဂါးတွင် အိုးမရှိ၊ အိမ်မရှိ၊ မိသားစု မရှိ။ သို့ရာတွင် သူ့မှာ မိတ်ဆွေ အပေါင်းအသင်းတွေတော့ ရှိသည်။ ဆူညံသော သူ့ အပေါင်းအသင်းများသည် ဂေဟာတွင် စည်းကမ်းများကို ချိုးဖောက်ကြသည်။ မှားမကြာမီ သူ၏ ထူးဆန်းသော လူနာကို သူတို့တစ်တွေ ဘာကြောင့် ထိုမျှ စိတ်ဝင်စား နေကြသည်ကို မကြာမီ ဆရာလေးပေါလု တွေ့လာရသည်။ ရှူးဂါးသည် သူတို့၏ အကောင်းဆုံး ဖောက်သည်ကြီး တစ်ဦးပါတကား။ ရှူးဂါးသည် တစ်နေ့လျှင် ဒေါ်လာ ၃၀၀ ဖိုးရှိသော ဘိန်းဖြူကို အကြောထဲသို့ ထိုးသူ မဟုတ်လော။

သနားစရာ ကောင်းလိုက်ပါသည့် ဆရာလေး ပေါလု။ တယ်ရီမိုင်းလ်ပြောသည့် စကားသည် အမှန်။ နယူးယောက်က မကောင်းမှုများသည် ကာလကတ္တားက ဆင်းရဲမှုထက် ပို၍ဆိုးသည်။ သို့ရာတွင် ဆရာလေး ပေါလုသည် ထိုသို့သော အမှန်တရားကို ရင်ဆိုင်ရမည်ကို ကြောက်ရွံ့ခြင်း မရှိပါ။ ထူးဆန်းသော ဤအမေရိကန် လူမျိုးများကို ထိန်းသိမ်းရန် နည်းလမ်းတစ်ခုတော့ တွေ့လိမ့်မည်ဟု သူ မျှော်လင့်ထားပြီး ဖြစ်သည်။ ရှူးဂါး ရောက်လာပြီး သုံးရက် အကြာတွင် ဆရာလေး ပေါလုသည် ဂေဟာ တံခါးဝတွင်

ကြော်ငြာတစ်စောင်ကို ကပ်ထားသည်။ ထိုကြော်ငြာထဲတွင် စည်းကမ်းချက်များကို ရေးထားလိုက်သည်။ အရက်၊ မူးယစ် ထုံထိုင်းဆေး စသည်တို့ကို တွေ့ရှိသည့် လူနာအား ချက်ချင်း ဂေဟာမှ နှင်ထုတ်မည်ဟု ရေးထားသည်။ ဧည့်သည်တို့ လာရမည့် အချိန်ကိုလည်း ကန့်သတ်ထားလိုက်သည်။ ဘာသာရေး ဝတ်ပြုသည့် အချိန်များတွင်လည်း တယ်လီဖုန်း အဆက်အသွယ်ကို ဖြတ်ထားသည်။ ည ၈း၃၀ ထိုးသည်နှင့် မီးများကို ပိတ်ရမည်။

ထိုသို့ စည်းကမ်းများ တင်းကျပ်လိုက်သဖြင့် မြို့တော် မိန်းမလျာ အသိုက်အဝန်းမှ ကန့်ကွက်သံ ချက်ချင်း ပေါ်ထွက်လာသည်။ စိန့်ကလဲယားဆေးရုံကြီးမှ အမှုထမ်းများကလည်း ကန့်ကွက်ကြသည်။ သတင်းစာများက ဝါရှင်တန်လမ်းမှ ဘာသာရေး အစောင့်အကြပ်များဟု လှောင်ပြောင်ရေးကြသည်။

အမေရိကန်တို့သည် ပလိပ်ရောဂါ အကြီးအကျယ် ဖြစ်ပွားနေသည့် နေရာမှာပင် လူအများ အန္တရာယ် ရှိသည့်ကိစ္စထက် တစ်ဦးချင်း လွတ်လပ်မှုကို အသားပေးကြသူများ ဖြစ်သည်။ ဆရာလေး ပေါလုကလည်း အလျှော့မပေး။ အနည်းဆုံး ဧည့်သည်လာချိန် ကိစ္စတွင်မူ တင်းတင်းကျပ်ကျပ် ကိုင်ထားသည်။ သူ့ အမြင်၌ ဆွေမျိုးသားချင်း မတော်သည့် ဧည့်သည် တစ်ယောက်သည် ရက်စရာ ကောင်းသော ဧည့်သည် တစ်ဦး ဖြစ်ရမည် ဟု ယူဆသည်။ ထိုသူသည် အရက် သောက်ရာတွင် ဖြစ်စေ၊ လောင်းကစားရာတွင် ဖြစ်စေ၊ ဆေးမှိုဝဲရာတွင် ဖြစ်စေ၊ လိင်မှုကိစ္စတွင် ဖြစ်စေ အပေါင်းအဖော် ဖြစ်ရမည် ဟု ယူဆသည်။ ထိုသို့ အလျှော့ မပေးမှုကြောင့် ရိုးရိုး မိတ်ဆွေများနှင့် ပတ်သက်လျှင် ပြဿနာ ကြုံလာတော့သည်။

အေအိုင်ဒီအက်စ် ရောဂါသည် ကိုယ်ခန္ဓာအားဖြင့် ဖြစ်စေ၊ စိတ်ဓာတ်အားဖြင့် ဖြစ်စေ ပင်ပန်း ဆင်းရဲ ကြီးလှသဖြင့် မိန်းမလျာ အသိုက်အဝန်းက သူတို့ အချင်းချင်း ကူညီ စောင့်ရှောက်နိုင်စေရန် ကူညီရေး အဖွဲ့ကလေးများ ဖွဲ့ထားတတ်ကြသည်။ သူတို့သည် သူတို့ ဘဝတူများကို တကယ်လည်း ရိုးရိုးသားသား ကူညီ ရိုင်းပင်းကြသည်။

ထိုအဖွဲ့များ အနက် အထင်ရှားဆုံးမှာ မိန်းမလျာများ၏ ကျန်းမာရေး ပြဿနာ ဆိုသည့် အဖွဲ့ ဖြစ်သည်။ ထိုအဖွဲ့မှာ ဆရာကြီး ထရီဇာနှင့် သူ့ သီလရှင်ငယ်များက မင်ဟက်တန်တွင် လာရောက်၍ မေတ္တာဂေဟာ မဖွင့်မီ ငါးနှစ် နီးပါးအလို ၁၉၈၁ ခုနှစ် ကတည်းက တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

ထိုဘတ်ဒီများ၏ အကူအညီကို မြင်တွေ့ခဲ့ရသည့် စိန့်ကလဲယားဆေးရုံကြီးမှ အမှုထမ်းများက ထိုဘတ်ဒီများသည် လူနာများ အတွက် မရှိမဖြစ်သူများ ဖြစ်သည်ဟု ယူဆကြသည်။ ထို့ကြောင့် မေတ္တာဂေဟာမှ နည်းကမ်းချက်များကို လျှော့ပေါ့ပေးဖို့ ပြောရန် တယ်ရီမိုင်းလ်ကို တာဝန်ပေးကြသည်။

'ပြဿနာက ဘာသာစကား ပြဿနာ ထင်တယ်ဗျ၊ ဆရာလေးပေါလု စိတ်ထဲမှာ ဘတ်ဒီဆိုတဲ့ စကားလုံးဟာ မဖွယ်မရာကို အတူလုပ်တဲ့ လုပ်ဖော်ကိုင်ဖက်လို့ မြင်နေတယ် ထင်တယ်၊ ဒီတော့ ကျွန်တော်က အဲဒီစကားလုံး အစား သက်ဆိုင်သူ မိတ်ဆွေလို့ သုံးလိုက်တဲ့ အခါကျမှ ပြဿနာပြေလည် သွားတော့တယ်'

သို့ရာတွင် အခြားသော ကိစ္စတစ်ခုတွင် ကြားဝင် စွက်ဖက်ရာ၌မူ တယ်ရီမိုင်းလ် မရှုမလှ တပ်လန် လာခဲ့သည်။ သူက ရုပ်မြင် သံကြားကို ဖွင့်ကြည့်ခွင့် ပေးခြင်းဖြင့် လူနာတွင် စိတ်အပြောင်းအလဲ ရကြောင်း၊ ဝေဒနာကို မေ့ပျောက် စေနိုင်ကြောင်း၊ ဖျင်းရိ ငြီးငွေ့မှုကို သက်သာစေကြောင်း ပြောသည်။ ဆရာလေး ပေါလုက ရုပ်မြင်သံကြား ကြည့်နေကြသဖြင့် ဂေဟာတွင် ရှိသည့် လူနာ အချင်းချင်း ကြားတွင် မိတ်ဆွေသဘော ဆက်ဆံရေးကို ထိခိုက်စေသည် ဟု အကြောင်းပြသည်။ ထိုအစား ညှော်ခန်းဆောင် ကစားနည်းများ၊ စာအုပ်စာတမ်းများ၊ ဓာတ်ပြားများ၊ ကက်ဆက်များက ပို၍ ကောင်းသည်ဟု ဆိုသည်။ 'ဖန်သားပြင်ရှေ့မှာ တစ်နေကုန် ကုပ်ပြီး ထိုင်ကြည့် နေရတာထက် အများကြီး ကောင်းတာပေါ့' ဟု သူက ဆိုသည်။

သို့ဖြင့် ရက်ရောသော စေတနာရှင် တစ်ဦးက လှူဒါန်းထားသည့် ရုပ်မြင်သံကြား စက်များသည် သေတ္တာကြီးများထဲတွင် နဂိုအတိုင်း ရှိနေကြသည်။

တဖြည်းဖြည်းဖြင့် ဆရာလေး ပေါလု ချမှတ်ထားသည့် သံမဏိ စည်းကမ်းများကို အများက လက်ခံ လာခဲ့ကြသည်။ ထိုစည်းကမ်းများကြောင့် သူကိုယ်တိုင်ပင် အကျိုး ရှိသည်ဟုလည်း ဒေါက်တာ တယ်ရီမိုင်းလ် ကိုယ်တိုင်က ဝန်ခံလာခဲ့သည်။ မေတ္တာဂေဟာသို့ ရောက်တိုင်း သီလရှင် ဆရာလေးများ လုပ်ထားသည့် လုပ်ငန်းတွေကို ကြည့်၍ သူ တအံ့တသြ ဖြစ်ရသည်။

တည်ထောင်သူမှာ ဓာတ်ညွှန်းရေး ဆရာနှင့် ဝတ္ထုရေးဆရာ လာရီ ကရားမားနှင့် နယူးယောက်မှ သူ့မိတ်ဆွေ ငါးဦးတို့ ဖြစ်ကြသည်။ သူတို့ ခြောက်ဦး အဖွဲ့သည် အေအိုင်ဒီအက်စ် ကူးစက် ပြန့်ပွားရောဂါနှင့် ပတ်သက်၍ အမေရိကန် အစိုးရက နှေးကွေးစွာ ကိုင်တွယ်နေသည့် အတွက် အချင်းချင်း လူစုကာ ထလုပ်ကြခြင်း ဖြစ်သည်။ ထိုအဖွဲ့သည် နောင်တွင် အလားတူ အဖွဲ့များ၏ နမူနာ အဖွဲ့တစ်ခု ဖြစ်လာခဲ့သည်။ ဆရာလေး ပေါလုနှင့် အနန်ဒါတို့က ပထမဆုံး လူနာကို စတင်ပြုစုသည့် အချိန်လောက်၌ ထိုအဖွဲ့သည် အမြဲတမ်း အမှုထမ်း ၇၀၊ စေတနာ့ဝန်ထမ်း အမှုထမ်း ၁၆၀၀ တို့ဖြင့် လူနာပေါင်း ၂၀၀၀ ခန့်ကို ထောက်ပံ့ ကူညီလျက် ရှိသည်။ အဖွဲ့က ပေးသည့် အကူအညီများထဲတွင် လူနာများ၏ တရားဥပဒေ ကိစ္စများ၊ အလုပ်အကိုင် ကိစ္စများ ပါဝင်ပြီး လူနာ၏ မိသားစုများ၊ မိတ်ဆွေများ အတွက်လည်း စိတ်ဓာတ်အရ အားပေး ထောက်ပံ့သည့် အစုလိုက် အစည်းအဝေးများကို ကျင်းပ ပေးတတ်သည်။ ထိုရောဂါနှင့် ပတ်သက်၍ ပညာပေးခြင်း၊ ကာကွယ်ရေး လုပ်ငန်းများ လုပ်ခြင်း စသည်တို့ကို ပြုလုပ်ပေးပြီး အကူအညီများ တောင်းနိုင်ရန် အတွက် နေ့ရောညပါ အရေးပေါ် တယ်လီဖုန်း လိုင်းများကိုလည်း ဖွင့်ပေးထားသည်။

အဖွဲ့၏ အဓိက ရည်ရွယ်ချက်မှာ အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်နေသူ မိန်းမလျာများကို ကူညီရန် ဖြစ်သော်လည်း နောက်ပိုင်းတွင်မူ မိန်းမလျာများကိုသာ မကတော့ဘဲ အေအိုင်ဒီအက်စ် ရောဂါစွဲကပ်သူ မည်သူ့ကို မဆို အကူအညီ ပေးသည် အထိ ကျယ်ပြန့်လာခဲ့သည်။ အမျိုးသမီးများ၊ လိင်စုံဆက်ဆံသူများ၊ သွေးမတိတ် ရောဂါရှင်များ၊ အကြောဆေး သုံး သူ များ၊ ကလေးများ စသည့် ရောဂါရှင်များ အားလုံးပါသည်။ ထိုအဖွဲ့သာ မရှိခဲ့လျှင် နယူးယောက်မှ အေအိုင်ဒီအက်စ် ရောဂါရှင်များ၏ အခြေအနေသည် ထို့ထက်ပင် ကြေကွဲဖွယ် ကောင်းပေလိမ့်မည်။

စေတနာ့ ဝန်ထမ်း ဘတ်ဒီတိုင်း အကူအညီ၊ အထောက်အပံ့ မရှိသည့် လူနာတစ်ဦးကို ကြီးကြပ် စောင့်ရှောက်ရသည်။ လူနာ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကို ဆောင်ရွက် ပေးရသည်။ လူနာနှင့် နာရီပေါင်းများစွာ အတူနေကာ အစားအသောက် စားအောင် ကျွေးရသည်။ မပျင်းအောင် ဂရုစိုက်ရသည်။ သူ့ ခိုင်းသမျှကို လုပ်ရသည်။ သူ့ကို နှစ်သိမ့် အားပေးရသည်။ နောက်ဆုံး အချိန်များတွင် သက်သာစွာ ဘဝ ကူးနိုင်အောင် ကူညီရသည်။ ကွယ်လွန်သည့် အခါတွင်လည်း သူ၏ အသုဘ ကိစ္စများကို စီစဉ်ရသည်။

'အိန္ဒိယတိုင်းသူ သီလရှင်တွေဟာ တော်တော်တော့ အံ့ဖို့ကောင်းတယ်ဗျာ၊ ဟောင်းနွမ်း စုတ်ပြတ်နေတဲ့ အဆောက်အအုံကြီးကို တောက်ပပြောင်လက်နေအောင် လုပ်ထားကြတယ်၊ အစစ အရာရာ သန့်ရှင်းလိုက်တာကလည်း မပြောနှင့်တော့၊ ကြမ်းပေါ်မှာ ထိုင်ပြီး ထမင်းစားလို့တောင် ရတယ်၊ အံ့သြစရာ အကောင်းဆုံး ကတော့ သူတို့ ကိုးကွယ်နေတဲ့ ဘုရားသခင်ရဲ့အလိုတော်ကို ခြွင်းချက်မရှိ ယုံကြည်စိတ်ပဲ၊ သူတို့မှာ အခက်အခဲ တစ်ခုတွေ့လာတိုင်း၊ တစ်ခုခု လိုလာတိုင်း လက်နှစ်ဖက်ကို မြှောက်ပြီး ဘုရားဆီမှာ ဆုတောင်းလိုက်တာပဲ'

တယ်ရီမိုင်းလ် အကြီးအကျယ် အံ့သြရသည်။ တစ်နေ့၌ သီလရှင်ဆရာလေး အနန်ဒါသည် နေ့လယ်စာတွင် ထည့်ရန်အတွက် ထမင်းချက်အား အချိုပွဲ တစ်ခု အလုပ်ခိုင်းသည်။ ထိုနေ့က သူတို့ဂေဟာ စားဖိုဆောင်တွင် ကြက်ဥ တစ်လုံးသာ ကျန်တော့သည်။

'ကြက်ဥမှ မရှိတော့တာ ဘယ့်နှယ်လုပ် အချိုပွဲ လုပ်မှာလဲ' ဟု ထမင်းချက်က ကြောက်ကြောက်ဖြင့် ဖြေသည်။

ဆရာလေး အနန်ဒါက ဘုရားသခင်ကို ယုံကြည်ရန် အေးဆေးစွာ ပြောသည်။ မကြာပါ၊ တံခါးခေါက်သံ ကြားရပြီး အိမ်နီးချင်း တစ်ဦးက သူတို့ဂေဟာသို့ ကြက်ဥ တစ်ဒါဇင် လာလှူသွားသည်။

ဂေဟာတွင် ရှိသည့် ပထမဆုံး ထားရှိသော လူနာခုတင် ၁၄ လုံးတို့မှာ လစ်လပ်သည် ဟူ၍ မရှိ။ အမြဲလိုလိုပင် ပြည့်နေတတ်သည်။ ထိုအချိန်က အေအိုင်ဒီအက်စ် ရောဂါ အများဆုံး ဖြစ်သည့် အစုနှစ်စု ဖြစ်သော မိန်းမလျာနှင့် မူးယစ်ဆေး သုံးသူတို့မှာ အရေအတွက် ညီတူလောက် ရှိကြသည်။ မူးယစ်ဆေး စွဲသူတို့မှာ အများအားဖြင့် လူမည်းများနှင့် တောင်အမေရိက တိုက်သားများ ဖြစ်ကြသည်။ တယ်ရီမိုင်းလ်သည် စိန့်ကလဲယားဆေးရုံတွင် သူ တွေ့ခဲ့ရသည့် အတွေ့အကြုံတို့ကို မျှဝေရန်အတွက် ဂေဟာသို့ မကြာခဏ ရောက်သွားတတ်သည်။ သို့ရာတွင် လူနာ တစ်ဦးချင်းအတွက် သူ့ အခြေအနေနှင့် အညီ ပေးသည့် အစားအသောက်တို့ မည်မျှ အရေးကြီးပုံကို သီလရှင် ဆရာလေးတွေ သဘောပေါက်အောင် ပြောပြရသည်မှာ မလွယ်လှပါ။ သီလရှင် ဆရာလေးများမှာ သူတို့ ထုံးစံအရ သက်သတ်လွတ်စားသူများ ဖြစ်ပြီး အိန္ဒိယပြည်တွင် သူတို့ လူနာများကိုလည်း ဆန်ပြုတ်ကလေး၊ ပဲကလေး တစ်ဇွန်း တလေကိုသာ တိုက်လေ့ရှိရာ အာဟာရ၏

အရေးကြီးပုံကို ပြောပြသည့်အခါတွင် နားမဝင်နိုင်ကြဘဲ ဖြစ်နေသည်။

လူနာများက ပရိုတိန်း၊ အသားမှ ရသည့် အာဟာရဓာတ်၊ ငါးနှင့် သီးနှံများမှ ရသည့် အာဟာရဓာတ်များ လိုအပ်နေချိန်တွင် သူတို့ တိုက်ကျွေးသော အာဟာရမှာ ဟင်းချိုရည် ပျစ်ပျစ်တစ်ခွက်သာ ဖြစ်သည်။ အာသာဆန္ဒ အမျိုးမျိုး ကွဲနေသော လူနာများ၏ တောင့်တချက်သည် ဂေဟာက တင်းကျပ်သည့် အာဟာရ စာရင်းနှင့် တခြားစီ ဖြစ်နေသည်။

တယ်ရီမိုင်းလ်သည် ပြဿနာ ပေါ်လာတိုင်း စိတ်ရှည်ရှည်ဖြင့် ဖြေရှင်းသည်။ နောင်တွင် သူသည် ဆာရီဝတ်သည့် သူ့ သူနာပြုများ အတွက် ဂုဏ်ယူ တတ်လာခဲ့ကာ အေအိုင်ဒီအက်စ် ရောဂါရှင် တစ်ယောက်အဖို့ ကံအကောင်းဆုံးလို့ ပြောနိုင်တဲ့ အရာကတော့ သူတို့တစ်တွေရဲ့ ပြုစုမှုကို ခံရတာ တစ်ခုပဲ ရှိတော့တယ် ဟု ပြောခဲ့သည်။

သီလရှင် ဆရာလေးများသည် ပြုံးပြုံးရယ်ရယ်ဖြင့် သူတို့လုပ်ငန်းကို ဆောင်ရွက်လျက် ရှိသည့်တိုင် သူတို့တစ်တွေ တွေ့ကြုံရသည့် ဒုက္ခဆင်းရဲကို ဆေးခန်း ကြီးကြပ်ရေးမှူး ဆရာဝန်ကြီး ကောင်းကောင်း သိပါသည်။ တစ်နေ့ မနက် ဘုရားရှိခိုးကျောင်းထဲတွင် ဆုတောင်းလျက်၊ ဝတ်ပြုလျက် ရှိစဉ် သီလရှင် ဆရာလေး တစ်ဦးမှာ ရှိုက်ကြီးတငင် ငိုနေသည်ကို တွေ့ရသည်။

'ကျွန်မ ဒီအလုပ်ကို မလုပ်ပါရစေနှင့်တော့၊ ကျွန်မတို့ ခု စောင့်ကြည့်နေရတာက ကိုယ်ရေပြား ရောဂါသည်တွေနှင့် သေခါနီး လူနာတွေ မဟုတ်ဘူးရှင့်၊ တကယ့် ဘီလူးသဘက်တွေ၊ ဘုရားက ပြစ်ဒဏ်ခတ်ပြီး လျစ်လျူပြုထားတဲ့ ဓာတ်ပျက်တွေ၊ ဒုစရိုက်တွေ များလွန်းလို့ ဘုရားက ဥပေက္ခာ ပြုထားတဲ့ လူလေလူလွင့်တွေ၊ သူတို့ကို လေးစားဖို့၊ သူတို့ကို ချစ်ခင်ဖို့ ဆိုတာ ကျွန်မ အဖို့တော့ မတတ်နိုင်တဲ့ ကိစ္စပါ'

ဆရာလေး ပေါလုသည် သီလရှင်ငယ်ကို ပွေ့ဖက်ကာ မျက်ရည်တို့ကို သုတ်ပေး၏။ သူ့ကို ဖျောင်းဖျ၏။

'ဘုရားက သူတို့ကို ပြစ်ဒဏ် ခတ်ထားဟာကို ဆရာလေးရယ်၊ ဒီတော့ ကျွန်မတို့ရဲ့ ဝေဒနာတွေကိုရော၊ သူတို့ရဲ့ ဝေဒနာတွေကိုရော ဘုရားထံမှာ လှူရမှာပေါ့ မဟုတ်ဘူးလား'

ဆရာလေး အနန်ဒါက 'အမှန်ကတော့ ဒီလူတွေဟာ ဘီလူးသဘက်တွေ၊ ဒုစရိုက် ကျူးလွန်သူတွေ မဟုတ်ပါဘူးကွယ်၊ သူတို့ဟာ သားကောင်တွေပါ၊ ဆရာလေးဟာ စိတ်ဓာတ်အရရော ကိုယ်ခန္ဓာအရရော အောက်တန်း

ကျ အနှိမ့်ချ ခံရတာတွေကို တွေ့ခဲ့ရဖူးတယ်၊ သူတို့လိုပဲ ဆရာလေးလည်း ဒုက္ခ ရောက်ခဲ့ရဖူးတယ်၊ ဝိုင်းပယ် ခံခဲ့ရဖူးတယ်၊ သူတို့ ဝေဒနာဟာ ဘုရားက ပေးတဲ့ ပြစ်ဒဏ် မဟုတ်ပါဘူးကွယ်၊ သူတို့ ဝေဒနာဟာ ဘုရားက ချစ်ခင် မြတ်နိုးတော် မူတယ် ဆိုတာကို ပြတဲ့ သက်သေ သာဓကပါ၊ ဘုရားဟာ ဒုက္ခဆင်းရဲ ရောက်သူတိုင်းကို ချစ်တယ်၊ ကျွန်မကိုလည်း ချစ်ခင် မြတ်နိုး တော်မူတယ်၊ ဆရာလေးတို့ကိုလည်း ချစ်ခင် မြတ်နိုးတော်မူတယ်၊ သူတို့ အားလုံးကိုလည်း ချစ်ခင် မြတ်နိုးတော်မူတယ်'

[ ၅၇ ]

**စိတ်ပျက် အားငယ် နေသူတို့ အတွက် ဂျပန် မှိုများ နှင့် တရုတ် သစ္စားသီးများ။**
**နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။**
**၁၉၈၆ ခုနှစ် ဖေဖော်ဝါရီ။**

အိန္ဒိယ အမျိုးသမီးများသည် သူတို့၏ ခံစားချက်များကို အပြင်သို့ ထုတ်ဖော် ပြသလေ့ မရှိကြ။

သို့ရာတွင် ထိုနေ့ မနက်ကမူ သီလရှင် ဆရာလေး အနန်ဒါ၏ အကြီးအကျယ် အံ့သြနေသော အမူအရာကို မျက်နှာတွင် အထင်အရှား တွေ့နေရသည်။ သူ စောင့်ရှောက်နေသည့် လူနာသည် ပျောက်ချင်းမလှ ပျောက်သွားခဲ့သည်။ ဂျိုးဆက်စတိန်း တစ်ယောက် မေတ္တာဂေဟာမှ ထွက်သွားသည်ကို မည်သူမျှ မမြင်လိုက်ကြ။ ဂျိုးဆက်စတိန်းသည် အမှာစကားကလေး တစ်ခုကိုမျှ မထားရစ်ဘဲ ဆေးရုံမှ ဆင်းသွားခဲ့သည်။ ယခုကဲ့သို့ ထွက်ပြေးမည့် အရိပ်နိမိတ်ကိုလည်း တစ်ခါမျှ မပြခဲ့စဖူး။ ပြောင်းပြန်တောင် ဖြစ်ခဲ့သေးသည်။ လူလေလူလွင့် တစ်ဦး၊ အိုးမဲ့အိမ်မဲ့ တစ်ဦး မဟုတ်သည့်တိုင် ရှေးဟောင်း သုတေသန ပညာရှင်ဟောင်း ဂျိုးဆက်စတိန်းသည် သူ့အား ဤဂေဟာတွင် ကြာရှည် နေထိုင်ခွင့်ပြုရန် ဆရာကြီး ထရီဇာကိုပင် ခွင့်ပန်ခဲ့သေးသည်။

မေတ္တာဂေဟာ ဖွင့်ပွဲ အခမ်းအနားသို့ လာရောက်ပြီးသည့် နောက်၌ သူ့ရောဂါ အခြေအနေသည် တဖြည်းဖြည်း ဆိုးသည်ထက် ဆိုးလာခဲ့သည်။ သူ၏ ကာပိုဆီ အရေပြားကင်ဆာ အနာကြီးများသည် ခဏမျှ ဆုတ်ခွာ

သွားကြပြီးနောက် ပြင်းထန်သည့် အရှိန်အဟုန်ဖြင့် ပြန်ပေါ် လာခဲ့ကြသည်။ ခန္ဓာကိုယ်ပေါ်တွင် နောက်ထပ် အနာတွေ ပေါ်လာသည်။ ပါးစပ်တွင်လည်း ရှိသည်၊ လျှာပေါ်တွင်လည်း ရှိသည်၊ မာသော အစာများကို ဝါးမျိုရသည်မှာ ပင်ပန်း နာကျင်သဖြင့် နောက်ဆုံးတွင် သူသည် အစားအသောက်ကို လုံးဝ မစားနိုင်တော့ဘဲ ဖြစ်လာခဲ့သည်။

ဆရာလေး အနန်ဒါသည် ကာလကတ္တားတွင် ရှိစဉ်က ငတ်လွန်းသဖြင့် မည်သည့် အစာကိုမျှ ဝါးမျို စားသောက်နိုင်ခြင်း မရှိတော့သော လူမျိုးများကို တွေ့ခဲ့ရဖူးသည်။ ယခု နယူးယောက်သို့ ရောက်သည့် အခါတွင်လည်း အနန်ဒါသည် ထို ပြဿနာနှင့် ရင်ဆိုင် နေရပြန်လေပြီ။ ဤနေရာတွင်မူ အနန်ဒါသည် အာဟာရဗေဒ ပညာရှင် တယ်ရီမိုင်းလ်၏ အကြံကို လိုက်နာရသည်။

'တစ်ခါတလေမှာ ချောကလက် ရေခဲမုန့်လုံးကလေးကို လာကျွေးတတ်တယ်၊ တစ်ခါတလေလည်း ရှောက်ရည်နှင့် ပျားရည်ကို ဖျော်တိုက်တတ်တယ်၊ လည်ချောင်းထဲကို လျှောခနဲ ကျသွားအောင် ချော့မော့တိုက်တယ်ဗျာ၊ တော်တော် စိတ်ရှည်တဲ့ ဆရာလေး၊ ဒီလောက်ကလေး မိုက်ထဲ ရောက်သွားရင် ဟိမဝန္တာ တောင်ကြီးကိုတောင် တက်ချင်စိတ် ပေါက်လာတယ်' ဂျိုးဆက်စတိန်းက ပြောသည်။

သို့ရာတွင် ထိုမျှ သူ့ကို ဂရုစိုက်သည့်တိုင် ဂျိုးဆက် စတိန်းကို ကြာရှည်နေအောင် မတတ်နိုင်ပါ။

ဂေဟာရှိ သီလရှင် ဆရာလေးများနှင့် ဒေါက်တာ ဂျက်ဒီဟိုးဇစ် တို့သည် သူ ထွက်ပြေးသည့် အကြောင်းရင်းကို ရက်သတ္တပေါင်း များစွာ ကြာအောင် စူးစမ်းကြသည်။ သူ အိပ်ရာဘေး စားပွဲပေါ်တွင် ရှိသည့် စက္ကူပိုင်းကလေးတွေကမှ အကြောင်းရင်းကို ပြောပြနိုင်လိမ့်မည် ထင်သည်။ ယင်းမှာ နယူးယောက်ပို့စ် သတင်းစာမှ ဆောင်းပါး တစ်စောင် ဖြစ်ပြီး ဆောင်းပါးတွင် 'ဘာသီးစ်ဒါးရှိ ကင်ဆာဆေးရုံ တစ်ရုံတွင် ပထမဆုံးသော လူပုံများကို စမ်းသပ် စစ်ဆေး သုံးစွဲ ကြည့်ရာတွင်' အောင်မြင်ခဲ့သည်ဟု အဆိုရှိသော အေအိုင်ဒီအက်စ် ရောဂါဆေးနှင့် ပတ်သက်သည့် ဆောင်းပါး ဖြစ်သည်။ ထိုအေဇက်တီ ဆေးကို မကြာမီတွင် ဆေးရုံများ၊ ဆေးခန်းများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ် သုံးစွဲတော့မည်ဟု ထိုဆောင်းပါးတွင် ဖော်ပြထားသည်။

ထိုသတင်းကို ဖတ်မိသည့်အခါတွင် ဂျိုးဆက်စတိန်းသည် သူကိုယ်တိုင် အစမ်းသပ် ခံကြည့်ချင်သည့် ဆန္ဒ ပေါ်လာသည်။ သို့ဖြင့် သီလရှင် ဆရာလေးများ ဘုရားရှိခိုး ကျောင်းထဲတွင် အတန်ကြာသွား၍ ဝတ်ပြုမည့် အချိန်ကို စောင့်ဆိုင်းကာ အောက်ဆုံးထပ်ရှိ တယ်လီဖုန်းရှိရာသို့ ဒယဥ့်တိုက်၍ အနိုင်နိုင် ဆင်းလာခဲ့ပြီးနောက် နယူးယောက်တွင် ရှိသည့် သတ်မှတ်ထားသော စမ်းသပ်ရေး ဌာန သုံးခု အနက် တစ်ခုသို့ တယ်လီဖုန်း ဆက်၍ လှမ်းခေါ်သည်။

'စမ်းသပ် ကုသခံရဖို့ တစ်ဝက်လောက်သာ မျှော်လင့်ချက် ရှိပေမယ့် ကျွန်တော့်အဖို့ ဒီနည်းပဲ ရှိတော့တယ်လေ၊ မတတ်နိုင်ဘူး၊ အဲဒီ စမ်းသပ်မှုထဲမှာ စမ်းသပ်ခံခွင့် ရသွားဖို့ အရေးကြီးတယ်' ဟု နောင်တွင် သူက ပြောပြသည်။

သူက ဌာနတစ်ခုသို့ တယ်လီဖုန်း ဆက်သည့်အခါတွင် တစ်ဖက်မှ သူ့ကို မေးခွန်းတွေ အမျိုးမျိုး မေးသည်။ ဂျိုးဆက်စတိန်းက ကာပိုဆီဟူသော စကားလုံးကို ပြောလိုက်သည့်အခါတွင် တစ်ဖက်မှ အသံသည် ရုတ်တရက် ရပ်သွား၏။ ထိုသို့သော ပုံသဏ္ဌာန်ဖြင့် ပေါ်လာသည့် အေအိုင်ဒီအက်စ် ရောဂါကို သူ့ဌာနတွင် စမ်းသပ်ရန် ခွင့်ပြုထားခြင်း မရှိသောကြောင့် ဖြစ်သည်။

'စိတ်မပျက်ပါနှင့်၊ တကယ်လို့ အောင်မြင်သွားရင် ဘယ်ပုံသဏ္ဌာန်နှင့် ပေါ်တဲ့ ရောဂါရှင်ကိုပဲ ဖြစ်ဖြစ် အေဇက်တီကို ပေးမှာပါ' ဟု တစ်ဖက်က အသံက ပြောသည်။

'အဲဒီလို ပေးအောင် ဘယ်လောက်ကြာကြာ စောင့်ရဦးမှာလဲဗျာ'

'တစ်နှစ်လောက် အတွင်း ဖြစ်မှာပါ'

တစ် နှစ် တဲ့။ မိမိ၏ ခန္ဓာကိုယ် အတွင်းဘောကြီးသည် အစဉ်အမြဲ သွေးယိုနေသည့် ရောဂါ တစ်ခုကဲ့သို့ နေ့စဉ်နှင့်အမျှ တအိအိ ပြိုကျကာ လုံးပါးပါးနေသည်ဟု သိနေသော လူတစ်ယောက် အဖို့သော်ကား တစ်နှစ် ဆိုသော အချိန်သည် ရာစုနှစ်ကြီး တစ်ခု၊ သို့မဟုတ် ထောင်စုနှစ်ကြီး တစ်ခု လောက် ကြာသည်ဟု ထင်ရသည်။ သို့တိုင်အောင် သူ စိတ်မပျက်ပါ။ တစ်နှစ်ဟု ပြတ်ပြတ်သားသား သိရသည့် အချိန်သည် သူ့ကို လိုင်းလုံးကြီး တစ်လုံးပေါ်သို့ ပစ်တင် ပေးလိုက်သည့်နှယ် ရှိသည်။

'တော်တော်တော့ အံ့ဩဖို့ ကောင်းတယ်ဗျာ၊ လွန်ခဲ့တဲ့ နှစ်လလောက်

တုန်းက ကစ်ခါတည်း ကိစ္စပြီးအောင် ဆိုပြီး ဆေးလုံးတွေကို သောက်ပစ်လိုက်တာ၊ နည်းတာတွေ မဟုတ်ဘူး၊ ဟော ခုတော့ ကျွန်တော် သူတို့ ပြောသလို တစ်နှစ်အတွင်း အေဇက်တီနှင့် ကုနိုင်တော့မယ့် အချိန်ကို မျှော်နေမိပြန်ပြီ၊ အခန်း ပြန်ရောက်တော့ ကျွန်တော် အဆိပ်သောက်ပြီး သတ်သေဖို့ မလုပ်မီ လျှို့ဝှက် နေရာတွေက ရတဲ့ အဆိပ်ဆေးတွေ၊ မူးယစ်ဆေးတွေနှင့် ပတ်သက်တဲ့ စာရွက်စာတမ်းတွေကို ကျွန်တော် ပြန် ဖတ်ကြည့်နေမိတယ်'

ဂျိုးဆက်စတိန်း၏ တုံ့ပြန်မှုသည် ဘာမျှ အထူးအဆန်း မဟုတ်ပါ။ မိမိတို့ မသေမီ ဆေးတွေ့တော့မည် ဟူသော ခံစားချက်ဖြင့် မျှော်လင့်ချက် ကုန်ဆုံးနေသော များစွာသော အမေရိကန် လူနာများသည် ၁၉၆၈ ခု နှစ်ဦးတွင် အခြားသော ကုထုံးများကို လိုက်လံရှာဖွေ နေခဲ့ကြသည်။ ရောဂါ နောက်ဆုံး အဆင့်တွင် ရောက်နေသည့် လူနာများ၊ သို့မဟုတ် သွေးတွင် ဗိုင်းရပ်စ်ပိုး တွေ့သည့် လူနာများသည် မက္ကဆီကို နယ်စပ်ကို ဖြတ်ကျော်ကာ ဗိုင်းရပ်စ်ပိုး တိုက်ဖျက်ရေး ဆေးများကို မတန်တဆ ဈေးပေး၍ ဝယ်ယူကြသည်။ ထို ကုထုံးများမှာ အက်ဖ်ဒီအေမှ ခွင့်ပြုချက် မရသေးသည့်ဆေးများ ဖြစ်သည်။ ရုပ်ရှင်မင်းသား ရော့ခ်ဟတ်ဆန်၏ နမူနာကို လိုက်ကာ များစွာသော လူနာများသည် ပြင်သစ်ပြည်သို့ လည်းကောင်း၊ အစ္စရေးသို့ လည်းကောင်း သွားရောက်ကာ ထို တိုင်းပြည်များတွင် အသုံးပြုသည့် ကုထုံးများဖြင့် ကုသမှု ခံယူကြသည်။ အချို့မှာလည်း အမေရိကန်မှာပင် လျှို့ဝှက် ကုသနေသော ဆေးဝါး ကုသရေး ဌာနများသို့ သွားရောက် ကုသမှု ခံယူကြသည်။

ထိုလျှို့ဝှက် ဆေးခန်းများကို 'ပြောက်ကျား ဆေးခန်းများ' ဟု ခေါ်ကြသည်။ ထို ဆေးကုခန်းများသည် တစ်ပတ်လျှင် လူနာပေါင်း ၂၀၀၀ ခန့်ကို လက်ခံ ကုသ ပေးနေကြသည်။ ထိုဌာနများတွင် အေအိုင်ဒီအက်စ် ရောဂါကို ထူးဆန်းသော ဆေးဝါးများဖြင့် ကုသနေကြသည်။ ယင်းတို့ အထဲတွင် ဓာတ်ပုံ ကူးရာတွင် အသုံးပြုသည့် အက်ဆစ်၊ ပဲပိစပ်မှ ထုတ်လုပ်သည့် ပဲစွည်း တစ်မျိုး၊ ဂျပန် မှိုပွင့်များမှ ထုတ်လုပ်သည့် ပစ္စည်း တစ်မျိုးနှင့် ဘရာဇီးနိုင်ငံ အမေဇုန် သစ်တောကြီးထဲတွင် ရှိသည့် အပင် တစ်မျိုးမှ အခေါက်များ ပါဝင်သည်။ ဆန်ဖရန်စစ္စကိုရှိ အရိုး ခွဲစိတ် ကုသသည့် ကိရိယာများ ထုတ်လုပ်သည့် စက်ရုံတွင် အလုပ်လုပ်သူ တစ်ဦးက သူ့အခန်း

တွင် ထိုဆေးမျိုးများထဲမှ တစ်မျိုးကို ထုတ်လုပ်နေသည်။ ထိုဆေးမှာ ဒိုင်နိုက်ထရိုကလိုဘင်ဇိုင်း၊ အက်သနောနှင့် ဆိုင်တွင် ရောင်းသည့် ဆံပင်ပေါက်ဆေးအရည်တို့ဖြင့် ဖော်စပ်ထားခြင်း ဖြစ်သည်။ ထိုဆေး အကြောင်းကို ဆေးပညာ ဂျာနယ်များထဲတွင် ဆောင်းပါးများ ရေးနေကြပြီး ဖြစ်သည်။ ကာပိုဆီ ဆာကိုးမား ခေါ် အရေပြား ကင်ဆာကြောင့် ဖြစ်သော အနာကြီးများပေါ်တွင် နေ့စဉ် လိမ်းပေးလျှင် ကိုယ်ခံအား စနစ်ကြီး၏ လှုပ်ရှားမှုကို အားကောင်းစေသည် ဟု ဆိုသည်။

နယူးယောက်တွင် ဆိုလျှင် အေအိုင်ဒီအက်စ် ရောဂါသည်များသည် အလိုအလျောက် ဖြေကြားသည့် တယ်လီဖုန်း တစ်ခုကို ကောက်ဆက်နိုင်သည်။ ထိုတယ်လီဖုန်းက အနောက်ပိုင်း ၂၃ လမ်းရှိ လိပ်စာတစ်ခုကို ပေးသည်။ ဒေါ်လာ ၂၀၀ ပေးလျှင် ကြက်ဥ အကာပေါ်တွင် အခြေခံသည့် အေအယ်လ် ၇၂၁ တံဆိပ်ဖြင့် ဂျာမနီမှ တင်သွင်းသည့် ဆေးတစ်မျိုးကို ရနိုင်သည်။ ဆန်ဖရန်စစ္စကိုတွင် ဆိုလျှင် အရေးပေါ် တယ်လီဖုန်းလိုင်း တစ်ခုကို ကောက် ဆက်လိုက်ရုံဖြင့် သတင်း ပြန့်ကြားရေး ပရိုဂျက် ဆိုသော ဌာနတစ်ခုသို့ ရောက်သွားသည်။ အနောက်ဘက် ကမ်းခြေတွင် ရနိုင်သည့် စမ်းသပ် ကုထုံး အမျိုးမျိုးတို့၏ အမည်များနှင့် ပတ်သက်သော သတင်းစုံကို ပြန်ကြားပေးသည်။ ယင်းတို့အနက် တရုတ် သခွားပင် တစ်မျိုး၏ အမြစ်များကို အခြေခံ၍ ဖော်စပ်ထားသည့် ဆေးတစ်မျိုးလည်း ပါသည်။ ထိုဆေးကို ကွန်ပေါင်း ၈ဟု ခေါ်ပြီး စမ်းသပ်ဖန်ပြွန် အခြေအနေများ အောက်တွင် ကျန်းမာ သန့်စွမ်းသော ကလာပ်စည်းများကို မည်သို့မျှ မထိခိုက်စေဘဲ ဗိုင်းရပ်စ်ပိုးစွဲသော ကလာပ်စည်းများကို သတ်ပစ်နိုင်စွမ်း ရှိသည်ဟု အဆိုရှိသည်။ များစွာသော အေအိုင်ဒီအက်စ် လူနာများသည် ထိုဘုရားပေးသော ဆေးကို ထိုးကြသည်။ ထိုဆေး၏ အဆိပ် သင့်နိုင်စွမ်းနှင့် ပတ်သက်၍ ပဏာမ စမ်းသပ်မှုများ မလုပ်ရသေးသဖြင့် တရုတ် သခွားသီးသည် များစွာသော ကြေကွဲဖွယ်များကို ပေါ်ပေါက်စေနိုင်သည်။ အချို့သော ခိုကိုးရာမဲ့ လူနာတို့မှာ ထိုဆေးကြောင့် ကိုယ်တစ်ပိုင်း သေခြင်း၊ မျက်စိကွယ်ခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ သတိမေ့မျောခြင်း စသည်တို့ကို ကြုံတွေ့ရသည်။

ကြံရာမရသဖြင့် အချို့သော ဆရာဝန်များ ကိုယ်တိုင်ပင် ထူးဆန်းသည့် ဆေးများကို သုံးကြည့်ကြသည်။ မိုင်ယာမီတွင် ဆိုလျှင် အချို့သော ဆရာဝန်များက နွားကလေးများ လတ်လတ်ဆတ်ဆတ်၏ သန္ဓေသားမှ

ထုတ်လုပ်သော ဆေးတောင့်များကို ပေးကြသည်။ တီ–၄ လင်ဖိုဆိုက်များ ထုတ်လုပ်မှုကို အားပေးသည်ဟု သူတို့က ဆိုကြသည်။ မိုင်ယာမီမှာပင် ခရီးသွား ကိုယ်စားလှယ် အချို့က ခရီးသည်များကို ကာရစ်ဘီယန် ပင်လယ် ထဲရှိ ကျွန်းကလေး တစ်ကျွန်းသို့ ပို့ပေးကြသည်။ ထိုကျွန်းတွင် 'ရက်တီကျူလိုစ်' ဟု ခေါ်သည့် ပစ္စည်း တစ်မျိုးကို ထုတ်လုပ်ပေးသည့် စက်ရုံတစ်ခု ရှိသည်။ သူတို့ဆေးသည် ရောဂါကို ကုသနိုင်သော အာနိသင် ရှိသည်ဟု ထုတ်လုပ်သူများက သတင်းစာများတွင် ကြော်ငြာကြသည်။ ကိုးရက်အတွင်း တွင် ကာပိုဆီ ဆာကိုးမားနှင့် နျူမိုးနီးယား ရောဂါတို့ကို ပျောက်ကင်းစေ နိုင်သည်ဟု အဆိုရှိသည်။

ထိုဆေးကို မက္ကဆီကိုနှင့် တောင်အမေရိက တိုက်တွင်လည်း ရနိုင် သည်။ ၂၁ ရက်စာ အတွက် ဆေးဖိုး ကျသင့်ငွေ ဒေါ်လာ ၆၀၀၀။

'သမားရိုးကျ ဆေးနှင့် ပါမောက္ခ ဆရာဝန်ကြီးတွေက ကိုယ့်ကို ကြောက်စရာ ကောင်းတဲ့ ရောဂါဆိုးနှင့် သေပေတော့လို့ စွန့်ပစ်ခဲ့ပြီ ဆိုရင်၊ နိုဗယ်လ်ဆု ကို ရထားတဲ့ သိပ္ပံပညာရှင် ပဏ္ဍိတ်တွေကလည်း ကြောက်စရာ ကောင်းတဲ့ ဗိုင်းရပ်စ်ကို မတိုက်ဖျက်နိုင်ကြတော့ဘူး ဆိုရင် ကျွန်တော် ဘာလုပ်ရတော့ မှာလဲ၊ ငရဲပြည် ဖြစ်ဖြစ်၊ ဘယ်မှာ ဖြစ်ဖြစ်၊ ဘာ ဖြစ်ဖြစ် နောက်ဆုံး မျှော် လင့်ချက် အလင်းရောင်ကလေး ရှိတဲ့ ဆီကိုပဲ သွားရတော့မှာပေါ့၊ ဘယ် တတ်နိုင်တော့မလဲ' ဂျိုးဆက်စတိန်းက ပြောသည်။

ထိုနှစ် ဆောင်းတွင်းတုန်းက ကာရစ်ဘီယန် ပင်လယ်ထဲမှ စိန့်မာတင် ကျွန်းကလေးပေါ်ရှိ ငှက်ပျောပင်များနှင့် ကရမက် ပင်တန်းများ ကြားတွင် ရှေးဟောင်း သုတေသန ပညာရှင်တစ်ဦး ဖြစ်ခဲ့သည့် ဂျိုးဆက်စတိန်းသည် သူ့ မျှော်လင့်ချက် ရောင်ခြည်ကို သွားတွေ့ခဲ့သည်။ ကာရစ်ဘီယန် ကျွန်း ကလေးပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ လုံးလုံး နေထိုင်လာခဲ့သည့် ပြင်သစ် ဆရာဝန် တစ်ဦးက အေအိုင်ဒီအက်စ် ဗိုင်းရပ်စ် ထိုးထားသည့် ကြွက်မှ ထုတ်ယူသည့် ကာကွယ်ထိုးဆေး တစ်မျိုးကို အသုံးပြုနေသည်။ ထို ပုဂ္ဂိုလ်သည် သမားတု သမားယောင် တစ်ဦးတော့ မဟုတ်ပါ။ သုတေသနသမား တစ်ယောက်ဟုပင် ထင်ရှားပါသေးသည်။ အခြားသော ပြောက်ကျား ဆေးခန်း ပိုင်ရှင်များလို သူသည် သူ့ဆေးကို ကြော်ငြာခြင်းလည်း မပြုပါ။ တစ်ခါတလေ

တွင် သူ့ဆေးကို အခမဲ့ပင် ပေးလိုက်ပါသေးသည်။ အချို့သော သတင်းစာဆရာ တို့ကမူ သူ့ကို ဒေါက်တာ ရှိုက်ဇာ ဟုပင် မဆိုင်းမတွ ချီးကျူး လိုက်ကြပါ သေးသည်။

'စိန့်မာတင် ကျွန်းဟာ နယူးယောက်က နေပြီး လေးနာရီ လေယာဉ် ခရီးပဲ ရှိတယ်၊ သုံးရက်လောက် ဆေးစားလိုက်ရင် ပျောက်သွားမှာ သေချာတယ်၊ ဒီလိုဆိုရင် ကျွန်တော် သောင်းကျွန်း ရမ်းကားခဲ့တာကလေးတွေလည်း ဘယ် သူမှ မသိတော့ဘူးပေါ့' ဂျိုးဆက်စတိန်းက နောင်တွင် ပြောပြသည်။

[ ၅၈ ]

**ပွဲ ၂၈၁ ကောင် အတွက် ဆေးတောင့်ခါးခါး တစ်ဆုပ်။**

**နယူးယောက်၊ လော့စ်အိန်ဂျလိစ်၊ မိုင်ယာမီ၊ ဆန်ဖရန်စစ္စကို၊**

**အမေရိကန် ပြည်ထောင်စု။**

**၁၉၈၆ ခုနှစ် နွေဦး၊ နွေ။**

ဒေါက်တာ ပေါ မိုဘာဒင်းသည် အေဇက်တီကို ပလာစီဘိုး အဖြစ် စမ်းသပ် ကြည့်ရာတွင် ဘာရီ ဝဲလ်ကမ်း ကုမ္ပဏီက ခန့်အပ်သည့် ဆရာဝန် ၁၂ ဦး၊ အနက် တစ်ဦး ဖြစ်သည်။ ပျော်ပွဲစားရုံမှ မိန်းမလျာ စားပွဲထိုး တစ်ယောက် တွင်-အနောက်ဘက် ကမ်းခြေမှ ပထမဆုံး-သော ကာပိုဆီ အရေပြားကင်ဆာ ရောဂါ အနာများကို တွေ့သည့် အချိန်မှ စ၍ ဒေါက်တာ မိုဘာဒင်းသည် အေအိုင်ဒီအက်စ် ရောဂါရှင်များကို အထူး ဂရုစိုက်၍ ကုသပေးခဲ့သည်။ ဆန်ဖရန်စစ္စကို အထွေထွေ ရောဂါကု ဆေးရုံကြီး ပဉ္စမထပ်ရှိ သူ့အခန်းသည် အမေရိကန် ပြည်ထောင်စုက မိန်းမလျာ မြို့တော်ကြီးတွင် လူအရှုပ်ဆုံး နေရာ တစ်နေရာ ဖြစ်လာခဲ့သည်။

ထို ၁၉၈၆ ခုနှစ် နွေဦးရာသီက သူ့လူနာများထဲတွင် ခပ်စောစောက အေအိုင်ဒီအက်စ် ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည့် သတင်းစာ ရောင်းသူ တစ်ယောက်၏ အဖော်လည်း ပါရှိသည်။

ထိုစဉ်က ဒေါက်တာ မိုဘာဒင်းသည် ကံဆိုးသော ထိုလူ၏ အသက် ကို ကယ်ဆယ်ရန် အပြင်းအထန် ကြိုးစားခဲ့သည်။ သင့်လျော်သည့် ဆေးဝါး မရှိသည့် အတွက် သူသည် ထိုတိုက်ပွဲတွင် အရေး နိမ့်ခဲ့ရ၏။ ယခုမူ

သတင်းစာ ရောင်းသူ၏ အဖော်ကို ကုရပြီ ဖြစ်သဖြင့် ဒေါက်တာ မိုဘာဒင်းသည် သူ့ရောဂါ အပေါ်တွင် လက်စား ချေနိုင်တော့မည် ထင်သည်။

သူ့လူနာသည် နျူမိုဆိုက်စတစ် နျူမိုးနီးယား ဖြစ်နေကြောင်းကို ရက် ၉၀ နီ·ပါးခန့်က ကြိုတင် သိနေခဲ့၍ ရောဂါကို ဖော်ထုတ်နိုင်ခဲ့သည့် အတွက် ကုမ္ပဏီက သူ့ကို အေဇက်တီဆေး စမ်းသပ်မှုတွင် ပါဝင်ရန် ထည့်လိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် ဒေါက်တာ မိုဘာဒင်းသည် လူနာအား သတင်းကောင်းကို မပြောပြမီ ကုမ္ပဏီက ပြဋ္ဌာန်းထားသည့် စမ်းသပ်မှုများကိုတော့ လုပ်ပြရဦးမည်။ ယင်း စမ်းသပ်နည်းများထဲတွင် အေဇက်တီကြောင့် အရေပြား တုံ့ပြန်မှု မည်သို့ ရှိသည်ကို စမ်းသပ်သည့် နည်း တစ်နည်း ပါ၏။ ထို စမ်းသပ်မှုများကြောင့် သတ်မှတ်ထားသည့်ထက် အချင်းအားဖြင့် ၂ မီလီမီတာ ကြီးသော အပိမ့်ကြီးတွေ ပေါ်လာတတ်သည်။ အမှန်အားဖြင့် သတ်မှတ်ထားသည်ထက် ၂ မီလီမီတာ လောက်သာ ပိုကြီးသည့်အတွက် ထိုပမာဏသည် များသည်ဟု မဆိုသာ။

ထို့ကြောင့် ဒေါက်တာ မိုဘာဒင်းသည် ထိုအချက်ကို အရေးမကြီးဟု သဘောထားလိုက်၏။ မိမိ၏ တာဝန်သည် အသက် အန္တရာယ်နှင့် ဘက်ပေါင်းစုံမှ တွေ့နေရသူ လူနာ တစ်ယောက်ကို ကူညီရမည်သာ မဟုတ်လော။ သို့ရာတွင် တစ်ဖက်က စဉ်းစားလိုက် ပြန်သည့်အခါ ဆေးသိပ္ပံပညာ၏ အကျိုးအတွက် မိမိလက်ထဲသို့ စမ်းသပ်ရန် ယုံကြည်စိတ်ချစွာ အပ်နှံထားသူတို့အား ထိုမျှ အသေးအဖွဲလေးကိုပင် ဖြစ်စေ လိမ်လည် သင့်ပါသလော။ ဘိုအးဆဲတွင် စမ်းသပ်ရန် ရွေးချယ်ခံမည့် လူနာမှာလည်း ရင်းနှီးသော မိတ်ဆွေတွေ ဖြစ်နေပြီ။ စမ်းသပ်ခံရန် စံနှင့် အနည်းငယ် ကွဲလွဲနေသည့်တိုင် ကိုယ့်မိတ်ဆွေမို့လို့ သူ့ကို ရွေးချယ် စမ်းသပ်လျှင် တရားရာ ကျပါမည်လော။

စမ်းသပ်ကြည့်မည့် လူနာများကို ဌာနခွဲ ၁၂ ခုမှ ရွေးချယ်ကြမည် ဖြစ်သည်။

လူရွေး ကြည့်လိုက်သည့် အခါတွင် စမ်းသပ် စစ်ဆေးခံနိုင်မည့် လူနာ ဦးရေမှာ လိုအပ်သည့် အရေအတွက် ထက်ပင် ပိုနေသည်။

အချို့ နေရာများတွင်မူ အကြီးအကျယ် ပြဿနာတွေပင် ပေါ်ခဲ့သည်။ ဥပမာအားဖြင့် လော့စ်အိန်ဂျလိစ်မှ ကယ်လီဖိုးနီးယား တက္ကသိုလ် ဆေးရုံတွင်

စမ်းသပ်ရန် အရွေး မခံရသည့် လူနာများက ဆူပူ ဆန္ဒ ပြကြသည်။ 'လူမျိုး ပြုတ်အောင် လုပ်တာလား၊ အေဇက်တီဖြင့် စမ်းသပ်ပေးပါ' ဟု တောင်းဆိုကြသည်။ သူ့ကိုတော့ ရွေးပြီး ငါ့ကို ဘာ့ကြောင့် မရွေးသလဲဟု ပြဿနာ တက်ကြသည်။

နယူးယောက်ရှိ ကော်နဲ ဆေးတက္ကသိုလ် ဆေးပညာဌာနမှ ဒေါက်တာ လာရီလာစကီးနှင့် သူ့ အဖွဲ့ဝင်များသည် ထိုပြဿနာကို သမားရိုးကျနည်းဖြင့် ဖြေရှင်းရသည်။ အလျင် စာရင်းသွင်းသူကို ဦးစားပေးရခြင်း ဖြစ်သည်ဟု ရှင်းပြရသည်။

နောက်ဆုံးတွင် အေဇက်တီဖြင့် စမ်းသပ် ကုသကြည့်ရန် လူနာ ၂၈၁ ယောက်ကို အတည်ပြု ရွေးချယ်လိုက်၏။ ၁၄၄ ယောက်တို့ကို အေဇက်တီ ဆေးအစစ်ကို ပေးပြီး ၁၃၇ ယောက်ကို ပလာစီဘိုး အကျိုးသက်ရောက်မှု ပေးသည်။ သူတို့သည် စာမျက်နှာ ငါးမျက်နှာရှိ သဘောတူ စာချုပ်ကို လိုလိုချင်ချင်ပင် လက်မှတ် ထိုးကြသည်။

ထိုသဘောတူညီချက် ထဲတွင် ယခုကဲ့သို့ စမ်းသပ်ခံ ကြည့်ခြင်းသည် အန္တရာယ် ရှိသည်ကို သိကြောင်း၊ မိမိတို့၏ ဆန္ဒအလျောက် အစမ်းသပ် ခံခြင်း ဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။

'အေဇက်တီ ဆေးကို သုံးကြည့်ခြင်းကြောင့် ခန္ဓာကိုယ်ထဲတွင် ရှိသည့် သွေးနီဥ အများအပြား ပျက်စီးသွားနိုင်သည်၊ ထိုသို့ သွေးနီဥများ ပျက်စီးသွားလျှင် လိုအပ်သော သွေးသွင်း ကုသမှုတွင် အခက်အခဲ တွေ့နိုင်သည်' ဟု သဘောတူညီချက် စာတန်းတွင် ရှင်းလင်းစွာ ဖော်ပြထားသည်။

အခြားသော ဘေးထွက် အကျိုး သက်ရောက်မှုများ ဖြစ်သည့် ခေါင်းကိုက်ရောဂါ စွဲကပ်ခြင်း၊ အနည်းငယ် စိတ်ဖောက်ပြန်ခြင်း၊ စိုးရိမ် ကြောက်လန့်တတ်ခြင်း၊ ပျို့အန်ခြင်း၊ နာကျင်သော အရေပြား အနာများ ပေါ်ထွက်လာခြင်း၊ သွေးဖြူဥများ ပျက်စီးခြင်း၊ ယင်းကြောင့် အခြားသော ကြားပေါက် ရောဂါများ ဝင်လာနိုင်ခြင်း စသည့် အန္တရာယ်များ ရှိကြောင်းဖြင့်လည်း စာတန်းတွင် ဖော်ပြထားသည်။

သို့ရာတွင် ထိုသတိ ပေးချက်များကြောင့် နောက်တွန့်သွားသူ ဆို၍ တစ်ယောက်မျှ မရှိပါ။

'လူနာတွေက တော်တော်လေးကို စိတ်ဓာတ် ကျနေကြပြီဗျာ၊ သူတို့ ရောဂါကို တားဆီးနိုင်မယ်၊ အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ကို တိုက်ဖျက်နိုင်မယ်

ဆိုရင် ဆိုင်ယာနိုက် အဆိပ်ကို စားဆိုရင်တောင် စားလိမ့်မယ် ထင်တယ်' ဟု ဆရာဝန် တစ်ဦးက ပြောသည်။

အစမ်းသပ် ခံလိုကြသည့် နောက်အကြောင်း တစ်ရပ်မှာ မိမိတို့၏ ကျန်းမာရေး အခြေအနေကို အစဉ်အမြဲ ကြည့်ရှု စောင့်ကြပ်ခြင်း ခံရမည့် အတွက်ကြောင့်လည်း ဖြစ်သည်။ ထို့ပြင် အေဇက်တီဖြင့် ကုသ၍ အောင် မြင်လျှင် ၎င်းတို့အား တစ်သက်လုံး အေဇက်တီ ဆေးဖြင့် ကုသပေးမည် ဆိုသည့် အတွက်ကြောင့်လည်း စိတ်အား ထက်သန်နေကြခြင်း ဖြစ်သည်။

ထိုအချက်မှာ အရေးကြီးသည်။ အေဇက်တီမှာ ပျောက်ကင်းမည်ဟု အာမ မခံသော်လည်း ဗိုင်းရပ်စ်ပိုးများ ပြန့်ပွားခြင်း မရှိအောင် တားဆီး နိုင်သည်ဟု အာမခံသည့် အတွက် ထိုဆေးကို အမြဲ ရနေခြင်းသည်ပင် အခွင့် အရေး တစ်ရပ်လို ဖြစ်နေသည်။

လူနာ တော်တော်များများမှာ ဆေးသုတေသန အတွက် ပါဝင် စမ်းသပ်ခြင်း ခံရသည့်အတွက် ဂုဏ်ယူနေကြသည်ဟု ဒေါက်တာ ဗိုဘာဒင်း ၏ လက်ထောက်ဖြစ်သူ ဒေါက်တာ ရိုဘီဝေါင်းက ပြောပြသည်။ ယင်းသို့ ဖြစ်သည့်တိုင် စစ်ဆင်ရေး-၅၃ သည် အကြွင်းမဲ့ ချီးကျူး ထောက်ခံမှုကို ရသည် မဟုတ်ပါ။ အချို့သော လူနာများမှာ ပူးကောင်ကလေးများ သဖွယ် ပြုမူခြင်း ခံခဲ့ကြရပါသည်။

'ကျွန်တော်တို့ကို အဲဒီ အသက်ကယ်ဆေး ပေးပြီး သူတို့ လုပ်ချင် တိုင်း လုပ်တော့တာပေါ့ဗျာ၊ ကျွန်တော်တို့အတွက် တစ်ပတ်စာ ဆေးတောင့် ကလေးတွေ ပေးလိုက်မယ်၊ ပြီးတော့ နေ့ရောညပါ လေးနာရီ တစ်ကြိမ် နှစ်လုံး သောက်ရမယ်လို့ ညွှန်ကြားမယ်' ဟု လူနာတစ်ယောက်က ပြောသည်။ ဆေးမသောက်မီ တစ်နာရီနှင့် သောက်ပြီး တစ်နာရီ အတွင်းတွင် ဘာကိုမှ မစားရ။

'ဒီရောဂါက တော်တော် အစားအသောက် စားချင်တဲ့ ရောဂါမျိုးဗျ၊ ဒီဆေးတွေက အစားအသောက်နှင့် ပတ်သက်လာရင် ကန့်သတ်ချက်တွေ များနေတော့ ကျွန်တော်တို့မှာ သိပ် ဒုက္ခ ရောက်တာပဲ' ဟု လူနာ တစ်ယောက် က ပြောသည်။

လူနာ တော်တော်များများသည် သူတို့အား စမ်းသပ်မှုထဲတွင် မပါဘဲ ပယ်ချ ခံရမည်ကို စိုးရိမ်နေကြသည်။

'ဒီအထဲမှာ ဘယ်လို ရောဂါ လက္ခဏာချက် ပြလာရင် တို့ကို ပယ်

မလဲ၊ ဘယ်လို ရောဂါ လက္ခဏာချက် ပြမှ စမ်းသပ်မှုထဲကို ထည့်မလဲလို့ တွေးပြီး စိတ် မောရတာမျိုးလည်း ရှိသေးတယ်။

'တစ်ခါတော့ ကျွန်တော် အက်စပရင် ဆေးပြား စားထားတယ် ဆို လို့ ဆရာဝန်က စိတ်ဆိုး လိုက်တာလေ။

'အမှန်ကတော့ ကျွန်တော်တို့ အနာတွေက နာတယ် မဟုတ်လား၊ အနာ သက်သာအောင်၊ အကိုက်အခဲ သက်သာအောင် ဆိုပြီး အက်စပရင် တို့ ဘာတို့ကို စားရတာ၊ နောက်တော့ ကျွန်တော် သင်ခန်းစာ ရသွားတာပေါ့၊ ကိုယ်က ဘာဆေးတွေပဲ စားထားထား အမှန်ကို မပြောတော့ဘူး၊ ကိုယ် ဘယ်လို ခံစား နေရတယ် ဆိုတာကိုလည်း မပြောတော့ဘူး၊ အမှန်ပြောလို့ လိုအပ်ချက်နှင့် မကိုက်ညီရင် စမ်းသပ်မှုထဲ မပါဘဲ အပယ်ခံရတော့မှာ မဟုတ်လား၊ ကျွန်တော်တို့ အဖို့က စမ်းသပ်မှုထဲ ပါဖို့ အရေးကြီးတယ်လေ'

လူနာ တစ်ဦးက ပြောပြသည်။ အချို့ လူနာများကလည်း သူတို့ အခြေအနေကို ဆရာဝန်များအား မပြောဘဲ ဖုံးကွယ်ထားကြသည်။

'သူတို့က ကျွန်တော့် သွေးတွေကိုပဲ ခဏ ခဏ ဖောက်ယူနေတာ၊ အခြေအနေကို မေးတော့လည်း ဘာမှ သိရတာ မဟုတ်ဘူး၊ ဒီတော့ တော် တော်တန်တန် ဖြစ်ရင် ကျွန်တော် သူတို့ကို ဘာမှ မပြောတော့ဘူး' ဟု လော့စ်အိန်ဂျလိစ်မှ ဗိသုကာ တစ်ယောက်က မကျေမချမ်းဖြင့် ပြောသည်။

အချို့ လူနာများမှာ ဆေးရုံတွင် စမ်းသပ်မှု မလုပ်ကြတော့ဘဲ အပြင် ဆေးခန်းများတွင် သွား၍ တိတ်တိတ်ကျိတ်ပြီး စမ်းသပ်ခံကြသည်။

အေဇက်တီကို ဝမ်းသပ်ကြည့်သည့် စစ်ဆင်ရေး-၅၃ ကို ထောက်ခံသူ တွေ ရှိသကဲ့သို့ ကန့်ကွက်သူတွေလည်း ရှိသည်။ လူများအား ထိုဆေးဖြင့် စမ်းသပ်ကြည့်သင့် မကြည့်သင့် စသည့် ကျင့်ဝတ်ဆိုင်ရာ ရှုထောင့်မှ ဝေဖန် ကြခြင်း ဖြစ်သည်။

၁၉၈၁ ခုနှစ်မှ စ၍ ယနေ့တိုင် (၁၉၉၀) အမေရိကန် ပြည်ထောင်စု တွင် အေအိုင်ဒီအက်စ် ရောဂါ ဖြစ်သူပေါင်း ၂၂,၀၀၀ ရှိခဲ့ရာ ယင်းတို့အနက် တစ်ဝက်ခန့်တို့မှာ ထိုရောဂါဖြင့် သေကျေ ပျက်စီး ခဲ့ကြရသည်။ ရောဂါ စစ်တမ်း ရပြီးသည့်နောက် လူနာတို့၏ ပျမ်းမျှသက်တမ်းမှာ နောက်ထပ် နှစ်နှစ်မျှသာ ရှိသည်။ ထိုအထဲတွင် ကြားပေါက် ရောဂါ ဖြစ်သည့် နျူမို ဆိုက်စတစ် နျူမိုးနီးယား စသည့် ရောဂါမျိုး ခွဲကပ်လာခဲ့လျှင် လူနာ၏ ပျမ်းမျှ သက်တမ်းမှာ ခြောက်လခန့်သာ ရှိတော့သည်။

အေအိုင်ဒီအက်စ် ရောဂါ၏ ပထမဆုံးသော လက္ခဏာချက် မပေါ်မီ ကတည်းကပင်လျှင် ဗိုင်းရပ်စ်ပိုးသည် ဦးနှောက်ကို ဖျက်ဆီးပစ်ခဲ့ ပြီးပြီဟု သုတေသနသမားများက ယူဆ လာခဲ့ကြသည်။

အေအိုင်ဒီအက်စ် လူနာများကို ပြုစု ကုသပေးသည့် နယူးယောက်မှ ဆရာဝန် ဒေါက်တာ ဘာဘရာ စတားရက်က 'လူနာတွေကို အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုး သေစေတဲ့ ဆေးကိုသာ ပေးပြီး အေအိုင်ဒီအက်စ် ရောဂါကြောင့် ဒုတိယ ကူးစက်လာတဲ့ ရောဂါတွေ အတွက် ဘာဆေးမှ မပေးတာကတော့ တော်တော့်ကို လူမဆန်ရာ ရောက်တယ်' ဟု ပြောခဲ့သည်။

ထိုသို့သော ကန့်ကွက်ချက်များကိုလည်း ပေါ့ပေါ့ဆဆ မထားသင့်ပါ။

အေဇက်တီလား၊ ပလာစီဘိုးလား။

ထိုနှစ်ခုကို သဲသဲကွဲကွဲ မသိရဘဲ လျှို့ဝှက်ထားခြင်းကြောင့် လူနာတွင် အတွေးခေါင်ပြီး နျူရိုးဆစ် ရောဂါများ ပေါ်ခဲ့သည်။

အချို့မှာ အေဇက်တီ ဆေးကို စားပြီး အနည်းငယ် ပျို့အန်ခြင်း၊ သာမန် ခေါင်းကိုက်ခြင်းတို့ကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။ ဆေးနှင့် ရောဂါ တွေ့ပြီဟု ထင်ကြသောကြောင့် ဖြစ်သည်။

အချို့ကလည်း အခြား လူနာ ရရှိထားသော ဆေးဝေစုကို ယူသောက် လိုက်ပြီး ပျောက်ကင်းရန် အခွင့်အရေးကို နှစ်ဆ တိုးလိုက်ကြသည်။ မိုင်ယာမီမှ လူနာတစ်ဦးကမူ သူ့ဆေးသည် အေဇက်တီ အစစ်လော၊ ပလာ စီဘိုးလောဟု သေချာစေရန် အတွက် နည်းတစ်နည်းဖြင့် စမ်းသပ်သည်။ ထိုနည်းကို ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ သုတေသနသမားများပင် မျှော်လင့် ထားခြင်း မရှိ။ လူနာသည် ဆေးတောင့် အပေါ်ခွံကလေးကို ခွာလိုက်ပြီး အထဲက အမှုန့်တွေကို လျက်ကြည့်သည်။ ချိုလွန်းသဖြင့် တစ်ကိုယ်လုံး တုန်သွား၏။ လက်စသတ်တော့ သူ့ကို ပေးထားသည့် ဆေးတောင့်မှာ အေ ဇက်တီ ဆေးတောင့် အစစ် မဟုတ်။ သာမန် သကြားလုံး တစ်လုံးမျှပါ တကား။

အခြား တစ်ယောက်ကမူ ဆေးတောင့် အခွံကိုခွာ၍ အထဲက အမှုန့် ကို လျက်ကြည့်၏။ သူ့ဆေးမှာ ခါးအန်နေသဖြင့် အေဇက်တီ အစစ် ဖြစ် တန်ရာသည်ဟု အောက်မေ့လိုက်သည်။

မိန်းမလျာတို့၏ မြေအောက် သတင်းဌာန ကွန်ရက်တွင် ထိုသတင်းသည် ချက်ချင်း ပျံ့နှံ့သွားသည်။

အေဇက်တီ ဆေးတောင့်အစစ်တွင် ပါသည့် အမှုန့်သည် ခါးသည်ဟု အားလုံး နားလည် သွားကြသည်။

'ဒီဆေးတောင့်တွေကို တစ်ယောက်ပြီး တစ်ယောက် လာယူသွားကြတာပဲ၊ အိမ်ရောက်တော့ အပေါ်က အခွံတွေကို လျှောက်ခွာပြီး မြည်းစမ်းကြည့်ကြသတဲ့လေ၊ ဆေးက ခါးရင် ဆက်စားကြတယ်၊ ချိုနေရင် ဆေးပုလင်းကို အမှိုက်ပုံထဲ လွှင့်ပစ်လိုက်ပြီး တခြားနေရာမှာ ကုဖို့ လေယာဉ်ပျံလက်မှတ် ပြေး ဝယ်ကြတော့တာပဲ' ဟု ဆရာဝန် တစ်ယောက်က ပြောသည်။

ဒေါက်တာ ဒေးဗစ် ဘယ်ရီသည် စိတ်ဓာတ် ကျသွားသည်။

'ကျွန်တော်တို့ စမ်းသပ်ကြည့်တဲ့ စမ်းသပ်မှုပေါင်း ၁၆၀ အနက် ဆေးတောင့်ကို ဖွင့်ကြည့်တာရယ်လို့ တစ်ယောက်မှ မရှိဘူးဗျ'

ဒေါက်တာ ဒေးဗစ် ဘယ်ရီက သူ့ဓာတုဗေဒ ကျွမ်းကျင်သူများအား ဆေးတောင့်လုပ်ရာတွင် ပလာစီဘိုး ဆေးတောင့်များကိုလည်း အေဇက်တီ ဆေးတောင့် အစစ်များကဲ့သို့ ခါးအောင်လုပ်ထားရန် ပြောရသည်။ ထို့နောက် နောက်ထပ် ထုတ်လုပ်လိုက်သည့် ဆေးများကို စမ်းသပ်မှုဌာန ၁၂ ခုရှိ ဆေးပုလင်းဟောင်းများနှင့် လဲလှယ်စေသည်။

သို့ရာတွင် ကံမကောင်းသော ဒေါက်တာ ဒေးဗစ်ဘယ်ရီ၏ ဒုက္ခသည် မဆုံးသေးပါ။ လူနာများသည် နောက်ရောက်လာသည့် ဆေးပုလင်းများမှ ဆေးတောင့်များကို အတုအစစ် မခွဲနိုင်သည့် အခါတွင် ဓာတ်ခွဲခန်းများသို့ ယူသွားကာ ကျွမ်းကျင်သူများကို ဓာတ်ခွဲ ခိုင်းကြည့်ကြသည်။ နောက်ဆုံးတွင်မှ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ ကျွမ်းကျင်သူများသည် အကြံ ရသွားကြသည်။ ယင်းမှာ အေဇက်တီ ဆေးတောင့်တွင်ရော၊ ပလာစီဘိုး ဆေးတောင့်တွင်ပါ မော်လီကျူး တစ်မျိုး ထပ်ပေါင်းပြီး ခွဲခြားမရအောင် လုပ်လိုက်ခြင်းဖြစ်သည်။

စမ်းသပ်မှုကို ကြီးကြပ် လုပ်ကိုင်နေသည့် ဆရာဝန်များ အဖို့သော်မှ လူနာကို သေသေချာချာ စစ်ဆေး ကြည့်လိုက်သည်နှင့် လူနာ စားနေသည့် ဆေးသည် အေဇက်တီ အစစ်လော၊ သို့မဟုတ် ပလာစီဘိုးလော ဆိုသည်ကို ချက်ချင်း ခွဲခြားသိနိုင်၏။ သို့ရာတွင် သူတို့မှာလည်း လူနာများကို ဆေး

တိုက်ကျွေး၍ ရလာသည့် ရလဒ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ သိပိုင်ခွင့် မရှိသည့်အလျောက် ခန့်မှန်းရုံမျှသာ တတ်နိုင်ကြသည်။

အချို့မှာ ဆေး ကျွေးပြီး ကိုယ်အလေးချိန် တက်လာကြသည့်တိုင် ယင်းသို့ ကိုယ်အလေးချိန် တက်လာခြင်းမှာ အေဇက်တီကြောင့် မဟုတ်ဘဲ စောစောပိုင်း နျူမိုဆိုက်စတစ် နျူမိုးနီးယားကို ကုသစဉ် တိုက်ကျွေးခဲ့သော ပဋိဇီဝ ဆေးများကြောင့်လည်း ဖြစ်နိုင်သည်။

'ဆေးကျွေးပြီးရင် နည်းနည်းတော့ အခြေအနေ ပြန်ကောင်းလာတာ အမှန်ပါပဲ၊ အဲဒါကို ကျွန်တော်တို့က ပျားရည်ဆမ်း ခရီးလို့ ခေါ်တယ်၊ ဒါပေမယ့် ပျားရည်ဆမ်း ခရီးဟာ ခုနစ်လ ရှစ်လလောက်ပဲ ကြာတယ်၊ အဲဒီ နောက်တော့ အခြေအနေ ပြန်ပြီး ဆိုးလာတော့တာပါပဲ။

'ပြီးတော့ ခက်တာက ကျွန်တော်တို့ လူနာတွေ ရရှိခဲ့တဲ့ တိုးတက်မှု ဟာ အေဇက်တီ ကြောင့်ချည်းပဲလို့ ပြောလို့လည်း မရဘူး' ဟု ဒေါက်တာ မိုဘာဒင်းက ပြောသည်။

အေဇက်တီနှင့် ပလာစီဘိုးကို စမ်းသပ်ကြည့်သည့် ဌာနများ၌ နှစ်လ အကြာတွင် စမ်းသပ်ခံ လူနာတို့ကြားတွင် အမျိုးအစား နှစ်မျိုး ထင်ထင် ရှားရှား ကွဲပြားလာသည်ကို တွေ့လာခဲ့ရသည်။

တစ်မျိုးမှာ ပုံမှန် အနေ အထားအတိုင်း နေနိုင်လောက်အောင် အခြေ အနေ ကောင်းလာသူများ ဖြစ်ပြီး တစ်မျိုးမှာ အခြေအနေ ဆိုးသည်ထက် ဆိုး လာသူများ ဖြစ်သည်။

ခြားနားမှုမှာ ထင်ရှားလွန်းလှသဖြင့် ဆရာဝန်များက ဘာရို ဝဲလ်ကမ်း ကုမ္ပဏီအား လျှို့ဝှက်ချက်ကို ထားရှိခြင်း မပြုတော့ရန်နှင့် ပလာစီဘိုး ဆေး တောင့် ပေးထားသူများအား အေဇက်တီ ဆေးတောင့် အစစ်ကို ပေးရန် ကုမ္ပဏီကို အကြံ ပေးကြသည်။

အမေရိကန် ပြည်ထောင်စုတွင် အေအိုင်ဒီအက်စ် ရောဂါနှင့် ပတ် သက်၍ အခွင့်အာဏာ အပိုင်ဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့် ဒေါက်တာ မာဂရက်ဖစ်ရှ် (မိုင်ယာမီ ဌာနခွဲ) က ဒေါက်တာ ဒေးဗစ်ဘယ်ရီအား သံသယ ဖြစ်ဖွယ် မရှိသော စူးစမ်း လေ့လာ တွေ့ရှိချက် တစ်ခုကို ပေးပို့သည်။

ယင်းမှာ အေဇက်တီသည် ရောဂါကို ကုသရာတွင် ထိရောက်သည် ဆိုသည့် အချက် ဖြစ်သည်။

'တော်တော် စိတ်ဆင်းရဲစရာ ကောင်းတဲ့ အကျပ်အတည်းနှင့် လာ

ကြုံနေရပြီဗျာ၊ မတတ်နိုင်ဘူးလေ၊ ကျွန်တော့် အဖို့တော့ စမ်းသပ်မှုတွေ ပြီးအောင် လုပ်သွားရမှာပဲ' ဟု ဒေါက်တာ ဒေးဗစ်ဘယ်ရီက ပြောသည်။

ပြဿနာများကို ဖြေရှင်းရာတွင် အဖြစ်အပျက် နှစ်ခုကြောင့် ပို၍ လျင်မြန်သွားသည်။

၁၉၈၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့၌ ထင်ရှားသည့် ဗြိတိသျှ ဆေးပညာဂျာနယ် ဖြစ်သည့် လင်းဆက်ဂျာနယ် က ဆောင်းပါး တစ်စောင်ကို ထည့်သွင်း ဖော်ပြလိုက်ရာ ထိုဆောင်းပါးကို ဗြိတိသျှ သတင်းစာ အများအပြားက ထပ်မံ ဖော်ပြခဲ့ကြသည်။ ထိုဆောင်းပါးထဲတွင် ဒေါက်တာ ဆမ်ဘရိုးဒါးက ဆောင်းဦး ရာသီတုန်းက ဘာသီးစ်ဒါး ဆေးရုံတွင် စမ်းသပ်ခဲ့သည့် ပထမဆုံးသော အေဇက်တီ စမ်းသပ်မှုများတွင် အားတက်စရာ ရလဒ်များ ပေါ်ထွက်ခဲ့ကြောင်းကို ဖော်ပြခဲ့သည်။ အခွင့် အာဏာပိုင်သူ တစ်ဦးထံမှ ပေါ်ထွက်လာသော သတင်း ဖြစ်သဖြင့် ထိုသတင်းသည် မျှော်လင့်ချက်ကို မြင့်မား လာစေခဲ့သည်။ လူနာများ၊ ဆရာဝန်များ၊ သတင်းစာများ၊ မိန်းမလျာ အဖွဲ့အစည်းများနှင့် ထင်ရှားသည့် ပုဂ္ဂိုလ် များစွာတို့က အေဇက်တီကို လူနာများ လက်သို့ အမြန်ဆုံး ရောက်အောင် ဖြန့်ဝေရန် တောင်းဆို လာခဲ့ကြသည်။

ထိုစဉ် စမ်းသပ်ခံ လူနာများဖြစ်သည့် လူနာအမှတ် ၁၀၃၊ ၄၁၂၊ ၄၅၂ နှင့် ၈၀၈ တို့သည် မေလနှင့် ဇွန်လထဲတွင် ရှေ့ဆင့် နောက်ဆင့် ပျက်စီးသွားခဲ့ကြသည်။ ထိုအဖြစ်ကြောင့် အက်ဖ်ဒီအေနှင့် ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ စစ်ဆေးရေးမှူးများသည် စမ်းသပ်မှုများ ပြုလုပ်သည်။ စစ်ဆင်ရေး – ၅၃ ကို အချိန်စော၍ ရပ်ဆိုင်း လိုက်ကြရသည်။

သေဆုံးသွားသည့် လူနာများသည် အေဇက်တီဆေးမှ မည်သည့် ပစ္စည်းကြောင့် သေဆုံး သွားရသည်ကို ဆရာဝန်များရော၊ ဓာတုဗေဒ ပညာရှင်များပါ မသိကြ။ ထိုသတင်းကို စမ်းသပ် စစ်ဆေးမှု ကုန်ဆုံးသည့်ကာလ (ယင်းမှာ ခြောက်လ ဖြစ်သည်။) ကျော်မှ ထုတ်ပြန်ရန် စီစဉ် ရတော့သည်။

ယင်းမှာ ကစားပွဲ၏ ဥပဒေ ဖြစ်သည်။ အနည်းဆုံး သဘောတရားအရ လိုက်နာရမည့် ဥပဒေသ ဖြစ်သည်။ သတ်မှတ်ထားသည့် ကာလ ကျော်လွန်မှ ထုတ်ပြန်ရမည် ဖြစ်သည်။ လက်တွေ့တွင်မူ အချက်အလက်

လုံခြုံရေးနှင့် မှတ်တမ်းတင်ရေး ဘုတ်အဖွဲ့ဟု ခေါ်သည့် သီးခြား လွတ်လပ်သော ကျွမ်းကျင်သူများ၏ အဖွဲ့တစ်ဖွဲ့မှ ပြန်လှန် သုံးသပ်ရမည် ဖြစ်သည်။ ထိုအဖွဲ့သည် စမ်းသပ်ရေးဌာန ၁၂ ခုမှ ပေးပို့သော အစီရင်ခံချက်များကို နှစ်လ တစ်ကြိမ် ထိုင်၍ သုံးသပ် စဉ်းစားရမည် ဖြစ်သည်။ ထိုသို့ စဉ်းစားပြီး သိပ္ပံပညာ သုတေသန ရှုထောင့်နှင့် ဆေးပညာ ကျင့်ဝတ် ရှုထောင့်တို့မှ ကြည့်၍ ထိုစမ်းသပ်မှုကို ဆက်လက် လုပ်သင့် မလုပ်သင့်ကို ဆုံးဖြတ်ရန် ဖြစ်သည်။ သူတို့သာလျှင် အေဇက်တီကြောင့် လူနာများ ရရှိသည့် အကျိုးဆက်များကို သိနိုင်ပေလိမ့်မည်။

ဩဂုတ်လ ၁ ရက်နေ့တွင် ဆဋ္ဌမမြောက် လူနာ တစ်ဦး နျူမိုဆိုက်စတစ် နျူမိုးနီးယား ရောဂါ အပြင်းအထန် ရကာ သေဆုံး သွားခဲ့သည်။ ထိုလ အတွင်းမှာပင် နောက်ထပ် ခြောက်ယောက် သေဆုံး သွားခဲ့ပြန်သည်။

ဒေါက်တာ ဘယ်ရီသည် စိုးရိမ်စ ပြုလာကာ မိမိတို့ အနေဖြင့် ထိုသို့ စမ်းသပ်မှုများ ဆက်လက် လုပ်နေခြင်းသည် ဆေးပညာ ကျင့်ဝတ်ရှုထောင့်မှ ကြည့်၍ မှန်မှ မှန်ပါ့မည်လော ဟု ဘုတ်အဖွဲ့ ဥက္ကဋ္ဌကို တယ်လီဖုန်းဖြင့် လှမ်းမေးသည်။ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ၏ အဖြေကြောင့် သူ အံ့အားသင့်သွားသည်။

'ကျွန်တော်တို့ အနေနှင့်ကျတော့ နောက်ထပ် ရလဒ်တွေကို စောင့်ကြည့်ချင်သေးတယ်' ဟု ဥက္ကဋ္ဌက ဖြေသည်။

ကူးစက် ပြန့်ပွား ကပ် ရောဂါကြီး၏ သားကောင်များ ဖြစ်သော ၁၀,၀၀၀ မျှရှိသော အမေရိကန်တို့ကမူ သဘောထား အမျိုးမျိုးဖြင့် တုံ့ပြန်ကြသည်။ သတင်းစာများက စမ်းသပ်မှုများကို ရပ်လိုက်ပြီး အေဇက်တီကို လူနာများအား အမြန်ဆုံး ဖြန့်ဝေပေးရန် ရေးလာကြ၏။ ထိုအထဲတွင် နယူးယောက် စိန့်လု ဆေးရုံကြီး ခွတ်ခွဲခန်းမှာ သုတေသန ပညာရှင် တစ်ဦး ဖြစ်ပြီး ဓိဝဗေဒ ပါရဂူတစ်ဦး ဖြစ်၍ ဟောလိဝုဒ်မှ နာမည်ကျော် ရုပ်ရှင်ထုတ်လုပ်သူ တစ်ဦး၏ ဇနီး ဖြစ်သူလည်း ပါသည်။

အင်တာဖာရွန်နှင့် ပတ်သက်၍ ကျွမ်းကျင်သူ တစ်ဦး ဖြစ်သည့် ဒေါက်တာ မာတီးလ်ဒါး ကရင်းသည် အေအိုင်ဒီအက်စ် ရောဂါ တိုက်ဖျက်ရေးတွင် ရှေ့တန်းမှ နေ၍ တက်တက်ကြွကြွ ပါလာခဲ့သည်။

ပြည်ထောင်စု အစိုးရက ရောဂါ တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ငွေများ ထောက်ပံ့ရန် ဆုတ်ဆိုင်းနေသည်ကို မကျေမနပ် ဖြစ်ကာ လော့စ်

အိန်ဂျလိစ် ဆေးရုံမှ ဒေါက်တာ မိုက်ကယ် ဂေါ့လီယက်နှင့် ပူးပေါင်းပြီး အေအိုင်ဒီအက်စ် ရောဂါ သုတေသန အမေရိကန် ဖောင်ဒေးရှင်းကို ထူထောင်ခဲ့သည်။ ၁၉၈၆ ခုနှစ် တစ်နှစ်တည်းတွင် ထိုဖောင်ဒေးရှင်းက အေအိုင်ဒီအက်စ် ရောဂါ သုတေသန အတွက် ဒေါ်လာ ၁.၆ သန်း ထောက်ပံ့ခဲ့သည်။

ထိုနှစ် နွေရာသီက ဘာသီးစ်ဒါးသည် လူနာများကိုယ်စား နောက်ထပ် တိုက်ပွဲကို ဆက်လက်တိုက်သည်။

'နှစ်ဆင့် မျက်စိမှိတ် စမ်းသပ်မှု (အေဇက်တီ နှင့် ပလာစီဘိုးတို့ကို စမ်းသပ်ခြင်း) ဟာ လူ့ရဲ့ ကျင့်ဝတ်ကို စော်ကားတာနှင့် အတူတူပဲ'

နယူးယောက်တွင် ကျင်းပသည့် လူထု အစည်းအဝေးကြီး တစ်ခုတွင် ဒေါက်တာ မာတီးလ်ဒါးက ပြောသည်။

သူက စမ်းသပ်ခံသူများ ရွေးချယ်သည့် ဦးရေ နည်းသည့်ကိစ္စ၊ ရွေးချယ်ပုံ ရွေးချယ်နည်း၊ ပလာစီဘိုး သုံးသည့်ကိစ္စ၊ စမ်းသပ်နေသည့် ကာလတွင် အခြား မည်သည့် ဆေးဝါးကိုမျှ တိုက်ကျွေးခြင်း မပြုသည့် ကိစ္စကို ကန့်ကွက် ရှုတ်ချသည်။

'စမ်းသပ်နေတဲ့ ခြောက်လလုံးလုံး တခြားဆေးဝါးကို မတိုက်ကျွေးဘဲ ထားတော့ ဒီလူနာကို ဒီခြောက်လ အတွင်းမှာ သေဖို့အချိန်တွေ အများကြီး ပေးသလို ဖြစ်သွားတာပေါ့' ဟု သူက ပြောသည်။

သူက အေဇက်တီကို သေခါနီး လူနာများကိုလည်း တိုက်ကျွေး၍ တတ်နိုင်သလောက် အသက်ကယ်ရန် ကြိုးစားသင့်ကြောင်း၊ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီက ထိုဆေးများကို ထုတ်လုပ်ခြင်း မပြုနိုင် မပြုလိုလျှင် ပြည်ထောင်စု အစိုးရက အခြားသော ဆေးထုတ်လုပ်ရေး ကုမ္ပဏီများနှင့် ကန်ထရိုက် စာချုပ် ချုပ်ဆိုကာ အေဇက်တီကို လူနာများအား အခမဲ့ ဝေငှ ပေးသင့်ကြောင်း၊ အကယ်၍ တစ်စုံတစ်ယောက်က အေဇက်တီ ဆေးကို ထုတ်လုပ်ရန် ဟဲရင်းငါး၏သုက်သွေး မရှိဟု ဆိုလျှင် အမေရိကန် အစိုးရတွင် ကြီးမားသည့် စစ်သင်္ဘောကြီးများ ရှိကြောင်း၊ ထို စစ်သင်္ဘောကြီးများဖြင့် သမုဒ္ဒရာကြီးများထဲမှ ရှိသမျှ ဟဲရင်း ငါးများကို ဖမ်းယူနိုင်ကြောင်း၊ အေဇက်တီတွင် အဆိပ်သင့်မှုနှုန်း မြင့်မားသည် ဟု ပြောလာလျှင်လည်း ခြောက်လသာ နေရတော့မည့် လူနာ တစ်ယောက်အား ရှင်လိုရှင်ငြား စမ်းသပ် ကြည့်ပိုင်ခွင့် ရှိသင့်ကြောင်းဖြင့် ပြောသွားသည်။

မာတီးလ်ဒါးသည် လူနာများအား အေဇက်တီ ဆေး ပေးရေးနှင့်

ပတ်သက်၍ ဘက်ပေါင်းစုံမှ ထိုးစစ်ဆင်သည်။

ဝါရှင်တန်သို့ သွား၍ ကွန်ဂရက် လွှတ်တော် အမတ်များကို ပန်ကြားသည်။ သူ့လုပ်ငန်းကို ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများ၊ သတင်းစာများ၊ မိန်းမလျာ အဖွဲ့အစည်းများကလည်း ထောက်ခံကြသည်။

ဝါရှင်တန်တွင် ရှိနေစဉ် ကွန်ဂရက် လွှတ်တော် ဒီမိုကရက် အမတ်တစ်ဦး ဖြစ်သူ ဝက်ဒ်ဝိုက်စ်က လူအင်အား ရင်းမြစ် ကော်မတီ ရှေ့တွင် လာရောက် ရှင်းလင်းတင်ပြရန် သူ့ကို ဖိတ်ခေါ်သည်။

'သေတော့မယ့် လူတွေကို နောက်ဆုံး အချိန်အထိ ကာကွယ်နိုင်ရန် နည်းလမ်းတွေ ရှာပေးဖို့ ကျွန်မတို့မှာ တာဝန် မရှိတော့ဘူးလား၊ ဒီအတိုင်းပဲ လက်ပိုက် ကြည့်နေကြတော့မှာလား'

လွှတ်တော် အမတ်များသည် ဒေါက်တာ မာတီးလ်ဒါး ဘေး တစ်ဖက်တစ်ချက်တွင် ထိုင်နေသည့် ထောက်ခံသူ သက်သေနှစ်ဦးကို ကြည့်၍ စိတ်ထိခိုက်သွားကြသည်။ တစ်ယောက်မှာ အရိုးပေါ် အရေတင်ပြီး အသားအရေ စိမ်းပြာကာ မျက်နှာတွင် အရေပြား ကင်ဆာ အကျိတ်ကြီးတွေ ဖူးဖူးရောင်နေသည့် လူတစ်ယောက် ဖြစ်သည်။ ဘုတ်အဖွဲ့သည် ထိုလူကို ကြည့်၍ တော်တော် စိတ်ထိခိုက် သွားကြသည်။

'ကျွန်တော့် အနေနှင့်ကတော့ ကျွန်တော့် ဆရာဝန်က ကျွန်တော့်ကို ဆေး အမျိုးမျိုးနှင့် တတ်နိုင်သမျှ ကုပေးတယ်၊ အဲဒီထဲက တစ်မျိုးမျိုးနှင့်တော့ တည်သွားမှာပဲ ဆိုတဲ့ စကားမျိုးကိုပဲ ကြားချင်ပါတယ်၊ ခုတော့ ဆရာဝန်နှင့် တွေ့တိုင်း ကြားရတဲ့ စကားက တစ်ချက်မှ အားရှိစရာ မကောင်းဘူး၊ ခုထိ ဒီရောဂါကို ကုဖို့ ဆေးမတွေ့သေးဘူးတဲ့၊ ကျွန်တော် နေတဲ့ ရပ်ကွက်မှာလည်း ခုလို စမ်းသပ်မှု လုပ်ကြည့်တာမျိုးတွေ မရှိသေးဘူးတဲ့၊ ဒီတော့ ကျွန်တော့်ကို ကုမပေးရကောင်းလား ဆိုပြီး စိတ်ဆိုးမိတယ်၊ တကယ်ကတော့ ဆရာဝန်ကြီးဟာ ရောဂါ အတွက် ဆေး တွေ့သည် အထိ ကျွန်တော့်ကို အသက် ရှင်နေအောင်လုပ်ဖို့ တတ်နိုင်သမျှ ကြိုးစားနေတာပါ၊ ဆရာဝန်ကြီး အပေါ်မှာ ပြောမိ ဆိုမိတဲ့ အတွက် ကျွန်တော် ဝမ်းနည်းပါတယ်'

ဝါရှင်တန်တွင် ကွန်ဂရက် လွှတ်တော် အမတ်များ ရှေ့တွင် ကြားနာမှုသည် ကြားရသူ အများကို စိတ်ထိခိုက် စေသည်မှာ မှန်သည်။ သို့ရာတွင် ကွန်

ဂရက် ဆုံးဖြတ်ချက်နှင့် တွဲလာသည့် အရာမှာ အေးစက်သည့် ကိန်းဂဏန်းများ ဖြစ်သည်။ စက်တင်ဘာ လကုန်တွင် နောက်ထပ် ရောဂါရှင် ၁၂ ဦး အသေအပျောက် ရှိခဲ့သည်။ ဘုတ်အဖွဲ့သည် မည်သည့်အစုက အများဆုံး အသေအပျောက် ရှိသည်ကို နှိုင်းယှဉ်ကြည့်သည်။ သေသူ ၂၀ အနက် ၁၉ ယောက်မှာ ပလာစီဘိုး ရသူများဖြစ်ပြီး အေဇက်တီ ရသူမှာ တစ်ဦးသာ ဖြစ်၏။ ဤတွင် ဘုတ်အဖွဲ့က စမ်းသပ်မှုများကို ရပ်ဆိုင်းလိုက်ရန် ၁၉၈၆ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကြေညာလိုက်သည်။

နောက်ဆုံးတွင် အားလုံးကို အေဇက်တီဆေး ပေးရန် ဆုံးဖြတ်သည်။

ဒေးဗစ် ဘယ်ရီ၏ အနီးတွင် သတင်းစာဆရာတွေ၊ ဓာတ်ပုံဆရာတွေ၊ ရုပ်မြင်သံကြား ကင်မရာမင်းတွေ ဝိုင်းဝိုင်း လည်နေသည်။

ဒေါက်တာ ဒေးဗစ်ဘယ်ရီက ဓာတ်မတည့် ကူးစက်ရောဂါ ဌာနတွင် အေဇက်တီကို အများသုံး အဖြစ် ထုတ်ဝေ ရောင်းချနိုင်ကြောင်း ကြေညာသည့် သတင်းစာ ကွန်ဖရင့်လုပ်ရန် ပြင်ဆင်နေစဉ် သူတို့အထဲမှ တစ်ယောက်သည် အခန်းထဲမှ အပြင်သို့ အသာ ထွက်လာခဲ့သည်။

ဒေါက်တာ ဗိုဘာဒင်းသည် တယ်လီဖုန်းရုံ တံခါးကို ပိတ်လိုက်ပြီးသည့်နောက် ဆန်ဖရန်စစ္စကိုရှိ တယ်လီဖုန်း နံပါတ်တစ်ခုကို လှည့်သည်။ သတင်းစာ ရောင်းသူ၏ အဖော် မိန်းမလျာ လူနာအား ထိုသတင်းကို ဦးဦး ဖျားဖျား ပြောပြချင်သည်။ မင်္ဂလာသတင်း မဟုတ်လော။

'လူနာတွေ သေနေတာကို လက်ပိုက်ပြီး ကြည့်မနေ ရတော့ဘူးဗျ၊ သူတို့အတွက် ကျွန်တော်တို့ တစ်ခုခု လုပ်ပေးနိုင်တဲ့ အခြေအနေကို ရောက်ပြီ'

[ ၅၉ ]

**တုနှိုင်း မရသော မေတ္တာ။**

**နယူးယောက်၊ အမေရိကန် ပြည်ထောင်စု။**

**၁၉၈၆ ခုနှစ် ဆောင်းဦး။**

ရှည်လျားသော ဥဩသံနှင့် အတူ စိန့်ကလဲယား ဆေးရုံကြီးမှ သူနာပြုကား တစ်စီးသည် မေတ္တာဂေဟာ ရှေ့တွင် ထိုးရပ်လိုက်သည်။ ဆရာလေး ပေါလု ခေါင်း ဆောင် သော သီလရှင် တစ်သိုက်သည် ဝါရှင်တန် လမ်းမကြီး

ပလက်ဖောင်း အတိုင်း ဝင်းဝသို့ ခပ်သုတ်သုတ် လျှောက်လာကြသည်။ တောက်ပ ပြောင်လက်နေသည့် အဖြူရောင် စတေးရှင်ဝက်ဂွန် ကားကို မြင်သည့်အခါ၌ ကာလကတ္တား လမ်းမပေါ်မှ သေအုံ့ဆဲ လူနာများကို ဆရာကြီး ထရီဇာ၏ ဆေးရုံသို့ သယ်ယူ ပို့ဆောင်ပေးသည့် မော်တော်ကားအိုကလေးကို ဆရာလေး အနန်ဒါ သွား၍ သတိရသည်။ ထိုနေ့ စက်တင်ဘာ ညနေတွင် မြင်လိုက်ရသည့် မော်တော်ကားသစ်ကလေးနှင့် ကာလကတ္တား လမ်းမပေါ်က မော်တော်ကားစုတ်ကလေးတို့ တူညီသည့် အချက် တစ်ချက်တော့ ရှိသည်။ အေအိုင်ဒီအက်စ် ရောဂါကြောင့်လား၊ ဆင်းရဲ ငတ်ပြတ်ခြင်းကြောင့် လားတော့ မသိ၊ သူတို့ သယ်ဆောင်လာသည့် လူနာများသည် ကိုယ်ခန္ဓာအားဖြင့် အပျက်အစီး ပုံကြီး တစ်ခု ဖြစ်သည်ဆိုသည့် အချက် ဖြစ်သည်။ အနန်ဒါ၏ အမြင်၌ အလုပ်သမား နှစ်ဦး မော်တော်ကားမှ သတိကြီးစွာဖြင့် သယ်ဆောင်သွားသည့် လူသည် ကာလီ နတ်ဘုရားကျောင်း အနီးရှိ အဆောက်အအုံသို့ ယူလာသည့် လူနှင့် ဘာမျှ ခြားနားခြင်း မရှိ။ ထိုလူသည် အဖျားကြောင့် မျက်လုံးများ တောက်ပလျက် ရှိကာ အသက်ကို အမောတကော ရှူရှိုက်နေရသည့် အသက်ရှင်နေသော အရိုးစုတစ်ခုသာ ဖြစ်သည်။ ချုံးကျနေသော မျက်နှာပေါ်မှ ထူထပ်သော မုတ်ဆိတ်မွေးများကြောင့် သူ့ကို မှတ်မိသွားသဖြင့် ဆရာလေး အနန်ဒါသည် စိုက်ကြည့်နေမိသည်။

'အလို ပြန်ရောက် လာတာကိုး၊ လာ .. လာ'

ဂျိုးဆက်စတိန်းသည် လှိုက်လှဲစွာ ခံစားနေရသဖြင့် စကားကို ကောင်းကောင်း မပြောနိုင်။ ကျန်ရှိနေသည့် ခွန်အားကလေးဖြင့် ဆရာလေး အနန်ဒါ၏လက်ကို ညှစ်သည်။

အတန်ကြာသည့် အခါ၌ ဆရာလေး အနန်ဒါသည် ကာရစ်ဘီယန်ပင်လယ်ကျွေ့တွင် သွား၍ ပျောက်စေဆရာနှင့် ကုခဲ့သည့် အကြောင်းကို ဂျိုးဆက်စတိန်းထံမှ ကြားရသည်။

ဂျိုးဆက်စတိန်းသည် ပျောက်စေဆရာ ရှိသည်ဟု ကြားသဖြင့် သူ့ရောဂါကို ကုသရန် စိန့်မာတင် ကျွန်းကလေးသို့ ရောက်သွားခဲ့သည်။ ထိုကျွန်းကလေးပေါ်တွင် ရောဂါကို ပျောက်အောင် ကုသနိုင်သည့် ပျောက်စေဆရာ တစ်ဦး ရှိသည် ဆိုသဖြင့် ရောက်သွားခြင်း ဖြစ်သည်။ ရောက်သည်နှင့် လက်၊ ဝမ်းဗိုက်နှင့် ခြေထောက်များတွင် ရေယုန်တွေ အနံ့အပြား ပေါက်လာခဲ့သည်။ မကြာမီ သူ့ခန္ဓာကိုယ်ကြီး တစ်ခုလုံးသည် ဟင်းလင်း ဖြစ်နေ

သော ဒဏ်ရာကြီး တစ်ခု ဖြစ်လာခဲ့သည်။ ဤတွင် ဂျိုးဆက်စတိန်းသည် ဆေးရုံသို့ တက်ရသည်။ ဆေးရုံတွင် ၁၃ ရက်နှင့် ၁၃ ည လုံးလုံး ပြင်းစွာ ဝေဒနာ ခံစားရသည်။ ဝေဒနာက ပြင်းထန်လွန်းသဖြင့် ရူးမတတ် ဖြစ်ရသည်။ နောက်ဆုံး သူနာပြု ဆရာမများက သူ့ကို ခုတင်တွင် ကြိုးနှင့် ချည်ထားရ သည်အထိ ဖြစ်သည်။

၁၄ ရက်မြောက်သည့် မနက်တွင် ဝေဒနာ သက်သာသွားသည်။ နယူးယောက်တွင် သူ့ကို အနံ့ ပြပြစင်အောင် လိုက်ရှာနေသည့် ဆမ် ဘရိုးဒါး ထံ တယ်လီဖုန်း ဆက်နိုင်ပြီ။ အစ္စရေးသို့ ထွက်သွားပြီး ကိုယ့် ကိုယ်ကိုယ် အဆုံး စီရင်မည်ဟု ထင်သဖြင့် ဆမ် ဘရိုးဒါးသည် လာထရွန်းရှိ ဘုန်းတော်ကြီး မာလုကိုလည်း လှမ်း အကြောင်း ကြားထားသည်။ မည်သူမျှ သူ့ကို ရှာမတွေ့။ သူ့အကြောင်းလည်း ဘာသတင်းမျှ မကြားရ။ ဆမ်ဘရိုးဒါးသည် စိန့်မာတင်ကျွန်းသို့ မိရာ လေယာဉ်ဖြင့် လိုက်လာခဲ့ကာ ဂျိုးဆက်စတိန်းကို နယူးယောက်သို့ ပြန်လိုက်လာရန် ခေါ်သည်။ စိန့်ကလဲယားဆေးရုံကြီးတွင် ရက်ပေါင်း ၂၀ မျှ အထူး ကြပ်မတ် ကုသသဖြင့် ရောဂါ အနည်းငယ် ဆုတ်သွားခဲ့သည်။ ကိုယ်ခံအားလည်း အသင့်အတင့် ပြန်ကောင်းလာခဲ့သည်။ အားအလွန် နည်းနေသည့်တိုင် ဂျိုးဆက်စတိန်းကို ဆေးရုံမှ ဆင်းခွင့် ပြုလိုက်သည်။ သို့ရာတွင် ဒေါက်တာ ဂျက် ဒီဟိုးဗစ်က သူ့ကို အိမ်ပြန် မသွားစေချင်။ အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးသည် လူတွင် ရှိသည့် အသက်ရှင် နေလိုစိတ်ကို တဖြည်းဖြည်း ဖျက်ဆီးတတ်ကြောင်း ဒေါက်တာ ဒီဟိုးဗစ် သိသည်။ ထိုနှစ် နွေရာသီတုန်းက သူ့လူနာ နှစ်ယောက်သည် အခန်းထဲတွင် လူလစ်သည်နှင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင် သွားခဲ့ကြဖူးသည်။

ဂျိုးဆက်စတိန်းမှာမူ မေတ္တာဂေဟာတွင် သွား၍ အနားယူရန် အခွင့်ရသည်။ လေလွင့်နေရာမှ ပြန်လာသော သားကို အိမ်မှ ပြန်လည် ကြိုဆိုသကဲ့သို့ ဂျိုးဆက်စတိန်းကိုလည်း မေတ္တာဂေဟာမှ ကြိုဆိုကာ သူ တစ်ခါက နေသည့် အဆောင်တွင် နေရာ ချပေးသည်။

'အဲဒီတုန်းက ကျွန်မတို့ ဂေဟာမှာရှိတဲ့ လူနာတွေ အားလုံးလောက်က ဆေးစွဲ သူတွေချည်းပဲ၊ သောင်းကျန်း လိုက်တာကလည်း မပြောပါနဲ့တော့၊ သူတို့ကို မနည်း ထိန်းယူရတယ်၊ ဒီတုန်းမှာ ဂျိုးဆက်စတိန်းက အေးအေးဆေးဆေး ပြန်ရောက်လာတဲ့ အခါကျတော့ ကျွန်မတို့အဖို့ ဘုရားက ပေးတဲ့

လက်ဆောင်လို ဖြစ်နေတာပေါ့' ဟု ဆရာလေး အနန်ဒါက ပြောပြသည်။

သို့ရာတွင် တော်တော် စိတ်ပျက်စရာ ကောင်းသည့် လက်ဆောင် ဖြစ်ပါသည်။ ခိုမိုသာရေပီသည် သူ့ တစ်ကိုယ်လုံးကို အဆိပ် သင့်စေခဲ့လေပြီ။ ပျို့အန်သဖြင့် အစားအသောက်ရယ်လို့ မစားနိုင်တော့။ တစ်ခါတစ်ရံတွင် ရက်ပေါင်းများစွာ ဆက်တိုက် ပျို့အန်နေသဖြင့် ရက်ပေါင်းများစွာ ဆက်တိုက် အစားအသောက် မဝင်တော့။ သူ့ကို ဂလူးကို့စ် အရည်ကြည် သွင်းပေးရတော့သည်။

တစ်ညနေ၌ ဆရာလေး အနန်ဒါသည် စကြံတစ်လျှောက်တွင် လျှောက်ကာ လူနာများကို လိုက်လံ စစ်ဆေးနေစဉ် ဂျိုးဆက်စတိန်း တစ်ယောက် ငိုနေသံကို ဆရာလေး အနန်ဒါ ကြားလိုက်ရသည်။ အနန်ဒါသည် သူ့အခန်းထဲသို့ ဝင်လာခဲ့ကာ သူ့ ခုတင်စွန်းတွင် ထိုင်လိုက်ပြီး သူ့လက်ကို ကိုင်လိုက်သည်။

'ကျွန်တော် ကြောက်တယ် ဆရာလေးရယ်' ဟု သူက ညည်းတွားသံဖြင့် ပြောသည်။

ဆရာလေး အနန်ဒါသည် သူ့ကို ချော့မော့သော စကားများဖြင့် ဖြေသိမ့်ခြင်း မပြု။ လက်ကလေးဖြင့် ထိလိုက်ခြင်းသည် ဖြေသိမ့်စကားတွေ အံ့ရာ အထောင်ထက် အဆိုးဆုံးသော ဒုက္ခဝေဒနာအား အေးငြိမ်းစေနိုင်ကြောင်းကို ကာလကတ္တား လမ်းမပေါ်ရှိ သေလုဆဲ လူနာများနှင့် နေခဲ့ရသည့် အတွေ့အကြုံက သင်ကြား ပေးခဲ့ပြီးပြီ။ တစ်ကြိမ်တွင်မူ သူ့လက်တွင် ဂျိုးဆက်စတိန်း၏ လက်ချောင်းများ တင်းကျပ်စွာ လာထိကြောင်းကို သူ သတိထားလိုက်မိသည်။ သူ့ အမူအရာမှာလည်း ရုတ်တရက် ချက်ချင်း ဝင်းထိန် တောက်ပသွားသည်။ ထိုသို့ စိတ်ဓာတ် ပြောင်းသွားခြင်းမှာ ကောင်းသော လက္ခဏာ ဖြစ်သည်ဟု အမြဲ မမှတ်ယူအပ်။ ကာလကတ္တားတွင် ရှိစဉ်က သေအံ့ဆဲ လူနာများသည် အသက် မထွက်မီကလေးတွင် အားကုန်သွားရာမှ ချက်ချင်း ခွန်အားတွေ ပြည့်ဖြိုးလာကာ ကျေးဇူးတင်ကြောင်းကို ပြသရန် သူ့လက်ကို ယူပြီး သူတို့ လိင်အင်္ဂါပေါ်သို့ ကပ်ထားတတ်သည်ကို သူ တွေ့ခဲ့ရဖူးသည်။

'ဆရာလေးကို ကျွန်တော် ချစ်တယ်၊ ကျွန်တော် သိပ်ချစ်တယ်'

ဂျိုးဆက်စတိန်းက လေသံ သဲ့သဲ့ကလေးဖြင့် ခပ်စင်းစင်းပင် ပြောသည်။

ဆရာလေး အနန်ဒါသည် သူ ပြန်၍ ငြိမ်သက်သွားကာ အိပ်ပျော်သွားသည်အထိ အနားတွင် ထိုင်စောင့်နေသည်။ ထို့နောက် သူ ဆုပ်ကိုင်ထားသော လက်ကို အသာဖြုတ်ယူပြီး အညိုကွက်ကြီးတွေ ထကာ ချုံးကျနေသည့် မျက်နှာကို သနားကရုဏာ အပြည့်ဖြင့် ကြည့်နေသည်။ ခြေဖျားထောက်၍ ထွက်မသွားမီ အနန်ဒါသည် သူ့မျက်နှာပေါ်သို့ ငုံ့မိုးကာ အိန္ဒိယ တိုင်းသူတို့ အစဉ်အလာနှင့် ဆန့်ကျင်လျက် သူ့ နဖူးပြင်ကို ခပ်ဖွဖွ နမ်းသည်။

အနည်းငယ် နေပြန်ကောင်းလာသည့် တစ်မနက်တွင် ဂျိုးဆက်စတိန်းသည် သူ့ လက်ဆွဲ သေတ္တာကလေးမှ ဓာတ်ပုံအယ်လ်ဘမ် စာအုပ် ထူထူကြီး တစ်အုပ်ကို ထုတ်ယူကာ ဆရာလေး အနန်ဒါအား သူနှင့် အတူ လာကြည့်ရန် ခေါ်သည်။ ၃၄ နှစ်သော သူ၏ ဘဝမှ ရုပ်ပုံ ကားချပ်များသည် အနန်ဒါ၏ မျက်စိရှေ့တွင် အနေးပြနေသော ရုပ်ရှင် မြင်ကွင်းများသဖွယ် ပေါ်လာကြသည်။ ကာလကတ္တားမှ သေအံ့ဆဲ လူနာများ ဂေဟာတွင် နေခဲ့ရစဉ် သုံးနှစ်အတွင်း၌ အနန်ဒါသည် ကိုယ်ခန္ဓာ ပျက်ယွင်းမှုဒဏ်ကို ငုတ်တုတ် စင်းခံနေကြရသော လူနာများစွာကို မြင်ခဲ့ဖူးသည်။ ထိုသို့ မဖြစ်မီက သူတို့သည် သူတို့၏ မြေယာပေါ်တွင် ဂုဏ်ယူစွာ ပင်ပန်းတကြီး လုပ်ကိုင် ခဲ့ကြလိမ့်မည်။ လဲချားလည်း သံနှစ်ချောင်း ကြားတွင် ပြေးလွှား ခဲ့ကြလိမ့်မည်။ ဝတ်ကောင်းစားလှများကို ဝတ်ဆင်ကာ လက်ထပ်မင်္ဂလာ ဆင်နွှဲကြလိမ့်မည်။ သူတို့၏ သားမယားများဖြင့် ရွာမှ ရေကန်တွင် ရေမိုး ချိုးခဲ့ကြလိမ့်မည်။ အနန်ဒါ စိတ်ကူးဖြင့် ထိုသို့ တွေးထင် ကြည့်ခဲ့ဖူးသည်။

ယနေ့တွင်မူ သူသည် သေအံ့ဆဲ လူတစ်ယောက်၏ အတိတ်ကို တွေ့မြင်နေရ ပြန်လေပြီ။ ပျော်စရာ ကလေးဘဝ ရှုခင်းတွေနှင့် ပြည့်နှက်နေသည့် ဘဝတစ်ခု။ မိသားစု ချစ်ကြင်နာမှု၊ ရုပ်ပွေ နောက်ပြောင်သည့် မြီးကောင်ပေါက်ဘဝ၊ လူရွယ် တစ်ယောက်၏ ခရီးဝက်ပါ။

ဂျိုးဆက်စတိန်းက ဓာတ်ပုံ တစ်ခုပြီး တစ်ခု ပြကာ နောက်ခံ အဖြစ်အပျက်များကို ပြောပြသည်။ ပြောရင်း ထိုအဖြစ်အပျက်တို့သည် အသက်ပြန်ဝင်လာသည့်နှယ် ဖြစ်နေသည်။ နောက်ဆုံး ဓာတ်ပုံ စာမျက်နှာသို့ ရောက်သည့်အခါတွင် ဂျိုးဆက်စတိန်းက 'အဲဒီအထဲက ဆရာလေး လိုချင်တဲ့ ကျွန်တော့် ဓာတ်ပုံ တစ်ပုံကို ယူထားလိုက်ပါ'

ဆရာလေး အနန်ဒါသည် ဓာတ်ပုံစာအုပ်ကို အစမှ ပြန်လှန်ကြည့်ကာ အပြုံးအမည်း ရိုက်ထားသည့် ဓာတ်ပုံ တစ်ပုံကို ယူလိုက်သည်။ ထိုဓာတ်ပုံ

သည် သူ့ရှေ့တွင် ပိုးလိုးပက်လက် ဖြစ်လျက်ရှိသည့် လူ၏ စရိုက်လက္ခဏာ အပီပြင်ဆုံးပုံ ဖြစ်သည်ဟု သူ ထင်သည်။ ဓာတ်ပုံထဲတွင် မျှော်ရှယ်သည့် ဂျိုးဆက်စတိန်းသည် သွားတွေ အဖွေးသားပေါ်အောင် ရယ်လျက် ဂိုးလ်ဒင်း ဂိတ် တံတားကြီး လက်ရန်းဘေးတွင် ရပ်ကာ နက်လှစွာသော အောက်မှ ချောက်ကမ်းပါးကြီးကို အန်တုနေသကဲ့သို့ ရှိနေသည်။ ထိုစဉ်က သူသည် ရှေးဟောင်း သုတေသန ပညာကို လေ့လာရန် အတွက် စရိတ် ရအောင် ဆန်ဖရန်စစ္စကိုက တံတားကြီးပေါ်တွင် လက်မှတ်သိမ်း အဖြစ် အလုပ် လုပ်နေချိန် ဖြစ်သည်။

ဂျက်ဒီဟိုးဗစ်သည် သူ့ နားများကိုပင် မယုံနိုင်။ ရှုးဂါးသည် ဘရွတ်ကလင် ဆင်းရဲသား ရပ်ကွက်မှ သူ့ကို လှမ်းခေါ်နေခြင်း ဖြစ်သည်မှာ သေချာသည်။

'ဆရာ .. ဆရာ .. ကျွန်တော်တို့ ဟန်ကျပြီ ဆရာ၊ ခု ရောဂါကို ကုလို့ရတဲ့ ဆေးတွေ့ပြီတဲ့၊ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်၊ ကျွန်တော့် သွေးကြောထဲ အဲဒီဆေးတွေ ထိုးပေးပါ ဆရာ၊ ကျွန်တော် တက္ကစီ ခေါ်ပြီး အဲဒီကို ပျက်ချင်း သွားချင်တယ်'

ရှုးဂါးက စုတ်ပြတ်နေသော သူ့ အဆုတ်ထဲမှ လေကွေ့ ကုန်သွား မတတ် အသံကုန် အော်ပြောသည်။

ဆရာလေး အနန်ဒါနှင့် အခြားသော သိလရှင် ဆရာမလေးများ၏ ပြုစု ကုသမှုကြောင့် စိတ်ဝင်စားဖွယ် ကောင်းသည့် လူတစ်ယောက် ဖြစ်သည့် ရှုးဂါးသည် မကြာမီတွင် ရောဂါ သက်သာသွားခဲ့ကာ ညကလပ်များတွင် သူ သဘောကျသည့် ရုပ်ရှင် မင်းသမီးကြီး လောရင်းဘာကော၏ ဂိုက်မျိုးကို ပြန်လည် ဖမ်းနိုင်ခဲ့သည်။

သူ့ ရောဂါ သက်သာခြင်းသည် လှည့်စားမှု သက်သက်မျှသာ ဖြစ် ကြောင်းကို ဒေါက်တာ ဒီဟိုးဗစ် သိပါသည်။ ကာပိုဆီ ဆာကိုးမား ရောဂါ သည် ပျောက်သွားခြင်း မဟုတ်။ သီတင်းပတ် အနည်းငယ်၊ လအနည်းငယ် သာ ငုပ်လျှိုးသွားခြင်း ဖြစ်ကြောင်းကို သိပါသည်။ မကြာမီဆိုလျှင် သူ၏ အညိုကွက်ကြီးများသည် မိတ်ကပ်တွေ ကြားထဲမှ ပြန်ပေါ် လာတော့မည်။ အခြားသော ခန္ဓာကိုယ် အစိတ်အပိုင်းများသို့ ပျံ့နှံ့သွားတော့မည်။ အဆုတ်၊ အသည်းနှင့် ဦးနှောက်တို့ အထဲထိ ရောက်သွားတော့မည်။

ထို တယ်လီဖုန်းသံ အကြောင်းကို ပြန်စဉ်းစားရင်း ဒေါက်တာ ဒီဟိုးဗစ်က ပြောသည်။

'တော်တော်တော့ စိတ်ထိခိုက်စရာ ကောင်းတယ်ဗျာ၊ အေဇက်တီ ရှိတယ် ဆိုတာကို ရှူးဂါး ဘယ်နည်းနှင့်မှ မသိနိုင်ဘူး၊ သူက စာမှ မဖတ်တာ၊ ဘယ်နှယ့်လုပ် သိနိုင်မလဲ၊ သူတို့ မြေအောက် အဆက်အသွယ်တွေက တစ်ဆင့် သိတာပဲ ဖြစ်မှာပေါ့'

ကြီးမားသော ပို့စကတ်ကြီးပေါ်၌ ဂျေရုဆလင် မြို့ဟောင်းသည် ရှေးဟောင်း မြို့ရိုး တံတိုင်းပျက်ကြီးထဲတွင် တမျှော်တခေါ်ကြီး ရှိနေသည်။ မရေတွက် နိုင်သော ခေါင်းလောင်းစင်များ၊ စုလစ်မွမ်းချွန်များ၊ စကြိုလမ်းများ၊ ဇာ ရက်သလို ရှုပ်ယှက်ခတ်နေသော လှေကားထစ်များ၊ ဝက်ပါလို ရှုပ်ထွေးနေ သော လမ်းမြောင်ကလေးများ။

'ဒီစာကို ကျုပ်ကိုယ်တိုင် ရေးလိုက်တာ၊ နောက်ထပ် ခွဲစိတ်ကုသမှု တစ်ခု လုပ်လိုက်တဲ့အတွက် လက်ချောင်းကလေးတွေကို ပြန်ပြီး အသုံးချလို့ ရပြီဗျ၊ ဒီနေ့ မနက်ပဲ ကျုပ်တို့ ဘုန်းကြီးကျောင်းက ရှေးဟောင်းပြတိုက် ဖွင့်ပွဲကို ကျင်းပတယ်၊ လူတွေလည်း တော်တော်များများ လာကြတယ်၊ ဒါကြောင့် ခင်ဗျားဆီကို သတိတရ စာရေးလိုက်တာ၊ ပြီးတော့ ကျုပ်တို့ ပြတိုက်ရှေ့မှာ ဆိုင်းဘုတ် တစ်ခုကိုလည်း ထူထားတယ်၊ အဲဒီ ဆိုင်းဘုတ် ပေါ်မှာ ဂျိုးဆက်စတိန်း၊ ပါလက်စတိုင်း ရှေးဟောင်းပြတိုက်လို့ အမည် ရေးထားတယ်၊ ကျုပ်က ဖွင့်ပွဲလာတဲ့ ဧည့်သည်တွေကို ဧည့်ခံ ကြိုဆိုရတယ် လေ၊ ဂျိုးဆက်ရေ၊ ကျုပ်တို့နှင့် အတူ နောက်နှစ်တွင် ဂျေရုဆလင်မှာ ဆုံစို့ ဆိုတဲ့ ဓမ္မတေးကို သီဆိုပေတော့'

လာထရွန်း ဝေဒနာ ခုနစ်ပါးကျောင်းတိုက်ရှိ ဘုန်းတော်ကြီး ဖီလစ် မာလုထံမှ စာ ဖြစ်သည်။

ဂျိုးဆက်စတိန်း၊ ပါလက်စတိုင်း ရှေးဟောင်းပြတိုက်တဲ့။ ဂျိုးဆက် စတိန်း ဝမ်းသာ၍ မဆုံးနိုင်။ သူ့နှလုံးသည် တဒိတ်ဒိတ် ခုန်နေသည်။ သူ့ မျက်လုံးထဲတွင် မျက်ရည်တွေ ပြည့်နေသည်။ ချက်ချင်း ဆိုသလိုပင် ရှေး ဟောင်း သုတေသန ပညာရှင် ဖြစ်စ အချိန်ကို သွား သတိရသည်။ ဘုန်းကြီး ကျောင်း စပျစ်ခြံထဲမှ ဘုန်းကြီးတွေ၊ ကိုရင်တွေ စီးသည့် ထွန်ရေးကြောင်းများ

ထဲတွင် ပေါ်လာသော ရှေးခေတ်က အကြွင်းအကျန် ပစ္စည်းတို့ကို သူ သတိရသည်။

အနီးသို့ ဆရာလေး အနန္တ ရောက်လာသဖြင့် သူ့အတွေး ပျောက်သွားသည်။

'လာ ဆရာလေး၊ နားထောင်လှည့်၊ ခုတင် ဆရာလေးရဲ့ မိတ်ဆွေ ဘုန်းတော်ကြီး မာလု ဆီက ရောက်လာတာ၊ ဂျေရုဆလင်ကလေ'

ဂျိုးဆက်စတိန်းက ပို့စကတ်ကို ထောင်ပြရင်း ပြောသည်။

ဂျေရုဆလင်တဲ့၊ သမ္မာကျမ်းစာထဲက မြို့တော်ကြီး။ ပို့စကတ်ထဲက မြင်ကွင်းကို ကြည့်၍ အိန္ဒိယတိုင်းသူ အနန္တသည် တအံ့တသြ ဖြစ်နေသည်။ ဂျိုးဆက်စတိန်းက ဂျေရုဆလင်မှ အသံများ၊ အော်သံများ၊ ဟစ်သံများ၊ ဈေးမှ အုတ်အုတ်ကျက်ကျက် အသံများ၊ ဘုရားကျောင်းတက်ရန် ဆော်ဩသော တရားဟောဆရာတို့၏ ဆော်ဩသံများ၊ ခေါင်းလောင်းသံများ၊ ဘုန်းကြီးတို့၏ တရားစာ ရွတ်သံများ။

မြတ်သော နေရာတို့ စုဝေးရာ၊ အယူဝါဒ မျိုးစုံတို့ စုဝေးရာ၊ လူမျိုးစုံတို့ စုဝေးရာ ဂျေရုဆလင်မှ အသံများ အကြောင်းကို ပြောပြသည်။ တစ်ခါတစ်ရံတွင်မူ သူ့အသံသည် တိုးတိတ်လွန်းလှသဖြင့် နားထောင်၍ မရတော့ဘဲ စိတ်မှန်းဖြင့် မှတ်ယူရသည်။ ဂိုလိုသာ၊ ဗီယာဒိုလိုရိုဆာ၊ အက်ကီဟိုမို စသည့် ကာလကတ္တားတွင် သူ သီလရှင် ဝတ်ခါစက ကြားခဲ့ဖူးသော အမည်များ ဖြစ်သည်။

ထိုစဉ် ဒေါက်တာ ဒီဟိုးဇစ် ရောက်လာသည်။ ဆရာဝန်၏ မျက်နှာပေါ်တွင် တွေ့ရခဲသည့် အောင်မြင်သည့် အပြုံးကို ဆင်ထားသည်။

'မင်္ဂလာ သတင်းကို ပထမဆုံး ပြောတဲ့သူ ဖြစ်ချင်လို့ လာတာဗျို့'

ဂျိုးဆက်စတိန်းက သူ့စကားကို ဖြတ်ရန် လက်ကာ ပြလိုက်ပြီး 'ဒီပို့စကတ်ကလေးကို အရင် ကြည့်လိုက်စမ်းပါဦး ဆရာ၊ မာလုဆီက ပို့လိုက်တာ၊ ဒီကျောက်တုံးတွေ မြင်တော့ စိတ်ထဲမှာ တစ်ခုခုကို သတိ မရဘူးလား'

ဂျိုးဆက်စတိန်းက ပို့စကတ်ကို သူ့ကို လှမ်းပေးသည်။

ဒီဟိုးဇစ်က စိတ်မချမ်းသာသည့် အပြုံးကို ပြုံးလိုက်ရင်း 'ဂျေရုဆလင်၊ အစ္စရေးကပေါ့၊ ကျွန်တော့် တစ်သက်မှာတော့ ဘယ်တော့မှ မမေ့နိုင်တဲ့ နေရာပဲဗျာ၊ အဲဒီမှာ ကျွန်တော် ဘုန်းကြီး ဝတ်ချင်တယ်၊ တစ်သက်လုံး နေသွားချင်တယ်၊ ဒါပေမယ့် ယွန်းကပူးနေ့ စစ်ပွဲကြောင့် ကျွန်တော်

ပြန်လာခဲ့ရတယ်၊ ကျွန်တော့် မိဘတွေလည်း အမေရိကကို အပြီးအပိုင် ပြောင်းလာခဲ့ကြတယ်လေ၊ ကျွန်တော့် မိဘတွေ စကားကို မပယ်လှန်ရဲဘူးဗျာ၊ ခုမှ ဘုန်းကြီးဝတ်ဖို့ ဆိုတာလည်း မဖြစ်နိုင်တော့ဘူး၊ နောက်ကျသွားပြီ'

ဂျိုးဆက်စတိန်းက သူ ပြန်စဉ်းစား နေသည်တို့ကို ပို၍ မှတ်မိအောင် မျက်စိကို မှိတ်ထားသည်။ ခန္ဓာကိုယ် ပျက်စီး ယိုယွင်းနေသည်ကို ခုခံ တွန်းလှန်သည့်နယ် သူ့ မှတ်ဉာဏ်ထဲတွင် ထင်ရှား ပြတ်သားသော ရုပ်ပုံလွှာတွေ အစီအရီ ပေါ်လာကြသည်။

'ဆရာရယ်၊ နားနှင့်မနာ ဖဝါးနှင့်နာပါ၊ ကျွန်တော့် ဘဝမှာ အဲဒီလို မိန်းမလျာ ဖြစ်ခဲ့ရတဲ့ အချိန်ဟာ အပျော်ဆုံး အချိန်ပါ၊ အဲဒီက မဇ္ဈိမတိုင်းသားတွေဟာ ချောလည်း ချောတယ်၊ ချစ်စရာလည်း ကောင်းတယ်၊ လွယ်လည်း လွယ်တယ်၊ နည်းနည်းလေး သိက္ခာမဲ့လိုက်တာနှင့် ကိုယ့်စက်ကွင်းထဲ ရောက်လာတာပဲ၊ အေအိုင်ဒီအက်စ် ဆိုတဲ့ ရောဂါဟာ အဲဒီတုန်းကတည်းကများ ရှိခဲ့တယ် ဆိုရင် ကျွန်တော် တစ်ယောက်တည်းနှင့် မဇ္ဈိမတိုင်း တစ်ခုလုံးကို ရောဂါကူးအောင် လုပ်နိုင်ပါတယ်'

ဒေါက်တာ ဒီဟိုးဇစ်သည် ရိုးသား ပွင့်လင်းသော သူ့ ဖြောင့်ချက်ကြောင့် အကြီးအကျယ် အံ့အား သင့်သွားသည်။ သူ့ မိတ်ဆွေ ဂျိုးဆက်စတိန်းသည် သူ၏ လိင်ဘဝကို ထိုမျှလောက် ပွင့်ပွင့်လင်းလင်း တစ်ခါမျှ မပြောစဖူး။ ထိုမျှမက သူ့ရိုးသားမှု၊ သူ့နှိမ့်ချမှု၊ သူ့ရှက်တတ်မှုတို့ကို သူ့အား ပြုစုသူများ အားလုံးက သိပြီးသားတွေ ဖြစ်သည်။ ထိုကြားထဲက ထိုမျှ ပြောနေသည်ကို ထောက်လျှင် သူ့အခြေအနေသည် တဖြည်းဖြည်း ဆိုးလာနေပြီ ဆိုသည့်သဘော ဖြစ်သည်။ ရောဂါသည် ဦးနှောက်ကို ဝင်ရောက် တိုက်ခိုက်နေပြီ ဆိုသည့်သဘော ဖြစ်သည်။

ဤသည်ကို ဒေါက်တာ ဒီဟိုးဇစ် သိလိုက်ပြီ။

ဂျိုးဆက်သည် လှောင်ပြောင် ရယ်မောလိုက်ပြီးနောက် စကားလမ်းကြောင်းကို လွှဲလိုက်သည်။

'ကဲ ဆိုစမ်းပါဦး ဆရာ၊ ဆရာ ပြောမယ်ဆိုတဲ့ မင်္ဂလာ သတင်းက ဘာလဲ'

ဒေါက်တာ ဒီဟိုးဇစ်က သူ့အိတ်ထဲမှ အေဇက်တီ ဆေးပုလင်းကို ဆွဲထုတ်လိုက်ပြီး လူနာလက်ထဲ ထည့်လိုက်၏။

'နောက်ဆုံးတော့ အဖြေတစ်ခု တွေ့ပြီပေါ့ဗျာ'

ဂျိုးဆက်စတိန်းသည် ဆေးတောင့် ဖြူဖြူကလေးများကို သေချာစွာ ကြည့်နေသည်။ ထိုဆေးတောင့်ကလေးများမှာ တစ်ခါတုန်းက သူကိုယ်သူ အဆုံးစီရင်ရန် သောက်ခဲ့သည့် ဆေးတောင့်ကလေးတွေနှင့် ဆင်သည်။

'ဘယ်တော့ စသောက်ရမှာလဲ ဆရာ'

'နောက် တစ်ပတ် နှစ်ပတ်လောက်ပေါ့၊ အဲဒီလောက်ဆိုရင် ပထမ အသုတ်ကို ဘယ်လောက် တိုက်ရမယ်ဆိုတာ ခွင့်ပြုချက် ရမှာပါ'

'ခွင့်ပြုချက် ဟုတ်လား'

ဒေါက်တာ ဒီဟိုးဇစ်က ယခု လောလောဆယ်တွင် အခြေအနေ ဆိုးသည်ဟု ယူဆရသော ရောဂါသည်များကိုသာ စ၍ ဆေးတိုက်ကြည့်မည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြသည်။ သူတို့ လူနာများအား 'သနားကရုဏာ ထားသောအားဖြင့် သုံးခွင့်ပြုသည်' ဆိုသည့် 'တရားဝင် ခွင့်ပြုချက်ကို တောင်းခံကြရမည် ဖြစ်သည်။

'အင်း သူတို့ သနားကရုဏာနှင့် ပေးတဲ့ ဆေးတောင့်ကလေးတွေကို မျိုဖို့အတွက် ကျွန်တော် ဒီနေရာမှာ နောက်တစ်ပတ် ရှိဦးမယ်လို့ ထင်သေး လို့လား' ဂျိုးဆက်စတိန်းက မေးသည်။

နောက် သုံးရက် အကြာ၌ မေဗ္ဗာဂေဟာ မျှော်လင့်ချက် မယ်တော် အခန်း ရှေ့တွင် ဆရာလေး အနန္ဒါသည် ထူးခြား ဆန်းကြယ်သည့် ရှုခင်းတစ်ခုကို မြင်ရသည်။ ဂျိုးဆက်စတိန်းသည် ကလေးငယ် တစ်ယောက်လို ကိုယ်လုံးတီး ဖြင့် စန့်စန့်ကြီး ဖြစ်နေသည်။ သူ့ကို ကြည့်ရသည်မှာ ထိုသို့ ကိုယ်လုံးတီး နေရသဖြင့် ထူးထူးဆန်းဆန်း ဝမ်းသာ ကြည်နူးနေပုံရသည်။

'လောကကြီးထဲကို ရောက်လာတုန်းကလည်း ကိုယ်လုံးဗ်ီးပဲ၊ လောက ကြီးက ထွက်သွားတဲ့ အခါမှာလည်း ကိုယ်လုံးတီးပဲ ထွက်သွား ချင်တယ်လေ' ဟု သူက ပြောသည်။

ဆရာလေး အနန္ဒါသည် အခြေအနေကို သိလိုက်ပါပြီ။ အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးသည် သူ့လူနာ၏ ဦးနှောက်ထဲသို့ ရောက်သွားပြီ။ သူ့လူနာသည် တိုက်ပွဲကို အရှုံးပေးလိုက်ပြီ။ သူ၏ အရှုံးပေးမှုကြောင့် ပေါ်လာသည့် ရလဒ် ကလည်း မြန်သည်။ နာရီ အနည်းငယ်အတွင်း နျူမိုဆိုက်စတစ် နျူမိုးနီးယား ရောဂါသည် ဂျိုးဆက်စတိန်းကို တိုက်ခိုက်နေလေပြီ။ ချောင်းတစ်ချက်

ဆိုးလိုက်တိုင်း နောက်ဆုံး ထိုးနှက်ချက်ကြီး တစ်ခု ရောက်လာသည့်နှယ် ထင်ရသည်။ ကာပိုဆီ ဆာကိုးမား အရေပြားကင်ဆာ ရောဂါ၏ အနာကြီးများသည် သူ၏ သလိပ် ထွက်စေသော အကျိတ်များထဲသို့ ရောက်လာကာ သူ့လျှာနှင့် လည်ချောင်း တစ်ခုလုံးသည် မည်သည့် ရေမျိုးနှင့်မျှ မငြိမ်းသတ်နိုင်သော မီးတစ်မျိုး၏ လောင်ခြင်းမျိုးဖြင့် လောင်ကျွမ်းနေသည်။ ဆရာမတွေလာခေါ်သဖြင့် ဒေါက်တာ ဒီဟိုးဇစ်လည်း ရောက်လာသည်။ ထိုသို့သော စိုးရိမ်ဖွယ် ကောင်းသည့် သွင်ပြင် လက္ခဏာများသည် အဆိုးဆုံး မဟုတ်သေးဟု ဒေါက်တာ ဒီဟိုးဇစ် မျှော်လင့်ချင်သည်။ ဇင်ဘလာစတင်း ထိုးပေးလျှင် နောက်ဆုံး အရှုံးပေးမှုကို ခဏလောက်တော့ ရွှေ့ဆိုင်း နိုင်လိမ့်မည်ဟုလည်း မျှော်လင့်သည်။

ရက် အနည်းငယ် ကြာသည့် အခါ၌ သူ့ လူနာသည် လက်တင်ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်ကာ စထရော်ဘယ်ရီ အိုက်စကရင် တစ်ခွက်ကို ပြောင်နေအောင် စားနေသည်ကို တွေ့ရသဖြင့် ဆရာလေး အနန်ဒါ အံ့သြနေသည်။

သို့ရာတွင် ရှေးဟောင်း သုတေသန ပညာရှင်ဟောင်း၏ ကိုယ်ခံအားစနစ်ကြီး တစ်ခုလုံးသည် ထိုယာယီ ငြိမ်သက်မှုကို ကြာရှည် ထိန်းသိမ်းထားရန် အင်အား ကုန်ခန်း သွားခဲ့လေပြီ။ မကြာမီဆိုလျှင် သူ့ခန္ဓာကိုယ်ကြီးသည် ဆေးဝါးတို့ကို တုံ့ပြန်ခြင်း ပြုတော့မည် မဟုတ်တော့။ ချောင်းသည် ပို၍ ခြောက်လာကာ ပို၍ နာကျင် ပင်ပန်းလာသည်။ နောက်ဆုံးတွင် ရောဂါ ပျံ့နှံ့မှုသည် သူ၏ခံတွင်း တစ်ခုလုံးကို ပိတ်သွားတော့မည်။ အသေးငယ်ဆုံးသော အစာခဲကလေး တစ်ခုကိုပင် မျို၍ မရတော့အောင် ပိတ်သွားတော့မည်။ လည်ချောင်း ပိတ်မသွားအောင် မည်မျှ ကြိုးစားသည့်တိုင် ဆရာလေး အနန်ဒါ၏ ကြိုးစားမှု ဟူသမျှသည် အချည်းနှီး ဖြစ်ခဲ့လေပြီ။

အခြေအနေသည် လျင်မြန်စွာ ဆိုးရွားလာခဲ့သည်။ အဆုတ်များသည် သူတို့ လုပ်ငန်းကို ကောင်းစွာ မလုပ်ကြတော့။ အောက်စီဂျင် မရသည့်အတွက် သူ့နှလုံးသည် အရေးကြီးသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို သွေးပို့ရာတွင် အခက်အခဲ ဖြစ်လာခဲ့သည်။ တဖြည်းဖြည်းနှင့် စက်ယန္တရားကြီးသည် ပြိုလဲ ပျက်စီးနေလေပြီ။

တစ်ညနေတွင်မူ ဂျိုးဆက်စတိန်းသည် ဆရာလေး အနန်ဒါကို သူ့အနီးသို့ လာရန် လက်ယပ်ခေါ်ကာ သူ့လက်ကို ဆုပ်ကိုင်ထားသည်။

'ဒီတစ်ခါတော့ ကျွန်တော် မရတော့ဘူး ထင်တယ်' ဟု သူက တိုးတိတ်စွာ ပြောရင်း ထောက်ခံချက် တောင်းသည့် အနေဖြင့် ဆရာလေး အနန်ဒါကို ကြည့်နေသည်။

ဆရာလေး အနန်ဒါက ခေါင်းကို ဖြည်းညင်းစွာ ညိတ်၍ အတည်ပြု ချက် ပေးသည်။

ဂျိုးဆက်စတိန်းသည် အသက်ရှူ ကျပ်စပြုလာ၏။ အေအိုင်ဒီအက်စ် ရောဂါရှင်တို့၏ နောက်ဆုံး ဝေဒနာနှင့် အတူ လိုက်ပါလေ့ ရှိသော 'လေ တော်မွတ် ခေါင်းပါးမှု' ကို ကြည့်ရသည်မှာ ကြောက်စရာ ကောင်းသည်။ ဆရာလေး အနန်ဒါက အောက်စီဂျင် မျက်နှာဖုံးကို တပ်ပေးရန် ပြင်သည်။ ဂျိုးဆက်က အောက်စီဂျင်ဘူးကို ဘေးသို့ တွန်းပစ်လိုက်၏။

ထိုနေ့ ညနေက ဒေါက်တာ ဒီဟိုးဗစ်သည် ဆေးပညာ သဘောအရ တတ်နိုင်သော တစ်ခုတည်းသော နည်းလမ်းကို လုပ်သည်။ ဒေါက်တာ ဒီဟိုးဗစ်သည် နားကျပ်ကို ထုတ်၍ လူနာ၏ ရင်ကို စမ်းသည်။ လူနာ ရင်ထဲမှ တစ်စုံတစ်ရာ ထူးထူးခြားခြား မကြားရသည့် အတွက် ဘာမျှ သူ အံ့သြခြင်း မဖြစ်။ ပင်လယ်နက်မှ ငါးမန်းများလို အေအိုင်ဒီအက်စ် ကပ်ပါးပိုးများ သည် သူတို့၏ သားကောင်ကို တိတ်ဆိတ်စွာ ဖျက်ဆီး တတ်ကြသည်ကို သူ ကောင်းကောင်း သိသည်။

'မတတ်နိုင်ဘူးလေ၊ ကျွန်တော် အချိန်မီတော့ ရောက်သွားတယ်လို့ပဲ အောက်မေ့ရမှာပေါ့၊ အဲဒီတုန်းက ကျွန်တော် ရှိတယ်' ဟု နောင်တွင် သူက ပြောသည်။

ဂျိုးဆက်စတိန်း၏ အကြည့်သည် တစ်လျှောက်လုံး သူ့ လှုပ်ရှားမှု နောက်သို့ လိုက်နေကြောင်းကို သူ သတိထားမိသည်။

'သူ့ အမူအရာဟာ ကျွန်တော့်ကို မီးနှင့် မြှိုက်နေသလိုပဲဗျာ၊ အချိန် ကုန် ခံမနေပါနှင့်တော့ဗျာ၊ မထူးပါဘူးလို့ ပြောနေသလိုပဲ' ဟု ဒေါက်တာ ဒီဟိုးဗစ်က နောင်တွင် ပြောပြသည်။

ဒေါက်တာ ဒီဟိုးဗစ်သည် သူ့ ခံစားမှုကို ကြိုးစား၍ ဖုံးကွယ်ရင်း 'ခင်ဗျား အတွက် ဘာလုပ် ပေးစေချင်သေးသလဲ'

ဂျိုးဆက်စတိန်း၏ မျက်လုံးများသည် ပြတင်းပေါက်ဆီသို့ ရောက် သွားကြသည်။ ပြတင်းပေါက် အနီးတွင် ဆရာလေး အနန်ဒါက ဂျေရုဆလင် မြို့၏ ပုံကားချပ်ကလေးကို ချိတ်ပေးနေသည်။

'တစ်ခုတော့ လုပ်ပေးပါ၊ ကျွန်တော့် ဆရာလေး အနန်ဒါကို တစ်နေ့ ကျရင် လာထရွန်း ဘုန်းတော်ကြီးကျောင်းကိုတော့ ရောက်အောင် ပို့ပေးပါ၊ ပြီးတော့ ဂျေရုဆလင်ကိုလည်း ရောက်အောင် ပို့ပေးပါ'

'ပို့ပေးမယ်၊ စိတ်ချ'

ဒေါက်တာ ဒီဟိုးဗစ် ကတိပေးကြောင်း ပြသည့် အနေဖြင့် လက်ဆွဲ နှုတ်ဆက်ရန် စောင်အောက်တွင် ရောက်နေသည့် လူနာ၏ လက်ကို လိုက် စမ်းသည်။ ဂျိုးဆက်စတိန်းသည် သူ့အား တတ်နိုင်သမျှ အသက်ဆက်ရန် ထိုးသွင်းထားသော အကြောဆေး အပ်ကို ဖြုတ်ထားသည်ကို တွေ့ရ၏။ ဒေါက်တာ ဒီဟိုးဗစ်က ပိုက်ကြီးကို ပြန်တပ်ရန် ပြင်သည်။

ဂျိုးဆက်စတိန်းက သူ့လက်ကို ဆွဲထားလိုက်သည်။

ထိုအချိန်တွင် အခန်းထဲသို့ လူတော်တော်များများ ရောက်လာပြီး ဘေးတွင် ဝိုင်းနေကြသည်။ အနီးတွင် မိတ်ဆွေတွေ ရောက်လာသည်ကို မြင်သည့်အခါတွင် ဂျိုးဆက်စတိန်း၏ မျက်လုံးများသည် တောက်ပ ပြောင် လက်လာသဖြင့် ဒေါက်တာ ဒီဟိုးဗစ် အံ့သြရသေးသည်။ အအေးဒီအက်စ် ရောဂါရှင်များ၏ မျက်လုံးများသည် မီးအိမ်တစ်ခုကို ငြိမ်းလိုက်သည့် ရီယို စတက် တစ်ခုလို တဖြည်းဖြည်း မှိန်သွားကြောင်းကို သူ တွေ့ခဲ့ဖူးသည်။ စိန့်ကလဲယား ဆေးရုံ စင်္ကြံများပေါ်တွင် ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင် နေခဲ့သည့် လူနာ တစ်ယောက် မကြာခင် ဇီဝိန် ချုပ်တော့မည် ဆိုသည့် သတင်းသည် အနီးရှိ ဆေးရုံသို့ ပျံ့နှံ့သွားသည်။ သူ့ကို ခင်မင်သူ၊ စောင့် ရှောက်ခဲ့သူများက သူ့ကို နောက်ဆုံး နှုတ်ဆက်ရန် ရောက်လာကြသည်။ ဆရာလေး ပေါလု၊ မိုင်းလ်စ်၊ ဂျက်ကိုနှင့် ရောဂါ ဝေဒနာကြီးကို အနည်းငယ်မျှ ဖြစ်စေ သက်သာအောင် စေတနာ မေတ္တာ ကျွမ်းကျင်မှုတို့ဖြင့် ကူညီခဲ့ကြသော အဖော်တွေ အားလုံးပါသည်။

ဂျိုးဆက်စတိန်းသည် သူတို့ တစ်ယောက်ချင်းကို ကျေးဇူးစကား ပြောလိုသည့်နှယ် တစ်ယောက်ချင်း လိုက်ကြည့်နေသည်။

သူ့ မျက်နှာက ပြုံးလျက်။

ပင်ပန်းကြီးစွာဖြင့် အသက် ရှူလိုက်ပြီးနောက် 'ခင်ဗျားတို့ မေတ္တာ ထက် ကြီးမားတဲ့ မေတ္တာ မရှိတော့ပါဘူးဗျာ' ဟု ပြောသည်။

ထိုစကားလုံးများကို ပြောရင်း သူသည် နောက်ဆုံး ဝင်သက်ကို ရှူရှိုက်လိုက်ပြီးနောက် ဇီဝိန် ချုပ်သွားခဲ့သည်။

နိဂုံး။

လူပေါင်း ၃၀၀,၀၀၀ တို့သည် ဂျိုးဆက်စတိန်း ကြုံတွေ့ခဲ့ရသည့် ရက်စက်ဆိုးဝါးသော ကံကြမ္မာမျိုးကို ရင်ဆိုင် နေကြရသည်။ ယနေ့ အချိန်တွင်ဆိုလျှင် လူပေါင်း ခြောက်သန်းနှင့် ၁၀ သန်းကြားရှိ လူများသည် အေအိုင်ဒီအက်စ် ရက်ထရို ဗိုင်းရပ်စ်ပိုး စွဲကပ်နေကြသည်။ စာရင်းအင်းများမှာ ကြောက်ဖွယ်လိလိ ဖြစ်သည်။ အမျိုးသမီး နှစ်သန်းနှင့် ကလေးငယ် ၂၀၀,၀၀၀ တို့သည် အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်နေကြသည်။ ကမ္ဘာ့နေရာ အနှံ့အပြားတွင် အေအိုင်ဒီအက်စ် ရောဂါသည် ကြောက်စရာ ကောင်းလောက်သည့် အချိုးအစားသို့ ရောက်နေသည်။ အာဖရိကတိုက် အချို့သော နေရာများတွင် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသည် ရောဂါ စွဲကပ်နေကြ၏။ ဟေတီမှ မိဘမဲ့ဂေဟာများတွင် ကလေးနှစ်ယောက် အနက် တစ်ယောက်သည် ရောဂါပိုးသယ်ဆောင်လာသူ ဖြစ်နေသည်။

၁၉၉၀ ပြည့်နှစ်က ရုမေးနီးယားရှိ ဗျူခါရက်နှင့် ကွန်စတန့်ဇ် ဆေးရုံများတွင် ကမ္ဘာ့ ဆရာဝန်များ အဖွဲ့ချုပ်က ရုမေးနီးယန်း ကလေးငယ် ၂၂၀၀ တို့ကို စစ်ဆေးကြည့်ခဲ့ရာ သွေးသွင်း ကုသမှုနှင့် ဆေးထိုးအပ်များ မသန့်ရှင်းမှုကြောင့် ကလေးငယ် သုံးပုံတစ်ပုံ ကျော်တို့သည် ရောဂါ စွဲကပ်နေသည်ကို တွေ့ခဲ့ရသည်။

ထိုဝမ်းနည်း ကြေကွဲဖွယ် ကောင်းသော တွေ့ရှိချက်ကြောင့် ကျွမ်းကျင်သူများက 'ကလေးငယ် အေအိုင်ဒီအက်စ် ကူးစက် ကပ်ရောဂါကြီး' အဖြစ် ထုတ်ဖော် ပြောဆို လာခဲ့ကြသည်။

နယူးယောက် တစ်မြို့တည်းမှာပင်လျှင် သက္ကရာဇ် ၂၀၀၀ မတိုင်မီတွင် ကလေးငယ်ပေါင်း ၅၀,၀၀၀ မှ ၁၀၀,၀၀၀ ကြားတို့သည် အေအိုင်ဒီအက်စ် ရောဂါကြောင့် အမိ (သို့မဟုတ်) အဖ (သို့မဟုတ်) နှစ်ဦးစလုံး ဆုံးရှုံးရမည့် အခြေအနေတွင် ရှိနေသည်။ ကာကွယ် ထိုးဆေးကိုသာ လျင်မြန်စွာ

ရှာမတွေ့ခဲ့လျှင် သက္ကရာဇ် ၂၀၀၀ ၌ လူသန်းပေါင်း ၅၀ တို့သည် အေအိုင်ဒီအက်စ် ရောဂါကို သယ်ဆောင်သူများ ဖြစ်လာ ကြလိမ့်မည် ဟု ကမ္ဘာ ကျန်းမာရေး အဖွဲ့ ကျွမ်းကျင်သူများက ခန့်မှန်း ထားကြသည်။

ထိုအချိန်တွင် အေအိုင်ဒီအက်စ် ရောဂါ စွဲကပ်နေသူပေါင်း ခြောက်သန်း ရှိနေမည်ဟု ယူဆရသည်။ (ယင်းတို့မှာ ၁၉၉၂ ခုနှစ်က စာရင်းများ ဖြစ်သည်။)

နယူးယောက် မေတ္တာဂေဟာမှ ဆေးစွဲသူ မိန်းမလျာ ရှုဂါးသည် အေဇက်တီဆေးကို တွေ့ရှိမှုကြောင့် ပထမဆုံး အကျိုး ခံစားရသူ ဖြစ်သည်။ တစ်ခါတစ်ရံတွင် ရောဂါ ပြန်၍ ပေါ်လာတတ်သည့်တိုင် ရှုဂါးသည် သူ့ အချစ်တော် မင်းသမီးကြီး လောရင့် ဘကောကို အတုခိုးလျက်ပင် ရှိသေးသည်။

သူ့ကို မင်ဟက်တန်ရှိ ညကလပ်များတွင် အမြဲလိုလို တွေ့ရတတ်၏။ သူ့ လက်ပတ်နာရီမှ လေးနာရီတစ်ကြိမ် အချက်ပေး ခေါင်းလောင်းမြည်တိုင်း ရှုဂါးသည် ဆေးတောင့် နှစ်တောင့်ကို မျိုရသည်။ အေဇက်တီကြောင့် အသက် ပိုရှည်နိုင်ဖွယ် ရှိသည့် အေအိုင်ဒီအက်စ် လူနာ ၁၀,၀၀၀ နှင့် ၄၀,၀၀၀ ထဲတွင် ရှုဂါးသည် တစ်ဦး အပါအဝင် ဖြစ်သည်။

မြောက်ပိုင်း ကာရိုလိုင်းနား ပြည်နယ်က သုတေသနခွဲခန်းထဲတွင် မာဘ် စိန့်ကလဲယား စမ်းသပ် ကြည့်ခဲ့သည့် ပစ္စည်းသည် ယခု အချိန်အထိ အေအိုင်ဒီအက်စ်ကို တိုက်ဖျက်ရာတွင် ဝယ်ယူ သောက်သုံးနိုင်သည် တစ်ခုတည်းသော ဆေး ဖြစ်သည်။

နောက်ထပ် စမ်းသပ်မှုများကြောင့် အာနိသင် အသစ်များကိုလည်း တွေ့ရှိလာခဲ့သည်။

၁၉၈၉ ခုနှစ်တွင် ဆေးခန်းနှစ်ခုမှ စမ်းသပ် စစ်ဆေး ကြည့်ချက်များ အရ ရောဂါ လက္ခဏာ မပြသေးသော်လည်း ဗိုင်းရပ်စ်ပိုး တွေ့နေသည့် လူနာ ရာပေါင်း များစွာတို့ကို စမ်းသပ် ကြည့်သည့်အခါ၌ အေဇက်တီသည် အေအိုင်ဒီအက်စ် ရောဂါကို တန့်သွားအောင် လုပ်နိုင် (သို့မဟုတ်) တားဆီး နိုင်ကြောင်းကို တွေ့ရသည်။

သို့ရာတွင် အေဇက်တီမှာ ဝိုင်း၍ အဝေဖန် ခံနေရသည်။ ပထမ တစ်ကြောင်းမှာ ဈေးနှုန်း အလွန် ကြီးသောကြောင့် ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု၌ လူပေါင်း သန်း ၃၀ တို့မှာ ကျန်းမာရေး အာမခံ အကျိုး

ကျေးဇူးများကို မခံစားနိုင်သူများ ဖြစ်ရာ အေအိုင်ဒီအက်စ် ရောဂါရှင် တစ်ဝက်လောက်သည် ကုသရန် ငွေကြေး မတတ်နိုင်ဘဲ ဖြစ်နေကြသည်။ အေဇက်တီ စားသုံးသည့် အတွက် တစ်နှစ် ကုန်ကျငွေမှာ ဒေါ်လာ ၆၅၀၀ ရှိသည်။

၁၉၈၉ ခုနှစ် နွေရာသီတုန်းက မိန်းမလျာ လှုပ်ရှားမှုမှ တက်ကြွသူ ခေါင်းဆောင်များသည် သူတို့ကိုယ် သူတို့ သံကြိုးများဖြင့် နယူးယောက် စတော့ အရောင်းအဝယ်ဌာန ရှေ့ရှိ လသာဆောင် တိုင်လုံးကြီးများတွင် ပူးချည်၍ ဆန္ဒပြခဲ့ကြသည်။

အေဇက်တီ ဆေးကို ထုတ်လုပ်သည့် ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှာ ရှယ်ယာ ဈေးနှုန်းများ ကြောက်ခမန်းလိလိ တက်သွားကာ အမြတ်များစွာကို ရရှိနေသောကြောင့် ဖြစ်သည်။ နယူးယောက်နှင့် ဆန်ဖရန်စစ္စကိုတို့တွင် ဆန္ဒပြသူများသည် ဆေးဆိုင်များသို့ ဝင်ရောက်ကာ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ ထုတ်လုပ်သည့် ဆေးဝါးပစ္စည်းများ ပေါ်တွင် အနီရောင် စက္ကူပြတ်များ ထပ်ကပ်ပြီး 'အေအိုင်ဒီအက်စ် အမြတ်ထုတ်သူများ' ဆိုသည့် စာလုံးကို ရေးထားသည်။ အေဇက်တီကို ထုတ်လုပ်ခဲ့သူ တစ်ဦး ဖြစ်သည့် ဒေါက်တာ ဒေးဗစ် ဘယ်ရီသည် ကွန်ဂရက် လွှတ်တော် ကော်မတီ တစ်ခု ရှေ့တွင် အစစ်ဆေး ခံရသည်။ အေဇက်တီဆေး ထုတ်လုပ်ရာတွင် ကုန်ကျ စရိတ်များ၊ ရင်းနှီး မြှုပ်နှံမှုများနှင့် ဈေးနှုန်း သတ်မှတ်ပုံတို့ တရား မျှတခြင်း ရှိမရှိကို အစစ် ခံရခြင်း ဖြစ်သည်။

ဘာရို ဝဲလ်ကမ်း ကုမ္ပဏီက ကလေးငယ် အေအိုင်ဒီအက်စ် ရောဂါ ရှင်များ အတွက် အေဇက်တီဆေးကို မေတ္တာဖြင့် လှူမည် ဆိုသည့်တိုင် ဈေးနှုန်းနှင့် ပတ်သက်၍ ယခုတိုင် ဝေဖန် ခံနေရဆဲ ဖြစ်သည်။

နောက်တစ်ကြောင်းမှာ နောက်ဆက်တွဲ (သို့မဟုတ်) ဘေးထွက် အကျိုး သက်ရောက်မှုများကြောင့် ဖြစ်သည်။ များစွာသော လူနာများသည် ဘေးထွက် အကျိုး သက်ရောက်မှုများကြောင့် ဆေးကို ဆက်လက် မစားကြ တော့ဘဲ ရပ်ပစ်လိုက်သည့် အခါတွင် ဆေးပညာလောကတွင် ပြဿနာ ဖြစ်လာခဲ့သည်။ ထုံးစံအားဖြင့် ဆိုလျှင် ထိုဆေးကို တစ်သက်လုံး စွဲစားရမည် ဖြစ်၏။ ဆေးခန်း စမ်းသပ်မှုများ အရ ဆေးကို လျှော့စားသည့် အခါတွင် ရောဂါလည်း သက်သာ၊ ဘေးထွက် အကျိုး သက်ရောက်မှုများလည်း လျော့ နည်း သွားသည်ကို တွေ့ရ၏။

၁၉၉၀ ပြည့်နှစ်တွင် အက်ဖ်ဒီအေ (အစားအစာနှင့် ဆေးဝါးဌာန) က တစ်နေ့လျှင် အေဇက်တီ ဆေး မီလီဂရမ် ၆၀၀ တိုက်ကျွေးနိုင်သည် ဟု ကြေညာသည်။ ယင်းမှာ ယခင်က တိုက်ကျွေးနေသည့် ပမာဏထက် တစ်ဝက်သာ ရှိသည်။ ထို့ကြောင့် နှစ်စဉ် တစ်နှစ်အတွက် ကုန်ကျသည့် ဆေးဖိုးမှာလည်း တစ်ဝက် လျော့သွားသည်ဟု ပြောနိုင်သည်။ ဗိုင်းရပ်စ်ပိုးက အေဇက်တီကို ခုခံ တိုက်ခိုက်လာသည့် အချို့သော လက္ခဏာချက်များကို တွေ့ရသည့်အခါ ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ ဇီဝဗေဒ ပညာရှင်များသည် အေဇက်တီ ပေးရာတွင် နောက်ထပ် ဗိုင်းရပ်စ်ပိုး တိုက်ဖျက်သည့် ဆေးများကို ရှာဖွေ စမ်းသပ်နေကြဟန် တူသည်။

'နောက်နှစ်လောက် ဆိုရင် အေဇက်တီနှင့် အတူ ဗိုင်းရပ်စ်ပိုးတွေကို သတ်တဲ့ဆေးတွေ ပေါင်းစပ်ပြီး ထုတ်လုပ် နိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ဒီလိုဆေးတွေ ပေါင်းထည့်သွားရင် နောင်မှာ အေအိုင်ဒီအက်စ်ကို သွေးတိုးရောဂါ ထိန်းသလို ထိန်းနိုင်လိမ့်မယ်လို့ မျှော်လင့်ရတာပဲ' ဟု ဘာရို ဝဲလ်ကမ်း ကုမ္ပဏီမှ ဒေါက်တာ ဒေးဗစ်ဘယ်ရီက ဆိုသည်။

သို့ရာတွင် ၁၉၉၀ ပြည့်နှစ် ဩဂုတ် လလယ်တွင် ထုတ်ဝေသည့် *အမေရိကန် ပြည်တွင်း ဆေးဝါး မှတ်တမ်းများ* တွင် ပါသည့် သတင်းတစ်ခုကြောင့် အမေရိကန် ဆေးလောကသည် အလန့်တကြား ဖြစ်သွားခဲ့၏။ ယင်းသတင်းအရ အေဇက်တီ ဆေးကို မှီဝဲနေကြသည့် အေအိုင်ဒီအက်စ် လူနာ တစ်ဝက်ကျော်တို့တွင် Non-Hodgkinis Lyniphoma ခေါ် ပြင်းထန် ကင်ဆာရောဂါ တစ်မျိုး ဖြစ်နိုင်သည်ဟု ဆိုထားသည်။ သုတေသန ပညာရှင်များကမူ အေဇက်တီကြောင့် အကျိတ်ကင်ဆာ ရောဂါ အထောက်အထား မရှိသေးဟုတော့ ဆိုကြသည်။ သို့ရာတွင် ကိုယ်ခံအား လွန်စွာ နည်းပါးလျက် ရှိရင်း အေဇက်တီကို နှစ်ရှည်လများ စားသုံးနေရသည့် အတွက် အကျိတ်များ ပေါ်ထွက်လာနိုင်သည့် အလားအလာတော့ ရှိနေသည်။

ရက်ထရို ဗိုင်းရပ်စ်ပိုး ပါရဂူများ ကြားတွင် တစ်နှစ်တာမျှ အပြင်းအထန် ငြင်းခုံကြပြီးနောက် နိုင်ငံတကာ ကော်မတီ တစ်ခုက ပြင်သစ် ပါရဂူများနှင့် အမေရိကန် ပါရဂူတို့ အကြားက စာလုံးအတိုကောက် သတ်မှတ်ရေး ကိစ္စကို ၁၉၈၆ ခုနှစ်တွင် အဆုံးသတ် ပေးလိုက်သည်။

ပြင်သစ်တို့၏ LAV နှင့် အမေရိကန်တို့၏ HTLV 3 ဆိုသည့် အတိုကောက် စာလုံး နှစ်မျိုးစလုံးကို ပယ်ဖျက်လိုက်ကာ HIV (human Immunodeficiency virus) ဟု အတိုကောက် ခေါ်လိုက်သည်။

ပြင်သစ် ဘာသာတွင်မူ virus de l'immunodeficience humaine ဟု ခေါ်သည်။

နောက် ၁၀ လ အကြာ ၁၉၈၇ ခုနှစ် မတ်လ ၃၁ ရက် အင်္ဂါနေ့တွင်မူ အမေရိကန် သမ္မတ ရော်နယ် ရေဂင် နှင့် ပြင်သစ် ဝန်ကြီးချုပ် ဂျက်ချီရတ် တို့သည် ဝါရှင်တန်တွင် သဘော တူညီချက် တစ်ခုကို လက်မှတ်ထိုးကာ လတ် မွန်တိန်းနီ·ယား (ပြင်သစ်) နှင့် ရောဘတ် ဂါလို (အမေရိကန်) တို့၏ သုတေသန အဖွဲ့များ၏ ရဲတင်း လက်နက်များကို မြေမြှုပ် ပစ်ခဲ့ကြသည်။

ထို သဘောတူညီချက် အရ အေအိုင်ဒီအက်စ်ကို ဖြစ်စေသည့် ဗိုင်းရပ်စ်ပိုး ရှာဖွေ တွေ့ရှိမှုအတွက် မည်သူ့ မည်သူ့ကိုမျှ ဦးစားမပေးဘဲ အဖွဲ့နှစ်ဖွဲ့စလုံး၏ ကြိုးပမ်းမှုဖြစ်ကြောင်း အသိအမှတ် ပြုသည်။ အိတ်ချ်အိုင်ဗီ ပိုးရှိ မရှိ စမ်းသပ်ရန် ပစ္စည်းကိရိယာများ ထုတ်လုပ် ရောင်းချရေးတွင်လည်း ကိုယ်ပိုင် မှတ်ပုံတင်ဖြင့် ကိုယ်ပိုင် သီးခြား ထုတ်ဝေရန် ခွင့်ပြုလိုက်၏။ ထို ပစ္စည်း ရောင်းချရာမှ ပေါ်ထွက်လာသည့် အမြတ် အချို့ကို ခွဲဝေယူရန် စာပုဒ်တစ်ခုကိုလည်း ထည့်သွင်းထား·သည်။

လူနာများက ဝေဒနာကို ပြင်းထန်စွာ ခံစား နေရချိန်တွင် အမေရိကန်နှင့် ပြင်သစ်တို့က သူ တွေ့သည်၊ ငါတွေ့သည်၊ သူ မူပိုင်ဖြစ်သည်၊ ငါ မူပိုင်ဖြစ်သည်ဟု ငြင်းခုံ နေကြခြင်းမှာ တော်တော်တော့ အရုပ်ဆိုးသည်။

ယခု ထို သဘော တူညီချက်ကို လက်မှတ် ရေးထိုးလိုက်သည့် အခါတွင်မူ အားလုံး စိတ်သက်သာရာ ရသွားခဲ့ကြသည်။

သို့တိုင်အောင် ပါမောက္ခ ဂျင်း ကလော်ဒီ ရှားမင်းတို့လို ပြင်သစ်သိပ္ပံပညာရှင် အချို့ကမူ (ယင်းမှာ အိတ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ကို တွေ့သူထဲတွင် တစ်ဦး အပါအဝင် ဖြစ်သည်။) မိမိတို့သည် 'ရောဘတ် ဂါလို၏ လမ်းကြိတ်စက်ကြီးကို အရှုံး ပေးလိုက်ရခြင်း ဖြစ်သည်' ဟု ဆိုသည်။

ချီကာဂို ထရိုင်ဘွန်း သတင်းစာမှ ပူလစ်ဇာဆုရ သတင်းစာဆရာ တစ်ဦး ဖြစ်သည့် ဂျွန်ကရူဆန်၏ စုံစမ်း ထောက်လှမ်းချက်သည် အမေရိကန် ကင်ဆာ အင်စတီကျုနှင့် ပြင်သစ် ပါစချာ အင်စတီကျုတို့ အငြင်းပွားသော

ပြဿနာနှင့် ပတ်သက်၍ နောက်ထပ် တွေ့ရှိချက် အသစ်များကို ရလာခဲ့သည်။

၁၉၈၉ ခုနှစ် နိဝင်ဘာလ ထဲတွင် ရေးသားသည့် ဆောင်းပါးရှည် နှင့် ၁၉၉၀ ပြည့်နှစ် မတ်လထဲတွင် ရေးသားသည့် ဆောင်းပါးရှည်တို့၌ အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ကို တွေ့ရှိသည့်ကိစ္စနှင့် ပတ်သက်၍ အမေရိကန် ကင်ဆာ အင်စတီကျုမှ ရောဘတ် ဂါလို၏ အဖွဲ့အပေါ်တွင် သံသယရှိစရာ အချက်အလက်များကို ထပ်မံ တွေ့လာခဲ့ရသည်။

ဂရူဆန်က ဂါလို တွေ့ရှိသည့် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုး ဖြစ်သော HTLV3 သည် အမေရိကန် ဓာတ်ခွဲ သုတေသန ဌာနသို့ ပို့လိုက်သော ပြင်သစ်တို့၏ LAV ဗိုင်းရပ်စ်ပိုးမှ ကူးယူ ပွားများထားခြင်း ဖြစ်နိုင်သည် ဟု ကောက်ချက်ချလိုက်သည်။

ဆရာလေး အနန်ဒါနှင့် ဆရာလေး ပေါလုတို့သည် နယူးယောက်မြို့ မေတ္တာဂေဟာတွင် အေအိုင်ဒီအက်စ် လူနာများကို လေးနှစ်ကြာ ပြုစုပြီးနောက် မေတ္တာဂေဟာ ဖွင့်လှစ်ရန် တရုတ်ပြည်သို့ ထွက်ခွာ သွားခဲ့ကြသည်။ ယနေ့ အချိန်တွင် သူတို့ နှစ်ဦးသည် ရှန်ဟဲမြို့စွန် တစ်နေရာတွင် သူတို့ လုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

ထိုနေရာတွင် ၁၉၈၈ ခုနှစ်တုန်းက ဆရာကြီး ထရီဇာသည် စိတ်ဝေဒနာရှင် ကလေးငယ်များ အတွက် မိဘမဲ့ဂေဟာ တစ်ခုကို ဖွင့်လှစ်ခဲ့သည်။ ယခုဆိုလျှင် ဆရာကြီး ထရီဇာ၏ ဒါနဝေပုလ္လ ကျောင်းတိုက် ၃၀၀၀ ကျော်တို့သည် နိုင်ငံပေါင်း ၈၀ ကျော်တွင် ဖွင့်လှစ်ပြီးဖြစ်ကာ နာမကျန်းဖြစ်သူ ဆင်းရဲသားများကို ပြုစု စောင့်ရှောက်နေကြသည်။

၁၉၈၉ ခုနှစ်တွင် ဆိုဗီယက် ယူနီယံတွင် မရှိဆင်းရဲသား လူမမာများ အတွက် ဂေဟာပေါင်း ငါးခု ဖွင့်လှစ်နိုင်ခဲ့ပြီး နှစ်ခုမှာ ဝေးလံ ခေါင်ဖျားသော ဆိုက်ဘေးရီးယား ဒေသတွင် ဖြစ်သည်။

၁၉၉၀ ပြည့်နှစ် ဧပြီလတွင် ဗာတီကန်မှ ပုပ်ရဟန်းမင်းကြီး၏ ကြေညာချက် ခပ်တိုတို တစ်စောင် ထွက်လာသည်။

ဆရာကြီး ထရီဇာအား ဒါနဝေပုလ္လ ကျောင်းတိုက်များ၏ အကြီးအကဲ အဖြစ်မှ နုတ်ထွက်ခွင့် ပြုလိုက်သည် ဆိုသည့် ကြေညာချက် ဖြစ်၏။

၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ဆရာကြီး ထရီဇာက ကာလကတ္တားတွင် ရှိသည့် သက်ဆိုင်ရာကျောင်းတိုက် တာဝန်ခံများကို ခေါ်ကာ ဆက်ခံသူတစ်ဦး ရွေးချယ်ရန် ပြောသည်။ သို့ရာတွင် ဆက်ခံသူ ရွေးချယ်ရာတွင် ဆုံးဖြတ်ချက် တညီတညွတ်တည်း မချနိုင်သည့် အတွက် ကိုယ်စားလှယ်များ အစည်းအဝေးက ဆရာကြီး ထရီဇာကိုပင် ထပ်မံ ရွေးကောက်ကြသည်။ ဆရာကြီးကလည်း ဘုရားအလိုတော် ဖြစ်သည်ဟု ဆိုကာ လက်ခံပြီးနောက် မကြာမီတွင် ရှုမေးနီးယားနှင့် ချက်ကိုစလိုဗေးကီးယား နိုင်ငံများသို့ သွားရောက်ကာ အေအိုင်ဒီအက်စ် ရောဂါ ဖြစ်နေသော ဆင်းရဲသား ကလေးများ အတွက် ဂေဟာများ ဖွင့်လှစ်မည်ဟု ကြေညာသည်။ သို့ရာတွင် ကျန်းမာရေး အခြေအနေ ဆိုးဝါး လာခဲ့သဖြင့် သူ့ စီမံကိန်းကို ရွှေ့ဆိုင်းလိုက်ရသည်။

၁၉၈၉ ခုနှစ်တွင် သူ့ ဇာတိဖြစ်သည့် အယ်ဘေးနီးယား နိုင်ငံတွင် မိဘမဲ့ ဂေဟာတစ်ခု ဖွင့်ရန် ကြံရွယ်ခဲ့သော်လည်း ပြင်းထန်သည့် နှလုံးရောဂါ ဖြစ်ပွားသဖြင့် ရွှေ့ဆိုင်း ခဲ့ရပြန်သည်။ ကံကောင်း၍ မသေခဲ့ခြင်း ဖြစ်သည်။

သူ ဆေးရုံမှ ဆင်းလာသည့်အခါတွင် ဤစာရေးသူတွင် စာအုပ် နောက်ပိုင်း အခန်းများ မပြီးသေးဘဲ ကင်ဆာ စွဲကပ်နေပြီကို သိသွားကြောင်း ဖြင့် ဆရာကြီး ထရီဇာ သိရသည်။

ဆရာကြီးသည် အားပေး နှစ်သိမ့်သည့် စာတစ်စောင် ပို့လိုက်သည်။ ဤစာရေးသူသည် ကင်ဆာကို ခွဲထုတ်ပြီး ဆေးရုံမှ ဆင်းသည့်နေ့တွင် ဆရာကြီး၏ လက်ရေးဖြင့် ရေးထားသော စာတစ်စောင်ကို ရရှိသည်။

ချစ်စွာသော ဒေါ်မနုစ် ..

မိမိ၏ သနား ကရုဏာကို ခွဲဝေ မျှတရန် သခင်ယေရှု ပေးသနားတော်မူသည့် လက်ဆောင် ကျွန်ုပ်တို့ နှစ်ဦးစလုံး ရရှိကြပြီ။ ကျွန်ုပ်နှင့် တကွ သီလရှင် ဆရာလေးများနှင့် ဂေဟာ ရှိသူများက သင့်အတွက် ဆုတောင်း လိုက်ပါသည်။ ကိုယ်တော် အရှင်၏ အနန္တ မေတ္တာ အတွက် ကျေးဇူးတော်ကို အောက်မေ့ကြပါစို့။